www.burmeseclassic.com

ကြေးမုံ

အမှတ်-၂၃၆ ၂၀၁၅-ဒုနှစ်၊ အောက်တိုဘာလ

မဂ္ဂဇင်း



www.burmeseclassic.com

2015 PHOTOGRAPHY & GRAPHIC DESIGN
KYAW MINN MOUNG

www.burmeseclassic.com

PS

POPULAR STAR

Travel & Services

Travel Beyond Your Dream

ပေါ်ပြူလာခရီးစဉ်

အိန္ဒိယ - နီပေါ် ဘုရားဖူးခရီးစဉ်

ပြည်တွင်းခရီးစဉ်များ



အမှတ် (၇၄)၊ပထမထပ်၊နဲ့သာလမ်း၊ဗဟန်းကွက်၊အလုံမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း - ၀၁ ၂၃၀၁၈၆၊၀၉ ၅၁ ၂၉၁၃၇၊၀၉ ၇၉၉၆၇၆၅၅၂

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

သင်္ဂသိန္ဒိဂါထာတော်ကြီး

ဥဋ္ဌ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဂုဏွေ၊ ဖေ သရဏံ အညံ နတ္ထိ၊ ဓမ္မော ဖေ သရဏံ အညံ နတ္ထိ၊
သံဃော ဖေ သရဏံ အညံ နတ္ထိ။

ဘုဉ္ဇ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂဋ္ဌာမိ၊ သံဃံ သရဏံ ဂဋ္ဌာမိ။

ဒေသဂ၊ ဥဇ္ဇွိ၊ သဗ္ဗ သတ္တူနုရာယော၊ သဗ္ဗ ရောဂနုရာယော
သဗ္ဗ ဒုဋ္ဌိကူနုရာယော၊ ဂဋ္ဌာမုမ့ဲ ဩကာသေ တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍ လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လှ, နတ်, ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာလွတ်ကင်းမည်။

စစ်မှန်သော မျိုးဆွေစိတ်ဓာတ်

- ပြည်ယောင်ဆွေ၏ ပညာသည်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ဖထောင်စုဂီတအာဏာကြောင့် ထားရှိရန်ရှိသမျှကြိုးပမ်းသည်။
- ပြည်ယောင်ဒေသ မိသားစုဂီတအာဏာရှင် ဘိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးဆွစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့ဆန္ဒသဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- နှံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- အုပ်ချုပ်ကြီးမှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံဖောက် ဘဉ်ပြစ်မှုနှင့် ရာဇဝတ်အကြမ်းသောဃာရေးနှင့် တရားဥပဒေဖိုးဖိုးနေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာရေးအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း တက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဓနုကွက်စီးပွားရေးစနစ် ပပြင်ဆင်ခြင် ပြုစုပြောင်းလာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးဘဏ်ရင်းလုံးကို ဖန်တီးနိုင်မှုမှန်အားသည့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကွဲတစ်ကွဲပြင့်မားရေး။
- အမျိုးဂုဏ် ဓာတိဂုဏ်ပြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ ပခေ့ကာ်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မြို့ခွဲစိတ်ဓာတ်ပြင့်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်းသန်ထက်ပြက်ရေး
- တစ်မျိုးသားလုံး ကွန်မာဂျ်ကွဲခိုင်ရေးနှင့် ပညာရည်ပြင့်ပြင်းရေး။

ကုမ္ပဏီကြောပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရာဘီသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

အမှတ် (၂၃၆)၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်မဟာ ..	မင်းဂုဏ် ၅
၂။	မြင်းမထိမှာ ရွာတဲ့မိုး	တက္ကသိုလ်တင်ဟန်ကျော် ၁၆
၃။	ပုဂံ၌တည်ထားသော မဟာပိန္ဒဘုရား (သို့) ဆုတောင်းပြည့်ရွှေဆံတော်စေတီ	တက္ကသိုလ်မျိုး ၂၈
၄။	စိန်တုန်းမိဖုရားကောင်းမှု ရတနာဘုံမြင့်စံကျောင်းမှသည် ကျိုက်သလ္လစေတီသို့	ကောင်းမြတ်(ခရာတော) ၄၀
၅။	မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော နိဗ္ဗာန်မြင်ပုံ	ဓမ္မဒါန ၄၈
၆။	ဖိုးဦးတောင်စေတီတော်	မြမည္ဆေ၀ေ(ကျုံမငေး) ၅၄
၇။	ရွှေပေါက်ပင်တောရကျောင်းဆရာတော်	မြနှင်းခွင် ၅၈
၈။	ဥူးသုမင်္ဂလ (ဒယ်အိုးဆရာတော်) ဟောကြားတော်မူသော မိတ်ဆွေကောင်း	ဓမ္မဒါန ၆၉
၉။	ကရင်ပြည်နယ် ဝေပုလ္လတောင် ဘုရားဖူး	ဆရာကြီဦးအောင်မြိုင် ၇၄
၁၀။	အမှောင်ထဲမှာ အလင်းဖြာ ကျောက်လုံးကြီးတောရ ဗုဒ္ဓသာသနာ	ကိုနီကြီးဆိုး(ရွှေဂန္ဓဝင်) ၇၇
၁၁။	ဘုရားရှင်လက်ထက်တော်အခါက သပိတ်မှောက်ခြင်း သပိတ်လှန်ခြင်း	ဘိုဘို(ရွှေကံကူ) ၈၂
၁၂။	ဂေါတမဗုဒ္ဓသာသနာဝယ် ခုနစ်နှစ်အရွယ် ရဟန္တာသာမဏေများ	လင်းယဉ်ဉာဏ် ၈၅
၁၃။	ကာမ ၁၁ ဘုံသားနှင့် ကြောက်စရာမုဒိမ်း ..	ဆွေမြင့်သူ(ကြေး/မြေ) ၉၃
၁၄။	အမြင်ကြည်သော ပညာမျက်လုံး	ညီမေတ္တာ ၉၇
၁၅။	လု လူ လူး လူသုံးမျိုး	နိုင်မြင့်ဆွေ(တောင်စွန်း) ၁၀၀
၁၆။	မြန်မာရွှေလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံရွှေပန်းထိမ်) နှင့် တွေ့ဆုံခြင်း .	ဉာဏ်မွှင့်(စက်မူ) ၁၀၃
၁၇။	ဘဝချင်း ဆုံတွေ့ မတွေ့	ဝေယံလင်းခေါင် ၁၀၉
၁၈။	မရှိမှ တန်ဖိုးသိတယ်	အောင်တင့်တယ် ၁၁၄
၁၉။	သို့ မခင်နှင်းဆီ	တွင်းကြီးသားတင်ဝင်းဦး ၁၂၀
၂၀။	သုယောနန္ဒီ	ဆင်မြူကျွန်းအောင်သိန်း ၁၂၆
၂၁။	လွမ်းနေမြဲပါ ဖေဖေ	မေလတ်ဟန် ၁၂၉
၂၂။	ချစ်သူ	တောင်တွင်းကိုရင်ဩ ၁၃၂
၂၃။	အစားထိုးချစ်လည်း ကျေနပ်ပါတယ်	အောင်ဆန်းလင်း(ဘီလွန) ၁၃၈

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၄။	လက်ပြတ်ဂူ	မောင်မောင်မိုးအောင် ၁၄၂
၂၅။	အသည်းနှလုံးတွေ အထပ်လိုက်	တင်မိုခိုင် ၁၅၀
၂၆။	နှလုံးလှလှဖြင့်	နေမထူး ၁၅၅
၂၇။	ကိုနိန်စာသင့်သော ဓားတစ်လက်	မင်းဟန်(သန်လျင်) ၁၆၀
၂၈။	ကိုယ်တွေ့ကြုံ ဂါထာအစွမ်း အံ့မခန်း	စောလထုဘော် ၁၆၈
၂၉။	ဇော်ဂျီဖိုလ်ဝင်သားနှင့် နောက်ဆက်တွဲများ .	အေါက်တာချစ်ငယ်(ဒဿန) ၁၇၃
၃၀။	မသိမသာ သိသိသာသာ	ရေနံ့သာအောင်ချမ်းဇော် ၁၇၇
၃၁။	သစ္စာသည်သာ အလှတရား	ကောင်းမြတ်(ဒရာဘော) ၁၈၄
၃၂။	ပုံနေဆဲ လင်းယုန် သို့မဟုတ် ထာဝရလရောင် ..	ကိုမောင်သန်းဆင်း ၁၉၁
၃၃။	ဆရာမောင်သာယာ သို့မဟုတ် ဂန္ဓဝင်ကဗျာဟစ်ပုဒ်နှင့် စောင်းကြိုးညှိခြင်း	စောင်းကောင်းမြတ် ၁၉၇
၃၄။	ကျွန်ုပ် ယုံကြည်ပါသည်	ဆွေမြင့် ၂၀၃
၃၅။	ထီးညွှန့်နန်းလှာ	ရဲမြတ်တင် ၂၀၅
၃၆။	ကောလာဟလတွေကို သတိထားစေချင်	ကိုရဲ(ရွှေတြိဂံ) ၂၁၄
၃၇။	ရှင်ဖော်သောဘက် မရက်စက်	မိုးဟိန်းကျော်(လပွတ္တာ) ၂၁၇
၃၈။	ပီယဆေး	ဩော် ၂၂၂
၃၉။	ရွာမျက်လုံး	မောင်အင်းစိန် ၂၂၅
၄၀။	နယ်ချဲ့တို့ ဖိမ့်ဖိမ့်တုန်ခဲ့ရသော မြန်မာ့အာဇာနည်များ ကုန်းဘောင်သွေး စွေးစွေးနီတဲ့ လင်းပင်ဟေ့	ထွန်းလင်းသူ ၂၂၉
၄၁။	သဘော်သား ဆင်းဘတ်	Mariner လှဦး ၂၃၅
၄၂။	ဂျာမနီနိုင်ငံ ကိုလုံးမြို့က အမူးပြေ အမောပြေ အော်ဒီကလုံးလေးတစ်ရှိက်	ကိုအေးမြင့်(မဟာဝိဇ္ဇာရွှေ-သု) ၂၄၇
၄၃။	အဖြစ်များလာသော ရင်သားကင်ဆာနှင့် အောလ်တာနေးတစ် ကုထုံးများ	အေါက်တာနိုက်တင်ဂေးလ် ၂၅၃
၄၄။	သွေးလွန်တုပ်ကွေးရောဂါ	ရိုရိုငွေး ၂၅၉
၄၅။	သဘာဝတိုင်းရင်းဆေး	ဆရာအောင်ကျော်ခိုင်(ရွှေစေတီ) ၂၆၂
၄၆။	ကိုရဲကြီးပင် ဆေးဖက်ဝင်	စိုးယဉ်ထွန်း ၂၆၄
၄၇။	ရာသီခွဲနဲ့ခါအလိုက် ရေချိုးသင့်သည့်အချိန်များ .	ဦးမင်းဇင်(ရွှေနဝင်း) ၂၆၅
၄၈။	ချင်း ဂုဏ်သတ္တိ	ဆန်းဝင်း(အောင်မြေ) ၂၆၆
၄၉။	တန်ရင်ဆေး လွန်ရင်ဘေး ဖြစ်စေနိုင်သည့် ဆား	အောင်ဘုန်းမြင့်(ကချင်မြေ) ၂၇၁

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀။	သီးခြားကမ္ဘာ ..... တော်မြင့်(ငှက်ဗျား)	၂၇၅
၁၁။	ကာတွန်းကဏ္ဍာ ..... ကျော်ဖြိုးလွင်၊လင်ထူးဇော်၊မုဒုံ(အိန္ဒိယ)၊ပူကေး	၂၈၀
၁၂။	ပြုံးရယ်ရယ်ဟား ဟာသများ ..... ညွှန့်လွင်(စက်မှု)၊ကိုလေးသန်းမောင်	၂၈၄
၁၃။	ကျွန်ုပ်နှင့် လာဘ်ကောင်းစေသော ဆည်းလည်း . ဝင်းသီဟ(သန်လျင်)	၂၈၆
၁၄။	ကြမ်းပိုးဆေး ..... ဒဂိုး(ရွှေရင်အေး)	၂၉၄
၁၅။	ဒီမြေးနဲ့ ဒီအဘွား ..... ဟန်သိင်္ခ	၂၉၈
၁၆။	သုတစုံဖြာ ဤကမ္ဘာ ..... ဦးတိုး(တက္ကသိုလ)	၃၀၁
၁၇။	ကျိုက်ထီးရိုးမှ ဘရသ့ေပေးသော အာရောဂျသိဒ္ဓိဆေး ..... ကိုသက်(ဒီးကုန်း)	၃၁၀
၁၈။	ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်ဇာတာ အောင်ဘုန်းမြင့်(ကချင်မြေ)	၃၁၂
၁၉။	ယကြာအောင်မြေ သည်ဌာနေ .... အောင်ကြည်သန်း(ဖောင်တော်သီ)	၃၁၆
၆၀။	ပုဒ္ဓ၏ ဇာတ်တော်ကြီးဆယ်ဘွဲ့ ဗေဒင်ဟောကိန်း . ညွှန့်လွင်(စက်မှု)	၃၁၉
၆၁။	အညာသားလေး ရန်ကုန်မြို့ကြီးမှာ အိုးပိုင်အိမ်ပိုင်နှင့် အဆင်ပြေနေပြီ ..... နတ်မျက်စိဆရာအောင်စိုး	၃၂၉
၆၂။	သိပ္ပံနည်းကျ ထူးခြားမြတ်လှ ဝါစတုသ္သတ္တရပညာ . ဆရာဦးခန့်ကျော်	၃၃၂
၆၃။	၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယကြာ ..... ဦးညွှန့်လှိုင်(ကြို့ပင်ကောက်)	၃၃၉
၆၄။	၂၀၁၅ ခုနှစ်၊ ရာသီခွင်နှင့် အောက်တိုဘာလ ဟောကိန်းများ ..... ဆရာဦးခန့်ကျော်	၃၄၂

နာယက
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဝုက်

အကြံပေး
ဦးစိုးဝိုင်
ဒေါ်ခင်ငြိမ်း

အယ်ဒီတာချုပ်
ဉာက်မွင့် (စက်မှု)

တာဝန်ခံအယ်ဒီတာ
တက္ကသိုလ်တင်ဟန်ကျော်

စနီးသွားအယ်ဒီတာ
စောင်းကောင်းမြတ်

အယ်ဒီတာအဖွဲ့
ခင်သက်နိုင်

မျက်နှာဖုံးဒီဇိုင်း
ကျော်မင်းမောင်

ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့

ပန်းချီပညာရှင်များ
ဆန်းထွန်း၊ အောင်နိုင်လတ်၊ လှသစ်အောင်၊
တောင်ငူဝိုးမြင့်လေး၊ စောတင်မောင်၊
ဖိုးအောင်၊ ဆွေမြင့်

အတွင်းဖလင်
ကိုဦး

မျက်နှာဖုံးနှင့်အတွင်းဖုံးနှိပ်
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၀၃၈၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၀၅၃၀]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

မဂ္ဂဇင်းတိုက်နှင့် ပြန့်ဖြိုးရေး
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၂၅၄၅၄၈၉၃၀

ကြော်ငြာနှင့် ပြန့်ဖြိုးရေး
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

အဓိပ္ပာယ်ဆို
အောင်ဝင်းသန့်

မျှဝေလေး
ထွန်းဦးစာပေ၊ နဂါးစာပေ

စက္ကူစက်ရုံ
၂၄၀ ကျပ်

အုပ်ရေ
၁၀၀၀

ကိုယ်စားလှယ်ပြင့် လာရောက်ထုတ်ယူသူများအတွက် အသိပေးအကြောင်းကြားခြင်း

စာမူရွေးချယ် ဖော်ပြခံရသော ဆရာ၊ ဆရာမတို့သည် မိမိတို့ စာမူအတွက် ဉာဏ်ပူဇော်ခ ထုတ်ယူရန် ကိုယ်တိုင် မလာရောက်နိုင်၍ ကိုယ်စားလွှတ်သောအခါ ကိုယ်စားလှယ်လွှဲစာ ရေးသားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာချုပ်
လပြည့်ဝန်းမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

ကုန်းဘောင်ခေတ်ဗိသုကာပညာနှင့် အင်္ဂတေပန်းတော့လက်ရာ

မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်မဟာ

မင်းဝေယံ

မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ မန္တလေးတောင်ခြေ မဟာအတုလဝိဇယာရာမ ကျောင်းတိုက်ကြီးအတွင်း၌ တည်ရှိသည်။

ကုန်းဘောင်ခေတ် သစ်ထွင်းပန်းပုလက်ရာများ၊ မှန်စီရွှေချလက်ရာများ မူရင်းအတိုင်း မပျက်မယွင်း ကျန်ရှိနေသေးသော ရွှေနန်းတော်ကျောင်းကြီးနှင့်ကပ်လျက် တည်ရှိသဖြင့် မြန်မာ့ဒိသုကာပညာနှင့် အနုပညာလက်ရာများကို ဝေးဝေးလံလံ သွားစရာမလိုဘဲ လေ့လာကြည့်ရှုခွင့် ရခဲ့ကြသည်။

အတုမရှိ ကျောင်းတော်ကြီး၏ ခြံစည်းရိုးကို သံတိုင်များဖြင့် အခိုင်အမာ ကာရံထားပြီး အဝင်ဝတွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးထိုးစိုက်ထူထားသည့် "မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး" ဟူသော ကနုတ်ပန်းဖော် သစ်ထွင်းကမ္ဘည်းတိုင်ကို တွေ့ရသည်။

ခြံဝင်းအတွင်းသို့ ရောက်ရှိသည်တွင် ကုန်းဘောင်ခေတ် ဗိသုကာလက်ရာအတိုင်း ပြန်လည်တည်ဆောက်ထားသည့် ပုံစံတူ အတုမရှိကျောင်းတော်ကြီးကို ပိုမိုပီပြင်စွာ တွေ့လိုက်ရသည်။ သစ်လွင် ခမ်းနားကာ ထည်ဝါခံ့ညားလျက်ရှိသည်မှာ မှန်သော်လည်း မူရင်းလက်ရာဖြစ်သော ရွှေနန်းတော်ကျောင်းကြီးကို လေ့လာခဲ့စဉ်က ခံစားချက်မျိုးနှင့်မူ နှိုင်းယှဉ်၍ မရပေ။ အတုမရှိကျောင်းတော်ကြီးကို ပုံစံတူ အတု ပြန်လည်ဆောက်ထားသဖြင့် အစစ်နှင့်မူ နှိုင်းယှဉ်၍ မရစကောင်းပေ။

ဤသို့ဖြင့် ကျောင်းကြီးပေါ်သို့ တက်ရန် လျှောက်လှမ်းခဲ့ရာ မကန်းအုတ်လှေကားကြီး လက်ရန်းနှစ်ဖက်ကြား လှေကားထစ်ပေါ် နင်းမိလိုက်သည်နှင့် ဤနေရာကို တစ်ခို့နက စာရေးသူ တွေ့ခဲ့ဖူးသည်ဟု အမှတ်ရမိလိုက်သည်။ ကိုယ်တိုင် ရောက်ဖူးခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com

ကနတ်ပန်းဗေဒါ သစ်တွင်းကမ္ဘည်းတိုင်

မဟုတ်ဘဲ ရှပ်ရှင်ပိတ်ကားပေါ်တွင် တွေ့ဖူးခြင်းသာ ဖြစ်သည်။ ထိုရုပ်ရှင်ကားမှာ ရှပ်ရှင်ကြည့်ပရိသတ် အသည်းစွဲ နာမည်ကျော် "သင်္ကြန်မိုး" ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ဇာတ်လမ်းအရ ဂီတပညာရှင် နေအောင်က သူဌေးသမီး ခင်သန်းနုအား ဦးရာလိုက်ရန် စာဖြင့် ချိန်းဆိုခဲ့သဖြင့် ခင်သန်းနု လာရောက်စောင့်ဆိုင်းနေခဲ့သည့် နေရာမှာ စာရေးသူ ယခု ရောက်ရှိနေသည့် နေရာပင် ဖြစ်နေပေသည်။

နောက်ဆုံးတွင် နေအောင် ရောက်မလာသဖြင့် ခင်သန်းနု၏ ဝမ်းနည်းကြေကွဲစိတ်၊ ပူဆွေးသောကစိတ်တို့ အထွတ်အထိပ်သို့ ရောက်ကာ နေအောင် ချိန်းဆိုသည့် စာရွက်လေးကို အစိတ်စိတ်အမြွာမြွာဆုတ်ဖြဲပြီးကျောင်းတော်ကြီး၏ အုတ်လှေကားကြီးပေါ်မှ ကြဲချလိုက်သည့်မြင်ကွင်းကို စာရေးသူ ပြန်လည်မြင်ယောင်နေမိသည်။

ထိုသင်္ကြန်မိုး ရုပ်ရှင်ကားကြီး ရိုက်ကူးခဲ့စဉ်က အတုမရှိကျောင်းကြီးကို အသစ်ပြန်လည် တည်ဆောက်ခြင်းမပြုရသေးသဖြင့် မီးမလောင်ဘဲ ကျန်ခဲ့သည့် အုတ်လှေကား၊ အုတ်ရိုးနှင့်အုတ်တံတိုင်းကြီးတို့ကိုသာ နောက်ခံထားကာ ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။

ကောဇာသက္ကရာဇ် ၁၈၉၂ ခုနှစ်တွင် မူလအတုမရှိ ကျောင်းတော်ကြီး၏ အတွင်းပိုင်း အဆောက်အအုံတစ်ခုလုံးပင် မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ကာ နှစ်ပေါင်းတစ်ရာကျော်တိုင် ကျောင်းပျက်ကြီးအဖြစ် ရပ်တည်ခဲ့ရသည်။

ထိုစဉ်က မီးမလောင်ဘဲ ကြွင်းကျန်ခဲ့သည့် မကန်းလှေကားလက်ရန်းကြီး ခြောက်စင်း၊ ပင်မအုတ်တံတိုင်းကြီး၊ အုတ်တံတိုင်းလက်ရန်း၊ ဝင်ပေါက်မုခ်ဦး ဒေါင်းရုပ်၊ စကျင်ကျောက်ဖြင့် ပြုလုပ်ထားသည့် ဘီလူးရုပ်၊ မုခ်ပေါက်အင်္ဂတေပန်းတော့်လက်ရာများသည်ကား သမိုင်းတန်ဖိုး ကြီးမားလှသည့် ကုန်းဘောင်



ဗေဒါအုတ်လှေကားကြီး

ပင်မအုတ်မြင်းတံတိုင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

ခေတ်နှောင်းပိုင်း အမွေအနှစ်များပင်တည်း။

မဟာအတုလဝေယန် ခေါ် ထို အတုမရှိကျောင်းတော်ကြီးတည်ဆောက်ဖြစ်ခဲ့ပုံနှင့် ပျက်စီးဆုံးရှုံးခဲ့ရပုံတို့ကို ရေးသား တင်ပြရသည်ရှိသော် . . .

ပုဂံမင်း၏ စီမံအုပ်ချုပ်မှု ညံ့ဖျင်းခြင်းကြောင့် ၁၇. ၁၂. ၁၈၅၂ ရက်နေ့တွင် ဗြိတိသျှတို့ အောက်မြန်မာနိုင်ငံကို သိမ်းယူခဲ့ကြသည်။ ထိုကာလတွင် အခွင့်ကောင်းယူကာ မင်းတုန်းမင်းသားသည် ပုဂံမင်းအား ပုန်ကန်ခြားနားရန် ညီတော် ကနောင်မင်းသားနှင့်အတူ သားတော်၊ သမီးတော်၊ ကိုယ်လုပ်မောင်းမ ကျွန်ယုံတော် ၂၀၀ နှင့်တကွ ၁၈. ၁၂. ၁၈၅၂ ရက်နေ့တွင် ရတနာသိဃ်မြို့သို့ ထွက်ခွာခဲ့သည်။ ထိုစဉ်အတွင်း ပုဂံမင်းမှာ ကြက်တိုက်လောင်းကစားခြင်းဖြင့်သာ ပျော်ပါး၍နေသည်။

မင်းတုန်းမင်းသားသည် ရတနာသိဃ်သို့ ရောက်သည်တွင် မြို့ဝန်ငဝိုင်း၏ အိမ်၌ ခေတ္တစံနေပြီး ၁၀. ၁. ၁၈၅၃ ရက်နေ့တွင် အမရပူရရွှေနန်းတော်ကို ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ ၁၇. ၂. ၁၈၅၃ ရက်နေ့တွင် အမရပူရထီးနန်းကို ပုဂံမင်းထံမှ လွှဲပြောင်းယူခဲ့ပြီး နောင်တော် ပုဂံမင်းကိုမူ ကောင်းစွာ ပြုစုစောင့်ရှောက်ထားသည်။

မင်းတုန်းမင်းသည် အမရပူရတွင် သုံးနှစ်ကြာစိုးစံခဲ့ပြီးနောက် အမရပူရသည် အင်္ဂလိပ်တို့အား စစ်ရှုံးခဲ့ရာမြေဖြစ်၍ တစ်ကြောင်း၊ သာသနာတော်ထွန်းကားရေးအတွက် ဆောင်ရွက်လိုခြင်းကြောင့် တစ်ကြောင်း၊ ဗျာဒိတ်ညွှန်း၊ သို့က်စာညွှန်းရာအရပ် ဖြစ်သော 'မဏ္ဍာလ' ဝေါဟာရမှ ဆင်းသက်၍ ပြန့်ပြူးသာယာသောနယ်မြေ 'မန္တရေ' ဝေါဟာရမှ ဆင်းသက်၍ ကျက်သရေကို ဆောင်သောအရပ်ဟု အဓိပ္ပာယ်ရသည့် ရတနာပုံနေပြည်တော် 'မန္တလေးမြို့'ကို တည်ထောင်ရန် အကြံတော်ပေါ်ပေါက်ခဲ့လေသည်။



ကျောင်းတော်သစ်ကြီး၏ ဝရန်တာစင်္ကြံလယ်မြင်ကွင်း

ထိုသို့ အကြံတော် ပေါ်ပေါက်ခြင်းနှင့် စပ်လျဉ်း၍ ၁၁. ၉. ၁၈၅၃ ရက်နေ့တွင် မစိုးရိမ်ကျောင်းတိုက်၌ ရတန်းရှင်လူ စုဝေး၍ ကန့်ကွက်ပြောဆိုခဲ့ကြပြီး ၁၃. ၉. ၁၈၅၃ ရက်နေ့တွင် ရတန်းရှင်လူ ပြည်သူတို့က မြို့သစ်မတည်ဆောက်ရန် အသနားခံစာ တင်ခဲ့ကြသည့်တိုင် မင်းတုန်းမင်းသည် ၁၃. ၁. ၁၈၅၇ ရက်နေ့တွင် ရတနာပုံနေပြည်တော် မန္တလေးမြို့သစ် တည်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။

ထို့နောက် ၃. ၅. ၁၈၅၇ ရက်နေ့တွင် ရတနာပုံနေပြည်တော်မန္တလေး ရွှေမြို့တော်ကြီးကို မော်ကွန်းစိုက်ထူခဲ့သည်။ မြန်မာသက္ကရာဇ်အားဖြင့် ၁၂၁၁ ခုနှစ်ဖြစ်၍ "အင်း ကြီး ကြာ အုံ" ရတနာပုံ၊ "အုတ် ကျစ် ကျော် အေး" မန္တလေး ဟူ၍ မြို့တည်နှုန်းတည်နှစ်ကို သင်္ကေတပြုခဲ့ကြသည်။

မြို့တော်တည်သည်နှင့် တစ်ပြိုင်နက် ရွှေပန္နက်ချကာ တစ်ချိန်တည်း တည်ဆောက်မည့် အဆောက်အအုံ ခုနှစ်ခုကို မင်းတုန်းမင်းကြီးက သတ်မှတ်ခဲ့ရာ "မြို့၊ ကျုံး၊ စေတီ သီဝိလျှံစောင်း၊ သိမ်၊ ကျောင်း၊ သုဓမ္မာ၊ ရွှေစာအမြတ်ဝိဋ္ဌကတ်တိုက် သမိုက်မြမှန် ခုနစ်တန်

ကျောင်းတော်ကြီးအောက်ခြေ အုတ်တိုင်များ

www.burmeseclassic.com

www.burmeseclassic.com

ဘိုးနားတည်ထိုက်ပို့သော ကျောင်းတော်ကြီးအထွဋ်မြင့်ကွင်း



ဘိုးနားတည်ထိုက်ပို့သော ကျောင်းတော်ကြီးအပြင်မြင်ကွင်း



လရုံးအကြီးလမ်းမှ အပြင်အဆင်သို့ မြင်ရသည့်မြင်ကွင်း

ကို ဆော်ဖန်အောက်စည် တစ်ပြိုင်တည်က" ဟူသော လက်ာအတိုင်း . . .

၁။ ရွှေနန်းတော်ကြီးနှင့်တကွ မြို့တော်အတွင်း အဆောက်အအုံများ

၂။ ကျုံးတော်ကြီး

၃။ မဟာလောကမာရဇိန် စေတီတော်

၄။ ပဋ္ဌာန်းသိမ်တော်ကြီး

၅။ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး

၆။ သုဓမ္မာဇရပ်များ

၇။ ပိဋကတ်သုံးပုံပါဠိတော်၊ ရွှေရေး၊ မင်ရေး၊ ကညစ်ရေး ပုရပိုက်များနှင့် ကဲ့ကူရေးစသည့် ပိဋကတ်စာပေမူများ ထားရာ ပိဋကတ်တိုက်တော်တို့ကို တစ်ပြိုင်နက် ရွှေပန္နက်ချတော်မူစေခဲ့သည်။

ထိုခုနစ်ဌာနတို့အနက် 'ကျောင်း' ဟူသည်မှာ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးပင် ဖြစ်သည်။ ယောအတွင်းဝန် ရွှေပြည်ဝန် ဝက်မစွတ်မြို့စားမင်းကြီး မင်းလှစည်သူဦးဘိုးလှိုင် ကြွပ်မတ်၍ ကောဇာသက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၂၃၉ ခုနှစ်တွင် ပြီးစီးခဲ့သည်။

ကျောင်းတော်ကြီးအား မဟာရုံတံတိုင်း နှစ်ထပ်ကာရံထားပြီး စတုရန်း ၄ ပြ ကျယ်ဝန်းသည်။ ကျောင်းတော်ကြီး၏အောက်ခြေကို အုတ်အင်္ဂတေတို့ဖြင့် အခိုင်အမာ တည်ဆောက်ထားပြီး မြန်မာမှု အင်္ဂတေ ပန်းတော့လက်ရာ မကန်းလေ့ကား လက်ရန်းကြိုး ခြောက်စင်း၊ ကျွန်းတိုင်လုံးပေါင်း ၂၄၆ တိုင်၊ အပေါ်ပိုင်းတွင် ဘုံငါးဆင့် ရွှေပိန်းချအသားကျောင်းဆောင် တည်ဆောက်ထားသည်။ ကွန်းစင်တိုင်အမြင့် ၆၇ တောင် မြင့်သည်။

မင်းတုန်းမင်းကြီးလက်ထက် ရွှေမြို့တော် လေးပြင်လေးရပ်ရှိ ကျောင်းတိုက်ကြီးပေါင်း ၁၁၄ တိုက်တို့ထက်

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတော်ကြီးအတွင်း ပူးတွဲရှသည့် ရုပ်ပွားတော်

ရွှေရောင်တောက်နေသော သစ်ထွင်းပန်းပုတံခါးကြီး

သာလွန်ခမ်းနား ခံ့ညားထည်ဝါသော တုန္ဒိုင်းမမီသည့် ကျောင်းတော်ကြီးဖြစ်၍ အတုမရှိကျောင်းဟု တင်စားခေါ်ဝေါ်ခဲ့ကြရာမှ ဂုဏ်နှင့်ဖြပ် ဟပ်မိကာ လူသိထင်ရှား ကျော်ကြားခဲ့လေသည်။ ထိုကျောင်းတော်ကြီး တည်ဆောက်ရာတွင် ထိုခေတ် ဒွေဒင်္ဂီး ငါးသိန်းကုန်ကျခဲ့သည်ဟု ဆိုသည်။

မင်းတုန်းမင်းကြီးသည် သီဟိုဠ်နိုင်ငံမှ ဆက်သလာသော မဟာဗောဓိသား ရုပ်ပွားတော်ကြီးတစ်ဆူကို ပြည်သူအများ ပူဇော်နိုင်ရန် အတုမရှိကျောင်းတော်ကြီးတွင် အပူဇော်ခံ ထားရှိခဲ့သည်။

၁၈ နှစ်ကြာမျှ အချိန်ယူကာ အံ့မခန်းသည့် မြန်မာမှု ဗိသုကာပညာ အင်္ဂတေ ပန်းတော့ပညာ၊ သစ်ထွင်းပန်းပုပညာများဖြင့် လက်ရာမြောက်စွာ တည်ဆောက်ခဲ့သည့် အတုမရှိကျောင်းတော်ကြီး၏ ရေစက်ချ အလှူတော်မင်္ဂလာကို မင်းတုန်းမင်းကြီးသည် ကောဇာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ် ကဆုန်လတွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ပြီး ထိုနှစ်သီတင်းကျွတ်လဆန်း ၆ ရက် အင်္ဂါနေ့တွင် နတ်ရွာစံ ကံတော်ကုန်ခဲ့လေသည်။

အိမ်ရှေ့စံ ကနောင်မင်းသားကြီး ကျဆုံးခဲ့ပြီးနောက် မင်းတုန်းမင်းကြီးတွင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်မည့် စွမ်းရည်သတ္တိရှိသော သားတော်ကြီးများ ရှိသော်လည်း အလားတူ ဖြစ်ရပ်မျိုး နောင်တစ်ချိန်တွင် ထပ်မံဖြစ်ပွားမည်ကို စိုးရိမ်သဖြင့် နောက်ပိုင်းတွင် မည်သူကိုမျှ အိမ်ရှေ့စံ မခန့်အပ်တော့ပေ။

ဤအချက်ကို အခွင့်ကောင်းယူကာ မင်းတုန်းမင်းကြီး နတ်ရွာမစံမီ နာမကျန်းဖြစ်နေစဉ်တွင် အာဏာယစ်မူးသည့် မှူးမတ်အချို့နှင့် ဆင်ဖြူမရှင် မိဖုရားကြီးတို့ ပူးပေါင်းကာ မိမိတို့သြဇာညောင်းမည့် သီပေါမင်းသားအား အိမ်ရှေ့စံအရာ အပ်နှင်းပြီးနောက် ထီးနန်းဆက်ခံနိုင်စေရန် ကြိုးပမ်းခဲ့ကြသည်။

ထိုသို့ ကြိုးပမ်းရာတွင် မိမိတို့အတွက် ခလုတ်တံသင်း ဖြစ်နိုင်သည့် မင်းညီမင်းသားတို့ကို ဥပါယ်တံမျဉ်ဖြင့် ခေါ်ယူဖမ်းဆီး သတ်ဖြတ်ခဲ့ပြီးမှ သီပေါမင်းကို နန်းတင်ခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ သီပေါမင်းမှာ ဘုရင်ဖြစ်သည် ဆိုသော်ငြားလည်း ဆင်ဖြူမရှင်မိဖုရားကြီးနှင့် အပေါင်းပါ မှူးမတ်တို့၏ ကြိုးဆွဲရာ ကပြရသည့် ရုပ်သေးရုပ်မျှသာ ဖြစ်၍ နေသည်။

သီပေါမင်းသည် ထီးနန်းဆက်ခံခဲ့ပြီးနောက် ခမည်းတော် အနှစ် ၂၀ တိုင် စံမြန်းတော်မူခဲ့သည့် ရွှေနန်းတော် အဆောင်ကြီးကိုဖျက်ကာ မဟာအတုလဝိဇယရာမတိုက် မဟာရံတံတိုင်းနှစ်ခုကြား အရှေ့တောင်ထောင့်၌ ဘုန်းကြီးကျောင်းအဖြစ်ပြောင်းရွှေ့တည်ဆောက်လှူဒါန်းခဲ့ရာ ရွှေနန်းတော်ကျောင်းအမည်ဖြင့် ထင်ရှားခဲ့သည်။

ထို့ပြင် ခမည်းတော်မင်းတုန်းမင်းကြီး၏ ကောင်းမှုတော်ဖြစ်သော မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအားလည်း သီပေါမင်းလက်ထက်တွင် ကောင်းစွာထိန်းသိမ်း စောင့်ရှောက်ခဲ့ပြီး မင်းတုန်းမင်းကြီး၏ ဝတ်လဲတော်များကို ပြာချ၍ သစ်စေးသုဒ်ကိုင်ထားသော ဉာဏ်တော် ၁၈ တောင် ရှိသည့် မံဆင်းတုတော်ကြီး တစ်ဆူထုလုပ်ကာ ကျောင်းတော်ကြီးတွင် လှူဒါန်းထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတော်ကြီးအတွင်း ဘုရားရှေ့ရောက်မှ ထိုးကြေးတင်တတ်ပုံကား

သီပေါမင်းသည် ထိုမံဆင်းတုတော်ကြီး၏ ဥဇ္ဈာလုံတော်တွင် ၃၂ ရတီရှိသော စိန်ကြီးတစ်လုံးကို တပ်ဆင်လှူဒါန်းခဲ့သည်။ ထိုစိန်ကြီးမှာ ရခိုင်ဘုရင်ခံက သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် ဘိုးတော်ဘုရားအား ဆက်သခဲ့သည့် စိန်ကြီး ဖြစ်သည်ဟု ဆိုသည်။

အင်္ဂလိပ်တို့သည် မင်းတုန်းမင်းကြီး လက်ထက်ကပင် မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းပိုက်ထားပြီးဖြစ်ရာ သီပေါမင်းလက်ထက်တွင် မန္တလေး နန်းတော်သို့တိုင် အလွယ်တကူပင် တက်ရောက်သိမ်းပိုက်နိုင်ခဲ့ကြသည်။

မန္တလေးနန်းတော်ကို အင်္ဂလိပ်တို့ ဝင်ရောက်သိမ်းပိုက်ခဲ့ပြီးနောက် ၂၉. ၁၁. ၁၈၈၅ ရက်နေ့ နံနက်တွင် အင်္ဂလိပ်ဗိုလ်ချုပ် ပရင်ဒါဂတ်၊ ဗိုလ်မှူးကြီး စလေဒင်၊ အင်္ဂလိပ်စစ်ဆင်ရေးအဖွဲ့နှင့်အတူ လန်ဒန်တိုင်း သတင်းစာတိုက်မှ ရန်ကုန်သတင်းထောက် မွိုင်လင်နှင့် အင်္ဂလိပ်သတင်းစာဆရာ အချို့ သီပေါမင်း ရှိရာ နွေရာသီ စံအိမ်တော်သို့ ရောက်ရှိကြပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြသည်။

ထိုသတင်းစာ ရှင်းလင်းပွဲတွင် သီပေါမင်း၏ မိန့်ဆိုချက်များနှင့် ပါတော်မူပြီးနောက် စိတ်မချမ်းမြေ့ဖွယ် မန္တလေးမြို့တော်၏ အခြေအနေတို့ကို ၅. ၁၂. ၁၈၈၅ ရက်နေ့ထုတ် လန်ဒန်တိုင်း သတင်းစာတွင် ဖော်ပြထားရာ ထိုအထဲတွင် အတုမရှိကျောင်းတော်ကြီးတွင် စံပယ်တော်မူလျက်ရှိသော မံဆင်းတုတော်ကြီး၏ ဥဇ္ဈာလုံတော်မှ စိန်ကြီးအား အင်္ဂလိပ်အစောင့်စစ်သားများက ခိုးယူသွားကြောင်းလည်း ပါဝင်လေသည်။

သီပေါမင်း၏ မိန့်ဆိုချက်များကို ဖတ်ရှုရသဖြင့် သီပေါမင်းအပေါ် ကရုဏာသက်မိသည်။ သီပေါမင်းက . . .

"လန်ဒန်တိုင်း သတင်းစာအကြောင်းကိုကောင်းကောင်းသိပါတယ်၊ မြန်မာဝန်ကြီးများက အင်္ဂလိပ်ပြည်သူတို့ရဲ့ သဘောထား အယူအဆများကို သိရှိလေ့လာချင်လို့ အဲဒီသတင်းစာကို လွတ်တော်က မှန်မှန်မှာယူ ဖတ်ရှုပါတယ်၊ ယခုလိုအချိန်မှာ မြန်မာဘုရင်ရဲ့ သဘောဆန္ဒများကို အင်္ဂလိပ် ပရိသတ်များ ကြားနာစေလိုပါတယ်၊ လန်ဒန်သတင်းထောက်ကြီးကလည်း ဘုရင့်စကားကို ကြားနာရသမျှ တစ်လုံးမကျန် ရေးသားတင်ပြဖို့ မေတ္တာရပ်ခံပါတယ်။

ကျုပ်က ပါးစပ်ပိတ်နေချင်ပါတယ်၊ ကျုပ်မှာရှိသမျှ အင်္ဂလိပ်တွေကို ပေးပြီးပြီ၊ ဒီနိုင်ငံကို ယခုအချိန်မှာရော အနာဂတ်မှာရော ဗိုလ်မှူးစလေဒင်ပဲ အုပ်ချုပ်စေချင်ပါတယ်၊ ကျုပ်ဝန်ကြီးအဖွဲ့မှာ သစ္စာ သမာဓိရှိသူ၊ အမြော်အမြင် ရှိသူရယ်လို့ အင်မတန် ရှားပါတယ်၊ သူတို့ အသုံးမကျလို့ မဖြစ်သင့် မဖြစ်ထိုက်တာတွေ ဖြစ်ရတယ်၊ အင်မတန် နာကြည်းစရာပါပဲ။

ဆွေတော် မျိုးတော် မင်းညီမင်းသားအားလုံးကို ကျုပ်သတ်တယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်ကြီးအား အဝေးမှ တူ မြင်ရပုံ

ခင်ဗျားတို့ အင်္ဂလိပ်တွေက ထင်ကြတယ်၊ ဒီလိုမဟုတ်ပါဘူး၊ ကျုပ်ကိုလည်း အစောင့်တွေ ချထားတာပါပဲ၊ သူတို့အားလုံး (ဆွေတော် မျိုးတော် မင်းညီမင်းသားများ) ဟာ လူသတ်သမားတို့လက်ချက်နဲ့ ကျဆုံးကြရခြင်းပါ။ ကျုပ်ကိုယ်တိုင် အသတ်မခံရတာက ကျုပ်ဟာ အင်မတန်အေးတဲ့ သားတော်ပါလို့ ရှင်ဘုရင်ကြီး (မင်းတုန်းမင်းကြီး) နတ်ရွာမစံခင်က မိဖုရားကြီးကို ပြောခဲ့တဲ့ စကားကြောင့်ပါ။

ပုဏ္ဏားတော်တွေ ဇာတာဖွဲ့ကြတော့ ကျုပ်ဇာတာက ရှေ့ဆုံးက ထွက်လာတာပဲ၊ ဘုရင်ဖြစ်ပြီးလို့ ခုနစ်လကြာတဲ့အထိ ကျုပ်ဟာ ဘယ်ထဲမှာမှ မပါရပါဘူး၊ ကျုပ်ကို ဘိသိက်တောင် မမြှောက်ဘူး၊ ရဟန်းဝတ်နဲ့ပဲ နေခဲ့ရတယ်၊ ဆွေတော် မျိုးတော်တွေကို မသတ်ပါနဲ့၊ အကျဉ်းပဲ ချထားပါလို့ ကျုပ်က အမိန့်ပေးပါတယ်၊ ဒါက နိုင်ငံမှာ ဆူဆူပူပူ မဖြစ်အောင်လို့ပဲ၊ မင်းညီမင်းသားတွေကို သတ်ဖို့ ဝန်ကြီးတွေက အမိန့်ပေးတော့ ကျုပ်က အိပ်ရာထဲမှာ အိပ်နေတာပါ။

ရှစ်လကြာတဲ့အခါမှာ မင်းညီမင်းသားတွေကို သတ်ခဲ့တဲ့ ရနောင်မင်းသားကြီးက ကျုပ်ကို သတ်ဖို့ ကြိုးစားသေးတယ်၊ ခင်ဗျားတို့ အင်္ဂလိပ်တွေက ဘာမဆို ကျုပ် လုပ်တာလို့ အများအားဖြင့် အထင်ရှိနေကြတယ်။ ကျုပ်နောက်မှာ ဘာတွေဖြစ်နေတယ် ဆိုတာကိုတော့ ဘာမှ မသိကြဘူး။

ကျုပ်ဟာ နန်းတော်က တစ်ခါမှ အပြင်ကို မထွက်ခဲ့ဘူး၊ ကျုပ် အရက်သမား မဟုတ်ဘူးဆိုတာ အင်္ဂလိပ်တွေ သိစေချင်တယ်၊ ကျုပ်ဟာ ဘာသာတရားကို ကိုင်းရှိုင်းတဲ့ ဗုဒ္ဓဘာသာဝင် တစ်ယောက်ပါ။

ယခုအခါနိန်မှာ ကျုပ်ဟာ နန်းစဉ်ကျောက်မျက်ရတနာတွေအားလုံး လက်လွတ်လိုက်ပြီ၊ လူမျိုးကြီးတွေ ဖြစ်တဲ့ အင်္ဂလိပ်တွေဟာ ကျုပ်လက်စွပ်နဲ့ ကျုပ် မိဖုရားရဲ့ လက်ဝတ်တန်ဆာတွေကို ကျုပ်တို့လက်ဝယ် ဆက်လက်ထားရှိဖို့ ကိုတော့ မကန့်ကွက်ပေဘူးလို့ ယူဆပါတယ်" စသည်ဖြင့် ပြောကြားခဲ့သည်။

ပါတော်မူသည့်နေ့ ညပိုင်း မန္တလေးမြို့ အခြေအနေကို ဖော်ပြရာတွင် . . .

"ယမန်နေ့ညက မန္တလေးမြို့ပေါ်တွင် အင်္ဂလိပ်များအဖို့ ရှက်ဖွယ်ကောင်းသည့် အဓိကရုဏ်းများ ဖြစ်ပွားခဲ့ရာ စစ်ပွဲတစ်ခုလုံးတွင် ကျဆုံးခဲ့သောအသေအပျောက် စာရင်းထက်ပင် တစ်ညတာသွေးထွက်သံယိုမှုများက ပိုမိုဆိုးရွားများပြားခဲ့သည်။

ကုလားစစ်သားများက မြို့သူလူထုလူအုပ်အတွင်းသို့ သေနတ်နှင့် တရကြမ်းပစ်ခတ်ခဲ့ကြသည်။

အနောက်ပြင်တွင် အီတလျံသံရုံးနှင့်တကွ အခြားဥရောပသားတို့၏ အိမ်ရာများ တိုက်ခိုက်ခံကြရသည်။

ညအခါနိန်တွင် လမ်းမကြီးများကို လက်နက်ကိုင် မြန်မာတို့က အုပ်စီးထားကြသည်။ ဘုရင့်ဆွေတော် မျိုးတော် မင်းသမီးများပင် လမ်းပေါ်၌ လုယက်နှိပ်စက်ခံကြရသည်။ ဘုန်းကြီးကျောင်းများကိုလည်း မားပြတိုက်ကြသည်။ မန္တလေးမြို့ ကာကွယ်ရေးအတွက် အင်္ဂလိပ်စစ်ဘက်မှ စီစဉ်မှု အလွန်ညံ့ဖျင်း၏။ စစ်ဌာနချုပ်မှာ သုံးမိုင်ကွာ မီးသင်္ဘောပေါ်၌ ဖွင့်လှစ်ထားသည်။

မြို့ပြအုပ်ချုပ်ရေးကို ထိရောက်စွာ မဆောင်ရွက်နိုင်ပါက ဆိုးရွားသော အကျိုးဆက်များ ပေါ်လာပြီး မြန်မာတစ်ပြည်လုံး ပြိုပျက်သွားဖွယ် ရှိလေသည်။

မြို့၏ အရှေ့မြောက်ဘက်ရှိ အတုမရှိကျောင်းတော်ကြီးရှိ ရုပ်ပွားတော်မှ ဥဏ္ဏလုံမွေးရှင်သင်းကျစ်တော်၌ ဆင်မြန်းသော စိန်ကောင်းကြီးတစ်လုံးကိုလည်း အင်္ဂလိပ်အစောင့်စစ်သားများက ခိုးယူကြသည်" စသည်ဖြင့် ပါရှိသည်။

www.burmeseclassic.com



ကျောင်းတော်ဟောင်းကြီး မုတ်တမ်းတော်ပုံအား တွေ့ရစဉ်



ကျောင်းတော်သစ်ကြီးတွင် မြင်တွေ့ရသည့် သစ်ထွင်းပန်းပုလက်ရာများ

ကျောင်းတော်သစ်ကြီး၏ ဂရန်တာရောင်းလမ်း

သီပေါမင်း ပါတော်မူပြီးနောက် ရတနာပုံ မန္တလေးပြို့တော်ကို အင်္ဂလိပ်တို့ သိမ်းယူခဲ့ကြရာ မန္တလေးတောင်ခြေ အနီးဝန်းကျင်ရှိ ဘုရားတန်ဆောင်း၊ သိမ်၊ ကျောင်း၊ ဇရပ်တို့မှာ နယ်ချဲ့ အင်္ဂလိပ်စစ်တပ်များ၏ စစ်စခန်းချရာ စစ်တန်းလျားများအဖြစ်သို့ ရောက်ရှိခဲ့ကြသည်။

ထိုအထဲတွင် အတုမရှိကျောင်းတော်ကြီးလည်း ပါဝင်ခဲ့ပြီး ထိုကျောင်းတော်ကြီးတွင်စံပယ်တော်မူလျက်ရှိသော သီပေါမင်းလှူဒါန်းခဲ့သည့် မံဆင်းတုတော်ကြီးရှိ ဥဇ္ဈာလုံမွေးရှင်တော်မှ စိန်လုံးကြီးမှာလည်း ပျောက်ဆုံးခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၅၂ ခုနှစ် (ခရစ်နှစ် ၁၈၉၀)တွင် အတုမရှိကျောင်းတော်ကြီး၏ ပင်မသစ်သားကျောင်းဆောင်ကြီး တစ်ခုလုံး မီးလောင်ကျွမ်းခြင်း ခံခဲ့ရသဖြင့် မြန်မာပန်းတော့ အုတ်အင်္ဂတေလက်ရာ အချို့နှင့် မကန်းလက်ရန်း အုတ်လှေကားကြီးများ၊ အုတ်တံတိုင်း အုတ်ခိုင်းကြီးများနှင့် ကျောက်တိုင် ငုတ်တိုကြီးများသာ ကျန်ရှိတော့သည်။

ဤသို့ဖြင့် နှစ်ပေါင်း တစ်ရာကျော်တိုင် ကျောင်းပျက်ကြီး အဖြစ် တည်ရှိနေခဲ့ရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ထိုကျောင်းတော်ကြီးအား ရှေးမူလက်ရာအတိုင်း ပြန်လည်တည်ဆောက်ရန် ၂၄. ၁၀. ၁၉၉၄ ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးကိုယ်တိုင် ကြီးကြပ်ကွပ်ကဲပြီး တမွဝတီ ဦးဝင်းမောင်က တာဝန်ယူကာ ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် အောင်မြင်စွာ တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ် (အေဒီ ၁၈၅၉) တွင် ယောခတောင်းဝန်

www.burmeseclassic.com

www.burmeseclassic.com

ဦးဘိုးလှိုင် ကြီးကြပ်တည်ဆောက်ခဲ့စဉ်က ထိုခေတ် ဌေးဂ်ီး ငါးသိန်းခန့် ကုန်ကျခဲ့ပြီး ၁၈၉၀ ပြည့်နှစ်တွင် မီးလောင်ပျက်စီးခဲ့သည့် ထိုကျောင်းပျက်ကြီးကို ၁၉၉၅ ခုနှစ်တွင် ရွှေမူဗီသုကာလက်ရာများအတိုင်း အသစ် ပြန်လည်တည်ဆောက်ပြုပြင်ရာ၌ ကုန်ကျငွေ ဌေကျပ် ၁၆၇၈. ၂ သိန်းဖြစ်ကြောင်း သိရသည်။

ယခု စာရေးသူတို့ မြင်တွေ့နေရသည့် အတုမရှိကျောင်းတော်ကြီးမှာ ကုန်းဘောင်ခေတ် ဗိသုကာလက်ရာအတိုင်း ပုံစံတူ ပြန်လည်တည်ဆောက်ထားသဖြင့် ဓာတ်ပုံထဲတွင် မြင်တွေ့ရဖူးသော မူလ မဟာအတုလဝေယန် အတုမရှိကျောင်းတော်ကြီးနှင့် အတော်ပင် တူသည်။ မူလကျွန်းတိုင်ကြီးများနေရာတွင်မူ အင်္ဂတေကွန်ကရစ်တိုင်လုံးကြီးများကို အစားထိုးတည်ဆောက်ထားသည်။

ကျယ်ဝန်းလှသည့် ကျောင်းတော် ခန်းမဆောင်ကြီးအတွင်းဝယ် ရှင်းသန့်လျက်ရှိပြီး ကြမ်းပြင်တွင် ခင်းထားသည့်ကြွေပြားရောင်တို့က တောက်ပြောင်လျက်ရှိသည်။

မှန်စီရွှေချု တိုင်လုံးကြီးများ၊ ရဲရဲနီသည့် ဟင်္သပြဒါးရောင် အောက်ခံပေါ်တွင် ရွှေပိန်းချအကွက် ဖော်ထားသည့် ကျယ်ဝန်းလှသော အမိုးမျက်နှာကြက်ကြီးများကြောင့် ခန်းမဆောင်ကြီးမှာ ထည်ဝါခမ်းနား ခံ့ညားသည့်အသွင်ကို ဆောင်လျက်ရှိသည်။

ခန်းမဆောင်ကြီး၏ အတွင်းဘက်နံရံကပ်လျက်တွင် ဘုဇင်္ဂတော်သုံးတောင်ခန့်ရှိ ကြေးဆင်းတုတော်တစ်ဆူကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ ထိုကြေးဆင်းတုတော်မှာ စျာနမုဒြာပုံတော်ဖြစ်သည်။ ရုပ်ပွားတော်စံပယ်လျက်ရှိသော ပလ္လင်တော်မှာ ခြင်္သေ့ရုပ်တုခံထားသည့် သီဟာသနပလ္လင်တော်ဖြစ်ပြီး နောက်မှီတံကဲပုံစံမှာ တစ်မူထူးခြားကာ ယိုးဒယား (ထိုင်း) လက်ရာနှင့် ဆင်ဆင်တူနေပေသည်။





ပျက်စီးသွားသည့် ရေနေဟောင်းမူလ ကျောင်းတော်ကြီး၏ မူတည်ဆောက်ပုံပုံစံ

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတော်သစ်ကြီးအား မဲခိုးအပြင်ဘက်မှ မြင်တွေ့ရစဉ်

ထိုရုပ်ပွားတော်ကြီးအား ဖူးမြော်ပြီးသည်တွင် မူလမဟာအတုလဝေယန် အတုမရှိကျောင်းတော်ကြီး၌ မင်းတုန်းမင်းကြီး ပူဇော်ခဲ့သည်ဆိုသော ၁၈ တောင်ရှိ မံဆင်းတုတော်ကြီးတို့ကို သတိရမိလိုက်သဖြင့် ယောင်မှားကာ ရှာဖွေဖူးမြော်လိုစိတ် ပေါ်ခဲ့သေးသည်။

မီးရန်ဘေးကြောင့် ကျောင်းဆောင်တော်ကြီး တစ်ခုလုံး ပြာပုံအတိ ဖြစ်ခဲ့ရာတွင် ထိုရုပ်ပွားတော်ကြီးနှစ်ဆူ လည်း ပါသွားမည်သာ ဖြစ်မည်ဟု တွေးရင်း ကျောင်းဆောင်ကြီးအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ဤကျောင်းတော်ကြီးသို့ စိတ်ပါဝင်စားစွာ လာရောက် ကြည့်ရှုလေ့လာ

ဟာအတုလဝေယန် ကျောင်းတိုင်



ဝန်းတမှ အပြင်သို့ မြင်ရသည့် ရတနာတိုင်

www.burmeseclassic.com

www.burmeseclassic.com

သူများ သိရှိနိုင်ရန် မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၏ နောက်ခံသမိုင်း အကျဉ်းကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးသားဖော်ပြထားသည်ကိုတွေ့ရပြီး မှတ်တမ်းဓာတ်ပုံများ ပြသထားသည်ကို တွေ့ရသည်။

မှတ်တမ်းဓာတ်ပုံများကို ပြသထားသဖြင့် ၁၈၇၈ ခုနှစ်၌ ဆောက်လုပ်ပြီးစ အတုမရှိကျောင်းတော်ကြီးရှိ ကုန်းဘောင်ခေတ် မြန်မာတို့၏ အံ့မခန်းဖွယ်လက်ရာမြောက်လှသည့် ဗိသုကာပညာနှင့် အင်္ဂတေပန်းတော့်လက်ရာများကို လေ့လာခွင့်ရခဲ့သည်။

ထိုဓာတ်ပုံထဲတွင် တွေ့ရသည့် မူလကျောင်းတော်ကြီးနှင့် ယခုအသစ်ပြန်လည်တည်ဆောက်ခဲ့သည့် အတုမရှိကျောင်းတော်တို့ကို နှိုင်းယှဉ်ကြည့်ရာ မူလကျောင်းတော်ကြီးက ပိုမို၍ အချိုးအစား ကျနပြေပြစ်သည်ဟု စာရေးသူခံစားမိသည်။

၁၈၉၂ ခုနှစ်တွင် မီးလောင်ပျက်စီးသွားသည့် အတုမရှိ ကျောင်းတော်ကြီး၏ မီးလောင်ပြင် မြင်ကွင်းကို ကြည့်ခြင်းအားဖြင့် မူလကျောင်းတော်ကြီး၏ ကြီးမားကျယ်ဝန်းပုံကို ခန့်မှန်းနိုင်ပြီး သမိုင်းတန်ဖိုး ကြီးမားလှသည့် ဆုံးရှုံးမှုများကို တွက်ဆကာ နှမြောတသ ဖြစ်မိသည်။ မှတ်တမ်းဓာတ်ပုံတွင် အတုမရှိကျောင်းတော်ကြီး တည်ရှိရာ မဟာဝိဇယရာမ ကျောင်းတိုက်ကြီး၏ ဝင်ပေါက် သစ်သားတံခါးကြီးများကို မြင်တွေ့ရသဖြင့် ထိုခေတ် သစ်သားဗိသုကာပညာနှင့် လက်သမားလက်ရာများကို လေ့လာအကဲခတ်နိုင်သည်။

အတုမရှိကျောင်းတော်ကြီးများ

မည်သို့ပင်ဖြစ်စေ မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီးကို ကုန်းဘောင်ခေတ်နှောင်းပိုင်း မူလလက်ရာများအတိုင်း ပြန်လည်တည်ဆောက်ပြုပြင်ထားသဖြင့် နွေဟောင်းသမိုင်းဝင်အဆောက်အအုံများကို စိတ်ပါဝင်စားသူများ လေ့လာကြည့်ရှုခွင့် ရခဲ့ကြသည်။

ထိုကျောင်းတော်ကြီးတွင်ပင် မီးမလောင်ဘဲ မူရင်းအတိုင်း ကျန်ရစ်ခဲ့သည့် မနုဿီဟရုပ်တုခံ မကန်းလက်ရန်း လှေကားကြီးများ၊ ပြင်ပအုတ်တံတိုင်း၊ အုတ်လက်ရန်းများ၊ ဝင်ပေါက်မုခ်ဦး ဒေါင်းရုပ်၊ စကျင်ကျောက်ဖြင့် ထုလုပ်ထားသည့် ဘီလူးရုပ်၊ မုခ်ပေါက် အင်္ဂတေပန်း စသည့် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ကုန်းဘောင်ခေတ်လက်ရာများကို လေ့လာ ကြည့်ရှုနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ကျောင်းတော်ကြီးပြင်ဘက်မှ မျှော်ငိုင်ထန်း

မင်းဂုဏ်

စာကိုး

၁။ ကုန်းဘောင်ရှာပုံတော်၊ ညီမြ၊ ၂၀၀၃ ဒီဇင်ဘာ။

၂။ ယနေ့မနွေလေး၊ နတ်မောက်ထွန်းရှိန်၊ ၁၉၉၄ ဇွန်လ။

၃။ မြန်မာ့ရက်စဉ်သမိုင်း၊ ပထမတွဲ၊ ၂၀၀၉၊ သမိုင်းသုတေသနဦးစီးဌာန။

၄။ မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီး နောက်ခံသမိုင်းအကျဉ်း။

❑

www.burmeseclassic.com

www.burmeseclassic.com

မြင်းမဆိပ်မှာ ရွာတံခွိုးပို့း

တက္ကသိုလ်တင်ဟန်ကျော်

www.burmeseclassic.com

www.burmeseclassic.com

ပင်းတယမြို့နယ် ဓမ္မာရုံမှာ နေ့လယ်စာ ထမင်း စားသောက်ပြီးလို့ ပြန်လည်ထွက်ခွာကြတော့ နေမွန်းတိမ်း ၁၂ နာရီခွဲ ဖြစ်သွားပါပြီ။ ရန်ကုန်မှာဆိုရင်တော့ ဒီအချိန်ဟာ ပူလို့ကောင်းတုန်းပေါ့။ ဒီမှာကတော့ ရန်ကုန်သူ၊ ရန်ကုန်သားတွေ အနွေးထည် မချွတ်အားသေးပါဘူး။ တောရိပ် တောင်ရိပ် အအေးဓာတ်ကလေး တဖြတ်ဖြတ်နဲ့ ခပ်စိမ့်စိမ့်ကလေး တောင် ဖြစ်နေသလားလို့ ထင်မိပါတယ်။ ကားထဲမှာလည်း အအေးလှိုင်းအနေတော်လေး လွှတ်ပေးထားတာမို့ ဘုရားဖူးခရီးသည် ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းတို့ဟာ ခပ်အေးအေးနဲ့ ကွေးနေကြဟန် တူပါရဲ့၊ ငြိမ်နေလိုက်ကြတာ တုတ်တုတ်တောင် မလှုပ်ကြပါဘူး။

ဒီအချိန်မှာပဲ ကျွန်တော်တို့ကားရဲ့ အဖွဲ့တာဝန်ခံ 'အညာသား'ရဲ့အသံက မိုက်ကရိုဖုန်းကနေတစ်ဆင့် ထွက်ပေါ်လာတာပဲ ဖြစ်ပါတယ်။

"မင်္ဂလာပါခင်ဗျာ၊ အခုဆိုရင် ကျွန်တော်တို့ ရွှေလမ်းခရီး ဘုရားဖူးပို့ဆောင်ရေး မော်တော်ယာဉ်ကြီးဟာ ဂုဏ်သတင်းကျော်စော ထင်ရှားတော်မူတဲ့ မြင်းမထိ သဘာဝလိုဏ်ဂူတော်မြတ်ဆီ သွားရောက်ဖူးမြော်ဖို့ ထွက်ခွာလာခဲ့ပြီ ဖြစ်ပါတယ်၊ အခုလို ထွက်ခွာလာတဲ့အခါ အောင်ပန်းမြို့ပေါ်မှာ ခရီးတစ်ထောက် နားပေးပါ့မယ် ခင်ဗျာ၊ အဲဒီမှာ ဓမ္မမိတ်ဆွေ ဘုရားဖူးခရီးသည်များ ခေတ္တအပန်းဖြေ နားနေရင်း အဆာပြေ စားသောက်နိုင်သလို ကျန်းမာရေးကိစ္စကိုလည်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်၊ ပြီးတော့ မိမိတို့ အလိုရှိကြိုက်နှစ်သက်ရာ လက်ဆောင်ပစ္စည်းများကိုလည်း ဝယ်ယူနိုင်ပါတယ်၊ ကျွန်တော်တို့ နောက်တစ်နာရီလောက် မောင်းလိုက်ရင် အောင်ပန်းကို ရောက်ပါလိမ့်မယ်၊ အဲဒီမှာ မိနစ် ၃၀ အချိန်ပေး ရပ်နားမှာ ဖြစ်ပါတယ်၊ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ"

အညာသားရဲ့ လှိုင်းထဲနေတဲ့ မိုက်ကရိုဖုန်းသံ တိတ်သွားတဲ့အခါ ကားထဲမှာ နဂိုအတိုင်း (ကားစက်သံမှလွဲလို့) ပြန်တိတ်သွားပါတယ်။ လူတွေကသာ တိတ်နေကြတာပါ၊

လက်ဆောင်ပစ္စည်းများ ဖွယ်ဖွယ်ရာရာ ဝယ်ယူချင်စရာ

မြင်းမထိသို့အသွား ခရီးတစ်ထောက်နားရာ ချယ်ရီစားသောက်ဆိုင်မှာ

စိတ်ထဲမှာတော့ ကိုယ်စီ ကိုယ်စီ အတွေးတွေ သိနေတော့မယ် ထင်ပါတယ်။ အောင်ပန်းရောက်ရင် ဘာတွေဝယ်ကြမယ်၊ မြင်းမထိရောက်ရင် ဘာတွေလှူလိုက်မယ် စသည်ဖြင့် စသည်ဖြင့် အတွေးလှလှလေးတွေ 'သီ'နေတော့မှာ သေချာပါတယ်။

အဲဒီလို အတွေးလှလှလေးတွေ ရွှေချယ်သီကုံးသူတွေထဲမှာ ကျွန်တော်လည်း ပါတယ်။ ငယ်စဉ် ကျောင်းသားကလေးဘဝမှာ အော်ဆိုခဲ့ရတဲ့ ဆရာကြီးမင်းသုဝဏ်ရဲ့ ကလေးကဗျာထဲကလိုပေါ့။ 'ဆွမ်းအုပ်နိန် အမေ့ရွက်လို့ မနက်ဖြန်မနက် ကျောင်းတက်မယ်၊ မောင်လည်း လိုက်မယ် ချန်မထားနဲ့ အမေသွားတော့ ပျင်းလှတယ်' ဆိုသလိုပေါ့။ ကိုယ်တစ်ယောက်တည်း ကျန်နေခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ။

သူတကာတွေကတော့ လှုံလိုက်မယ် တန်းလိုက်မယ်၊ ဝယ်လိုက်မယ် ခြမ်းလိုက်မယ် အတွေးရောင်စုံ ခြယ်နေကြမှာ ဖြစ်ပေမယ့် အတွေးသမား၊ အငေးသမား ကျွန်တော် တစ်ယောက်ကတော့ ကွယ်လွန်သူ ဂန္ထဝင် အနုပညာရှင် စန္ဒရားလှထွတ်ရဲ့ 'တောင်ပြာတန်းက ဆီးကြိုကွယ်' သီချင်းလိပ်ပြာလေးနဲ့အတူ စီးမျောပုံသန်းနေမိတယ်။

"နေခြည်အဖြာဝယ် ××× မြူခြေတွေ
ဝေ့ဆိုင်းတော့ကွယ် ××× တိမ်ဦးလေးများက ×××
တောင်စွယ်ဝယ် ယောင်လည်လည် နှင်းဇာလွှာ
ပါးရယ် ××× မြစိမ်းတောမှာ မြကတ္တိပါဖြန့်တယ်
××× တောင်ပြာတန်းနဲ့ ပန်းရသူနှယ် ××× အဝေး
ကမ္ဘာဝယ် ကြာတောင့်ကြာရှည် ကိုယ်ခွဲမနေနိုင်
တယ် ××× ငွာနေဟောင်းကလေး အောက်မေ့
တယ် ××× ပြန်ခဲ့မယ်ကွယ် ××× တောင်ပြာတန်း
က ဆီးကြိုနေတော့ကွယ် ×××"

ဒီသီချင်းလေးက ခုခေတ် ခုအခါမှာတော့ နားဝမှာ မကြားရတာ အတော်ကြာသွားပါပြီ။ ဟိုတုန်းက အဆိုတော်ကိုလှမောင် သီဆိုခဲ့တာပါ။ သီချင်းစာသားနဲ့ ဂီတမှူးက စန္ဒရားလှထွတ်ပါ။ စန္ဒရားလှထွတ်ရဲ့ သီချင်းအလွှာတွေထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

ပီးပုလဲပန်းများ သွန်းပြီးစွမ်းရွာ မြင်းယာလိုက်ရှုတော်မှာ

ရှိလိမ့်ဦးမယ် ထင်ပါတယ်။ သီချင်းရဲ့ ဒုတိယပိုဒ်ကို ဆက်ဆိုလိုက်ရင် အခုလို ကြားရမယ်။

"တောင်ကျစမ်းနံဘေး စခန်းကလေး သာတယ် ××× မောင်အလာ မှန်းတွေး လမ်းကလေး မှာကွယ် ××× လည်တိုင်ကလေးမော့လို့ ဆီးကြို ရောမယ် ××× အလွမ်းတိမ်နှယ် မေ့ထံကိုသာ ပျံဝဲလို့နေတယ် ××× ဌာနေဟောင်းကလေး အောက်မေ့တယ် ××× ပြန်ခဲ့မယ်ကွယ် ××× တောင်ပြာတန်းက ဆီးကြိုနေတော့ကွယ် ×××"

သီချင်းက ဒီနှစ်ပိုဒ်ပဲ ရှိပါတယ်။ အိမ်အပြန်လမ်းဆီမျှော်မှန်းတမ်းတနေသူတွေ အတွက်ကတော့ လွမ်းမျက်ရည်စို့ရတဲ့ သီချင်းအလက်ာ ဖြစ်ပါတယ်။ ဒီသီချင်းသံ လေလိုင်းကြားမှာ လွင့်ပျံလာတဲ့အချိန်ဟာ ခရစ်နှစ် (၁၉၇၄-၇၅)ဖြစ်လေတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးဆယ်ကျော့် အချိန်ပေါ့။

အဲဒီအချိန်ကာလမှာ 'ပြေးကြိုတော့ ထွေးညို'၊ 'ကြိုလှည့်ကွဲ့ ညိုနွဲ့ရယ်'၊ 'မေ့ပါနဲ့ နှင်းနွယ်'၊ 'တစ်ယောက် တစ်ကမ္ဘာ'၊ 'ပြန်လာမယ်'၊ 'မောင့်ကိုကြိုနေခင်'၊ 'လိုက်ခဲ့တော့ မြနန္ဒာ'၊ 'မောင်းမကန် ကေသီဦး'၊ 'ဥဿာလှိုင်ထိပ်ထား' စတဲ့ ဂန္ဓဝင်တေးသီချင်းတွေ အများအပြား ပေါ်ထွက်လာတာကို သတိထားမိတယ်။

အဲဒီ တေးသီချင်းတွေကို ခံစားနားလည်ကြည့်တဲ့အခါ ဘဝအရေး မပေးလို့ ခရာလေး ဝေးနေကြရတဲ့ ချစ်သူတို့ရဲ့ ဘဝကို ခြယ်မှုန်း နှုန်းဖွဲ့ထားတာ တွေ့ရတယ်။

ဆိုပါတော့၊ ကဗျာဆရာ၊ စာရေးဆရာ၊ ဂီတစာဆို၊ အဆိုတော်၊ ဒါရိုက်တာ၊ ရုပ်ရှင်မင်းသား ဂန္ဓဝင်အနုပညာရှင် အကယ်ဒမီမြတ်လေး ရေးသားစပ်ဆိုပြီး အဆိုတော် ကိုမင်းနောင် သီဆိုခဲ့တဲ့ 'မောင်းမကန်ကေသီဦး' ထဲမှာ . . .

"ပေါင်းရန်အခြေ ရည်စူးရွယ် ××× အကြောင်းကံပြေမည် ထူးဖွယ် ××× စောင်းသံ ခြွေသီခွေးမယ် ××× မောင်းမကန်ကေသီဦးရယ် ×××"

တူနှစ်ကိုယ် နီးရဖို့အရေး ရည်စူးရွယ်မှန်းထားတဲ့ အလင်္ကာလှလှလေးတွေကို ဖွဖွလေး ရွတ်သီစီကုံးထားတာ တွေ့ရတယ်။

ပြောရရင် ဒီသီချင်းတွေဟာ စိတ်ကူးယဉ် အသည်းကွဲသမားတွေရဲ့ မူးမူးမေ့မေ့ တိမ်းတိမ်းပေပေ့ စိတ်တစ်ခွေမြူးတာပါလို့ စွပ်စွဲချင်စရာပါပဲ။ တချို့ စွပ်လည်းစွပ်စွဲခဲ့ကြပါတယ်။ ဒါပေမဲ့ အခြေအမြစ်ကို ဖွေလှန်ပြီး ကြည့်လိုက်တဲ့အခါ ငရဲခန်းများကို ဖြတ်သန်းခဲ့ရတဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းစစ် အခန်းကဏ္ဍကြီးကို ဘွားဘွားကြီး တွေ့ရမှာ ဖြစ်ပါတယ်။ တကယ်တော့ အနုပညာရှင်တွေဟာ စွမ်းအားကြီးများလှတဲ့ အနုပညာလက်နက်ကို အသုံးပြုပြီး သူတို့ တွေ့ကြုံဖြတ်သန်းနေရတဲ့ ခေတ်သရုပ်ကို ဖော်ထုတ်မှတ်တမ်းတင်ခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီ (၁၉၇၀-၇၅) အချိန်ကာလ မြန်မာနိုင်ငံဟာ ပြည်တွင်းစစ်မီး တောက်လောင်လို့ကောင်း အချိန်သမယကြီးပါပဲ။ ဟန်ပြဋ္ဌိမ်းချမ်းရေး ဖိတ်ခေါ်သံတွေကြားမှာ အမြောက်သံ၊ စိန်သံ၊ ငှဲးသံတွေ တည်ညံနဲ့၊ ပြည်သူတွေရဲ့ အသက်အိုး အိမ် စည်းစိမ်တွေဟာ စစ်ဖိနပ်တွေအောက်မှာ မွမွကြေနေ့ရပါတယ်။ အားကိုးစရာ လင်မရှိတော့တဲ့ အိမ်ထောင်သည် အမျိုးသမီးတွေ၊ ဆိုမြည်ငေါက်ငမ်း ဖက်ယမ်းနမ်းရှုပ်စရာ 'သား'မရှိတော့တဲ့ မိခင်တွေ၊ ကြင်နာယုယ ချစ်စက သုလှလေးတွေ ပြောပြစရာ 'ချစ်သူမောင်' မျှောက်ဆုံးနေတဲ့ မိန်းကလေးတွေဟာ မြန်မာပြည်မှာ ကူဋေကုဋာ ဖြစ်ခဲ့ရပါတယ်။

ဒီလိုပါပဲ ကိုယ့်ရပ်ဌာနေကို ပြန်လာချင်ပေမယ့် ခြေတစ်လှမ်းငယ်မျှ ရွှေ့ဖို့အရေး စဉ်းစားဆုံးဖြတ်ရ ခက်ခဲကျပ်တည်းနေရတဲ့ ယောကျ်ားသားတွေ၊ မိသားစုဝင်တွေဟာ ရိုးမပေါ်မှာရော နယ်စပ်တစ်လျှောက်မှာပါ ပြန့်ကျဲ ချောက်ချားနေခဲ့ကြပါတယ်။ မတူတာတွေကို ဘေးဖယ်၊ တူတာတွေကို ရွေးချယ်ပြီး စုပေါင်းညီညွတ်မှု ပျက်သုဉ်းခဲ့ဂဲ့ မြန်မာပြည်ရဲ့ ပေးဆပ်မှုဟာ ပြည်သူလူထုရဲ့ အသက်ဇုံးအိမ်စည်းစိမ်နဲ့ မျက်ရည်၊ သွေး၊ ချွေး ဘဝတွေပဲ ဖြစ်ခဲ့ရပါတယ်။

ဦးဆောင်လမ်းပြုနိုင်သူ အေးခံ အဘအား လိုက်ပို့ဖက်တစ်နေရာ၌ တွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com

မြင်းမထိုက်ကုတော်မှ နှစ်ကိုယ်ရေစုံဆုတ်ပွားတော်မြတ်များ

အဲဒီ ဘဝဇာတ်လမ်းတွေကို မှတ်တမ်းတင်ထားတဲ့ သီချင်းတွေဟာ 'အလွမ်းသီချင်း' တွေအဖြစ် ခေတ်စနစ် အမှိုက်ပုံကြီးအောက်မှာ ငုပ်လျှိုးနေခဲ့ရတာကလည်း အသည်းနာ ကမ္ဘာမံကျေစရာ ဖြစ်ခဲ့ရပါတယ်။ အမှိုက်ပုံကြီးအောက်မှာ ရတနာသိုက် ရှိပါတယ်လို့ ဖွင့်ဟဖို့ ခွင့်မသာလောက် အောင် မောင်းပြန်သေနတ်နဲ့ အကျဉ်းစခန်းတွေက ပတ်လည် ဝိုင်းနေခဲ့တယ်လေ။

ပြောရမယ်ဆိုရင် အနုပညာသမားတွေက သာမန်လူတို့ နားလည်ထားသလို အလွမ်းအဆွေးတွေနဲ့ ငိုက်မျဉ်းနေသူတွေ မဟုတ်ပါဘူး။ အမျိုး ဘာသာ သာသနာအတွက် ထာဝရ တော်လှန် တက်ကြွနေသူတွေသာ ဖြစ်ပါတယ်။

ဒါကြောင့် ခေတ်စနစ်ဆိုး အမှိုက်ပုံကြီးအောက်မှာ နစ်မြုပ်နေတဲ့ ခေတ်သရုပ်ဖော် အဲဒီသီချင်းတွေကို ပြန်လည် ဖော်ထုတ် အလုပ်လုပ်ကြဖို့ အချိန်တန်ပြီဖြစ်ကြောင်း တိုက် တွန်းနှိုးဆော်ချင် ပါတယ်။ အသိမိတ်ဆွေ စာရေးဆရာမလေး 'စံပယ်ဖြူနု' ရဲ့ ဝ ဘွဲ့နာမည်ကို ဆင့်ပွားခံစား ပေါင်းစပ်တင်ပြရမယ်ဆိုရင် 'ခေတ်ရယ် အချစ်ရယ် သီချင်းတွေရယ်' အခန်းကဏ္ဍကြီးကို ပီပီပြင်ပြင် ဖော်ဆောင်သင့်ပါပြီလို့ ထပ်လောင်း တိုက်တွန်းချင်ပါတယ်။ သီချင်းဆိုတာ 'ရန်ပုံငွေ' အတွက်မျှသာ မဟုတ်ဘဲ 'နိုင်ငံရေး'အတွက် အစွမ်းဆက်တဲ့ လက်နက် တစ်ခုအဖြစ် တင်ဆက်တိုက်ပွဲဝင်စေချင်ပါတယ်။

အခု ကြည့်လေ၊ 'တောင်ပြာတန်းကဆီးကြိုနေတော့တွယ်' တဲ့၊ ဒါဆို သူ တောင်ပြာတန်းကို ပြန်လာတော့မှာပေါ့။ တုတ်ပါပြီ၊ သူ ဘယ်ကနေ့ ပြန်လာမှာလဲ၊ စစ်ဘေးရှောင် ခုက္ခသည်စခန်းဆီကလား၊ နယ်စပ်တပ်စခန်း တစ်နေရာကလား၊ လူသားချင်း မစာမနာ ကျွန်ုပ်ခံနေရတဲ့ နိုင်ငံရပ်ခြားတစ်နေရာကလား၊ နိုင်ငံရပ်ခြား တစ်နေရာမှာ ကျူးလွန်ခံ ခဲ့ရတဲ့ အကျဉ်းထောင်ထဲကလား၊ ကမ်းမခြင် လမ်းမခြင် ဝင်လယ်ခြင်းထဲမှာ သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်နေရာကလား၊ လေ့ထုံးတမ်း ယဉ်ကျေးမှုချင်းမတူ နွေးထွေးမှု ဆိတ်သုဉ်းနေတဲ့ အနောက်နိုင်ငံ တစ်နေရာကလား၊ အသွေးအသားနဲ့ ဘဝတစ်ခုလုံး စတေးပြီးမှ ရင်းနှီးလုပ်ကိုင် စားသောက်ဖို့ ငွေထုပ်ကလေးပိုက်ပြီး ပြန်လာခဲ့မှာလား။

ဘာပဲပြောပြော၊ သူ ပြန်လာမယ်ဆိုရင်ပဲ တောင်ပြာတန်းက ဝမ်းမြောက်ဝမ်းသာ လက်ခံကြိုဆိုနေမှာပါ။

အင်း. . . ဒါနဲ့ နေစမ်းပါဦး၊ တောင်ပြာတန်းက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမှာကတော့ သေချာပါပြီ၊ သူ တောင်ပြာတန်းကို ရောက်လာရင် ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ကကော သေချာပါရဲ့လား။ သူ ပြန်လည်ရောက်ရှိလာမယ့် ကောင်ပြာတန်းဟာ သူထွက်ခွာတုန်းကလို စိမ်းစိုပြာမှိုင်းနေပါသေးရဲ့လား၊ သဘာဝ သယံဇာတတွေကကော ပေါကြွယ်နေပါသေးရဲ့လား၊ သဘာဝစီမံခန့်ခွဲမှုရေထွက်တွေ အရင်လိုပဲ တသွင်သွင် စီးဆင်းနေပါသေးရဲ့လား၊ ဘူ ရှမ္ဘော်ငေးရီ တမေ့တမြာငေးမောခဲ့တဲ့ တောင်မြင့်မြင့်ကြီးတွေကကော အရင်လိုပဲ ထီးထီးမားမား မိုမိုမောက်မောက် ရှိပါသေးရဲ့လား။ ပြီးတော့ သူ အပြန်လမ်းမှာ တရွေ့ရွေ့ လှမ်းဝင်လာမယ့် ရွာအဝင်လမ်းကကော ဟိုအရင်တုန်းကလိုပဲ ဖြောင့်ဖြောင့်ဖြူးဖြူး ရှိပါသေးရဲ့လား။

ရွာဦး ဘုန်းတော်ကြီးကျောင်းက အုန်းမောင်းခေါက်သံနဲ့ ရွာဦးစေတီရဲ့ ဆည်းလည်းလှုပ်ခတ်သံလေးတွေကို ကြည်ညိုချမ်းမြေ့ဖွယ် ကြားရဦးမှာလား။ သူမိသားစုနဲ့ သူ သူငယ်ချင်း မိတ်ဆွေတွေကို သိုက်သိုက်ဝန်းဝန်း ဖက်လဲ တကင်း ပွေ့ဖက်နိုင်ဖို့ကကော သေချာပါရဲ့လား။

အား. . . တောင်ပြာတန်းကို ပြန်လာဖို့ 'လား'ပေါင်း အသခ်ေ့ အနန္တကြားမှာ သူ ကြေမွမသွားရင် ကံကောင်းတယ်လို့ မှတ်ရမှာပေါ့လေ။

"ဟုတ်ကဲ့၊ အားလုံး မင်္ဂလာဝါခင်ဗျာ၊ အခုဆိုရင် ကျွန်တော်တို့ ရွှေလမ်းခရီး အဖွဲ့သူ အဖွဲ့သားတွေဟာ မကြာခင် အချိန်အတွင်းမှာ အောင်ပန်းမြို့ရဲ့ ချယ်ရီစားသောက်ဆိုင်ကြီးကို ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်၊ အဲဒါကြောင့် . . . "

နတ်သမီးလေဝင်

www.burmeseclassic.com

www.burmeseclassic.com

အရေးကောင်း ဒိန်းဒေါင်းဖျက် ဆိုသလိုပါပဲ၊ တောင်ပြာတန်းကို ပြန်လာမယ့် သူအတွက် စဉ်းစားလို့တောင် မဆုံးသေးဘူး၊ ကိုရွှေအညာသားရဲ့ မိုက်ကရိုဖုန်းအသံက ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာတာမို့ တောင်ပြာတန်းတွေရော၊ မောင်းမကန် ကေသီဦးတွေရော ဘယ်ရောက်ကုန်မှန်း မသိတော့ပါဘူး။ သူသူငါငါတွေလည်း ကိုရွှေအညာသားရဲ့ တပ်လှန့်သံကြောင့် လူပ်လူပ်ရွရွ လုပ်ကုန်ကြပြီမို့ ကျွန်တော်လည်း လုပ်မိလုပ်ရာတွေ လုပ်ရပါတော့တယ်။ ကျွန်တော့်အတွက် လုပ်စရာ မည်မည်ရရကလည်း မရှိလှတာမို့ ထမ်စန်းလိုက်ဂူတော်က ဝယ်လာတဲ့ ရှမ်းလွယ်အိတ်လိုလို၊ ပအို့ဝ်လွယ်အိတ်လိုလို ရှမ်းပအို့ဝ် လွယ်အိတ်ကလေး ကောက်လွယ်လိုက်တာနဲ့ပဲ အဆင်သင့် သတိအနေအထား ဖြစ်သွားပါပြီ။ မော်တော်ယာဉ်ကြီးကလည်း ဆင်ကြီးတစ်ကောင် ရပ်လိုက်သလို 'ချယ်ရီ' စားသောက်ဆိုင်ကြီးရှေ့မှာ တုံ့ခနဲ ရပ်လိုက်ပါပြီ။

အောင်ပန်းမြို့ ချယ်ရီစားသောက်ဆိုင်ကြီးဟာ သူ့အရပ်နဲ့ သူ့ဇာတ်ဆိုသလို တော်တော်ကို ကြီးကျယ်ခမ်းနားပါတယ်။ စားသောက်ဖွယ်ရာ အစုံရပါတယ်။ လက်ဖက်ရည်၊ ကော်ဖီ မှာယူလို့ ရသလို ဘရန်ဒီတို့၊ ဝီစကီတို့ သောက်ချင်သမျှဆိုရင်လည်း သောက်နိုင်ပါတယ်။ ပဲမုန့်၊ ဘဲသားမုန့်၊ ပေါက်စီ စတာတွေ စားသုံးနိုင်သလို အစိမ်းကြော်၊ တောက်တောက်ကြော်၊ ကုန်းဘောင်ကြီးကြော် စတာတွေလည်း ရပါတယ်။ အယုတ်၊ အလတ်၊ အမြတ်မရွေး ဝယ်ယူစားသုံးနိုင်တဲ့ စားသောက်ဆိုင်ကြီး ဆိုပါတော့။

အပြင်ဘက်တန်း စကြိုလမ်းမှာတော့ လက်ဆောင်ပစ္စည်း ရောင်းတဲ့ဆိုင်တွေ တန်းစီနေပါတယ်။ မုန့်ပဲသရေစာ ရောင်းတဲ့ဆိုင်တွေကလည်း မျက်စိတစ်ဆုံး အရှည်အလျားကြီးပါပဲ။ ဒီကြားထဲမှာ ခေါင်းရွက်၊ ဗျပ်ထိုး၊ ပခုံးလွယ်၊ လက်ဆွဲ စသည်လေးတွေကလည်း အသံဝဲဝဲလေးတွေနဲ့ စွေးခေါ်ရောင်းနေကြတာ ပျော်စရာကောင်းလှပါတယ်။

ရွှေပဲသီး၊ စတော်ဘယ်ရီ၊ ပန်းသီး၊ လိမ္မော် စတဲ့ အသီး



နတ်သားရက္ခင်း

ဥဏ္ဏာလုံမွေရွှင်တော်ထံတော်ပါး လက်အုပ်မိုးရိုကိုးကူးပြု

အနှံ့ ရောင်းချရာ သစ်သီးတန်းကြီးကလည်း ဟီးထနေပါရော။ ပန်းမျိုးစုံနဲ့ သစ်ခွမျိုးစုံ ပန်းဆိုင်တွေကိုလည်း အလှချင်ပြိုင် အပြိုင်အဆိုင် ရောင်းချနေတာ တွေ့ရတယ်။

ရန်ကုန်သူ၊ ရန်ကုန်သားတွေကတော့ သိတော်မူကြတဲ့ အတိုင်းပေါ့လေ၊ သူတို့ မျက်စိထဲ ဝင်လာသမျှအားလုံး သိမ်းကျုံးဝယ်နေကြတော့တာပါပဲ။ ကျွန်တော် တစ်ယောက်သာပဲ လွယ်အိတ်လေးတစ်လုံးလွယ်၊ လက်ကလေးပိုက်ပြီး ပုပ္ပွရွ ဟူသမျှရဲ့ လှုပ်ရှားမှုတွေကို ကြည့်ကောင်းကောင်းနဲ့ ငေးကြည့်နေမိပါတယ်။ အဲဒီလို ငေးကြည့်ရင်း ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ မိန့်ခွန်းတချို့ကို ပြန်လည်ကြားယောင်နေမိတယ်။

"တန်းတူညီတူ မဖြစ်သမျှ ကာလပတ်လုံး ဒီတိုင်းပြည်ကြီးဟာ လွတ်လပ်တယ်ဆိုပေမယ့် ဟိုလူမြင်တဲ့အခါမှာ မျက်နှာချိုသွေးရ၊ ဒီလူမြင်တဲ့အခါ မျက်နှာချိုသွေးရနဲ့ ဖာသည်လို နိုင်ငံမျိုးဖြစ်နေမှာပဲ ဆိုတာ ခင်ဗျားတို့ အတိအလင်း နားလည်ထားစေချင်တယ်"

"ကျွန်တော်တို့ ဆန်းကဖေးတို့ သွားစားတဲ့လူတွေက ဟင်းတစ်မည် မကဘူး၊ နှစ်မည် မကဘူး၊ သုံးမည် မကဘူး၊ လေးမည် မကဘူး၊ စားချင်သလောက်စား၊ ဘာအကန့်အသတ်မှ မရှိဘူး၊ ကျွန်တော်တို့တိုင်းပြည်မှာ ဖြစ်နေတယ်၊ အင်္ဂလန်ပြည်မှာ အဲဒါ မရဘူး၊ ဟင်းတစ်မည်၊ ထမင်းမရဘူး၊ ဆန်မရဘူး၊ ပေါင်မုန့်ဆိုရင် အရင်ကထက် လျော့ရတယ်၊ တခြားတိုင်းပြည်တွေမှာ အဲဒီလို ချွေချွေတာတာ ကြိုးပမ်းပြီးတော့ အခုနေအခါမယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်နေကြတယ်၊ ကျွန်တော်တို့ တိုင်းပြည်က ကျပ်ကျပ်တည်းတည်း နေရတဲ့ အထဲက ဒီလို ပုံးပေါ်လအော သုံးကြတုန်း စွဲကြတုန်းပဲ"

ဗိုလ်ချုပ်အောင်ဆန်းသာ ရှင်ပြန်ထမြောက်ပြီးတော့ ယနေ့ မြန်မာစီးပွားရေးမှာ ဖြစ်နေတဲ့ ဖြစ်ရပ်အတွေတွေကို မြင်ရ

www.burmeseclassic.com

www.burmeseclassic.com

ရှင် ဘယ်လိုပြောမလဲဆိုတာ နားထောင်ချင်လှတယ်။

ယနေ့ မြန်မာပြည်မှာ တစ်နေ့ ငွေနှစ်ထောင်နဲ့ လောက်အောင်သုံးစွဲဖို့ ပြောတဲ့သူက ပြောသလို ထမင်းတစ်နှပ် လျှော့စားခိုင်းတဲ့လူကလည်း လျှော့စားခိုင်းနေတယ်။ ဟုတ်ယ်ဖြစ်နေတာက တစ်နေ့ နှစ်ထောင်နဲ့လောက်အောင် သုံးစွဲဖို့ အသာထားပါဦး၊ တစ်နေ့ ငွေလေးနှစ်ရာတောင် ငတ်ငွေမရှိရှာတဲ့လူတွေ မြန်မာပြည်မှာ ဘယ်လောက် များနေပြီလဲ ဆိုတာ စစ်တမ်းကောက်သင့်တယ်။

တစ်နေ့ ထမင်းတစ်နပ်တောင် မှန်မှန်မစားနိုင်တဲ့လူတွေ မြန်မာပြည်မှာ ဘယ်နှဦးရှိသလဲ အရင်စုံစမ်းကြည့်သင့်တယ်။ ဟိုတုန်းက ငတ်ပြီးသေတဲ့ မသာ မြန်မာပြည်မှာ ရှိမှမရှိဘူး ဒီနေ့ အဲဒီလိုတော်ပြီး သေတဲ့မသာတွေ စည်ပင်သာယာ ပြည်မြန်မာမှာ ဘယ်နှလောင်းဖြစ်သွားပြီလဲဆိုတာ စူးစမ်းသင့်လှတယ်။ သားသမီးတွေ၊ အတူနေမိသားစုတွေက တွေ့မွေး မစောင့်ရှောက်နိုင်တော့လို့ လမ်းဘေးမှာ စွန့်ပစ်ခံရတဲ့ သက်ကြီးရွယ်အိုတွေ ဘယ်နှယောက် ရှိသွားပြီလဲ ဆိုတာ အရင် စာရင်းကောက်သင့်တယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ် အနေအထားမျိုး ဆုတ်တော့တဲ့ ယနေ့ မြန်မာပြည်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့ အတုခိုးပြီး ဟန်ဆောင်ပန်ဆောင် သွေးပူသွေးတန်း အတင်းအဓမ္မ ချွေတာခိုင်းနေတဲ့သူတွေဟာ ရွှေပြည်သာလို၊ ထွိုင်သာယာလို၊ ဒဂုံမြို့သစ်လို ရပ်ကွက်တွေထဲက 'မီးခွက်ဆွဲ'လို နေရာမျိုးတွေကို ဘယ်နှခေါက် လမ်းလျှောက်ဖူးပါ

မြင်းထိုလိုက်ဂူသို့ စာတင်ငွေထုတ်ထားလမ်းကြား



မြင်းထိပ် လက်ဆောင်ခံစေတီ

သလဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ကြစေချင်တယ်။

ညကြီး အချိန်မတော်မှ ပြန်လာပြီး အဲဒီ'မီးခွက်ဈေး' လေးတွေမှာ 'ပေါချောင်ညှဉ်' ဟင်းလျာတွေ ဝယ်ခြမ်းနေသူတွေဟာ ညသန်းခေါင်ကျော်ကျမှ တစ်နေ့တာရဲ့ တစ်နပ်တည်းသော မဝရေစာလေးတွေကို အငမ်းမရ စားနေကြရတယ်ဆိုတာ ပုံပြင်မဟုတ်ပါဘူး။ ကျောင်းတက်နေတဲ့ သမီးငယ်လေးအတွက် ဖိနပ်ကောင်းကောင်းလေးတစ်ရန် ဝယ်ပေးချင်လွန်းလို့ ထမင်းအငတ်ခံပြီး ပိုက်ဆံစုနေတဲ့ 'ဖခင်'တွေ မြန်မာပြည်မှာ ရှိနေတယ်ဆိုတာ ရုပ်ရှင်ရိုက်ပြနေတာ မဟုတ်ပါဘူး။

ဈေးသည် ဈေးဝယ်တွေကို ကျွန်တော် ငေးမောရင်း တွေးမိတွေးရာတွေ တွေးမိရင်း ရင်ထဲမှာ မွန်းကျပ်ကျပ်ကြီး ဖြစ်လာတာမို့ အာခံပြောင်းတဲ့ အနေနဲ့ ဟိုဟိုဒီဒီ လျှောက်ကြည့်ပစ်လိုက်တယ်။ အောင်မယ်. . . ပန်းမျိုးစုံရောင်းနေတဲ့ ဆိုင်ကြီးတစ်ဆိုင်ပါလား။ အမယ်. . သူ့ဆိုင်ကိုလည်း နာမည်ပေးထားတယ်။ သူ့ဆိုင်နာမည်ကို ဖတ်ကြည့်တော့ ပြုံးရမလိုလို၊ ရယ်ရမလိုလို၊ ကြည့်ပါဦး၊ သူ့ဆိုင်နာမည်က 'အလွမ်းမမ ပန်းမမ'တဲ့။ အင်း. . . ဆိုင်ရှင်ဟာ ကဗျာဆန်တဲ့လူလား၊ ဒါမှမဟုတ် ဆိုင်ပိုင်ရှင်ဟာ ရတာမလို လိုတာမရတဲ့ အပျိုကြီးမမလား၊ တစ်ခုခုတော့ တစ်ခုခုပဲ။ သူ့ဆိုင်မှာတော့ ဝယ်ယူအားပေးသူတွေနဲ့ စည်ကားနေတာက အားကျစရာ။ အင်း ပျေ်လေ- ဆိုင်နာမည်က 'အလွမ်းမမ ပန်းမမ'ဆိုတော့ ဝယ်ယူအားပေးသူတွေကလည်း 'အလွမ်းမမ ပန်းမမ'တွေထင်ပါရဲ့။

ဒီအချိန်မှာပဲ ကျွန်တော်တို့ အဖွဲ့သား၊ အဖွဲ့သူတွေဟာ ပေးထားတဲ့ သတ်မှတ်ချိန် စေ့ရောက်ခဲ့ပြီမို့ ကားပေါ်ကို ပြန်တက်နေကြပါပြီ။ အတွေးတွေနဲ့ ပြည့်သိပ်နင့်နဲနေတဲ့ ကျွန်တော်လည်း လေးတီလေးကန် ခြေလှမ်းတွေနဲ့ ကားပေါ်ကို တက်ခဲ့ရပါတော့တယ်။ ဘာပဲဖြစ်ဖြစ်ပါလေ၊ မွန်းကျပ်ပြည့်သိပ်မှုတွေနဲ့ အသားကျ ခေါက်ရိုးကျိုးနေတဲ့ မြန်မာပြည်သားဒီမို့ ဇည့်သည်တို့ရဲ့ ထုံးစံအတိုင်း နှုတ်ဆက်ခဲ့ပါတယ် 'အလွမ်းမမ ပန်းမမ' ရေ။

www.burmeseclassic.com

www.burmeseclassic.com

မော်တော်ယာဉ် ထွက်ခွာလို့ မကြာခင်မှာပဲ ကျွန်တော်တို့ရဲ့ ကိုရွှေအညာသားက ခရီးလမ်းပန်း အခြေအနေနဲ့ အခု သွားရောက် ဖူးမြော်ရမယ့် မြင်းမထီလိုဏ်ဂူတော် အကြောင်းကို ရှင်းလင်းပြောပြပါတော့တယ်။

မြင်းမထီလိုဏ်ဂူတော်ဟာ အောင်ပန်းမြို့ကနေ နှစ်မိုင် ခွဲခန့်ဝေးပါတယ်။ မြင်းမထီရွာ မရောက်မီ ကားလမ်းမကြီးရဲ့ လက်ယာဘက်ကနေ မျှော်ကြည့်လိုက်ရင် မိုးမှိုမားမားရှိနေတဲ့ မြင်းမထီ လိုဏ်ဂူတော်ကြီးက လွမ်းမောဖွယ် မြင်ကွင်းတွေ့နိုင်ပါတယ်။ မြင်းမထီရွာကလေးဟာ ဖွံ့ဖြိုးတိုးတက်လာတဲ့ မြို့ပြလူနေမှုစနစ်ရဲ့ အရိပ်ထိုးမှုကြောင့် ထင်ယဲ့ရဲ့ ဆောက်အဦတွေဟာ မြို့ပြဆန်ဆန် သပ်ရပ်လှပနေပါတယ်။ ပြောရရင် မြန်မာ့ကျေးလက် အင်္ဂါအသက်မျိုး မခံစားရတဲ့ နိုင်ငံခြားရုပ်ရှင်တွေထဲမှာ မြင်တွေ့ရလေ့ရှိတဲ့ ဥရောပ ကျေးလက်ပုံစံမျိုး ဖြစ်နေတယ်လို့ ထင်ပါတယ်။

သစ်တွေ၊ ဝါးတွေ ရှားပါးသွားလို့လား၊ သစ်ဈေး၊ ဝါးဈေးတွေ အဆမတန် မြင့်တက်သွားလို့လား မပြောတတ်ပါဘူး။ အဆောက်အဦတွေဟာ အုတ်၊ အင်္ကတေတွေနဲ့ ဆောက်လုပ်ထားကြတာကို သတိပြုမိပါတယ်။ သစ်အိမ်၊ ဝါးအိမ် ဆိုလို့ တချို့တလေလောက်ပဲ တွေ့ရတယ်။ မြင်းမထီတောင်ရိုပ်ကြီး လွှမ်းနေတဲ့ မြေပြန့်ဆန်ဆန် နေရာမှာ တည်ထားတဲ့ မြင်းမထီရွာဟာ သာမောဖွယ်ကောင်းတာကတော့ အမှန်ပါ။

မြင်းမထီတောင်ဟာ ပေပေါင်း (၁၀၇၅)ပေ မြင့်ပါတယ်။ အရှည်ဟာ ပေပေါင်း (၁၀၂၈)ပေ ရှိပါတယ်။ 'မြင်းမထီ' အမည်နာမ ပေါ်ပေါက်လာရခြင်း အကြောင်းရင်းဟာ ပုဂံပြည် အနော်ရထာမင်းကြီးနဲ့ ဆက်စပ်နေတယ်။

အနော်ရထာမင်းကြီးဟာ ညောင်ရွှေမြို့ အင်းတိမ် အရပ်ကို မြန်မာနှစ် ၄၁၆ ခုနှစ်မှာ ရောက်ရှိတော်မူပြီး ပေါရိုသတ်ဘုရားကို တည်ထားပါတယ်။ ပေါရိုသတ်ဘုရားကို တည်ထားပြီး ပုဂံရွှေမြို့တော်ဆီ ပြန်လည်ကြွချီတော်မူရာမှာ အခု မြင်းမထီတောင်လို့ ထင်မေါ် ကျော်ကြားလာမယ့် ဒီနေရာကို ရောက်တော်မူပါတယ်။ ဒီအခါမှာ အနော်ရထာမင်းကြီးဟာ လိုဏ်ဂူတော်ကြီး အတွင်းမှာ တည်ထားပြီးသား ရှိနေတဲ့ စေတီ၊ ပုထိုး၊ ရုပ်ပွားဆင်းတုတော်တွေကို ပြုပြင်မွမ်းမံ တည်ထားတော်မူပါတယ်။

မြင်းမထီ လိုဏ်ဂူတော်အတွင်း တည်ထားပူဇော်တဲ့ စေတီ၊ ပုထိုး၊ ရုပ်ပွားတော်တွေရဲ့ မူလ ဒါယကာကတော့ သီရိခမ္မာသောကမင်းကြီး ဖြစ်ပါတယ်။ ဒါကြောင့် အနော်ရထာမင်းကြီးဟာ ဒုတိယဒါယကာ ဖြစ်ပြီးတော့ အခုလောင်း စည်သူမင်းကြီးဟာ တတိယမြောက် ဒါယကာ ဖြစ်တော်မူပါတယ်။

ဒါကြောင့်မို့ မြင်းမထီ သာသနာ့နယ်မြေ သက်တမ်းဟာ သီရိခမ္မာသောကမင်းကြီး လက်ထက်တော်ကနေ စတင်

အခြေသတင်းကြီးတဲ့ နတ်သမီးကျောက်ပွင့်

ရေတွက်လိုက်ရင် နှစ်ပေါင်း (၂၃၀၀) ကျော်သက်တမ်း ရှိပါပြီ။ မြင်းမထီလိုဏ်ဂူတော်ကြီးရဲ့ သက်တမ်းကတော့ နှစ်ပေါင်းသောင်းနဲ့ချီ ရှိခဲ့ပြီလို့ သမိုင်းမှတ်တမ်းတွေက ဆိုပါတယ်။

မှန်နန်းရာဇဝင်တော်ကြီးရဲ့ အဆိုအရ ပြောရရင် အနော်ရထာမင်းကြီး လက်ထက်တော်မှာ ကကြီးတန်ဆာဆင်ယင်ထားတဲ့ မြင်းကြီးလေးကောင်ဟာ လက်ထုတ်အရပ်မှာ သောင်းကျန်းနေတယ်။ ဘယ်သူမှလည်း ဖမ်းလို့မရဘူး။ လက်ထုတ်အရပ်ရဲ့ တောင်ဘက်နားမှာ ချိုင့်ဝှမ်းကြီးရှိတယ်။ အဲဒီချိုင့်ဝှမ်းထဲကနေ မြင်းကြီးလေးကောင်ဟာ ထွက်လာတာပဲ။ ထွက်လာပြီးတော့ ပတ်ဝန်းကျင်မှာ စိုက်ပျိုးထားတဲ့ စိုက်ခင်းတွေကို ဝင်ရောက်စားသောက် ဖျက်ဆီးတယ်။ ရွာလူထုက စုပေါင်းပြီး နည်းမျိုးစုံနဲ့ ခြောက်လှန့်မောင်းထုတ်ပေမယ့် မရဘူး။ ပိုင်ရှင်မရှိတဲ့ အဲဒီမြင်းကြီးလေးကောင်ကို ဘယ်လိုဖမ်းဆီး နှိမ်နင်းရမလဲဆိုတာ မစဉ်းစားတတ်တော့ဘူး။ လူတွေလည်း တထိတ်ထိတ် တလန့်လန့်နဲ့ တုန်လှုပ်ချောက်ချားကုန်ကြတယ်။

နောက်ဆုံးမှာတော့ မြင်းကြီးလေးကောင် သောင်းကျန်း နှိပ်စက်နေပုံတွေကို အနော်ရထာမင်းကြီးထံ လျှောက်ထား သံတော်ဦးတင်ကြရတော့တယ်။ အနော်ရထာမင်းကြီးလည်း သူ့ရဲ့ အလွန်အားကိုးရတဲ့ ကျွန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး ဆိုတဲ့ သူ့ရဲ့ကောင်းလေးဦးကို လက်ထုတ်အရပ်ဆီ စေလွှတ်တော်မူတယ်။ ရပ်ဝှေ့ ရွာသားတွေကို နှိပ်စက်သောင်းကျန်းနေတဲ့ မြင်းကြီးလေးကောင်ကို အရဖမ်းယူလာခဲ့ဖို့ အမိန့်တော်မြတ် ခံတော်မူတယ်။

ပုဂံ သူရဲကောင်း လေးယောက်တို့ဟာ လက်ထုတ်အရပ် ရောက်တဲ့အခါ ရဲလောင်းတစ်ခုကို လုပ်ကြတယ်။ ရဲလောင်းဆိုတာက အပြင်ကားပြီး အတွင်းကို တစ်စ တစ်စ ကျဉ်းမြောင်းသွားအောင် ဘေးနှစ်ဖက်ကာရံထားတဲ့ လမ်းမြောင်ကို ခေါ်တယ်။ ငါးဖမ်းတဲ့ ဆည်ကြိုးတွေမှာလည်း ငါးခေါ်စွဝင်လာအောင် ရဲလောင်းတွေကို အသုံးပြုတတ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူရဲကောင်း လေးယောက်တို့ဟာ မြင်းကြီး လေးကောင်ကို ရဲလောင်းအတွင်း မောင်းထည့်လိုက်ကြတယ်။ လုပ်ထားတဲ့ ရဲလောင်းဟာ ရေပြင်နဲ့ထိစပ်နေတာမို့ မြင်းကြီးလေးကောင်ဟာ ရဲလောင်းအတိုင်း ပြေးသွားလိုက်ကြတာ နောက်ဆုံး ရေထဲကို ရောက်သွားတယ်။ အဲဒီတော့မှ သူရဲကောင်း လေးယောက်ဟာ မြင်းတစ်ကောင်စီကို တက်စီးပြီး မြင်းတွေကို ဖမ်းယူနိုင်ကြတယ်။

သူရဲကောင်းလေးယောက်တို့ဟာ မြင်းတွေကို စီးနင်းပြီး ခရီးဆက်ခဲ့ကြတဲ့အခါ လမ်းတစ်ဝက်လောက်ရောက်တော့ တောင်ကြီးတစ်လုံးက ဆီးတားနေတာ တွေ့ရတယ်။ တောင်ကြီးကလည်း အလွန်မြင့်တယ်။ ဒီတောင်ကြီးကို ကျော်နိုင်မှ ဖြစ်မယ်။ ဒါကြောင့် ကျန်စစ်သားဟာ မြင်းကို အပြင်းဒုန်းစိုင်းပြီး တောင်ကို ဖြတ်ကျော်ဖို့ အခါ မြင်းဟာ လွှားခနဲ ခုန်ကျော်ဖြတ်သန်းပြီး တော[illegible]ကို ရောက်သွားတယ်။ ကျန်သူရဲကောင်း သုံးယောက[illegible]း ကျန်စစ်သားနည်းတူ ကျော်လွှားနိုင်ကြတယ်။ အဲဒီလို မြင်းမထီဘဲ ကျော်လွှားနိုင်ခဲ့လို့ အဲဒီအချိန်ကစပြီး ဒီတောင်ကြီး[illegible]ကို 'မြင်းမထိတောင်' လို့ ခေါ်တွင်လာခဲ့ကြတာ ယနေ့တိုင်အောင် ဖြစ်တယ်။

သူရဲကောင်းလေးယောက်တို့လည်း ပုဂံရွှေပြည် ပြန်ရောက်ကြတဲ့အခါ အနော်ရထာမင်းကြီးထံ မြင်းကြီးလေးကောင်ကို ဆက်သကြတယ်။ အနော်ရထာမင်းကြီးလည်း လွန်စွာ အားရကျေနပ်တော်မူတယ်။ မြင်းလေးကောင်ကို သူရဲကောင်းလေးယောက်ကိုပဲ ပြန်လည်ပေးအပ်တယ်။ ဒီမြင်းတွေကို ကောင်းကောင်းမွန်မွန် မွေးမြူပြီး ငါ့အမှုတော်ကို ထမ်းကြလို့ မိန့်တော်မူတယ်။ မြင်းလေးကောင်ဟာ နတ်မြင်းတွေဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးတယ်လို့ ဆိုပါတယ်။

ကုလောမြို့ အရှေ့ဘက်မှာ မြင်းနဲ့ပတ်သက်ပြီး မြင်းမထိ၊ မြင်းဝန်း၊ မြင်းက၊ မြင်းစိုင်းကုန်း၊ မြင်းလှန်တောင် စတဲ့ အမည်နာမတွေ ရှိနေတာဟာ အဲဒီသမိုင်းဖြစ်ရပ်နဲ့ ဆက်စပ်နေတယ်လို့ သမိုင်းသုတေသီတွေက ဆိုကြတယ်။

မြင်းမထိ သမိုင်းကြောင်း ရှင်းလင်းပြောကြားပြီးတဲ့အခါ အဖွဲ့တာဝန်ခံ အညာသားက အခုလို သတိပေးစကား ဆက်လက်ပြောကြားပါသေးတယ်။

"လိုက်ဂူတော်ထဲမှာ ဖိနပ်လုံးဝမစီးရပါဘူး၊ ဖိနပ်တွေကို ကားပေါ်မှာ ထားခဲ့လို့ရတယ်၊ စီးချင်တယ်ဆိုရင်တော့ လိုက်ဂူဝအထိပဲ စီးလို့ရတယ်၊ လိုက်ဂူဝမှာ ဖိနပ်တွေကို စိတ်ချသာသာချ ထားခဲ့နိုင်တယ်၊ လိုက်ဂူထဲရောက်တဲ့အခါ လူစုမကွဲဖို့ အရေးကြီးပါတယ်၊ ကိုယ့်အဖွဲ့နဲ့ မကွဲဖို့ တစ်ယောက်နဲ့တစ်ယောက် သတိပြုပြီးသွားကြပါ၊ ဘာဖြစ်လို့လဲဆိုတော့ လိုက်ဂူထဲမှာ ဝက်ပါတွေရှိနေလို့ ဖြစ်ပါတယ်၊ လိုက်ဂူရဲ့ ဝက်ပါထဲ ရောက်သွားရင် ကိုယ်တစ်ယောက်တည်း မျက်စိလည် လမ်းမှားသွားနိုင်တယ်၊ တစ်ခါတုန်းက ဖြစ်ခဲ့ဖူးလို့ လူအုပ်နဲ့ မနည်းပြန်ရှာခဲ့ရတယ်၊ ဒါကြောင့်မို့ လူစုမကွဲပါစေနဲ့။

နောက်တစ်ချက် အထူး သတိပြုဖို့ကတော့ ကျောက်ခေါင်းမိုးကနေ ထိုးဆင်းလာတဲ့ ကျောက်စွန်းဘွေပါပဲ၊ လိုက်ဂူရဲ့ တချို့နေရာမှာ အလွန်နိမ့်တဲ့အတွက် ကျောက်စွန်းနဲ့ ဝင့်တိုက်မိတတ်ပါတယ်၊ ဝင်တိုက်မိရင် ဒဏ်ရာရနိုင်သ[illegible] အခန့်မသင့်ရင် သတိလစ် မေ့မြောသွားတတ်ပါတ[illegible] ဒါကြောင့်မို့ ကျွန်တော်တို့ ပေးထားတဲ့ ဦးထုပ်တွေကို [illegible] သွားကြပါ၊ သတိနဲ့လည်း သွားကြဖို့ ပန်ကြားလိုပါတယ်"

နောက်တစ်ချက် ထပ်မံသတိပေးချင်တာက အနွေးထည် ဝတ်သွားကြဖို့ပါ၊ ဂူထဲမှာ အေးစိမ့်နေပါတယ်၊ ဂူထဲကို ဝင်တဲ့အခါ ဒေသခံ အဘတစ်ဦးက ဦးဆောင်ခေါ်သွားပါလိမ့်မယ်၊ အဲဒီ အဘက ရှင်းလင်း ပြောပြပါလိမ့်မယ်၊ ပြန်ထွက်ကြတဲ့အခါ စောစောကအတိုင်းပဲ လူအုပ်မကွဲဖို့ အထူး ဂရုပြုကြပါ ခင်ဗျာ"

အညာသားရဲ့ မှာတမ်းရှည်ကြီးကို ကြားနာ မှတ်သားပြီးခဲ့တဲ့ အချိန်မှာတော့ မြင်းမထိ သာသနာ့နယ်မြေထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ကြပါပြီ။ အချိန်ကလည်း ညနေ သုံးနာရီလောက် ရှိသွားပါပြီ။ ပတ်ဝန်းကျင်ကလည်း တောကြီး တောင်ကြီးအလယ် ရောက်နေသလို ခံစားရပါတယ်။ နောက်ပြီးတော့ စိတ်ထဲက ထင်နေလို့လား မပြောတတ်ပါဘူး၊ ကောင်းကင်တစ်ခွင်ဟာ ညို့မှိုင်းအုံ့ရီနေပါတယ်။ အမှန်တော့ ဒီဒေသမှာ ကောင်းကင်တို့၊ ပတ်ဝန်းကျင်တို့ ပြာပြာညို့မှောင် မှိုင်းတလဲ့လဲ့ ကိစ္စဟာ ဘာမှ အထူးအဆန်း မဟုတ်ပါဘူး။ မိုးနဲ့ဆောင်းသာ စိုးမိုးထားတဲ့ ဒီဒေသမှာ နှင်းကျတယ်၊ မိုးရွာတယ်၊ ကောင်းကင်ကြီး မှိုင်းညို့နေတယ် ဆိုတာတွေဟာ ဖြစ်ရိုးဖြစ်စဉ် သဘာဝဖြစ်ရပ်တွေပါ။

ဒီလိုနဲ့ ဒေသခံ အဘတစ်ဦးက ဦးဆောင်ပြီး ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ကို လိုက်ဂူတော်အတွင်း ခေါ်ဆောင်သွားပါတော့တယ်။ ရွှေလံမ်းခရီး ဘုရားဖူးအဖွဲ့ရဲ့ အမှတ်အသား ရွှေဝါရောင် ဦးထုပ်လေးတွေ ကိုယ်စီဆောင်းထားကြတဲ့ ကျွန်တော်တို့တစ်တွေလည်း အဘနောက်ကနေ ထက်ကြပ်မကွာ လိုက်ပါသွားကြတယ်။ ရွှေဝါရောင်ဦးထုပ်လေးတွေကိုလည်း တစ်ယောက်နဲ့တစ်ယောက် မျက်ခြည်မပြတ် ကြည့်ရပါသေးတယ်။ ကိုရွှေအညာသား မှာကြားထားသလို လူကွဲသွားမှာကိုလည်း ကြောက်ရသေးတာကိုး။

တကယ်တော့ ဒီဦးထုပ်လေးတွေဟာ အလှဆောင်းရုံသက်သက် မဟုတ်ပါဘူး။ ကိုယ့်အဖွဲ့သားတွေ ဘယ်ရောက်နေပြီလဲဆိုတာကို တွေ့မြင်သိရှိနိုင်သလို အကြောင်းအမျိုးမျိုးနဲ့ တကွဲတပြား ဖြစ်သွားရင်လည်း ရှာဖွေတဲ့နေရာမှာ အလွန်အဆင်အကူ ဖြစ်စေပါတယ်။ ဒါကြောင့်မို့ ဘုရားဖူးခရီး သည်တွေဟာ သက့်ဆိုင်ရာ ဘုရားဖူးအဖွဲ့က ပေးထားတဲ့

www.burmeseclassic.com

www.burmeseclassic.com

ဦးထုပ်လေးတွေကို လေးလေးစားစား ထိန်းသိမ်းထားဖို့၊ ဆောင်းဘားဖို့ လိုအပ်ပါတယ်။

မြင်းမထိလိုက်ဂူတော်ဟာ ရွှေဥမင်လိုက်ဂူထက် အလျားရှည်ပေမယ့် ဂူထဲဝင်တဲ့ လမ်းကြောင်းဟာ အတော် ကျဉ်းမြောင်းတာကို သတိပြုမိရပါတယ်။ ကိုရွှေအညာသား မှာကြားချက်အရ အနွေးထည်လေး ဝတ်လာမိတာကလည်း အတော်ဟန်ကျသွားပါတယ်။ ဂူထဲဝင်လိုက်တာနဲ့ အေးလိုက်တာ စိမ့်ခနဲပဲ။

ကျွန်တော်တို့ ဘဒ္ဒါကြည်လင် ပါရမီရှင် ဘုရားဖူး ခရီးသည်အပေါင်း သူတော်ကောင်းတို့ဟာ ဒေသခံ 'အဘ' ဦးဆောင်ရာနောက်က လိုက်သွားကြရင်း အခုမှ နဖူးတွေ့ ဒူးတွေ့ မြင်တွေ့လိုက်ရတဲ့ သဘာဝလိုက်ဂူကြီးရဲ့ အံ့ဩဆန်း ကြယ်လှပုံတွေကို တအံ့တသြ ကြည့်မိကြတယ်။

ရှေ့ကနေ ဦးဆောင်သွားနေတဲ့ အဘကလည်း မြင်းမထိ သဘာဝလိုက်ဂူတော်ကြီးနဲ့ စပ်လျဉ်းပြီး သိကောင်းစရာ ဗဟုသုတတွေကို တတွတ်တွတ် ပြောပြသွားပါတယ်။ အဘ ရဲ့စကားသံက မြန်မာလိုပြောတာ တော်တော်ပီသပါတယ်။ အဘဟာ ရှမ်းတိုင်းရင်းသားကြီးလား။ ဓနုတိုင်းရင်းသားကြီး လား မပြောတတ်ပေမယ့် အဘ ဝတ်စား ဆင်ယင်ထားတဲ့ ပုံစံက ရှမ်းတိုင်းရင်းသားလို့ ဝတ်စားထားတာ ဖြစ်ပါတယ်။ အလွန် သဘောကောင်းပုံရပြီး ရိုးသားဖြူစင်ပုံကလည်း ပကတိ ပွင့်လင်းမြင်သာလှပါတယ်။

အဲဒီလို သွားကြလို့ သိပ်မကြာပါဘူး။ လိုက်ဂူထဲမှာ တဝေါဝေါမြည်သံလိုလို ကြားလိုက်ရတယ်။ ဘာသံပါလိမ့်ပေါ့။ လိုက်ဂူအတွင်းမှာ သဘာဝစီးဆင်းနေတဲ့ စမ်းချောင်းရဲ့ ရေစီးသံလား၊ ရေတံခွန်တစ်ခုခုက ရေကျသံလား ဇဝေဇဝေ ဖြစ်နေတုန်းမှာပဲ အဘဆီကနေ 'မိုးရွာပြီဟေ့' ဆိုတဲ့ အသံကို ကြားလိုက်တော့မှ အဖြေမှန် ပေါ်သွားပါတယ်။

အို. . . မြင်းမထိမှာ မိုးတွေ ရွာနေပါပြီကော။

လိုက်ဂူတော်ရဲ့ အမိုးပေါ်မှာ နေရာအနှံ့ ရှိနေနိုင်တဲ့ အပေါက်တွေကနေ မိုးရေမိုးစက်တွေက ဝင်ရောက်လာကြ တာမို့ လိုက်ဂူထဲမှာ မိုးသံနဲ့ မြည်ဟည်းသွားတာ ဖြစ်ပါတယ်။ အခုလို အဖွဲ့လိုက် အဖော်နဲ့ အပေါင်းနဲ့ မဟုတ်ဘဲ တစ်ကိုယ် တည်းသာ ဆိုရင်တော့ အခုလို မိုးသံ လေသံ ပဲ့တင်မြည် ဟည်းသံတွေက ဘုယ်လောက်များ အသည်းယင်စရာကောင်း လိုက်မလဲလို့ တွေးမိတယ်။ တွေးမိရင်းမှာပဲ ဂူအင်ငါးပါး အကြောင်းကိုလည်း ဖျတ်ခနဲ သတိရမိတယ်။

ဂူ(လိုက်ဂူ)မှာ အင်ငါးပါး ရှိပါတယ်။ ဒီလို အင်ငါး ပါး ရှိမှလည်း ဂူအရာမြောက်တယ်လို့ ရှေးစာပေတွေထဲမှာ ရေးထားတယ်။ လောကီကျင့်စဉ်၊ ဂန္ဓာရီကျင့်စဉ် အားထုတ်ခဲ့ တဲ့ ပဂ္ဂိုလ်တွေဟာ အခုပြောပြမယ့် ဂူအင်ငါးပါးနဲ့ ပြည့်စုံတဲ့ ဂူတွေမှာမှ ကျင့်စဉ်စခန်းတွေကို ပွင့်များအားထုတ်ကြတယ်။

ဂူအင်ငါးပါး ဆိုတာက ဒီလိုပါ။

(၁) သယံဇာတ သဘာဝ အလိုလို ဖြစ်ပေါ်နေရမယ်။
(၂) ဂူဝဟာ မြောက်ဘက်ကို လှည့်နေရမယ်။
(၃) မြေပြင်မှ အမြင့်နှံ့ရှိမှာ ဖြစ်ပေါ်နေရမယ်။
(၄) မွန်းတည့်ပေါက် ရှိရမယ်။
(၅) မွန်းတည့်ပေါက် အောက်တည့်တည့်မှာ ကျောက်ဖျာ ရှိရမယ်။ အဲဒါ ဂူအင်ငါးပါး ဖြစ်ပါတယ်။

"ဖြည်းဖြည်းလာကြဟေ့နော်၊ မိုးရေနဲ့ဆိုတော့ ချော်လဲလိမ့်မယ်၊ သတိထားပြီး ဖြည်းဖြည်းလျှောက်ကြကွဲ့"

အဘရဲ့ သတိပေးသံကြောင့် ဂူအင်ငါးပါးအကြောင်း စဉ်းစားနေတာ ပျောက်သွားတယ်။ ဂူအတွင်းပိုင်းကို စိတ်က ပြန်ရောက်လာတယ်။ မြင်းမထိလိုက်ဂူတော်ရဲ့ နံရံတစ် လျှောက် ဉာဏ်တော် အနိမ့်၊ အမြင့် အရွယ်ရွယ် အစားစား ရှိတဲ့ ဗုဒ္ဓဆင်းတုတော်တွေ အပြည့် ဖူးတွေ့ရတယ်။ တချို့ ဆင်းတုတော်တွေဟာ ရှေးဟောင်းခေတ်ပွားတော်တွေ ဖြစ်နိုင် တယ်။ ဆယ့်ရှစ်ရာစု၊ ဆယ့်ကိုးရာစု လက်ရာမျိုးတွေ ဖြစ် တယ်။ တချို့ကတော့ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်လို သိပ်မဝေးလှတဲ့ ခေတ်က လက်ရာမျိုးတွေ ဖြစ်လိမ့်မယ်။ မှန်မှောက်ခေတ်လက်ရာ ပုဒ္ဓဆင်းတုတော် တချို့ကိုလည်း ဖူးတွေ့ရတယ်။

မြင်းမထိ လိုက်ဂူတော်မှာ ဝင်ပေါက်လမ်းနှစ်သွယ် ရှိတယ်။ အခု ကျွန်တော်တို့ စတင်ဝင်ရောက်သွားတာက လက်ယာဘက်လမ်းကနေ ဝင်သွားတာကို သတိပြုမိတယ်။ 'နတ်သမီးကျောက်ပျဉ်' ဆိုတဲ့ စာတန်းရေးထိုးထားတဲ့ ကတ်ပြားလေးကို စတွေ့မိတယ်။ မနီးမဝေးမှာက 'နတ်သမီး ရေစင်' တဲ့။

ဂူအနေအထားက ခပ်ကျဉ်းကျဉ်းရှိသေးတယ်။ တစ် ယောက်ချင်း တန်းစီပြီး သွားရတယ်။ အဲဒါကြောင့် နောက် နား ခပ်လှမ်းလှမ်းရောက်နေတဲ့ ကျွန်တော်ဟာ အဘ ရှင်းပြ နေတဲ့ နတ်သမီးကျောက်ပျဉ်အကြောင်း ကောင်းကောင်း မကြားလိုက်ဘူး။ ပိုပြီး သည်းထန်လာတဲ့ မိုးသံကြောင့်လည်း ဂူထဲမှာ တဝေါဝေါမြည်နေတာမို့ အသံက ခပ်ဝေါဝေါ ဖြစ် သွားတာလည်း ပါမယ်။

အင်း- နတ်သမီးကျောက်ပျဉ် ဆိုတော့ လိုက်ဂူတော် ကြီးကို စောင့်ရှောက်နေတဲ့ နတ်သမီး နတ်ဒေဝီ နတ်မဟေ သီတွေ သံနပ်ခါးလူးတဲ့နေရာ ဖြစ်လိမ့်မယ်။ အရွယ် ခပ်တန် တန် ရှိတဲ့ အမျိုးသမီး တစ်ယောက်ကတော့ ကျောက်ပျဉ် သဏ္ဌာန်ရှိရဲ့ ကျောက်ပြားပေါ်ကို သူ့လက်ဖဝါးနဲ့ ပွတ်လိုက်၊ ပြီးတော့ သူ့မျက်နှာကို ပွတ်လိုက် လုပ်နေရင်းကနေ 'ဟဲ့ ဟဲ့- နွင်တို့လည်း လူးကြလေ၊ ရောဂါအန္တရာယ်ကင်းတယ်၊ မျက်နှာပွင့်တယ်' လို့ သူ့အဖော်တွေကို မလှမ်းဆော့ချို(သတင်း) ပေးနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

အင်း- သူရုပ်ကြည့်ရတာ ရောဂါအန္တရာယ် ရှိမယ့်ပုံစံ မပေါက်တာမို့ အခုလို သူဆောင်ရွက်နေတာဟာ အဓိက 'မျက်နှာပွင့်ချင်လို့ပဲ ဖြစ်ရ[illegible]' လို့ နေရင်းထိုင်ရင်း စုံထောက်ကြီး ဦးစံရွား လုပ်မိလိုက်သေးတယ်။

ဟုတ်တယ်၊ ကျွန်တော်တို့ဟာ 'ပုဒ္ဓါ မေ သရဏံ အည် နတ္ထိ - မြတ်စွာဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိပါ ဘုရား' လို့ မြတ်စွာဘုရားရှေ့မှာ ခပ်တည်တည် ရွတ်ဆိုတတ် ကြပေမယ့် နတ်သမီးကျောက်ပျဉ်ရှေ့ ရောက်တော့လည်း နတ်သမီးတွေရဲ့ သနပ်ခါးကို ယူလိမ်းလိုက်ကြသေးဘယ်။ ဇော်ဂျီ ဆေးကြိတ်တဲ့ကျောက်ပျဉ် တွေ့ရင်လည်း ဆေးကြိတ် ကြဦးမယ်။ မယ်ကုဝက် ဆေးကြိတ်တဲ့ကျောက်ပျဉ်ရှေ့ ရောက်ရင်လည်း မယ်ကုဝက် နားပြောက်အောင် လိုချင် သမျှ တောင်းကြလိမ့်ဦးမယ်။ (မယ်ကုဝက်ကျောက်ပျဉ် ဆိုတာ တချို့ဘုရားတွေမှာ တကယ်ရှိတာနော်။ မဟာသမ္မတ၊ စုဥာဏသမ္မတ မင်းသားညီနောင်ကို စက္ခုနှစ်ကွင်း အလင်းရ အောင် ဆေးကုပေးလိုက်တဲ့ မယ်တော်ကြီးပေါ့၊ ဗိဿနိုး ဘုရင်မ ခေါ်တဲ့၊ ပန်ထွာဘုရင်မလို့လည်း ခေါ်တဲ့ သူရဲကောင်း ဘုရင်မရဲ့ မယ်တော်ကြီးပေါ့။)

သူတို့အုပ်စုက တစ်ယောက်ပြီးတစ်ယောက် နတ်သမီး ကျောက်ပျဉ်မှာ သနပ်ခူး လူးနေကြတော့ ကျွန်တော်နဲ့တကွ နောက်က ပရိသတ်က ရှေ့မတိုးသာဘူး။ မိန်းကလေးတွေကို ကိုးဝေ့သွားရမှာကလည်း မသင့်တော်တာမို့ သူတို့ သနပ်ခါး လူးနေတာ ဝေးကြည့်ရင်း ကိုယ်လည်း သနပ်ခါးလူးရကောင်း လေမလား စဉ်းစားနေတုန်း အဘဆီက အသံထွက်လာ တယ်။

"ဟေ့- ဟိုနောက်ကလူတွေ မြန်မြန်လာကြလကွဲ့၊ ရှေ့မှာ အများကြီး ဆွားရဦးမယ်"

ဆိုတော့မှ မရွေချောတစ်သိုက်လည်း သနပ်ခါးလူး ခြင်းကိစ္စ လက်စသတ်တော့တယ်။

အင်းပေါ့လေ၊ 'ဘုရားလည်းဖူး၊ လိပ်ဥလည်းတူး' ဆို သလို အခုလို ရှာရှာဖွေဖွေလေးတွေက ရှိဦးမှ ပျော်စရာ ကောင်းတာလေ။ ဝါတော် ခြောက်ဆယ်ရ ကိုယ်တော်တွေ နဲ့ချည်း ဆိုရင်လည်း တစ်ခါတည်း တောထွက်သွားကြလိမ့် မယ်။

သတိထားရင်း ရှေ့ကို နည်းနည်းတိုးလိုက်တော့ ဘာ တွေ့ရတယ် မှတ်သလဲ၊ 'နတ်သားရေတွင်း' တဲ့။ အင်း- တော် ပါသေးရဲ့၊ နတ်သမီးရေတွင်း မဟုတ်လို့၊ နို့မို့ဆိုရင် နတ်သမီး ဆက်မက လှချင်ကြတဲ့သူတွေ သွထက်ငါ လုယက်ကာ ရေ ခိုနေကြလိမ့်ဦးမယ်။ နတ်သားရေတွင်းနားက လက်ဝဲဘက် ဘုန်းရဲ့ အမြင့်တစ်နေရာမှာတော့ ကျောက်ကလပ်ပေါ်မှာ အလွန်လက်ရာမြောက်တဲ့ ဗုဒ္ဓဦးခေါင်းတော် တစ်ဆူကို တွေ့ရတယ်။

ဒီနေရာ ရောက်လာတော့ ဝူအဝင်လမ်းကြောင်းက သိပ်မကျဉ်းတော့ပါဘူး။ ချောင်ချောင်ချိချိ သွားလို့ရပါပြီ။ ရှေ့နားမှာ 'ကျောက်ဗောဓိပင်'ကို တွေ့ရတယ်။ ကျောက်သား ပကတိကနေ ဗောဓိပင်ပုံသဏ္ဌာန် ဖြစ်နေတာက တော်တော် ထူးဆန်းတယ်လို့ ပြောရမှာပါ။ ဆက်သွားလိုက်တော့ 'ကျောက်ဆင်' ကို တွေ့ရတယ်။ ကျောက်ဆင်ကလည်း တော် တော်တူပါတယ်။ ပြုန်းခနဲ ကြည့်လိုက်ရင် ဆင်တစ်ကောင် ဝပ်နေသလိုပါပဲ။ ကျောက်ဆင်နဲ့ မလှမ်းမကမ်းမှာတော့ 'ရသေ့ပလ္လင်' တဲ့။ သူတော်စင် သူတော[illegible]တ် ရသေ့ကြီးတစ်ပါး တရားအားထုတ်သွားကဲ့ နေရာထူး ကစ်ခု ဖြစ်လိမ့်မယ် ထင် ပါ[illegible]

[illegible]အဲဒီနောက်မှာတော့ အင်မတ[illegible]ဆူးခြောလှုံ ရှုမော်စရာကောင်းလောက်အောင် လှပ[illegible] 'ရွှေဟင်္သာကေ မန်းဆွဲ' ကို တွေ့ရတယ်။ 'ဆင်ချည်တိုင်'၊ 'ကျောက်ခရု[illegible] တို့ကိုလည်း အစဉ်လိုက် [illegible]းစာတန်းနဲ့တကွ တွေ့ရတယ်။ ကျောက်ခရုသင်းက တကယ့်ခရုသင်းအတိုင်းပဲ။

ပြောရမယ်ဆိုရင် အခုလို အစီအစဉ်တကျ မြင်တွေ့ သိရှိရတာဟာ ဦးဆောင်လမ်းညွှန်ပြသတဲ့ ဒေသခံ 'အဘ' ကြောင့်လို့ ပြောရမှာပါ။ ဂုံသာသာကိုယ် တစ်ယောက် တည်းသာဆိုရင် ဟိုလိုလို ဒီလိုလိုနဲ့ အစီအစဉ်ကျမှာ မဟုတ် ပါဘူး။ ကံကောင်းရင် မျက်စိတောင် လည်သွားနိုင်ပါသေး တယ်။

အခုဆိုရင် ဝူလမ်းကြောင်းကလည်း တော်တော်လေး ကို ကျယ်လာပါပြီ။ 'အောင်မြေဘုရား' က ရှေ့တွေ ဝင်းအို နေပါတယ်။ ကြာပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေ စံနေတော် မူတဲ့ မြတ်စွာဘုရားရှင်ကို ဖူးတွေ့လိုက်ရတာ ရင်ထဲမှာ အေး မြသွားပါတယ်။ အောင်မြေနင်းဖို့ ပြုလုပ်ပေးထားတဲ့ [illegible] ပြားအဝိုင်းကြီးကို ကြွေပြားပန်းကွက်လေးတွေနဲ့ လှလှပပ ပြုလုပ်ပေးထားပါတယ်။ အောင်မြေနင်း ဆုတောင်းပြီးတဲ့အခါ နှစ်ကျိပ်ရှစ်ဆူဘုရားတွေကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါ တယ်။ 'ရှေးဟောင်းသမိုင်းဝင် နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော် များ' လို့ ကမ္ဘည်းစာတန်း ရေးထိုးထားတာမို့ အခု ဖူးတွေ့နေ ရတဲ့ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားဆင်းတုတော်တွေဟာ ရှေးဟောင်း ရုပ်ပွားတော်တွေ ဖြစ်တယ်လို့ သိရပါတယ်။

ရသေ့ဖိုလ်ဝင်ဝူကနေ လှည့်ထွက်လိုက်တဲ့အခါမှာ တော့ စေတီတော်တစ်ဆူကို ဖူးတွေ့ရပါတယ်။ စေတီတော် က ဉာဏ်တော် ကိုးတောင်သာသာ ရှိလိမ့်မယ်။ ရွှေသက်နံ့ တော် ကပ်လှူထားတယ်။ ဂူနံရံတစ်နေရာမှာ 'ရှေးဟောင်း သမိုင်းဝင် ဥဏ္ဏာလုံ မွေရှင်တော် စေတီတော်မြတ်ကြီး' ဆိုတဲ့ ကမ္ဘည်းစာတန်း ရေးသားချိတ်ဆွဲ[illegible]ားပါတယ်။ မြတ်စွာဘုရား ရှင် ချီးမြှင့်ပေးသနားတော်မူတဲ့ 'ဥဏ္ဏာလုံ မွေရှင်တော်' ကို စေတီတော်မှာ ပြာပနာထားတယ်လို့ သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ပြောရရင် 'ဥဏ္ဏာလုံ မွေးရှင်တော်' လို့ ပြောရမယ်။ ဥဏ္ဏာလုံမွေးရှင်တော် ဆိုတာက မြတ်စွာဘုရားရှင်ရဲ့ မျက်မှောင်တော် အလယ်တည့်တည့်မှာ ပေါက်နေတဲ့ 'မွေးရှင်' ဖြစ်ပါတယ်။ လမ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရေးဖွဲ့ပူဇော်တဲ့ 'မဟာပဌာန်း ရောင်ခြည်တော်ဖွင့် ဘုရားပင့် ဂါထာတော်' ထဲမှာ 'ဩဒါတာ- စွယ်တော်၊ သွားတော်၊ မျက်ဖြူတော်အစုံ ဥဏ္ဏာလုံ မွေးရှင်တော်မာတ်မှ၊ ဩဒါတ ရံသီယော - စံပယ်၊ ကြက်ရုံး၊ ဇွန်ပန်းကုံးနှင့် ငွေတုံးဘော်စိုင် စိန်ပန်းခိုင်အတူ ဝတ်လဲတော်ဘွဲ့ဖြူနှင့် ကြာဖြူပန်း အသွေးကဲ့သို့ ဖြူဖွေးစင်ကြယ်သော ရောင်ခြည်ဇာတ်ဓာတ်တို့သည်၊ နီစွာရဏ္ဏီ - နေ အထောင် လအထောင် ပြဘွာနတ်အရောင် ရတနာ နဝရတ် အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြယ် ကွန်မြူတော်မူကြလေကုန်၏' လို့ ရေးဖွဲ့ ပူဇော်ထားပါတယ်။

ပါဠိ-မြန်မာ အဘိဓာန်ထဲမှာလည်း 'ဥဏ္ဏာလုံမွေးရှင်တော်' လို့ ဖော်ပြထားတယ်။ မြတ်စွာဘုရားရှင်ရဲ့ ကြည်ညိုဖွယ်ရာ လက္ခဏာတော်ကြီးတွေထဲမှာ 'ဥဏ္ဏာလောမတာ' ဆိုတဲ့ လက္ခဏာတော်ကြီးတစ်ရပ်- ပါဝင်တော်မူပါတယ်။ 'သစ္စာပါရမီ' ရဲ့ အကြောင်းကောင်းမှုတော်ကြောင့် ရရှိတော်မူတဲ့ အကျိုးဆက် လက္ခဏာတော်ကြီးလည်း ဖြစ်ပါတယ်။ ဒီလက္ခဏာတော်ကြီးရဲ့ ဘုန်းတန်ခိုးတေဇော် အာနုဘော်က အလွန်ကြီးပါတယ်။

မြတ်စွာဘုရားရှင် နောက်တော်ပါးက လိုက်ပါ ခစားနေကြတဲ့ ဗြဟ္မာ၊ နတ်၊ ငြဟ္မာ၊ နဂါး၊ ဂဠုန်၊ ဂန္ဓဗ္ဗ၊ ယက္ခ၊ ဂန္ဓဗ္ဗ စတဲ့သူတွေဟာ မြတ်စွာဘုရားရှင်ရဲ့ အလိုတော်ကျ နေထိုင်ကျင့်ကြံ အားထုတ်ကြတာဟာ ဒီလက္ခဏာတော်ကြီးရဲ့ အကျိုးဆက်ပါပဲ။

ဥဏ္ဏာလုံ မွေးရှင်တော်ဟာ နူးညံ့သိမ်မွေ့ပြီး အဖြူရောင် ရှိတော်မူပါတယ်။ ဥဏ္ဏာလုံ မွေးရှင်တော်ဟာ လက်ယာရစ် ခွေနေတော်မူတယ်။ ဆွဲဆန့်လိုက်ရင် နှစ်တောင်လောက် ရှည်ထွက်တော်မူလာတယ်။ ဆန့်ရာမှ လွှတ်လိုက်ရင် နဂို အတိုင်း လက်ယာရစ် ပြန်ခွေနေပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ အဲဒီလို ထူးခြားဆန်းကြယ် တန်ခိုးကြွယ်တဲ့ မွေးရှင်တော်ကို ရည်မှန်းပြီး ဗုဒ္ဓဆင်းတုတော်၊ အထူးသဖြင့် ကျောက်ဆင်းတုတော်တွေမှာ ထည့်သွင်းပူဇော်ထားကြတယ်။ ဗုဒ္ဓရုပ်ပွားတော်ရဲ့ မျက်မှောင်တော် နှစ်သွယ်ကြားမှာ စိန်ပွင့်လေးတွေ၊ ပတ္တမြားပွင့်လေးတွေ ထည့်သွင်းပူဇော်ထားတာဟာ မြတ်စွာဘုရားရှင်ရဲ့ အဲဒီဥဏ္ဏာလုံမွေးရှင်တော် မြတ်ကို ကြည်ညိုမှီခိုပြီး၊ ရည်မှန်းပြီး ပူဇော်ထားတာပါ။

ရန်ကုန်မြို့က ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ငါးထပ်ကြီး စတဲ့ ရုပ်ပွားတော်တွေမှာတော့ ထင်ထင်ရှားရှား တင့်တင့်တယ်တယ် ပူဇော်ထားပါတယ်။ ရွှေတိုဂုံ အထက်ပစ္စယာမှာ သီတင်းသုံးတော်မူတဲ့ 'ပတ္တမြားမျက်ရှင်' ရုပ်ပွားတော်မြတ်မှာ 'ဥဏ္ဏာလုံမွေးရှင်တော် နှစ်ဆင့်' ပူဇော်ထားတာကို ထူးထူးခြားခြား ဖူးတွေ့နိုင်ပါတယ်။

အခု မြင်းမထိ လိုက်ဂူတော် ဥဏ္ဏာလုံမွေရှင်တော် စေတီတော်မြတ်မှာ ဌာပနာထားတာက အဲဒီလို ထူးကဲမွန်မြတ်တဲ့ ဥဏ္ဏာလုံမွေးရှင်တော်ကို ဌာပနာပူဇော်ထားတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် မြင်းမထိလိုက်ဂူတော်မြတ်ရဲ့ 'အသက်' ဟာ ဥဏ္ဏာလုံမွေးရှင်တော်မြတ် ဌာပနာတော်မူထားတဲ့ 'ဥဏ္ဏာလုံမွေရှင်တော် စေတီတော်မြတ်' ဖြစ်ပါတယ်။

သစ္စာတရားကို အားကိုးသူများ၊ မိမိအလိုသို့ သူတစ်ပါးတို့ လိုက်ပါစေလိုသူများ၊ လိုရာဆန္ဒ ပြည့်ဝလိုသူများ၊ စိတ်ကြဲသလောက် အဓိဌာန်ပေါက်စေလိုသူများ အလေးအနက် သွားရောက် ဖူးမြော် ဆုတောင်း ပတ္ထနာပြုရာ 'အောင်မြေ' ဖြစ်ပါတယ်။

ကျွန်တော်တို့ကို လမ်းပြရှေ့ဆောင် ခေါ်ဆောင်သွားတဲ့ အဘဟာ ကျွန်တော်တို့အားလုံးကို 'ဥဏ္ဏာလုံမွေရှင်တော် စေတီတော်မြတ်' ရှေ့မှာ သေသေချာချာ ကျကျနန ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေ၊ ဆုတောင်းတာတွေကိုလည်း ဦးဆောင်ပူဇော်ပေးပါတယ်။ အင်မတန် ကျေးဇူးတင်ပါတယ် အဘရေ။ (မွေရှင်တော်လို့ လိုက်ဂူတော်အတွင်းမှာ ရေးထိုးထားတဲ့ ကမ္ဘည်းစာသားအတိုင်း ရေးလိုက်ပါတယ်။)

အဘ ဦးဆောင်ပြီး ကျွန်တော်တို့ ရွှေလမ်းခရီး ဘုရားဖူးအဖွဲ့သားတွေရဲ့ 'ဇိတ် မေ အောင်ပြီ' ဆိုတဲ့ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးလိုက်တဲ့ အသံဟာ မြင်းမထိလိုက်ဂူတော်ကနေ လှိုက်ထွက်ပြီး အကနိဋ္ဌဗြဟ္မာပြည် (အမြင့်ဆုံး ဗြဟ္မာပြည်) တိုင်အောင် ပဲ့ လွှင့်သွားမှာကတော့ မြေကြီးလက်ခတ်မလွဲပါပဲ။

ကျွန်တော်တို့ လိုက်ဂူအထွက်လမ်းကနေ အပေါ်ကို ပြန်တက်လာကြတော့ သဲသဲမဲမဲ မိုးပုလဲပန်းတွေက ဆတက် ထမ်းပိုး တိုးပြီး ရွာသွန်းဖြိုးနေတယ်။

မြင်းမထိမှာ ရွာတဲ့မိုးရေ တကယ်လို့သာလေ ဒီ မိုးရေ မိုးစက်တွေဟာ ရတနာစိန်ကျောက်တွေသာ ဖြစ်ခဲ့မယ်ဆိုရင် မြန်မာပြည်အနှံ့ ဖြန့်ကြီးဆင်းသွားစေချင်လှတယ်။ ကမ္ဘာမှာ သဘာဝ သယံဇာတတွေ အပေါကြွယ်ဝဆုံး ဖြစ်ပါရက်နဲ့ ဆင်းရဲတွင်းနက်နေရရှာတဲ့ တို့ မြန်မာပြည်သူ ပြည်သားတွေ သုံးမကုန် စားမကုန် 'ဆီကို ရေချိုး၊ ဆေးရိုး မီးလှုံ၊ စပါး တောင်လိုပုံ' ရအောင်နေပါ့။

မြင်းမထိမှာ ရွာတဲ့မိုးရေ
တကယ်လို့သာလေ . . . ။

မေတ္တာရည်လျက် . . .
တက္ကသိုလ်တင်မောန်ကျော်

❑

www.burmeseclassic.com

www.burmeseclassic.com



ဗုဂိုဒ်တည်ထားသော မဟာဝိန္ဒဘုရား (တို့ဖတုတော်)
ခရေတောင်းပြည့် ရွှေဆံတော်စေတီ

ပြည်ငါးပြည့်အဓိဋ္ဌာန်ဝင်ရာ ရုပ်ပွားတော်မြတ်အား ဘွဲ့စင်သက်နန်း ဘွဲ့ထိုး ထိန်ချိုးလွှာက် ပူဇော်ရာပုံ

တက္ကသိုလ်မျိုး

ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ၁၂. ၅. ၂၀၁၅ ရက်နေ့ ပြန်ရောက်ပြီးနောက် အသည်းအထူးကု ဆရာဝန်၏ ညွှန်ကြားချက်အရ စိတ်နှင့်ရုပ်ကို အနားပေးပြီး သက်သက်သာသာ နားနေခဲ့သည်။ ရုန်ကုန်မြို့၏ အပူချိန်သည် ၄၀ ဒီဂရီ အထိ မြင့်တက်နေကြောင်း တွေ့ရသည်။ အတော်ပင် ပူပြင်းလှသောကြောင့် ပန်ကာရှေ့၌သာ အနေများသည်။ ညဘက် အိပ်ရာဝင်ရမည်ကိုပင် ကြောက်နေမိသည်။

ပူအိုက်သောကြောင့် တော်တော်နှင့် အိပ်မပျော်သလို အိပ်ပျော်ပြန်တော့လည်း ခွေးများထွက်၍ အိပ်ရာမှ နိုးရသည်။ စွပ်ကျယ်အသစ် ပြန်လဲ၍ အိပ်သော်လည်း တော်တော်နှင့် ပြန်၍ အိပ်မရတော့ပေ။

ဗန်ကောက်၌ မီးပျက်ခြင်းမရှိ၍ ဈာည်းခိုရာအခန်း၌ လေအေးစက်ရှိသဖြင့် ပြင်ပ၌ အပူချိန်မြင့်သော်လည်း အခန်းတွင်း၌ ချမ်းအေးလှသောကြောင့် အိပ်စက်၍ ရသည်။ ဆေးရုံ၌လည်း ဆေးရုံတစ်ခုလုံး လေအေးထုတ်လွှင့်ထားခြင်းကြောင့် အလွန်အေးလှသည်။

ဆေးရုံတက်စဉ်၌ ဂွမ်းကပ်စောင်ခြုံ၍ နေရသည်။ ဆေးရုံနှင့် တည်းခိုရာအခန်း ကူးသန်းစဉ်အခါ အပူဒဏ်

www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းပြည့် ရွှေဆံတော်စေတီတော်

ပြည်ငါးပြည်အဓိဋ္ဌာန်ဝင်ကျ ဂုဗ်ဟားတော်

www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ကြီးအား ပစ္စယာအသင့်ဆင့်နှင့် ကြည့်ညှိပွဲယပ်ဝှေးတွေ့ရပုံ

ခံရသည်။ ကျန်အချိန်များ၌ လေအေးစက်များကြောင့် ချမ်းချမ်းသာသာ နေထိုင် အိပ်စက်ရသည်။

ရန်ကုန်ပြန်ရောက်ပြီးနောက် နေထိုင်ရာနေအိမ်၌ လေအေးစက် မရှိ၍ ပန်ကာကိုသာ အားကိုး၍ နေရသည်။ မီးပျက်သည့်အခါ ပန်ကာအစား ယပ်တောင်ကိုသာ အားကိုးရသည်။ ညဘက် အိပ်ချိန် မီးပျက်သော် ပန်ကာဖွင့်မရ၍ ယပ်တောင်ဖြင့် အဆက်မပြတ် လေခတ်ရသောအခါ အိပ်၍ မပျော်တော့။ ယပ်တောင်အတော်ကြာကြာ ခတ်ရသောအခါ လက်ကောက်ဝတ်နေရာများ နာလာသည်။

ထိုင်း အသည်းအထူးကု ဆရာဝန်၏ အေးအေးဆေးဆေး နားနေရန် ညွှန်ကြားချက်ကို လိုက်နာလိုသော်လည်း အတိအကျ မလိုက်နာနိုင်ခဲ့ပေ။

မေလ ၁၂ ရက် နောက်ပိုင်းသည် ယခင်နှစ်များက မိုးစတင်ရွာသော ရက်ပိုင်းဖြစ်သည်။ ယခု မေလ ရက် ၂၀ နားနီးလာသော်လည်း မိုးသားတိမ်မည်းတို့ကို အရိပ်အယောင်မျှ မမြင်ရသေး၍ မိုးခေါင်လေပြင်းဟု အတွေးဝင်မိသည်။ ရန်ကုန်မြို့၏ အပူဒဏ်ကို အလူးအလဲ ခံနေရသည်။

ဤတွင် မမျှော်လင့်ဘဲ ခရီးသွားဖို့အကြောင်း ပေါ်လာသည်။ လူမှုရေးအရ မသွားမဖြစ် ကိစ္စဖြစ်၍ ခရီးသွားရန် ဆုံးဖြတ်လိုက်ရသည်။ ညီဖြစ်သူနှင့်အတူ ညီ၏ ကိုယ်ပိုင်ကား ဟာရီရာနှင့် ခရီးထွက်မည်ဖြစ်၍ စာရေးသူမှ လိုက်ပါရန် သဘောတူခြင်း ဖြစ်သည်။ ဆရာဝန်၏ နားနားနေနေ နေရန် မှာကြားချက်ကို ချိုးဖောက်လိုက်ရခြင်းမှာ ရန်ကုန်မြို့၏ အပူဒဏ်မှ လွတ်ရန်အတွက် ဖြစ်သည်။ ဟာရီရာကားသည် ခရီးဝေးသွားရာတွင် ဆီအလွန်စားသော်လည်း အဲယားကွန်း ဖွင့်မောင်းလျှင် အလွန်အေးလှသည်။

သွားရမည့်ခရီးမှာ ရန်ကုန်ထက် အပူရှိန်ပိုလွန်းသော အထက်မြန်မာနိုင်ငံ ပုဂံ ညောင်ဦးသို့ ဖြစ်သည်။ ညောင်ဦးတွင်လည်း အဆင့်မြင့်ဟိုတယ်၌ တည်းခိုရန် စီစဉ်ထား၍ အပူဒဏ်အတွက် မပူပင်ရသော်လည်း အပြင်ထွက်သည့်အခါ ကြုံတွေ့ရမည့် အပူရှိန်ကိုတော့ တွေးပြီး ကြောက်မိသည်။

မသွားမဖြစ် ကိစ္စဖြစ်သောကြောင့် လည်းကောင်း၊ ခံစားနေရသော အသည်းဝေဒနာအတွက် ပြည့်ဝပြည့် (အနော်ရထာမင်းကြီး ကောင်းမှုတော်) ရွှေပဝါတော်ငါးဆူ ရှေ့၌ အဓိဋ္ဌာန်ဝင်ပြီး သစ္စာပြုဆုတောင်းရန်အတွက်လည်း ကောင်း ပုဂံ ညောင်ဦး ခရီးစဉ်ကို လိုက်ပါရန် ဆုံးဖြတ်လိုက်ရခြင်း ဖြစ်သည်။

❖

မေလ ၂၃ ရက်နေ့၊ တနင်္ဂနွေနေ့ နံနက် ၄ နာရီမှ စတင်၍ ရန်ကုန်မှ ထွက်ခွာခဲ့သည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း ခရီးထွက်ခဲ့ရာ ၁၀၅ မိုင်စခန်းသို့ ၇ နာရီ မထိုးခင် ရောက်သည်။ နံနက်ခင်းစာကို အသည်းရောဂါရှင်



ပြည့်ဝပြည့်ရပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ ကွန်ဒိုတိုက်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍ သူများတကာလို ထမင်းကြော်၊ ခေါက်ဆွဲကြော် တို့ကို စားနိုင်။ ကြက်သ ခေါက်ဆွဲပြုတ်ကိုသာ မှာယူစားသောက်ခဲ့ရသည်။ ဆီးချိုရောဂါ ရှိသောကြောင့်လည်း လက်ဖက်ရည်ချို ကော်ဖီချို မသောက်နိုင်၊ နို့စိမ်းလက်ဖက်ရည်ကိုသာ သောက်ရသည်။

ထိုအခါ စာရေးသူ ဆင်ခြင်မိသည်။ ဘယ်ဘဝက ဘဲကြွေးကြောင့် အခုဘဝ အစားကောင်း၊ အသောက်ကောင်းစားရ မသောက်ရပါလိမ့်ဟု တရားသဘောပေါက်မိသည်။

ပုဂံ ညောင်ဦးသို့ နေ့လယ် ၂ နာရီခန့် ရောက်သည်။ မိတ္ထီလာ၌ ထမင်းဝင်စား၍ အချိန်အတော်ကုန်ခဲ့သည်။ ညောင်ဦးရှိ တည်းခိုရာ ဟိုတယ်၌ ကြိုတင်စာရင်းသွင်းထား၍ အခန်း အဆင်သင့်ရသည်။ ပုဂံ ညောင်ဦး၏ အပူချိန်က ကြောက်ခမန်းလိလိ ပူလှသည်။ ဟိုတယ်အခန်းတွင်း၌ လေအေးစက် ဖွင့်ထားသော်လည်း သိသိသာသာ မအေးလှ၍ အအေးစံချိန် အမြင့်ဆုံးတင်၍ ဖွင့်မှသာ နေသာထိုင်သာ ရှိသည်။ ဧည့်ခန်း၌ လေအေးစက်ဖွင့်ထားသော်လည်း သိပ် မအေးလှပေ။

ညနေဘက်တွင် လာရောက်သည့်ကိစ္စအတွက် အပြင်ထွက်ရာတွင် ညောင်ဦး၏ အပူဒဏ်ကို အတော်ခံရတော့သည်။ ကိုင်မိ ထိမိသမျှ အရာအားလုံးသည် ပူနွေး၍သာ နေသည်။ 'ဒယ်အိုးထဲရှိ ဆီပူ ပူလို့ ခုန်ချပါတယ်၊ မီးဖိုထဲက ထွက် ပိုပူလှတယ်' ဆိုတဲ့ စကားပုံကို သွားသတိရမိသည်။

ရန်ကုန်အပူရှိန်ကို ကြောက်၍ လိုက်လာခဲ့ရပါသည်။ ပုဂံညောင်ဦးရောက်မှ ပိုပူလှသကိုးဟု ညည်းနေမိသည်။ (ပုဂံညောင်ဦးသို့ အကြိမ်ပေါင်းများစွာ ရောက်ဖူးပါ၏။ များသောအားဖြင့် ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများ၌ ဖြစ်၍ ချမ်းအေးလှသည်ကိုသာ သတိပြုမိ၏။) ညောင်ဦး၌ လုပ်ဆောင်စရာ ကိစ္စသည် ရောက်သည့်ညနေ၌ပင် ပြီးစီးခဲ့သည်။ ညီဖြစ်သူအနေနှင့် ဗုဒ္ဓဟူးနေ့၌ အရေးကြီးသည့် အလုပ်ကိစ္စရှိ၍ နက်ဖြန် တနလ်္ဂနေ့နှင့်နက်၌ ပြန်ရန် ပြောလာသည်။ နက်ဖြန်ပြန်သော် စာရေးသူ ရန်ကုန်က လိုက်ပါလာရခြင်း၏ အရေးကြီးသော ပြည့်ငါးပြည့် အဓိဋ္ဌာန်ကိစ္စ

လျှဆံတော်အနှီရှိ ပုဂံဝေါလုံကျောစစ်စစ် ဂန္ဓကုဋိတိုက်ကြီး

အလွောက် ဂန္ဓကုဋိတိုက်အတွင်းရှိ ပုဂံဝေါ ဂုန္ဓရိပွားဆင်းတုတော်

ဆောင်ရွက်နိုင်တော့မည် မဟုတ်၍ . . .

"ငါ့ညီ အင်္ဂါနေ့မနက်မှ ပြန်ကွာ၊ ဒါမှမဟုတ် မနက်ဖြန် ညနေမှ ပြန်ကွာ၊ ငါ ပြည့်ငါးပြည့် ဘုရားဖူးအဓိဋ္ဌာန် ဝင်ချင်လို့ပါ၊ ငါ့ကိစ္စက မနက်ပိုင်း ၁၁ နာရီလောက်ဆို ပြီးပြီ၊ မနက်စာ ညောင်ဦးမှာ စားပြီးမှ ပြန်တာပေါ့"

စာရေးသူ စကားကို ညီဖြစ်သူမှ မငြင်းပယ်ဘဲ လက်ခံခဲ့သည်။ ထို့ကြောင့် စာရေးသူအနေနှင့် ပြည့်ငါးပြည့် ဘုရားဖူးအဓိဋ္ဌာန် ဝင်ရန် ရည်မှန်းချက် ပြည့်ရပေတော့မည်။

❖

၁၅.၅.၂၀၁၅ ရက်နေ့ နံနက် ၆ နာရီ မိနစ် ၃၀ အချိန်မှစ၍ ပြည့်ငါးပြည့် ဘုရားဖူးအဓိဋ္ဌာန် စတင်ခဲ့သည်။ နံနက်စောစော အဓိဋ္ဌာန်စတင်ရခြင်းမှာ ပုဂံညောင်ဦး၏ အပူဒဏ်မှ လွတ်ရန်ဖြစ်သည်။ ညောင်ဦးရှိ စားသောက်ဆိုင်၌ နံနက်ခင်း အဆာပြေ ဝင်ရောက်စားသောက်ပြီးနောက် ပြည့်ငါးပြည့် အဓိဋ္ဌာန်စတင်ရာ မြတ်စွာဘုရားရှင်၏ ဆံတော်ကိန်းဝပ် စံပယ်တော်မူရာ 'ရွှေဆံတော် စေတီတော်' ထံ စတင် ဝင်ရောက်ဖူးမြော်ရန် ဦးတည်ခဲ့သည်။

စာရေးသူသည် ဂန္ဓာရီမဂ္ဂဇင်း၊ လပြည့်ဝန်းမဂ္ဂဇင်းတို့၌ ပုဂံရှိ စေတီပုထိုးများနှင့် ပတ်သက်၍ ဆောင်းပါးအတော်များများ ရေးသားခဲ့ဖူးပြီး ဖြစ်သည်။ ထိုနည်းတူ ပြည့်ငါးပြည့် အဓိဋ္ဌာန် သစ္စာပြု ဘုရားဖူးပြီး ဆုတောင်းပြည့်ဝပုံ

www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း လပြည့်ဝန်း၌ နေသားခဲ့ဖူးပြီး ဖြစ်သည်။ သို့ဆော် ပြည့်ငါးပြည့် အဓိဋ္ဌာန်ဝင်ရာ၌ အနေအပါဆုံး စေတီတော် ဖြစ်သည့် 'ရွှေဆံတော် စေတီတော်' နှင့်ပတ်သက်၍ သီးခြား နေသားခဲ့ဖူးခြင်း မရှိသေးပေ။ ထို့ကြောင့် စာနေသူသည် ကိုယ်တိုင် အဓိဋ္ဌာန်ဝင်ရင်း စာရှုသူအပေါင်းတို့အား လည်း ဆောင်းပါးဖတ်ရင်း ရွှေဆံတော် စေတီတော်မြတ်အား ဖူးမြော် နိုင်ရန် ဤဆောင်းပါးကို နေသားလိုက်ရခြင်း ဖြစ်ပါသည်။

ပူပြင်းလှသောကြောင့် ပြည့်ငါးပြည့်ဘုရားဖူးအဓိဋ္ဌာန် ကို အမြန်ဆုံး ပြီးစီးရန်အတွက် ခါတိုင်းလို ဓာတ်ပုံမှတ်တမ်း ကို စေတီပုထိုးတိုင်း၌ မရိုက်ယူတော့ဘဲ ဆောင်းပါးရေးရန် ရည်ရွယ်ထားသည့် ရွှေဆံတော်စေတီတော်နှင့် လောကနန္ဒာ စေတီတော် နှစ်ဆူကိုသာ အသေးစိတ် ဓာတ်ပုံမှတ်တမ်း ရိုက်ရန် ဆုံးဖြတ်ခဲ့သည်။ နံနက် ၁၀ နာရီမထိုးမီ အဓိဋ္ဌာန် ဆုတောင်းပြည့်ရန်အတွက် ရွှေဆံတော်စေတီတော်သို့ ပထမ ဆုံး ဝင်ရောက်ဖူးမြော်ရလေသည်။

နံနက်စောစောဖြစ်၍ ရွှေဆံတော် စေတီတော်၌ ဘုရားဖူးများ မရောက်နိုင်သေးဟူသော အတွေးနှင့် စေတီ တော်၏ မဟာရံတံတိုင်းအတွင်း ဝင်ရောက်မိသောအခါ အတွေးနှင့်အမြင် ကွာဟပုံကို တွေ့ရသည်။ အကြံတူကြ၍ လော မသိ၊ ရွှေဆံတော်စေတီတော်၌ ပြည်တွင်းဘုရားဖူး အတော်များများနှင့် ကမ္ဘာလှည့်နိုင်ငံခြားသား ဘုရားဖူး အတော်အသင့်ကို တွေ့ရသည်။

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများကို မြင်တွေ့ ရမှ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အထက်ပစ္စယာမှ နေ၍ နေဝင်ချိန်နှင့် နေထွက်ချိန် ရှုခင်းကြည့်ကြပုံကို သတိ ရမိသည်။

ရွှေဆံတော်စေတီတော်ကြီးတွင် တစ်ဖြောင့်တည်း အထက်ပစ္စယာအထိ တက်ရောက်နိုင်သော အုတ်လှေကား ရှည်ကြီး တည်ရှိသည်။ ထိုလှေကားမှ အထက်ပစ္စယာအထိ တက်ရောက်ပြီး ဘုရားဖူးများ ပုဂံရှုခင်း၊ ပုဂံအလှကို ကြည့်ရှု ခံစားနိုင်သည်။ ဓာတ်ပုံမှတ်တမ်းများလည်း ရိုက်ယူကြသည်။ ထို့ကြောင့် ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ အထူးသဖြင့် များပြားစွာ လာတတ် ကြသည်။ ယခုအခါ ပုဂံညောင်ဦးရှိ တည်ခိုခန်းများ၌ ခြေနင်း စက်ဘီးများ၊ မော်တာသုံးစက်ဘီးများကို စေးသက်သက်သာ သာနှင့် အလွယ်တကူ ငှားရမ်းနိုင်၍ နိုင်ငံခြားသားများ ခြေ နင်းစက်ဘီးများ၊ မော်တာတပ်စက်ဘီးများနှင့် ပုဂံညောင်ဦးရှိ စေတီပုထိုး ဂူကျောင်းများသို့ အနှံ့သွားလာနေကြသည်ကို တွေ့မြင်နေရသည်။

နံနက်ခင်း နေထွက်ချိန်ကိုကြည့်ရန် အရုဏ်မတက်မီ ၅ နာရီခန့်မှစ၍ ရွှေဆံတော်စေတီတော်ထဲ လာကြ၍လော မသိ၊ နံနက် ၇ နာရီမထိုးခင် ရွှေဆံတော်စေတီတော်သို့



ဂန္ဓကုဋိတိုက်အတွင်းရှိ ဘော်သစ်လက်ရာဟု မှတ်ထင်ရသော ရုပ်တော်ပူဇော်ပွဲစွာဘုရား

စာနေသူ ရောက်ရှိချိန်တွင် နိုင်ငံခြားသား တချို့ကိုသာ မြင် တွေ့ရတော့သည်။ နိုင်ငံခြားသား တချို့မှာ စေတီတော်ကြီး၏ အထက် ပစ္စယာပေါ်၌ပင် ရှိနေသေးပြီး နံနက်ခင်း ပုဂံအလှ ကို ကြည့်ရှုခံစားနေကြသလို အများစုက ပုဂံရှုခင်းကို မြင် ကွင်းစုံမှ ဓာတ်ပုံမှတ်တမ်း ရိုက်ယူနေကြဆဲဖြစ်ကြောင်း တွေ့ မြင်ရသည်။

❖

စာနေသူသည် မနေ့ညက ညောင်ဦးမှ ဝယ်ယူထား သော သစ်သီးများကို ပန်းကန်ပြားအတွင်းထည့်၍ အဓိဋ္ဌာန် ဝင်မည့် အနော်ရထာမင်းကြီး၏ ကောင်းမှုတော် ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ ရုပ်ပွားတော်မြတ်အား ဆက်ကပ်လှူဒါန်းပြီး နောက် ငါးပါးသီလ ခံယူခြင်းပြု၍ အဓိဋ္ဌာန် စတင်ခဲ့သည်။ ဗုဒ္ဓဂုဏ်တော် ကိုးပါးကို ၁၀၈ လုံးပုတီး တစ်ပတ်ပြည့်အောင် ရွတ်ဖွားပူဇော်ရင်း မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တစ်ပါးစီ အား စိတ်အာရုံ၌ ထင်ဟပ်သိမြင်ကာ အာရုံစူးစည်း၍ ပူဇော် နေမိသည်။

မိနစ် ၂၀ ကျော်ကြာမှ အဓိဋ္ဌာန်ပြုမှု ပြီးစီးလေသည်။ အဓိဋ္ဌာန်ဝင်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အသေအချာ အာရုံပြုပြီး ဒုတိယအကြိမ် ပူဇော်ကန်တော့ရင်း ရွှေဆံတော် စေတီတော်ရှိ အဓိဋ္ဌာန်ဝင်ရာ နေရာဟောင်းပုဂံသော် အနော်

www.burmeseclassic.com

www.burmeseclassic.com

လွှေဘော်ပုဂံလက်ရာ ပုဂံပေါ့ပူးတစ်ဆူအား ပူးတွဲဖူးပုံ

ရထာမင်းကြီး၏ ကောင်းမှုတော် မြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်မြတ်အား အုသေအချာ ကြည့်ရှုပူဇော်မိသည်။

ထိုရုပ်ပွားတော်မြတ်ကြီးသည် လောကနန္ဒာစေတီတော်မြတ်၌ ကိန်းဝပ်စံပယ်တော်မူသော ပြည့်ငါးပြည့် အဓိဋ္ဌာန်ဝင်ရာ မြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်ဖြတ်နှင့် အတော်ပင် ပုံသဏ္ဌာန်ဆင်တူကြောင်း တွေ့ရသည်။ ထိုနည်းတူ ဓမ္မရာဇိကစေတီတော်ရှိ ပြည့်ငါးပြည့် အဓိဋ္ဌာန်ဝင်ရာ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူနှင့် လည်းကောင်း၊ ရှင်သာမဏေသိမ် (တာမဇီသိမ်တော်)ရှိ ပြည့်ငါးပြည့် အဓိဋ္ဌာန်ဝင်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် မျက်နှာတော်မှအစ ပုံသဏ္ဌာန် တူညီကြောင်း သတိထားမိလေသည်။

ထိုပြည့်ငါးပြည့် အဓိဋ္ဌာန်ဝင်ရာ ဗုဒ္ဓရုပ်ပွားတော်ငါးဆူသည် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး၏ ကောင်းမှုတော်များဖြစ်၍ ရုပ်ပွားတော်မြတ်များ၏ အသွင်သဏ္ဌာန် တူညီကြခြင်းမှာ မဆန်းလှပေဟုသာ ကောက်ချက်ချမိသည်။ ရုပ်ပွားတော်ငါးဆူသည် ဉာဏ်တော်အမြင့်သာ ကွာခြားမှုရှိသည်။ ရွှေဆံတော်စေတီတော်နှင့် လောကနန္ဒာရှိ ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူမှာ ဉာဏ်တော်အမြင့်ဆုံး ဖြစ်မည်ဟုလည်း ခန့်မှန်းမိသည်။

ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အရှေ့ဘက်၌ ကိန်းဝပ်စံပယ်တော်မူသော ပြည့်ငါးပြည့် အဓိဋ္ဌာန်ဝင်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် စာရေးသူ ၂၀၀၆ ခုနှစ်၌ ပထမဆုံး ပြည့်ငါးပြည့်အဓိဋ္ဌာန် စဝင်စဉ်က လူသူအရောက်နည်းပြီး မှောင်မှောင်မည်းမည်း ဂန္ဓကုဋိတိုက်အတွင်း၌ မထင်မရှား ဖူးမြော်ခဲ့ရစဉ်က ယခုလောက် ကြည်ညိုဖွယ်အသွင် မပေါ်လွင်ခဲ့ပေ။ ၂၀၀၆ ခုနှစ်လောက်မှစ၍ ပြည့်ငါးပြည့်အဓိဋ္ဌာန် စတင်ခဲ့ခြင်းဖြစ်၍ ဘုရားဖူး အရောက်နည်းလှသည်။ ထို့ကြောင့် ဗုဒ္ဓရုပ်ပွားတော်မြတ်သည် ရွှေသင်္ကန်းဆက်ကပ်ထားခြင်း မရှိသလို ဂန္ဓကုဋိတိုက်မှာလည်း မီးရောင်မရှိဘဲ ပြင်ပအလင်းရောင်ဖြင့်သာ ဖူးမြော်ခဲ့ရသည်။

နောက်ပိုင်း ပြည့်ငါးပြည့်အဓိဋ္ဌာန်ကို ဘုရားဖူးများသိလာကြသောအခါ ပြည့်ငါးပြည့် ရုပ်ပွားတော်မြတ် ငါးဆူမှာလည်း ရောင်တော်များ ပွင့်လင်းလာခဲ့သည်။ ယခု ရွှေဆံတော်စေတီတော်မြတ်ရှိ ရုပ်ပွားတော်မြတ်မှာ မျက်နှာတော်၊ မဏိတော်၊ ရင်ဘတ်တော်၊ လက်မောင်းတော်တို့မှာ ရွှေရောင်တောက်ပနေသည်ကို ဖူးမြော်ရသည်။

ဂန္ဓကုဋိတိုက်မှာလည်း လျှပ်စစ်မီးများဖြင့် ထိန်လင်းနေသည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မျက်နှာကြက်၊ နဖူးစည်းဝိတ်စတို့ဖြင့် ပူဇော်ထားသလို ထီးဖြူ၊ ရွှေထီးတို့ဖြင့် အုပ်မိုးပူဇော်ထားသည်မှာ သပ္ပာယ်လှသည်။ ရုပ်ပွားတော်မြတ်ကြီးအား ရောင်ခြည်တော် လျှပ်စစ်မီး ပူဇော်ထားသလို ဆလိုက်မီးများဖြင့်လည်း ပူဇော်ထားရာ ရှေးယခင်ကနှင့်စာလျှင် လွန်စွာပွင့်လင်းလာသည်ကို တွေ့မြင်ရသည်။

စာရေးသူသည် ၂၀၀၆ ခုနှစ်ကတစ်ကြိမ် အဓိဋ္ဌာန်ဝင်ခဲ့ဖူးရာ အဓိဋ္ဌာန် အောင်မြင်ခဲ့သည်။ ၂၀၀၈ ခုနှစ်ကာလလည်း အဓိဋ္ဌာန်တစ်ကြိမ် အောင်မြင်ခဲ့ဖူး၍ ယခု အသည်းရောဂါဝေဒနာအတွက် အဓိဋ္ဌာန်လာဝင်ခြင်းဖြစ်ရာ ပျောက်ကင်းနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ (ပုဂံပြည့်ငါးပြည့် အဓိဋ္ဌာန်ဝင်နည်း ဝင်ပုံကို လပြည့်ဝန်းမဂ္ဂဇင်း၌ ဧရေသားခဲ့ဖူးပြီး ဖြစ်ပါသည်။)

ယခု ဤဆောင်းပါး ရေးသားရခြင်းမှာ ပြည့်ငါးပြည့် အဓိဋ္ဌာန်ဝင်ရင်း ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဖူးမြော်ရပုံကို ရေးသားမည်ဖြစ်၍ ပြည့်ငါးပြည့် အဓိဋ္ဌာန်စင်ပုံကို အသေးစိတ် မဖော်ပြဖြစ်တော့သည်ကို ခွင့်လွှတ်ပါရန် ပန်ကြားအပ်ပါသည်။

❖

စာရေးသူသည် အနော်ရထာမင်းကြီး၏ ကောင်းမှုတော် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိအုတ်တိုက်ကလေးမှ ထွက်ခဲ့ပြီးနောက် ထိုအုတ်တိုက်လေးအား ဓာတ်ပုံရိုက် မှတ်တမ်းတင်ခဲ့သည်။ အုတ်တိုက်ငယ်တွင် ကျောက်စာမှတ်တမ်းတိုင်ငယ် တစ်ခုကိုလည်း တွေ့ရသေးသည်။ ယခုအခေါက်၌ ပြည့်ငါးပြည့် အဓိဋ္ဌာန်ရုပ်ပွားတော် ကိန်းဝပ်တော်မူရာ အုတ်ဂျောင်းတိုက်အတွင်း၌ အစောင့်

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးတစ်ယောက်မျှ မတွေ့ရပေ။ နှေးယခင် ရောက်စဉ်က အလှူခံပုဂ္ဂိုလ် တစ်ဦး သို့မဟုတ် နှစ်ဦးကို တွေ့ရတတ်သည်။

၂၀၀၆ ခုနှစ် ပထမဆုံးအကြိမ် ရောက်စဉ်က အုတ်ကျောင်းတိုက်အတွင်းဝင်ရာ မုခ်ဝတံခါးမှာ သော့ခတ်ပိတ်ထား၍ အစောင့်ကို ရှာဖွေဖွင့်ခိုင်းခဲ့ရသည်ကို အမှတ်ရမိသည်။ ယခုအခေါက်တွင် အစောင့် သို့မဟုတ် အလှူခံပုဂ္ဂိုလ်ကို မတွေ့ရသော်လည်း စံကျောင်းတံခါးမှာ ဖွင့်ထားပြီး အတွင်း၌ မီးများထိန်နေအောင် ထွန်းထားသည်ကို တွေ့ရသည်။ နံနက်စောစောဖြစ်၍ အစောင့်ပုဂ္ဂိုလ်များ တစ်ခုခု သွားစားနေသည်ဟု ထင်မှတ်မိသည်။

ပြည့်ငါးပြည့် ဆုတောင်းပြည့် ရွှေဆံတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ပြီးနောက် ရွှေဆံတော်စေတီတော်မြတ်ကို ဦးချကန်တော့မိသည်။ အနောက်ရထာမင်းကြီး၏ ကောင်းမှုတော် စေတီတစ်ဆူဖြစ်ပြီး ပုဂံရှိ ဂူဘုရားကြီးများနှင့် ပုံစံကွဲစွာ တည်ထားသော စေတီတော်ကြီးဖြစ်ကြောင်းလည်း သတိပြုမိသည်။ ပစ္စယာငါးဆင့်ရှိပြီး လေးထောင့်ပစ္စယာအထက်၌ ရှစ်ထောင့်ကြာဝန်းခံလျက် ခေါင်းလောင်းပုံရင်ဖွဲ့ခါးပတ်၊ သပိတ်မှောက် ဖောင်းရစ်တို့ဖြင့် အထွတ်တင်ထားသည်။ ဉာဏ်တော်မှာ အလွန်ပင် မြင့်မားလှသည်။

အပေါ်ဆုံး ပစ္စယာအထိ တက်ရောက်နိုင်ရန်လည်း လှေကားငါးဆင့်ရှိသော အုတ်လှေကားများသည် စေတီတော်၏ မျက်နှာလေးဖက်စလုံး၌ တည်ဆောက်ထားသည်။ အထက်ပစ္စယာမှ ပုဂံပတ်ဝန်းကျင်ရှုခင်းကို အသေးစိတ် မြင်တွေ့နိုင်၍ နိုင်ငံခြားခရီးသွားများသည် နေဝင်၊ နေထွက်ရှုခင်းကြည့်ရန်၊ ပုဂံဒေသ၏ လှပသော မြင်ကွင်းနှင့် ရှုခင်းများကို ဓာတ်ပုံမှတ်တမ်း ရိုက်ယူရန်အတွက် ရွှေဆံတော်ဘုရားသို့ ဦးစားပေးလာရောက်ကြသည်။

ကျန်စေတီ ဂူဘုရားကြီး အတော်များများသည် အထက်ပစ္စယာသို့ တက်ရောက်ခွင့် မပေး၍ ပုဂံရှုခင်းကြည့်ရန် လိုလားသော နိုင်ငံခြားသားတို့သည် ရွှေဆံတော်ဘုရားကို ဦးစားပေး၍ လာရောက်ကြခြင်း ဖြစ်သည်။

စာရေးသူအနေနှင့် နံနက် ၇ နာရီမထိုးခင် ရွှေဆံ



ရွှေဆံတော်အနီးရှိ ပုဂံဒေတ်လင်္ကာရာ ဂန္ဓကုဋိဘုရားများ



ရွှေဆံတော်ဘုရား အထက်ပစ္စယာတက်ရာ လှေကားထစ်အနီးရှိ ပုဂံခေတ် ကျောက်ထီးနှင့် သပိတ်တော်

တော်ဘုရားသို့ ရောက်ချိန်၌ နံနက်ခင်း နေထွက်ချိန်ရှုခင်းကြည့်ပြီး ပြန်ကြလေပြီဖြစ်၍ ကမ္ဘာလှည့် နိုင်ငံခြားသားခရီးသွားများ အနည်းငယ်ကိုသာ တွေ့ရ ဖြစ်သည်။

ပြည့်ငါးပြည့် အဓိဌာန် ဘုရားဖူးခေတ်စားလာသည့် အချိန်မှစ၍ ရွှေဆံတော်ဘုရား၌ သာသနာတော် စတင်ပွင့်လင်းလာခဲ့ခြင်း ဖြစ်သည်။ စာရေးသူသည် ရွှေဆံတော်သို့ ၂၀၀၆ ခုနှစ်မတိုင်ခင်က နှစ်ကြိမ်တိုင် ရောက်ဖူးခဲ့သည်။ ပထမအကြိမ်မှာ ၁၉၇၅ ခုနှစ် ပုဂံတွင် ငလျင်ကြီးမလှုပ်မီက ဖြစ်သည်။ ထိုစဉ်က ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် သုံးဌာန၌ နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်သည်။ ကျောင်းသားများနှင့် လေ့လာရေးခရီးထွက်စဉ်က ဖြစ်သည်။ ထိုစဉ်က ရွှေဆံတော်ဘုရားအား မဟာပိန္နဲဘုရားဟုလည်း ခေါ်ကြောင်း သတိပြုမိသည်။

ရွှေဆံတော်ဘုရား၌ ရှေးအခါက ပစ္စယာအဆင့်ဆင့်တွင် လှပတင့်တယ်သော ၅၅၀ ဇာတ်တော်လာ ပုံတော်များကို မြေသားမီးဖုတ်၍ တန်ဆာဆင်ထားသလို မဟာပိန္နဲနတ်ရုပ်များကို ထွင်းထုထားသည်။ နောက်ပိုင်းကာလ၌ ထိုပုံတော်များ ပျက်စီးမှုများ ရှိလာ၍ ပြန်လည်ပြုပြင်ကြရာမှ ၅၅၀ ဇာတ်ပါ ပုံတော်များ၊ မဟာပိန္နဲနတ်ရုပ်များ လုံးဝပျောက်ကွယ်ခဲ့ရသည်။ ယခုအခါ အစအနပင် မတွေ့ရတော့ပေ။

မဟာပိန္နဲနတ်ရုပ်များ တည်ထား၍လည်း ထိုစေတီတော်အား မဟာပိန္နဲဘုရားစေတီဟု ခေါ်ဆိုခဲ့ကြသည်။ နောက်ပိုင်းကာလ၌ မဟာပိန္နဲနတ်ရုပ်များလည်း ပျောက်ကွယ်သွားပြီးနောက် မြတ်စွာဘုရား၏ ဆံတော် ကိန်းဝပ်စံပယ်တော်မူရာဖြစ်၍ ရွှေဆံတော်ဘုရားဟူသော နာမည်သာ ပြန်လည်ခေါ်တွင်ခဲ့ကြောင်း သတိပြုမိသည်။

၁၉၇၆-၇၇ ခုနှစ် နောက်ပိုင်းမှစ၍ ပြုပြင်အဆောက်မှုများကြောင့် ရွှေဆံတော်စေတီတော်၏ သာသနာတော် ပို၍ပွင့်လင်းလာခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်ကျော်လာ ရွှေဆံတော်စေတီတော်သည် တန်ခိုးကြီး ကျန်စစ်မင်းကြီး တည်ထားသော အဓိဌာန်စေတီတော်ကြီး၏

www.burmeseclassic.com

www.burmeseclassic.com

ရှင်ပင်သာလျောင်းဘုရားကြီးအား ဖူးမြော်ရပုံ

အနောက်ဘက်မုခ်မှထွက်၍ တောင်ဘက် နှစ်ဖာလုံအကွာ၌ တည်ရှိသော်လည်း လူသူအရောက်အပေါက်နည်းပြီး မြက်တော၊ သစ်ပင်ချုံပုတ်များ ပေါသောနေရာအဖြစ် တည်ရှိခဲ့ကြောင်း ပြန်လည်သတ်မှတ်သည်။ ယနေ့ ရွှေဆံတော်စေတီတော်ကား နေ့စဉ်နှင့်အမျှ ဘုရားဖူးများ၊ ကမ္ဘာလှည့် ခရီးသွားများဖြင့် စည်ကားလျက် ရှိနေပေပြီ။

❖

စာရေးသူသည် ပြည့်ငါးပြည့် ဆုတောင်းပြည့် ရုပ်ပွားတော် ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်မှ ထွက်ပြီး နောက် အနီးရှိ ပုဂံခေတ် ရှေးဟောင်းလက်ရာ အုတ်တိုက်ကြီးအတွင်းသို့ ဝင်ရောက်ခဲ့ရာ ပုဂံခေတ် ရှေးဟောင်းလက်ရာ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကိုလည်း ဖူးမြော်ရသည်။ ထိုအုတ်တိုက်အတွင်း၌ပင် ရှားတော်မူရုပ်ပွားတော် တစ်ဆူကိုလည်း ဖူးမြင်ရသည်။ ထိုရုပ်တော်မူ ရုပ်ပွားတော်မြတ်သည် ခေတ်သစ်လက်ရာဖြစ်ကြောင်း တွေ့ရသည်။

ရွှေဆံတော်စေတီတော်ကြီးသည် အနော်ရထာမင်းကြီး၏ ကောင်းမှုတော် ဖြစ်သည်။ ၁၀၅၇ ခုနှစ်တွင် တည်ထားကြောင်း သိရသည်။ အနော်ရထာမင်းကြီး၏ ကောင်းမှုတော် ရွှေစည်းခုံစေတီတော်မြတ်ကြီးကို အနော်ရထာမင်းကြီး စတင်တည်ထားရာ ၁၀၅၉ ခုနှစ်တွင် အတွင်းထပ်စေတီတော် အထိ ပြီးစီးခဲ့သည်။ လက်စ မသတ်နိုင်ခဲ့ပေ။

ရွှေဆံတော်နှင့် ရွှေစည်းခုံစေတီတို့၏ မူရင်းဘုရားဒါယကာမှာ အနော်ရထာမင်းကြီးပင် ဖြစ်ရာ စေတီတော်နှစ်ဆူ၏ တည်ထားပုံမှာလည်း လေးထောင့်ပစ္စယာခုံများခံ၍ တည်ထားကြရာ တစ်ဆူနှင့်တစ်ဆူ ဆင်တူလှသည်။ ထို့အပြင် တည်ထားသော ကာလမှာလည်း ၁၀၅၇ ခုနှစ်ဝန်းကျင်ပင် ဖြစ်၍ တံဆူမပြီးမီ ကျန်စေတီတော်ကို တည်ထားခဲ့သဖြင့် ပုံသဏ္ဌာန် လက်ရာတို့မှာ ခပ်ဆင်ဆင်တူနေခြင်းဖြစ်သည်။

ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ရင်ပြင်၌ စေတီတော်နှင့် ကိုက်(၅၀)အကွာတွင် ဂန္ဓကုဋိတိုက်များ တည်ထားပြီး ဗုဒ္ဓရုပ်ပွားတော် အဆူဆူကို မုဒြာအမျိုးမျိုးနှင့် တည်ထားသလို ရွှေဆံတော်စေတီတော်မြတ်၏ ရင်ပြင်၌လည်း စေတီတော်ကြီး၏ လေးဖက် မျက်နှာစာတို့၌ စေတီတော်ကြီး၏ ကိုက် (၅၀)အကွာတွင် ဂန္ဓကုဋိတိုက်များ တည်ဆောက်ထားပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ကိန်းဝပ်စံပယ်တော်မူသည်ကို တွေ့ရသည်။

ရွှေဆံတော်စေတီတော် မျက်နှာလေးဖက်ရှိ ဂန္ဓကုဋိတိုက်တို့တွင် ကိန်းဝပ်စံပယ်တော်မူသော ရုပ်ပွားတော်အားလုံးကား ပျက်စီးနေကြသည်ကို တွေ့ရသည်။ အရှေ့ဘက် ကုဋိတိုက်အတွင်း၌ ညောင်တော်မြင့်များဖွယ်ဟု ခန့်မှန်းရသော ရုပ်ပွားတော်မြတ်ကြီး၏ ပျက်စီးနေသော ကိုယ်လုံးတော် အုတ်တိုင်ကိုလည်း တွေ့ရသည်။

ရွှေဆံတော် ရင်ပြင်တော်၌ ပုဂံခေတ်လက်ရာ ကျောက်ထီးတော်နှင့် သပိတ်တော်ကိုလည်း တွေ့မြင်ရသည်။ ကျောက်ထီးတော်နှင့် မလှမ်းမကမ်း၌ သံချောင်းဖြင့် ဝင်းခတ်ကာရံထားသည့် အုတ်တိုင်ကြီးတစ်ခုကို တွေ့ရရာ စေတီတော်၏ ဌာပနာဖူးဟောင်းဟု ယူဆမိသည်။

တိုင်ကြီး၏ အောက်ခြေ၌ ကြာမှောက်ကြာလှန်ကိုလည်းကောင်း၊ အထက်တွင် ဌာပနာဖူးသဏ္ဌာန်ကို လည်းကောင်း၊ ထိပ်ပိုင်းတွင် ထီးအထွတ်တင်ရန် ပန်းလည်တိုင်ကိုလည်းကောင်း တွေ့ရသည်။ ထိုစေတီတော်၏ ဌာပနာဖူးသဏ္ဌာန်သည် ရွှေဆံတော်စေတီတော်ကြီးနှင့် ယှဉ်သော် သေးငယ်နေသည်တဲ့ ယူဆမိသည်။

ရွှေဆံတော်စေတီတော်နှင့် ကပ်လျက်၌ ဂူခံစေတီတော် တစ်ဆူကိုလည်း သပ္ပာယ်လှစွာ ဖူးမြော်ရသည်။ ထိုစေတီတော်သည် အသစ်ပြန်လည် မွမ်းမံထားသော ပုဂံခေတ်ဟောင်းပုံစံ စေတီတော်ပင် ဖြစ်သည်။ ပုဂံ၌ရှိသော ရှေးဟောင်းစေတီတော်တချို့သည် ငလျင်ဒဏ် အကြိမ်ကြိမ် ခံခဲ့ရသောကြောင့် အထက်ပိုင်း ဌာပနာဖူး၊ ထီးတော်များ မြေခခဲ့ရသည်များ ရှိသည်။

စာရေးသူတို့ တက္ကသိုလ်ဝင် ကျောင်းသားဘဝ ၁၉၆၄-၆၅ ခုနှစ် ပုဂံရောက်စဉ်က ပုဂံညောင်ဦးရှိ စေတီပုထိုး၊ ဂူကျောင်းများသည် အတော်ပင် ပျက်စီးယိုယွင်းလျက်

ရှင်ပင်သာလျောင်းဘုရားကြီး ကိန်းဝပ်စံပယ်တော်မူရာ အုတ်တိုက်လိုက်ဂူတော်

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရသည်။ ဘုရားပြို ဘုရားပျက်များနှင့် ရှေးဟောင်းမြို့ကြီးပမာ ဖြစ်နေသည်ကို ပြန်ပြောင်းအမှတ်ရမိသည်။ ထိုစဉ်က ပုဂံဘုရားဖူးခရီး သွားရာတွင် မြင်းလှည်းကိုသာ အားကိုးရသည်။ အဆိုတော် ဒေါ်တင်တင်မြ၏ "တစ်ဝဋ်" သီချင်းမှာ အလွန်ခေတ်စားနေချိန် ဖြစ်သည်။ လူပျိုပေါက် စိတ်ကူးယဉ် အရွယ်ဖြစ်၍ ဒေါ်တင်တင်မြ၏ တစ်ဝဋ်သီချင်းကို ကြားမိလေသောအခါ သနားစိတ်၊ လွမ်းဆွေးစိတ်များဝင်ကာ မျက်ရည်ဝဲသည်အထိ ခံစားခဲ့ရဖူးသည်။

ထို့ကြောင့် ပထမဆုံးအကြိမ် ပုဂံသို့ရောက်စဉ် မြင်းလှည်းသမားကို တစ်ဝဋ်ဘုရားသို့ ပို့ပေးရန် ငှားရမ်းရာ အသွားအပြန် ပို့ခ ငွေတစ်ဆယ်ကျပ် တောင်းပြီး ချုံနွယ်သစ်ပင်များကြား ဖြတ်သန်းမောင်းနှင်ကာ ပြိုပျက်လုနီးနီး ဂူပေါက်တစ်ခုသာရှိသော စေတီပျက်တစ်ဆူထဲ ပို့ပေးလေသည်။ အလွမ်းအဆွေးသမားတို့၏ ခံစားချက်ဖြင့် ထိုဂူပေါက်တစ်ခုသာရှိသော စေတီပျက်အနီး၌ ထိုင်ကာ သူငယ်ချင်းနှစ်ယောက် (ထိုစဉ်က တက္ကသိုလ်ဝင်တန်းအတူတက်ပြီး စာမေးပွဲဖြေထားကြသူ ကိုအောင်မြင့်) သည် ပါလာသည့် အဝတ်စံကိုခင်းကာ ဂူပေါက်ဝ၌ ထိုင်ကာ ဦးချကန်တော့ရင်း ဂူပေါက်ပိတ်ဆို့ခံရပြီး အသက်ဆုံးရှုံးခဲ့ရရှာသော မင်းသမီးလေးနှင့် စောင်းအိုလုလင်တို့ နှစ်ဦးအတွက် ကောင်းမွန်ရာဘဝ ရောက်စေရန် ဆုတောင်းပေးခဲ့မိကြသည်။

တည်းခိုရာ ဘုန်းတော်ကြီးကျောင်း ပြန်အရောက်တွင် မြင်းလှည်းသမားကို ပို့ဆောင်ခ တစ်ဆယ်ပေးပြီး ဝမ်းသာပီတိ ဖြစ်ခဲ့ကြရသည်။

၁၉၇၅ ခုနှစ် တက္ကသိုလ်ဆရာဘဝနှင့် ပုဂံကို ပြန်ရောက်သောအခါ ထိုအဖြစ်ကို တွေးမိရင်း ပြုံးမိသည်။ မြင်းလှည်းသမားမှ ငွေတစ်ဆယ်ကို လိမ်လည်ရယူသွားပုံကို လေ့လာရေးအတွက် လိုက်ပါလာသော တပည့်များကို ပြောပြသောအခါ တံသောသော ရယ်မောကြသည်မှာ ပျော်စရာကောင်းလှပေသည်။

ဒေါ်တင်တင်မြ၏ အသံကောင်း အဆိုကောင်းနှင့် တစ်ဝဋ်သီချင်းကြောင့် ပုဂံ၌ မြင်းလှည်းသမားတို့ အတော်စီးပွားဖြစ်ခဲ့ကြဖူးသည်။ ပုဂံတွင် ထိုစဉ်ကာလက ဂူတစ်ပေါက်တည်းသာရှိသော ပျက်စီးနေသည့် စေတီငယ်များသည် လက်ညှိုးထိုးမလွဲအောင် များပြားလှကြောင်း သမိုင်းဆရာဖြစ်လာမှ သိရတော့သည်။

ယခုလို အသက် (၇၀)ကျော် ကာလရောက်သော အခါ ပုဂံညောင်ဦးရှိ စေတီပုထိုး ဂူဘုရားများကို ကြည့်ရင်း တရားသံဝေဂ ရမိသလို အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားသဘော ကိုလည်း သိမြင်လာသည်။ သတိသံဝေဂအနေနှင့် ဆင်ခြင်မိသည်။ တစ်နေ့ တစ်ရက်၌ ငါသည် သေရအုံ၊ လောလော ဆယ်၌ အသည်းဝေဒနာကြောင့် ခန္ဓာရှိသော် ဝေဒနာရှိမည်၊

ရှင်ပင်သာလျောင်းဘုရားကြီး၏ မျက်နှာတော်အား အနီးကပ်ဖူးမြော်လုပ်

ယနေ့ မသေသော် နောင်သေရလတ္တံ့ဟု တွေးတောနေမိလေသည်။

❖

ရွှေဆံတော် စေတီတော်မှာ ရှေးယခင်ကာလများကလည်း ထုံးသက်နံးဖွေးဖွေး၊ ယခုလည်း ထုံးသက်နံးဖွေးဖွေးနှင့် ကြည်ညိုဖွယ်အသွင် ဆောင်နေသည်။ ရွှေဆံတော်စေတီတော်မြတ်ကြီးသည် လေးထောင့်ပစ္စယာ အဆင့်ဆင့်အထက်၌ တည်ထားသော စေတီတော်ကြီးတစ်ဆူ ဖြစ်သော်လည်း ပုဂံခေတ် စေတီတော်တစ်ဆူနှင့်ကား မတူပေ။ ခေတ်သစ်၌ တည်ထားသော စေတီတော်တစ်ဆူပမာ ဖူးမြင်ရသည်။

စာရေးသူ တစ်ဝဋ်ဘုရားနှင့် ပတ်သက်၍ အထက်၌ ရေးသားခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ ရွှေဆံတော်စေတီတော် အနီးရှိ ပြုပြင်ထားသော ရှေးဟောင်းစေတီတော်ကို ဖူးမြော်ရသောအခါ ပုဂံခေတ်၏ ရှေးဟောင်းအနုပညာ လက်ရာများ ပျောက်ကွယ်ခဲ့ပုံကို ၁၉၆၄-၆၅ ပုဂံရောက်စဉ်ကနှင့် ၁၉၇၅ ပုဂံငလျင် မလှုပ်မီကာလ ပုဂံ စေတီ ပုထိုး သာသနိက အဆောက်အအုံပျက်များ (ပြုပြင် တည်ဆောက်ထားခြင်း မရှိဘဲ မူလလက်ရာအတိုင်း မြင်တွေ့ရပုံများ)နှင့် နှိုင်းယှဉ် လေ့လာမိခြင်းကြောင့် တစ်ဝဋ်ဘုရားအကြောင်းကို ရေးသားမိခြင်း ဖြစ်သည်။

ရွှေဆံတော်ဘုရား ဝတ္ထုက်မြေ အနီးရှိ ရှေးခေတ်ဟောင်း ဂူခံစေတီတော်မှာ မူလလက်ရာမပျက် ပြုပြင်ထားသော်လည်း အသစ်တည်ထားသည့်ပမာ ဖြစ်နေပုံကို မြင်တွေ့မိသောအခါ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီး၏ လက်အောက်ခံ ယူနက်စကိုအဖွဲ့က ပုဂံဒေသရှိ ရှေးဟောင်းအမွေအနှစ် စေတီပုထိုး ဂူဘုရားများနှင့် သာသနိက အဆောက်အအုံတို့အား ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်အဖြစ် အသိအမှတ်မပြုဘဲ ပြည်မြို့အနီးရှိ ပျူခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့ရာ သရေခေတ္တရာရှိ စေတီ၊ အုတ်ဗုံ၊ အုတ်မြစ်၊ အုတ်ရိုးများအား ရှေးဟောင်းကမ္ဘာ့အမွေအနှစ်အဖြစ် အသိအမှတ်ပြုခြင်း အပေါ် စာရေးသူအနေနှင့် စိတ်မကောင်းဖြစ်၍ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပုဂံညောင်ဦးဒေသရှိ စေတီပုထိုး၊ ဂူဘုရား၊ အဆောက်အအုံ၊ သရပါတံခါး (၂၃ ရက် ဒီဇင်ဘာလ စင္ဂ ခုနှစ်၌ ထူထောင်ပြီးမင်း ပုဂံကို တည်စဉ်က တံခါး ၁၂ ခု ထည့်သွင်း တည်ဆောက်ခဲ့ရာ တစ်ခုတည်းသော ကျန်ရှိသည့်တံခါး ဖြစ်သည်။ 'မြားကို ဆီးကာသောတံခါး' ဟု အဓိပ္ပာယ်ရသည်။) စသည့် ရှေးဟောင်းလက်ရာ ဗိသုကာများသည် အလွန်ပင် ရှေးကျပြီး နှစ်ပေါင်းတစ်ထောင်ကျော်က လက်ရာများပင် ဖြစ်သည်။

သို့သော် ပုဂံလျင်ကြောင့်လည်းကောင်း၊ နှစ်ပေါင်း ကြာမြင့်ဂ၊ ဆွေးမြည့်၍လည်းကောင်း၊ ပြိုပျက်ခဲ့မှုများရှိရာ မြန်လည်ပြုပြင်ကြရာ၌ ရှေးဟောင်းမူလလက်ရာအတိုင်း ပြုပြင်မှုရှိသလို အများအားဖြင့် အသစ်တည်ဆောက်သည့် မော ပြုပြင်ကြ၍ မူလလက်ရာများ ပျောက်ကွယ်ပျက်ယွင်း သွားသဖြင့် ယူနက်စကိုအဖွဲ့က ပုဂံညောင်ဦးဒေသရှိ ရှေး ဟောင်းလည်ကျေးမှုနယ်မြေကို ကမ္ဘာ့အမွေအနှစ် စာရင်းသွင်း ရန် ငြင်းပယ်ခဲ့ခြင်း ဖြစ်သည်။

ဤနေရာ၌ မေးစရာမေးခွန်းရှိသည်။

'ကမ္ဘာ့အမွေအနှစ် စာရင်းအသွင်းခံရသော် အဘယ် ကဲ့သို့သော အကြောင်းထူးအံ့နည်း' ဟူသော မေးခွန်းပင် ဖြစ်သည်။

ယူနက်စကိုက ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့သော် ထိုဒေသရှိ ရှေးဟောင်းအဆောက်အအုံ၊ ဘုရားစေတီ၊ ဂူပုထိုး ကျောင်း စသည်တို့၏ ထိန်းသိမ်းစောင့် ရှောက်ရန် ကုန်ကျစရိတ်ကို နှစ်စဉ်အထောက်အပံ့ ပေးသလို ထိုအပ်ပါက ပျက်စီးမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသော အဆောက်အအုံ၊ ဘုရားပုထိုး၊ စေတီ၊ ကျောင်း စသည်တို့အား မူလလက်ရာမပျက် ပြန်လည်ပြုပြင်မှု နှစ်ရှည်တည်တံ့ ရာ ဖြစ်ပေါ်မှုများအတွက် ပညာရှင်များ၊ သိပ္ပံပစ္စည်း အကူ အညီများပေး၍ ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး ဆောင်ရွက်ပေးလေသည်။

စာရေးသူ ထိုင်းနိုင်ငံ အယုဒ္ဓယသို့ ရောက်စဉ်က ဆင်ဖြူရှင်(ခြေဒူးမင်း)တပ်များ အယုဒ္ဓယမြို့ကို သိမ်း ပိုက်စဉ်က မီးရှို့ဖျက်ဆီးခဲ့သည့် အပျက်အစီးများ (အယုဒ္ဓယ အပါအဝင် ရှေးဟောင်း ဘုန်းကြီးကျောင်း၊ စေတီတော် များ ခွပ်ပွားတော်များ) အား ပြန်လည်ပြုပြင် တည်ဆောက် ခဲ့ကြဘဲ နှစ်ပေါင်းများစွာ ထားခဲ့ရာ ယခုအခါ အယုဒ္ဓယ ဟောင်းကြီးအား ကမ္ဘာ့ကုလသမဂ္ဂက ကမ္ဘာ့ရှေး အမွေအနှစ်အဖြစ် အသိအမှတ်ပြုကာ ဒေါ်လာ သန်းပေါင်းများစွာ အကုန်အကျခံ၍ ထိန်းသိမ်းစောင့်ရှောက် ထားရှိသည်ကို တွေ့ရသည်။

ထို့ကြောင့် စာရေးသူသည် ပုဂံညောင်ဦးရှိ ရှေးဟောင်း ဗိသုကာ ဘုရား စေတီပုထိုးများနှင့် ဘာသာနိက အဆောက်အအုံများကိုလည်း ယူနက်စကိုမှ ကမ္ဘာ့အမွေ အနှစ်အဖြစ် သတ်မှတ်ပြီး ထိန်းသိမ်းပေးစေလိုသော ဆန္ဒ ကြောင့် ဤကဲ့သို့ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

အယုဒ္ဓယထက် နှစ်ပေါင်း များပေါင်းများစွာစော၍ တည်ဆောက်ခဲ့သော ပုဂံသည် ယူနက်စကို၏ ကမ္ဘာ့အမွေ အနှစ်အဖြစ် ပိုမိုသတ်မှတ်ပေးသင့်သော နေရာဒေသတစ်ခု ဖြစ်ပေသည်ကတော့ အမှန်ပင်ဖြစ်သည်။ ရှေးခေတ်ဟောင်း ဗိသုကာလက်ရာများ ဖယျက်မယွင်းစေရန် ထိန်းသိမ်းမှုနည်း ၏ ရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်ခြင်း မခံရသည် ကတော့ ဘယ်သူမပြု မိမိမှုဟူ၍သာ ဆိုရပေမည်။

စာရေးသူသည် ရွှေဆံတော်ဘုရားကြီး၏ ဝတ္ထုကံမြေ ရင်ပြင်တော်၌ရှိသော ပုဂံခေတ်လက်ရာမပျက် တည်ရှိနေ သော ဂန္ဓကုဋိတိုက်များအား လေ့လာရင်း ယူနက်စကိုအဖွဲ့ ထံ ထပ်မံတင်ပြ လျှောက်ထားရန် စိတ်ကူးနှင့် တိုက်တွန်း လိုက်ရပေသည်။ ရှေးပုဂံခေတ်လက်ရာ ဂန္ဓကုဋိတိုက်များ အတွင်း၌ သဲကျောက်အမာဖြင့် ထုလုပ်ထားသော ပုဂံခေတ် လက်ရာ ဗုဒ္ဓရုပ်ပွားတော်များကိုလည်း ကြည်ညိုဖွယ် ဖူးမြော် ခဲ့ရသည်။ မြောက်ဘက်အရပ်၌ရှိသော ဂန္ဓကုဋိတိုက်အတွင်း ၌ ပလွင်တစ်ခုတည်းပေါ်၌ ဘုရားလေးဆူ ကျောချင်းကပ် လျက် ထူးခြားစွာ ထုလုပ်ထားသည်ကိုလည်း မြင်တွေ့ခဲ့ရ သည်။ ပဲခူး မုပွန်လေးမျက်နှာဘုရားသည် ပုဂံရွှေဆံတော် ဘုရားကြီးရှိ လေးမျက်နှာဘုရားကို နမူနာယူ၍ တည်ဆောက် ခဲ့သလောဟု ထင်မှတ်မိသည်။

ရွှေဆံတော် စေတီတော်ကြီးသည် အနော်ရထာမင်း ကြီး၏ ကောင်းမှုတော်ဖြစ်ကြောင်း ရေးသားခဲ့ပြီးဖြစ်သည်။ ရွှေဆံတော်စေတီတော်နှင့် ကပ်လျက်၌ တည်ရှိသော လျောင်းတော်မူ မြတ်စွာဘုရား ရုပ်တုတော်ကြီးကို ဝင်ရောက် ဖူးမြော်မိသောအခါ အနော်ရထာမင်းကြီး၏ ကောင်းမှုတော် ပင် ဖြစ်မည်ဟု ထင်မှတ်မိခဲ့သည်။ သို့သော်လည်း လျောင်း တော်မူ မြတ်စွာဘုရား၏ ကောင်းမှုရှင် အတိအကျကိုကား မသတ်မှတ်နိုင်သော်လည်း ထိုရုပ်ပွားတော်ကြီး၏ လက်ရာမှာ (၁၃) ရာစု ပုဂံခေတ်လက်ရာဟူ၍ ပညာရှင်တို့ မှတ်တမ်း တင်နိုင်ခဲ့သည်။ ၁၁ ရာစုလက်ရာဟု သတ်မှတ်သော် အနော် ရထာမင်းကြီး၏ ကောင်းမှုတော် မဖြစ်နိုင်တော့ပေ။

လျောင်းတော်မူရုပ်ပွားတော်ကြီးသည် လိုဏ်ဂူတော် ကြီးအတွင်း၌ စံပယ်တော်မူရာ လိုဏ်ဂူတော်အဆောက်အအုံ သည် ၈၄ ပေခန့် ရှည်လျားတော်မူပြီး လျောင်းတော်မူ ရုပ် ပွားတော်ကြီး၏ ဥဏ်တော်အရှည်မှာ ပေ ၆၀ ကျော် ပေ ၇၀ နီးပါး ရှည်လျားတော်မူလေသည်။ လျောင်းတော်မူ ရုပ် ပွားတော်ကြီးသည် ပုဂံခေတ်လက်ရာ ဖြစ်သော်လည်း အခြံ အစား အလွှာလွှာနှင့် သပ္ပာယ်တော်မူသည်။ ပုဂံဒေသ၌ပင် ရှိ လျောင်းတော်မူ ရုပ်ပွားတော်များအနက် ရှေးအကျဆုံးနှင့်

www.burmeseclassic.com

www.burmeseclassic.com

လက်ရာအချိုးအဆစ် အကောင်းဆုံးဖြစ်ကြောင်း တွေ့ရသည်။ ရုပ်ပွားတော်ကြီး၏ သင်္ကန်းတော် အစအတွန့်များမှာ နှောင်းခေတ်၌ ပြန်လည်ပြုပြင်ထားကြောင်း တွေ့ရသည်။

ရွှေဆံတော်ဘုရားအနီးရှိ လျောင်းတော်မူရုပ်ပွားတော်ကြီးအား "ရှင်ပင်သာလျောင်း" ဘုရားကြီးဟု အများက ခေါ်ကြသည်။ တချို့က "ရွှေသာလျောင်း" ဘုရားဟုလည်း ခေါ်ကြသည်။ ပုဂံ၌ ရှင်ပင်သာလျောင်း ရုပ်ပွားတော်ကဲ့သို့ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ဟန် လျောင်းတော်မူ ရုပ်ပွားတော်ကြီး တစ်ဆူကိုလည်း မနုဟာမင်းကြီး၏ ကောင်းမူတော် "မနုဟာဘုရားကြီး" ၏ အနောက်ဘက်ခန်း၌လည်း လျောင်းတော်မူ ရုပ်ပွားတော်ကြီးကို ဖူးတွေ့ရသည်။ ထိုမနုဟာဘုရား၌ ရုပ်ပွားတော်မှာလည်း ဉာဏ်တော် ပေ(၆၀)ခန့်ရှိကြောင်း တွေ့ရသည်။

ထိုရုပ်ပွားတော် နှစ်ဆူစလုံးသည် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ဟန်ကို ဖော်ကျူးထုလုပ်ထားခြင်း ဖြစ်သော်လည်း လျောင်းထော်မူရုပ်ပွားတော်မြတ် ဦးခေါင်းပြုထားသည့် အရပ်ဒေသ မတူကြသည်ကို တွေ့ရသည်။ မနုဟာဘုရားရှိ လျောင်းတော်မူမှာ မြောက်ဘက်သို့ ဦးခေါင်းထားသော်လည်း ရွှေဆံတော်ဘုရားအနီးရှိ လျောင်းတော်မူမှာ တောင်ဘက်သို့ ဦးခေါင်းပြုထားသည်ကို တွေ့ရသည်။

ဗုဒ္ဓဝင်၌ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူရာတွင် မြောက်ဘက်သို့ ဦးခေါင်းထားပြီး လက်ရာဘက်သို့ စောင်းကာ လက်ယာလက်ပေါ် ပါးတင်ပြီး ပရိနိဗ္ဗာန်စံဝင်ကြောင်း တွေ့ရသည်။ ရွှေဆံတော်ဘုရားရှိ လျောင်းတော်မူ (ရှင်ပင်သာလျောင်း) ရုပ်ပွားတော်မှာ တောင်ဘက်သို့ ဦးခေါင်းပြုထားရာ အရှေ့ဘက်၌ တည်ရှိသော ရွှေဆံတော်ဘုရားဘက် မျက်နှာမူနေစေရန် ရည်ရွယ်တည်ဆောက်ဟန်ဖြစ်၍ ဗုဒ္ဓဝင်ပါ ပရိနိဗ္ဗာန်စံဝင်ဟန်နှင့် ကွဲလွဲနေခြင်း ဖြစ်မည်တု ထင်မြင်မိသည်။

ရှင်ပင်သာလျောင်း ရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ဂူတိုက်လိုဏ်ကြီးအတွင်းရှိ နံရံတို့၏ ပုဂံခေတ် လက်ရာ ဆေးရေးပန်းချီများကိုလည်း တွေ့ရသည်။ သစ်ပင်သစ္စာရွက်ပုံများနှင့် တခြားမထင်မရှားပုံများကိုလည်း တွေ့ရသည်။ ထိုဆေးရေးပုံများနှင့် ပတ်သက်၍ ပညာရှင်တချို့က ဝါးပင်များဟု ယူဆပြီး ဝေဠုဝန်ကျောင်း၌ သီတင်းသုံးဟန်ဟု ခန့်မှန်းကြသလို တချို့ ပညာရှင်တို့ဘက်ကလည်း ဆေးရေးပန်းချီပါ သစ်ပင်တို့မှာ အင်ကြင်းပင်တို့၏ပုံဖြစ်ကြောင်းနှင့် ကုသိနာရုံ အင်ကြင်းတော၌ ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ဖြစ်ကြောင်း ရေးသားကြသည်။

စာရေးသူကိုယ်တိုင် ရိုက်ယူခဲ့သော ဆေးရေးပန်းချီရှိ သစ်ပင်တို့၏ အရွက်တို့မှာ ဝါးရွက်နှင့်မဆင်တူဘဲ အရွက်ကြီးသော အင်ကြင်းရွက်နှင့်သာ ပိုတူသည်ဟု ထင်မှတ်သည်။

ထို့ပြင် ဗုဒ္ဓဝင်အရ ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူရန် ကုသိနာရုံ မြို့တော်သို့ ကြွတော်မူပြီး မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်ရှိ ညောင်စောင်းပေါ်၌ လျောင်းတော်မူစဉ် ခြေရင်းနှင့် ခေါင်းရင်း၌ ရှိကြကုန်သော အင်ကြင်းပင်ပျိုစုံတို့သည် အခါမဲ့ပွင့်သော ပန်းတို့ဖြင့် ပင်လုံးကျွတ် ပွင့်ကုန်ကြပြီး မြတ်စွာဘုရားရှင် ကိုယ်တော်ထက်သို့ ပန်းပွင့်များ မပြတ်မစဲ ကြဖြန့်လေ၏ဟု လေ့လာဖူးရာ ဤလိုဏ်ဂူအတွင်း၌ မြင်တွေ့ရသော သစ်ရွက် သစ်ခက်တို့သည် အင်ကြင်းပင်ဖြစ်ကြောင်း အကြင်းမဲ့လက်ခံလိုက်ရပေသည်။

ထို့အပြင် သစ်ရွက်များသည် ဝါးရွက်နှင့်မတူ အင်ကြင်းရွက်သဏ္ဌာန်နှင့် ပို၍တူလေခြင်းကြောင့် အင်ကြင်းတောကို နောက်ခံထား၍ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်နေဟန် ရေးဆွဲထားကြောင်း အတည်ပြုလိုက်ရပေသည်။

စာရှုသူများ ပုဂံသို့ ဘုရားဖူးရောက်သော် ပြည့်ဝပြည့်စုံ အဓိဋ္ဌာန်ဝင်ရင်း ရွှေဆံတော်ဘုရားသို့ ရောက်သော် ရွှေဆံတော်ဘုရား၏ အနောက်ဘက်ကပ်လျက်၌ တည်ရှိသော ရှင်ပင်သာလျောင်းခေါ် ရွှေသာလျောင်း လျောင်းတော်မူကြီးအား ဝင်ရောက်ဖူးမြော်ကြရန် နိဗ္ဗာန်ဆော်လုံ့ဝရင်း လမ်းညွှန်လိုက်ရပေသည်။

❖

စာရေးသူသည် နေ့လယ် ရန်ကုန်ပြန်ရမည်ဖြစ်ပြီး ပြည့်ဝပြည့်စုံ အဓိဋ္ဌာန်ဝင်ရင်း ရွှေဆံတော်ဘုရား၌ အချိန်တစ်နာရီကျော်ကြာအောင် လေ့လာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ယူခဲ့သည်။ ယခင် အခေါက်ခေါက်အခါခါ ရောက်စဉ်ကလည်း ရွှေဆံတော်စေတီတော်ကြီးနှင့် ပတ်ဝန်းကျင်ရှိ နေရာအတော်များများကို ဓာတ်ပုံမှတ်တမ်း အကြိမ်ကြိမ် ရိုက်ယူဖူးပြီး ဖြစ်သော်လည်း ရွှေဆံတော်ဘုရားနှင့် ပတ်သက်၍ ဆောင်းပါးရေးသားခဲ့ဖူးခြင်း မရှိ၍ ယခုအခါ ဆောင်းပါးရေးသားရန် ရည်ရွယ်ချက်ရှိခြင်းကြောင့် ယခုလို တစ်နာရီကျော်ကြာအောင် အချိန်ကုန်ခဲ့ခြင်းဖြစ်သည်။

စာရေးသူ၏ ညီဖြစ်သူမှာ ကားပိုင်သော်လည်း ကားမမောင်းတတ်သဖြင့် သူငယ်ချင်းဖြစ်သူက ကူညီမောင်းပို့ပေး၍ ယခုခရီးကို လာနိုင်ခြင်းဖြစ်သည်။ ကားမောင်းသူမှာ စာရေးသူနှင့် ရင်းနှီး၍ သည်းခံပြီးစောင်းဆိုင်းပေးသဖြင့် ဘုရား၌ အချိန်အတော်ကြာ ဓာတ်ပုံမှတ်တမ်း ရိုက်ယူနိုင်သလို လေ့လာစရာများလည်း လေ့လာမှတ်သားနိုင်ခဲ့သည်။

နံနက် ၈ နာရီ ၁၅ မိနစ်၌ ရွှေဆံတော်မှ ထွက်ခွာခဲ့ကြသည်။ ရွှေဆံတော်စေတီတော်မှာ ပုဂံ၌တည်ရှိပြီး ပုဂံနှင့် ဝေးကွာသော သီရိပစ္စယာရွာအနီး၌ရှိသော လောကနန္ဒာဘုရားသို့ ခရီးဆက်ရန် ဦးတည်ခဲ့ကြသည်။ လောကနန္ဒာဘုရားသည်လည်း အနော်ရထာမင်း ကောင်းမူတော်ပင်ဖြစ်ပြီး ထိုဘုရားတွင်လည်း အနော်ရထာမင်းကြီး လုပ်ကိုင်ကွယ်

www.burmeseclassic.com

သော ပြည့်ငါးပြည့် အဓိဋ္ဌာန် ဆုတောင်းပြည့်ဘုရား ရှိလေသည်း ထိုပြည့်ငါးပြည့် ဆုတောင်းပြည့် ရှုပ်ပွားတော်မြတ်၌ အဓိဋ္ဌာန်ဝင်ရင်း လောကနန္ဒာဘုရားအား ဆောင်းပါးထပ်မံ ရေးသားရန်၊ ဓာတ်ပုံမှတ်တမ်းရိုက်ယူရန် ရည်ရွယ်ထားခြင်း ကြောင့် အချိန်များများရရန် အဝေးဆုံးနေရာကို ရွေးခြင်း ဖြစ်ပါသည်။

ထိုမှအပြန် ဓမ္မရာဇိကနှင့် ရှင်သာမဏေသိမ်တို့၌ ဝင်ရောက် အဓိဋ္ဌာန်ဝင်ခြင်းဖြင့် နံနက် ၁၁ နာရီမထိုးမီ ပြည့်ငါးပြည့် အဓိဋ္ဌာန်ဝင်ခရီး ပြီးဆုံးမည်ဖြစ်ကြောင်းကိုလည်း ကြိုတင်မှန်းဆထားခြင်းကြောင့် လောကနန္ဒာဘုရားကို အရင်သွားရန် ဆုံးဖြတ်ထွက်ခွာလာခြင်းဖြစ်သည်။

လမ်းခရီးတွင် ပုဂံရှိ စေတီပုထိုး ဂူဘုရား ကြီးငယ် အဆုဆုအား လက်အုပ်ချီကန်တော့ရင်း လိုက်ပါလာခဲ့သည်။ ခင်ဗျင်းလို မိသားစုနှင့်သော်လည်းကောင်း၊ အပေါင်းအဖော်များနှင့်သော်လည်းကောင်း အတူတကွ ဘုရားဖူးသွားခြင်း မဟုတ်ဘဲ ယာဉ်မောင်းသူနှင့် အဖော်မပါ တစ်ကိုယ်တည်း ခရီးသွားရ၍ ပျင်းစရာကောင်းသော်လည်း လွတ်လွတ်လပ်လပ် ခွေးတောခွင့်ရ၍ စိတ်ချမ်းသာလှသည်။

စာရေးသူ၏ အကျင့်အတိုင်း တစ်ယောက်တည်း ဝေးခေါ်ရသောအခါ အနောင့်အယှက်မရှိ၍ လွတ်လပ်ပြီး အတွေးအခေါ်လည်း ကျယ်ပြန့်လှသည်။ ရွှေဆံတော်နှင့် လောကနန္ဒာ ဘုရားနှစ်ဆူ၏ ခရီးသည် အတော်အသင့် ဝေးသည်ဟု ဆိုနိုင်သော်လည်း ကိုယ်ပိုင်ယာဉ်ဖြင့် သွားခြင်း ကြောင့် မိနစ်အနည်းငယ်နှင့် ရောက်နိုင်လေသည်။ ထိုခရီး စဉ်အတွင်း စာရေးသူသည် ရွှေဆံတော်ဘုရားသမိုင်းအကျဉ်း ကို တွေးတောမိလေသောအခါ

❖

ပုဂံပြည့် ၎င်း အနော်ရထာမင်းစောသည် ၁၀၄၄ ခုနှစ်၌ ထီးနန်းရတော်မူခဲ့သည်။ အနော်ရထာမင်းစောသည် ပုဂံကို ဗဟိုပြု၍ ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူခဲ့သည်။ မင်းကောင်းမင်းမြတ် ဖြစ်၍လည်း ကျန်စစ်သား ဝတွေ့ရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးစသည့် သူရဲကောင်းများ ဝိုင်းရံခစားမှုဖြင့် နိုင်ငံတော်သစ်ကြီးကို ခဲ့ထွင်တည်ထောင်နိုင်ခဲ့သည်။

စစ်သည်အင်အား သိန်းချီရှိသော တပ်တော်ကြီးဖြင့် ချဲ့ထွင်ပြန့်သော မြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ခဲ့သည်း သမိုင်း၌ ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သော မင်းအဖြစ် သမိုင်းတွင်ခဲ့သည်။

အနော်ရထာမင်းကြီး၏ သြဇာခံ ဥဿာပဲခူးမင်း (မွန်နိုင်ငံ)၏ ပိုင်နက်အတွင်း ဂျွမ်းစစ်သည် (ခမာ)တို့ ကျူးကျော်တိုက်ခိုက်သောကြောင့် မွန်မင်းသည် အနော်ရထာမင်းသို့ စေ့ကူတောင်းခံခဲ့သည်။ အနော်ရထာမင်းစောသည် ကျန်စစ်သား၊ ဝတွေ့ရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး စသည့် သူရဲကောင်းတို့ ဦးဆောင်သော စစ်ကူ ပေးပို့နိုမ်နင်းပေးခဲ့သည်။ ပဲခူးမွန်မင်းက အနော်ရထာမင်းစော၏ ကျေးဇူးတော်ကို သိ၍ မွန်မင်းအဆက်ဆက် ပျူသရေခေတ္တရာခေတ်မှ ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ ဆံတော်ကို ပင့်ဆောင်၍ ပူဇော်ထားရာမှ ရွှေကြုတ်တော်တွင် ထည့်သွင်း၍ ပုဂံသို့ ဆက်သလိုက်သည်။ ဆံတော်နှင့်အတူ သမီးတော် မဏိစန္ဒာမင်းသမီးကိုလည်း ဆက်သခဲ့သည်။ ဤတွင် မဏိစန္ဒာနှင့် ကျန်စစ်သားတို့၏ဇာတ်လမ်း စတင်ခဲ့ခြင်း ဖြစ်သည်။

အနော်ရထာမင်းစောသည် ဗုဒ္ဓဆံတော်ကို ကြည်ညိုတော်မူ၍ နန်းတော်ဦး၌ ကိုးကွယ်ထားရာမှ ရှင်အရဟံ၏ တိုက်တွန်းနှိုးဆော်မှုကြောင့် ပြည်သူများ ကိုးကွယ်ပူဇော်နိုင်ရန် ၁၀၅၇ ခုနှစ်တွင် ရွှေဆံတော်စေတီတော်ကြီးကို တည်ထားပြီး မြတ်စွာဘုရားရှင်၏ ဆံတော်အား ဌာပနာထည့်သွင်း ပူဇော်ရာမှ ရွှေဆံတော်ဘုရားကြီး ဖြစ်ပေါ်တည်ထားနိုင်ခဲ့ပြီး ယနေ့တိုင် ဖူးမြော်နိုင်ခြင်းဖြစ်သည်။

ပုဂံဒေသတွင် စေတီပုထိုးပေါင်းများစွာ တည်ထားကြသော်လည်း မြတ်စွာဘုရားရှင် ဆံတော်စစ် ကိန်းဝပ်စံပယ်တော်မူရာ စေတီတော်တစ်ဆူ ဖြစ်ခြင်းကြောင့် လွန်စွာ တန်ခိုးကြီးသည့် ဆုတောင်းပြည့်ဘုရားကြီး တစ်ဆူဖြစ်သည်။

ထို့ကြောင့် ဘုရားဖူးသွားကြမည့်သူများသည် ပြည့်ငါးပြည့် အဓိဋ္ဌာန်ဝင်သလို ရွှေဆံတော်စေတီတော်မြတ်ကြီး အားလည်း ဗုဒ္ဓမြတ်စွာဘုရားရှင် ဆံတော်စစ် ကိန်းဝပ်တော်မူရာကို အာရုံပြု၍ ဖူးမြော်ခဲ့သော် အကျိုးထူး အကျိုးမြတ်များကို ခံစားရမည်ဖြစ်ကြောင်း အသိပေး တိုက်တွန်းလိုက်ရပါသည်။

ကျွန်ုပ်လမ်းပြ

မှီငြမ်း

၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး ပထမတွဲ၊ ၁၉၉၂။

၂။ ပုဂံမြို့ရှိ ထင်ရှားကြီးကျယ်သော ဘုရားကြီး (၂၇)ဆူ သမိုင်း၊ ၁၃၂၀၊ ဆရာမြတ်သွင်။

၃။ ပုဂံခရီးသွားလမ်းညွှန်၊ တတိယအကြိမ်၊ ၂၀၀၀၊ အောင်ခင်စိုး။

၄။ ပုဂံသမိုင်းဝင်စေတီပုထိုးများ၊ အဋ္ဌမအကြိမ်၊သန်းဆွေ။

၅။ ပုဂံစေတီပုထိုးများသမိုင်း၊ တင်နိုင်တိုး။

၆။ မဇ္ဈိမဒေသ ဘုရားဖူးလမ်းညွှန်၊ ပထမအကြိမ်၊ ၂၀၀၄၊ လုပ်ဖွဲ့နီအင်ဂျင်နီယာ ဦးမောင်မောင်လေး။

၇။ စာရေးသူကိုယ်တိုင် အကြိမ်ကြိမ်သွားရောက် လေ့လာ ဖူးမြော်ခြင်း။

❑

www.burmeseclassic.com

www.burmeseclassic.com

ကျိုက်သလ်ုံးစေတီတော်





နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ၊ ထုဆစ်ထား၊သ

www.burmeseclassic.com

www.burmeseclassic.com

၄ မဂ္ဂ သမ္မာဒိဋ္ဌိ

၅ ဖလ သမ္မာဒိဋ္ဌိ

သမ္မာဒိဋ္ဌိ ဘယ်နှမျိုး ရှိပါလိမ့် (ငါးမျိုး ရှိပါတယ် ဘုရား)။ ငါးမျိုးရှိတယ်ဆိုတော့ ဒကာ၊ ဒကာမတွေက သြော် သာသနာပရော၊ သာသနာတွင်းရော နှစ်ခုလုံးရှိတဲ့ သမ္မာဒိဋ္ဌိ က မမြဿကတာ သမ္မာဒိဋ္ဌိ၊ လှူဒါန်းပေးကမ်းပြီး သကာလ သုဂတိ၊ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ ရတာက ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ သာသနာတွင်းလည်း ရှိတာပဲ၊ သာသနာပလည်း ရှိတာပဲ (မှန်ပါ့)။

၁-နံပါတ်ကတော့ ပြီးသွားရောနော် (မှန်ပါ့)။ ဈာန သမ္မာဒိဋ္ဌိ ဆိုတာက သမထလမ်းကနေပြီး သကာလ ရှုပ၊ အရူပ ဌပ္ပာပြည်ကို ရောက်စေတတ်တဲ့ သမ္မာဒိဋ္ဌိ၊ ဝါ ဉာဏ်ပေါ့ဟာ (မှန်ပါ့)။

ဒါကလည် သာသနာပလည်းရှိ၊ သာသနာတွင်းလည်း ရှိပြီး သကာလ နေတော့ လမ်းက သွက်ခြည်လိုက်ပြန်တော့လည်း ရှုပ၊ အရူပဘုံ ရောက်ပြန်တယ်ဆိုတော့ ဒုက္ခသစ္စာ ပြန်ရှင်းကြောင့် သူလည်း သိပ်ပြီး အဓိုးတန်ကြီး တန်တယ်လို့ မယူလိုက်ပါနဲ့ (မှန်ပါ့ ဘုရား)။

သာသနာတွင်း သမ္မာဒိဋ္ဌိ

အဲဒီတော့ နောက်ပြမယ့် ၃-နံပါတ် ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိ ဆိုတဲ့ သမ္မာဒိဋ္ဌိ သုံးမျိုးသာလျှင် သာသနာတွင်းမှာသာ ပေါ်နိုင်တယ်လို့ မှတ်ထားပါ (မှန်ပါ့)။

အဲဒီ သာသနာတွင်းမှာ ပေါ်နိုင်တဲ့ သမ္မာဒိဋ္ဌိကဖြင့် ဈာနသမ္မာဒိဋ္ဌိက သက္ကာယဒိဋ္ဌိပြုတ်အောင် လုပ်နိုင်တယ်၊ ဝိပဿနာ သမ္မာဒိဋ္ဌိက ပြုတ်အောင် လုပ်နိုင်ပါတယ် ဘုရား)။

ဝိပဿနာ သမ္မာဒိဋ္ဌိက ဘာကိုပြုတ်အောင် ပျက်အောင် လုပ်ပါလိမ့် (သက္ကာယဒိဋ္ဌိ ပြုတ်အောင် ပျက်အောင် လုပ်နိုင်ပါတယ် ဘုရား)။

သက္ကာယဒိဋ္ဌိ ပြုတ်အောင် ပျက်အောင် လုပ်နိုင်တဲ့ အတွက် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဒီအလုပ်သာ လုပ်ပေးဆိုရင် ဘုန်းကြီးကရော၊ ဘုရားကရော အပါယ်တော့ ကျဘူးပေါ့၊ အထက်သံ ဘုံကနေ နိဗ္ဗာန်ကိုသာ သွားမယ်ဆိုတာ ရဲဝံ့စွာ တာဝန်ခံဝ. ။

အဲဒီတော့ ဒီထဲမှာ သူကတော့ သူ့အကျိုးပေး မြောစေးပါဆိုတော့ ယခုဘဝ နိဗ္ဗာန်ရသည့်ဘဝတွင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်သည့်တိုင်အောင် ဝိပဿနာ သမ္မာဒိဋ္ဌိက အကျိုးပေးနိုင်တယ်ဆိုတာ ဒကာ၊ ဒကာမတွေ ပြောပြီးပြီနော် (မှန်ပါ့)။

ကောင်းပြီ၊ ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိက သူ့အလုပ်သူ့တဲ့ အခါမှာ ဘယ်ပေါ်မှာ အလုပ်လုပ်တယ်ဆိုတာ မနေ့က ပြောတယ်နော် (မှန်ပါ့)။ အဲဒါ အဲဒီကပဲ စပြောပြီးတော့မှ အင်း. . . တတိယသမ္မာဒိဋ္ဌိ ပြီးတော့မှ စတုတ္ထသမ္မာဒိဋ္ဌိ တက် ရအောင် (မှန်ပါ့)။

ကိုင်း. . . ဒကာ၊ ဒကာမတို့ ၁ နဲ့ ၂ ဖြုတ်ထားပါပြီ။ သာသနာပလည်း ဖြစ်နေလို့လည်း ဒုက္ခဝဋ်ကျွတ်စေနိုင်တဲ့ သဘောမျိုး အဂုံတွင်ရှိ အဋ္ဌကထာဆရာ မပြောသောကြောင့်လည်း တစ်ကြောင်း။

ကရေးကြီးတဲ့ ၃ နံပါတ်ပဲ ကျွပ်အလုပ်ခွင် ဝင်ပြီး သကာလ ဦးဘတင်တို့ အရေးတကြီး မှတ်ကြဖို့ (မှန်ပါ့)။

အဲဒီတော့ သံယုတ်အဋ္ဌကထာ ဆရာက ဝိပဿနာ သမ္မာဒိဋ္ဌိကကွာတဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိယာ အနိစ္စာဒိဝသေန ခန္ဓာဒိသု သောဓိတေသု၊ ဝိပဿနာ သမ္မာဒိဋ္ဌိကတော့ပေါ့ တဲ့ ပဋိစ္စသမုပ္ပာဒ် ပေါ်လာတဲ့ ဓမ္မတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ အစရှိသည်နှင့် သူသည် မြင်တဲ့အတွက် ငါ ငါလို့ ထင်မှတ်နေတဲ့ သက္ကာယဒိဋ္ဌိ သေသေချာချာစင်အောင် လုပ်နိုင်သော ဝိပဿနာသမ္မာဒိဋ္ဌိ (မှန်ပါ့ ဘုရား)။

သံယုတ် အဋ္ဌကထာ ဆရာက ခန္ဓာဒိသု ခန္ဓာအစရှိသည်တို့၌ ဝိသောဓိ တေသု သက္ကာယဒိဋ္ဌိကို သုတ်သင်ပြီး သည်ရှိသော် သူကဖြင့် ကြော်. . . အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ တစ်ခုသော တရားပေါ်လာလို့ ပဋိစ္စသမုပ္ပာဒ် အစပေါ်လာတာတွေ ရှုနိုင် ရှုနိုင်၊ အလယ်ပေါ်လာတာတွေ ရှုနိုင် ရှုနိုင်၊ အဆုံးကပဲ ရှုနိုင် ရှုနိုင် ရှုချင်တာ ရှုပါ ဒကာ၊ ဒကာမတို့။

အနိစ္စ ဖြစ်ပျက်မြင်ကြလို့ရှိရင် ဘယ်နည်းနှင့်မဆို မနေ့က ပြောတဲ့အတိုင်း သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ရှင်းပါတယ်၊ လင်းပါတယ် ဒီဉာဏ်ကနော် (မှန်ပါ့ ဘုရား)။ ဒါဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိသည် ဒိဋ္ဌိသုံးမျိုးကို စင်ကြယ်စေနိုင်တယ်လို့ မှတ်ထားလိုက်တာပေါ့ (မှန်ပါ့ ဘုရား)။

ဝိပဿနာ သမ္မာဒိဋ္ဌိသည် ဘာကို စင်ကြယ်စေနိုင်တယ် (ဒိဋ္ဌိသုံးမျိုးကို စင်ကြယ်စေနိုင်ပါတယ် ဘုရား)။ အေး သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဒီ ဒိဋ္ဌိသုံးမျိုးကို စင်ကြယ်စေနိုင်သောကြောင့် ဦးဘအုန်းတို့၊ ဦးခင်မောင်တို့ ကြော်. . . သူ အရေးကြီးဆုံးပါလားဆိုတာ ပေါ်လာတယ် (မှန်ပါ့ ဘုရား)။

မဂ္ဂသမ္မာဒိဋ္ဌိ ဆိုတဲ့ စတုတ္ထအချက်ကတော့ကို ဒကာ သစ်တို့ အလွယ်လေး သူများရှင်းပြီးတဲ့ဥစ္စာ သူက ဝင်ထိုင်တာဗျ (မှန်ပါ့ ဘုရား)။ သူက ဒီလောက်အရေးကြီးတာ မဟုတ်ဘူး (မှန်ပါ့ ဘုရား)။

ကြော်. . . ဝိပဿနာသမ္မာဒိဋ္ဌိက ရှင်းပေးပြီး သက္ကာယဒိဋ္ဌိတွေ ရှင်းလင်းပြီး သူကနေပြီးသကာလ အင်း. . . ဆိုက် ဆိုက်မြိုက်မြိုက် ဝင်လာပြီး နိဗ္ဗာန်မြင်ပြီး ဝင်လာတဲ့ တရားပါ (မှန်ပါ့ ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com

ဝိပဿနာသမ္မာဒိဋ္ဌိ

ဒါကြောင့် ဒကာ၊ ဒကာမတို့ ခု နံပါတ်ဟာ အရေး အကြီးဆုံး အချက်လို့ ဒကာ၊ ဒကာမတို့ မှတ်ပါ (မှန်ပါ့ ဘုရား)။ ဘယ်သူက အရေးကြီးဆုံးတုံး (ဝိပဿနာသမ္မာဒိဋ္ဌိက အရေးအကြီးဆုံးပါ ဘုရား)။ ခု နံပါတ်က ဘာပါလိမ့် (ဝိပဿနာသမ္မာဒိဋ္ဌိပါ ဘုရား)။ ဝိပဿနာရှုတဲ့အလုပ် (မှန်ပါ့ ဘုရား)။

ဝိပဿနာရှုတဲ့ အလုပ်ဆိုတာ တခြားမှတ်မနေနဲ့၊ ခင်ဗျားတို့သန္တာန်မှာ ပေါ်နေတဲ့ ဝေဒနာဖြစ်စေ၊ စိတ်ဖြစ်စေ ပေါ်ချင်တာ့ပေါ်လာပါစေ၊ စားချင်တဲ့ စိတ်ကလေး ပေါ်ချင်လည်း ပေါ်ပါစေ၊ အိပ်ချင်တဲ့ စိတ်ကလေး ပေါ်ချင်လည်း ပေါ်ပါစေ၊ ငိုက်ချင်တဲ့ စိတ်ကလေး ပေါ်ချင်လည်း ပေါ်ပါစေ၊ ပျံ့လွင့်တဲ့ စိတ်ကလေး ပေါ်ချင်လည်း ပေါ်ပါစေ၊ ပေါ်တာ နောက်ကနေပြီးသကာလ ဒီဓမ္မလေးဟာ ဖြစ်ပြီးပျက်တဲ့ ဓမ္မလေးပါလားလို့ ရှုဖြစ်အောင် ရှုပေးပါ။ ဒါ ဝိပဿနာ ဖြစ်တာပါပဲလို့ မှတ်ပါ။

ဘယ်စိတ်လာလာ ဖြစ်ပြီး ပျက်တာကိုသာ ဒကာ၊ ဒကာမတွေ ဉာဏ်ဦးတည်ပေးမယ်ဆိုရင် ဝိပဿနာ သမ္မာဒိဋ္ဌိ ဧကန်ဖြစ်တယ်လို့မှတ် (မှန်ပါ့ ဘုရား)။ ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။

ဘယ်စိတ်ရစ်လို့ ဆိုစရာ မလိုပါဘူး၊ ဒကာ ဒကာမတို့ ပေါ်ရာကိုသာလျှင် ဖမ်းရှုပါ (မှန်ပါ့ ဘုရား)။ ပေါ်တာဟာ ပဋိစ္စသမုပ္ပာဒ်ပဲ၊ ပဋိစ္စသမုပ္ပာဒ်ဆိုတာ ခန္ဓာပါပဲ။

ခန္ဓာဆိုတာသည်ကား ဆိုရင်ဖြင့် ဖြစ်ပြီး ပျက်မလို့ ပေါ်လာတဲ့ တရားမှတစ်ပါး အခြားဘာတရားမှ မဟုတ်ပါဘူး (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ မပေါ်ဘဲနေရင်လည်း သေကြမှာပဲ (မှန်ပါ့ဘုရား)။ စိတ်တွေ မပေါ်ဘဲနေရင် (သေမှာပါ ဘုရား)။ ဒါဖြင့် ပေါ်လာတဲ့စိတ်ကို ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ ရှုပါ (မှန်ပါ့ ဘုရား)။

ရှုလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဒကာ၊ ဒကာမတို့၊ ခင်ဗျားတို့ကတော့ အနိစ္စကို မြင်တယ်လို့ ဆိုကြလို့မှမယ် (မှန်ပါ့ ဘုရား)။ ဆရာဘုန်းကြီးကလည်း ဒကာ၊ ဒကာမတွေ ပြောတဲ့အတိုင်း ဖြစ်ပြီး ပျက်တာ မြင်ကြတာပဲ၊ အနိစ္စမြင်တာပဲ မှန်ပါတယ်။ အနိစ္စမြင်တာသည် ဒကာ၊ ဒကာမတို့ အပါယ်လေးပါး သွားစေတတ်တဲ့ ဒိဋ္ဌိသေတာလို့ ပြောလိုက်လို့ရှိရင်လည်း ပြီးတာပဲ (မှန်ပါ့ဘုရား)။ သဘောကျရဲ့လား (ကျပါတယ် ဘုရား)။

ဖြစ်ပြီးပျက်တာ မြင်လိုက်တာ အနိစ္စမြင်တယ်ဆိုလည်း မှန်တာပဲ (မှန်ပါ့ ဘုရား)။ ရှင်းကောရှင်းရဲ့လား (ရှင်းပါတယ် ဘုရား)။

အနိစ္စမြင်တယ်ဆိုရင်လည်း မှန်ကောဗဲ့။ အင်း. . . ဖြစ်တာလေးကလည်း ပျက်သွားတာ မြင်လိုက်တော့ ဒကာ၊ ဒကာမတို့ ငါလည်းမဟုတ်ဘူး၊ ငါ့ဥစ္စာလည်း မဟုတ်လို့ ပျက်စီးတာပဲ၊ ဓမ္မလေးသဘောအတိုင်း ပေါ်လာတာ၊ ဓမ္မလေး ပျက်သွားတာ ဆိုသဖြင့် ငါ ငါ့ဥစ္စာဆိုတဲ့ သက္ကာယဒိဋ္ဌိက လာသေးရဲ့လား (မလာပါ ဘုရား)။

အဲဒါ မလာတာ ထောက်သဖြင့် ဩော် ဖြစ်ပျက်မြင်တာသည် ဒိဋ္ဌိသတ်နေတာပါလားလို့ ရှေဦးစွာပဲ မှတ်လိုက်တာပေါ့ (မှန်ပါ့ ဘုရား)။ ဖြစ်ပျက်မြင်တာ ဘာပါလိမ့် (ဒိဋ္ဌိသတ်နေတာပါ ဘုရား)။

ဖြစ်ပျက်မြင်တာသည် ဒိဋ္ဌိသတ်နေတာဟာ ဧကန်စင်စစ် ဖြစ်ပါတယ်ဆိုတာ သံယုတ်အဋ္ဌကထာ ဆရာက ဝိပဿနာသမ္မာဒိဋ္ဌိ ယာ အနိစ္စာဒိဝသေန ခန္ဓာဒိသု သောဓေတေသု ခန္ဓာဒိသု အနိစ္စခန္ဓာ အစရှိသည်တို့၌၊ ဝိသောဓေတေသု ငါ ငါ့ကိုယ်စွဲယူတဲ့ သက္ကာယဒိဋ္ဌိတရားကို ပယ်နုတ်ပြီး၍ ဒါ သက္ကာယဒိဋ္ဌိ ပယ်နုတ်နေတာတဲ့ (မှန်ပါ့ ဘုရား)။

ဖြစ်ပျက်ရှုတာ ဘာလုပ်ကြတာတုံး (သက္ကာယဒိဋ္ဌိ ဖြုတ်နေတာပါ ဘုရား)။ အဲ. . . ဒကာ၊ ဒကာမတို့ ရှုတုန်းကတော့ အနိစ္စမြင်အောင် ရှုတာ ပြောကြတယ် (မှန်ပါ့ ဘုရား)။ မှန်ပါတယ်တဲ့။

အနိစ္စမြင်အောင် ရှုတယ်ဆိုတာ မမှားပါဘူး။ အကျိုးဘာပြီးသတုံးလို့ မေးတဲ့အခါကျတော့ 'အပါယ်သွားစေတတ်တဲ့ သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ် ဘုရား' လို့ ခင်ဗျားတို့ လျှောက်ရလိမ့်မယ် (မှန်ပါ့ ဘုရား)။

ဖြစ်ပျက်မြင်ပြီး သေသွားစမ်းပါ

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေသည် ဖြစ်ပျက်မြင်ပြီး သေသွားစမ်းပါလို့ ပြောလိုက်ပါတယ် (မှန်ပါ့ ဘုရား)။

ဖြစ်ပျက်အဆုံး မရောက်ချင်နေပါစေ၊ ခန္ဓာကိုယ်မှာ ဥပဇ္ဈာဒက၊ ဥပဃာတကကံတွေက ဝင်လာပြီး ဖြတ်လိုက်လို့ ဦးဘအုန်းတို့နော် အပါယ်တော့ စိတ်ချရတယ် (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ စိတ်ချရသတုံးလို့ မေးတဲ့အခါကျတော့ သက္ကာယဒိဋ္ဌိက ပြုတ်နေလို့ (မှန်ပါ့ ဘုရား)။ သက္ကာယဒိဋ္ဌိက ပြုတ်နေတော့ ဖြစ်တာမြင်သဖြင့် သက္ကာယဒိဋ္ဌိ၊ ဥဇ္ဈာဒဒိဋ္ဌိ ပြုတ်တယ်လို့ မနေ့က ပြောခဲ့တယ် (မှန်ပါ့ ဘုရား)။ ပျက်တာ မြင်သဖြင့် သဿတဒိဋ္ဌိ ပြုတ်တယ်လို့ မနေ့က မပြောခဲ့ဘူးလား (ပြောခဲ့ပါတယ် ဘုရား)။

အဲဒါကြောင့် ဒကာ၊ ဒကာမတို့၊ မူလအရင်းဒိဋ္ဌိတွေက မပြုတ်လား (ပြုတ်ပါတယ် ဘုရား)။ အဲဒါကြောင့် သံယုတ်အဋ္ဌကထာ ဆရာက ခန္ဓာအစရှိသည်တို့ကို သောဓေတဲ့သူ သက္ကာယဒိဋ္ဌိ သုတ်သင်ပြီးသည်ရှိသော် ဝိပဿနာ

www.burmeseclassic.com

သမ္မာဒိဋ္ဌိက သက္ကာယဒိဋ္ဌိ သုတ်သင်တာ၊ ဦးခင်မောင် ဘာတဲ့ထုံး (သက္ကာယဒိဋ္ဌိ သုတ်သင်ပါတယ်တဲ့ ဘုရား)။

ဩော်. . . သက္ကာယဒိဋ္ဌိ သုတ်သင် ရှင်းလင်းတဲ့စာရားလို့ဆိုသဖြင့် အားလုံး တရားနာကြတဲ့ ဒကာ၊ ဒကာမတွေဟာ ဩော်. . . အပါယ်လေးပါး တံခါးပိတ်တာ ဒီကစောကိုး၊ ဝိပဿနာရွှေတာက ဖြစ်ပျက်မြင်တာက ဒါကိုးလို့ သေသေချာချာ မှတ်ပါ (မှန်ပါ့)။ ရှင်းပြီလား (ရှင်းပါတယ် ဘုရား)။

ဖြစ်ပျက်မြင်တာသည် အပါယ်တံခါးပိတ်တာ

အပါယ်လေးပါး တံခါးပိတ်တာသည် ဘယ်ကစပါလိမ့် (ဖြစ်ပျက်မြင်တာက စပါတယ်ဘုရား)။ ဖြစ်ပျက်မြင်တာ စ စတယ်၊ ဖြစ်ပျက်မြင်တော့ ဘာကျေးဇူး ခံစားရသတုံးလို့ အမေးထုတ်ရင် ဘယ်နှယ်ဖြေကြမယ် (သက္ကာယဒိဋ္ဌိ ပြုတ်ခြင်းကျေးဇူး ခံစားရပါတယ် ဘုရား)။

သက္ကာယဒိဋ္ဌိ ပြုတ်သွားတယ်ဆိုသဖြင့် ရင်ဝလှဲစူးဆိပ်ဦးမီးလောင်ဆိုတာ သက္ကာယဒိဋ္ဌိ အရင်ပြုတ်ရမယ်ဆိုတာသည်ကားလို့ ဆိုလို့ရှိရင် အနေတကြီး အပါယ်သွားရဦးတရား ဖြစ်နေလို့ ဖြတ်ရတာ မဟုတ်လား (မှန်ပါ့ ဘုရား)။

အဲဒီတော့ သူဖြတ်နေတဲ့ အလုပ်ကို ကျွပ်တို့က သေသေချာချာ ဖြူတ်ပြီးသားဖြစ်နေတော့ အင်း. . . မဂ်ဉာဏ်ရေလည်း ဝိပဿနာမဂ်နဲ့ပဲ သေသွားစမ်းပါ။ လောကုတ္တရာဆိ မရောက်ချင်နေပါစေ၊ အပါယ်လေးပါးတော့ မရောက်ပါဘူး

ဒုတိယဘဝလည်း သေသေချာချာ သောတာပတ္တိမဂ်ရမယ် ဆိုတာကိုလည်း အင့်တွင်ရိုက ဘဝန်ခံသောကြောင့် အင့်တွင်ရိုဆိုတာ ဘုရား တိုက်ရိုက်ဟောတာ ဖြစ်လေသောကြောင့် ဦးဘအုန်း ဂရုစိုက်ရတယ်။

ဒါဖြင့် ဝိပဿနာမဂ်ဆိုတာ မဖြစ် ဖြစ်အောင်လုပ် (မှန်ပါ့ ဘုရား)။ ရှင်းပြီနော် (ရှင်းပါတယ် ဘုရား)။ ဘာလုပ်ကြမယ် (ဝိပဿနာသမ္မာဒိဋ္ဌိ လုပ်ကြရပါမယ် ဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိ မဖြစ်ဖြစ်အောင် လုပ်ရမယ်ဆိုတဲ့ဥစ္စာသည် သက္ကာယဒိဋ္ဌိ မပြုတ် ပြုတ်အောင် ဖြူတ်ရမယ်ဆိုတာနဲ့ ဘာထူးတုံး (မထူးပါ ဘုရား)။

ဒကာ၊ ဒကာမတို့ ဝိပဿနာ သမ္မာဒိဋ္ဌိ မဖြစ်ဖြစ်အောင် ရှုရမယ်ဆိုတဲ့ဥစ္စာ သက္ကာယဒိဋ္ဌိ မပြုတ်ပြုတ်အောင် ဖြူတ်ရမယ်ဆိုတဲ့ စကားနဲ့ ဘာမှမထူးဘူး (မထူးပါဘူး ဘုရား)။

ရှင်းကော ရှင်းရဲ့လား (ရှင်းပါတယ် ဘုရား)။ အဲဒါကြောင့် သာသနာတွင်း တရားလည်းဖြစ်တာနဲ့ ကျွပ်တို့ သေသေချာချာ စဉ်းစားကြည့်ပါ။

တစ်လောကလုံး ကျွပ်တို့မှာ အပါယ်ကို ဘုရားက ဟောခဲ့တယ်။ နောက် သံသရာတို့သည် အမြဲနေရာ ဘယ်နေတုံးလို့ မေးတော့ ဆရာအုန်းကြီး လွှန်ခဲ့တဲ့ (၁၅)ရက်လောက်က ပြောခဲ့တယ် မဟုတ်လား။ အပါယ်လေးပါးလို့ ပြောခဲ့တယ် (မှန်ပါ့ ဘုရား)။

ဒကာ၊ ဒကာမတွေ အမြဲနေတဲ့နေရာ ဘာပါလိမ့် (အပါယ်လေးပါးပါ ဘုရား)။ ဒါဖြင့် သက္ကာယဒိဋ္ဌိကြောင့် ကျတာပဲဟာ (မှန်ပါ့ ဘုရား)။

အပါယ်လေးပါးချည်း နေခဲ့ရတာ ဘယ့်နှယ်ကြောင့်တုံး (သက္ကာယဒိဋ္ဌိကြောင့်ပါ ဘုရား)။ သက္ကာယဒိဋ္ဌိကြောင့် ကျတာပါ ဆိုသဖြင့် ဦးဘအုန်းတို့ စဉ်းစားပေတော့နော် (မှန်ပါ့ ဘုရား)။

ဘယ်တော့မှ မဖြူတ်ဖူးဘူးဆိုတာ သေချာပြီ (သေချာပါပြီ ဘုရှ်ား)။ ဦးဘအုန်း ဘယ့်နှယ်တုံး (သေချာပါပြီ ဘုရား)။ ဘယ်တော့မှ မဖြူတ်ဖူးဘူးဆိုတာ သေချာပါတယ်။ ဘယ်တော့မှ ဝိပဿနာအလုပ် မလုပ်ဖူးဘူးဆိုတာ သေချာတယ် (သေချာပါတယ် ဘုရား)။

သေချာပါတယ် ဒကာ၊ ဒကာမတို့ ဘယ်တော့မှ ဝိပဿနာအလုပ် မလုပ်ဘူးဆိုတာ သေချာပါတယ် (မှန်ပါ့ ဘုရား)။

အဲဒါကြောင့် အပါယ်လေးပါးသည် ကျွပ်တို့ အမြဲနေရာ အိမ်ဂေဟာကြီးပဲလို့ ဓမ္မပဒ အဋ္ဌကထာ ဆရာက ဆိုပါတယ် (မှန်ပါ့ ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ သက္ကာယဒိဋ္ဌိ မပြုတ်သေးဘဲနဲ့ ဒကာ၊ ဒကာမတွေသည် အေးအေးနေချိန်ဖြင့် လုံးဝမရှိလို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့ ဘုရား)။

ဒါကြောင့် ဒိဋ္ဌမပြုတ်ဘဲနဲ့ အေးအေးနေချိန် (လုံးဝမရှိပါ ဘုရား)။

သက္ကာယဒိဋ္ဌိ အလျင်ပြုတ်ပါ

ခင်ဗျားတို့ အရောင်းတွေ၊ အဝယ်တွေ၊ သားခင်ဖို့၊ သမီးခင်ဖို့၊ ဆွေခင်မှု၊ မျိုးခင်မှု အသာလျှော့စမ်းပါ (မှန်ပါ့ ဘုရား)။ ဒီသက္ကာယဒိဋ္ဌိ အလျင်ဖြုတ်လိုက်စမ်းပါ (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

သားသမီး ဆွေမျိုး ဉာတကာ ကိစ္စအလုပ်ကို မလွဲသာတာတွေ မလွဲသာဟု ပြောမနေနဲ့၊ မလွဲသာတာက သက္ကာယဒိဋ္ဌိ ဖြူတ်ဖို့ရာ မလွဲသာတဲ့အလုပ် (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဟိုဟာတွေ လွဲသာတယ်၊ မုန်းတာပဲရှိတယ်၊ သားဆီမသွားရင် သားကပဲ မုန်းမယ်၊ သမီးဆီမသွားရင် သမီးက မုန်းတာပဲ ရှိတယ်၊ အပါယ်တော့ မရောက်ဘူး (မှန်ပါ့)။ သက္ကာယဒိဋ္ဌိ ဖြစ်ပျက်ကို မမြင်လို့ သက္ကာယဒိဋ္ဌိ မပြုတ်ခဲ့သော် ဒကာ၊ ဒကာမတို့ မုန်းတာထက် ဆိုးတယ်နော် (မှန်ပါ့ ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com

မုန်းဆိုတာ အရေးမကြီးပါနဲ့၊ အပါယ်ကျမှာ အရေးကြီးပါတယ်။ သက္ကာယဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်များသည် ယထာဟိမုဂ္ဂမာသိပ္ပမာဏာဟိ ပါသာဏာ သက္ခရာ ဥဒကေ ပက္ခိတ္တာ ဥပ္ပိလဝမာနာနာမ နတ္ထိလို့ အင်္ဂုတ္တိရ် အဋ္ဌကထာက ဆိုသောကြောင့် သက္ကာယဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်များဟာကွာ ကျောက်ခဲလေး ရေထဲချလိုက်သလို ဘယ်တော့မှ ပေါ်လိမ့်မယ်လို့ ငါဘုရား မဟောဘူးကွ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ သားမုန်းတာ၊ သမီးမုန်းတာ၊ ပစ္စည်းမရတာ အရေးမကြီးပါနဲ့၊ ကိုယ်မြုပ်သွားလို့ မပေါ်မှာသာ စိုးရိမ်ပါ (မှန်ပါ့ ဘုရား)။ ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။ ကိုယ်မြုပ်သွားလို့ (မပေါ်မှာ စိုးရိမ်ရပါတယ် ဘုရား)။

အဲ... ခင်ဗျားတို့က အခုမှတွေ့တဲ့ သားသမီး၊ အခုမှတွေ့တဲ့ ဆွေမျိုး၊ ခုမှတွေ့တဲ့ အိမ်နီးနားချင်း၊ ယခုမှရတဲ့ ပစ္စည်းလေးကို ခင်ဗျားတို့က အရေးတကြီးထားပြီး နေကြပါတယ် (မှန်ပါ့)။

ကိုယ့်ကိုယ်ကိုယ် သနားတဲ့ကိစ္စ မပါဘူး (မှန်ပါ့)။ သူတစ်ပါး ငဲ့ပြီးတော့ အပါယ်လေးပါး ရောက်ပစေတော့ ဒီအဓိပ္ပာယ်ရောက်နေတယ် (မှန်ပါ့)။ မရောက်ဘူးလား (ရောက်ပါတယ် ဘုရား)။ အဲဒီတော့ ခင်ဗျားတို့သည် မသိတဲ့အထဲ ဆိုးရွားတာ ပိုနေတယ် (မှန်ပါ့)။ သဘောကျကြပြီလား (ကျပါပြီ ဘုရား)။

မသိတဲ့အထဲမှာ (ဆိုးရွားတာ ပိုနေပါတယ် ဘုရား)။ ဆိုးရွားတာ ပိုနေသေးတယ်ဆိုတာ အရွယ်တွေလည်း ကြည့်ကြစမ်းပါဦး (မှန်ပါ့)။

အရွယ်တွေလည်း ကြည့်ကြစမ်းပါဦး (မှန်ပါ့)။ အရွယ်တွေလည်း ကြည့်ကြစမ်းပါဦး၊ အလွန်ကြီးရင့်ကုန်ပြီ၊ သုသာန်မျက်စောင်းထိုးကုန်ပြီဆိုရင်ကော လွဲပါ့မလား (မလွဲပါဘုရား)။

အဲဒီတော့ အရေးကြီးရမှာက ရင်ဝ လှံစူး၊ ဦးခေါင်းမီးလောင် ဒါထက် သက္ကာယဒိဋ္ဌိဖြုတ်ဖို့ ပိုအရေးကြီးတာ သံယုတ်ပါဦးတော်က မဟောဘူးလား၊ အဲဒီတော့ ဒါကိုလုပ်ပါ သက္ကာယဒိဋ္ဌိဖြုတ်ပါဆိုတော့၊ ဘယ့်နှယ်ဖြုတ်ရမှာတုံး မေးတော့ ဖြစ်ပျက်ရှုမှ ပြုတ်မှာ (မှန်ပါ့)။ ပေါ်လာတဲ့စိတ်ကလေးကို (ဖြစ်ပျက်ရှုရမှာပါ ဘုရား)။

ဖြစ်ပျက်ရှုမှ ပြုတ်မှာ ဒကာ၊ ဒကာမတို့၊ ဖြစ်ပျက်မှ မရှုလို့ ရှိရင်တော့ မပြုတ်ပါဘူး (မပြုတ်ပါဘူး ဘုရား)။မပြုတ်ပါဘူး၊ ခင်ဗျားတို့ ရုပ်နာမ်ခွဲခဲ့လေးလောက်နဲ့တော့ သညာပြုတ်သိလို့ ခေါ်တယ် (မှန်ပါ့)။ ရုပ်နာမ်ခွဲခဲ့ရုံလေးဟာ ဘာပါလိမ့် (သညာပြုတ်သိလို့ ခေါ်ပါတယ် ဘုရား)။

ဒါက ပညာပြုတ် ဦးဘတင်ရေ (မှန်ပါ့)။ ဒါက ပညာနဲ့ကို ဖြုတ်တာ၊ ဝိပဿနာပညာနဲ့ကို ဖြုတ်တာ (မှန်ပါ့ ဘုရား)။ ဒါ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ ဖြုတ်တယ် (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။ အဲဒီတော့ ဒကာ၊ ဒကာမတို့ ကိုယ့်အရေးကို သိကြပလား (သိကြပါပြီ ဘုရား)။

ဒီတစ်လောကလုံး ကျွဲပ်တို့ ဘုရားအဆူဆူနဲ့ လွဲခဲ့တာလည်း အပါယ်ငရဲ နေခဲ့ရလို့ပဲ ဆိုရင်ကော လွဲပါ့မလား (မလွဲပါ ဘုရား)။ အင်း... အပါယ်ငရဲ ဘယ်သူကရောက်အောင် ပို့ထားပါလိမ့်မလဲ (သက္ကာယဒိဋ္ဌိက ပို့ခဲ့တာပါ ဘုရား)။

သဘောကျပလား (ကျပါပြီ ဘုရား)။ ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။ ဒါ သူမပြုတ်သရွေ့ ကာလပတ်လုံး ဘယ်ဘုရားနဲ့မဆို လွဲဖို့ရာ သေချာပြီးသားလို့မှတ် (မှန်ပါ့)။ ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။

ဘယ်ဘုရားနဲ့မဆို လွဲဖို့ရာသည် ဘယ်လိုဆုတောင်းဆုတောင်း တောင်းချင်သလောက်တောင်း သက္ကာယမပြုတ်ရင် လွဲရမယ် (မှန်ပါ့)။ ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။

ဆုတောင်းလေး သာမညနဲ့ တကယ်ချမယ့် သက္ကာယဒိဋ္ဌိက အပါယ်ပို့ထားမှာနဲ့ဆိုတော့ ဆုတောင်း သာမညနဲ့ တကယ်ပို့မယ့်တရားနဲ့ ဘယ်သူ အတည်ပြုကြမယ် (တကယ်ပို့မယ့် သက္ကာယဒိဋ္ဌိကို အတည်ပြုရမှာပါ ဘုရား)။

တကယ်ပို့မယ့်တရား အတည်ပြုရမယ်လို့ ဦးဇင်္ဂဝရင်တို့ မှတ်ရလိမ့်မယ် (မှတ်ရပါမယ် ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဆုတောင်းထားတာပဲ ကျွဲပ်တော့ အင်း... ဘုရားနဲ့တွေ့ဖို့ရာ ဌေးဦးစွာ ဘုရားဖူးဖို့ရာ၊ ဌေးဦးစွာ လှူဖို့ရာ အို... မတွေ့ဘူး၊ မတွေ့ဘူး စိတ်သာခ၊ ဘာဖြစ်လို့ မတွေ့တုံးဆိုတော့ မတွေ့နိုင်တဲ့ တရားက မတွေ့အောင်လို့ ပို့ထားမယ့်တရားက ကျွဲပ်တို့ ဖြုတ်မှ မဖြုတ်ခဲ့ဘူး ဘဲကိုးဗျ (မှန်ပါ့ ဘုရား)။

ဘယ်သူပါလိမ့် (သက္ကာယဒိဋ္ဌိပါ ဘုရား)။ အဲ... သက္ကာယဒိဋ္ဌိက အပါယ်လေးပါး ပို့ထားမယ့်တရား (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဘုရားပေါင်း ဘယ်နှဆူပွင့်သွားပြီလဲ

ဒါကြောင့် ဘုရားပေါင်း ဘယ်လောက်ပွင့်သွားပြီလဲ ဦးဘအုန်းတို့ရေ (မရေတွက်နိုင်ပါ ဘုရား)။ ဂင်္ဂါမြစ်ဝဲမှာ သဲလုံးနှင့်အမျှနော်၊ ဘာကြောင့်မတွေ့ပါလိမ့်မတုံး၊ ဘယ်သူကများ လုပ်ထားပါလိမ့်မတုံး (သက္ကာယဒိဋ္ဌိက ပို့ထားတာပါ ဘုရား)။

သက္ကာယဒိဋ္ဌိက ဘယ်ပို့ထားပါလိမ့်မတုံး (အပါယ်ပို့ထားပါတယ် ဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ နောက်ဘုရားတွေလည်း ဂင်္ဂါဝဂြိ သဲစုမက ပွင့်ဦးမှာပဲ ဦးဘအုန်းရေ (မှန်ပါ့ ဘုရား)။ သူမပြုတ်ရင် ပို့ထားဦးမှာပဲ (မှန်ပါ့ ဘုရား)။ ရှင်းပြီလား (ရှင်းစပြီ ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com

သူမပြုတ်ရင် ပို့ထားဦးမှာ ဆိုသဖြင့် ဦးသူတော်တို့ အထူးအရေးမကြီးဘူးလား (ကြီးပါတယ် ဘုရား)။ ဒါကြောင့် ခင်ဗျားတို့အိမ် မီးလောင်ချင်လောင်၊ ခေါင်းမီးလောင်ချင်လောင် ဟုတ်လား၊ အဝတ်မီးလောင်ချင်လောင်၊ အဲဒါ မငြိမ်းချင်နေ၊ သက္ကာယဒိဋ္ဌိကို အလျင်ဖြုတ်လိုက်ပါ (မှန်ပါ့ ဘုရား)။

ဒါကြောင့် ဘုရားက အရေးကြီး ကြီးသလို ဟော တယ် (မှန်ပါ့ ဘုရား)။ အဲဒါ ဘယ်ပါဦးတော်မှာ လာသတုံး ဆိုတော့ အို. . . သက္ကာယဒိဋ္ဌိဟာ ကွာတဲ့ ပညာယ ပရိဟာနေန၊ ပဿလောက် သဒေဝကံ။ နိဝိဋ္ဌံ နာမရူပသ္မိ၊ ဣဒံ သစ္စန္တိ မံညတိ။ ဣတိဝုတ်ပါဦးတော်မှာ ပညာကင်းပြီး ဝိပဿနာ ကင်းတဲ့အတွက် ကွာတဲ့ တစ်သံသရာလုံး အပါယ်ချည်း နေခဲ့ရတယ်၊ ဟေ့ . . . (မှန်ပါ့ ဘုရား)။

ငါ ငါ ဒိဋ္ဌိမပြုတ်ခဲ့တဲ့အတွက် အပါယ်လေးပါးချည်း နေခဲ့ရတယ်ဟေ့၊ ဘုရားက ဘုရားဖြစ်လာတော့ ဟောရှာ တယ် (မှန်ပါ့ ဘုရား)။

ကိုင်း. . . ဒကာ၊ ဒကာမတို့ ဒီတစ်ခါ ဖြုတ်ရမယ့် ဝိပဿနာ ရှုရင်ရှု၊ ရှုရင်ဖြုတ်တာပဲ (မှန်ပါ့ ဘုရား)။ ဒီတစ်ခါ မီ မလုပ်တော့ဘူးဆိုရင်ဖြင့် ခင်ဗျားတို့ ဒီထက် ကိုယ်ကျိုး နည်းတာ ရှာမတွေ့တော့ဘူး (မှန်ပါ့ ဘုရား)။ သဘောကျ ပြီလား (ကျပါပြီ ဘုရား)။

သားကိစ္စ၊ သမီးကိစ္စ၊ ဆွေကိစ္စ၊ မျိုးကိစ္စ ဘေးချိတ် ပါ (မှန်ပါ့ ဘုရား)။ ကိုယ့်အရေး အရေးတကြီးလုပ်၊ လုပ်လိုက်ပါဆိုတာ တိုက်တွန်းပါတယ် (မှန်ပါ့ ဘုရား)။

စားဖို့သောက်ဖို့ နေဖို့ထိုင်ဖို့ အလုံးစုံအကုန် မပြည့်စုံတာ မပူပါနဲ့ ဦးဘအုန်းရ (မှန်ပါ ဘုရား)။ အပါယ်မျိုးစေ့ ဝမ်းထဲရှိနေတာကို မရှိအောင်လုပ်ဖို့ရာ အရေးမကြီးဘူးလား (ကြီးပါတယ် ဘုရား)။

အပါယ်မျိုးစေ့ ဝမ်းထဲရှိနေတာသည် ဘယ်သူပါလိမ့် (သက္ကာယဒိဋ္ဌိပါ ဘုရား)။ အဲ . . . သက္ကာယဒိဋ္ဌိ ဆိုတော့ သူတစ်ခုရှိရင် ဦးဘတင်ရေ ဒွါသဋ္ဌိ ဒိဋ္ဌိယော ဥပဂွန္တိမာနာ သက္ကာယဒိဋ္ဌိ ပမုခေနေဝ ဥပဂွန္တိ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတွေက သူရှိလို့ ဒိဋ္ဌိတွေ အကုန်တက်လာ၊ ကဲ. . . ဘယ် လောက်ကြောက်စရာကောင်းတုံး (ကြောက်စရာ ကောင်းပါ တယ် ဘုရား)။

ဦးခင်မောင်ရေ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိ အယူ မှားတွေ သက္ကာယဒိဋ္ဌိက ပွားလာတာ (မှန်ပါတယ် ဘုရား)။

ဒါကြောင့် ဒကာ၊ ဒကာမတို့ တစ်သံသရာလုံး ကျူပ်တို့ သည်ကား ဆိုလို့ရှိရင် ဒီဒိဋ္ဌိပို့ချက်ကြောင့် ဂဂီဝါဠူသဲစုမက ဘုရားတွေနဲ့ လွဲရ၊ တရားတွေနဲ့ လွဲရ ဟုတ်လား။ ဘာနဲ့ချည်း အမြဲနေရတုံးဆိုတော့ ဒုက္ခပြီး ဒုက္ခ ဆက်နေခဲ့ရတယ်လို့ ဆိုလို့ရှိရင် အမှန်ပဲ ဆုံးဖြတ်ချက်ချရမယ် (မှန်ပါ့ ဘုရား)။ တဲ့. . . ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။

ကဲ. . . ဒါဖြင့် ဒီဘဝမှာ ဘုန်းကြီးပြောတဲ့အတိုင်း ပဋိစ္စသမုပ္ပာဒ် အစပေါ်တဲ့ ခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကို ဖြစ်ပြီးပျက်တဲ့သဘော ခန္ဓာပဋိစ္စသမုပ္ပာဒ်လို့လည်း သိရမယ် (မှန်ပါ့ ဘုရား)။ ခန္ဓာပဋိစ္စသမုပ္ပာဒ်လို့ သိရမယ်ဆိုတဲ့ စကားက တခြားကြောင့်ပြောရတာလို့ အောက်မေ့မနေနဲ့။

ပုဂ္ဂိုလ်သတ္တဝါ ပေါ်လာမှာစိုးလို့ (မှန်ပါ့ ဘုရား)။ ဦးဘ အုန်း ဘယ်အကျိုးဇာတုံး (ပုဂ္ဂိုလ်သတ္တဝါ ပေါ်လာမှာစိုးလို့ ပါ ဘုရား)။

အခုပေါ်လာတဲ့ ဥပမာမယ်၊ သောတဘဋ္ဌပဋိစ္စ သဒ္ဒေစ ဥပဂွန္တိ သောတဝိညာဏ် ကြားစိတ်ကလေး၊ ကြားစိတ် ကလေးက ပဋိစ္စသမုပ္ပာဒ်အစပေ့၊ အဲဒီ ပဋိစ္စသမုပ္ပာဒ် အစ ကို ဒကာ၊ ဒကာမတွေက သိပါမှ ဩော် . . . ဒါ ပဋိစ္စ သမုပ္ပာဒ် တရားလေးပါလား (မှန်ပါ့ ဘုရား)။ သဘောကျ ပလား (ကျပါပြီ ဘုရား)။

ဒီထဲက ငါလား၊ သူလား ဆိုတာလေးက ပျောက်နေ တယ်။ အစကတည်းကလည်း ဉာဏ်နဲ့မျောက်ပြီးသကာလ သွားတော့ ငါလား၊ သူလားလို့လည်း နဂိုကလည်း မထင်တဲ့ အထဲမှာမှ သူကနေပြီးသကာလ ပျက်ပျက်ပြီး ပြလိုက်ပြန် တော့ မပြုတ်ဘဲ ခံနိုင်ပါ့မလား (မှန်ပါ့)။

သဘောကျပလား (ကျပါပြီ ဘုရား)။ နဂိုကလည်း ဓမ္မပေါ်တယ်၊ နောက်ကျတော့ ဓမ္မမဲ့ အနိစ္စရောက်တယ် ဆိုတော့ ဓမ္မပေါ်၍ ဓမ္မ အနိစ္စ ရောက်တယ်ဆိုတော့ ဘယ် မတုံးဗျ၊ ငါ ငါ့ဥစ္စာပါသေးလား (မပါပါ ဘုရား)။

သဘောကျရဲ့လား၊ အဲဒါကြောင့် ဒကာ၊ ဒကာမတို့ ဝိပဿနာရှုမှု အလုပ်မှတစ်ပါး သာသနာတွင်း အလုပ်သည် ကားလို့ ဆိုလို့ရှိရင်ဖြင့် အရေးတကြီး ထားရမယ့်အလုပ် သူပဲ (မှန်ပါ့)။

ဓမ္မဒါန

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးတိုင်းဒေသကြီး
ပန်းတောင်းမြို့နယ်မှ

ဖိုးဦးတောင်
စေတီတော်

www.burmeseclassic.com

www.burmeseclassic.com

ဖိုးဦးတောင်သို့ ရွာတွင်းမှအဝင်

လှေနှစ်ပေါင်းသုံးရာခန့်အရွိန်ကစ၍ ရှိခဲ့သော လျှေသပိတ်ကြီး

သာသနာ ကြွယ်ဝ ဖြိုးမောက်သော မြန်မာပြည် ဆင်နဲတစ်လျှား၌ သာသနာ့အမွေခံ စေတီများ၊ ကျောင်း ရေပ်များအပြင် သက်တော်ထင်ရှား မြတ်ဗုဒ္ဓဘုရားဟူသော ဆိုခိုနေထုံးကို နှလုံးမူ၍ မုဒြာဟန်အသွယ်သွယ်ဖြင့် ကိုယ်စား ကိုယ်ပွား ထုဆစ်ပူဇော်ကိုးကွယ်နေသည့် ဗုဒ္ဓရုပ်ပွားဆင်းတု တော်များသည်လည်း မြို့ရွာအသီးသီး၌ တည်ရှိစံပယ်နေ ပါသည်။

မြန်မာနိုင်ငံအတွင်း ဘုရားဖူးခရီးသွားများနှင့် ဒေသခံ ထူသိုလ်ရှင်များ၏ စေတနာအားကြောင့် ရှေးအမွေခံ အာသနိက ဘုရားစေတီများသည် ယခုပင် တည်ထားသည့် ထက် ဆွေရောင်တဝင်းဝင်း တင့်တယ်ခြင်းများနှင့် သပ္ပာယ်စွာ ရှုတွေ့ကြရမှာ ဖြစ်ပါသည်။

ကျွန်မအနေဖြင့် ဘုရားဖူးခရီးများ အခါခါရောက်ခဲ့ သော ပဲခူးတိုင်းဒေသကြီး ပြည်မြို့၏ မြစ်တစ်ဖက်ခြမ်း မန်းတောင်မြို့နယ်တွင် ရွှေဘုံသာမုနိဘုရားကြီးအား ဖူးမြော် ရှုခင်း ဘုရားကြီး ခြေတော်ရင်းမှအဆင်း ဘယ်ဘက်လမ်း ကလေးတွင် စိုက်ထူထားသော "ဖိုးဦးတောင်" ခရီးအစ ချဉ်းကပ်ကြည့်ဂ ဒီနေရာမှာ ဒီစာဖြစ်သော "ဖိုးဦးတောင်" ဆိုသော မုခ်ဦးနှင့်သာ အဓွတ်တုရ ဓာတ်ပုံရိုက်၍ ပြခဲ့ရပေါင်း များခဲ့ပါသည်။

ယခုနှစ်မှာလည်း ပြည်မြို့သို့ ခရီးထွက်ရန် အကြောင်း ပေါ်တာ ရောက်ခဲ့ရသော နေရာထူးကဲား အမှန်စင်စစ် ဖိုးဦးတောင်ဘုရားဖူး ဖြစ်ပါသည်။

ကျေးဇူးတင်ထိုက်သူများမှာ ဤခရီးကို စီစဉ်ပေးသူ ရဟန်းတော်ဆရာတော်ကြီး ဘဒ္ဒန္တသောမစာရ၊ ခရီးစဉ်ကို ဦးဆောင်ကိုယ်တိုင်မောင်းပြီး လိုက်ပို့သူ ပြည်မြို့ မိုးမေတ္တာ ရပ်ကွက်နေကူညီမှုအသင်း အတွင်းရေးမှူးဦးထွန်းအောင် (ခေါ်) ဦးခင်ဇတကလေးတို့အား အနူးအညွတ် ကျေးဇူးတင်အပ်ပါ ကြောင်း။

ဖိုးဦးတောင်ဘုရားသို့ ရောက်သောအခါ နံနက်စာ ဆောင်း အာဟာရဖြင့် ကျွေးမွေးကျွေးခဲ့သော ဖိုးဦးတောင် ဘုရားကုန်းတော်၏ ယခုလက်ရှိ နာယက ဆရာတော် ရှင်ကဝိသာရ အရှင်မြတ်နှင့် ဥပါသကာ အဖွဲ့ကိုလည်း တစ်လုတ်စားဖူး ကျေးဇူးထူးက ရှိသေစွာ ကျေးဇူးတင်ပါ သည်ဟု ကျေးဇူးစကားများ ဆိုအပ်ပါသည်။

ရှေးလူကြီးသူမများ၏ ဆိုစကားမှာ သရေခေတ္တရာ အစ ဖိုးဦးတောင်ကဟု အဆိုရှိခဲ့ကြောင်း မှတ်သားမိပါသည်။ ဤစကားဖြစ်နိုင်ပါသည်။ ဖိုးဦးတောင်သမိုင်းသည် ဘုရားရှင် သက်တော်ထင်ရှား ရှိခဲ့စဉ်က စခဲ့သောကြောင့် မှန်နိုင်ပါ သည်။ ထို့ကြောင့် ဖိုးဦးတောင်သမိုင်းကို ကျွန်မတို့ စာရေး ဆရာမနှစ်ဦး ရေးသားနိုင်ရန် ဆရာတော်ထံ လျှောက်ထား လိုက်မိပါသည်။

ရှေးရှေးအခါက ဖိုးဦးတောင် ဖြစ်လာမည့်နေရာ သည် ဘီလူးများနှင့် နဂါးတို့၏ နေရာဖြစ်ပါသည်။ ထိုနေရာ သို့ ဂေါတမဘုရားရှင်သည် နှစ်ကြိမ် နှစ်ခါ ကြွရောက်ခဲ့ဖူး သည်ဆိုသော သမိုင်းမှတ်တမ်းလည်း ရှိနေပါသည်။

ထိုစဉ် အခါက ဘုရားရှင် ဟောကြားအပ်သော သစ္စာလေးပါး မြတ်တရားကို နာကြားရသည့် သမ္မာလဘီလူး မင်းနှင့် သူ၏ဇနီး အဘိမုခဘီလူးမတို့သည် သောတာပန် တည်ခဲ့ပြီး အခြံအရံ ဘီလူးများလည်း သရဏဂုံသီလတည် ခဲ့ကြပါသည်။

ဖိုးဦးတောင်တစ်ဖက်၌ရှိသော ဝေမိသာကတောင်၊ မဟိန္ဒတောင်၊ ဣန္ဒာတောင်နှင့် အရံနေကြသော ဘီလူး များကိုပါ ဘုရားရှင်ကြွလာပါကြောင်း သတင်းစကားပါး

ဖိုးဦးတောင်စေတီအား ဝန်းရံပြန်လှန်ထားသော ဗဟိုမိုးနှင့်ပုံး

www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်းရဟန္တာသိမ်ကြီးအား ပြန်လှည့်ထားအပြီး

ကြားလိုက်၏။ ထို့ပြင် တောင်များ၏ အောက်၌နေသော ဧရာပထနဂါးလည်း ကြားသိခဲ့၏။

နဂါးမင်းသည် ဝမ်းမြောက်ဝမ်းသာဖြင့် ဧရာဝတီကမ်းမှ ဖိုးဦးတောင်သို့ ဘီလူးတို့နှင့် အတူရောက်ခဲ့ပြီး မိမိကိုလည်း မိတ်ဆွေဘီလူးများ နာကြားခဲ့ရသော တရားများ ဟောတော်မူပါဟု ဘုရားရှင်အား လျှောက်ထား၏။

ဘုရားရှင်ကလည်း သစ္စာလေးပါး မြတ်တရားကို ဟောကြားခဲ့၏။

တရားသဘင် အပြီး၌ တရားနာ ဘီလူး၊ နဂါးတို့ တောင်းပန်မှုကြောင့်...

* နဂါးမင်းအား လေးဆူသော ဆံတော်မြတ်
* သမ္ဘူလဘီလူးမင်းအား ရှစ်ဆူသော မွေးရှင်တော်
* သမ္ဘူလဘီလူးမင်းဇာ်အား ထပ်မံ၍ "သုပုပ္ပိတ၊ ဇာမုဒ၊ ပဒုမ၊ ပုဏ္ဏရိက လေးပါးသော မွေးရှင်တော်
* ဝေဿာမိတ္တဘီလူးအား သက္ကာ၊ ဿမကုဋ္ဌ ဟူ၍ နှစ်ပါးမည်သော လက်ဝဲ၊ လက်ယာ မွေးရှင်တော်နှစ်ဆူ
* ဂ္ဂါဒ္ဓိမန္တဘီလူးအား လက်ခုံတော်နှစ်ဖက်မှ ဿရစိန္တ မွေးရှင်တော်နှစ်ဆူ
* ဝေလုကန္တဘီလူးအား ခြေဖမိုးတော် နှစ်ဖက်မှ မာရဘာဂ် မွေးရှင်တော်နှစ်ဆူ တို့ကို သနားတော်မူသော စိတ်ထားဖြင့် စွန့်တော်မူခဲ့ပါသည်။

ဤသို့ စွန့်တော်မူပြီးနောက် စေတီတည်ရန် ဆန္ဒရှိနေသော ဘီလူး၊ နဂါးတို့အား နေရာတော်ညွှန်ခဲ့၏။

ရှေးနောင်တော်ဘုရားတို့၏ ပရိဘောဂစေတီတည်ရာ သုဒဿနဂိရိမည်သော တောင်သို့ ညွှန်ခဲ့၏။

ကကုသန်ဘုရားရှင်၏ ဒုကူဠသက်နံးတော်၊ ကောဏာဂုံဘုရား၏ အံသကိဉ္ဇသက်နံးတော်၊ ကဿပဘုရားရှင်၏ ခါးပန်းတော်တို့ကို ဌာပနာ၍ သာသနာ အခွန့်ရှည်မည်ကိုလည်း မြင်ခဲ့၏။ ထိုမှတစ်ဖန် ဘုရားအလောင်းတော်သည် ဖွတ်မင်း၊ ယုန်မင်း၊ ကြက်မင်း၊ ဟင်္သာမင်း အဖြစ်တို့၌ ဤသုဒဿနဂိရိရိတောင်၌ပင် နေခဲ့ဖူးသည်ကို မြင်တော်မူ၍ စေတီတည်ရန် ညွှန်ခဲ့ခြင်းဖြစ်သည်။

စေတီတည်ထားသည့်အခါ အဖွိုက၊ သလွိုက ကုန်သည်ညီနောင်နှင့် တိုင်ပင်၍တည်ရန်နှင့် ကုန်သည်ညီနောင်တို့အား ရက်ပေါင်း(၅၉)ရက် စောင့်ပါဟု မိန့်ဆိုစကားပြုခဲ့၏။

နဂါး၊ ဘီလူးနှင့် ကုန်သည်ညီနောင်တို့ ဆုံကြသောအခါ သုဒဿနတောင်ထိပ်၌ တစ်ဝက်သော မွေးရှင်တော်များကို စပါးပုံသဏ္ဌာန်ဖြင့် ဆံတော်စေတီကို တည်ခဲ့၏။

ထို့နောက်တစ်ဖန် သီဟပဇ္ဇတမည်သော ဖိုးဦးတောင်၌ ဥဇ္ဇာလုံမွေးရှင်တော်၊ သုပုပ္ပိတမွေးရှင်တော်၊ သိင်္ဂြားမင်းဦးသျှောင်၊ မာရဘာဂ်မွေးရှင်တော်တို့ကို ဌာပနာပြု၍ ဖိုးဦးတောင်၏ ကျောက်ဖျာထက်၌ စေတီတည်ခဲ့ကြပါသည်။

ဘုရားရှင်၏ ပထမအကြိမ် ကြွခဲ့သော ခရီး၌ သီဟပဇ္ဇတတောင်သည် ဖိုးဦးတောင်စေတီဟူ၍ ဖြစ်လာရန် အကြောင်းဖန်ခဲ့ပြီး စေတီတည်ခဲ့၏။ ဘွဲ့မည်ဖြစ်သော ဖိုးဦးတောင်စေတီ ဖြစ်လာမှုသည် ဘုရားရှင် ဒုတိယမြို့ ကြွလာသောအခါက ဖြစ်၏။

ဘုရားရှင် ပထမအကြိမ် ကြွလာစဉ်က မဖူးခဲ့ရသောကြောင့် ပွေးဖိုနှင့် ပွေးမ ယခု ဒုတိယ အကြိမ်တွင် သတင်းစကားကြားသော် တစ်ဦးနှင့်တစ်ဦး သတင်းပေးရန် ကတိပြုခဲ့၏။

သို့သော် ပွေးဖိုမှ ဘုရားရှင်အား ဖူးမြော်အပြီး ပွေးမကို ရှာမရဲ ဖြစ်နေ၏။



ပွေးဟောင်း ကျောက်လိပ်ကလေး

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန် ပွေးမရောက်လာကာ စိတ်မကျေနပ်စွာဖြင့် "ဘဝဆက်တိုင်း တိုင်းခြားပြည်ခြား ဖြစ်ပါရစေ" ဟု ဆုပန်ခဲ့၏။

ပွေးဖိုက်လည်း "တိုင်းခြား ပြည်ခြားသော်လည်း ပေါင်းရပါစေ" ဟု ဆုတောင်းခဲ့၏။

သူတို့နှစ်ဦး ဆုတောင်း ပြည့်ကြောင်း ဘုရားရှင်က ဤသို့ မိန့်ခဲ့၏။

"နောင်သောအခါ သရေခေတ္တရာ ထွန်းကားချိန်တွင် ပွေးဖိုက ဒွတ္တပေါင်မင်းကြီးဖြစ်၍ ပွေးမသည် ဗိသနိုးပန်ထွာဘုရင်မဖြစ်ပြီး ငါ၏သာသနာကို စောင့်ရှောက်လတ္တံ့" တု ဗျာဒိတ်စကား ထားခဲ့၏။

ထို့နောက် ဘုရားရှင် ငါးဝါမြောက် ဒုတိယအကြိမ် ကြွခဲ့သောအခါမှစ၍ ကြုံခဲ့ရသော ပွေးဖို၊ ပွေးမတို့နှင့် အကြောင်းပြုကာ ပွေးဖိုဦးတောင်ဟု အမည်တွင်ခဲ့လေ၏။ ဇာလရွှေ့လာသောအခါ ဖိုးဦးတောင်ဟုံ အဲခေါ်ပြောင်းခဲ့ပါသည်။

ယခုအခါ ပြည်မြို့မှ ဖိုးဦးတောင်သို့ (၁၂)မိုင်ခရီး၊ ပန်းတောင်မြို့နယ် ရွှေဘုံသာမုနိစေတီမှ (၈)မိုင်ခရီး ရှိသော ဖိုးဦးတောင်သို့ ဘုရားဖူးများ ခရီးလမ်းချောမောစွာ သွားရောက်နိုင်ပါသည်။ ဆရာတော်-အစဉ်အဆက် ပြုပြင်မှုများ အသစ်တည်ထားမှုများ ရှိခဲ့ပါသော်လည်း လိုအပ်နေပါသေးသည်။

ဖိုးဦးတောင်ခရီးတွင် ရှေးအလွန်ကျသော စကြိုလမ်းတို့ တွေ့ခဲ့ရပါသည်။ ထိုလမ်းသည် ဖိုးဦးတောင်ခြေမှ တောင်ပေါ် အရောက် မိုးလုံ နေလုံဖြင့် ရှေးဟောင်းလက်ရာ သစ်သား၊ သွပ်ဖြင့်ဆောက်ထားသော စကြိုဖြစ်ပြီး နှစ်ပေါင်း များမျှ ရှိနေပြီကို မသိခဲ့ရသော်လည်း အလွန်အိုဟောင်း နေသော သစ်သားတိုင်နှင့် သွပ်မိုးများ ဖြစ်ပါသည်။

အုတ်လှေကားထစ်များနှင့် တစ်ချိန်က အလွန် ထင်ရှားခဲ့မည်ဟု ထင်ပါသည်။ ဆောင်ပုံအမိုးအစတိုင်း ဘုရားပန်းများဖြင့် ဆောင်ပုံမှန်ဦးကို စထားပါသည်။ ထိုစကြိုအလှူရှင်ကား သာသနာပြုခြင်းတွင် နေရာများစွာ ပိုင်ဆိုင်



ဖိုးဦးတောင်သို့ အတက်သိန်းသစ္စ စကြိုလမ်းနှင့်ပြည်မြို့မှ ဖိုးဦးတောင်ဘုရားသို့ ဦးဆွန်းအောင်



ဖိုးဦးတောင်ဘုရားတော် အလှူငွေကိုယ်စား

ခဲ့သော ရသေ့ကြီးဦးခန္ဓိ ဖြစ်ပါသည်။ ထိပ်ဆုံးရောက်ရန် ဆောင်ပုံ သုံးခုမှစ၍ လှေကားအလယ်တွင် ကိုင်၍ တက်နိုင်ရန် အလှူရှင်တစ်ဦးမှ စတီးလက်ရန်းများ လှူဒါန်းပါသည်။

ဆောင်ပုံ ကျောက်တိုင်အချို့တွင် သက္ကရာဇ် ရေးထိုးထားသည်မှာ ၁၂၈၂ ခုနှစ် ၁၂၉၆ ခုနှစ်ဟု တွေ့ရပြီး အောက်မြေတက်ကျရေး အုတ်ဖြင့် မွမ်းမံလှူဒါန်းထားသည်ဟုလည်း ယူဆရပါသည်။

အကြိမ်ကြိမ် အခါခါ လွှဲခဲ့ရသော် ဖိုးဦးတောင်သို့ ဘုရားဖူးခရီးကို အလွန်ဝမ်းသာဝိတိဖြစ်စွာ ကျေနပ်ခဲ့ရပါသည်။ ဒုတိယမကသော ဘုရားဖူးခြင်းဖြင့်လည်း ရောက်ရပါစေဟု ဆုမွန်ခြွေရင်း ပြန်ခဲ့ရပါသည်။

မြမဉ္ဇူဝေ(ကျုံမငေး)

ကိုးကြောင်း

၁။ စာရေးသူ၏ ၁၁-၉-၂၀၁၄ နေ့ ဖိုးဦးတောင်သို့ ဘုရားဖူးခရီးမှတ်တမ်း

၂။ ဖိုးဦးတောင်ဘုရားသမိုင်း၊ (ဂေါပကအဖွဲ့)

၃။ ပြည်ရွှေဆံတော်သမိုင်း

www.burmeseclassic.com

www.burmeseclassic.com

ရွှေပေါက်ပင်တောရကျောင်းဆရာတော်

ပြုန်းရှင်

ပဲခူးတိုင်းဒေသကြီး အနောက်ဘက်။

ပြည်မြို့ နဝဒေးရပ်တွင် ရွှေပေါက်ပင်တောရကျောင်း တည်ရှိပါ သည်။

ပြည်မြို့၏ ကုန်စည်ကူးသန်းရာ ပွဲရုံတန်းအနီး နဝဒေး တံတားသို့သွားရာ ကတ္တရာလမ်းအနီး။ ကျောင်းဝင်းသို့ အဝင် ဝဲဘက်မှာ ရေနဂါးအိုင်နှင့် ကြာကန်ဖြင့် ပူဇော်ထားပါသည်။ ကျောင်းအဝင် မုခ်ဦးမှာလည်း ခံ့ထည်ပေသည်။ ကျောင်းဝင်း သို့ဝင်လျှင် ဝဲမှယာတွင် သာသနိက အဆောက်အအုံများက ပွင့်ပေါ်ထွန်းနေသည်။ သုံးထပ်ဓမ္မာရုံတော်ကြီးမှာ ခမ်းနား လွန်းပေသည်။ အလှူရှင်များအား သာဓုခေါ်မိသည်။

ရှေ့သို့ ဆက်သွားလျှင် ဆွမ်းစားကျောင်းအနီး၊ ရွှေပေါက်ပင်ဆရာတော် သီတင်းသုံးရာ ဓမ္မာရုံတော်အနီး ရွှေရန့်ပြေစေတီနှင့် မဟာအောင်မြေဘုရား။

ရွှေရန့်ပြေ၏ ယာဘက်တွင် သိမ်တော်အနီး ရွှေပေါက်ပင် သာသနာ့ အထောက်အပံ့ပြု မြသိန်းတန်ဒေဝီ (ဟား ကြီးတောင် သခင်မကြီးနန်း) တည်ရှိ သည်။ မဟာအောင်မြေ ဘုရားဘက်မှ ဆင်းသွားလျှင် ရွှေပေါက်ပင်ဘိုးဘိုးကြီး ဝိုမာန်ရှိပါသည်။

ကျောင်းဝင်းအတွင်း လှည့်လည် ဖူးမြော်ရင်း စာရေးသူ၏ စိတ်အစဉ်သည် ဟိုးလွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်ကျော် ကာလဆီသို့ ရောက်ရှိသွားတော့သည်။

ထိုကာလက ယခု ရွှေပေါက်ပင် တောရ ဝန်းကျင်သည် လယ်ယာမြေ၊ ကျွဲတိုးကုန်းဖြစ် [illegible] ပျိုးမရ။ မည်သူ့ကမျှ စိတ် [illegible] ငါစားကြ။ လူသူကလည်း အလှမ်းဝေးလှသည်။

ထိုအချိန် ကာလဆီက ရဟန်း မာန်အောင်တောရ (ရွှေပျဉ်းနား ဆရာ တော်)၏ ကျောင်းတွင် စာချုပ်ကိုက်အုပ် အဖြစ် သာသနာ့တာဝန် ထမ်းရွက်နေ စဉ်ကာလမှာ ရွှေပေါက်ပင် သာသနာပြု လောင်းလျာ ဦးသောမစာရအား မူထ မြေပိုင်ရှင်များဖြစ်သည့် ဦးတင်အေး၊ ဒေါ်အေးသန်း (ကွယ်လွန်) တို့မှ (၁၃၄၆) ခုနှစ်တွင် (၁) ကြိမ် လှူဒါန်းခဲ့သည်။

၁၃၄၈ ခုနှစ်တွင် နှုတ်ဖြင့် (၂) ကြိမ် လှူဒါန်းပြန်သည်။ ၁၃၅၀ ပြည့်နှစ် ကဆုန်လပြည့်နေ့တွင် ဧည့်ပရိသတ် စုံလင်စွာဖြင့် ဖိတ်ကြားကာ စာချုပ်စာ တမ်းနှင့် ရွှေပေါက်ပင်သာသနာ့မြေအဖြစ် ပေါ်ထွန်းလာ မည့်မြေအား အကျွေးအမွေးဖြင့် ကုသိုလ်ပြုပြီး ရေစက်ချ လှူဒါန်းခဲ့သည်။

ထိုဗုဒ္ဓနေ့ (ကဆုန်လပြည့်)နေ့မှာပင် ရွှေပေါက်ပင် ဆရာတော် ဘဒ္ဒန္တသောမစာရ ဦးသုဇာတနှင့် ဆရာတော်၏ တပည့်ကြီး ဦးဝေပုလ္လ (အင်းလေးရေသာဆရာတော်) သုံးပါးမှ သာသနာ့အောင်လံကို ယခု အော်မြဘုရား တည်ထားသောနေရာမှာ တာမာပင်ရှိပါသည်။ ထိုနေရာ ပန္နက်ရိုက်ခဲ့ပြီး သာသနာ့အောင်လံ လွှင့်ထူကာ သာသနာ အမိဌာန်ခဲ့ကြပါသည်။

၁၃၅၀ ပြည့်နှစ်၊ နယုန်လတွင် ဆရာတော် [illegible] သီတင်းသုံးသည့် ကျောင်းဘေးအနီးဝယ် ဝါးကျောင်း ဆောက်ကာ (အင်းလေးရေသာသုံရား ကျိန်းကျော

www.burmeseclassic.com

www.burmeseclassic.com



ဗျားကြီးတောင်ဝေဒီ လောကသရဏ ဘဝိဒ္ဓဒုန်းဘောင်ဝင်ဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ရွှေပေါက်ပင်မဟာအောင်မြေဘုရား

ဆရာတော်) ဦးဝေပုလ္လနှင့်အတူ ရွှေပေါက်ပင်ဆရာတော် ဦးစန္ဒိမာ(ပုံလွန်) (ဦးဝေပုလ္လ၏ မွေးစားဖခင်)နှင့် သီတင်းသုံးနေထိုင်ပြီးနောက် ဒေါ်အေးသန်း လှူဒါန်းသောအိမ်ကို ယခု သီတင်းသုံးသော ကျောင်းနေရာတွင် ကျောင်းအဖြစ် ဆောက်လုပ်ကာ ရွှေပေါက်ပင်ဆရာတော် ဦးစန္ဒိမာ၊ ဦးဝေပုလ္လနှင့် (ယခု) ဦးပညာသာမိ၊ ရှင်သာမဏေ ညီနောင်သုံးပါးတို့နှင့်အတူ ဝါဆို၊ ဝါကပ်၍ သီတင်းသုံးတော်မူခဲ့ကြသည်။

ရွှေပေါက်ပင် လောင်းလှာ ဘဝဇာတိ

ပဲခူးတိုင်းဒေသကြီး၊ ဝမ်းဘဲအင်း ကျေးရွာနေ အဖ ဦးသန်း၊ အမိ ဒေါ်ငွေကျော့တို့မှ ၁၃၁၂ ခုနှစ်၊ ဝါဆိုလဆန်း

(၉) ရက်နေ့တွင် မွေးဖွားသန့်စင်ခဲ့ပါသည်။ မယ်တော်သည် ဆရာတော်အား ပဋိသန္ဓေ တည်စဉ်ကာလတွင် မိခင်မှာ မည်သည့် အကုသိုလ်အလုပ်မှန်သမျှ လုပ်ခွင့်မရခြင်းပင်။ အသက် (၁၅)နှစ်အရွယ်တွင် ဝမ်းဘဲအင်းကျေးရွာ ဘာဝနာရုံကျောင်းတွင် ရှင်သာမဏေပြုပြီး အသက်(၂၀)အရွယ်တွင် ရွာကျောင်းမှာပင် ရဟန်းဘဝ ခံယူခဲ့ပါသည်။

ပဲခူးမြို့ သာသနာ့မဏ္ဍိုင်စာသင်တိုက်၊ မန္တလေးမြို့ မဒိုးရိမ် မဟာဝိသုဒ္ဓါ ရုံကျောင်းတိုက်တို့တွင် ပရိယတ္တိစာပေများ သင်ကြားခဲ့ပြီး ထိုစာသင်တိုက်များမှာပင် အလတ်တန်းစာဆုတန်းတွင် ပရိယတ္တိတာဝန်များ ဆောင်ရွက်ခဲ့သည်။

ဝိဇ္ဇာလမ်းစဉ် ဓာတ်သက်ဝင်

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့ ရပ်တော်မူကျောင်းတိုက်၌ (၇) နှစ်မျှ သီတင်းသုံးခဲ့ပါသည်။ ပြည်မြို့၊ ရတနာမာန်အောင်ကျောင်းတိုက် ရွှေဘိုင်းနားဆရာတော်ကြီး၏ တပည့်ခံလည်းဖြစ်ပါသည်၊ ရွှေဘိုင်းနားဆရာတော်ဘုရားကြီး တောင်ကြီးမြို့သို့ ကြွလာလျှင် ရပ်တော်မူကျောင်းတိုက်မှာ သီတင်းသုံးပါသည်။

ထိုကာလက ရွှေပေါက်ပင်လောင်းလှာ ဦးသောမစာရမှာ ဝိဇ္ဇာလမ်းစဉ်အား စိတ်မဝင်စားသေးပါ။ ရွှေဘိုင်းနားဆရာတော်ကြွလာလျှင် ဓာတ်ပိုင်းဆိုင်ရာ၊ နှတ်ပိုင်းဆိုင်ရာ၊ သိုက်ပိုင်းဆိုင်ရာ အလုပ်ကိစ္စများ ဆောင်ရွက်လျှင် ဝိုင်းကူညီရသော်လည်း စိတ်ထဲက ဘဝင်မကျမိပါ။ ထို့ကြောင့် ရွှေဘိုင်းနားဆရာတော် ကြွလာလျှင် အကြောင်းရှာ၍ ရှောင်ကွင်းနေခဲ့ပါသည်။

သို့သော် ရွှေဘိုင်းနားဆရာတော်ကြီးသည် အနာဂတ်သာသနာ၊ ခုနစ်ရက်သားသမီးအား ကယ်တင်ရန် တောက်မည့်မီးခဲ တရဲရဲ အသွင်ဓာတ်လို ရိပ်စားမိသောကြောင့် ဆရာတော်အား ပြည်မြို့သို့ ပြန်ခေါ်စေပါသည်။ သာသနာ့လမ်းကြောင်း ပြောင်းလဲ လျှောက်လှမ်းပေးရမည့် အချိန်ကာလ ကျရောက်ပြီဖြစ်၍ ရွှေဘိုင်းနားဆရာတော်မှ . . .

"ကိုယ်တော် သက်သတ်လွတ် အဓိဋ္ဌာန် ဆွမ်းဘဉ်ပေးရမယ်" ဟူ၍ အမိန့်တော်ခံလေသောအခါ အသားဟင်းမပါလျှင် ဆွမ်းဘဉ်းမပေးနိုင်သော ဦးသောမစာရ ခမျာ စိတ်ဆင်းရဲခြင်း ကြုံရလေသည်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက် ကြိတ်မှိတ်ကာ ဘုဉ်းပေးရင်း သက်သတ်လွတ် ထွက်မည့်နေ့ကို မျှော်ရသည်။ ဒီနေ့ကိုးရက်ပြည့်ပေမည်။ မနက်ဖြန်တွင် ဆွမ်းဒကာမများက ကိုယ်တော့်အကြိုက် အသားဟင်း လောင်းလှူပေမည်။

သက်သတ်လွတ်ထွက်ပြီမို့ ဆွမ်းသပိတ်ခံရာ အသားဟင်းဆွမ်းတို့က ကိုယ်တော်ဘုဉ်းပေးခွင့်ရကေ့ာ်မည်၊ ဆွမ်းစားသချာဝန်ခေါက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းစားကျောင်းသို့ ခြေလှမ်းစဉ် ကိုရင်ငယ်တစ်ပါး အနီးရောက်လာကာ . . .

"ဦးဇင်းဘုရား၊ ဆရာတော်ကြီးက ခေါ်ခိုင်းပါစာယ် ဘုရား"

ဆရာသမားက ခေါ်သည်ဆို၍ ဦးသောမစာရ ခြေဦး ပြောင်းကာ ကြွခဲ့ရသည်။ ဆရာသမားက ဆွမ်းဝိုင်းမှာအသင့် စောင့်နေပြီး. . .

"လာ. . . ကိုယ်တော်၊ ကျွပ်နဲ့အတူ ဆွမ်းဘဉ်းပေး တာပေါ့"

ဦးသောမစာရ စိတ်အိုက်သွားရသည်။ ဒီနေ့ ဒကာမ များ လောင်းလှူသော အသားဟင်း ရသာတဏှာက ဆွဲ ဆောင်နေသည်။ ဆရာတော်နှင့် ဘုဉ်းပေးပါက အသားဟင်း နှင့် ဘုဉ်းခွင့်ရမည်မဟုတ်။ ငြင်းလည်းမငြင်းရဲ၊ အတွေးမျှင်များ အဆုံးမသတ်မီ ဆရာတော်ကြီးမှ အသင့်ပြင်ထားသည့် ဆွမ်း သပိတ်အား လက်နှစ်ဖက်ဖြင့် မ,ကိုင်ကာ ခေါင်းငုံ့ပြီး . . .

" ထို့. . ထို့. . . ထို့. . . "

တံတွေးများ သပိတ်အတွင်း ထွေးထည့်လေတော့ သည်။

"ရော့ . . . ကိုယ်တော် ဘုဉ်းပေတော့"

မိမိ၏ ဆရာသမားစကားအား မပယ်ရှားဝံ့သဖြင့် ကြိတ်မှိတ်ကာ ခေါင်းငုံ့ရင်း သပိတ်တွင်းမှ ဆွမ်း၊ ဆွမ်းဟင်း တို့အား ပတ္တပိုဏ်ပြုကာ ဘုဉ်းရလေတော့သည်။

ထိုအချိန်မှစ၍ အသားဟင်းမှဆိုသော ရသာတဏှာ ဓာတ်တို့ လွှင့်ပြယ်ကာ သက်သတ်လွတ်ကိုယ်တော်ဘဝသို့ စတင်ခဲ့တော့သည်။

အရိယာဝိဇ္ဇာကြီးက ဓာတ်ပြောင်းပေးချိန်ကစ၍ စိတ် လည်း ပြောင်းလဲလာတော့သည်။ စာချကိုယ်တော်ဘဝမှ ဝိဇ္ဇာအကျင့်စခန်းသို့ စတင်ဝင်ရောက်လာပါသည်။

ထိုအချိန်ကစ၍ ယခု ရွှေပေါက်ပင်တောရကျောင်း သာသနာမွှင့်ထွန်းမည့် တောအုပ်နေရာ ဆီးပင်တစ်ပင် အောက်မှာ ဝါးခြမ်းခေါင်းအုံးအိပ်၍ ရုက္ခမူလုတင်ကို ကျင့် ဆောင်တော်မူခဲ့လေသည်။ ယခုအခါ ဆရာတော်မှ ဓူတင် (၁၃) ပါးလုံး ကျင့်ဆောင်တော်မူခဲ့ပြီးပါပြီ။

ရွှေပေါက်ပင်လောင်းလှာဘဝ ဝိဇ္ဇာအကျင့် စတင်စဉ် ကာလမှ သာသနာမပွင့်လင်းမီကာလအထိ အခက်အခဲ၊ ဝေဖန်၊ ပြောဆိုမှုများအားမမှုဘဲ ကြံ့ကြံ့ခံ၊ ရပ်တည်၊ ကြိုးစား ကျင့်ကြံခဲ့ပါသည်။

(၁၃၅၀) ပြည့်နှစ်တွင် ပြည်မြို့ တရုတ်စုရပ်ကွက်မှ ဒကာ ဦးတင်အေး၊ ဒေါ်အေးသန်းမှ ယခု မြေနေရာ ငါးကောကို လှူဒါန်းခဲ့ပါသည်။ ထိုမြေနေရာမှာပဲ ရွှေပေါက်ပင်လောင်းလှာဆရာတော်မှ အဓိဋ္ဌာန်ကျင့်စဉ်မှာ အောင်မြင်အောင် ကျင့်ကြံကြိုးစားအားထုတ်ရင်း . . .

၁၉၈၈-ခုနှစ် အရေးအခင်းကာလကြီး ပေါ်ပေါက်ခဲ့ရာ မြို့နေ ရဟန်းရှင်လူအပေါင်း လှုပ်ရှားကုန်ကြသည်။

ရွှေပေါက်ပင်လောင်းလှာမှာ မဟာမေယျဝန်ကျောင်း တွင် သီတင်းသုံးနေထိုင်ရင်း အများနည်းတူ အရေးအခင်း ကာလ နေရစဉ် ဝါတွင်းကာလဖြစ်၍ နံနက်ဆွမ်းခံကြွချိန် ရွှေပေါက်ပင်သို့ကြွလာပြီး အကျင့်စခန်းဝင်၊ ညနေခင်း ပြန်ကြွ သွားခြင်းဖြင့် အားထုတ်ခဲ့ရပေသည်။ ထို့နောက် . . .

၁၃၅၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် နေ့တွင် ရွှေပေါက်ပင်လောင်းလှာ ဦးသောမစာရနှင့်အတူ သံဃာတော်အပါး(၂၀)တို့ ရွှေပေါက်ပင်တောရသို့ ပြောင်းရွှေ့ သီတင်းသုံးချိန်မှစ၍ ရွှေပေါက်ပင်သာသနာပြု ခရီးစဉ်ကြီး လျှောက်လှမ်းခဲ့တော့သည်။

ရွှေပေါက်ပင်ဆရာတော်၏ သာသနာပြုခရီး နှစ်ဆယ် ငါးနှစ်တာ ကာလအတွင်း အခက်အခဲများ ကျော်လွှားရင်း တပည့်ဒကာ၊ ဒကာမတို့၏ ကြုံတွေ့ရသော အခက်အခဲ အမျိုးမျိုး အဆင်ပြေလာစေရန် ရွှေပေါက်ပင်ဆရာတော်မှ ကိုယ်တိုင်လည်း ဓူတင်အကျင့်၊ အဓိဋ္ဌာန်အကျင့်စခန်းများ ဆောက်တည် ကူညီပေးရသလို ဦးဝေပုလ္လနှင့် တပည့်သံဃာ များကလည်း အဓိဋ္ဌာန်အကျင့်စခန်း ဆောက်တည်ရင်း၊ ရွှေပေါက်ပင်ဆရာတော်အား ဝတ်ကြီး၊ ဝတ်ငယ်ပြုစုရင်း ပါရမီဖြည့်ဆည်းပေးခဲ့ကြလေသည်။

တပည့် ဒကာ၊ ဒကာများက စီးပွားရေး၊ လူမှုရေး၊ အခက်အခဲများ လာရောက် လျှောက်ထားလျှင် ကျင့်စဉ်၊

ပြည်မြို့ ရွှေပေါက်ပင်ဆရာတော် မြေကသိုက်အောင်မြေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေပေါက်ပင်တောရကျောင်းဆိုက် ယာအောင်မြေအတွင်းရှိရုပ်ပွားတော်မြတ်

ပုတီးစိပ်များပေး၍ အဓိဌာန်ဝင်စေသည်။ အဓိဌာန်ပြီးမြောက်အောင်မြင်ပါက ဆရာတော်မှ ယခုရွှေရန်ပြေစေတီမြေတွင် အဓိဌာန်အောင် ကျောက်တုံးများ မ,သယ်၍ ဌာပနာရန် လုပ်ဆောင်ကြရလေသည်။ တစ်ဦးမှတစ်ဦး ဆင့်ပွားကြရင်း ရွှေပေါက်ပင်တောရ၏ ဝုဏ်သတင်းသည် မွေးပျံ့လာတော့သည်။

စာရေးသူနှင့် ရွှေပေါက်ပင်ဝိဇ္ဇာဓာတ်သတ်အစ

စာရေးသူတို့ မိသားစုသည် နှစ်စဉ် ခင်ပွန်းဖြစ်သူ သင်္ကောမှ ပြန်လာလျှင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ တောင်ကြီး၊ အင်းလေး ဖောင်တော်ဦးသို့ သွားတတ်သည်။

၁၉၈၉ ခုနှစ်ကာလ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ရှိ ကိုသန်းမြင့်၊ မခင်မာကြည်တို့အိမ်မှာ တည်းစဉ်... (ယခု

ရွှေပေါက်ပင်ဆရာတော်နှင့် စာရေးသူ

ရေသာဘုရား ကျိန်းကျောင်းဆရာတော်) ရွှေပေါက်ပင်၏ တပည့်ရင်း ဦးဝေပုလ္လ ကြွလာသည်။

ဦးဝေပုလ္လမှာ မခင်မာကြည်၏ မောင်အရင်း ဖြစ်ပါသည်။ ဦးဇင်းဦးဝေပုလ္လမှာ သက်သတ်လွတ် ကိုယ်တော်ဖြစ်သည်။ ကြွလာတိုင်း မည်သူနှင့်မျှ စကားမပြော သင်္ကန်းခေါင်းပေါ်လုံအောင်ခြုံကာ ပုတီးတကျောက်ကျောက်စိပ်တော့သည်။ စာရေးသူကလည်း ပုတီးစိပ်ဝါသနာထုံသူမို့ ဦးဝေပုလ္လ ဘယ်လို ပုတီးစိပ်များကျင့်ပါသလဲဟု သိချင်၊ မေးချင်မိသည်။

ဦးဝေပုလ္လအား စကားမေးလေ့လာက်ခွင့်ရရန် အတော်ကြာကြာ စောင့်ဆိုင်းရသည်။

"အရှင်ဘုရား၊ ပုတီးက ဘာပုတီးစိပ်ပါလဲ ဘုရား"

"ဦးဇင်းရဲ့ဆရာသမားပေးတဲ့ ကျင့်စဉ်စိပ်တာပါ"

"တပည့်တော်လည်း စိပ်လို့ရမလား ဘုရား"

"အင်း... ဦးဇင်းတို့ ဆရာကြီး သူ့ကျင့်စဉ်ကို အလွယ်တကူ မပေးဘူး ဒကာမရဲ့၊ သူ့ဆီကို ကိုယ်တိုင် လာပြီး တောင်းမှ ကျင့်စဉ်တစ်ခု...ဘာ"

ဦးဇင်း ဦးဝေပုလ္လစကားကြားပြီး စာရေးသူ စိတ်ထဲမှာ ဘုန်းကြီးဖြစ်ပြီး ပုတီးစိပ်တောင်းတာ ကပ်စေးနဲ့ရန်ကော ဟူ၍ စိတ်ထဲ ကျဉ်မြီးတိုရကာ...

"အရှင်ဘုရားတို့ ဆရာတော်ကို ပြောလိုက်ပါ၊ တပည့်တော်က ပုတီးစိပ်တောင်းပါတယ်လို့"

ပြောသင့်၊ မပြောသင့်ချိန်မနေတော့။ စိတ်ထဲရှိတာ ပြောချပစ်လိုက်သည်။

"ဦးဇင်း လျှောက်ကြည့်ပါ့မယ်၊ ဒကာမကြီးနဲ့ အကြောင်းဆုံရင်တော့ ရမှာပေါ့"

"တပည့်တော်ပြောတဲ့အတိုင်း လျှောက်ပေးပါဘုရား"

အမှန်က စာရေးသူကလည်း လူတစ်မျိုးပင်။ သာသနာပြုပုဂ္ဂိုလ်စစ်၊ ပုဂ္ဂိုလ်မှန်လျှင် ပုတီးစိပ်ပေးကို ပေးရမည်ဟု မနောနှင့် အဓိဌာန်ပြုထားလိုက်သည်။

သည်လိုနှင့် ရန်ကုန်ပြန်လာပြီးနောက် မေမေ့ပျောက်ပျောက် ဖြစ်ခဲ့ရသည်။ ဒီလိုနှင့် အမျိုးသား သင်္ကောပြန်ထွက်ပြီးနောက် တစ်ခေါက်ပြန်လာသောအခါ တောင်ကြီးမြို့သို့ သွားခဲ့သည်။ စာရေးသူတို့ရောက်ပြီး နောက်ခဏအကြာမှာ ဦးဇင်းဦးဝေပုလ္လ ကြွလာပါသည်။ တိုင်ပင်ထားခြင်းလည်း မရှိ တစ်နေ့တည်း ရောက်လာကြသည်။

ရောက်ရောက်ချင်းပင်...

"ဒကာမကြီး... ရော့ ရော့၊ ကျုပ်တို့ဆရာတော်က ကျင့်စဉ် (၎င်း)ခု ပေးလိုက်တယ်၊ ဒကာမကြီး တော်တော်ကံကောင်းတယ်မှတ်ပါ၊ ဆရာတော်က သူ့ဆီ ကိုယ်တိုင်လာမှ ကျင့်စဉ်တစ်ခုကို ကိုယ့်ဘာသာကူးရေးရတာ၊ တစ်ခုကျင့်ပြီးမှ တစ်ခုပေးတာ၊ အခု ဒကာမကြီးကို ၎င်းခု ကူးပေးပြီး ပြောလိုက်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဒီဒကာမကြီးက တကယ်ကျင့်မယ်သူမို့ ကျင့်စဉ်ငါးခု ပေးလိုက်တာတဲ့၊ ကဲ. . . ကျင့်ပေတော့"

စာရေးသူလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ရန်ကုန် ရောက်တာနှင့် ကျင့်တော့သည်။

ဦးစွာ သရဏဂုံကျင့်စဉ်ကျင့်သည်။ အိမ်ဘုရားမှာ ကျင့်ရ၍ အခက်ခဲမရှိ။ ဒုတိယ သတ္တဋ္ဌာနကျင့်စဉ်ကတော့ မနက်ဖြန်မစို့ပဲမီ ညကတည်းက ဘုရားရှင်ရှေ့မှာ လျှောက် တင်ပြီး မနောဓာတ် အာရုံမှာပေါ်သော ဘုရားစေတီသို့ သွားပြီး မနောဓာတ်မှပေးသော ပန်းအမျိုးစားကိုလှူရသည်။

နဝင်းကျင့်စဉ်မှာတော့ စည်းဘောင်နားမလည်သဖြင့် ဓာတ်ပြင်းထန်ကာ မောင်နှမတွေ ပြဿနာဖြစ်ကြ၊ ကိုယ်မပါ လည်း သွားဖြေရှင်းခဲ့ရသည်။ ကျင့်စဉ်ကတော့ အပျက်မခံနိုင့် အလုပ်ကို ပြီးအောင်လုပ်တတ်သည့် စိတ်ကြောင့် ဆက်လုပ် ခဲ့သည်။ ဇွဲ မလျှော့။

ဝိဇ္ဇာကျင့်စဉ်

ဒေဝတာနုဿတိကျင့်စဉ်

ဤကျင့်စဉ်ငါးခု ပြီးမြောက်တာနှင့် ရွှေပေါက်ပင် ဆရာတော်ဆိုတာ ဖြူလား၊ မည်းလား။ တကယ့်သာသနာပြု ပုဂ္ဂိုလ် ပုံစံအား ဖူးတွေ့ချင်သဖြင့် အမိဌာန်ပြီးတာနှင့် ဖူးခွင့် ရပါ့စေသားဟု ဆုတောင်းခဲ့သည်။ နံနက်ခင်းအမိဌာန်အပြီး၊ နေ့လယ် (၁၁) နာရီမှာ ဦးဝေပုလ္လ ဖုန်းဆက်လာသည်။

"ဒကာမကြီး၊ ဦးဇင်း အခုပဲ ရန်ကုန်ရောက်တယ်၊ ပြည်ကြွမလို့၊ ဒကာမကြီး ဆရာတော်ဖူးဖို့ လိုက်မလား၊ လိုက် မယ်ဆို ညနေ ၃ နာရီ ပြည်ရထားနဲ့သွားမယ်"

ရုတ်တရက်ပေါ်လာသည့်ခရီး ဖြစ်ပေမယ့် စဉ်းစား မနေတော့၊ လိုက်မည်ပြောပြီး သူငယ်ချင်းနှင့် ညီမဖြစ်သူ အား အဖော်ခေါ်ကာ ခရီးသွားဖို့ ပြင်လိုက်သည်။

သားနှင့်သမီးကို အဖေနှင့်အမေထံ အပ်ထားလိုက် သည်။ ထိုမနက်ခိုနက မြန်မာတစ်ပြည်လုံး ညမထွက်ရ အမိန့် (၁၁) နာရီနဲ့ပုတ်ထားချိန်။

ည ၉ နာရီ ၃၀ မိနစ် ပြည်ရောက်သည်။ ဘူတာမှ သုံးဘီးကားနှင့် သွားခဲ့ရပြီး၊ ထိုအချိန်က 'နိုင်ငံခြား'ဘက်မှ သွားရ သည်။ မရောက်သေး၊ လယ်ကွင်းပြင်၊ ကန်သင်းရိုးနှင့် လူသွား လမ်းမရှိ။ ညဘက်မှုန်ပျပျ အလင်းအားကိုးနှင့် ကိုယ့်အဝတ် အိတ် ကိုယ်သယ်။ မမြင်မစမ်းလျှောက်၊ လဲလိုက်။ ခလုတ် တိုက်လိုက်နှင့် အတော်ကြီးသွားရသည်။

တစ်နေရာအရောက်မှာ သစ်သား၊ သက်ငယ်မိုးနှင့် ကျောင်းသခ်ာ်းတံခါးပွင့်လာပြီး ရွှေပေါက်ပင်ဆရာတော်မှ

"အေး. . . ရောက်လာမယ်ဆိုလို့ အလုပ်စခန်း မဝင် သေးဘဲ စောင့်နေတာ၊ ကဲ. . ကဲ ဟောဟိုက ကျောင်းမှာ သွားနားခေါ့၊ မနက်ကျမှ ဆုံကြမယ်"

သီရိလင်္ကာနွယ်တော်အား ပြည် ရွှေပေါက်ပင်သို့ပင့်ဆောင်လာစဉ် ပဲခူးကိုင်း သုံးဆယ်၊ သာယာဝတီပြိုနယ်မြေများမှ တာဝန်ရှိသူမှ အလှူငွေလွှဲပြောင်းပေးအပ်စဉ်

ဆရာတော်အားဦးချပြီး ဆရာတော်လည်း တံခါးပိတ်၊ စာရေးသူတို့ သစ်တောအုပ်အား ဖြတ်သန်းကာ ခပ်လှမ်း လှမ်း ကျောင်းသခ်ာ်းငယ်ဆီသို့ ရောက်အောင်သွားကြရ သည်။ ကျောင်းသခ်ာ်းထဲမှာ ကိုရင်နှစ်ပါးရှိသည်။ စာရေးသူ တို့လည်း. ကျောင်းပေါ်ရောက်တော့ ခြေလက်ဆေးစရာ လည်း မှောင်နေလို့ မဆင်းရဲတော့၊ အဝတ်အိတ်ချ၊ နေရာယူ နားတော့မှ ညစာ မစားရသေးသောကြောင့် ဝမ်းပိုက်က အသံပေးလာသည်။

သို့နှင့် အိမ်က ချက်ပြုတ်ယူလာသော ထမင်းနှင့် ကြက်သားကြော်၊ ထမင်းချိုင့်ဖြုတ်ပေါ့။ ဇွန်းက နှစ်ချောင်း၊ စားမှာက သုံးယောက်ဖြစ်၍ စာရေးသူလည်း လက်ဆေးရန် စောစောက တံခါးပေါက်သို့သွားပြီး ခြောက်လက်မ ဖျဉ်ချပ် များကို ထိုးတံခါးပြုထားသဖြင့် တံခါးတစ်ချပ်ဖွင့်ကာ ရေဘူး ထဲမှ ရေနှင့် လက်ကို လောင်းကာဆေးစဉ် စာရေးသူ၏ ရုပ်ခန္ဓာအား တစ်စုံတစ်ဦးမှ လေဟာနယ်ထဲမှ ဆွဲယူခေါ် ခြင်း ခံရသကဲ့သို့ ခြောက်လက်မ ဖျဉ်ချပ်ဟထားသည့် တံခါး ပေါက်လေးထဲမှ လျှောခနဲ အပြင်သို့ ဇောက်ထိုးလွင့်စဉ်ကျ သွားပုံက ယနေ့တိုင် စဉ်းစားမရခဲ့ပါ။

စာရေးသူအား မှောင်မှောင်မည်းမည်းထဲမှာ တလွား လွားလာနေသော၊ မျက်လုံးနီနီသာမြင်ရသော နာနာဘာဝ တို့က အများကြီး လာနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပင်းသားကျော်သူမှ ပန်းပါးနံစဉ်ဘုရားဆင်းတုတော်အား ပင့်ဆောင်လာစဉ်

ခုခိုန်မှာ စိတ်လျှော့လိုက်လျှင် သူတို့နောက် ပါတော့မည်။ စိတ်တင်းကာ ကျိုးထလိုက်သည်။ လှေကားငါးထစ်အမြင့်က ကျခဲ့တာဖြစ်သည်။ ခေါင်းစိုက်ကျသောနေရာမှာ အုန်းဆံခွံ ခြေသုတ်ခုံ-(၂)ခု ထပ်လျက်ရှိသဖြင့် ဦးခေါင်းနှင့် သမံတလင်း မိတ်မဆက်မိခြင်းပင်။

စာရေးသူ ကျောင်းပေါ် သို့ ပြန်တက်နိုင်ရန် တံခါးချပ် ခြောက်ချပ် ဆွဲဖြုတ်ဖယ်ရသည်။ ခြောက်လက်မ အပေါက်ထဲက လျှောခနဲကျသွားသည့်အဖြစ်က ဂန္ဓီရဆန်လွန်းပါသည်။ အားလုံး အံ့အားတသင့် ငေးငိုင်ကြည့်မိနေခဲ့မှုပင်။ နာမ်လောကနှင့် စာရေးသူတို့၏ သီလ၊ သမာဓိ အားစမ်းပွဲပင်တည်း။

နံနက်အရုဏ်ဆွမ်းစားအပြီးမှာ ဆရာတော်က အခေါ်လွှတ်လာသည်။ ညနက်နက်က 'အား'ခနဲ စာရေးသူ၏ အော်သံကြောင့် ဘာဖြစ်တာလဲဟု မေးသည်။

အမှန်တော့ သက်လွှတ်နယ်မြေမှာ အသားဟင်းပါလာတာက ပြဿနာပင် မဟုတ်ပါလား။ ပြီး ဆရာတော်က ကျောင်းယာဘက်ရှိ တစ်နေရာသို့ခေါ်သွားပြီး မြေကြီးပေါ်မှ ကျောက်တုံးအား အစိအရီ ဆင့်ပုံထားသော နေရာမှာ သွားတင်ခိုင်းသည်။

"ဒီကျောက်ပုံနေရာက စေတီတည်မယ့် နေရာလေ၊ ကျင့်စဉ်၊ အဓိဋ္ဌာန် အောင်တိုင်း ကျောက်ခဲတစ်တုံးလောပြီး တင်လျှရတယ်၊ ပြီးခဲ့တဲ့ (၁၃၅၀) ပြည့်၊ တပို့တွဲလပြည့်မှာ အုတ်မြစ်ချခဲ့တယ်၊ အုတ်မြစ်ချတုန်းက မိုးပွင့်ကြိုးများ ပွင့်ခြင်း၊ ထူးဆန်းတဲ့ပန်းတွေပွင့်ခြင်း၊ မြေနှင့် ဖားတို့ 'စနေထောင့်မှာ မိတ်ဆွေဖွဲ့နေကြခြင်း၊ ပျားများစွဲခြင်းတို့ ဖြစ်ပေါ်ခဲ့တယ်"

သည်တုန်းက ရွှေပေါက်ပင် သာသီနာ့မြေသည် ပေါက်ပင်များစွာ ရှင်သန်နေသည့် တောကြီးဖြစ်နေ၍ "ရွှေပေါက်ပင်တောရ" ဟူ၍ အမည်ဖွင့်ဖော်ခဲ့ပေသည်။

ယခင်က အဓိဋ္ဌာန်ကျင့်စဉ် နေရာမှာ "ရွှေရန်ပြေ" ဘုရား ပေါ်ထွန်းခဲ့ပါပြီ။ ရွှေရန်ပြေ ရုပ်ပွားတော်ဘုရား ဒါယကာမှာ ဦးကျော်မြင့်နှင့် ဒေါ်အေးမိသားစု ဖြစ်ပါသည်။ အရံ နှစ်ကျိပ်ရှစ်ဆူနှင့် အသီတိသာဝက ရဟန္တာပုံတော်တို့ကို ခုနစ်ရက် သားသမီးများမှ လှူဒါန်းကြလေသည်။ ဘုရားထီးတော်မှာ ထူးခြားသော်ပုံစံ ပြုလုပ်၍ ဦးမြင့်ဦး၊ ဒေါ်မာမာချို မိသားစု (ရွှေတိုက်စိုးကဖီး) ပန်းဘဲတန်းလမ်း၊ ပြည်မြို့မှ လှူဒါန်းပါသည်။

အုတ်မြစ်ချစဉ် ဖားနှင့် မြွေတို့ မိတ်ဖွဲ့နေသည်ကို အကြောင်းပြု၍ 'ရွှေရန်ပြေ' ဟု ဘွဲ့တော်သမုတ်ပါသည်။

ဘုရားဌာပနာသွင်းချိန် (၁၃၆၂) ခုနှစ်၊ ဝါဆိုလဆန်း (၈) ရက်နေ့တွင် ကောင်းကင်ထက်မှာ နေမင်းမှ ထီးမိုးပေးသကဲ့သို့ တိမ်များမှာ ထီးဖြူမိုးထားသည့်အလား ဖြစ်ပေါ်နေပါသည်။

အောင်ဓာတ်ယူချိန်တွင် မိုးကြိုး ငါးကြိမ်ဆပါသည်။

နှစ်စဉ်နှစ်တိုင်း ဝါဆိုလဆန်း(၈)ရက် ညချမ်းကာလတွင် ရွှေရန်ပြေဘုရားရင်ပြင်တွင် ဗျည်းအက္ခရာ(၄၁) လုံးကို မူတည်၍ မေတ္တာပွားများကာ မေတ္တာပန်းကုံးသီ၍ ပေ (၁၀၀) ခန့်ရှည်လျားသော မေတ္တာပန်းကုံးအား ခုနစ်ရက်သားသမီးများမှ ကျောင်းဝင်းအားပတ်၍ လှည့်လည်မေတ္တာပို့ကြပြီး ရွှေရန်ပြေဘုရားရှင်အား ပန်းသက်နှံးအဖြစ် နတ်၊ ဗြဟ္မာ အရိယာများ ကိုယ်စား စုပေါင်း ကပ်လှူဒါန်းကြသည်မှာ ကြည်ညိုဖွယ် ကောင်းလှပေသည်။

◆

ရွှေရန်ပြေမှာ ကျောက်တုံးတင်လှူခဲ့ပြီးနောက် ဆရာတော် စာရေးသူ၏အိမ်သို့ ကြွရောက်လာစဉ် စာရေးသူမှ ဆရာတော်အား ဆောင်းပါးရေး ပူဇော်ခွင့်တောင်းရာ. . .

"နင်လည်း စာပေနယ်မှာ နေရာမရသေးဘူး။ ငါလည်း သာသနာ့နယ်မှာ ကြိုးစားနေတုန်း၊ အချိန်တန်ရင် ပြန်ဆုံကြမယ်" ဟု မိန့်ခဲ့ရာ ရွှေရန်ပြေဘုရားတည်တာ စာရေးသူ မသိခဲ့ရပါ။ စာရေးသူမှာ မွန်ပြည်နယ်၊ ကျိုက်ထီးဆောင်းသာသနာ့မြေသို့ ရောက်ရှိသွားခဲ့၍ ဖြစ်ပါသည်။

တကယ်လည်း (၂၀၀၆)ခုနှစ်မှာ ပြည်မြို့သို့ အင်းလေးရေသာ ဆရာတော် ဦးဝေဗုလ္လနှင့် လိုက်ပါရောက်ရှိခဲ့ရာ နှစ်များစွာကြာပြီဖြစ်၍ စာရေးသူအား ရွှေပေါက်ပင်ဆရာတော်မှ မှတ်မိမှာမဟုတ်ဟု တွေးဆပြီး ပရိသတ်ရာခိုရှိသော ဓမ္မာရုံ နောက်ဆုံးအပေါက်ဝမှာ ခပ်ကျဉ်းကျဉ်းထိုင်စဉ် တရားဟောပလ္လင်ထက်မှ လှမ်း၍ကြည့်ကာ လက်ညှိုးထိုးခေါ်ကာ-

"ဟိတ်- ရှေ့ဆုံးကို တက်ခဲ့တော့၊ ငါတို့ ပြန်ဆုံဖို့ အချိန်တန်ပြီ၊ နင်လည်း နေရာရပြီ၊ ငါလည်း အောင်ပြီ၊ ဖွင့်ဖော်ဖို့ အချိန်တန်ပြီ" ဟု မိန့်ပါသည်။

ဆရာတော်ထံ အခြားဘာသာရေး စာပေရေးသူများ လာရောက်လျှောက်ထားပါသည်။ ဆရာတော် လက်မခံခဲ့ပါဟု ပြောပြပါသည်။ ယခုတော့ ရွှေပေါက်ပင် သာသနာ့သည် စာဓိရေးသူမှအစ်ပြု၍ လေအန်ကုန်းမှ ဆရာ၊ ဆရာမများ ဝိုင်းဝန်း ပူဇော်ခွင့်ရကြပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ရွှေပေါက်ပင်သို့ မရောက်ဖြစ်သော ကာလရှိခဲ့သော်လည်း ရောက်သည့်နေရာမှာ ရွှေပေါက်ပင်ကျင့်စဉ်အား အမြဲကျင့်ကြံအားထုတ်ပါသည်။

ရေးသား ပူဇော်ရမည်ဆိုသောအခါ အချိန်ယူကာ ဆရာတော်နှင့် တွေ့ဆုံမေးမြန်းရပါသည်။

ဆရာတော်သည် လွန်စွာရိုးသားပွင့်လင်းပြီး ခုနစ်ရက်သားသမီး အယုတ်အလတ်မရွေး လက်ခံကူညီစောင့်ရှောက်ပေးပါသည်။ စာရေးသူမှ ဆောင်းပါးမရေးသားမီ ဤသို့လျှောက်ဝင်ခဲ့ပါသည်။

"အရှင်ဘုရား၊ တပည့်တော်က မဂ္ဂဇင်း၊ ဂျာနယ်များမှာ ရေးသားပူဇော်ပေးတဲ့အခါ စာဖတ်ပရိသတ်က ဖူးချင်တွေ့ချင်မယ်၊ မေးလျှောက်ချင်မယ်၊ အဲဒီအခါကျ တချို့ဆရာတော်များက လုက်ခံ အဖူးမခံတာတို့နဲ့ ကြုံရတော့ အထေးက လာဖူးရတဲ့သူတွေအတွက် စိတ်ဆင်းရဲမှု ကြုံကြရပါတယ်၊ ဒါကြောင့် တပည့်တော်ရေးရင် အရှင်ဘုရား ခုန်းနံပါတ်ပါ ထည့်ရေးမှာကို ခွင့်ပြုမှုရမယ် ဘုရား"

"အေး. . . ထည့်ရေး၊ ရတယ်၊ ငါက ခုနစ်ရက်သားသမီးအတွက် အလုပ်လုပ်တာမို့ ခွင့်ပြုတယ်"

ဆရာတော်သည် သူ၏စကားအတိုင်း သွားလေရာ၊ ရောက်လေရာ မြို့ရွာဒေသများမှာ နားရသည်မရှိ၊ အပူဇော်ခံ ကူညီစောင့်ရှောက်တာ လက်တွေ့မျက်မြင်ဖြစ်ပါသည်။

ဗျားကြီးတောင် သခင်မကြီးမှ သာသနာပြုရန် အကြောင်းဆက်လာခြင်း

ယခု ဆရာတော်သိတင်းသုံးရာ ကျောင်းတိုက်ခေါင်းရင်း မဟာအောင်မြေဘုရားနှင့် ဆက်နွယ်နေပါသည်။ ဦးစွာ ရွှေပေါက်ပင်ဆရာတော်နှင့် သာသနာ့ အကြောင်းဆက်လာသည့် ဗျားကြီးတောင်သခင် မြသိန်းတန်ဒေဝီ သခင်မကြီးမှ ရေးပေမည်။

၁၃၅၆ ခုနှစ် တပို့တွဲလပြည့်ကျော် သန်းခေါင်ယံတွင် ဝဲခူးတိုင်း ပေါင်းတည်အရှေ့ခြမ်း ရွှေလေးနယ်မြေ ပိုင်စိုးသော နယ်ပိုင်စားနတ်ဖြစ်သည့် ရွှေလေးသခင်မသည် ဗျားကြီးတောင်သခင်မ မြသိန်းတန်ဒေဝီ၏ နတ်လမ်းညွှန်စေမှုအရ ရွှေပေါက်ပင်ဆရာတော်ထံ ဗျားကြီးတောင်ရှိရာသို့ ဤရောက် သာသနာပြုပါရန် အိပ်မက်ပေး၍ လာရောက်လျှောက်ထားလေသည်။

မြသိန်းတန်ဒေဝီ၏ သမိုင်းဆက်မှာ သရေခေတ္တရာငင်းဆက်၊ ဒွတ္တဘောင်မင်းဆက်၏ ဆယ့်တစ်ဆက်မြောက် "သာခ"မင်းဆက် ဖြစ်သည်။

မြသိန်းတန်ဒေဝီ၏ ကြင်ရာတော်ဖြစ်သည်။ သို့သော် 'ဂေါ်သဇင်မင်း' ဟုသာ သိကြသည်။ တိုင်းရေးပြည်ရာကို စီတင်မဝင်စားဘဲ အရိယာဝိဇ္ဇာလမ်းစဉ် လျှောက်လှမ်းရန် 'အင်္ဂရတ်'လမ်းကိုသာ လိုက်စားသူဖြစ်ပေသည်။ ဗျားကြီးတောင်တော်သည် တစ်ချိန်တုန်းက မြသိန်းတန်ဒေဝီ၏ ကြင်ရာတော် 'ဂေါ်သဇင်'မင်း ခိုလှုံခဲ့သော နေရာဖြစ်ပေသည်။

ဂေါ်သဇင်မင်းသည် ပဲခူးဒိုးမအနောက် တောတန်းတစ်လျှောက် သွားလာရင်း အရိယာပုဂ္ဂိုလ်တို့၏ ဝိဇ္ဇာမြို့သို့ ရောက်ရှိသွားပြီး ပုဂ္ဂိုလ်ထူးဆရာတော်များနှင့် တွေ့ဆုံကာ ပညာစဉ်များ ရရှိခဲ့သည်။ တိုင်းပြည်ရေးရောကို မှုမတ်များနှင့် လွှဲထားကာ အင်္ဂရတ်အလုပ်ကိုသာ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ပေသည်။

နန်းတော်မြို့ရိုးကို ရွှေသားအတိဖြင့် ကာရံပေးမည်ဟု ကတိပြုကာ အင်္ဂရတ်အကျင့်စခန်းကိုသာ ဆောင်ရွက်ရင်း ဖိုထိုးရာမှ တစ်နေ့ ပြဒါးသေသည်ဟု ယူဆပြီး စားသုံးမိရာ ဂေါ်သဇင်မင်း၏ ရုပ်ခန္ဓာပေါ်ရှိ အရေပြားတို့သည် ရုပ်ပျက်ဆင်းပျက် ဓာတ်သဘာဝပြောင်းကာ နူနာစွဲသကဲ့သို့ ဝေဒနာပေါ်လာသောအခါ လူအများရွံရှာမည့်အရေး တွေးမိကာ ရွှေနန်းတော် အရိပ်မှ တိတ်တဆိတ် စွန့်ခွာခဲ့ပြီး ဗျားကြီးတောင်အရပ်သို့ ခိုလှုံပုန်းအောင်းရင်း အင်္ဂရတ်ပညာကို ဆက်လက်ကျင့်ကြံ အားထုတ်လေတော့သည်။

မြသိန်းတန်ဒေဝီမှာ ပါရမီဖြည့်ဖက်ကောင်း ဝိသစ္ဆာ ဂေါ်သဇင်မင်းအတွက်၊ စားတော်ပွဲအတွက် တောကြီးတောင်ကြီး ခရီးကြမ်းဒေသဆီသို့ အရောက် ပို့ဆောင်ပေးလေသည်။ မြသိန်းတန်ဒေဝီသည် ဂေါ်သဇင်မင်းအပေါ် လွန်စွာချစ်မြတ်နိုးသော သံယောဇဉ်ကြီးမားစိတ်မှာ ဖြစ်တည်ထားပေသည်။

တစ်နေ့သောအခါ ဗျားကြီးတောင်ဂူအတွင်း အင်္ဂရတ်ပညာ ပေါက်မြောက်အောင် ကြိုးပမ်းရင်း ဂေါ်သဇင်မင်း၏ ပညာစဉ်ပြီးဆုံးခြင်းသို့ ရောက်ရှိကာ ထွက်ရပ်လမ်းသို့ မြန်းလေတော့သည်။ ထိုအကြောင်းကို သိသူလည်းမရှိ၊ မြင်သူလည်း မရှိ။ မြသိန်းတန်ဒေဝီမှာ ဂေါ်သဇင်မင်းထံ စားတော်ပွဲဆွက်ရန် အင်္ဂရတ်စခန်းသို့ ရောက်ရှိလာတော့သည်။

ကြင်ရာတော်၏ အရိပ်ယောင်မျှ မမြင်တွေ့ရ၊ ဘယ်များသွားနေပါလိမ့်မ်။ စိတ်တော်မှာ ပူပင်မှုနှင့် သည်းလျှုန်းခွေ၊

www.burmeseclassic.com

www.burmeseclassic.com

မြည့် လျှောပါက်ပင်းတာရ ဟုကြီးတောင်သင်းပုံတော်

စိုးရိမ်သောက မချိတင်ကဲ့ သောကဗျာပါဒတို့ကိုးကာ ခံစား နေရလေပြီ။ ဤမျှ ပါရမီဖြည့်ဆည်းပေးပါလျက်နှင့် နှုတ် မဆက်ဘဲ ရုတ်တရက်ခွဲခွာ ရှောင်ပုန်းရက်လေသလား။ ဒါမှမဟုတ် တောကောင်များ၏ လက်ချက်ကြောင့်များလား။ သို့သော် ခြေရာလက်ရာ ပျက်ယွင်းတာ မတွေ့ရ။ ဂေါ်သဇင်မင်း ခံစားနေရသည့် နှုနာဝေဒနာ မသက်သာသဖြင့် သူ ကိုယ်သူ အားငယ်စွာဖြင့် ရှောင်ပြေးတာများလား။

မြသိန်းတန်ဒေဝီခမျာ အတွေးပေါင်းများစွာ ပူပန်မှု၊ ကြေကွဲမှု၊ ဝမ်းနည်းခြင်းတွေက ရင်ထဲမှာ တလိပ်လိပ် တက်ကာ သောကအပူဇွေ့ဟပ်ကာ နှလုံးသားအိမ်ကို မီးမြှိုက်သကဲ့သို့ ခံစားရင်း ထိုနေရာမှာတင် သတိလစ် လဲကျကာ ကံတော်ကုန်ရွာလေတော့သည်။

သည်လိုနှင့် ရက်အတန်ကြာ ရွှေနန်းတော်မှ မြသိန်းတန်ဒေဝီ ဗျောက်သွားတာ စိတ်ပူပန်ကြသဖြင့် မှူးမတ်၊ ဗိုလ်ပါများ ဗိုလ်ခြေတစ်ထောင်ဖြင့် တောနင်းကာ ရှာဖွေခိုင်းလေတော့သည်။

ဟုကြီးတောင် အရောက်တွင် မြသိန်းတန်ဒေဝီ၏ အလောင်းကို မှူးမတ်များ ရှာတွေ့ခြိန်မှာ ဟိမဝန္တာတောင်ရှိ အရိယာဝိဇ္ဇာတို့၏ စည်းဝေးပွဲရောက်ရှိနေသော ဂေါ်သဇင်မင်းအား သူ၏ ဆရာသမားမှ ဟုကြီးတောင်ခြေတွင် ဖြစ်ပျက်နေမှုတို့အား အမြင်ဓာတ်ဖြင့် သိစေခဲ့သည်။

ဂေါ်သဇင်မင်းလည်း ဝိဇ္ဇာဓာတ်ဖြင့် ဟုကြီးတောင်သို့ ရောက်ရှိချိန်မှာ မြသိန်းတန်ဒေဝီ၏ ရုပ်အလောင်းကိုသာ မြင်တွေ့ရတော့သည်။ ထိုအချိန်မှာ ရွှေနန်းတော်မှ တောနင်း ရှာဖွေသည့် ဗိုလ်ခြေတစ်ထောင် စစ်သည်များကလည်း မြသိန်းတန်ဒေဝီ၏ ရုပ်အလောင်းကို ရွှေနန်းတော်သို့ သယ်ဆောင်ကြမည်ဟု ဆိုသည်။

ဂေါ်သဇင်မင်းကလည်း သူ၏ ကြင်ရာတော်ဖြစ်၍ သူကိုယ်တိုင် သင်္ဂြိဟ်မည်ဟုဆို၍ အလောင်းလုကြတော့သည်။ နောက်ဆုံး နှုနာဝေဒနာလည်း ပျောက်ကင်း၊ အရိယာဝိဇ္ဇာရပ်လမ်း ပြီးမြောက်အောင်မြင်ထားသည့် ဂေါ်သဇင်မင်းကသာ မြသိန်းတန်ဒေဝီ၏ ရုပ်အလောင်းကို သင်္ဂြိဟ်ခွင့်ရလေတော့သည်။

ဂေါ်သဇင်မင်းကိုယ်တိုင် မြသိန်းတန်ဒေဝီ၏ ရုပ်ကလာပ်ကို မပုပ်မသိုးစေရန် စိမ်ပြုလုပ်သော ရွှေသားအတိခေါင်းတလားကို ဖိထိုးကာ လုပ်ဆောင်ခဲ့ပါသည်။ ဂေါ်သဇင်မင်း ဖိထိုးရာ ရွှေသားများ ယူမကုန်အောင် ဖြစ်ပေါ်ခဲ့သည့် နေရာမှာ ယနေ့ "ယူမကုန်စေတီ" အဖြစ် ရှိပေသည်။

ဟုကြီးတောင်ဂူအတွင်း အရိယာဝိဇ္ဇာပညာဖြင့် စီရင်ထားသည့် မြသိန်းတန်ဒေဝီ၏ ရွှေတလားခေါင်းတော်အတွင်း ထွက်ရပ်ပေါက် အရိယာဝိဇ္ဇာတို့၏ စာရင်းရွှေပေလွှာတွင် ရေးထိုးကာ ထားရှိပေသည်။

မြသိန်းတန်ဒေဝီ ရုပ်အလောင်းတော် တည်ရှိရာ ဟုကြီးတောင်ဂူသည် ယနေ့တိုင် ဂူဝင်ပေါက်မရှိပါ။ ထွက်ရပ်လမ်း မြန်ကြမည့် အရိယာဝိဇ္ဇာ ပုဂ္ဂိုလ်ထူးများသာ ဝိဇ္ဇာဓာတ်ဖြင့် အလုပ်စခန်းဝင်ရောက် လုပ်ကိုင်ကြပေသည်။

ဟုကြီးတောင် လိုဏ်ဂူတော်အတွင်း ကျောက်ကလပ်တော်ပေါ်မှာ ရွှေသားအတိ ခေါင်းတလားအတွင်းမှာ မြသိန်းတန်ဒေဝီ၏ ရုပ်ကလာပ်မှာ မပုပ်မသိုးဘဲရှိနေကြောင်း သိရပါသည်။

၈၈ ကာလ အရေးအခင်း နောက်ပိုင်းတွင် ထိုရုပ်ကလာပ် တော်နှင့် ရတနာပစ္စည်းများ ရာဇဝင်သတင်း ကြားသိပြီး လူကြီးမင်း အမိန့်အာဏာဖြင့် တောနင်းကာ လက်နက်အပြည့်ဖြင့် ရှာဖွေခဲ့ကြောင်း၊ သို့သော် မမြင်ရသောအရပ်မှ ပစ်ခတ်ခြင်း၊ ကျောက်တောင်ကြီး တဝေါဝေါမြည်ကာ ဂူသွား လမ်း လုံးဝပျောက်သွားကြောင်း သိရပါသည်။

ယခုလို ဘာသာနာပွင့်လင်းချိန်မှာ ဟုကြီးတောင် သခင်မနှင့် ပဌာန်းဆက်ကြီးခဲ့သော ရွှေပေါက်ပင်ဆရာတော်ထံ ရွှေလေးနတ်မှတစ်ဆင့် အိပ်မက်ပေး၍ ပင့်ဆောင်တော်မူလေပြီ။

ဆရာတော်မှာ ထူးခြားသော အိပ်မက် မက်ပြီး ခဏနာက်တစ်နေ့မှာပင် ဟုကြီးတောင် မည်သည့်အရပ်မှာ ရှိသနည်းဟု စူစမ်းရာ သီသူမရှိဖြစ်နေစဉ် ဒလိယမြောက်နေ့

www.burmeseclassic.com

www.burmeseclassic.com

တွင် အိပ်မက်အား အပြန်ပြန် အလှန်လှန် ပြန်စဉ်းစားစဉ် အရိပ်အယောင်၊ အကောင်အထည် မမြင်ရတဲ့ သောတအာရုံမှာ ပီပီသသကြီး ကြားလိုက်ရသည်မှာ . . .

"ပျားကြီးတောင်၊ ပေါက်ခေါင်းဘက်မှာ ရှိတယ်"

ဟူ၍ ကြားလိုက်ရမိတော့သည်။

ထိုအိပ်မက်ရပြီး တတိယမြောက်နေ့မှာပင် ကပ္ပိယကြီး ကိုစိုးသိန်းအား ခေါ်ဆောင်ကာ ၁၃၅၆ ခုနှစ် တပို့တွဲလပြည့်ကျော် (၃)ရက်၊ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ (၁၇) ရက် သောကြာနေ့မှာ စတင်၍ ခရီးထွက်ခဲ့လေသည်။

ထိုအချိန်က ယခုလို လမ်းပန်းဆက်သွယ်ရေး မလွယ်ကူသေးပါ။ ပြည်မြို့မှ ပေါက်ခေါင်းသို့ ကားအတန်ငယ် စီးရကာ ပျားထိုးကျွန်းဆိုသော အရပ်သို့ ခြေကျင်ခရီးဖြင့် ကြွလှမ်းခဲ့ရသည်။ ဒေသခံ ဦးကျွန်း ဆရာတော်နှင့် တွေ့ဆုံရာ . . .

"ကျုပ်နေတဲ့ တောင်ကို တခြို့ ပျားကြီးတောင်လို့ ခေါ်တယ်" ဟုဆိုရာ . . .

"ပျားထိုးကျွန်း တောင်ထိပ်မှာ သဟင်းသုံးပါ"

ဟုပင့်ခေါ်ဖိတ်သဖြင့် ဆရာတော်မှလည်း တောင်ထိပ်သို့ ကြွရောက်သီတင်းသုံးစဉ် အရပ် (၁၀) မျက်နှာသို့ မေတ္တာဓာတ်များ ပို့လွှတ်ပြီး အကျင့်စရဏများ ကျင့်ကြံပွားများ အားထုတ်လေရာ မမြင်ရသော လောကသားများ၏ အနှောင့်အယှက်များစွာ ရင်ဆိုင် ကြုံတွေ့ရလေသည်။

ကပ္ပိယကြီး ဦးစိုးသိန်း ပြောပြပုံမှာ. . .

"ကျွန်တော်သိလိုက်တဲ့ အသိကတော့ တစ်ညလုံး နေမရ၊ ထိုင်မရ၊ စိတ်တွေချောက်ခ်ားပြီး ကြက်သီး မွေးညင်းထ ကြောက်လန့်လိုက်တာ၊ ကြောက်စိတ်နဲ့ အိပ်မရခဲ့ပါဘူး။ ဒါနဲ့ ဆရာတော်ကို မေးလျှောက်တဲ့အခါ နတ်စိမ်းမောင်နမက နှောင့်ယှက်နေတာ၊ ပြီးတော့ ဒီတောင်၊ ဒီနယ်တစ်ဝိုက်မှာ (၇) ရက်သားသမီးကို ဖမ်းစားနေတဲ့ ညပ်ကြီးသဏ္ဌာန်နဲ့ တူတဲ့ ကျောက်ဘီလူးတို့က နှောင့်ယှက်နေတာဖြစ်တယ်"

ဟု ဆရာတော်က ရှင်းပြခဲ့သည်။

နောက်တစ်နေ့ မိုးသောက်ယံအချိန်မှာ ဆရာတော်ကို ဆွမ်းကပ်ဖို့ တောင်အောက်ဆင်းပြီး မုန့်နံ့စားစရာ ဝယ်ယူစဉ်မှာ ပျားကြီးတောင်ခြေနားမှာ ယာလုပ်ကိုင်စားသောက်နေထိုင်သည့် ဦးကြီးတင်ဆိုသော ကရင်တိုင်းရင်းသားနှင့် တွေ့ဆုံစကားပြောမိသည်။

"ရွှေးပါက်ဆရာတော်မှ အိပ်မက်အရ ပျားကြီးတောင် ဂန္ဓာရီခရီး အစီအစဉ်သွားလာခြင်းပါ"

ဟု ပြောပြမိရာ. . .

"ပျားကြီးတောင်ဆိုတာ ကျုပ်ရဲ့ တောင်ယာနားမှာ ရှိတယ်၊ လိုက်ပို့ပေးမယ်"

ဟု ဦးကြီးတင်မှ ပြောပြရာ ဆရာတော်ထံသို့ သွား ရောက်လျှောက်တင်လိုက်သည်။ သို့နှင့် ဦးကြီးတင် နေထိုင်သည့် "ကောင်းစီကျေးရွာ"သို့ ဆရာတော်နှင့် ဦးစိုးသိန်းတို့ ချက်ချင်း လိုက်ပါသွားခဲ့ကြသည်။

နေမဝင်ခင်မှာ ပျားကြီးတောင်ရှိရာသို့ နွားလှည်းဖြင့် ထွက်ခွာလာခဲ့ကြသည်။ သွားရသည့် ခရီးလမ်းက မလွယ်ကူလှပါ။ ကားလမ်းမပေါက်။ လှည်းလမ်းပေါက်သလောက်မျှသာ သွားကြရသည်။ ခြေကျင်တောကြမ်းလမ်း ခရီးနှင်ဖြစ်လေသည်။

တောအထပ်ထပ်၊ တောင်အသွယ်သွယ် လျှိုမြောင်၊ စိမ့်စမ်းဂနိုင် ပူးယပ်လှသည့် ခရီးလမ်းဝယ် အိပ်မက်ပေးသည့် ရွှေလေးနတ်က လမ်းမမှားစေရန် ဆရာတော်သာ သိမြင်ခွင့်ရသည့် အမြင်ဓာတ်၊ အကြားဓာတ်ဖြင့် တောင်တန်းသခင်မကြီးမှ လမ်းညွှန်ခေါ်ဆောင်စေခဲ့သည်။

ခလုတ်မထိ ဆူးမငြိဘဲ တစ်ညလုံး ခရီးနှင်လာရာ အရုဏ်မိုးသောက် အလင်းရောက်မှ ပျားကြီးတောင်ခြေသို့ ရောက်ရှိခဲ့တော့သည်။ ပျားကြီးတောင် တည်ရှိရာသည် ပဲခူးရိုးမ၏အလယ်၊ ပေါင်းတည်မြို့ အရှေ့ဘက် ရွှေလေးတောဖျားမှာ တည်ရှိပြီး လူသူ အရောက်အပေါက်နည်းပြီး လမ်းခရီး လွန်စွာကြမ်းတမ်း ခက်ထန်ပေသည်။

တကယ်တော့ ဒီလမ်း၊ ဒီခရီး၊ ဒီနေရာသို့ ရွှေပေါက်ပင် ဆရာတော်၏ အကျင့်စရဏအား မေတ္တာဓာတ်၊ သစ္စာဓာတ် စွမ်းအားကြောင့်သာ အောင်မြင်စွာ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ တောကလည်း အလွန်ထူသည်။ သစ်ဝါးများက ပေါများပြီး စိမ့်စမ်းရေတို့က အေးမြလှသည်။ တောတစ်ခုလုံးမှာ လူသံ၊ သူသံထက် တောကြက်တွန်သံ၊ ဒေါင်းအိုးဝေသံ၊ ချေ၊ ဆတ်၊ ကျေးငှက်တို့ရဲ့ သဘာဝသံများကသာ ကြီးစိုးလို့နေသည်။ တောင်ခြေတွင် ယာတဲ နှစ်တဲ၊ သုံးတဲမျှသာ နေထိုင်ကြပါသည်။

နေ့ဆွမ်းစားပြီးချိန်မှာတော့ ဆရာတော်တစ်ပါးတည်း အလုပ်စခန်း ဝင်ရန် တောင်ခြေရင်းရှိ ချောင်းအလယ်မှာ ရှိသည့် ကျောက်တုံးကြီးဆီသို့ ကြွလှမ်းသွားလေရာ ရာသီကား ဆောင်းအကုန် နွေအကူး တပို့တွဲလဆုတ်ဖြစ်၍ ရွှက်ဟောင်းတွေ ကြွေကျခိုက်ဖြစ်လို့ ခြေလှမ်းလိုက်တိုင်း သစ်ရွက်ခြောက်သံတို့က လိုက်ပါမြည်လို့နေသည်။

ချောင်းအလယ်မှ ကျောက်တုံးသည် အမြင်နီးလေမှ ပျားတစ်ကောင် ဝပ်စင်းနေသည့် ပုံသဏ္ဌာန်နှင့် တူနေတာ မြင်တွေ့ရလေသည်။ ကျောက်တုံးအနီး ဆရာတော် ကပ်တာနှင့် ကျောက်တုံးအောက်ခြေမှ ဓာတ်ဘူးအကြီး လုံးပတ် ပမာဏရှိသည့် ငန်းဝါမွှေးကြီးသည် ဒေါသမာန်ထလျက် တရှိန်ရိုး ပြေးထွက်လာပြီး ဆရာတော်နှင့် ငါးတောင်၊ မြောက်ဓောင်အကွာတွင် ပါးပျဉ်းထောင်လျက် ဆရာတော်အား ရှေ့ဆက်မတိုးနိုင်အောင် ရန်မူလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အမျိုးမျိုး ခြိမ်းခြောက် မာန်ဟုန်တောက်၍ ဒေါသကြီးနေသော ငန်းဝါဇောင်းမွေးကြီးအပေါ် ဒေါသမဖက် မေတ္တာဓာတ်သက်သက်ဖြင့် အာရုံပြု ပို့လွှတ်ပေးလေသော အခါ ဆရာတော်မှ ရှေ့သို့ခြေလှမ်းတိုးကာ ကျောက်တုံးဆီသို့ လှမ်းလေရာ မွေးကြီးက လက်မခံသေး။ ဒေါသဖြင့် ရန်မူရင်း မွေးက နောက်ဆုတ်၊ ဆရာတော်က ရှေ့တိုးနှင့် မွေးကြီးနှင့် ဆရာတော်ကြားမှာ ကျောက်တုံးကြီးက ခြား၍ သွားလေတော့သည်။

ဆရာတော်သည် ကျောက်တုံးပေါ်သို့ အမြန်ကြွလှမ်းတက်ခဲ့ပြီး မွေးကြီးအား စေ့စေ့ကြည့် လက်ညှိုးထိုးကာ မိန့်တော်မူလိုက်သည်။

"သင်သည် ငါ၏လာရာလမ်းကိုလည်း မဖျက်ဆီးနိုင်၊ ကြောက်လန့်၊ ထိတ်လန့်ခြင်းကိုလည်း မပြုလုပ်နိုင်၊ ဒီပွဲမှာ သင်ရှုံးသွားပြီ၊ ဒီနေရာက သင်သွားပါလော့"

ဟု မိန့်တော်မူလိုက်ရာ မွေးကြီးသည် တစ်ဖက်တောင် စောင်းသို့ ထွက်ခွာသွားချိန်မှာ ကြောက်လန့် ထိတ်လန့်ဖွယ် တောဟည်းသံကြီး ထွက်ပေါ်လာကာ ကျေးငှက်သတ္တဝါ၊ တောကောင်များ ဆူညံစွာ အော်ဟစ်သံ ပြုကြလေတော့သည်။

ထိုတောဟိန်းသံကြီး ပေါ်ထွန်းလာပြီးနောက် တောစောင့်၊ တောင်စောင့် နတ်ဒေဝါများမှ ဆရာတော်အား ကောင်းချီးပေးကြလေသည်။

ဆရာတော်မှာလည်း ပျားကောင်နှင့်တူသောကျောက်တုံးထက်ဝယ် ရှစ်သောင်းလေးထောင် အဓိဋ္ဌာန်ဖြင့် ကိုးရက် အဓိဋ္ဌာန်စခန်းဝင်၍ သုံးရက်မြောက်နေ့တွင် ကြီးစွာသော တောမီးလောင်ပြုက်လေရာ ဆရာတော် အဓိဋ္ဌာန်ဝင်ရာ ကျောက်တုံးဝန်းကျင်သို့ နီးကပ်လာပါတော့သည်။

သို့နှင့် ဆရာတော်မှ မီးအား တန်ပြန်လုပ်ဆောင်စေခိုင်းသဖြင့် ကပ္ပိယကြိမ့် အနီးအနားမှာ ကြွေကျနေသော သစ်ရွက်များ၊ တောင်ကမ်းပါးယံမှာရှိသော သစ်ရွက်များ စုပုံမီးရှို့လိုက်သောအခါ လောင်ကျွမ်းလာသည့် တောမီးသည် ဆရာတော်အဓိဋ္ဌာန် စခန်းဝင်ရာနေရာအား ကွင်း၍ ဝေးသွားတော့သည်။

ဆရာတော်မှာ ဗိုလ်ငါးပါးတင်၍ ဆက်လက်အဓိဋ္ဌာန် စခန်း ဝင်လေတော့သည်။ အဓိဋ္ဌာန် တစ်ကြိမ်ဝင်ပြီးတိုင်း ကျောက်ခဲ ရှစ်သောင်းလေးထောင် ပုံထားရပါသည်။ ကိုးရက် တိုင်တိုင် အဓိဋ္ဌာန်အောင်ပြီးသည့်နောက် ထိုအဓိဋ္ဌာန်အောင် ကျောက်တုံး၊ ကျောက်ခဲများကို ဝါးလုံးဖြင့် စေတီပုံပြုလုပ်၍ ဌာပနာပြုကာ "လွမ်းစေတီ" ဘွဲ့အမည် သမုတ်ပြီးလျှင် ကျွန်းတုံးအား ထီးပုံသဏ္ဌာန်ပြုလုပ်သည်။

ထိုဒေသရှိ ကရင်တိုင်းရင်းသားများမှာ အများစုသည် ဘာသာခြားများ ဖြစ်ကြရာ သူတို့သည် ဆရာတော်အား ယုံကြည်သက်ဝင်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကာ ထီးတော် တင်ခဲ့ကြပါသည်။

- နောက်မှ ပျားကြီးတောင်သခင်မကြီး၏ စေခိုင်းချက်အရ လွမ်းစေတီအား ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက် တို့ကို ခက်ခက်ခဲခဲ သယ်ဆောင်ပြီး တည်တဲ့ခိုင်မြဲအောင် ပြန်ငုံ၍ တည်ထားပြီး ရှစ်သောင်းလေးထောင် လွမ်းစေတီ၏ ရွှေထီးတော်ကို တင်လှူခဲ့ပါသည်။ စေတီတော်၏ အလှူရှင်မှာ ပေါက်ခေါင်းမြို့နယ်၊ ကောင်စီကျေးရွာမှ ဦးကြီးတင်+ ဒေါ်ကြည်မိသားစု ဖြစ်ပါသည်။

၁၉၅၇ ခုနှစ်တွင် ဓာတ်တော်ကြွေစေတီကို လွမ်းစေတီ အနီးတွင် (၇) ရက်နှင့် အပြီးတည်ကာ ဆင်များနှင့် ဘုရားထီး တင်လှူခဲ့ပါသည်။

ပျားကြီးတောင်ခြေရှိ ဓာတ်တော်ကြွေစေတီတော်အား အမျှားပြည်သူ ဖူးမြော်နိုင်ရန်နှင့် သာသနာတော်ကြီး စည်ပင် ပြန့်ပွားရန်အတွက် တည်တော်မူခြင်း ဖြစ်ပါသည်။

၁၉၅၈-၅၉ ခုနှစ်တွင် ပျားကြီးတောင်ထိပ်တွင် ပြည်လုံးချမ်းသာ လောကသရဖူစေတီအား တည်ထားတော်မူလေရာ ပျားကြီးတောင်သခင်မကြီးမှ ရတီ(၃၃၀)ရွှေ ဥဿဒီဖရား စိန်တော်ကို လှူဒါန်းခဲ့လေသည်။

ဆရာတော်မှ ပျားကြီးတောင်သခင်မအား ကမ္ဘည်းထိုးတင် လှူဒါန်းပေးခဲ့သည့် ကုသိုလ်တော်များမှာ နှစ်စဉ် နှစ်တိုင်း ပျားကြီးတောင်သခင်မကြီးအား ဝေယျာဉ်နှင့် ပို့ဆောင်ကာ တပေါင်းလဆန်း (၉)ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ (၇) ရက်တိုင်တိုင် ရဟန်း၁၊ ရှင်ပြုပွဲ၊ သီလရှင်ဝတ်ပွဲ၊ နားသပ်ပွဲ၊ မဟာပဌာန်းပူဇော်ပွဲ၊ သစ်သီးဆွမ်းပွဲ ကပ်လှူပူဇော်ပွဲ၊ နိဗ္ဗာန်စေ့ပွဲတော်၊ သံဃာတော်များအား နေ့ဆွမ်း၊ အရုဏ်ဆွမ်း၊ အချို့ရည် ကပ်လှူခြင်း ဒါနများ နှစ်စဉ်ကျင်းပ ကုသိုလ်အကြောင်းဆက်ပေးခဲ့ပါသည်။

ရှင်ပြုပွဲတွင် ရှင်သာမဏေများသည် ရခိုင်ရိုးမ၊ ပဲခူးရိုးမတို့တွင် နေထိုင်ကြသည့် ရခိုင်၊ ချင်း၊ ကရင် တိုင်းရင်းသားများ အများစုနှင့် ဆင်းရဲနွမ်းပါးသောသူတို့၏ သားသမီးများအား သာသနာ့ဘောဇဉ်သို့ သွတ်သွင်း၍ ပျားကြီးတောင် သခင်မကြီးအား ရည်စူး၍ သာသနာနှင့် အကြောင်းဆက် ကုသိုလ်ပြုပေးခြင်း ဖြစ်ပါသည်။

မြန်းရှင်

❑

www.burmeseclassic.com

www.burmeseclassic.com

ဥာသုမဂ်လ (ဒယ်အိုးဆေးရာတော်)

ဟောကြားတော်မူသော တရားတော်

မိတ်ဆွေကောင်း

ယနေ့ သာသနာတော်နှစ် ၂၅၅၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ ခရစ်နှစ် (၁၉၉၄၊ ၂၊ ၂၀၁၄) နေ့သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားဟောနာတနသ်ာရီတိုင်း လောင်းလုံမြို့နယ် ကြက်ယက်တွင်းကျေးရွာအားကစားကွင်း အတွင်းရှိ ဓမ္မပူဇနိယ နေရာဌာနာနှင့် မြတ်ဗုဒ္ဓဘုရား အမှုရှိသော သံဃာတော် အရှင်သူမြတ် အပေါင်းထို့အား ဦးထိပ်ပန်ဆင်လျက် ရွှာမီ ရွှာဖ လူကြီးငယ်များအား အမှုထားရှု၍ တရားပွဲဖြစ်မြောက်ရေး အဟိုးတော်ဆောင်အဖွဲ့မှူး၏ ပဒေသာပင် ခြောက်နှစ်မြည့် အထိမ်းအမှတ်

www.burmeseclassic.com

ကြက်ယက်တွင်း ကျေးရွာသူ ရွာသားအပေါင်း စုပေါင်းဆင်ယင် ကျင်းပအပ်သော ဓမ္မပူဇနီယအခါကာလ၌ တရားတော်နာ ကြွရောက်လာကြသော ယောဂီသူတော်စင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံစွာနှင့် ဦးဇင်းတို့ ဟောပြောပြသမည့် သစ္စာတရားများကို နာလည်း နာနိုင်ကြပါစေ၊ နာတဲ့အတိုင်းလည်း သိကြပါစေ၊ သိတဲ့အတိုင်းလည်း ဒီဘဝ ဒီခန္ဓာ မစွန့်ကြခင်လေးမှာ ကိုယ့်ဒုက္ခကိုယ် လက်စသိမ်းနိုင်ကြပါစေလို့ နှေးဦးစွာ ဆုတောင်းမေတ္တာ ပို့သပေးလိုက်ပါတယ်။

သစ္စာတရားတော်များကို ဟောကြားရာ၌ အနန္တဥဏ်အင် ကျေးဇူးရှင်များ ဖြစ်ကြသော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့နှင့်တကွ အမိအဖ၊ ဆရာသခင် ကျေးဇူးရှင် အပေါင်းတို့အား ပူဇော်ကျေးဇူးဆပ်သောအနေဖြင့် လည်းကောင်း၊ ဦးဇင်း၏ မျက်မှောက်ကို တရားနာ ကြွရောက်လာကြကုန်သော သံသရာ၏ ဆွေတော်မျိုးတော် အပေါင်းတို့အား ကျေးဇူးဆပ်သော အနေဖြင့် လည်းကောင်း ဟောကြားသွားမည့် ဓမ္မဒေသနာ ဓမ္မပူဇနီယ ဓမ္မဒါန ကောင်းမှု နိဗ္ဗာန်ဆု။

နတ်လူ သာဓု ခေါ်စေသော် . . . သာဓု . . . သာဓု . . . သာဓု။

ယနေ့ တရားနာကြွရောက်လာကြသော တရားချစ်ခင် သူတော်စင်အပေါင်းတို့နှင့်တကွ ကျေးရွာအတွင်း မြို့တင်းနေထိုင်ကြကုန်သော လူနတ်များစွာ သတ္တဝါအပေါင်းတို့သည် ယနေ့ ယခုရက်မှစ၍ **ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်**တို့ ဆိုအပ်သော ကောင်းသော ကာယက်၊ ကောင်းသော ဝစီက်၊ ကောင်းသော မနောက် ကုသိုလ်တရားများကို အစဉ်ပွားများ အားထုတ်နိုင်ကြပါစေ။

ယခုဘဝ ယခုခဏ ဗုဒ္ဓမြတ်စွာ သာသနာနဲ့ ကြုံတွေ့ခိုက်မှာ မိမိတို့ရဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တို့ ကောင်းစွာ ဖြည့်ကျင့်နိုင်ကြကုန်သည်ဖြစ်၍ မြင့်မြတ်သော၊ သန့်ရှင်းစင်ကြယ်သော အသက်မွေးဝမ်းကျောင်းများ ဖြင့် တစ်ဘဝ တစ်ခန္ဓာ မွေးမြူနိုင်ကြသူများ ဖြစ်ကြပါစေ။

ဒီဘဝ ဒီခဏမှာပဲ **အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ**၊ ခိုင်မြဲသော သီလ၊ ခိုင်မြဲသော သမာဓိ၊ ခိုင်မြဲသော ပညာ ပိုင်ရှင်များ ဖြစ်အောင် အားထုတ်၍ မင်္ဂဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုနိုင်ကြပါစေလို့ နှေးဦးစွာ အားလုံး မေတ္တာပို့သ ဆုတောင်းပေးလိုက်ပါတယ်နော်။

ဗုဒ္ဓဘာသာတို့ရဲ့ အဓိက ဗုဒ္ဓမြတ်စွာတို့ရဲ့ လမ်းညွှန်ချက်အတိုင်း သူတော်ကောင်းတို့ ကျင့်ကြံနေထိုင်ကြမယ် ဆိုရင် မကောင်းတဲ့ ကာယက်၊ မကောင်းတဲ့ ဝစီက်၊ မကောင်းတဲ့ မနောက်တွေကို ရှောင်ရှားဖို့ သင့်၊ မသင့် (ရှောင်ရှားသင့်ပါတယ် ဘုရား)။

ကာယဒုစရိုက် သုံးပါး၊ **သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်း၊ သူ့ဘားမယား ပြစ်မှားခြင်း** ဆိုတဲ့ ကံတွေဟာ ရှောင်ရှားဖို့ လိုအပ်သလား၊ မလိုအပ်ဘူးလား (လိုအပ်ပါတယ် ဘုရား)။ ထို့နည်းတူစွာပဲ ဝစီဒုစရိုက် သုံးပါးမှာ **လိမ်လည်ပြောဆိုခြင်း၊ ကုန်းတိုက်တဲ့စကား ပြောဆိုခြင်း၊ ကြမ်းတမ်းခက်ထန်တဲ့၊ ယုတ်ညံ့တဲ့စကားများ ပြောဆိုခြင်းနဲ့ သိမ်ဖျင်းပေါ့ပြက်သောစကား** ပြောသင့်၊ မပြောသင့် (မပြောသင့်ပါဘူး ဘုရား)။

တစ်ဘဝ တစ်ခန္ဓာမှာ ယခုလို လူဘဝရဖို့ လွယ်သလား (မလွယ်ပါဘူး ဘုရား)။ လူဘဝရတဲ့ အချိန်ကလည်း ခဏလေးလား၊ အကြာကြီးလား (ခဏလေးပါ ဘုရား)။

အေး. . . တစ်နေ့ တစ်နေ့ ရောင်းလိုက် ဝယ်လိုက်၊ ရှာရ ဖွေရ၊ တစ်ညအိပ်လိုက်ရ၊ ဒါနဲ့ပဲ အချိန်တွေကုန်ရ၊ ကျန်တဲ့ သက်တမ်းတစ်ဝက်ကလည်း သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ပဲ အချိန်ကုန်၊ အိပ်နေတာနဲ့ပဲ သက်တမ်းက တစ်ဝက်ကုန်၊ အဲဒီလို ဘဝရဲ့ ခဏနဲ့ သက်တမ်းက ကုန်ရပြန်တယ်။

ဒီလိုနေရတဲ့ တိုလုတဲ့ ဘဝသက်တမ်းလေးမှာ သီလနဲ့ မသက်ဆိုင်၊ သမာဓိနဲ့ မသက်ဆိုင်၊ ပညာနဲ့ မသက်ဆိုင်၊ သီလ သမာဓိ ပညာ တိုးပွားကြောင်း မဟုတ်တဲ့ စကားတွေ ပြောနေခြင်းသည် ကိုယ့်ဘဝ အချိန်တိုတိုလေးတွေကို ဖြုန်းတီးပစ်တာနဲ့ မတူဘူးလား (တူပါတယ် ဘုရား)။ ဒါကြောင့် မိုလို့ သိမ်ဖျင်းပေါ့ပြက်တဲ့ စကားများ ပြောဆိုနေခြင်းသည်လည်း ဒုစရိုက်ဆိုတဲ့ မကောင်းတဲ့ အကုသိုလ်တရားမိုလို့ ရှောင်ရှားရန် သင့်၊ မသင့် (သင့်ပါတယ် ဘုရား)။

မနောဒုစရိုက်ဆိုတဲ့ အဘိဇ္ဈာ၊ သူတစ်ပါးပစ္စည်း ကိုယ့်ပစ္စည်းဖြစ်ဖို့ နှေးရွတ်စည်ခြင်း ဗျာပါဒ သူတစ်ပါးရဲ့ အကျိုးစီးပွား ပျက်ပြားအောင် ကြံဆောင်ခြင်းနှင့်အတူ မိစ္ဆာဒိဋ္ဌိ အယူဝါဒ လွဲမှားခြင်းဆိုတဲ့ စိတ်ထဲက မနောကံတရားများကိုလည်း ရှောင်ရှားဖို့ သင့်၊ မသင့် (ရှောင်ရှားသင့်ပါတယ် အရှင်ဘုရား)။

ဘွာကြောင့် သင့်တယ်လို့ ပြောရလဲဆိုတော့ မိမိတို့မြတ်စွာဘုရားရဲ့ အဆုံးအမကို ကြားနာပြီးတော့ ကိုယ်ပိုင်သတိပညာနဲ့ အားမထုတ်ရင် ဒီဒုစရိုက်တရားတွေ လွတ်ပါ့မလား (မလွတ်ပါဘူး ဘုရား)။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး၊ ဒီလိုနဲ့ ဘဝကို ကျင်လည်တော့ လူလိမ်နားနီးတော့ လူလိမ်ပေါ့၊ ပွဲစားနဲ့ပေါင်းရင် လူလိမ်ဖြစ်မယ်၊ ကုန်သည်နဲ့ပေါင်းရင် သူခိုးဖြစ်မယ်၊ တံငါနဲ့ပေါင်းရင် (တံငါ ဖြစ်မယ်)။ မုဆိုးနဲ့ပေါင်းရင် (မုဆိုး ဖြစ်မယ်)။ ဒီအလုပ်တွေကို အပြစ်ရှိလို့ ရှိမှန်းလည်း (မသိပါဘူး ဘုရား)။

သိမ်ဖျင်းပေါ့ပြက်တယ်ဆိုတာ သဘင်သည်နဲ့ပေါင်းရင် သဘင်သည်၊ ပေါ့ပြက်တဲ့စကားတွေနဲ့ သူတစ်ပါး ရယ်ရင်အောင်၊ သူတစ်ပါး ငိုရအောင်၊ သူတစ်ပါး ပျော်ရအောင်၊

www.burmeseclassic.com

www.burmeseclassic.com

ရာဂ ဒေါသ မောဟတွေ ကြီးပွားအောင် အားထုတ်ရင်းနဲ့ သေရတော့ အဲဒီအချိန်တွေဟာ မြတ်တဲ့ အချိန်တွေလား၊ ယုတ်နိမ့်တဲ့ အချိန်တွေလား (ယုတ်နိမ့်တဲ့ အချိန်တွေပါ ဘုရား)။ ဒါဖြင့် ကိုယ့်ဘဝ ကိုယ့်ခန္ဓာအတွက် အကျိုးရှိအောင် ကျင့်ဆောင်ဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် အရှင် ဘုရား)။

ဒါကြောင့် တရားပွဲအစမှာ ဦးဇင်းက မေတ္တာပို့ပေးတာ သတိရအောင်လို့ ကာယသုစရိုက် ကောင်းသောအကျင့် တရားတွေ၊ ဒီနေရာမှာ ဒကာကြီးတစ်ယောက်က စောဒက တက်ဖူးလယ်။ ကုသိုလ် အကုသိုလ်ဆိုတာကို ဗုဒ္ဓဘာသာဝင်တို့ ဒကာ၊ ဒကာမတွေ သိကြလား။ ဒီပရိသတ်တွေပြော (လောဘ၊ ဒေါသ၊ မောဟ မပါတဲ့ အလုပ်က ကုသိုလ်ပါ ဘုရား)။ ဒါဖြင့် အကုသိုလ်ဆိုတာကတော့ **လောဘ၊ ဒေါသ၊ မောဟပါတဲ့ ကာယက်၊ ဝစီက်၊ မနောက် အလုပ်က** (အကုသိုလ်ပါ ဘုရား)။ ဒီစကားဟာ ဘုရားရဲ့အဆုံးအမ၊ မဟာဝစ္ဆသုတ်မှာ ဝစ္ဆပုဏ္ဏားကြီးက မေးလို့ ဘုရားက ဖြေကြားထားတဲ့ တရားတော်ပါ။

စောဒကတက်တဲ့ ဒကာကြီးက အရှင်ဘုရား တပည့်တော်တို့ သိထားတာက **ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်** ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါး၊ မနောဒုစရိုက် သုံးပါး ဆယ်ပါးသော အကုသိုလ်ဖြစ်ကြောင်း တရားတွေကို အားထုတ်မှသာလျှင် အကုသိုလ်လို့ သိထားပါတယ်။ ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်ဟာ ကုသိုလ်ဖဲလို့ သိထားတာ။ အခု အရှင်ဘုရားက **လောဘ၊ ဒေါသ၊ မောဟပါရင် အကုသိုလ်၊ မပါရင် ကုသိုလ်** လို့ဟောတော့ တပည့်တော်တို့ ရှုပ်သွားပါတယ်ဆိုပြီး အရှင်ဘုရား နည်းနည်း ရှင်းပေးပါဦးတဲ့။

တကယ်တော့ကွာ ငါတို့ ပလ္လင်ပေါ်မှာ ဟောနေတဲ့ တရားစကားတွေဟာ ငါတို့တိတ်ထွင်ကြံဆပြီး ဟောခဲ့တဲ့စကား တစ်ခွန်းမှ မပါဘူး။ ဘယ်သူ့စကားတွေလည်း (ဘုရားဟောခဲ့တဲ့ စကားတွေပါ ဘုရား)။ မင်းနားမလည်ရင် ဘုရားပြန်မေးဖို့ ငါပြောရမလို ဖြစ်နေပြီ။ အခု ဘုရားကလည်း မရှိတော့ နားလည်အောင် ပြောပြလိုက်မယ်လို့ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် ဆိုတာ သီလကုသိုလ်လေးပဲ ရှိသေးတာလို့၊ ဘာကုသိုလ် (သီလကုသိုလ်ပါ ဘုရား)။

ဒါဖြင့်ရင် အလှူအတန်း လုပ်နေတဲ့ ပုဂ္ဂိုလ်တွေ၊ အလောဘနဲ့ လုပ်နေတဲ့သူတွေ မင်း အဲဒီသုစရိုက်ထဲမှာ ပါသလားလို့၊ အကျယ်တဝင့်ကြည့်ရင် လောဘ၊ ဒေါသ၊ မောဟ အခြေခံနဲ့ လှေလာသုံးသပ်မှ ကုသိုလ်၊ အကုသိုလ်ဟာ ခြားနားကြည့်စုံတယ်။ သီလကုသိုလ်လေး လုပ်နေရုံနဲ့ ကာယက်လေး၊ ဝစီက်လေး၊ မနောက်လေး စောင့်ထိန်းရုံနဲ့ ပြည့်စုံတဲ့ ကုသိုလ်ကို ဆုံးဖြတ်လို့ မရဘူးလို့။

ဒါနကုသိုလ်ထက် ဘီလကုသိုလ် မြတ်တယ်၊ သီလကုသိုလ်ထက် ဘာဝနာကုသိုလ်က မြတ်တယ်၊ ဘာလို့ မြတ်သတုံး၊ ဘယ်လို ဆုံးဖြတ်မလဲ။ တရားတွေ နာနာပြီးတော့ တရားရဲ့ အနှစ်သာရကို မသိရင် အနှစ်ရှိမလားဗျာ (မရှိပါဘူး ဘုရား)။

ကုသိုလ်နဲ့ ဘာကို တိုင်းမလဲဆို လောဘ၊ ဒေါသ၊ မောဟနဲ့ တိုင်းတယ်။ လောဘ၊ ဒေါသ၊ မောဟ များလေလေ အကုသိုလ်များလေလေ၊ လောဘ၊ ဒေါသ၊ မောဟ နည်းလေလေ ကုသိုလ်များလေလေ။ ပုထုဇဉ်နဲ့ သောတာပန် ဘယ်သူက လောဘ၊ ဒေါသ၊ မောဟ ပိုများလဲ (ပုထုဇဉ်က များပါတယ် ဘုရား)။ သောတာပန်မှာ အပါယ်ကိုရောက်စေနိုင်တဲ့ လောဘ၊ ဒေါသ၊ မောဟမျိုး ရှိပါသလား (မရှိပါဘူး ဘုရား)။

သောတာပန်သည် သူများအသက်ကို သတ်သေးလား (မသတ်တော့ပါဘူး ဘုရား)။ ဘာလို့ မသတ်သလဲ၊ လောဘ၊ ဒေါသ၊ မောဟ နည်းသွားပြီ။ ခင်ဗျားတို့ ပုထုဇဉ်လို့ ငါ့လင်၊ ငါ့သား၊ ငါ့မယား၊ ငါ့ပစ္စည်း၊ ငါဥစ္စာ မရှိတော့ဘူး။ ငါ၊ ငါဥစ္စာဆိုတဲ့ အစွဲပြုတ်သွားပြီ ဖြစ်တဲ့အတွက် သူများအသက် သတ်ပြီးမှ သားမယား ရှာကျွေးဆို ကျွေးပါ့မလား (မကျွေးပါဘူး အရှင်ဘုရား)။

ခင်ဗျားတို့ကတော့ ကျွေးတာပေါ့။ ပင်လယ်ထဲထွက်ပြီး ဟိုအကောင်တွေဖမ်း၊ ဒီအကောင်တွေဖမ်း၊ ပြန်လာ၊ သဘောပါသလား၊ အဲဒါ ကုသိုလ်လား၊ အကုသိုလ်လား (အကုသိုလ်ပါ ဘုရား)။ အဲဒီတော့ သားကျွေးမှု၊ မယားကျွေးမှုနဲ့ သောတာပန် ငရဲအကျခံသလား (မခံပါဘူး ဘုရား)။ မကျခံတာ ဘာနည်းသွားလို့ (လောဘ၊ ဒေါသ၊ မောဟ နည်းသွားလို့ပါ ဘုရား)။ **သောတာပန် ယောက်ျားတစ်ယောက်**ကို မိန်းမက **တော်** ငါးဖမ်းသွား ဒါမှ **ကျုပ်**တို့ စားလို့ သောက်လို့ လုံလောက်မှာ။

သွားဖမ်းဆိုရင် ဖမ်းမလား (မဖမ်းပါဘူး ဘုရား)။

မဖမ်းရင် ကွာမယ်ဆိုရင်ကော (ကွာမှာပါ အရှင် ဘုရား)။ ဟုတ်တယ် ကွာရုံမကလို့ လဲသေလိုက်၊ မသတ်မဖမ်းတော့ဘူး သဘောပါသလား။ ပုထုဇဉ်ကတော့ ကွာဖို့ထားလို့ စိတ်တောင် အကောက်မခံနိုင်ဘူး၊ သဘောပါလား၊ အားလုံး ကျေနပ်သလား။

အဲဒီတော့ ဒါနထက် သီလက မြတ်တယ်ဆိုရာမှာ သီလဆောက်တည်တဲ့ နေရာမှာ ဒါနလို လောဘ၊ ဒေါသ၊ မောဟ လာသေးသလား၊ ပါစရာလိုလား (မပါပါဘူး ဘုရား)။ အခု ဒါနလုပ်တော့ ကိုယ့်သားသမီး ရှင်ပြုတာကိုပဲကြည့် သင်္ကန်းကိုလည်း ကောင်းကောင်းမှ၊ စလွယ်ကျတော့လည်း အစစ်၊ သူများသားကိုကျတော့ ရွေတု ဟုတ်ရဲ့လား။ ဒါန အမှုတွေမှာ လောဘ၊ ဒေါသ၊ မောဟ ပါ၊ မပါ (ပါပါတယ် ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com

အလှူကျွေးပြန်တော့ကော တစ်ရွာလုံးဖိတ်တယ်ဆိုပေမယ့် ကိုယ်ချစ်တဲ့ ခင်တဲ့သူကျတော့ တစ်မျိုး၊ မချစ်ခင်သူကျတော့ တစ်မျိုး၊ တည့်ရင် တစ်မျိုး၊ မတည့်ရင် တစ်မျိုး၊ အဲဒီ လောဘ၊ ဒေါသ၊ မောဟတွေဟာ ဥပုသ်စောင့်ရင်ပါမလား (မပါပါဘူး ဘုရား)။ ဥပုသ်က ကိုယ့်သီလ ကိုယ်သုံအောင် စောင့်ထိန်းရတော့ သူများ ချစ်စရာ၊ ခင်စရာ၊ မုန်းစရာ လိုသေးသလား (မလိုပါဘူး ဘုရား)။ မလိုတဲ့အတွက် လောဘ၊ ဒေါသ၊ မောဟ ပိုနည်း-မနည်း (နည်းပါတယ် ဘုရား)။

အဲဒီတော့ ဒါနထက် သီလက လောဘ၊ ဒေါသ၊ မောဟ နည်းတဲ့အတွက် ဒါနထက် သီလက သာတယ်ပြောတာ။ သီလထက် ဘာဝနာက သာတယ်၊ သီလကမှ ကြောင့်ကြဉ်ာက်နေရသေးတယ်။ ဘာဝနာကတော့ ဖြစ်ပြီးတော့ (ပျက်ပါတယ် ဘုရား)။ ဘာစိတ်ပဲလာလာ လောဘစိတ်က ဖြစ်ပြီးဘော့ (ပျက်ပါတယ် ဘုရား)။ ဒေါသစိတ်လဲဖြစ်ပြီးတော့ (ပျက်ပါတယ် ဘုရား)။ ဘာစိတ်လာလာ ဖြစ်ပျက်ရှုနေတဲ့ ပုဂ္ဂိုလ်တွေမှာ သီလ ဆောက်တည်သလို၊ ဝိုက်ဆာရက်နဲ့ မစားရ၊ ငါက ဥပုသ်စောင့်ထားတာ၊ ဒီနေ့မှ ဟင်းလေးကောင်းလိုက်တာဟဲ့၊ ဒေါသ ဖြစ်- မဖြစ် (ဖြစ်ပါတယ် ဘုရား)။

ဘာဝနာလုပ်တဲ့လူကတော့ ဟင်းကောင်းတာတွေလည်း ဖြစ်ပြီးတော့ (ပျက်ပါတယ် ဘုရား)။ ဒီလို ဖြစ်ပျက်ရှုနေရတော့ လောဘ၊ ဒေါသ၊ မောဟ ပိုမနည်းဘူးလား (နည်းပါတယ် ဘုရား)။ အဲဒီတော့ အယုတ်၊ အမြတ်ကို ဘာနဲ့တိုင်းမလဲ (လောဘ၊ ဒေါသ၊ မောဟနဲ့ တိုင်းပါတယ် ဘုရား)။

လောဘ၊ ဒေါသ၊ မောဟ အားကြီးလေလေ အကုသိုလ် များလေလေ။ လောဘ၊ ဒေါသ၊ မောဟ နည်းလေလေ (ကုသိုလ်များလေလေပါ ဘုရား)။ ကျေနပ်သလား။

အဲဒီ လောဘ၊ ဒေါသ၊ မောဟ ထဲမှာလည်း ဘယ်သူက ကြောက်စရာအကောင်းဆုံးလဲ (မောဟပါ ဘုရား)။ ဟုတ်တယ်၊ **မောဟဆိုတာ အကောင်း အဆိုး၊ အကြောင်း အကျိုး၊ အမှား အမှန်ကို မသိတာ။** သံသရာအစမှာ ကြည့်။ ပဋိစ္စသမုပ္ပာဒ် အစမှာကြည့် (၉) အကွက်မှာ ဘယ်သူကစလဲ၊ အဝိဇ္ဇာက စပါတယ် အရှင်ဘုရား။ အဝိဇ္ဇာပစ္စယာ (သဒ္ဒါရပါ အရှင်ဘုရား)။

အဝိဇ္ဇာဆိုတာ (မှုသိတာပါ ဘုရား)။ စာထဲမှာ ပါတဲ့အတိုင်း ပြောရရင် သစ္စာလေးပါး မသိတာ အဝိဇ္ဇာပဲ၊ အရပ်ပြောတော့ **အကောင်း အဆိုး၊ အကြောင်း အကျိုး၊ အမှား အမှန်ကို ပိုင်းခြားမသိတာ (အဝိဇ္ဇာပါ အရှင်ဘုရား)။**

ကုသိုလ်မှန်းလည်း မသိ၊ အကုသိုလ်မှန်းလည်း မသိ၊ အဲဒါဟာ အဝိဇ္ဇာ၊ မောဟ၊ ကုသိုလ် အကုသိုလ်မှန်း၊ အကြောင်း အကျိုး၊ အကောင်း အဆိုးမှန်း မသိတာ၊ ပဒေသ်ခက်ခဲခဲ ပင်ပင်ပန်းပန်း လုပ်ကိုင်ရပြီး ဆင်းရဲနေတယ်။ တချို့ မခက်မခဲ မပင်မပန်းဘဲ ရွာဖွေ ရှာစားရ လွယ်ကူပြီး ချမ်းသာနေတာဟာ ဘာကြောင့်လဲ၊ ပစ္စည်းဥစ္စာ ပြည့်စုံခြင်း၊ မပြည့်စုံခြင်းရဲ့ အကြောင်းရင်းက ဘာလဲ (ဒါနပါ အရှင်ဘုရား)။ ဟုတ်ပြီနော်။

အန္တရာယ်မကင်း၊ ဘေးမရှင်းခြင်းရဲ့ အကြောင်းရင်းက သီလ၊ တချို့က ရွာတယ်၊ ရွာလို့ ရသလောက် ဖြုန်းမယ့်လူပါတယ်။ ဦးမယ့်လူ ပါတယ်။ လှူမယ့်လူ ပါတယ်။ မပူရဘူးလား (ပူရပါတယ် ဘုရား)။ ဥစ္စာရွာဖွေလို့ လွယ်ရတာက ဒါန၊ အန္တရာယ်များတာက သီလ၊ သူ့အကြောင်းနဲ့သူ မရှိဘူးလား (ရှိပါတယ် ဘုရား)။ **အကြောင်းကောင်းမှု** (အကျိုးကောင်းမှာပါ အရှင်ဘုရား)။ အကြောင်းစင်ကြယ်မှု (အကျိုးစင်ကြယ်မှာပါ အရှင်ဘုရား)။

ဒါကြောင့် ဥစ္စာခန ပြည့်စုံခြင်း၊ မပြည့်စုံခြင်းက ဒါန အကြောင်း၊ အန္တရာယ်ကင်း ဘေးမရှင်းခြင်း အကြောင်းရင်းက သီလအကြောင်း၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း၊ မချမ်းသာခြင်း အကြောင်းရင်းက (ဘာဝနာပါ အရှင်ဘုရား)။ တရားဘာဝနာ အသိရှိတဲ့လူမှာ ငြိမ်းချမ်းမှု ရနိုင်၊ မရနိုင် (ရနိုင်ပါတယ် အရှင်ဘုရား)။ ရနိုင်တာပေါ့။ အခု ခင်ဗျားတို့မှာရှိတာ ခန္ဓာငါးပါး၊ ခန္ဓာငါးပါး အကျဉ်းချုံးလိုက်ရင် ရုပ်တရားနဲ့ နာမ်တရား။

ကိုယ့်ရုပ်ကိုယ် ပိုင်သလား (မပိုင်ပါဘူး ဘုရား)။

ရုပ်ကို ထောက်ပုံထားတာ အကြောင်း ဘယ်နှပါး (လေးပါးပါ ဘုရား)။ ဘာတွေလဲ ပြော **(ကံ၊ စိတ်၊ ဥတု၊ အာဟာရပါ ဘုရား)**။ ဒီရုပ်တစ်ခု ဖြစ်ဖို့အတွက် ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ် အကြောင်း လေးပါး ညီညွတ်နေမှ၊ သဘောပါသလား။ အကြောင်းဖြစ်ရင် အကျိုးဖြစ်တယ်။ အကြောင်းချုပ်တော့ အကျိုးချုပ်စာယ်။ ကိုယ့်ရုပ်ကို ကိုယ်ပိုင်သလား (ကိုယ်မပိုင်ပါဘူး ဘုရား)။ အခု ခင်ဗျားတို့ နေချင်တိုင်း နေလို့ရသလား၊ ကံဖြတ်တဲ့အချိန် သေရမလား (ကံဖြတ်တဲ့အချိန်မှာ သေရမှာပါ အရှင်ဘုရား)။ ရှင်းသလား။

အနာရောဂါ ကပ်ငြိဖို့ အချိန်တန်ရင် အနာရောဂါ ကပ်ငြိပါတယ်။ ကိုယ့်သီလ ရှိသလောက် နေရမှာ (မှန်ပါတယ် ဘုရား)။ ဘယ်လိုအရပ်မျိုးမှာနေနေ အကုသိုလ်များတဲ့သူက ရောဂါမြန်မြန်ကပ်တယ်။ အကုသိုလ်နည်းတဲ့သူက ရောဂါကင်းတယ် ရှင်းလား (ရှင်းပါတယ် ဘုရား)။ ဒါဖြင့် ဒီရုပ် ဒီနာမ် ကိုယ်ပိုင်သလား (မပိုင်ပါဘူး ဘုရား)။ ရုပ်လည်း ဖြစ်ပြီးရင် (ပျက်ပါတယ် ဘုရား)။ နာမ်လည်း ဖြစ်ပြီးရင် (ပျက်ပါတယ် အရှင်ဘုရား)။

ဖြစ်ပြီး ပျက်တာက ဘာသစ္စာ (ဒုက္ခသစ္စာပါ အရှင်ဘုရား)။ ဒီဒုက္ခသစ္စာကြီးကို ကိုယ်အစိုးရသလား၊ မရဘူးလား

www.burmeseclassic.com

www.burmeseclassic.com

(အရူပါဘူး ဘုရား)။ ဒီခန္ဓာကိုယ်ကြီးကို ဒုက္ခသစ္စာမှန်း သိရတာသားနဲ့ ကိုယ်ပိုင်ဖြစ်ချင်ရင် ဒီပုဂ္ဂိုလ် ချမ်းသာမလား၊ ဆင်းရဲလား (ဆင်းရဲပါမယ် ဘုရား)။ ဆင်းရဲမယ်လို့ သိထားလို့သူတော ကိုယ့်ကိုယ်ကိုယ် ပိုင်ချင်သလား (မပိုင်ချင်ပါဘူး အရှင်ဘုရား)။ ကိုယ့်လင်၊ ကိုယ့်သား၊ ကိုယ့်မယားကိုကော (မပိုင်ချင်ပါဘူး အရှင်ဘုရား)။ ကိုယ့်ကိုယ်ကိုယ်မှ မပိုင် ဘဲနဲ့ ပိုင်ပိုင်ပစ္စည်း ရှိပုံမလား (ငါလည်း မရှိ၊ ငါ့စ္စာလည်း မရှိပါ ဘုရား)။

တကယ့်ခန္ဓာငါးပါးက ဖြစ်ပြီးရင် (ပျက်ပါတယ် အရှင် ဘုရား)၊ ဘဝနာအသိ တကယ်ရှိတဲ့သူက လောဘ၊ ဒေါသ၊ မောဟ နည်း-မနည်း (နည်းပါတယ် အရှင်ဘုရား)။ လောဘ၊ ဒေါသ၊ မောဟ နည်းရင် ချမ်းသာမှု ရှိ-မရှိ (ရှိပါတယ် ဘုရား)။ ကိုယ်လည်း ချမ်းသာသလို၊ စိတ်လည်း ချမ်းသာစေ သလား

ဘယ်သူ သေလို့ ငိုစရာလည်း အကြောင်းမရှိ၊ အကြောင်းကုန်သွားပြီလို့ နှလုံးသွင်းနိုင်သလို၊ ဘယ်သူမွေးလို့ ဝမ်းသာလေး မွေး၊ ငါမြေးလေး မွေးလို့လည်း ဝမ်းသာစရာ အကြောင်းမရှိ၊ ဩော်. . . ဒုက္ခသစ္စာတစ်ကောင် တိုးလာပြန်ပြီ ဘယ်သူဘယ်ဝါ စောင့်ရှောက်ကြပေါ့။ ဒီလို ခင်ဗျားတို့ သောတကလည်း ကြောက်စရာကောင်းပါတယ်။ ကွေးရေ ကျွေးရယ် တစ်ကောင် တိုးလာတော့ မင်္ဂလာပါတဲ့။ ပုခက် သင်္ဂမင်္ဂလာ၊ ကင်ပွန်းတပ်မင်္ဂလာ မလုပ်ကြဘူးလား (လုပ်ပါ သယ် ဘုရား)။ တစ်ကောင်သေသွားရင် တစ်ကောင်စာ လျော့သွားဘူးလား၊ ထမင်းဖိုး၊ ဆေးဖိုး မသက်သာလား။

အဲဒါကျ ပိုင်းပိုင်းကြတယ်။ ဒုက္ခလျော့သွားလို့ ရွှင်လား။ အဲဒါ ဖြစ်ချိန်တန်ဖြစ်၊ မွေးချိန်တန်မွေး၊ မသေသေးရင်လည်း သေချိန်တော့ ကွေးပေါ့။ သေတော့လည်း မကွေးရဘူးပေါ့၊ ဘာ ဖြစ်လဲ။

ခင်ဗျားတို့က အသုဘတစ်ကောင် သေရင် ပိုင်းလို့ ပိုလိုက်ကြတာ။ အသုဘတစ်ကောင် တိုးလာတော့ မင်္ဂလာ ဖြစ်ပြီး။ ကိုယ့်အသုဘနဲ့ ကိုယ်တောင်မှ ဒုက္ခရောက်မဆုံးရတဲ့ အထဲ သူများအသုဘကို ရွှေတင်တောင်း။ ငွေတင်တောင်းတဲ့ သူထလည်း ရှိသေး။ သဘောပါလား။ မင်္ဂလာဆောင်ဆိုရင် ကိုတုတ်ဆရာတော်ဘုရားကြီးကတော့ ပြောတယ်၊ အသုဘ သင်္ဂမ်ပဲ၊ ငါ့သားသမီး အသုဘ မင်းတို့ ယူသွားတော့၊ ငါတို့နဲ့ ဆိုင်တော့ဘူးတဲ့။

ဒီလို ဘာဝနာအသိ ရှိတဲ့သူမှာ ဘာမှ ဆင်းရဲနေစရာ အကြောင်းမရှိဘူး။ ဖြစ်ချိန်တန် ဖြစ်၊ ပျက်ချိန်တန် ပျက်၊ အကြောင်းဖြစ်ရင် အကျိုးဖြစ်တယ်။ အကြောင်းပျက်ရင် အကျိုးပျက်မယ်။ ဒီလိုဆိုတော့ ဘာဝနာအသိရှိတဲ့ သူမှာ ငြိမ်းချမ်းဘူးလား (ငြိမ်းချမ်းပါတယ် အရှင်ဘုရား)။ အသိ အရေးကြီးတယ်နော်။

ဒေါသဖြစ်တာဟာ (မောဟဖြစ်လို့ပါ ဘုရား)။ လောဘဖြစ်တာဟာလည်း (မောဟဖြစ်လို့ပါ ဘုရား)။ ဒါဆို အဝိဇ္ဇာကို ဖြိုခွင်းနိုင်အောင် ကြိုးစားဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။ သဲသရာတစ်ခွင်မှာ တို့က အဝိဇ္ဇာ ဦးစီးပြီး လုပ်ခဲ့ကြတော့ အဝိဇ္ဇာပစ္စယာ (သင်္ခါရပါ အရှင် ဘုရား)။ သင်္ခါရပစ္စယာ (ဝိညာဏ်ပါ ဘုရား)။ အမိဝမ်းခေါင်း ထဲမှာ ပဋိသန္ဓေဝိညာဏ် နေခဲ့ရတော့ ကိုးလလွယ် ဆယ်လ မနေခဲ့ရဘူးလား (နေခဲ့ရပါတယ် ဘုရား)။

အဲဒီတော့ ပဋိသန္ဓေ ဝိညာဏပစ္စယာ (နာမရူပံပါ ဘုရား)။ နာမရူပ ပစ္စယာ ဝိညာဏ်ရတော့ နာမ်ရူပ်မရဘူး လား (ရပါတယ် ဘုရား)။ အခု တရားထိုင်နာချင်နေတာ ရှုပ်လား၊ နာမ်လား (နာမ်ပါ ဘုရား)။ ထိုင်နေတာက (ရူပ်ပါ ဘုရား)။ တရားစကားကို အခု ထိုင်ပြောနေတာ ဦးဇင်းသည် ရှုပ်လား၊ နာမ်လား (ရူပ်ပါ ဘုရား)။ ခုပြောနေတဲ့ စိတ်ကလေး က (နာမ်ပါ ဘုရား)။ ပလ္လင်ပေါ်မှာ ရှိနေတာ ဘယ်သူတုံး၊ ရူပ်နဲ့နာမ်ပါ ဘုရား။ ဘယ်သူ တရားဟောနေတာလဲ (ရူပ် နာမ် တရားဟောနေတာပါ ဘုရား)။ တရားနာနေတာကျ တော့ကော ထိုင်နေကြတာ ရူပ်တရား၊ သိချင်တဲ့စိတ်နဲ့ နာ နေတာက (နာမ်တရားပါ ဘုရား)။ တရားဟောနေတဲ့သူ လည်း ရူပ်နဲ့နာမ်၊ တရားနာနေတဲ့သူလည်း (ရူပ်နဲ့နာမ်ပါပဲ ဘုရား)။

တရားဟော်နေတာ ဥးသုမဂ်လလား၊ ရူပ်နဲ့နာမ်လား (ရူပ်နဲ့နာမ်ပါ ဘုရား)။ ဥးသုမဂ်လ ဆိုတာ အခေါ်၊ တကယ့် အရှိုက ရူပ်တရားနဲ့ နာမ်တရား။ ဝိညာဏပစ္စယာ နာမရူပံ ဆိုပြီး ရူပ်တရား မရဘူးလား။ နာမရူပ ပစ္စယာ (သင်္ဂာယတန ပါ ဘုရား)။ သင်္ဂာယတနဆိုတော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တွေ ခင်ဗျားတို့မှာ မပါလား (ပါပါတယ် ဘုရား)။ သင်္ဂာယတနပစ္စယာ (ဖဿပါ အရှင်ဘုရား)။ ဖဿပစ္စယာ (ဝေဒနာပါ ဘုရား)။

တွေ့ထိမှုတွေပေါ်တာ မျက်စိနဲ့၊ အဆင်းနဲ့တိုက်၊ ဘာစိတ်ပေါ်လဲ (မြင်စိတ်ပေါ်ပါတယ် ဘုရား)။ အဲဒီမြင်စိတ် ပေါ်မှာ လှ- မလှ၊ ကောင်း- မကောင်း မခံစားဘူးလား (ခံစားပါတယ် ဘုရား)။ ခံစားတာကို ဘာခေါ် (ဝေဒနာပါ ဘုရား)။ ဝေဒနာပစ္စယာ (တဏှာပါ အရှင်ဘုရား)။ ကောင်း တဲ့အဆင်းလေး မြင်ရရင် မြင်ပြီးရင်းမြင်ချင်ရင်း၊ မလာဘူး လား။ ကောင်းတဲ့အသံလေး ကြားရရင် ကြားပြီးရင်း ကြား ချင်ရင်း မဖြစ်လား၊ ကောင်းတဲ့အနံ့လေး ရှုရရင် ရှုပြီးရင်း ရှုချင်ရင်း မဖြစ်ပေဘူးလား (ဖြစ်ပါတယ် ဘုရား)။

(ဆက်ရန်)

စမ္မဒါန်

www.burmeseclassic.com

www.burmeseclassic.com

ကရင်ပြည်နယ် ဒေါ့လွဲကောင် ဘုရားဖူးလမ်းခရီး

ဆရာကြီးဦးအောင်မြင့်

ဆက်သွယ်ထားသော မော်တော်ကား လမ်းဘေးရှိ တောင်ကလေးကျေးရွာ ရောက်လျှင် ဝေပုလ္လတောင် တည်နေရာကို စုံစမ်းမေးမြန်းပါက ဒေသခံများမှ ညွှန်ပြပေးနိုင်ကြဖါသည်။

ကတ္တရာ မော်တော်ကားလမ်းမကြီးမှ အရှေ့ဘက်သို့ လမ်းခွဲ တစ်မိုင်ခန့် ဝင်သွားလျှင် ဝေပုလ္လဆရာတော် ဘုရား ဘဒ္ဒန္တတေဇဝန္တ၏ သာသနာ့ပရိဝုဏ်သို့ ရောက်ရှိပါမည်။

ထိုသာသနာ့ပရိဝုဏ်တွင် ရှေးဟောင်း ဘုရားတစ်ဆူဖြစ်သည့် ရန်မျိုးအောင် စေတီတော်ကို ပြန်ငုံ၍ စေတီတော်ကြီးအဖြစ် ပြုပြင် ထည်ထားဆောက်လုပ်နေဆဲ လုပ်ငန်းခွင်ကို ပထမတွေ့မြင်ရပါသည်။ ရန်မျိုးအောင် စေတီ၏ မြောက်ဘက် တစ်ဖာလုံခန့်မှာ တောခို့ရှုင်းလင်း မြေညီထားသော နေရာသစ်တစ်နေရာကို တွေ့ရသည်။

ထို မြေပြုပြင်နေဆဲ နေရာမှာ ဉာဏ်တော်အမြင့်ပေပေါင်း ၇၀၀ရှိမည့် လောကမာရဇိန် စေတီတော်ကြီး တည်ထားမည့် နေရာ ဖြစ်ပါသည်။ ထိုစေတီတော်ကြီး မြီးစီးပါက မြန်မာနိုင်ငံတွင် ဉာဏ်တော်အမြင့်ဆုံး စေတီတော်ကြီး ဖြစ်မည့်အပြင် ကမ္ဘာဝင်းနစ်စံချိန်ဝင်မည့် စေတီတော်ကြီးလည်း ဖြစ်လာပါမည်။ ထိုစေတီတော်ကြီး တည်ထားရန် ဧပုလ္လတောင်မှာ အမြင့်ပေ ၂၀၀ ခန့်မျှသာရှိပြီး ပုံသဏ္ဌာန်မှာ မန္တလေးတိုင်းဒေသကြီးရှိ ပုပ္ပားတောင် ကလပ်နှင့် တူပါသည်။ ကရင်ပြည်နယ်၏ မြို့ထော် ဘားအံမြို့၏ အရှေ့ဘက်တွင်ရှိပြီး မော်တော်ကားဖြင့် ၁၀ မိနစ်ခန့်သာ မောင်းရသော တောင်ကလေးကျေးရွာနှင့် စံဖရိန်ရွာတို့အနီးမှာရှိသည်။

ယခုအခါ ထိုနေရာဝန်းကျင်မှာ ဘားအံ စက်မှုဇုန် တည်ဆောက်နေသဖြင့် မော်တော်ကားလမ်းမှာ အထူးကောင်းမွန်ပါသည်။ ဘားအံ-လှိုင်းဘွဲ့



ဧပုလ္လတောင် အနီးကပ်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

အတွက် အနယ်နယ်အရပ်ရပ်သို့ အလှူခံများ စေလွှတ်ထားခြင်း မရှိပါ။ မြေမြှုပ်နေဆဲ နေရာ၏ မြောက်ဘက် နှစ်အလုံခန့်တွင်လည်း စေတီတော်တစ်ဆူကို ဖူးမြင်ရသေးသည်။ လူသွားလမ်းအောက်လုပ်ထားသဖြင့် အချိန်ရလျှင် သွားရောက်ဖူးမြင်နိုင်ပါသည်။

ရန်မျိုးအောင် စေတီတော်၏ အရှေ့ဘက် ပေ ၁၀၀ ခန့်အကွာ တောအုပ်ငယ်အတွင်းမှာ ဝါးကျောင်းလေးတစ်ဆောင်ရှိပါသည်။ ထိုဝါးကျောင်းလေးမှာ ဝေပုလ္လဆရာတော်ဘုရားကို ဖူးမြင်ရပါသည်။ သက်တော် လေးဆယ့်ငါးနှစ်ခန့်ရှိသော ကရင်တိုင်းရင်းသားဖြစ်ပြီး ဘုရားတည်၊ ကျောင်းဆောက်၊ ဘုရားဟောင်းပြုပြင်၊ ထီးတော်တင်သည့် ဗုဒ္ဓသာသနာ ပြန့်ပွားထွန်းကားရေး ကိုယ္စွမ်းကို အားကြိုးမာန်တက် ဆောင်ရွက်နေသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

ခုံခုံထည်ထည် အခိုင်အမာ ကျောင်းကြီးများတွင် သီတင်းသုံးလေ့ရှိသော ကျောက်လိုဏ်ဂူများ၊ တဲကျောင်း၊ ဝါးကျောင်းငယ်များတွင်သာ သီတင်းသုံးခြင်း၊ သမထဝိပဿနာတရားများ ကျင့်ကြံအားထုတ် ပွားများခြင်းပြုကြောင်း တပည့်ရင်း၊ ဒကာရင်းများက ပြောပြပါသည်။

ရန်မျိုးအောင် စေတီတော်၏ တောင်ဘက် နှစ်ဖာလုံခန့်တွင် ရေတွင်း၊ ရေကန်များ၊ ဓမ္မာရုံကြီး၊ ဇရပ်ကြီးများနှင့် ဝေပုလ္လသာသနာ့နယ်မြေရှိပါသည်။ ထိုနေရာမှာ ဘုရားဖူးကားများ ရပ်နား၍ နေရာကျယ်ဝန်းစွာ ရှိသည်။ ဝေပုလ္လတောင်မှာ ဓမ္မာရုံကြီး၏ အနီးမှာပင် ရှိသည်။

ဝေပုလ္လတောင်ထိပ်တွင် လည်းကောင်း၊ ထောင်ခြေတွင် လည်းကောင်း၊ တောင်ခုလတ်တွင်လည်းကောင်း စေတီတော်များကို ဖူးမြင်ရပါသည်။ ထို့ပြင် တောင်ခြေတွင်လည်းကောင်း၊ တောင်ခုလတ်တွင်လည်းကောင်း၊ တောင်ထိပ်တွင်လည်းကောင်း သဘာဝကျောက်

ဝေပုလ္လတောင်ခြေသို့ အတက်လမ်း အင်္ဂတေလှေကားထစ်များနှင့် တောင်တက်လမ်း၏ တောင်စောင်းပုအကာအရံများပုံ

ဝေပုလ္လတောင်တက်လမ်းမှ တောင်စောင်းတစ်နေရာရှိ လိုဏ်ဂူငယ်တစ်ခု

ဝေပုလ္လတောင်သာသနာ့ မဟိုရက်မှ ဓမ္မာရုံ

www.burmeseclassic.com

www.burmeseclassic.com



ပေပုလ္လတောင်နှင့် မနီးမဝေးမှ ရန်မျိုးအောင်စေတီဟောင်းကို ငုံ၍ စေတီတော်သစ်တည်ရန် ဆောင်ရွက်နေပုံ



ပေပုလ္လတောင်သို့ သင်္ဘောပျံသွားနည်းပြပုံကြမ်း

လိုဏ်ဂူငယ်များ ရှိပါသည်။ ထိုလိုဏ်ဂူငယ်များတွင် ပုဒ္ဓရုပ်ပွားတော်များကို ပူဇော်ခဲ့ထားသည်။ ထိုလိုဏ်ဂူငယ်များတွင် ညအခါ ရဟန်း သံဃာတော် တစ်ပါးစီ သီတင်းသုံး ကျိန်းစက်ရန် တံခါးများ ရှိမှတ်ရန် အိပ်ရာနေရာများကို ပြုလုပ်ထားပါသည်။

ပေပုလ္လတောင်မှာ အလွန်ဆိတ်ငြိမ် အေးချမ်းသောနေရာ ဖြစ်သည်။ ဤနေရာမှာ ရှေးအခါက ရသေ့ရဟန်း၊ ဝိဇ္ဇာတို့ သမထ ဘာဝနာ သန်ရာ သန်ရာ အကျင့် စရဏများ ပွားများ အားထုတ်ခဲ့သော နေရာထူးဖြစ်သည်။ ဤနေရာကို ပေပုလ္လတောင်ဆရာတော် ဘဒ္ဒန္တတေဇဝန္တ ရောက်ရှိသီတင်းသုံးခဲ့သည်မှာ နှစ်ပေါင်း (၂၀)ကျော် ကြာပြီဟု သိရသည်။ ပေပုလ္လတောင်၏ သမိုင်းမှတ်တမ်းနှင့် ပတ်သက်၍ တောင်ကလေး ဆံရာတော် (နိုင်ငံတော် ဗဟိုသံဃာဝန်ဆောင်) ဘဒ္ဒန္တပညာဿာမိထံတွင် ရှိမည်ဟု ပေပုလ္လဆရာတော်က မိန့်ကြားပါသည်။

ပေပုလ္လတောင်ခြေမှ တောင်ထိပ်စေတီတော်ထိ တောင်ဘက် လူသွားလမ်း ဖောက်လုပ်ထားသည်။ ၁၅ မိနစ်ခန့် နားနားနေနေ တက်၍ ဘုရားဖူးနိုင်ပါသည်။ တောင်တက်လမ်းဝဲယာမှာ သစ်ပင် ဝါးပင်အရိပ်များရှိသဖြင့် အေးမြပါသည်။ တောင်ထိပ်ပေါ်မှ ပတ်ဝန်းကျင် ရှုခင်း အလွန်သာယာလှပကြောင်း တွေ့ရသည်။

ယခုအခါ လွန်စွာ လူသိများကျော်ကြားလာသောကျုံထောရေတံခွန် သွားသည့် လမ်းတွင် ပေပုလ္လတောင် တည်ရှိသဖြင့် ဘုရားဖူးရင်း ရေတံခွန်မှာ အပန်းဖြေရင်း ကုသိုလ်လည်းရ ပျော်လည်းပျော်ရအောင် အသွားခရီးတွင် ဖြစ်စေ၊ အပြန်ခရီးတွင်ဖြစ်စေ ပေပုလ္လတောင်သို့ ဘုရားဖူးနိုင်စေရန် လမ်းညွှန် ဖော်ပြပေးလိုက်ရခြင်း ဖြစ်ပါသည်။

ဆရာကြီးအောင်မြင့်

www.burmeseclassic.com

www.burmeseclassic.com

အမျောက်ထဲမှာအလင်းပြာ
ကျောက်လုံးကြီးတောရ ဘုန္ဒသာသနာ

ဂျူကြွေဦး(ကျောက်ဆွေတောင်)

ကျောက်လုံးကြီးဆရာတော် ဦးဝိသုဒ္ဓ

ကျောက်လုံးကြီးတောရ ဘုန္ဒသာသနာ ခမ္မရိပ်သာကျောင်းတော်သည် ရေတာရှည်မြို့နယ် အရှေ့ဘက် ကျွဲရိုင်းပြင်ကျေးရွာအုပ်စု၊ ပိန္နဲပင်ဆိပ်ရွာမှ တောင်ပေါ်သို့ တက်သွားရလေ၏။

စစ်တောင်းမြစ်စဉ် တစ်လျှောက် ရွာစဉ်တန်းများဖြစ်သော တောင်သာ၊ ကရင်ချောင်း၊ ရေလွဲ၊ သောင်ကြီး၊ ရွာသစ်၊ ပိန္နဲပင်ဆိပ်ရွာ အစရှိသည်တို့သည် ကျောက်လုံးကြီးတောရ ဂုဏ်သတင်းကို ပြောဆိုနေကြသည်မှာ အမှတ်ထင်ထင်။ ထို့ပြင် ရေလွဲရွာမှ ရေတံခွန်၊ ရေတာရှည်မြို့က လူတွေ ဥဇဟိုသွားနေကြ၏။

ဆိုင်ကယ်ယာဉ်နှင့် မော်တော်ကားငယ်များ၊ ကျွဲရိုင်းပြင်ရွာ ကူးတို့ဆိပ်ယာယီတံတားမှ ဖြတ်၍ အပျော်ခရီး ပျော်ပွဲစား ရေကစားသွားနေကြသည်များလည်း အမှတ်ထင်ထင် လေ့လာမှု စွမ်းအားနည်းခဲ့ခြင်းကြောင့် ကိုယ့်ကိုယ် အပြစ်တင်မိ၏။ ထားတော့၊ မိမိအသက်ရွယ်နှင့် ထိုအပျော်ခရီးကို ခြေမဆန့်ဖြစ်ခဲ့သော်လည်း -

ထိုလမ်း ထိုခရီး ထိုအနီးမှာ သတင်းပို့သင်းမွှေးကြိုင်ခြင်းဖြင့် ဘုန္ဒသာသနာ ခက်ဝေဖြာသော တောရဆောက်တည် ကိုယ်ကျင့်သီလ အံ့ချီးပသည့် ဘုန္ဒသားရတနာ ရဟန်းတစ်ပါး သည် ဘာသာခြားအယူမှ ဘုန္ဒ ဓမ္မ သံဃ ဘုန္ဒဘာသာသို့ သက်ဝင် ယုံကြည်ပြီး တရားဘာဝနာအားထုတ်နေသည်မှာ ငါးနှစ်ရာသီ ကြာရှည်ပြီးနောက် ဆရာတော်မထေရ်ထံသို့ အရိပ်ခိုဝင်၊ ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာ၊ သမထ ပွားများကြရာမှ မထေရ်၏ ဂုဏ်သတင်းပျံ့နှံ့လာခဲ့၏။

မြန်မာသက္ကရာဇ် (၁၃၇၆)မှ (၁၃၇၇)ခုနှစ်သို့ ကူးပြောင်းလှုလုသံမယ မဟာအတာသင်္ကြန်မတိုင်မီမှ သင်္ကြန်ကာလအတွင်းဝယ် မိတ်ဆွေတချို့ ကျောက်လုံးကြီးတောရမှာ ဒုလ္လဘရဟန်းဝတ်ကြမည်တဲ့။ စာရေးသူကို ခေါ်၏။ မိမိလည်း ကုသိုလ်လည်းရ ဒေသန္တရ ပဟုသုတလည်းရ ဆိုပြီး ဒုလ္လဘရဟန်းခံဖို့ ဆုံးဖြတ်ခဲ့သည်။

အနားနီးမှ လောကီကိစ္စ အဝဝတွေသည် စာရေးသူထံ ရစ်နှောင့်ဖွဲ့နေ၏။ ကျောက်လုံးကြီးဆရာတော်အား ဖူးမြင်ခွင့်ကိုတော့ ဆုံးဖြတ်ချက်ချထားခဲ့ခြင်းကို ပယ်ဖျက်မရ။ ညီတစ်ယောက်ကဲ့သို့ ခင်မင်ရပါသော ရန်ကြီးအောင်က ဆိုင်ကယ်ဖြင့် ပို့ပါမည်ဟု ဆိုခြင်းကြောင့် ဝမ်းသာရပါသည်။

ရေတာရှည်မြို့မှ ကျွဲရိုင်းပြင်ရွာကူးတို့ဆိပ်ရောက် စစ်တောင်းမြစ်ကို တံတားမှ ဖြတ်ကျော်ရာ ဆိုင်ကယ် (၂၀၀)၊ လူကူးဖြတ်သန်း ခ (၁၀၀) ပေးဆောင်ပြီး တစ်ဖက်ကမ်း တောင်သာရွာကို ရောက်ခဲ့၏။

တောင်သာရွာသည် သစ်ပင် အရိပ်အာဝါသများဖြင့် အေးချမ်းလို့နေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျောက်လုံးကြီးဘုရားနှင့် အလှူရှင်များ။ ဒေသခံများ

ကျေးရွာ၏ မူလတန်းအဆင့် စာသင်ကျောင်းသည် ကျေးရွာ၏ ဂုဏ်ကို ဆောင်လျက်သစ်လွင်လှပနေ၏။ ထိုရွာနှင့် တစ်ဆက်တည်း ဝါးစည်းရိုးလေးသာ ခြားနေသော ကရင်ချောင်းရွာကို တွေ့သည်။

ရွာဖြတ်လမ်းသည် သဲနုံမကျဲ စေရန် ပြိုပြိုမောတ်မောက် ခင်းထားပြီး လမ်းတစ်လျှောက် ရှူးသန့်လျက် ကျွန်းပင်နှင့် အင်ပင်တချို့ ရွာလမ်းဘေးမှာ ထီးထီးမားမား။

တစ်ခါက ရွာသိမ်ရွာငယ်လေးသည် လူဦးရေများလာသလို အိုးအိမ်များ ဝင့်ဝင့်ထည်ထည်။ အညိုရောင် (သို့မဟုတ်) အနုက်ရောင် အလွှမ်းခံခဲ့ရသောရွာ မဟုတ်တော့။

ရေတာရှည်မြို့ရှိ စာရေးသူထံ မိတ်ဆွေဦးတင်ဝင်း လာလေတိုင်း သူတို့ ဒေသဆီ လာလည်ဖို့ ဖိတ်ခေါ်၏။ ကျွန်တော်တို့ဆီမှာ ငြိမ်းချမ်းနေတာ ကြာပါပြီဗျာတဲ့။

ဟုတ်ပါ၏။ စာရေးသူတို့နှစ်ဦး ငြိမ်းချမ်းစွာ ဆိုင်ကယ်စီးပြီး ပိန်းပင်ဆိပ်ရွာကို ရောက်ခဲ့သည်။ ဦးတင်ဝင်းကို သူ့အိမ်ရာတွင် မတွေ့ရ။ သူရော သူ့ဇနီး ဒေါ်ခင်အေးပါ တောင်ပေါ် ကျောင်းကို ရောက်နေ၏။ ကျောင်းဥပါသကာ ဖြစ်သလို ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများမို့ အချိန်ပြည့်ရှိရပေမည်။

သူ၏ ဇနီးငယ်က ဆိုင်ကယ်ယူမသွားသင့်ကြောင်း၊ မီးနေကျ မဟုတ်ပါက အန္တရာယ်ရှိကြောင်း ပြောပြခြင်းကြောင့် ထိုအိမ်တွင် ဆိုင်ကယ်ထားကာ တောင်ပေါ် ခရီးကို ခြေဆန့်ရပေတော့၏။

×××

စာရေးသူမှာ အသက်အရွယ် စကားပြောလေပြီ။ ရန်ကြီးအောင်ရှေ့မှ အသော့နှင့်သွားသည်ထို မလိုက်နိုင်ခဲ့။ မောနေသော်လည်း ရောက်ချင်ဇောက ကပ်ငြိလျက်။ အတန်ငယ် ခရီးပေါက်တော့ ရန်ကြီးအောင် နားရင်း စောင့်နေ၏။ သူ့အနီးတွင် သက်ရွယ်ကြီးကြီး အဘွားတစ်ဦး၊ လူငယ်စုံတွဲ ဆိုင်ကယ်တစ်စီး။

သူတို့တစ်တွေ၏ လက်ရှိအခြေအနေကို ရန်ကြီးအောင် ရှင်းပြသည်။

စုံတွဲနှစ်ဦးသည် တူနှင့် တူမ ဖြစ်ကြောင်း၊ သူတို့မှ အဘွား၏ဆန္ဒကို ဖြည့်သောအားဖြင့် ကျောက်လုံးကြီး တောရကျောင်းမှာ ရာသက်ပန် သက်နံ့ဝတ်ပြီး တရားအားထုတ်လျက်ရှိသော အဘွား၏ ခင်ပွန်းရှိရာသို့ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် သွားရောက်လှူဒါန်းပါရမီဖြည့်ရန်အလာ ဆိုင်ကယ်သမားလည်း ဆက်မတ်ကရဲတော့။

ဆိုင်ကယ်လည်း မရှုန်းတော့သလို အဘွားသည်လည်း လက်မှိုင်ခါ ဇွဲစိတ်လျှော့ကာ ပြန်ဆင်းလာခဲ့ပါသတဲ့။ ဖြစ်ရလေခြင်း အဘွားရယ်လို့ ပြောဖြစ်၏။ အဘွားကိုကြည့်တော့ မျက်နှာပြင်မှာ ချွေးစေးတွေလား၊ မျက်ရည်စတွေလား ဝေခွဲမတတ်ခဲ့။

သက်ရွယ်အားဖြင့် ခုနစ်ဆယ့်ငါး ရှစ်ဆယ်တွင်း တဲ့လေ။ အဘွား၏ မေတ္တာတရားသည် ထုံထည်ကြီးမားပါဘိ။ အဘွားသည် လဲနေသော တောင်ဝှေးအား လှမ်းယူကာ ခါးမတ်လျက် တောင်ထိပ်ဆီ လှမ်းမျှော်ကြည့်ရင်း စကားဟလာသည်။

"သူမှာတော့ လောကီကိစ္စ တာဝန်ဝတ္တရားတွေကုန်ပါပြီကွယ်"တဲ့။

"နှစ်ခြောက်ဆယ်နီးပါး ထမ်းခဲ့ရတဲ့ တာဝန်တွေကလည်း ပန်းလှပါတယ်၊ မယားတာဝန် သားသမီးတာဝန်တွေဟာ အင်မတန်ကြီးလေးတဲ့ ဒုက္ခတွေပဲ၊ သူရှာဖွေသမျှ သူ့အိမ် သူရာသူ့ဥစ္စာနဲ့ သူ့ဇနီး သူ့အမိုးသား သူမပိုင်ဘူးဆိုတာ အသိဆိုတဲ့ တရားစစ်ကို ရပြီးနောက် ငါဖြို့ပါအောင်ဆိုပြီး သက်နံ့ဝတ်ဖို့ အဘွားကို ခွင့်တောင်းတယ်"

အဘွားသည် စကားကို ခေတ္တဖြတ်ထားပြီး တွေးတောလေဟန် စာရေးသူအဘွား၏ ရင်တွင်းစကားကို ကြားချင်နေမိသေး၏။ နို့ အဘွားက ချက်ချင်းပဲ ခွင့်ပြုခဲ့တာပေါ့နော်ဟု မေးတော့ . . .

"ဆိုးတုံ့ကောင်းဖက် ဘဝလမ်းကို အတူလျှောက်လာခဲ့တဲ့ လင်သားရင်ထဲမှာတော့ ဝမ်းနည်းမိသလိုပဲ၊ တစ်ပတ်နေတော့ ထပ်ပြီး ပြောတယ်၊ ငါပြင်ဆင်ပြီးပြီတဲ့၊ အဘွားလည်း အထပ်ထပ် စဉ်းစားပြီးပါပြီ၊ ဘဝနေဝင်ခါနီးပြီပဲ၊ တစ်နေ့နေ့ တို့ခွဲခွာရတော့မယ်ဆိုတာ ကောင်းသော ခွဲခွာခြင်းပဲ၊ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ သံသရာနွံထဲမှာ သူ့ကို အရင် လွတ်ငြိမ်းစေချင်လို့ ပါရမီ ကူညီဖြည့်ပေးခဲ့တာ၊ ခွင့်ပြုတာနဲ့ သံယောဇဉ်ကြိုးတွေကို ဖြတ်တောက်သွားလိုက်တာ သူထွက်သွားရာ ကျောကုန်းကိုကြည့်ပြီး

www.burmeseclassic.com

တရားနဲ့ ဖြေခဲ့ရတာပဲ၊ ခုဆိုရင် တစ်နှစ် ကျော်ခဲ့ပါပြီ"

အဘွားဇီ မျက်နှာသွင်ပြင်သည် အနည်းငယ်မျှ တည်ကြည်သွားသလိုပင်။ မမြဲခြင်း၏ သမုဒယ အချုပ်အနှောင်များသည် လျော့လျော့ရဲရဲ ရှိနေဦးမည်ဟန်။ တရားဆိုတဲ့ အသိရှိနေဇီ။ အဝိဇ္ဇာ တဏှာ ကိလေသာလည်း ပူးတုံ့ခွာလှည့်၊ အတွေးများ တသီတတ်နိုး။ ဤနေရာတွင် ဖျတ်ခနဲ စဉ်းစားမိသည်ကား။

မိထွေးဘော်ဂေါတမီနှင့် နောက်ပါ ခြွေရံများ။ ဂေါတမမြတ်စွာဘုရားထံ အဖူးအမြော်သွားကြစဉ် သားတော်သိဒ္ဓတ္ထမင်းသားလေးဆိုတဲ့ သံယောဇဉ် အနှောင်အဖွဲ့။ အခြွေအရံတို့ကလည်း ရယ်နှံးပြုံကြလေပြီးသော သူတို့လင်သား မင်းမှုထမ်းများကို လွှမ်းဆွတ်လေသော သံယောဇဉ် အနှောင်အဖွဲ့၊ စတဲ့ နှောင်ဖွဲ့မှုများဖြင့် တောအထပ်ထပ် ထောင်အသွယ်သွယ် မြစ်ပင်လယ်များ မြုတ်သန်းလို့ ခရီးနှင်သွားတဲ့အခါ ပုဒ္ဓရှင်တော်ဇီ တန်ခိုးတော်ကြောင့် မပင်ပန်း မကြောင့်ကြဘဲ ဘုရားရှင်ထံမှောက် ရောက်တဲ့အခါ ရှင်တော်ဘုရား၏ တရားရေအေးအမြိုက်ဆေးကြောင့် ထားရှိခဲ့သော သံယောဇဉ်အနှောင်ဖွဲ့မှုတယ်ခွာကာ သံသရာ ကောင်းကျိုးအတွက် သူတို့သည်ပင် ယောဂီမများ မြစ်ကြကာ ဘုရားရှင်မှ ပညတ်ခွင့်ပြုခဲ့ပါ၏။

စာရေးသူသည် တစ်ခါက သူ့ကြင်ဖက် ဖြစ်ခဲ့ဖူးသော ဒုလ္လဘရဟန်းကြီးထံသို့ ဦးခိုက်ဝပ်တွား လှုပ်ဖွယ်များကို တိုယ်တိုင်ကိုယ်ကျ လှုဒါန်းစေခဲ့ပါ၏။ မဝေးကွာတော့ပြီဖြစ်သော ကျောင်းတန်ရိပ်တွင် တရားရေအေးကို သောက်သုံးစေချင်လိုသော ဆန္ဒဖြင့် အဘွားကို ဆောင်ထိပ်ကျောင်းအရောက် လိုက်ပို့ တောင်းပန်သည်။

စာရေးသူသည် ထိုနေရာမှ ဦးတင်ဝင်းကို ဖုန်းဆက်ကြည့်သည်။

ဒုလ္လဘရဟန်းများ သိမ်ထွက်လာစဉ် တွေ့ မြင်ရပုံ

တော်တော်နှင့် ဆက်သွယ်၍ မရခဲ့။ တစ်အောင့်နေမှ ဆက်သွယ်မှု ရရှိခဲ့ခြင်းကြောင့် အခြေအနေကို ရှင်းပြကာ ချက်ချင်းဖဲ့ လာခဲ့ပါမည်ဟု ပြောကြားခဲ့ခြင်းအတွက် စာရေးသူမှာ နှုတ်ဆက်ကူညီခဲ့ခြင်းအပေါ် ကြည်နူးချမ်းမြေ့ရပါသည်။

×××

ဒုလ္လဘ ရှင်ရဟန်းတို့သည် ကျောက်လုံးကြီးဆရာတော်နှင့် တကွ ဥပဇ္ဈာယ်ဆရာတို့၏ နောက်ပါးဝယ် စက္ခုန္ဒြေကိုချလျက် ရေသိမ်မှ တစ်လှမ်းချင်း လှမ်းချီကြွလာ၏။ ကြည်လင်အေးမြသော တောင်ကျရေသွင်သွင်သည် ကျောက်တုံးကျောက်ခဲကြားမှ တိုးဝှေ့ကာ မြင့်ရာမှ နိမ့်ရာဆီ နရီစည်ဆော် မြည်သံပေးသည်ထင့်။

ပင်မြင့်ထတ်မှ ငှက်ကလေးတို့သည်လည်း ကျီကျီကျာကျာ ဘာသာဘာဝတေးဆိုနေကြဘိအလား။ ကြည်နူးချမ်းမြေ့စွာ မြင်တွေ့ ဖူးမြင်ရသော ရှင်ရဟန်းများ၊ မိတ်ဆွေအချို့သည် မြတ်သောသက်နိး ဆင်မြန်းထားသည်မှာ ကြည်ညိုဖွယ် ဖူးမြော်မိပါ၏။

သူတို့သည် ပုဒ္ဓအဆုံးအမ၊ ဓမ္မအဆုံးအမ၊ သံဃာ့အဆုံးအမဖြင့် ဝိနည်းများကို နှလုံးသွင်းထားလေပြီ။ လောကီစည်းစိမ်များကို ယေဘုယျဖြတ်တောက်ထားချေပြီ။ ဝါရွှေနီသော သင်္ကန်းတော်များသည် စာရေးသူ၏ မျက်ဝန်းဝယ် တဖျပ်ဖျပ် အရောင်လက်နေသလို့။

သာသနာတော်သည် ဤတောင်တန်းပေါ်ဝယ် အလင်းဖြာထွက်လာခဲ့ပြီ။ ဤတောင်တန်းတစ်လျှောက်၌ တစ်ခါက မင်းမူခြယ်လှယ်ခဲ့သည့် အတ္ထ အမှောင်ဖုံးလွှမ်းခဲ့သူများ မြင်စမ်းစေချင်၏။ ဘာသာရေး အယူသီးမှုကြောင့် အဝိဇ္ဇာ ဖုံးလွှမ်းခဲ့သူများတို့ မြင်ကြည့်စမ်းပါ။ ငှက်ကလေးတွေတောင် ငြိမ်းချမ်းရေးတေးကို ဆိုတတ်နေပြီလို့ ပြောချင်ပါသည်။

ဦးတင်ဝင်းနှင့်တကွ ကျောင်းအကျိုးတော်ဆောင်များ အားထုတ်မှုရပ်ဝေး ရပ်နီးမှ သာသနာပြု ဒကာ၊ ဒါယိကာမတို့၏ လှုဒါန်းမှု အစုစုတို့ကြောင့် ရေအားလျှပ်စစ် ထုတ်ယူသုံးစွဲနိုင်မှုကြောင့် လုံလောက်သော လျှပ်စစ်စွမ်းအား ရရှိနေပြီမို့ သာဓု အကြိမ်ကြိမ် ခေါ်မိပါ၏။

လွန်ခဲ့သော် ဆယ့်ငါးနှစ်ကျော် လောက်က တဲကျောင်းငယ်လေးနှင့် တောထွက် ဦးဇင်းကြီးတစ်ပါး ကျောင်းထိုင်ခဲ့ဖူးကြောင်း၊ ပိန္နဲပင်ဆိပ်ရွာကို ဆွမ်းခံကြွရာမှ စတင်သိခဲ့ရကြောင်း၊ နောက်ကျေးရွာမှ စုပေါင်းပြီး ကျောင်းဆောင်ငယ်လေး ဆောက်လုပ်လှူဒါန်းကြောင်း၊ သရက် ပိန္နဲ့ သိဖိုင့် ငှက်ပျော

www.burmeseclassic.com

www.burmeseclassic.com

စိုက်ပျိုးပြီး ဝတ္ထုကဲ့နယ်ခြေအဖြစ် သတ်မှတ် သာသနာပြုနေရာမှ သာသနာဖျက်တို့၏ အပြုအမူကြောင့် စွန့်ခွာခဲ့ရသည်ကို ပြောပြသီရှိခဲ့ပြီး ထိုအချိန်မှ အစပြုခဲ့သော သာသနာ့မြေသည် ယခုတော့ သန့်စင်စွာ ငြိမ်းချမ်းခဲ့ပါကြောင်းကို ရှင်းလင်းစွာ သိရလေသည်။

ဟုတ်မေမည်။ တောကြောင်တို့၏ဒဏ်ကို ရွာစဉ်တစ်လျှောက် အတော်ကလေးခံခဲ့ရသည်ကို ဦးတင်ဝင်းပြောပြဖူး၏။ စာရေးသူသည် ခန့်ပါရမီ အစဉ်သော မေတ္တာစွမ်းအားရှင် သံယာ့မထေရ်ထံတွင် တရားအထူးကို နာကြားချင်စိတ် အာသီသ ပြင်းပြနေမိပါ၏။

xxx

ကျောက်လုံးကြီး ဘုရား၏ အနောက်တောင်ထောင့်အနီးဝယ် မြင့်မားဝေစည် ရန်ဖုံထုလွှမ်း လန်းဆန်းလျက် ရှိသော အဖူးအပွင့်တို့သည် ခက်လက်ရွက်ကြား စိမ်းမြမြထဲမှ ဖွေးဖွေးဖြူစွာ ကဲ့ကော်ပန်းပင် ရှိလေ၏။

ပင်ကဲ့ကော်ခြေ ကျောက်ခဲဆင့်ဆင့် ညီအောင်တင်စွာ ကျောက်မြေသဲလင်း တမံခင်းထား ကျောက်မြေညီထက် ကဲ့ကော်ဝတ်ဆံတို့ လေအသင့်မှာ ကြွေလွင့်လာ၏။ ထိုဝတ်ဆံတို့၏ ရန်သည်ပင် စိတ်ကြည်လင်အောင် အဖော်ပြုချေသည်။ နေပြောက်မထိုးမည်းလွယ်သော ကဲ့ကော်မန်းတို့သည်ပင် ကျောက်လုံးကြီးစေတီတော်အား သဘာဝတရားက လှုပ်ါန်းထားဘိနှယ် တင့်တယ်လှပါပေ၏။

ဤဝန်းရံတွင် ဆရာတော်၏ မထေရ်၏ ကျောင်းဆောင်တော်နှင့် ဥပုသ်သီတင်းပေးရာ တရားနှည်းလမ်း ထောက်ပြရာအဖြစ် တည်ရှိ၏။ တစ်ဆက်တည်းတွင် အနီဗို အမြင့်မည်း မနီးလွန်း မဝေးလွန်းသော တစ်ပါးစီ ကျောင်းသခင်းတို့သည် ရှိလေ၏။

ထို တစ်ပါးစီကျောင်းဆောင်ပေါ်လေးများ ကိုယ်စီတွင် ကျောင်းဒါယကာ၊ ဒါယိကာမတို့၏ ကောင်းမှုကုသိုလ် ကမ္မည်းစာကိုလည်း ရှုမြင်ရသည်။

ထိုသို့ ရှုကြည့်ရင်း တစ်နေရာသော ကျောင်းပေါ်ရှေ့၌ စံရေးသူတို့ တောင်တက်ခရီးမှာ ကြုံတွေ့ခဲ့ရသော အဘွားသည် တံမြက်စည်းလှည်း၍ ကုသိုလ်ပြုနေသည်ကို မြင်တွေ့တော့ အနားရှိ ဦးတင်ဝင်းကို လက်ကုတ်ပြီး မေးရာ 'အဲဒါ ရွာသစ်ရွာက ဒေါ်ခင်မြလေ'တဲ့။

"ကျွန်တော် အဲဒီကျောင်းဆောင် အထိ လိုက်ပို့ခဲ့တယ်၊ သူဦးဇင်းကြီးကို မြင်တော့ တုန်တုန်ရီရီ ဦးချပြီး ကန်တော့တယ်၊ ပြီးတော့ မျက်ရည်ကျတယ်၊ ရယ်လည်း ရယ်သေးဗျာ" တဲ့။ စာရေးသူ ပီတိစိတ်ဖြင့် ပြုံးမိပါသည်။

ထိုကဲ့ကော်ပင် အောက်ဝယ် ဆရာတော်သည် ည့ည့်သည်များကို တွေ့ဆုံ စကားပြောရာအဖြစ် သတ်မှတ်ခဲ့ခြင်းကြောင့် ဆရာတော်ကြွလာမည်ကို စောင့်မျှော်ရင်း ဒေသခံများနှင့် စကားစမြည် ပြောနေ၏။ ဆရာတော် ကြွရောက်လာတော့ ဦးတင်ဝင်းမှ လျှောက်ထားကာ တွေ့ဆုံစကားပြောစေ၏။

ဆရာတော်သည် ပကတိတည်ကြည်သော ဣန္ဒြေတော်ဖြင့် စာရေးသူ လျှောက်ထားလေသမျှ ဖြေကြားပေးပါသည်။ ဆရာတော်၏ နှလုံးသားမှ စီးဆင်းလာသော စကားသံသည် လောကီအကျိုး၊ လောကုတ္တရာအကျိုးကို ရွေးရွေးလျက် ဖြန့်ဝေနေရှိလေ၏။ သာသနာ့စစ်မြေပြုရာတွင် အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ခဲ့ရသော ဆရာတော်၏ ဇွဲသတ္တိကိုလည်း မော်ကွန်းတင်အပ်ပေသည်။

အတ္ထုပ္ပတ္တိသည် မရှည်လျားသော်လည်း ဘာသာတရားကို ဆန်းစစ်ရာတွင် ခွဲခြမ်းစိတ်ဖြာနိုင်သော ဝိဇ္ဇာစိတ်ကို ဝယ်ဖူက်ကာ ခရေစေ့တွင်းကျနိုင်ချေသည်။

စာရေးသူသည် ဓမ္မအမြင်တို့ စာပေနှင့် ပူလေ်ရေးသားရာ၌ ဉာဏ်မပီသည်များ ရှိနေသည်ကို ဝန်ခံပါ၏။ ဆရာတော် ဖြေကြားသမျှထဲမှ သီလအခြေခံသော တရားကျင့်စဉ်သည် မှတ်သားဖွယ် ဩဝါဒအဖြစ် ဖြန့်ဝေချင်ပါ၏။

"ဗုဒ္ဓကို မသိခင်က သိအောင်ဆိုပြီး လေ့လာခဲ့တာပဲ၊ လေ့လာကြည့်တော့ အင်မတန်နက်နဲတယ်၊ တို့ယုံထိယုံနဲ့ သိနိုင်လား မသိနိုင်ဘူး၊ လက်တွေ့ကျကျ လုပ်ကြည့်မှ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တွေကို တန်ဖိုးထားတတ်လာခဲ့တယ်။

တစ်ဆင့်တိုးပြီး သီလဆောက်တည် သီလလုံမှ ကိုယ်ကျင့်တရားလုံမယ်၊ သီလ အခြေခံက ကဲ့ငါးပါး၊ အခြေခံအကျဆုံးက သီလဝိသုဒ္ဓိနဲ့ စိတ္တဝိသုဒ္ဓိ၊ ဒါတွေက ကာယက်၊ ဝစီက် မနောက် (စိတ်)စင်ကြယ်အောင်ပေါ့၊ သီလဝိသုဒ္ဓိဖြည့်ဆည်းခြင်းဟာ ပဓာနအလုပ်၊ သီလစင်ကြယ်အောင် ပြုလုပ်နေခြင်းသည်ပင် တရားကျင့်နေခြင်းဖြစ်တယ်။

တစ်ဖန် စိတ်ကို နိုင်အောင် ထိန်းရမယ်၊ စိတ်ကို ဒွါရ ခြောက်ပါးမှာ အကြောင်းခံ၍ ကိလေသာ (ဝါ) လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ပညတ်တို့ တဒင်္ဂဝိက္ခမ္ဘနမတပ်အောင် သတိဖြင့် စောင့်ရှောက်နေသောအလုပ် (ကျင့်ဖြိယ သံဝရသီလ) ဖြစ်သည်ဟု နားလည်ပြီး အားထုတ်မယ်ဆိုရင် မူလ ပထမမှာ စိတ်ဟာ မစင်ကြယ်တတ်ဘူး၊ မစင်ကြယ်သော စိတ်ကို စင်ကြယ်သော ပရမတ်၊ ရုပ်၊ နာမ်တို့ကလည်း မခြင်နိုင်။

ဒါကြောင့် အကုသိုလ် စေတသိက် (၁၄)လုံး စိတ်၌ မကပ်ငြိအောင်၊ တဒင်္ဂ ဝိက္ခမ္ဘနအားဖြင့် လုံခြုံအောင် ထိန်းသိမ်းခြင်းကလည်း တရားကျင့်နေတာပါပဲ။

စာရေးတဲ့ ဒကာကြီး ဘဝနေနဲ့ မေတ္တာဖွေရှု ဖြန့်ဝေချင်တယ်ဆိုရင်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အကုသိုလ် စေတသိက်(၁၄)လုံးကို ရေးမှတ်ထားပါ။ အကုသိုလ် စေတသိက် (၁၄) လုံး . . .

၁။ မောဟ - အမှား၊ အမှန်၊ ကောင်း၊ မကောင်း မသိခြင်း။

၂။ အဟိရိက - မကောင်းမှုကို ပြုရာ၌ မရှက်ခြင်း။

၃။ မနောတ္တပ္ပ - မကောင်းမှုပြုရာ၌ ကြောက်လန့်တုန်လှုပ်မှုမရှိခြင်း။

၄။ ဥဒ္ဓိစ္စ - ပျံ့လွင့်ခြင်း

၅။ လောဘ - လိုချင် တပ်မက် တောင့်တခြင်း။

၆။ ဒိဋ္ဌိ - အမြင်မှား အသိမှား အယူမှား

၇။ မာန - ထောင်လွှားခြင်း

၈။ ဒေါသ - သည်းမခံနိုင်ခြင်း၊ ကြမ်းတမ်းခက်ထန်ခြင်း

၉။ ဣဿာ - မိမိထက် သာလွန်လျှင် မနာလိုခြင်း

၁၀။ မစ္ဆရိယ - နှမြောတွန့်တိုခြင်း၊ ဝန်တိုခြင်း

၁၁။ ကုက္ကုစ္စ - နောင်တ တစ်ဖန် ပူပန်ခြင်း

၁၂။ ထိန - စိတ်ကို လေးလံထိုင်းမှိုင်းစေခြင်း

၁၃။ မိဒ္ဓ - စေတသိက်တို့ကို လေးလံထိုင်းမှိုင်းစေခြင်း

၁၄။ ဝိစိကိစ္ဆာ - ယုံမှား သံသယရှိခြင်း၊ မဆုံးဖြတ်နိုင်ခြင်း

အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ၍ လိုရာဆန္ဒ ပြည့်စုံနိုင်ကြပါစေ"

ဩဝါဒ ပြီးဆုံးသည်နှင့် ဆရာတော် ဆုပေးလေ၏။ စာရေးသူတို့လည်း ပေးသောဆုများ ပြည့်စုံစေရန် ဆုမွန်ပြုပါ၏။ ပေးသောဆုကို ပြည့်သည်၌မင်း စိတ်ကြည်လင် လန်းဆန်းပေါ့ပါးလာသည်။

ကျောက်လုံးကြီး ဆရာတော် ဦးဝိသုဒ္ဓကို ဖခမည်းတော် ဦးပါတာစန္ဒလော်၊ မယ်တော် ဒေါ်အန်ဂျရာတို့မှ ခဲ့ပါသည်။ မွေးချင်း (၇)ယောက်အနက် (၅)ယောက်မြောက် သားမြတ်ရတနာဖြစ်ခဲ့ကာ ဘာသာခြားမိသားစုမှ ဆင်းသက်လာခဲ့ပြီး ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒများကို ယုံကြည်ချက် ပြင်းထန်စွာ လေ့လာဆည်းပူးခဲ့ရာမှ မြတ်ဗုဒ္ဓ၏ သားရတနာအဖြစ် ဓမ္မလျော်ကာ သာသနာ့ဘောင်သို့ အခက်အခဲကြားမှ ရောက်ရှိလာခဲ့ပေ၏။

သာသနာပြု ခရီးအစသည် တာချီလိတ်နယ်မြေဒေသများမှ အစပြုခဲ့ပြီး ဓမ္မရိပ်သာ ဓမ္မစခန်း အဲသီးသီး ဆရာကြီး ဦးဂိုအင်ကာ၏ တရားစခန်းများ အစချီပြီး သမထ ဝိပဿနာအလုပ်များကို လုပ်ရင်း သီလစင်ကြယ်အောင် စိတ်စင်ကြယ်အောင် အားထုတ်ကြီးစားခဲ့ကာ ဇတိမြေကိုစွန့်လွှတ်၍ ကျောက်တံခါးဆရာတော်ထံ တပည့်ခံယူရာမှ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျွဲရိုင်းပြင်ကျေးရွာအုပ်စု ပိန္နဲပင်ဆိပ်ရွာ အရှေ့ဘက် တောတောင်ထူထပ်မြင့်မားသော တောင်ကြောရှိယခု သီတင်းသုံးလျက်ရှိသော ကျောက်လုံးကြီးတောင်သို့ တောထွက် ရောက်ရှိလာခဲ့ပေသည်။

ဆရာတော်ကြီး၏ သီလဂုဏ် သမာဓိများကြောင့် ခုဆိုလျှင် ပိုးကုတ် ဝိပဿနာတရားလမ်းစဉ်များနှင့် တရားအစစ်ကို ရှာဖွေလိုသူများ၊ တရားမသိသူများအား မေတ္တာရွေးရွှေလျက် အရိုင်းကို အယဉ်ဖြစ်အောင်၊ ဓမ္မအသိလေးရှိလာအောင်၊ ဘဝအတွက် ချမ်းသာငြိမ်းချမ်းမှုလေးရှိလာအောင် ဆောင်ရွက်ရာမှ တရားစခန်းပတ်များနှင့် တရားအလုပ် အားထုတ်နိုင်ကြရန် စီစဉ်ပေးခြင်း။

အခြေပြု ဝိပဿနာဆင်တန်းပေးခြင်းများ၊ စုပေါင်းရဟန်းခံပေးခြင်းကိုလည်း နှစ်စဉ်နှစ်တိုင်း ပြုလုပ်နိုင်ရန် အားထုတ်ကြိုးပမ်းလျက်ရှိပါ၏။ သတ်မှတ်သည့် ရက်မှာ တန်ခူးလပြည့်ကျော် (၉)ရက်နေ့တွင် စတင်ကြောင်း သိရပါသည်။

ကျောက်လုံးကြီးတောင်တော်ဘုရား သာသနာခရီးသည် နေခြည်လက်ဖြာဝင်းဝါခဲ့လေပြီ။ အမှောင်ကမ္ဘာမြေင်ဆည်းဆာဝယ် လက်ဖြာရောင်ခြည်သန်းလေ၏။ သည်ရပ်ဌာနီဂနိုင်ဆီသို့ သူညီ သူအစ်မ သူအမိ သူအဆွေတို့ ဒါနပဲ၊ ဒါမှ ထပ်ခါတလဲ မြိန်ရှက်သဲကွဲ စဉ်ဆက်မပြတ် ဦးခိုက်ချေပြီ။

စာရေးသူနှင့် အဖော်မွန် ရန်ကြီးအောင်တို့ ကျောက်လုံးကြီးတောရမဂ္ဂင်ရိပ်မှ ညနေခင်းတွင် တောင်ပေါ်မှ ဆင်းသက်လာခဲ့သည်။ စာရေးသူတို့ နှစ်ဦးစလုံးတွင် တူညီသော အပြန်ခရီးကိုယ်စီရှိနေ၏။ ထိုကိုယ်စီသည် မိသားစုရှိရာ အိမ်ဆိုတဲ့ သံယောဇဉ် ရစ်နှောင်ထားရာဆီသို့ ဖြစ်သည်။

စာရေးသူတို့ ကျောခိုင်းထွက်ခွာခဲ့ရာ တောင်တော်ကုန်းမြင့်မှာ နောက်လှည့် မကြည့်ဘဲ သိနေ၏။ အလင်းရောင်တို့ ဖြာမြဲ ဖြာလျက်။

ကျောက်လုံးကြီး သာသနာပြု တောရမဂ္ဂင်အား ရှိသေစွာ ပူဇော်ရေးသားပါသည်။

ကျေးဇူးစကား

ကျောက်လုံးကြီးတောင်တော်တွင် သာသနာ့ပါရမီ ဖြည့်ဆည်းနေသော ဦးဇင်းကြီးဦးတင်မြင့်(လူအမည်) သာဝကဦးတင်ဝင်းနှင့် သူအဖွဲ့ (ပိန္နဲပင်ဆိပ်ရွာ)၊ ဒေါ်ခင်အေးနှင့် သူအဖွဲ့၊ မူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမီမောင့်နှင့် ဆရာမများ။ အဖော်မွန် ရန်ကြီးအောင်၊ ဦးမြင့်ဆွေ (ဇာလီထွန်းတော်ပုံ၊ ရေလွဲရွာ)၊ ဦးမြစိုး (စည်း/မှူး) ရပ်ကျေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ကိုကြီးစိုး(ရွှေဂန္ဓဝင်)

❑

www.burmeseclassic.com

www.burmeseclassic.com

ဂေါတမမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် အခါတစ်ပါး၌ လိစ္ဆဝီမင်းသားတစ်ပါးသည် မေတ္တိယဘူမဇကရဟန်းတို့၏ စေခိုင်းမှုကြောင့် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မလွမင်း၏သား အရှင်ဒဠ္ဍသည် ၎င်း၏မယားကို ဖျက်ဆီးပါသည်ဟု လိမ်လည် လျှောက်ထားရာ မြတ်စွာဘုရားရှင်သည် ရဟန်းသံဃာတို့ကို စည်းဝေးစေပြီး အရှင်ဒဠ္ဍကို စစ်ဆေးမေးမြန်းစေပါသည်။

အရှင်ဒဠ္ဍသည် အပြစ်ကျူးလွန်ခြင်းမရှိဘဲ လိဆယ်ဖန်တီး၍ အရှင်ဒဠ္ဍ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းပျက်စီးအောင် ပြုလုပ်ခြင်းဖြစ်ကြောင်း' ထင်ရှားစွာ သိရှိကြလျှင် မြတ်စွာဘုရားသည် . . .

"ရဟန်းတို့၊ လိစ္ဆဝီမင်းသားအား သပိတ်မှောက်လော့၊ သံဃာနှင့် မဆက်ဆံခြင်းကို ပြုလော့၊ ရဟန်းတို့ အဂ်ိ ရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား သပိတ်မှောက်ရမည်၊ ၎င်းတို့မှာ . . .

(၁) ရဟန်းတို့အား လာဘ်မရစိမ့်သောငှာ အားထုတ်ခြင်း၊

(၂) ရဟန်းတို့အား အကျိုးမဲ့မိစိမ့်သောငှာ အားထုတ်ခြင်း၊

(၃) ရဟန်းတို့အား နေရာမရစိမ့်သောငှာ အားထုတ်ခြင်း၊

(၄) ရဟန်းတို့ကို ဆဲရေးခြင်း၊ ခြိမ်းခြောက်ခြင်း၊

(၅) ရဟန်းအချင်းချင်း ကွဲပြားစေခြင်း၊

(၆) မြတ်စွာဘုရား၏ ကျေးလူးမဲ့ကို ပြောခြင်း၊

(၇) တရား၏ ကျေးလူးမဲ့ကိုပြောခြင်း၊

(၈) သံဃာ၏ ကျေးလူးမဲ့ကိုပြောခြင်း

ဤအဂ်ိ(၈)ပါးနှင့် ပြည့်စုံသော ဥပါသကာအား သပိတ်မှောက်ခြင်းငှာ ခွင့်ပြု၏" ဟု မိန့်တော်မူပြီး သပိတ်မှောက်ပုံက ဤသို့တည်း။

ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်နှင့် ပြည့်စုံသော ရဟန်းတစ်ပါးသည် ရဟန်းသံဃာတို့အား ဖြစ်စဉ်ကို ရှင်းရှင်းလင်းလင်းသိရှိအောင် လျှောက်ထားရမည်။

ထို့နောက် လိစ္ဆဝီမင်းသားအား သံဃာဖြင့် မဆက်ဆံစေသော သပိတ်မှောက်မည်။

နှစ်သက်သဘောတူလျှင် ဆိတ်ဆိတ်သာ နေကြပါ။ သဘောမတူလျှင် အကျိုးအကြောင်း ပြောပါဟု ဆန္ဒခံယူရမည်ဟူ၍ မိန့်ကြားပါသည်။

ထိုအခါ ညီတော်အာနန္ဒာသည် ရဟန်းတို့၏ သဘောဆန္ဒကို ခံယူပြီး သည်နှင့် နောက်တစ်နေ့နံနက် ဆွမ်းခံကြွချိန်တွင် သပိတ်တော်ကို ပိုက်၍ လိစ္ဆဝီမင်းသား၏နေအိမ်သို့ ချဉ်းကပ်တော်မူပြီးလျှင် . . .

"ငါ့ရှင်၊ သံဃာသည် သင့်အား သပိတ်မှောက်ပြီ၊ သင်သည် သံဃာနှင့်

www.burmeseclassic.com

www.burmeseclassic.com

ဆက်ဆံမှုမရှိသူဖြစ်ပြီ" ဟု မိန့်တော်မူလိုက်ရာ လိစ္ဆဝီမင်းသားသည်...

"သံယာသည် ငါ့ကို သပိတ်မှောက်သတတ်၊ ငါသည် သံယာနှင့် ဆက်ဆံမှု မရှိသူဖြစ်သတတ်" ဟုတွေးမိပြီး နေရာမှာပင် မူးမေ့လဲကျသွားပါသည်။ သတိ ပြန်လည်လာသောအခါ လိစ္ဆဝီမင်းသား၏ အဆွေခင်ပွန်းတို့သည်...

"အသင်မင်းသား မသင့်ပါ၊ ဧရိုးရိမ်ပါလင့်၊ မငိုကြွေးပါလင့်၊ ငါတို့ မြတ်စွာဘုရားကိုလည်းကောင်း၊ သံယာတော်များကို လည်းကောင်း ကျေနပ်အောင် ဝန်ချတောင်းပန်ကြပါမည်" ဟု ပြောဆိုကြပြီး မြတ်စွာဘုရား၏ကျောင်းတော်သို့ လိစ္ဆဝီမင်းသားသည် ဇနီးသားသမီးများ၊ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေသင်္ဃာများနှင့်အတူ စိုသောအဝတ်ထိုဝတ်လျက် စိုသောဆံပင်တို့နှင့်သွားရောက်ပြီး မြတ်စွာဘုရား၏ခြေအစုံသို့ ဦးခိုက်ပြီး...

"အရှင်ဘုရား၊ တပည့်တော်သည် အရှင်ဒဗ္ဗကို မဟုတ်မမှန်ဘဲ သီလဖောက်ဖျက်ဟု မိုက်မဲလှစွာ စွပ်စွဲပြောဆိုခဲ့ပါသည် ဘုရား၊ ထိုအပြစ်ကြောင့် တပည့်တော်တွင် သံယာတို့နှင့်ဆက်ဆံခြင်း မပြုရသော ဒဏ်သင့်၍ ပူပင်သောက ကြီးစွာ ကျရောက်ခဲ့ရပါပြီ၊ တပည့်တော် မှားမှန်းလည်း သိရှိပြီး နောင်တများလည်း ရရှိပါသည်၊ နောင်အခါ ဤအပြစ်မျိုး မကျူးလွန်မိစေရန် ထိန်းသိမ်းပါမည်၊ တပည့်တော်အား ခွင့်လွှတ်သည်းခံပေးတော်မူပါဘုရား" ဟူ၍ လျှောက်၏။ ထိုအခါ ဘုရားရှင်မှ...

"ဒါယကာ၊ သင်သည် အရှင်ဒဗ္ဗအား အကြောင်းမရှိဘဲ သီလပျက်စီးခြင်းဖြင့် စွပ်စွဲသောကြောင့် မိုက်သည့်အလျောက် တွေဝေခဲ့၏၊ ဒါယကာ၊ သင်သည် အကြင်ကြောင့် အပြစ်ကို အပြစ်အားဖြင့်မြင်၍ တရားနှင့်လျော်ညီစွာ ကုစား၏၊ ထို့ကြောင့် သင်၏ ထိုအပြစ်ကို ငါတို့သည်းခံကုန်၏။

ဒါယကာ၊ အကြင်သူသည် အပြစ်ကို အပြစ်အားဖြင့်မြင်၍ တရားနှင့်လျော်စွာ ကုစား၏၊ နောင်အခါ၌ လည်း စောင့်စည်း၏၊ (ထိုသူ၏) ဤသို့ ပြုခြင်းသည် ဘုရား၏ ဝိနည်းအဆုံးအမ၌ ကြီးပွားကြောင်းသာလျှင်ဖြစ်၏"

ဟု မိန့်တော်မူပြီးလျှင် သံယာများဘက်သို့ လှည့်တော်မူပြီး...

"ရဟန်းတို့၊ သို့ဖြစ်လျှင် လိစ္ဆဝီမင်းသားအား သပိတ်လှန်ကြလော့၊ သံယာနှင့်ဆက်ဆံခြင်းကို ပြုကြလော့" ဟုမိန့်ဆိုတော်မူပြီး ဆက်လက်၍...

"ရဟန်းတို့၊ အဂိါရှစ်ပါးနှင့်ပြည့်စုံသော ဥပါသကာအား သပိတ်လှန်ရမည်။

(၁) ရဟန်းတို့အား လာဘ်မရစိမ့်သောငှာ အားမထုတ်ခြင်း၊

(၂) ရဟန်းတို့အား အကျိုးမဲ့စေသောငှာ အားမထုတ်ခြင်း၊

(၃) ရဟန်းတို့အား နေရာမရစိမ့်သောငှာ အားမထုတ်ခြင်း၊

(၄) ရဟန်းတို့ကို မဆဲရေးခြင်း၊မခြိမ်းခြောက်ခြင်း၊

(၅) ရဟန်းတို့အချင်းချင်း မကွဲပြားစေခြင်း၊

(၆) မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို မပြောခြင်း၊

(၇) တရားတော်၏ ကျေးဇူးမဲ့ကို မပြောခြင်း၊

(၈) သံယာ၏ကျေးဇူးမဲ့ကို မပြောခြင်း

စသော အဂိါရှစ်ပါးနှင့်ကိုက်ညီသော ဥပါသကာကို သပိတ်လှန်ခြင်းငှာ ခွင့်ပြု၏။

သပိတ်လှန်နည်းကား လိစ္ဆဝီမင်းသားသည် ဝဲဘက်ပခုံးထက်တွင် တဘက်၊ ကိုယ်ရုံကိုတင်ပြီး ရဟန်းတို့၏ ခြေတို့ကိုရှိခိုးကာ ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီပြီးလျှင်...

"အရှင်ဘုရားတို့- သံယာသည် အဂျွန်ပ်အား သပိတ်မှောက်ပါ၏၊ အဂျွန်ပ်သည် သံယာနှင့် ဆက်ဆံမှုမရှိသူ ဖြစ်ပါ၏၊ အရှင်ဘုရားတို့၊ ထို အဂျွန်ပ်သည် ကောင်းစွာကြဉ်ပါ၏၊ (မာန်တည်းဟူသော) အမွေကိုချပါ၏၊ ကံမှထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏" သံယာအား သပိတ်လှန်ခွင့်ကို တောင်းပန်ရမည်၊ ထိုသို့ သုံးကြိမ်တောင်းပန်ကန်တော့ရမည်။

ထိုအခါ စွပ်ရည်ပြည့်ဝ၍ ကျွမ်းကျင် လိမ္မာသော ရဟန်းတစ်ပါးက သံယာအပေါင်းကို ဤသို့လျှောက်ထားရမည်။

"အရှင်ဘုရားတို့၊ သံယာသည် အဂျွန်ပ်၏စကားကို နာတော်မူလော့၊ သံယာသည် လိစ္ဆဝီမင်းသားအားသပိတ်မှောက်၏၊ သံယာနှင့် မဆက်ဆံခြင်းကို ပြု၏၊ ယခုမူ လိစ္ဆဝီ မင်းသားသည် ကောင်းစွာကျင့်၏၊ (မာန်တည်း ဟူသော)အမွေကိုချ၏၊ ကံမှထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ သံယာအား သပိတ်လှန်ခြင်းကို တောင်းပန်၏၊ သံယာအား လျောက်ပတ်သောကံသည် အကယ်၍ရှိပြားအံ့၊ သံယာသည် လိစ္ဆဝီမင်းသားအား သပိတ်လှန်ရာ၏၊ သံယာနှင့်ဆက်ဆံခြင်းကို ပြုရာ၏၊ ဤကား သံယာတို့ကို သိစေခြင်းတည်း"

"အရှင်ဘုရားတို့၊ သံယာသည် အဂျွန်ပ်၏စကားကို နာတော်မူလော့၊ သံယာသည် လိစ္ဆဝီ မင်းသားအား သပိတ်မှောက်၏၊ သံယာနှင့်မဆက်ဆံခြင်းကို ပြု၏၊ လိစ္ဆဝီ မင်းသားသည် ကောင်းစွာကျင့်၏၊ (မာန်တည်း ဟူသော)အမွေကိုချ၏၊ ကံမှထွက်မြောက်ကြောင်းအကျင့်ကို ကျင့်၏၊ သံယာအား သပိတ်လှန်ခြင်းကိုတောင်းပန်၏၊ သံယာသည် လိစ္ဆဝီမင်းသားကို သပိတ်လှန်၏၊ သံယာနှင့်ဆက်ဆံခြင်းကိုပြု၏၊ လိစ္ဆဝီမင်းသားအား သပိတ်လှန်ခြင်း၊ သံယာနှင့်ဆက်ဆံမှုပြုခြင်းကို အကြင်အရှင်သည် နှစ်သက် သဘောတူပါလျှင် ဆိတ်ဆိတ်နေရာ၏၊ အကြင်အရှင်သည် နှစ်သက်သဘောတူခြင်း မရှိပါလျှင် ခေဖန်ပြောဆိုပါကုန်"

www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာသည် ဘုရားရှင်၏ မိန့်ဆိုချက်အတိုင်း သံဃာတော်တို့အား ဇော်ဂျာက်ထားရာ သံဃာတော်အားလုံးမှ ဒိတ်ဆိတ်သာ နေတော်မူကြသဖြင့် ညီတော်အာနန္ဒာမှ ဤသို့ကြေညာပါသည်။

"သံဃာသည် လိစ္ဆဝီမင်းသားအား သိတိလှန်အပ်ပြီ၊ သံဃာနှင့် ဆက်ဆံမှုကိုပြုအပ်ပြီ၊ သံဃာအားလုံး သဘောတူ နှစ်သက်၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေကြ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အပြစ်ကို သိမှတ်ရပါသည်" ဟူ၍ဖြစ်ပါသည်။

ဤသို့ဖြင့် ရဟန်းသံဃာများမှ လိစ္ဆဝီမင်းသားအား သိတိမှောက်ခြင်းအမှု ပြီးဆုံး ပြေငြိမ်းခဲ့ရပြီး ဆရာဒါယကာ ပြန်လည် သင့်မြတ်ခြင်းသို့ ရောက်ရှိခဲ့ရပါသည်။

မြတ်စွာဘုရားရှင် သည်ကား မဟာကရုဏာတော်ရှင်၊ မဟာမေတ္တာရှင် ဖြစ်တော်မူပါ၏။ ထို့အတူ ဗုဒ္ဓ၏ အဆုံးအမကိုခံယူပြီး ဗုဒ္ဓ၏ လမ်းညွှန်မှုနှင့်အညီ ကျင့်ကြံပွားများ အားထုတ်လျက်ရှိကြကုန်သော ရဟန်းတော်တို့သည်လည်း မေတ္တာတရား၊ ကရုဏာတရား ကြီးမားကြပါ၏။ ထို့ကြောင့် သံဃာအား ပုတ်ခတ်စော်ကားခဲ့သော လိစ္ဆဝီမင်းသားအား အပြစ်ကိုသိစေရန်မှ သံဃာတော်များမှ အံဆက်အဆံမပြုခြင်းဟူသော သိတိလက်နက်နှင့် ဆုံးမတော်မူပြီး အမှားကိုသိ၍ အမှန်ကို မြင်လာခြင်း၊ မှားမိသည့်အပြစ်အတွက် ဝန်ခံ တောင်းပန်ခြင်း၊ ထိုအပြစ်မျိုး နောင်မပြုတော့ပါဟု ကတိပေးသော အခါ သံဃာတော်တို့သည် လွယ်ကူစွာပင် သိတိကို လှန်ခဲ့ကြပါသည်။

လိစ္ဆဝီ မင်းသားအပေါ် ရန်ပြုသိုဖွဲ့ခြင်း၊ မုန်းမာန်ပွားခြင်းတို့ မရှိကြပါဘဲ မေတ္တာမပျက် ပြန်လည်ဆက်ဆံကြပါ၏။

ဤတား ဗုဒ္ဓဘုရားရှင် လက်ထက်တော်အခါက သိတိမှောက်ခြင်း၊ သိတိလှန်ခြင်းတို့၏ အကြောင်းတည်း။

[ဤဆောင်းပါးကို စိစစ်ပေးခဲ့သော သက်တော်(၅၁)နှစ်မျှဖြင့် ဘဝနတ်ထံ ပုံလွှန်တော်မူခဲ့ပြီဖြစ်သော သာသနာ့ဓဇ ဓမ္မာစရိယ အပါအဝင် (၁၃) ဘွဲ့ရ ရည်မွန်ကျမ်းများ ကျမ်းပြုအရှင်စဉ်ကိုင်မြို့၊ သရက်တော ပရိယတ္တိစာသင်တိုက်မှ လယ်တွင်း အရှင်တေဇဝလအား ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့ပါ၏။]

ဘိုဘို(ရွှေက်ကူ)

ကျမ်းတိုး - မြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနမှထုတ်ဝေသော ဆဋ္ဌသင်္ဂါယနာတင် ဗိဒုဏာတ်တော်မှ စူဠဝင် ပါဠိတော် မြန်မာပြန်မှ ထုတ်နှတ်မှီငြမ်း ကိုးကားပါသည်။

အကြောပြင်ဆရာကြီး ဦးအေးထွန်း

(အကြောပြင်ပညာရှင်)

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အခြိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါသည်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး

- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျဉ်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်း ကောင်းအောင် ကုသပေးပါသည်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ, လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို 'ပျောက်ကင်းနိုင်ခြင်း ရှိ/မရှိ၊ ပျောက်ကင်းမည့်အခြိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် ➡ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနဲ့ ကျောချင်းကပ်လမ်း) ဖုန်း ➡ ၀၉-၇၃၂၄၄၄၂၂၊ ၀၉-၂၅၀ ၁၅၄၀၅၈

www.burmeseclassic.com

www.burmeseclassic.com

ဒဂါတမဗုဒ္ဓ သာသနာဝင်
ခုနစ်နှစ်အရွယ်
ရဟန္တာ သာဒယော်များ

ငယ်ဘဝ

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

မဂဓတိုင်းနယ် ရာဇဂြိုဟ်အနီး နာလကပုဏ္ဏားရွာ၌ ရူပသာရီပုဏ္ဏားမ သူဌေးကတော်ကြီးကား ထူးခြားလှသော အမျိုးသမီးကြီးတည်း။ ရင်နှစ်သည်းခြာ သားလေးဦးနှင့် သမီးသုံးဦး အားလုံးသည် ဂေါတမဗုဒ္ဓ သာသနာဝယ် ရဟန္တာများ ဖြစ်ခဲ့ကြသည်။ ပညာအရာ တေဒဂ်ဘွဲ့ရှင် အရှင်သာရီပုတ္တရာ (ဥပတိဿ)၊ ထက်ဝန်းကျင် ကြည်ညိုဖွယ်ရှိသော အရာတွင် တေဒဂ်ဘွဲ့ရှင် အရှင်ဥပသေန၊ တောနေရဟန်းတို့တွင် တေဒဂ်ရ အရှင်ခဒိရဝနိယ ရေဝတထေရ် ဟူသော တေဒဂ်အရှင်သုံးပါးတို့၏ မိခင်ကြီးတည်း။

ထို့ပြင် အရှင်ရေဝတမထေရ်မြတ်ကား ငယ်ရွယ်စဉ် ခုနစ်နှစ်သား အရွယ်၌ပင် အရဟတ္တဖိုလ်သို့ ရောက်ခဲ့သော မထေရ်မြစ်ခဲ့ပေသည်။ ရှားတော နေ ကိုရင်လေးဟု ရဟန္တာသာမဏေ အဖြစ် ထင်ရှားခဲ့သူဖြစ်သည်။ အရှင်သာရီပုတ္တရာမထေရ်မြတ်၏ ညီအထွေးဆုံးတည်း။

အရှင်ရေဝတ မထေရ်လောင်းလျာသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်တော်မူစဉ် ဟံသာဝတီမြို့သား ဖြစ်ခဲ့၍ ယခုအခါ ဂင်္ဂါမြစ်၏ ဝယာဆိပ်ကမ်းတည်ရာ ထိုစဉ်အခါက ဘာဂီရထီမြစ်၏ ဆိပ်ကမ်းတည်ရာတွင် လှေကူးတို့ပို့လျက် နေထိုင်ခဲ့သူ ဖြစ်ခဲ့သည်။

တစ်နေ့တွင် ပဒုမုတ္တရဘုရားရှင်သည် ရဟန်းတော်တစ်သိန်း ခြံရံလျက် ထိုဆိပ်ကမ်းသို့ ရောက်လာခဲ့သည်။ ဘုရားရှင်နှင့် ရဟန်းတော်တို့အား တစ်ဖက်ကမ်းသို့ ပို့ပေးရန် မထေရ်လောင်းလျာ ကူးတို့သမားသည် လှေများကို ဖွဲ့စပ်၍ လှေပေါင်းချပ် ပြုလုပ်ကာ အထက်၌ ဒိတာန်မျက်နှာကြက်အဖြူ လုပ်၍ နံ့သာပန်းဆိုင်းများပြုလုပ်ပြီး အောက်၌ ပိုက်ဆံလျှော်ချည်ကောင်းများဖြင့် ရက်အပ်သောအခင်းများ ခင်းစေလျက် အရှင်မြတ်တို့အား တစ်ဖက်ကမ်းသို့ ပို့ပေးခဲ့သည်။

တောကျောင်းနေ ရဟန်းတစ်ပါးအား တေဒဂ်အရာ ထားသည်ကို အားကျ၍ ဘုရားရှင်နှင့် သံဃာတို့အား မင့်ကာ ခုနစ်ရက်ကြာ အလှူကြီးပေး၍ ဆုပန်ခဲ့ရာ တေဒဂ်ဘွဲ့အတွက် ဗာဒိတ်ပန်ဆင်ခွင့် ရခဲ့သည်။ ထို့မှ စုတေ၍ အပါယ်သို့မလားရဘဲ လူပြည် နတ်ပြည်တွင် ကျင်လည်ခဲ့ကာ နောက်ဆုံးဘဝတွင် နာလကရွာ ရူပသာရီပုဏ္ဏားမကြီး၏ ဝမ်းတွင် သန္ဓေယူခဲ့သည်။

နောင်တော်ကြီး ဥပတိဿသည် ရဟန်းဖြစ်ပြီး ညီနှင့်ညီမတို့ကို ရှင်ရဟန်းပြုပေးခဲ့ရာ ရေဝတသူငယ်တစ်ဦးသာ ကျန်တော့သည်။ ထို့ကြောင့် မိဖတို့က ဦးအောင်ပြုသည့်အနေဖြင့် ခုနစ်နှစ်အရွယ် ရေဝတသူငယ်ကို မျိုးတူသတို့သမီးငယ်ဖြင့် ထိမ်းမြားပေးတော့သည်။ မင်္ဂလာစကားပြောကြားရာတွင် အသက်တစ်ရာ့နှစ်ဆယ်ရှိ အဘွားအို အတိုင်း အသက်ရှည်ရစေဟုဆုတောင်းစကား ပြောကြရာ ထိုအဘွားအိုနှင့် သတို့သမီးငယ်ကို နှိုင်းယှဉ်လျက် ဇရာသဘောကို ဆင်မြင်မိသော ရေဝတသူငယ်သည် သံဝေဂရကာ အစ်ကို၊ အစ်မတို့ လမ်းစဉ်အတိုင်း သွားမည်ဟု ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် သတို့သမီးငယ်အိမ်သို့အသွား လမ်းတွင် အခွင့်ရသည်နှင့် ထွက်ပြေးကာ ပုံသကူဇူတင်ဆောင် ရဟန်းတို့၏ တောကျောင်းသို့ ရောက်သော် ရဟန်းပြုပေးရန် တောင်းပန်ခဲ့သည်။ ရဟန်းတို့က မသိ မကျွမ်းဝင်သူဖြစ်၍ ရဟန်းပြုမပေးနိုင်ကြောင်းပြောရာ အလုယက်ခံနေရပါသည်ဟု အော်ဟစ်တော့သည်။ ရဟန်းတို့ စုဝေးလာပြီးမေးရာ မိမိ၏ ရှင်ရဟန်းပြုပြီး ရနိုင်မည့် လူနတ်နိဗ္ဗာန်ချမ်းသာကို အလုယက်ခံရကြောင်း ပြောပြီး အရှင်သာရီပုတ္တရာ၏ ညီထွေးဖြစ်ကြောင်း ပြောပြခဲ့သည်။

အရှင်သာရီပုတ္တရာ မထေရ်မြတ်သည် အစောပိုင်းကပင် ရဟန်းတို့အား အမှာစကားထားခဲ့သည်။ မိမိ၏ ဆွေမျိုးတို့သည် မိစ္ဆာအယူများ ရှိကြရကား မိမိ၏ဆွေမျိုးထဲမှ တစ်ဦး တစ်ယောက် ရောက်လာကာ ရှင်ရဟန်းပြုလိုလျှင် ဖြစ်နိုင်သည့်နည်းဖြင့် ရဟန်းပြုပေးရန် ဖြစ်သည်။ ထိုအမှာကို သတိရသဖြင့် ရေဝတသူငယ်အား ရဟန်းပြုပေးခဲ့ကြသည်။ ထိုအကြောင်းကိုလည်း အရှင်မြတ်ထံ အသိပေး လျှောက်ထားစေခဲ့သည်။

ရေဝတသာမဏေသည် မိမိ၏ ဆွေမျိုးများ လိုက်လာနိုင်သေးသဖြင့် အရဟတ္တဖိုလ်တိုင် ရောက်စေသည့် ကမ္မဋ္ဌာန်းကို သင်ယူပြီး ယူဇနာသုံးဆယ် ဝေးသော အလွန်ခက်ခဲကြမ်းတမ်းသည့် ရှားတော့အတွင်းဝယ် နေရာယူကာ ရဟန်းတရားကို ပွားများအားထုတ်ရာ ဝါတွင်းသုံးလအတွင်းတွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူခဲ့သည်။

သတင်းရခါစတွင် အရှင်သာရီပုတ္တရာမထေရ်မြတ်သည် လိုက်သွားရန် ခွင့်မန်စဉ် ဘုရားရှင်က သာမဏော၏ အားထုတ်မှုကို အနှောင့်အယှက်ဖြစ်စေမည်ဖြစ်၍ အကြိမ်ကြိမ်တားမြစ်ခဲ့လေသည်။

ရေဝတ သာမဏော၏ ရဟန်းကိစ္စပြီးကြောင်း သိရသော် ဘုရားရှင်က အရှင်သာရီပုတ္တရာ၊ အရှင်အာနန္ဒာ အထူးသဖြင့် အရှင်သီဝလိမထေရ် အပါအဝင် ရဟန်းငါးရာဖြင့် ရေဝတရဟန္တာသာမဏောရှိရာ ရှားတောသို့ကြွခဲ့သည်။ ခက်ခဲကြမ်းတမ်း လမ်းခရီးကြားတွင် အရှင်သီဝလိမထေရ်၏ ဘုန်းကံကြောင့် နတ်တို့က အလုံးစုံပြည့်စုံအောင် ပြုလုပ်ပေးခဲ့ကြသည်။

ဘုရားရှင်နှင့် သံဃာတော်တို့ ကြွလာမည်ကို သိထားသဖြင့် ရေဝတရဟန္တာသာမဏောသည် ခမ်းနားပြည့်စုံသော အနေအထားဝန်းကျင်ရှိစေအောင်

www.burmeseclassic.com

www.burmeseclassic.com

တန်ခိုးဖြင့် ဖန်ဆင်းထားကဲ့ ဆိုးကြို ခဲ့သည်။ ဘုရားရှင်သည် ရဟန်းတို့နှင့် အတူ ရေဝတရဟန္တာသာမဏေထံတွင် တစ်ဆယ့်ငါးရက်အချိန်ပေး၍ နေကာ ခိုးမြောက်ပြီး ပြန်ကြွသွားသည်။ ထိုသို့ နေစဉ် အချို့သော ဥဒ္ဒစ္စပေါမ္မာ စိတ် တွင့်ပါးသော ရဟန်းအချို့သည် ခေါင်း ငါးစွာကျင့်သည်ဟု ပြောသော်လည်း ထာဝ ခမ်းနားထည်ဝါစွာနေသည်ကို မြင် ရသည်။ အဆို့ဆိုရမည်နည်းဟု ကဲ့ရဲ့ စကားတင်းဆိုကြသည်။

ထိုရဟန်းတို့အား အားလုံး ပြန် ကြွသွားပြီးနောက် ဘုရားရှင်သည် ရွာသူရွာသားများ ကျန်အောင် တန်ခိုးဖြင့် ပြီးခဲ့ကာ ပြန်ယူစေခဲ့သည်။ ထိုအခါ ရွာသူရွာသားများ ပြန်ယူရန် အလွန်ကြမ်းတမ်း သော နေရာကို ရောက်ခဲ့ပြီး သတိ ထားဝင်လာကြကာ ရေဝတရဟန္တာ သာမဏေ၏ ဂုဏ်ကို ဆင်ခြင်မိကာ အံ့သြမိကြတော့သည်။

ဝိသာခါ ကျောင်းအမကြီးနှင့် ဆွေသော် မူလရောက်နှင့်ပြီး ရဟန်းတို့ အရှင်ရေဝတ၏နေရာကို ကြီးကျယ် ခမ်းနားကြောင်း ပြောခဲ့ကြသည်။ ဥဒ္ဒစ္စ ရဟန်းတို့ကား အလွန်ခက်ခဲကြမ်းတမ်း ကြောင်း ပြောခဲ့ကြရာ ဝိဝါဒနှစ်မျိုးဖြစ် ရခြင်းကို ဘုရားရှင်အား ဒါယိကာမ ကြီးတ မေးလျှောက်ရာ အရိယာတို့ အတွက် မွေ့လျော်ရာအရပ်နှင့် ပတ် သက်၍ အောက်ပါ ဓမ္မပဒကျမ်းလာ ဂါထာကို ဟောကြားခဲ့ကာ လူအများ အတွက် အမြိုက်တရား ရစေခဲ့သည်။

"ဂါမေ ဝါ ယဒိ ဝါ ရညေ၊
နိန္နေ ဝါ ယဒိ ဝါ ထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊
တံ ဘူမိရာမဏေယျကံ"

"ငါးပါးအာရုံ ကာမဂုဏ်တို့ ဝန်း ရံထူထပ် ရွာအရပ်၌ ဖြစ်စေ၊ ထိုသို့ ဆုတ် ကာမဂုဏ်အာရုံများမှ ဝေးခြား သဲလတ် တောအရပ်၌ဖြစ်စေ၊ စိမ့်စမ်း အိုင်ဖြင့် ရေသွင်သွင်နှင့် သစ်ပင်စိမ်း သန်း ချိုင့်ဝှမ်းရာအရပ်၌ဖြစ်စေ၊ ထိုသို့ မဟုတ် သစ်ပင်မရှိ မြူအတိလျှင် ပြွမ်း ဘိပူလောင် ကုန်းခေါင်ခေါင်အရပ်၌ဖြစ် စေ အမှတ်မထင် အကြင်အရပ်၌ အာ သဝေါကုန်ခန်း ရဟန္တာအရှင်မြတ်တို့ သည် ကွရိယာပထ မျှတရွှင်ပြုံး သိတင်း သုံးနေတော်မူကြကုန်၏။ ထိုရဟန္တာ အရှင်မြတ်တို့၏ သိတင်းသုံးနေထိုင်ရာ အရပ်သည် မြေအပြင်ဝယ် မွေ့လျော် ဖွယ်မှန်လှ အရပ်ဌာနပေတည်း"

ရဟန်းတို့က အရှင်ရေဝတ မထေရ်၏ ဂုဏ်ကျေးဇူးကို ခီးမွမ်းကြ၍ ဘုရားရှင်က ဓမ္မပဒကျမ်းလာ ဗြဟ္မဏ ဝဂ်၌ ရဟန္တာတို့အား ကုသိုလ်၊ အကု သိုလ် မရှိကြောင်း ဟောကြားသော ဒေသနာကို နာယူ ကြည်ညိုကြည့်ကြ ပါစို့။

"ယောစ ပုညဉ္စ ပါပဉ္စ၊
ဥဘောသဂီ ဥပစ္စဂါ။
အသောကံ ဝိရဇံ သုဒ္ဓံ၊
တမဟံ ဗြူမိ ဗြဟ္မဏံ"

"ဤသာသနာတော်၌ အကြင် ပုဂ္ဂိုလ်သည် ကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း၊ နှစ်ပါးစုံ သော ကံတို့ကို ပယ်စွန့်၍ ရာဂစသည် အပြားရှိသော ငြိကပ်ခြင်းကို လွန် မြောက်လေပြီ၊ ဝိုးရိမ်ခြင်းလေးလည်း မရှိသော၊ ရာဂဟူသည့်မြူလည်း မရှိသော၊ ကိလေသာမှ သန့်ရှင်းစင်ကြယ် ပြီးထသော ထိုပုဂ္ဂိုလ်ကို ငါဘုရားသည် ဗြဟ္မဏဟူ၍ ဟောတော်မူ၏"

လူများစွာတို့ကို သောတာပတ္တိ ဖိုလ် စသည်တို့သို့ ရောက်စေသော ဒေသနာတော်တည်း။

သံသရာတွင် ကျင်လည်ရင်း ပါရမီကုသိုလ်ကောင်းမှုတို့ကို ဆည်းပူး ဖြည့်ကျင့်ကြကာ နောက်ဆုံးဂေါတမ ဘုရားရှင် ပွင့်တော်မူသောအခါ ဘုရား ရှင်နှင့် ကြုံကြိုက်၍ တရားနာရင်း ခုနစ် နှစ်အရွယ်၌ပင် သောတာပန်ဖြစ်ခဲ့ကြ သော ဝိသာခါကျောင်းအမကြီးနှင့် အခြံ အရံ သတို့သမီး ငါးရာတို့ကဲ့သို့သော သူများ များစွာရှိခဲ့ကြသည်သာ ဖြစ် သည်။

အထက် ဖော်ပြခဲ့သည့်အတိုင်း ခုနစ်နှစ်အရွယ်၌ ရဟန်းပြုရင်း အရ ဟတ္တဖိုလ်ထိသို့ ဆိုက်ရောက်ကြသူများ လည်း ရှိခဲ့သည်သာ။

အချို့မှာ ရဟန်းမဖြစ်မီ အသက် နှစ်ဆယ်မပြည့်မီ သာမဏေဘဝ၌ပင် အောက်မဂ်ဖိုလ်တို့သို့ လည်းကောင်း၊ အရဟတ္တဖိုလ်သို့ လည်းကောင်း ရောက် ရှိခဲ့ကြသူများလည်း ရှိကြသည်ပင်။

www.burmeseclassic.com

www.burmeseclassic.com

အချို့မှာ အရှင်ရာဟုလာထေရ်ကဲ့သို့ ခုနစ်နှစ်အရွယ်၌ သာသနာ့ဘောင်သို့ ဝင်ခဲ့ပြီး အသက်နှစ်ဆယ်ပြည့်မှ ရဟန်းဖြစ်မှသာလျှင် အရဟတ္တဖိုလ်သို့ ရောက်ခဲ့ကြသူများလည်း ရှိခဲ့ကြပါသည်။

အကြောင်းမတိုက်ဆိုင်သဖြင့် ဝိဇ္ဇကကျမ်းတို့တွင် ထည့်သွင်းခံရခြင်း မရှိကြသူများမှာ အကြောင်းတိုက်ဆိုင်၍ ကျမ်းစာတို့တွင် ဖော်ပြခြင်းခံရသူတို့ထက် အရေအတွက် ပိုများကြသည်သာ ဖြစ်သည်။

❑

လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက် ပဒုမုတ္တရ ဘုရားရှင်လက်ထက်တွင် ဗေဒင်အရာ၌ တစ်ဖက်ကမ်းခပ်တင်မြောက်သော ပုဏ္ဏားဖြစ်ခဲ့ပြီး ဘုရားရှင်အား ဝုဏ်ကျေးဇူးကို ထုတ်ဖော်ချီးကျူးကာ ရှိခိုးခဲ့သော သတရံသီ မထေရ်လောင်းလျာသည် နောက်ဆုံးဘဝ ဂေါတမဘုရားရှင်လက်ထက်တွင် ခုနစ်နှစ်အရွယ်၌ ရဟန်းဘောင်ဝင်ခဲ့ပြီး ထေရီထေရာအပါဒါန် ပါဠိတော် မြန်မာပြန်ကျမ်းတွင် ထည့်သွင်းဖော်ပြထားခဲ့ရသော ရဟန္တာအရှင်မြတ်တစ်ပါးဖြစ်ပါသည်။

အရှင် ဓမ္မရုစိယမထေရ်သည် ကား ထူးခြားသူဟု ဆိုရပါမည်။ လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက် ဂေါတမဘုရားလောင်း သုမေဓာသတို့သားနှင့် အလွန်အကျွမ်းဝင် ရင်းနှီးခဲ့သူဖြစ်သည်။

အရှင်ဓမ္မရုစိယမထေရ်လောင်းသည် ထိုအခါ အတတ်ကောင်းစွာ သင်ယူခဲ့သော မေဃအမည်ရှိ လူလင်ဖြစ်သည်။ သုမေဓာသူဌေးသား ရှင်ရဟန်း ပြုသော် နောက်မှလိုက်၍ အတူရဟန်းပြုပေးခဲ့သူ ဖြစ်သည်။ ရဟန်းပြုပြီး ပါတိမောက်သီလ၌ လည်းကောင်း၊ ဣန္ဒြေငါးပါးတို့၌ လည်းကောင်း စောင့်စည်းခဲ့သူဖြစ်ကာစင်ကြယ်သောအသက်မွေးမှုရှိသူ ဖြစ်ခဲ့၍ သတိဝီရိယနှင့်ပြည့်စုံလျက် ဘုရား၏ အဆုံးအမကို လိုက်နာကျင့်ကြံခဲ့သူဖြစ်သည်။ သို့သော် ယုတ်မာသော မိတ်ဆွေနှင့် ပေါင်းဖော်မိပြီး ယုတ်မာသောအကြံ၏ အလိုသို့ လိုက်ခဲ့မိကာ သာသနာမှ ဖဲခွာခဲ့ရရုံမက ယုတ်မာသော မိတ်ဆွေကြောင့်ပင် အမိသတ်မှု အာနန္တရိယကံကို ပြုမိမှားခဲ့ကာ အဝီစိငရဲသို့ကျခဲ့ရသည်။

ကြာမြင့်စွာသော ကာလပတ်လုံး ဆင်းရဲဒုက္ခ ကြုံခဲ့ရပြီး သုမေဓာရသေ့နှင့် မဆုံစည်းခဲ့သူဖြစ်သည်။ ဘဒ္ဒကမ္ပာတွင် သမုဒ္ဓရာ၌ တိမိင်္ဂလငါးကြိမ်ဖြစ်လာကာ ကုန်သွယ်လေ့အနားသို့ ကပ်ခဲ့ရာ လူတို့က ကြောက်လန့်၍ ဘုရား ဘုရား ဟူသော ရွှတ်ဆိုသံကို ကြားခဲ့ရသော်ရှေးကဖြစ်ဖူးသောအမှတ်သညာကို အောက်မေ့လျက် ထိုဘဝမှ စုတေသော် နောက်ဆုံးဘဝ ဂေါတမဘုရားရှင် ပွင့်တော်မူသော် သာဝတ္ထိပြို၌ ကြွယ်ဝသော ပြဟ္မဏမျိုး၌ ဖြစ်လာခဲ့သည်။

အကုသိုလ်ကို စက်ဆုပ်တတ်သော ဓမ္မရုစိဟု အမည်ရခဲ့သည်။ ဘုရားကိုဖူးရသော် ခုနစ်နှစ်သားအရွယ်၌ပင် ဇေတဝန်ကျောင်းသို့ သွား၍ ရဟန်းဘောင်ဝင်ခဲ့သည်။ ညဉ့်၌လည်း ကောင်း၊ နေ့၌လည်းကောင်း သုံးကြိမ် ဘုရားရှင်ထံ ချဉ်းကပ်ခဲ့သည်။

ဂေါတမဘုရားရှင်က မြင်သော် "ဓမ္မရုစီ ကြာမြင့်ပြီ" ဟု မိန့်ခဲ့သည်။ ဓမ္မရုစိကလည်း ရှေးလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ထုံခဲ့ပြီးနောက် မိုက်မှားမှုကြောင့် ကြာမြင့်စွာခွဲခွာခဲ့ရပြီး ယခုမှ ဘုရားရှင်နှင့် ပေါင်းဆုံခဲ့ရပြီဖြစ်ကြောင်း လျှောက်ခဲ့သည်။ နောက်ဆုံးတွင်မူ ပဋိသန္ဓေပါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်ကို ရောက်ခဲ့ရကာ ဘဝဇာတ်သိမ်းခဲ့ရလေသည်။

❑

သင်္ခါရကား ကြီးမား လွန်ကဲသည့်အရာ၌ ဗေဒင်ရခဲ့သော အရှင် ဝဏ္ဏလိမထေရ်ဖြတ်၏ ငယ်စဉ်ကစ၍ သာသနာနှင့်ထိတွေ့ရာ နောက်ဆုံး ရဟန္တာဖြစ်ခဲ့ရသည်တို့ကို မဟာပဒ္ဓဝင် မွေပဒကျမ်းနှင့် ထေရာထေရီ အပါဒါန် ပါဠိတော် မြန်မာပြန်မှ ကြည့်ရှုမှတ်သားသင့်ပါကြောင်းနိဂုံးကြပါသည်။

အရှင်ဝဏ္ဏလိမထေရ်လောင်းလျာသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက် ပဒုမုတ္တရာဘုရားရှင် ပွင့်စဉ်အခါက ဟံသာဝတီမြို့၌ ပုဏ္ဏားသားတစ်ဦးဖြစ်ခဲ့သည်။ ဘုရားရှင်ထံ တရားနာရစဉ် သင်္ခါရကြည်ညိုခြင်းအရာ၌ ရဟန်းတစ်ပါးအား အသာဆုံး အမြတ်ဆုံးထားသည်ကို မြင်ရ၍ အားကျကာ ဘုရားနှင့်ရဟန်းတို့အား ခုနစ်ရက်တိုင် အဓိကာရ ပေးလှူကာ ထိုဆုကိုပန်၍ ဗျာဒိတ်ခံခဲ့ရသည်။

ထိုမှစုတေသော် ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်မလားရဘဲ ချမ်းသာကျင်လည်ခဲ့ရကာ နောက်ဆုံးဘဝ ဂေါတမဘုရားရှင်လက်ထက်၌ သာဝတ္ထိပြည်ဝယ် အမှတ်မရှိသော ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့ရသည်။ မွေးဖွားလာသော် မိဘတို့သည် မြေဖုတ်ဘီလူးဘေးမှ ကြောက်လန့်သည်ဖြစ်၍ စိတ်ဒုက္ခဖြစ်ကာ မကြာတတ်တော့သဖြင့် ဘုရားရှင်၏ခြေတော်ရင်းတွင် အိပ်စေကာ 'ကိုးကွယ်ရာဖြစ်တော်မူပါ၊ ဤသူငယ်ကို လှူပါ၏' ဟုလျှောက်တင်ခဲ့ကြသည်။ ဘုရားရှင်က လက်ခံတော်မူသဖြင့် ဘုရားရှင်၏ စောင့်ရှောက်မှုကြောင့် ဘေးရန်မှလွတ်ကာ ချမ်းသာစွာ နေခဲ့ရသည်။

သို့ဖြစ်၍ ဝဏ္ဏလိ သူငယ်သည် ဘုရားရှင်နှင့် တစ်ခကမျှကင်းကွာမနေနိုင်ဘဲ ဘုရားရှင်အား ချစ်ကြည်ညိုခြင်းဖြစ်ကာ ခုနစ်နှစ်မျှ ရှိသေးလျက် ရဟန်းဘောင်သို့ဝင်ခဲ့သည်။ မဟာပဒ္ဓဝင် ကျမ်းတွင်မူ အရွယ်ရောက်ပြီး အတတ်ပြည့်စုံသောအခါ ဘုရားရှင်ထံ ဖူးရသော် ရဟန်းပြု၍ လွန်စွာကြည်ညိုခြင်းဖြစ်သည်ဟု မူကွဲစွာ တွေ့ရသည်။

ရဟန်းဘောင်ရောက်သည်နှင့် ဆွမ်းစားသောအခါမှလွဲ၍ ဘုရားအား ဖူးမြင်နိုင်လောက်လောနေရာတွ

www.burmeseclassic.com

www.burmeseclassic.com

နေကာ စာပေသင်အဲခြင်း၊ ကမ္ဘဋ္ဌာန်း တရားနှလုံးသွင်းခြင်း စသည်တို့အလျင်း ပြော်ဘဲ ဘုရားရှင်ကိုသာ ချစ်ကြည်ညို ခြင်းကြီးစွာဖြင့် ဖူးနေခဲ့သည်။ ဘုရားရှင် က အချိန်ကိုစောင့်၍ ဉာဏ်ရင့်ချိန်သို့ ရောက်သော် ကိုယ်တော်၏ ရူပကာယ ကိုယ်ကို အပုပ်တောင်ကြီး အနေဖြင့် မိန့်၍ တရားအားထုတ်ရန် ဆုံးမတော် မူခဲ့သည်။

"ဝက္ကလိ၊ ဤကိုယ်ပုပ်ကို ရှုကြည့် နေသဖြင့် အဘယ်အကျိုးမျှမရ၊ စင်စစ် အကြင်သူသည် တရားကိုမြင်၏၊ ထိုသူ သည် ငါဘုရားကို မြင်သည်မည်၏၊ အကြင်သူသည် ငါဘုရားကို မြင်၏၊ ထိုသူသည် တရားကိုမြင်သူ ဖြစ်၏၊ တရားကို ရှုကြည့်သောသူမှသာ ငါ ဘုရားကို ရှုကြည့်သော်သူ ဖြစ်သည်၊ ငါဘုရားကို ရှုကြည့်သောသူသည် တရားကို ရှုကြည့်သော်သူ ဖြစ်ရမည်" တဲ့ မိန့်တော်မူခဲ့သည်။

သို့သော်လည်း ဝက္ကလိရဟန်းသည် မမြင်နိုင်ဘဲရှိရာ ဘုရားရှင်က ထိတ်လန့်ခြင်းသံဝေဂရပြီး သစ္စာလေး ပါးကို သိနိုင်ရန် ရာဇဂြိုဟ်ပြည်တွင် ငါဆိုဝါကပ်သောနေ့၌ လွတ်ရာသို့သွား ရန် ဝက္ကလိရဟန်းကို နှင်ထုတ်တော်မူ ခဲ့သည်။ အလွန်စိတ်ပျက်စံမ်းနည်းလျက် ဘုရားရှင်အား ဖူးခွင့်မရလျှင် အသက် ရှင်နေခြင်းဖြင့် အကျိုးမရှိဟုကြံစည်ကာ ဂိဇ္ဈကူဋ်တောင်ဝယ် ခေါက်ကမ်းပါး ပေါများရာအရပ်သို့ တက်သွားတော့ သည်။

ထိုအခါမှ ထိတ်လန့် သံဝေဂ ရနေသော ဝက္ကလိရဟန်းအား သက် သာရာ ရစေခြင်းငှာ ဝက္ကလိရဟန်းရှိရာ အရပ်သို့ ရောင်ခြည်တော်ကိုလွှတ်ရာ ဝက္ကလိရဟန်းသည် ဘုရားရှင်အား ဖူး ခွင့်ရလိုက်သည်ဖြစ်၍ စိတ်ပူပန်မှုအား လုံးအပ်ပြီးဖြစ်ခဲ့တော့သည်။ ထိုမှ ဝက္က လိရဟန်းတွင် အားကြီးသော နှစ်သက် ခြင်း (ပီတိ)နှင့် ဝမ်းမြောက်ခြင်း (သော မနဿ) တရားနှစ်ပါး ဖြစ်စေခြင်းငှာ ဓမ္မပဒကျမ်းလာ အောက်ပါဒေသနာ တော်ကို ဟောကြားခဲ့သည်။

"ပါမောဇ္ဇ ဝဟုလော ဘိက္ခု၊
ပသန္နော ဗုဒ္ဓ သာသနေ၊
အဓိဂစ္ဆေ ပဒံ သန္တံ၊
သခ်ါရူပ သမံ သုခံ"

"မြတ်စွာဘုန်းတော်က အာရုံ ရောက်၍ ဝမ်းမြောက်ခြင်း (ပါမောဇ္ဇ) တရား ပေါများလှသော သံသရာဘေး ခန္ဓာရေးကို ထောက်တွေး မျှော်မှန်း ရှင်ရဟန်းသည် သုံးပါးသိက္ခာ ဘုရား သာသနာ၌ သဒ္ဓါရွှန်းစိုကြည်ညိုသည် ဖြစ်၍ သန္တိလက္ခဏာ ငြိမ်းအေးလှစွာ သော သခ်ါရခပ်သိမ်း ချုပ်ငြိမ်းရာဖြစ် သော ချမ်းသာဧကန် စင်စစ်မှန်သော အသခ်္ခတဓာတ်နိဗ္ဗာန် ပရမတ်ကို ကိုယ် တိုင်မျက်မှောက် အရဟတ္တဖိုလ်ပေါက် အောင် ဆိုက်ရောက်နိုင်ပေ၏"

ဘုရားရှင်က ဝက္ကလိ လာလော့ ဟု ရွှေလက်တော်ကို ဆန့်တန်းခေါ် တော်မူရာ ဝက္ကလိရဟန်းသည် အလွန် အားကြီးသော နှစ်သက်ခြင်းဖြစ်ကာ ဘုရားရှင်နှင့် မျက်နှာမူမိရာ ကောင်းကင် သို့ ပျံတက်၍ ပထမခြေ တောင်ပေါ်၌ တည်နေစဉ်မှာပင် ဘုရားရှင်ဟောကြား သော ဂါထာကို ဆင်ခြင်ရင်း ပီတိကို ခွာ၍ ဝိပဿနာနှလုံး ကျင့်သုံးတော်မူ ရာ ပဋိသန္ဓိဒါယက္ထ ရဟန္တာဖြစ်ခဲ့ပြီး ဘုရားရှင်အထံတော်သို့ ရောက်သွားခဲ့ တော့သည်။

ဝက္ကလိရဟန်း၏ ပင်ကိုအား ကြီးမားနေသည့် သဒ္ဓါတရားကို အစွန်း ရောက်နေမှုကို နှင်ထုတ်ခြင်းဖြင့် ထိတ် လန့်သံဝေဂရစေပြီး မျှတစေကာ တရား ရအောင် ဘုရားရှင်ဆုံးမတော်မူပုံကား အလွန်ကြည်ညိုအားရဖွယ်ပါတကား။

❑

ဂေါတမဘုရားရှင်သည် တာ ဝတိံသာ နတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ သော သန္တုသိတာနတ်သား အစဆုံး၍ အာဘိဓမ္မာဟောရန် မကြွမီ သာဝတ္ထိ ပြည်ရှိ ကဏ္ဏသရက်ပန်းရင်း၌ ထက္ကို တို့ဖား နှိမ်နင်းရန် တန်ခိုးပြာဋိဟာ ပြတော်မူမည်ပြုစဉ် တပည့်သာဝက အသီးသီးက ကိုယ်စား တန်ခိုးပြခွင့် ပြုရန် လျှောက်ထားသည်ကို ဘုရား ရှင်က ခွင့်ပြုတော်မူခြင်း မရှိခဲ့ပါ။

ထိုသို့ လျှောက်တင်လာကြသူ များဟုင် ခုနစ်နှစ်အရွယ် ရဟန္တာ သာမဏေရီမငယ်နှင့်အတူ ခုနစ်နှစ် အရွယ် စုန္ဒအမည်ရှိသော ရဟန္တာ သာ မဏေကလည်း ဇမ္ဗူသပြေပင်ကြီးအား ထီးကဲ့သို့မှ,ကာ အသီးများကို ကြွေစေ ကာ လူတို့အားကျွေးပြီး ပင်လယ်ကသစ် ပွင့်တို့ကိုလည်း ယူ၍ ဘုရားရှင်အား ပူဇော်ခြင်းဖြင့် တန်ခိုးပြခွင့် လျှောက် ထားကြောင်း မဟာပုဒ္ဓဝင်ကျမ်း၊ ဓမ္မပဒ ကျမ်း မြန်မာပြန်ကျမ်းတို့၌ ပါရှိခဲ့သည်။

ဤသာမဏေငယ်နှင့် ဆက်စပ် ဟန်မရှိသော သာမဏေအရွယ် ဖြစ်စဉ် တွင် ရဟန္တာဖြစ်မည်ဟု သိဒ္ဓတ္ထဘုရား ရှင်၏ ဗျာဒိတ်ကို ခံယူခဲ့ရသည့် အရှင် သာရိပုတ္တရာမထေရ်၏ ညီတစ်ဦးဖြစ်သူ စုန္ဒမထေရ်၏ အကြောင်းကို ထေရာ ထေရီ အပါဒါန်ပါဠိတော် မြန်မာပြန်တွင် ဖတ်ရှုကြည့်နိုင်ကြပါသေးသည်။

နောင်တော်ဖြစ်သူ အရှင်သာရိ ပုတ္တရာမထေရ် ပရိနိဗ္ဗာန်ပြုပြီးသော် ဓာတ်တော်တို့အား ရေစစ်ဖြင့် ဘုရား ရှင်ထံ ယူဆောင်လာကာ ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် စေတီတည်ခဲ့သူ စုန္ဒ မထေရ်သည် လွန်ခဲ့သော ၉၄ ကမ္ဘာ ထက် သိဒ္ဓတ္ထဘုရားရှင်လက်ထက်တွင် မုလေးပန်းစေတီဖြင့် ဘုရားရှင်အား ကပ်လှူပူဇော်ခဲ့ရာ ဘုရားရှင်က လက်ခံ ၍ နောင်ဂေါတမဘုရားလက်ထက်တွင် စဉ့်စုန္ဒအမည်ဖြင့် သာမဏေဖြစ်၍ သာ လျှင် ရဟန္တာဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေး တော်မူခဲ့သည်။

ဤစုန္ဒမထေရ်သည်ကား ဘုရား ရှင် နာမကျန်းဖြစ်စဉ်က ဗောဇ္ဈင်သုတ် ရွတ်ဖတ်ပေးကာ ရောဂါပျောက်အောင် ပြုပေးသူ ဖြစ်ခဲ့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ဘုရားရှင် သက်တော် ထင်ရှားရှိစဉ်က ခုနစ်နှစ်အရွယ် သာမဏေဘဝ၌ပင်အရဟတ္တဖိုလ်သို့ရောက်ခဲ့ကြသော ရဟန္တာသာမဏေတို့ကဲ့သို့ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် သာဝက အစဉ်အဆက် သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့ကြသော ကာလတို့တွင်လည်း ထိုကဲ့သို့ ရဟန္တာသာမဏေငယ်များ ရှိခဲ့ကြသည်သာ ဖြစ်သည်။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၂၀၀ကျော်တွင် အဓမ္မဝါဒကို ချုပ်ငြိမ်းစေကာ သာသနာတော်ကို သန့်စင်စေပြီး တတိယသင်္ဂါယနာတင်ခြင်း၊ ကိုးတိုင်း ကိုးဌာနသို့ သာသနာ ပြန့်ပွားစေခြင်း။ သားတော် သမီးတော်တို့အား ရဟန်းပြုစေကာ သာသနာ့အမွေ ခံခဲ့သော အာသောကမင်းကြီး၏ တူတော်စပ်သူ နိဂြောဓသာမဏေနှင့် မြေးတော်စပ်သူ သုမနသာမဏေတို့ကား ခုနစ်နှစ်အရွယ်၌ပင် ရဟန္တာဖြစ်ကြကာ သာသနာ့ဝန်ကိုစွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော အရှင်မြတ်တို့ ဖြစ်ခဲ့ကြပါသည်။

နိဂြောဓသာမဏေက အသောကမင်း၏ နောင်တော်အကြီးဆုံး သုမနမင်းသား၏ သားတော် ဖြစ်သည်။ အသောကမင်း နန်းသိမ်းပြီး ညီနောင်တို့အား တွပ်မျက်ရာတွင် သုမနမင်းသား၏ ကြင်ရာတော် သုမနမင်းသမီးသည် မထင်မရှားသော ကိုယ်ဝန်အရင့်အမာနှင့်ပင် စဏ္ဍာလရွာစာခုအနီး ပညောင်ပင်သို့အရောက်တွင် ပညောင်ပင်စောင့် နတ်က ဇရပ်ဖန်ဆင်းကာ စောင့်ရှောက်ပေး၍ နိဂြောဓသာမဏေလောင်းကို ဖွားစေခဲ့သည်။

ပညောင်ပင်နတ်၏ အစောင့်အရှောက် ရသည်ဖြစ်၍ နိဂြောဓတို့သားဟု အမည်ရခဲ့သည်။ စဏ္ဍာလရွာအကြီးအကဲကလည်း မိမိအရွှင်သခင်၏ သွေးသားကဲ့သို့ ပြုစုစောင့်ရှောက်ခဲ့သည်။ ခုနစ်နှစ်သားအရွယ်တွင် ထိုအရပ်တွင် သီတင်းသုံးနေထိုင်သော ဝရုဏရဟန္တာထေရ၏ ဆိုးမြွှောက်ကာ ရှင်ပြုပေးခဲ့သည်။ သူငယ်သည် ဆံရိတ်၍ သင်တုန်းအဆုံးတွင် အရဟတ္တဖိုလ်သို့ ရောက်ခဲ့ရသည်။

သို့သော် ဝိန္ဓသာရမင်း၊ ဦးရီးတော် အသောကမင်းတို့သည် တိတ္ထိတို့ကို ကိုးကွယ်ကြကာ အရေအတွက်အားဖြင့် ခြောက်သောင်းရှိခဲ့သည်။ အသောကမင်းသည် တတ္ထိတို့၏ ဣန္ဒြေစောင့်စည်းမှု ကင်းမဲ့သည်ကို မြင်ရသဖြင့် ထိုသူတို့အား စိတ်ပျက်၍ ကြည်ညိုစိတ်လျော့နေခဲ့သူဖြစ်သည်။ ထိုအခိုက် တစ်နေ့၌ အသောကမင်းသည် နန်းရင်ပြင်တွင်ရှိစဉ် ငြိမ်သက်သော ဣန္ဒြေဖြင့် အေးချမ်းတည်ငြိမ်စွာ ဆွမ်းခံကြွလာသော နိဂြောဓရဟန္တာသာမဏေကို မြင်လိုက်ရသော် မြင်လျှင်မြင်ချင်း ကြည်ညိုခြင်း၊ ချစ်ခြင်း ဖြစ်တည်ကာ အမတ်တို့ကို ပင့်ခေါ်စေခဲ့သည်။

စင်စစ်ကား အသောကမင်း၊ နိဂြောဓသာမဏေ နှင့် သီဟိုဠ်မင်း ဒေဝါနံပိယတိဿ ဤသုံးဦးတို့သည် ရှေးအတိတ်ကာလတစ်ခု၌ ဗျားရည်ကုန်သည်ညီနောင်သုံးဦး ဖြစ်ခဲ့ကြသည်။

နောင်တော်ကြီးက နိဂြောဓသာမဏေလောင်းတည်း။ အလတ်က ဒေဝါနံပိယတိဿမင်း လောင်းလျာဖြစ်သည်။ အငယ်ဆုံးညီကား အသောကမင်းလောင်းလျာ ဖြစ်သည်။

တစ်နေ့၌ အကြီးနှစ်ယောက် ပစ္စည်းအရာထွက်စဉ် မစ္ဆေကဗုဒ္ဓါ အရှင်မြတ် ကြွလာသဖြင့် ဗျားရည်ဆွမ်းခံရာ ရောပ်သွားသော မိန်းမတစ်ဦး၏ လမ်းညွှန်မှုကြောင့် ညီငယ်ဖြစ်သူက ရောက်လာသော အရှင်မြတ်အား ဗျားရည်လှူခဲ့သည်။ ဗျားရည် လှူကျသည်ကို မြင်၍ ဇမ္ဗူဒီပ၌ အထက်တစ်ယူဇနာ၊ အောက်တစ်ယူဇနာ ပိုင်သော ဘုရင်ဖြစ်လိုကြောင်း ဆုပန်ခဲ့သည်။

ညီသည်- အသောကမင်း ဖြစ်လာသည်။ လမ်းညွှန်ပြသူ မိန်းမကလည်း ဆုပန်သည့်အတိုင်း အသောကမင်းကြီး၏ မိဖုရားခေါင် အသန္ဓိမိတ္တာ မိဖုရား ဖြစ်လာသည်။

နောင်တော်နှစ်ဦး ပြန်ရောက်လာသော် ဗျားရည်လှူခဲ့ခြင်းကို ပြောပြ၍ အမျှဝေရာ စိတ်ဆိုး၍ အကြီးက စဏ္ဍာလသည် ရဟန်းအယောင်ဆောင်လာတတ်သည်ဟုပြောခဲ့သည်။အလတ်က ထိုပစ္စေကဗုဒ္ဓါဆိုသူကို သမုဒ္ဒရာတစ်ဖက်ကမ်းသို့ လှမ်းမပစ်လိုက်ဘဲကိုး ဟု ပြောခဲ့သည်။

ညီဖြစ်သူက အရှင်မြတ်၏ ကြည်ညိုဖွယ်ကောင်းပုံကို ရှင်းပြမှု သာမုခေါ်ခဲ့ကြသည်။ ဝစီက်အကုသိလ်ကြောင့် အကြီးသည် စဏ္ဍာလရွာ၌ မွေးရသော နိဂြောဓသာမဏေ ဖြစ်လာခဲ့သည်။ အလထ်ကား သမုဒ္ဒရာတစ်ဖက်ကမ်း သီဟိုဠ်ကျွန်း၌ ဒေဝါနံပိယတိဿမင်း ဖြစ်လာခဲ့သည်။

နိဂြောဓသာမဏေသည် နန်းတော်တွင်းသို့ ရောက်သော် မင်းက လျော်ပတ်သောနေရာတွင် ထိုင်ရန် လျှောက်တင်ရာ ပတ်ဝန်းကျင်အနီးတစ်ဝိုက်တွင် မိမိထက် သိက္ခာဝါကြီးသူ၊ ဆရာဖြစ်သူတို့ မရှိကြောင်း တွေ့ရ၍ ရာဇပလ္လင်ပေါ်တွင် တက်ထိုင်ကာ သုတိတ်ကို မင်းအား ပေးခဲ့သည်။ မင်းက ကျေနပ်သဘောကျပြီး ဆွမ်းဆက်ကပ်ခဲ့သည်။ ဆွမ်းစားပြီးသော် ဩဝါဒ ချီးမြှင့်ရန် ပန်ကြားခဲ့သည်။

သာမဏေသည် ဓမ္မပဒကျမ်းလာ အပ္ပမာဒဝဂ်ဂါထာကို ဟောပေးခဲ့သည်။ ရှေ့နှစ်ပါဒကို နာရလျှင်ပင် များစွာ အားရခဲ့သည်။

ဒေသနာဆုံးသော် သာမဏေအား ဆွမ်းရှစ်အုပ်ကို အမြဲလှူပါ၏ဟု လျှောက်၏။ သာမဏေက ဥပဇ္ဈာယ်ဆရာအား လှူမည်ဟု ပြောသည်။ ထိုအခါ ဥပဇ္ဈာယ်ဆရာ၏ ဂုဏ်ကို မေး၍ ဆွမ်းရှစ်အုပ် ထပ်လှူပြန်သည်။ သာမဏေက အာစရိယ ပုဂ္ဂိုလ်အား လှူပြန်သည်။ အာစရိယပုဂ္ဂိုလ်၏ ဂုဏ်ကို သိရပြန်သော် ဆွမ်းရှစ်အုပ် ထပ်လှူ

www.burmeseclassic.com

www.burmeseclassic.com

ပြန်သည်။ ထိုဆွမ်းအား သံယာအား လှူခဲ့သည်။

သံယာစုကို ရှင်းပြသော် မင်းသည် လွန်စွာနှစ်သက်သဘောကျကာ သာမဏေအတွက် သီးသန့် ဆွမ်းရှစ်အုပ်လှူသည်။ သာမဏေသည် နေ့တိုင်း သံယာ ၃၂ ပါးနှင့်အတူ နန်းတော်သို့ ကြွ၍ ဆွမ်းခံတော်မူရာမှ တစ်ဆင့်ထက် တစ်ဆင့် တိုး၍တိုး၍ လှူရင်း နေ့တိုင်း နန်းတော်တွင် သံယာခြောက်သောင်း အား ဆွမ်းလှူခဲ့တော့သည်။

နိဂြောဓ သာမဏေကို မှီ၍ အသောကမင်းသည် သရဏဂုံတည် ကာ သာသနာကို အထောက်အပံ့ပြု သော ဒါယကာ ဖြစ်လာခဲ့ပြီး သာသနာ တော်ဖြစ်ထွန်းကြီးပွားလာရာမှ ယုတ်မာ သူတို့ကြောင့် သာသနာ ညစ်နွမ်းလာ သောအခါ အရှင်မောဂ္ဂလိပုတ္တတိဿ ထေရ် အမှူးပြုသော တိတ္ထိဂဏဓရ ဝဋ်သမ္ဘိဒါပတ္တတေဝိဇ္ဇ ဖြစ်ကုန်သော ရဟန္တာတစ်ထောင်ဖြင့် တတိယသင်္ဂါ ယနာတင်ကာ သာသနာကို သန့်စင်စေ ခဲ့သည်။

အရှင် မောဂ္ဂလိပုတ္တတိဿ ထေရ်၏ ညွှန်ပြချက်အရ သာသနာ့ အမွေခံ ဒါယကာဖြစ်နိုင်ရန် သားတော် အိန္ဒနှင့် သမီးတော် သံဃမိတ္တာတို့ အား သာသနာသို့သွင်း၍ ရဟန်းပြုစေ ခဲ့သည်။ အသောကမင်းအတွက် နိဂြော ဓရဟန္တာ သံဃဏေဇယ်သည် အမှီ ဆောင်ကြီး ဖြစ်ခဲ့လေသည်။

အသောကမင်းအား နှစ်သက် စေရစေခဲ့သော နိဂြောဓသာမဏေ၏ ဆွေးအနုမောဒနာ တရား အပ္ပမာဒဝဂ် ဒီဃာတော်အား ကြည်ညိုသဒ္ဓါပွားနိုင် ရန် ဖော်ပြပေးပါမည်။ စင်စစ် ဤဒေ သနာတော်သည် ဘုရားရှင် သက်တော် ဆင်းရှားရှိစဉ်က သာမာဝတီမိဖုရားနှင့် ဗိုက်ရောင်းရာ၊ မာဂဏ္ဍိနှင့် မိန်းမငါးရာ၊ ဆွမ်းဦးတို့၏ သေလွန်ခြင်း ပျက်စီးခြင်း တို့ အကြောင်းပြု၍ ဘုရားရှင်ကိုယ် တော်မြတ်ကြီး ဟောကြားခဲ့ပြီး များစွာ သောသူတို့သည် သောတာပန် စသည် တို့ဖြစ်ခဲ့ရသော လူတို့အတွက် အကျိုး များသော ဒေသနာတော်ဖြစ်ပေသည်။ ဖတ်ရှုနာယူ၍ ကျင့်ကြံပွားများ အကျိုး များနိုင်ကြပါစေသတည်း။

"အပ္ပမာဒေါ အမတပဒံ၊
ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊
ယေ ပမတ္တာ ယထာ မတာ"

"ကုသိုလ်ကောင်းမှုဌ သတိ မကင်း။ မမေ့မလျော့ခြင်းသည် သေခြင်း ကင်းသော နိဗ္ဗာန်ကိုရခြင်း၏အကြောင်း တည်း။ သတိလွတ်ကင်း မေ့လျော့ခြင်း သည် သေရခြင်း၏အကြောင်းတည်း။ မမေ့မလျော့ သတိရှိကုန်သောသူတို့ သည် သေသည် မမည်ကုန်၊ အကြင်သူ တို့သည် မေ့လျော့ကြကုန်၏။ ထိုမေ့ လျော့ကုန်သောသူတို့သည် သေကုန် သောသူတို့ကဲ့သို့တည်း"

"ဧဝံ ဝိသေသတော ဉတ္ဝာ၊
အပ္ပမာဒမှိ ပဏ္ဍိတာ။
အပ္ပမာဒေ ပမောဒန္တိ၊
အရိယာနံ ဂေါစရေရတာ"

"မမေ့မလျော့ခြင်း၌ တည်ကုန် သော ကြောင်းကျိုးမြင့်သိ ပညာရှိတို့ သည် ဤသို့အထူးအားဖြင့် ဇောန်ထင် ထင် သိမြင်ကုန်၍ မမေ့မလျော့ခြင်း၌ နှစ်သက် ဝမ်းမြောက်ကြကုန်၏။ ထို ပညာရှိတို့သည် ဘုရား အစရှိသော အရိယာသူတော်ကောင်းတို့၏ ကျက် စားရာဖြစ်သော သတိပဋ္ဌာန် အစရှိ သော ဗောဓိပက္ခိယတရား၊ လောကုတ္တ ရာတရား ကိုးပါး၌ နှလုံးရွှင်ပျော် မွေ့ လျော်ကြကုန်သည် ဖြစ်ကြကုန်၏"

"တေ စာယိနော သာတတိ
ကာ၊
နိစ္စံ ဒဠှ ပရက္ကမာ။
ဖုသန္တိ ဓီရာ နိဗ္ဗာန်၊
ယောဂက္ခေမံ အနုတ္တရံ"

"သမာပတ် ရှစ်ပါးတည်း ဟူ သော အာရမ္မဏူပ နိဇ္ဈာယနစ္ဆာန်၊ ဝိပဿနာမဂ်ဖိုလ်တည်းဟူသော လက္ခဏူပနိဇ္ဈာယနစ္ဆာန် အားဖြင့် နှစ်ပါး သောစ္ဆာန်ရှိကုန်သော၊ အမြဲမပြတ်ဖြစ် စေအပ်သော ကာယိက စေတသိက လုံ့လရှိကုန်သော၊ အမြဲပြင်းစွာ အား ထုတ်ခြင်း ရှိကုန်သော ထိုပညာရှိတို့ သည် ယောဂလေးပါးတို့၏ ကုန်ရာကုန် ကြောင်းဖြစ်သော၊ မိမိထက် လွန်မြတ် သော တရားမရှိသော နိဗ္ဗာန်သို့ရောက် ကြကုန်၏"

သက်တော်နှစ်ဆယ်ရှိ မဟိန္ဒ မင်းသား၊ သက်တော် တစ်ဆယ့်ရှစ်နှစ် သာရှိသေးသော သံဃမိတ္တာမင်းသမီး တို့သည် ပင်ကိုအားဖြင့် ပါရမီရင့်သန် ခဲ့ပြီး ဖြစ်ကြရကား ဖခင်ဖြစ်သူ သာသ နာ့ဒါယကာဖြစ်ရန် သာသနာ့ဘောင် ဝင်၍ ရဟန်းပြုခဲ့ကြပြီး ပဋိသမ္ဘိဒါလေး ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက် ခဲ့ကြသည်။ သံဃမိတ္တာ၏ ကြင်ရာ တော် အဂ္ဂိဗြဟ္မာမင်းသား အပါအဝင် မင်းသား မင်းသမီး မင်းဆွေ မင်းမျိုးတို့ ရဟန်းပြုခဲ့ကြသည်။

သံဃမိတ္တာနှင့် အဂ္ဂိဗြဟ္မာတို့၏ တစ်ယောက်သာလျှင်ဖြစ်သော သား သုမနမင်းသားကား ရဟန်းပြုပြီး သာသနာတော်ဝယ် ဆဋ္ဌာဘိညာရဟန္တာ အဖြစ် သာမဏေအရွယ်၌ပင် ဖြစ်ခဲ့ရ သည်။

ဦးရီးတော် မဟိန္ဒမထေရ်မြတ် နှင့်အတူ သီဟိုဠ်ကျွန်းသို့ ကြွခဲ့ပြီး ဗုဒ္ဓ သာသနာကို တည်စေခဲ့သူဖြစ်သည်။ သီဟိုဠ်မင်းနှင့် ပြည်သူတို့ သရဏဂုံ တည်ပြီး သာသနာကို သက်ဝင်ယုံကြည် ပြီးနောက် ဘုရားရှင်ကိုယ်စား ကိုးကွယ် ရန် စေတီတည်ထားရာတွင် ဌာပနာ အလို့ငှာ ဘိုးတော်အသောကမင်းထံမှ ဘုရားရှင်၏ ဓာတ်တော်များကိုလည်း ကောင်း၊ တာဝတိံသာရှိ သိကြားမင်းထံ မှ လက်ယာညှပ်နှိုးတော် ဓာတ်တော်ကို လည်းကောင်း ရရှိပင့်ဆောင်ကာ ဓာတ် တော်စေတီတို့တွင် ဌာပနာသွင်း ပူဇော် နိုင်ရန် ကြိုးပမ်းတော်မူခဲ့သော ရဟန္တာ သာမဏော ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် သီဟိုဠ်ရှိ အမျိုးသမီးများ သာသနာ့ဘောင်ဝင်၍ ရဟန်းပြုနိုင်ရန် မယ်တော်သံဃမိတ္တာ ထေရီမအား သီဟိုဠ်သို့ ပင့်ဆောင်ရာတွင် လည်းကောင်း၊ သီဟိုဠ်တွင် ကိုးကွယ်နိုင်ရန် မဟာဗောဓိပင်မွားကို မူလမဟာဗောဓိပင်မှရယူရာတွင်လည်းကောင်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော ရဟန္တာ သာမဏေ ဖြစ်ပေသည်။ ထို့ကြောင့်လည်း ဗုဒ္ဓသာသနာသမိုင်းတွင် ဘိက္ခုသာသနာ၊ ဘိက္ခုနီသာသနာ နှစ်ပါးစုံ ဖြစ်တည်ထွန်းကားလျက် သီဟိုဠ်၌ သာသနာရောင်ဝါ ထွန်းတောက်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

လွန်ခဲ့သော လေးသင်္ချေနှပ်ကမ္ဘာတစ်သိန်းထက်၌ ဒီပင်္ကရာဘုရားရှင်၏ မျက်မှောက်ဝယ် မိမိတစ်ဦးတည်း နိဗ္ဗာန်သို့ ရောက်နိုင်ပါလျက် သံသရာဝဋ်ဆင်းရဲကို ခံစားနေရသော သတ္တဝါတို့အပေါ် ထားရှိအပ်သော မဟာကရုဏာတော်ကြောင့် မိမိကိုယ်ကျိုးကိုစွန့်ကာ ဘုရားဆုပန် ဗျာဒိတ်ခံကာ ရှည်ကြာလှသော ကာလပတ်လုံး ပါရမီဆယ်ပါးကို မည်သူတစ်ဦးတစ်ယောက်မျှ လိုက်တု၍ မြှုပ်နှံနိုင်ရန် မဆိုထားဘိ စိတ်ကူးပင်မရနိုင်လောက်သည်အထိ ပြင်းထန်စွာ ကြိုးစားလျက် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခဲ့သည့် ဂေါတမ မြတ်စွာဘုရား။

ခေတ်ဆိုးခေတ်ကျပ် သက်တမ်းတိုလှသည့် နှစ်တစ်ရာတမ်း ကာလ၊ အဝိဇ္ဇာတဏှာ အားကြီးလှသည့်အချိန်ပင်ဖြစ်ငြား လေးဆယ့်ငါးဝါလုံး မဆုတ်မနစ် ကြိုးစားအားထုတ်ကာ ချေဖျက်ပေးခဲ့သော ဂေါတမ ဗုဒ္ဓဘုရား၏ တစ်ခွန်းတစ်ပါဒမျှသော တရားစကား တော်သည်ပင် မထေမဲ့မြင် မပြုအပ်။ အထင်သေး၍ မလေးမစား မပြုအပ်။

လေးစားကြည်ညိုစွာ ဦးထိပ်ပန်ဆင်ကာ ဇွဲလုံလ ဝီရိယကို အရင်းတည်၍ လေ့ကျက် မှတ်သားပြီး ကြိုးစားလိုက်နာ ကျင့်ကြံအားထုတ်မည်ဆိုလျှင် အငြိမ်းဓာတ်အစစ် နိဗ္ဗာန်ချမ်းသာကို မုချမသွေ ရရှိခံစားစံစားနိုင်ကြမည် ဖြစ်ပါသည်။ ခုနစ်နှစ်အရွယ် ငယ်သေးသော အချိန်၌ပင် သာသနာနှင့် ကြုံကြိုက်စဉ် မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်ရှိနိုင်ခဲ့ကြပုံကို လေးစားအားကျ အတုယူကာ ကြုံကြိုက်ခဲ့ ဗုဒ္ဓဝါဒ နဝမခေတ် အချိန်အား အကျိုးရှိရှိ လွန်မြောက်နိုင်ကြပါစေသတည်း။

ကျမ်းကိုး

(၁) မဟာဗုဒ္ဓဝင် (၆)တွဲ ၊တိပိဋကခရ မင်းကွန်းဆရာတော်ကြီး။

(၂) ထေရာထေရီအပဒါန် ပါဠိတော်မြန်မာပြန်ကျမ်း၊ သာသနာရေးဦးစီး ဌာန။

(၃) ဓမ္မပဒဝတ္ထုတော်ကြီး (ပ၊ ဗု၊ တ၊စ)၊ ညောင်လေးပင်တောရဆရာတော်ဘုရား။

(၄) ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး (ပတွဲ)၊ အရှင်ဓမ္မသာမိဘိဝံသ။

(၅) ပါရာဇိကဏ်ဘာသာဋီကာ (ပ တွဲ)၊ တောင်မြို့ မဟာဂန္ဓာရုံ ကျမ်းပြုဆရာတော်ဘုရား။

လင်းယဉ်ဉာဏ်

အခက်အခဲရှိလျှင် လာသာလာခဲ့ပါ

- အယှဉ်အပြိုင်၊ အတိုက်အခံ၊ အနှောင့်အယှက်၊ အစွပ်အစွဲ၊ အတိုင်အတော၊ အစစ်အဆေး၊ အမှုအခင်း ပြဿနာတွေ အဆင်ပြေစွာ အမြန်ဆုံး ကင်းရှင်းပြီးပြတ် အောင်မြင်စိတ်ချမ်းသာရစေဖို့။
- အလုပ်အကိုင်မှာ အဆင့်ရာထူး တိုးတက်ရေး၊ အလွှဲအပြောင်းကိစ္စ မိမိဆန္ဒပြည့်ဝရေး၊ လက်ရှိ တွေ့ကြုံနေရသော အခက်အခဲ အကျပ်အတည်း၊ အတားအဆီး ပြဿနာများ အမြန်ဆုံး ကင်းရှင်းပြီး လုပ်ငန်းခွင်မှာ အဆင်ပြေစေဖို့။

ဆရာဦးပိုင်ဇေအောင် (ဝိဇ္ဇာဘွဲ့)

လက္ခဏာဗေဒင်ယဉ်ကြာအစီအရင်

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်-ဆိုင်အနီး)၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ဝင်-ဂုဏ်၃၇၀ ၂၄၊ ဝင်-၅၀၃၃၇၃၊ ဝင်-၂၅၀၇၇၆၃၆

www.burmeseclassic.com

www.burmeseclassic.com

ဇော်ဝင်းမိုး

ဝတ္ထုရှည်

ကောမ(၁၁)ဘုံသားနှင့်ကြောက်မဲ့ရဲ

မိုးမိုး

www.burmeseclassic.com

www.burmeseclassic.com

စကားချီး

"ဘုံမွေတာမှာ xxx ကြူရလေ သမျှ ကာမစိတ်တွင် xxx တရားနှင့် တွေ့တော့ ငါးဆယ့်လေးဝါပင် xxx" အစချီသော နိုင်ငံကျော် ရွှေမင်းသားကြီး ဂရိတ်(ဦး)ဖိုးစိန်၏ 'ဘုံမွေတာ' ဟု အမည်ရသော ခေတ်ဟောင်းတေးတစ်ပုဒ်ကို ရွှေထုတ်ပြချင်သည်။

အဘယ်ကြောင့်ဆိုသော်ပုထုဇဉ်လူသားတို့ သဘာဝ လောကအာရုံ၊ ကာမဂုဏ်ကို ခုံမင်တွယ်တာ၊ သာယာစွဲလမ်း၊ တမ်းတချစ်ခင်၊ မြတ်နိုးကြင်လျက်ရှိကြအော်ကြောင့် ဖြစ်ပါသည်။

သို့ဖြစ်လျှင် ကာမဂုဏ်ဆိုသည့် စကားရပ်ကို အဓိပ္ပာယ် ဖွင့်ဆိုကြပါစို့။

ကာမဂုဏ်(ကာမဂုဏ)၏အဓိပ္ပာယ်

(**ကာမ** - နှစ်သက်အပ်သော အာရုံငါးပါးတရားတို့၏၊ **ဂုဏ**-အပေါင်းအစု၊ **ကာမဂုဏ်** - နှစ်သက်အပ်သော အာရုံငါးပါးတရားအစု)

တစ်နည်းအားဖြင့် ပြောင်းပြန်ရှုသော်...

ဂုဏ - နှောင်ဖွဲ့တတ်သော၊ **ကာမ** - နှစ်သက်အပ်သော အာရုံငါးပါးတရား၊ **ကာမဂုဏ** = အနှောင်အဖွဲ့ နှစ်သက်အပ်သော အာရုံငါးပါး-ဟု အဓိပ္ပာယ်ရသည်။

နှစ်သက်အပ်သော 'ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ' ဟူသော ကာမဿစု ဟူသော အနက်သဘောကြောင့်လည်းကောင်း၊ သတ္တဝါတို့ကို နှောင်ဖွဲ့တတ်သော ယခင် ကာမတရား ဟူသော အနက်သဘောကြောင့်လည်းကောင်း၊ ကာမဂုဏ(ကာမဂုဏ်)ဟုခေါ်ဆိုသည်။

လူတို့၏ ပျက်စီးကြောင်း တရားဆိုးကြီး (၃) ပါး

(၁) **အဓွေရာဝ** - အမျိုးသားများအဖို့ အမိ၊ မိကြီး၊ မိထွေး။ အမျိုးသမီးများ အဖို့ အဘ၊ ဘကြီး၊ ဘထွေး အစရှိသည့် မတပ်မက်သင့်သော၊ မသင့်လျော်သော ပုဂ္ဂိုလ်တို့အပေါ် ဖြစ်သော ရာဂ။

(၂) **ဝိသမလောဘ** - သင့်လျော်သော အရာဝတ္ထုတို့၌ပင် အလွန်အကဲသုံးဆောင်ခြင်းငှာဖြစ်သော (တစ်နည်းအားဖြင့်)သက်ရှိသက်မဲ့အသုံးအဆောင်ဝတ္ထုတို့၌ အစွန်းရောက်အောင်လောဘဖြစ်မှုကို ဝိသမလောဘ ဟုခေါ်သည်။

(၃) **မိစ္ဆာဓမ္မ** - လိင်တူပုဂ္ဂိုလ်တို့အပေါ် တက်ကာရာဂဖြစ်ခြင်းသည် မိစ္ဆာဓမ္မ မည်၏။

ကာမေသုမိစ္ဆာစာရ ဆိုင်ရာ မိန်းမ (၂၀)

(၁) အမိစောင့်အပ်သောမိန်းမ၊
(၂) အဖစောင့်အပ်သောမိန်းမ၊
(၃) မိဘစောင့်အပ်သောမိန်းမ၊
(၄) အစ်မ၊ ညီမ စောင့်အပ်သော မိန်းမ၊
(၅) မောင်ကြီးငယ် စောင့်အပ်သော မိန်းမ၊
(၆) ဆွေမျိုးစောင့်အပ်သောမိန်းမ၊
(၇) အနွယ်စောင့်အပ်သောမိန်းမ၊
(၈) တရား အတူကျင့်သူတို့ စောင့်အပ်သော မိန်းမ၊
(၉) မင်းပြစ်မင်းဒဏ် မကင်းသော၊ မင်းရည်မှန်းထားသော မိန်းမ၊
(၁၀) မယားပြုမည်ဟု(စေ့စပ်ကြောင်းလမ်းထားသော) အစောင့်ထားသော မိန်းမ၊
(၁၁) ဝယ်ယူထားအပ်သောမိန်းမ၊
(၁၂) ဆန္ဒအလျောက် မယားအဖြစ် နေသူ မိန်းမ၊
(၁၃) စည်းစိမ်အတွက် မယားအဖြစ် နေသူ မိန်းမ၊
(၁၄) အဝတ်တန်ဆာအတွက် မယားအဖြစ်နေသူ မိန်းမ၊
(၁၅) ရွေးက် လက်ဆုံချ လက်ထပ် မယား (လက်ထပ်ထားသူ အားလုံးဆိုင်)
(၁၆) ခေါင်းခုခ်၍ မယားအဖြစ်သိမ်းအပ်သော်မိန်းမ၊
(၁၇) စစ်အောင်လံထူ၍ ယူအပ်သော သုံဝန်းမယား၊
(၁၈) အစေခံမယား၊
(၁၉) ကျွန်မ မယား၊
(၂၀) ခေတ္တမယားပြုအပ်သောမိန်းမ

"ဘာမှောင်တက္ခ ဘာမှောင်တွင် ကာမဘာမှောင်သည် ဘာမှောင်ဆုံးဖြစ်သည်"

ဒု-သ-နု-သော အကျွေရာ၏ ဝါထာနှင့် အဓိပ္ပာယ်

ကာမေသုမိစ္ဆာစာရကို ကျူးလွန်ခဲ့ကြသော သူဌေးသား လေးယောက်တို့သည် လောဟကုန္တီ (ကြေးရည်ပူအိုးကြီး) ငရဲသို့ကျရောက်ကြရာ နှုတ်ခမ်းအောက်အပြင်ဘက်သို့ အနှစ် သုံးသောင်းတိုင်တိုင်မြုပ်၏။

အောက်အပြင်မှ အထက်ငရဲအိုးကြီး နှုတ်ခမ်းသို့ အနှစ်သုံးသောင်းကြာမှ ပေါ်၏။ ထိုငရဲအိုးဌာ အပြုပ်အပေါ် တစ်ပြန်လျှင် နှစ်ပေါင်း ခြောက်သောင်းနှုန်းဖြင့် တစ်ပြန်၊ နှစ်ပြန်၊ သုံးပြန် ခံစားရ၏။

ယင်းသူဌေးသား လေးယောက်တို့သည် အပြုပ်အပေါ် တစ်ပြန်အားဖြင့် အိုးနှုတ်ခမ်းအရောက် ဒု-သ-နု-သောကို အော်၍ ကြေးရည်ပူ ငရဲအိုးထဲသို့ ပြုန်းလည် နစ်မြုပ်သွားကြသည်။

ငရဲသက် အနှစ်ခြောက်သောင်းသည် မပြောပလောက်သော နာရီပိုင်းအချိန်မျှသာဖြစ်၍ ထိုခြောက်သောင်း၏ ၁၀ ပြန် (သို့) အပြန် ၁၀၀ မတိုခံစားကြရသော ကာမေသုမိစ္ဆာစာရတို့၏ နောက်ဆက်တွဲဒုက္ခကြီးမှာ ကြောမက်ဖွယ်ကောင်းလှပေသည်။ အမှီကောင်း သား၊ သမီး တို့သည် သတိတရား အစဉ်ထားသင့်သည်။

(၁) **ဒုဋ္ဌိဝိတ** မဇ္ဈိမဂ္ဂ၊ သောသေ နှဗဒမ္မသေ၊ ဝိဇ္ဇမယနေသူ၊ ဘောဇ္ဇော ဒိပံနာကမ္မမတ္တနော။

www.burmeseclassic.com

www.burmeseclassic.com

**"လူစိတ်ပျော်ရွှင်
ဖောက်ပြန်သောအခါ
ကြောက်စရာပင် စိတ်မှာ
မယုံနိုင်အောင်ရှိပါတကား"**

(က) တို့တစ်တွေ့ မကောင်းသော အသက်ရှင်ခြင်းဖြင့် အသက်ရှင်ခဲ့ကြသည်။

(ခ) ငါတို့တွင် ပစ္စည်းဥစ္စာ များစွာ ရှိပါလျက် ဘာဆိုဘာမျှ မလျှခဲ့ကြပါ။

(ဂ) မိမိ၏ကိုးကွယ်ရာ ကုသိုလ်ကောင်းမှုတို့ မပြုခဲ့ကြပါတကား။

(၂) သဋ္ဌဝဿ သဗာသာနိ၊ ပရိပုဏ္ဏာ နိသဇ္ဇသော၊ နိရယေပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။

ငရဲမှာနေရတဲ့ တို့တစ်တွေ့ဟာ နှစ်ပေါင်း ခြောက်သောင်း ပြည့်ခဲ့ပြီး ဘယ်သောအခါမှ ဒီငရဲဒုက္ခ အဆုံးသတ်တော့မည်နည်း။

(၃) နတ္ထိအန္တောကုတောအန္တော၊ နအန္တလိက္ခေဒိဿတိ၊ တဒါဟိ ပကတံပါပံ၊ မမတုယျဥမာရိသ။

ချစ်လှစွာသော သူငယ်ချင်း၊ ဤငရဲဒုက္ခ၏ အဆုံးကား မရှိတော့ပြီ။ ဘယ်သောအခါမျှ ဆုံးပါမည်နည်း။ ဤဒုက္ခအဆုံးကို မမြင်နိုင်အောင် ရှိပါတကား။

(၄) သော ဟံနု၊ ကွတောဂန္တာ၊ ယောနိလဒ္ဓါနုမာနုသိရံ ဝဒညျသီလဿမွ နော၊ ကိဟာမိကုသလံဗဟုံ။

ငါသည် ဤငရဲအိုးကလွတ်ပြီး လူဘဝရမည်ဆိုလျှင် ပညာရှိတို့ ဆုံးမအပ်သော စကားကို သိမှတ်လိုက်နာမည်။ သီလနှင့်ပြည့်စုံအောင် နေလိုက်မည်။ ကုသိုလ်တွေကို အများကြီး ပြုလိုက်ဦးမည်တည်း။

ကာမအမှောင်

"အမှောင်တကာ့ အမှောင်တွင် ကာမအမှောင်သည် အမှောင်ဆုံးဖြစ်သည်" ဟု ဆိုသည်။ "လူစိတ်ပျော်ရွှင် ဖောက်ပြန်သောအခါ ကြောက်စရာပင် စိတ်မှာ မယုံနိုင်အောင် ရှိပါတကား" ဟူသော ကဗျာတစ်ပုဒ်၏ အဆုံးသတ်လည်း ရှိသည်။

ထို့ကြောင့် မုဒိမ်းမှုပေါင်းမြောက်များစွာအနက် ဖခင်က သမီးအရင်း ခေါက်ခေါက်ကို မုဒိမ်းကျင့်မှု၊ သားမယားပြုမှုများ အမှန်တကယ်ရှိခဲ့သည့် နည်းတူ အဆိုးဆုံးမှာ မိခင်ရင်းကို သားဖြစ်သူက မုဒိမ်းကျင့်ခြင်းမှာမူ မကြား စဖူးလောက်အောင် အံ့ဩြ ထိတ်လန့်စွာဖြင့် ရွံရှာစက်ဆုပ်မိပါသည်။ မကြားဝံ့ ဖနာသာ အလွန်တရာမှ လူမဆန်သော ယုတ်မာမှုပါတကား။

အင်တာနက်သတင်း (၂)ပုဒ်

ရက်စွဲသေချာ မမှတ်မိတော့ပါ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် ဖခင်ဖြစ်သူက (၁၆)နှစ်အရွယ် သမီးငယ်ကို ညအချိန်၌ မုဒိမ်းကျင့်သည်။ အော်လျှင်သတ်ပစ်မည်ဟုဆို၍ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မယားပြု ခံလိုက်ရသည်။

မနက်မိုးလင်း၍ အစ်မဖြစ်သူကို ပြောပြသည့်အခါ အစ်မဖြစ်သူက်လည်း သူမအား ထိုဖခင်က မယားပြုဖြီးသားဟုဆိုသဖြင့် နှစ်ဦးသား ငိုပွဲဆင်ကြရသည်။ နောက်လည်း ထိုသို့ဖြစ်မှာစိုး၍ ဦးလေးဖြစ်သူကို သွားရောက် တိုင်တန်းလိုက်သည့်အခါကျမှ ဖခင်ဖြစ်သူမှာ မုဒိမ်းမှုနှင့် ထောင်ကျသည်။

(၂၀-၇-၂၀၁၃) နေ့၊ သစ်ထူးလွင်၏ Website တွင် ဖော်ပြပါရှိသော သတင်းတစ်ပုဒ်မှာ အမေဖြစ်သူကို သားအရင်းက မုဒိမ်းကျင့်မှုဖြစ်ပါသည်။

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ ကျေးရွာတစ်ရွာရှိ လယ်တဲတစ်ခုသို့ သားဖြစ်သူ (၂၂)နှစ်က မိခင်ကို လက်ဆွဲခေါ်သွားပြီး မုဒိမ်းကျင့်ရန် ကြိုးစားသည်။ (၅၆) နှစ် အရွယ် မိခင်က . .

"အမေလေ သားရဲ့၊ ဒီလိုမလုပ်ရဘူးလေ" ဟု တောင်းပန်သည့်တိုင် အောင် "မအော်နဲ့၊ အော်ရင် သတ်ပစ်မယ်" ဟု ခားထောက်ကာ ဆက်လက် ကျူးလွန်သည်။

အနီကဲ့သို့သော သားဆိုး သားမိုက်ကို ကျားမှကျားအစစ်၊ ကံကြီးထိုက်မည့်ကျားဟု ဆိုရမည်။ စိတ်မှ နှံ့ပါရဲ့ စား မသိ၊ မိုက်ချက်က ကမ်းကုန်ဟု ဆိုရလောက်ပါဘိ။

ကိုယ်တိုင်တွေ့ကြုံရသော ဖြစ်ရပ်မှန် တစ်ခု

စာနေသူဝန်ထမ်းဘဝဖြင့် တစ်ခုသော မြို့နယ်တွင် တာဝန်ကျစဉ်က လည်း ကြုံတွေ့ရသော ဖြစ်ရပ်တစ်ခု ရှိခဲ့ဖူးသည်။

ဌာနတစ်ခုမှ အမှုထမ်းတစ်ဦးသည် ဝန်ထမ်းအိမ်ခန်း တစ်ခုတွင် သမီးကြီး၊ သားငယ် နှစ်ယောက်နှင့် အတူတကွ နေထိုင်သည်။ ဇနီးသည်က ဆုံးပါးသွားခဲ့ပြီး အရက်ကို အဖော်ပြုသည်။ အိမ်ခန်းက ကျဉ်းကျဉ်းကလေးမို့ နောက်ဆုံးတော့ သမီးကြီးက မယားဖြစ်သွားသည်။

ဝန်ထမ်းအိမ်ရာတွင် နေထိုင်သူအားလုံးသာမက အရာရှိကအစ သိသည်။ သို့သော် သူတို့မိသားစုက ခပ်တည်တည်ပင် ဟန်မပျက် နေထိုင်လျက် ရှိသည်။

သမီးဖြစ်သူကလည်း အဖေကို သဘောတူကြည်ဖြူသည့်အတွက် အရာရှိ အနေနှင့် မည်သို့မျှ မတတ်နိုင်။ အလုပ်ဖြုတ်၍လည်း မရ၊ ဒီအတိုင်း လက်ပိုက်ကြည့်နေရတော့သည်။

မယဒေဝလက်သစ်အလာ

လူယုတ်မာများ

ကျေးဇူးရှင် မန်လည်ဆရာတော် ဘုရားကြီး သိကိုးထုံးဖွဲ့အပ်သော "မဟာ

www.burmeseclassic.com

www.burmeseclassic.com

သုတကာရီ မယဒေဝလက်ာသစ်" တွင် ယောကျ်ားတို့၏ညစ်ပတ်ယုတ်မာသော အကျင့်စာဂကို အောက်ပါအတိုင်း ဖော်ထုတ် ရေးသားခဲ့ပါသည်။

(က) အဝိဒ် ၁၀၈ - ကာမသတ္တဝါ၊ ကာမရဂ္ဂဒ်၊ ကာမရမ္မဏ၊ ကာမသဘော၊ ကာမဇောဖြင့်။

(ခ) အဝိဒ် ၁၁၀ - မီးပုံတွင်းသို့၊ ဝင်ဆင်းပိုးမိုက်၊ ရေသာလိုက်၍၊ ရေခြည်မြူး တက်၊ ရွှးပွက်ပွက်ဖြင့်၊ မှုန်မတ်သောင်းကြောင်း။ အိုင်ခြစ်ချောင်းဝယ်၊ တပေါင်းအပျစ်၊ ငါးရွးယဇ်တို့၊ ကျိုးပြစ်မသိ၊ မယိုဆင်ခြင်၊ မမြင်မမျော်၊ သေအောင် ပျော်သို့။

(ဂ) အဝိဒ် ၃၁၃ - ပျော်လိုသမျှ၊ ပျော်ကိစ္စဖြင့်၊ ပျော်ကြပြီးခါ၊ မိကလျာအား၊ သတ်ကာမဃနား၊ ဆင်ဝတ်စားကို၊ ယူငြားကုန်လျင်း၊ မိုက်ခေါင်ချင်း၏။

အနှစ်ပညာ မရှိပါက၊ အဂိုခြေလက်၊ ယောကျ်ားလျက်လည်း၊ မိန်းမထက်သာ၊ ယုတ်မာဆိုးဝါး၊ မိုက်လုံးထွားသည်၊ နွားနှင့် ကျားနှင့် အတူတည်း။

(ဃ) အဝိဒ် ၁၀၅ - မောဟမိုက်စွာ၊ မှောင်တိုက်မှာလျှင်၊ တဏှာလုံးပိုး၊ နေ့တိုင်းထိုးလျက်၊ ကိုယ်ကျိုးနှစ်ခု၊ ကောင်းဆိုးမှုကို၊ မရှုမမြင်၊ မဆင်ခြင်ဘဲ၊ သက်ရှင်ရုံဘိ၊ သည်သာရှိသည်၊ မည်ဘိဗာလ"

နိဂုံး

အချုပ် ဆိုရသော် ဘာသာတရားကို ယုံကြည်ကိုးစားသော အမျိုးသားကောင်းတို့မည်သည် ကြောက်စရာမုဒိမ်းမှုကို လုံးဝ မပြုကျင့်ကြဖို့ လိုသည်။

သူတစ်ပါး သားမယားကို ပြစ်မှားကြဖို့ ပို၍ လိုအပ်သည်။ ကာမတဏှာကို ပယ်ဖြတ်နိုင်ရမည်။ ငါးပါးသီလ၊ ရှစ်ပါးသီလနှင့် ကိုးပါးသီလ တို့တွင် ပါရှိသော ကာမေသုမိစ္ဆာစာရကံနှင့် အပြဟ္မစရိယာ သိက္ခာပုဒ်ကို ချုပ်တည်း ရှောင်ကြဉ်ရမည်။

သို့မှသာလျှင် ဖခင်အရင်းက သမီးအရင်းခေါက်ခေါက်ကို လည်းကောင်း၊ သားအရင်းက မိခင်အရင်းခေါက်ခေါက်ကို လည်းကောင်း၊ လူယုတ်မာများက သုံးနှစ်အရွယ်၊ ငါးနှစ်အရွယ်၊ ၁၂ နှစ်အရွယ် အစရှိသည့် အရွယ်မရောက်သေးသည့် မိန်းကလေးငယ်များကို လည်းကောင်း ကာမဓားပြတိုက်သည့် စက်ဆုပ် ရွံရှာဖွယ်ကောင်း လှသည့် အဖြစ်ဆိုးများ၊ မကြားဝံ့ မနာသာ ဖြစ်ရပ်မှန် မူခင်းများ အလျဉ်းပပျောက်နိုင်လိမ့်မည် ယုံကြည် မျှော်လင့်မိပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ပါသည်။

အေးပြင့်သူ(ကြေး/မြေ)

ဆရာဦးမင်းထွန်း D.B.B.W - C.T (Med)

ဘုန်းသျှင် တိုင်းရင်းဆေးကုခန်း

အထူးကုသသောရောဂါများ

နလုံး၊ သွေးတိုး၊ လောင်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်းဘွဲ့ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပဘွဲ့ ဖြစ်တတ်သော အပုအကျိတ်၊ မို့နာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျိုနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➳ နေ့စဉ် နံနက် (၇)နာရီမှ ည (၇)နာရီအထိ

လိပ်စာ ➳ အမှတ် (၆၇၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်ပြိုနယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ➳ ၀၉-၇၃၁၃၄၆၄၁၊ ၀၉-၇၆၉၆၁၃၉၉၇၊ ၀၉-၂၅၄၉၃၂၂၆၉၉

လမ်းညွှန် ➳ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၈၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးဝိုးရှိ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

ဘဝမတူသူ

ဘယ်မြန်ကြည်ဖေ

တစ်နေ့ စာရေးသူတို့ အသင်းရုံးသို့ စာပေမိတ်ဆွေ တစ်ယောက် ရောက်လာသည်။ စာရေးသူက လက်ကိုင်ဖုန်းဖြင့် အင်တာနက်ဖွင့်ကြည့်နေသည့်အတွက် ထိုမိတ်ဆွေ ဝင်လာသည်ကို မသိမမြင်မိလိုက်ပါ။

"ဆရာက ဘဝင် မြင့်နေတာလား"

"ဗျာ"

"မဟုတ်နဲ့၊ ဆရာက ကွန်တော်လာတာတောင် နှုတ်မဆက်နိုင်တော့ဘူးလား"

စသလို နောက်သလို ပုံစံဖြင့် ဒေါသထွက်ပြနေတယ်ဟု ထင်ပြီး ကွန်တော် ပျာပျာသလဲဖြင့် မြန်မြောလိုက်ရပါသည်။

"ဟာ . . . ကွန်တော် ဆရာ ဝင်လာတာ မမြင်လိုက်မိလို့ပါ"

"ဆရာ စာရေးသက် ဘယ်လောက်မှ မရှိသေးပါဘူး၊ မာန်တက် မနေပါနဲ့"

ကွန်တော် ဘယ်လိုမှ ရှင်းပြလို့ မရတော့ပါ။ သူ အမှန်တကယ် ဒေါသဖြစ်နေပုံ ရသောကြောင့် ကွန်တော် ဆက်စကားမပြောတော့ပါ။

ထိုစာပေမိတ်ဆွေသည် စာရေးသူထက် အသက်ကြီးပြီး စာရေးသက်လည်း ဝါရင့်သူ ဖြစ်ပါတယ်။ တစ်ခါတလေမှာ ကိုယ့်စိတ်နဲ့တိုင်းမိပြီး အတွေးအမြင် အယူအဆ လွဲမှားတတ်ကြပါတယ်။

လွဲရတဲ့ အကြောင်းကတော့ ကိုယ်က ဘာမှမဟုတ်တဲ့ ပုထုဇဉ်ဖြစ်နေလို့ပဲ ဖြစ်ပါတယ်။

ပုထုဇဉ် ပုထုဇဉ်ချင်း ယှဉ်ကြည့်မယ်ဆိုရင် သိပ်မထူးခြားပေမယ့် ရဟန္တာ အရိယာတို့နဲ့ ယှဉ်ကြည့်မယ် ဆိုရင်တော့ ပုထုဇဉ်တို့ရဲ့ စိတ်ဟာ ထမင်းမှန်း၊ ဟင်းမှန်း မသိတဲ့ အချူးနဲ့ တူပါတယ်။ ဒါကြောင့် ပုထုဇဉ်ကို အချူးလို့ ပြောကြခြင်း ဖြစ်ပါတယ်။

ဒါကြောင့်ကိုယ်ကဘာမှမဟုတ်တဲ့အတွက် ကိုယ့်အမြင်ကို မှန်တယ်လို့ ဟထစ်ချတွက်လို့ မရပါဘူး။ အမြင်လွဲတတ်ပုံကို အောက်ပါ အဖြစ်အပျက်လေးက သင်ခန်းစာယူစရာပါ။

တစ်နေ့မှာတော့ မှုန်တွေကထားတဲ့ အထပ်မြင့်တိုက်ခန်းမှာနေကြတဲ့ လင်မယားနှစ်ယောက်ဟာ တစ်ဖက် ခြံထဲမှာ လှုန်းထားတဲ့ အဝတ်အစားတွေကိုကြည့်ပြီး . . .

"အစ်ကိုရယ် ကြည့်ပါဦး၊ ဟိုဘက်ခြံထဲက အဝတ်တွေက ဖြူလည်း မဖြူဘူး"

ယောကျ်ားဖြစ်သူကလည်း . . .

"အေးဟာ၊ ဆပ်ပြာမကောင်းလို့နဲ့တူတယ်"

မိန်းမဖြစ်သူက . . .

"လျော်တဲ့ အဒေါ်ကြီးကလည်း သေသေချာချာ၊ စေတနာနဲ့မလျော်ဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဆပ်ပြာမကောင်းလို့လည်း ဖြစ်နိုင်တယ်"

လင်းယားနှစ်ယောက်ဟာ သူတို့စိတ် သူတို့အတွေးနဲ့ ဝေဖန်နေကြတယ်။

ဒီလိုနဲ့ နောက်တစ်ပတ်လောက် နေတော့ မနက်ခင်းမှာ မိန်းမက. . .

"အစ်ကိုရေ လာကြည့်ပါဦး၊ ဟို ဘက်ခြံထဲက အဝတ်အစားတွေ ဖြူဖွေးနေတာပဲ၊ အရင်ရက်က အစ်ကို ပြောသလို ဆပ်ပြာမကောင်းလို့နဲ့တူတယ်"

ထိုအခါ ယောကျ်ားဖြစ်သူက-

"မဟုတ်ဘူး မိန်းမရေ၊ ကို အိမ်က မှန်တွေကို ရေဆေးလိုက်လို့၊ အဝတ် အစားတွေက မဖြူတာ မဟုတ်ဘူး၊ မှန်က ဖြစ်နေတာ၊ ကိုတို့အိမ်က မှန်တွေက ဖုန်တွေတင်နေလို့ အမြင် မကြည်နေတာ"

ကိုယ့်လို အဆင့်အတန်းတူ အချင်းချင်း နှိုင်းယှဉ်မိတာ မဆန်းပေမယ့် အဲဒီအဖြစ်အပျက်လိုပါပဲ၊ ကိုယ့် အမြင်နဲ့ သူများကိုမြင်မိရင် လွဲမှားတတ်ပါတယ်။

အထူးသဖြင့် အရိယာသူတော်ကောင်းကို သူတော်ကောင်းမှန်းမသိဘဲ ကိုယ့်စိတ်နဲ့နှိုင်းယှဉ်စော်ကားမိရင်တော့ အပြစ် ဖြစ်သွားတတ်ပါတယ်။

ဥပမာ- ဆရာတော်ကြီးတစ်ပါး အနီးမှာ ဝေယျာဝစ္စလုပ်နေတဲ့ ချောမောလှပတဲ့ မိန်းကလေးကိုတွေ့တဲ့အခါ ကိုယ်က စိတ်နဲ့ ပြစ်မှားမိတယ်။

ဆရာတော်ကြီးလည်း ငါလိုနေမှာပဲလို့ ဆရာတော်ကြီးကို ပြစ်မှားမိသွားတတ်ထယ်။ ဆရာတော်ကြီးက ဘာစိတ်မှ ရှိမှာမဟုတ်ပါဘူး၊ ကိုယ်သာ အပါယ်ကိုကျမှာ ဖြစ်ပါတယ်။

အရင် ဘုရင်ခေတ်က ဆရာတော်တွေကို ကိုယ့်အတွေး ကိုယ့်အမြင်နဲ့တိုင်းပြီး ပြစ်မှားမိတဲ့ အိမ်ရှေ့မင်းသား တစ်ပါး ရှိခဲ့ဖူးတယ်။

သီရိခမ္မာသောကမင်းကြီးခေတ်မှာ ဘုရင်ကြီးဟာ သံဃာတော်တွေကို ကြည်ညိုပြီး နန်းတော်မှာ အမြဲလိုလို ပင့်ဖိတ်ကာ ဆွမ်းကပ်လေ့ ရှိပါတယ်။ သူညီ အိမ်ရှေ့မင်းသားကတော့ တော်လည်နေတာနဲ့ပဲ အချိန်ကုန်နေတယ်။

တစ်နေ့ ဘုရင်ကြီးကို ယခုလို လျှောက်တင်ပါတယ်။

"နောင်တော်မင်းကြီး၊ တော်ထဲက သမင်၊ ဒရယ်တွေဟာ ဘာမှ အဆီအနှစ်မရှိတဲ့ မြက်နဲ့ သစ်ရွက်တွေ စားနေရတာကိုပင် တဏှာရာဂ လွန်စွာ သောင်းကျန်းလှပါတယ်၊

နောင်တော် မင်းကြီး ကပ်လှူသောဆွမ်းနဲ့ ဆွမ်းဟင်းများတာ ဆီဦး ထောပတ်တွေနဲ့ လွန်စွာ အရသာရှိလှပါပေတယ်၊ ဒီဆွမ်းမျိုးတွေ ဘုဉ်းပေးပြီး ဖြစ်ပေါ်လာမယ့် တဏှာရာဂတွေကို ဒီရဟန်းတွေ ထိန်းမှ ထိန်းနိုင်ပါ့မလား ဘုရား"

မင်းကြီးလည်း မင်းသားစကားကို နားထောင်ပြီး အတွေးတစ်ခုဝင်လာတာနဲ့ အမိန့်တစ်ခုကို ချက်ချင်းချမှတ်လိုက်ပါတယ်။

"ညီတော်မင်းသား၊ နောက်နေ့ တစ်ပြီး (၇)ရက် မင်းစည်းစိမ်ကို ခံစားစေ၊ (၇)ရက်ပြည့်သောနေ့မှာပဲ တောင်စွယ် နေကွယ်ရင် သတ်စေ"

ဘုရင့်အမိန့်စကားကြောင့် မင်းသားလည်း ကြောက်လန့်သွားတယ်။

တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာရာ ခြောက်ရက်မြောက်နေ့တွင် မင်းသားလည်း ဘုရင်ကြီးထံ စိုးရိမ်ပူပန်စွာနဲ့ လာရောက် တောင်းပန်လေ၏။

ဘုရင်ကြီးကလည်း ညီတော်ကို ကြည့်ပြီး မေးလိုက်ပါတယ်။

"ဘယ့်နယ်လဲ ညီတော်၊ မင်းစည်းစိမ်ခံစားရတာ မပျော်ဘူးလား"

စိတ်လက်မကြည်မသာဖြင့် ညီတော်က လျှောက်ထားသည်မှာ. . .

"မပျော်နိုင်ပါဘူး နောင်တော် ဘုရား၊ တစ်ရက်ပြီးတစ်ရက် သေမယ့် ရက်ကို တွေးနေရတာနဲ့ ဘာစည်းစိမ်မှ လည်း မခံစားချင်ပါဘူး ဘုရား"

"အေး- ရဟန်းသံဃာတော်တွေဟာ ညီတော်ထက် အဆပေါင်းများစွာ ဒီခန္ဓာ ပြန်ရမှာကို ကြောက်ကြတယ်၊ မည်မျှပင် အရသာရှိသော ဆွမ်းခဲဖွယ်တွေကို ဘုဉ်းပေးသုံးဆောင်နေရသော်လည်း သားသေကိုစားရသော မိဘတို့နဲ့ တူပါတယ်"

"ဘယ်လို သားသေကို စားသော မိဘလဲ နောင်တော်"

"တစ်ခါတော့ ကပ်ဘေးဆိုက်လို့ ထွက်ပြေးလာတဲ့ လသားအရွယ်သားလေးနဲ့ မိခင်၊ ဖခင်တို့ဟာ ကန္တာရတစ်ခုကို ဖြတ်ပြေးဖို့ အစာအာဟာရကလည်း မရှိတော့ မသွားနိုင်ဘူး ဖြစ်နေတာပေါ့ကွာ၊ အဲဒီအချိန်မှာ သူတို့သားလေးက သေသွားရှာတယ်။

မိခင် ဖခင်တို့ဟာ ဒီကန္တာရကို ဖြတ်ဖို့အတွက် သူတို့ သားလေးရဲ့ အသားကို စားရမှာဖြစ်တယ်၊ ဒါမှသာ အသက်ရှင်ရက် ခရီးဆက်နိုင်မယ်၊ ကဲ ဘယ်လိုစိတ်မျိုးနဲ့ အဲဒီအဘဟာ အရသာခံစားနိုင်ပါ့မလဲ၊ အဲဒီလိုပဲ ရဟန်းသံဃာများဟာ ဘာအရသာမှ မခံစားနိုင်ကြပါဘူး ညီတော်"

ထိုအခါမှပင် အိမ်ရှေ့မင်းသားလည်း သူ့အတွေးမှားမှန်းသိပြီး ရဟန်းသံဃာတော်များကို တောင်းပန်ကာ ကန်တော့လေ၏။

ကိုယ့်ထက် မြင့်တဲ့သူတွေကို ကိုယ့်စိတ်နဲ့ မတိုင်းသင့်သလို ကိုယ့် အောက်က ဝန်ထမ်း အလုပ်သမားများကိုလည်း သူတို့၏ အတွေးအခေါ် အကြံဉာဏ်ကို အထင်မသေးသင့်ပါ။

သန့်ရှင်းရေးဝန်ထမ်း တစ်ဦး၏ အကြံဉာဏ်ဖြင့် ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ဦး အဆင်ပြေခဲ့သော အဖြစ်အပျက်တစ်ခု ရှိခဲ့ပါသည်။

နိုင်ငံခြားတွင် အထပ်မြင့်ဟိုတယ် အဆောက်အအုံ တစ်ခုသည် ဆောက်လုပ်စဉ်က ဓာတ်လေကား မတပ်ဆင်ဖြစ်ခဲ့ပါ။ ဟိုတယ်ပိုင်ရှင်က အင်ဂျင်နီယာကို ဓာတ်လေကား တပ်ဆင်ရန်

www.burmeseclassic.com

www.burmeseclassic.com

အကြံဉာဏ်တောင်းပါသည်။ အင်ဂျင်နီယာလည်း ဟိုတယ်ပေါ် တက်လိုက်ဆင်းလိုက်နဲ့ နေရာ ရှာကြည့်နေပါသည်။

သန့်ရှင်းရေး လုပ်ဆောင်နေသော ဝန်ထမ်းက အင်ဂျင်နီယာ၏ ဒီနေ့ခြေရာများကို လိုက်၍ သန့်ရှင်းနေရပါသည်။ တော်ကြာ တက်လိုက် ဆင်းလိုက်နှင့် ဝန်ထမ်းလည်း စိတ်မရှည်နိုင်တော့ဘဲ . . .

"ခင်ဗျား ဘာလုပ်နေတာလဲ၊ တက်လိုက်ဆင်းလိုက်နဲ့၊ ဒီမှာ ခင်ဗျား ဒီနေ့ရာတွေကို လိုက်သုတ်နေရတယ်"

"ငါက အင်ဂျင်နီယာကွ၊ ဓာတ်လှေကားတပ်ဖို့နေရာကို လိုက်ကြည့်နေတာ"

"ဒါဆိုလည်း ကျွန်တော် အကြံပြုပါရစေဗျာ"

ဝန်ထမ်း၏စကားကိုကြားရသော အင်ဂျင်နီယာမှာ မရယ်မိအောင် မနည်း ထိန်းလိုက်သည်။ သူ ဘာသိမှာလဲ ဟူသောအတွေးဖြင့် ဝန်ထမ်းကို အထင်သေးသော အကြည့်ဖြင့် ကြည့်လိုက်ပါသည်။

ဝန်ထမ်း၏ အကြံပြုချက်စကားကို လည်း အားနာစွာနဲ့ နားထောင်လိုက်သည်။

"တိုတ်အပြင်ကနေ ရေစင်လို မျှော်စင်လို ဆောက်ပြီး တစ်ထပ်ချင်း အဝင်အထွက်လုပ်လိုက်ရင် မရဘူးလား ဗျာ"

ဝန်ထမ်း၏စကားအဆုံး အင်ဂျင်နီယာမှာ မျက်လုံးများ ဝင်းလက်သွားသည်။ ဒီအတွေးမျိုး တစ်ခါမှ သူ မတွေးမိပါ။ ချက်ချင်းပင် သန့်ရှင်းရေး ဝန်ထမ်း၏လက်ကို ဆုပ်ကိုင်ပြီး အားရဝမ်းသာစွာနဲ့ . . .

"ကျေးလူးတင်လိုက်တာဗျာ၊ ဒီလို အတွေးမျိုး ကျွန်တော် မစဉ်းစားမိဘူး"

ဝန်ထမ်းပြောသည့်အတိုင်း ထို တိုတယ်ကို အပြင်မှ ဓာတ်လှေကား တစ်ဆင့်လိုက်ပါသည်။

ထိုသန့်ရှင်းရေး ဝန်ထမ်း၏ အတွေးအခေါ် သည် ယနေ့ကမ္ဘာပေါ်ရှိ အဆောက်အအုံများ ဓာတ်လှေကား တပ်ဆင်နည်းကို အသုံးပြုလျက် ရှိနေပါတော့သည်။

ထို့ကြောင့် အောက်လက်ငယ်သားကိုလည်း အထင်အမြင် မသေးသင့်ပါ။

လူတစ်ယောက်၏အတွေးအကြံ အဆင့်အတန်းကို သာမန်လူတို့ မသိနိုင်ပါ။

သူတော်ကောင်းတို့၏ စိတ်ကို ပုထုဇဉ်တို့မသိနိုင်၊ ပုထုဇဉ်တို့၏စိတ်ကို သာ သူတော်ကောင်းတို့ သိနိုင်ပါသည်။

ထို့ကြောင့် ပုထုဇဉ်ဖြစ်သော စာရေးသူ၊ စာဖတ်သူများသည် တွေ့ရာ လူတိုင်းကို ကိုယ့်စိတ်နှင့် နှိုင်းမိပါက အကုန် မမှန်နိုင်ပါ။

အမြင်ကြည်သောပညာမျက်လုံး ဖြင့်သာ ဆင်ခြင်စဉ်းစား နှိုင်းယှဉ်သင့်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

(ချစ်ဖွယ်အကွက်ကို ကြည့်နိုင်ပါစေ) သူတစ်ပါး၏ မကောင်းကွက်ကို မုန်းစရာတွေကို ဖယ်ပြီး ကောင်းတဲ့ ချစ်ဖွယ်အကွက်ကို မြင်အောင် ကြည့်တတ်ရင်၊ ကြည့်နိုင်ရင်၊ ကြည့်ဖြစ်ရင် "မေတ္တာ"ဆိုတဲ့ သူတစ်ပါးအကျိုးစီးပွား လိုလားမှုဟာ ဖြစ်ပေါ်လာတော့တာပါပဲ။

ညီမေတ္တာ

□

စာပေဗိမာန်မှ ထုတ်ဝေသည်

စာပေဗိသုကာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရွေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ။ ဂန္ဓိရဝတ္ထုများ။ မုဆိုးဝတ္ထုများ။ ရသဝတ္ထုများ။ ဟာသများ။ အရွေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ။ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များ

ဒီဇိုလုပ်ငန်း

ပို့ဆို့ဘို့တက်

အောင်မြင်စေရန်

လပြည့်ဝန်းမဂ္ဂဇင်းတွင်

ကြော်ငြာများ

ထည့်သွင်းနိုင်ပါသည်။

အပြုအမူး
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အပြုအမူး
မျက်နှာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

အကြံ ဘွယ် ရုံ

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာကြီးနယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၄၅၄၀၉၃၀

www.burmeseclassic.com

www.burmeseclassic.com

ရာ ရာ ရွာ့ဒီ ရာသော့်ဒီးမျိုဒီ

နိုင်းမြင်းဆူ(ဟောင်ကွန်)

လှ

သတ္တလောကတွင် သက်ရှိ မှန်သမျှကို သတ္တဝါဟုခေါ်သည်။ လူနှင့် တိရစ္ဆာန်တို့ဖြစ်သည်။ သတ္တဝါသည် သက်ရှိကိုယ်နှင့် ခံစားမှု သတ်မှတ်ထားမှု ရှိ၏။ ရုပ် နာမ် ခန္ဓာ ရှိ၏။

တိရစ္ဆာန်ဆိုသည်မှာ (တိရဆန္ဒ) အိပ်၊ စား၊ ကာမ ဆန္ဒသုံးမျိုးသာရှိ၏။ ထို့ကြောင့် တိရစ္ဆာန်ဟု ခေါ်သည်။ တိရစ္ဆာန်များတွင် ခန္ဓာကိုယ်ရှိ၏။ ထို ခန္ဓာကိုယ်ကို မှောက်လျက်တည်ထား၏။ တွားသွားသတ္တဝါမှန်သမျှ မြေပြင်ကို မှောက်လျက်သွားလာတတ်၏။ နေကို ကျောပေးထား၏။ အတောင်ရှိသော တိရစ္ဆာန်သည်လည်း မှောက်လျက်ပျံသန်း၏။

တိရစ္ဆာန်တို့၏ မျက်လုံးများသည် ဘေးတွင်သာရှိ၏။ ဘေးကို တဲကြည့်တတ် မြင်တတ်သည်။ ရှေ့နောက် အမြင် မကျယ်ပါ။ ဘေးကြည့်သည့် အတွက် ဘေးကိုပဲ မြင်ပြီး ဘေးကိုပဲ ရောက်တတ်၊ ဘေးတွေ့တတ်သည်။ 'ဘေးရောက်လျှင် ဘေးထွက်တတ်သည်' ဟု ဆိုရပါမည်။

တိရစ္ဆာန်ထဲတွင် လင်းဆွဲ၊ လင်းနို့များသည် ထူးဆန်းစွာဖြင့် ဦးခေါင်းကို ဇောက်ထိုး နေတတ်သည်။ လောကကြီးကို ဇောက်ထိုးမြင်သည်။ ထိုသတ္တဝါသည်ပင်လျှင် ပျံသန်းသောအခါ မိုးကို ကျောပေးပြီး မှောက်လျက်ပျံသန်းပြီး နေကို ကျောမှာထား၏။

တိရစ္ဆာန်များသည် တိရစ္ဆ ဖြစ်သောကြောင့် လူများနှင့် ဗီလာဆန့်ကျင်သည့် အမူအကျင့်ရှိသည်။ အသက်မွေးဝမ်းကျောင်းပညာ၊ မွေးမြူသဘာဝတရား အပေါ် မှီခိုလျက် ပတ်ဝန်းကျင်ကို ပျံပြီး အသက်မွေးကြရ၏။ ရှာနိုင်လျှင် စား ပြီး မရှာနိုင်ပါက ငတ်ကြရ၏။ ကြီးနိုင် ငယ်ညှဉ်း ရက်စက်တတ်သည်။

မေတ္တာတရား အကြင်နာတရား ခေါင်းပါးသည်။ အချို့အုပ်စုပွဲပြီးနေ နိုင်ရာစားစနစ် ကျင့်သုံးသည်။

"တော်မောက်ပေါင်းတို့ ဦးခေါင် ခြေလက်၊ မျက်ခွက်မျက်နှာ၊ ပမာတ လူနှင့်တူလည်း၊ လူလို ပညာ မရှိပါ အိမ်ရာတင်းကုပ်၊ ဆောက်လုပ်သေ သပ်၊ မပြုတတ်ကြောင့်၊ မိုးစွတ်နေ မဟူစပါ၊ ခံရတွာ၏"

မဃဒေဝ (၂၂

ရှေးပညာရှိ စာဆိုများမှ လူ့ တိရစ္ဆာန်ကို နှိုင်းပြထားသည်ကို မ သားဖူးပါ၏။

ဦးချိုရှိသော တိရစ္ဆာန်ထဲတွ ဦးချိုကို ကြည့်ပြီး သတ်မှတ်ခေါ်

www.burmeseclassic.com

www.burmeseclassic.com

ကြ၏။ ချိုထောင်၊ ချိုကုပ်၊ ဘီးတန်း၊ ထယ်လူး၊ ကုပ်ထောင်၊ လု စသဖြင့် အမည်ပေး သုံးစွဲကြ၏။

ချို တစ်ချောင်းသာ ရှိသော ထီရွာန်ကို လု ဟုခေါ်သည်။ ဥပမာ ကြံလို သတ္တဝါမျိုးကို အများက ခေါ်ကြသည်။ ကြံသည် ကိုယ်ခန္ဓာကြီး၏၊ မျက်ဆေါက်ကျဉ်း၏။ အသွားအလာ လေးလံ၏။ ရှေ့တွင် သစ်တုံးများ တားဆီးနေ ဝါက နောက်သို့ ဦးချိုဖြင့်မ,ပြီး ကော် စစ်တတ်၏။

ကြံ့သားမိတစ်အုပ် သွားသည် ဒို့သော် နောက်မှကပ်လျက် လိုက်ပါလာ သော သားငယ်များ ဝိမိ၊ ထိခိုက်မိပြီး သေဆုံးတတ်သည်။

ပဒုံးနှစ်ဖက်ကြား ခေါင်းပေါက် ပြီး လူသဏ္ဌာန်တူသော်လည်း အကျင့် ထား တိရွာန်အကျင့်ဖြစ်သော အိပ်၊ စား၊ ကာမ ဤသုံးဝသာရှိပါက ရွေး ယူကြီးများက လူတိရွာန်ဟု ခေါ်ဆိုကြ သည်။

အရာရာတွင် ငါဟာ ငါပစ္စည်း စသဖြင့် ရောင့်ရဲနိုင်ခြင်းမရှိဘဲ ဘယ်သူ သေသေ ငတေမာပြီးရောဟု သဘော ထားတတ်သူ အတ္တကိုယ်ကျိုး စီးပွားကို ရှေ့တန်းတင်ပြီး ဆောင်ရွက်တတ်သူ၊ ပြောဆိုကျင့်ကြံတတ်သူကိုလည်းကောင်း၊ ခြင်္ကြမြင်သမျှကို မနှစ်သက် မလိုလား နောလိုဝန်တိုပြီး မချစ်မခင်နိုင်သူ၊ အတ္တကြီး သူ တစ်နည်း အကောင်းမြင်ဝါဒ မရှိသူ၊ တစ်လမ်းမောင်းဝါဒ လက်ခံသူ၊ တစ် ဖွယ်သန်သူ ဖြစ်၏။ ထို့ကြောင့် လု ဟု ခေါ်ပါသည်။

လူ

လူကို မနုဿ ဟုခေါ်သည်။ (မန-စိတ်၊ နဿ-အဆင့်အတန်း) စိတ် အဆင့်အတန်းရှိသူကို 'လူ' ဟုခေါ်ပါ သည်။ လူဘဝကို ရခဲလှ၏။ စာပေအရ အပြောကျယ်သော သမုဒ္ဒရာကြီးတွင် လေသယ်ရာ မျောနေသော ထမ်းပိုးတုံး ကြီး တစ်ခုရှိ၏။ ၎င်းတွင် လိပ်ခေါင်း တစ်လုံးသာ ဆုံသည့် အပေါက်တစ်ခု ရှိ၏။

ထိုသမုဒ္ဒရာတွင် လိပ်ကန်းကြီး တစ်ကောင်လည်း ရှိ၏။ အနှစ်တစ်ရာ ကြာမှ ရေပေါ်သို့ တစ်ခါသာပေါ်၏။ သမုဒ္ဒရာထဲတွင် လေသယ်ရာလွင့်မျော နေသော ထမ်းပိုးတုံးပေါက်နှင့် အနှစ် တစ်ရာမှာ တစ်ခါသာ ရေပြင်ပေါ်သို့ ပေါ်သည့် လိပ်ကန်းကြီးဦးခေါင်းနှင့် စွပ်မိဖွယ်ရာသာရှိ၏။ လူဘဝ ရခဲသည် ဟု မှတ်သားဖူးပါသည်။

လူသည် တိရွာန်နှင့် ဆန့်ကျင် ဘက်ဖြစ်၏။ လူတို့သည် ခန္ဓာကိုယ်ကို မတ်မတ်တည်ဆောက်ထား၏။ နေကို ထိပ်မှာထားပြီး မျက်လုံးသည် ရှေ့တွင် ရှိ၏။ ရှေ့ကိုပဲ ကြည့်၏။ ဘေးကို မကြည့်။ (ဘေးကြည့်လျှင် ဘေးတွေ့ မည်။)

လူများတွင် ခန္ဓာ ငါးပါးရှိပြီး စိတ်ကူးကြွေစည်တတ်၏။ လူတွင် ဆန္ဒ သုံးမျိုးအပြင် ဟိရိဩတ္တပ္ပ အရွက် အကြောက်တရား ရှိ၏။ ကုသိုလ်နှင့် အကုသိုလ်ရှိသည်။ အရွက်အကြောက် တရားကို လောကပါလတရား၊ ကမ္ဘာ စောင့်တရား ဟုခေါ်သည်။ အရွက် အကြောက်တရား မရှိပါက မိဘ၊ သား နှင့်အမိ၊ မောင်နှင့်နှမ၊ ဆွေမျိုးမိတ် သင်္ဂဟ ဟူ၍ မရှိတော့ဘဲ မယဉ်ကျေး သော တိရွာန်များနှင့် မခြားရှိတော့ မည်။

လူ့တန်ဖိုး

လူသည် အဆင့်အတန်း ရှိ၏။ တန်ဖိုးအဆင့်ဆင့် ရှိ၏။ လူမှန်လျှင် အကောင်းအဆိုး ခွဲခြားတတ်ရမည်။ လူသည် ကံသုံးပါးတွင် နှစ်မျိုးရှိ၏။ ကောင်းသောအလုပ်၊ မကောင်းသော အလုပ် (ကုသိုလ်၊ အကုသိုလ်)နှင့် လူ ဆန်တဲ့အလုပ်၊ လူမဆန်သောအလုပ် ဟူ၍ရှိ၏။

လောကတွင် အဆိုးရွားဆုံးသည် လူမဆန်သည့် အရက်စက်ဆုံး အလုပ် ဖြစ်၏။ လူမဆန်သော အလုပ်သည် လူမှန်း မသိမှုဟု ဆိုရပါမည်။

အတွေးအခေါ် လူဆန်မှ အကြံ အစည်လည်း လူဆန်မည်။ လူဆန်လို လျှင် မကောင်းမှုကို ရှောင်ပြီး ကောင်း မှုကို ဆောင်ရမည်။ လူလောကကို ကောင်းကျိုးပြုမှ လူဆန်၏။(လောကကို လူမဆန်မှုက ဖျက်ဆီးတတ်၏။)

လူမှန်လျှင် ရှေ့ကို ကြည့်ပြီး တက်လမ်းကို ရှာပါ။ ဆုတ်ယုတ်ခြင်း တရားကို ရှောင်ရမည်။

လူသည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ ဆိုသော ကံသုံးမျိုးရှိသည့် အနက် မနောကံမှ ဦးဆောင်တဲ့အတိုင်း ဝစီကံနှင့် ကာယကံက လိုက်လုပ်တတ် ၏။

လူသည် စွမ်းအား အရှိဆုံး ဖြစ်၏။

ကံ၊ ဉာဏ်၊ ဝိရိယ သုံးမျိုးပေါင်း ပြီး အသက်မွေးဝမ်းကျောင်းပြုတတ်ကြ ၏။ အသက်မွေးဝမ်းကျောင်းကို ကြည့် ပြီး လူတန်ဖိုးကို တိုင်းတာ၍ ရ၏။ အသက်မွေးမှုတွင် အတ္တ၊ ပရ မျှတစွာ ကျင့်သုံးလိုသည်။ အတ္တ ကိုယ်ကျိုးကို သာကြည့်ပြီး လောဘတက်စွာ ရှာဖွေ အသက်မွေးပါက ဘေးရောက်သွားပြီး ဖြစ်၏။ (ဘေးထွက်ပါက ဘေးတွေ့ မည်။)

လောဘနှင့် ရှာဖွေ မရတော့ ဒေါသဖြစ်၊ ဒေါသနှင့် ရှာဖွေလေ မရ လေဖြစ်၏။ မရတော့ မောဟ ဖြစ်သွား တတ်၏။

- လူသားတွေ့ လောဘတရား ရှေ့တန်းတင်လျှင် ဒုစ္စိုက္ခန္ဓရကပ် ဝတ် မွတ်ခေါင်းပါးသောဘေး ဆိုက်မည်။
- ဒေါသတရားတွေ့ ရှေ့တန်းတင် လာလျှင် သတ္တန္ဓရကပ် လက်နက်ဘေး ကြောင့် ပျက်စီးခြင်းဆိုက်မည်။
- မောဟတရားတွေ့ ရှေ့တန်း တင်လျှင် ရောဂန္ဓရကပ် အနာရောဂါ ကြောင့် ပျက်စီးခြင်းဘေး ဆိုက်မည်။

*

www.burmeseclassic.com

www.burmeseclassic.com

လူ့အရည်အချင်း

● သူရာ- သတ္တိရှိရမည်။ သတိမံသော- သတိရှိရမည်။ ပြဟ္မစရိယဝါသော- မြတ်သောအကျင့်၊ ကောင်းသောအကျင့် ရှိရမည်။

သတ္တိဆိုရာတွင် ပြုရဲတာ၊ လုပ်ရဲတာ၊ ပြောရဲတာကို ဆိုလိုပါသည်။ ကုသိုလ်အရာ၌ ပြုရဲရမည်၊ လုပ်ရဲရမည်၊ ပြောရဲရမည်။ သတ်ရဲ၊ ဖြတ်ရဲ၊ တိုက်ရဲ၊ ခိုက်ရဲတာ သတ္တိမဟုတ်ပါ။ (မိုက်ရူးရဲ ဖြစ်၏။)

● မိုက်ခြင်းသည် ဘုရားမကြိုက်တာကို ဆိုလိုပါသည်။

● ရူးခြင်းသည် အများမကြိုက်တာကို လုပ်တာကို ဆိုလိုသည်။

● ရဲခြင်းသည် ဘုရားကြိုက်၊ အများကြိုက်လုပ်တာကို ဆိုလိုသည်။

● ဒါနကောင်းမှုပြုရာတွင် စွန့်ရဲတဲ့ သတ္တိ၊ ပြုရဲတဲ့သတ္တိရှိရမည်။ လူလောကတွင် ချမ်းသာတစ်လှည့်၊ ဆင်းရဲတစ်လှည့်၊ နိမ့်တစ်လှည့်၊ မြင့်တစ်လှည့် ဖြစ်သည့် လောကဓံတရားနှင့် ရင်ဆိုင်ရတဲ့အခါ ရဲရင့်တည်ကြည်ရမည်။ ခံနိုင်ရည်ရှိရမည်။ သံတုံးကို မီးတစ်လှည့်၊ ရေတစ်လှည့်ပေးပြီး ထုတဲ့အခါ မာကျောလာ၏။ ထက်မြက်လာ၏။

လူဘဝမှာ လိုအပ်ချက်၊ လေးချက်

● စီးပွားဥစ္စာ ပြည့်စုံဖို့ လိုအပ်သည်။ ရှိမှ လှူနိုင်မည်။ ရအောင်ရှာ၊ လုံအောင်ထိန်း။

● မျှတစွာသုံး၊ဟတ်ဝန်းကျင်ကောင်းနှင့်ပေါင်း၊ ချမ်းသာခြင်း အကြောင်းဖြစ်၏။

● အခွေအရံများစွာ ပြည့်စုံဖို့ လိုအပ်သည်။ အခွေအရံ သားသမီးဆွေမျိုး အပေါင်းအသင်းကောင်း ရှိရမည်။ (အခွေအရံကောင်း လိုချင်လျှင် ကိုယ်က အရင်ကောင်းရမည်။)

● အသက်ရှည်ကျန်းမာဖို့ လိုအပ်သည်။ သက်ရှည်ကျန်းမာမှ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကို ဆောင်ရွက်ပြုလုပ်နိုင်မည် ဖြစ်၏။

● သေပြီးလျှင် ကောင်းရာဘုံဘဝသို့ ရောက်ရန် လိုအပ်သည်။ လူသည် သာသနာနှင့်၊ ကြုံကြိုက်တုန်း နိဗ္ဗာန်အထိရောက်အောင် ကျင့်ကြံနိုင်ရမည်။ ဒါမှ လူဖြစ်ရကျိုးနပ်မည်။ လူဘဝအရတော်လေစွ။

လူး

လူးသည် လူသားပင် ဖြစ်ပါသည်။ လူကျင့်ဝတ်မရှိသူ၊ ဖောက်ပြန်သူ၊ ဆန့်ကျင်သူ၊ အတ္တကြီးသူ၊ သာသနာနှင့် ကြုံသော်လည်း အလွဲလွဲအမှားမှား အကျင့်ဖြစ်နေသူကို လူးဟု ခေါ်ပါသည်။

လူရယ်လို့ ဖြစ်လာကတည်းက လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ စသဖြင့် ကိလေသာတရားများဖြစ်သော အကုသိုလ်တရားဖြင့်သာ နေလေ၏။ လူးတွင် ရှောင့်ရဲနိုင်မှု မရှိခြင်း၊ အလိုရမ္မက်ကြီးခြင်းနှင့် သူတွင်အမြဲ ပူလောင်နေလေ၏။ စားလည်း မငြိမ်၊ သွားလည်း မငြိမ်၊ စားသုတ်သုတ် သွားသုတ်သုတ် ဂနာမငြိမ် ဖြစ်နေတတ်၏။ အိပ်၊ စား၊ ကာမ ဤသုံးဝဖြင့် အချိန်ကို ကုန်လွန်စေ၏။

ထို့ကြောင့် ခမ္မဒုတဆရာတော် အရှင်ပညာဇောတမ့်...

"နာမ်လိမ္မာမှ ရွှင်သက်သာမည်၊ နာမ်မအေး ရွပ်ခွေး ဖြစ်လိမ့်မည်" ဟု ဆုံးမထားပါသည်။

ခွေးများသည် ဘယ်သောအခါမှ ငြားချမ်းခြင်းမရှိ၊ အလိုပြည့်သည် မရှိ၊ သွားသုတ်သုတ် လာသုတ်သုတ်နှင့် အမြဲတမ်း ပြေးနေရ၏။

ဒါကြောင့် ဆရာတော်မှ နာမ်လိမ္မာဖို့ ဆုံးမတော်မူခဲ့ပါသည်။ နာမ်မလိမ္မာခဲ့သော် ရွပ်မအေးပါ။ ရွပ်ကြီးကို နာမ်က ဦးဆောင်သဖြင့် နာမ်အလိုက် ရွပ်က လိုက်လုပ်ရှားနေရသောကြောင့် ဖြစ်၏။

"ဤလူ့ရွာဝယ် ဆာခြင်း၊ သိပ်ခြင်း၊ အိပ်ချင်ခြင်းနှင့် တပ်ခြင်းရာဂ၊ ဤလေးဝကား၊ မိန်းမ ယောကျ်ား၊ မသင်ကြားဘဲ တတ်အား အသီးသီး အလိုလိုပြီး၏"

မဃဒေဝ (၂၃၁)

အထက်ပါ လေးမျိုးကို အရွယ်မရွေး၊ လူမျိုးမရွေး၊ ယောကျ်ား၊ မိန်းမ မသင်ရသဲ့ အလိုလိုသိကြ၏ဟု ပုတ္တောဝါဒပျို့တွင် ဖွင့်ဆိုထားလေသည်။

လူးတွေ့ ပညာမဲ့၏။ အမှားနှင့် အမှန်ကို မသိသလို အကောင်းနှင့် အဆိုး၊ အကြောင်းနှင့် အကျိုးကို ခွဲခြားတတ်ခြင်း မရှိပေ။

ယင်းကဲ့သို့ စဉ်းစားဆုံးဖြတ်နိုင်စွမ်းမရှိသဖြင့် လောကတွင် အလွဲလွဲအမှားမှား ဖြစ်နေတတ်၏။ နေရာတကာတွင် အောက်ကျနောက်ကျနိုင်၏။ စဉ်းစားချင့်ချိန်သည့် ဉာဏ်ပညာမရှိသောကြောင့် အထက်တန်းသို့ မရောက်နိုင်မပေ။

လူးတွင် မကောင်းမှုတွင်သာ မွေ့လျော်တတ်သဖြင့် ကောင်းသောမိတ်ဆွေ မရှိ၊ လူမိုက်များသာ ရှိ၏။ ကောင်းမှုကုသိုလ်ပြုရန် သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ၊ ဟီရိဩတ္တပ္ပတည်းဟူသော သူတော်ကောင်းတရား လူးတွင် မရှိ၊ သာသနာနှင့် ကြုံသော်လည်း လူဖြစ်ရကျိုး မွဲ၏။ အရ နာ၏။

အထက်ဆိုခဲ့ပြီးသော 'လု-လူး-လူး' လူသုံးမျိုးတွင် မိမိသည် ဘယ်အမျိုးအစားတွင် ပါသနည်းဟု မိမိကိုယ် မိမိ ဆန်းစစ်နိုင်ကြပါစေဟု ဆန္ဒပြုရင်း။

သဗ္ဗေသတ္တာ ဝေနေယျာ သက်ရှည် ကျန်းမာ လိုရာပြည့်ပါစေ။

နိုင်ပြင့်ဆွေ(တောင်ငူနှံး)

❑

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံရှေ့လုပ်ငန်းရှင်များအသင်း

ဆွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံရွှေပန်းထိမ်)

နှင့်တွေ့ဆုံခြင်း

ဉာဏ်ပွင့်(စက်မှု)

www.burmeseclassic.com

www.burmeseclassic.com

"မင်္ဂလာပါ အန်ကယ်ဦးကျော်ဝင်း"

"မင်္ဂလာပါ ကိုညာဏ်ပွင့်"

"မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းမှာ အန်ကယ့်ရဲ့ ရာထူးကို သိပါရစေ"

"ကျွန်တော်က အတွင်းရေးမှူးတာဝန် ယူထားပါတယ်၊ ကိုယ်ပိုင်လုပ်ငန်းကတော့ ဦးထုံရွှေပန်းထိမ်နဲ့ ရွှေဆိုင်လုပ်ငန်း လုပ်ကိုင်ပါတယ်၊ မြန်မာ့ရွှေ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီမှာ စေးကွက်ပိုင်းဆိုင်ရာ အုပ်ချုပ်မှု ဒါရိုက်တာ အနေနဲ့ လုပ်ကိုင်နေပါတယ်"

"မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းနဲ့ မြန်မာ့ရွှေ့ ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီအကြောင်း ရှင်းပြပေးပါ"

"ဒါဆိုရင် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အကြောင်းကပဲ စပြောရမှာ၊ အရင်အစိုးရ လက်ထက်ကတည်းက ရွှေလုပ်ငန်းရှင်များအသင်းက ရှိပါတယ်၊ ဒါပေမဲ့ နိုင်ငံတော် တရားဝင်အသိအမှတ်ပြုအသင်း မဟုတ်ပါဘူး၊ ရွှေကုန်သည်တွေစုပြီးတော့ အချင်းချင်းသဘောတူပြီး ဖွဲ့ထားတဲ့အသင်းပါ၊ အဲဒီ အချိန်တုန်းက နိုင်ငံတော်အစိုးရကလည်း အသင်းပေါ် အာရုံစူးစိုက်မှု သိပ်မရှိပါဘူး။

၁၉၉၇ ဝန်းကျင်လောက်က မြန်မာနိုင်ငံမှာရှိတဲ့ ဘဏ်ကြီးအချို့ ပြိုလဲတဲ့အချိန်၊ အာရှစီးပွားရေးကျပ် ဖြစ်နေတဲ့ အချိန်လောက်က ရွှေစျေးတွေ ကမောက်ကမ ဖြစ်ခဲ့သေ တယ်၊ အဲဒီအချိန်မှာ နိုင်ငံတော်က ရွှေစျေးမတက်အောင် ထိန်းချုပ်တာတွေရှိတယ်၊ ဒီတော့ အသင်းကြီးက ဦးဆောင်ပြီ ရွှေစျေးကို တစ်သမတ်တည်း ဖြစ်စေရန် တစ်ကျပ်သား ၅၅၀၀ ကျပ်စျေးသတ်မှတ်ပြီး ရောင်းကြတယ်၊ အပြင် ရွှေပေါက်စျေး ၆၀၀၀၀၊ ၇၀၀၀၀ ဖြစ်လည်း စျေးမတင်ရဲဘူး အပြင် ရွှေပေါက်စျေးနဲ့ကိုက်အောင် ၅၅၀၀၀ ကျပ်အပြင် အလျော့တွက်၊ လက်ခ ပေါင်းရောင်းတယ်။

ရွှေကုန်သည်တွေက ကြောက်စိတ်နဲ့ စျေးလျှော့ပြေ ထားတာကို အစိုးရက အခြားနိုင်ငံတွေ ရွှေစျေးတက် ပေမယ့် မိမိတို့နိုင်ငံက စျေးမတက်ဘူးဆိုပြီး သတင်းအချ အလက် အများတွေ ရောက်သွားတယ်၊ သတ်မှတ်ထား စျေးက တစ်မျိုး၊ တကယ်ရောင်းနေတဲ့ စျေးက တစ်မျိုး တဖြည်းဖြည်း ကွာဟလာတယ်။

နိုင်ငံတော်ဘက်က အသေးစိတ် လေ့လာလိုက် အခါ ရွှေလုပ်ငန်းရှင်တွေက ဖြစ်တဲ့နည်းနဲ့ စျေးကို ညှိရောင် နေတဲ့ အကြောင်း သိလာတယ်၊ ရွှေစျေးကို အမှန်တက သိချင်တယ်ဆိုပြီး နိုင်ငံတော်က အကြောင်းကြားတ ရွှေလုပ်ငန်းရှင်တွေကလည်း ဖမ်းဆီးခံရမှာ ကြောက်ပြီးတော ရွှေစျေးမတက်ဘူးလို့ဘဲ အကြောင်းပြန်ကြတယ်၊ အဲဒီလို တဖြည်းဖြည်း နိုင်ငံတော်ကနေ အသင်းကြီး အပေါ်

www.burmeseclassic.com

www.burmeseclassic.com

သဘယတွေ ဖြစ်လာတယ်၊ နားလည်မှုလွဲပြီး ခေါ်ယူဆွေးနွေးခြင်းနဲ့ ဖမ်းဆီးမှုတွေ ဖြစ်လာတယ်၊ အဲဒီလိုနဲ့ ရွှေလုပ်ငန်းရှင်အသင်းလည်း ပျက်သွားခဲ့တယ်"

"နောက်တော့ ရွှေလုပ်ငန်းရှင်အသင်း ဘယ်လို ပြန်ပေါ်လာတာလဲ ဆိုတာ"

"၂၀၀၂ ခုနှစ် နှစ်ဦးပိုင်းမှာ ဘဏ်ကြီးတွေ ပြိုလဲသွားဖြစ်တဲ့အခါမှာ စီးပွားရေးတွေ ပျက်တဲ့နောက်ပိုင်း ရွှေဈေးတွေ တောက်လျှောက်တက်လာတယ်၊ အဲဒီတော့မှ နိုင်ငံတော်က ရွှေလုပ်ငန်းရှင်အသင်း ဆိုတာ မရှိမဖြစ်ဆိုတာ သိလာတယ်၊ ဒါနဲ့ နိုင်ငံတော်က ရွှေလုပ်ငန်းရှင်အသင်းကို ပြန်ဖွဲ့ရမယ်ဆိုပြီးတော့ ညွှန်ကြားခဲ့တယ်၊ တိုင်းနဲ့ ပြည်နယ်တွေဆီက ရွှေလုပ်ငန်းရှင်များကို စုစည်းပြီး အသင်းကြီးကို ပြန်ဖွဲ့စေတယ်၊ စီးပွားကူးသန်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန စတဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကိုပါ စုစည်း အားဖြည့်စေတယ်။

ရွှေလုပ်ငန်းရှင်တွေကလည်း အဖမ်းအဆီးခံရမှာ ကြောက်တာနဲ့ အသင်းဥက္ကဋ္ဌ ဘယ်သူမှ မလုပ်ရဲဘူး၊ နောက်ဆုံးမှာ နိုင်ငံတော်ကပဲ ဘယ်သူက ဥက္ကဋ္ဌလုပ်၊ ဘယ်သူက ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူးလုပ်ပါ ဆိုပြီး အမိန့်ကြော်ငြာစာနဲ့ ညွှန်ကြားခဲ့တယ်၊ ကျွန်တော့်ကိုလည်း အတွင်းရေးမှူးရာထူး နေရာ ခန့်ထားပါတယ်၊ ကျွန်တော်ကလည်း မလုပ်လိုကြောင်း ပြည်ထဲရေးဝန်ကြီးဌာနကို သွားပြောတော့ ဝန်ကြီးအမိန့်လို့ ပြန်ပြောတယ်။

ဒီတော့ ကျွန်တော် စဉ်းစားတယ်၊ အရင်တုန်းကတော့ အဖမ်းအဆီးများတယ်၊ ကျွန်တော်တော့ အဖမ်းဆီး မခံနိုင်ဘူး၊ နိုင်ငံတော်ကိုလည်း မှန်မှန်ကန်ကန် ပွင့်ပွင့်လင်းလင်း တင်ပြမယ်ဆိုတော့ နိုင်ငံတော်ဘက်ကလည်း အဖမ်းအဆီး မလုပ်ပါကြောင်း အာမခံခဲ့တယ်၊ ဒီလိုနဲ့ပဲ ကျွန်တော်လည်း တတ်နိုင်တဲ့ဘက်က ရွှေလုပ်ငန်းရှင်များရဲ့ ရွှေလုပ်ငန်းကြီးတိုးတက်အောင် လုပ်မယ်ဆိုပြီးတော့ စတင် တာဝန်ထမ်းဆောင်ခဲ့တယ်"

"မြန်မာ့ရွှေဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ ပေါ်ပေါက်လာပုံကိုလည်း ပြောပြပေးပါ"

"မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းရဲ့ သင်းဖွဲ့စည်းမျဉ်းအရ အသင်းကြီးဟာ ဥက္ကဋ္ဌ စီးပွားရေး အကျိုးအမြတ်အတွက် ဘာမှ လုပ်လို့မရဘူး၊ အဲဒီအခါမှာ အဆင်မပြေတာလေးတွေ ရှိလာတယ်၊ စီးပွားရေးလုပ်ငန်းရှင်တွေ ပူးပေါင်းထားတဲ့အသင်းကြီးဟာ စီးပွားရေး လုပ်လို့မရဘူး ဆိုတော့ အဆင်မပြေဘူးပေါ့၊ စီးပွားရေးသမားတွေ ပေါင်းထားတဲ့ အဖွဲ့ဟာ ဘယ်နည်းနဲ့မဆို စီးပွားရေးနဲ့ ပတ်သက်လာတဲ့အခါ၊ ဒါကြောင့် အခုအစိုးရလက်ထက်ကျတော့ ယာယီပုံစံနဲ့လုပ်ကိုင်ရတာ အဆင်မပြေကြောင်း၊ စီးပွားရေးလုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com

Chinese Gold and Silver Exchange Society သို့သွားရောက် လေ့လာစဉ်

ခွင့်ရှိတဲ့ အသင်းအဖွဲ့တစ်ခု ထပ်မံလိုအပ်ကြောင်း တင်ပြခဲ့တယ်၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းက စိတ်ဝင်စားသူတွေ စုပေါင်းပြီး အဖွဲ့တစ်ဖွဲ့ ဖွဲ့လိုက်တယ်၊ အဲဒါကတော့ မြန်မာ့ရွှေ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီပါပဲ၊ SME လုပ်ငန်းတွေ တိုးတက်အောင် လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့ဖြစ်ခဲ့တာပါ"

"အန်ကယ်က အများပိုင်ကုမ္ပဏီမှာ ဘာရာထူးနဲ့ ကာဝန်ထမ်းဆောင်နေပါသလဲ"

"အများပိုင်ကုမ္ပဏီရဲ့ ရည်ရွယ်ချက်က ရွှေနဲ့သတ္တုလုပ်ငန်း လုပ်တာပါပဲ၊ ရွှေနဲ့သတ္တု တူးဖော်ထုတ်လုပ်သန့်စင်ရေးအပိုင်းနဲ့ ရောင်းဝယ်ရေးဆိုပြီး အပိုင်းကြီးနှစ်ပိုင်း ခွဲထားတယ်၊ ကျွန်တော်က ရောင်းဝယ်ရေးအပိုင်းမှာ အုပ်ချုပ်မှု ဒါရိုက်တာ အနေနဲ့ လုပ်ကိုင်ပါတယ်၊ ထုတ်လုပ်ရေးအပိုင်းက အုပ်ချုပ်မှု ဒါရိုက်တာကလည်း လောလောဆယ် အနားယူထားတော့ ယာယီအားဖြင့် နှစ်ပိုင်းလုံးမှာ အုပ်ချုပ်မှု ဒါရိုက်တာ အနေနဲ့ တာဝန်ယူ လုပ်နေပါတယ်"

"အများပိုင်ကုမ္ပဏီကို ဘယ်နှစ်မှာ စတင်တိုစည်ခဲ့တာပါလဲ"

"မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်ကြီး အသင်းကို ၂၀၁၂ ခုနှစ်မှာ ဖွဲ့စည်းခဲ့တာပါ၊ အရင်အစိုးရလက်ထက်မှာ စီးပွားရေး မူဝါဒက ဈေးကွက်စီးပွားရေး ဆိုပေမယ့် ဆိုရှယ်လစ်စနစ်နဲ့ပဲ လုပ်နေတာပါ၊ ဗဟိုချုပ်ကိုင်တဲ့ စနစ်ပေါ့။

ယခု အစိုးရလက်ထက်မှာ ဈေးကွက်စီးပွားရေးစနစ်က ပိုမြီး ပီပြင်လာတယ်၊ ဒါကြောင့် ရွှေလောက ပိုမိုတိုးတက်ရေးအတွက် အများပိုင်ကုမ္ပဏီကို ဖွဲ့ဖြစ်တာပါ၊ မြန်မာ့ရွှေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီကိုတော့ ၂၀၁၂ ခုနှစ်မှ ဖွဲ့ခဲ့တာပါ"

"မြန်မာနိုင်ငံ ရွှေဈေးကွက်နဲ့ နိုင်ငံတကာ ရွှေဈေးကွက်ကို နှိုင်းယှဉ်ပြောပေးပါ အန်ကယ်"

"ကျွန်တော်တို့ နိုင်ငံမှာ ရွှေဈေးကွက်က မဖွံ့ဖြိုးသေးဘူး၊ မိရိုးဖလာ ဈေးကွက်လောက်ပဲရှိသေးတယ်၊ ရွှေဒီဇိုင်းတွေကလည်း နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းတွေ မထုတ်နိုင်သေးဘူး၊ အရေးကြီးဆုံး အချက်ကတော့ (Standalization) စံသတ်မှတ်မှု မရှိသေးဘူး၊ ကျွန်တော်တို့မှာ ပြင်ဆင်စရာတွေ ရှိသေးတယ်၊ ရွှေအရည်အသွေး အလေးချိန်နဲ့ ပတ်သက်ပြီး တော့လည်း စံတစ်ခု ထားသင့်တယ်။

မိရိုးဖလာ ဈေးကွက်လို တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက် ရောင်းတဲ့ ဈေးကွက်က တအား ဘောင်ကျဉ်းလွန်းတယ်၊ နိုင်ငံတကာမှာဆို ဝယ်လက်ကို ရှာစရာမလိုဘူး၊ ရောင်းမယ့်သူက Gold Exchange Market ပေါ် မှာသူ ရွှေဘယ်လောက် ပိုင်ဆိုင်ထားသလဲဆိုတာ အထောက်အထားနဲ့ စတော့အိပ်ချိန်းထဲ သွင်းလိုက်ရင် ဝယ်တဲ့လူကလည်း Gold Exchange Market ကနေ ဝယ်လိုက်တယ်၊ Market ကပဲ တစ်ယောက်နဲ့တစ်ယောက် ချိတ်ပေးသွားတာ၊ မျက်နှာမြင်ပြီး ရောင်းစရာမလိုဘူး"

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း တွေ့ဆုံပွဲတွင် ပိန့်ဌန်းပြောကြားစဉ်

"နိုင်ငံတကာ Gold Exchange Market အရောင်းအဝယ်မဲ့ ပြောပြပေးပါ"

"ကျွန်တော်တို့ ရန်ကုန်၊ မန္တလေးမှာ ရောင်းတဲ့ပုံစံက မျက်နှာမြင်ပြီး လက်တွေ့ရောင်းတဲ့ပုံစံပါ၊ ကြိုရောင်း ကြိုဝယ်မှာတောင် မျက်နှာချင်းဆိုင်ပြီး ရောင်းရတာပဲ၊ Gold Exchange Market မှာတော့ Bank Credit Payment အဖွဲ့က ကြားဝင်ပေးတယ်၊ လူတစ်ယောက်ဟာ ဘဏ်မှာ Deposit ငွေသွင်းထားရင် သတ်မှတ်ထားတဲ့ ပမာဏအထိ ဝယ်လို့ရတယ်၊ လိမ်တာ မရှိတော့ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ သူသတ်မှတ်ထားတဲ့ ပမာဏ Credit အရ ဝယ်တာဖြစ်လို့ပဲ။

ကျွန်တော်တို့ဆီမှာက မျက်နှာချင်းဆိုင်ပြီး၊ ရောင်းတာတောင် လိမ်တာတွေရှိတယ်၊ ခေတ်မမီတဲ့ အရောင်းပုံစံဖြစ်နေပြီ၊ နိုင်ငံတကာမှာက မျက်နှာချင်း မဆိုင်တာတောင် ကတိဖျက်လို့ မရတော့ဘူး"

"အဲဒီရင် Gold Exchange Market ကြီး မြန်မာနိုင်ငံမှာ ထည်ထောင်ပို့ လိုအပ်တာပေါ့"

"ရွှေရောင်းဝယ်တဲ့ပုံစံတွေ အဆင့်မြင့် တိုးတက်ဖို့ အတွက် အများပိုင် ကုမ္ပဏီကြီးက Myanmar Gold Exchange Market ကြီးကို တည်ထောင်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ ပထမတော့ ပြည်တွင်းစျေးကွက်မှာပဲ ရောင်းတတ်၊ ဝယ်တတ်အောင် လေ့ကျင့်ပေးမယ်၊ နောက် ဒီစျေးကွက်ကြီးသာဆက်ပြီး အောင်အောင်မြင်မြင် တည်ထောင်နိုင်ရင် နိုင်ငံတကာနဲ့ ဆက်သွယ်ဖို့ လွယ်ကူသွားပြီ၊ ဒါပေမဲ့ ဒီစျေးကွက်ကြီး တည်ထောင်ဖို့ ခိုင်မာတဲ့ ဥပဒေ ရေးဆွဲဖို့ လိုအပ်တယ်၊ ဥပဒေ ခိုင်မာမှ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းလို့ရမယ်။

မြန်မာနိုင်ငံဟာ ရွှေထွက်တဲ့နိုင်ငံ ဖြစ်တဲ့အတွက် မြန်မာ့ရွှေစျေးကွက်ကြီးဟာ ကြီးမားလာနိုင်ပါတယ်၊ ရွှေကို တရားဝင် Export / Import လုပ်ဖို့ ဥပဒေတွေ၊ အခွန်စနစ်တွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပြီး ရေးဆွဲဖို့ လိုပါတယ်၊ ဥပမာအားဖြင့် တရုတ်ပြည်မှာလည်း သီးသန့် အခွန်စနစ်ထားပြီး အခွန်ကောက်တာ ဖြစ်ပါတယ်၊ အရောင်းအဝယ် လုပ်တဲ့သူတိုင်း ပေးနိုင်တဲ့ အခွန်စနစ်ထားရင် ကုန်သည်တိုင်းက တရားဝင် လုပ်ဆောင်ကြမှာပဲ"

"ကျွန်တော်တို့ ရွှေစျေးကွက်ကြီး တိုးတက်လာအောင် ဘာတွေ စောင့်ပြောင်းလဲဖို့ လိုအပ်သလဲ"

"ရွှေအရည်အသွေးတွေကိုလည်း စံတစ်ခု သတ်မှတ်နိုင်အောင် ကြိုးစားရမယ်၊ အနောက်နိုင်ငံတွေမှာက 99 ရွှေ၊ 99.1, 99.2, 99.3 ရွှေ၊ 98 ရွှေ၊ 99.9 ရွှေ ဆိုပြီးတော့ သတ်သတ်မှတ်မှတ် ရှိတယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှာက အခေါက်ဆိုပြီး အားလုံးရောင်းနေကြတဲ့ယ်၊ ကိုယ်ဝယ်ထားတဲ့ ရွှေ ဘယ်အရည်အသွေးရှိတယ်ဆိုတာ ဘယ်သူမှ မသိဘူး၊ International Gold Exchange မှာရောင်းဝယ်တဲ့အခါ စံသုံးမျိုး သတ်မှတ်ထားတယ်၊ 99, 99.8, 99.9 သုံးမျိုး စံသတ်မှတ်ထားတဲ့ယ်၊ သူ့စျေးနဲ့သူ သတ်သတ်မှတ်မှတ်ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်တော်တို့ နိုင်ငံမှာ ရွှေအရည်အသွေးကို စံသတ်မှတ်ဖို့က ပထမဦးဆုံး လုပ်ရမယ့်ခြေလှမ်းပဲ၊ နောက်ခြေလှမ်းကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျပ်၊ ပဲ၊ ရွှေ စနစ်ပဲ သုံးကြတယ်၊ ကျပ်၊ ပဲ၊ ရွှေ ဆိုရင် မြန်မာနိုင်ငံမှာပဲ အဆင်ပြေမှာ၊ ဒါတောင် ရန်ကုန်မှာ ခို်နိ်တဲ့ ကျပ်၊ ပဲ၊ ရွှေနဲ့ တောင်ကြီးက ကျပ်၊ ပဲ၊ ရွှေ နည်းနည်းကွာတယ်၊ မန္တလေးက ကျပ်၊ ပဲ၊ ရွှေနဲ့လည်း နည်းနည်းကွာတယ်၊ ရန်ကုန်မှာ တစ်ပဲ ရှစ်ရွေးဆိုရင် မန္တလေးမှာက တစ်ပဲကို ခုနစ်ရွေးတစ်ခြမ်း သုံးတယ်၊ ကိုယ့်နိုင်ငံမှာတောင် စံမရှိဘူး ဆိုရင် နိုင်ငံတကာနဲ့ ယှဉ်တွဲလို့ မရဘူး၊ ဒါတွေက ကျွန်တော်တို့ လုပ်ရမယ့် ခြေလှမ်းတွေပဲ"

"ဒီရွှေဈေးကွက်ကြီး ဖြစ်ထွန်းလာရင် နိုင်ငံတော်အတွက် အများအကျိုးအမြတ် ရှိနိုင်မှာပါလဲ"

"ရင်းနှီးလို့ အရောင်းအဝယ်လုပ်တဲ့ ဈေးကွက်က ကျဉ်းကျဉ်းလေးပါ၊ Gold Exchange Market ဆိုရင် သိစရာမလိုဘူး၊ ကိုယ် ပိုက်ဆံရှိသလောက် ဝယ်လို့ရတယ်၊ ရောင်းချင်ရင်လည်း ရောင်းချင်သလောက် ရောင်းလို့ရတယ်၊ ဒီဈေးကွက်ကြီး ဖြစ်ထွန်းလာမှ မြန်မာနိုင်ငံရဲ့ ရွှေတစ်ခုတည်း မဟုတ်ဘဲ အခြားသတ္တုသယံဇာတတွေ တရားဝင် အရောင်းအဝယ်လုပ်လို့ရမှာ၊ အခုတော့ အများစုသော သတ္တု သယံဇာတတွေက တရားဝင် အရောင်းအဝယ်လုပ်တာ မဟုတ်ဘူး၊ မြေကြီးထဲကထွက်တဲ့ သယံဇာတတွေကို ဒီအတိုင်း ဈေးကောင်းကောင်းမရဘဲ ရောင်းနေတော့ သယံဇာတတွေ ဆုံးမှုံးတယ်၊ တကယ်လို့ သယံဇာတတွေကို စံတစ်ခုအထိ သန့်စင်ပြီးမှ ရောင်းရင် အခုရနေတဲ့ ဈေးထက် ဆယ်ဆလောက် ရနိုင်တယ်၊ ဈေးမှန်မှန်ကန်ကန်ရတော့ နိုင်ငံတော်လည်း မဆုံးရှုံးဘူး။

ခုတော့ ကိုယ့်နိုင်ငံက သတ္တုသယံဇာတ ကုန်ကြမ်းတွေကို အခြားနိုင်ငံတွေက ဈေးပေါပေါဝယ် သန့်စင်လိုက်ပြီး ဈေးကောင်းကောင်းနဲ့ ရောင်းတော့ သူများနိုင်ငံတွေက အမြတ်ထွက်သွားတာပေါ့။

ကျွန်တော်တို့ အများပိုင်ကုမ္ပဏီက ရွှေအပါအဝင် အခြားသတ္တုတွေကိုလည်း နိုင်ငံတကာ ဈေးအတိုင်းရအောင် Myanmar Gold Exchange Market ကြီး ဖြစ်ထွန်းလာအောင် ဆောင်ရွက်ပေးချင်တယ်၊ ဒီလိုသန့်စင်ပြီး စံတစ်ခု ဖြစ်မှ ရောင်းမယ်ဆိုရင် SME အသေးစား အလတ်စား လုပ်ငန်းတွေတိုးတက်လာမယ်၊ အလုပ်အကိုင်တွေ ရလာမယ်၊ ကိုယ့်နိုင်ငံ သယံဇာတတွေ ဈေးကောင်းကောင်းရမယ်"

(ဆက်ရန်)

ဘုလယ်ပွင့် (စက်မှု)

www.burmeseclassic.com

www.burmeseclassic.com

ဝေယံလှိုင်

ဘဝချင်း ဆုံတွေ့မတွေ့

လွန်ခဲ့သော ငါးနှစ်ခန့်က ကျွန်ုပ် မိမိရွာသို့ အလည်ရောက်သွားခဲ့ပါသည်။ စကားစပ်မိ၍ ဆွေမျိုးသားချင်းထဲက ကျော်မြင့်ခင် ဆိုသော ကာလသားလေးတစ်ယောက် သူ့ကိုယ်သူ ဆွဲကြိုးချသေသွားကြောင်း ပြောပြကြသည်။ လူတိုင်းသည် သေရမှာကိုကြောက်ကြပါလျက် သူငယ်လေး အဘယ်ကြောင့် သေခြင်းကို မကြောက်မရွံ့ဘဲ ဆွဲကြိုးချ သေသွားသနည်းဟု မေးကြည့်မိသည်။

ထိုအခါ ကျွန်ုပ်တို့ မမိလိုက်သော အမေတို့ ငယ်ငယ်ကပင် ချောင်းဖျားရွာ၌ မဖြူနုမည်သော အပျိုမလေး တစ်ယောက်သည် သူချစ်သူနှင့် နွားကျောင်းရင်း ချိန်းတွေ့ကြစဉ် သူအစ်ကိုကြီး သိသွား၍ ရိုက်နှက်သဖြင့် သူကိုယ်သူ ဆွဲကြိုးချ သေသွားဖူးသည်ဟုဆိုသည်။ ထို မဖြူနု ဆွဲကြိုးချသေသွားချိန်တွင် ကျွန်ုပ်တို့မှာ လူပင် မဖြစ်သေးပေ။ ထိုမဖြူနုသည် ထိုစဉ်ကပင် အစိမ်းသေသေ၍ သရဲမ ဖြစ်နေရာ ယခု ကျော်မြင့်ခင်အား ထိုသရဲမ ခေါ်သွားသည်ဟု ပြောကြပြန်သည်။

ဖြစ်စဉ်မှာ စိတ်ပင်စား စရာတော့ ကောင်း၏။

www.burmeseclassic.com

www.burmeseclassic.com

ကျော်မြင့်ခင်၏ ဦးလေးတော်သူ တစ်ယောက်သည် နေထိုင်မကောင်း ဖြစ်နေရာ မုန့်တီစားချင်သဖြင့် မင်းပြင်ရွာကို ကျော်မြင့်ခင်အား မုန့်တီအဝယ် လွှတ်သည်။

ကျော်မြင့်ခင် မင်းပြင်ရွာသို့ မုန့်တီဝယ်ထွက်လာချိန်မှာ နေမဝင်သေး။ မင်းပြင်နှင့် ကျွန်ုပ်တို့ရွာမှာ ခြေကျင်အသွားအပြန် နာရီဝက်ခန့်သာရှိသည်။ မင်းပြင်ရွာမှာ ရွာကြီးဖြစ်သဖြင့် စျေးရှိ၏။ ထို့ကြောင့်လည်း စျေးသို့ သွဉီးလေးက မုန့်တီဝယ်လွှတ်ခြင်း ဖြစ်သည်။

ကျော်မြင့်ခင်မှာ ရုပ်ရည်လေးလှပသဖြင့် လူချစ်လူခင်များသည့်အပြင် ကာလသမီးများလည်း စိတ်ဝင်စားမှု ခံရသူဖြစ်သည်။ နေမဝင်မီကပင် ရွာက မုန့်တီဝယ်ထွက်လာသော်လည်း ညနေချမ်း ရွာမလေ့အရ ရေခပ်လာကြသော မိန်းကလေးများနှင့် လမ်းတွင်ကြုံကာ စကားလက်ဆုံလည်း ကျနေခဲ့သည်။

သို့သော် သူက မုန့်တီဝယ်လွှတ်လိုက်သည်ကိုတော့ သူမမေ့။ ထို့ကြောင့် နေမဝင်မီ မင်းပြင်ရွာသို့ မုန့်တီဝယ်ရန် ထွက်လာသည်။

မိုးချုပ်စ ပြုနေပြီဖြစ်သော်လည်း မင်းပြင်ရွာစျေးကား စည်ကားတုန်းပင် ရှိသေးသည်။

ဒီလိုနှင့် အလွန်လှပသော မုန့်တီသည်မ အပျိုလေးတစ်ယောက် ဆိုင်တွင် မုန့်တီဝယ်ရင်း ကာလသား ကာလသမီးတို့ဘာဝ ထိကပါးရိကပါး စကားပြောနေကြသည်။

ထိုအချိန်တွင် ကျော်မြင့်ခင်မှာ ဘာကိုမှ သတိမရမိဘဲ မုန့်တီသည်မလေး၏ အလှ၌သာ ယစ်မူးနေသည်။

"ဟ- ဒီမှာ တစ်ယောက်တည်း မတ်တတ်ရပ်ပြီး စကားနေပြောတာ ဘယ်သူလဲဟ"

ထိုအသံကို ကြားလိုက်တော့မှ ကျော်မြင့်ခင် လန့်ဖျပ်ပြီး သတိရသွားသည်။ သူ့ကို မေးလိုက်သော လူကြီးနှစ်ယောက်မှာ တောထဲရှိ ရေနုံလက်တွင်းမှ ရေနုံခပ်ပြန်လာကြသူ မင်းပြင်ရွာသားကြီးနှစ်ယောက် ဖြစ်သည်။

ထိုအချိန်မှာ မုန့်တီသည်မလည်း ဘယ်ရောက်သွားမှန်းမသိ။ စျေးလည်း မရှိတော့ဘဲ သူရပ်နေသော နေရာမှာ သရီဖိုးကုန်းနားတွင် ဖြစ်နေသည်။

"ဒီနေရာ ဘာလို့ ရပ်နေတာလဲ၊ မင်း ဘယ်ကလဲ" ဟု မှင်တက်မိကာ ငူငူကြီးရပ်နေသော ကျော်မြင့်ခင်ကို လှုကြီး နှစ်ယောက်က မေးကြသည်။ ကျော်မြင့်ခင်က သွဉီးလေးနာမည်ကို ပြောပြီး မုန့်တီဝယ်ရန့် စျေးလာကြောင်း ပြန်ပြောလိုက်သည်။ ထိုအခါ လူကြီး တစ်ယောက်က . . .

"ဟင် မင်းက တို့ဘကြီးသားပဲ၊ ဒီအချိန် ဘယ်လာ စျေးရှိတော့မလဲ၊ ငါ့ညီရာ မင်းပြန်တော့"ဟု ပြောသော အခါ ကျော်မြင့်ခင် မိမိရွာသို့ ပြန်လာသည်။

ထိုနေ့ ထိုအချိန်ကစ၍ ကျော်မြင့်ခင်မှာ တဉူဉူ တငိုင်ငိုင် ဖြစ်လာသည်။ မင်းပြင်ကို မုန့်တီဝယ်သွားရင်း တွေ့ခဲ့ရသော မုန့်တီသည်မလေးကို မှတ်စိထဲက ဖျောက်မရ။ ထိုမုန့်တီသည်မလေးလောက် လှပသူကို သူတစ်သက် မတွေ့ဖူးဟု သူသူငယ်ချင်းတွေကို ပြောလာသည်။

ထိုအချိန်ရောက်လျှင် မုန့်တီသည်မလေးနှင့် တွေ့ရန် မင်းပြင်ရွာကို တိတ်တိတ်လေး ခိုးသွားသည်။ တွေ့. မတွေ့ကိုမူ မည်သူမျှ မသိ။ နောက်တော့ တစ်ယောက်တည်း စကားပြောလာသည်။ တခြားကာလသားများ ညဉီးပိုင်း အပျိုလှည့်သွားချိန်တွင် သူကား သွဉီအိပ်ရာထဲလဲပြီး တစ်ယောက်တည်း ရယ်လိုက်၊ ပြောလိုက် လုပ်လာသည်။

အပျိုလှည့်ပြီး ပြန်လာသော သွဉီသူငယ်ချင်းများက. . .

"မင်း အိပ်ရာဓပေါ်မှာ ဘယ်လူနဲ့ စကားပြောနေလဲ" ဟု မေးကြသော အခါ အစကမူ ဘယ်လူနှင့်မှ စကား မပြောရပါလားဟု ငြင်းသေးသည်။

နောက်တော့ သူငယ်ချင်းများက အပျိုလှည့်ထွက်သွားယောင်ဆောင်ပြီး စောင့်ဖမ်းကြသည်။ ထိုအခါတော့ သူမငြင်း။ မုန့်တီသည်မလေးက သွဉီလာ၍ ညည စကားပြောသည်။ ယခု သူငယ်ချင်းတွေ လာနှောင့်ယှက်သဖြင့် မုန့်တီသည်မလေး ထွက်ပြေးသွားပြီဟု ဆိုသည်။

မဖြစ်နိုင်ကြောင်း အမျိုးမျိုး ဖျောင်းဖျပြောဆိုကြသော်လည်း ဘယ်လိုမှ ပြော၍မရ။ သူငယ်ချင်း ကာလသားများက ပြောလွန်းမက ပြောလာကြသောအခါ တစ်ယောက်တည်း ရွာပြင်ထွက်ပြီး မုန့်တီသည်မလေးနှင့် စကားသွားပြောနေသည်။

မုန့်တီသည်လေးနှင့်သာ ပေါင်းရမည်ဆိုလျှင် သူ သေရဲသည်။ မုန့်တီသည်လေးကလည်း သူနှင့်အတူနေရန် သူ့ကို ညတိုင်းလာလာခေါ်နေသည်ဟု ပြောလာပြန်သည်။

ဤသည်ကို သိသော မိဘညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းများက အမျိုးမျိုးဖျောင်းဖျပြောဆို မေးမြန်းကြသည့်ကြားထဲက တစ်နေ့တွင် သူကိုယ်သူ ဆွဲကြိုးချသေသွားလေသည်။

ကျော်မြင့်ခင်အား ဖြားယောင်းသွေးဆောင်ကာ မုန့်တီသည်မယောင်ဆောင်ပြီး လာခေါ်သူမှာ ကျွန်ုပ်တို့ မမွေးမီကပင် ချောင်းဖျားရွာ၌ ဆွဲကြိုးချ သေသွားပြီး အစိမ်းသရဲမ ဖြစ်နေသော မဖြူနုဟု ပြောနေကြပြန်သည်။

"အမေ၊ ကျော်မြင့်ခင်ကို ချောင်းဖျားရွာက သရဲမ မဖြူနုခေါ်သွားတယ် ပြောနေကြပါလား"

ဟု ကျွန်ုပ် မေမိလိုက်၏။

"ကြဲကြဲဖန်ဖန်ကွယ်၊ ချောင်းဖျားရွာက မဖြူနု ဆွဲကြိုးချသေပြီး အစိမ်းသရဲမ ဖြစ်သွားတယ်လို့ ပြောကြတာ အမေတို့ ငယ်ငယ်ကတည်းကပဲ သားရယ်၊ အမေ့အသက်ပဲ ကိုးဆယ်နီးနေပြီ ခုထိ မဖြူနု သရဲမ ဘယ်ရှိတော့မလဲ မဖြစ်နိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ စကားမဆုံးမီမှာပင် အမေက စောဒက စကားဆိုသည်။

"အမေ မဖြစ်နိုင်ဘူး မပြောနဲ့နော်၊ ကျွန်တော်တို့ ဘုရားရှင်လက်ထက်အခါတုန်းက ဝိမွိသာရမင်းကို လာခြောက်တဲ့ သရဲပြိတ္တာတွေဆို လွန်ခဲ့တဲ့ ကိုးဆယ့်နှစ်ကမ္ဘာထက်ကပင်ဆိုပဲ၊ တစ္ဆေ၊ သရဲ၊ သဘက်၊ မြေဖုတ်ဘီလူး၊ ဧကန်တို့က အစ ပြိတ္တာထဲပါတာလေ အမေ၊ ပြိတ္တာတွေဟာ သူတို့ရဲ့ အကုသိုလ်ကို လိုက်ပြီး ကဲ့မှာနဲ့ခ်ီပြီး အသက်ရှူ ကြတယ်တဲ့"

ဝိမွိသာရမင်းကို လာခြောက်သည့် ပြိတ္တာတွေ အသက်ရှူကြကြောင်း ပြောနေသော်လည်း အမေ့မှာ သရဲခြောက်သည့် အကြောင်းသာ သိလို၍ စိတ်ဝင်တစား မေးလာ၏။

ထိုအခါ ကျွန်ုပ်က ဘုရားရှင် လက်ထက်တော် အခါတုန်းက ဝိမွိသာရမင်းကြီးအား လာခြောက်သော သူအမျိုး ပြိတ္တာတွေအကြောင်းပြောပြရသည်။

"လွန်ခဲ့တဲ့ ကိုးဆယ့်နှစ် ကမ္ဘာထက်မှာ ဖုဿမြတ်စွာဘုရားပွင့်တော်မူတယ်၊ ဝိမွိသာရအလောင်းဟာ ကျွန်တော်တို့ ဘုရားရှင်လက်ထက်မှာ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်ဖြစ်လာကြမယ့် သံဃာတော်တွေကို ဆွမ်းကျွေးအလှူလုပ်ဖို့ သူ့ဆွေမျိုး ရှစ်သောင်းလေးထောင်ကို ဆွမ်းဟင်း ချက်ခိုင်းတယ်တဲ့၊ ဆွမ်းဟင်းချက်ရတဲ့ ဆွေမျိုးတွေက သံဃာတော်တွေကို မကပ်မီ သူတို့လည်းစား၊ သူတို့ကလေးတွေလည်း ကျွေးကြတယ်တဲ့။

ဝိမွိသာရအလောင်းက သံဃာကို ရည်စူးပြီး ချက်ခိုင်းတဲ့ အဲဒီ ဆွမ်းဟင်း အဝိုးအဖျားကို အရင်စားမိကြလို့ သေတော့ အကုန်ပြိတ္တာဘဝ ရောက်တုန်းကြတယ်တဲ့၊ စားရမဲ့ သောက်ရမဲ့ ဖြစ်နေကြတဲ့ အဲဒီ ဝိမွိသာရ အမျိုး ပြိတ္တာတွေဟာ ကကုသန်ဘုရားလက်ထက်ရောက်တော့ တပည့်တော်တို့ ဘယ်တော့ အစာအာဟာရဝဝလင်လင် စားရမယ့် အခွင့်ကို ရောက်ပါမလဲ ဘုရားလို့ လျှောက်ကြတော့ ကကုသန် ဘုရားရှင်က ငါဘုရားလက်ထက်မှာတော့ အစာအာဟာရ ဝဝလင်လင် စားရဖို့ မမြင်ဘူး၊ ငါ့ရဲ့ညီတော် ကောဏာဂုံဘုရား ပွင့်တဲ့အခါ လျှောက်ကြည့်ကြလို့ မိန့်ကြားထားခဲ့တယ်တဲ့။

ကောဏာဂုံဘုရားရှင် လက်ထက်ရောက်လို့ တစ်ခါ လျှောက်ကြပြန်တော့ ငါဘုရားလက်ထက်မှာတော့ အစာအာဟာရ ဝဝလင်လင် စားရဖို့ မရှိဘူး၊ ငါ့ရဲ့ညီတော် ကဿပဘုရားရှင်လက်ထက်ရောက်တဲ့အခါ လျှောက်ကြည့်ကြပါလို့ မှာသွားပြန်တယ်တဲ့။

ကဿပဘုရားရှင် လက်ထက်ရောက်တဲ့အခါ သင်တို့ရဲ့အမျိုး ဝိမွိသာရမင်းကြီးက အလှူအတန်းကြီးတွေပေးပြီး သင်တို့ကို အမျှဝေတဲ့အခါ သင်တို့ ဝဝလင်လင် စားကြရလိမ့်မယ်လို့ ဗျာဒိတ်စကားမိန့်မှာထားခဲ့တယ်တဲ့"

"သားပြောသလိုဆို အဲဒီပြိတ္တာတွေက အသက်ရှူည်လှချေလား၊ ဘုရားအဆူဆူပွင့်တာတောင် ပြိတ္တာဘဝက မကျွတ်လွတ်ကြဘူးဆိုတော့ ကြောက်စရာပါလား"

"ကျွန်တော် ပြောတာမဟုတ်ဘူး အမေရ၊ ဘုရားဟော ဓမ္မပဒ အဋ္ဌကထာထဲ ပါတာပါ"

"အေးကွယ်၊ သံဃာရည်စူး ဆွမ်းဟင်းတွေကို ဦးဦးဖျားဖျားစားမိတာ သိပ်ကြောက်စရာ ကောင်းပါလား၊ ဒါနဲ့ ဝိမွိသာရမင်းကြီးကို သူ့ဆွေမျိုး ပြိတ္တာတွေက ဘယ်လို လာခြောက်လဲ ပြောပါဦး"

ရွာမှာ အစိမ်းသေ သေသွားကြသူများကို တစ္ဆေသရဲဖြစ်သွားကြသည်ဟု ပြောနေကြသဖြင့် အမေ့မှာ သရဲတစ္ဆေ ခြောက်သည်ကိုသာ ကြောက်နေ၍ ဝိမွိသာရကို လာခြောက်သော ပြိတ္တာတွေအကြောင်းသာ ထပ်မေးပြန်သည်။

"ဘယ်လို ခြောက်လဲဆိုတော့ ကဿပဘုရားရှင်က ဂေါတမဘုရားရှင် လက်ထက်မှာ ဝိမွိသာရမင်းကြီး အလှူကြီးပေးပြီး အမျှဝေမှ သူတို့ အစာအာဟာရ ဝဝလင်လင် စားရလိမ့်မယ်လို့ မှာသွားတော့ ကျွန်တော်တို့ ဂေါတမဘုရားရှင် လက်ထက်ရောက်တော့ ဝိမွိသာရမင်းကြီး အလှူပေးပြီး အမျှဝေတာကို ပြိတ္တာတွေက စောင့်မျှော်နေကြတယ်တဲ့။

ဒါပေမဲ့ ဝိမွိသာရ မင်းကြီးက အလှူတော့ ပေးပါရဲ့၊ သူ့ဆွေမျိုးတွေကို အမျှဝေဖို့ သတိမရတော့ သူတို့မှာ မစားကြရပြန်ဘူး၊ ဒီတော့ ညအခါမှာ ကြောက်မက်ဖွယ်ရာ အသံနဲ့ ဝိမွိသာရမင်းကြီး ကြားလောက်အောင် လာခြောက်ကြတယ်တဲ့။

အဲဒါ ဝိမွိသာရမင်းကြီးလည်း ကြောက်ပြီး ဘုရားရှင်ကို လျှောက်တော့မှ ဘုရားရှင်က ဆွေမျိုးတော်စပ်ဖူးတဲ့ ပြိတ္တာတွေ အမျှအတန်း လိုချင်လို့ လာခြောက်တဲ့အကြောင်း ဟောတော့မှ ဝိမွိသာရမင်းကြီး အလှူပေး အမျှဝေလို့ သူ့ဆွေမျိုး ပြိတ္တာတွေ ဝဝလင်လင် အစာအာဟာရ စားကြရတယ်တဲ့။

အဲဒီ ပြိတ္တာတွေဟာ ဘယ်လောက်ထိ အသက်ရှူည်ကြလဲ ဆိုတာ အမေသာ စဉ်းစားကြည့်တော့၊ တကယ်လို့ မဖြူနုလည်း အဲသလိုသာ မကျွတ်မလွတ်ဘဲ ဖြစ်နေခဲ့ရင်"

"သားထင်တာ ဟုတ်များဟုတ်နေလား မသိဘူး၊ မဖြူနုတို့ အမျိုးတွေဆိုတာ အမေတို့နဲ့လည်း သွေးသားမကင်းပါဘူး၊ မဖြူနုအတွက် အလှူလုပ်ကြဖို့ တိုက်တွန်းရမှာပဲ သားရယ်"

"အကောင်းဆုံးပေါ့ အမေရာ"

အမေ့ကို ပြောပြနေရင်းက ကာလ၊ ဒေသ၊ ပယောဂကြောင့် ကျွန်ုပ်မှာ ကြက်သီးထလာပြန်သည်။ တစ်ဆက်တည်းမှာလည်း စိတ်အတွေးက မဖြူနုနှင့် ပတ်သက်နေသည်များကို စဉ်းစား တွေးမိလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ ကျော်မြင့်ခင်ကို မဖြူနုခေါ်သွားသည်ဆိုလျှင် ကိုယ့်ကိုယ် ကိုယ် ဆွဲကြိုးချသေသွားသူ ကျော်မြင့်ခင်သည် တမလွန်ဘဝတွင် တူကယ်ပင် မဖြူနုနှင့် ပေါင်းရမည်လား။ လူဘဝက သေသွားသည်။ တမလွန်တွင် မဖြူနုနှင့် မပေါင်းရဟုလည်း အတပ်မပြောနိုင်ပေ။

သတ္တဝါများသည် သေခါနီး မရဏာသန္နဇော ပြန်လာချိန်တွင် စိတ်စွဲလမ်းရာသို့ သွားတတ်ကြသည်ဆိုလျှင်တော့ မဖြူနုနှင့်ပတ်သက်၍ ကျွန်ုပ်မှာ တွေးစရာချည်း ဖြစ်လာသည်။

ဘဝတူချင်းဆိုလျှင် ပေါင်းသင်းနေထိုင်ကြရဖို့ ပိုပြီးအခွင့်သာကြမည်။ ဘုရားဟောကျမ်းလာ ပေတဝတ္ထုများတွင် ဘဝချင်းမတူကြသော ပြိတ္တာပြိတ္တာမများနှင့် လူသားများ အကြင်လင်မယားအဖြစ် နေထိုင်ကြသော ပေတဇာတ်ဝတ္ထုများဆီ ကျွန်ုပ်စိတ်က ရောက်သွားမိပြန်သည်။

ဘီလူး ပြိတ္တာများသည် လူသားများအား ကာမဂုဏ်ငါးပါး အာရုံများနှင့် ညှို့ယူဖမ်းစားပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ကြသော ဇာတ်ဝတ္ထုများထဲမှ အဋ္ဌကထာ စာမျက်နှာ (၁၄၀)ပါ ကဏ္ဍမုဋ္ဌပေတဝတ္ထု အကြောင်းကို တွေးမိသွားပြန်သည်။

ကဿပဘုရားရှင် လက်ထက်တော်အခါက ကိမိလမြို့၌ သောတာပန် ဥပါသကာကြီး တစ်ဦးရှိလေသည်။ ထို ဥပါသကာကြီးတွင် ဇနီးနှင့်အတူ အခွေအရံ မိန်းမသူများလည်း ရှိသည်။ ထို မိန်းမသူများ ဥပုသ်သီတင်း ဆောက်တည်နေကြသည်ကို သိသော သေသောက်ကြွများသည် မနာလိုမှုဆိတ် ဖြန်းကာ သီလပျက်ပြားအောင် တစ်စုံတစ်ယောက်အား ဖြားယောင်း သွေးဆောင်၍ ရလျှင် အသပြာ တစ်ထောင်ကြေး အလောင်းအစား လုပ်ကြသည်။

သို့နှင့် ဥဖါသကာကြီး၏ မိန်းမသည် သေသောက်ကြွတစ်ယောက်နှင့် မှောက်မှားမိတော့သည်။ ဤသည်ကို အသပြာတစ်ထောင် ပေးရမည့် သေသောက်ကြွများက ဥပါသကာကြီး အား သွေးနိုးသည် သေသောက်ကြွ တစ်ယောက်နှင့် မှောက်မှားကြောင်း လာပြောကြ၏။

ထိုအခါ ဥပါသကာကြီးက သူ့ဇနီးအား မေးစစ်သည်။ သူ့ဇနီးက ဝန်မခံသည့်အပြင် လင်ယောကျ်ားယုံကြည်စေခြင်းငှာ အနားတွင်ရှိနေသော ခွေးနက်ကြီးကို လက်ညှိုးထိုးပြပြီး . . .

"အကျွန်ုပ်မ အခြားတစ်ပါး ယောကျ်ားနှင့် မှောက်မှားမိလျှင် ဘဝတိုင်း ဘဝတိုင်း ဤလို ခွေးမျိုး အစားခံရပါစေ" ဟု ကျိန်တွယ်ပြောဆိုလေသည်။

ဤသည်ကို အခွေအရံမိန်းမသူများက သူတို့ သခင်မ သေသောက်ကြွနှင့် မကျူးလွန်မိကြောင်း ဝိုင်းဝန်း လိမ်လည် ပြောဆိုကြသည်။

ထိုဘဝမှ ကွယ်လွန်သောအခါ ထိုမိန်းမနှင့် အပေါင်းပါတို့သည် ဟိမဝန္တာရှိ ကဏ္ဍမုဇ္ဈာအိုင်အနီး သဏက်တောအုပ်၌ ပြိတ္တာမများ သွားဖြစ်ကြသည်။ ကဿပဘုရားရှင်လက်ထက်က တရား အားထုတ်ဖူးသော ကုသိုလ်ကောင်းမှုကြောင့် နေ့ပိုင်းတွင် နတ်စည်းစိမ်ခံစားရပြီး ညဉ့်ပိုင်းရှိမှု အတိတ်က မိမိခင်ပွန်းအား လိမ်လည်ကျိန်ဆိုခဲ့ဖူးသော အကုသိုလ်ကံကြောင့် ခွေးနက်ကြီး တစ်ကောင်၏ အစားကို ခံရလေသည်။

ဤသို့ နှစ်ပေါင်းများစွာ နေနေရသောအခါ ပြိတ္တာမသည် ကာမဂုဏ်အာရုံကို မခံစားရသဖြင့် ငြီးငွေ့လာသည်။ ထို့ကြောင့် သူ၏သခင်ဥယျာဉ်မှ သရက်သီးများကို ဂဂိ်မြစ်အတိုင်း မျှောချ၍ လင်ယောကျ်ားရလိုခြင်းငှာ လူသားများကို သွေးဆောင်ပြားယောင်းလေသည်။ ထိုပြိတ္တာမ မျှောချလိုက်သော သရက်သီးများသည် ကိုးစာဌက်စာ ဖြစ်သွားသည့် အသီးကဖြစ်၊ အချို့ကမူ ကာမဂုဏ်အာရုံ၌ တပ်မက်မောစိတ်မရှိသော ရသေ့ ရဟန်းတို့ဆီ ရောက်သည့် အသီးတရောက်၊ နောက် တစ်လုံးသော သရက်သီးကမူ ဂဂိ်မြစ်ဆိပ်၌ ရေချိုးနေသော ဗာရာဏသီ မင်းကြီးက ရလေ၏။

သို့သော် ဗာရာဏသီမင်းကား ထိုသရက်သီးကို ကိုယ်တိုင်မစားသေးဘဲ သူသတ်သမားတစ်ဦးအား တစ်ခြမ်းဖဲ့၍ စားခိုင်းသည်။ ထိုသရက်သီးမှာ နတ်၌ဖြစ်သော သရက်သီးဖြစ်သဖြင့် စားကြည့်သော သူသတ်သမားမှာချက်ချင်း ဖြူနေသော ဆံပင်များ မည်းနက်လာသည်။ တွန့်နေသော အသားအရေများ တင်းရင်းချောပြေသွားသည်။

စိတ်နလုံးလည်း လွန်လွန်ကဲကဲ ရွှင်ပျတက်ကြွသွားသည်။ ဤသည်ကို မြင်ရတော့မှ ကျန်သော သရက်သီးခြမ်းကို ဗာရာဏသီမင်းကြီးက စားလေသည်။ စားပြီးသည်နှင့် ချက်ချင်း ခွန်အားပလ တိုးပွားလာသည်ကို ကိုယ်တိုင်ခံစားမိသော ဘုရင်သည် ထိုသရက်သီးရှိရာ အရပ်ကို မေးမြန်းစုံစမ်း၍ တောကျွမ်းသော မုဆိုးတစ်ဦးကို အသပြာတစ်ထောင်ပေးကာ သရက်သီး ရှာရန် လွှတ်လိုက်လေသည်။

မုဆိုးသည် သရက်သီးမျှောလာရာ ဂဂိ်မြစ်ညာသို့သွားသည်။ ယူဇနာခြောက်ဆယ်ခန့် ခရီးရောက်သောအခါ ရသေ့တစ်ဦးကို တွေ့၍ သရက်သီးရှိသည့် အရပ်ကို မေးလျှောက်သည်။ ရသေ့ ညွှန်ပြသည့်အတိုင်း ခရီးဆက်လာရာ ဒုတိယရသေ့တစ်ပါးကို တွေ့ပြန်လေသည်။ ယခင်အတိုင်းပင် မုဆိုးကလည်း မေးလျှောက်ပြန်၏။

ဒုတိယရသေ့သည် မုဆိုးအား ဂဂိ်မြစ်ဖျားအတိုင်း ဆက်သွားလျှင် တောင်ကြားမှ စီးဆင်းနေသော မြစ်လက်တက်ငယ်တစ်ခုကို တွေ့လိမ့်မည်။ ထိုမြစ်လက်တက်ငယ်သည် နှေ့၌သာ ရေစီး၍ ညဉ့်မှ ရေစီးခြင်း မရှိဘဲ၊ ထိုတောင်ကြား မြစ်လက်တက်ငယ်

www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ညအခါ မီးရှူးနှင့် မြစ်ညာသို့ တက်သွားလျှင် ထိုသရက်ဥယျာဉ်သို့ ရောက်လိမ့်မည်ဟု တိတိကျကျပင် ဒုတိယ ရသေ့က မုဆိုးအား ညွှန်ပြ ဆိုတ်လေသည်။

မုဆိုးလည်း ရသေ့ညွှန်ပြသည့် အတိုင်း သွားလေသော် ပြိတ္တာမများနှင့် တွေ့လေ၏။ သူတို့ မျှော်လင့်တောင့်တ နေသောယောကျ်ားတစ်ယောက်ရောက် ထာသော်ငယ်လည်း ထိုလူယောကျ်ားမှာ သူတို့နှင့် ကုသိုလ်ကောင်းမှု အတူပြုခဲ့ သော ပါရမီတုန်းကံမရှိသဖြင့် ပြိတ္တာမ များသည် မုဆိုးကိုမြင်သည်နှင့်ကြောက် ရွံ့၍ ထွက်ပြေးသွားကြလေသည်။

ထိုအခါ မုဆိုးလည်းပြန်လာပြီး ဘရာဏသီမင်းကြီးအား အကြောင်းစုံ ကို လျှောက်ထားလေသည်။

မုဆိုး၏ စကားကို ကြားရသော ဘရာဏသီမင်းသည် သရက်သီးကို စား ချင်သော ဆန္ဒ၊ ထူးဆန်းသော မိန်းမ များနှင့် တွေ့လိုသောဆန္ဒနှင့် မုဆိုးညွှန် ပြသော လမ်းအတိုင်း လိုက်သွားလေ သော် ပြိတ္တာမများရှိရာ သရက်ဥယျာဉ် သို့ရောက်သွားပြီး ပြိတ္တာမများနှင့် တွေ့ လေသည်။

ဘုရင်ကို မြင်သော ပြိတ္တာများ သည် နတ်သားအထင်နှင့် ဗာရာဏသီ မင်းကြီးအား ပျော်ပျော်ရွှင်ရွှင် ခရီးဦး ကြိုဆိုကာ ရေမိုးချိုးစေပြီး နတ်အဝတ် တန်ဆာတို့ကို ဝတ်ဆင်ပေးပြီး မင်းကြီး နှင့် ပျော်ပါးနေကြလေသည်။ဗာရာဏ သီမင်းကြီးသည် ထိုပြိတ္တာမများနှင့် နှစ်ပေါင်း ၁၅၀ ပျော်ပါးနေစဉ် ညဦးဉီး ဘွဲ့နက်ကြီး အစားခံရသည်ကို မေး မြန်း၍ အကြောင်းစုံ သိရသောအခါ ဘရာဏသီသို့ ပြန်လာလေသည်။

ဤသည်မှာ အဋ္ဌကထာလာ ပြိတ္တာမနှင့် လူယောကျ်ားတို့ ပေါင်းသင်း နေထိုင်ခဲ့ကြသည့် ပါဠိတော် အကျယ် နှင့် ဇာတ်ဝတ္ထုဖြစ်သည်။

ဒုတိယ ဇာတ်ဝတ္ထု တစ်ပုဒ်မှာ သုတ္တပေတဝတ္ထု ဖြစ်၏။ ကျွန်ုပ်တို့ မြတ်စွာဘုရားမပွင့်မီ နှစ်ပေါင်း ၇၀၀ ကျော် ကာလဖြစ်သည်။ သာဝတ္ထိပြို့၏ မနီးမဝေးရှိ ရွာတစ်ရွာမှ လုလင်ပျိုလေး တစ်ယောက်သည် အမျိုးသမီးတစ်ဦး နှင့် ထိမ်းမြားလက်ထပ်၏။

ထိုနေ့မှာပင် လုလင်ပျိုသည် မြစ်ဆိပ်သို့ ရေချိုးသွားရာ မြစ်ဆိပ်၌ မြွေကိုက်ခံရပြီး သေဆုံးသွားလေသည်။ သူလက်ထပ်ထိမ်းမြားထားခဲ့သော ဇနီး သည်ကို စွဲလမ်းသော ဥပါဒါန်ကြောင့် ပြိတ္တာဖြစ်သွားလေ၏။

ထိုလုလင်ပျိုမှာ ပစ္စေကဗုဒ္ဓါ တစ်ပါးအား အလုပ်အကျွေးပြုခဲ့သော ကုသိုလ်ကောင်းမှုကြောင့် ပြိတ္တာပင် ဖြစ်သွားလင့်ကစား ကမ္မဇိဒ္ဓိတန်ခိုး ရှိလေသည်။

ထိုပြိတ္တာသည် လူဘဝက ဇနီး သည်အား စွဲလမ်းနေသေး၏။ တစ်နေ့ တွင် သူ၏အစ္စမ်းဖြင့် ဇနီးဟောင်းအား ကုသိုလ်ပြုလုပ်စေပြီး ဒီမာန်သို့ ခေါ် ဆောင်လေသည်။

ဘဝဟောင်းက ယောကျ်မအား လည်း ရွှေငွေများ အိုးခွက်အပြည့် ပေးထားခဲ့သည်။ ဇနီးဟောင်းသည် လူဘဝက ခင်ပွန်းဖြစ်ခဲ့သူ ထိုနတ်ပြိတ္တာ နှင့် အနှစ် ၇၀၀ လုံးလုံး ပျော်ရွှင်စွာ ပေါင်းသင်း နေထိုင်နေသည်။

နတ်ပြိတ္တာနှင့် အနှစ် ၇၀၀ လုံးလုံး နေနေရသည်ကို ငြီးငွေ့လာ သောအခါ လူပြည်သို့ ပြန်ပို့ပါရန် တောင်းပန် ပြောကြားသည်။ ဘဝ ဟောင်းက လူမိန်းမအပေါ် အလွန် ချစ်မြတ်နိုးခဲ့သော နတ်ပြိတ္တာကလည်း လူမိန်းမ၏အလိုကို လိုက်ကာ လူပြည် သို့ ပြန်ပို့ပေးလေသည်။ ထိုလူမ လူပြည် ပြန်ရောက်ပြီး ခုနစ်ရက်အကြာမှာပင် အိုမင်း ရင့်ရော်ကာ ကွယ်လွန်သွား လေသည်။

ထိုမိန်းမ နတ်ပြိတ္တာ လင် ယောကျ်ားဆီ၌ အနှစ် ၇၀၀ တိုင် နုပျို လန်းဆန်းကာ မအိုမင်္ဂလာ နေထိုင်ခဲ့ ခြင်းမှာ နတ်၌ဖြစ်သော ဥတုဇာဟာရ ကုသိုလ်ကံ၏ အာနုဘော် အထောက် အပံ့ကြောင့် ဖြစ်သည်။ နတ်စိမ်း၊ သရဲ၊ တရွေး၊ ဘီလူး၊ သဘက်၊ ရုက္ခစိုး စသည် တို့မှာ ပြိတ္တာဘဝ၌ မဖြူနုလို အသက် မရှည်ကြသဖြင့် မဖြူနုက သူနှင့် ကုသိုလ်၊ အကုသိုလ် ပါနိုင်သူများကို တစ်ယောက်ပြီးတစ်ယောက် ရွေးချယ် ခေါ်ယူနေသလားဟုလည်း တွေးစရာ ဖြစ်လာသည်။

ကာလ၊ ဒေသ၊ ပယောဂနှင့် ပတ်သက်၍ သရဲ၊ တရွေး၊ မြေဖုတ်၊ ဘီလူး၊ ပြိတ္တာစသည့် ပရလောကသား များအကြောင်းကို ကျွန်ုပ်တို့ လူသား စစ်စစ်များအနေနှင့် တွေးခေါ်ကြံဆ ကြည့်ကြရုံကလွဲပြီး တပ်အပ်သေချာ ကား မည်သူမျှ မမြော်နိုင်ကြချေ။

လူယောကျ်၊ လူမိန်းမများ စင်စစ်နှင့် ပရလောကသား ပြိတ္တာများ က လင်ယောကျ်၊ ဇနီးမယား အဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြသည်ဆိုသော ပါဠိတော်လာ အဋ္ဌကထာဇာတ်ဝတ္ထုတို့ မှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဖြစ် သဖြင့် ပုံပြင်ဟု ထင်သူများက ထင် ကောင်း ထင်ကြမည်။

သို့ဆိုလျှင် အဋ္ဌကထာပါဠိတော် လာ ပရလောကသားများအကြောင်းမှာ နှစ်ပေါင်းများစွာက ဖြစ်သဖြင့် ပုံပြင်ဟု ယူဆလျှင် ကမ္ဘာသမိုင်းနှင့် နှိုင်းစာ ကြည့်ပါက နှစ်ပေါင်းတစ်ထောင်ခန့် ဆိုသည်မှာ မနေ့တစ်နေ့ကပင်ဟု ဆိုရ မည်ဖြစ်သော ပုဂံက ကိုဗျတ္တနှင့် ပုပ္ပား က မယ်ဝင္ဆာတို့မှာ လူသားစင်စစ်နှင့် ဘီလူးပြိတ္တာမတို့ ပေါင်းသင်း နေထိုင် ခဲ့ကြပြီး ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေး မည်သော မနုဿလူသား နှစ်ယောက် ကိုပင် မွေးထုတ်ထားခဲ့ကြသည် ဆိုပါ လျှင်. . . ။

ဝေယ်လင်းခေါင်

❑

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ နံနက်စောစော ကိုကြီးမောင်တစ်ယောက် ကျန်းမာရေးအလို့ငှာ လမ်းလျှောက်ထွက်လာစဉ် ရပ်ကွက်ထိပ် ဘတ်စ်ကားမှတ်တိုင်၌ အသက် ၂၀ ခန့်ရှိ အမျိုးသမီးငယ်တစ်ဦးကို တွေ့လိုက်ရ၍ လှမ်းကြည့်လိုက်စဉ် တစ်ရပ်ကွက်တည်းနေ 'မာမာ' ဆိုသော မိန်းကလေး ဖြစ်နေ၏။

"ဟဲ့- မာမာ၊ မနက်စောစော စီးစီး ဘယ်ကပြန်လာတာလဲ၊ ဘေးမှာလည်း အထုပ်ကြီးနဲ့ ဘာတွေလဲဟ"

"သီရိမင်္ဂလာဈေးက ဈေးကြိုပြီး ပြန်လာတာ ဦးမောင်ရေ၊ အထုပ်ထဲမှာက ကုန်စိမ်းတွေလေ"

"ဟ- နင် တစ်ယောက်တည်း လား၊ နင့်ယောကျ်ားမောင်စိုး မဖါဘူးလား"

"အားမကိုးရပါဘူး ဦးမောင်ရယ်၊ ဒီအချိန်မှာ သူအိမ်မှာ စက်တော်ခေါ်ကောင်းနေတုန်းပဲ၊ အားကိုးရပါ့မလားလို့ လင်ယူမိပါတယ်၊ ကိုယ့်ကိုယ် ကိုယ် ပြန်အားကိုးနေရတော့ သေပြီဆရာ ဖြစ်နေပြီ ဦးမောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟား ဟား ဟား မာမာက ဆရာမ ပြောရွေ့မယ်၊ ကဲ ဒီက စောင့်နေ၊ ရှေ့နားမှာ ဆိုင်ကွားတွေ့ရင် လွှတ်ဆိုက်မယ်၊ ကုန်စိမ်းတွေကို ဆိုင်ကွားနဲ့ အိမ်ကို တင်သွားပေတော့"

"ကျေးဇူးပဲ ဦးမောင်"

ကိုကြီးမောင် ရှေ့ဆက်လျှောက်ရာ ဆိုင်ကွားတစ်စီးတွေ့သဖြင့် မာမာ ခေါ်သို့ သွတ်လိုက်လေသည်။

လမ်းလျှောက်ရင်း မာမာ့ ဆောက်ချာ မောင်စိုးအကြောင်း ခေါင်းထဲ ရောက်လာ၏။ မောင်စိုးသည် အလုပ်အကိုင် မည်မည်ရရမရှိ၊ အလုပ်ဆိုလည်းလက်ကြောတင်းအောင်မလုပ်၊ ဆုံတွက်ထဲတွင် ဟေးလားဝါးလားနှင့် သတ်လျားလတ်လျားနေသည်။ အချိန်တန် မိန်းမ ရှာဖွေချက်ပြုတ်ထားသော ဆမင်းကို အဆင်သင့်စားသည်။ မိန်းမ ဆာဘီနား ခိုစားသည်ပဲ ပြောရမလား ဖြစ်သည်။ တကယ်ဆိုလည်း မိန်းမဖြစ်သူနှင့် စျေးကြို စျေးရောင်း ဆိုးတူဆောင်းဖက် လုပ်သင့်သည်။ နောက်ဆုံးဆော့ မာမာ လင်ကဲဆိုးတယ်ပဲ ပြောရဆော့မလို ဖြစ်၏။

"အင်းလေ- သတ္တဝါတစ်ခု ကံတစ်ခုပေါ့"

◆

မွန်းလွဲအချိန် Tea Time တွင် ဆင်းထိပ် လက်ဖက်ရည်ဆိုင်သို့ ကိုကြီးမောင် လက်ဖက်ရည်သွားသောက်ရာ မောင်စိုးနှင့် ဆုံကြ၏။ မောင်စိုး ပုံသဏ္ဌာန်က မုတ်ဆိတ်မွေးဗလပျစ်နှင့် နှုတ်ခမ်းမွေးနှင့် ယောဂီရောင်ပုဆိုးနှင့် အင်္ကျီကို ဝတ်ထားသည်။

"မောင်စိုး၊ မင်းဒီဇိုင်းက ဘယ်လို ဖြစ်နေတာလဲ"

"ကျွန်တော် အဓိဋ္ဌာန်ဝင်နေတယ် ဦးမောင်၊ ရက်ရှည်ဝင်နေတယ်"

"ဘာ ဘယ်လို၊ မင်းက အဓိဋ္ဌာန်ရက်ရှည် ဝင်နေတယ်၊ ကြားရတာ မသက်သာ၊ လောကကြီး ပြောင်းပြန်ကျီကန်းပက်လက်ပျံ ဖြစ်နေပြီလားဟ"

"ဘယ်ကျီကန်းမှ ပက်လက်မပျံဘူး၊ လောကကြီးလဲညီး ပြောင်းပြန်မဖြစ်ဘူး၊ ကျွန်တော် မောင်စိုး အဓိဋ္ဌာန်ရက်ရှည်ဝင်တာ အမှန်အကန်"

ကိုကြီးမောင် တစ်ယောက် မောင်စိုးစကား ကြားလိုက်ရသဖြင့် ဟက်ဟက်ပက်ပက် ရယ်မိသည်။

"မေးပါရစေဦး၊ မင်းက ဘာ အတွက် ဒီလိုလုပ်ရတာလဲ"

"သတ္တဝါတွေကို ကယ်မလို့လေ"

"ဘုရား ဘုရား၊ သတ္တဝါတွေကို မင်းက ကယ်မလို့ ဟုတ်လား၊ ကဲ ပြောပါဦး၊ မင်း ဘယ်လိုအဓိဋ္ဌာန်ဝင်သလဲ"

"သက်သတ်လွတ်စားတယ်၊ ကာမဂုဏ်ဖြတ်တယ်၊ ဘုရားတွေမှာလည်း ပြီး ဘဲအဓိဋ္ဌာန်ဝင်တယ်ပေါ့ဗျာ"

ကိုကြီးမောင် ပြုံးစိစိလုပ်ရင်း လက်ဖက်ရည်တစ်ကျိုက် သောက်လိုက်သည်။ ပြီးနောက် မောင်စိုးကို ဆက် ဗျူပါလေတော့သည်။

"အဲဒါတွေကို ဘယ်သူကမြောက်၊ အဲလေ ယောင်လို့၊ ဘယ်သူက ခိုင်းတာလဲ၊ ဘာအတွက်တဲ့လဲ"

"ဘယ်သူမှ မြောက်ပေးတာ မဟုတ်ဘူး၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် လုပ်တာ၊ အခုဆိုရင် ဘုရားတွေမှာ အဓိဋ္ဌာန်ဝင်နေတယ်၊ သက်သတ်လွတ် စားတယ်၊ ကာမအမှုလည်း ရှောင်နေတယ်"

"ကဲ- ကောင်းပြီ၊ အဲဒီလိုလုပ်တော့ မင်း ဘုရားတွေဖြစ်လာမှာလဲ"

"အင်း- မသိလို့ မေးမှတော့ ပြောပြရမှာပေါ့"

ဆရာကြီးလေသံဖြင့် ပြောလိုက်ပြီး ရေနွေးကြမ်းတစ်ခွက်ကို အိုက်တင်ပါပါသောက်နေသော မောင်စိုးပုံစံကို ကြည့်ပြီး ကိုကြီးမောင် ကျိတ်ပြုံးနေမိ၏။ မောင်စိုး ဆက်ပြောပြန်သည်။

"အဲဒီလို လုပ်ဖန် များလာရင် အကြားအမြင်အာရုံတွေ ရလာမယ်လေ၊ ဒီဘဝကြားအမြင် အာရုံတွေနဲ့ သတ္တဝါ ဇော့ကို ကယ်မ,ရမှာပေါ့"

"မင်း- ငါပြောတာ သေချာနားထောင်နော်၊ မကြိုက်ရင် ခွင့်လွှတ်၊ ဘုရားတွေမှာ အဓိဋ္ဌာန်ဝင်တာ ကောင်းပါတယ်၊ ကုသိုလ်ရပါတယ်၊ သက်သတ်လွတ်စားတဲ့ ကိစ္စကိုတော့ ငါဘာမှ မပြောချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ သင်္ကသတ်လွတ် လုံးဝမစားလို့။

ငါ အဓိက ပြောချင်တာက မင်း ကာမကိစ္စ ရက်ရှည်ရှောင်မယ်ဆိုတော့ကာ မင်း အသက်ဘယ်လောက်ရှိပြီလဲ၊ မင်းမိန်းမ မာမာ အသက်ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော့်က ၂၅ နှစ်၊ မာမာက ၂၀ စွန်းစွန်းလေးပဲ ရှိသေးတယ်"

"အသက် နှစ်ဆယ်၊ အစိတ်ဆိုတဲ့ အရွယ်တွေက သွေးသားဆူပြိုးတက်ကြွတဲ့အရွယ်တွေလေကွာ၊ ပြီးတော့ အိမ်ထောင်သည်တွေ၊ မင်းကတော့ ဒီစိတ်ကို ချိုးနှိမ်ပါပြီတဲ့၊ မင်းမိန်းမ မာမာဘက်က ထည့်မစဉ်းစားဘူးလား၊ သူလည်း သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်လေ၊ ဘာသာရေးလုပ်တာ ကောင်းပါတယ်၊ ဒါပေမဲ့ ဘာသာရေးလုပ်တယ်၊ အဓိဋ္ဌာန်ဝင်တယ်ဆိုပြီး ပိမိမှာ မှီခိုသူ မိသားစုရှိပါရက်နဲ့ မိသားစုကို ပစ်ထားတာတော့ မကောင်းဘူးပေါ့။

မင်း တကယ်လုပ်ရမှာက မင်းမိန်းမ မာမာနဲ့ စီးပွားရေး ဆိုးတူကောင်းဖက် ရှာရမှာလေ၊ စီးပွားလည်း ရှာ၊ ဘာသာရေးလုပ်တော့ မကောင်းပေဘူးလား၊ ကဲ ငါမေးပါရစေဦး၊ မင်းအခု ကာမအမှု ရှောင်တာ ဘယ်နှရက် ရသွားပြီလဲ"

"ဒီနေ့နဲ့ဆို နှစ်ရက်" မောင်စိုး စပ်ဖြဲဖြဲဖြင့် ဖြေ၏။

မောင်စိုး၏ အဖြေကိုကြားရပြီး ကိုကြီးမောင် အားပါးတရ တဲ့တိုးပြောလိုက်လေ၏။

"ဟကောင်ရ- မင်း နောက် နှစ်ရက်ထက် ပိုမခံပါဘူးကွာ၊ မင်း အကြောင်း ငါ သိပါတယ်ကွာ၊ မယုံနဲ့လောင်းမလား"

www.burmeseclassic.com

www.burmeseclassic.com

မောင်စိုး ဘာမှ မပြောနိုင်တော့ပြီ။ ရွက်ရွက်နှင့် ပြန်ပြောလိုက်လေသည်။

"ဦးခမောင်ရာ လက်ဖက်ရည်သောက်စမ်းပါ၊ လက်ဖက်ရည်ဖိုးကျွန်တော် ရှင်းပါ့မယ်"

♦

မောင်စိုးတစ်ယောက် ဘိုးတော်လိုင်းဝင်သွားသည်ပဲ ပြောရမလားဖြစ်သည်။ ဘုရားစေတီများတွင် အဓိဋ္ဌာန်ဝင်သည်။ ပုတီးစိပ်နေစဉ် ပါးစပ်မှ ကုလားစကားလိုလို၊ တရုတ်စကားလိုလို ဘာစကားမှန်းမသိသည့် လိုလိုစကားများပြောလာ၏။ ထို လိုလိုစကားများပြောသည်ကိုပင် သူ အဆင့်တက်လာပြီဟု ကျေနပ်နေ၏။ အဓိဋ္ဌာန်လှည့်ဝင်စဉ် သူလို ဘိုးတော်လိုင်းတူများနှင့် မိတ်ဆွေဖြစ်ကြ၏။

တဖြည်းဖြည်းဖြင့် ဘဝင်မြင့်ချင်သလိုလို ဖြစ်လာပြီး တပည့်တပန်း ပရိသတ် လိုချင်လာသဖြင့် ကြုံရာလူကို တစ်လုံး၊ နှစ်လုံး၊ သုံးလုံးဝဏန်းများ ချပေး၏။ ဓာည့်တိုးသွားသည်လည်း ရှိ၏။ တက်တက်စင့် လွဲသွားသည်လည်းရှိ၏။ တည့်တိုးသွားကြလျှင် မောင်စိုးအား ကန်တော့ကြေးဟုဆိုကာ ငွေအနည်းငယ်မျှသာ ပေး၏။ လွဲသွားလျှင် ဒီဘိုးတော်ရူးလုပ်လို့ ငါတို့ ပိုက်ဆံတုန်သွားတယ်ဟု နောက်ကွယ်မှာ အားမနာပြောကြသည်။ ဒါကို မောင်စိုး မသိ။ ပေးသမျှလေးနှင့် ကျေနပ်နေသည်။

သူ ရသမျှကိုလည်း သူ့မိန်းမမာမာအား လုံးဝ ပြန်မပေး၊ သူ့ဘာသာသုံး၏။ ဟိုလူက ဘိုးတော်စိုး၊ ဒီလူက ဘိုးတော်စိုး ဟုခေါ်၍ ကျေနပ်ပိတိဖြစ်နေသည်။ သူ့ကို အသုံးချနေမှန်းမသိချေ။ ဒီကြားထဲ မာမာအား သက်သတ်လွတ် ချက်ခိုင်းသေးသည်။

"ကျုပ်က မနက်အစောကြီး စွေးကြိုး၊ စွေးကြိုးပြီးစွေးရောင်း၊ စွေးရောင်းပြန်လာမှ ထုမင်းဟင်း ချက်ရတယ်၊ တကယ်ဆို ကျုပ်စွေးရောင်းနေတုန်း ရှင်က ထမင်းဟင်းချက်ထားသင့်တာပေါ့။ အခုလည်း ရှင့်အတွက် သက်သတ်လွတ်ဟင်း သီးသန့်ချက်ပေးရမလား။

ကိုယ့်ကိုယ်ကိုယ် ဘရားသလား၊ မတရားသလားဆိုတာ ရှင် စဉ်းစားထားသင့်တယ်နော်၊ သက်သတ်လွတ်စားချင်ရင် ပဲကြီးလှော်ကို ဆီဆမ်းဆားဖြူးပြီး ထမင်းနဲ့စားပေတော့၊ ဒီထက် သက်သတ်လွတ်တာ ဘာမှမရှိတော့ဘူး"

"ဟ- မင်းက ငါ့ရဲ့ပါရမီဖြည့်ဖက်လေကွာ၊ ဒါလေးတောင် လုပ်မပေးနိုင်ဘူးလား"

"ကျုပ်က ရှင့်ရဲ့ပါရမီဖြည့်ပေးရမယ်ဆိုတော့ ရှင်ကတော့ ကျုပ်အတွက် ဘာဖြည့်ပေးလဲ၊ ဆန်ဖြည့်ပေးလား၊ ဆီဖြည့်ပေးလား၊ ကျုပ်ရဲ့လိုဘ ဖြည့်ပေးလား၊ ရှင်းရှင်းပြောမယ်၊ ရှင့်ကို ကျုပ် စိတ်ကုန်လာပြီ၊ လင်ယူမိတာ ဆယ်ခါပြန် ဆလံလို့ပဲ ပြောရတော့မယ်"

မောင်စိုးတို့ အိမ်ထောင်ရေးအက်ကြောင်းလေးတွေ မသိမသာ ထင်လာပြီဆိုတာ မောင်စိုး လုံးဝမရိပ်မိချေ။

တစ်နေ့ ကိုကြီးမောင်နှင့် မာမာတို့ လမ်းမှာ အမှတ်မထင် ဆုံမိကြ၏။

"အမယ်- ဘိုးတော်မောင်စိုး ကတော် မာမာ၊ ဘယ်သွားမလို့လဲ"

"ဦးမောင်ကတော့ ပြောပြီ၊ ဒီအနားကို ကိစ္စတစ်ခုရှိလို့ သွားမလို့ပါ၊ ဦးမောင်ကို ပြောရဦးမယ်၊ ကိုစိုးကို လူတွေက ဘိုးတော်စိုး၊ ဘိုးတော်စိုးနဲ့ ခေါ်နေကြတာ သူတော့မသိဘူး၊ကျွန်မတော့ သူ့အစား ရှက်တယ်"

"မာမာရယ်၊ သူက အရက်သောက်၊ ဖဲရိုက်နဲ့ ပေတေနေတာ မဟုတ်ပါဘူး"

"အရက်သောက် ဖဲရိုက်ပြီး ပေတေနေတာ မဟုတ်ပေမယ့် သူလုပ်နေပုံက အရက်သောက်၊ ဖဲရိုက် ပေတေနေတဲ့အဆိုးက အဆိုးမှန်းသိပြီး ပြင်လို့ရသေးတယ်၊ သူ အခုလုပ်နေတာက ပြင်လို့မရတဲ့ဟာ၊ ကောင်းစွာတာ လုပ်နေတာပဲ၊ ဘာမှ ပြင်စရာမလိုဘူးဖြစ်နေရော၊ အိမ်ထောင်ဦးစီးဖြစ်နေပါရက်နဲ့ အိမ်ထောင်တာဝန်မကျေဘူး၊ မိန်းမလုပ်စာ အရွက်မရှိ ထိုင်စားနေတယ်"

"ဒါဆို ဦးမောင် အကြံပေးမယ်၊ သူ့အချိုးပြောင်းသွားအောင် သားသမီးယူလိုက်ပါလား မာမာ"

ကိုကြီးမောင် အကြံပေးခါမှ မာမာမှာ သေမိန့်ချခံရသော တရားခံတစ်ဦးကဲ့သို့ တုန်လှုပ်သောလေသံဖြင့်-

"အမယ်လေးလေး မယူပါရစေနဲ့ ဦးမောင်ရယ်၊ လောကကြီးကို အပြစ်ကင်းမဲ့စွာနဲ့ ရောက်လာမယ့် ကလေးကလုံးဝ အသုံးမကျတဲ့သူကို အဖေတော်ပြီး အဖေ ခေါ်နေရပါဦးမယ်၊ ကျွန်မလည်း သူ့ကို စိတ်ကုန် စိတ်ပျက်နေပါပြီ၊ တစ်နေ့နေ့တော့ အိုးစားကွဲ လမ်းခွဲရမယ်နဲ့တူတယ်"

"နင်ပြောတဲ့ စကားထဲမှာ အိမ်ထောင်ရေးအက်သံတွေပါနေပြီ မာမာ၊ စဉ်းစားပါ၊ အသေအချာ စဉ်းစားပါလို့ ပြောချင်တယ်"

"နစ်မြုပ်ခါနီးလှေကြီးကို ဖက်တွယ်ထားရင် ကိုယ်သာနစ်မြုပ်သွားမှာပေါ့၊ ဦးမောင် ကြားဖူးမှာပေါ့၊ ပျက်စီးနေရင် လုံးဝဖျက်ပြီး အသစ်ပြန်ဆောက်ပါတဲ့၊ သူနဲ့ကျွန်မတို့ရဲ့ အိမ်ထောင်ရေးက နစ်မြုပ်ခါနီးလှေကြီး ဖြစ်နေသလို ပျက်စီးပြုနေတဲ့ အိမ်ထောင်ရေးကြီး ဖြစ်နေပြီလေ၊ ဒီတော့ ဖက်တွယ်ထားရင် ကိုယ်ပါ နစ်မြုပ်သွားမှာပေါ့၊ လုံးဝ ဖျက်ဆီးသင့်ရင် ဖျက်ဆီးပစ်ရမှာပဲ ဦးမောင်"

မာမာဆိုသည့်အတိုင်း ရုပ်ရော စိတ်ထဲရော တကယ်မာသူ ဖြစ်ကြောင်း ဦးကြီးမောင် သိလိုက်ရပြီဖြစ်၏။

"ပျက်အစဉ် ပြင်ခဏတဲ့ မာမာရဲ့၊ သူ့ကို ပြန်ပြင်ရင် ခဏလေးနဲ့ ရသွားမှာပါ"

"သူ့အတွက်တော့ ပျက်အစဉ် ပြင်မရပါဘဲ ဦးမောင်ရေ၊ ဘယ်တော့မှ ပြင်ပြင် မရတော့ပါဘူး၊ ထာဝရပျက်စီးနေတဲ့သူပါ"

www.burmeseclassic.com

www.burmeseclassic.com

မာမာပြောတော့လည်း ဟုတ်ဆုတ်တုတ်ဖြစ်နေသည်။

♦

စားဝတ်နေရေးဟူသော အရေးသုံးပါးနှင့်အတူ အသက်ရှင်ရပ်တည်ရေးအတွက် လူတိုင်း ကိုယ်စီ ကိုယ်စီ ရုန်းစာန်နေကြရသည်။ ကိုကြီးမောင်လည်း သူ့အလုပ်နဲ့သူ ရုန်းကန်နေရသည်။ ထို့ကြောင့် ဘိုးတော်စိုးနှင့် မာမာတို့ကိုလည်း မတွေ့ဖြစ်ပေ။

မာမာကတော့ စီးပွားရေးအတွက် ရုန်းကန်နေရသော်လည်း ထင်ယောက်ျားဖြစ်သူ မောင်စိုးကတော့ ဘာမှမပူပင်၊ ဘဝရှေ့ရေး ဘာမှမတွေးဘဲ ဘိုးတော်စိုးအမည်ခံယူပြီး ဘေဘလုံးလောင်းကစားသူ၊ နှစ်လုံး သုံးလုံး ဒါသနာရှင် လောင်းကစားသမားတို့အား မိမိထင်မြင်ရာ ထင်ကြေးများ၊ ဂဏန်းနံပါတ်များပေးသော အလုပ်ကိုသာ လုပ်နေ၏။

မာမာကတော့ လင်ယောကျ်ားဖြစ်သူ မောင်စိုးကို စိတ်ဖျက်နေသည်မှာ ထုထည်အစိုင်အခဲ ဖြစ်မှန်းမသိ ဖြစ်လာ၏။ လင်ယောကျ်ားဖြစ်သူ မောင်စိုးမှာ ၎င်းအား မယားဖြစ်သူမာမာက အထင်ကြီးစေချင်သော်လည်း မာမာက အထင်မကြီးသည့်အပြင် ခပ်နှိမ်နှိမ် ပြောလျှင် ခံရသေးသည်။ သို့သော် ငါလင်ပဲဟူသော မာနဖြင့် မာမာအား အထက်စီးမှ မပြောရဲချေ။ မာမာ၏ လုပ်စာ ထိုင်စားနေရသောကြောင့်ပင် ဖြစ်၏။

"ဒီမှာတွေ့လား ကိုစိုး၊ ကျွန်မ စွေးထဲမှာ မဲစုကြေးထည့်ပြီး ဝယ်ထားတဲ့ဆွဲကြိုးလေး၊ ရှင် ရွှေဆင်ပေးမယ့်နေ့ကိုသာ စောင့်ရမယ်ဆိုရင် သေတာတောင် ဝတ်ရမှာ မဟုတ်ဘူး"

"နင်က ငါ့ကို အထင်သေးတယ်ပေါ့၊ နင့် အခု ဆွဲကြိုးမျှင်မျှင်လေးထက် ပိုသာတဲ့ရွှေ ငါ ဆင်ပေးမယ်"

"ဘယ်တော့ ဆင်ပေးမှာလဲ၊ နောင်ဘဝကျမှလား၊ နောင်ဘဝဆိုရင် ရှင့်ကို လင်မတော်တော့ဘူး၊ ဒီဘဝမှာ လင်တော်မိတာ ဝဋ်ကြွေးတစ်ခုခံနေရတယ်လို့ သဘောထားလိုက်တယ်"

အချက်ကျသော မာမာ့စကားကြောင့် မောင်စိုးဒေါသ တင်းခနဲဖြစ်သွားသည်။ တင်းသွားသော်လည်း ဘာတတ်နိုင်မှာနည်း။ ထို့ကြောင့် မာမာရှေ့မှထွက်ပြီး ချွေး ဘောလုံးလောင်းကစားများစုဝေးရာ လမ်းထိပ် လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့၏။

"တစ်နေ့ မောင်စိုး ဘာကောင်လဲ ဆိုတာ သိစေရမယ်" ဟု ပါးစပ်မှ ဆိမန်းမန်းသလို ခပ်တိုးတိုး ရေရွတ်သွားသည်။ ကျယ်ကျယ်လည်း မပြောရဲ၊ မာမာကြားမှာစိုးလို့ ဖြစ်၏။

♦

တစ်နေ့သည် မောင်စိုး အိပ်မက်မက်၏။ မနက်အိပ်ရာမှနိုးသောအခါ ထိုအိပ်မက်ကို မိမိထင်ရာမြင်ရာ သုံးလုံးဂဏန်းမှတ်လိုက်၏။ မောင်စိုးစိတ်ထဲ၌ ဘယ်အထက်ဗိဇ္ဇာဘိုးတော်က အိပ်မက်ဖြင့် သုံးလုံးဂဏန်းချပေးလိုက်သည်ဟု စွဲမြဲထား၏။

"ထိုးကို ထိုးမယ်၊ ဒီဂဏန်းကို အကွက်ကြီး အပိုင်ရိုက်မယ်၊ ပေါက်သွားလို့ကတော့ ငါ့ကိုအထင်သေးတဲ့ မိမာကို တစ်ကိုယ်လုံး ရွှေကွပ်ပေးလိုက်မယ်၊ အဲဒီကျမှ မောင်စိုး ဘာကောင်မှန်း သိစေမယ်"

ထိုးမည်သာပြောသည် အကွက်ကြီးအပိုင်ထိုးဖို့ ပိုက်ဆံကမရှိ၊ မရှိတော့ ပိုက်ဆံရဖို့နည်းလမ်း ရှာကြံစဉ်းစားရပေပြီ။ စဉ်းစားရင်း စဉ်းစားရင်း လက်ခနဲ အကြံထွက်လာသည်။ စုမဲကြေးဖြင့် ဝယ်ထားသော မာမာဆွဲကြိုးမျှင်မျှင်လေးပင် ဖြစ်၏။ မာမာက ထိုဆွဲကြိုးလေးအား အစဉ်သဖြင့် မဆွဲချေ။ သူ့သေတ္တာလေးထဲတွင် သိမ်းထားတတ်၏။ မာမာမသိအောင် ခဏယူပေါင်မည်။ ရသည့်ပိုက်ဆံဖြင့် အကွက်ကြီးကိုင်သော်ဒိုင်မှာ ပုံအောထိုးမည်။ ဂဏန်း ထွက်လာလို့ ပေါက်လျှင် ဆွဲကြိုးကိုပြန်ရွေးပြီး သူ့နေရာ သူပြန်ထားမည်။ အလျော်ရသည့် ပိုက်ဆံဖြင့် ရွှေထည်ကြီးကြီးဝယ်လိုက်မည်။ အဲဒီအခါကျမှ မောင်စိုး ဘာကောင်လဲဆိုတာ မာမာသိစေရမည်ဟု ကြံစည်တော့သည်။

ကြံစည်သည့် အတိုင်းလည်း လုပ်ဝေ့သည်။ ဆွဲကြိုးလေးကို မာမာမသိအောင်ယူပြီး အပေါင်ဆိုင်တွင် သွားပေါင်လိုက်သည်။ ရသည့် ပိုက်ဆံကို ရန်ကုန်မြို့ရှိ တကယ့်ပင်းအကွက်ကြီးကိုင်သည့် ချဲဒိုင်ကြီးတွင် မိမိ အိပ်မက်ဂဏန်းကို ပုံအောထိုးလိုက်သည်။

ချဲထွက်မည့်ရက်က နီးနေပြီဖြစ်သည်။ မနက်ဖြန် သန်ဘက်ခါဆိုရင် မောင်စိုးတို့ ငွေပုံကြီးပေါ်တွင် မြန်မြန်ကြီးထိုင်နေရပြီဟု တွေးရင်း ပျော်နေမိသည်။ 'ဒီဂဏန်းက အသေအချာထွက်မှ' ဟု အပိုင်တွက်ထားလေသည်။

ဖြစ်ချင်တော့ ဒီနေ့ညနေ ချဲထွက်မည်။ မနက်ပိုင်း ဆယ်နာရီခွဲခန့်တွင် လမ်းထိပ် လက်ဖက်ရည်ဆိုင်၌ ချဲပါသနာရှူးများနှင့်အတူ မောင်စိုး စကားကောင်းနေကြသည်။ မောင်စိုးကတော့ ဘိုးတော်ဟန်ပန်ဖြင့် အထက်စီးမှ လေသံပစ်နေ၏။

ထိုအချိန်တွင် ဆိုင်အတွင်းသို့ ဘီလူးကိုးကောင်စီးလာသော ပုံဖြင့် မာမာ တစ်ယောက် လက်ဖက်ရည်ဆိုင်အတွင်းသို့ တရကြမ်းဝင်လာသည်။ မောင်စိုးကို တွေ့သောအခါ အသားတဆတ်ဆတ်တုန်လျက်. . .

"ဟဲ့ကောင် နင် ငါ့ဆွဲကြိုးလေးယူထားတယ် မဟုတ်လား"

မောင်စိုးတစ်ယောက် ခေါင်းနားပန်း ကြီးသွားသည်။

သူယူထားတာ မာမာ သိသွားလေပြီ။

သို့သော် ခပ်တည်တည်ဖြင့် -

"ဟ- ဘာတွေလာပြောနေတာလဲ၊ နင့်ဆွဲကြိုး ငါမယူပါဘူး" ဟု ပြောသော်လည်း အသံက မသိမသာ တုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"နင်မယူလို့ ဘယ်သူယူမှာလဲ၊ အိမ်မှာ နင်နဲ့ငါ နှစ်ယောက်ပဲရှိတာ၊ အိမ်ရှင်တွေကလည်း ဒီလို အကျင့်စာရိတ္တ မချို့ယွင်းဘူး၊ ငါ့ဆွေကြိုး ပြန်ပေး"

မာမာ အော်ပြောလေပြီ။

မောင်စိုး ငြင်းမရတော့။

"အေး- ငါခဏယူပြီးပေါင်ထားတယ်" ဟု စကားပင် မဆုံးလိုက်ရ မာမာ၏ လျှင်မြန်သောလက်ဝါးက မောင်စိုး၏ပါးပြင်ပေါ် သို့ ရောက်သွားသည်။ လက်ဖက်ရည်ဆိုင်အတွင်း ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ဆိုင်ရှင်နှင့်လက်ဖက်ရည်သောက် သူများက ဝိုင်းဆွဲပြီး ဖျန်ဖြေပေးရ၏။ မာမာက အသား တဆတ်ဆတ်တုန် လျက် ပြောတော့သည်။

"နင်ဟာ အလကားကောင်၊ မိန်းမထဘီအနားလည်း ခိုစားသေးတယ်၊ မိန်းမပစ္စည်းလည်း ပြန်ခိုးသေးတယ်၊ အိမ်တွင်းသူခိုးကြီး"

မောင်စိုးတစ်ယောက် ရှက်လိုက်သည်ဖြစ်ခြင်း။ မိမိက မှားနေတော့ ဘာမှ ပြန်ပြောလို့မရ။ ဒီထက် ပိုရှက်စရာကောင်းတာက မိမိက အထက်စီးက ပြောခဲ့သော တစ်လုံးရွှေ၊ နှစ်လုံးရွှေ၊ သုံးလုံးရွှေ ပရိသတ်က ယခု သူ့အား လှောင်ပြုံးပြုံးနေပုံက ပိုရှက်စရာ ဖြစ်နေသည်။ ထိုအချိန်တွင် အိမ်ရှင်လင်မယား နှစ်ယောက်က လိုက်လာပြီး ယောကျ်ားဖြစ်သူက. . .

"ကြည့်ကျက်လုပ်ပါဦး ဘိုးတော်ရယ်၊ ငါတို့မှာ ကံကောင်းလို့ သူခိုးစွဲမခံရတာ" ဟုပြောပြီး မာမာအား ချော့မော့ပြီး အိမ်သို့ပြန်ခေါ်သွားလေသည်။

မောင်စိုးက ရှက်ရမ်းပြီး မာမာအား လှမ်းအော်ပြောလိုက်သေးသည်။

"နင်မပေါင်းတော့လည်း ငါက ဂရုစိုက်ရမလားဟ"

ဒီပွဲကတော့ အပြက်အပြက်နှင့် တကယ့် နှာခေါင်းသွေးထွက်သွားသည်။

မာမာနှင့်မောင်စိုးတို့ ကွဲသွားကြသည်။ မောင်စိုးအပိုင်ထိုးသော ချဲကွက်ကြီးက တက်တက်လွဲပြီး လုံးဝ မပေါက်ပါချေ။

မာမာနှင့်မောင်စိုးတို့ ကွဲသွားကြသည့်သဘင်းကို ကိုကြီးမောင် ကြားလိုက်ရသည်။ ကိုကြီးမောင် ရင်ထဲ၌ 'တစ်နေ့ ဒီလိုဖြစ်လာမယ်လို့ ငါသိထားတယ် မောင်စိုးရယ်' ဟု ရေရွတ်နေမိ၏။

♦

အချိန်ကာလ ရွေ့လျားမှုသည် လျင်မြန်သည်ဟု ပြောရမလိုပင် ဖြစ်သည်။ ငါးနှစ်ဆိုသော ကာလက ခဏလေးဟု ပြောရမလောက်ပင် အရာရာသည် အချိန်ကာလနှင့်အတူ ပြောင်းလဲလာသည်။ မပြောင်းလဲတာက ကိုကြီးမောင်ပင် ဖြစ်သည်။ တစ်ကိုယ်တည်း အေးအေးနေသည်။ စာလေးရေးလိုက် ကိုယ့်စီးပွားကိုယ်လုပ်လိုက်နှင့် အေးအေးသမားဖြစ်၏။ တစ်နေ့ ကိုကြီးမောင် အိမ်ရှေ့မှ အသက်(၃၀)ခန့် လူငယ်တစ်ဦးလှမ်းခေါ်သံ ကြားလိုက်ရင်း-

"ဦးမောင် ရှိပါသလားခင်ဗျာ"

လှမ်းခေါ်သံကြားသဖြင့် ပြန်ထူးရင် ဘယ်သူများလဲဟု အိမ်ထဲမှ လှမ်းကြည့်လိုက်၏။

"ရှိတယ်ဗျော့- ဟ ဘယ်သူများလဲလို့ မောင်စိုးပါလား၊ လာ လာ"

အိမ်ထဲသို့လာသော မောင်စိုးကို ကြည့်သောအခါ ယခင်ငါးနှစ်ခန့်က ပုံစံမဟုတ်တော့ဘဲ သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့် ဖြစ်နေပြီ။ သူတွင် ဘိုးတော်ဒီဇိုင်း လုံးဝ မရှိတော့ချေ။

"မင်း ဘယ်ကိုပျောက်နေတာလည်း မောင်စိုး၊ အံမယ် သပ်ရပ်ခဲ့ညားနေပါလား။ အခုဘာတွေလုပ်နေလဲ၊ ပုံစံကြည့်ရတာ ဘိုးတော်အလုပ် မလုပ်တော့ဘူးနဲ့တူတယ်၊ အဲ ငါမေးခွန်းတွေများသွားပြီ၊ ထိုင်ကွာ၊ စကားအေးအေးဆေးဆေးပြောရတာပေါ့၊ ထမင်းစားပြီးမှပြန်"

ကိုကြီးမောင်နှင့် မောင်စိုးတို့ စကားဝိုင်း စလေပြီ။

"ကျွန်တော် ကုမ္ပဏီတစ်ခုမှာ ကားမောင်းနေတယ် ကိုကြီးမောင်၊ ဒီနေ့အားတာနဲ့ ဒီရပ်ကွက်ကို သတိရ၊ မာမာနဲ့နေခဲ့တဲ့ နေရာလေးလည်း သတိရ၊ ဦးမောင်နဲ့ စကားမပြောရတာကြာပြီဆိုတော့ တမင်သက်သက် လာခဲ့တာပဲ ဦးမောင်"

"ဒါနဲ့ မေးပါရစေ၊ မာမာကို မင်းပြန်မချဲ့ဘူးလား၊ သူဘယ်မှာရှိတယ်ဆိုတာ မသိဘူးလား"

"ကျွန်တော် ရှာတာပေါ့၊ ဒါပေမဲ့ခြေရာလည်းပျောက် ရေလည်းနောက်ဆိုသလိုပါပဲ ဦးမောင်ရယ်၊ တကယ်တော့ ကျွန်တော့်အမှားတွေပါ၊ လင်ယောကျ်ား ဖြစ်ရက်နဲ့ လင်ဝတ္တရားပျက်ကွက်ခဲ့တယ်၊ သူ ချွေးနဲ့စာလေးနဲ့ စုမဲ့ထည့်ပြီး ဝယ်ထားတဲ့ သူ့ဆွေကြိုးလေးလည်း သွားထိလိုက်သေးတယ်၊ ကဲ ကျွန်တော် ဘာကောင်လဲ အသေအချာစဉ်းစားကြည့်ရင် တကယ်ရှက်ဖို့ကောင်းတယ်၊ အသိတရားရလိုက်တဲ့ အချိန်ဟာ တကယ်နောက်ကျသွားပြီ၊ မာမာဟာ ကျွန်တော့်အတွက် တကယ် တန်ဖိုးရှိတဲ့ မိန်းမပါ၊ ဟိုးတစ်နေ့က စာအုပ်လေးတစ်အုပ်ထဲမှာ ရာဘင်ဒြာနတ်တဗိုးရဲ့ ကဗျာလေးကို ဖတ်လိုက်ရတော့ မာမာကို သတိရပြီး မျက်ရည်လည်မိတယ် ဦးမောင်"

မောင်စိုးက ကိုကြီးမောင်ကို ကြည့်ပြီး စကားပြောသော်လည်း ကိုကြီးမောင်ကို မြင်ဟန်မတူ၊ ဟိုးအဝေးကြီးက မာမာကို လှမ်းမျှော်နေဟန်ဖြစ်၏။

"အဲဒီကဗျာလေးကို ရွတ်ပြစမ်းပါ မောင်စိုးရ"

"ဟုတ်ကဲ့ ရွတ်ပြပါ့မယ်၊
ဘာတဲ့၊
မင်းရဲ့တန်ဖိုးကို
ငါသိလိုက်ရသည့်အချိန်မှာတော့
မင်းက ငါ့အပါးမရှိတော့ပြီ
မင်းချသွားခဲ့တဲ့ ခြေရာက
မြေမှုန့်ကိုနမ်း၍
ငါပေးဆပ်ပါ၏' တဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ် ဦးမောင်ရေ၊ မာမာ ကျွန်တော့် အပါးမှာ မရှိတော့မှ အာမခံရဲ့တန်ဖိုးကို သိရတော့တာပါပဲ ဗျာ"

"သိပ်လည်း စိတ်မကောင်းဖြစ်နေပါနဲ့၊ ဗျောက်သောသူ ရှာရင်တွေ့တဲ့ ငါးတို့ တစ်နေ့ ပြန်ဆုံကြမှာပါ၊ ဒါနဲ့ ငါး ဒီလို ဘိုးတော်ဘဝက ဘယ်လို ကျွတ်သွားတာလဲ"

"ပြောရရင် အရှည်ကြီးပါပဲ ဦးမောင်၊ မာမာနဲ့ ကွဲသွားပြီးတော့ ကျွန်တော်လည်း နေစရာမရှိတော့တာနဲ့ အသိအကျွမ်းတွေရဲ့အိမ်မှာ ကပ်နေရတာပေါ့၊ သူများအိမ်မှာ ကပ်နေရတော့ သူများမျက်နှာ ကြည့်ဖြူအောင် နေရတာပေါ့၊ တယ်လည်း အောက်ကျတာပဲ ဦးမောင်ရေ။

ဒါပေမဲ့ အသိတရားက ရမလာသေးဘူး၊ ဘိုးတော်ယောင်နေတုန်းပဲ ဗျာ သိဒ္ဓိမဟိဒ္ဓိတွေကပဲ ကျွန်တော့် နှလုံးပေါ် လက်တင်ပေးပြီး တဏှာ သိဒ္ဓိ မဟိဒ္ဓိတွေပေးတော့မလို ထင်လို့ ဆောင်း၊ ဘာဖြစ်လာလဲမေးရင် ဘာမှ မဖြစ်လာဘူး။

သက်သတ်လွတ်စားတာလည်း အခြားသူတွေ စားသလို စပါယ်ရှယ် သက်သတ်လွတ် မဟုတ်ပါဘူး၊ ဖြစ်ဆောတတ်ဆန်း စားရတာ၊ အာဟာရ ပြည့်ဝတဲ့ သက်သတ်လွတ်စားရတာ၊ ဘာဖြစ်လာသလဲဆိုတော့ ကျန်းမာရေး ချို့တဲ့ပြီး အားပြတ်သလို ဖြစ်လာတယ်၊ ထူလည်း ညှိုးနွမ်းလာတယ်ပေါ့ဗျာ၊ ဖြစ်ချင်တော့ တစ်နေ့မှာ မြေလျှောက် အဓိဋ္ဌာန်ကျင့်စဉ် ကျင့်မယ်ဆိုပြီး ဘုရား တို့ ကားမစီးဘဲ ကုန်းကြောင်းလမ်း လျှောက်တာ လမ်းမှာ မူးခနဲ မိုက်ခနဲ ဖြစ်သွားပြီး လမ်းဘေးမှာ ပုံရက်သားသဲကျသွားလေရောဗျာ"

မောင်စိုးပြောရင်း အာခြောက်သွားဟန်ရှိသည်။ ရေနွေးကြမ်းတစ်ခွက်ငဲ့သောက်လိုက်၏။ ပြီးနောက် ဆက်ပြောသည်။

"အဲဒီမှာ ကျွန်တော်နဲ့ ရွှယ်တူ လူငယ်တစ်ယောက်က ကျွန်တော့်ကို တွဲထူပေးပြီး ကျွန်တော့်ကိုကြည့်တော့ သူ တော်တော်အံ့ဩသွားတယ်၊ ကျွန်တော်လည်း အံ့ဩတာပေါ့၊ ဘယ်သူများလဲဆိုတော့ ကျောင်းနေဖက် သူငယ်ချင်း ကျော်ကျော်ဖြစ်နေတာကိုး၊ သူက တော်တော်လေး ပြေလည်တဲ့ပုံစံ ဖြစ်နေတယ်။

ပြီးတော့ ကျွန်တော့်ကို အိနီး နားက လက်ဖက်ရည်ဆိုင်ကို ခေါ်သွားပြီး လက်ဖက်ရည်တိုက်၊ မုန့်ကျွေးတယ်၊ မှတ်မှတ်ရရ ပိုက်ဆံငါးထောင်ထုတ်ပေးတယ်၊ ကျွန်တော်လည်း သူ့ကို ကျွန်တော့် အကြောင်း ပြောပြတော့ သူက ကျွန်တော့်ကိုပြောတယ်။

'သူငယ်ချင်း- သူများတကာကို ကယ်တင်မယ်ဆိုရင် ကိုယ့်မှာ ပြည့်ဝနေဖို့လိုတယ်ကွ၊ ကိုယ့်မှာ မပြည့်စုံ မပြည့်ဝဘဲ သူများတကာကို ကယ်တင်မယ်ဆိုတာ မဟုတ်သေးဘူး၊ အခု မင်းပုံစံကို မင်းပြန်ကြည့်ပါဦး' လို့ပြောတော့-

ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ကြည့်တာ ရုပ်ရှင်ထဲကလို တစ်ကွက်ချင်း ပြန်မြင်လာတယ်၊ မာမာနဲ့မကွဲခင် တုန်းကမုံ၊ ကွဲပြီးသူများတကာအိမ်တွေမှာ ကပ်နေရတဲ့ပုံ၊ နွမ်းပါးချို့တဲ့ပုံတွေကို တစ်ကွက်ချင်း မြင်လာပြီး စိတ်မကောင်းခြင်းကြီးစွာ ဖြစ်တော့တာပါပဲဗျာ၊ ဒါနဲ့ ကျွန်တော့်သူငယ်ချင်း ကျော်ကျော်ကို 'သူငယ်ချင်းရယ်၊ ငါ အလုပ်လုပ်ချင်တယ်ကွာ' လို့ပြောတော့ သူက 'မင်း တကယ်ဆုံးဖြတ်ပြီးရင် ငါ အကူအညီပေးပါ့မယ်' လို့ပြောတယ်။

နောက်တော့ သူ ကျွန်တော့်ကို ကားမောင်းသင်ပေးတယ်၊ သင်ပေးစဉ် ကာလမှာ သူပဲ ကျွေးမွေးတယ်၊ ကားမောင်းတတ်တော့ လိုင်စင်လုပ်ပေးရှာတယ်၊ ပထမတော့ အကူကားမောင်းပေါ့၊ တဖြည်းဖြည်းကျွမ်းကျင်လာတော့ အခု ကျွန်တော်လုပ်နေတဲ့ ကုမ္ပဏီမှာ ယာဉ်မောင်းအလုပ် ရသွားတာပေါ့"

"အဲဒါက မင်း တကယ်လုပ်ရမယ့် အလုပ်ပဲ မောင်စိုး၊ မာမာနဲ့ပေါင်းနေတုန်းက ဒီလိုစိတ်ဓာတ်ရှိမယ်ဆိုရင် မင်းတို့အိမ်ထောင်ရေး ပြိုကွဲစရာ ဘာမှ မရှိဘူး၊ ပြီးတော့ မင်းသူငယ်ချင်းကျော်ကျော်က မင်းရဲ့ တကယ့်မိတ်ဆွေစစ်၊ မိတ်ဆွေမှန်ပဲ"

"ဟုတ်တယ် ဦးမောင်၊ ပြီးတော့ ကျော်ကျော်မှာ ဇနီးမယားနဲ့ သမီးလေး တစ်ယောက်ရှိတယ်၊ သူတို့အိမ်ထောင်ရေး သိပ်သာယာတာပဲ၊ ကျော်ကျော်က သူ့မိန်းမနဲ့ သူ့သမီးလေးကို သိပ်ချစ် သိပ်ဂရုစိုက်တာပဲ၊ အဲဒါတွေ တွေ့လေ မာမာ့အပေါ် တာဝန်မကျေတာတွေ သတိရမိပြီး ဝမ်းနည်းမဆုံးဖြစ်မိတယ်၊ သတိလည်းရတယ် ဦးမောင်ရယ်"

မောင်စိုး ဝမ်းပမ်းတနည်း ပြောပြီး အိတ်ကပ်ထဲမှ တစ်စုံတစ်ရာကို နှိုက်ယူလိုက်ရာ ဆွဲကြိုးလေးဖြစ်နေ၏။

"ဒါ မာမာ့အတွက် ဆွဲကြိုးလေးပါ ဦးမောင်၊ နဂိုဆွဲကြိုးက ပြန်မလွှေနိုင်လို့ ဆုံးသွားပေမယ့် အခု ဒါက မာမာ့အတွက် ရည်ရွယ်ပြီး ပြန်လုပ်ထားတာပါ၊ မာမာနဲ့ပြန်ဆုံရင် အမှတ်တရပေးဖို့ပါ"

မောင်စိုး အတော်ဝမ်းနည်းနေသည်။ ထိုအခါ ကိုကြီးမောင်က-

"ဗျောက်သောသူ ရှာရင်တွေ့တဲ့ကွ၊ မင်းတို့ ပြန်ဆုံကြမှာပါကွာ၊ မာမာ ဘယ်မှာ ရှိနေလဲဆိုတာသာ တွေ့အောင်ရှာ၊ တွေ့ရင် ငါတို့လည်း ဝိုင်းပြောပေးမယ်၊ အေး ပြန်ပေါင်းပြီး မင်း နဂိုအချို့ ပြန်ချိုးရင်တော့ ငါကိုယ်တိုင် မင်းကို တီးမှာနော်"

မောင်စိုး ပြန်ပြုံးလာ၏။

"ကဲ ထမင်းစားချိန် ရောက်ပြီ၊ လာ ထမင်းစားကြစို့၊ ဟင်းကတော့ သက်သတ်လွတ်မဟုတ်ဘူး မောင်စိုးရေ၊ ဝက်သားဟင်းကွ"

ထမင်းစားရန် အတွက် နှစ်ဦးသား ထမင်းဝိုင်းပြင်ကြလေသည်။

အောင်ကျင့်တယ်

❑

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ-ဆွဲမြင့်

တွင်းကြီးသား တင်ဝင်းဦး သို့ ပျောင်နှင်းခဲ

ဟမ်းဆက်ထဲရှိ အလွတ်ရနေသော ဖုန်းနံပါတ်နှင့် အမည်ကိုကြည့်ပြီး ကျွန်တော် သူမထံ ဖုန်းခေါ်လိုက်သည်။ ပြီးသည်နှင့် နားနားသို့ကပ်ပြီး သူမ၏ တုံ့ပြန်မည့်အသံကို ရင်ထိတ်စွာ စောင့်မျှော်နေသည်။

"ရှင်... ဘယ်လိုလူလဲ ဦးဦး ဖုန်းမဆက်ပါနဲ့လို့ ကျွန်မ ပြောထားတယ်လေ၊ ဦးဦးမှာ သိက္ခာနဲ့အာရုက် ရှိမယ်ဆိုရင် နောက်ထပ် ဘယ်တော့မှ ကျွန်မဆီ ဖုန်းမဆက်ပါနဲ့"

သူမ စကားများ၏ တုံ့ပြန်မှုကို နားထောင်ရင်း ကျွန်တော့်ရင်ထဲ နင့်သွားသည်။ ဒေါသတွေက အလိပ်လိပ်။

"ဒီမယ်... ဦးဦးပြောတာ နားထောင်"

"ဘာမှ နားထောင်စရာ မလိုဘူး"

"ဦးက ပြောပြစရာ..."

"မလိုဘူး... ဒါပဲ"

သူမက ပြောပြောဆိုဆို ဖုန်းချသွားသည်။ ကျွန်တော် အံကြိတ်ရင်းရှိသည်။

နောက်တစ်ကြိမ်ခေါ်သည်။ ဖုန်းဝင်သွားသည်။ ဖုန်းမကိုင်။ နှိုင်းခြားသီချင်းသံ တစ်ပုဒ်ကိုသာ ကြားနေရသည်။ နောက်တစ်ကြိမ် ခေါ်တော့ ဆက်သွယ်ရေးပြင်ပ။ နောက်တစ်ကြိမ် ခေါ်တော့ ဖုန်းပိတ်ထားသည်တဲ့။

ဒီတော့ မက်ဆေ့ချ် ပို့သည်။ စကားပြောခွင့်ပြုပါဟု ရိုက်ထည့်သည်။ သူမက ဘာစာမျှမတုံ့ပြန်။ နောက် တစ်ကြိမ် 'တောင်းပန်ပါတယ် မိန်းကလေး' ဟုရိုက်သည်။ ဒီတစ်ခါတော့ 'ဘာမှ မတောင်းပန်နဲ့' ဟု ပြန်ရေးပို့သည်။

'ရှင်းပြခွင့် မပြုမချင်း ဖုန်းဆက်မည်၊ မက်ဆေ့ချ်ပို့မည်' ဆိုတော့ 'လဲသေလိုက်' ဟု ဆိုပြီး ပြန်ရေးသည်။ နောက်တစ်ကြိမ် 'ရှင်းပြခွင့်ကိုတော့ ပြီးဆုံးအောင် နားထောင်ပါ' ဆိုပြီး ပို့တော့ လုံးဝ စာပြန်မပို့တော့။

ဒီတော့ ကျွန်တော် ဖုန်းကိုပိတ်သည်။ နာရီကြည့်တော့ (၁၁)နာရီထိုးပြီးသွားပြီ။ အိပ်ရာဝင်သည်အထိ သူမ မျက်နှာ၊ သူမစကားပုံစား၊ သွားလာပုံ၊ ပြောဆိုပုံတို့က မျက်စိထဲမှာ တရစ်ဝဲဝဲ။ သူမရဲ့စကားသံ၊ သူမရဲ့အပြုံး။

ပြီးတော့ သူမနှင့်တွေ့ဆုံခဲ့သည့် ခရီး။ ဒီခရီးစဉ်မှာ သူမနှင့်ကျွန်တော် ဆုံခဲ့သည်။ ထင်မှတ်မထားသည့် ဆုံစည်းမှု တစ်ခု။

ကျွန်တော်တွေးရင်း အတွေးထဲရှိ သူမ၏ မျက်နှာသွယ်သွယ်လေး၊ အပြုံးလှလှလေးကို ကြိုးစားပြီး နှင်ထုတ်နေသည်။ မရပါ။

ကျွန်တော့်နှလုံးသားထဲမှာတော့ သူမသည် အချိန်ပြည့် ရှိနေသည်လေ။

အခုတော့...

♦

သူငယ်ချင်းစိုးဝင်းရှိရာ နေပြည်တော်သို့ လာခဲ့သည်။ စိုးဝင်းက ကျွန်တော်တို့ရွာသား။ ဌာနတစ်ခုမှာ တာဝန်ထမ်းရင်း သူတို့ဌာနက နေပြည်တော်ပြောင်းတော့ စိုးဝင်းလည်း မိသားစုနှင့်

www.burmeseclassic.com

www.burmeseclassic.com

အတူပါသွားသည်။ အိမ်ထောင်မကျခင်က ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးကျောင်းသားဘဝ အတူတူနေခဲ့ရသည့်မို့ ညီအစ်ကိုလိုခင်နေသည်။ နောက် အလုပ်ရ အိမ်ထောင်ကျတော့လည်း အစအဆုံး တူညီပေးခဲ့ရသည်။

ယခုတော့ သူငယ်ချင်းက သွေဆီအလည်လာခဲ့ပါဆို၍ နှစ်ညအိပ် သွားလည်ခဲ့သည်။ သူတို့ ဝန်ထမ်းအိမ်ရာအခန်းမှာတည်း။ ပြန်မည့်နေ့ မြို့မစွေးကားဂိတ်မှာ နန်းစိန်မုန့်ဝယ်၊ အအေးသောက်ပြီး ကားထွက်ချိန်ရောက်တော့ ကားပေါ် တက်လာသည့် ကျွန်တော်။

ကျွန်တော်က စိုးဝင်းကို ပြန်လွှတ်လိုက်ပြီး ကားပေါ်မှာ ထိုင်နေသည်။ ခုက ကားနောက်ဆုံးအတန်း။ ငါးယောက်စာ ခုံတန်း။ ကျွန်တော်က ညာဘက် အစွန်ဆုံးမှာ။ ဘယ်ဘက် အခြမ်း နှစ်ယောက်က သားအမိနှစ်ယောက်။ သူတို့အားမှာလူတစ်ယောက်။ ထိုလူနှင့် ကျွန်တော့်အကြားမှာ ခုံတစ်ခုလွတ်နေသည်။ ကားထွက်ဖို့ ၄၅မိနစ်အလို။

ဘေးက ခုံအလွတ်ကိုကြည့်ရင်း ကားဘေးကို ကြည့်မိသည်။ ထိုအချိန် မိန်းကလေးတစ်ယောက် အပြေးလာနေသည်။ အသေအချာကြည့်တော့ အသားဖြူလွန်းပြီး မြန်မာဆန်ဆန် ထဘီလိုစကတ်မျိုး ဝတ်ထားသည်။ အရောင်က အနက်ရောင်၊ အပေါ် အင်္ကျီက အဝါနုရောင်လေးနှင့်။ ခရီးဆောင်အိတ်လေးကို လက်တစ်ဖက်ကဆွဲ၊ တစ်ဖက်က ဖုန်းတစ်လုံးကိုင်ထားသည့် သူမသည် ကားပေါ် ပြေးတက်လာသည်။ ကားနောက်လိုက် ကောင်လေးက သူမခုံနံပါတ်မေးပြီး ခုံအထိလိုက်ပို့သည်။ သူထိုင်ရသည်က ကျွန်တော့်ဘေးမှာ. . .

"ဟင်း. . . ရွေ့မှာ မရလို့သာ ထိုင်ရတာ၊ စိတ်ညစ်စရာ"

သူမက ဘေးလူနှင့် ကျွန်တော့်တို့ကြည့်ရင်း ညည်းသည်။ ကိုယ်ကို တွဲပေးရင်း သူမကို နှုတ်ဆက်အပြီးနှင့် မိတ်ဖွဲ့သည်။ ကျွန်တော့်အပြုံးက မရဲတရဲ။ သူမက ခေါင်းညိတ်သည်ဆိုရုံ ဝတ်တန်းကျေရုံ တုံ့ပြန်သည်။

ကျွန်တော် သူမကို မကြည့်တော့။ ဘေးကို ကြည့်နေသည်။

ထိုအချိန် ကားစထွက်ပြီ။

"ဦးဦး. . . "

ခေါ်သံကြောင့် သူမဘက်လှည့်သည်။ အသေအချာကြည့်မှ အတော်လှသည့် မျက်နှာပိုင်ရှင်လေးမှန်း သိသည်။

"ပြောလေ. . . "

"ဟို. . . နေရာချင်း လဲပါလား။ ဒီဘက်လူက အရက်သောက်ထားတယ်၊ နံတယ် ဦးဦးရဲ့ နော်. . . နေရာချင်း လဲပါလား"

ဒီတော့မှ သူမဘေးရှိ လူထံ ကြည့်မိသည်။ ထိုလူ မူးနေသည်။

အရက်နံ့ ကျွန်တော့်နှာခေါင်းဝသို့ လာပြီး ကလိနေသည်။ ပြီးတော့ ထိုလူ သူမအပေါ် ကြည့်သည့် အကြည့်တွေက တစ်မျိုး။

"ရတယ်လေ လာ. . . လဲပြီး ထိုင်ပေါ့"

"ကျေးဇူး"

သူမက ကျွန်တော့်နေရာ၊ ကျွန်တော့်က သူမနေရာ။ နေရာချင်းလဲသည်ကို ထိုလူက မျက်စောင်းထိုးကြည့်သည်။ ထိုလူအနီး အနီးကပ်ထိုင်မှ ဘီယာနံ့လိုလို၊ အပြင်းစား အရက်နံ့လိုလိုက စူးရှစွာဖြင့် နှာခေါင်းအတွင်း ဝင်လာသည်။

သူမ နေရာချင်း လဲထိုင်တာ မှန်ပါသည်။ ကျွန်တော်၏ ကိုယ်တိုင်မှာပင် အနံ့ကို မခံနိုင်ချင်ချင်။

ကားသည် နေပြည်တော်မြို့ထဲက ထွက်နေပြီ။ ဝန်းကျင်အလှကို ငေးကြည့်ရင်း လိုက်မည်ဟု စဉ်းစားခဲ့သည့် ကျွန်တော်. . . ။ ယခုတော့ ဘေးအစွန်ရှိ သူမကိုကျော်ပြီး ကြည့်ရတော့မလိုလို။ ဒီတော့ သူမဘက်လှည့်သည်။ ကြည့်သည်။ သူမ၏အလှက ပိုပြီးပေါ်လွင်သည်။ မျက်နှာသွယ်သွယ်ချောနှင့် သူမ၊ မျက်လုံး၊ မျက်ခုံးကအစ ပါးစပ်ပေါက်လေးအစုံက သူမ၏မျက်နှာကို အလှတွေဖြည့်နေသလိုလို။ အသားအရောင်လည်း ဝင်းဝါနေသည်။ ဖိနပ်အနက်၊ ထဘီအနက်၊ အပေါ် အင်္ကျီ အဝါနုရောင်လေး အသားရောင်နှင့် လိုက်ဖက်လွန်းနေသည်။

ကျွန်တော် ကြည့်နေစဉ်မှာပဲ သူမက ကျွန်တော့်ဘက် လှည့်ကြည့်သည်။ ထိုအချိန် သူမလက်ထဲက ဖုန်းသံမြည်လာသည်။

"အေး. . . ပြန်လာပြီ၊ အဆင်ပြေပါတယ်ဟာ၊ အင်း. . . အင်း. . . အင်းပါ။ စိတ်ချ၊ ပြန်လာပြီနော်၊ ဆယ်နာရီကားဆိုတော့ သုံးနာရီ-သုံးနာရီခွဲတော့ ရန်ကုန်ကိုဝင်မှာပါ။ အို. . . လာမကြိုနဲ့ မကြိုလှည့်နဲ့၊ ကိုယ့်ဘာသာပြန်ခဲ့မယ်၊ ဒါပဲနော်"

သူမက အသံတိုးတိုးပြောအပြီး ဖုန်းကိုပိတ်သည်။ မျက်လုံးကိုမှိတ်သည်။ ကျွန်ထော်က မသိချင် ဟန်ဆောင်နေသည်။ မကြာ. . . သူမသည် အိပ်ပျော်သွားပုံရသည်။ ကားနံဘေးက မှန်ကို မှီပြီး အိပ်နေသည်။

ဒီတော့ ကျွန်တော်လည်း ဝန်းကျင်ကို အားရပါးရ ကြည့်ခွင့်ရသည်။

"ဟင်. . . "

ထိုအချိန် ကျွန်တော် အံ့အားသင့်ရပြီ၊ သူမသည် တစ်ဖက်ကို ခေါင်းမှီရာမှ ကျွန်တော့်ပခုံးပေါ် ခေါင်းမှီလာသည်။ သူမဆံပင်တွေက မျက်နှာပေါ် အုပ်နေသလို ကျွန်တော့်ပခုံးပေါ်မှာ အနှံ့ကျနေပြီ။ သူမ . . . တကယ် အိပ်ပျော်နေပြီကိုး။ သူမကိုယ်နံ့ သင်းသင်းလေးက နှာခေါင်းဝမှာ ကျီစယ်နေဆဲ။

ထိုအခါ သူမလက်ထဲရှိ ဖုန်းလေးသည် လွတ်ကျလုလု အနေအထားမို့ ကျွန်တော်က အသာအယာပင် ယူသည်။ ကျွန်တော့်ဖုန်းနှင့်အတူ ကိုင်ထားသည်။ ဖုန်းလွတ်သွားသည့် သူမ၏သွယ်သွယ်လျသော ဖြူဖွေးသည့် လက်ချောင်းလေး

www.burmeseclassic.com

www.burmeseclassic.com

များသည် လှပလွန်းနေသည်ကို တွေ့ရသည်။

ကျွန်တော်တို့မှာတော့ အသက်ပင် ရဲရဲမရှူရဲ။ သူမ နီးသွားမှာ စိုးမိသလို အခွင့်အရေးယူသည်ဟု ဘေးလူတွေ မြင်သွားမှာလည်း စိုးရိမ်နေမိသည်လေ။

"မြန်မြန်နိုးပါစေ ဘုရား"

ရင်ထဲမှာသာ ဆုတောင်းနေမိသည်။ သူမကတော့ အသက်ပြင်းပြင်း ရှူရင်း အိပ်နေသည်က ကလေးတစ်ဦး ပမာ...။

♦

"ဦးဦးက... ရန်ကုန်ပြန်တာ လား။ နေပြည်တော်ကို ဘာလာလုပ်တာ လဲဟင်..."

သူမက မေးသည်။

သူမ အိပ်ရာကနိုးလာပြီး သူမ ဖုန်းကို ပြန်ပေးပြီးသည့်နောက် သူမ နှင့်ကျွန်တော် စကားပြောမိခြင်း။

"ဦးက... ရန်ကုန်မှာ နေတာ လေ၊ အလုပ်လုပ်နေတာ၊ အခု... သူ ငယ်ချင်းဆီ အလည်လာရင်းနဲ့ ရန်ကုန် ကိုပြန်မှာ"

"ဦးဦး အမည်က"

"ဦးထွေးမောင်"

"ဦးဦးထွေးမောင်ပေါ့..."

သူမက ရယ်ကျဲကျဲပြုံရင်း ပြော သည်။ အသံပင်ပြိုးပြရင်း ခေါင်းညိတ် ဖြစ်သည်။

အတော်ကြာမှ သူမကို ကျွန် တော် မေးဖြစ်သည်။

"ညည်းအမည်က"

"ခင်နှင်းဆီ"

ခပ်မြန်မြန်ဖြေသည့် အသံက ရယ်သံစွက်နေသည်။ သို့သော် သူမ အမည်က လှသည်။ ခင်နှင်းဆီတဲ့။

ဒီအမည်က မြန်မာမိန်းကလေး တွေနှင့် အလိုက်ဖက်ဆုံး အမည်တစ်ခု ဟု ယူဆမိသည်။

"နာမည်လေးကလည်း လှတယ် နော်၊ ဒီနာမည်ကိုကြားရတော့ ကိုမြကြီး ဆိုခဲ့တဲ့ သီချင်းတောင် သတိရမိတယ်"

"ဘာသီချင်းလဲ"

"မခင်နှင်းဆီ သီချင်း ကြားဖူး လား"

"ဟင့်အင်း... ဒီခေတ်က ဒီလို သီချင်းမျိုးတွေ မရှိတော့ဘူး။ မကြားဖူး တော့ဘူးလေ"

"အင်း... ဟုတ်သားပဲ" ဟု ကျွန်ုတော့်ကိုယ် ကျွန်တော် မေးမိသည့် အတွက် နောင်တရမိသည်။

"ဒါနဲ့ ခင်နှင်းဆီ၊ အဲ... ညည်း ကကော ရန်ကုန် နေတာလား၊ နေ ပြည်တော်မှာနေတာလား၊ နေပြည်တော် ကို အလည်လာတာလား၊ ရန်ကုန်ကို အလည်သွားမှာလား"

"အမယ်လေး... မေးခွန်းကလဲ၊ သမီးက ရန်ကုန်မှာနေတာ၊ ရန်ကုန်သူ၊ ဘွဲ့ရပြီးပြီ၊ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ် နေတယ်၊ နေပြည်တော်ကို အလည်လာ တာ၊ နေပြည်တော်မှာ အစ်မတစ်ဦးရှိ တယ်၊ သူငယ်ချင်းတွေရှိတယ်၊ အလည် ခေါ်လို့ အလည်လာတာ၊ အခု ရန်ကုန် ပြန်မှာ"

"ဩော်..."

သူမကပြုံးရင်း ခပ်သွက်သွက် ပြောလိုက်သည်။

သူမရဲ့ အသံ၊ သူမရဲ့ဟန်ကို ကျွန်တော် ကျေနပ်သွားသည်။ ချစ် စရာ အမူအရာလေး။ ကျွန်တော် ဆက် မမေးမိတော့။ နေပြည်တော်မှနေ၍ နှစ်နာရီအကြာ ပြုံးလမ်းခွဲ (၁၅)မိုင်မှာ နားသည်။ သန့်စင်ခန်းဝင်အပြီး စား သောက်ဆိုင်မှာ ထိုင်ကြတော့လည်း အတူတူ။ သူမက လိမ္မော်သောက်သည်။ ကျွန်တော်က မုန့်ဟင်းခါးစားသည်။

"ညီမ၊ အဲ... ခင်နှင်း... ဟို"

"ဟင်... ဘာလဲ ဦးဦး"

"ညီမရဲ့ ဖုန်းနံပါတ်လေး ပေးလို့ ရမလား"

"ရပါတယ်"

ပြောရင်း ဖုန်းနံပါတ် ရေးပေး သည်။ ကျွန်တော်က ဖုန်းထဲကို ရိုက် ထည့်သည်။

"ဦး ဖုန်းဆက်ရင် ညီမ ပြန်ပြော နော်"

"ဟုတ်"

စားသောက်ပြီးတော့ ကားအနိုး လာကြသည်။ မကြာ... နာရီဝက်ခန့် နားအပြီး ကားထွက်သည်။ သူမက နား ကြပ်တပ်ပြီး သီချင်းနားထောင်။ ကျွန် တော်က ဘေးဝန်းကျင်ကို ကြည့်ရင်း ပါလာသည်။

မကြာ၊ သူမသည် အအိပ် မက် ပုံရသည်။ ကျွန်တော့်ပခုံးထက်မှာမှီရင်း အိပ်ပြန်သည်။

ဒီတစ်ခါ သူမရဲ့ ဟမ်းဆက်ကို ယူပြီး ကိုင်ထားပြန်သည်။ သူမ၏ အသက်ရှူသံက သူမရဲ့ ကိုယ်နံ့သင်း သင်းနှင့်အတူ နှာခေါင်းထဲမှာ ကျိစယ် နေပြန်ပြီ။

တစ်နာရီအကြာ သူမ နိုးလာ သည်။

"အိပ်ပျော်ရဲ့လား၊ ရှေ့..."

သူမကိုမေးရင်း ဖုန်းကို ပေး သည်။ သူမက ခေါင်းညိတ်ပြသည်။

"ဦး တကယ်ဖုန်းဆက်မှာနော်"

"ဟုတ်"

"စကားပြန်ပြောမှာလား"

"ဟုတ်ကဲ့"

ကျွန်တော့် အမေးစကား၏ လေးနက်မှုကို သူမ သတိထားမိပုံမရ။ သူမ အဖြေစကားတွေက ဝတ်ကျေ တန်းကျေ သဘောမျိုး။ ကျွန်တော် ဆက်ပြီး မမေးမိ။

သူမသည် စောစောတုန်းကလို မဟုတ်တော့။ ပြောင်းလဲသွားသည်ဟု ထင်ရသည်။ သူမသည် ကျွန်တော့်ဘက် လှည့်မကြည့်တော့။ ကျွန်တော် ရှေ့တူး ကိုသာကြည့်ရင်း ငေးနေမိသည်။ ထို အချိန် သူမထံသို့ ဖုန်းဝင်လာသည်။

"အင်းပါ၊ ပြန်လာပြီလို့ ရောက် တော့မှာပါ၊ နောက် ဘစ်နာရီ၊ နှစ်နာရီ ဆိုရင် ရောက်ပါပြီ၊ ဟင့်အင်း... လာ မကြိုနဲ့၊ ပြန်တတ်ပါတယ်၊ ဘာမှစိုက်စရာ နဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com

သူမအသံက မတိုးမကျယ်။

သူမထံသို့ ဘယ်သူတ ဆက်သည်မှန်းတော့ မသိရ။ မိဘတွေဆီက ဆက်တာတော့ မဖြစ်နိုင်။ သူလုပ်သည့် အလွန်ကီကပဲ ဆက်တာဖြစ်ရမည်။

သူယေးချင်းတွေကလည်း ဆက်တာ ဖြစ်နိုင်သည်လေ။

သူမသည် ဖုန်းပြောအပြီး အပြင်ကို ငေးကြည့်နေသည်။

"ခင်နှင်းဆီ"

"ရှင်"

ဒီတစ်ခါ သူမရဲ့အမည်ကို ခေါ်သည်။ သူမရဲ့ လှပကြော့ရှင်းသော နာမ်နှာ၊ ဝင်းဝါသည့် အသားအရေ၊ ပြီးတော့ မြန်မာဆန်ဆန်လေး ဝတ်ထားသည့် သူမရဲ့ဆင်ယင်မှု။

ဒါတွေကို ခြုံငုံကြည့်ရင်း ခေါ်မိသည့် ကျွန်တော်...

"ဟို...ညီမက အဲဒီလို မြန်မာဆန်ဆန်လေး ဝတ်ထားတော့ ပိုပြီး လှသွားသရေရှိတယ်၊ အဲဒီလို အမြဲဝတ်လား၊ ဘာပြုလို့လဲ ဆိုတော့ အခုတော်က ခေတ်လွန်အဝတ်အစား အတိုအပြတ် ရှေ့နောက်ကွဲတွေ ဝတ်ကြတော့ အင်မတော်ဘူးလေ၊ ညီမလို ဝတ်တာ ရှိတော့ရှိတယ်၊ ရှားတယ်လေ၊ အဲဒါကြောင့် အမြဲဝတ်သလားလို့ မေးတာ"

"ဟုတ်ကဲ့...ဝတ်ပါတယ်"

"အင်း...ကောင်းတယ်၊ မြန်မာဆန်ဆန်လေးနေတာ အကောင်းဆုံးပဲ"

"ဟုတ်ကဲ့"

ဝမ်းသာအယ်လဲ ပြောနေသည့် ကျွန်တော့်ဆီသို့ တစ်ချက်သာငဲ့ကြည့်ပြီး ပြောလိုက်သည့် သူမအဖြေစကားက အေးစက်နေသည်။

ဒီစကားကဲ့သို့သော ကျွန်တော်တ သူမကို မကြည့်မိ၊ မမေးမိတော့။

သူမအနေဖြင့် သူ့အလုပ်နှင့်သူ၊ သူ့အပူနှင့်သူရှိလို့ စိတ်တွေ ပြောင်းလဲသွားသည်ဟု ယူဆလိုက်ပြီး ခွင့်လွှတ်လိုက်သည်။

အဝေးပြေးလမ်းမှာ အဝေးပြေးကားကြီးသည် တရိပ်ရိပ်ပြေးရင်းရှိသည်။ ဒီအချိန် ကျွန်တော်ရော သူမပါ စကားမပြောမိကြတော့။ ကားသည် ရန်ကုန်ကို ဝင်တော့မည်။ လမ်းဆုံကို ကျော်နေပြီ။ မကြာခင် သုံးလမ်းဆုံရောက်တော့မည်။

"ညီမ"

ဒီတစ်ခါ ပြန်မထူးဘဲ သမင်လည်ပြန်ကြည့်သည်။

"ဦး ဖုန်းဆက်မယ်နော်"

"ရပါတယ်"

"အဲဒီကျမှ ပြောစရာ ပြောမယ်လေ...နော်"

ခေါင်းညိတ်ပြသည်။ ကားသည် သုံးလမ်းဆုံမှတစ်ဆင့် အဝေးပြေးကွင်းထဲ ဝင်နေပြီ။

ကားဂိတ်ရောက်တော့ သူမသည် ကျွန်တော့်ထံ တစ်ချက်သာ ငဲ့ကြည့်ပြီး ဝတ်ကျေရုံ ပြီးပြည့်ပြီး တက္ကစီငှားလို့ ထွက်သွားပြီ။

"ပြော်...မိန်းကလေးရယ်"

သူမ၏ မြန်မာဆန်ဆန်လေး ဝတ်စားထားသည့် ပုံစံက ကျွန်တော့်မျက်ဝန်းထဲမှ မထွက်သေး။

♦

နောက်တစ်ကြိမ် သူမထံ ဖုန်းခေါ်ရင်းနှင့် အတွေးများကိုဖြတ်သည်။

ထင်ထားသည့်အတိုင်း သူမသည် ဖုန်းပိတ်ပစ်လိုက်ပြီ။ ဒီတော့ မက်ဆေ့ချ်ပို့သည်။ စကားလေးတော့ ပြန်ပြောပါဟုံ ရိုက်ထည့်သည်။ တံပြန်မူမရ။ ဆက်ရေးသည်။ ဖြေရှင်းချက်မပေး။ ဒီတော့ ကျွန်တော် လက်လျှော့လိုက်ပြီ။

သူမနှင့်ဆုံခဲ့တာ နှစ်လပြည့်ပြီ။ နှစ်လအတွင်းမှာ ဖုန်းနှင့် စကားပြောခဲ့တာ ပထမဆုံးအကြိမ်ပဲ အဆင်ပြေသည်။

ဒီတုန်းက အဆင်ပြေသည်ဟု ဆိုရသည်ကလည်း သူမထံ ဖုန်းမဆက်ဖို့၊ မက်ဆေ့ချ်မပို့ဖို့၊ အဆုက်အသွယ်မလုပ်ချင်လို့ဟု တံပြန်သည်။

နောက်တစ်ကြိမ် ဆက်တော့ သူမမှာ ရည်းစားရှိသည်တဲ့။

"ပြော်...ခင်နှင်းဆီ...ခင်နှင်းဆီ၊ ဦးအနေနဲ့ ညီမအပေါ် ဖုန်းခေါ်နေတာ၊ မက်ဆေ့ချ်ပို့နေတာက ညီမအပေါ်..."

ကျွန်တော် ဒီသို့တွေးရင်း မျှော်လင့်ခဲ့သည်။ နေ့ရောညပါ ဖုန်းခေါ်သည်။ နောက်တော့ တစ်ရက်ခြား၊ နှစ်ရက်ခြား ဆိုသလို ညဆိုရင် အမြဲခေါ်ခဲ့သည့် ကျွန်တော်။

ကျွန်တော် ပြောချင်သည်က အခြားကိစ္စတစ်ခုရဲ့ အကြောင်း။ ယခုတော့ သူမအင်္ဂနာနှင့် ဘယ်သို့သော အမြင်မျိုးတွေ ရှိခဲ့ပြီမသိ။ ဘယ်လို တွေးခဲ့သည် မသိနိုင်ပြီ။ ပြဒါးကစ်လမ်းသံတစ်လမ်း ဖြစ်သွားသည့် အမြင်မျိုးတွေက ခုတ်ရာတခြား ရှရာတခြား ဖြစ်နေပြီ။

ဘယ်တော့မှ မဆက်ပါနဲ့တဲ့။ မက်ဆေ့ချ်လည်း မပို့ပါနဲ့တဲ့။ ကျွန်မမှာ ချစ်သူရှိတယ်တဲ့။ ပြီးတော့ ဖုန်းဆက်ခေါ်နေမယ်၊ မက်ဆေ့ချ်ပို့နေမယ်ဆိုရင် ဒီဖုန်းကို ရောင်းပစ်လိုက်မယ်တဲ့။ ဒီသို့ ပြောခဲ့သည့် သူမရဲ့စကား။

'မခင်နှင်းဆီ'ဆိုတဲ့ မိန်းကလေးရဲ့ စကား။

♦

"မင်းကလည်း မင်း၊ တစ်ခါလေး ခရီးထွက်ပါတယ် ကားပေါ်တွေ့ခဲ့တဲ့ မိန်းကလေးကိုမှ ဖုန်းခေါ်ရ၊ မက်ဆေ့ချ်ပို့ရနဲ့၊ မင်းအမျိုးသမီးကို တိုင်ပြောမှာနော် ကိုထွေးမောင်"

"ဟာကွာ...မင်းတို့ကလည်း၊ ကိုယ်က ရိုးရိုးသားသားပါ၊ မရိုးမသားစိတ်နဲ့ မဟုတ်ပါဘူးကွ"

"ဟုတ်တယ်၊ ပါးစပ်က ရိုးသားတယ်ဆိုပေမယ့် နှလုံးသားက ရိုးသားချင်မှ ရိုးသားမှာကွ"

"တော်ကြပါတော့ကွာ...ကိုယ့်အသက်က ငါးဆယ်နား ကပ်နေပြီ၊ ဟိုမိန်းကလေးက နှစ်ဆယ်ကျော်ပဲ ရှိသေး

www.burmeseclassic.com

တာ၊ စဉ်းစားကြည့်ဦး၊ ပြီးတော့ ကိုယ်က ဇနီး၊ သား၊ သမီးနဲ့ကွ”

ကျွန်းတော်က သူငယ်ချင်း အေးလွင်နှင့် မျိုးသိမ်းတို့၏စကားကို အမှန်ကန်ဆုံးစကားနှင့် တုံ့ပြန်သည်။

ဒီကနေ့ စာမူတွေ ရေးအပြီး ဆုံနေကျ လေအန်ကုန်းမှာ ဆုံဖြစ်ကြသည်။ စာမူတွေ ပို့ဖြစ်ကြသည်။ စာပေအကြောင်း ပြောဖြစ်ကြသည်။ အင်္ဂါနှင့် သောကြာနေ့တို့သည် စာရေးဆရာ၊ ဆရာမတွေ အစုံအညီ လာရောက်သည့် နေ့တွေဖြစ်သည်။

ဒီကနေ့ မနက်ခင်း လေအန်ကုန်းမှာ ခဏဆုံပြီး ကျာနယ်တိုက်တွေ၊ မဂ္ဂဇင်းတိုက်တွေသွားပြီး စာမူပို့ကြ၊ စာမူခထုတ်ကြ။ ပြီးသည်နှင့် လေအန်ကုန်းမှာ ပြန်ဆုံသည်က ကျွန်တော် အပါအဝင် အေးလွင်နှင့် မျိုးသိမ်း။

ဆုံတော့ သူတို့က စကားမရှိ စကားရှာရင်း ပြောလာသည်လေ။

“ဟုတ်ပါတယ်၊ အခုခေတ်က လူပျိုတွေထက် လူအိုတွေက ပိုပြီး စန်းပွင့်တယ်နော်၊ အဲဒါ ကြပ်ကြပ်သတိထား...”

မျိုးသိမ်းက ဒီသို့ သတိပေးသည်။

“တော်ပါကွာ နော်... ဖြတ်ပါတော့၊ ငါ ရိုးရိုးသားသားပါ ဆိုနေမှ”

သူတို့နှင့်လမ်းခွဲအပြီး ကျော်ဆွေနှင့် ပန်းဆိုးတန်းမှာ ဆုံပြန်သည်။ ကျော်ဆွေဆိုတာ သူငယ်ချင်းအရင်းကြီး။ ဒီကောင်က ငွေကြေးအဆင်ပြေသည်။ ကုမ္ပဏီတစ်ခုမှာ လုပ်နေသည့်သူ။ အရက်သောက်သည်။ မိန်းမရှုပ်သည်။ ဒါက သူ့အကျင့်။

“ဟန်ကျတာပဲ ကိုထွေးမောင်၊ ကျွန်တော်နဲ့ လိုက်ခဲ့ရမယ်”

“ဟင်... ဘယ်လဲ ကျော်ဆွေ”

“ရောက်ရာပေါက်ရာပေါ့ ကိုထွေးမောင်ရာ”

“မဖြစ်ဘူး ထင်တယ်၊ ဒီကနေ့ စောစောပြန်ရမှာ”

ကျွန်တော်ငြင်းသည် မရ။

ကျွန် ကော့်ကို မပြန်ရတဲ့... ကျော်ဆွေရဲ့အမိန့်။

ဒီလူ သွားမယ့်နေရာကို သိသည်။ ပြီးခဲ့သည့် လထဲတုန်းကလည်း ဒီလူနှင့်လိုက်ဖူးသည်။ ကျွန်တော်က တော့ အထဲမဝင်။ ဒီကောင် နာရီယူသည့်အချိန် ကုန်သည်အထိ စောင့်ပေးရသည်လေ။

“မာဆတ်သွားမှာ...”

“ခက်တယ် ကျော်ဆွေရာ၊ မင်းက အချိန် ချမ်းသာသလို ငွေကြေးလည်း ချမ်းသာတယ်၊ ကိုယ်က အချိန်လည်း မချမ်းသာ၊ ငွေကြေးလည်း မပြည့်စုံတဲ့ ရှာရှာဖွေဖွေ ဘဝမျိုးကွ”

“သွား... လျှောက်ပြောမနေနဲ့၊ လိုက်မှာသာလိုက်ခဲ့”

ပြောရင်း နီးစပ်ရာ ဘီယာဆိုင်မှာဝင်သည်။ တစ်နာရီနီးပါး သောက်ကြသည်။ ကျွန်တော်က ဘီယာတစ်ခွက်ပဲ။ ကျော်ဆွေကတော့ ခြောက်ခွက်အထိ။ ပြီးသည်နှင့် လာနေကျမာဆတ်ကို လာခဲ့ကြသည်။

အပေါက်ဝမှာ ကောင်လေး နှစ်ဦးကကြို။ ကျွန်တော်တို့နှစ်ယောက် အထဲဝင်သည်။ ကျော်ဆွေက စကားတွေ ပြောနေဆဲ။

သူတို့နှင့် မနီးမဝေးမှာ ရပ်နေသည့် ကောင်လေး တစ်ယောက်က အားနေသည့် မိန်းကလေး နှစ်ယောက်ကို ခေါ်လိုက်သည်။

“ဟင်... ခင်... ခင်နှင်းဆီ”

ကျွန်တော့်မျက်လုံးတွေ ပြာဝေသွားသည်။ မီးရောင်လက်လက်အောက်မှာ မျက်စိအကြည့်များ မှားလေသလားဟု အသေအချာ ကြည့်သေးသည်။

မမှားပါ။ သို့သော် ကားပေါ်မှာတွေ့တုန်းကလို မြန်မာဆန်ဆန်လေးမဟုတ်။ ဝတ်ထားသည်က အပျံစား။ ဖွေးဖွေးဖြူနေသည့် ပေါင်သား၊ ခြေသလုံးသားတွေ ပေါ်လို့။ လက်မောင်းသားအစ်အစ်တွေ ပေါ်လို့။ ပြီးတော့ ပါးရဲရဲလေးနှင့် နှုတ်ခမ်း နှစ်လွှာမှာ ပန်းနုရောင်သန်းနေသည်က ကျွန်တော့် အမြင်အာရုံကို ကွဲပြားစေသည်။

“ဟုတ်တယ်၊ ခင်နှင်းဆီမှ... ခင်နှင်းဆီ”

ကျွန်တော်တွေးဆဲ ကျော်ဆွေက ခင်နှင်းဆီကိုခေါ်သွားသည်။ သူမက ကျွန်တော့်ကို သတိမထားမိ။

အပေါ်ထပ်ရှိ အခန်းတစ်ခန်းသို့ ဦးဆောင်ခေါ်သွားသည့် ခင်နှင်းဆီ။ နောက်က ကပ်ပါသွားသည့် ကျော်ဆွေ။

ကျွန်တော့်နှလုံးသားတွေ နင်းခြေသလို ခံစားလိုက်ရသည်။

သူမအပေါ် ညစ်ညမ်းလွန်းသော အချစ်မျိုးနှင့် တပ်မက်ခဲ့ခြင်း မဟုတ်သည့် မေတ္တာနှင့် သံယောဇဉ် ရှိခဲ့မိသော ကျွန်တော်။

တွေးရင်း အပြင်ထွက်မည်အလုပ် ကောင်မလေး နှစ်ယောက်ကို ခေါ်ပေးသည့် တာဝန်ရှိ ကောင်လေး တစ်ယောက်ကို အပြင်လိုက်ခဲ့ဖို့ခေါ်သည်။ ထိုကောင်လေး လိုက်လာသည်။

“ဘာလဲ ဆရာ”

“မေးစရာရှိလို့ပါကွာ”

“မေးလေ”

“ဟို... ကိုယ့်လူနဲ့ အတူပါသွားတဲ့ ကောင်မလေးကို သိလား”

“သိတာပေါ့၊ ကောင်မလေးက နယ်ဘက်ကလေ”

“သူနာမည်က ဘယ်သူလဲဟင်”

ကျွန်တော့်အမေးကြောင့် ကောင်လေးက စဉ်းစားရင်းပြောသည်။

“ဟို... ဒီမှာကတော့ ယမင်းဆွေလို့ အမည်ပေးထားတာ၊ မှတ်ပုံတင်ထဲက နာမည်က ခင်နှင်းဆီတဲ့”

“ဟင်”

“ဟုတ်တယ်၊ အမည်ရင်းက ခင်နှင်းဆီ၊ ဒီမှာလုပ်တဲ့အမည်က ယမင်းဆွေ၊ အပြင်မှာ ခေါ်မယ့်လူရှိရင် လိုက်တဲ့ အမည်က သက်ထားတဲ့၊ ပြီးခဲ့တဲ့ နှစ်လလောက်က ဒီမှာလာတဲ့ သူငွေးတစ်ဦးက သူ့ကို သဘောကျလို့ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော် ပါသွားသေးတယ်၊ ကျွန်တော်တို့က အဲဒါကိုတော့ ခွင့်ပြုရတယ်လေ"

"ဩော်. . . "

ကျွန်တော် နားလည်လိုက်ပြီ။

ဒါဆိုရင် သူဌေးတစ်ဦးရဲ့ ရင်ခွင်ဆီက အပြန်မှာ ကျွန်တော်နှင့် တွေ့ခဲ့၊ ဆုံခဲ့ကြခြင်းပါလား။ ဒီတုန်းက အခြားအကြောင်းအရာတွေ ပြောခဲ့ခြင်းသည် လိမ်ခဲ့ခြင်းသာဖြစ်မည်။

နာမည်အရင်းကို ပြောခဲ့သည် ကတော့ အမှန်ဖြစ်နေသည်မို့ ကျေးဇူးတင်ရသေးသည်။ ကားပေါ်မှာတုန်းက ဖုန်းဆက် စကားပြောနေခြင်းကလည်း ဒီမှာ အလုပ်လုပ်နေသည့် သူတွေထဲ ဖုန်းပြောခြင်းပဲ ဖြစ်လိမ့်မည်။ နားလည်လိုက်ပြီ။

"ခင်နှင်းဆီရယ်. . . "

♦

ဖုန်းမဆက်တော့၊ မက်ဆေ့ချ်မပို့တော့ဟု ဆုံးဖြတ်ခဲ့သော်လည်း ဒီတစ်ခါ သူမထံ ဖုန်းခေါ်ဖြစ်သည်။

ဖုန်းခေါ်ရင်း သူမထံက တုံ့ပြန်မည့်အသံကို နားစွင့်သည်။ ဖုန်းဆက်သည့်အချိန်က မနက်ရှစ်နာရီ။ ဒီအချိန်က သူမတို့တစ်တွေ နားနေရမည့်အချိန်မျိုး။

"ဟယ်လို"

"မခင်နှင်းဆီလား"

"ရှင်"

သူမ တုံ့ပြန်သံနှင့်အတူ သူမအမည်ကို ပြောလိုက်သည့်အချိန် သူမအံ့အားသင့်နေပုံရသည်။

"ဒီမယ် ဦးဦး၊ ကျွန်မဆီ ဘယ်တော့မှ ဖုန်းမဆက်ပါနဲ့၊ မက်ဆေ့ချ်မပို့ပါနဲ့လို့ ပြောထားတယ်လေ"

"ဟုတ်ပါတယ်၊ ဒီတစ်ခါ ပြောတာက နောက်ဆုံးဖြစ်ပါလိမ့်မယ်၊ ကျေးဇူးပြုပြီး နားထောင်ပါ မိန်းကလေး"

"ဒါဖြင့်. . . ပြော. . . မြန်မြန်"

"မိန်းကလေးဆီ ဦးက ဖုန်းဆက်နေတာ၊ မက်ဆေ့ချ် ပို့နေတာတွေက ဒီအပေါ် တပ်မက်လို့ စိတ်ဝင်စားလို့ ဆက်သွယ်နေတာ မဟုတ်ဘူး"

"ဒါဖြင့်. . . "

"နားထောင်ပါ မိန်းကလေး၊ မြန်မာဆန်ဆန်လေး ဝတ်ထားလို့ ယဉ်ကျေးလွန်းလို့ဆိုပြီး ကိုယ့်ညီမလေးလိုတစ်မျိုး၊ ကိုယ့်အမျိုးဘာသာဝင်လိုတစ်ပုံ သဘောနဲ့ ဆက်တာ၊ အခု ညည်းဆီ ဆက်နေတာက ခင်နှင်းဆီဆိုတဲ့ မိန်းကလေးဆီကို ဆက်နေတာ၊ မြန်မာဆန်ဆန်လေး ဝတ်ထားတဲ့ ကားပေါ်မှာဆုံခဲ့တဲ့ မိန်းကလေးဆီကို ဆက်နေတာ၊ ကုမ္ပဏီမှာ အလုပ်လုပ်နေပါတယ်ဆိုတဲ့ ခင်နှင်းဆီဆီကို ဆက်နေတာ"

ပြောရင်း ကျွန်တော် သက်ပြင်းချသည်။ အသက်ကို ဝအောင်ရှူသည်။ သူမထံမှ ဘာမျှ ခွန်းတုံ့ပြန်မှု မကြားရသေး။ ကျွန်တော်ပြောနေသည့် စကားများကိုတော့ နားစိုက်ထောင်နေမည်က အသေအချာ။

"မိန်းကလေး"

"ပြောပါ"

"ဦးပြောချင်တာက အခုအချိန်မှာ အနှိပ်ခန်းတစ်ခုမှာ လုပ်နေတဲ့ ယမင်းဆွေဆိုတဲ့ မိန်းလေး၊ နောက် သက်ထားဆိုတဲ့ မိန်းကလေးဆီကို ဆက်နေတာ မဟုတ်ဘူး"

"ဟင်. . . ရှင်. . . ရှင်"

"အံ့သြသွားလား ခင်နှင်းဆီ၊ ပြောစမ်းပါဦး၊ ဦး ဖြစ်စေချင်၊ မြင်စေချင်တာက ခင်နှင်းဆီအမည်နဲ့၊ ခင်နှင်းဆီဘဝနဲ့၊ ဖြူစင်တဲ့အလုပ်မျိုးနဲ့ လှုပ်ရှားနေတာကိုပဲ မြင်စေချင်တာ။

အခုတော့ ညည်းက လုပ်တဲ့၊ အကာအကွယ်ရှိတဲ့ ခင်နှင်းဆီဆိုတဲ့ အမည်ကို ဘေးဖယ်ပြီး ယမင်းဆွေ၊ သက်ထားဆိုတဲ့ အမည်တွေနဲ့ ရုန်းကန်နေတာဆိုတော့. . . "

"ဒီ. . . ဒီမယ် ဦးဦး၊ ဒါ. . . ဒါတွေ. . . ဘယ်လိုသိလဲဟင်"

တအံ့တသြ မေးလာပေပြီ။ တစ်ချက်၊သာ ရယ်သံပြုသည်။

ပြီး. . . ပြန်ပြောသည်။

ကျွန်တော့် အသံတွေက တုန်ခိုချိ။ ဒေါသသံတွေ။

"အမှန်တရားဆိုတာ ဘယ်တော့မှ ဖုံးကွယ်ထားလို့ မရပါဘူး၊ ယဖယင်းဆွေ ဒါမှမဟုတ် မသက်ထား"

"တော်. . . တော်ပါတော့ ဦးရယ်"

"တော်ပါပြီ မိန်းကလေးရယ်နော်"

ပြောရင်း ဖုန်းချပစ်လိုက်သည်။

ဒီကနေ့စလို့ သူမဆီသို့ ဘယ်သောအခါမျှ ဖုန်းခေါ်တော့မည် မဟုတ်တော့။ သူမအကြောင်း စဉ်းစားမည် မဟုတ်တော့။ သို့သော် မြန်မာဆန်ဆန်လေး ဝတ်ခဲ့စဉ်က မခင်နှင်းဆီဆိုသည့် မိန်းကလေးကိုတော့ သတိရနေဦးမည်သာ။

ယမင်းဆွေ၊ သက်ထားဆိုသည့် မိန်းကလေးကိုတော့ ကျွန်တော့် ခင်မင်မှုနှလုံးသား၊ ဖြူစင်မှု နှလုံးသားထဲက အပြီးထုတ်လိုက်ပြီ။

♦

ညရောက်တော့. . . ဝတ္ထုတစ်ပုဒ်ရေးဖို့ စဉ်းစားသည်။

ဘဝကို ရုန်းကန်ကြရာမှာ ဆင်းရဲတာကို အကြောင်းပြပြီး ပျက်စီးနေသည့် မိန်းကလေးအချို့၏ ပေါ့ပြက်ပြက် ရုန်းကန်မှုကို အခြေခံပြီး ဝတ္ထုတစ်ပုဒ်ရေးဖို့ စိတ်ကူးလိုက်သည်။

ထိုအခါ သူမရဲ့ အပြစ်ကင်းစင်သော မျက်နှာလေးကို မြင်ယောင်မိသည့်အချိန်၊ သူမအမည်နှင့် သူမရဲ့ဘဝကို နှမြောတသစွာ ဖြစ်သွားသည်။

နောက်တော့. . . ဝတ္ထုအမည်ကို ချရေးလိုက်မိသည်လေ. . .

"သို့. . . မခင်နှင်းဆီ. . . "

တွင်းကြီးသားတင်ဝင်းဦး

❑

www.burmeseclassic.com

www.burmeseclassic.com

သုယောနဒီ

ဆင်ပြ။ ကျန်းအောင်သိန်း

ဗြိတိသျှဘားမား ရုပ်ရှင်မှ ထုတ်လုပ်သော အချစ်ဆုံးရုပ်ရှင်ဇာတ်ကားတွင် ကွယ်လွန်ပြီးသူ ရုပ်ရှင်မင်းသား ခင်မောင်ရင်က "သုယောနဒီ မဟေသီ ဒေဝီတစ်ပါး" ဟူ၍ သီဆိုခဲ့၏။ သို့ဖြစ်၍ ယခု ၅၅၀၊ ပဥ္စကနိပါတ် အမှတ်စဉ် ၁၀ တွင် သုယောနဒီကို တွေ့သဖြင့် ဖော်ပြလိုက်ပါသည်။

သဗ္ဗညု မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် "ဝါတိဂန္ဓာ တိမိဟာနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သည့် သုယောနဒီဇာတ်ကို သာသနာတော်၌ ပြီးခွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူသည်။

လွန်လေပြီးသောအခါ တာ
ဏာသီပြည်၌ တမွမည်သော မင်းသ
မင်းပြု၏။ ထိုမင်း၏ မိဖုရားကြီးသ
ကား သုယောနဒီ အမည်ရှိပေ၏။
မိဖုရားသည် မြတ်သောအဆင်း
ဆောင်ပေ၏။

ထိုကာလ၌ နာဂဒီးကျွန်
သေဒုမကျွန်းဟု ခေါ်တွင်၏ ဘု

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀

www.burmeseclassic.com

www.burmeseclassic.com

လောင်းသည် ဂဠုန်မင်းအဖြစ်ဖြင့် ထို ကျွန်း၌ နေထိုင်လျက်ရှိပေ၏။

ဤဂဠုန်မင်းသည် ဗာရာဏသီ ပြည်သို့ သွား၍ တမ္ဗမင်းနှင့်အတူတကွ လုလင်အသွင်ဖြင့် ကြွေအန်ကစားလေ့ ရှိသည်။ မိဖုရား၏ အလုပ်အကျွေး တို့သည် ဂဠုန်မင်း၏ အဆင်းသဏ္ဌာန် ကို သုယောနန္ဒီ မိဖုရားသို့ လျှောက် တင်ကြ၏။

သို့ဖြစ်သောကြောင့် သုယော နန္ဒီ မိဖုရားသည် အခိုင်းအစေများနှင့် ရောနှောလိုက်ပါလာပြီး ဂဠုန်မင်းကို ကြည့်၏။

ဂဠုန်မင်းကလည်း အလုပ် အကျွေးများ၏ ကြားမှ မိဖုရားကိုမြင်ပြီး နှစ်သက်၏။

မိဖုရားကလည်း လုလင်ယောင် ဆောင်ထားသည့် ဂဠုန်မင်းကို သဘော ကျ၏။

ထိုအခါ ဂဠုန်မင်းသည် ဗာရာ ဏသီ တစ်ပြည်လုံး လေပြင်းမုန်တိုင်း အောက်၌ ပြားပြားမှောက်အောင် လုပ် သည်။ မှောင်ကြီးကျအောင်လည်း လုပ် သည်။ ဂဠုန်သည် ဗာရာဏသီ တစ် ပြည်လုံး မှောင်ကြီးကျနေစဉ်အတွင်း သုယောနန္ဒီမိဖုရားကို ခိုးယူသွားတော့ သည်။

သုယောနန္ဒီ မိဖုရားကြီး မည် သည့်အရပ်သို့ ရောက်သွားကြောင်း မည်သူမျှ မသိကြချေ။ သို့ဖြစ်သဖြင့် သုယောနန္ဒီ မိဖုရားကြီးမှာ ဂဠုန်မင်းနှင့် စိတ်တိုင်းကျ ပျော်ပါးခွင့်ရရှိလေတော့ သည်။

ဗာရာဏသီပြည့်ရှင် တမ္ဗမင်း တွင် ယုံကြည်ရသော စောင်းသမားတစ် ယောက် ရှိသည်။ စောင်းသမား၏ အမည်မှာ သင်္ဂ ဟူပေ၏။

ဘုရင်မင်းမြတ်သည် သုယော နန် ပျောက်ဆုံးသွားခြင်းကို မကျေနပ် ပေ။

ထို့ကြောင့် သူသည် သင်္ဂကို ခေါ်ပြီး တိုင်ပင်သည်။

"စားနပ်ရိက္ခာများကို ဘဏ္ဍာစိုး ထံ ထုတ်ယူပြီး ငါ့မိဖုရားကို စုံစမ်းချေ မောင်မင်း"

စောင်းသမား သင်္ဂသည်-မင်း၏ ဘဏ္ဍာစိုးထံမှ သုံးလေးနှစ်စာ ဘဏ္ဍာ များကို ထုတ်ယူပြီးလျှင် ဒါရုကဋ္ဌ သင်္ဘောဆိပ်သို့ လာခဲ့သည်။ ထိုခေတ် ထိုအခါက အခကြေးငွေယူပြီး ခရီးသည် များကို ပို့ဆောင်ပေးသောစနစ် မရှိသေး ပေ။ သို့ကြောင့် သင်္ဂသည် ကုန်သည် များ၏ အကြီးအမှူးထံ ချဉ်းကပ်သည်။

"အရှင်တို့ . . . ကျွန်တော်ဟာ စောင်းသမားပါ။ အရှင်တို့နဲ့ အတူလိုက် ပြီး အရှင်တို့ အလိုရှိတဲ့အခါမှာ စောင်း တီးပြီး ဖျော်ဖြေပါရစေ"

"တို့က သုဝဏ္ဏဘူမိကို သွားမှာ ကွ"

"သုဝဏ္ဏဘူမိရောက်ရင် ကျွန် တော် ဆင်းနေခဲ့မှာပါ"

"ပြန်တဲ့အခါမှာ မင်း ဘယ့်နယ် လုပ်မတုံး"

စောင်းသမားသည် ခရီးအဆုံး ကို တွက်ဆခြင်း မပြုပေ။ ရောက်ရာ အရပ်တွင် ဖြစ်သလိုနေထိုင်စားသောက် မည်။ ပေးသူ ကျေးဇူးရှိလျှင် တောင်းခံ စားသောက်မည်။ မရသည့်အဆုံး၌ ပါ လာသော စားနပ်ရိက္ခာကို ပါလာသော အိုးခွက်ဖြင့် မဝရေစာ ချက်ပြုတ်စား သောက်မည်။ အသပြာပေးနိုင်လောက် သူများကို တွေ့လျှင် အခကြေးငွေ သတ်မှတ်ကာ စောင်းတီးပြမည်။

ဤကဲ့သို့သောလူကို ကုန်သည် မှူးက ပူစောင့်ပူပန် မေးနေသဖြင့် စောင်းသမားက ရယ်မောသည်။

"ကောင်းပြီ ယနေ့မှ ခုနစ်ရက် မြောက်သောနေ့တွင် သင်္ဘောထွက် မည်"

"ကောင်းပါပြီ အရှင်"

စောင်းသမားသည် သင်္ဘော ထွက်မည့်နေ့၌ စောစီးစွာရောက်ရှိလျက် သင့်လျော်သော နေရာကိုကြည့်ပြီး နေ ထိုင်၏။ အချို့သော ကုန်သည်များ သည် ရောင်းဝယ်ဖောက်ကားမှုကိုသာ အာရုံစိုက်၏။ ဤရာသီတွင် သုဝဏ္ဏဘူမို ၌ ဤပစ္စည်း ရှားပါးမည် စသည်ဖြင့် တွက်ဆရောင်းဝယ်ကြ၏။

သို့ရာတွင် အချို့သောကုန်သည် များမှာမူ မိန်းမရွှင်များကို ခေါ်ဆောင် လာကြသည်။ ထိုသူတို့သည် ရောင်းရေး ဝယ်တာ၌ များစွာစိတ်ပါလက်ပါ မရှိ ကြပေ။ အပျော်အပါးတွင်သာ စိတ်ပါ ဝင်စားကြသည်။ သူတို့ ခေါ်လာသော မိန်းမပျက်များကလည်း ဆင်းချင်သည့် မြို့တွင် ဆင်းနေခဲ့ကြလိမ့်မည်။

စောင်းသမား သင်္ဂသည် ကုန် သည်များ စားသောက်ပျော်ရွှင်နေကြ သည်ကို ကြည့်ပြီး ကုပ်ကုပ်ကလေး လိုက်ပါလာငြား ခလုတ်တိုက်ခံရခြင်းမှ မလွတ်ကင်းပေ။

"ဟေ့ စောင်းသမား၊ သင်္ဘော သူကြီး ခေါ်နေတယ်ဟေ့"

စောင်းသမားသင်္ဂသည် ကုန် သည်ကြီး၏ ခွင့်ပြုချက်ဖြင့် လိုက်ပါလာ သူဖြစ်ငြား သင်္ဘောသူကြီးကိုလည်း မလေးမစား မပြုရဲသဖြင့် ချက်ချင်းထ လိုက်သွား၏။ သောက်စားမူးယစ်နေ သော သင်္ဘောသူကြီးကို ကုန်သည်များ နှင့်အတူ တွေ့ရသည်။

"ဟေ့ စောင်းသမားရဲ့၊ ငါခေါ် တာနဲ့ သင်္ဘောသူကြီးခေါ်တာ အတူတူ ပဲလို့ သဘောထားပါ"

ကုန်သည်ကြီးက ဆီးကြိုပြော သဖြင့် အလိုက်သင့် ပြန်ပြောလျှင် စောင်းတီးဖျော်ဖြေရန် အဓိန့်ရ၏။

ထိုအခါ စောင်းသမား သင်္ဂ သည် ပင်လယ်ပြင်၏ သာယာလှပ သော အခြေအနေကို တစ်ချက်ကြည့် ပြီး ပြောသည်။

"အရှင်တို့ အခုလို သာယာတဲ့ ရာသီဥတုမှာ စောင်းတီးလိုက်ရင် ငါးလိပ်မကန်းတွေ မြူးထူးတဲ့အတွက် သင်္ဘောပျဉ်ချပ်တွေ ကျိုးကုန်ပြီး အား လုံး ဒုက္ခရောက်ကုန်ပါလိမ့်မယ်"

"မဟုတ်တာ မပြောနဲ့

www.burmeseclassic.com

www.burmeseclassic.com

"ငါတို့ အလိုရှိတဲ့အခါ စောင်းတီးဖျော်ဖြေပါ့မယ်ဆိုပြီး သင်္ဘောနဲ့ လိုက်လာတယ်၊ အခု ငါတို့ အလိုရှိတဲ့ အခါမှာ မထော်မနမ်းတွေ ပြောပြီ"

"ရှပ်ပါတယ်ကွာ၊ ရေထဲသာ ပစ်ချရအောင်ပါ"

စောင်းသမားသည် ဆက်လက်ပြီး ရှင်းပြမနေတော့ပါ။ စောင်းကိုယူပြီး တီးခတ်လေတော့တ်။ စောင်းသံမှာ လွန်စွာ ငြိမ့်ငြောင်းသာယာလှသည်။ ရေသတ္တဝါတွေ မြူးထူးကုန်ကြသည်တွင် မကန်းတစ်ကောင်သည် ရေပြင်မှ ခုန်တက်မြူးထူးရာ ရေပြင်ပေါ်သို့ ပြန်မကျဘဲ သင်္ဘောပေါ်သို့ ကျသည်။ မကန်းကျသော နေရာမှ ပျဉ်ချပ်ကျိုးသည်။ အသင့် စောင့်နေသော သင်္ဘောသားများ ဝိတ်ဆို့ကြသည်။

သို့ရာတွင် သင်္ဘောသားများသည် ဝင်လာသော ရေအားကို မတားနိုင်။ ပျဉ်ချပ် အစားမထိုးနိုင်။ မူးရူးနေသော သင်္ဘောတစ်စင်းလုံးကို ရေလွှမ်းသွားတော့သည်။ အော်သံဟစ်သံများ ငရဲပွက်သလို ဖြစ်တော့သည်။

စောင်းသမားသင်္ဘမှာ ကံကောင်း၏။ စောင်းကိုပိုက်လျက် ပျဉ်ချပ်တစ်ချပ်ကို စီးမိသည်။ ထိုပျဉ်ချပ်မှာ ရေစီးကြောင်း မိသွားရာ သေဒုမကျွန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေတော့၏။ သေဒုမကျွန်းရှိ ဗိမာန်တွင် ထိုအချိန်၌ ဂဠုန်မင်း မရှိခိုက်လည်းဖြစ်၊ ကျွန်းကို လှည့်လည်ပြီး သုယောနန္ဒီ ကြည့်နေချိန်လည်း ဖြစ်သည်။

သုယောနန္ဒီသည် ရေဘေးဒုက္ခသည် သင်္ဘကိုတွေ့သောအခါ ဗိမာန်သို့ ခေါ်သွားပြီး အစားအစာ ကျွေးမွေးသည်။ အဝတ်အထည်ကို ပေးသည်။ စောင်းသမား သင်္ဘသည် အစားမှန် အဝိပ်မှန်သောအခါ ရက်အနည်းငယ် အတွင်း၌ အားအင်ပြည့်ဖြိုးလာကာ သုယောနန္ဒီ၏ ကံာမကို ရယူသည်။

သေဒုမကျွန်းသို့ သုဝဏ္ဏဘုမ္မိမှ လာသည့် အခြား ကုန်သည်တစ်စုတို့ ရောက်ရှိလာကြသည်။ စောင်းသမား သင်္ဘလည်း မိမိ၏ ရေဘေးဒုက္ခသည် အဖြစ်ကို ပြန်ပြောင်းပြောပြရာ ကုန်သည်များက သနားပြီး သူတို့သင်္ဘော ဖြင့် တင်ဆောင်ခေါ်ငင်သွားကြသည့် အတွက် တမ္ဗမင်းစိုးစံသော ဗာရာဏသီ ပြည်သို့ ပြန်လည်ရောက်ရှိသည်။

သင်္ဘမှာ တမ္ဗမင်းက စေလွှတ်သောကြောင့် သွားရခြင်းဖြစ်သည်။ သို့သော် အကျိုးအကြောင်းကို မတင်လျှောက်ရသေး။ နန်းတွင်းဝင်ပြီး တင်လျှောက်ရန်မှာ အခွင့်က မသာ။ လာအောင် စောင့်ဆိုင်းနေလျှင်လည်း များစွာ ကြာညောင်းတော့မည်။

သို့အတွက် သင်္ဘသည် စောင်းတီး၍ ဖျော်ဖြေရင်း အခြေအနေကို လျှောက်ထားရတော့သည်။

သင်္ဘ စောင်းတီး၍ လျှောက်ထားသော အကြောင်းအရာထဲတွင် ဤပြည်မှ များစွာကွာဝေးသော သမုဒ္ဒရာ အလယ်ရှိကျွန်းတစ်ကျွန်းတွင် ပညောင်ပင်ကို ခြံရံပြီးပေါက်သော ပန်းတို့သည် လွန်စွာ မွှေးကြိုင်၏။

သုယောနန္ဒီသည် ထိုအရပ်တွင် နေပြီး ကံာမတို့သည် ရောက်သွားသူအား ထိုးကျင့်သည်။ ဂဠုန်မင်းသည် သူကျွန်းကို လုံခြုံလုပ်ပြီထင်၏။ ထို့ကြောင့် စောင်း သမားကို ငှားသည်။

"ဟေ့ကောင် သင်္ဘ၊ မင်း ဘယ်လိုလုပ်ပြီး အဲဒီကျွန်းကို မြင်သလဲ၊ အဲဒီကျွန်းကို ဘာနဲ့ ဘယ်လိုလုပ်ပြီး သွားသတုံး၊ ကျွန်းကို မြင်လည်း မမြင်ရ၊ သင်္ဘောတွေ လှေတွေ ဆိုက်ကပ်ရပ်နားခြင်းမရှိတဲ့ အဲဒီကျွန်းမှာ သုယောနန္ဒီကို တွေ့မြင်ပေါင်းဖော်ရတယ်ဆိုတာ မဖြစ်နိုင်ဘူး"

ဂဠုန်တို့သည် များသောအားဖြင့် လက်ပံပင်ပေါသော ကျွန်းများတွင် နေထိုင်လေ့ရှိသည်။ လူများ နေထိုင်ခြင်း မရှိသည့်အတွက် လှေသင်္ဘောများ မဆိုက်ကပ်။

သို့ဖြစ်သဖြင့် စောင်းသမားသည် သုယောနန္ဒီနှင့် တွေ့ဆုံပေါင်းဖော်ရန် မဖြစ်နိုင်။

ဂဠုန်က သူ၏ပုံသေနည်းဖြင့် လူသူလေးပါး မရောက်နိုင်ကြောင်း ထင်မှတ်ခြား စောင်းသမားကလည်း ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို ပြောပြသည်။

သူပါသော သင်္ဘောသည် ဂဠုန်ကျွန်းသို့ မသွား။ သို့ရာတွင် မကန်းတစ်ကောင်ကြောင့် သင်္ဘောပေါက်သည်။ သင်္ဘောနစ်ကာ အသက်လုပြီး ကူးခပ်ကြစဉ် သုယောနန္ဒီထံ ရောက်သွားပြီး ပေါင်းဖော်ခဲ့ရကြောင်း စနစ်တကျ ယုတ္တိယုတ္တာဖြင့် ရှင်းပြသောအခါ ဂဠုန် စိတ်မချမ်းသာ။

"ဩော်. . . မိန်းမတွေ လူသူ မရှိတဲ့ ကျွန်းပေါ်မှာတောင် ဖောက်ပြန်ကြတယ်၊ သစ္စာမရှိဘူး"

ဂဠုန်မင်းသည် မိမိက သူတစ်ထူး၏ မယားကို ခိုးသည့်အဖြစ်ကို မေ့လျော့ပြီး ညည်းတွားကာ သုယောနန္ဒီကို ဗာရာဏသီသို့ ပြန်ပို့သည်။ နောက်ထပ်လည်း မလာတော့ချေ။

ဆင်ပြူကျွန်းအောင်သိန်း

❑

www.burmeseclassic.com

www.burmeseclassic.com

သည်ကနေ့ အာဇာနည်နေ့ ရုံးပိတ်ရက်မို့ လျှော်စရာရှိတာလေးတွေတို့ လျှော်ဖွပ်နေမိပါသည်။ ကျွန်မအဝတ်လျှော်နေစဉ်မှာပင် ဝိုလ်ချုပ်အောင်ဆန်း ကျဆုံးသော အချိန်တွင် ဥဩဆွဲသံများ ပေါ်ထွက်လာသဖြင့် ကျွန်မစိတ်ထဲ ဝမ်းနည်းနေမှုများကို တမြည့်မြည့် ခံစားမိသွားပါသည်။

ကျွန်မအဝတ်လှန်းပြီး မောမော ဖြင့် ကြမ်းပြင်လေးဝယ် ခြေပစ်လက်ပစ်လေး ထိုင်ချမိပါသည်။ လေပြည်လေညင်းလေးများ တဖြူးဖြူးတိုက်ခတ်နေပါသည်။ စားပွဲပေါ်တွင် တင်ထားသော စာရွက်ကလေးများမှာ လူးလွန့်နေရင်း စာရွက်လေးတစ်ရွက်မှာ ကျွန်မရှေ့သို့ ရောက်ရှိလာသည်။ ကျွန်မသည်လည်း ဤစာရွက်ခေါက်လေးကို ဖွင့်ဖတ်လိုက်မိပါသည်။ စာရွက်ကလေးမှာ ဓမ္မဒါန အဖြစ် လှူဒါန်းထားသော စာရွက်ကလေး ဖြစ်နေပါသည်။

ခေါင်းစဉ်လေးက "ငါအိုသွားသောအခါ" တဲ့။ အချက်ကလေးတွေကို ကျွန်မ မရိုးနိုင်အောင်ပင် ဖတ်ကြည့်မိလိုက်မိပါသည်။

"ငါအိုသွားသောအခါ ငါဟာ အရင်က ငါမဟုတ်တော့ဘူး"

"ငါကိုနားလည်ပေးပါ။ စိတ်ရှည်ရှည်ထား ဆက်ဆံပေးပါ"

ကျွန်မ၏မျက်ဝန်းထဲတွင် အဖေ့အရိပ်များ လွှမ်းလာမိပါသည်။ ကျွန်မသည် တစ်ဦးတည်းသော သမီးလေးဖြစ်သည်မို့ အစစအရာရာ အလိုလိုက်နိုင်လွန်းသည့် အဖေ ဖြစ်ပါသည်။ မွေးစအရွယ် လူမမည်ကလေးဘဝမှစ၍ ဖေဖေသည် အမေနည်းတူ နို့ဘူးဖျော်၊ အနှီးလဲ၊ ရေချိုးပေး၊ သနပ်ခါးကအစ လိမ်းပေးတတ်၏။

စိတ်ရှည် လက်ရှည် အပြုံးဝေဝေဖြင့် ပြုစုပေးခဲ့သည့် အဖေ့အပေါ် ကျွန်မ အတတ်နိုင်ဆုံး ပြုစုခဲ့ရပေမယ့် ဖေဖေရဲ့မေတ္တာထုဖြင့် စိတ်ရှည်ပုံကို တော့ မီအံ့မထင်ပါဟု ကိုယ့်ကိုယ်ကိုယ် ယူဆမိပါသည်။

ကျွန်မစာရွက်ကလေးကို ဆက်ဖတ်မိပါသည်။

"ချည့်နဲ့နဲ့လက်တွေနဲ့ ထမင်းဟင်းတွေ အကျီပေါ် ဖိတ်စဉ်သွားတဲ့

ဖေဖေ့ရဲ့ မျက်နှာ

ပန်း - ချဲ့ ဆွေ မြင့်

www.burmeseclassic.com

www.burmeseclassic.com

အခါ အကျိုး လုံချည် ဖိုးသီဖတ်သီ ဖြစ်နေတဲ့အခါ ငါ့ကို မချွတ်ပါနဲ့"

"ငယ်ငယ်တုန်းက ငါသုတ်သင်ပေးခဲ့တာတွေကို ကျေးဇူးပြုပြီး သတိရပေးပါ"

ကျွန်မ၏အတွေးတွေက အဖေဆီဌသာ ရစ်ဝဲနေမိပြန်ပါသည်။

ကျွန်မ ၄၊ ၅ နှစ်အရွယ်တွင် ထမင်းစားသည့်အခါတိုင်း မေမေက ချက်ပြုတ်နေ၍ ဖေဖေ ရုံးမသွားခင် သမီးလေး၏ မျက်နှာကို အရိပ်တကြည့်ကြည့်ဖြင့် ခွံ့ကျွေးရသည်။ သမီးငယ်မှာလည်း ဖခင်ကျွေးနေသော ပန်းကန်ကို ဆွဲယူ၍ သူ့ဘာသာ စားမည်ဟု ဆိုပြန်သည်။ ဖေဖေသည် ဆွဲယူလိုက်သော ပန်းကန်မှ ပေကျံသွားသော ဟင်းများကို မရွံမရှာ သုတ်သင်ပေးပါသည်။ အမေနှင့်တူသော အဖေတစ်ယောက်ပေါ်တွင် မိမိသည် အနှိုင်းမဲ့သော အဖေမေတ္တာဖြင့် ပြုစုယုယမှုများကို တုန့်ပြန်၍ လိုက်မမှီနိုင်ခဲ့ပါချေ။

နောက်တစ်ကြောင်းကို ဆက်ဖတ်မိပြန်ပါသည်။

"အပ်ကြောင်းထပ်ကာ ပြောဖူးတဲ့စကားတွေ ပြန်ပြောမိတဲ့အခါ စကားမဖြတ်ဘဲ ကျေးဇူးပြုပြီး နားထောင်ပေးပါ"

"ငယ်ငယ်တုန်းက အိပ်ရာဝင်တိုင်း တစ်ထောင့်တစ်ည ပုံပြင်တွေ၊ ငါးရာငါးဆယ်နိပါတ်တော်တွေ၊ ဇာတ်ကြီးဆယ်ဘွဲ့တွေ စတဲ့ပုံပြင်တွေကို မရိုးအောင်ပြောရင် ငါချော့သိပ်ခဲ့တာတွေကို သတိရပေးပါ"

ကျွန်မ ငယ်စဉ် အခါတုန်းက ပုံပြင်လေးများကို မရိုးအီနိုင်အောင် မေမေ ပြောပြသည်ကိုမရ။

"ငါ့သမီးကို ငါကိုယ်တိုင် ချော့သိပ်မယ်၊ ငါကိုယ်တိုင် ပုံပြင်ပြောမယ်" ဟုဆိုကာ ပုံပြင်များကိုပြောပြ ချော့သိပ်လေ့ရှိပါသည်။ ဖေဖေ ရုံးမပြန်လာလျှင်လည်း သမီးငယ် တတွတ်တွတ် မေးသမျှကို မညည်းမညူ ဖြေကြားပေးတတ်ပါသည်။ ကျွန်မသည်လည်းဖေဖေအရွယ်ရောက်လာသောအခါ ဖေဖေ၏ မေတ္တာစွမ်းပကားများအား တတ်သရွေ့ ဂရုတစိုက် ဖြည့်ဆည်းပေးမိပါသည်။

တရားခွေများကို ဖေဖေ့အား နားထောင်စေခြင်း၊ ဝိပဿနာတရားစာများကို ဖတ်ပြပေးခြင်းဖြင့် ကုသိုလ်ယူပါသည်။ တရားခွေထဲမှ ဦးသာသန ဟောကြားခဲ့သည့်ထဲမှ စာပုဒ်ကလေးတစ်ခုကို ဖေဖေသည် ထပ်တလဲလဲ ရွတ်ဆိုခိုင်းပါသည်။

"ကိုယ်ပြုလုပ်သည်ကံ၊ ပဲ့တင်သံ ဧကန် မလွဲပါ၊ ကောင်းသောပြုကံ၊ ကောင်းကျိုးရ မုချဧကန်သာ၊ ကောင်းတာပြုလျှင် မဂ်လေးအင် ဧကန်သွားရမှာ၊ ပုဒ္ဓဘုရားမိန့်မှာထား၊ လေးစားကာ လိုက်နာပါ၊ ဓမ္မစကား နေ့တိုင်းကြားက၊ စိတ်ထားဖွေးလျက် သီဘာက် ထက်ဇ၏"

ကျွန်မမှာ ဖေဖေရွတ်ခိုင်းသမျှ၊ ဖတ်ခိုင်းသမျှတရားများကို စိတ်ရှည်စွာဖြင့် ရွတ်ဖတ်ပြ၍ ဖေဖေ မေးသမျှ ပြန်ဖြေကြားမိသည်ကို ကျွန်မကိုယ် ကျွန်မ စိတ်ကျေနပ်မိပါသည်။ မေတ္တာစိတ်ဟာ လက်တွေ့ရောနောင်ပါအကျိုးပေးတတ်သည် မဟုတ်ပါလား။

"မလှုပ်ရှားနိုင်လို့ ရေချိုးဖို့ အကူအညီလိုတဲ့အခါ ငါ့ကို မငြိုငြင်ပါနဲ့"

ငယ်ငယ်တုန်းက ချော့တစ်လှည့်၊ ခြောက်တစ်လှည့် ရေချိုးပေးဖူးတဲ့ပုံရိပ်လေးကိုမြင်ယောင်ပေးပါတဲ့။

ဟုတ်ပါသည်။ သည်စာပုဒ်ကလေးတွေကလည်း ဖေဖေ့ပုံရိပ်တွေ ထင်ဟပ်စေလာပြန်ပါသည်။ လူအများစုမှ ချော့တစ်ခါ၊ ခြောက်တစ်လှည့်ဖြင့် ပြုစုမှုများ ရေချိုးစေတာကအစ မိခင်တစ်ယောက်အလုပ်ဟု ယူဆထားကြသော်လည်း ကျွန်မဖေဖေမှာ ဤသို့မဟုတ်။ ကျွန်မ ကျောင်းသွားခါနီးတိုင်း ရေချိုးပေး၊ သနပ်ခါးလိမ်းပေး၊ အင်္ကျီလဲပေးရန့် ဖေဖေက ကိုယ်တိုင် သမီးလေးကို ပြုစုလုပ်ကိုင်ပေးရာမှ ကျေနပ်ခဲ့သူပဲကိုး။ တစ်ခါတစ်ရံ သမီးငယ်လေး၏ ပျော်ရွှင်မှုလေးများရစေရန် ရယ်စရာ၊ ဟာသလေးတွေနှော၍ စိတ်ကူးရရာလေးများ ပြောလျှင် သဘောကျနေတတ်သော သမီးငယ်ကိုကြည့်၍ ပီတိတွေ လွှမ်းခြုံခဲ့သည်။ သည်ဖေဖေ၏ သည်မေတ္တာတရားကြီးများပုံကို မည်သို့ဥပေက္ခာ ပြုရက်နိုင်ပါမည်နည်း။

ဖေဖေအား ကြေးညှော်တွန်း၍ ရေချိုးပေးခဲ့လျှင် ဖေဖေမှာ သာခုခေါ်မဆုံး တပြုံးပြုံးနှင့်ပါလား။ ကျွန်မ ရင်ဝယ် ချမ်းမြေ့ရပါသည်။

"ခေတ်သစ် နည်းပညာသစ်တွေကို မသိနားမလည်ခဲ့ လျှောင်ပါနဲ့"

"ငယ်ငယ်တုန်းက ဘာကြောင့် ဆိုတဲ့ မေးခွန်းပုံးကို စိတ်ရှည်စွာ ငါပြန်ဖြေခဲ့တာတွေကို သတိရပေးပါ"

"စိတ်သွားဇောကိုင်းကိုယ်မပါ နွမ်းလျပြီး လမ်းမလျှောက်နိုင်တဲ့အခါ ခွန်အားပါတဲ့ လက်တစ်စုံနဲ့ ငါ့ကို ကူးတွဲပေးပါ"

"လမ်းလျှောက်သင်စ အရွယ်တုန်းက တစ်လှမ်းချင်း လမ်းလျှောက်လေ့ကျင့်ပေးခဲ့တာတွေကို သတိရပေးပါ"

သည်စာပုဒ်ကလေးတွေသည် ဖေဖေ၏ မေတ္တာစွမ်းအားကြီးမားခဲ့ပုံ မိသားစုအပေါ် နွေးထွေးလုံခြုံမှုပေးပုံ၊ ချွေးမြေကျအောင် တရားနှဲ့အညီ ရှာကျွေးခဲ့ပုံ အရေးကြုံလာသည်မှန်သမျှ မိသားစုရှေ့မှ မားမားမတ်မတ် ရပ်တည်ကာ ကျွန်မဘဝ လူလားမြောက်သည်အထိ အားမာန်အပြည့်ဖြင့် စီးပွားရေး၊ ပညာရေး၊ လူမှုရေးများကို မည်ကဲ့သို့ စေ အာဘက်ဘက်က ဖြည့်ဆည်းပေးခဲ့သည်များကို တရေးရေးမြင်ယောင်မိပါသည်။ ကျွန်မသည် မေမေအပါအဝင် ဖေဖေကို ဦးထိပ်မှာထား ရှိခိုးကန်တော့မိပါသည်။

"တစ်နေ့တစ်နေ့ အိုစာသွားတဲ့ ငါ့ကိုကြည့်ပြီး ဝမ်းမနည်းပါနဲ့ နားလည်ပေးပါ။ အားနာပေးပါ"

www.burmeseclassic.com

www.burmeseclassic.com

အရင်တုန်းက လူ့ဘဝ တက်ထမ်းအတွက် ငါလမ်းညွှန်ခဲ့သလို၊ အခုအိုနှိမ်မှာ ငါ့ဘဝနောက်ဆုံးခိုနှိမ်အတွက် အဖော်ပြုလုပ်ပေးပါ။

"ချစ်ခြင်းမေတ္တာနဲ့ အေးမြမှုတွေကို ငါပြုံးပြုံးလေး လက်ခံမှာပါ"

"အဲဒီအပြုံးတွေထဲမှာ မဆုံးတဲ့ ငါ့မေတ္တာတွေ တွေ့ရမှာပါ"

ကျွန်မသည် စာရွက်ကလေးကို စောင်ပြီး မျက်ဝန်းအစုံမှ မျက်ရည်တွေ ဆွေတွေစီးကျလာမိပါသည်။ အိုခြင်း၊ နာခြင်း၊ ဆင်းရဲခြင်း ဒုက္ခတွေမှာ သက်ရှိသူသားမှန်သမျှ မလွတ်ကင်းနိုင်ကြပါလေ။ တုန့်ပြန်မဲ့သော ဘုရားနှင့် ဘုရား၏ တရားကို ယုံကြည်မှုပေါ်လာလျှင် သဒ္ဓါတရား ဖြစ်လာရသည် မဟုတ်ပါလား။

ဖေဖေသည်လည်း ရှုပ်၊ နာမ်တွဲ၍ လူသားတစ်ယောက် ဖြစ်သည်အလျောက် အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုတဲ့ လောကမဓမ္မတာအရ တမလွန်ဘဝသို့ ရောက်ခဲ့ရပေသည်။ ဖေဖေ တမလွန်ဘဝမရောက်မီ အိုခြင်း၊ နာခြင်း၏ ဒုက္ခတွင်းမှာ သက်ဆင်းခဲ့ရသည်ပင်။

သို့သော် ဖေဖေသည် လူ့ဘဝ၌ လောကဓံ အဆိုးအကောင်းကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်ခဲ့ပေသည်။

ကျွန်မ၏ အားပေးဖေးမမှုဖြင့် လည်းကောင်း၊ ဖေဖေ၏ ကြိုးစားအားထုတ်မှုဖြင့်လည်းကောင်း၊ ဝိပဿနာ အလုပ်ကို ကြိုးစားပမ်းစား အားထုတ်ခဲ့ရှာပါသည်။ သစ္စာတရား သိအောင်လုပ်ခြင်း၊ တရားခံဆွေးနွေးခြင်း၊ နှလုံးသွေးမှန်အောင် ကျင့်ကြံခြင်း၊ ဒိဋ္ဌိကို အသိဉာဏ်ဖြင့်ခွာခြင်းများဖြင့် တမလွန်ခရီးမှာ ငြိမ်းအေးပေလိမ့်မည်ဟု ကျွန်မ ထင်ပါသည်။

ကျွန်မ၏ ဖခင်ကြီးအား တရားဘာဝနာများပွားစေခြင်း၊ စိတ်ရှည်လက်ရှည်ပြုစုစောင့်ရှောက်ခြင်းများကဲ့သို့ သားသမီးတိုင်းမှာလည်း မိဘများ၏ ထာမလွန်ဘဝ ခရီးမတိုင်မီ ပြုစုစောင့်ရှောက် အားပေးဖေးမကြလျှင် ကောင်းလေစွဟု တွေးမိပါ၏။ ဤသို့ အိုမင်းမစွမ်းရှိသောသူများ၏ အားငယ်မှုများကို တွေးနေစဉ်မှာပင် သီချင်းသံက လွှင့်လာပါသည်။

"အာဇာနည်နေ့ကိုဖြင့် ××× မမေ့သင့်ပါပေ ×××"

ကျွန်မတို့၏ နိုင်ငံခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကိုလည်း ယနေ့ထက်တိုင် မမေ့ပါပေ။ ထို့အတူ ကျွန်မတို့၏ အိမ်ထောင်ခေါင်းဆောင် ဖေဖေ့ကို တမလွန်ခရီး (၁၀) နှစ်ကြာခဲ့သော်လည်း မမေ့ခဲ့ပါပေ။

စက်ဝန်းအလီလီ ပြောင်းလာခဲ့သော်လည်း မဟောင်းနိုင်၊ မပြောင်းလဲနိုင်သော သတိတရရှိမှုမှာ နိုင်ငံခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ထပ်တူ အိမ်ထောင်ခေါင်းဆောင် ဖေဖေကိုမူလည်း တမြည့်မြည့် တင်ွေ့ွေဖြင့် လွမ်းနေမြဲ လွမ်းနေမှာပါလေ။

မေလတ်ဟန်

သားသမီးသောက ရောက်နေရသော မိဘများအတွက်

- မိမိသားသမီး ဆရာမိဘ လူကြီးတို့၏ ပြောဆို ဆုံးမစကားကို နားထောင်ဖို့။
- လိမ္မာကျိုးနွံ ယဉ်ကျေးဖို့။
- မိဘ ဒေါသမကျဘဲ ချစ်ခင် ပေါင်းသင်းနေသူနဲ့ အမြန်ဆုံး မုန်းတီးပြတ်စဲ အဆက်အသွယ် ပြတ်စေဖို့။
- မိဘ သဘောကျသူနဲ့သာ စေ့စပ်လက်ထပ်ဖို့ကိစ္စကို အမြန်ဆုံး သဘောတူ လက်ခံစေဖို့။
- အင်တာနက်စွဲ၊ ဂိမ်းစွဲ၊ လောင်းကစားစွဲ၊ အရက်ဘီယာစွဲ၊ မူးယစ်ဆေးစွဲ စသော အစွဲမျိုး အမြန်ဆုံး ပြတ်သွားစေဖို့။ **(နည်းလမ်းကောင်းများ ရှိပါတယ်)**

ဆရာမ ဒေါ်နှင်းသူဇာဦး

လက္ခဏာဗေဒင် + ယတြာအစိအရင်

(အမျိုးသမီး သီးသန့်ဗေဒင်ဟောခန်း)

အခန်း (A-2)၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာ (၄၁) ရုပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

ဖုန်း ၀၉-၇၃၁၄၀၂၂၊ ၀၉-၅၀၉၃၈၉၃၊ ၀၉-၂၂၀၈၇၁၆၆

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကမ္ဘာမြေပေါ်က လူသားတွေ အားလုံး အသုံးပြုနိုင်ဖို့ မီးကို ခိုးယူပေး ခဲ့တာက ပရိမီးသီးရပ်ဆိုတဲ့ နတ်သား တစ်ပါးတဲ့။ ဂရိဒဏ္ဍာရီမှာ ဖတ်ခဲ့ဖူးတာ။

လူလောကကြီးကို နီဗွာန်ဘုံလို ထာဝရ လင်းလက် လှပနေအောင် လျှပ်စစ်ကို ဖန်ဆင်းပေးလိုက်သူက အင်္ဂလန်နိုင်ငံသား မိုက်ကယ်ဖာရာဒေး ဆိုတာလည်း လူတိုင်းအသိ။

အင်း အဲဒီလိုပါပဲ။

ကျွန်မ ရင်ဘတ်ထဲကို အချစ်ဆို တာတွေ ရောက်လာအောင် ပြုစားပေး လိုက်သူက အစ်ကိုအောင်သူ ဆိုတာ ကျွန်မသာ အသိဆုံး။

အချစ်ဆိုတာ ဘာလဲလို့ နား မလည်ခင် ဟိုး အပျိုဖော်ဝင်စဘဝမှာ ကတည်းကပါ။

အစ်ကိုအောင်သူရဲ့ ညှို့ယူ ဖမ်း စားချက်တွေက ကျွန်မအပေါ် လွှမ်းမိုး နိုင်လွန်းလို့ကတာ။ ဒီလိုနဲ့ တစ်စတစ်စ အချစ်ဆိုတာ ကျွန်မ ရင်ထဲ ရောက် လာတာလားတော့ မသိ။

ဘာပဲပြောပြော အစ်ကိုအောင် သူက ကျွန်မ ချစ်သူ။

✿

(၂)

တကယ်တော့ အစ်ကိုအောင် သူနဲ့ ကျွန်မက သွေးမတော်သားမစပ် ဘဲ မောင်နှမ။ သူ ဆယ်တန်းကျောင်း သားဘဝမှာ ကျွန်မတို့ အိမ်ကို လာနေ တော့ ကျွန်မက စတုတ္ထတန်း ကျောင်း သူ။ ညီအစ်ကိုမောင်နှမ မရှိကြသူချင်းမို့ မောင်နှမ အရင်းလို တွယ်တာခဲ့တာ မဆန်းပါဘူး။

အစ်ကိုအောင်သူက စာတော်သူ တစ်ယောက်ပါ။ တစ်နှစ် တစ်တန်း မှန်မှန်အောင်ခဲ့ပါတယ်။ ကျွန်မ ရှစ်တန်း ကျောင်းသူဘဝ ရောက်တော့ အစ်ကို အောင်သူက တက္ကသိုလ်ကျောင်းသား ကြီး စီးပွားရေးတက္ကသိုလ်မှာ ဒုတိယ နှစ်။ အစ်ကိုက ကျွန်မကို တကယ့်ညီမ အရင်းလေးလို သံယောဇဉ်ရှိတာ။

ပထမဆုံး ကျွန်မ အစ်ကို့ကို နှလုံးသားနဲ့ စမြင်လိုက်ရတဲ့နေ့ကို မှတ် မိနေတယ်။ ရှစ်တန်းကျောင်းသူ ဘဝ ပေါ့။

"ဟေ့ ပေါက်စမ၊ စာတွေ ဘာ တွေ ကြည့်လို့ပါလား"

ကျွန်မ မကြိုက်ဆုံး နာမည်ကို ခေါ်ပြီး အိပ်ခန်းထဲက ထွက်လာသူက အစ်ကိုအောင်သူ။ အိမ်မှာ အငယ်ဆုံး မို့ ပေါက်စမလို့ ချစ်စနိုး ခေါ်ကြတာ။ ဒါပေမဲ့ ကျွန်မက မကြိုက်လို့ အေးမြတ် သီ ဆိုတဲ့ နာမည်ရင်းကို မခေါ်ရင် ထူးတာ မဟုတ်ဘူးလေ။ ဒါကြောင့် လည်း အားလုံးက စနေကျ။

ဒီနေ့တော့ သခ္ခါတစ်ပုဒ် စဉ်း စားမရ ဖြစ်နေချိန်မို့ စိတ်ကောက်ဖို့ အချိန်မရလိုက်ဘူး။ အစ်ကိုအောင်သူ လာတာကို ဝမ်းသာသွားမိတယ်။

"အတော်ပဲ အစ်ကိုအောင်သူ သခ္ခါပုစ္ဆာတစ်ပုဒ် စဉ်းစားမရလို့"

"ပုစ္ဆာကို ဖတ်ပြပါဦး"

"သကြားရည် ၁၀ အောင်စတွင် သကြား ၁၀ ရာခိုင်နှုန်း ပါဝင်၏။ သကြား ၂၅ ရာခိုင်နှုန်း ပါဝင်သော သကြားရည်ရရန် ရေမည်မျှခန်းအောင် ကျိုချက်ရမည်နည်း"

"One Unknown က အရော် အနော် ပုစ္ဆာလို့ ခေါ်တယ်၊ ပုစ္ဆာကို သေသေချာချာ စဉ်းစားပြီး လေးငါး ခါလောက် ဖတ်ကြည့်"

ကျွန်မ ပုစ္ဆာကို လေးငါးခါ လောက် သေသေချာချာ ပြန်ဖတ်ပါ တယ်။ ရတော့မှာလိုလိုနဲ့ မရပါဘူး။ ဒီတော့မှ အစ်ကိုအောင်သူက စာရှင်း ပြခဲ့တယ်။

"ဟောဒီ ပုလင်းထဲမှာ သကြား ရည် ၂၀ အောင်စ ရှိတယ်ဆိုပါတော့၊ သကြားရည်က် မချိဘူး၊ ရေများနေလို့ သကြားထပ်မထည့်တဲ့ ချိုအောင် ဘယ် လိုလုပ်မလဲ"

အနားမှာရှိတဲ့ ဟောလစ်ပုလင်း ခွံနဲ့ ရှင်းပြနေတာ။

"ရေကို ခန်းသွားအောင် ကျိုရမယ်"

"အေး ဟုတ်တယ်၊ ပုစ္ဆာမှာ ဖမ်းထားတာ အဲဒါပဲ၊ သကြားက အပြောင်းအလဲ မရှိဘူး၊ ကျိုလိုက်မယ့် ရေကို မသိကိန်းတစ်လုံးထား၊ သကြား ရည် 20 အောင်စမှာ သကြားဘယ် လောက်ပါသလဲရှာ၊ ကျိုပြီး သကြားရည် (20-x) အောင်စမှာ သကြား ဘယ် လောက်ပါသလဲရှာ၊ ရလာတဲ့ သကြား ကက အတူတူမို့ ပုစ္ဆာအရ အီကွေးရှင်း ချ ရှင်းလိုက်ရင် ရပြီပေါ့"

အစ်ကို အောင်သူ ရှင်းပြပြီး တော့ တွက်လိုက်တာ အလွယ်လေး ရယ်။ အသက်တစ်ဆယ့်သုံးနှစ် ရှစ်တန်း ကျောင်းသူ ကျွန်မအဖို့တော့ အထင် တကြီးနဲ့ အစ်ကိုအောင်သူကို ရွှန်းရွှန်း လဲ့လဲ့ ကြည့်လိုက်မိတယ်။

အနားက စာအုပ်တစ်အုပ်ကို ကောက်ဖတ်နေတဲ့ အစ်ကိုအောင်သူ က သတိထားမိဟန် မတူဘူး။ နက် မှောင်သန့်စွမ်းတဲ့ ဆံနွယ်တချို့က နဖူး ပေါ်ကို ဝဲဝိုက်ခွေရစ်လို့ကျဆင်းနေရဲ့။ ထူထဲတဲ့ မျက်ခုံး၊ ကြည်လင်တောက်ပ တဲ့ မျက်ဝန်းအစုံ။ ပေါ်လွင်ထင်ရှားတဲ့ နှာတံ၊ ပီရိသေသပ်တဲ့ နှုတ်ခမ်းပါး တွေက အစ်ကိုအောင်သူကို လူပုံချော လို့ သတ်မှတ်နိုင်အောင် ဖန်ဆင်းထား သလိုလို။

အင်း. . .

နေမင်းကြီးက အကာအကွယ်မဲ့ နေတဲ့ ကျွန်မရဲ့ ပါးပြင်ကို ပထမဆုံး အကြိမ် နမ်းရှိုက်လိုက်တော့ ကျွန်မ ဝိညာဉ်မှာ အချစ်မီးလျှံတွေ တဟုန်း ဟုန်း တောက်လောင်သွားပြီ ထင်ပါရဲ့။

✿

(၃)

ကျွန်မ ဆယ်တန်းကျောင်းသူ ဘဝမှာ အစ်ကိုအောင်သူက စစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ဖိုနဲ့မ တစ်ယောက်တိုတစ်ယောက် ချစ်တယ်ဆိုတာမှာ တစ်ဦးပေါ် တစ်ဦး အထင်ကြီး လေးစားမှုတရားဟာ အဓိကကျတဲ့ တစ်နေရာက ပါနေတာ အသေအချာပါ

ဘဝမုန်တိုင်း အကြီးအကျယ်တိုက်ခတ်ခံလိုက်ရတယ်။

မိခင်နဲ့ဖခင် ရှေ့ဆင့် နောက်ဆင့် ဆုံးပါးသွားတာပါ။ အဲဒီအချိန်ကစပြီး အစ်ကိုအောင်သူဟာ ကျွန်မတို့ မိသားစုကို ပိုပြီးတွယ်တာအားကိုးလာတယ်နဲ့ တူပါရဲ့။ အဖေနဲ့ အမေ့ကို ပိုလို့ ဂရုတစိုက်ရှိလာခဲ့ပြီး ကျွန်မတို့ အိမ်မှာ သားအကြီးဆုံး တစ်ယောက်လို ရင်းရင်းနှီးနှီး ရှိလာခဲ့တယ်။

ဆယ်တန်းကျောင်းသူ ဘဝမှာ နှလုံးသား ဝေဒနာကို ကျွန်မ နည်းနည်းတော့ ခံစားတတ်လာပြီ။ အစ်ကိုအောင်သူရဲ့ ဘဝကို စာနာစိတ်နဲ့ ခံစားမိရင်း သံယောဇဉ်ပိုလို့ ငြိတွယ်သွားတယ်ထင်ပါရဲ့။

အစ်ကို့ဝေယျာဝစ္စတွေ လုပ်ကိုင်ပေးရင်း အစ်ကို့ အဝတ်အစားတွေ လျှော်ဖွတ်မီးပူတိုက်ရင်း သီချင်းလေး တအေးအေးနဲ့ စိတ်ကူးယဉ်ရတာ စိတ်ချမ်းမြေ့ဆုံး အချိန်တွေပါ။

ကျွန်မ ဆယ်တန်းဖြေဖို့ သုံးလလောတ်အလိုမှာ အစ်ကိုအောင်သူက ပြောပါတယ်။

"စာမေးပွဲ နီးနေပြီနော်၊ ကျန်တာတွေ အားလုံးလျှော့ပြီး စာကို ပြင်းပြင်းထန်ထန် လုပ်တော့"

"ဟာ အစ်ကိုကလည်း သုံးလတောင် လိုသေးတာ"

"အဲဒါ ခက်တာပေါ့။ သခ္ခါတွေ သင်ထားပြီး ဦးနှောက်ကို မသုံးတာသုံးလ ဟုတ်လား၊ ကဲ ရက်ပေါင်း ဘယ်လောက်လဲ"

"ကိုးဆယ်လေ"

"အေး ရက်ပေါင်း ကိုးဆယ်၊ ခြောက်ဘာသာဆိုတော့ တစ်ဘာသာ စာကြည့်ရက်က ဆယ့်ငါးရက်၊ ညည်း တစ်ဘာသာ ဆယ့်ဇီးရက် စာကြည့်ပြီး ဝင်ဖြေရင် မှန်းသလောက် ဖြစ်ပြီလား"

ကျွန်မ ဘာပြောရမှန်း မသိတော့။

ဟုတ်ပါရဲ့၊ တစ်ဘာသာကို ဆယ့်ငါးရက်နဲ့အပြီး ကြည့်ရတော့မှာ။ စာမေးပွဲက တကယ့်ကို နီးနေတာကလား။

အစ်ကိုအောင်သူက ပြက္ခဒိန် တစ်ခုရဲ့ နောက်ကျောမှာ အကွက် ကိုးဆယ်ဆွဲပြီး တစ်ဘာသာ ဆယ့်ငါးရက်နဲ့ စာကြည့်ရမယ့် နေ့တွေ ခွဲပေးပါတယ်။ စာမေးပွဲ ဖြေမယ့်ရက် ရောက်တဲ့အထိပါပဲ။ စာကြည့်စားပွဲမှာ ကပ်ပေးထားပြီး တစ်ရက်ပြီး တစ်ရက် ဆော့ပန်နဲ့ ခြစ်ပစ်ရတော့ နေ့စဉ် စာကြည့်ဖို့ ကျွန်မကို ခြိမ်းခြောက်နေသလိုပေါ့။

ကဲ အဲဒီလို အမြှောက်အမြင့်နဲ့ ကျွန်မကို လွှမ်းမိုးနေတဲ့ အစ်ကို့ အောင်သူကို ချစ်မိတာ ဆန်းလို့လား။

တကယ်တော့ ဖို့နဲ့မ တစ်ယောက်ကိုတစ်ယောက် ချစ်တယ်ဆိုတာမှာ တစ်ဦးပေါ် တစ်ဦး အထင်ကြီး လေးစားမှုကလည်း အဓိကကျတဲ့ တစ်နေရာက ပါနေတာ အသေအချာပါ။

✿

(၄)

ကျွန်မ ဆယ်တန်းအောင်ပါပြီ။

အစ်ကို့အောင်သူရဲ့ ကျေးဇူးလား ပါတာပေါ့။

အဖက်ဖက်က ထိန်းကျောင်းပေးတဲ့အပြင် စာကြည့်ဖို့ ဆွဲပေးခဲ့တဲ့ အချိန်ဇယားကလည်း တကယ့်ကို ထိထိရောက်ရောက် ရှိခဲ့တာဖြစ်လို့။

အစ်ကိုက ဆယ်တန်းအောင်လို့ လက်ဆောင်ပစ္စည်းတွေ ဝယ်ပေးပါတယ်။ လက်ဆောင်တွေ ပေးရင်း ကျောင်းဆရာမကြီး ဖြစ်စေချင်တယ်ဆိုတဲ့ အစ်ကို့ဆန္ဒစကား တစ်ခွန်းက ကျွန်မရင်မှာ အစွဲငြိဆုံး လက်ဆောင်ဆိုလည်း မမှားဘူး။

ဒါကြောင့် လည်း ပညာရေးတက္ကသိုလ်ကို ဦးစားပေးလျှောက်ခဲ့ပါတယ်။ ဝင်ခွင့်ရတဲ့နေ့က ကျွန်မ ပျော်လိုက်တာ။ ကိုယ့်အောင်မြင်မှုထက် အစ်ကို့အောင်သူ ပျော်နေတာကို ကြည့်ပြီး ပိုတိုဖြစ်လွန်းလို့။

တကယ်တော့ အစ်ကိုအောင်သူဆန္ဒက ကျွန်မ ဆန္ဒပဲမဟုတ်ပါလား။ အစ်ကိုအောင်သူက ကျွန်မ ချစ်သူလေ။

ကျွန်မ တက္ကသိုလ် ဒုတိယနှစ် အရောက်မှာ ဘဝရဲ့ တစ်ဆစ်ချိုး အကွေ့တစ်ကွေ့နဲ့ ဆုံခဲ့ရတယ်။ အစ်ကို အောင်သူ တစ်ယောက် စာရင်းစစ်မှုမှာ အလုပ်ရပြီး နယ်မှာ တာဝန်ထမ်းဆောင်ရတာပါ။

သိတတ်တဲ့ အရွယ်မှာတည်းက ကောက်ရခဲ့တဲ့ အစ်ကို ချစ်သူတစ်ယောက် ရုတ်တရက်ဗျောက်သွားတော့ တိမ်ညို တိမ်မည်းတွေ ဖုံးအုပ်ခံလိုက်ရသလို ကျွန်မဘဝ မှောင်နဲ့မည်းမည်းပါ။

ဒါပေမဲ့ တော်ပါသေးရဲ့။ တိမ်ညို တိမ်မည်းတွေကြားက ထိုးထွက်လာတဲ့ သက်တန့်လေးကြောင့်လေ။ အဲဒါက ကျွန်မ ရင်ထဲက အချစ်ဆိုတာပေါ့။

မှောင်နေလည်း ချစ်နေဆဲ
လင်းနေလည်း ချစ်နေဆဲ
သူမရှိလည်း ချစ်နေဆဲ
သူရှိလည်း ချစ်နေဆဲ
သူမသိလည်း ချစ်နေဆဲ
သူသိလည်း ချစ်နေဆဲ . . .

ကျွန်မလေ ချစ်သူကို မျှော်လင့်ရင်းနဲ့ ဘဝခရီးလမ်းကို ဆက်လျှောက်ခဲ့ပါတယ်။

✿

www.burmeseclassic.com

www.burmeseclassic.com

(၅)

ကမ္ဘာလောကကြီးက အိုးထိန်းတော်လို ချာချာလည်လို့။

သက်ရှိ သက်မဲ့ အရာဝတ္ထုအားလုံးကတော့ ရုတ်တရက် ရပ်နေသယောင်ယောင်။ ကြားလိုက်ရတဲ့ သတင်းကြောင့်။

အစ်ကိုအောင်သူ အိမ်ထောင်ပြုလိုက်ပြီတဲ့။ ကျွန်မ နောက်ဆုံးနှစ် ကျောင်းသူ ဘဝမှာပါ။

အိမ်ထောင်မပြုမီက အစ်ကိုအောင်သူ အိမ်ပြန်လာပြီး တစ်ဆယ့်ငါးရက်လောက် နေသွားပါသေးတယ်။ ထွန်မက မသိခဲ့တော့ ပျော်လိုက်ကာ၊ နောက်ဆုံးနှစ် ကျောင်းတို့ မူကြိုကလေး တစ်ယောက် အစ်ကိုအောင်သူက ဂရုစိုက်ခဲ့တယ်။

အဲဒီတုန်းက ကျွန်မတို့ မိသားစု လေးယောက်လုံး တော်တော်ပျော်ခဲ့ကြတာပါ။ ကျွန်မတို့ရဲ့ အပျော်က နောက်နှစ်လလောက် အကြာမှာတော့ အစ်ကိုအောင်သူ လက်ထပ်လိုက်ပြီ ဆိုတဲ့ သတင်းကြောင့် ကြက်ပျောက် ငှက်ပျောက်ပါ။

ဘဝမှာ ပထမဆုံးအကြိမ် ဆုံးရှုံးခဲ့ဆိုတာ ရင်ထဲကို ထဲထဲဝင်ဝင် စူးစူးနစ်နစ် ထိုးဖောက်ခြင်း ခံလိုက်ရတာ။ လောကကြီး တစ်ခုလုံး ဟင်းလင်းပြင်ကြီးဖြစ်လို့။ ပတ်ဝန်းကျင် တစ်ခုလုံး တိုဘာမှ မဖြစ်သလို ဟန်ဆောင်ထားခဲ့ပေမယ့် နှလုံးသား ဝိညာဉ်ရဲ့ တစ်နေရာမှာတော့ နာကျင်မှုက တဆစ်ဆစ်နဲ့။ ခံသားတစ်စုလုံး ဘာမှမဝေဖန်ပေမယ့် စိတ်မကောင်းဖြစ်ခဲ့ကြတာတော့ အသေအချာ။

ကျွန်မ အစ်ကိုအောင်သူကို မုန်းချင်လိုက်တာ။ မေ့ချင်လိုက်စာ။

တစ်ခါမှ မသိဖူး မခြင်ဖူးတဲ့လူ ဖြစ်စေချင်လိုက်ကာ။

နှလုံးသားထဲက အစ်ကို အောင်သူရဲ့ ပုံရိပ်ကို ဖျက်ဆီးပစ်ချင်လိုက်တာ။

ဒါပေမဲ့ပေါ့။ အစ်ကိုအောင်သူက ကျွန်မဘဝမှာ ဘယ်လိုမှ ဖျောက်ဖျက်လို့ မရနိုင်တဲ့ ချစ်ဝိညာဉ် တစ်ခု မဟုတ်လား။ အရိပ်တစ်ခုလို သွားလေရာကို အမြဲကပ်ပါနေမှာ။

သူက ကျွန်မ ချစ်သူကိုး။

✿

(၆)

ကျွန်မ အထက်တန်းပြဆရာမ ဘဝမှာ အဖေ ဆုံးပါတယ်။ အစ်ကို အောင်သူက အစစအရာရာ ဦးဆောင်ပေးခဲ့ပေမယ့် ကြာကြာ မနေနိုင်ခဲ့ဘူး။ သူ အိမ်ထောင်နဲ့သူလေ။

အဖေဆုံးပြီးတဲ့နောက် ကျွန်မ ဘဝထဲကို ဝင်လာသူကတော့ ကျွန်မရဲ့ အိမ်ဦးနတ် (သို့) ဆရာဦးသိန်းဝင်း။ စ်ကျောင်းတည်း လုပ်ဖော်ကိုင်ဖက် တွေမို့ တစ်ယောက်အကြောင်း တစ်ယောက်ကောင်းကောင်းသိပြီးသား။

ဦးသိန်းဝင်းက တစ်ခါ တစ်ခါ ဂွတ်တရွတ် နိုင်တတ်တာက လွဲလို့ လူမိုးလူအေး တစ်ယောက်ပါ။

ဒါပေမဲ့ ကျောင်းသားကို ဆုံးမတဲ့အခါတိုင်း သူက ကျောင်းသားဘက်က။ ကျွန်မတို့လည်း ကျောင်းသား ကျောင်းသူကို သံယောဇဉ်ရှိတဲ့ ဆရာမတွေပါ။ သူကတော့ လွန်တယ်ထင်ပါရဲ့။ ဆိုးတဲ့ပေတဲ့ ကျောင်းသားတွေက သူတပည့်တွေပေါ့။ သူနဲ့တော့ တရုန်းရုန်း ကျွန်မတို့က မျက်စိစပါးမွေး စူးရော။

ကဲ ကြည့် မောင်ခင်ဇော် ကိစ္စ။

မောင်ခင်ဇော်က ကျောင်းပျက်များတယ်။ စာကတော့ အလယ်အလတ်ပါ။ လိမ္မာတဲ့ အုပ်စုမှာတော့ မပါတဲ့ ကျောင်းသား တစ်ယောက်။ တစ်နေ့မှာတော့ ကျွန်မတို့ တစ်တန်းလုံး ခွေးလေးယာသီး ဘယ်သူ သုတ်ထားမှန်း မသိဘူး။ တစ်တန်းလုံး နေမထိထိုင်မသာဖြစ်ပြီး နောက်ဆုံး အားလုံး ပြန်လွှတ်လိုက်ရတယ်။ ဆရာ ဆရာမ တချို့လည်း ထိကုန်ပါတယ်။

ပြဿနာကို စစ်လိုက်တော့ တရားခံက မောင်ခင်ဇော်၊ သူကိုယ်တိုင် ဝန်ခံတာ။

မောင်ခင်ဇော်က ဖြောင့်ကွယ်လေး သူယူလာတာပါ။ တစ်တန်းလုံး ဒုက္ခပေးဖို့ မဟုတ်ပါဘူး။ ဘယ်လိုဖြစ်ပြီး တစ်တန်းလုံး ပေသွားတာလဲတော့ သူ မသိပါဘူးပေါ့။

ကျောင်းအုပ်ကြီးက မှတ်လောက်သားလောက်အောင် ဒီကလေးကို ကျောင်းထုတ်မယ်၊ ဒါပေမဲ့ ကလေးဘဝ မပျက်သွားအောင် သူ့ မိတ်ဆွေရဲ့ ကျောင်းမှာ ပြန်အပ်ပေးလိုက်မယ်လို့ တိုင်ပင်ပြီး ကျောင်းထုတ်ဖို့ စီစဉ်ပါရော။ အဲဒီမှာတင် ဆရာဦးသိန်းဝင်းက တစ်စခန်း ထတော့တာ။

ကျောင်းထုတ်ခံရတယ် ဆိုတဲ့ နာမည်ဆိုးက ကလေးဘဝမှာ သေရာပါသွားနိုင်တဲ့အကြောင်း၊ ကလေးတစ်ယောက်ရဲ့ ဘဝကို အဆိုးဘက် ယိုင်သွားနိုင်ကြောင်း၊ မောင်ခင်ဇော် မဆိုးဖို့ သူတာဝန်ယူကြောင်းနဲ့ ကန့်ကွက်ပါရော။

နောက်ဆုံး တိုတိုပြောရရင် ဦးသိန်းဝင်း အာမခံချက်နဲ့ မောင်ခင်ဇော် ကျောင်းထုတ်မခံခဲ့ရဘူး။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီနှစ်က မောင်ခင်ဇော် ဆယ်တန်းအောင်သွားခဲ့သလို ဦးသိန်းဝင်းကလည်း ထာဝရ မောင်ခင်ဇော်ရဲ့ဆရာဖြစ်သွားခဲ့တယ်ပေါ့။

ဦးသိန်းဝင်းက အဲဒီလို မျိုးဆရာ။

တကယ်တမ်း အဖြစ်မှန်က ခင်ဇော်တစ်ယောက်တည်း မဟုတ်ဘူး။ ယူလာတာက တစ်ယောက်။ ဟိုလူစ ဒီလူစနဲ့ တစ်တန်းလုံး ပျံ့ကုန်တာ။ ကျောင်းပြန်လွှတ်ရတဲ့အထိ ဖြစ်လာတော့ ခင်ဇော်ကိုသူငယ်ချင်းတွေက ဝိုင်းတောင်းပန်လို့ ခင်ဇော်က ဝန်ခံလိုက်ရတာ။

မုဆိုးမသား စက်ရုံ တစ်ရုံမှာ ဘောလုံးကန်ပြီး ရတဲ့ငွေနဲ့ ကျောင်းတက်နေရတဲ့ ခင်ဇော်က အားလုံးကိုယ်စား အနစ်နာခံလိုက်တာ။

ဆရာဦးသိန်းဝင်း ကယ်ပေလို့။

✿

(၇)

"ဆရာမရယ် ကျွန်တော်က ဆွေမရှိ မျိုးမရှိနဲ့ တစ်ကောင်ကြွက်လို ဘဝမျိုးပါ။ အဖေအမေနဲ့ ညီမလေးက တောမှာ၊ ကျွန်တော့်ဆီကို တစ်လတောင် မနေနိုင်ဘူး၊ ကျွန်တော်ကလည်း ဟိုအိမ်နေ ဒီအိမ်နေနဲ့ ဆယ်တန်း အောင်ပြီး ဆရာဖြစ်လာတာ၊ ရွာပြန်နေဖို့လည်း မဖြစ်နိုင်ဘူး"

တစ်နေ့ အမှတ်တွေစုံ ဖျက်ရင်း သူ့ဘဝအကြောင်း တစ်စွန်းတစ်စ ပြောပြဖူးတယ်။

မိဘဆွေမျိုး ရှိရက်နဲ့ အဖော်ဝတ်နေတော့ နီးစပ်ရာ ကျောင်းသားတွေကို ခင်နေတာ ထင်ပါရဲ့။

ကျွန်မ အဖေဆုံးပြီး လေးငါးလလောက်အကြာမှာ ဆရာဦးသိန်းဝင်းက ကျွန်မကို ချစ်ခွင့်ပန်လာပါတယ်။

မရိုးမသား အကြင်နာမျက်ဝန်းနဲ့ အကြည့်တွေ အပြောတွေကိုတော့ ကျွန်မသိတာ ကြာပြီ။

"ဆရာမရယ်၊ ကျွန်တော်တို့ ကလေးတွေ မဟုတ်တော့လို့ အရှည်ကြီးကွေ့ပတ်ပြောဖို့ မလိုဘူးထင်ပါရဲ့၊ ကျွန်တော် ဆရာမကိုလက်ထပ်ပါရစေတဲ့"

ကဲ- ကြည့် အဆင့်တွေ ကျော်လိုက်ပုံက ဘာမပြော ညာမပြောနဲ့။ ပြောမယ့် ပြောတော့ လက်ထပ်ပါရစေတဲ့။

ကျွန်မ ရယ်ချင်စိတ်ကြောင့် စိတ်ဆိုးဖို့ သတိမရလိုက်ဘူးထင်ပါရဲ့။

"ဆရာကလည်း ကျွန်မတို့ ဘာမှ မဖြစ်သေးဘူး၊ လက်ထပ်ပါရစေဆိုတော့ ဟင်း ဟင်း ဟင်း"

ရယ်ချင်စိတ်ကြောင့် ရှက်ရမှန်း တောင် မသိလိုက်ဘူး။

"အဲ ဟို ကျွန်တော်. . . "

"တော်ပါတော့ ဆရာရယ်၊ လူကြားရင် ရယ်နေပါဦးမယ်"

ဆရာ ဦးသိန်းဝင်းကို တစ်ယောက်တည်း ထားရစ်ပြီး ဆရာများ နားနေခန်းထဲက ထွက်ခဲ့ပါရော။

တကယ်တော့ အသက်အစိတ်ကျော် သုံးဆယ်နားနီးနေတဲ့ ကျွန်မတို့အတွက် အိမ်ထောင်ရေးကို စဉ်းစားမယ်ဆိုရင် ဒီအချိန်က အသင့်တော်ဆုံး မဟုတ်လား။ အမေကလည်း တိုက်တွန်းနေ အခြေအနေကလည်း ပေးဆိုတော့ ကျွန်မ ဦးနှောက်နဲ့ စဉ်းစားခဲ့ရတာပေါ့။

ကျွန်မလေ သူ့ကို စကားလုံးလှလှတွေသုံးပြီး မချစ်ခဲ့ပါဘူး။

လှာဖျားလေးနဲ့လည်း ချစ်ခဲ့တာ မဟုတ်ဘူး။

သစ္စာရှိတဲ့ အသည်းနှလုံးနဲ့သာ ချစ်ခဲ့တာပါ။

✿

(၈)

လူဘဝရဲ့ အပျော်ဆုံးနေ့ ဆိုတာတွေမှာ မင်္ဂလာဆောင်တဲ့နေ့လို့ ထည့်ထားတာ စဉ်းစားစရာနော်။ ကိုယ်တွေ့မို့ ပြောတာ။

မင်္ဂလာဆောင်တဲ့နေ့က ပျော်လား၊ ဘယ်လိုခံစားရလဲလို့ မေးရင် ကျွန်မက ပြုံးရုံလေးပြုံးပြပြီး ရယ်ကျဲကျဲလေး လုပ်နေရမယ် ထင်ပါရဲ့။ ကျွန်မ တကယ်မသိလို့။

ကျွန်မရဲ့ လက်ထပ်ပွဲကို ကျွန်မချစ်သူ အစ်ကိုအောင်သူ ရောက်မလာဘူး။ ဖိတ်စာပို့လိုက်ပေမယ့် စာရင်းစစ်ကိစ္စနဲ့ ခရီးလွန်နေလို့တဲ့။ လက်ဖွဲ့ပစ္စည်းသာ ပို့လိုက်တာ။ သူရောက်လာခြင်း မလာခြင်းကလည်း မထူးခြားဘူးထင်ပါတယ်။

ဒီလိုနဲ့ ကျွန်မနဲ့ ကျွန်မချစ်သူ တဖြည်းဖြည်း ဘဝခြားခဲ့ရတာလေ။

ကျွန်မရဲ့ အိမ်ထောင်ရေးက ကံကောင်းပါတယ်။ ဆရာက ကျွန်မကို အစစအရာရာ ဂရုတစိုက် ရှိသလို ရိုးသားတည်ကြည်ဖြောင့်မတ်သူလည်း ဖြစ်ပါတယ်။ အစ်ကိုအောင်သူကိုတော့ ဝမ်းကွဲအစ်ကိုလို့ သိထားပြီး လေးလေးစားစားလည်း ရှိပါတယ်။

ကျွန်မတို့သားလေး မြောက်နှစ်သားလောက် အရွယ်မှာ ကျွန်မမိခင်ကြီး ကွယ်လွန်ခဲ့ပါတယ်။ အမေဆုံးတော့ အစ်ကိုအောင်သူ ရောက်လာပြီး အစစအရာရာ ဦးဆောင်လို့ စိမံပေးပါတယ်။

ခင်ပွန်းသည်နဲ့ သားနဲ့ ကျွန်မကို မြင်တော့. . .

"ညီမဘဝကို အခုလို အိုးနဲ့ အိမ်နဲ့ မိသားစုနဲ့ မြင်ရတော့ အစ်ကို ဝမ်းသာလိုက်တာ" တဲ့။

ကျွန်မ ဘာမှ ပြန်မပြောခဲ့ဘူး။

အစ်ကို့ အိမ်ထောင်ရေးကတော့ အေးတိအေးစက်ပုံစံ ထင်ပါရဲ့။ သားသမီးလည်း မထွန်းကားတော့ ပိုပြီး စိမ်းနေကြတာများလား မသိ။ နှစ်ယောက်လုံးက အရာရှိကြီးတွေမို့ စီးပွားရေးကလည်း ပြောစရာမလိုပါဘူး။

ကျွန်မ မိခင်ကြီး ဈာပနရက်လည်ပြီးတော့ အစ်ကိုအောင်သူ နှစ်ရက်လောက်နေပြီး ပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

မိခင်ကြီးဆုံးပါးခဲ့တာ မီးစာကုန်ဆီခန်း ဘဝမို့ အရာရာကို ဖြေသိမ့်ထိန်းသိမ်းနိုင်ခဲ့ပေမယ့် အစ်ကိုအောင်သူကို ပြန်ခါနီး မိသားစုကန်တော့ကြတဲ့ အခါမှာတော့ ကျွန်မရင်ထဲမှာ လှိုက်တက်လာတယ်။ ဝမ်းနည်းစိတ်ကို ထိန်းမရချင်တော့။

ဧည့်သည်တွေ၊ ဆွေမျိုးတွေ မရှိတော့တဲ့ ကျွန်မတို့အိမ်က ကန္တာရကြီးလို သွေ့ခြောက်သွားလေရဲ့။

အမှောင်ထု ကြီးစိုးလာတဲ့ ည အချိန်မှာ ကျွန်မတို့ မိသားစုသုံးယောက်ကို တိတ်ဆိတ်ခြင်းက လွှမ်းခြုံထားပါပြီ။ ဧည့်ခန်းမှာထိုင်ရင်း ရင်ထဲက အတွေးပေါင်းစုံနဲ့ မျက်ရည် ကျမိပါတယ်။ ကျွန်မ ခင်ပွန်းက အနားကို ရောက်လာပြီး ကျွန်မကို သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်ပြီး. . .

"အေး၊ ရင်ထဲမှာ ပေါ့သွားအောင် ငိုလိုက်ပါလား၊ ထိန်းထားရလွန်းလို့ အေး ပင်ပန်းနေပြီ" တဲ့။

ကျွန်မ ခင်ပွန်းက နှစ်သိမ့်ပေးပါတယ်။ ကျွန်မ အားရအောင် ငိုလိုက်မိတယ်။ အဆိုးဆုံး အကျဉ်းထောင်ထဲကို ရောက်နေသလို ဖြစ်နေမိလို့။

တကယ်တော့လည်း အဲဒါက ပိတ်လှောင်ခံထားရတဲ့ အသည်းနှလုံးကြောင့်များလား မသိ။

ကျွန်မ ခင်ပွန်းသည်ရဲ့ ရင်ခွင်ထဲကနေပြီး ကျွန်မ ချစ်သူကို သတိရနေမိရဲ့။

✿

(၉)

ကျွန်မက ချစ်သူကို ချစ်သူလို့ သတ်မှတ်ပြီး ကျေနပ်ခဲ့ရုံက လွဲလို့ အိမ်ထောင်ဖက် အပေါ်မှာ 'ဆံခြည်မျှင်တစ်လုံးစာမျှ သစ္စာ မဖောက်ခဲ့ပါဘူး။ ဝတ္တရားမပျက်ခဲ့ဘူး။ ဆရာကလည်း တကယ့်ကို နိုးသားဖြူစင်ပြီး အိမ်ထောင်တာဝန်ကျေပွန်တဲ့ ခင်ပွန်းကောင်း တစ်ယောက်ပါ။

ကျွန်မဘဝတစ်လျှောက်လုံးမှာ ဆရာ့ကြောင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲပြွတ်သိပ်မှုမျိုး မရှိခဲ့ဘူး။ ဆရာ့ကိုလည်း ကျွန်မ ဘာဒုက္ခမှ မပေးခဲ့ဘူး။ သားလေး တစ်ယောက်နဲ့ သိပ်ကို ကျေနပ်စရာကောင်းတဲ့ အိမ်ထောင်ရေးပေါ့။

ဒါပေမဲ့ သုခီရလောကကြီးရဲ့ မမြဲတဲ့ သဘောအတိုင်း ဆရာ အသက် ငါးဆယ့်ငါးနှစ်အရွယ်မှာ အသည်းကင်ဆာဝေဒနာနဲ့ လောကကြီးကို စွန့်ခွာသွားခဲ့ပါတယ်။ သားတစ်ယောက်နဲ့ ကျွန်မဘဝက သောင်ပြင်လွှတ်တဲ့ ခွေးတစ်ကောင်လို ဘဝမျိုး။

ဆရာဆုံးတော့ အစ်ကိုအောင်သူ ချက်ချင်း ရောက်လာပြီး ကျွန်မ ခင်ပွန်းသည်ရဲ့ ဈာပနကို ကျင်းပပေးပါတယ်။

ကျွန်မကတော့ အရုပ်ကြိုးပြတ်ပေါ့။

ဈာပန ရက်လည်ပြီးတဲ့နောက် ပိုင်းမှာတော့ သားအမိနှစ်ယောက်တည်း။ သားက သူ့အခန်းထဲမှာ သူစာကို သူလုပ်နေတော့ ကျွန်မက အထီးကျန် တစ်ယောက်တည်း။

ဆရာရဲ့ ဓာတ်ပုံကို ကြည့်ရင်း အလိုလို ဒူးထောက်လို့ လက်အုပ်ချီလိုက်မိတယ်။ အပြစ်များရှိခဲ့ရင် ခွင့်လွှတ်ဖို့ အကြိမ်ကြိမ် တောင်းပန်ရင်း သည်းသည်းထန်ထန် ငိုရှိုက်လိုက်မိပါတော့တယ်။

ကျွန်မ ဆရာ့ကို မြတ်နိုးတမ်းတမိတာ အမှန်ပါ။

✿

(၁၀)

"ဟော - ဘကြီး ပြန်လာပြီ မေမေရေ"

သားရဲ့ အသံကြောင့် ဘုရားဝေယျာဝစ္စလုပ်နေရာက အိမ်ရှေ့ကို ထွက်လိုက်တော့ အထုပ်အပိုးတွေနဲ့ အစ်ကို အောင်သူကို တွေ့လိုက်ရပါတယ်။

"မနက်မှ ရောက်မယ်ထင်နေတာ၊ အရင်က မနက်ပိုင်းမှ အရောက်ဆွမ်းကျွေးပြီး ရေစက်ချ စခန်းသိမ်းတာ"

"ဟုတ်တယ်၊ ဆရာတော်က နောက်တရားစခန်း တစ်ခုအတွက် ခရီးထွက်စရာရှိလို့ ဒီညနေပိုင်း စခန်းသိမ်းရတာ"

အစ်ကို အောင်သူက တစ်လတရားစခန်းက ပြန်လာတာ။

"ကောင်းပါတယ် ဘကြီးရယ်၊ မနက်ဖြန် ဖေဖေ ဆယ်နှစ်မြောက်ပွဲကို ရေစက်ချပေးနိုင်တာပေါ့၊ ဘကြီးလည်း နားရတာပေါ့နော်"

အင်း- မနက်ဖြန်ဆို ဆရာဆုံးတာ ဆယ်နှစ်ပြည့်တော့မယ်။ အခုတော့ ကျွန်မတို့ အသက်တွေလည်း ကြီးပြီပေါ့။ လွန်ခဲ့တဲ့ ငါးနှစ်က ဇနီးသည် အနိစ္စရောက်လို့ တစ်ယောက်တည်း ဖြစ်နေတဲ့ အစ်ကိုအောင်သူ ကျွန်မတို့ သားအမိအိမ် ရောက်လာခဲ့တယ်။

ကျွန်မဘဝထဲကို ဒုတိယအကြိမ် ရောက်လာတာဆိုလည်း မမှားပါဘူး။

အခုတော့ ကျွန်မတို့ မိသားစုမှာ တစ်ဦးထဲက တစ်ဦး ဘာမျှော်လင့်ချက်မှ မရှိတဲ့ ဖြူစင်တဲ့ မေတ္တာတရားနဲ့ ရစ်ပတ်နှောင်ဖွဲ့မိခဲ့ကြပါပြီ။

အိပ်မက်ထဲမှာ ဘယ်နှကြိမ်မှန်း မသိအောင် လွှင့်ဝဲပျံသန်းခဲ့ရာက အခုတော့ ကျွန်မ မျက်စိရှေ့မှာ ကိုယ်ထင်ပြလာပါရော့လား။ အားလုံးကတော့ ပြီးဆုံးခဲ့ပါပြီ။

အခု ကျွန်မပြောတာ ကျွန်မနဲ့ ကျွန်မ ချစ်သူ အကြောင်းပါ။

ရှင်တို့ကော ရှင်တို့ချစ်သူ ဘယ်သူဆိုတာ သေသေချာချာ သိရဲ့လား။ စဉ်းစားကြည့်ပါဦးနော်။

တောင်တွင်းကိုရင်ညြ

❑

www.burmeseclassic.com

www.burmeseclassic.com



ဝါဒကာခဲ့သည်းလား

ဒဂစားထိုးချစ်လည်း ဝါကျနယ်ပါတယ်

ကျွဲပဲနဲ့အတူ မွေးချင်းပေါက်ဖော်လေးကောင်ရှိတာမို့ ကြောင်ခုတင်ဖြစ်တယ်။ လာဘ်ကောင်းတယ်လို့ အိမ်ကိုအလည်လာတဲ့လူတွေက ပြောကြတယ်။

အဲဒါကြောင့် သခင်မေမေကြီးက ထီတစ်ခါ ပေါက်လိုက်သေးတယ်။ သိပ်တော့မများပါဘူး။ ငါးသောင်းဆုလို့ ဆိုတယ်။ ဒါကတော့ အတိတ်ကံက ပေးသလောက်ပဲ ရမှာပေါ့လေ။

သခင်ဘကြီးကလည်း လွန်ခဲ့တဲ့ (၂၅)နှစ်လောက်က ရှောင်းခဲ့တဲ့ အိမ်တစ်လုံးကို နာမည်ပြောင်းတဲ့ကိစ္စ လိုက်လုပ်ပေးခဲ့တာ လှက်ဖက်ရည်ဖိုး ငွေခြောက်သိန်းခွဲ ပေးသွားလို့ ရလိုက်တယ်ဆိုပဲ။ အရင်းမရှိ အချောင်ရလိုက်တာနှစ်ခု တိုက်ဆိုင်စွာ လာဖြစ်ခဲ့တာပေါ့။ ထူးခြားနေတာကတော့ အမှန်ပါ။

ဘယ်လိုပဲဖြစ်ဖြစ် ကျွဲပတို့ မောင်နှမ လေးကောင် ကြောင်ခုတင်ဖြစ်အောင် ကျွဲပတို့အမေညောင်ညောင်လို့ အမည်ရသူက မွေးပေးလို့ သူတို့ခုလို ကုသိုလ်ကံကောင်းတာ ကြိုရတယ်လို့ ယုံကြည်ကြတော့ ကျွဲပတို့မိဘများစုတိရစ္ဆာန်ဘဝ လာဖြစ်ရပေမယ့် မျက်နှာကောင်းရတယ်။

သခင်တွေက ကြည်ဖြူကြလို့ ကောင်းကောင်းစား၊ ကောင်းကောင်းနေရတာမို့ အဆိုးထဲက အကောင်းလို့ ဆိုနိုင်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

အမေညောင်ညောင်က ဦးဆုံးမွေးလိုက်တာ ဖြူလုံး၊ ပြီးတော့ မဲလုံးဖြစ်ပြီး နောက်မှာ ငအော်ဆိုတဲ့ ကျူပ်ကိုမွေးတယ်။ နောက်ဆုံးပိတ် မွေးလိုက်တာက တော့ ညီလေးငပိန့်ဖြစ်လို့ အားလုံးပေါင်း လေးကောင်မှာ အထီးနှစ်ကောင်၊ အမ နှစ်ကောင် ညီတူမျှတူဖြစ်တယ်။

အရင်မွေးတဲ့ ဖြူလုံးနဲ့ မဲလုံးဆိုတဲ့ အမ နှစ်ကောင်ကတော့ သန်မာကြပါတယ်။ ကျူပ်ဆိုတဲ့ ငအော်ကျတော့ သိပ်မသန်မာပါဘူးဗျာ။ ကျူပ်ထက် ပျော့တာကတော့ နောက်ဆုံးမှမွေးလိုက်တဲ့ ငပိန်လေ။ နာမည်ကိုသာ ကြည့်ပါတော့။

ကျူပ်ကတော့ သခင်ထွေက အစာကျွေးတော့မယ်ဆိုရင် အလွန်အော်တတ်လို့ 'ငအော်'လို့ နာမည်မှည့်တာဆိုပဲ။

အမေ ညောင်ညောင်ရဲ့ နို့ကို အပြိုင်လုပြီး စို့ကြတဲ့အခါမှာ ကျူပ်နဲ့ အတူ ဖြူလုံး၊ မဲလုံးတို့က ရအောင် ပြန်ငြင်းပေမယ့် ဗလသေးငယ်တဲ့ ငပိန်က နို့ရအောင် မစို့နိုင်တာ များတယ်။ ကြာလာတော့ ဒီကောင် အာဟာရပြတ်ပြီး လမ်းတောင် မလျှောက်နိုင်အောင် ဖြစ်သွားတယ်။

အဲဒီတော့ သခင်မေမေကြီးက နို့မှန့်ဝယ်ကြိုး နို့မှန့်ဖျော်တိုက်ရတယ်။ အဲဒီတော့မှ ဒီကောင့် အခြေအနေ တိုးတက်လာပြီး လမ်းပြန်လျှောက်နိုင်တော့တယ်။ အဲဒီကတည်းက သခင်မေမေကြီး နို့မှန့်ဖျော်တိုက်ရတာ အမြဲလိုလိုပဲ။

သိပ်မကြာဘူးဗျာ . . . အမေညောင်ညောင်က ကျူပ်တို့ကို နို့လည်း မတိုက်နိုင်ဘူး။ သူလည်း အစာမစားတော့ဘူး။ ဝပ်ပြီး နေရာက မရွှေ့ဘူး။ သခင်မေမေကြီးရဲ့သား သခင်အစ်ကို ကြီးက ကျူပ်တို့ အမေညောင်ညောင်ကို ပွေ့ယူလိုက်ရင်း . . .

"ဟာ . . . ညောင်ညောင် နေ မကောင်းဘူး၊ ကိုယ်တွေ့ပူနေတယ်၊ ဖျား နေတာပဲ၊ ဆေးထိုးပေးမှ ဖြစ်မယ်"

သခင်အစ်ကိုကြီးက ဆရာဝန် တစ်ယောက်ဖြစ်တာမို့ အမေ ညောင်ညောင်ကို ဆေးထိုးပေးလိုက်တာနဲ့ အမေညောင်ညောင် နေကောင်းသွားလို့ ကျူပ်တို့ နို့ကောင်းကောင်းပြန်စို့ရတယ်။ အဲဒီနောက် ကျူပ်က ဖျားလို့ သခင် အစ်ကိုကြီးက ဆေးထိုးပေးရပြန်တယ်။

ဆေးထိုးလို့ နေကောင်းပြီးမကြာဘူး၊ ကျူပ်ဟာ အီးတွေပန်းပြန်ရော။ တစ်အိမ်လုံး ပလဲကုန်တော့တာပေါ့။ သခင်မေမေကြီးကပဲ သန့်ရှင်းရေး လုပ်ရလို့ ကျူပ်ကို သိပ်မကြည်ဘူး။

အန္တရာယ်ကို လွယ်မထားနိုင်လို့ ခုလိုဖြစ်ကိုန်ရတာ၊ ကျူပ်လည်း စိတ် မကောင်းပါဘူးဗျာ။ တကယ်ပါ။

ခုဆိုရင် ငပိန်ကတောင် ကျူပ် ထက် ပိုသန်မာပြီး အားကောင်နေပြီ။ ပြီးတော့ ဒီကောင်က မျက်နှာပိုင်းလေးနဲ့ ရုပ်ဖြောင့်တယ်။ သခင်မေမေကြီးက နို့မှန့်တိုက်ပြီး ပြုစုကျွေးမွေးခဲ့ရတာ ဆိုတော့ အားလုံးထဲမှာ ဒီကောင့်အပေါ် သံယောဇဉ် ပိုတော့တာပေါ့။ ငပိန်က လည်း ဒါကို အခွင့်ကောင်းယူပြီး သခင် မေမေကြီးအပေါ်က မဆင်းတော့ဘူး။ မေမေကြီးအပေါ် မရောက်လိုက်နဲ့၊ ရောက်တာနဲ့ ငပိန်တို့က အိပ်ပျော်သွားတာပဲ။ ဆယ်ခါရောက်ရင် ဆယ်ကြိမ် အိပ်ပျော်ပစ်လိုက်တယ်။ အတော်တတ် နိုင်တဲ့ အကောင်။

ငပိန်လိုပဲ ကျူပ်တို့ အားလုံးဟာ သခင်က ချစ်ခင်အရေးပေးတာ ခံယူ ချင်ကြတာချည်းပေါ့ဗျာ။

ငပိန်ကတော့ သခင်မေမေကြီး ရဲ့ ချစ်ခြင်းမေတ္တာကို အများဆုံးရတာ ပေါ့။ သူကသိလိုနဲ့သူ ဖြစ်လာတာပဲလေ။ ဖြူလုံးနဲ့ မဲလုံးဆိုရင်လည်း အချစ်ခံရပါ တယ်။ မေမေကြီးရဲ့မေတ္တာကို အနည်း ဆုံးရရှိတာကတော့ ငအော်ဆိုတဲ့ ကျူပ် ပေါ့။

မေမေကြီး တီဗွီမှာ ကိုရီးယား ကား ကြည့်နေတုန်း ရှင်ခွင်ထဲ ဂတ် လိုက်တယ်ဆိုရင် . . .

"သွား . . . အနားကပ်မလာနဲ့ ငအော်၊ နံနက်ပိုင်းလင်းတာနဲ့ နင့်အီးပုံကို ပဲရှာပြီး ကျွေးနေရတာ အလုပ်တစ်ခု" ဆိုပြီး မောင်းထုတ်တာ ခံရတယ်ဗျာ။ အဲဒီအချိန်မှာ မေမေကြီးရဲ့ ရင်ခွင်ထဲမှာ ငပိန်ကတော့ ဇိမ်ကျလို့။

အေးလေ . . . ဟုတ်ပါတယ်၊ ကျူပ်ကလည်း ကျူပ်ပဲ။ ရောဂါကလည်း ခဏခဏထလို့ ခန္ဓာကိုယ်က အမွေး စုတ်ပြီး ပိန်ခုံးကျနေပြီ။ ငပိန်ထက်တောင် ပိန်ကျသွားပြီ။ အစာကို လုစားကြရင်လည်း ဖြူလုံးနဲ့မဲလုံးတို့ကို မပြောနဲ့ဦး ငပိန်ကိုတောင် မယှဉ်နိုင်တော့ပါဘူး။

သခင်အစ်ကိုကြီးက ကျူပ်ကို ဘယ်လိုပြောသလဲဆိုတော့ . . .

"ငအော်ကို ကြည့်လိုက်ရင် ခေါင်းကတုန်တုန်နဲ့ စိတ်ကလည်းသိပ်ပြီး ကျူပ်မပြည့်ဘူး"တဲ့။

ရောဂါထတာနဲ့ သခင်အစ်ကို ကြီးပဲ ဆေးကုသပေးထားတာမို့လား။ နာလန်ထစမှာပဲ ရှိနေသေးတော့ မူလ ပုံစံကို မရသေးဘူးပေါ့။ ဘာပဲဖြစ်ဖြစ် လေ သခင်အစ်ကိုကြီး ဆေးကုပေး ထားတဲ့ ကျေးဇူးက ကြီးပါတယ်ဗျာ။

မကြာဘူး၊ အမေညောင်ညောင် က သားသမီးတွေဖြစ်တဲ့ ကျူပ်တို့ကို နို့ဖြတ်ရုံသာ မဟုတ်ဘူး။ သားခွဲသွားပြီ လို့ ဆိုရမှာပေါ့။ သူနားကို ကျူပ်တို့ အရင်ကပ်လိုက်ရင် လုံးဝ အကပ်မခံ တော့ဘဲ ရန်လုပ်လွှတ်တယ်။ ကျူပ်တို့ နားမှာလည်း မနေဘူး။ အစာစားချိန် လာစားပြီးရင် ခေါင်းမိုး မျက်နှာကြက် ပေါ်မှာပဲ အမြဲနေတော့တယ်။

ကျူပ်တို့မောင်နှမကတော့ သခင် မေမေကြီး နေ့စဉ် အချိန်မှန်ကျွေးတာကို စားပြီး သခင်မေမေကြီးကိုပဲ အားကိုး ချစ်ခင်နေရတော့တယ်။

သခင်တို့အိမ်အပြင်ကို ထွက် လိုက် နီးနီးလေးမှာ စျေးရှိပါတယ်။ သခင်မေမေကြီးက ဝယ်စရာပစ္စည်း တစ်ခုလိုရင် အိမ်ပြင်တို့ တစ်ခါထွက် လေ့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com

မေမေကြီး အိမ်ပေါ်ကအောက် ကိုဆင်းရင် ကျွဲပတ်ဖို့မောင်နှမအားလုံး နောက်ကလိုက်ကြတာ ထုံးစံပါပဲ။

တံခါးပေါက်ကိုရောက်ရင် ကျွဲပတ်ဖို့ကို သခင်မေမေကြီးက ဆက်လိုက်ပါခွင့် မပြုတော့ဘူး။. တံခါးပိတ်ထားခဲ့တယ်။ ဆက်လိုက်ရင်လည်း လမ်းပေါ်မှာ ကျွဲပတ်ဖို့အတွက် အသက်အန္တရာယ်ပေးမယ့် ခွေးတွေ ရှိနေမှန်း သဘာဝပေးအသိနဲ့ ကျွဲပတ်ဖို့ သိထားကြပါတယ်။

မေမေကြီးကများ အချိန်တော်တော်နဲ့ ပြန်မလာရင် ငအော် နာမည်ရထားတဲ့ ကျွဲပက မအော်ရဘူး။ ငပိန်က အော်နေတော့တာပဲ။ ဒီကောင်က သူများထက် အဖြစ်သည်းနေလိုက်တာ။

ဒီလိုနဲ့ မောင်နှမလေးကောင်ရဲ့ ဘဝထဲကို အကူသိုလ်ဝင်လာတဲ့ နေ့ကို ရောက်လာတယ်။ ကျွဲပတို့ရဲ့ဘဝဟာ အစာကို အချိန်မှန် တစ်နေ့သုံးကြိမ်စား ရပြီး နေ့ရော ညဉ့်ပါ လွတ်လွတ်လပ်လပ် နေထိုင်ခွင့်ရပါတယ်။ ကျွဲပတို့ သဘာဝက နေ့ခင်းမှာ အစာစားချိန်ကလွဲရင် တစ်နေ့လုံး အိပ်စက်အနားယူတယ်။ ညဉ့်မှာဆို ညဉ့်မှက်စိ အမြင်အားကလည်း ကောင်းလို့ ဟိုရောက် ဒီရောက် သွားတတ်ကြပါတယ်။ ဒါကလဲည်း ကျွဲပတို့လောကမှာ ထုံးစံလို့ ဆိုနိုင်ပါတယ်။

တစ်ညမှာ မဲလုံးမက ဘယ်ကို အလေ့ကတော လိုက်လာခဲ့သလဲ မသိပါဘူး။ အိမ်ကိုရောက်တော့ ရောဂါထပါတယ်။ သူမှာဖြစ်တဲ့ရောဂါက ကူးစက်တတ်တဲ့ ရောဂါဖြစ်တာမို့ ကျွဲပတို့မောင်နှမလေးကောင်ကို တစ်ကောင်ပြီးတစ်ကောင် ရောဂါဖြစ်တယ်။

အဲဒီရက်တွေမှာ သခင်မေမေကြီးကွေးတဲ့ အစားအစာတွေ ဘယ်သူမှ မစားလို့ ပန်းကန်ထဲမှာ ထမင်းပုံက ပုံသဏ္ဌာန်တောင် မပျက်ဘူး။

သခင်အစ်ကိုကြီးက ဂရုစိုက်ပြီး ဆေးကုပါတယ်။ မိုးရွာထဲမှာ စက်ဘီးနဲ့ ထွက်ပြီး ဆေးဝယ်တာလည်းတွေ့တယ်။ တခြားအကောင်တွေ နေကောင်းလာပေမယ့် ငပိန်က ရောဂါမသက်သာဘူး။ အဲဒါကြောင့် တိရစ္ဆာန်ဆရာဝန်ဆီကိုပဲ သွားကုသဖို့ သခင်အစ်ကိုကြီးက ပြောနေလို့ မကြာဘူး ငပိန် သေသွားပါလေရော။

သခင်အစ်ကိုကြီးကလည်း. . .

"ငါက တိရစ္ဆာန် ဆရာဝန်မှ မဟုတ်ဘဲ၊ လူကုတဲ့ဆရာဝန်ဖြစ်တယ်၊ ငါက မဆိုင်ဘဲ ဝင်ဆေးကုလို့ ငပိန် သေရတယ်" ဆိုပြီး ဝမ်းနည်းစကား ဆိုတယ်။

ကျွဲပကတော့ မဆိုင်ဘူးလို့ ထင်တယ်။ ကျွဲပတို့ မိသားစုကို သခင်အစ်ကိုကြီး ဆေးကုပေးခဲ့တဲ့ အကြိမ်နည်းတာ မဟုတ်ဘူး။ အောင်မြင်ခဲ့တာချည်းပါ။ ငပိန်မှသာ ကံမကောင်း အကြောင်းမလှ ဖြစ်သွားရတာလေ။ ဒီသခင်အိမ်မှာ မဟုတ်ဘဲ တခြားအိမ်မှာသာဆို ကျွဲပတို့ မိသားစုရဲ့ဘဝဟာ မတွေးဝံ့စရာပါ။ အားလုံး မြေြေဇာဖြစ်နေတာ ကြာပြီ။

"သား အပိန်လေး နောက်တစ်ခါဆိုရင် ကြောင်သတ္တဝါဘဝမှာ မဟုတ်ဘဲ လူဘဝမှာ သားနဲ့မေမေကြီးတို့ တွေ့ဆုံကြရအောင် လူဘဝကို လာခဲ့နော်၊ မေမေကြီး ကုသိုလ်ဒါနပြုတိုင်း သား အပိန်လေးကို နာမည်ခေါ်ပြီး အမျှဝေပေးနေမယ်၊ ခုလည်း မေမေကြီး အမျှဝေပေးမယ်၊ သား အပိန်လေးရေ. . . အမျှ. . . အမျှ. . . အမျှ. . . "

လို့ပြောပြီး မေမေကြီး ငိုပါတော့တယ်။ ကျန်တဲ့ သခင်အားလုံးလည်း စိတ်မကောင်း ဖြစ်ပြီး အင်္ဂါထောင့် ပေါက်ပန်းဖြူပင်အောက်မှာ မြေကြီးကို တွင်းတူးပြီး မြှုပ်လိုက်ကြတယ်။

အဲဒီအချိန်က မတ်လဆိုတော့ နေကလည်း ချစ်ချစ်တောက် ပူနေတယ်။ ငပိန်ရဲ့မြေပုံလေးပေါ်ကို မေမေကြီးက သစ်ကိုင်းသစ်ရွက်စိမ်းစိမ်းတွေ ထပ်အုံပေးသေးတယ်။ မြေကြီးထဲက ငပိန် အပူဒဏ်ခံရတဲ့ သက်သာအောင် ဆိုတဲ့ သဘောနဲ့ပေါ့။

ငပိန်ကတော့ သဘာဝ သံသရာရှည်ကြီးထဲက တစ်ခုဖြစ်တဲ့ ကြောင်တိရစ္ဆာန်ဘဝမှာ အသက်ကိုးလတာနဲ့ ခန္ဓာစဲ သေပွဲဝင်သွားခဲ့ပါပြီ။

တစ်နေ့မှာ သခင်မေမေကြီးက အဝတ်လျှော်နေရင်း တစ်ယောက်တည်း စကားပြောနေတာကို သခင်ဘကြီး မြင်သွားလို့ ဘယ်သူနဲ့ ဘာတွေ စကားပြောနေတာလဲ မေးတယ်။

"အပိန်လေးကို တိရစ္ဆာန်ဆရာဝန်ဆီမှာ ပို့ပြီး ကောင်းကောင်းဆေးမကုလိုက်ရတာကို တွေးမိတိုင်း စိတ်မကောင်းဖြစ်ရတယ်၊ ငပိန်လေးသာ သိရင်လည်း စိတ်ဆိုးမှာပဲ၊ ဇာတ် မပို့ဘဲ နေခဲ့တာ မဟုတ်ဘူးဆိုတာကို မေမေကြီး သစ္စာဆိုနိုင်တယ်လို့ ငပိန်လေးကို ပြောနေတာ" တဲ့။

ငပိန် သက်ရှိထင်ရှား မရှိတော့ပေမယ့် သခင်တွေက သတိရနေကြတုန်း ရှိတယ်။

သခင် မေမေကြီးက ငပိန်ကို အချစ်ဆုံးဆိုတော့ ပိုသတိရမှာပေါ့လေ။ တကယ်ဆို ကျွဲပ ငအော်နဲ့ ကစားဖော်က ငပိန်ဖြစ်လို့ ဒီကောင်မရှိတော့ ကျွဲပမှာ ဘက်ပဲ့ပြီး အတော်အနေခက်သွားတယ်။ ဒါကြောင့် ကျွဲပလည်း ငပိန်ကို လွမ်းဆွတ်သတိရဆဲပါ။

ဖြူလုံးနဲ့ မဲလုံးကတော့ အရောင်အသွေး ဆင်ဆင်တူကြသလို ကျွဲပနဲ့ငပိန်ကလည်း အရောင်အသွေး ခပ်ဆင်ဆင်ပါပဲ။ နောက်ပိုင်း အချိန်ကာလတွေမှာ ကျွဲပတို့အားလုံး ကျန်းမာရေး ပြည့်ဝနေလာကြတယ်။ ကျွဲပလည်း ဝဖြိုးပြီး အသွေးအမွေး တောက်ပြောင်လာတယ်။ ခေါင်းတုန်တာလည်း မရှိတော့ဘူး။ ကျွဲပမပြည့်သလိုလည်း မဖြစ်တော့ပါဘူး။ ဇာတာစန်းလဂ်တွေ တက်လာတယ် ထင်တယ်။

သခင် မေမေကြီးက သိသိသာသာ နေရာပေးလို့ မေမေကြီးရဲ့ခွင့်မှာ နေခွင့်ရလာတယ်။ ငပိန်ကိုပြန်း အစားထိုးမေတ္တာနဲ့ ချစ်ခင်တာဆိုလည်း ကျွ

www.burmeseclassic.com

သဘောကျတာပါပဲ။ အများသိကြတဲ့ အတိုင်း သခင်ဖြစ်တဲ့ လူတွေပြုမှု ကျူပ် တို့ဘဝ နုကြရတာမို့လား။

ကျူပ်ဟာ တစ်နေ့ ညနေစောင်းမှာ အိမ်လည်လွန်ပြီး ဂြိုဟ်ဆိုးဝင်ပါတယ်။ သခင်မမေကြီးတို့ ခေါင်းရင်းက အိမ်မှာပေါ့။ တကယ်တော့ အိမ်ရှင်ချင်း သင့်မြတ်မှု မရှိတာ ကျူပ်မသိဘူးလေ။

"ဟိုမှာ ကြောင်တစ်ကောင် ရောက်နေတယ်၊ ခိုးစားမလို့ ချောင်းနေတာ ဖြစ်မယ်၊ မလွတ်စေကြနဲ့ကွာ၊ အသေသာချကြဟေ့. . . "

ကျူပ်တို့ မောင်နှမ အားလုံး သခင်မမေကြီးက ကောင်းကောင်း ကျွေးမွေးပြီး ကြီးပြင်းလာခဲ့ကြတာပါ။ လုံးဝ ခိုးဝှက် မစားတတ်ကြပါဘူးဗျာ။ မှန်တာပြော သစ္စာပါ။ အခြေအနေ မကောင်းမှန်းသိလို့ အဲဒီနေရာကနေ တစ်ချိုးတည်း ပြေးတာပါပဲ။

ဒါပေမဲ့ မီးညောင်းရိုးကို သံတုတ်နဲ့ တစ်ချက်ထိသွားတယ်။ ပြေးနေရင်း အရိုက်ခံလိုက်ရတာမို့ ကျူပ် မသေခဲ့ရတာ။ ဒါတောင် အမွေးတွေ ကျွတ်ထွက်ပြီး တစ်လက်မလောက် အသားကွဲသွားတယ်။ နောက်ခြေနှစ်ဖက်က ကောင်းကောင်း မလှမ်းနိုင်တော့ပေမယ့် သခင်တို့အိမ်ကိုရောက်အောင် ကြိုးစားပြန်ခဲ့တယ်။ ကျူပ်အဖြစ်က တစ်ပေလောက် မြင့်အောင်တောင် မခုန်နိုင်လို့ ရောက်တဲ့နေရာ ကြမ်းပြင်မှာ ဝပ်နေရတယ်။

ကျူပ်ကို သခင်အစ်ကိုကြီးက မွေ့ယူလိုက်ပြီး . . .

"ဟာ. . . ငအော် လူပျိုလှည့် သွားတာ ဒဏ်ရာရလာတယ်ဟေ့. . . ၊ အီးကုန်းပေါ်မှာ ဒဏ်ရာလည်း ပါလာတယ်၊ ကိုယ်လည်းပူပြီး အဖျားတက်နေတယ်၊ ဆေးခန်းပြပေးလိုက်ကြပါ"

အဲဒီနေ့ ညနေပိုင်းမှာ ကျူပ်ကို ခြင်းတောင်းထဲထည့် ဆိုက်ကားစီးပြီး ဆေးခန်းသွားရတယ်။ မေဓာဝီလမ်းဆုံ ရောက်တော့ ဆေးခန်းက ပိတ်မလို့ ပြင်နေပြီ။ အခွံခွန်မီရုံလေးမှာ ရောက်သွားကြတာပေါ့။

လမ်းပေါ်မှာ ကားတွေကလည်း များ၊ လူတွေကလည်းရှုပ်၊ ကားသံ လူသံတွေကလည်း ဆူညံနေတော့ ကျူပ်မတွေ့ကြုံဖူးစာမို့ အတော်လန့်တာပေါ့။

"အော်အော်လေး မကြောက်နဲ့ မကြောက်နဲ့ မမေကြီးရှိတယ်"

ဆိုတော့မှ အားရှိလာတယ်၊ မကြောက်တော့ဘူး။ ကျူပ်ချစ်တဲ့ သခင်မမေကြီး အနားမှာ ရှိနေတယ်။

"သူနာမည်က အော်အော်လေးတဲ့လား"လို့ ဆေးကုတဲ့ဆရာက မေးရင်း ရယ်တယ်။

ဆရာဝန်က ဆေးထိုးပေးလိုက်ပြီးတဲ့နောက် ကျူပ်လည်း အဖျားကျသွားပြီး သက်သာလာတယ်။

ခုတော့ လောကကြီးကို ကောင်းကောင်းနားလည်သဘောပေါက်သွားပြီ။ သခင်ဖြစ်တဲ့ လူတွေရဲ့ ချစ်ခင်ယုယခြင်းဟာ ကျူပ်တို့လို ကြောင်ဆိုတဲ့ တိရစ္ဆာန်တွေအတွက် မရှိမဖြစ် အရေးတကြီး လိုအပ်နေတာမို့ ဒါကိုရရင် ကျူပ်တို့ အားလုံး ကျေနပ်နှစ်သိမ့်နေကြမှာ ဖြစ်တယ်။

ကျူပ်တို့က ခွေးတွေလို အိမ်လုံခြုံရေးကို တာဝန်မယူနိုင်ပေမယ့် အိမ်ကို အတော်ဒုက္ခပေးတဲ့ ကြွက်ဆိုတဲ့ သတ္တဝါကို ရှာဖွေ သုတ်သင်ပေးနေကြတဲ့ ကြောင်တွေမို့ သခင်တို့ မေတ္တာ၊ စေတနာ ထားနိုင်ကြပါစေလို့ ဆန္ဒပြုရင်း. . . ။

သဗ္ဗေသတ္တာ အဝေယျာ ဟောတု။

အောင်ဆန်းလင်း(ဘီအေ)

❑

စာပေ ဂါသနဝင်များ

စာပေ ဂါသနဝင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထိရဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

စီးဝွေးစေလွှင့်ဝန်ခံရှင်များ

မိမိလှဝင်းဦး

ဦးစိုးတင်

အောင်ခြင်စေရန်

လပြည့်ဝန်းဝွေဝင်းထွဋ်

စကြိုဂြိုလ်များ

ဆည်ဆွင်းနိုင်ပါဆည်း

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

အမှီ ဘွယ် ရုံ

အယ်ဒီတာအဖွဲ့

တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာပန္ထလေးလမ်း၊
(၁၇ x ၁၈) လမ်းကြား၊
လသာကြီးနယ်၊ ရန်ကုန်ပြို့။
ဖုန်း - ၀၉ ၂၅၄၅၄၀၉၃၁

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ယနေ့ အဘိုး ကွယ်လွန်သည့် ရက်လည်နေ့ ဖြစ်သည်။ မနေ့ကမှ တွန်တော် ရွာသို့ ရောက်လာခဲ့သည်။ အဘိုးကွယ်လွန်ကြောင်း ရန်ကုန်မြို့တွင် နေထိုင်သော ကျွန်တော့်ထံသို့ ရွာမှ ကြေးနန်းပို့ခဲ့သော် ဝန်ထမ်းဘဝမို့ အလုပ်ကိစ္စ၊ ခွင့်ကိစ္စများကြောင့် ရက် ညည်သည့်နေ့မတိုင်မီ တစ်ရက်အလိုမှ ရွာသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ အဘိုး၏ ရုပ်အလောင်းကိုပင် မတွေ့ခဲ့ ရပါ။

အဘိုးခေါင်းချသွားသည့် ရွာ သည် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့အလွန် မော်လမြိုင်မှ ရေးမြို့သို့ သွား သီ အရောထားလမ်းဘေးတွင်ရှိသော ၄၀ ခွဲ ခွာမြစ်သည်။ ကျွန်တော်က ဝန်ထမ်း ဘဝဖြင့် ရန်ကုန်တွင်သာ အနေကြာခဲ့ သဖြင့် ရွာသို့ အရောက်အပေါက်နည်း ခဲ့သည်။

အဘိုးရက်လည်သည့်နေ့ ဆွမ်း တွေ့အလှူတွင် ဝိုင်းဝန်းလုပ်ကိုင်ပေး ရသည်။ နံနက်ဆယ်နာရီကျော်အချိန် တွင် လူရှင်းသလောက်ဖြစ်သွားသည်။ ဆောရွာမလေ့အတိုင်း ဝက်သားဟင်း ဖြင့် ကျွေးမွေးဧည့်ခံသည်။ ဝက်သား ဟင်း မစားသူများအတွက် ကြက်သား ဟင်း စီစဉ်ထားသည်။

လူရှင်းချိန်ချိန်တွင် အဘွားအို တစ်ဦး တစ်လှမ်းချင်းလျှောက်လာနေ သည်ကို တွေ့လိုက်ရသည်။ ကျွန်တော် အိမ်အောက်ဆင်းပြီး အဘွားကို ဆီးကြို ဧည့်ခံလိုက်သည်။ အဘွားမှာ အသက် ခုနစ်ဆယ်ကျော်ခန့်ရှိမည်ဟု ခန့်မှန်းမိ သည်။

"အဘွားတစ်ယောက်တည်း . . အဖော်မပါဘူးလား"

"အေး . . တစ်ယောက်တည်းပဲ၊ အဖော်မပါဘူး၊ အိမ်ကလည်း နီးတယ် လေ"

ကျွန်တော့်ပခုံးကို အားပြု အိမ် ပေါ်တက်ရင်း ကျွန်တော့်အမေးကို ပြန် ဖြေသည်။

ကျွန်တော့်ကို လည်း စေ့ငေ့ ကြည့်လိုက်သည်။

"သားသမီး၊ မြေးတွေဖြစ်ဖြစ် တစ်ယောက်ယောက် အဖော် ခေါ်ခဲ့ ရော့ပေါ့"

"အဖော်ခေါ်စရာ သားသမီး မရှိဘူး၊ မြေးတွေလည်း မရှိဘူး၊ အိမ်နဲ့ နီးနီးလေးမို့ တစ်ယောက်တည်း လာခဲ့ တာ"

အဘွားက မွန်သံဝဲဝဲဖြင့် အကဲ ခတ်သလို ကြည့်ရင်း စကားဆက်ပြော သည်။

"ဒါနဲ့ မင်းက ဘယ်သူလဲကွဲ့၊ မြို့ ကလာတဲ့ ဧည့်သည်ထင်တယ်၊ မင်း စကားပြောတာ မွန်သံ မဝဲဘူးကွဲ့"

"ဟုတ်ကဲ့၊ ကျွန်တော် ရန်ကုန် ကလာခဲ့တာ၊ အဘိုးရဲ့ မြေးပါ"

ကရုပ္ပဿွာတွင် မွန်ဘာသာစကား ကို အပြောများသည်။ မွန်တိုင်းရင်း သားများ အများစုနေထိုင်သော ရွာ ကြီးဖြစ်သည်။

"မင်းက အဘိုးရွှန်ရဲ့ မြေးကိုး၊ ဘွဲ့ရပညာတတ်ဖြစ်ပြီး မြို့သွားအလုပ် လုပ်နေသူ မဟုတ်လား၊ မင်းအဘိုးက စကားစပ်မိတိုင်းဘွဲ့ရသူ မြေးအကြောင်း ပြောပြောနေလေရဲ့၊ ဒါနဲ့ မင်းရဲ့မိဘ တွေကော မလာကြဘူးလား"

"ကျွန်တော့် မိဘတွေ မရှိကြ တော့ပါဘူး၊ ဆုံးသွားကြပါပြီ"

"ဟေ ဟုတ်လား၊ ဘယ်အရပ် မှာ ဆုံးပါးသွားတာလဲ"

"မော်လမြိုင်မှာပဲ ဆုံးသွားကြ ဘာပါ"

"အေးပေါ့လေ၊ မင်းအဘိုးက လည်း မော်လမြိုင်မှာပဲ အနေများတာ၊ မင်းရဲ့အဘွားဆုံးသွားတော့မှ သူ့ဇာတိ ရွာ ပြန်လာပြီး သားအငယ်နဲ့ လာနေ တာ၊ အဘွားက မင်းရဲ့အဘိုးနဲ့ သိပ် ခင်တဲ့ သူငယ်ချင်းတွေပေါ့ကွယ်၊ မင်း အဘိုးက အသက် ကိုးဆယ်ကျော်ပြီ၊ အဘွားကလည်း ရှစ်ဆယ်ကျော်လာ ပြီကွဲ့"

"အဘွားက ကျန်းမာရေးတော့ ကောင်းပါသေးတယ်၊ အဘွား ဒီမှာ ထိုင်ပါ၊ ဘာဟင်းနဲ့ သုံးဆောင်မလဲ"

"အဘွားက ဝက်သား မစားဘူး"

"ကြက်သားဟင်း ရှိပါတယ်၊ ကျွန်တော် ပြင်ပေးပါ့မယ်"

လူရှင်းသော ခေါင်းရင်းဘက် စားပွဲတွင် နေရာချထားပေးရင်း အဘွား အတွက် ထမင်းပြင်ပေးလိုက်သည်။ စ ပွဲတွင် အဘွားတစ်ဦးတည်းသာရှိသည်။ ထမင်းပြင်ပြီး လက်ဆေးဇလုံကို အဘွား ထံ ကမ်းပေးလိုက်သည်။

အဘွားက လက်ဝဲဘက်လက်ကို ဇလုံထဲနှစ်ပြီး လက်ဆေးသည်။ လက်ဝဲ လုက်ဖြင့်ပင် ထမင်းစားမည် ပြင်သည်။

အနည်းငယ် ထူးဆန်းနေသလို ဖြစ်နေ၍ အဘွား၏ လက်ယာဘက် လက်ကို ကျွန်တော် ကြည့်လိုက်မိသည်။

လက်ယာဘက်လက်မှာ လက်မ တစ်ချောင်းမှလွဲ၍ ကျန်လက်ချောင်း လေးချောင်းစလုံး လက်တစ်ဆစ်စာ ညီညာစွာ ပြတ်နေသည်ကို တွေ့လိုက် ရသည်။

အဘွားက ကျွန်တော့်မျက်နှာ ကို လှမ်းကြည့်ရင်း ပြောလိုက်သည်။

"အဘွားက ညာဘက်လက်နဲ့ ထမင်းစားလို့ မရဘူးကွဲ့၊ ဒါကြောင့် ဘယ်လက်နဲ့စားတာ"

"အဘွားရဲ့ ညာဘက်လက်က ဘယ်လိုကြောင့် လက်ချောင်း လေး ချောင်းလုံး လက်တစ်ဆစ်စာလောက် ပြတ်နေရတာလဲ"

"ဒီလက်ပြတ်ခဲ့လို့ အဘွားအပျို ကြီးဖြစ်ခဲ့ရတာ၊ ဒါကြောင့် စောစောက သားသမီးတွေ၊ မြေးတွေ မရှိဘူးလို့ ပြော ခဲ့တာပေါ့"

"ဒီလက်ကြောင့် အပျိုကြီးဖြစ်ခဲ့ ရတယ်၊ ဟုတ်လား အဘွား"

"အဘွား အပျိုပေါက်၊ ဆယ့် ခြောက်နှစ်သမီးအရွယ်လောက်ကတည်း က ဒီလက်ချောင်းတွေ ပြတ်ခဲ့တာ၊ ခုပ် ရည်မဆိုးပေမယ့် ဒုက္ခိတကို ဘယ်

www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားက အိမ်ထောင်ဖက်အဖြစ် ရွေးပါ့မလဲ"

"ဘယ်လိုဖြစ်ပြီး အဘွားရဲ့ လက်ချောင်းတွေ ပြတ်ခဲ့ရတာလဲ"

"ပြောရင် မယုံနိုင်စရာအဖြစ်မို့ ဘယ်သူ့ကိုမှ ပြောမပြခဲ့ပါဘူး၊ အဖြစ်မှန်သိတဲ့အဘွားရဲ့အမေလည်း လော်ကထဲ မရှိတော့ဘူး။ အဘွားက အမျိုးတွေနဲ့ နေခဲ့ရထာ။

အဘွားနာမည်က ဒေါ်မေသူလို့ ခေါ်တယ်၊ ဒီ 'ကရုပ္ပိရွာ' ဇာတိပဲ၊ ဒီလက်ပြတ်တဲ့အကြောင်း သိကြတဲ့ မင်းရဲ့ အဘိုးနဲ့အဘွားတို့လည်း မရှိကြတော့ဘူး။

ဒီလက်ပြတ်ခဲ့တဲ့ အဖြစ်မှန်ကို ဘယ်သူ့မှ မပြောခဲ့ပေမယ့် အဘွားခင်တဲ့ သူငယ်ချင်းရဲ့မြေးကိုတော့ ပြောပြပါ့မယ်ကွယ်"

"ပြောပြပါ အဘွား၊ ကျွန်တော် နားထောင်ပါ့မယ်"

"ဇာတ်လမ်းက အရှည်ကြီးပြောရမှာမို့ အရင် ထမင်းစားလိုက်ဦးမယ်၊ ထမင်းစားပြီးမှ ပြောပြမယ်"

အဘွားက ထမင်း အရင်စားသည်။ ကျွန်တော်က အဘွားဘေးထိုင်ရင်း ယပ်ခတ်ပေးနေခဲ့သည်။ အဘွားက ထမင်းအနည်းငယ်သာ စားနိုင်သည်။ ထမင်းစားပြီးချိန်တွင် ကျွန်တော် အချိုပွဲ ပြင်ပေးလိုက်သည်။ အဘွားက စကား ဆက်ပြောသည်။

"ဒါနဲ့မင်း တို့ ကရုပ္ပိရွာ တောင်ခြေက ဂူကြီးအကြောင်း ကြားဖူးလား"

"ကျွန်တော် ငယ်ငယ်တုန်းက အဘိုးပြောပြလို့ ကြားဖူးခဲ့တာ၊ အဲဒီဂူကြီးဟာ သိုက်လို့လည်း ပြောကြတယ်၊ ပြီးတော့ အစောင့်တွေလည်း ရှိတယ်ဆို အဘွား"

"အဲဒီဂူကြီးက အစောင့်နဲ့ လူတွေ ခင်မှင်ပြီး အဆက်အသွယ်ဖြစ်ခဲ့တာရော မင်းယုံသလား၊ အဘွားလက်ပြတ်ခဲ့ရတာ တောင်ခြေက အဲဒီဂူကြောင့်ပဲ"

"အဘွားရဲ့ လက်ချောင်းလေးတွေ ပြတ်ခဲ့ရတာ အဲဒီဂူကြောင့် ဟုတ်လား အဘွား"

"သိပ်ဟုတ်တာပေါ့၊ ပတ်သက်ခဲ့ထဲလူတွေက လွဲပြီး ဘယ်သူမှ မယုံကြဘူးကွဲ့၊ ဒါကြောင့် မပြောဘဲနေခဲ့တာ၊ အဲဒီဂူကြောင့်လက်ပြတ်ခဲ့ရတာပါကွယ်၊ အဘွားလက်ပြတ်ခဲ့ရပြီးတော့မှ အဲဒီဂူကို လက်ပြတ်ဂူလို့ ခေါ်ကြ၊ ပြောကြတာ"

"တော်တော် စိတ်ဝင်စားဖို့ကောင်းတယ်၊ ဆက်ပြောပါ အဘွား"

"ဒီ လက်ပြတ်ခဲ့စဉ်က အဘွား အသက် ဆယ့်ခြောက်နှစ်လောက်ပဲ ရှိသေးတာ၊ တို့တိုင်းပြည်တောင် လွတ်လပ်ရေး မရသေးဘူး၊ သူ့ကျွန်ဘဝမှာ ပေါ့ကွယ်"

အဘွားဒေါ်မေသူက သူ့လက်ချောင်းများ ပြတ်ခဲ့ရပုံကို လွမ်းလွမ်းဆွေးဆွေး ဟန်ပန်ဖြင့် ကျွန်တော့်ကို ပြောပြပါသည်။

◆

"သမီး မေသူ၊ ဒီနေ့ ထင်းခုတ်ပြီး ပြန်လာတာ နောက်ကျလှချေလား"

"ဟုတ်တယ် မေမေ၊ တောစပ်မှာ ထင်းခုတ်မယ့် သစ်ပင်တွေက သိပ်မရှိတော့ဘူး၊ တိုတောင်ခြေအထိ ဝင်ပြီး ခုတ်ရတာ၊ မသယ်နိုင်လို့ ပိုတဲ့ထင်းချောင်းတွေတောင် ကျန်ခဲ့သေးတယ်"

"အေးပါ သမီးရယ်၊ သမီးအဖေသာရှိရင် သမီးလေး ခုလိုပင်ပင်ပန်းပန်း လုပ်ရမှာ မဟုတ်ဘူး၊ ဒါနဲ့ သမီးကို သတိပေးရဦးမယ်၊ တောင်ခြေအထိ မသွားပါနဲ့၊ တောင်ခြေမှာ ဂူကြီးတစ်ဂူရှိတယ်တဲ့၊ သိုက်လိုလို၊ ဥစ္စာစောင့်တွေ ရှိတယ်လိုလိုနဲ့ ပြောနေကြတယ်၊ သတိထားနော်"

"သမီး မကြောက်ပါဘူး၊ ဂူကြီးရှိတာ သမီး ကြားဖူးပါတယ်"

"ဘာပဲဖြစ်ဖြစ် နောက်ဆို အဲဒီတောင်ခြေဘက် တစ်ယောက်တည်း မသွားနဲ့တော့နော်"

"ဟုတ်ကဲ့ပါ မေမေ၊ သမီး အတွက် မပူပါနဲ့ မေမေ"

ကျွန်မတွင် အဖေ မရှိတော့ပါ။ တစ်ပတ်လျှင်တစ်ကြိမ် အဖော်များနှင့် တောထဲသွားပြီး ထင်းခုတ်နေကျဖြစ်သည်။ တောင်ခြေတွင် မနေ့က ကျွန်မ ခုတ်ထားသော ထင်းချောင်းများပင် ကျန်နေသေးသည်။

တောင်ခြေရှိ ဂူကြီးကြောင့် မေမေက စိတ်ပူ၍ တောင်ခြေအထိ မသွားရန် ကျွန်မကို သတိပေးနေခြင်း ဖြစ်သည်။ ကျွန်မ သူငယ်ချင်းများကလည်း တောင်ခြေအထိ မသွားရန် ပြောကြသည်။ သူတို့ ပြောသည်ကို ကျွန်မ မကြောက်ပါ။ ယုံလည်း မယုံပါ။

ယနေ့ ထင်းခုတ် လာကြစဉ် အဖော်များနှင့်ကွဲကာ ကျွန်မတစ်ဦးတည်း တောင်ခြေသို့ ရောက်လာခဲ့သည်။ တစ်နေ့က ကျွန်မ ချန်ထားသော ထင်းချောင်းများ လက်ရာမပျက် တွေ့ရသည်။ ထင်းချောင်းများ ကျွန်မလိုက် ကောက်နေစဉ် မလှမ်းမကမ်းမှ သီချင်းသံသဲ့သဲ့ ကြားလိုက်မိသည်။

ထင်းခုတ်စဉ် တစ်ယောက်တစ်ပေါက် ရရာသီချင်း ဆိုလေ့ရှိကြသော်လည်း ယခု ကြားရသော သီချင်းဆိုသံသည် သူငယ်ချင်းများဆိုသည့် အသံမဟုတ်ပေ။ သူငယ်ချင်းများနှင့် အတန်ငယ်ဝေးနေခဲ့သည်။ သီချင်းသံကြားရာဘက်သို့ ကျွန်မ လိုက်ကြည့်မိသည်။ မည်သူ့ကိုမျှ မတွေ့ရပေ။ သို့သော် သီချင်းသံကို ကြားနေရဆဲပင် ဖြစ်သည်။

ကျွန်မက ကြောက်တတ်သူ မဟုတ်သော်လည်း အမေနှင့်သူငယ်ချင်းများပြောသော ဂူကြီးကို သတိရလိုက်မိသည်။ ယခု ကျွန်မရောက်နေသောနေရာသည် ဂူကြီးရှိသည်ဟု ပြောနေကြသော နေရာအနီးပင် ဖြစ်နေသည်။ သီချင်းဆိုသံမှာလည်း ကျွန်မနှင့် တဖြည်းဖြည်း နီးလာခဲ့သည်။ သီချင်းသံကြားရာဘက်သို့ ကျွန်မ ကြည့်လိုက်သည်။ အံ့သြဖွယ်ရာပင် တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်ကြီး တစ်ပင်အောက်တွင် လှပချောမွေ့သော မိန်းမပျိုတစ်ဦးကို ရုတ်တရက်တွေ့လိုက်ရသည်။ ကြက်သီးမွေးညင်းများ ထလာပြီး ကြောက်စိတ်များ ဝင်လာမိသည်။ ကြောက်စိတ်ဖြင့် ထင်းချောင်းများပင်ချလိုက်မိသည်။ သူငယ်ချင်းများ ရှိရာဘက်သို့ ပြန်သွားမည် ပြင်လိုက်သည်။ ထိုအခိုက်အတန့် မှာပင် ဒကားသံ ကြားလိုက်ရသည်။

"ပြန်တော့မလို့လား၊ တို့ကို ကြောက်လို့လား၊ ဒီဘက်ကို တစ်ယောက်တည်း လာလာနေတော့ သတ္တိရှိသူလို့ ထင်နေတာ၊ မကြောက်ပါနဲ့"

"ဟိုဟို နင်က ဘယ်သူလဲ၊ ခုန က သီချင်းဆိုတာ နင်လား၊ ဒီမှာ ဘာလုပ်နေတာလဲ"

"ဟုတ်တယ်၊ သီချင်းဆိုတာ ငါပဲ၊ တို့ ဒီနားမှာပဲ နေတာ"

"ဟင် ဒါဆို နင်က ပြောပြောနေကြတဲ့ ဂူကြီးထဲက အစောင့်ပေါ့ ဟုတ်လား"

"အဲဒီ ဂူကြီး ဘယ်သူတွေ့ဖူးလို့လဲ၊ ထင်ကြေးနဲ့ ပြောနေကြတာ၊ တို့တို့ မကြောက်ပါနဲ့၊ ဘာမှ မနှောင့်ယှက်ခဲ့ဘူး၊ တို့နဲ့ ခုလို စကားပြောပေးတာ တောင်းဖူးတင်တယ်၊ နာမည် ဘယ်လိုခေါ်လဲ"

သူငယ်ချင်းများ ရှိရာဘက်သို့ တွန်မ မသွားနိုင်သေးပါ။ မမြင်ရသော စွမ်းအားတစ်ခုက ကျွန်မကို ညှို့ထားသလို ခံစားနေရသည်။ ကြောက်စိတ်များလည်း မရှိတော့ပါ။ သူမနှင့်အလိုက်သင့် စကားပြန်ပြောနေမိသည်။

"တို့နာမည် မေသူလို့ ခေါ်တယ်၊ ဒါနဲ့ နင့်နာမည်ကရော ဘယ်သူလဲ"

"တို့ကို မြနန်းလို့ ခေါ်ကြတယ်၊ နင်လည်း ငါ့ကို မြနန်းလို့ပဲ ခေါ်ပေါ့"

"မြနန်းတဲ့လား၊ တို့ မှတ်ထားပါ့မယ်၊ ဟိုဘက်မှာ သူငယ်ချင်းတွေ စောင့်နေလို့ ပြန်တော့မယ်"

"နောက်ရက်တွေ ထင်းခုတ်လာရင် ဒီဘက်ကို လာဦးနော်၊ အဖော်တွေခေါ်မလာပါနဲ့၊ တို့ကို မတွေ့ရင်လည်း နာမည် ခေါ်လိုက်ပေါ့၊ တို့ရောက်လာမယ်၊ အကူအညီလိုလည်း ပြောနော်၊ တို့ ကူညီမယ်၊ တို့နဲ့တွေ့ပြီး စကားပြောတာတွေ ဘယ်သူ့မှ မပြောပါနဲ့"

"အေးပါ၊ သွားတော့မယ်"

ကြောက်စိတ် မရှိတော့သော်လည်း ကျွန်မ တုန်လှုပ်နေခဲ့မိသည်။ ထင်းစည်းရွက်၍ အဖော်များရှိရာဘက် ပြန်လာခဲ့သည်။

"ဟဲ့ မေသူ နင်ဖြန်လာတာ မြန်လှချေလား၊ တို့တောင် ထင်းတုစ်စည်းစာ မရသေးဘူး၊ နင့်မျက်နှာလည်း ဖြူဖပ်ဖြူရော်နဲ့ ဘယ်လိုဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး၊ ဟိုနေ့က ခုတ်ပြီးသား ထင်းချောင်းတွေ ရှိနေသေးလို့ မြန်မြန်ပြန်လာနိုင်တာ"

"နင်မိုလို့ မကြောက်မရွံ့ တောင်ခြေအထိ သွားရဲတယ်နော်၊ တော်ကြာ ဂူကြီးထဲက အစောင့်တွေနဲ့ တွေ့နေမှ"

ထိုနေ့က အိမ်ပြန်ရောက်ပြီး ထင်းချောင်းများ ခုတ်ပိုင်းနေချိန်အထိ တောင်ခြေတွင် ဆုံတွေ့ခဲ့သော မြနန်းအကြောင်း ကျွန်မ တွေးနေမိသည်။

"သမီး ထင်းတွေခွဲရင်း ဘာတွေ တွေးနေတာလဲ၊ စကားလည်း မသွက်ပါလား။ ခါတိုင်းနေ့လို မဟုတ်ဘူး၊ နေမကောင်းလို့လား"

"နေကောင်းပါတယ် မေမေ၊ သမီး တွေးနေမိတာက ဟိုဟို. . . "

သူနှင့် တွေ့ဆုံစကားပြောသည့် အကြောင်း မည်သူ့ကိုမျှ မပြောရန် မြနန်းက မှာထားသော်လည်း မေမေ့ကို တော့ ပြောပြသင့်သည်ဟု ကျွန်မတွေးမိသည်။

"တောင်ခြေမှာ သူနဲ့ တွေ့ပြီး စကားပြောခဲ့ကြတယ် မေမေ"

"သမီး စကားက အဆန်းပါပဲလား၊ ဘယ်သူနဲ့တွေ့ပြီး စကားပြောခဲ့တာလဲ"

"မေမေတို့ ပြောပြောနေကြတဲ့ ဂူကြီးနားမှာ သူနဲ့တွေ့ခဲ့တာ"

"ငါ့သမီး ဂူအစောင့်တွေနဲ့ တွေ့ခဲ့ပြီ ထင်တယ်၊ ခြောက်လှန့်တာ ခံခဲ့ရသေးလား"

"သူက မခြောက်မလှန့်ပါဘူး၊ ကြောက်စရာလည်း မကောင်းဘူး၊ သိပ်ချောတာပဲ၊ သမီးကိုလည်း ခင်တယ်၊ အကူအညီလိုလည်း ပေးမယ်တဲ့၊ နောက်ရောက်ရင် သူ့ဆီလာဖို့ မှာလိုက်သေးတယ်"

"ဘယ်သူနဲ့တွေ့ခဲ့တာလဲ၊ မြန်မြန်ပြောစမ်းပါ"

"မြနန်းဆိုတဲ့ မိန်းမချောလေးနဲ့ တွေ့ပြီး စကားပြောခဲ့တာပါ"

ကျွန်မက တောင်ခြေတွင် မြနန်းနှင့် တွေ့ခဲ့ရပုံများ မေမေ့ကို ပြောပြလိုက်သည်။

"သမီးစကားက မယုံနိုင်စရာပဲ၊ သမီး စိတ်ကောင်းပါတယ်နော်၊ တော်ပြီနောက်ဆို အဲဒီတောင်ခြေဘက် မသွားပါနဲ့တော့"

"သမီး ထင်းသွားမခုတ်လို့ ဘာနဲ့ထင်းဆိုက်မှာလဲ၊ သွားရမှာပဲ၊ ဘယ်သူ့မှ မပြောခဲ့ပါဘူး၊ ကိုယ့်အမေမို့လို့ ပြောပြရတာပါ"

"ဒါဆိုလည်း နှုတ်လုံနော်၊ သူပြောတဲ့အတိုင်း နှုတ်မလုံရင် ဒုက္ခရောက်သွားမယ်"

"စိတ်ချပါ မေမေရယ်၊ သမီး ဘယ်သူ့ကိုမှ မပြောပါဘူး"

အဖော်များနှင့် ထင်းခွေသွားတိုင်း ကျွန်မတစ်ယောက်တည်း တောင်ခြေသို့ ထွက်သွားကာ မြနန်းနှင့် တွေ့ဆုံစကားပြောဖြစ်ခဲ့သည်။

ကျွန်မရောက်လာလျှင် မြနန်းမှာ ဝမ်းသာ ပျော်ရွှင်နေတတ်သည်။

ကျွန်မ ရောက်တိုင်းလည်း ထင်းချောင်းများ အဆင်သင့် စုစည်းပေးထားသည်ကို တွေ့ရတတ်သည်။ တစ်နေ့ ထင်းခုတ်အသွား မြနန်းနှင့် တွေ့ဖြစ်ခဲ့သည်။

"ဒီနေ့ မျက်နှာလည်း မကောင်းပါလား၊ မရွှင်မလန်းနဲ့၊ နင်ပင်ပန်းမှာ

www.burmeseclassic.com

www.burmeseclassic.com

စိုးလို့ ထင်းချောင်းတွေတောင် အဆင်သင့် စုပေးထားတာ"

"ပင်ပန်းလို့ မဟုတ်ပါဘူး၊ မသွားချင်တဲ့ အလှူတစ်ခုသွားဖို့ မမေမက အတင်းခေါ်နေတာ"

"အလှူသွားတာပဲ၊ ဘာဖြစ်လို့ မသွားချင်ရတာလဲ"

"သွားချင်ပေမယ့် လက်ဝတ်လက်စားမှ မဝတ်နိုင်တာ၊ မျက်နှာငယ်မှာပေါ့"

"လက်ဝတ်လက်စား ဝတ်နိုင်ရင် နင် အလှူသွားမှာလား"

"ဝတ်နိုင်ရင်တော့ သွားမှာပေါ့၊ ဘယ်ကရမှာမို့လဲ၊ နားကပ်နဲ့ ဆွဲကြိုးလေးတစ်ကုံး ဝတ်နိုင်ရင် တော်ပါပြီ"

"နင်ပြောတဲ့ နားကပ်တစ်ရန်နဲ့ ဆွဲကြိုးတစ်ကုံးဌားပေးလိုက်မယ်၊ ပြန်ပေးရမယ်၊ ဘယ်သူ့မှလည်း မပြောရဘူးနော်"

"ဘာ မြနန်း တကယ်ပြောနေတာလား၊ တို့ကို ယုံလို့လား"

"မေသူ့ကို တို့ခင်တယ်၊ ယုံလို့ပေးလိုက်မယ်၊ ဝတ်ထားတူနန်း ဘယ်သူ့ကိုမှ ချွတ်ပြီးမပြပါနဲ့၊ ပြန်ချွတ်ရင်လည်း ဘယ်သူမှ မတွေ့နိုင်တဲ့နေရာမှာ ချွတ်ခဲ့နော်"

"စိတ်ချပါ၊ ဝမ်းသာလိုက်တာ၊ မြနန်းက တို့ကို တကယ်ခင်တာပဲ၊ ဘယ်သူ့မှ မပြောပါဘူး"

"ကောင်းပြီလေ၊ ကတိတည်ပါစေ၊ နင်လိုချင်တာ ငါဌားပေးလိုက်မယ်"

မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ထင်းချောင်းများ စည်းလိုက်သည်။ ထင်းစည်း စည်းအပြီးတွင် မြနန်းရပ်ခဲ့သော နေရာတွင် ပဝါဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ် တွေ့လိုက်ရသည်။ အံ့ဩစိတ်နှင့်အတူ ပဝါဆုပ်ကို ကောက်ယူပြီး ရင်ဘတ်ထဲ ထည့်လိုက်သည်။ ထင်းစည်းရွက်ပြီး ဟန်မပျက် သူငယ်ချင်းများ ရှိရာဘက်သို့ ထွက်လာခဲ့သည်။ ယနေ့ ထင်းခွေအပြီး အိမ်အပြန်ခရီးဝယ် ကျွန်မမှာ ခြေလှမ်းအသွက်ဆုံး ဖြစ်နေပါသည်။ အိမ်ပြန်ရောက်ရောက်ချင်း ထင်းစည်းပစ်ချပြီး အမေဟု လှမ်းခေါ်ကာ အိမ်ပေါ်သို့ အပြေးကလေး တက်လာမိသည်။

"ဟဲ့ သမီး အထိတ်တလန့်နဲ့ ဘာဖြစ်လာတာလဲ"

"ဒီမှာ ကြည့်ပါဦး မေမေ"

ရင်ဘတ်ထဲ ထည့်လာသော အထုပ်ကို ကျွန်မ ထုတ်ယူလိုက်သည်။ ပဝါကို ဖြေလိုက်သည်။

"ဟယ် လှလိုက်တာ၊ ဆွဲကြိုးနဲ့ နားကပ်တစ်ရန်ပါလား၊ ဘယ်ကရလာတာလဲ"

"မြနန်း ငှားပေးလိုက်တာ"

"ဟုတ်ရဲ့လား သမီးရယ်၊ အဲဒီလူကြီးက အစောင့်ကောင်မလေးနဲ့ သမီးက ဒီလောက်တောင် ခင်မင်ရင်းနှီးနေပြီလား၊ တော်ကြာ ပြဿနာတွေ ဖြစ်လာမယ်နော်"

"ကတိတည်ဖို့သာ အဓိကပါ၊ မေမေ သွားစေချင်တဲ့ အလှူသွားလို့ ရပြီ၊ မျက်နှာမငယ်ရတော့ဘူးလေ"

"သမီးက လှချင်တဲ့အရွယ်မို့ အပြစ်မပြောလိုပါဘူး၊ မေမေတို့မှာ မရှိတာ လူတိုင်း သိတယ်၊ နောက်ဖြစ်လာမယ့် ပြဿနာကို တွေးမိပြီး မေမေ ရင်လေးလိုက်တာကွယ်"

"အလှူပြီးတာနဲ့ ပြန်ပေးလိုက်ပါမယ်၊ ဘာပြဿနာမှ မဖြစ်ပါဘူး၊ အလှူသွားဖို့ ပြင်ပေတော့"

နောက်တစ်နေ့နံနက်တွင် ကျွန်မနှင့် မေမေတို့ ဝတ်ကောင်းစားလှဝတ်ဆင်ကာ အလှူသွားခဲ့ကြသည်။ နားကပ်နှင့် ဆွဲကြိုးပတ်ဆင်ရ၍ ကျွန်မကျေနပ်ပျော်ရွှင်နေမိသည်။ မွန်းမတိမ်းမီအလှူမှ ပြန်ရောက်လာကြသည်။ ပြန်ရောက်ရောက်ချင်းပင် ကျွန်မ အိပ်ခန်းထဲဝင်ကာ နားကပ်နှင့်ဆွဲကြိုးကို ချွတ်လိုက်သည်။ အသေအချာ ပဝါနှင့် ပြန်ထုပ်လိုက်သည်။ လူမမြင်အောင် ရင်ဘတ်ထဲ ထည့်လိုက်သည်။ ပြီးနောက် ကျွန်မ...ယောက်တည်း ထင်းခုတ်သွားရာ တောင်ခြေသို့ ထွက်လာခဲ့သည်။ တောင်ခြေသို့ရောက်ပြီး မြနန်းအမည်ကို ခေါ်လိုက်သည်။ အထုပ်ရခဲ့သောနေရာတွင် ပြန်ထားလိုက်သည်။

"နင် ငှားပေးလိုက်တဲ့ ပစ္စည်းငါလာပို့တာ၊ ငါသွားတော့မယ်"

ထိုသို့ပြောပြီး ကျွန်မလှည့်ပြန်ခဲ့သည်။ လေးငါးလှမ်းသာ သွားရသေးသည်။ ကျွန်မနောက်မှ အသံကြားလိုက်ရသည်။

"နင် ကတိတည်သားပဲ၊ နေစောင်းနေပြီ ပြန်တော့၊ တခြားသူတွေ ရိပ်မိသွားရင် မကောင်းဘူး"

"ကျေးဇူးတင်ပါတယ် မြနန်းရယ်"

ခပ်သုတ်သုတ်ပင် ကျွန်မ ပြန်လာခဲ့သည်။ နားကပ်နှင့် ဆွဲကြိုးဝတ်ပြီး ကျွန်မ အလှူသွားခဲ့သည့် သတင်းတဖြည်းဖြည်း ပျံ့နှံ့သွားသည်။ နားကပ်နှင့် ဆွဲကြိုး မည်သူ့ထံမှ ငှားရမ်းဝတ်ဆင်သည်ကိုစပ်စုမေးမြန်းလာကြသည်။

ကျွန်မနှင့်အတူ ထင်းခွေသွားခဲ့ကြသော သူငယ်ချင်းများက ရိပ်မိသွားကြဟန်တူသည်။ နောက်ဆုံး အလှူအတန်း မင်္ဂလာဆောင်သွားစရာရှိလျှင် ကျွန်မကို အပူကပ်ကြတော့သည်။

"ကူညီပါ မေသူရယ်၊ နင် တစ်ယောက်ပဲ ဂူကြီးထဲက ပစ္စည်းငှားလို့ရတာ၊ အလှူပြီးပြီးချင်း လာပို့ပါမယ်၊ ဘယ်သူ့မှလည်း မပြောပါဘူး"

အလွန်ရင်းနှီးပြီး မောင်နှမဘဝယ် ခင်မင်ရင်းနှီးသော သူငယ်ချင်းများအတွက် မလွဲသာ မရှောင်သာ ပြန်နှန်းထံမှ လက်ဝတ်လက်စားများ ငှားရမ်းပေးရသည်။ သူငယ်ချင်းများထဲလည်း သစ္စာရှိရှိ၊ ကံကိတည်စွာ ဖြစ်လည်အပ်နှံခဲ့ကြသည်ချည်း ဖြစ်သည်။ မရိုးမသားကြစည်သူလည်း မရှိခဲ့ပေ။ ဤသို့ဖြင့် ဂူကြီးရှိ အစောင့်ထံ လက်ဝတ်ရတနာများ ငှားရမ်းယူရာရင်ကြောင်း ရင်းနှီးသူများ သိရှိသွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် ကျွန်မ မေမေထံမှ တစ်ဆင့် သိရှိသွားကြခြင်းဖြစ်သည်။

"ပစ္စည်း ငှားချင်ရင် သမီးကို အကူအညီတောင်းကြည့်ပါလား၊ သူ တစ်ယောက်ပဲ ငှားလို့ရတာ" ဟု ဂုဏ်ယူစွာ ပြောတတ်သည်။

ဤသို့ဖြင့် ကျွန်မ ပစ္စည်းငှား၍ရသည့် သတင်းကို ပျံ့နှံ့သွားတော့သည်။

တစ်နေ့ ကျွန်မနှင့် လွန်စွာ ရင်းနှီးသော သိန်းသိန်းက အလျှုသွားရန် ပစ္စည်းငှားခိုင်းသည်။

"နှင့်ကိုတော့ ခင်ပါတယ် သိန်းသိန်းရယ်၊ ဒါပေမဲ့ နှင်ကိုယ်တိုင်သွားဈေး အလျှုမှ မဟုတ်တာ၊ ငှားပေးလို့ မဖြစ်ဘူး ထင်တယ်"

"ငါ့အင်္ကျီနဲ့ ခဲအိုတို့သွားကြမှာ မှက်နှာကြီး မင်္ဂလာဆောင်ဖြစ်လို့ပါ၊ ငါ ကတိပေးပြီးသွားပြီ၊ ကူညီပါ သူငယ်ချင်းရယ်"

"နင်ကိုယ်တိုင်ဆို အကြောင်းမဟုတ်ဘူး၊ ဒီကိစ္စ တခြားသူတွေ သိသွားရင် မကောင်းဘူး"

"စိတ်ချပါ၊ ငါ့အစ်မကိုလည်း ငါ သေသေချာချာ ပြောပြထားပြီးပြီ၊ နှုတ်လုံဖို့လည်း ငါ မှာထားပါတယ်၊ ငါ ကတိပေးပြီးသား ဖြစ်နေလို့ပါ"

"တစ်ခုခု အမှားအယွင်း ဖြစ်သွားရင် ငါ့ဒုက္ခရောက်မှာ၊ အေးလေ နှင့်မျက်နှာကြောင့် နှင့်အစ်မအတွက် ငှားပေးပါ့မယ်၊ အလျှုပြီးပြီးချင်း လာပို့နော်"

"အေးပါ မေသူရယ်၊ နင် ဒုက္ခရောက်အောင် ငါ လုပ်ပါ့မလား"

"ဒါဆိုလည်း ပြီးရော၊ မနက်ဖြန် လာယူ၊ ငါ သွားငှားထားပေးမယ်"

နောက်တစ်နေ့ ထင်းခုတ်သွားရင်း မြနန်းထံမှ နားကပ်၊ ဆွဲကြိုးအပြင် လက်ကောက်တစ်ရန်ပါ ငှားရမ်းခဲ့သည်။ ညနေပိုင်း သိန်းသိန်းရောက်လာသည်။ ကျွန်မ ထပ်မံ သတိပေးလိုက်ပြီး ပစ္စည်းများ ပေးလိုက်သည်။ သို့သော် နောက်တစ်နေ့ ညနေထိတိုင် သိန်းသိန်း ပစ္စည်းများ လာမပို့ပါ။ ကျွန်မ စိတ်ပူလာသည်။ မနေသာတော့၍ ကျွန်မ သိန်းသိန်းတို့ အိမ် လိုက်သွားခဲ့သည်။ သိန်းသိန်းထံ ရောက်မှ အကြောင်းစုံသိရတော့သည်။

"မင်္ဂလာဆောင်က သုံးဖြူဇရပ်မှာလေ၊ ငါ့ခဲအို့ရဲ့ သမီး မင်္ဂလာဆောင်တာ၊ ဆန်စက်ပိုင်ရှင် သားနဲ့ပါ၊ ဟိုက ဆွဲထားကြလို့ နောက်နှစ်ရက်လောက်ကြာမှ ပြန်လာကြမယ်၊ စိတ်မပူပါနဲ့၊ ရောက်ရောက်ချင်း ငါ လာပို့ပါ့မယ်"

"ခုလောက် ရက်ကြာကြာ မငှားဘူးတော့ ငါ့ရင်ထဲ ပူနေမိတယ်၊ သွားပြန်ပေးရင် ဟိုက ဘာပြောမယ် မသိသေးဘူး"

"နင်နဲ့ ဒီလောက်ရင်းနှီးနေတာ ဘာမှ မဖြစ်နိုင်ပါဘူး၊ စိတ်မပူပါနဲ့"

ပစ္စည်းငှားသွားပြီး စုစုပေါင်း ငါးရက်ကြာမှ သိန်းသိန်း ရောက်လာသည်။ ပစ္စည်းအပြည့်အစုံ လာရောက် အပ်နှံသွားသည်။ ပစ္စည်းများ ပြန်ရလေမှ ကျွန်မရင်ထဲ အလုံးကြီးကျသွားသည်။ ပစ္စည်းပြန်ရရချင်းပင် မြနန်းရှိရာ တောင်ခြေသို့ ကျွန်မသွားခဲ့သည်။ မြနန်းအမည်ကို ခေါ်လိုက်သည်။ ကျွန်မခေါ်သံ အဆုံးတွင် မြနန်း ဘွားခနဲ ပေါ်လာသည်။

"ဒီတစ်ခေါက် ပစ္စည်းငှားသွားတာ ရက်ကြာလှချေလား"

"ငါ တောင်းပန်ပါတယ်၊ ငါ့သူငယ်ချင်းရဲ့ အစ်မအတွက် ငှားပေးလိုက်တာ၊ သူတို့ ခရီးလွန်နေလို့ ရက်နည်းနည်းကြာသွားတယ်"

"ဒီပစ္စည်းတွေက တခြားသူတွေ လက်ထဲ ကြာကြာထားလို့ မကောင်းဘူး၊ တို့တစ်တွေ ဒုက္ခရောက်သွားနိုင်တယ်၊ နင့်ကို ခင်မင်လွန်းလို့သာ ငှားပေးလိုက်ရတာ၊ နောက်ဆို ဆင်ခြင်ရတော့မယ်"

"အေးပါ မြနန်းရယ်၊ နောက်ကို မဖြစ်စေရပါဘူး၊ ငါသွားတော့မယ်"

လက်ဝတ်ရတနာများ မြနန်းထံ အပ်နှံခဲ့ပြီး ကျွန်မ ပြန်လာခဲ့သည်။

ထိုညက မေမေနှင့်အတူအိပ်ရာဝင်ခဲ့သော်လည်း ကျွန်မ ချွတ်တရက် အိပ်မပျော်ပါ။ အိပ်မရတာ ဖြစ်နေသည်။ မြနန်းနှင့် တွေ့ဆုံ ရင်းနှီးခဲ့ရပုံများကို ပြန်လည်တွေးတောနေမိသည်။ မည်မျှ ရင်းနှီး ခင်မင်သနည်းဆိုလျှင် တန်ဖိုးရှိ ရတနာပစ္စည်းများပင် ယုံယုံကြည်ကြည် ငှားရမ်းပေးခဲ့သည်။ ကျွန်မကလည်း ကတိတည်စွာ ပြန်လည် ပေးပို့အပ်နှံခဲ့သည်။ ထိုအကြောင်းများ တွေးတောရင်း မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

"မေသူရယ် နင် လုပ်ရက်လိုက်တာ၊ နင့်ကို ခင်မင်လွန်းလို့ လက်ဝတ်ရတနာတွေငှားပေးလိုက်တာ၊ နင် သစ္စာမရှိဘူး"

"ငါက ဘာကို သစ္စာမရှိတာလဲ၊ ငှားပြီးတိုင်း ပြန်ပေးခဲ့တာပဲလေ"

"အရင်ကတော့ ဟုတ်တယ်၊ ဒီနေ့ နင်လာပြန်ပို့တဲ့ ပစ္စည်းတွေလေ၊ နင် သစ္စာမရှိလို့ ဒုက္ခရောက်တော့မယ့် ဆဲဆဲပဲ၊ ပစ္စည်းတွေ မသမာသူတွေ လက်ထဲ မရောက်အောင် အချိန်မီ ပြန်သိမ်းလိုက်ရတယ်၊ နင် သစ္စာမရှိဘူး"

"မြနန်း နင်ဘာတွေပြောနေတာလဲ၊ ငါက ဘာကိုသစ္စာမရှိတာလဲ၊ ပြန်ပို့တဲ့ ပစ္စည်းတွေ ဘာဖြစ်နေလို့လဲ"

"တော်ပြီ၊ နောက်ဆို ဘယ်တော့မှ ငါ့ဆီက ပစ္စည်းငှားဖို့ စိတ်မကူးနဲ့တော့၊ ငါ့ဆီလည်း မလာပါနဲ့တော့၊ နင် သစ္စာမဲ့ခဲ့လို့ ဝေးရာကို သွားရတော့မယ်၊ နင် လာပြန်အပ်သွားတဲ့ ပစ္စည်းတွေက ငါပေးလိုက်တဲ့ ပစ္စည်းတွေ မဟုတ်ဘူး၊ အတုတွေပဲ၊ နင့်ကို ဒဏ်ခတ်ရတော့မယ်၊ မှတ်လောက်သားလောက်အောင် လုပ်ရတော့မယ်၊ နင်ပေးခဲ့တဲ့ ပစ္စည်းတွေ လာပြန်ယူပါ"

"မဟုတ်ဘူး မြနန်း၊ မဟုတ်ဘူး၊ ငါ မလုပ်ဘူး၊ ငါ ရှင်းပြပါရစေ"

တစ်စုံတစ်ဦး လှုပ်နိုးလိုက်ခြင်းကြောင့် ကျွန်မ အိပ်ရာမှ လန့်နိုးခဲ့ရသည်။ ကျွန်မနံဘေး မေမေ့ကို ငေးလို့ လိုက်ရသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ သမီး ငါမလုပ်ဘူး၊ ငါရှင်းပြပါရစေဆိုပြီး ဘာတွေ အော်နေတာလဲ၊ သမီး အော်သံကြောင့် မေမေ နိုးလာလို့ သမီးကို နိုးလိုက်တာ၊ အိပ်မက် မက်နေတာလား"

"သမီး အိပ်မက် မက်နေတာပါ မေမေ"

"ဘယ်လို အိပ်မက်မက်ပြီး အော်နေတာလဲ"

"အိပ်မက်ထဲမှာ မြနန်းကို ထပ်တွေ့ရတယ်၊ မြနန်းက အဖြူရောင် ဝတ်စုံလေးနဲ့ သိပ်လှတာပဲ၊ မြနန်းက ပြောတယ်၊ သမီးပြန်အပ်လိုက်တဲ့ပစ္စည်းတွေက သူ့ဌားပေးလိုက်တဲ့ ပစ္စည်းတွေ မဟုတ်ဘူးတဲ့၊ အတုတွေ ဖြစ်နေတယ်တဲ့၊ ဒုမီး သစ္စာမရှိဘူးတဲ့၊ သမီးကို ဒဏ်ခတ်မယ်တဲ့"

"သမီးအိပ်မက်က ဆန်းလှချည်လား၊ ပစ္စည်းတွေ နေ့ခင်းက သမီး သွားပြန်ပို့ခဲ့တာ မဟုတ်လား၊ သမီး ငှားပေးလိုက်တဲ့ ပစ္စည်းက သမီးသူငယ်ချင်း သိန်းသိန်း ဝတ်ခဲ့တာမဟုတ်ဘူး၊ သူ့အစ်မ ဝတ်ခဲ့တာပဲ"

"မြနန်း ခုလို တစ်ခါမှ အိပ်မက် ပေးဖူးတာ မဟုတ်ဘူး၊ ခုမှ စဉ်းစားမိတယ်၊ ပစ္စည်းတွေက လေးငါးရက်ကြာပြီးမှ ပြန်အပ်ခဲ့တာ၊ သူတို့ဆီမှာ အဲ့မှာအယွင်း ဖြစ်ခဲ့ပြီထင်တယ်၊ မဖြစ်ဘူး၊ ကိုယ်မလုပ်ဘဲနဲ့တော့ ဒဏ်ခတ်မခံနိုင်ဘူး၊ မြနန်းအမုန်းလည်း မခံချင်ဘူး၊ မိုးလင်းတာနဲ့ မြနန်းဆီသွားပြီး ရှင်းပြမယ်"

"သမီးတို့ ထင်းခွေသွားတဲ့ရက်မှ မဟုတ်ဘဲ၊ သမီး ဇစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဘယ်သူမှပါလို့ မဖြစ်ဘူး၊ သမီး တစ်ယောက်တည်း သွားရမယ်၊ သွားနေကျပဲ မေမေ မပူပါနဲ့"

နောက်တစ်နေ့ နံနက်စောစောမှာပင် ကျွန်မတစ်ယောက်တည်း တောင်ခြေဘက်သို့ ထွက်လာခဲ့သည်။ မြနန်းနှင့် တွေ့ဆုံနေကျ နေရာ အရောက်တွင် မြနန်းအမည်ကို ခေါ်လိုက်သည်။

"မြနန်းရေ. . . ငါ့ကို လာတွေ့ပါဦး၊ ငါ ရှင်းပြချင်လို့ပါ၊ မြနန်း. . . နင် ဘယ်မှာလဲ"

ကျွန်မ အော်ဟစ် ခေါ်နေစဉ် ကျွန်မနောက်ဘက်မှ အသံကြားလိုက်ရသည်။

"နင် လာမယ်ဆိုတာ ထင်သားပဲ၊ ဘာလို့ အော်နေရတာလဲ၊ နင် သစ္စာမရှိဘူး"

"မဟုတ်ဘူး ငါ ရှင်းပြပါရစေ"

"ဘာမှ ရှင်းပြမနေနဲ့တော့၊ ခုတော့ လွန်ကုန်ပြီ၊ နင့်ကို ခင်မင်သံယောဇဉ် တွယ်ခဲ့မိတာ ငါ့အမှားပါ၊ နှောက်ဆို ဘယ်တော့မှ ငါနဲ့တွေ့ရတော့မှာ မဟုတ်ဘူး၊ ရော့ ဒီမှာ နင်ပေးခဲ့စဲ့ ပစ္စည်းတွေ"

မြနန်းက အထုပ်ပစ်ချပေးကာ တောင်ခြေချုန်းယ်များကြားထဲ တိုးဝင်သွားသည်။ ကျွန်မက ငါရှင်းပြပါရစေဟု ဆိုကာ မြနန်းနောက်သို့ လိုက်သွားသည်။ မြနန်းဝင်သွားရာ ချုန်းယ်များအလွန်တွင် ဂူလိုဏ်ကြီးတစ်ခုကို ဘွားခနဲ့ တွေ့လိုက်ရသည်။ ကျွန်မ အုံ့သြထိတ်လန့်ကြောက်ရွံ့သွားမိသည်။

ဂူကြီး ရှိသည်ကိုသာ ကြားဖူးသော်လည်း မည်သူမျှ မမြင်၊ မတွေ့ခဲ့ကြပါ။ ကျွန်မလည်း တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးခဲ့ပါ။ ဂူတံခါးကြီးပွင့်လျက်သား တွေ့ရသည်။ မြနန်း ဂူထဲဝင်သွားသည်။ မြနန်းဝင်ရောက်သွားသည်နှင့် ဂူတံခါးကြီး ပိတ်စပြုသည်။ မြနန်းကို တွေ့ချင်ဇောဖြင့် နောက်မှ လိုက်သွားခဲ့သည်။ ဂူတံခါးကြီးနှစ်ချပ် တရွေ့ရွေ့ နီးကပ်လာချေပြီ၊ ပိတ်လုပိတ်ခင်ဖြစ်နေပြီ။

"မြနန်း . . . နေပါဦး၊ ငါ ရှင်းပြချင်လို့ပါ။ တံခါးမပိတ်ပါနဲ့ဦး"

ကျွန်မက ပိတ်လုဆဲဆဲ တံခါးရွက်ကြီးနှစ်ချပ်ကို တွန်းကန်ဆုပ်ကိုင်ထားပြီး တောင်းပန်မိသည်။

ထိုစဉ်မှာပင် တံခါးကြီးနှစ်ချပ် စေ့လာသည်။ တံခါးရွက်ကို ဆုပ်ကိုင်တွန်းဖယ်နေသော ကျွန်မလက်ချောင်းများ ညှပ်မိသွားတော့သည်။ နာကျင်လွန်း၍ လက်နှစ်ဖက်ကို ပြန်ရုပ်လိုက်ရာ ဝဘက်လက်သာ လွတ်ထွက်လာပြီး ယာဘက်လက်ချောင်းများ တံခါးညှပ်သွားတော့သည်။ ရုန်းဖယ်၍ မရတော့ပါ။ ဒုန်း ဟူသော ဂူတံခါးကြီးနှစ်ချပ်ထိတွေ့ပိတ်သံနှင့်အတူ နာကျင်လွန်းသော ဝေဒနာကို ခံစားလိုက်ရပြီး ကျွန်မအသိတွင် အမှောင်ထုကြီးက ဖုံးလွှမ်းသွားပါတော့သည်။

◆

"အဘွားဆိုလိုတာက လက်ညှပ်မိပြီး ဂူဝမှာ သတိလစ်မေ့မြောနေတာလား"

"ဒုန်း ဆိုတဲ့ အသံကြားပြီး နာကျင်လွန်းတဲ့ဒဏ်ကြောင့် သတိလစ်သွားတာတဲ့"

"အဘွား ပြောပြတဲ့အတိုင်းဆိုရင် တော်တော် ဆန်းကြယ်လွန်းတဲ့ အဖြစ်ပဲ၊ ယုံနိုင်စရာတောင် မရှိဘူး"

"အဲဒါကြောင့် ဘယ်သူ့မှ မပြောခဲ့တာပေါ့"

"နောက်ထပ် ဘာတွေ ဆက်ဖြစ်သေးလဲ၊ အဲဒီ မြနန်းဆိုသူနဲ့ကော တွေ့ဖြစ်သေးလား"

"မလောပါနဲ့ ပြောပြပါ့မယ်၊ ပို့ပြီး မယုံနိုင်စရာတွေ ရှိသေးတယ်၊ ဂူဝမှာ သတိလစ်မေ့မြောနေရာက လူသံတွေကြားရပြီး သူတို့ ပြုစုကုသမှုကြောင့် သတိပြန်ရလာတယ်၊ ဘယ်လောက်ကြာကြာ သတိမေ့နေတာတောင် မသိတော့ဘူး၊ ပထ်ဝန်းကျင်ကို ကြည့်လိုက်တော့ အဘွားရဲ့ အမေနဲ့ သူငယ်ချင်းတွေကို တွေ့လိုက်ရတယ်။

အဘွား ပြန်ရောက်သင့်တဲ့ အချိန် ပြန်မရောက်တော့ အမေက စိတ်ပူပြီး သူငယ်ချင်းတွေခေါ်ပြီး လိုက်လာတာ၊ သူတို့ရောက်လာချိန်မှာ အဘွားရဲ့ ညာဘက်လက်ချောင်း သွေးသံရဲရဲနီ ပြတ်နေတာတွေ့ရတယ်တဲ့၊ ထူးဆန်းတာက ဂူကြီးနဲ့ ဂူတံခါးကို ဘယ်သူမှ မတွေ့ဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ဆက်ပြောပါ အဘွား၊ စိတ်ဝင်စားဖို့ ကောင်းလိုက်တာ"

"အဘွားကို အိမ်ပြန်ခေါ်လာကြတယ်၊ လက်ချောင်းလေးတွေ ပြတ်နေတဲ့ဒဏ်ရာကို လိုအပ်သလို ဆေးကုသပေးကြတယ်၊ အဘွားလည်း ကိုယ်လုပ်ခဲ့တာ မဟုတ်ဘဲ ဒဏ်ခတ်ခံရတာဆိုတော့ ပစ္စည်းငှားပေးလိုက်တဲ့ သိန်းသိန်းဆီ လိုက်သွားတယ်၊ အဖြစ်အပျက်ကို ပြောပြလိုက်တယ်၊ အဘွား လက်ပြတ်နေတာတွေ့တော့ သိန်းသိန်းလည်း ချုံးမဲ့ခဲ့ ငိုတော့တယ်။

သူလည်း မခံမရပ်နိုင် ဖြစ်လွန်းပြီး မေးမြန်းစုံစမ်းတော့မှ သူခဲ့အိုလက်ချက်ဆိုတာ သိရတော့တယ်၊ လက်ဝတ်ရတနာတွေက ရွှေရည်နဲ့ လက်ရာက သိပ်ကောင်းလွန်းနေတော့ လောဘဇာတ်လာတယ်၊ နားလည်တတ်ကျမ်းသူတွေနဲ့ ပြကြည့်တော့ လူတိုင်းက လက်ရာကို အံ့သြခြီးမွမ်းကြတယ်၊ ရှားပါးပြီး ရှေးဆန်လွန်းတဲ့ ပစ္စည်းလို့ ပြောကြတယ်၊ လောဘကြောင့် ပုံစံတူအတုတွေ ပြုလုပ်ပြီး အစစ်နဲ့ လဲယူထားခဲ့တယ်၊ အဘွားလည်း ပစ္စည်းအစစ်တွေ ပြန်ရအောင် ရှာပေးပါလို့ ငိုယိုပြီး တောင်းပန်ခဲ့တယ်၊ ဒီတော့မှရောင်းစားခဲ့တာ သိရတော့တယ်။

အဘွား လက်ပြတ်နေတာ တွေ့ရတော့ သိန်းသိန်းရဲ့ခဲအိုက သူ လုပ်ခဲ့ကြောင်း ဝန်ချတောင်းပန်တော့တယ်၊ အဘွားက ပစ္စည်းအစစ်တွေ ပြန်ရရင် သူနေရာ ပြန်ပို့မယ် စိတ်ကူးထားတာ၊ သိန်းသိန်းမိဘတွေလည်း အဖြစ်မှန် သိသွားတော့ သူတို့သမက်ကို သတ်ဖြတ်မယ် ဖြစ်ကုန်တယ်၊ ဒါနဲ့ပဲ သိန်းသိန်းရယ်၊ သူ့အစ်မရယ်၊ သူ့ခဲအိုရယ်၊ ငြိတော့ အဘွားလည်း ပါတယ်၊ ပစ္စည်းရောင်းခဲ့တဲ့ ရွှေဆိုင်ကို လိုက်သွားကြတယ်၊ ဆိုင်က သံဖြူဇရပ်မှာရှိတာ၊ ငွေလည်း ယူသွားကြတယ်၊ ရောင်းခဲ့တဲ့ ပစ္စည်း ပြန်ဝယ်မယ်ပေါ့လေ၊ ရောင်းခဲ့တဲ့ရက်မှ မကြာသေးတာ"

"ပစ္စည်းအစစ်တွေ ပြန်ဝယ်လို့ ရလား အဘွား"

သိချင်စိတ်ဖြင့် ကျွန်တော်က အလောတကြီး မေးလိုက်မိသည်။

"မရခဲ့ဘူးကွဲ့၊ မရခဲ့တဲ့အပြင် အဲဒီရွှေဆိုင်မှာ မယုံနိုင်စရာအဖြစ်တွေနဲ့ ထပ်ကြုံခဲ့ရတယ်"

"ဘယ်လို မယုံနိုင်စရာတွေလဲ အဘွား"

"ပစ္စည်း လာရောင်းတုန်းက ရွှေဆိုင်က လူတွေ ဒီလက်ရာမျိုး မတွေ့ဖူးလို့ ဘုံဘြေနေကြတာတဲ့၊ အရည်အသွေးလည်း ကောင်းလွန်းတော့ စွေးကောင်းပေးပြီး ဝယ်လိုက်တယ်။

အဲဒီပစ္စည်း ဝယ်ပြီး နောက်တစ်နေ့မနက် ဆိုင်ဖွင့်ဖွင့်ချင်း အချိန်မှာ အဖြူရောင်ဝတ်စုံနဲ့ လှပချောမွေ့တဲ့ မိန်းမပျိုလေးတစ်ယောက် ဆိုင်ကို ရောက်လာတယ်၊ အဲဒီပစ္စည်းတွေကို ပြန်ဝယ်သွားတယ်တဲ့၊ စွေးမဆစ်ဘဲ ဆိုင်ကပြောတဲ့စွေး ပေးဝယ်သွားတာ၊ ဒါ ကျွန်မတို့ပစ္စည်းပဲ့၊ မသမာသူတွေ လက်ထဲ မရောက်ခင် အချိန်မီပြန်ရလို့ ဝမ်းသာတယ်လို့ ပြောသွားသေးတယ်တဲ့"

"အဲဒီပစ္စည်း လာဝယ်တဲ့ အဖြူရောင်ဝတ်စုံနဲ့ မိန်းမလှလေးဟာ ဂူကြီးက အစောင့်မြနန်းပဲ ဖြစ်မယ်ထင်တယ်နော် အဘွား"

"သူပဲပေါ့ကွယ်"

"နောက်ပိုင်း အဘွားတောင်ခြေဘက် ထင်းသွားခုတ်သေးလား၊ မြနန်းနဲ့တွေ့သေးလား"

"အဘွားလက်ပြတ်သွားတဲ့ ညဘက်မှာ ထောင်ခြေက နွားလှည်းသံတွေ၊ နွားချူသံတွေ ကြားရတယ်လို့ ပြောကြတယ်၊ သူတို့ရှိတဲ့နေရာ လူတွေ သိသွားလို့ ဂူကြီးနေရာ ပြောင်းသွားတာလို့ လူကြီးတွေက ပြောကြတယ်၊ အဘွားလည်း သူ့စကားအတိုင်း ဒဏ်ခတ်တဲ့အနေနဲ့ လက်ပြတ်ခံလိုက်ရတော့ သိပ်ကြောက်သွားခဲ့တယ်၊ အဲဒီဂူကြီး ရှိရာဘက် မသွားရဲတော့ဘူးကွဲ့၊ အဲဒီဂူကိုလည်း လက်ပြတ်ဂူလို့ ခေါ်ကြတော့တယ်၊ ခုချိန်မှာတော့ အဲဒီလက်ပြတ်ဂူအကြောင်း သိသူတွေ လောကမှာ မရှိတော့ပါဘူး"

"အဘွားကြုံခဲ့ရတဲ့ အဖြစ်တွေက မယုံနိုင်စရာပဲနော်၊ ကျွန်တော်တောင် ကာယကံရှင်အဘွားကိုယ်တိုင် ပြောပြလို့ ယုံတာ၊ တစ်ဆင့်စကားနဲ့ ကြားရရင်တော့ ယုံချင်မှ ယုံမယ်"

"လွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ်ကျော်က အဖြစ်တွေပါကွယ်၊ အဘွားကိုယ်တိုင် တွေ့ကြုံခဲ့ရတာ၊ ခံစားခဲ့ရတာပါ၊ ပြတ်နေတဲ့ ဒီလက်ချောင်းတွေက သက်သေပါပဲကွယ်၊ ဒီနေ့အထိ မမေ့သေးပါဘူး၊ သေတဲ့အထိ သတိရနေမယ့် အဖြစ်တွေပေါ့ကွယ်"

မည်သို့မျှ ယုံကြည်နိုင်ဖွယ်ရာ မရှိသော အဖြစ်အပျက်များပင် ဖြစ်သည်။ ကျွန်တော်ကိုယ်တိုင် မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေခဲ့သေးသည်။ သို့သော် ကာယကံရှင်ကိုယ်တိုင် သက်သေ အခိုင်အမာနှင့် ပြောပြခဲ့သည်။ သက်သေမှာလည်း ကာယကံရှင်ကိုယ်တိုင်ပင် ဖြစ်နေသည်။ ပြတ်နေသော လက်ချောင်း လေးချောင်းက အခိုင်အမာ သက်သေပင် ဖြစ်နေသည်။

ဝန်ထမ်းဘဝမို့ ရွာတွင် ကြာကြာမနေနိုင်ခဲ့ပါ။ အဘိုးကိစ္စရက်လည်ပြီးနောက် နှစ်ရက်သာနေခဲ့သည်။ ဆွေမျိုးများအား နှုတ်ဆက်ပြီး ရန်ကုန်သို့ ပြန်ရန်ပြင်ဆင်ရတော့သည်။ "ကရုပ္ပိ" ရွာမှ မော်လမြိုင်သို့ အလျှင်ပြန်ရသည်။ မော်လမြိုင်မှတစ်ဆင့် မီးရထားဖြင့်ပြီး ရန်ကုန်သို့ ပြန်လာခဲ့သည်။ ရထားပေါ်တွင် နံ့လုပ်ငန်းများ၊ တာဝန်များ မတွေးမိဘဲ အဘွားမေသူ၊ လက်ပြတ်ဂူနှင့် မြနန်းတို့၏အဖြစ်အပျက်ပုံရိပ်များက ကျွန်တော့် အတွေးထဲ တစ်ရစ်ဝဲဝဲ ပေါ်လာနေတော့သည်။

မောင်မောင်မိုးဇာဘာ

❑

www.burmeseclassic.com

www.burmeseclassic.com

တင်မိနှင်

ဒါသည်နှလုံးတွေ ဒါဝပ်လို့လား

တစ်စုံတစ်ယောက်ကများ ကျွန်မကို "ဘာလုပ်ရတာ အကြိုက်ဆုံးလဲ" ဟု မေးလာလျှင် "စာဖတ်ရတာ အကြိုက်ဆုံး" ဟု ဖြေရလောက်အောင်ပင် စာဖတ်ခြင်းကို ကျွန်မ စွဲမက်လှပါသည်။ ငယ်စဉ်ကပင် ဖတ်လို့ရသမျှစာကို အကုန်ဖတ်ချင်နေခဲ့တ်။ စာဖတ်တတ်စ အရွယ်ကတည်းက အစပျိုးခဲ့သော ဝါသနာသည် အခု အရွယ်မှာ ပို၍ ခိုင်ကျည်သွားကာ စာမဖတ်ဘဲ ဖြတ်သန်းခဲ့သည့်နေ့ဟူ၍ မရှိတော့ပြီ။

သည်တော့ စာအုပ်ဂ၊ ကျွန်မအနှစ်သက်ဆုံးအရာ ဖြစ်လာသည်။ ငယ်ငယ်က အဖေဝယ်ပေးခဲ့သော စာအုပ်လေးတွေဆိုလျှင်လည်း မပျောက်မပျက် သိမ်းဆည်းထားတတ်သည်။ ကျွန်မ ခုနစ်နှစ်သမီးအရွယ်က အဖေဝယ်ပေးခဲ့သော နယ်ဥ်၏ လူရည်ချွန်ပုံပြင်များ၊ လူထုဦးလှ၏ တိုင်းရင်းသားပုံပြင်များ စာအုပ်တွေသည် ယခုတိုင် ကျွန်မလက်ဝယ် ရှိနေဆဲ၊ စာအုပ်လေးတွေ၏ သက်တမ်းက နှစ်ပေါင်းငါးဆယ်ကျော်ခဲ့လေပြီ။ သည်လိုနှင့် စာဖတ်ခြင်း၊ စာအုပ် သိမ်းဆည်းထားခြင်းတို့မှ တစ်ဆင့် စာအုပ်စုဆောင်းခြင်း အလေ့အထ ဖြစ်ခဲ့သည်။ အဖေ၏ စာအုပ်စုဆောင်းခြင်း ဝါသနာက သမီးဖြစ်သူ ကျွန်မဆီ စီးဆင်းလာခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ငယ်စဉ်က ဝန်ထမ်းဖြစ်သော အဖေ တာဝန်အရ ပြောင်းရွှေ့ထမ်းရာ ဒေသသို့ မိသားစုပါလိုက်ရသောအခါ အိမ်ထောင်မှုပစ္စည်းများအနက စာအုပ်များကိုပါ ထပ်ပိုးသယ်ဆောင်ရလေ့ ရှိသည်။ ထိုအခါ စာအုပ်များကို အိမ်ပြောင်းခါနီးမှာ သိမ်းဆည်းသည့်သိုတိုင်း အဖေသည် လုပ်ကိုင်နေကျ နှုတ်မှ တတွတ်တွတ် "အဖိုးတန်အဖိုးတန်တွေ"ဟု မြွတ်မြွတ်နိုးနိုးဆိုတာ ရွတ်လေ့ရှိသည်။ သည်အခါမျိုးမှာ ကျွန်မတို့ မောင်နှမတွေကလည်း အဖေ့ကို ချစ်ခင်ကျိုးယိစိတ်နှင့် စာအုပ်များကို စီရီသယ်ယူကာ အဖေပြောသည့် လေသံအတိုင်း "အဖိုးတန်အိုးအိုးတန်တွေ" ဟု သံပြိုင်သီဆို ဆော့ရွှင်စွာ ကူညီခဲ့ကြသည်။

နွေကျောင်းပိတ်ရက်တွေမှာ အဖေက "အဖိုးတန်တွေ..." ဟူ ညွှန်ဆိုလေ့ရှိသည့် စာအုပ်တွေကို ဖိုက်ကြိုက်ယူဖတ်ကြသည်။ "စာအုပ်ဆိုတာ ဖတ်စရာ" ဟု စိတ်က အလိုလိုသိနေခဲ့ပြီး အဖေကလည်း သူ့သားသမီးတွေ စာဖတ်နေကြလျှင် ကျေနပ်နေစမြဲ ဖြစ်လိုက်ကြစမ်း စာအုပ်တွေ။

စာအုပ်များသည် သက်မဲ့ ဆိုသော်လည်း ထိန်းသိမ်းစောင့်ရှောက်ရာတွင် အထူးသတိကြီးစွာ ကြည့်ရှုရလေသည်။ ခြမ်းများ၊ ပိုးများ၏ အန္တရာယ်ကို အထွယ်ရခြင်းပင် ဖြစ်၏။ ခြမ်းသည် စာအုပ်များအတွက် အတော်ကြောက်ရွံကောင်းသော အဓိကရန်သူပင်။ ခြင်္သေ့သည် စာအုပ်များကို အချိန်တိုအတွင်း အမှုန့်ဖြစ်အောင် ဖျက်ဆီးနိုင်စွမ်းသည်။

တစ်ခါက ကျွန်မ တစ်ပတ်လောက် ခရီးထွက်ရာမှ အိမ်ပြန်ရောက်သောအခါ စာအုပ်အချို့ကို ခြင်္သေ့ချေမှုန်းသွားသည်ကို သိမြင်လိုက်ရသည်။ ဒဂုန်တာရာ၏ မေ၊ မောင်ထင်၏ ဒေါ၊ တက္ကသိုလ်ဘုန်းနိုင်၏ သူငယ်ချင်းလို့ပဲ ဆက်၍ဒေါ်မည်ခိုင်၊ ပြီးတော့ ကျွန်မ စာရေးစက ကျွန်မ၏ဝတ္ထု။ ကဗျာလေးတွေပါသော မဂ္ဂဇင်းများ။ သေတ္တာတစ်လုံးစာမို့ ခံစားလိုက်ရပုံမှာ စကားလုံးပင် ရှာမတွေ့နိုင်။

စာအုပ်စာပေနှင့် ပတ်သက်၍ အဖေ့ကို ကျေးဇူးတင်မဆုံးနိုင်ပါ။ အဖေ ကဝယ်ယူစုဆောင်းထားခဲ့သောကြောင့်သာ ခေတ်အဆက်ဆက် ပေါ်ပေါက်ထုတ်ဝေခဲ့သော စာအုပ်များကို တခြားမှာ ရှာဖွေစရာမလိုဘဲ အဆင်သင့်ဖတ်နိုင်ရသည်မို့ပင်။ ဒါကြောင့်ပင် မဟာဆွေ၊ ပီမိုးနင်း၊ ရွှေဥဒေါင်း၊ စစ်ကိုင်းဦးဘိုးသင်း၊ ဒဂုန်ရွှေမျှား၊ ငွေဥဒေါင်း၊ သိန်းဖေမြင့်၊ သုခ၊ သာခု၊ တင့်တယ်၊ ဇဝန၊ မန်းတင့်၊ မောင်ထင်၊ သော်တာဆွေ၊ လင်းယုန်သစ်လွင် စသည့်ဆရာကြီးများ၏ စာပေများကို ကျွန်မ ဖတ်ရှုခွင့်ရခဲ့သည်။

နောက်တော့ ကျွန်မကိုယ်တိုင်လည်း ဝါသနာကြီးစွာ စာအုပ်တွေကို ဝယ်လိုက်၊ ဖတ်လိုက်၊ သိမ်းလိုက်၊ စုလိုက်နှင့် ကာလတစ်ခုမှာ စာအုပ်တွေ အတော်ထုပ်ပိုက် စုဆောင်းမိနေပြီကို သတိထားမိသွားသည်။ သည်အခါ စာတော ပေတောမှာ ကိုယ့်တိုင်ပျော်ဝင်ကူးခပ်ရုံနှင့် အားမရတဲ့ အကြောင်းကြောင်းကြောင့် စာအုပ်စာပေကို ဖတ်ချင်ပါလျက် ဝယ်မဖတ်ဖြစ်၊ မဖတ်နိုင်သောသူများအတွက်လည်း စုဆောင်းပေးဝေဖို့ လိုအပ်သည်ဟု တွေးတောမိသည်။ လက်လှမ်းမီသလောက် မျှဝေဖြစ်ရာ အထက်အညာဒေသ၊ မြစ်ဝကျွန်းပေါ်၊ ပြည်နယ်ဒေသအသီးသီးရှိ မြို့နယ်ကျေးလက်များဆီသို့ လက်တလော ထွက်ရှိသည့် ဖတ်သင့်ဖတ်ထိုက်ရာ စာအုပ်များ၊ မဂ္ဂဇင်းများကို ပေးပို့လှူဒါန်းရသည်မှာ မွေ့လျော်ကျေနပ်စရာ။

ရက်စွဲနှင့်တကွ မှတ်တမ်းပြုထားသော ကျွန်မ၏ မှတ်စုစာအုပ်မှာ မြို့နယ်၊ စာကြည့်တိုက် အမည်၊ လှူဒါန်းလိုက်သော စာအုပ်အမျိုးအမည်များကို ပြန်လည် ဖတ်ရှုမိသည့် အခါများမှာ ကြည်နူးပီတိ ဖြစ်ရ၏။ စာကြည့်တိုက်ပေါင်း(၂၀)ကျော်အတွက် စာအုပ်ပေါင်း(၁၀၀၀)ခန့် စာပေဒါနပြုခဲ့ပြီ။ ပေးပို့လိုက်သည့် စာအုပ်လေးတွေကို စာဖတ်သူ ဘယ်နယောက် ဖတ်ပြီးသွားပြီလဲ၊ စာအုပ်များမှာ သုတ၊ ရသတွေကို စာဖတ်သူ ဘယ်မျှသိမှတ် ခံစားကြရပြီလဲ။ တစိမ့်စိမ့်တွေးရသည်နှင့်ပင် ကျေနပ်အားရဖွယ်။ မြတ်နိုးစရာ စာအုပ်တွေကတော့ မြန်မာပြည်အနှံ့ ခြေဆန့်နေကြလေပြီ။

သည်စာအုပ်တွေထဲမှာ 'ခေတ်တွေ ပါသည်။ သမိုင်းတွေ ပါသည်။ အတွေးအမြင်တွေ ပါသည်။ မျိုးချစ်စိတ်တွေ ပါသည်။ ဆင်ခြင်တုံတရားတွေ ပါသည်။ သင်ခန်းစာတွေပါသည်။ အားမာန်တွေ ပါသည်။ ဘဝကို လင်းပွင့်ရှင်သန်စေဖို့ အလင်းရောင်တွေတဖျပ်ဖျပ်။

▼

မြို့ထဲရောက်လို့ အချိန်ရလျှင် စာအုပ်ဆိုင်များကို လှည့်လည်၍ အာရုံဝင်စားစရာ စာအုပ်သစ်များကို ဝယ်ဖြစ်သည်။ လက်ထဲမှာ စာအုပ်တွေကို အိတ်အပြည့် ခြိတ်ဆွဲသယ်ဆောင်လာရင်း စိတ်အာဟာရများကို စားသုံးဖြည့်တင်းဖို့ ပိတိတွေဝေလျှံလျက်။ အမေ့အိမ်၊ စာပေလောက၊ ပညာရွှေတောင်၊ ရာပြည့်၊ ပြီးတော့ ပန်းဆိုးတန်းစာအုပ်အဟောင်းတန်းမှလည်း ကျွန်မ ဖတ်လိုသော စာအုပ်မျိုးတွေကို မွှေနှောက်ရှာဖွေ၍ ရတတ်သည်။

စာအုပ်အဟောင်းများကို တင်သည့်စာအုပ်ဆိုင်များသည် အခြေအနေအရ ဆိုင်ဖြုတ်တော့မည်ဆိုလျှင်လည်း စာအုပ်များကို စွန့်လျှော့၍ ရောင်းလေ့ရှိသည်။ ဆရာမြသန်းတင့် ဘာသာပြန်ခဲ့သော လေးစားသုန်သုန်သည် ကျွန်မ အသက်အစိတ်အရွယ်တုန်းက ၂၅ ကျပ်ဖြစ်၏။ သည်တုန်းက ကျွန်မ၏ မူလတန်းပြ ဆရာမ လစာသည် ၂၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

မပြည့်ပါ။ ထိုစဉ်က နယ်မှာရောက်နေစဉ် ကာလ၊ စာကြည့်တိုက်မှ ဌားဖတ်ခဲ့သည်။ နောင်နှစ်ပေါင်း အစိတ်ကျော် ကာလအကြာ တစ်နေ့မှာ ၃၇ လမ်း၊ စာအုပ်အဟောင်းဆိုင်ကြီးမှာ လေလူးသုန်သုန်ကို တွေ့လို့ မေးကြည့်ရာ တစ်သောင်း ဖြစ်နေပြီ။ ဆိုင်ရှင်ကလည်း မျက်မှန်းတန်းမိနေသူမို့ . . .

"ဆရာမ ယူမယ်ဆိုရင် ၈၀၀၀ နဲ့ ပေးပါမယ်" ဟု ဆိုလေသည်။

တစ်ခါတလေ စာအုပ်ပိုင်ရှင်ကိုယ်တိုင် တိုက်ရိုက်လာရောင်းသော စာအုပ်မျိုးကိုလည်း ရတတ်သေး၏။ မကြာသေးမီကမှ ကွယ်လွန်သွားခဲ့သော နိုင်ငံကျော် ရုပ်ရှင်မင်းသားဟောင်းကြီး တစ်ဦးဆီက ရှားပါးစာအုပ်တစ်အုပ်ကို မမျှော်လင့်ဘဲ ရရှိခဲ့ဖူးသည်။ စက္ကူအရောင် ဝါကြန့်ကြန့်က စာအုပ်၏ သက်တမ်းကို ဖော်ညွှန်းနေသည်။ လွန်ခဲ့သော နှစ်ပေါင်း (၆၆)နှစ်က စာအုပ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလက ထုတ်ဝေခဲ့သော ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း ဖြစ်သည်။ စာအုပ်ကို ကတ်ထူဖြင့် ဖုံးချုပ်ထား၍ အဖုံးပေါ်မှာ "မည်သူကိုမှ မငှားပါ" ဟု အထင်အရှားရေးကာ မင်းသားကြီး၏ လက်မှတ် ရေးထိုးထားသည်။ မည်သူကိုမှ မငှားသော တန်ဖိုးထားသည့် စာအုပ်ကို လာ၍ရောင်းသည့် အတွက် ကျွန်မကလည်း တန်ဖိုးထား၍ ဝယ်လိုက်ပါသည်။

▼

ကျွန်မ စာအုပ်စင်မှ တချို့စာအုပ်တွေကတော့ တစ်ခါတစ်ရံ အခြေအနေ အမျိုးမျိုးဖြင့် ကွယ်ပျောက်ဝေးကွာသွားတတ်သည်။ အိမ်အပြောင်းအရွှေ့မှာ ရထားဖြင့် သယ်ဆောင်လာရင်း အထုပ်ထဲမှ အဖောက်ခံရခြင်း၊ ခင်မင်ရင်းနှီးသော သူငယ်ချင်းက ငှားပြီး ပြန်မပေးဘဲနေခြင်း၊ တချို့ကလည်း အံ့သြမယုံနိုင်စရာ "ပေးပြီးပြီ" ဟု ပြောင်လိမ်ခြင်း၊ အိမ်တို အံလည်လာသည့် နည်းသည့်က မပြောမဆိုဘဲ စာအုပ်စင်မှ ယူသွားခြင်းတို့ ဖြစ်သည်။

ကျွန်မ လေးစား ခင်မင်ရပါသော (ယခုအခါ ကွယ်လွန်သွားခဲ့ပြီး ဖြစ်သော) အယ်ဒီတာဆရာတစ်ဦးက တော့ ကြိတင်ကာကွယ်သည့်အနေဖြင့် "မည်သူ့ကိုမှ စာအုပ်မငှားပါ" ဆိုသော စာတန်းကို ကွန်ပျူတာစာစီ၍ အိမ်ခန်းရှိ စာအုပ်စင်မှာ အထင်အရှား ချိတ်ဆွဲထားလေသည်။

စာအုပ်များကို လူတိုင်းက စိတ်ဝင်စားကြသည်တော့ မဟုတ်ပါ။ စာပေမွေ့သူ အမျိုးအစားက သီးခြားသတ်သတ် ရှိ၏။ ထို့ကြောင့်ပင် အိမ်တိုင်းမှာ စာအုပ် ရှိမနေတတ်ပါ။ အိမ်တွင်းမှာ ခေတ်ပေါ် အဆောင်အယောင် အပြည့်အစုံရှိပြီး ဖတ်စရာစာအုပ် လုံးဝမရှိသော အိမ်တွေကို အံ့သြထူးဆန်းစွာ တွေ့ရ ဖူးသည်။ စာအုပ်ဆိုတာ အိမ်မှာ အပိုပဲ၊ အိမ်ရှုပ်တယ် ဆိုသည့် လူတန်းစားကလည်း တကယ်ပင်ရှိသည်။

စာရေးဆရာတစ်ဦး၏ အိမ်မှာ သား၏မွေးနေ့အလှူဖိတ်တော့ ထိုဆရာ၏ အိမ်ကိုရောက်ဖြစ်သည်။ ပျဉ်ထောင်တစ်ထပ်အိမ်ကလေးက သပ်သပ်ရပ်ရပ်။ အိမ်ရှေ့ခန်းကျယ်ကြီးမှာ နံရံတစ်လျှောက် အပြည့်ရှိနေသော စာအုပ်စင်သည် ကြမ်းပြင်မှသည် မျက်နှာကြက်အထိ ဖတ်ချင်စဖွယ် စာပေါင်းစုံဖြင့် ဆင့်စီပြည့်သိပ်စွာ ရှိသည်။ စာအုပ်များဖြင့် အခန်းဖွဲ့ထားသလိုမျိုး တစ်အိမ်လုံး စာပေရနံ့ဖြင့် ထုံမွှမ်းနေ၏။ စာပေဖြင့် ဘဝကို ထုဆစ်တည်ဆောက်ထားသူ တစ်ဦး၏ အိမ်ကေဟာလေးပဲ။

တစ်ကိုယ်တည်းဘဝကို ဖြတ်သန်းသွားခဲ့သူ စာရေးဆရာကြီးတစ်ဦး ကွယ်လွန်သွားသောအခါ ဆရာကြီး၏ အိမ်သို့ ညနေခင်းမှာ ရောက်သွားသည်။ အိမ်တွင် ဆရာကြီး၏ တပည့် တစ်ယောက်ကိုသာ တွေ့ရသည်။ ခြံဝင်းထဲတွင် ဆရာကြီး မွေးမြူစောင့်ရှောက်ခဲ့သော ခွေးတစ်အုပ်က ဟိုတစ်စု သည်တစ်စုဖြင့် သူတို့သခင် မရှိတော့သည်ကို သိနေကြသည့်အလား ညူးငယ်စွာ ခွေဝပ်လို့။

ဆရာကြီး၏ တပည့်က စာပန်းတွက် အစီအစဉ်များကို ပြောဆိုပြီး သည့်နောက် တစ်အိမ်လုံး ဘာသံမှ မကြားရဘဲသွေ့ခြောက်တိတ်ဆိတ်သွား၏။ ဧည့်ခန်းနှင့်ကပ်လျက် လှမ်းမြင်နေရသော စာကြည့်ခန်းထဲတွင် ခန်းလုံးပြည့် မျှ စီထပ်ပြည့်သိပ်နေသည့် ဆရာကြီး၏ မြောက်မြားလှစွာသော စာအုပ်တွေကိုသာ လွမ်းစဖွယ်တွေ့မြင်ခဲ့ရလေသည်။

အလုပ်တာဝန်မှ အနားယူပြီးသည့် အဆင့်မြင့် အရာရှိကြီးတစ်ဦးက သူ့မှာ ဘာသာရပ်စုံ စာအုပ်တွေ တစ်ထောင်ကျော်လောက် ရှိနေပြီ၊ တစ်နေ့လောက် သူ့စာဖတ်ခန်းလေးကို လာကြည့်ပါဦးဟု ကျွန်မကို ဖိတ်ခေါ်ထားသည်။ အခုထိတော့ မသွားဖြစ်သေး။

သည်ပုဂ္ဂိုလ်ကြီးကတော့ စာမရေးသော်လည်း ငယ်နုစဉ်ကတည်းက စာဖတ်ဝါသနာရှင်တစ်ဦး ဖြစ်သည်။ ကျွန်မ ကျောင်းပြီးစ လုပ်ငန်းခွင်မဝင်မီ အခါက အိမ်နီးနားချင်းတွေ ဖြစ်ခဲ့ဖူးရာ ဆရာဦးမြင့်ကျော်၏ စာအုပ်တွေကို သူဆီမှ စိတ်တိုင်းကျ ငှားဖတ်ခဲ့ရဖူးသည်။ အပြာရောင်သစ်ခွပွင့်၏ သမိုင်းအစမိုးစက်ပွင့်သို့ တမ်းချင်း၊ အလွမ်းစကား . . . စသည်။

အိမ်တစ်အိမ်ကတော့ စာအုပ်များကို မှန်ဗီရိုထဲမှာ အကျအနအပြည့် စီထည့်ထားသည်။ အပြင်မှ တွေ့မြင်ရသော စာအုပ်အနှောင့်များကို လိုတိုင်း ဖတ်ကြည့်သောအခါ စစ်ရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ တက်ကျမ်း၊ အတ္ထုပ္ပတ္တိ၊ သမိုင်းဆိုင်ရာ၊ အတွေးအမြင် စသည့် သုတစာအုပ်ကောင်းများ ဖြစ်သည်ကို တွေ့ရသည်။ ထိုဗီရိုသည် အမြဲသော့ပိတ်ထားသည်ကို မြင်ရ၏။ အိမ်ရှင် သူငယ်ချင်းမက . . .

"ငါ့ယောကျ်ားက စာဖတ် ဝါသနာပါတယ်၊ ယောကျ်ားက သူဖတ်

www.burmeseclassic.com

www.burmeseclassic.com

ချွင်တဲ့ စာအုပ်တွေကိုဝယ်ပြီး စုထားတာလေး အခုတော့ မဖတ်အားသေးဘူး၊ ငှင်စင်ယူမှ ဖတ်မယ်တဲ့၊ ငါကတော့ အသနာမပါဘူး၊ သူစာအုပ်တွေကို ထိတောင် မထိဘူး"

စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရခဲ့ပြီး အာမှမလုပ်ဖြစ်သော သူငယ်ချင်းမက သူစာမဖတ်ခြင်းကို ဂုဏ်ယူဝင့်ကြွားစွာ ပြောနေသေးသည်။ သူယောကျ်ားက ငှင်စင်ယူမှ စာဖတ်ချိန် ရမှာလား၊ စာအုပ်တွေ ဝယ်ထားပြီး ပင်စင်ယူမှ ဖတ်မယ်ဆိုတော့ အချိန်တော်တော်ကြာအောင် စောင့်ရဦးမှာပဲ၊ ထိုစာအုပ်တွေကို တွေ့ရသည်မှာပင် အနှစ်နှစ်ဆယ်စာတော့ပြီ။ သူတို့သား အငယ်ဆုံးလေး သူငယ်တန်းကတည်းက တွေ့ဖူးနေသော စာအုပ်တွေသည် ထိုကလေးဘွဲ့ရပြီး အိမ်ထောင်ကျသည်အထိ ဒီအတိုင်းပါပဲ။

သူငယ်ချင်းမင်္ဂ၏ ယောကျ်ားက ဌာနတစ်ခုမှာ ညွှန်ကြားရေးမှူးအဆင့် နှိုးသူတစ်ဦး ဖြစ်သည်။ သူငယ်ချင်းမအိမ်သို့ ခဏခဏသွားရင်း ကျွန်မ ဝင်ဖြစ်သည်။ ကျွန်မ ရောက်သည့် အချိန်တိုင်းမှာ သူငယ်ချင်းမက ကိုရီးယားဇာတ်လမ်းခွေကို စြည့်နေလေ့ရှိပြီး သူယောကျ်ားကိုတော့ ဂေါက်ရိုက်သွားနေ၍ မတွေ့ရတတ်ပေ။

▼

မိုးစိုစွတ်သည့် တစ်နေ့မှာ မဂ္ဂဇင်းတိုက်တစ်ခုကို ဝင်၍ မိုးခိုခိုက် မိတ်ဆွေအယ်ဒီတာက စာရွက်တစ်ထပ်ကို လာပြ၏။ ဘာတွေပါလိမ့်လို့ ဖတ်ကြည့်လိုက်တော့ စာအုပ်စာရင်းတွေ ဖြစ်နေသည်။ စာအုပ်တွေက ရှားပါးစာအုပ်တွေ၊ ဂန္ဓဝင်တွေ၊ ဟောင်းသော်လည်း ကောင်းသောစာအုပ်တွေ၊ လုံးချင်းဝတ္ထု။ ဘာသာပြန်၊ အတွေးအမြင်၊ ဘာသာရေး၊ နိုင်ငံရေး၊ သမိုင်း၊ ယဉ်ကျေးမှု၊ ကဗျာ စာပေအမျိုးအစား စုံလင်လှသည်။

ရွှေဥဒေါင်း၊ ဗန်းမော်တင်အောင်၊ ဒဂုန်တာရာ၊ သိန်းဖေမြင့်၊ နတ်နွယ်၊ မြသန်းတင့်၊ အောင်လင်း၊ တက္ကသိုလ်ဘုန်းနိုင်၊ ခင်နှင်းယု စာအုပ်များ စီးရီးလိုက်၊ ဌေဥဒေါင်း၊ စိန်စိန်၊ မောင်ထင်၊ မောင်သင်၊ ဝင်းဦး၊ ကြည်အေး စုံလှပါလား။ စာအုပ်ရေ တစ်ထောင်ခန့်ရှိ၏။

ကျွန်မက စာအုပ်စာရင်းအားလုံးကို ဖတ်အပြီးမှာ "ဘယ်က စာရင်းတွေလဲ" လို့ မေးရာ. . .

"ကျွန်တော့် သူငယ်ချင်းတစ်ယောက်ရဲ့ စာအုပ်တွေပါ။ သူက ××× ဌာနက အရာရှိတစ်ယောက်ပါပဲ၊ အခုတော့ ပင်စင်ယူပြီးပြီ၊ စာပေ ဝါသနာပါတယ်၊ ငယ်ငယ်ကတည်းက စာသိပ်ဖတ်တယ်၊ အဲဒါ သူဖတ်ပြီး စုဆောင်းခဲ့တဲ့ စာအုပ်တွေပေါ့၊ အငြိမ်းစားယူပြီးရင် အေးအေးဆေးဆေး စာအုပ်လေးတွေ ဖတ်မယ်၊ သူကိုယ်ပိုင် အိမ်တွင်းစာကြည့်တိုက်လေး လုပ်မယ်ဆိုပြီး စိတ်ကူးခဲ့တာ"

အယ်ဒီတာဆရာက သူ့ထုံးစံအတိုင်း စကားကို လေးလေးအေးအေး ပြောကာ ခဏနားသည်။ ပြီးမှ စကား ဆက်သည်။

"အခု ပင်စင်ယူတော့ လုပ်သက်ဆုလေးနဲ့ မိန်းမရဲ့ လက်ဝတ်လက်စား ရောင်းရတာလေးနဲ့ ပေါင်းပြီး ယုဇနဥယျာဉ်မြို့တော်မှာ တိုက်ခန်းလေးဝယ်ပြီး နေတယ်၊ အရင်ကတော့ ဝန်ထမ်းအိမ်ရာမှာပေါ့။ အဲဒါ ကျန်တဲ့ပိုက်ဆံလေးကို သားက နိုင်ငံခြားမှာ အလုပ်သွားလုပ်ချင်တယ်ဆိုလို့ ပို့ပေးဖို့ လုပ်တာပိုက်ဆံက နည်းနည်းလိုနေသေးတယ်၊ မပြည့်သေးဘူး၊ မိန်းမရဲ့ ရွှေတိုရွှေစလည်း ရောင်းစရာ မကျန်တော့ဘူး၊ တခြားလည်း ချေးတာ ငှားတာတွေ မလုပ်ချင်ဘူး၊ ဒါကြောင့် ဒီစာအုပ်တွေကို ရောင်းချင်တယ်တဲ့၊ သူစာအုပ်တွေက တစ်လက်ကိုင်ဆိုတော့ သန့်တယ်၊ သပ်သပ်ရပ်ရပ်ပဲ"

ကျွန်မ သဘောပေါက်သွားပြီ။ ဒါကြောင့် . . .

"ဒီထဲက စာအုပ်တော်တော်များများက ကျွန်မမှာ ရှိတယ်၊ တချို့တော့ ဝယ်ချင်ဝယ်ဖြစ်မယ်လေ"

"အဲဒီလို ခွဲဝယ်လို့တော့ ရမှာမဟုတ်ဘူး၊ သူက တစ်လုံးတည်း ပုတ်ပြတ်ရောင်းမှာ"

"ဘယ်လောက်တဲ့လဲ"

"သုံးသိန်း"

ကျွန်မ စိတ်ထဲမှာ "တန်လိုက်တာ"ဟု တွေးမိသည်နှင့်တစ်ပြိုင်တည်း ရောင်းသူဘက်မှလည်းနှင့်ခနဲနေအောင် စာနာမိသည်။ တစ်အုပ်ချင်းသာ ဝယ်လျှင် သည်စာအုပ်အားလုံး၏ တန်ဖိုးသည် ဆယ်သိန်းဝန်းကျင်မှ ရှိ၏။

"အစ်မ မယူလည်း အစ်မ မိတ်ဆွေထဲက စိတ်ဝင်စားတဲ့သူရှိရင် ဆက်သွယ်ပေးပါလား၊ သူငယ်ချင်းက ကျွန်တော့်ကို အကူအညီ တောင်းထားလို့ပါ"

သည်လိုနှင့် ကျွန်မက စာအုပ်စာရင်းကို မိတ္တူကူးထားလိုက်သည်။

သူ ရောင်းချင်သော စျေးနှုန်းအရ ဝယ်သူအနေနှင့် ဒီစာအုပ်အားလုံးကို အရတော်ပါသည်။ တွက်ကြည့်လျှင် တစ်အုပ်ချင်း ပျမ်းမျှ သုံးရာသာရှိ၏။ စာအုပ်တွေက တစ်အုပ်ချင်းသာ ဝယ်ရလျှင် စျေးမြောက်သော စာအုပ်တွေ အများကြီးပါသည်။ စစ်နှင့်ငြိမ်းချမ်းရေးအတွဲလိုက်၊ စုံထောက် မောင်စံရွာအတွဲလိုက်၊ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ အတွဲလိုက်၊ သပိတ်မှောက်ကျောင်းသား၊ သမဂ္ဂအလံတော်အောက်ဝယ်၊ အရှေ့က နေဝန်းထွက်သည့်ပမာ၊ သေသော်မှတည့် ခြော်ကောင်း၏၊ မိတ္တဇလဋ္ဌိကာ၊ လေးဖူးသုန်သုန်၊ ဘာ၊ မှတ်မိသေးတယ် ဂျပန်ခေတ်ဆေးရုံကြီးဝယ် . . . စုံလင်လှပါသည်။

နှစ်ပေါင်း အတန်ကြာ ၁၉၇၀ ဝန်းကျင်လောက်ကဟု ထင်သည်။ ဖတ်ခဲ့ဖူးသော မဂ္ဂဇင်းဝတ္ထုတိုလေးကို သတိရသည်။ စာရေးဆရာတစ်ပေးပက်က သူတစ်သက်လုံး မြတ်နိုးစွာ သိမ်း

www.burmeseclassic.com

www.burmeseclassic.com

ဆည်းစုဆောင်းလာသော စာအုပ်များကို မိသားစု၏ ဆီဖိုး၊ ဆန်ဖိုးအတွက် ဘော်တယ်ကုလားဆီမှာ အလေးချိန်နှင့် ရောင်းလိုက်ရပုံကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဝတ္ထု၏ခေါင်းစဉ်က 'အသည်းနှလုံးကိုရောင်းလိုက်ခြင်း'တဲ့။ သည်ဝတ္ထုလေးကို ပြောတော့ မိတ်ဆွေအယ်ဒီတာက သူလည်း ဖတ်ဖူးသည်ဟု ဆိုသည်။ အခုလည်း စာအုပ်များ ပိုင်ရှင်သည် သူ၏အသည်းနှလုံးတွေကို ထုတ်ရောင်းရသလို လစ်ဟာ ခံစားနေရပေမည်။

"သူ့စာအုပ်တွေကို တော်တော် နှမြောမှာပါပဲနော်"

"ကမ္ဘာမီးလောင် သားကောင် ချနင်းပေါ့ အစ်မရယ်"

မိတ်ဆွေ အယ်ဒီတာက ရီဝေဝေးမောစွာ ဖြေ၏။ သည်ရက်ပိုင်းမှာတော့ ကျွန်မတို့တစ်တွေ စာအုပ်စာရင်းကို ကြည့်ကာ သွားရည်ကျနေမိကြသည်။ ဒါပေမဲ့ ဘယ်သူမှ အားလုံးကို လုံးခနဲမဝယ်နိုင်ကြ။ တန်မှန်းသိပေမယ့်လည်း မတတ်နိုင်ကြပါ။ စာအုပ်များရှင်က ငွေအရေးတကြီးလိုအပ်နေသူ၊ အယ်ဒီတာဆရာကလည်း စာရင်း စာရွက်လေးကို အချင်းချင်းထဲမှာ တပြုပြုနှင့် သတင်းပေး လိုက်စပ်နေဆဲ။

တစ်ရက်မှာ နယ်မှ သူငယ်ချင်း တစ်ယောက်ဆီ ဖုန်းဆက်ရင်း စကားကြုံတော့ စာအုပ်စာရင်း တစ်ထပ်ကြီး အကြောင်းကို ပြောပြဖြစ်ရာ သူက စိတ်ဝင်စားသည်တဲ့။ သည်တော့ စာအုပ်စာပေ ဝါသနာကြီးသော၊ ဝယ်နိုင်မည့် အနေအထားလည်းရှိသော သူငယ်ချင်းဆီ စာအုပ်စာရင်းကို အီးမေးလ်နှင့် ပေးပို့လိုက်သည်။

ဧရာဝတီတိုင်းဒေသကြီးက မြို့ကလေးမှာ နေထိုင်သော သူငယ်ချင်းက တကယ့်စာသမား၊ ငယ်ငယ်ကတည်းက စာအုပ်နှင့်မျက်နှာ မပြတ်သောသူ၊ စာအုပ်နှင့် မျက်နှာ မခွာမိသောကြောင့် ရည်းစားထားဖို့ပင် သတိမရတော့ဘဲ အရွယ်လွန်သည်အထိ လူပျိုကြီးဖြစ်နေလေသည်။ သူ၏ စာအုပ်အတော်များများကို ခြများက ချုံခိုတိုက်ခိုက်သွားသောကြောင့် ခံစားနေရချို့နှိမ်တွင် ပေးပို့လိုက်သော စာအုပ်စာရင်းက သူ့စာအုပ်များကို အစားပြန်ရသလို ဖြေသိမ့်ပေးလိုက်နိုင်သည်။ သူက ဝယ်မည်ဟု အကြောင်းပြန်သည်။

သည်အခါ စာအုပ်များရှင်ကို အဆင်ပြေသည့်အကြောင်း ဖုန်းဆက်လိုက်တော့ သူ၏စာအုပ်များကို ချုပ်ပုံးများဖြင့် ထည့်ပိုးထားပြီး အဆင်သင့်ရှိနေပါသည် ဆို၏။ ရောင်းလိုသူနှင့် ဝယ်လိုသူနှစ်ဦး တေ့တော့ဆိုင်ဆိုင် ချိတ်ဆက်မိသွားပြီမို့ ပြီးပြီပေါ့။ ပြီးတော့ တစ်ဆင့်ပြန်ရောင်းချသူ၏ လက်ထဲကို မရောက်ဘဲ တန်ဖိုးထားကာ တစုတစည်းတည်း ရှိနေမည့် နေရာသစ်တစ်ခုသို့ ရောက်သွားမည့်အတွက် နှစ်လိုကျေနပ်ရပါသေး၏။ စာအုပ်တွေက သက်မဲ့တွေပေမဲ့လည်း ကျွန်မ ဘာလို့ သည်လိုခံစားနေမိမှန်း မသိပေ။

စာအုပ်များ သွားယူရန် ချိန်းဆိုထားသည့် နေ့ရက်မှာ သူငယ်ချင်းက သူမြို့မှ လိုက်ထရပ်ခ်ကားလေး ကိုယ်တိုင်မောင်းလို့ ရောက်လာ၏။ ကျွန်မ လိုက်မသွားတော့ပါ။ ပေးထားသည့် လိပ်စာအတိုင်း သွားရန်သာ လမ်းညွှန်လိုက်သည်။ ကျွန်မကို ခံစားလွန်းသည်ပဲဆိုဆို၊ ခံစားမှုလွန်ကဲသည်ပဲ ပြောပြော စာအုပ်ချစ်သူချင်း စာနာစိတ်ဖြင့် သည်လို အသည်းနှလုံး လွှဲပြောင်းပေးအပ်ပွဲကို ကျွန်မ မမြင်လိုပါ။

▼

သည်လိုနှင့် ဆောင်းရက်တွေကို ဖြတ်သန်းပြီးတဲ့နောက် နွေနေ့လယ်ခင်း တစ်ခုမှာ မဂ္ဂဇင်းတိုက်ကိုရောက်တော့ မိတ်ဆွေအယ်ဒီတာက ည့်သည်တစ်ယောက်နှင့် စကားပြောနေရာမှ...

"အစ်မ၊ ဒါ ဦးကြည်မြလေ"

ကျွန်မက ဧဝေဧဝါဖြစ်နေဆဲ..

"ဂိုတစ်ခါက... စာအုပ်တွေ"

"ဩော်- ဟုတ်ကဲ့"

အယ်ဒီတာဆရာ ညွှန်းသည့်သူကို သဘောပေါက်သွားသည်။ နာမည်နှင့်ထပ်တူညီမျှစွာ ကြည်လင်အေးချင်းသော မျက်နှာထားပိုင်ရှင်ကို ကျွန်မထပြန်၍ ပြုံးပြနှုတ်ဆက်လိုက်သည်။

"မြို့ထဲ လာရင်းနဲ့ ဆရာ့ကို မတွေ့ရတာကြာလို့ ဝင်လာတာ ခင်ဗျ ဟု ရည်မွန်စွာ ပြောလေသည်။

ဧရာနေတော့ သွားစရာတိုရှိသေးကြောင်း ပြောဆိုနှုတ်ဆက်ကာ ပြန်သွားသည်။ ဦးကြည်မြ လေ့ကားထဆင်းသွားချိန်မှာ အယ်ဒီတာဆရာက

"သူသားလေးလည်း စင်ကာပူ ရောက်နေပြီလေ၊ ဟိုမှာ အဆင်ပြေတယ်လို့ ဖုန်းဆက်တယ်တဲ့၊ ဝမ်းသာစရာပေါ့ အစ်မရယ်"

သည်တော့မှ ကျွန်မ စောစောက မပြောမိအောင် ထိန်းချုပ်ခဲ့သည့် စကားကို ပြောဖို့ နှုတ်ပြင်ရသည်။

"ဆရာ့ကို ပြောရဦးမယ်"

အယ်ဒီတာက "ဘာများလဲ" ဟုသော အကြည့်ဖြင့် နားစွင့်နေ၏။

"ဦးကြည်မြရဲ့ စာအုပ်တွေ ဝယ်သွားတဲ့သူလေ၊ ပြီးခဲ့တဲ့လကပဲ သူမြို့ဟာဆုံးသွားပြီ၊ နှလုံးရောဂါနဲ့ ရုတ်တရက်"

အယ်ဒီတာက အံ့ဩကြေနေဟန်ဖြင့် သည်။ ပြီးတော့မှ အသံတိုးတိုးဖွဖွ..

"အသည်းနှလုံးတွေ ကျန်ရစ်ခဲ့ပြီပေါ့"

ဟုတ်တယ် ဆရာ၊ ကျန်ရစ်ခဲ့တဲ့ အသည်းနှလုံးတွေက အစုလိုက် အဝတ်လိုက် အထပ်လိုက်။

သည်လိုပါပဲ၊ ကျွန်မရဲ့ အသည်းနှလုံးတွေလည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျန်ရစ်ခဲ့မှာပါပဲလေ။ အဲသည်လို ကျန်ရစ်ခဲ့တဲ့အခါ တန်ဖိုးသိသူ၊ တန်ဖိုးထားသူ (ဘယ်သူပဲဖြစ်ဖြစ်)တွေအတွက် အသိအမြင် အမွေပေးခဲ့နိုင်ဖို့ နောက်ထပ် နောက်ထပ် အသည်းနှလုံးတွေ ဆက်ပြီး သိမ့်မှီးစုဆောင်းနေဖြစ်ဦးပင်။ အသက်ရှင်နေသရွေ့ပေါ့။

တင်မိမိ

❑

www.burmeseclassic.com

www.burmeseclassic.com

နာလိုက်လေခင်

ဇေယျာ

မစည်ကားအပ်သော အရပ်၌ စည်ကားသည်ဟု ဆိုလျှင် ဦးဝဏ္ဏ၏ နာရေးမှာ အထိုက်အလျောက်စည်ကားလေသည်။

ဦးဝဏ္ဏ၏ အသက်အရွယ်နှင့် ဆိုလျှင် လောကကြီးအကြောင်း တစေ့တစောင်း ကြည့်နိုင်သေးသည်။သို့သော် ဘဝကို ကျောခိုင်းသွားသည်ကပင် ငြိမ်းချမ်းသော သုခဘုံ၌ မျက်မှောက်ပြုဟန် ရှိသည်။ ထို့ကြောင့် ထင်သည်။ သေသည့်တိုင် မျက်နှာပေးက ကျေနပ်ဟန် ပြုံးစိစိဖြစ်နေသည်။

"အစ်ကိုကြီး ဒီကောင်ဘာတွေ ကျေနပ်နေတယ် မသိဘူး၊ သေခါနီး စပ်ဖြီးဖြီးလုပ်နေပုံက သေတဲ့အထိ ပုံမပျက်ဘူး၊ သူ့စမောလေးကို ရှောခါနီး ပျားရည်နဲ့ ဝမ်းချသွားပုံပဲ"

"ဟေ့ကောင် ဇဒ္ဒ၊ တိုးတိုးပြော သူမိသားစုတွေ ကြားဦးမယ်"

ဦးဝဏ္ဏ၏ ယေသူငယ်ချင်းများ ဖြစ်ကြသော ကိုအောင်ဆန်းက ဦးရိမ်တကြီး ကိုထင်ကျော်ကို ဟန့်တားရှာသည်။ ကိုအောင်ဆန်းက ကိုထင်ကျော်ကို နာမည်ပြောင်ဖြင့် လဒဟု ခေါ်ဝေါ်ဟန့်တားငြားလည်း မရပ်ရှာပေ။

"သူမိသားစုလည်း သိပြီးသား အစ်ကိုကြီးရာ၊ ဘာများ သိုဝှက်စရာ ရှိလို့လဲ၊ ကျွန်တော်က သူမျှားတွေ သေခါနီးမှာ ဝေဒနာတစ်ခုခု ခံစားနေရလို့ ရှုံ့မဲ့နေတာ တွေ့ဖူးတယ်၊ ဒီကောင် ကျမှပဲ သေတာတောင် ထူးထူးခြားခြား ပြုံးစိစိလုပ်နေပုံကို အံ့သြမိတာပါ"

www.burmeseclassic.com

"မင်း ပါးစပ် ပိတ်ထားစမ်းပါဦး၊ ဟိုဟာ ဘာလဲ"

ကိုအောင်ဆန်းက မသိမသာ မေးငေါ့ပြသဖြင့် ကိုထင်ကျော်ကြည့်မိသည်။ အသက် (၂၃)နှစ်အရွယ် မိန်းမငယ်တစ်ဦးသည် ရွှိက်ကြီးတင်ငိုထားဟန်ဖြင့် ဝင်လာသည်။ သူမအနီးတွင် သူနှင့် မတိမ်းမယိမ်း လူငယ်တစ်ဦးပါလာသည်။ လူငယ်က မိန်းကလေးကို တွဲယူဖေးမလာသည်။

မိန်းမငယ်သည် မည်သူ့ကိုမျှ မကြည့်။ ဦးဝဏ္ဏ၏ ရုပ်ကလာပ်အနီးတွင် ထိုင်ပြီး ဦးချကန်တော့သည်။

မျက်ရည်အိုင်ထွန်းမတတ် ရွှိက်ကြီးတင် ငိုပွဲဆင်လျက်ရှိသည်။

လူငယ်သည် တတ်သိနားလည်မှုများစွာဖြင့် မိန်းကလေးကို ဖေးမကူညီစောင့်ရှောက်လျက် ရှိသည်။

"အဲဒီချာတိတ်မပဲ ဝဏ္ဏာရဲ့ စမော်လေးဆိုတာ"

ကိုထင်ကျော်က အောင်ပွဲရစ်သူကြီးဟန်ဖြင့် ကိုအောင်ဆန်းကို သက်သေပြလျက်ရှိသည်။

ကိုအောင်ဆန်းက သင့်တင့်သည်ဟုပြောရန်ထက် သာလွန်ပြေပြစ်နှစ်လိုဖွယ် မိန်းကလေးကို ကြည့်ရင်း တအံ့တသြဖြစ်နေသည်။

"သူဘေးက ချာတိတ်ကကော"

"သူ့ခင်ပွန်းလား၊ မောင်လား မသိဘူး၊ သူ့ ခင်ပွန်းဆိုရင် သူရှာပြီး ပေးစားထားတဲ့ ငွေတ်ဖြစ်မှာပေါ့"

ကိုအောင်ဆန်းက နားသာထောင်နေသည်၊ ကိုထင်ကျော်၏ စကားကြောင့် စိတ်ပါဝင်စားမှုပင် ပျက်ပြယ်သလို ဖြစ်သွားသည်။

"မှားတယ်၊ မင်းက လဒဆိုတဲ့ အတိုင်း မင်းရဲ့ အတွေးအခေါ်မှာ ဆင်ခြင်မှု ကင်းမဲ့ပြီး ကျက်သရေ မရှိတဲ့ စကားတွေက အပြည့်ပဲ"

ကိုသန်းမောင်နှင့် အတူ ဝင်ရောက်လာသော ကျော်မင်းက ဝင်ပြောသည်။ ရွယ်တူတန်းတူ ဖြစ်သည့်တိုင် ဘုကျကျပြောတတ်သော ကျော်မင်းကို တော့ ကိုထင်ကျော် လန့်သည်။

ကိုအောင်ဆန်းမှာ စီနီယာ နောင်တော်ကြီးဖြစ်သဖြင့် ပွဲစည်လာသော ဝဏ္ဏ၏ သူငယ်ချင်းများကို တွေ့ရသည့်အခါ ကျိတ်ပြီး ဝမ်းသာမိသည်။ နို့မို့ ကိုထင်ကျော် နှိပ်စက်သမျှ ခံရမည်ပင်။

"လုပ်စမ်းပါဦး၊ ခင်ဗျားတို့ နှစ်ယောက်က ဝဏ္ဏနဲ့ အိမ်နီးချင်းတွေ ဆိုတော့ သိသင့်တာလေးတွေ သိခွင့်ရရင်ပေါ့ဗျာ"

"သိသင့်တာပေါ့ဗျာ၊ အစ်ကိုကြီးကို ဒီကောင်ပြောတာ ကျွန်တော်ကြားတယ်၊ ဝဏ္ဏဆိုတဲ့ကောင်က ဗရုတ်သုတ်ပဲ၊ သေတာတောင် ဒီလို ဆန့်ငင် ဆန့်ငင်ဖြစ်အောင် လုပ်တတ်တဲ့ အကျင့်ရှိတယ်လေ၊ အစ်ကိုကြီး သိသားပဲ အဖြစ်က ဒီလိုဗျ"

ကျော်မင်းက ပြောပြောဆိုဆို နှင့် ကိုထင်ကျော်၏ လည်ပင်းကို ဖက်၊ ကိုအောင်ဆန်း၏ လက်ကိုဆွဲပြီး ချထားသော ထိုင်ခုံများတွင် ထိုင်လိုက်ကြသည်။

❐

ဦးဝဏ္ဏသည် အငြိမ်းစားယူခ်ိန်တွင် လုပ်လိုသည်များကို အကုန်လုပ်သည်။ နှမ်းစိုက်၊ ပဲစိုက်၊ လယ်လုပ်၊ ကျောက်တူး စသည်ဖြင့် ဝန်ထမ်းလုပ်စဉ်က စိတ်ကူးယဉ်ခဲ့သမျှ အကုန်လုပ်သည်။ သို့သော် စိတ်ကူးသည် စိတ်ကူးသာ ဖြစ်၏။ လက်တွေ့နယ်ပယ်တွင် သူစိတ်ကူးခဲ့သော ဘဝတွေနှင့် အနှစ်စိတ် အကောင်အထည်ဖော်မှု ဘဝများက ကွာခြားသည်။

သူမသိသော မြူပ်ကွက်၊ လှည့်ကွက်၊ နှပ်ကွက်၊ ကလိန်ကွက် များစွာတွေ့ရသည်။ အမီလိုက်ရန် နှစ်ပေါင်းများစွာ ကြာဦးမည်ကို သိလာရသည်။

ထို့ကြောင့် စိတ်ကို လျှော့ပြီး ကုန်မျိုးစုံ ဆိုင်လေးတစ်ခု ဖွင့်တီးသည်။ စွေးရောင်းပြီး ငြိမ်ငြိမ်နေစဉ်မှာ ကောင်းမည်ဟု ကြံစည်မိသည်။ သားသမီးတွေက သူ့လမ်းသူ လျှောက်ပြီ ဖြစ်သဖြင့် ပင်စင်စား လင်မယားနှစ်ဦးသာ ကျန်ရှိသည်။ စွေးဆိုင်နှင့် ဇရာနင်းစ မောင်နှံဘဝ ကံစပ်ခြင်းမရှိလှပေ။ ထို့ကြောင့် အကူစွေးသည်ခေါ်ရသည်။ သွက်လက်ချက်ချာ သစ္စာရှိသူများ ရှာရသည်။

ဤသို့ဖြင့် အိမ်သို့ ရောက်လာသော ကလေးမ သုံးဦးတွင် စန့်ကျော်လည်း ပါလာသည်။

ရောက်၍မှ မကြာမီ အသီးသီး ဇာတိပြကြသည်။ ခင်သန္တာ ဆိုသူ မိန်းကလေးက မုန့်ဦးစားသည်။ အဆင်မြေသူကို သာသာထိုးထိုး မပြေလည်သူကို မကြေမလည် ဆက်ဆံသည်။

ဇင်မ ဆိုသော မိန်းကလေးက စွေးရောင်းရင်ကို ဘတ်ငွေအဖြစ် ပြောင်းသည်။ အဆင်မြေသော ဧည့်ဝယ်သူ တစ်ဦးထံ အပ်နှံထားသည်။

ထိုစွေးဝယ်သူကို အဆင်မြေလျှင် လစ်လျှင် အလကားပေးသည်။

စန့်ကျော်ကတော့ စာရိတ္တကောင်းသည်။ မာနကြီးသည်။ လစ်လျှင် အိမ်မှတယ်လီဖုန်းဖြင့် ကျန်ခဲ့သော ရည်းစားနှင့် မိဘထံ ဖုန်းဆက်သည်။

ကျန်နှစ်ဦးက ခိုးလုပ်သူများ ဖြစ်၍ တော်တော်နှင့်အဖြေမရသော်လည်း တယ်လီဖုန်း ခိုးဆက်သူမှာ မကြာခဏ မိဖန်များသော် ဦးဝဏ္ဏက ကြည့်မရ ခေ့။ စိတ်တိုစွာဖြင့် မောင်းထုတ်လိုက်သည်။

မကြာမီ စန့်ကျော်၏ ဘဝတို့ သိလာရသည်။ စန့်ကျော်မှာ ယောကျ်ားလှာဖြစ်ပြီး မာန်ကြီးသည်။ တောင်ကြီးကို ဖြိုမည့်ကြဲ ခါးကမသန်သည့် ခါးနာကောင် အတန်းအစား ဖြစ်သည်။ ဦးဝဏ္ဏတို့ထံမှ ကြိုတင်ယူထားသော လခကို ပြန်လည်ပေးဆပ်ရန်ပင် ငွေရှာထံမှ သုံးဆယ်ရာနှုန်း အတိုးပေးယူသည်။

ဦးဝဏ္ဏ သိသောအခါ ဆင်းရဲတေမှုဘဝကိုရင်နှင့်အောင်ခံစားရသည်

www.burmeseclassic.com

www.burmeseclassic.com

စန္ဒီကျော်က မာန်မာနဖြင့် မိုက်သော်လည်း နောက်ခံမိဘမောင်နှမများထက် မဟန်ချေ။ ဖခင်မရှိ၊ မိခင်အိုနှင့် ဘုန်းမပြည့်သော မောင်၊ ကျပ်ပြည့် လွန်ပြီး ဘဝကို ညစ်တွန်းတွန်းသဖြင့် အရက်နှိပ်တွင် နစ်နေသော အစ်ကို ရှိသည်။

မာန်မာနကို အရင်းခံ ထပ်ခါထပ်ခါ မိုက်သဖြင့် ဒုက္ခနွံအတွင်းမှ တောက်နိုင်သည်ကို ငယ်သူမို့ မသိနိုင်ဖြစ်ဟန်တူသည်။ မိခင်ဖြစ်သူကလည်း အသိပညာ နဲနဲပါးဟန်တူသည်။ ဦးဝဏ္ဏက စာနာစိတ်ဖြင့် ပြန်လည် လက်ခံပေးရန် ဆုံးဖြတ်သည်။

မိသားစုအမြင်က ဤသို့မဟုတ်ချေ။ ဦးဝဏ္ဏ၏ ကံဇာတာက ကောင်းသည်။ သည်မိန်းကလေး စည်းစိမ်ရေးဆောင်းသောကြောင့်ဟု ထင်ပြီး သားသမီးများက လက်မခံကြချေ။ ဇနီးဖြစ်သူသာ သူ့ဘက်က ရှိသည်။

ဦးဝဏ္ဏကလည်း ခပ်မိုက်မိုက်ပင်၊ ဇနီးနှင့် တိုင်ပင်ပြီး စန္ဒီကျော်ကို အဆောင်မှာနေ၊ စက်ရုံမှာ အလုပ်ဆင်းစေသည်။

သားသမီးဆိုသည်က ထောက်ပံ့ဆေးကမ်းခြင်းသာ မရှိဖြစ်ရမည်။ ကန့်ထောက်ပြုစုမှုစိတ်က ရှိကြသည်။ ပတ်ဝန်းကျင်တွင် ဦးဝဏ္ဏက စမောထားသည်။ အဆောင်မှာ နေစေသည်။ လိုအပ်လျှင် ခေါ်ယူ သုံးစွဲသည်ဟု ဖြစ်လာသည်။ ဇနီးသည်က သဘာဝတရားကိုနားလည်ရန် နှစ်သိမ့်သည်။

ရယူခြင်းအတွက် ပေးဆပ်ခြင်း တစ်ခုခုတော့ရှိရသည်။ ထို့အတူ ဘဝတစ်ခုကို ကယ်တင်ရသည်မှာ ဘဝတစ်ခုတွင် ပွန်းပဲ့ရှုနှာထိခိုက်မှု အနည်းအကျဉ်းတော့ရှိသည်။ ဦးဝဏ္ဏက သည်အချက်ကို နားလည်သည်။ ဒီအတွက် ဦးဝဏ္ဏက ဂရုမစိုက်ချေ။ အရပ်ထဲတွင် နဂိုကတည်းက ကျစ်ကန်ကန် ပေတူးတူးမေးထူးခေါ်ပြောနေသူမို့ ရှိန်ကြသည်။

ဤအချက်ကို အခွင့်အရေးယူပြီး ဦးဝဏ္ဏက တစ်စုံတစ်ခု ကြံစည်သည်တော့ မဟုတ်တန်ရာချေ။ ဦးဝဏ္ဏမှာ ဆင်ခြင်တုံတရားတော့ ရှိဟန်တူလေသည်။

ယခုခေတ် စက်ရုံတွေက ခေါင်းပုံဖြတ်နည်းစုံသည်။ အချိန်၊ လူ၊ စည်းကမ်း၊ လစာ အခွင့်အရေးမျိုးစုံသည်။ ဆန္ဒပြမှု၊ မတော်တရုန်းရုန်းရှိသော်လည်း ပြုပြင်ပြောင်းလဲမှုက နတ္ထိ။ ပို့နေမြဲ ကျားနေမြဲပင်။ အချို့ အလုပ်သမများက စက်ရုံပြောင်းလုပ်ကြသည်။ စက်မှုဇုံအတွင်း စက်ရုံများသာ ကုန်သည်။ အားလုံးက ထိုနည်းတူသာ ဖြစ်ချေသည်။

ဆယ်ကျော်သက် အလုပ်သမများပင် ငါးနှစ်သာသာခန့် ကြာသည့် အခါ ဆေးကုရသည်အထိ ချည့်နဲ့ကုန်သည်။ ထိခိုက်ရှနာ ဆေးကုစရိတ်ကား ထိရောက်သော ထောက်ပံ့မှုမရှိချေ။ ပန်နီထဲကလာပြီး ပန်နီထဲသို့ ပြန်သွားသည်မို့ မွဲပြီးရင်းမွဲ၊ ဆင်းရဲပြီးရင်းဆင်းရဲဖြစ်ကြရသည်။ ဒုက္ခဆင်းရဲကား မိတ်ဆွေ ဖြစ်လေသည်။

ဘဝက်နည်းသော စန္ဒီကျော်တို့က သာ၍ ဆိုးသည်။ ငယ်စဉ်က ဆင်းရဲမွဲတေမှုကြောင့် ကြုံရာကျပန်း လုပ်ရသည်။ ဆင်းရဲမွဲတေစွာ ဘဝရှင်သန်ရေးအတွက် ရုန်းရသည်။ အတွင်းကြိတ် ဒဏ်ရာအနာတရကား များစွာရှိလေသည်။ ယခုကဲ့သို့ ဆင်းရဲမှုနွံအတွင်း ရုန်းကန်လှုပ်ရှားရသည်မှာ အဘယ်မျှ တာရှည်ခံမည်နည်း။

ထိုအချက်ကို သိသော ဦးဝဏ္ဏတို့ ဇနီးမောင်နှံက စန္ဒီကျော်ကို စက်ချုပ်သင်ပေးသည်။ အရင်းအနှီး စိုက်သည်။ ဝင်ငွေပိုကောင်းအောင် ကြိုးပမ်းသည်။ စန္ဒီကျော်လည်း ကြိုးစားရှာပါသည်။

"သမီးက တို့တင်တဲ့ရွှေမင်းသမီးပဲ၊ စင်ပေါ်မှာ ကြွားကြွားရွရွ လှလှပပကနေတာ မြင်ချင်တယ်။

စင်ပေါ်က ပြုတ်ကျအောင် မလုပ်ပါနဲ့ ကြိုးစားပါ"

စန္ဒီကျော်က သည်စကားကို မြေဝယ်မကျ နားထောင်သည်။ လူငယ်သဘာဝ အနည်းအကျဉ်း ဖောက်သည်တော့ရှိသည်။ သို့သော် စိတ်သက်သာရာ ထွက်ပေါက်အဖြစ် ခွင့်လွှတ်ရသည်။ ဆိုင်က မောင်းထုတ်ခြိန်ကနှင့်ဆိုလျှင် စန္ဒီကျော်မှာ အတွေ့အကြုံ ဗဟုသုတ အသွင်အပြင်များစွာ တိုးတက်လာခဲ့သည်။ ရည်မှန်းချက်ရှိရှိ ကြိုးပမ်းသည်။ ဦးဝဏ္ဏက သည်အချက်ကိုပင် ပီတိဖြစ်နေခဲ့သည်။

❐

ထိုနေ့က ဇနီးသည်သည် သားကြီး မိသားစု ရှိရာသို့ သွားသည်။

အသက် အရွယ် ရလာသဖြင့် လမ်းလျှောက် ကိုယ်လက်လှုပ်ရှား လုပ်နေရင်းကပင် ဦးဝဏ္ဏမှာ ခွက်တရက် ဖျားသည်။ ခံနိုင်ရည်ရှိသမျှ ခံနေကျဖြစ်သော်လည်း ဒီတစ်ကြိမ်တော့ အတော်ထိလေသည်။ ဆေးရုံ ဆေးခန်းကြောက်သူမို့ နေအိမ်တွင် အလူးအလဲပင်။ အိမ်ရှိ သားအငယ်က အလေလိုက် နေသူမို့ ဖခင် အခြေအနေကို ထဲထဲဝင်ဝင် မသိချေ။

ထိုသောအခါတွင် စန္ဒီကျော်က အားကိုးရသည်။ နှိပ်ပေး နင်းပေး ချက်ပြုတ်ကျွေးသဖြင့် အတော်အသင့် ခံသာနေသာသည်။ ဤသည်ကို အကြောင်းပြုပြီး ရင်းနှီးမှုက ပို၍ကျွမ်းဝင်လာသည်။

"ဘဘ ဘာမှမဖြစ်ဖို့ ဆုတောင်းတယ်၊ ဖြစ်နိုင်ရင် သမီးသာ ခံလိုက်ချင်တယ်၊ ဘဘအတွက် ဘာတွေ လုပ်ပေးရ လုပ်ပေးရ၊ အသင့်ပဲ၊ ဘဘက သမီးကျေးဇူးရှင်ပါ၊ ဘဘ ပေးဆပ်ရတာတွေ များလှပါပြီ ဘဘရယ်"

"ငါက ဘာတွေများ ပေးဆပ်နေရလို့လဲ"

ဦးဝဏ္ဏက စန္ဒီကျော်၏ အပြောကို မသိဟန်ပြု၍ လျော့ရဲစွာမေးသည်။

"ဘဘရဲ့ ဂုဏ်သိက္ခာ၊ ငွေကြေး သားသမီး ငြိုငြင်မှု၊ ပြီးတော့ မပြောချင်တာတွေ အများကြီးပါ၊ ကြီးကြီးက

www.burmeseclassic.com

www.burmeseclassic.com

နားလည်ခွင့်လွှတ်ပေမယ့် တစ်မျိုးတော့ ခံစားရမှာပါ။ သမီးက မိန်းကလေးဆိုတော့ ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ သမီးဘဝက မတတ်သာလို့ပါ"

စန္ဒီကျော်က ရိုးသားစွာ ပြောသည်ဖြစ်စေ၊ ဆန်းပြားစွာ တင်ပြသည်ဖြစ်စေ ဦးဝဏ္ဏက ဘာမျှတုံ့ပြန်မဆိုချေ။ စဉ်းစားသလို လုပ်နေပြီးမှ ပြောသည်။

"အဲဒီလိုဆိုရင် ကြိုးစားလေ အောင်မြင်မှု ပန်းတိုင်က ခရီးတိုလေ နောက်ငင်းလေပေါ့။ တစ်ပေလောက် တင်ပေးရင် နှစ်ပေလောက် ရောက်အောင် ကြိုးစားဖို့ လိုတယ်၊ တို့က အသက် ကြီးပြီလေ၊ အချိန်မရှိတော့ဘူး"

"သမီး စိုးရိမ်တာက အဲဒါပဲ၊ ဘာဘ တစ်ခုခုဖြစ်မှာကို ကြောက်တယ်၊ သမီးဘဝဟာ ဘာပါ၊ သမီးတို့ မိဘတွေ မွေးကတည်းက ဒုက္ခမျိုးစုံကြုံရတယ်၊ သမီးစိတ်ချမ်းသာရတာ ဒီတစ်ကြိမ်ပဲ ရှိတယ်၊ ဘာဘ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းဖို့အသင့်ပါ၊ သမီး အခုမိန်းကလေး ဝီဇိသဘ နေပါတယ်"

ဦးဝဏ္ဏက နေမကောင်းသော်လည်း နှုတ်ခမ်းတွန့်သွားသည်။ ဆိုလိုသည့် အဓိပ္ပာယ်များကို နားလည်ဟန် ရှိသည်။ ငယ်သူမို့ မလည်မဝယ်ပြောသည်ဟု သိထားသည်။ ကြီးသူက သတိကြီးစွာထား ဆက်ဆံရန် လိုအပ်သည်ဟု ဆင်ခြင်မိသည်။

"လူတွေဟာ စိတ်အလို ဆန္ဒကြောင့် ဒုက္ခရောက်တာများတယ် သမီးရဲ့၊ ဆယ့်လေးငါးမိနစ်သာယာမှုအတွက် ဆယ့်လေးငါးနှစ်မက ဒုက္ခဆင်းရဲနွံတွင်းမှာ ရုန်းကန်ရတယ်၊ ဒါတင်မကဘူး အဆင်ပြေမှု မပြေမှုအပေါ် မူတည်ပြီး သားစဉ်မြေးဆက် ဒုက္ခဆက်ရသူတွေ တွေ့ဖူးတယ်၊ ဆိုလိုတာက အိမ်ထောင်ပြုတာဖြစ်ဖြစ်၊ စိတ်အလိုဆန္ဒမှောက်မှားတာဖြစ်ဖြစ် ကြုံကြရတဲ့ ဒုက္ခတွေက အတော်များတယ် သမီးရဲ့။

ဒီတော့ ဒီအရွယ်မှာ သမီးဘဝနဲ့ ယှဉ်တဲ့အသိက ကြိုးစားဖို့ပဲ၊ နောက် တစ်ဆင့်က ပြီးပြည့်စုံတဲ့အခါ နောက် တစ်ဆင့် စဉ်းစားပေါ့၊ သမီး သဘော ပေါက်တယ်နော်"

စန္ဒီကျော်က ဘာမျှ ပြန်မပြောနိုင်။ ခေါင်းလေးကို အသာညိတ်ပြီး ပြုဖွယ်ကိစ္စများကို ပြုလုပ်နေသည်။

ဤသည်ပင် အလမ္ဘယ်ဆရာက မြွေဟောက်ကို ထိန်းလိုက်နိုင်သကဲ့သို့ ဖြစ်လေသည်။ ကျေးဇူးတရားကို မှားယွင်းစွာ စဉ်းစားခြင်းဟု နားလည်လိုက်သည်။ စန္ဒီကျော်က တစ်ချက်တော့ ထပ်တွန့်သေးသည်။

"သမီးက အိမ်ထောင်ပြုဖို့ မစဉ်းစားဘူး၊ သမီးတတ်စွမ်းသမျှ ကြိုးစားမယ်၊ ဘာဘ မရှိတော့ရင် သမီး သီလရှင် ဝတ်ဖို့ ဆုံးဖြတ်ထားတယ်၊ အဲဒီအတွက် မလွယ်မှန်းသိပေမယ့် ပြင်ဆင်ထားတယ်"

ဤသို့ဖြင့် အချိန်ကာလတစ်ခုကို ဖြတ်ကျော်သွားကြသည်။ စန္ဒီကျော်သည် စက်ရုံမှထွက်ပြီး ကိုယ်ပိုင် အပ်ချုပ်ဆိုင်တစ်ခု ထောင်သည်။ ကလေးတက်ချုပ်ခြင်း၊ ဂျင်းဝတ်စုံပြင်ခြင်း၊ မိန်းမဝတ်ချုပ်ခြင်းတို့ဖြင့် အစပျိုးသည်။ လူးလူးလဲလဲ ပြုပြုပြင်ပြင်ဖြင့် ရုန်းကန်နေစဉ် ဦးဝဏ္ဏတို့ မိသားစုက တတ်စွမ်းသမျှ စောင့်ရှောက်သည်။

တစ်နှစ်ခန့် ကြာသောအခါ အတော်အသင့်အောင် မြင်လာသည်။ ခေါင်းမော့လာနိုင်သည်။ ဤအခြေအနေနှင့်အတူ ပိုပို မော်ကြွားစရာက ဖြစ်လာသည်။ စန္ဒီကျော်၏မိခင် လိုက်လာခြင်း ဖြစ်သည်။

"ဆရာရယ် သမီးကို နေရာချပေးဖို့ လာပြောတာပါ၊ သမီးက ခါးခါးသီးသီး ငြင်းနေတယ်၊ စိတ်ညစ်တာပဲ ဆရာရယ်"

ဦးဝဏ္ဏက စန္ဒီကျော်၏ မိခင်နှင့် တစ်ကြိမ်မျှ မတွေ့ဖူးချေ။ ထူးထူးဆန်းဆန်းလာပြီး ထူးထူးခြားခြား ပြောသဖြင့် အံ့သြရသည်။ သို့သော် ဦးဝဏ္ဏက သိလိုသမျှ စုံစမ်းရသည်။

အဲဒါက အစ်မကြီးတို့ ကိစ္စလေ၊ ဒီမှာနေတာလည်း မဟုတ်ဘူး၊ ကျုပ်တို့နဲ့ မသက်ဆိုင်ဘူး ထင်ဝယ်၊ စန္ဒီကျော်ကို သမီးလေးလို စောင့်ရှောက်တာ မှန်ပါတယ်၊ ဒါထက် သူအသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်သုံးနှစ်ပါ ဆရာ"

ဦးဝဏ္ဏ ခေတ္တ ငိုင်သွားသည်။ အိမ်ထောင်ပြုရန် သင့်လျော်သော အရွယ်ပင်။

ငြင်းပယ်သည်မှာ သူမ အစ်ကို က အရက်သမား၊ အစ်မ ယောကျ်ားက အရက်သမား၊ ညီမ ယောကျ်ားက လောင်းကစားသမား ဖြစ်ခြင်းကြောင့်ဟု ထင်ပါသည်။

"လက်ထပ်မယ့် ဘ ဘယ်က လဲ"

"ရွာကပါ ဆရာရယ်၊ ရိုးရိုးသားသားပါ။ မိသား ဖသားပီပီ လုပ်ကိုင်ကျွေးမွေးမယ့်သူပါ၊ အသောက်အစား အပျော်အပါး ကင်းပါတယ်၊ သူတို့က လာတောင်းလို့ ပန်းမကလည်း သင့်တော်မယ်ထင်လို့ ပြောတာပါ၊ လက်မခံလို့ ဆရာ့ကို ပြောပြတာပါ"

"ခေါ်လိုက်ပါ၊ ပြောကြည့်တာပေါ့"

ဦးဝဏ္ဏက တစ်စုံတစ်ခု ဆုံးဖြတ်ဟန်ဖြင့် ပြောသည်။ စန္ဒီကျော်၏မိခင်သည် စန္ဒီကျော်ကို အပြေးအလွှားသွားခေါ်သည်။ အဆင်ပြေသည် မပြေသည် ကို မသိရသော်လည်း အချိန်အတော်ကြာမှ ရောက်လာသည်။

ကြည့်ရသည်မှာ မိခင်ကို မည်သို့ဆိုသည် မသိရသော်လည်း စန္ဒီကျော်၏ မိခင်မှာ ငိုထားရဟန်ပေါ်လေသည်။ ဦးဝဏ္ဏ၏ ရှေ့တွင်မူ သားအမိ နှစ်ယောက်လုံး ငြိမ်ဝပ်ပိရိစွာ ရှိကြသည်။

"သမီး ယူသင့်တယ်၊ သမီးက အိမ်ထောင်ပြုရမယ့် အရွယ်ပဲ၊ တော်တော်ကြာ အချိန်လင့်သွားရင် မတော်တလျော်ဖြစ်မှာ အဘလည်း ပူပို့လား

www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ သမီးက ငယ်တော့ ဒီအမိပ္ပာယ်ကို သိမှာမဟုတ်သေးဘူး"

"သမီး မလိုချင်သေးဘူး၊ ဘဘ ပြောတဲ့အတိုင်း သမီးကြိုးစားချင်တယ်"

စန္ဒီကျော်က မဝံ့မရဲဖြင့် တိုးတိတ်ညင်သာစွာပြောသည်။ ဦးဝဏ္ဏက ပြုံးပြီး ခေါင်းညိတ်ပြသည်။

"ကြိုးစားပေါ့၊ နှစ်ယောက်အား ဆို ပိုကောင်းတာပေါ့ သမီးရယ်၊ သမီး တ မိဘကို ကျေးဇူးပြုစု စောင့်ရှောက်တဲ့သူပါ။ သမီးစိုးရိမ်နေသလို မဖြစ်ပါဘူး၊ လင်ကောင်း သားကောင်းရမှာပါ။ ဆံကောင်းမှာပါ သမီးရယ်၊ လက်ခံလိုက်ပါ"

စန္ဒီကျော်က ဘာမျှပြန်မပြော။ ခေါင်းနည်းစွာငြိမ့် မျက်ရည်ပေါက်ကြီး များ လိမ့်ဆင်းလာသည်။ ဤသည်ကို ငဲ့ ဦးဝဏ္ဏက အဖြေဟု ယူဆပြီး ဆုံးနှပ်လိုက်သည်။ စန္ဒီကျော်၏ မိခင် သည်လည်း ယခုမှ ဝမ်းပန်းတသာ ပြုံးနိုင်ရှာလေသည်။

❐

နောက် တစ်နှစ်ကျော်ခန့် အကြာတွင် စန္ဒီကျော်တို့ သားဦးလေး မွေးဖွားသည်။ ပျော်ရွှင်မြူးထူး အိမ်ထောင်ဦးတွင် သားဦးရသဖြင့် ပျော်ကြ သည်။ ဦးဝဏ္ဏက သတင်းစကားကြား ရသဖြင့် ဝမ်း မာရသည်။ စန္ဒီကျော်တို့ တော်ဆိုင်ကို သူမ မြို့ရွာတွင် ပြောင်းလဲ နွှဲလှစ်တော့မည်ဟု သတင်းသန့်သန့် ကြားရသည်။

တိုက်ဆိုင်စွာ ဦးဝဏ္ဏက ထို သတင်း ထွက်လာသည့် နေ့တွင်ပင် ဦးနှောက်ကြောပြတ်ပြီး ရုတ်တရက် ဆွဲယိုလွန်လေသည်။

စန္ဒီကျော်သည် ဦးဝဏ္ဏ၏ သား သမီးများ မရောက်မီ ဦးစွာရောက် သည်။ ဦးဝဏ္ဏ၏ လက်ကို အနားထား၍ ခြိုက်ကြီးတငင်ငိုသည်။ သူမ၏ ခင်ပွန်း ဟာ ချော့မော့ပြောဆိုသံညံကိုပင် နားဝင်ခြေ။ သူမက မည်သည့်အရာကို မျှ ဂရုမမူမိတော့ပြီဖြစ်၍ အသိကင်းမဲ့ ပြီဖြစ်သော ဦးဝဏ္ဏကိုသာ တတွတ် တွတ်ပြောလျက် ရှိသည်။

"ဘဘရယ် ရန်ကုန်မှာ အမြင် ကျယ်တာ သမီးသိပါတယ်၊ သမီး အခု ဒီဇိုင်းသင်ပြီးပြီ၊ အထည်ဆန်းတွေ ချုပ်တတ်ပြီ၊ ဘဘတို့ သင်ပေးတဲ့ပညာနဲ့ သမီးဘဝကို ရပ်တည်နိုင်ပါပြီ၊ သမီး ရဲရွှာမှာ ပြန်ဖွင့်မှာ အောင်မြင်ချင်လို့ ပါ၊ ဘဘ ပြောသလို ခရီးတိုတိုနဲ့ အောင်မြင်ချင်လို့ပါ၊ သမီး ခွင့်တောင်း တာ မကြားနိုင်တော့ဘူးလား ဘဘ ရယ်"

❐

"ဖြစ်စဉ်ကတော့ ဒါပါပဲ၊ ဝဏ္ဏက သူကိုယ်တိုင် လူကြီးလုပ်လာတဲ့လူပါ၊ မိန်းကလေးတွေ အများကြီး ဆက်ဆံ ဖူးပါတယ်၊ ဘာသံမှမကြားရဘူး အစ်ကို ကြီး"

ကျော်မင်းက ဇာတ်လမ်းကို အဆုံးသတ်ရင်း ပြောသည်။

ကိုထင်ကျော်က ငိုင်ငေးငေးဖြစ် နေစဉ် ကိုအောင်ဆန်းက ပြောသည်။

"ဒါနဲ့တော့ မဆိုင်ဘူးကွ၊ ဒါပေမဲ့ သူမှာ အတွေးအခေါ် ရှိတာကိုတော့ လက်ခံစာယ်"

ထိုစဉ် ကိုထင်ကျော်က ဝင်စွက် သည်။

"ဒါဖြင့် ဝဏ္ဏက ပြောင်းမယ့် သတင်းကြားပြီး သေတာပါ"

"မဟုတ်ပါဘူး၊ ပြောင်းမယ့် အစီအစဉ်က အဲဒီကလေးမ ရင်ထဲမှာပဲ ရှိနေတာ၊ သေတဲ့နေ့က ပြောပြမှ သိရ တာပါ၊ သတင်းမကြားခင်ကတည်းက သေနှင့်ပြီ၊ မင်းယူဆသလို ထင်စရာ ပေါ့၊ တိုက်ဆိုင်မှုပါ"

ကိုအောင်ဆန်းက ကျေနပ်စွာ ဖြင့် ငြိမ်သွားစဉ် ကျော်မင်းက ကိုထင် ကျော်ဘက်သို့ လှည့်သွားသည်။

"ဟေ့ကောင် လုဒ၊ မင်းလိုပဲ ငါက ကြားရတဲ့သတင်းအတိုင်း ဝဏ္ဏကို ပြောမိတယ်၊ သူမသေခင် ပြောတဲ့လို့၊ ယောက်ျားက ယောက်ျားလို နေတာ မဆန်းဘူး၊ ဒါပေမဲ့ မစားကောင်းတဲ့ အသီးကို စားမိရင်တော့ အဆိပ်မိတာ်တယ်၊ ဒီဘဝမဟုတ်ရင် နောင်ဘဝ ဘဝတွေမှာပေါ့တဲ့"

ကိုထင်ကျော်က ဘာမျှ ပြန် မပြောနိုင်။ ငြိမ်၍သာ နေရသည်။

ကိုအောင်ဆန်းကမူ သူသိလို သည်ကို ထပ်မေးသည်။

"ဝဏ္ဏသေတာက ထူးတယ်ကွ၊ သူများလို မဟုတ်ဘူး၊ ခပ်ပြုံးပြုံးပဲ၊ ဘယ် လို ဖြစ်တာလဲ"

"ဒါက အစ်ကိုကြီးရာ ဒီကောင် က လူပျော်ပဲ၊ ငယ်ငယ်ကတည်းက စပ် ဖြဲဖြဲကောင်ဆိုတော့ သေတော့လည်း စပ်ဖြဲဖြဲလေးပေါ့ဗျာ"

ကျော်မင်း၏ အပြောကို အား လုံးက ငိုင်းရယ်မိကြသည်။ ပြီးမှ သူတို့ လာသည်က နာရေးဖြစ်မှန်း သတိရ သဖြင့် မျက်နှာပိုးသတ်လိုက်ကြသည်။ ထိုအခိုက် လူအများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

"ဟော- ဝဏ္ဏ သွားတော့မယ်၊ မင်းလိုက်သွား လဒ"

"မလိုက်ဘူး၊ ဘာလို့ လိုက်ရမှာ လဲ"

ကိုထင်ကျော်က ကြောက်လန့် တကြား ခါးခါးသီးသီး ငြင်းဆန်သည်။ ကျော်မင်းက မထိတရိ ပြုံးပြီး ပြော သည်။

"မင်းမလိုက်ချင်ရင်နေ၊ ငါတို့ လိုက်သွားမယ်၊ မီးသင်္ဂြိုဟ်စက်ထဲ မဝင်မီ ငါတို့ သူငယ်ချင်းကို နောက်ဆုံး အနေနဲ့ နှုတ်ဆက်ရမယ်"

ကျော်မင်းက ပြောပြောဆိုဆို ဦးဝဏ္ဏအလောင်းနောက်သို့ ကိုအောင် ဆန်း၊ ကိုသန်းမောင်တို့နှင့်အတူ လိုက် ပါသွားသည်။ ကိုထင်ကျော်လည်း ယခုမှ ယောင်ကန်းကန်းနှင့် ပေကတ်ကတ် လိုက်ပါသွားရလေသတည်း။

ရန်မထူး

❐

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက် လသည် ထိန်ထိန်သာလျက် ရှိ၏။ ကရင်ပြည်နယ်ရှိ နွယ်ခွေတောင်ကြောသည် စိမ်းစိုသော သစ်ပင်များနှင့် ဝန်းရံလျက်ရှိပြီး ကြည်လင်တောက်ပ နွေးစိုသော လရောင်အောက်တွင် လွန်စွာ လှပနေ၏။ တောပန်း တောင်ပန်း ရနံ့များသည် တစ်တောလုံး တစ်တောင်လုံး သင့်ပျံ့မွှေးကြိုင်နေ၏။ ပို၍ ထူးခြားသည်မှာ နွယ်ခွေတောင်ကြောပေါ်ရှိ နတ်ကွန်း နတ်နန်းများသည် ဝါဆိုဖယောင်းတိုင်မီးများဖြင့် လင်းထိန်တောက်ပလျက်ရှိပြီး ထွန်းညှိပူဇော်ထားသော အမွှေးတိုင်များမှ နံ့သာမျိုးဆည် ဝန်းကျင်တစ်ခုလုံး ကြိုးစိုးလွှမ်းနေ၏။

တောင်ပိုင်ဘိုးဘိုးကြီး
နယ်တော်ရှင်
မြို့တော်ရှင်
ရွာတော်ရှင်
ဘုမ္မဒိသိုက်နန်းရှင်
ကိုးမြို့သိုက်နန်းရှင်
သိုက်ချုပ်ဘိုးဘိုးကြီး
အာဏာသစိုး
ဘုမ္မစိုး

ရုက္ခစိုး နတ်ကွန်း နတ်နန်းများမှ လင်းထိန်တောက်ပစွာဖြင့် ကိုဖိုးလုံးအား ဆီးကြိုနေ၏။ ကိုဖိုးလုံးတစ်ယောက် သည်နေရာသို့ အကြိမ်ကြိမ် အထပ်ထပ် သွားဖူးလာဖူး၏။ မရေမတွက်နိုင်အောင်လည်း ဖြတ်သန်းသွားလာခဲ့ဖူး၏။ သည်လောက် များပြားစွာမရှိ။ ယခုတော့ လွန်စွာ ထူးဆန်းနေလေပြီ။ လူသူကင်းမဲ့သော ည ၁၂ နာရီကျော် အချိန်ဖြစ်၍ ပိုပို၍လှပသော ညပန်းချီကားတစ်ချပ်လို သက်ဝင်လှုပ်ရှားနေ၏။

လေတိုက်ခတ်မှုပေါ် မူတည်၍ လှုပ်ရှားယိမ်းနွဲ့နေသော သစ်ပင်ကြီးငယ်များသည် ညအလှကို ပိုမိုပီပြင်စေ၏။ ညဥ့်သတ္တဝါပေါင်းစုံ၏ အော်မြည်သံများက ငြိမ်သက်တိတ်ဆိတ်မှုကို ဖြိုခွင်းလျက်ရှိ၏။ ယခင်က နတ်ကွန်း နတ်နန်းများမှာ တောင်ပိုင်ဘိုးဘိုးကြီး၊ နယ်တော်ရှင်၊ မြို့တော်ရှင်၊ ရွာတော်ရှင် ဟူ၍ လေးခုသာရှိ၏။ ယခုတော့ ဘယ်လိုက ဘယ်လို မိုးပေါ်ကကျလာသည့်အလား ဖြည့်စွက်များပြားလာသည်။

ကိုဖိုးလုံး ခြေထောက်နှစ်ချောင်းကလည်း ကြောက်ရွံ့စိုးထိတ်မှုအစား ရဲရင့်တက်ကြွစွာဖြင့် လျင်မြန်သွက်လက်နေ၏။ ပြည့်ဖြိုးပြီး ဝိုင်းစက်လှသော လမင်းကြီးသည် သူ၏ ဦးခေါင်းတည့်တည့်တွင် တည်ရှိနေသည်။ အဘဆရာ၏ ညွှန်ကြားချက်များက သူ့နားထဲသို့ အလုအယက် တိုးဝင်လာသည်။

"မောင်ဖိုးလုံး မင်းဝါဆိုဖယောင်းတိုင်နဲ့ အမွှေးတိုင်ထုပ်တွေ ယူသွား၊ နတ်ကွန်း နတ်နန်းတွေ အားလုံးမှာ ပူဇော်ပသ ပင့်ဖိတ်ပြီး ထွန်း၊ အဲဒီအချိန်မှာ မိမိရဲ့ဦးခေါင်းတည့်တည့်မှာ ဝိုင်းစက်နေတဲ့ လမင်းကြီးရှိရမယ်၊ ပြန်အဆင်းမှာ တောပိုင် တောင်ပိုင်တွေအတွက် ထားတဲ့ စီးတော်ကျားနှစ်ကောင်ကို ယှဉ်လျက် တွေ့ရလိမ့်မယ်။

အဲဒီကျားနှစ်ကောင်ရဲ့ လည်ပင်းပေါ်မှာ တင်ထားတဲ့ ဓားတစ်လက်ကို ယူသွား၊ နောက်ကို လုံးဝ လှည့်မကြည့်နဲ့၊ ရဲရဲရင့်ရင့် မကြောက်မရွံ့ ပုံမှန်သွား၊ ကြောက်စိတ်လွန်ပြီး ပြေးသွားရင်တော့ လွတ်လမ်းမရှိတဲ့ လမ်းပဲ၊ ဟုတ်ပြီလား"

တကယ်ပင် နဖူးတွေ့ ဒူးတွေ့ ပွဲတွေ့ဆိုတာ ဒါပဲဖြစ်မည်ထင်သည်။ ကြည့်စမ်း- တောင်ကြီး တောင်ငယ် လျှိုမြောင် အထပ်ထပ်ကို ဝန်းရံခဲ့နေတဲ့ စိမ်းစိုနေသော သစ်ပင်မျိုးစုံတွေ၊ ကြည်လင်တောက်ပနေသောလရောင်အောက်တွင် ကြည့်လို့ပင်မဝ။ လူသူကင်းမဲ့ပြီး တိတ်ဆိတ်ငြိမ်သက်သော ညဥ့်ယံတွင် ကြောက်ရွံ့စိတ် ကင်းမဲ့နေသည့် ဖိုးလုံး။ သူသည် အဘဆရာ၏ ညွှန်ကြားချက်အတိုင်း နတ်ကွန်းများ၊ နတ်နန်းများတွင် ဝါဆိုဖယောင်းတိုင်များ၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ပြီး ဆုတောင်းလိုက်သည်။

"ကျွန်ုပ်သည် အဘဆရာ၏ လမ်းညွှန်မှုဖြင့် လာပြီး တောပိုင် တောင်ပိုင် အားလုံးအပါ ဆီမီးအလင်းတိုင်များ အမွှေးတိုင်များဖြင့် လာရောက်လှူဒါန်း ဒါနပြုပါ၏။ လူလားမြောက်သည့် အရွယ်မှစပြီး ယခုထိ အိမ်ထောင်မပြုပါ၊ အသက် ခြောက်ဆယ်ရှိ မိခင်ကြီးအား ရှာဖွေကျွေးမွေးနေသူ ဖြစ်ပါတယ်၊ ယခုလာရခြင်းအကြောင်းရင်းမှာ စီးတော်ကျား နှစ်ကောင်စီမှာ ပူဇော်ထားသော ဓားတစ်လက်ကို လာရောက်ယူဆောင်ခြင်း ဖြစ်ပါတယ်၊ ပိုင်ရာဆိုင်ရာများမှ ခွင့်ပြုတော်မူပါ"

လူသူ အားလုံးသည် မိမိယုံကြည်ရာ ကိုးကွယ်မှုပေါ် မူတည်၍ စိတ်ထွက်ပေါက်ကိုရှာကြ၏။ အမျိုးစုံအောင်လည်း ဆုတောင်းကြ၏။ ကံကြမ္မာ၏ အလှည့်အပြောင်းအရ တိုက်တိုက်ဆိုင်ဆိုင် အောင်မြင်သွားသည်လည်း ရှိ၏။ လုံးဝ အောင်မြင်မှုမရသဲ့ ရပ်တန့်နေသည်လည်း ရှိ၏။ လောကကြီးသည် ထူးဆန်းအံ့သြဖွယ်ရာများနှင့် ပြည့်နှက်နေ၏။

ယခုလည်း ကြည့်၊ စင်တွေ့အားလုံးမှာ အုန်း၊ ငှက်ပျောပွဲများ အပြည့်နေရာယူထားပြီး ဝါဆိုဖယောင်းတိုင်များဖြင့် လင်းထိန် တောက်ပလျက်။ ထွန်းညှိပူဇော်ထားသော အမွှေးတိုင်များမှ သင်းပျံ့သောရနံ့များ၊ မီးခိုးများသည် ဝန်းကျင်တစ်ခု ကြိုးစိုးလွှမ်းမိုးနေ၏။

ပတ်ဝန်းကျင်တွင်လည်း ထူးထူးခြားခြား ပုံသဏ္ဌာန်များ၊ လှုပ်ရှားမှုများ မရှိ။ ပကတိ ငြိမ်သက်တိတ်ဆိတ်နေ၏။ သည်နေရာတွင် အကြောက်ကြီး နေစရာမလို။ အကြောက်ကြီး နေဖို့လည်း မသင့်တော်။ မမြင်ရသည့် အန္တရာယ်ကို ဖိုးလုံး အကြောက်ဆုံးဖြစ်သည်။ သူ၏ ခြေထောက်များက အဆင်းလမ်းကိုဦးတည်လိုက်သည်။

မည်မျှပဲ ပြေပြစ်မှုမရှိသော တောင်ဆင်းလမ်းကို လရောင်အောက်

www.burmeseclassic.com

www.burmeseclassic.com

တွင် အထင်းသားမြင်ရသည်။ လမ်း၏ အေးဘယ်ညာတွင် မျိုးစုံလှသော သစ်ပင်ကြီးငယ်နှင့် နွယ်ပင် ချုံပုတ်များကို လည်း တွေ့ရသည်။ ကြောက်စိတ် ဝင်မည်ဆိုလျှင် နှလုံးသွေးရုပ်ပြီး သေသွားနိုင်သည်။

လောဘစိတ်ကြောင့် ကြောက်ရွံ့စိတ် အလျှင်းမရှိ။ သို့သော်လည်း ပုံသဏ္ဌာန်မမှန်၊ သူ၏ နှလုံးခုန်သံများ၊ အသက်ရှူသံများကိုပြန်ကြားနေရသည်။ အကွေ့အပတ်များသော တောင်ဆင်းလမ်း ဖြစ်၍ ခန္ဓာကိုယ်တစ်ခုလုံး လဲပြို့မကျစေရန် အတော်ထိန်းပြီး ပြန်ဆင်းရသည်။

မိမိနောက်တွင် တစ်စုံတစ်ဦး လိုက်လာသလိုလည်း ကိုဖိုးလုံး ခံစားရသည်။ ချောက်ချားစိတ်က ရင်ဝယ် အပြည့်။ ညဉ့်ဒဏ်ပေါင်းစုံ၏ အော်မြည်သံများက ပဲ့တင်သံများအဖြစ် ကျယ်လောင်စွာ ဝူးရှနေ၏။ အဘဆရာ၏ အထပ်ထပ် မှာကြားချက်များ နားထဲသို့ ပြန်ဝင်လာ၏။

"မောင်ဖိုးလုံး ဘာမှ ကြောက်စရာမလိုဘူးနော်၊ ပြေးစရာလည်း မလိုဘူး၊ ကြောက်စိတ်တွေ ဝင်လာလိမ့်မယ်၊ ဒါပေမဲ့ တင်းထား၊ အရေးကြီးတာ တောပိုင်တောင်ပိုင်တွေရဲ့ စီးတော်ကျား နှစ်ကောင်ပေါ်မှာ တင်ထားတဲ့ မားကို အရယူဖို့ပဲ၊ စီးတော်ကျားပေါ် ရှိနေတဲ့ မားကို တောပိုင် တောင်ပိုင်များမှစွန့်ရန် ဆုတောင်း မေတ္တာပို့နည်းတွေ အပြီး သင်ကြားပေးထားပြီးပြီ၊ ပစ္စည်းတိုင်းမှာ ပိုင်ရာ ဆိုင်ရာတွေ ရှိတယ်ဆိုတာ သတိထားပါ၊ ဘယ်ပစ္စည်းမှ အလွယ်ယူလို့ မရဘူး၊ အလွယ်ယူလို့ ရခဲ့ရင်တောင် နောက်ဆက်တွဲပြဿနာတွေက မသေးဘူး၊ အဲဒါတော့ အမြဲသတိထား"

မိနစ် ၂၀ ကျော်ကျော်ကြာ အဆင်းလမ်းတွင်ခပ်သွက်သွက်လျှောက်မိလျှင် နွယ်ခွေတောင်ကြော တောင်ခါးပန်းအကွေ့ကို ရောက်လေသည်။ ၎င်းနေရာသည် နွယ်ခွေတောင်ကြော တစ်ခုလုံးအတွက် အထင်ကရ နေရာ တစ်ခုဆိုလည်း မှားမည်မထင်။ အဘယ်ကြောင့်ဆိုသော် တောပိုင် တောင်ပိုင်တွေအတွက် သတ်မှတ်ပေးထားသော ကိုးတောင်ပြည့် စီးတော်ကျားနှစ်ကောင် ကိုယ့်ဥဿုံလျက်တွေ့ရသောကြောင့်တည်း။

ကြည်လင်တောက်ပသော လရောင်အောက်တွင် အဝါတစ်တန့်၊ အနက်တစ်တန့်ဖြင့် တောင်အောက်ကို မျက်နှာမူထားသော ကျားနှစ်ကောင်မှာ အသက်ဝင်လှ၏။ ၎င်းတို့၏ မျက်နှာသွင်ပြင်များ၊ မျက်လုံးများ၊ ခြေထောက်များ၊ အမြီးများမှာ အားမာန်အပြည့်ပါ၏။ မည်သည့်ရန်သူကိုမှ အလွတ်ပေးပုံ မပေါ်သည့် ဟန်ပန်အမူအရာများကို ဖော်ကျူးထား၏။

ကျားတစ်ကောင်နှင့်တစ်ကောင်မှာ အနီးကပ်ယှဉ်လျက် ရပ်နေပြီး ၎င်းတို့၏ လည်ကုပ်ပေါ်တွင် သုံးပေခန့်ရှိ မားရှည်တစ်လက် တင်ထား၏။ ကြည်လင်တောက်ပသော လရောင်အောက်တွင် မြင်ရသောမြင်ကွင်းများက ရင်သပ်ရှုမောဖွယ်ရာ ဖြစ်၏။

လှပသော ကိုးတောင်ပြည့် စီးတော်ကျား နှစ်ကောင်၏ အနောက်ဘက်တွင် တောပိုင် တောင်ပိုင်အတွက် ပေးထားသော နတ်နန်းတစ်ခု ရှိ၏။ ၎င်းနတ်နန်းကို ကြီးမားသော ညောင်ပင်ကြီးက အုပ်ဆိုင်းထား၏။ နတ်နန်းတစ်ခုလုံးမှာလည်း မှောင်မည်းမနေ။ လရောင်ဖြင့် အထင်အရှား မြင်ရသည်။ နတ်နန်းထဲကိုဝင်၍ ဝါဆိုဖယောင်းတိုင်များ၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ရန် ကိုဖိုးလုံးတစ်ယောက် တွန့်ဆုတ်နေ၏။ တောင်ပေါ်မှာ ကြောက်ရွံ့စိတ် လုံးဝ မရှိဘဲ သည်နေရာမှာ ဘာဖြစ်လို့ ဝိုးရွံ့ထိတ်လန့်နေပါလိမ့်ဟု စဉ်းစားနေမိ၏။

"အို- ဒီကြောက်စိတ်တွေဟာ အလကားပါ၊ ဒီစိတ်တွေရှိနေရင် ငါဘဝကြီးပွားတိုးတက်မှာ မဟုတ်ဘူး၊ ချမ်းသာလာမှာမဟုတ်ဘူး၊ ဒီလောက် ခရီးပေါက်ပြီးမှ နောက်ကြောင်း မြန့်လှည့်ရင် ရာဇဝင်ရိုင်းတယ်၊ ခုမှာတော့ ဘာမှ ဂရုမစိုက်ဘူး"

ကိုဖိုးလုံးသည် ကြောက်ရွံ့တုန်လှုပ်စိတ်များကို ပယ်ရှားကာ တောပိုင် တောင်ပိုင် နတ်နန်းထဲဝင်၍ ဝါဆိုဖယောင်းတိုင်များ၊ အမွှေးတိုင်များကို ထွန်းညှိပူဇော်လိုက်သည်။ ရုတ်တရက် နှုတ်မှလည်း . . .

"ဟ- ဒီမှာ အုန်းငှက်ပျောပွဲတော်တွေ အပြည့်ပါလား"

ထိုအချိန်တွင် ကိုဖိုးလုံးနှာခေါင်းဝသို့ တောစပယ်ပန်းအနံ့များ အလုအယက် တိုးဝှေ့ဝင်လာသည်။ ခြေသံကြား၍ နောက်သို့ လှည့်ကြည့်လိုက်ရာ သူ့နှလုံးခုန်သံများ ဝုန်းဒိုင်းကြဲသွား၏။ ဆံပင်မွေးများ၊ မျက်ခုံးမွေးများ ထောင်ထသွား၏။ ကြောက်ရွံ့စိတ်ကြောင့် နှုတ်မှလည်း . . .

"အမယ်လေး"

ကြောက်စိတ်ပြယ်ပြီး အသေအချာ ကြည့်တော့မှ အဘိုးအိုတစ်ဦး။ ညာလက်တွင်လည်း အရပ်အမောင်းနှင့် လိုက်ဖက်ညီသော တောင်ဝှေးတစ်ခုကို ကိုင်ထား၏။ နှုတ်မှလည်း တိုးတိတ်ညင်သာသော အသံဖြင့် . . .

"မကြောက်ပါနဲ့ မောင်ရင်ရယ်"

ထွန်းညှိပူဇော်ထားသော ဝါဆိုဖယောင်းမီး အလင်းရောင်ဖြင့် အထင်အရှား တွေ့မြင်ရသည်။ လွန်စွာအိုမင်းသော ရုပ်သွင်နှင့် ဖြူဖွေးသော ဆံခြည်မွှေးများက အဘိုးအို၏ ဦးခေါင်းထက်တွင် နေရာယူထားသည်။ သို့သော် ဝါဆိုဖယောင်းတိုင်များ၏ မီးရောင်အောက်တွင် စူးရဲသော မျက်လုံးနှစ်လုံးက နီရဲသောပတ္တမြားကဲ့သို့ ဝင်းဝင်းတောက်နေသည်။ အသက်အရွယ် ကြီးရင့်သော်လည်း နှုတ်ထွက်စကား ပြောသံများက တုန်ယင်ခြင်း အက်ကွဲခြင်း မရှိ။

"မောင်ရင် ဒီနေရာကို ဘာလာလုပ်တယ်ဆိုတာ အဘိုးသိတယ်၊ မှော်တောင်ငါးလုံးစခန်းက ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com

မကိုဩ ညွှန်ကြားချက်နဲ့ တောပိုင်တောင်ပိုင် စီးတော်ကျားနှစ်ကောင်ပေါ်မှာ တင်မြောက်ထားတဲ့ ဓားကို လာယူတာ မဟုတ်လား၊ မောင်ရင့်မှာ ဆယ်ခေတ်စဉ် အချိန်ရမှာနော်”

ကိုဖိုးလုံးတစ်ယောက် မထင်ခဲ့တဲ့ တွေ့လိုက်ရသော အဘိုးအို၏ နှုတ်ထွက်စကားများကြောင့် လွန်စွာ အံ့သြသွားသည်။ မိမိ၏ အခြေအနေကို ချက်ချင်း ရိပ်စားမိလိုက်သည်။ သည်နေရာတွင် အကြာကြီးနေပြီး အချိန်တွေ တုန်ဆုံးရန် အခွင့်အရေး မရှိတော့။ သူ့အကြောင်း အလုံးစုံသိနေသော ဒီအဘိုးအိုအား ကျေးဇူးတင်စကား ဆိုလိုက်သည်။

“ခုလို အရေးတယူ ပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အဘိုးရယ်၊ အဘိုးစကားကိုလည်း နာခံပါ့မယ်၊ ဒါနဲ့ ကျွန်တော် အဘဆရာနဲ့ ဘယ်လိုဆက်နွယ်ပြီး ဘယ်မှာစခန်းထိုင်ခါသလဲ”

“မောင်ရင့်ဆရာ မကိုဩရဲ့ ဘကြီးပါ၊ အဲဒီနာမည်ကိုလည်း အဘိုးဝဲ ပေးခဲ့တာပါ၊ မကိုဩ အပင်တွေ ပိုင်းနေတဲ့ မှော်ဝင် အင်းချပ်ပေါ်မှာ သိဒ္ဓိဝင် ဓာတ်လုံးတွေကို အံ့မခန်းရခဲ့လို့ပဲ၊ အဲဒီ ပါရမီစခန်းကို သန္ဓေတည်ပြီး မကိုဩယ်လို့ အမည်တွင်ခဲ့တာပါ၊ ကဲ အချိန်လည်း မရတော့ဘူး၊ တောပိုင်တောင်ပိုင်တွေ မကြာခင် ကြွလာတော့မယ်၊ အဲဒါနဲ့ တစ်ဆက်တည်း မှော်ဝင်ကျား နှစ်ကောင်ကလည်း သက်ဝင်လှုပ်ရှားလာလိမ့်မယ်၊ အဲဒါဆိုတော့ စီးတော်ကျားပေါ်က ဓားကို ယူသွားဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ကဲ ကဲ သွားတော့၊ အဘိုးလည်း ဒီကနေ အမြန်ထွက်ခွာမယ်”

ကိုဖိုးလုံးသည် အဘိုးအိုအား မြေပြင်ထက်တွင် ပြားပြားဝပ်ရှိခိုးကာ စီးတော်ကျားနှစ်ကောင်ရှိရာသို့ အလျင်အမြန် လာခဲ့သည်။

အဘဆရာ၏ သင်ကြားပေးမှုအတိုင်း ပိုင်ရာဆိုင်ရာများကို ပင့်ဖိတ်ခြင်း၊ မေတ္တာပို့ခြင်း၊ ဆုတောင်းခြင်း၊ ခွင့်ပန်ခြင်းကိစ္စများ ပြီးပြတ်သည်နှင့် ဓားကို ညာဘက်လက်နှင့် လှမ်းယူလိုက်သည်။ ဓားအိမ်မပါဘဲ ဓားသက်သက် ဖြစ်၍ ပကတိ သွင်ပြင်လက္ခဏာကို အတိုင်းသား မြင်ရသည်။

လျှပ်တစ်ပြက် စက္ကန့်ပိုင်းအတွင်းမှာပင် တောပိုင်တောင်ပိုင်တွေအတွက် ထုဆစ်ထားသော မှော်ဝင်ကျား နှစ်ကောင်၏ ကျက်လုံးများသည် ဖွင့်ချည်ပိတ်ချည်ဖြင့် လှုတ်ခတ်လာ၏။ တောလုံးအနှံ့ တောင်လုံးအနှံ့ ကျားဟိန်းသံများ လွှမ်းမိုးသွားသည်။ တကယ်ပင် ပိုင်ရာ ဆိုင်ရာများနှင့် တောပိုင် တောင်ပိုင်များ ကြွခဲ့ကြီလာပြီလား။ ကိုဖိုးလုံး နားထဲသို့လည်း . . .

“အမြန်သွားတော့လေ၊ အမြန်သွားတော့”

လို့ဆိုသည့် သတိပေးတိုက်တွန်းသံများ အထပ်ထပ် အခါခါ ကြားနေရသည်။ ထုဆစ်ထားသော ကိုးတောင်ပြည့် မှော်ဝင်ကျားကြီးနှစ်ကောင်မှာ သက်ဝင်လှုပ်ရှားလာသည်။ ကျားနှံ့မှ တကယ့်ကျားနှံ့များ၊ လေထုထဲတွင် နေရာယူလာသည်။ ထူးထူးခြားခြား ညဉ့်သတ္တဝါပေါင်းစုံ၏ အော်မြည်သံများ ငြိမ်သက်တိတ်ဆိတ်သွားသည်။

လေတိုက်ခတ်မှုကြောင့် ကြီးငယ်သစ်ပင်များသည် ယိမ်းနွဲ့လှုပ်ရှားသွားသည်။ တောပန်း၊ တောင်ပန်း၊ ပျားရန့်များ၊ ဆေးဖက်ဝင် ဂမုန်းပေါင်းစုံရနံ့များ အစားထိုးဝင်ရောက်လာသည်။ မလှမ်းမကမ်းမှ ချေဟောက်သံများ၊ မြွေတွန်သံများ။ တောကြက်များ၏ တွန်ကျူးသံများ ကွယ်ပျောက်သွားသည်။ ထိန်ထိန်သာနေသော လသည် တိမ်သလွှာများ ဖုံးလွှမ်းသွား၍ ဝန်းကျင်တစ်ခိုတွင် အရိပ်မည်းကြီးများ ထိုးကျလာသည်။

ကိုဖိုးလုံးသည် ပုံမှန်မဟုတ်သော ဖြစ်ပျက်ပြောင်းလဲမှုမျှုးကို သတိထားမိလာသည်။ သို့ဖြစ်၍ ညာဘက်လက်ထဲ ဓားရောက်သည်နှင့် ချာခနဲတောင်ဆင်းလမ်းကို လှည့်ထွက်လာခဲ့သည်။ သူ့လက်ထဲတွင် အားကောင်းသောဓာတ်ခဲငါးတောင့်ထိုး လက်နှိပ်ဓာတ်မီး တစ်လက်ရှိနေသည်။ အားကောင်းသော လက်နှိပ်ဓာတ်မီး အလင်းရောင်သည် သူ့အဟွက် ဖြည့်စွက်အင်အားဖြစ်သည်။ ဘယ်လက်တွင် လက်နှိပ်ဓာတ်မီး၊ ညာလက်တွင် ဓားကိုင်ပြီး ဆင်းလာသော ခန္ဓာကိုယ်အား ဟန်ချက်မပျက်အောင် ခြေချော်လဲမသွားအောင် အတော်ထိန်းပြီး တောင်ဆင်းလမ်း ခရီးကို ဆက်ခဲ့ရသည်။

သူ့နောက်မှ တစ်စုံတစ်ရာ အသည်းအသန် လိုက်နေသလိုလည်း ခံစားရသည်။ သို့သော်လည်း ကိုဖိုးလုံး တစ်ယောက် ဟန်မပျက် လယ်တဲရှိရာသို့ ပြန်လာခဲ့သည်။ အသွား တစ်နာရီခွဲ အပြန်တစ်နာရီခွဲ ကြာသော လသာသာ ညခရီးစဉ်သည် သူအတွက် အသက်နှင့်ရင်း၍ စွန့်စားရသော ပေးဆပ်မှုတစ်ခု ဖြစ်သည်။ လယ်တဲထဲတွင် မိခင်ဒေါ်လုံးတင်သည် ရေနံဆီမီးခွက်ကြီးထွန်း၍ ထိုင်စောင့်နေသည်။ ပြီးတော့ စိုးရိမ်မကင်းသော အသံဖြင့် . . .

“ဟဲ့ သား၊ ညအချိန်မကော်ကြီး ဘယ်သွားတာတုံး၊ အမေ့ကို အကျိုး အကြောင်းပြောပြီးမှ သွားလေ၊ သား ထွက်သွားတာနဲ့ အမေ အိပ်လို့မရဘူး၊ ခွေးတွေကလည်း ဟောင်လိုက်တာ သားရယ်၊ ဘာတွေဖြစ်မှန်း မသိဘူး၊ ဒါနဲ့ မင်းဓာ ဘယ်သွားတာတုံး”

“နွယ်ခွေ တောင်ပေါ်က ပြန်လာတာပါ အမေ၊ မွေးကတည်းက ဆင်းရဲလွန်းလို့ အရဲစွန့်ပြီး ထွက်ပေါက်ရှာတာပါ အမေ၊ ဒါပေမဲ့ အမေရယ် ကုသိုလ်က် မကောင်းပါဘူး၊ ဒီမှာလေ ကြည့်ပါလား”

မိခင် ဒေါ်လုံးတင်သည် သားဖိုးလုံး ကမ်းပေးလာသော ဓားရှည်ကို ယူပြီး ကြည့်လေသည်။ ရေနံဆီမီးခွက် အောက်တွင် သံချေး အထပ်ထပ်တက်

www.burmeseclassic.com

နေသော ဓားရှည်တစ်လက်၊ ရေနံဆီမီးရောင်အောက်တွင် ဘာဆို ဘာမျှ ထူးခြားမှုမရှိသည့် ဓားရှည်တစ်လက်။

မိခင်ဖြစ်သူမှ ကရုဏာအပြည့်ပါသော လေသံဖြင့် ပြောသည်မှာ..

"သား ဆင်းရဲတယ်၊ ချမ်းသာတယ်ဆိုတာ အတိတ်မှာ ပြုလုပ်ခဲ့တဲ့ ကံတရားနဲ့ ဆိုင်တယ်၊ မွေးကတည်းက ကံတိုက်ခိုက်တွေ ပါလာပြီးသားပါ၊ ဒီဘဝမှာ ဆင်းရဲတဲ့ လူတစ်ယောက်က အရမ်းချမ်းသာချင်တယ်ဆိုရင် ကိုယ့်ဒုက္ခ ကိုယ်ရှာတာပဲ၊ လောဘရမ္မက်တက်ပြီး မမှန်ကန်တဲ့ ဆောင်ရွက်ချက်တွေနဲ့ ချမ်းသာလာရင်တောင် နောက်ဘဝ သံသရာမှာ ပေးဆပ်ရမှာပဲလေ၊ သား စဉ်းစားကြည့်လေ။

ကမ္ဘနိယာမအရ လူ့အဆင့်အတန်းတွေကို ခွဲခြမ်းစိတ်ဖြာထားတာလေ၊ လူတစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် တူလို့လား။ သား စဉ်းစားကြည့်လေ၊ လူတွေ့ လူပါပဲ၊ ဘဝချင်းတွေ ခြားတယ်လေ၊ အဲဒါတွေကို အမေ့သား သဘောမပေါက်တဲ့အတွက် ထပ်ဆင့် အမှားတွေကို ကျူးလွန်ခဲ့ပြီ သားရယ်"

အသက်(၆၀)ကျော်အရွယ် မိခင်၏ စကားများက ကိုဖိုးလုံးရင်ကို ကြေကွဲဆို့နင့်စေသည်။

"သား စဉ်းစားကြည့်လေ၊ ဒီတောတွေ ဒီတောင်တွေ ဒီလယ်မြေတွေ ဒီယာတဲတွေဟာ အမေတို့ရဲ့ကမ္ဘာလေ၊ အမေတို့နဲ့ ဒီလောက်ပဲထိုက်တန်လို့ ဒီလောက်ပဲ နေခွင့်ရှိတာလေ၊ အဲဒါကိုပဲ အမေတို့ကထိန်းသိမ်းစောင့်ရှောက်ရမှာလေ၊ သား လောဘကြီးလို့လည်း ဘယ်လောက်ထိ ချမ်းသာလာမှာလဲ၊ သား ချမ်းသာလာခဲ့ရင်တောင် တစ်ဘဝစာပဲ ကောင်းစားပြီး နောက်တစ်ဘဝ ပြန်လည်ပေးဆပ်ရမှာလေ၊ ခုဆို သားမှာ အကြွေးတွေတင်သွားပြီ၊ လောကကြီးဟာ သိပ်ကြောက်ဖို့ ကောင်းတယ် နော် သား"

ကိုဖိုးလုံးသည် တုန်ယင်လှိုက်ဖိုသော မိခင်၏ နှုတ်ထွက်စကားများကြောင့် . . .

"အကြွေး. . . ဟုတ်လား၊ ဘာအကြွေးလဲဟင် အမေ"

မိခင် ပေါ်လုံးတင်သည် သားဖြစ်သူ ကိုဖိုးလုံးအား စေ့စေ့ကြည့်လျက်

"သား၊ လောကကြီးမှာ ရယူပြီး ရင် ပြန်လည်ပေးဆပ်ရစမြဲပဲ၊ သား သေသေချာချာ စဉ်းစားကြည့်စမ်း၊ အမေ့ကို အသေမဖြောင့်အောင် မလုပ်ပါနဲ့သားရယ်၊ သား ခုယူလာတဲ့ဓားကိုပဲ ကြည့်၊ သံချေးတွေ အထပ်ထပ်တက်နေပေမယ့် ဓားရဲ့ရာဇဝင်နဲ့ ဓားရဲ့အတွင်း သဘောကို တပ်အပ်မသိနိုင်ဘူးလေ၊ ဓားကို သူ့နေရာမှာပဲ ပြန်ထားလိုက်စမ်းပါကွယ်၊ အမေ ရင်တွေပူလို့ပါ၊ အမေ့စကားကို နားထောင်စမ်းပါ သားရယ်"

တဲအတွင်း ရေနံဆီမီးခွက်မှ မီးညွှန့်လေးသည် လေယူရာသို့ တိမ်းညွတ်ကာ လှုပ်ရှားနေ၏။ ၎င်းမီးညွှန့်မှအလင်းရောင်သည် လုံလောက်ပြည့်စုံသော အလင်းအာဒါကိုလည်း မပေးနိုင်။ တဲအပြင်တွင် လရောင်ဆမ်းသော်လည်း တဲအတွင်းတွင် အမှောင်ထုက ကြီးစိုးနေ၏။ သည်အမှောင်ထုအတွင်းမှ အားပြိုင်ရန်းထွက်နေသောအကြောင်းတရားများစွာရှိ၏။

ထို အကြောင်းတရားများမှာ ဘဝပေါင်းများစွာထဲမှ လွန်စွာသေးငယ်လှသောအလင်းတန်းများပင်တည်း။

"ခုဆို သားယူလာတဲ့ဓားကြောင့် အမေ့သား ကျိန်စာသင့်သွားပြီကွယ်၊ ဘာဖြစ်လို့ ကံကြမ္မာလိုင်းတွေက တစ်ထပ်တည်း သွားကျတာလည်း မသိဘူးကွယ်၊ ဒီနေ့ ဒီအချိန်မှာ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတဲ့ ဝိဘင်္ဂကြမ္မာတွေလား၊ ဒါမှမဟုတ် တမလွန်က ပေါင်းစပ်မှုဝိညာဉ်ကွန်ရက်တွေလားဆိုတာ အမေတော့ နားမလည်နိုင်အောင်ဘဲ၊ ခုတော့ အမေ့သားရဲ့ လုပ်ရပ်တွေက လွန်ကျူးသွားပြီကွယ်"

မိခင်ဖြစ်သူ၏ စကားများကို ကိုဖိုးလုံး နားမလည်နိုင်။ သူ နားလည်ထားခဲ့သည်က တစ်မျိုး။ သည်ဓားကို ရယူပိုင်ဆိုင်လျှင် 'လိုတရ' အရာရာဖန်ဆင်းနိုင်မည်။ ဓားတွင် ရတနာကိုးမျိုးနှင့် ဖန်တီးတည်ဆောက်ထား၍ တန်ဖိုးမဖြတ်နိုင်။ သည်နယ်တစ်ခွင် သူ့အားမည်သူတစ်ဦးတစ်ယောက်မျှ အမိန့်ပေးစေခိုင်း၍မရ။ သိဒ္ဓိပြီးသော မှော်ဝင်ဓားတစ်လက်ဖြစ်၍ သူ့အထက်တွင် မည်သူမျှ မရှိစေရ။ ရွှေဆိုရွှေ၊ ငွေဆိုငွေ အားလုံးပြည့်စုံနေရမည်။ ဒါက ကိုဖိုးလုံးအတွေး၊ ကိုဖိုးလုံး ယုံကြည်ချက်၊ ခံယူချက်။

ဟော- ခုတော့ သံချေးအထပ်ထပ် တက်နေသော ဓားတစ်လက်ဖြစ်နေ၍ စိတ်ဘဝင်ညစ်နွမ်းသွား၏။ ပြီးတော့ ကျိန်စာ၊ ကျိန်စာ၊ ကိုဖိုးလုံး လုံးဝ မျော်လင့်မထားသည့် အရာ။

"အမေ၊ ကျိန်စာ ဟုတ်လား၊ ဘာကျိန်စာလဲ တင်"

သည်မေးခွန်းကို မိခင်ဖြစ်သူ ရုတ်တရက် မဖြေနိုင်။ သည်မေးခွန်း၏ နောက်ကွယ်တွင် လျှို့ဝှက်ပဟေဠိများ ရှိနေမှာ သေချာသည်။ ရေနံဆီမီးခွက်၏ အင်အားချည့်နဲ့သော အလင်းရောင်အောက်တွင် မိခင်ဖြစ်သူ၏ ငိုက်ရှိုက်သံများ ပေါ်လာသည်။ တုန်ယင်ဆို့နစ်သောအသံဖြင့် . . .

"လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော် လောက်က မင်းအဖေ အဲဒီဓားကို သွားယူပြီး ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားတယ်၊ သား ကိုယ်ဝန် တစ်လ လွယ်ထားချိန်မှာပေါ့၊ အဲဒီအကြောင်းတွေကို အမေ ဘယ်သူ့ကိုမှ မပြောပြဘဲ လျှို့ဝှက်ထားခဲ့တာပါ၊ ပြောပြလည်း ယုံမှာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မှော်ဝင်သိဒ္ဓိမြောက်တဲ့ အဲဒီဓားဟာ ဆယ်နှစ်မှာတစ်ကြိမ် အဲဒီ ကျားနှစ် ကောင်ပေါ်မှာ ထူးထူးဆန်းဆန်း ပေါ်လေ့ရှိတယ်၊ တွေ့ဖို့မပြောနဲ့ ကြုံဖို့တောင် တကယ်မလွယ်တာပါ၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

တက္ကယ်မလွယ်ကူတဲ့ အရာတစ်ခုကို သားက ပြီးမြောက်အောင် ဆောင်ရွက်လာတယ်ဆိုပေမယ့် အမေ ဝမ်းမသာနိုင်ဘူး သားရယ်"

"အမေ၊ အဲဒါဆို သားဘယ်လို လုပ်ရမလဲဗင်"

"ကိုးမနိုးခင် ဓားကို သူ့နေရာသူ ပြန်ထားရမယ်၊ တောင်ပေါ်ကို အရင် တက်ရမယ်၊ အဲဒီမှာ ထွန်းထားတဲ့ ဝါဆိုဖယောင်းတိုင်မီးတွေ လင်းနေရင် အချိန်မီတယ်၊ မီးတွေ ငြိမ်းနေရင်တော့ ကံတရားက အမေတို့ဘက်မှာ မရှိတော့ဘူး"

မိခင်၏ စကားများကြောင့် ကို ဇီးလုံးတစ်ယောက် အလွန်အမင်း စိတ်ပူနှောက်သွားသည်။ သူမျှော်လင့်ထားသော အရာများသည် အမှောင်ထုထဲ တိုးဝင်ပျောက်ကွယ်သွားခဲ့ပြီလား။ ခုတစ်မျိုး၊ လုပ်ပြီးတော့ တစ်မျိုးဆိုလျှင် ကောင်းသော အလားအလာကို မဆောင်။ ဓလုပ်ခင်က အကြီးအကျယ်စဉ်းစားပြီးမှ လုပ်ဆောင်ခြင်း ဖြစ်သည်။ သို့သော် တစ်ဦးတည်းသော မိခင်ကို မတိုင်ပင်ခဲ့။ အသိပေးခြင်းလည်း မပြုခဲ့။ လုပ်ငန်းတိစ်ခုများ ပြီးစီးအောင်မြင်ခဲ့သော်လည်း ကြိုတင်တွေးဆထားသည့်အတိုင်း ဖြစ်မလာခဲ့။ မိမိဖြစ်ချင်တိုင်း မဖြစ်တာ ကံဆိုးရာကို ယို့မယ်ဖွဲ့ပြီး အပြစ်ပုံချရမည်လား။

ထိုအချိန်တွင် လယ်တဲတွင် မွေးထားသော ငနီ၏ ထိုးဟောင်သံကို ကြားလိုက်ရသည်။ ညအချိန်မတော် ဘယ်သူများပါလိမ့်။ သားအမိနှစ်ယောက် စလုံး ခွေးဟောင်ရာဘက်သို့ ပြုံငေ့ကြည့်လိုက်မိသည်။ အမှောင်ထဲမှအသံတလေဟုန်ကိုခွင်းပြီး ထွက်လာသည်။

"ငါပါဟာ၊ မင်းတို့တဲမှာ အလင်းရောင်ကွက်ပြီး လူတွေ့အများကြီးတွေ့လို့ လာခဲ့တာ၊ ဟ. . . ခုတော့လည်း ဘာမှမတွေ့ပါလား၊ အံ့သြစရာပဲ"

ပေးငါးရာကျော်ဝေးသော လယ်တဲမှ စောသာထူးဖြစ်သည်။ မမျှော်လင့်ဘဲ ဟိုဘက်တဲမှ စောသာထူး ရောက်လာသဖြင့် ကိုဖိုးလုံး အားတက်သွားသည်။

"ကိုစောသာထူး၊ ကျွန်တော်တို့ နွယ်ခွေတောင်ကို သွားမလို့ လိုက်ခဲ့စမ်းပါဗျာ၊ ခင်ဗျားလာတာနဲ့ အတော်ပဲဗျာ"

"သား အမေပါလိုက်မယ်၊ ဒီခရီးက အရေးကြီးတယ်၊ သား အတွက် အင်မေ စိတ်ပူတယ်"

သားအမိနှစ်ယောက်၏ ပြောဆို ဟန်မျှားကို နားထောင်ပြီး စောသာထူး ကြောင်တက်တက် ဖြစ်သွားသည်။ ည အချိန်မတော်ကြီး ဘာတွေဖြစ်နေတာတုံး။ အဖြေရှာနေသော မျက်လုံးများဖြင့် လိုက်ကြည့်နေမိသည်။ ပြီးတော့ အလင်းအားနည်းသည့် ရေနံဆီမီးခွက်ရှေ့မှာ ချထားသည့် ဓားရှည်တစ်လက်။ စောသာထူးနားမလည်နိုင်သောအတွေးစိတ်များဖြင့် . . .

"ဇီးလုံး မင်း ဘာတွေဖြစ်နေတာတုံး၊ ငါတော့ နားမလည်နိုင်အောင်ပဲ၊ ခုလည်း အချိန်မတော်ကြီး နွယ်ခွေတောင် သွားမယ်ဆိုတော့ ဘာဖြစ်လို့လဲ၊ ဘာကိစ္စလဲ၊ တစ်နာရီခွဲလောက် ခြေကျင်သွားရတဲ့ခရီးကို သွားမယ်ဆိုတော့ ငါတော့ စဉ်းစားလို့မရတော့ဘူး"

ထိုအခါ မိခင်ဒေါ်လုံးတင်သည် မနေသာတော့သဖြင့် . . .

"ငါတို့ကို ပြန်ရောက်မှ ရှင်းပြမယ်၊ ခုတော့ အချိန်မရတော့ဘူးကွယ်၊ ကဲ လာလာ သွားကြရအောင်"

ဆောင်းနှင်းဖွေးဖွေးသည် ပြည့်ဖြိုးသော လမင်းကြီးကို မမြင်ရအောင် ဖုံးကွယ်ခဲ့လေပြီ။ နံနက် သုံးနာရီထိုးရန် အချိန်အနည်းငယ်သာလိုတော့ကြောင်း အရုဏ်ဦး လင်းကြက်တွန်သံများက ညွှန်းဆိုနေသည်။ နံနက်အချိန်မတော် နွယ်ခွေတောင်ပေါ်သို့ ဘုံသို၊ ဘမသိ နှင့် လိုက်ရသူက စောသာထူး။

ဆောင်းနှင်းဖွေးဖွေးအောက်တွင် အအေးဓာတ်က ပိုလာသည်။ သွားမည့်လမ်းကြောင်းတစ်လျှောက် ဖြူဖွေး သော နှင်းများက ပိတ်ဆို့ကာရံထားသဖြင့် ခရီးမတွင်လှ။ အသက်(၆၀)ကျော် မိခင် ဒေါ်လုံးတင်ပင် စိတ်မချည်နိုင်။ လောကတွင် တစ်ဦးတည်းသောသား၊ အချစ်ရဆုံးသောသားလည်း ဖြစ်သဖြင့် ပိုဆိုးသည်။

ရှေ့ဆုံးမှ အားကောင်းသော လက်နှိပ်ဓာတ်မီးဖြင့် ထိုးသွားသူမှာ ကို ဖိုးလုံး။ အလယ်မှာ မိခင် ဒေါ်လုံးတင်၊ နောက်မှာ စောသာထူး။ ကျိန်စာသင့်သော ဓားတစ်လက်နှင့် လသာညတစ်ည သံသရာမှာ မပြီးဆုံးသေး။ ကိုဖိုးလုံးသည် ရှေ့မှသွားနေရင်း စဉ်းစားမရသည့် အချက်တစ်ချက်ကို မိခင်ဖြစ်သူအား လှမ်းမေးလေသည်။

"အမေ၊ မကိုဩ ဆိုတဲ့ အဘဆရာက အဲဒီဓားကို ဘာဖြစ်လို့ ယူခိုင်းတာလဲဟင်၊ သူကိုယ်တိုင်ယူလည်းရသားနဲ့၊ အဲဒီအချက်ကို သား နားမလည်နိုင်ဘူး"

"သားကို တစ်ဖက်လှည့်နဲ့အသုံးချလိုက်တာလေ၊ အဲဒီဓားမှာပါတဲ့ ကျိန်စာတွေကို ကြားခံတစ်ဆင့် အနေနဲ့ လက်လွှဲပေးလိုက်တာပဲ၊ သား လောက ကြီးမှာ လူတွေဟာ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက်၊ အဖွဲ့အစည်း တစ်ခုနဲ့တစ်ခုမှာ နည်းမျိုးစုံနဲ့ အသုံးချနေကြတာလေ၊ အချုပ်ကတော့ ဒါပါပဲ၊ အဲဒီမှာ ပညာရပ်နဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ ပေါင်းစပ်ပြီး အားပြိုင်တာပဲ"

"တဲမှာတော့ အချိန်မရလို့ မမေးခဲ့ရဘူး၊ သွားရင်းနဲ့ပဲ မေးရတော့မှာပဲ၊ တောပိုင်တောင်ပိုင်နတ်နန်းမှာ တွေ့တဲ့အဘိုးအိုက ဘယ်သူလဲဟင် အမေ၊ သားစိတ်ထဲမှာ စဉ်းစားလို့မရဘူး ဖြစ်နေတယ်"

"အဲဒါ သားကို တစ်ဆင့်ခံအသုံးချနေတဲ့ အဘဆရာ မကိုဩပေါ့ကွယ်"

"ဗျာ"

"သူက ရုပ်ပြောင်း နာမ်ခွာအုတ်တို့ တတ်တယ်လေ၊ လောပိုင်

www.burmeseclassic.com

www.burmeseclassic.com

တောင်ပိုင်တွေရဲ့ စီးတော်ကျား နှစ်ကောင်ပေါ်မှာ ဆယ်နှစ်မှာ တစ်ကြိမ် သာပေါ်တဲ့ ရတနာကိုးမျိုးနဲ့ စီခြယ်ထားတဲ့ မှော်ဝင်သိဒ္ဓိမောင်းကို ယူဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး။ ယူလိုက်တာနဲ့ အဲဒီသိုက်နန်းကို စောင့်ရမှာလေ၊ အဲဒီတော့ သူကိုယ်တိုင် မယူဘူး။ သားကို ယူခိုင်းတာပဲ၊ သားက အဓိကတရားခံဖြစ်သွားပြီ၊ သားဆီက အဲဒီမောင်းကို အဘဆရာမကြီးဩဃာ အချိန်မရွေး လာယူလို့ ရတယ်ဆိုတာ သား အမြဲမှတ်ထား၊ အဲဒီမောင်းကို ကျီးမနိုးခင် မူလနေရာမှာ ပြန်ထားရမယ်၊ သား ထွန်းထားခဲ့တဲ့ ဝါဆိုဖယောင်းတိုင်မီးတွေ မငြိမ်းပါစေနဲ့လို့ ဆုတောင်းရမှာပဲ”

နောက်မှုကပ်ပြီး လိုက်ပါလာသော စောသာထူး ဘာဆိုဘာမှ နားမလည်နိုင်။ သို့သော် ပြောစကား ဆိုစကားများအရ အတော်ကို အရေးကြီးနေတာတော့ သိသည်။ ဆောင်းနှင်းဖွေးဖွေး အေးစိမ့်သော ရာသီပင် ဖြစ်လင့်ကစား သူတို့ကိုယ်ခန္ဓာများမှာ ချွေးများဖြင့် စိုရွှဲနေလေသည်။

အသက် (၆၀) ကျော် မိခင်ဒေါ်လုံးတင်သည် ခြေလှမ်းအသွက်ဆုံးဖြစ်သည်။ ဘယ်ဘက်တွင် ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးကိုင်၍ ညာဘက်လက်တွင် မှော်ဝင်ဓားကိုင်ထားသော ကိုဖိုးလုံးသည် နွယ်ခွေတောင်ကြောနှင့် နီးလာလေ စိတ်ပိုင်းဆိုင်ရာများ တက်ကြွနိုးကြားလေဖြစ်သည်။ အားကောင်းသော လက်နှိပ်ဓာတ်မီးရောင်က ဖြူဖွေးသော နှင်းထုများကို ဖောက်ထွင်း မြင်တွေ့ရသည်မှာ တစ်မျိုးကြည့်ကောင်းနေသည်။

“အမေရေ နွယ်ခွေတောင်ခြေကို ရောက်ပြီဗျ၊ ဝမ်းသာလိုက်တာဗျာ၊ ဝမ်းသာလိုက်တာ၊ လာ အမေ မြန်မြန်လာ၊ တောပိုင် တောင်ပိုင်တွေ ပြန်မကြွသေးခင် အမြန်သွားရမယ်၊ ဒီအခွင့် အရေးကရခဲပေခြင်း၊ ဆယ်နှစ်တစ်ကြိမ် ရတာ အမေရဲ့”

သားဖြစ်သူ၏ အပြောင်းအလဲမြန်ဆန်မှု၊ တက်ကြွမှု၊ အထူးသဖြင့် ညာလက်ဖြင့် ကိုင်ထားသော ဓားကို ကောင်းကင်ယံသို့ တစ်ချိန်လုံး မြှောက်နေသည်။ ထိုအခြင်းအရာများကိုကြည့်ပြီး မိခင်ဖြစ်သူ ဒေါ်လုံးတင် သတိထားမိလာသည်။ သတိမထားလို့ကလည်း မဖြစ်။ တောပိုင်တောင်ပိုင်နတ်နန်းနှင့် မှော်ဝင်ကျားနှစ်ကောင်နား နီးကပ်လာလေ သတိသမွဇင်များ ပြောင်းလဲလာလေ ဖြစ်သည်။

တောင်တက်အကွေ့ နှင်းမှုန်ဖွေးဖွေးအောက်တွင် ထူဆစ်ထားသော ကိုးတောင်ပြည့် ကျားနှစ်ကောင်ကို တွေ့လိုက်သည်နှင့် ကိုဖိုးလုံးတစ်ယောက် ချက်ချင်းရုပ်ပြင် လက္ခဏာများ ပြောင်းလဲသွားသည်။ အားမာန်ပါသော ရယ်မောသံနှင့်အတူ ကျားနှစ်ကောင်ရှေ့ တည့်တည့်တွင် ဓားရေးပြသည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် သူတစ်ဦးတည်း ရှိသည့်အလား ပြောချင်တာတွေ ပြော၍ ဆိုချင်တာတွေ ဆိုသည်။ မိခင်က ဘာပြောပြော နားလည်သဘောပေါက်ပုံလည်း မပေါ်။ အသိအမှတ်ပြုသည့် ပုံစံလည်း မရှိတော့။ ညာဘက်လက်တွင် ဓားရှည်ရှိနေ၍ သူအနားကပ်၍လည်း မရတော့။

ညာဘက်လက်ဖြင့် ဓားရေးပြရင်း တောပိုင်တောင်ပိုင် နတ်နန်းထဲသို့ လျှိုမြန်စွာ ဝင်သွားလေသည်။ အနီးတွင် ကပ်နေသော စောသာထူးမှ မနေသာတော့သဖြင့် သတိပေးစကား ပြောကြားရသည်။

“အရီးလေး ကပ်မလိုက်သွားနဲ့တော့၊ ပိုင်ရာဆိုင်ရာတွေ ဝင်စီးနေပြီ၊ လက်ထဲက ဓားကို သတိထားရမယ်၊ ထူထူထပ်ထပ် နှင်းတွေကျနေတော့ လူမှားပြီး ဓားနဲ့ခုတ်ရင် အခြောင်ခံရမယ်၊ ကိုဖိုးလုံး အတွက်လည်း အရမ်းကို အပြစ်ကြီးသွားမယ်၊ ကိုဖိုးလုံးနဲ့ ခပ်လှမ်းလှမ်းသာနေပါ အရီးလေးရယ်၊ သူ့ကို ထိန်းဖို့ဆိုတာ မလွယ်တော့ဘူးနော်”

“အေး ဟုတ်တယ်၊ သူ့ကို ထိန်းဖို့ဆိုတာ မလွယ်တော့ဘူး”

ထူထပ်စွာ တစိမ့်စိမ့်ကျနေသော နှင်းထုကြောင့် လူတစ်ယောက်နှင့်တစ်ယောက်မှာ ဆယ်ပေအကွာလောက်သာ မြင်နေရသည်။ ကိုဖိုးလုံးလက်ထဲမှ လက်နှိပ်ဓာတ်မီးရောင်လည်း မတွေ့ရ။ နတ်နန်းထဲမှ ဝါဆိုဖယောင်းတိုင်များမှ အလင်းရောင်လည်း မတွေ့ရ။ ဘာတွေဘယ်လိုဖြစ်ကုန်ပြီလဲဆိုသည့် အသိက မိခင်ဖြစ်သူ၏ စိတ်နှလုံးတို့ မငြိမ်းချမ်း။

မိနစ်ပိုင်းအတွင်းမှာပင် နတ်နန်းထဲမှ ထွက်လာသော ကိုဖိုးလုံးကို မြင်ရသည်။ သူ၏ ညာဘက်လက်တွင် ကိုင်မြှောက်ထားသော သံချေးအထပ်ထပ် တက်နေသော ဓားမှာ ရွှေရောင်ဝင်းဝင်းတောက်လျက်။ ဓားလက်ကိုင်ရိုးမှာ မြွှုပ်နှံထားသော ကျောက်မျက်ရတနာ ကိုးမျိုးမှာ ထိန်ထိန်ထောက်လျက်။

နှင်းထုများ တွယ်ပျောက်၍ ပြည့်ဖြိုးသောလရောင်သည် ရုတ်တရက် လင်းထိန်သွားသည်။ ထူးဆန်းအံ့ဩဖွယ်ကောင်းသော ၎င်းမြင်ကွင်းကြောင့် မိခင်ဒေါ်လုံးတင်နှင့် စောသာထူးတို့ ပါးစပ်အဟောင်းသားနှင့် မှင်တက်ဆေးမော ကြည့်ရှုနေမိသည်။ တကယ်ပါ၊ ပြောလျှင် ယုံမည်တောင် မထင်ပါ၊ အံ့မခန်းသော ဝိဇ္ဇာပညာရပ်များ၏ လှည့်ကွက်များပေလား။

စက္ကန့်ပိုင်းအတွင်းမှာပင် လွှမ်းမြန်သော ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့သည်။ ကျောက်မျက်ရတနာ ကိုးမျိုးနှင့် ထိန်ထိန်တောက်ပြီး ရွှေရောင်လင်းလက် တောက်ပနေသော ဓားကို ကိုဖိုးလုံး မြှောက်လျက် တောင်ပေါ် သိုက်ဆီ နတ်နန်းရှိရာသို့ ဖြည်းဖြည်းချင်း တက်သွားလေသည်။ သူ့နောက်တွင် ကိုးတောင်ပြည့် မှော်ဝင်ကျားကြီးနှစ်ကောင် ဟန်ပါပါ မာန်ပါပါ ကပ်ပြီးလိုက်ပါသွားလျက်။

www.burmeseclassic.com

www.burmeseclassic.com

ဒီမြင်ကွင်းကို ဒေါ်လုံးတင် တစ်ယောက်လုံး မေ့ဖျောက်လို့ရမည် မဟုတ်ဘူး သားဖြစ်သူနောက်ကို ပြေးလိုက်ချင် ဟန်ပြင်တော့ . . .

"အရီးလေး မလိုက်နဲ့တော့၊ အန္တရာယ်ရှိတယ်နော်၊ ကျွန်တော် သိနေတယ်၊ ခဏနေမှ ကျွန်တော်တို့ အပေါ်ထပ်သွားကြမယ်၊ ကျွန်တော့်မှာလည်း ထက်နိပ်ဓာတ်မီး ပါတယ်"

စောသာထူး၏ ဟန့်တားမှုကြောင့် လိုက်မသွားတော့။

လင်းကြက်တွန်သံများကို ကြားရပြီ။

အရှေ့ဘက်တွင် ရောင်နီပျိုလာပြီ။

နံနက်ခင်း ရောင်နီအောက်တွင် နွယ်ခွေတောင်ကြော၏အလှကို မြင်နေရသည်။

တောင်ပေါ်ရှိ နတ်ကွန်းများ၊ နတ်နန်းများ၊ နေရာဒေသများစုံသွားသည်၊ ကိုဖိုးလုံးကို ရှာမတွေ့။ အနီးအနား ပတ်ဝန်းကျင် တောင်များတောများပါ လိုက်ရှာသည်။ လုံးဝ မတွေ့ဆော့။ မိခင်ဖြစ်သူမှ မျက်ရည်သွင်သွင် စီးကျပြီး ဆို့နင့်ကြေကွဲစွာ ပြောသည်မှာ . . .

"အတိတ်ရဲ့ကံကြမ္မာကြောင့် ဒီလမ်းကြောင်းကို သားလျှောက်လှမ်းသွားခဲ့တာလား၊ တစ်ဦးတည်းသောသားဆေးမို့ သားကိုချစ်လွန်းလို့ ဒေါ်လုံးတင်ရဲ့သား မောင်ဖိုးလုံးလို့တောင် နာမည်ပေးခဲ့တာလေ၊ ခုတော့ ထားရစ်ခဲ့ပြီလား၊ အမေက လယ်တဲ ယာတဲမြေကိုပဲ ချစ်ဆာနော်၊ ရွာမှာ မနေချင်ဘူး၊ မြို့ပေါ်မှာလည်း မနေချင်ဘူးကွယ်၊ အေးအေးချမ်းချမ်း လယ်တဲမှာပဲ ခေါင်းချချင်တယ်၊ အမေ့ကို လာစောင့်ရှောက်နော်သား"

အကြိမ်ကြိမ် အထပ်ထပ် ငိုယိုပြီး ပြောနေသော နာကျင်ကြေကွဲသံများမှာ တောတောင်လျှိုမြောင်စိမ့်စမ်းများကို ရိုက်ခတ်ပြီး ပဲ့တင်သံများအဖြစ် လွှမ်းခြုံသွားသည်။ မျက်ဝန်းထက်မှ စီးကျသော မျက်ရည်များသည်ပူလောင်လွန်းလှချေ၏။

တောပိုင်တောင်ပိုင် စီးတော်ကျား နှစ်ကောင်ပေါ်တွင် ဆယ်နှစ်တစ်ကြိမ် ရတနာကိုးမျိုးနှင့် စီခြယ်ထားသော မော်ဝင်သိဒ္ဓိများ ပေါ်လာသည်ဆို၍ ဒေသခံများ စိတ်ဝင်စားကြ၏။ စောင့်လည်း စောင့်ကြည့်ကြ၏။

သို့သော်. . . ဘယ်တော့မှ ပြန်ပေါ်မလာတော့။ သိုက်ပိုင်းဆိုင်ရာ၊ နတ်ပိုင်းဆိုင်ရာ၊ ဓာတ်ပိုင်းဆိုင်ရာများ တကယ်ပင်ရှိ၏။ ၎င်းတို့ကို အကြောင်းပြု၍ လုပ်စားလာတာတွေ များလာတော့ ထိုက်သင့်သလောက် မရှိတော့ဘဲ ငုပ်လျှိုးကွယ်ပျောက်ကြကုန်သည်။

သားဇော်ကြောင့် ဆယ်နှစ်တစ်ကြိမ် တောပိုင်တောင်ပိုင် စီးတော်ကျား နှစ်ကောင်ရှေ့တွင် မိခင်ဒေါ်လုံးတင် သွားစောင့်လေ့ရှိ၏။ သားကို မြင်လိုဇော တွေ့လိုဇောကြောင့်ပင် ဖြစ်ပါသည်။ သို့သော် မိခင်ဒေါ်လုံးတင်ကို တကူးတက လိုက်ပို့သူများသာ စိတ်ပျက်လက်ပျက်နှင့် ပြန်လာခဲ့ကြရသည်။

ဒုတိယအကြိမ် စီးတော်ကျား နှစ်ကောင်ရှေ့ကို လိုက်ပို့တော့ မိခင်ဒေါ်လုံးတင် အသက်(၈၀)ပြည့်လေပြီ။ လိုက်ပို့သည် ဆွေမျိုးနီးစပ်တော်သူ လူနှစ်ဆယ်ခန့်မှာလည်း စိတ်ဝင်တစားစောင့်ကြည့်ကြသည်။

ထိုနေ့သည်. . .

ခရစ်နှစ် ၁၉၁၅ ခုနှစ် နိဝင်ဘာလ ၂၂ ရက်။

ကောဇာနှစ် ၁၂၇၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁ ရက်။

တနလ်ာနေ့ နံနက် ၃ နာရီ ကျော်ကျော်အချိန်ပင် ဖြစ်ပါသည်။

ဆောင်းနှင်းများ ထူထူထပ်ထပ် သိပ်သိပ်သည်းသည်း ကျနေပြီး လွန်စွာမှ အေးစိမ့်သောက်လလည်း ဖြစ်ပါသည်။ ပြည့်ပြည့်ဖြိုးဖြိုး ငိုင်းငိုင်းစက်စက် သာနေသောလကို လုံးဝမမြင်ရ။

ထိုအချိန်တွင် တောင်ပေါ် ဘုဝိသိုက်နန်းရှင်၊ ကိုးမြို့သိုက်နန်းရှင် နန်းထဲမှ ရွှေရောင်လင်းလက်တောက်ပပြီး ရတနာကိုးမျိုးနှင့် စီခြယ်ထားသော ဓားကိုကိုင်၍ လူတစ်ဦး တောင်ပေါ်မှ ဆင်းလာပါသည်။ သူ၏နောက်ကွယ်တွင် ကိုးတောင်ပြည့် မော်ဝင်ကျားနှစ်ကောင် ဟန်ပါပါ မာန်ပါပါ လိုက်လာပါသည်။

သိပ်သည်းသော နှင်းထုကို ထွင်းဖောက်ထားသော ဓားမှ ထွက်သော ရွှေရောင်နှင့် ကျောက်မျက်ရတနာကိုးမျိုးတို့၏ ရောင်စဉ်များမှာ ပြိုးပြိုးပြက်ပြက် လင်းလက်တောက်ပနေ၏။

၎င်းမြင်ကွင်းကို လိုက်ပို့သူများ ရင်သစ်ရှုမော အံ့သြကြီးစွာ ပါးစပ်များအဟောင်းသားနှင့် ငေးမောကြည့်ရှုနေကြလေသည်။

ထိုအချိန်တွင် အဘွားဒေါ်လုံးတင်မှာ တောပိုင်ဆောင်ပိုင်တွေအတွက် ထုဆစ်ထားသော ကိုးတောင်ပြည့်ကျားကြီးနှစ်ကောင်အား မော့ကြည့်နေပါသည်။ လက်နှစ်ဖက်မှာလည်း ကျားကြီးနှစ်ကောင်၏ မျက်နှာများကို ဖက်တွယ်ထားပါသည်။

သူ အလွန်တွေ့ချင်သည့် မြင်ကွင်းကိုလည်း မမြင်သွားရပါ။

နှစ်၊ လ၊ ရက် အချိန်များကို ကျော်လွန်ပြီး လွမ်းမောကြီးစွာနှင့် မျှော်လင့်စောင့်စားခဲ့ရသော်လည်း မြင်တွေ့ခွင့် ကြုံဆုံခွင့် မရသွားခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် အသက်မဲ့သောခန္ဓာကိုယ်ကြီး ဖြစ်နေသောကြောင့်တည်း။

မင်းဟန်(သုန်လျင်)

❑

www.burmeseclassic.com

www.burmeseclassic.com

ဖဝါလတ္တော်

ကိုယ်တွေ့ကြုံမှု ယုံကြည်ရ (သို့မဟုတ်) ဂါထာအစွမ်း အံ့မခန်း

စာရေးသူ၏ အမည်မှာ ကိုသိန်းဟန်။

တစ်ရွာလုံးတွင် ဘွဲ့ရပညာတတ် ဆို၍ တစ်ဦးတည်းသာရှိသဖြင့် ဘဝင်ခပ်မြင့်မြင့်၊ ဆောင့်ကြွားကြွား၊ အရာရာတွင် ငါသိ ငါတတ်ဆိုပြီး နေရာတကာတွင် ဆရာလုပ်ချင်သူ၊ ဟိုစပ်စပ် ဒီစပ်စပ် ပါလေးရာ ငါးပိချက် ဆိုရမလိုပင်။

အရပ် မနိမ့်မမြင့်၊ အသားဖြူ ရုပ်ရည် အသင့်အတင့် ရှိသည့်အပြင် ခေတ်ပညာတတ် တစ်ယောက်ဖြစ်၍ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဟုဆိုလျှင် မှားမည်မထင်ပေ။

ကျောင်းပြီးစ အလုပ်မရခင် စပ်ကြား ဟိုယောင်ယောင် ဒီယောင်ယောင် မိဘများ၏ လယ်ယာလုပ်ငန်းအား ကူဖို့ ဝေးစွ၊ ရေခပ် နွားရေတိုက်သည့် တောက်တိုမယ်ရ အလုပ်ကိုပင် မလုပ်ချင်။ လည်ရာ ပြန်စားရေးဖြင့်သာ အချိန်ကို ကုန်လွန်သူ ဖြစ်သော်လည်း တစ်ရွာလုံးက အလေးထား ဆက်ဆံသည်။ ဘွဲ့ရ ပညာတတ်ပေကိုး။

စာရေးသူတို့၏ အရပ်ဒေသသည် အောက်အရပ် ဒေသကဲ့သို့ မိုးမများ၊ အထက်အညာ မိုးနည်းရပ်ဝန်းကဲ့သို့ မိုးမနည်းသည့်၊ အထက်မကျ အောက်မကျ အနေတော် အရပ်ဒေသဖြစ်သည်နှင့်အညီ မိုးရာသီတွင် စပါးစိုက်၊ နွေနှင့် ဆောင်းရာသီတွင် ပဲ၊ နှမ်းစိုက်ပျိုးဖြစ်ထွန်းအောင်မြင်သည့် ဒေသဖြစ်သည်။

စပါး၊ ပဲပေါ်ခိုန် ငွေပေါ်ခိုန်များတွင် အလှူရေစက် လက်နှင့်မကွာ ဆို့သကဲ့သို့ ရှင်ပြု ရဟန်းခံ၊ ဘုရားပွဲ၊ မင်္ဂလာဆောင် အလှူပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပလေ့ရှိသည်။

၁၉၈၀ ပြည့်နှစ်၊ စာရေးသူ အသက်(၂၀)နှစ်အရွယ်ခန့်တွင် ကေ့ရွာမျက်နှာဖုံး ဦးရွှေတိုးမှ ကမ္ဘာသိပြုကာ ရဟန်းခံ ရှင်ပြု အလှူကံလာပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ရွာလုံး မီးခိုးတိတ် ထမင်းချည်ချောင်းစီး အလှူပေးသည့်ပွဲဟုပင် ဆိုရမည်ဖြစ်သည်။ စုစုပေါင်း ရှင်အပါး (၄၀)ကျော်နှင့် ရဟန်းအပါး (၂၀)ကျော် တို့အား သာသနာ့ဘောင်သို့ သွတ်သွင်း ခဲ့မြင့်နိုင်ခဲ့ပြီး ထိုအထဲတွင် စာရေးသူ မူလည်း ရဟန်းတစ်ပါးအနေဖြင့် ပါဝင်ခဲ့ သည်။

ယောင်ခြောက်ဆယ် လုပ်နေသည့် စာရေးသူကြောင့် အဖေလုပ်သူ ရဟန်းဝတ်ခိုင်းခြင်း ဖြစ်သည်။ စိတ်ပါ၍ မဟုတ်။

စာရေးသူတို့၏ရွာရှိ ဘုန်းတော်ကြီးကျောင်းသည် အတော်အသင့် ကြီးသော်လည်း အားလုံးသော ဦးပဉ္စင်းကို ရှင်တို့အတွက် နေရာလောက်ငမှု မရှိ ဘဲ အချို့တစ်ဝက်အား ဥပုသ်ဇရပ်တွင် နေရာချပေးပြီး စာရေးသူနှင့် ဦးပဉ္စင်း အောင်ခင်တို့ နှစ်ပါးမှာမူ သိမ်တွင် နေရာယူ ကျိန်းစက်ပါသည်။

သိမ်မှာ ရေသိမ်ဖြစ်၍ ကျောင်းနှင့် အနည်းငယ်လှမ်းပြီး ကျောင်းနှင့် သိမ်အား လူသွားလမ်း စက်ဖြင့် ဆက် သွယ်ထားသည်။ နွေရာသီဖြစ်၍ သိမ် ဆောက်လည်တွင် ရေများ ခန်းခြောက် စာ ပက်ကြားအပ်များပင် ထ၍နေ သည်။

သိမ်အနီးအနား ဝန်းကျင်တွင် နှစ်ချို့သစ်ပင်ကြီး ခုနစ်ပင်ရှိပြီး မည် သည့် အပင်အမျိုးအစားဟူ၍ မသိရှိပါ။

သိမ်တွင် ကျိန်းစက်သည့် သုံး ရက်မြောက် ညတွင်ဖြစ်သည်။ စာရေး သူနှင့် ဦးဥင်း အောင်ခင်တို့ နှစ်ပါး ရောက်တတ်ရာရာ စကားအနည်းငယ် ပြောကြားပြီး ည ၉ နာရီအချိန်တွင် ဦးဥင်းအောင်ခင်မှ ကျိန်းစက်ရန်အတွက် နေရာပြင်ဆင်ပါသည်။

သိမ်မှာ သုံးပင်ပတ်လည်ခန်း ဖြစ်ပြီး သိမ်အလယ်ခေါင်မှာပင် နှစ်ဦး သား ဘေးချင်းကပ် ကျိန်းစက်ပါသည်။

ဦးဥင်းအောင်ခင်မှ အတွင်းဘက် တွင် ဖြစ်ပြီး စာရေးသူမှ သိမ်ဝင်/ထွက် ပေါက်ဘက်ခြမ်းတွင် ဖြစ်သည်။ နေရာ ပြင်ဆင်ပြီးနောက် ဦးဥင်းအောင်ခင်မှ တစ်ချက်သန်းဝေကာ အိပ်ရာပေါ် လှဲချ လိုက်သည်။

"တပည့်တော်တော့ အိပ်ပြီ ဦးဥင်းသိန်းဟန်"

"တပည့်တော်ကတော့ စာခဏ ဖတ်ဦးမယ်"

စာရေးသူမှ ဦးဥင်းအောင်ခင်၏ ဘေး မိမိကျိန်းစက်မည့် နေရာမှာပင် ပက်လက်အနေအထားဖြင့် လှဲအိပ်ကာ ပြန်ပြောလိုက်သည်။

သိမ်မှာ လျှပ်စစ်မီး မရသဖြင့် ဖယောင်းတိုင်နှင့် မီးခြစ် အရန်သင့် ဖြစ်စေရန် ဘေးနားတွင် ချထားလိုက် သည်။ လက်ရှိထွန်းထားသည့် ဖယောင်း တိုင်မှာ ထက်ဝက်ကျော်ကျော် ကုန် သေးသဖြင့် စာရေးသူမှ မိမိခေါင်းရင်းသို့ ရွှေ့ယူလိုက်ပါသည်။

ထို့နောက် စာအုပ်အား မဖတ် သေးဘဲ ရင်ဘတ်ပေါ်တင်ကာ ညဦး ပိုင်းအချိန်လောက်က ကိုရင်ဝင်းအောင် နှင့် ပြောခဲ့သည့် စကားများအား ပြန် လည်တွေးနေမိသည်။

"ဦးဥင်း သိမ်မှာ အိပ်တာ ဘာမှ မထူးဘူးလား"

"မထူးပါဘူး ဘာဖြစ်လို့လဲ"

ကိုရင်ဝင်းအောင်မှ သိမ်ပတ် ပတ်လည်ရှိ သစ်ပင်ကြီးများကို ကြည့်၍

"ဗဲဒဲ အပင်တွေမှာ သရဲတွေ ရှိတယ်၊ သိမ်မှာ ကျိန်းစက်တဲ့ ဦးပဉ္စင်း တွေ ရဟန်းသိက္ခာနဲ့ မညီရင် သိမ်ပေါ် က ဆွဲချတယ်လို့ ပြောကြတယ်"

စာရေးသူသည် ပရလောက သားများအား အယုံအကြည် မရှိပေ။ အရာရာကို လက်တွေ့ဆန်ဆန် ကျင့် သုံးတတ်သည်။

ခေတ်ပညာတတ် တစ်ယောက် အနေနှင့် လူအထင်ကြီးအောင် အယုံ အကြည်မရှိဟု ဆိုသော်လည်း ပုထုဇဉ် ပီပီ အနည်းအကျဉ်းတော့ ကြောက်ပါ သည်။

ကိုရင်ဝင်းအောင် ရှေ့တွင်မှာတော့ အရာရာကို ငါသိ ငါတတ်တယ် ဆိုပြီး ဆရာကြီးဟန်ဖြင့်...

"သေချာမှတ်ထား ကိုရင်ဝင်း အောင်၊ လူဆိုတာ သေပြီးရင် ဘာမှ မသိတော့ဘူး၊ နောက်ဆုံးတော့ မြေကြီး အောက် ရောက်သွားတာပဲ၊ ကိုရင် ဝင်း အောင် ပြောတဲ့ အကောင်တွေကို တွေ့ ချင်စမ်းပါဘို၊ တစ်ပွဲ တစ်လမ်းလောက် အကဲစမ်းလိုက်ချင်သေးတယ်၊ ဗဟုသုတ ရတာပေါ့"

စာရေးသူ၏ စကားကြောင့် ကိုရင်ဝင်းအောင်သည် ပြူးတူးပြဲတဲဖြင့် တိုဒီကြည့်ကာ တစ်ချီတည်း လစ်ပြေး ပါတော့သည်။

ကိုရင်ဝင်းအောင်နှင့် ပြောခဲ့ကြ သည့် အကြောင်းအရာများကို စဉ်းစား ကာ တစ်ယောက်တည်း ပြုံးမိသည်။ အတော်ကြောက်တတ်သည့်ဝင်းအောင် ပါတကား။

စာရေးသူသည် မိနစ် ၃၀ ခန့် စာဖတ်လိုက်ရ၍ မျက်စိညောင်းကာ အိပ်ချင်သလိုလို ဖြစ်လာသည်။

သို့ဖြစ်၍ စာအုပ်အား ရင်ဘတ် ပေါ်တင်ကာ ခေတ္တ အနားယူသည့် အနေဖြင့် မျက်လုံးအား မှိတ်ထားလိုက် ရာ အိပ်ပျော်သကဲ့သို့ ဖြစ်သွားစဉ် စာရေးသူ၏ ခြေထောက်အား တစ်စုံ တစ်ဦးမှ လာရောက်ဆွဲသည်ကို ခံစား သိရှိလိုက်ရသည်။

အိပ်ချင်စိတ်ကြောင့် မျက်လုံး ကိုမူ မဖွင့်မိပေ။

ထို့နောက် စက္ကန့်ပိုင်း အတွင်း မှာပင် ခေါင်းအား မေးစေ့အောက် လည်ပင်းနေရာကနေ အပေါ်သို့ ဆွဲ တင်ခြင်းကို ခံရပြန်ပါသည်။

မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ ခွေးကြီးတစ်ကောင်လောက် ရှိသည့် မျောက်ကြီးတစ်ကောင်သည် ကုံးကုံးကွကွဖြင့် ခြေရင်းဘက်သို့ ဆင်းသွားသည် ကို ဖယောင်းတိုင် မီးရောင်ဖြင့် ကောင်း စွာ တွေ့မြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူမှ ဘယ်က မျောက်လဲ ဒီကောင် ဘာလုပ်မလဲဆိုပြီး မျက်လုံးကို မှေးစင်းကာ မလှုပ်မယှက် အသာငြိမ်၍ ကြည့်နေပါသည်။

ထိုမျောက်သည် စာရေးသူ၏ ခြေရင်းသို့ ရောက်သောအခါ ခဏရပ်နေပြီး ဦးဘွင်းအောင်ခင်၏ ခြေရင်းဘက်သို့ ကူးသွားပါသည်။

ထို့နောက် စာရေးသူ၏ ခြေရင်းသို့ပြန်လာကာ စာရေးသူ၏ခြေထောက် နှစ်ချောင်းအား အောက်သို့ ဆွဲချပါသည်။

စာရေးသူ၏ ခြေထောက်နှင့် ဦးဘွင်းအောင်ခင်၏ ခြေထောက် (၂)စုံ ညီသွားကာမှ အဆွဲရပ်ပါသည်။ ပြီးနောက် ကုန်းကုန်းကွကွဖြင့် ခေါင်းရင်းဘက်သို့ တက်လာပြန်ပါသည်။

စာရေးသူ သဘောပေါက်လိုက်ပြီ။ ဒီမျောက်-စာရေးသူတို့ နှစ်ယောက်အား အရုပ်ညှိနေတာပဲ ဖြစ်မည်။

စာရေးသူမှာ ဦးဘွင်းအောင်ခင်ထက် ပုသောကြောင့် ခေါင်းက ညီအောင် ညှိလျှင် ခြေထောက်က တိုနေမည် ဖြစ်သည်။ တစ်ခါ ခြေထောက်ကို ညီအောင်ညှိက ခေါင်းက နိမ့်ဆင်းနေမည် ဖြစ်သည်။

ဒီအတိုင်းသာ လွှတ်ထားပါက အရုပ်ပုသည့် စာရေးသူကသာလျှင် အပေါ်ဆွဲတင်လိုက်၊ အောက်ဆွဲချလိုက် လုပ်နေတာကို ခံနေရမည် ဖြစ်သည်။

အခုတစ်ခါ ခေါင်းကို လာဆွဲပါက လက်ကို ဖမ်းဆွဲမည်ဟု စိတ်ပိုင်းဖြတ်ပြီး စောင့်နေစဉ် အချိန်အတော်ကြာသည်အထိ ဆွဲမခြင်း မရှိသဖြင့် စာရေးသူမှ ရုတ်ခြည်းထထိုင်ကာ ဆွဲမိဆွဲရာ လှမ်းဆွဲလိုက်သည်။

သို့သော်လည်း ထိုမျောက်သည် သိမ်နုံရဲဆိုသို့ ဖျတ်ခနဲ ခုန်ထွက်သွားပါသည်။ မြန်လိုက်သည့် ဖြစ်ခြင်း။

ထွန်းညှိထားသည့် ဖယောင်းတိုင်မှာလည်း ကုန်လုနီးပါး ဖြစ်နေ၍ အသစ်တစ်တိုင်အား ထွန်းညှိလိုက်ပါသည်။ ထို့နောက် နံရံနားတွင် ရောက်ရှိ ငုတ်တုတ်ထိုင်နေသည့် မျောက်အား လှမ်းကြည့်ရာ ခွီးဆိုပြီး အော်သံပြုကာ သွားဖြီးပြသည်။

စာရေးသူမှ ဘေးနားတွင် အိပ်နေသည့် ဦးဘွင်းအောင်ခင်၏ လက်ကို လှုပ်ကာ နှိုးသော်လည်း အင်း ဆိုပြီး အသံရှည်ပြုကာ တစ်ဖက်သို့လှည့်သွားပါသည်။

ထို့ကြောင့် ဆက်မနှိုးတော့ဘဲ မျောက်ကို သိမ်အပြင်မောင်းထုတ်လိုက်ရင် ပြီးတာပဲဆိုပြီး ခြေရင်းတွင်ရှိသည့် တံမြက်စည်းအား လှမ်းဆွဲလိုက်ပါသည်။

ပြီးနောက် တံမြက်စည်းရိုးဖြင့် ခြောက်လှန့်ကာ သိမ် ဝင်/ထွက်တံခါးပေါက်ဆီသို့ မောင်းထုတ်သော်လည်း ထွက်သွားခြင်း မရှိဘဲ သိမ်ထဲတွင် လှည့်ပတ်ပြေးနေသဖြင့် တဝဲလည်လည် ဖြစ်နေတော့သည်။

အချိန်ကြာလာသည်နှင့် အမျှ စာရေးသူမှ စိတ်မရှည်တော့ဘဲ မျောက်အား တံမြက်စည်းရိုးဖြင့် လှမ်းပစ်လိုက်ပါသည်။

ထို မျောက်သည် စာရေးသူ လှမ်းပစ်လိုက်သော တံမြက်စည်းရိုးအား ဖမ်းယူကာ စာရေးသူထံ ပြန်လည်၍ လှမ်းပစ်သဖြင့် ခေါင်းငုံ့ ရှောင်လိုက်ရာ ဖြောင်းခနဲ မြည်သံနှင့်အတူ သိမ်နံရံအား သွားရောက်ထိမှန်ပါသည်။

လူကို မှန်လို့ကတော့ မလွယ်။ ထောင်းခနဲ ဒေါသထွက်မိသည်။

တံမြက်စည်းရိုးသည် နှစ်တောင်အရှည် ဝါးဆစ်ပိတ်နှင့် ပြုလုပ်ထားသဖြင့် တစ်ခုခုကို ရိုက်ရန်သော် လည်းကောင်း၊ ပစ်ရန်သော်လည်းကောင်း အနေတော်ဖြစ်သည်။

စာရေးသူမှ တံမြက်စည်းရိုးကို ကောက်ယူပြီးသည်နှင့် တစ်ပြိုင်နက် ဒေါသအလျောက် မည်းမည်းမြင်ရာ ရိုက်ပါတော့သည်။ သိမ်တစ်ခုလုံး ထိသိုက်သံ ဆူညံနေသော်လည်း မျောက်အား တစ်ချက်တလေမျှပင် ထိမှန်ခြင်း မရှိသလို အိပ်နေသည့် ဦးဘွင်းအောင်ခင်မှာလည်း တုတ်တုတ်မျှမလှုပ်ပေ။

နောက်ဆုံးတွင် မျောက်သည် မရှောင်တိမ်းနိုင်တော့၍ပဲလား၊ အကြောင်းတစ်ခုခုကြောင့်ပဲလား မသိရဘဲ တံခါးပေါက်မှ တစ်ဆင့် ခုန်ဆင်း ထွက်ပြေးသွားပါသည်။

စာရေးသူမှာလည်း မျောက်၏ နောက်သို့ ထက်ကြပ်မကွာပြေးလိုက်စဉ် သိမ်တံခါးအောက် အောင်နှင့် ခလုတ်တိုက်မိကာ သိမ်အောက်သို့ ပြုတ်ကျသွားပါသည်။ သိမ်အမြင့်မှာ ရင်ခေါင်းခန့်သာရှိ၍ တော်တော့သည်။

သိမ်အောက်သို့ ကျလျှင်ကျခဲ့လူးလဲ ကုန်းထသော်လည်း ထ၍မရဘဲ ဖြစ်နေသည်။ အားကုန် ကုန်းရုန်းထကာမှ သင်္ကန်းစ နင်းမိထားသည်ကို တွေ့ရှိရသည်။

ထိုအခါမှ 'ဩ ငါဟာ ရဟန်းတစ်ပါးပါလား' ဆိုသည့် အသိဝင်လာသည်နှင့် ရှေ့တွင်ရှိနေသည့် မျောက်မှ ဦးကုန်းချနေသည်ကို တွေ့ရပါသည်။

ထို့နောက် ဘေးပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်မိရာ အရွယ်မို့မို့ကြီးကြီးသေးသေး အကောင် (၅၀) ထက်မနည်းရှိသည့် မျောက်တစ်အုပ်စုစာရေးသူအား ဦးကုန်းချနေကြသည်ကို တွေ့ရှိရပါသည်။

ထိုအချိန်တွင် ကျောင်းနှင့် သိမ်ဆက်သွယ်ထားသည့် စကြိုလမ်းမှ ဓာတ်မီးတဝင်းဝင်းနှင့် လူတစ်စု လာနေသည်ကို တွေ့ရှိရသဖြင့် စာရေးသူ အသံကုန်အော်ဟစ်မေးမြန်းမိပါသည်။

"ဘယ်သူတွေလဲ"

"ဦးဘွင်းသိန်းဟန် ဘာဖြစ်နေတာလဲ"

စကြိုလမ်းပေါ်မှ ပြန်လည် ထူးမြန်းသံကြောင့် သေသေချာချာ ကြားမိတော့မှ ကျောင်းထိုင်ဆရာတော်ကြီး ဦးဘွင်း သုံးပါး ဖြစ်နေသည်ကို သိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"မျောက်တွေကို မောင်းထုတ်နေတာပါ ဘုရား"

စာရေးသူ၏ အဖြေကြောင့် ကျောင်းထိုင်ဆရာတော်မှ ပတ်ဝန်းကျင်သို့ တတ်မီးဖြင့် လှည့်ပတ်ထိုးကြည့်ပြီး

"မျောက်ဆိုလို့ တစ်ကောင်မှ တွေ့ပါလား"

စာရေးသူမှ ကျောင်းထိုင်ဆရာတော်ကြီးအား ပြန်လည်ပြောကြားနေစဉ် ခဏတစ်ဖြုတ် လျှပ်တစ်ပြက်အတွင်း စာရေးသူရှေ့ရှိ မျောက်အုပ်မှာ မျောက်ခွင်းမလှ မျောက်ကုန်ကြသည်ကို အံ့သြစွာ တွေ့ရှိရပါသည်။

ထိုအခါမှ ခေါင်းနားပန်းကြီးကာ ဆပ်များပင် ထောင်လာသကဲ့သို့ရှိပြီး ရှောက်စိတ်ဝင်ခဲ့ပါသည်။

"တင်ပါ့ဘုရား၊ မျောက်တွေ မျောက်ကုန်တာ မတွေးတတ်အောင်ပါ ဘုရား"

ထို့နောက် ကျောင်းထိုင်ဆရာတော်မှ စာရေးသူအား အပေါ်သို့ တက်ခဲ့ရန် ပြောကြားပြီး သိမ်ထဲသို့ ဝင်သွားပါသည်။

စာရေးသူလည်း နောက်မှလိုက်သွားရာ အိပ်ရာခင်း၊ ခေါင်းအုံး၊ စောင်နှင့် တံမြက်စည်းရိုးမှ ထွက်လာသည့် တံမြက်ဆံများဖြင့် ပွထလျက် ရှိနေသည်ကို တွေ့ရပါသည်။

ဦးခွင်းအောင်ခင်မှာမူ အိပ်ရာထက်တွင် တစောင်းကွေးလျက် အိပ်နေသည်မှာ ဟောက်သံများပင် ထွက်၍နေသည်။ သိမ်ပေါ်တွင် ဖြစ်ချင်တိုင်း ဖြစ်နေသည်ကို အနည်းငယ်မျှပင် သိပုံမပေါ်သည်မှာ ထူးဆန်းပေစွ။ ဆရာတော်လှုပ်နှိုးခါမှ အင်း အဲဆိုပြီး နိုးလာပါသည်။

"ဦးပဉ္စင်းနှစ်ပါးစလုံး ကျောင်းကို ပြန်လိုက်ခဲ့"

ဆရာတော်မှ ပြောပြောဆိုဆို ဖြင့်ပင် ကျောင်းသို့ ပြန်ကြွသွားရာ စာရေးသူတို့ နှစ်ဦးမှာလည်း ပြန်လည်လိုက်ပါလာခဲ့သည်။

ကျောင်းပေါ် သို့ ရောက်ရှိစဉ် ဆရာတော်မှ အခြားကို ရင်ငယ်များမသိစေလိုရှိ အနီးသို့ခေါ်ယူကာ ဖြစ်ပုံအစုံစုံကို မေးမြန်းပါသည်။

ဆရာတော်မှ စာရေးသူ ပြောပြနေသည်များကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ပြီးနောက် သူ၏ အနီးတွင်ပင် ကျိန်းစက်ရန် နေရာပေးပါသည်။

"ဒီဂါထာကို (၉)ခေါက် ရွတ်ဆိုပြီးမှ ကျိန်းစက်ပါ"

ဆရာတော်မှ ပြောပြောဆိုဆိုဖြင့် စာရေးသူ၏ လက်ထဲသို့ စာရွက်တစ်ရွက်အား လှမ်းပေးပါသည်။ စာရွက်အား ဖြန့်ကြည့်ရာ ဂါထာတစ်ပုဒ်ဖြစ်နေသည်။

ယုံကြည်မှု မရှိသော်လည်း တိုတိုလေးမို့ စိတ်ထဲတွင် မှတ်သားထားလိုက်သည်။ ရွတ်ဖတ်ခြင်းကား မပြုမိချေ။

နေရာတကာ ငါသိ ငါတတ် ဆိုသည့် ဗီဇကြောင့် ဆရာတော်အား နှုတ်ဖြင့် မပြောဆိုရဲသော်လည်း စိတ်ထဲတွင်မူ ဂါထာရွတ်၍ ဧရှမိုး၊ ဌေမိုးမရွာ၊ ရေမရှိသည့် အိုးတစ်လုံးအား ရေပြည့်ပါ ရေပြည့်ပါဟု ပြောဆိုနေ၍ အကြောင်းမထူး၊ ရေအိုးထဲ ရေပြည့်လာမည်မဟုတ်၊ ကိုယ်တိုင် ခပ်ထည့်ပါမှ ရေပြည့်မည်ဖြစ်သည် ဆိုသည့် အချက်အား အသံတိတ် ပြောဆိုနေမိသည်။

စာရေးသူသည် ဖြစ်စဉ်များအား ပြန်လည်မြင်ယောင်ကာမျက်လုံးကြောင်ပြီး အိပ်မပျော်နိုင်ဘဲ ဖြစ်နေသည်။ မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားစဉ် အိပ်မက်ထဲ၌ ခွီးခွီးဆိုသည့် မာန်ဖီသံကို ကြားရသလိုရှိ၍ မျက်လုံးဖွင့်ကြည့်ရာ စာရေးသူ၏ ဘေးနားတွင် မျောက်တစ်ကောင် ငုတ်တုတ်ထိုင်နေသည်ကို တွေ့ရပါသည်။

ထိုအခါမှ ဆရာတော်ပေးထားသည့် ဂါထာကို သတိရပြီး ရွတ်ဖတ်ခါမှ မျောက်သည် နောက်သို့ ဆုတ်ကာ ဆုတ်ကာဖြင့် ကျောင်းအောက်သို့ ခုန်ချထွက်ပြေးသွားပါသည်။

စာရေးသူလည်း အိပ်မက်မှ လန့်နိုးခဲ့ပါသည်။

အခြားသူ တစ်ဦးဦးမှ ပြောလျှင် ယုံမည် မဟုတ်ပေ။ ကိုယ်တွေ့ကြုံမှ ယုံကြည်ရပါတော့သည်။

နောက်ည နောက်ညများတွင် အဆိုပါ ဂါထာအား (၉)ခေါက် ရွတ်ဖတ်ပြီးမှ အိပ်စက်ခဲ့ရာ မည်သည့် အနှောင့်အယှက်မျှ မရှိတော့ပါသဖြင့် အစွမ်းထက်သည့် ဂါထာတစ်ပုဒ်ဖြစ်ကြောင်း လက်ခံမိတော့သည်။

စာရေးသူမှ ယနေ့အချိန်ထိ မပျက်မကွက် ရွတ်ဖတ်သော ဂါထာတစ်ပုဒ်ဖြစ်ပါသည်။

ဆရာတော်ချီးမြှင့်သည့် ဂါထာမှာ...

"အရဟံ သိဒ္ဓိ၊ သိဒ္ဓိ အရဟံ၊ အိပ်စက်နေသော် ရန်သူအပေါ် ဂုဏ်တော် တံမြက်လှည်းပါစေ"

ခရီးသွားလျှင် ဖြစ်စေ၊ အလုပ်လုပ်လျှင် ဖြစ်စေ၊ ဆိုင်ကယ်၊ ကားစီးလျှင်ဖြစ်စေ အိပ်စက်ဆိုသည့် နေရာတွင် အစားထိုး ရွတ်ဖတ်ရခြင်း ဖြစ်သည်။

ဥပမာ- ခရီးသွားနေလျှင်

"အရဟံ သိဒ္ဓိ၊ သိဒ္ဓိ အရဟံ၊ ခရီးသွားနေသော် ရန်သူအပေါ် ဂုဏ်တော် တံမြက်လှည်းပါစေ" ဟူ၍ ဖြစ်သည်။

(ဖြစ်ရပ်မှန် ဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်တွင် ပုံလွန်တော်မူခဲ့သည့် အဘလေး ဘုန်းဘုန်းအား ရှိခိုးပူဇော်လျက်)

စောလှထော်

❑

www.burmeseclassic.com

www.burmeseclassic.com

ဥဠု အရဟံ မေတ္တာ လာဘ်

နတ်မျက်စိ ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ။ ထိရောက်သော ယတြာများဖြင့် (၂၅)နှစ် တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

အောင်မြင်သူတို့ ဆုံကြရာ

ဟောခန်းတည်နေရာ ➳ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
လမ်းညွှန် ➳ အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) တားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။
ဟောပြောချိန် ➳ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။
ဆက်သွယ်ရန် ဖုန်း ➳ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။
မှတ်ချက် ➳ *ဖုန်းဖြင့် ကြိုတင်တိုက်တွန်းပါ။* ကျေးဇူးတင်ပါသည်။

ထွက်ပြီ

သင့်ဖုန်းနံပါတ်များ

နတ်မျက်စိ
ဆရာဦးအောင်စိုး
(B.Sc)

သင့်ဖုန်းနံပါတ်များနှင့် သင့်ကံဇာတာ

- သင့်ဖုန်းနံပါတ်တိုင်းသည် သင့် Lucky Number ဖြစ်သည်။
- သင်နှင့် သင့်မိသားစု၊ သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များအတွက်ပါ ဆောင်ထား သင့်သည့် စာအုပ်ဖြစ်ပါသည်။

တန်ဖိုး ၁၂၀၀ ကျပ်

ဖြန့်ချိရေး - မိုးဆမ်းပန်းစာပေ
တိုက်(၉)၊ အခန်း(၃၀၁)၊ ဝိတောက်လမ်း၊ ယုဇနပလာဇာ အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၃၂၀၀၇၆၀၊ ၀၉ ၅၁၇၂၁၅၅၊ ၀၉ ၅၁၃၅၂၃၀

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဇော်ဂျီဖိုလ်ဝင်သားနဲ့ ပတ်သက်လို့ တချို့ကတော့ စိတ်မဝင်စားဘူး၊ တချို့ကတော့ စိတ်ဝင်စားတယ်။

ကျွန်တော်ကတော့ ကျွန်တော်တွေ့တဲ့အာရုံကို စာဖတ်ပရိသတ်ကြီးကို တင်ပြလိုက်တာပါပဲ။ တင်ပြတာက စာရေးသူအဖို့တော့ မကုန်သေးဘူးပေါ့လေ။

ဥပမာ ဒီဇော်ဂျီဖိုလ်ဝင်သားကို ကျွန်တော်. စားရင် ဘယ်လို နေမလဲ ဆိုတာမျိုးပေါ့။ ကျွန်တော် ထိန်းသိမ်းထားထဲ့အတွက်တော့ ထူးတော့ထူးမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အာနိသင် အနေနဲ့က ဟိုတုန်းက သမိုင်းအစဉ်အဆက် ကြားခဲ့ရသလို ဇော်ဂျီဖိုလ်ဝင်သား စားပြီးရင် ကျောင်းခေါင်မိုးပေါ် ခုန်တက်မယ်တို့ ဘာတို့ ဒီလိုတော့ မဟုတ်ဘူး။ Energy Level နဲ့ ရလိုက်တယ် ဆိုတော့ သူက ဒြပ်သဘော မရှိဘူး၊ ဒါကြောင့် ပြယုဂ်အတွက်တော့ နည်းနည်းတော့ ခက်တာပေါ့လေ။

အခုခေတ်ဆေးလေးတွေ လက်တစ်ဆစ် မရှိဟုရှိလောက်က သိပ်စွမ်းသလို ဘုစ်နေကုန်အတွက် အာဟာရ ပြည့်စုံတယ် ဆိုသလို Energy Level မှာ စုစည်းမှု ကျစ်ကျစ်လျစ်လျစ်နဲ့ သဘာဝအားဖြင့် တွေ့ရှိထားတာဆိုတော့ တချို့ စိတ်မဝင်စားဘူးဆိုလည်း ဒါ မှန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြယုဂ်က အခက်အခဲရှိတာကိုး။

တချို့တော့လည်း စိတ်ဝင်စားတယ်၊ ဒါလည်း မှန်ပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာ တိုင်းပြည်မှာ ရုပ်လွန်ကမ္ဘာအကြောင်းကို တော်တော်များများ အတွေ့အကြုံရှိကြ၊ သုမိုင်းအစဉ်လာ ရှိကြတယ်ဆိုတော့ ကမ္ဘာက ရုပ်လွန်ကမ္ဘာထက်တော့ ကျွန်တော်တို့က အဆင့်မြင့်တယ်လို့တော့ ပြောရမှာပေါ့။

ဥပမာ- ကျွန်တော်တို့ ယဉ်ကျေးမှုဆိုရင် ဇော်ဂျီအကတွေ့ ကဲနေကြတယ်။ ဇော်ဂျီဆိုတာလည်း သမထ၊ ဝိပဿနာ ကျင့်နိုင်သလောက် ကျင့်ပြီး အောင်မြင်သင့်သလောက် အောင်မြင်လို့ Super Man ဖြစ်သွားတဲ့ သဘောပဲပေါ့။ ဒီတော့ ဒီလို သမိုင်းတွေဟာ ကျွန်တော်တို့ ဗုဒ္ဓဘာသာတိုင်းပြည်မှာ အခိုင်အမာရှိပါတယ်။

ကျင့်ကြံ အားထုတ်မှု ရှိခဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့ ထူးခြားတဲ့ အတွေ့အကြုံတွေက မြန်မာ့သမိုင်းမှာ အထင်အရှားရှိပါတယ်။

ကျွန်တော်ဆိုရင် တရားကို နိုးနိုးလူဆက်တော့ ပိုပြီး အားထုတ်ဖြစ်တာပဲ။ အားထုတ်တော့လည်း အာရုံရတာပဲ။ ရတဲ့အာရုံကို စစ်တမ်းထုတ်ပြီးတဲ့နောက် ထူးခြားတာလေးတွေတော့ စာဖတ်ပရိသတ်ကို တချို့ တင်ပြခဲ့ပါတယ်။ အခုရက်ပိုင်းတော့ သရဲ၊ တစ္ဆေ အကြောင်းတွေက သိပ်မဝင်စားမိတော့ မတင်ပြဖြစ်ပေမယ့် ဇော်ဂျီဖိုလ်ဝင်သား ဇာတ်လမ်းကတော့ ရှေ့ဆက်နေလို့ နည်းနည်းထပ်ပြီး တင်ပြပါတယ်။

ဇော်ဂျီ နှစ်ဦးဟာ ကျွန်တော် ပို့လိုက်တဲ့ မေတ္တာကို ခံယူတတ်သွားတာ တော်တော် ဝမ်းသာစရာကောင်းတယ်။ သူတို့ဟာ ချက်ချင်း လက်ငင်းကို ကြီးပွားသွားတာပဲ။ ဒီတော့ ကျွန်တော်တို့ ရုပ်နာဝ်ရှိတဲ့ စာဖတ်ပရိသတ်ကြီး အားရှိစရာပါပဲ။ ကျွန်တော်တို့ တရား ကျင့်ကြတာ အမှန်ပဲ၊ ကျင့်ပေမယ့် တစ်ခါ ကျင့်တာနဲ့ ကျွန်တော်တို့ဟာ သောတာပန် ဖြစ်မသွားဘူးပေါ့နော်။ ဒါလည်း အားလျော့စရာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ရုပ်နာဝ်ကိုက သွေးပြည် သလိပ်တွေနဲ့ ဥစ္စာကိုး။ ဒီတော့ ကျွန်တော်တို့ဟာ ဇွဲရှိရမယ်။

အဲ- ဇော်ဂျီလို ပုဂ္ဂိုလ်မျိုးတွေ သူတို့ရဲ့ ဖွဲ့စည်းပုံက ရိုးရိုးလူတွေလို သွေးပြည်သလိပ် မရှိတဲ့ အခါကျတော့ သူတို့က တရားအားထုတ်တာ တစ်ခါပြီးရင်ကို သောတာပန် ဖြစ်သလောက် ဖြစ်သွားတယ်ပေါ့။ ဒီတော့ အဲဒါဟာ အံ့သြစရာပါပဲ။ လူသားတွေ အနေနဲ့ ကျတော့လည်း အထူးကြီးစားစရာပါပဲ။ ထူးခြားတဲ့ ပါရမီကို ဖြည့်စွမ်းရမှာ ဖြစ်ပါတယ်။ ဒါဟာ ဒီ(၃၁)ဘုံနဲ့ စကြဝဠာကြီးထဲမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဖြစ်ရပ်တွေရဲ့ အမှန်အကန် သာဓကတွေပဲ ဖြစ်ပါတယ်။

ဒီတော့ စာဖတ်ပရိသတ်ကြီးလည်း တရားကို ကြိုးစားပါ။ တစ်ခါ အားထုတ်လို့ သောတာပန် ဖြစ်မသွားလည်း ဆက်လက်ပြီးတော့ အားထုတ်ပါလို့ တိုက်တွန်းလိုပါတယ်။ သောတာပန် ဖြစ်ပြီဆိုရင်တော့ အလွယ်တကူတော့ မသတ်မှတ်စေချင်ဘူး။ အမှန်အကန် ဖြစ်ဖို့အတွက် ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ဆွေးနွေးပါ ဆိုတဲ့ အကြောင်း သတင်းကောင်းပေးခြင်း ဖြစ်ပါတယ်။

စာရေးသူသည် ဖော်ဂျီနှစ်ဦးထံ ဇော်ဂျီဖိုလ်ဝင်သားကို ရရှိပြီးနောက် ၎င်းတို့နှစ်ဦးအား မျှော်ခြည်ပြတ် မခံ မကြာခဏ အခြေအနေကို လှမ်းလှမ်း ကြည့်မိသည်။ သူတို့သည် ဇော်ဂျီဖိုလ်ဝင်သား လျှရသောဒါနကြောင့် ကုသိုလ် ကောင်းမှုရကာ အရင်းတိုးတက် ပြောင်းလဲ. အဆင့်မြင့်သွားကြသည်ကို ဖော်ပြီးသား ဖြစ်သည်။

ယခုအခါ စာရေးသူတို့ မေတ္တာ ပို့ခြင်း ကိစ္စကို သူတို့နှစ်ဦးက လေ့ကျင့် နေပြန်ရာ သူတို့နှစ်ဦးမှာ ထူးကဲသော ဇော်ဂျီများ ဖြစ်လာသည်။ လူများသည် သွေးပြည် သလိပ်များ ရှိသဖြင့် တရားရရန် မလွယ်ချေ။ တို့ကြောင့် လူများအား အားပေးလိုပါသည်။ ဇော်ဂျီများတွေ့မှ လူသားများကဲ့သို့ သွေး ပြည် သလိပ် မရှိသဖြင့် တရားဆင်ခြင်သည်နှင့် အဆင့်မြင့်မြင့်သွားတတ်သည်။

ယခုအခါ ဇော်ဂျီများသည် အဆင့်တော်တော် မြင့်နေကြသည်။ ဝမ်းသာဖွယ်ရာ တွေ့ရှိရသည်။ ၎င်းသည် စူးစမ်းရင်း ဝါသနာပါသည်ဖြစ်ရာ မေတ္တာခံယူကြသဖြင့် အထူးတိုးတက်မြောင်းလဲလာသည်။ သူများမတူ တစ်မူ ထူးခြားကာ သူတို့သည်

www.burmeseclassic.com

အသိပညာတရား သစ္စာပိုင်း၌ အဆင့်တက်သွားကြသည်။

ဤသည်မှာ ဝမ်းသာစရာကောင်းသည်။ လူသားများအတွက်လည်း အားပေးချင့်စရာ ကောင်းသည်။ အဘယ့်ကြောင့်ဆိုသော် လူသားများသည် တော်တော်နှင့် တရားမရနိုင်တရားရရန် လွန်စွာ ခက်ခဲလေသည်။ အကြိမ်ပေါင်း များစွာကုန်မြားစွာ တရားအားထုတ်ရမည် ဖြစ်သည်ဟုသာ ခံယူခဲသည်။ ဇော်ဂျီများမှာ တစ်ချိန်အားထုတ်လျှင်တစ်ချိန်အားထုတ်သလောက် အကျိုးရှိသွားသည်။ ဤကား ရှင်နာမ်တို့၏ တည်ဆောက်မှု သဘာဝအတိုင်း ဖြစ်ရသည်ဟူ၍ နားလည်ရမည်သာ ဖြစ်သည်။ ယခုအခါ ဇော်ဂျီများသည် တရားသဘော အတော်ပြည့်ဝသွားပြီ ဖြစ်သဖြင့် ဝမ်းသာဖွယ်ရာ ဖြစ်ပါသည်။

စာရေးသူသည် ဇော်ဂျီများထံမှ ဟုသုတ တော်တော်များများ ရခဲ့သည်ထု ဝန်ခံရမည် ဖြစ်သည်။

ဇော်ဂျီဖိုလ်ဝင်သားကို တွေ့စဉ်တ "အေး ပေး ငါစားမယ်" ဟုပြောသောအခါ ၎င်းတို့သည် ပြုံး၍ . . .

"ဝိပဿနာ အားထုတ်သော ပုဂ္ဂိုလ်များ စားရန် မလိုပါ" ဟူသော ကောက်ချက်ကိုပေးသည်။

စာရေးသူသည် ကမန်းကတန်း အဓိပ္ပာယ်ကို သင်ယူလိုက်သည်။

ထို့နောက်မှ "တပည့်များအား ပေးမည်" ဟူ၍ ပြန်လည် စကားပြင်ခဲ့ရသည်။

ဇော်ဂျီများသည် မိမိ မသိသည်များကို သိသည်ဟု သတိထားလိုက်မိသည်။ ဒုတိယအကြိမ်ကတော့မူ သူတို့အား မရွေ့လျားရန် အမိန့်ထုတ်သည်မှာ အစွမ်းထက်သဖြင့် သူတို့သည် ထွက်ပြေး၍ မရသောကြောင့် ငုံစုံပြစ်ခံကာ ဇော်ဂျီဖိုလ်ဝင်သားကို ပေးလှူလိုက်ရခြင်း ဖြစ်ကြောင်း ဝန်ခံခဲ့သည်။

ဤသည်မှာလည်း ၎င်းတို့ပြောသောကြောင့် စာရေးသူတို့၏ အမိန့်အာဏာသည် ထိုလောကဌ် အစွမ်းတန်ခိုးထက်မြက်ကြောင်း သတိထားမိသည်။

လူသား အချင်းချင်း မည်သို့မှ လုပ်နိုင်မည် မဟုတ်သော်လည်း ထို လောကသားများ အတွက်မူ အထိုက် အလျောက် သီလ သမာဓိ ပညာရှိလျှင် လုပ်နိုင်သည်ကို ကောင်းစွာ သဘော ပေါက်သည်။ ယခုအခါလည်း မိမိ မေတ္တာပို့သောကြောင့် ၎င်းတို့သည် ထူးကဲ မြင့်မြတ်သွားလေရာ အထူးဝမ်း သာဖွယ်ရာအကြောင်း သတင်းကောင်း ပေးအပ်ပါသည်။

ဇတာင်စဉ် ခုနစ်ထပ်

စာရေးသူအား ဇော်ဂျီဖိုလ်ဝင်သား ပေးသွားသော ဇော်ဂျီနှစ်ပါးနှင့် ပြန်တွေ့သောအခါ စာရေးသူက အောက်ပါအတိုင်း မေးခွန်းထုတ်ဖြစ်လိုက်သည်။ စာရေးသူမှ. . .

"ဇော်ဂျီများ မိမိကို ဇော်ဂျီဖိုလ်ဝင်သားများအား ပေးတော့ အဲဒီ-ဇော်ဂျီဖိုလ်ဝင်သားကို ဘယ်က ရတာလဲလို့ သိချင်ပါတယ်"

ဇော်ဂျီများမှ. . .

"ကျွန်တော်တို့ တောင်စဉ်ခုနစ်ထပ်က ရခဲ့တာပါ"

စာရေးသူသည် အံ့အားသင့်သွားသည်။ အကယ်၍ ပုပ္ပားတောင်က ရခဲ့သည် (သို့မဟုတ်) တောတဲ့ တောင်ထဲက ရခဲ့သည်ဆို စာရေးသူ ခန့်မှန်းနားလည်နိုင်သော်လည်း တောင်စဉ်ခုနစ်ထပ်ကြီးကို လာ၍ မိတ်ဆက်သော အခါ စာရေးသူ အနည်းငယ် ဖျားသွားသည်။ ထိုအခါ စာရေးသူမှ . . .

"တောင်စဉ်ခုနစ်ထပ်မှာ ဇော်ဂျီဖိုလ်ဝင်သားတွေ ရှိသလား"

"ရှိတယ်၊ တောင်စဉ်ခုနစ်ထပ်မှာ ဇော်ဂျီတွေက ဖိုပဲထိုးနေကြတာများတယ်"

စာရေးသူသည် တော်တော်လေးတော့အားရှိသွားသည်။ အဘယ်ကြောင့်ဆို သော် တောင်စဉ်ခုနစ်ထပ်သည် စာရေးသူနှင့် မစိမ်းခေ။ ရတနာမြတ်သုံးပါးကို ဦးထိပ်ထား၍ တောင်စဉ်ခုနစ်ထပ်ကို ဘိုးဘိုးအောင်နှင့် တွေ့စဉ်က မြင်ခဲ့ရောက်ခဲ့ဖူးသည်။

ထို့ကြောင့် မိမိအဖို့ ဝမ်းသာစရာများ ဆက်လက်၍ ဖြစ်ပေါ်လာသည်ဟုအောက်မေ့မိသည်။ တောင်စဉ်ခုနစ်ထပ် ဆိုသည်မှာ အစွမ်း တန်ခိုးရှင်များ ကျက်စားရာ နေရာဌာန ဖြစ်သည်။ ထိုဌာနကို မိမိကောင်းကောင်း သိသည်။

အနိုးစပ်ဆုံး ပြောပြပါဆိုလျှင်မူ စာရေးသူတို့ သိပ္ပံပညာမှာ အက်တွမ်ရှိသည်။ ထိုအက်တွမ်လေးကို အီလက်ထရွန်က ပတ်နေ၍ အတွင်းမှာ ရှူကလီးယာ(စ်) ရှူထရွန်နှင့် ပရိုတွန်ရှိသည်။ ရှူထရွန်နှင့် ပရိုတွန်ကို ခွာကြည့်လိုက်သောအခါ ထိုပြတင်းပေါက်မှ တောင်စဉ်ခုနစ်ထပ်ကို မြင်ရနိုင်သည်ဟု ခန့်မှန်း ပြောဆိုနိုင်သည်။ (ဤကား တင်စား၍သုံးခြင်းဖြစ်သည်။ လွန်စွာ နူးညံ့သိမ်မွေ့သော အရာများဖြစ်၍ ရိုးရိုးမျက်စိနှင့်တော့ မမြင်နိုင်ခေ။)

စာရေးသူသည် နှစ်ပေါင်း(၅၀) ဝန်းကျင် ယခုအခါ ကျင့်ကြံခဲ့ဖူးသောကြောင့် အလွယ်တကူ ပြောဆိုနိုင်ခြင်း ဖြစ်သည်။ ထိုစဉ်ကတော့မူ နှစ်ပေါင်း (၃၀)လောက် ရှိတန်ကောင်း ရှိမည်။ ပထမဆုံး အကြိမ် ဘိုးဘိုးအောင်ကို တွေ့မြင်ရခြင်း ဖြစ်သည်။

ဘိုးဘိုးအောင်သည် ဂူဗိမာန်နှင့် နေထိုင်သော ပုဂ္ဂိုလ်ထူး ဖြစ်သည်။ အရှိန်ပါဝါနှင့် တပည့်လက်သားများလည်း ရှိသည်ကို တွေ့ခဲ့ရသည်။

ယခုအခါ ထိုတောင်စဉ်ခုနစ်ထပ် အကြောင်းကို ပြန်လည်၍ ဇော်ဂျီများက မိတ်ဆက်သောအခါ မိမိအနေနှင့် အထူးပင် ဝမ်းသာမိသည်။

သို့သော် ရတနာမြတ်သုံးပါးကို ဦးထိပ်ထား၍ သတိ ဝီရိယနှင့် ရှင်သန်ရမည်၊ ထိုးဖောက် ဝင်ရောက်ရမည်ဟု မိမိကိုယ်ကိုယ် သတိပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုအခါ တောင်စဉ်ခုနစ်ထပ်ကို မိမိသည် အလွယ်တကူ တွေ့မြင်နိုင်နေပြီဖြစ်၍ အဆင်ပြေသည်။ သို့သော် အစွမ်းတန်ဦးများ ပျံနှံ့နေသဖြင့် စကားတစ်လုံး မှား၍မရကြောင်းကို စာရေးသူ ကောင်းစွာသိသည်။

ဤလောကၦ် မိမိ မရောက်ဖူးသောနေရာ တော်တော်များများ ရှိကြသည် ဆိုသည်ကို အားလုံး သိကြမည် ဖြစ်ပါသည်။ စာရေးသူသည် အကျင့်ထူး အကျင့်မြတ်များအား တစိုက်မတ်မတ် ကျင့်ကြံ ကြိုးစား အားထုတ် အလုပ်လုပ်ခဲ့၍ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးတော်ကြောင့်သာလျှင် ဤကဲ့သို့ ထူးဆန်း အံ့သြဖွယ်ရာ ကောင်းသော သဘောများအား ကိုယ်တိုင်တွေ့ခဲ့ရ၍ စာဖတ်သူများအား တင်ပြနိုင်ခွင့်ရှိခြင်း ဖြစ်သည်။

စာရေးသူသည် တစ်ချိန်တွင် တောင်စဉ်ခုနစ်ထပ်အကြောင်း အသေးစိပ် ရေးနိုင်သမျှ ရေးပြလိုသော ဆန္ဒရှိသည်။ အဓိကအားဖြင့်တော့မူ အခြေခံအမှုန်များ (The most fundamental particle) လေးများကို ကိုင်တွယ်ဖြေရှင်းနိုင်လျှင် ၎င်းတို့၏ အလွှာဟိုဘက်၌ မျက်လုံးဖြင့် မမြင်အပ်သော အရာများ မြောက်မြားစွာရှိကြောင်းကို စာရေးသူ ကတော့ အခိုင်အမာ သိသည်။

စာဖတ်သူများမှာတော့မူ များသောအားဖြင့် စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေးများ လုပ်နေကြသည် ဖြစ်၍ သီလ၊ သမာဓိ၊ ပညာပိုင်း သမထ၊ ဝိပဿနာပိုင်း၌ လွန်စွာအားထုတ်နိုင်မည်မဟုတ်ကြောင်း နားလည်မိပါသည်။

မိမိသည် အပြစ်တင်နေသည်တော့မူ မဟုတ်ချေ။ သို့သော် သာမန်ပုဂ္ဂိုလ်များ မမြင်တွေ့ရသော သဘာဝများသည် လောကဓာတ်ကြီး၌ ရှိသည်ဆိုသည်ကို စာရေးသူ ကောင်းစွာသိသည်။ စာရေးသူသည် သိသောအခါ ကောင်းစွာသိသော သဘောရှိသည်။

ဥပမာ ဆိုပါစို့။

ယနေ့ သိပ္ပံပညာက T.O.E ကို စာဖွဲ့နေကြသည်။ T.O.E ဆိုသည်မှာ T သည် Theory ဖြစ်၍ O သည် of ဖြစ်ပြီး E သည် Everything ဖြစ်သည်။ ထို့ကြောင့် T.O.E ၏ အဓိပ္ပာယ်မှာ Theory of Everything အားလုံးကို၊ အရာရာကို ဖြေရှင်းနိုင်သော သီအိုရီဖြစ်ကြောင်း နားလည်သဘောပေါက်နိုင်သည်။

သို့သော် စာရေးသူ၏ အမြင်ကို ပြောရမည်ဆိုလျှင် သိပ္ပံပညာရှင်များသည် T.O.E ကို မတွေ့နိုင်၊ တွေ့လျှင်မူ T.O.S ပဲ တွေ့နိုင်ပေလိမ့်မည်။

T.O.S ဆိုသည်မှာ Theory of Something ဖြစ်သည်။ အဓိပ္ပာယ်မှာ တစ်စုံတစ်ခုတော့ သီအိုရီ အနေနှင့် သူတို့ ရနိုင်သည်။ သို့သော် အားလုံး၏ သီအိုရီကို သူတို့ မရနိုင်၊ အဘယ်ကြောင့် ဆိုသော် အားလုံးကို သူတို့ မတွေ့ရှိသေးသောကြောင့် ဖြစ်သည်။

ဥပမာ ဆိုပါစို့။ နိဗ္ဗာန်ကို သူတို့ မတွေ့ချေ။ အရိယာတို့၏ ဉာဏ်တော်များအား မတွေ့ချေ။ ထိုအခါ သူတို့သည် Everything ဆိုသော စကားကို သုံးပိုင်ခွင့် မရှိချေ။ သိပ္ပံပညာရှင်သည် နယ်လွန် ပယ်လွန် သုံးလာသည်သာ ဖြစ်သည်။

အမှန်တော့ သူတို့သည် T.O လောက်သာ တွေ့ကောင်း တွေ့ထ မည်။ T.O.E ကိုမူ တွေ့နိုင်လိမ့ မဟုတ်ချေ။ အကြောင်းမှာ Every ကို သူတို့ကိုယ်တိုင်ပင် မသိသေး ကြောင့် ဖြစ်သည်။

ထို့အတူပင် The Highest umph of Human Knowledge ဆို စကားရှိသည်။ သူတို့သည် လူ ပညာ၏ အထွတ်အထိပ်ကို မရနိုင် အဘယ်ကြောင့်ဆိုသော် နိဗ္ဗာ မတွေ့သေးဖူးသောကြောင့်ဖြစ် သတင်းကောင်းပါးအပ်ပါသည်။

ဗုဒ္ဓစာ

ဒေါက်တာချစ်ယ်(ဗု

❑

www.burmeseclassic.com

www.burmeseclassic.com

ဇရပ်ကွက်ထဲက ပြဿနာများ



တစ်နေ့သဘ္ဘ ကျွန်တော်နေထိုင်ရာ မကွေးမြို့ သိဂီဂီရိရပ်ကွက်၊ ဗိုလ်ချုပ်လမ်းပေါ်ရှိ နေအိမ် စျေးဆိုင်လေးသို့ လူငယ်ငါးဦး ရောက်ရှိလာကြပါတယ်။ ကျွန်တော်လည်း စျေးဝယ်ရန် လာကြသူများ အထင်နဲ့ စျေးရောင်းဖို့ ပြုံးပြလိုက်ချိန်မှာပဲ လူငယ်လေး တစ်ဦးက "ကျွန်တော်တို့ ဗေဒင်မေးချင်လို့ပါ" လို့ ပြောလာတဲ့အတွက် ကျွန်တော် တအံ့တသြ ဖြစ်သွားရပါတယ်။

"မင်းတို့ မှားနေကြပြီထင်တယ်၊ ဦးလေးက ဗေဒင် မဟောပါဘူး"

"ဦးလေးက စာရေးဆရာ မဟုတ်လား"

"ဟုတ်ပါတယ်၊ စာရေးတာက ဝါသနာပါလို့ရေးတာပါ၊ စားဝတ်နေရေး ဘဝရပ်တည်ရေးအတွက်က ကုန်စုံဆိုင်လေးဖွင့်ပြီး စျေးရောင်းပါတယ်၊ ဦးလေးက ဗေဒင်လည်းမဟော၊ ဆောတ်ဘူး၊ လဲ့ကဲ့ကာလည်း မကြည့်တတ်ပါဘူး"

"ဦးလေးက အကြား အမြင်တော့ ရတယ် မဟုတ်လား"

"ပိုဆိုးတာပေါ့ကွာ၊ ဘာမှလည်း မကြား၊ ဘာမှလည်း မမြင်ပါဘူးကွယ်၊ ဗေဒင်လက္ခဏာလည်း မတောတတ်ပါဘူး၊ မင်းတို့ လူမှားနေတာ ဖြစ်ပါလိမ့်မယ်"

"ကျွန်တော်တို့ လူမမှားပါဘူး၊ ကျွန်တော်တို့က ဒီရပ်ကွက်တဲ့ကပါ၊ ဦးလေး ဒီရပ်ကွက်ထဲကို ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာကတည်းက ကျွန်တော်တို့ အားလုံး ဦးလေးကိုသိနေတာပါ၊ ဦးလေး ဆိုင်မှာလည်း ကျွန်တော်တို့ အမြဲ စျေးဝယ်တယ်"

ကျွန်တော်ရပ်ကွက်ထဲမှာ ကုန်စုံဆိုင်လေးဖွင့်ထားတော့ စျေးသည်ဖြစ်တဲ့ ကျွန်တော့်ကို တစ်ရပ်ကွက်လုံးက သိကြပေမယ့် ကျွန်တော်ကတော့ အများနဲ့တစ်ယောက် စျေးဝယ်သူတိုင်းကို မသိပါဘူး။ ဒါပေမဲ့ လူအတော်များများကိုတော့ မျက်မှန်းတန်းမိနေပါတယ်။ လူနဲ့နာမည်နဲ့တွဲပြီး မမှတ်မိသလို ဘယ်သူ့သားသမီး ဘယ်လမ်းမှာနေတယ်ဆိုတာ အသေးစိတ် ကျွန်တော် မသိပါဘူး။ စျေးလာဝယ်တာများပြီး စကားပြောဖြစ်ကြရာက ခင်မင်နေသူတချို့တော့ ရှိပါတယ်။

အများအားဖြင့် ကျွန်တော်နဲ့ အသက်အရွယ် မတိမ်းမယိမ်းသူတွေ၊ စာပေနဲ့ နိုင်ငံရေး ဝါသနာပါသူတွေ စကားလက်ဆုံကျရာက ခင်မင်ရင်းနှီးသူများ ဖြစ်ကြပါတယ်။ လူငယ်၊ လူလတ်တွေထဲကတော့ လေးငါးဦးလောက်ပဲ ခင်မင်ရင်းနှီး စကားပြော ဆက်ဆံဖူးပါတယ်။

ကျွန်တော် စျေးဆိုင်လေးထဲ စျေးရောင်းနေတာကလွဲပြီး ရပ်ထဲရွာထဲ အပြင်ထွက်တာလည်း နှည်းပါတယ်။ စျေးရောင်းနေရင်း ဝါသနာအရ စာရေးစာဖတ် အတွေးတွေနဲ့ပဲ အချိန်ကုန်တာများတယ်။ ဒီအရပ် ဒီဒေသကလည်း ကျွန်တော့်ရဲ့မွေးရပ်မြေဇာတိ မဟုတ်ပါဘူး။ ယခု လူငယ်တစ်စုက ကျွန်တော့်ဆီ ဗေဒင်လာမေးကြပြီး ကျွန်တော့်ကို ဗေဒင်လက္ခဏာ တတ်တယ်၊ အကြားအမြင်ရတယ်လို့ ပြောလာပြန်တော့ ကျွန်တော် အတော်လေး အံ့အားသင့်တုန်လှုပ်သွားရပါတယ်။

လူငယ်တစ်ဦးက. . .

"ဦးလေးက ဗေဒင်လက္ခဏာ မတတ်ဘူး၊ အကြားအမြင်မရဘူးလို့သာ ပြောတယ်၊ ရပ်ကွက်ထဲက လူတချို့ကို ဦးလေးကကြိုတင်ဟောကိန်းထုတ်လိုက်တာတွေ ကွက်တိမှန်လို့ ဦးလေး နာမည်ကြီးနေတယ်၊ ကျွန်တော်တို့လည်း ဘဝရှေ့ရေးလေးတွေ သိချင်လို့ ဦးလေးကို လာမေးတာပါ"

"နေပါဦး၊ ဦးလေးက ဘယ်သူတွေကို ဘယ်လိုများ ကြိုတင်ဟောကိန်းတွေ ထုတ်ခဲ့မိလို့ပါလိမ့်၊ ပြောပြစမ်းပါကွာ၊ ဦးလေးက ဗေဒင်လည်းမတတ်ဘူး၊ လက္ခဏာလည်း မတတ်ဘူး၊ အကြားအမြင်ရဖို့ဆိုတာ ဝေလာဝေးပေါ့ကွာ"

ကျွန်တော့်အမေးကြောင့် လူငယ်လေးတွေက သူတို့ တွေ့ကြုံ ကြားသိမြင်ဖူးသမျှတွေကို ပြောပြကြပါတယ်။ ဒီတော့လည်း ကျွန်တော် ပြုံးမိပြန်ပါတယ်။

ဟုတ်ပါတယ်။ ရပ်ကွက်ထဲက လူကြီးလူငယ်၊ ယောကျ်ားမိန်းမအတော်များများကို စကားစပ်မိလို့ ကွယ်ရာမှာသူတို့ကို ဝေဖန်မိခဲ့ပါတယ်။ သူတို့အကြောင်းကို လေ့လာမိသလောက်နဲ့ အခုလက်ရှိ အခြေအနေတွေကြည့်ပြီး ဘယ်သူတော့ဖြင့် မကြာခင် ဘာဖြစ်တော့မယ် ကျွန်တော် ကြိုတင်နိမိတ်ဖတ်လို့ ဟောကိန်းတွေ ထုတ်ခဲ့မိပါတယ်။ ကျွန်တော်ပြောတဲ့အတိုင်း ဖြစ်ကြတယ်၊ မဖြစ်ကြတယ် ကျွန်တော် မသိပါဘူး။ ကျွန်တော်ကတော့ အမှုမဲ့အမှတ်မိ အကဲခတ် ဝေဖန်မိရာက ကြိုတင်ဟောကိန်းတွေ ထုတ်ခဲ့မိတာပါ။

ဒါကလည်း မခက်ပါဘူး။ မသိသူတွေ အနေနဲ့ ကျွန်တော်ဟာ ဗေဒင်လက္ခဏာတတ်သူ၊ အကြားအမြင်ရသူလို့ ထင်ကြတာပါ။ ဒါကြောင့် ကျွန်တော် လူငယ်လေးတွေကို ရှင်းပြလိုက်ပါတယ်။

"မင်းတို့ ဦးလေးကို အထင်လွဲအထင်ကြီးနေကြတာပါ။ ဦးလေးက လူတချို့ကို ကြိုတင်ပြီးဟောကိန်းထုတ်လို့ နိမိတ်ဖတ်ခဲ့တဲ့အတိုင်း အားလုံးကွက်ဝိုမှန်နေတယ်ဆိုတာက တိုက်ဆိုင်မှုလည်းပါတယ်၊ ဦးလေး အသက်အရွယ်အရ ဦးလေးရဲ့ဘဝမှာ တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေ၊ ဦးလေးနဲ့ ဆုံခဲ့ကြုံခဲ့ရတဲ့လူတွေ၊ ဦးလေး ဖတ်ခဲ့ မှတ်ခဲ့ လေ့လာခဲ့တဲ့ စာပေ ပဟုသုတတွေ၊ ရောက်ခဲ့ရဖူးတဲ့ ဒေသန္တရ အတွေ့အကြုံတွေကြောင့် ခန့်မှန်းပြီး ဒီလိုလုပ်နေရင်တော့ ဒီလိုဖြစ်တော့မယ်၊ ဒီလိုကြုံကြရတော့မယ်လို့ ကြိုတင်ဟောကိန်းထုတ်နိမိတ်ဖတ်လိုက်တာပါကွာ"

"ဦးလေး ပြောလိုက် ဟောလိုက်တာတွေက တိုက်ဆိုင်တယ်ဆိုတာထက် သိပ်မှန်လွန်းနေလို့ အံ့သြရတာပါ"

"ဒါတွေက မဆန်းပါဘူးကွာ၊ အသက်အရွယ်ရလာတဲ့ လူကြီးတွေဆိုတာ အတွေ့အကြုံတွေ များလာတော့ ဖြစ်တတ် ပျက်တတ်တာတွေကို ငယ်သူတွေထက် ပိုသိတာပေါ့၊ ဖြစ်ဖူး ကြုံဖူးခဲ့တာတွေ များပြီလေ၊ ဦးလေးလည်း သာမန် ပုထုဇဉ် လူသားတစ်ဦးပါပဲ၊ ဗေဒင်လက္ခဏာတွေလည်း မတတ်ဘူး၊ ဘာအကြားအမြင်မှလည်း ရသူမဟုတ်ဘူး၊ ပြီးတော့ အင်္ဂဝိဇ္ဇာလည်း မတတ်ပါဘူး၊ ဦးလေး ပြောမိဆိုမိတာတွေ မှန်တယ်ဆိုတာက တွေးခေါ်ပြီး ကောက်ချက်ချတတ်တာပါ။

ဥပမာကွာ၊ ဦးလေးက ဘယ်သူကို ဘယ်လိုဖြစ်တော့မယ်၊ ဘယ်သူဖြင့် မကြာခင် ဘာဖြစ်တော့မယ်လို့ ဟောလိုက် ပြောလိုက်တာ မှန်နေတဲ့ဥစ္စာ၊ ဒါကလည်း အဲဒီလို့ရဲ့လုပ်ရပ်၊ စိတ်နေစိတ်ထားနဲ့ ဥပဓိရုပ်ကိုကြည့်ပြီး ဒီလူလုပ်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံကြောင့် ဗုဒ္ဓဘာသာဝင်ပီပီ ကံ-ကံ၏ အကျိုးမေးကို ယုံပြီး ပြောလိုက်တာပဲ၊ မဆန်းပါဘူး၊ ကျောင်းမှာတုန်းက ရူပဗေဒဘာသာ သင်ကြရတယ် မဟုတ်လား၊ လားရာအကြောင်း သင်ကြရတယ်လေ၊ လူတွေမှာလည်း မိမိပြုသမျှမှာ လားရာတွေ ရှိတယ်။

သဘာဝတရားကြီးမှာလည်း သဘောတရားတွေ ရှိတယ်၊ သဘောတရားတွေကို သဘာဝထရားကြီးလဲက

www.burmeseclassic.com

www.burmeseclassic.com

ဆောက်နုတ်ယူကြရတယ်၊ မင်းတို့ ဟို တစ်ချိန်က ရှုပ်ရှင်မင်းသားဝင်းဦးနဲ့ မင်း သမီးဝါဝါဝင်းရွှေတို့ သရုပ်ဆောင်ထား တဲ့ သိကြားစေ သက်သေညွှန်းဆိုတဲ့ ဇာတ်ကား ကြည့်ဖူးမှာပေါ့၊ အဲဒီဇာတ် ထားထဲမှာ ဝင်းဦးနဲ့ ဝါဝါဝင်းရွှေတို့ အသက်ကြီးမှ သားရေး သမီးရေးကိစ္စ ပြန်တွေ့ကြတဲ့အခန်းမှာ ဝင်းဦးက ဝါဝါ ဝင်းရွှေကို ခနဲ့တဲ့တဲ့ ပြောလိုက်တာ။

'ဒီမယ် ဒေါ်တင်တင်သော်၊ မီး ဆိုတာ ပူမှန်းသိပေမယ့် ဘယ်ပုံဘယ် နည်း ပူတယ်ဆိုတာ ကိုင်ကြည့်မှသိမယ် ဗျ၊ အဲဒီစကားဟာ သဘာဝတရားကြီး ဖြစ်တာ သဘောတရားကို ကောက်နုတ် ထားပြီး သဘောတရားကို သဘာဝ တရားနဲ့ပြန်ပြီး မှတ်ကျောက်တင်တဲ့ စကားပဲ၊ မီးဆိုတာ ပူတယ်၊ ပူတဲ့မီးကို ကိုင်ရင် ပူမယ်၊ ဘယ်လိုပူတယ်၊ ဘယ် လောက်ပူတယ် ဆိုတာ ကိုင်ကြည့်ရင် သိမယ်၊ မီးရှိရာကို တရွေ့ရွေ့သွားနေ သူတာ မီးနဲ့နီးလာလေ ပူလေပဲ၊ ယမ်း ဆုပ်ကို ပိုက်ထားသူဟာ မီးနဲ့ဝေးဝေး နေရတယ်၊ ယမ်းထုပ်ပိုက်ထားပြီး မီးရှို့ ရာတိုသွားရင် တစ်နေ့နေ့ ပေါက်ကွဲ နှာပဲ၊ ရေခဲစက်ရုံထဲ ဝင်သွားရင် အပြည်းဖြည်း အေးအေးလာမယ်၊ နံပြား ခြိုးကပ်ကပ်သွားရင် ပိုပိုပူလာမယ်၊ သဘာဝပဲလေ၊ ရိုးရိုးလေး၊ လူတွေကို အကဲခတ်ရတာလည်း မခက်ပါဘူး၊ သူ ဒီတန်းလုံးသာဟာ သူမျက်နှာမှာ မှန်လိုပဲ ပေါ်နေတယ်။

ဦးလေး ငယ်ရွယ်စဉ် တစ်ချိန် က ရန်ကုန်မြို့မှာ တက္ကစီ အငှား ဘဉ်မောင်းဘဝနဲ့ နှစ်အတော်ကြာ အုပ်လည်ခဲ့ရတယ်၊ တက္ကစီကားသမား ဆိုတာ မျက်စိလျင်ရသလို မမြင်ဖူး၊ တွေ့ဖူးတဲ့ ကားငှားသူကို စက္ကန့်ပိုင်း အတွင်း အကဲခတ်ရတယ်၊ စက္ကန့်ပိုင်း အတွင်း ဆုံးဖြတ်ချက်ချရတယ်၊ ပြီးတော့ ကားမောင်းသူဆိုတာ သတိ အမြဲထား ရတယ်၊ သတိလွတ်လို့မရဘူး၊ ဒီအတွေ့ အကြုံတွေဟာ တစ်သက်လုံးအတွက် အသုံးဝင်နေတယ်၊ အင်္ဂါဝိဇ္ဇာပညာလို့ ဆိုရမလားပဲ၊ ကားသမားဘဝက ရခဲ့တဲ့ ပညာပဲ။

ဟိုးတစ်ချိန် လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ လောက်က ရန်ကုန်၊ ကီလိဆိပ်ကမ်း ငါးဒိုင်ကြီးမှာ ရန်ကုန်တစ်မြို့လုံးက ငါး စိမ်းသည်တွေနဲ့ နေ့ကိုည၊ ညကိုနေ့လုပ် ပြီး ငါးရောင်းဖူးတယ်၊ ငါးစိမ်းသည် လည်းဖြစ်ဖူးတယ်၊ လောဘတွေ၊ ဒေါသ တွေ၊ မာနတွေ၊ ရာဂတွေနဲ့ နပန်းလုံးခဲ့ ရတဲ့ အဖြစ်တွေပဲ၊ ပင်လယ်ငါးဖမ်းလုပ် ငန်းမှာလည်း တံငါသည်ဘဝ ရောက်ဖူး တယ်၊ အင်မတန် ကြမ်းတမ်းတဲ့ ဘဝ လမ်းတစ်ခုဖြစ်သလို အသက်အန္တရာယ် များလှတယ်၊ သူများအသက်ကိုရချင်ပြီး ကိုယ့်အသက်ကို တထိတ်ထိတ် တလန့် လန့် ရှင်သန်ခဲ့ရတဲ့ဘဝပါ။

ကုန်းပေါ်က ရုံးလုပ်ငန်းတွေ လည်း လုပ်ခဲ့ရဖူးတယ်၊ ပန်ကာနဲ့ တယ် လီဖုန်းနဲ့ ဖောင်တိန်ကိုင်ပြီး လှိုင်းတွေ လေတွေ မုန်တိုင်းတွေ မရှိပေမယ့် လောဘ၊ ဒေါသ၊ မာန၊ လာဘ်ပေး လာဘ်ယူ မုန်တိုင်းတွေ၊ လျှောင်တွေ၊ မိုး ကြိုးပစ်တာတွေလည်း တွေ့ဖူး ကြုံဖူး တယ်။

ပုဆိုးနဲ့တိုက်ပုံနဲ့ ခေါင်းပေါင်းစ တဲလူလူနဲ့ သမ္မတအိမ်တော်ဝင်းထဲမှာ သမ္မတကြီးဖိတ်ကြားတဲ့ ညစာစားပွဲကြီး လည်း တက်ခဲ့ရဖူးတယ်။

စားစရာမရှိ နေစရာမရှိ အလုပ် အကိုင်၊ ဝင်ငွေမရှိလို့ ဘုန်းကြီးကျောင်း မှာ ဆွမ်းကျန် ဟင်းကျန်စားနေရင်းက ရဟန်းသံဃာဘဝ အနေချောင် အစား ချောင်မယ်ထင်လို့ ရဟန်းဝတ်ပြီးလည်း ဆွမ်းခံစားဖူးတယ်၊ သီလမရှိ ဝိနည်း မလေးစားရင် စားရသမျှတွေဟာ သံ ရည်ပူတွေလို့ဆိုတာ သိလာရသလို ရဟန်းဘဝ ဝိနည်းတော်နဲ့အညီ နေ တတ်ဖို့ ခက်ခဲရစေတာတွေ သိခဲ့ဖူးတယ်။

ဇနီးမယား၊ သားသမီးနဲ့ အိမ် ထောင်သည်ဘဝကို ကြုံရ ဖန်ရဖူးသလို တစ်ခုလပ်ဘဝ၊ သားတကွဲ မယားတကွဲ အလွမ်းပွဲမှာ လူတောမတိုး ဒုက္ခဆိုးနဲ့ လည်း နေခဲ့ရဖူးတယ်။

စာရွက်ပေါ်မှာ တစ်မိုင်၊ နှစ်မိုင် ကို ပေတံနဲ့မျဉ်းဆွဲလို့ လွယ်သလောက် တကယ်မြေပြင်မှာ ၁၂ လက်မ ၁ ပေ၊ ၃ ပေ ၁ ကိုက်၊ ၂၂ ကိုက် ၁ သံကြိုး၊ ၁၀သံကြိုး ၁ ဖာလုံ၊ ၈ ဖာလုံ ၁ မိုင်ရဖို့ အမှတ်(၁) မြေတိုင်းဌာန၊ သံကြိုးဆွဲ ဝန်ထမ်းဘဝနဲ့ တောတွေ တောင်တွေ ထဲ မြေတိုင်းဖူးတယ်၊ ဩော် ကမ္ဘာမြေ ကြီးဟာ အကျယ်ကြီးပါလားလို့ ထင်ခဲ့ သလို မထင်မှတ်သူကို မထင်မှတ်တဲ့ နေရာ မထင်မှတ်တဲ့အချိန်မှာ ဆုံရဖို့ လည်း ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးနဲ့ လုံးနေတယ်ဆိုတာ ဟုတ်ပါလားလို့ သဘောပေါက်ခဲ့ဖူးတယ်။

လူတွေ ဘာလို့ အဆင့်အတန်း မတူကြတာလဲ၊ ဘာလို့ အဆင့်အတန်း ခွဲကြရတာလဲ၊ ငွေရှိသူ၊ ရာထူးရှိသူ၊ ဥစ္စာ ဓနရှိသူ၊ ပညာတတ်သူက ပညာမတတ် သူ ပစ္စည်းမဲ့သူကို ဘာကြောင့် ကျွန်ပြု ကြရတာလဲ၊ တောသူ တောင်သား ရွာ သူ ရွာသားအများစု ဘာကြောင့် ပညာ မတတ်ကြရတာလဲ၊ ဒါကိုလည်း မိဘမဲ့ ပရဟိတဘုန်းကြီးကျောင်းမှာ ကျောင်း ဆရာ ဝင်လုပ်ရင်း အတွေ့အကြုံနဲ့ အသိတရားရခဲ့တယ်၊ မိဘမဲ့ကလေးငယ် ကျောင်းသားတွေက ဦးလေးပုဆိုးစကို မျက်ရည်တွေနဲ့ ဆွဲထားကြလို့ ဦးလေးပါ ငိုပွဲဆင်ခဲ့ရဖူးတယ်။

ဟိုတစ်ချိန်က ဓာတ်ပြားပေါ်က အပ်နဲ့ တင်ပြီး သံပတ်ဝင်းအောင် ဂေါက်နဲ့လှည့်လှည့်ပြီး တစ်ညလုံး မရပ် မနား မဲသာအိမ်၊ အသုဘအိမ်တွေမှာ လိုက်ဖွင့်ခဲ့ရတဲ့ အသံခွဲစက်သမားဘဝ ကျင်လည်ခဲ့ရတုန်းက ငါတို့နိုင်ငံမှာ လော်စပီကာခေါ်တဲ့ လော်ခေတ် လော် ပြဿနာ ဘယ်တော့မှ ပျောက်ပါမလဲ တွေးခဲ့ဖူးတယ်၊ အသံခွဲစက်သမားလေး ဘဝနဲ့ လော်တကျော်ကျော်လိုက်အော် ဖွင့်ရင်း ချစ်သူတစ်ယောက် ကောက်ရ ဖူးတယ်။

www.burmeseclassic.com

နောက်တော့လည်း ချစ်သူ တစ်ယောက်ကျပျောက်သွားတယ်၊ ဒီတော့လည်း 'တွေ့ကြုံဆုံကွဲ ဝမ်းနည်း ဝမ်းသာ ဖြစ်ချင်တာလည်း မဖြစ်ရပါ၊ မဖြစ်ချင်တာတွေလည်း ဖြစ်ရတာ' ဦးသုခရဲ့ ဘဝသံသရာဓာတ်ပြားဖွင့်ရင်း လော်ကို ထမ်းလို့လည်း လွမ်းခဲ့ရဖူးတယ်။

ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အငယ်တန်းအင်ဂျင်နီယာဘဝ၊ ကြီးကြပ်ရေးမှူးဘဝလုပ်ရင်းက လုပ်သားတွေဘဝကို အတွင်းကျကျ သိခဲ့ရတယ်၊ ကိုယ်တိုင် ဆောက်လုပ်ရေး အလုပ်ကြမ်းသမားဘဝရောက်တော့ မျက်ရည်ကျလောက်တာတွေ ကိုယ်တွေ့ ကြုံရတယ်၊ မြန်မာနိုင်ငံဟာ သယံဇာတတွေ ပေါကြွယ်ဝပြီး ရာသီဥတုကလည်း ကောင်းပါ၊ သရက်သီးစားပြီး လွှင့်ပစ်ရင်တောင် အလိုလျောက် အပင်ပေါက်တဲ့မြေ၊ မြန်မာတွေလည်း မည်သုံကြပါဘူး၊ ဆင်းရဲကျပ်တည်းလို့ ပြည်ပထွက်ဖို့ ထွက်ပေါက်ရှာခဲ့ဖူးတယ်၊ သင်္ဘောသားခေတ်ဦးပိုင်းကပေါ့၊ သင်္ဘောသားဖြစ်ရင် တီဗွီပါတယ်၊ ကားပါတယ်၊ ဒေါ်လာလည်းရတယ်၊ ဦလေး အညာသားပါ၊ ပင်လယ်လည်း မမြင်ဖူးဘူး၊ ရေလည်း မကူးတတ်ဘဲ သင်္ဘောသားလုပ်ဖို့ ဆင်မလိုက် ရေကြောင်းသိပ္ပံတက်တယ်၊ ပင်ပန်းလိုက်တာ၊ ငွေတုန်လိုက်တာ မပြောပါနဲ့တော့။

နောက်ဆုံး သင်တန်းဆင်းဖို့က ဦးဝိစာရ အမျိုးသား ရေကူးကန် ဒိုင်ဗင်ဘုတ်ပေါ်က ရေထဲ ခုန်ချရတဲ့ သင်ခန်းစာ၊ ခြေတုန်လက်တုန် မျက်နှာမှာ သွေးဆုတ်နေလို့ ဆရာက နောက်ကနေ ကန်ချလိုက်တယ်၊ ရေထဲ မြုပ်ချည် ပေါ်ချည်နဲ့ သင်တန်းဆင်းတော့ (ဖိုးတီးကက်)ဆိုတဲ့ လက်မှတ်လေးစောင်ရ၊ နိုင်ငံကူးလက်မှတ်လည်း အသင့်ကိုင်ထားနိုင်ပြီ (စီဒီစီ) သင်္ဘောသားစာအုပ်လည်းရပြီ၊ သင်္ဘောတက်ဖို့ (တဲလက်) ကြေးနန်းလည်း ဝင်လာပြီ၊ ဒါပေမဲ့ သင်္ဘောသားလည်း မဖြစ်၊ သင်္ဘောလည်း မတက်ဖြစ်ပါဘူး၊ ဖြစ်တာက ဟိုမရောက် ဒီမရောက် အလုပ်လက်မဲ့ဘဝ။

ဒီတော့ ဝက်ဆီဖတ်ရောင်းတဲ့ တရုတ်ကြီးဆီမှာ ကားဒရိုင်ဘာ ဝင်လုပ်တယ်၊ ဝက်ဆီဖတ်တွေကားနဲ့တင်ပြီး မောင်းရတယ်၊ အဲဒီနောက် အိမ်ကား ဒရိုင်ဘာ ဝင်လုပ်ဖြစ်တယ်၊ အလုပ်ရှာရလွယ်သလို ထွက်ရ လွယ်တာလည်း ဒရိုင်ဘာအလုပ်ပဲ။

ဒီတစ်ခါ ဒရိုင်ဘာဝင်လုပ်ဖြစ်တာက မထင်မှတ်ဘဲ ရဲဘော်သုံးကျိပ်ဝင် လူကြီးတစ်ဦးအိမ်ပါပဲ၊ အိမ်ရှင်အဘကတော့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကြီး သခင်ဟောင်းကြီးမို့ထင်ပါရဲ့ အင်မတန် သဘောထား ပြည့်ဝတယ်၊ ချစ်စရာ လေးစားစရာ ကြည်ညိုစရာကောင်းပါရဲ့၊ လူတန်းစား မခွဲခြားဘူး၊ အပေးအကမ်း အကျွေးအမွေးလည်း ရက်ရောတယ်၊ ဒါပေမဲ့ တစ်အိမ်သားလုံးက ဘိုဆန်လိုက်ကြတာ၊ အနောက်ဆန်လိုက်ကြတာ လွန်ပါရောလား၊ အံ့သြစရာ၊ မြန်မာတစ်မျိုးသားလုံးကို ကယ်တင်နိုင်ခဲ့ပြီး တပ်မတော်ကိုဦးဆောင်နိုင်ခဲ့တဲ့ မျိုးချစ်သခင်ဟောင်းကြီးဟာ သူ့အိမ်ကို သူမနိုင်ဘူး၊ ဒါလည်း တကယ်တော့ ကိုယ့်အလုပ်မဟုတ်ပါဘူး၊ ဒရိုင်ဘာလုပ်ကျွေးတာစား လခရရင် ပြီးတာပဲလေ၊ ကျွန်တော်ကလည်း ကျွန်တော်ပါပဲ၊သိပ်မကြာဘူး အလုပ်ကထွက်လိုက်တယ်၊ ရဲဘော်သုံးကျိပ်ဝင် အဘကို နှုတ်ဆက်ရင်း ထိုင်ကန်တော့တော့ အဘ စိတ်မကောင်းဖြစ် ကျန်ခဲ့တယ်။

အဲဒီနောက် ရန်ကုန်မှာ နာမည်ကြီး စားတော်ဆက်ကြီးမှာ ဒရိုင်ဘာ ဝင်လုပ်တယ်၊ စားသောက်ဆိုင်လုပ်ငန်း ဗဟုသုတတွေ အများကြီး ရတယ်၊ အဆင်ပြေပါတယ်။

မြန်မာ့ဟိုတယ်နှင့်ခရီးသွားလာရေးကော်ပိုရေးရှင်း ရုံးချုပ်မှာ ဝန်ထမ်းလိုတယ်၊ အလုပ်ရစေရမယ်လို့ မိတ်ဆွေတစ်ယောက်က ခေါ်တာနဲ့ အဲဒီဌာနရောက်သွားတယ်၊ စားပွဲနဲ့ကုလားထိုင်နဲ့ ရုံးတက်ရုံးဆင်းလုပ်ရတဲ့ အလုပ်မျိုးတွေ မလုပ်ချင်လို့ တိုးရစ်ဘားမားလို့ ခေါ်တဲ့ မြန်မာ့ခရီးသွားလုပ်ငန်းဌာနမှာ ဒရိုင်ဘာဝင်လုပ်တယ်၊ နှစ်တော်တော်ကြာတယ်၊ နိုင်ငံခြားသား တိုးရစ်တွေနဲ့ (ဂိုက်)အဖြည့်လမ်းညွှန်မမတွေနဲ့ အင်မတန်ပျော်စရာကောင်းတယ်၊ အတွေ့အကြုံသစ်တွေရတယ်၊ ဝင်ငွေလည်းကောင်းတယ်၊ အဆင့်အတန်းလည်းမြင့်တယ်၊ အင်းလျားလိပ်၊ ကရင်၊ သမ္မတနဲ့ကန်တော်ကြီး၊ ကမ်းနားဟိုတယ်တွေဆိုတာ ကိုယ့်အိမ် ကိုယ့်ရာ စားအိမ်သောက်အိမ်တွေဖြစ်ခဲ့တယ်၊ အိမ်မှာနေရတယ်ကို သိပ်မရှိဘူး၊ တော့ပင်ပန်းတယ်၊ ဒါပေမဲ့ အဆင်ပြေတယ်။

ပဲခူး ရွှေပါထွန်းဟိုတယ်မှာလည်း တာဝန်ကျဖူးတယ်၊ စားပွဲထိုးဘဝ၊ မီးဖိုချောင် ချက်ရေးပြုတ်ရေးပညာနဲ့ ဗဟုသုတတွေ အများကြီး ရတယ်၊ အရက်လည်း ကောင်းကောင်းသောက်တတ်လာတယ်၊ ဘီယာတော့မကြိုက်လို့ မသောက်တတ်ဘူး၊ အရက်ကလည်း ပေါတယ်၊ တစ်ချိန်မှာ အရက်သမားကြီးဖြစ် ဘဝပျက်မယ်ဆိုတာ မသိသေးဘူး၊ မူးလို့ကောင်း သောက်လို့ကောင်း ပေါ့။

၈၈-ခုနှစ်ရောက်တော့ ငပလီဟိုတုယ်မှာ တာဝန်ကျတယ်၊ ဘယ်တုန်းကမှ အိပ်မက်တောင် မမက်ဝံ့ခဲ့တဲ့ နေရာကို လေယာဉ်ပျံကြီးစီးပြီး ရောက်ခဲ့တယ်၊ ငပလီ ဟိုတယ်မှာက မိတ်ဟောင်းဆွေဟောင်း ဝန်ထမ်းဟောင်းတွေနဲ့ ပြန်ဆုံတယ်၊ မန်နေဂျာကြီးကလည်း သဘောကောင်း အလိုလိုက်ထားတော့ ငပလီမှာ သောက်သောက်လဲပဲ၊ ပျော်လို့ကောင်း နေလို့ကောင်း သောက်လို့ကောင်းနေတုန်း ရန်ကုန်ရုံးချုပ်က အလုပ်ဖြုတ်စာရောက်လာတယ်၊ ၈၈ အရေးအခင်းကာလတုန်းက မော်တော်ယာဉ် ခုနစ်စီး ဖျက်ဆီးခံရမှုနဲ့ ပတ်သက်လို့ ကာဝန်ရှိတယ်လေ့၊ အရေး

www.burmeseclassic.com

www.burmeseclassic.com

အခင်းမှာ ပါဝင်ဆန္ဒပြခဲ့တာလဲ ပါ[illegible]ပေါ့လေ၊ အလုပ်ဖြုတ်လိုက်သည်တဲ့။

ကဲ- ငပလီသောင်ယံကို ပို့စဉ်တုန်းက လေယာဉ်နဲ့၊ အလုပ်ဖြုတ်တဲ့အခါကျတော့ ပြန်ဖို့ လေယာဉ်လက်မှတ်တွေ ဘာတွေ မပါဘူး၊ အလုပ်ဖြုတ်စာပဲပို့တယ်၊ ကဲဆိုးပုံက၊ ဒီတော့လည်း ဦးလေးက ငပလီသောင်ယံမှာ သောင်ပြင်လွှတ်တဲ့ ဟိုအကောင်လိုဘဝ ရောက်ရတာပေါ့၊ တော်ပါသေးရဲ့။

မန်နေဂျာကြီးနဲ့ ငပလီဟိုတယ် ဝန်ထမ်းအားလုံးက အလုပ်ပြုတ်မှတော့ ပျော်သလောက်သာနေ၊ သောက်ချင်သလောက် သောက်ဆိုပြီး အားပေးကြတယ်၊ နောက်တော့လည်း အားလုံးရဲ့ နာရေးအလှူငွေလို ပိုင်းဝန်း ထောက်ပံ့လှူဒါန်းငွေနဲ့ လေယာဉ် လက်မှတ် ဝယ်ပြီး ရန်ကုန် ပြန်ပို့ပေးကြတယ်။

ရုံးချုပ်ကတော့ ပြောပါတယ်၊ အသနားခံစာ တင်ပါတဲ့၊ စဉ်းစားပေးမတဲ့၊ အလှိုဗျာ- ဦလေးအဖြစ်က သနားစရာကောင်းတဲ့အဖြစ်မှ မဟုတ်တာ၊ အသနားခံစာ မတင်နိုင်ပါဘူး၊ မသနားချင်နေပေါ့၊ တကယ်တမ်း သနားရမယ်ဆိုရင် တစ်နိုင်ငံလုံးကို သနားရမှာဗျ၊ ထားလိုက်ပါတော့။

သင်္ဘောသားလုပ်ဖို့ ကြိုးစားတုန်းက သင်္ဘောသားမဖြစ်ဘူး၊ စိတ်တောင်မ ဝင်းဖူးတဲ့ စင်ကာပူနိုင်ငံကို တော့ ဘာမှမကြိုးစားလိုက်ရဘဲ ရောက်သွားတယ်၊ သင်္ဘောသား ပတ်စ်ပို့၊ သင်္ဘောသား စီဒီစီနဲ့ စင်ကာပူနိုင်ငံ ဆောက်လုပ်ရေးကုမ္ပဏီကို ဆောက်လုပ်ရေးလုပ်သားအဖြစ် ရောက်သွားတယ်၊ ခုတ်ရာတခြား ရှရာတခြားပါ၊ ခဏ စာချုပ်ပြည့်ရုံနေမယ်ဆိုပြီး လုပ်လိုက်တာ စင်ကာပူမှာ ခြောက်နှစ်ကြာခဲ့တယ်၊ ဒီကြားထဲ သွားလိုက်ပြန်လိုက်နဲ့ လေးခေါက်ပေါ့၊ တကယ်တော့ ဦးလေး စင်ကာပူရောက်တာ နေ့ခံ ညစ်အသူရကာယ်ဘဲဘဝပါ၊ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ကျခံရသလိုပါပဲ၊ စင်ကာပူလိုလို၊ စစ်ဗိုလ်လူထွက်လိုလို နိုင်ငံခြားပြန် အူကြောင်ကျားဘဝပါ။

အိမ်ထောင်လည်းပျက်၊ စီးပွားလည်းပျက်၊ ဘဝလည်းပျက်၊ အရက်သမားအဖြစ် အဖတ်တင်ကျန်တယ်လေ၊ အသက်ကလည်း ၅၀၊ ဧတောင် မရောက် မြောက်မရောက်ဘဝ၊ ဘာမှလည်း ကုန်းကောက်စရာမရှိတော့ဘူး၊ သောက်လိုက်တဲ့အရက်ကလည်း နေ့ရော ညရော ဆက်နေတယ်၊ လူကလည်း လူရုပ်မပေါ်တော့ဘူး၊ စုတ်ပြတ်နေပြီ၊ ငါးပါးသီလထဲမှာ သူရာမေရိယမူးယစ်သေစာသောက်ခြင်းဟာ အဆိုးဆုံးပဲ ထင်တယ်၊ ဘုရားက မသောက်နဲ့လို့တားထားတာကို သောက်ဖြစ်အောင် စွဲစွဲလမ်းလမ်းသောက်တယ်၊ ကျန်တဲ့ကံတွေ ကျူးလွန်ဖို့ ဝန်မလေးတော့ဘူး၊ အင်မတန်ကြောက်စရာ ကောင်းတယ်။

အဲဒီအခိုန်ကသာ အသေဦးရင် အဝီစိက ဘယ်တော့မှတက်ရမှာမဟုတ်ဘူး၊ အရက်ဟာ ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ သံဃာမှန်းမသိ၊ မိဘဆရာ သမားမှန်းလည်း မသိ၊ လောကကြီး ဘာမှ မသိတော့တဲ့ (အောက်အော့ဖ် သာတီဝမ်း) သုံးဆယ့်တစ်ဘုံအပြင် ဘက်ရောက်ပြီ ထင်ပါရဲ့၊ ကောင်းသောရောက်ခြင်းတော့ မဟုတ်ဘူး၊ အပါယ်လေးဘုံအပြင် ဓနောက်ထပ် ဒုံထက်ဆိုးတဲ့နေရာရောက်မှာ ထင်ပါရဲ့။

'ညော်- အဖေ အဖေ၊ အဖေနဲ့ ဦးလေး ဝေးခဲ့တာ ကြာပါပြီ၊ ဦးလေး ၁၇ နှစ်သားကတည်းက အဖေနဲ့ရန်ဖြစ်ပြီး အဖေနဲ့ဝေးရာထွက်ခဲ့တာ ဦးလေး အသက် ၅၀. ကျော်မှ အဖေ့ဆီ ပြန်ရောက်တယ်၊ အင်မတန် စည်းကမ်းကြီးတဲ့အဖေ၊ လွတ်လပ်ရေးမော်ကွန်းဝင်ဖြစ်ခဲ့တဲ့အဖေ၊ အသက် ၈၀ ကျော်တော့ တစ်ဦးတည်းသောသားကြီးကို သတိရ ခွင့်လွှတ်ပြီး ခေါ်တယ်၊ သားဖြစ်သူ ဦးလေးက အသက် ၅၀ ကျော် အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ အရက်သမား နေစရာ စားစရာ ဝတ်စရာပေးတယ်၊ သောက်စရာတော့ မပေးဘူးတဲ့၊ အဖေပေးတာက နေစရာ အမွေပေးပြီး မသေခင် ဆုံးမသွားတယ်။

'ဒီမယ် ငါ့သား၊ တကယ်တော့ ဘဝစုံတယ်၊ အတွေ့အကြုံများတယ်ဆိုတာ များတိုင်းကောင်းတာ မဟုတ်ဘူး၊ ဘဝစုံတယ်ဆိုတာ အတည်တကျမလုပ်တာ မနေထာ ဂနာမငြိမ်တာပဲ၊ တွေ့ရာကြုံရာလုပ်တယ်နေတယ်ဆိုတာ ကျပန်း အခြေမကျသူပဲ၊ မင်းလုပ်ခဲ့ နေခဲ့ ကြုံခဲ့တာတွေ ပြန်စဉ်းစားစမ်း၊ ဘာမှအတည်တကျ အခြေတကျ မရှိဘူး၊ ယောကျ်းဆိုတာ တည်တည်တံ့တံ့ ဇွဲနဲ့ လုံ့လနဲ့ စဉ်းစားဉာဏ်နဲ့ အခြေတကျ ကြိုးစားရမှယ်။

ဥပမာကွာ ရွှေမန်းတင့်မောင်ဆိုရင် သူဝါသနာပါတဲ့ အနုပညာကို တစိုက်မတ်မတ်လုပ်တယ်၊ မနားမနေ မခိုမကတ်ကြိုးစားပြီး ဇာတ်ကခဲ့တယ်၊ အလင်္ကာကျော်စွာဘွဲ့ရတယ်၊ သူ့ချစ်တဲ့ အနုပညာနဲ့ ဇာတ်ကရင်း ဇာတ်ခုံပေါ်မှာ အသက်ဆုံးသွားတယ်၊ လူသေပေမယ့် နာမည်မသေဘူး၊ သူ့ကို တိုင်းပြည်က အမြဲသတိရ တန်ဖိုးထား လေးစားနေတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာလည်း တိုင်းပြည် လွတ်လပ်ရေးရဖို့ တစိုက်မတ်မတ် အဆင်းရဲ အပင်ပန်းခံကြိုးစားခဲ့တယ်၊ တခြား ဘာကိုမှ အာရုံမမျှားဘူး၊ ဇွဲရှိတယ်၊ သတ္တိရှိတယ်၊ နိုင်ငံရေးလုပ်ရင်း ယော်ယော်ရွယ်ရွယ်နဲ့ ကျဆုံးသွားရရှာတယ်၊ တိုင်းပြည်က သူ့ကို တန်ဖိုးထား လေးစားကြည်ညို့ သတိရနေရတဲ့ပဲ၊ အခု မင်း တိုင်းပြည်အတွက်ရော၊ မင်းအတွက်ရော ဘာလုပ်ခဲ့လဲ'

အဖေ သေသွားတော့လည်း ဦးလေး အသောက်မဖျက်သေးပါဘူး၊ အဖေ အမွေပေးခဲ့တဲ့ မြေနဲ့အိမ်လေးပေါ်မှာ ချောက်ချီးချောက်ချက် စွေးဆိုင်လေး တည်ခဲ့တယ်၊ ဦးလေး ဒုစရိသက်မှာ မလုပ်ဖူးသေးတဲ့ ဇနဖူးသည်

www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကို လုပ်ဖြစ်ပြန်တယ်၊ ဈေးသည် အလုပ်ကို လွယ်တယ်လို့ အထင်သေးခဲ့တယ်၊ အတော်ပညာပါတဲ့ အလုပ်ပဲ၊ ဝန်ထမ်းလစာ၊ လခစားဘဝတွေ လုပ်ခဲ့ရာက ကိုယ်ပိုင်လုပ်ငန်း ဈေးသည်လုပ်ကြည့်တော့မှ အခက်အခဲတွေ ကြုံရတယ်၊ စားဖို့လေးတော့ ရပါတယ်။

ဦးလေးနေအိမ် ဈေးဆိုင်လေး ရှေ့တည့်တည့်မှာက အရက်ဖြူဆိုင် ရှိတယ်၊ သောက်ကြတယ်၊ သေကြတယ်၊ ရန်ဖြစ်ကြတယ်၊ ခုံးရောက် ဂါတ်ရောက် ဆေးရုံရောက်ကြတယ်၊ မြင်နေရတယ်။ မျက်စောင်းထိုးမှာက ဆရာဝန်ကြီး အိမ်ရှိတယ်၊ ဆေးခန်းဖွင့်ထားတယ်၊ နေ့စဉ် လူနာတွေလာကြတယ်၊ ဦးလေးအိမ်ရှေ့မှာက မိန်းလမ်းမကြီး ဆိုတော့ လူစည်တယ်၊ အသွားအလာများတယ်၊ သက်ကြီးရွယ်အို အဘိုးအို၊ အဘွားအိုတို့ သူအိုတွေ သွားနေတာ နေ့စဉ်မြင်ရတယ်၊ ရဟန်းသံဃာတွေ ဆွမ်းခံကြွနေတာ မြင်ရတယ်၊ တစ်ရပ်ကွက်လုံးက လူသေ အသုဘချရာမှာလည်း ဦးလေးနေအိမ် ဈေးဆိုင်ရှေ့က အသုဘချကြတယ်၊ သေလူတွေ တွေ့နေရတယ်။

သိဒ္ဓတ္ထမင်းသားဟာ သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီးလေးပါး မြင်တွေ့ပြီး တရားသံဝေဂရလို့ ဘုရားဖြစ်ဖို့ တောထွက်သွားတယ်ဆို ကျွန်တော်က သူအို၊ သူနာ၊ သူသေ၊ ရဟန်းအပြင် အမူးသမား အရက်သမားတွေပါ မြင်နေရပြီး နိမိတ်ကြီးငါးပါး မြင်ရဖန်များတော့ ဦးလေး အရက်ဖြတ်လိုက်တယ်။

တစ်နေ့တော့ ဈေးဝယ်သွားရင်း အိမ်တစ်အိမ်ရှေ့က ဆိုင်းဘုတ်တစ်ခု ဖတ်မိတယ်၊ 'မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဝိပဿနာတရားတိပ်ခွေများကို ဓမ္မဒါနအဖြစ် အခမဲ့ ငှားရမ်းနိုင်ပါသည်' တဲ့၊ ဒီတော့ ဈေးရောင်းရင်း အားနေတဲ့အချိန်တွေ တရားနာကြည့်ဦးမှဆိုပြီး ဘာမှန်းမသိ အမှုမဲ့ အမှတ်မဲ့ တရားတိပ်ခွေတွေ ငှားခဲ့တယ်၊ ဈေးရောင်းရင်း အပျင်းပြေသဘော နားထောင်ကြည့်တယ်၊ မှတ်ကြားတစ်ချက် ကြားတစ်ချက် ဘာမှ နားမလည်ဘူး၊ ရက်လေးကြာလာတော့ ဝတ်ကျေတမ်းကျေ အပျင်းပြေဖွင့်နေရာက နားလည်ချင်လာတယ်၊ ကြားချင်လာတယ်၊ နားထောင်ချင်စိတ်ဝင်လာတယ်၊ ဒီတော့ အာရုံစိုက်ပြီး နာကြားကြည့်တယ်၊ နည်းနည်း နည်းနည်း နားလည်လာတယ်၊ သဘောပေါက်လာတယ်။

နောက်တော့ နားမထောင်ရ မနေနိုင်အောင် ဖြစ်လာတယ်၊ တရားတိပ်ခွေတွေကလည်း များပါဘိခြင်း။ ဖွင့်လိုက်၊ ဖွင့်လိုက်၊ နာလိုက်နဲ့ ရက်တွေလတွေ ကြာလာတော့ 'ခန္ဓာဖြစ်စဉ် ပဋိစ္စသမုပ္ပာဒ်ဝိပဿနာ တရားတော်ကို နားလည်လာတယ်၊ ဆရာတော်ကြီးက အရိုင်းသက်သက် လူပြိန်း နားလည်အောင်လည်း ဓမ္မပရိယာယ်ကြွယ်ကြွယ် ဟောနိုင်သလို ဥပမာပေးတွေကလည်း ကွက်ကွက်ကွင်းကွင်း ရှင်းလှတယ်၊ တစ်နှစ်နီးပါး ကြာတဲ့အခါ ဦးလေး အရက်သမားကြီးဘဝက ဝိပဿနာ တရားဓမ္မ တစိုက်မတ်မတ် နာကြားသူ ဘဝ ရောက်လာခဲ့တယ်။

ဦးလေး စိတ်တွေ ကြည်လင်လာတယ်၊ ခန္ဓာကိုယ်ကလည်း ကျန်းမာရွှင်လန်း တက်ကြွလာတယ်၊ ငါသိခဲ့တာ တွေဟာ အမှားတွေချည်းပါလား၊ ငါ ဘာမှမသိသေးပါလား၊ သိအောင်ကြိုးစားရမယ်၊ အသေ မဦးခင် ဉာဏ်ဦးအောင် အားထုတ်ရမယ်၊ ငါ့ကိုယ်ငါ အထင်ကြီးနေတာတွေ မှားတယ်၊ 'ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်' လို့ အမြဲနှလုံးသွင်းလာလိုက်တဲ့ အခါ ရှိခဲ့တဲ့ ဒေါသတွေ၊ လောဘတွေ၊ မာနတွေ ပါးရှားလာတယ်။

ငါ ဘာကောင်မှမဟုတ်ဘူး၊ ရှေ့ဆက် ဘာဖြစ်နိုင်တယ်ဆိုတဲ့ လမ်းတွေ မြင်လာတယ်၊ ဘယ်လမ်းကို ရွေးရ၊ လိုက်ရမယ်ဆိုတာလည်း မြင်လာတယ်၊ မှားခဲ့တဲ့အမှားတွေကို ဝန်ခံချင်စိတ် ပို့အန်လာတယ်၊ အသိ ပေးချင်တယ်၊ ကိုယ်လိုအမှားတွေ မမှားကြစေချင်ဘူး။

ဒီတော့ ဈေးရောင်းရင်း တရားနာ၊ တရားနာရင်း စာလေးတွေ ရေးကြည့်တယ်၊ ရေးဖြစ်လာတယ်၊ ဒီစာလေးတွေကို မဂ္ဂင်းတိုက်ပို့ကြည့်တယ်၊ ဖော်ပြ ခံလာရတယ်၊ အားတက်လာတယ်၊ ရေးအား ပိုကောင်းလာတယ်၊ ရေးလေသမျှ အားလုံးနီးနီး ဖော်ပြလာတာ တွေ့ရတော့ စနစ်ကျစည်းကမ်းရှိရှိ စာနယ်ဇင်းဆရာကြီးတွေထံ ချဉ်းကပ်နာခံမှတ်သားရတယ်၊ စာပေလောကထဲ ရောက်မှန်းမသိ ရောက်လာခဲ့ရတယ်၊ ဘဝသံသရာနဲ့ ဘဝက်ကြမ္မာအကြောင်း ကိုယ်တွေ့ဖြစ်ရပ်မှန်တွေကို ဓမ္မနဲ့ယှဉ်ပြီး ရေးနေရာက စာရေးဆရာကြီးတစ်ဦးက အသင်းအဖွဲ့ ရန်ပုံငွေအတွက် လုံးချင်းစာအုပ် ထုတ်ချင်တယ် ပြောတယ်၊ စာမူတွေ လှူလိုက်တယ်၊ လုံးချင်းစာအုပ်အဖြစ် ထွက်လာတော့ ရင်မှလွယ်ပြီး မွေးလိုက်ရတဲ့ ရင်သွေးသားသမီးမြင်ရသလို ဝိတိဖြစ်မဆုံးဘူး၊ ဒီလိုနဲ့ ရပ်ထဲ ရွာထဲ စာရေးဆရာရယ်လို့ အသိအမှတ်ပြု ခံလာရတယ်၊ အသက်အရွယ်လေးကလည်း ရလာ၊ စာပေလောကဂုဏ်သိက္ခာကြောင့် တချို့က သိချင်တာလေးတွေ လာမေးကြတယ်။

ဒီတော့လည်း သိသလောက် နားလည်သလောက်လေးတွေ အတွေ့အကြုံအရ ရိုးရိုးသားသားပြောပြလိုက်တယ်၊ ဘယ်သူဖြင့် ဘာလုပ်နေတယ်၊ ဘယ်လမ်းသွားနေတယ်၊ ဘာဖြစ်မလဲ မေးလာတော့ ဖြစ်လာ ကြုံလာတော့ မယ့် ရှေ့ရေးတွေ ခန့်မှန်းပြောပြလိုက်တယ်၊ ကောင်းတဲ့လမ်းဆိုရင် တိုက်တွန်းပေးပြီး မကောင်းတဲ့လမ်းဆိုရင် ပြင်ဖို့ ပြောပေးတယ်၊ ကြုံတင် ဟောပြော နိမိတ်ဖတ်လိုက်တာတွေ အမှန်အတိုင်း ဖြစ်လာတယ်။

ဥပမာ- ၁၀တန်း ကျောင်းသား တစ်ဦး ပညာကြိုးစားတယ်၊ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com

မှန်မှန်တက်တယ်၊ အနေအထိုင်၊ အစားအသောက်၊ ဝတ်စားဆင်ယင်မှု စည်းကမ်း ရှိတယ်၊ ပညာတတ် ဥပမိရုပ် လက္ခဏာရှိတယ်၊ အောင်မယ်လို့ ပြောလိုက်တယ်၊ အောင်တယ်။

ပညာကို တန်ဖိုးမထား စိတ်မဝင်စား ကျောင်းမှန်မှန်မတက် စာမှန်မှန် မကျက် ဗရုတ်သုတ်ခ ဝတ်စားဆင်ယင် ပေတေနေတဲ့ ဥပမိရုပ် မကောင်းတဲ့ ကျောင်းသား ကျမယ် ပြောလိုက်တယ်၊ မအောင်ဘူး၊ မှန်ခနတယ်။

အရက်သမား တစ်ဦး ဘဝကို လာမေးတယ်၊ ဆက်သောက်ရင် အိမ်ထောင်ပျက်၊ စီးပွားပျက်၊ ဘဝပျက်မယ်၊ မကြာခင်သေမယ်လို့ သူ့ခန္ဓာ အခြေအနေ ကြည့်ပြောလိုက်တယ်၊ မကြာဘူး သေတယ်၊ ဂိုးသားကြီးစားပြီးအသောက် အစား အပျော်အပါးကင်းတဲ့ ဆိုက်ကား ဆရာလေးနဲ့ ဝီရိယကောင်း လိမ္မာယဉ်ကျေး ဘာသာရေးလိုက်စားတဲ့ ပဲပြုတ်သည်မလေး ဇနီးမောင်နှံ့ အကြောင်း မေးကြတယ်၊ ချမ်းသာမယ်လို့ပြောလိုက်တယ်၊ ဂိုးရိုးလေးပါ၊ မှန်သွားတယ်။ ဆိုက်ကားဆရာနဲ့ ပဲပြုတ်သည်မလေးတို့ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ဆိုက်ကား၊ ရွှေနဲ့ ငွေနဲ့ တီဗွီနဲ့ မော်တော်ဆိုင်ကယ်နဲ့ ဖြစ်လာပြီး သားလေးကိုရှင်ပြုလို့ အလှူပေးတယ်၊ ချမ်းသာသွားကြတယ်။

ဘဝင်မြင့် အောက်ခြေလွတ်ပြီး မိသားစုတစ်စုလုံး ခေတ်ဆန်ကြ၊ အသုံးအဖြုန်းကြီးကြ၊ ယောကျ်ားက သောက်သောက်စားစား အပျော်မယားလေးနဲ့ လောင်းကစားက ရှိပြန်၊ မယားကလည်း ပွဲလမ်းသဘင်ကြိုက်၊ ဝတ်လိုက်စားလိုက် အိမ်မှုကိစ္စလစ်ဟင်း၊ သားသမီးတွေက အအုပ်အထိန်း မဲ့တာကျတော့ မင့်မကွက် ပြောလိုက်တယ်၊ မွဲမယ်၊ ဆင်းရဲမယ်လို့။

မကြာပါဘူး၊ အိုးမဲ့ အိမ်မဲ့ဖြစ်လင်မယားကွဲ၊ သားက ထောင်ကျ၊ သမီးက လင်ကောင်မပေါ် ကိုယ်ဝန်ရှိရုပ်ရွာထဲက ပြောင်းပြေးကြရတယ်၊ ဦးလေး ပြောတာ မှန်လိုက်တာတဲ့၊ မခက်ပေဘူးလား။

မန္တလေးသွားမယ့်သူ သွားချင်သူဟာ မန္တလေးသွားမယ့် ကား၊ ရထား၊ သင်္ဘောရှိရာသွားရမယ်၊ လက်မှတ်ဝယ်ရမယ်၊ အချိန်မီ တက်စီးရမယ်၊ လမ်းခုလတ်မှာ ဆင်းမနေရဘူး။ ဒါမှ မန္တလေးရောက်မယ်။

သွားချင်တာက မန္တလေး၊ တက်စီးတာက မော်လမြိုင်မီးရထား၊ လမ်းမှာလည်း ဆင်းနေခဲ့သေးတယ်ဆိုရင် မန္တလေးလည်း မရောက်ဘူး၊ မော်လမြိုင်လည်း မရောက်ဘူးပေါ့။

နိဗ္ဗာန် သွားချင်ပါတယ်ဆိုပြီး သမ္မာအာဇီဝ အသက်မွေးမှုလည်း မပြု၊ ဒါနလည်း မပေးလှူ ကုတ်ကတ်နေ၊ သီလလဲလည်း မဆောက်တည်၊ တရားမာန ဒိဋ္ဌိလည်း မပယ်သတ်၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်လည်း နားလည်အောင် မကြိုးစား၊ ဝိပဿနာတရား အားမထုတ်လို့ကတော့ ဝေးဝေးသွားမှာ နိဗ္ဗာန်၊ နီးနီးလာမှာက သုသာန်ပဲ။ ရောက်မှာသေချာတာက အပါယ်လေးဘုံပဲ”

လူငယ်တစ်ယောက် ကောက်ခါငင်ခါမေးလာတာက . . .

“ဦးလေးရဲ့ ရွှေရေးကိုရော ဦးလေး တွေးမိရဲ့လား” တဲ့။

“ဦးလေးဘဝ ရွှေဆက် ဘာဖြစ်မယ်လို့ ဦးလေးပြောနိုင် ဟောနိုင်ရဲ့လား” တဲ့။

ကျွန်တော် သဘောကျလွန်းလို့ ပြုံးမိပါတယ်။ ဖြေရမှာ မခက်ပါဘူး။ ရိုးရိုးလေးနဲ့ လွယ်လွယ်လေးပါ။

“ဦးလေး၊ အခု ဘဝမှာရော၊ ယခင် ဘဝ ဘဝတွေကရော ဦးလေး သိခဲ့တာတွေဟာ တလွဲတွေသိခဲ့ပြီး သိရမယ့် သစ္စာလေးပါးတရားကို မသိခဲ့ဘူး၊ မသိခဲ့တော့ အဖန်ဖန်မွေး၊ အဖန်ဖန်သေရတဲ့ မွေးသေ မသာဇာတ်ထုပ်တွေပဲ အမျိုးမျိုး ကခဲ့ရတယ်။

မသိမသာ ဆိုတဲ့ စကားဟာ အဲဒါပဲ၊ သစ္စာလေးပါး တရားကို မသိဘဲ တလွဲတွေသိရင် ဘဝသံသရာ၊ ဘဝကံကြမ္မာတွေ မဆုံးနိုင်ဘူး၊ အခု ဒီဘဝမှာ ဦးလေး သစ္စာလေးပါးတရားကို သိအောင် မကြိုးစားဘဲ မသိဘဲနေခဲ့ရင် အကြိမ်ကြိမ် မသာ ဖြစ်ရတော့မှာပဲ၊ အဲဒါ မသိမသာပေါ့။

ဒီဘဝမှာ တလွဲသိခဲ့တာတွေကို ဆရာကောင်း သမားကောင်းထံ နည်းခံပြီး ကလျာဏမိတ္တ မိတ်ကောင်းဆွေကောင်း ပေါင်းသင်းမယ်၊ ခန္ဓာပဋိစ္စသမုပ္ပါဒ် သိအောင် ကြိုးစားမယ်၊ ဝိပဿနာတရားအားထုတ်မယ်၊ တရား၊ မာန၊ ဒိဋ္ဌိတွေ ပယ်သတ်မယ်၊ သစ္စာလေးပါးတရားကို သိသည်ထက် သိသိလာအောင် ကြိုးစားမယ်ဆိုရင် ဒီဘဝထက် သာသာလာမယ်၊ သိသိသာသာဆိုတာ ဒီလိုထင်ပါရဲ့။

ဦးလေး မသိမသာ နေလာခဲ့တာကြာပြီ၊ အဲဒါကို တချို့လူတွေက အတွေ့အကြုံများတယ်၊ ဘဝစုံတယ်လို့ အထင်ကြီးကြ၊ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ပြီး မြွှောက်ထိုးပင့်ကော်လုပ် ချောက်ထဲတွန်းချနေတာပါကွာ။

တကယ်တော့ သိသိသာသာဖြစ်အောင် တိုက်တွန်းကြရမယ်၊ ဆွဲတင်ကြရမယ်၊ ဦးလေးဘဝရှေ့ရေး ကြိုတင်ဟောကိန်းထုတ် နိမိတ်ဖတ်ရရင်တော့ အရင်လိုပဲ မသိဘဲနေရင် မှသာဖြစ်မယ်၊ သိအောင်ကြိုးစားရင် သာမယ်၊ ဦးလေး ပြုပြင်ပြီး ကြိုးစားနေဆဲပါ၊ မသိ မသာဖြစ်မလား၊ သိသိသာသာ ဖြစ်မလားဆိုတာတော့ ဦးလေးကိုယ်ဦးလေး မသိသေးပါဘူးကွာ”

ရေနံ့သာအောင်ချမ်းဇော်

❑

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် အရောင်များအပေါ် ခံစားတတ်မှုနှင့် အတော်လေး အလှမ်း ကွာဝေးကြောင်း ရိုးသားစွာ ဝန်ခံပါသည်။ သို့သော် ပန်းချီရုပ်ပုံကား ချပ်များကိုမူ စိတ်ဝင်စားဖြစ်သည်က တော့ အမှန်။

မြင်သမျှ၊ တွေ့သမျှ၊ လက်လှမ်းမီသမျှ အရောင်နှင့်ပတ်သက်သည့်ကိစ္စများကို ခံစားမှုချို့တဲ့စွာဖြင့် လေးလေးစားစား ကြည်ကြည်နူးနူးဖြင့် ကြိုးစား၍ ခံစားကြည့်ရှု လေ့လာမှုတော့ရှိပါသည်။ ကိုယ်တိုင် မဖန်တီးတတ်ခြင်းကြောင့်လည်း ဖန်တီးထားသည့် ပန်းချီဘာသာရပ်တစ်ခုအား အလှကြည့်ရုံသက်သက်ဖြင့် အံ့ဩြစွာ ကြည့်ရှုမိခြင်းသာ ဖြစ်ပါသည်။

ပန်းချီကားတစ်ချပ်၏ နက်ရှိုင်းမှု၊ ရေးဆွဲသူ၏ ကြိုးပမ်းမှု၊ ပန်းချီကား၏ ဆိုလိုချက် အကြောင်းအရာ၊ အရောင်အသွေးတို့၏ တွဲဖက်မှု၊ စုတ်ချက်တို့၏ အယူအဆ၊ အနီးအဝေး ရှုမြင်မှု စသည်တို့ကို တိတိပပ ရေရေရာရာ နားမလည်ခဲ့ပါ။ ကျွဲပါးစောင်းတီး ဟူသောစကားသည် စာရေးသူအတွက်များ ထားခဲ့လေရော့သလားဟု တွေးနေမိသည်။

စာရေးသူ မကွေးတိုင်းဒေသကြီးမင်းလှမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် တာဝန်ယူ ဆောင်ရွက်နေသည့် ကာလများအတွင်း ပန်းချီကို မျိုးမြင့် (ကွယ်လွန်)၊ ပန်းချီ ကိုတိုးတိုး၊ ပန်းချီ ငြိမ်းချမ်း (အောင်ကျော်သာ)တို့နှင့် လည်းကောင်း၊ ပန်းချီ အေခက် (ဧရာဝတီ)၊ ပိုင်သုဟန် စသည့် ပန်းချီဆရာများနှင့်လည်း ပုလင်းတူဘူးဆို့ နေခဲ့ဖူးသည်။ တစ်ခါတလေ သူတို့ ပန်းချီရေးဆွဲနေခိုက်နှင့် ကြုံလျှင် ဘေးမှထိုင်၍ ကြည့်ရှုရင်း ဘာမှန်းမသိ ခံစားမှုမဲ့စွာ ငေးမောကြည့်ရှုခဲ့ဖူးသည်။

နောက် ပန်းချီပညာနှင့် ဂီတပညာတို့၏ စွမ်းရည်ထက်မြက်မှုများ၊ အကျိုးသက်ရောက်မှုများအကြောင်းကို လသာသည့် ညများတွင် မျက်မမြင်နှင့် နားထိုင်းသူတို့ပမာ မိမိမြင်ရာ ကြားရာ ဘက်ဆီမှ ရပ်တည်၍ အသေးစား ငြင်းခုန်မှုတွေ ကျင်းပခဲ့ကြသည်။

နောက်ဆုံးတွင် ဂီတနှင့်ပန်းချီ သဘောတရားတို့အား ထီးတင်သော အလှနှင့် ငြမ်းဖျက်သောအလှ နှစ်ခုကို စံထား၍ နှစ်ဦးနှစ်ဖက် ငြိမ်းချမ်းစွာ သဘောတူပွဲလေးများဖြင့်လည်းရုပ်သိမ်းခဲ့ကြဖူးသည်။

ဤရွေ့ ဤမျှ ပန်းချီကိစ္စတွင် မျက်လုံးနှစ်ဖက်စလုံး ကောင်းမွန်နေပါလျက် အရောင်တို့ရဲ့ နက်ရှိုင်းမှု၊ မာယာပရိယာယ် ဖမ်းစားမှုတို့ကို မရင်းနှီးဖြစ်ရသည့်အတွက်လည်း ကိုယ့်ကိုယ်ကိုတိမ်မကျေမနပ်ဖြစ်ခဲ့ရသည့် အကြိမ်တွေလည်း မနည်းခဲ့။

ဒီအတွက်လည်း ခိုင်လုံသော အကြောင်းက ရှိနေသည်ဟု ကိုယ့်ဘာသာက လျှောက်လျှောက်ပေါ့ပေါ့ သာသာထိုးပြောစရာတွေ ရှိနေသည်ဟု ဆိုလည်း သယောင် ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

သစ္စာသည်သာ အလှတရား

(ဆောင်းပါး)

စာရေးသူသည် မျက်ဝန်းဖြင့် ကြည့်ရှုခြင်းအပေါ် ခံစားမှု အားနည်းသော်လည်း နားဖြင့် နားထောင်ရသော ကိစ္စ(ဂီတ)အသံတို့ဘက်တွင် ပို၍ အာရုံစူးရှမှုများ ပိုမိုပြင်းထန်လေသလားဟု လည်း မိမိကိုယ်မိမိ မလုံမလဲ ပြန်၍ ပြန်၍ မေးနေမိသည်။

ဒီလိုနှင့် ဂီတနှင့် ပန်းချီကိစ္စများကို ခဏအနားပေးခဲ့ပြီး စာပေကိစ္စတစ်ခုအတွက် ရန်ကုန်ဆင်းလာဖြစ်ခဲ့သည်။

စာရေးသူ ကျင်လည်နေရသော စာပေအသိုင်းအဝိုင်း ကျဉ်းကျဉ်းလေးတွင် ခေါက်တုံ့လူးလာ လမ်းလျှောက်စဉ် ကာလအတွင်း မဂ္ဂဇင်းမျက်နှာပေါ်မှ သရုပ်ဖော် ရေးဆွဲနေကြသော ဆရာနောင်ဝင်းထွန်း၊ ဆရာအောင်ခိုင်၊ ဆရာဇော်သိုက်၊ အောင်နိုင်လတ်၊ ဝမ်းဇော်ဦး (ကူမဲ)၊ ချမ်းအေးဟန်၊ စောနိုင်ထူး တို့နှင့်လည်းကောင်း၊ မျက်နှာဖုံးပန်းချီဆရာများဖြစ်ကြသော ပန်းချီတင်လှဝင်းထင်၊ ပန်းချီစိုးမြင့်လေး၊ ပန်းချီထွန်းအောင်၊ ပန်းချီနွယ်ရှင်၊ ပန်းချီမြင့်မောက်၊ ကျော်စိုးညိန်း၊ ကျော်ကျော်ဦး၊ ကိုဝင်းသိန်း၊ မေဝိုင်း၊ သန်းဇော်သစ်၊ နေဝင်းအောင်၊ ပန်းချီဆရာကြီး ကာတွန်းရွှေမင်းသား တို့နှင့်လည်း ဂီတကမ္ဘာ တေးဂီတတွင်

www.burmeseclassic.com

www.burmeseclassic.com

ရေအိုးနှင့် ရေမှုတ်သဖွယ် ဆက်နွယ်ရင်းနှီးခဲ့ရပြန်သည်။ ဒီအထိလည်း ပန်းချီ၏ အရောင်သဘောတရားတို့ကို ပြင်းပြင်းထန်ထန် ခံစားမှု ဖြစ်ပေါ်မလာသေး။

ပန်းချီပညာနှင့် အရောင်အသွေးတို့သည် စာရေးသူ၏ရင်ကို စူးနစ်ထိခိုက်စေလောက်အောင် ခံစားမှု ပြင်းထန်လောက်အောင်ပင် ခံစားမှုအပေါ် ချိုယွင်းနေပါလျက် ဤဆောင်းပါးကို ဘာကြောင့် ရေးနေသလဲဟု မေးစရာ ဖြစ်လာပါသည်။

စာရေးသူဘက်မှလည်း ပြောစရာရှိပါသည်။ ဒီအတွက်လည်း ဤဆောင်းပါးကို ရေးပါသည်။ စာရေးသူနှင့် ပန်းချီဆရာတို့သည် လုပ်ငန်းသဘောအရ အမြဲတမ်း ဆက်သွယ်နေကြရသူများမဟုတ်ပါလော။ ယခုလည်း စာရေးသူ၏ စာအုပ်ကို ထုတ်ဝေပေးမည့် မောင်ချစ်ညို(ပဲခူး)နှင့် ပတ်သက်၍ ပန်းချီဆရာ ရွှေစိုးဟန် ပန်းချီရေးဆွဲသည့် ပန်းချီခန်းသို့ အမြဲသွားရသည်။ အခန်းပတ်လည်တွင် ရေးဆွဲချီတ်ထားသည့် သူ့လက်ရာ ပန်းချီကားများကို (အလကားရဲတိုင်း) ထိုင်ကြည့်နေမိသည်။ ဒီအထိလည်း စာရေးသူ၏ရင်ကို မလှုပ်ခတ်စေခဲ့သေးပါ။

အလုပ်ကိစ္စ စကားပြောပြီးရင် လက်ဖက်ရည်ဆိုင်းသောက်၊ နောက်တစ်ခေါက် ပြန်တက်လာ၊ ကွန်ပျူတာစာစီ ဘယ်အထိ ပြီးပြီလဲ မေး၊ အတွေးနဲ့ပြန်တက်၊ ရှေ့ဆက်ရမည့် အစီအစဉ်တိုင်ပင်၊ အားရင် ဟာသတွေပြော၊ ရယ်စရာပြောလို့ သဘောတူရင် ရောပြီးရယ်၊ ဒီအထိလည်း ဘာမှ မဆန်း။ အယ်ဒီတာနဲ့ ပန်းချီဆရာ ဆိုသည်ကလည်း ရေအိုးနှင့် ရေမှုတ်ပင် မဟုတ်လား။

စာရေးသူက သူ့ကို ကိုစိုးဟု ခေါ်သလို သူက ဆရာကောင်းဟုခေါ်သည်။ သူဒီနေ့ သရုပ်ဖော်ပုံ ဘယ်နှပုံ ဆွဲပြီးပြီလဲဟု မေးလိုသည့်အခါ "ဆယ်နှစ်က ထွန်ပြီးပြီလဲ" ဟုမေးတတ်သလို ဆရာရွှေစိုးဟန်က နှစ်ပုံဆွဲလျှင် "နှစ်ဇက ထွန်ပြီးပြီ" ဟု ရယ်မောပြီး ပြန်ပြောလေ့ရှိသည်။ ဒါက စာရေးသူနှင့် ဆရာရွှေစိုးဟန်တို့ နှစ်ဦးရဲ့ ဆက်သွယ်ရေး ပုံသဏ္ဌာန်။

တစ်နေ့ ဆရာ မောင်ချစ်ညို(ပဲခူး) ရောက်မလာသေး၍ ဆရာရွှေစိုးဟန် ပန်းချီရေးဆွဲနေသည်ကို ဘေးကထိုင်ကြည့်နေရင်း ပန်းချီခန်းရဲ့ အမြင့်တစ်နေရာမှာ တလေးတစား ချိတ်ဆွဲထားသော စာရေးသူ ရင်းနှီးစွာ၊ ကြိမ်ဖန်များစွာ တွေ့မြင်ခဲ့ဖူးသော ပုဂ္ဂိုလ်ကြီးတစ်ဦး၏ပုံကို တွေ့မြင်လိုက်ရသည်။

စိတ္တဇပန်းချီ စတင် ရေးဆွဲခဲ့သော ပန်းချီဆရာကြီး ဦးအောင်စိုးပုံဖြစ်နေသည်။ ထိုစဉ်ကာလများဆီက အများပြောသလို စိတ္တဇပန်းချီဆရာကြီးဟုသာ ပုံကြမ်းသဘော နားလည်ထားခဲ့မိသည်။ ပန်းချီလမ်းကြောင်း လမ်းသစ်တစ်ခုအား ဖောက်ပြခဲ့သည့် ပုဂ္ဂိုလ်ဟု သာ လေးစားမိခြင်း ဖြစ်သည်။ ရင်ထဲတွင် အမှန်တကယ် သိခဲ့သည်မှာ ပန်းချီဆရာအဖြစ် မဟုတ်၊ ရုပ်ရှင်မင်းသားကြီး ကျော်ဆွေနှင့်တွဲ၍ သရုပ်ဆောင်ရာတွင် လက်ရည်တူညီစွာ၊ လိုက်ဖက်ညီစွာ သရုပ်ဆောင်ကောင်းသော မင်းသားကြီး တစ်ဦးအဖြစ် လေးစားစွာ သိခဲ့ခြင်းသာဖြစ်သည်။

ဒီကိစ္စနှင့် ဆက်နွယ်၍ အမှတ်တမဲ့ ဆုံမှတ်လေးတစ်ခုကို ကောက်ကြောင်း ရေးဆွဲပါရစေ။

၁၉၇၀ ဝန်းကျင်က ဖြစ်ပါလိမ့်မည်။ စာရေးသူ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရန် အရှေ့ဘက်စောင်းတန်းအတိုင်း တက်သွားပါသည်။ ရင်ပြင်တော်ရောက်ခါနီး လှေကားထစ်လေး ငါးခုအလိုတွင် မျက်နှာချင်းဆိုင် တက်ဆိမ့် ဥပဓိရုပ်ရှိသော ခပ်သန့်သန့် ပုဂ္ဂိုလ်ကြီးတစ်ဦး ဆင်းလာပါသည်။

အောင်ဘိရှည်ကို ဒူးဆစ်နားမရောက်တရောက် ခေါက်ထားပြီး အကျီအကွက် ဝတ်ဆင်ထားပါသည်။ လည်ပင်းတွင် ကင်မရာတစ်လုံး လွယ်ထားပါသည်။ စတင်တွေ့ရှိခြင်းက သူ့ခြေဖဝါး ဖြူနုနုများကို စတင်တွေ့ရှိခဲ့ခြင်း ဖြစ်ပါသည်။ မှတ်သားတတ်သော စိတ်တို့က 'မချူသာသည်' ဇာတ်ကားထဲက နွားအုပ်တွေကြားမှာ လဲကျသွားသော သရုပ်ဆောင်မှုများ၊ တစ်ခါတစ်ခါ ဆေးတံကြီးခဲပြီး သရုပ်ဆောင်သည့် တစ်ခါတလေမှာ စီးကရက်ကို စွဲပြီး ကလေးနှင့်ခဲရင်း မထီတထီ ပြောတတ်သော သရုပ်ဆောင် မင်းသားကြီး အလိုလို သိလိုက်သည်။

(ထိုစဉ်ကာလက ဆရာကြီး ဗဂျီအောင်စိုးသည် မင်းသားကြီး ကျော်ဆွေနှင့် တွဲဖက်၍ သရုပ်ဆောင်မှုများကို လမ်းလမ်း ကြည့်နူးခဲ့ဖူးသဖြင့် မှတ်မိနေခြင်း ဖြစ်ပါလိမ့်မည်။)

စာရေးသူက ချာတိတ်ပီပီ ရှင့်သရုပ်ဆောင်ကြီးကို ဝမ်းသာအားပြုံးပြုလိုက်မိသလို ဆရာကြီး အောင်စိုးထံမှလည်း အမှတ်တမဲ့ လေးတစ်ခု မှတ်မှတ်ရရ တွဲပြန်မှု လိုက်ပါသည်။ ဤအရုပ်မဲ့ အရောအပြုံးနှစ်ခု ပန်းချီကားတစ်ချပ်က ဆရာကြီး ဗဂျီအောင်စိုးနှင့် စာရေးသူတို့အား ပထမဦးဆုံးနှင့် နောက်ဆုံးအကြိမ်အဖြစ် တွေ့ဆုံမှုဖြစ်ပြီး အပြုံးချင်း ဖလှယ်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုနှစ်ဝန်းကျင်က စာရေးသူ့ကဗျာများအပေါ် စွဲစွဲလမ်းလမ်း ရူးသွပ်စွာ ရေးပြီး ဖတ်နေချိန် ဖြစ်သည်။

ဒုတိယအကြိမ် ဆရာကြီးနှင့် တွေ့ဆုံသည့်အဖြစ်က ဝိုးတဝါးနိုင်လှပါသည်။ မပံ့မရဲ ပြန့်တွေးကြည့်သည်။ ရှုမဝဓဝဇင်းများ ဖြစ်လေမသိ၊ ကဗျာဆရာ၏ အမည်၊ ကဗျာခေါင်းစဉ်၊ ကဗျာ၏ အကြောင်းအရာ ကဗျာ၏ တင်ပြပုံ ဘာတစ်ခုမှ ကွဲတော့ပါ။ သို့သော် ပန်းချီအရောင်အရောင်တွေအကြောင်း နားမလည်

www.burmeseclassic.com

www.burmeseclassic.com

ခေခံစားတတ်သော စာရေးသူရင်ထဲ ဆရာ ဗဂျီအောင်စိုး ရေးဆွဲသည့် ကဗျာသရုပ်ဖော်ပုံလေးကို ယခုထိ နှလုံးသားဝယ် စွဲထင်နေပါသည်။

စာရေးသူသည် တီကောင်ပုံကို ဝင် ပုံကျကျ ရေးဆွဲတတ်သူ မဟုတ်ပါ။ သို့သော် ၎င်းကဗျာ သရုပ်ဖော်ပုံကို ဘာကြောင့် အလွတ်ရနေပြီး ပြန်လည် ရေးဆွဲတတ်သလဲ။ စာရေးသူ နားလည်တတ်တော့ပါ။ ဤရွှေ့ ဤမျှ မန်းချီပညာ၏ နက်နဲမှုကို နားလည် ခံစားမှု အားနည်းပြီး အရောင်အသွေး တို့နှင့် အလှမ်းဝေးနေသူတစ်ဦးက ကြီး ကြီးကျယ်ကျယ် ဆရာကြီးဗဂျီအောင်စိုး အကြောင်းကို ဘာလို့ရေးရတာလဲဟု အပြစ်ဖွဲ့မည်ဆိုပါက သင့်တင့်လျော်ကန် မှုတစ်ရပ် ဖြစ်ပါသည်။

ဒီကောင် နာမည်ကြီး ကွယ်လွန် သူတွေကို အကြောင်းပြု မောင်းထုပြီး တစ်ကြွေးနေတာဟု အပြစ်ပေးလျှင် ရှင်းစည်းခံပါမည်။ ၎င်းစွပ်စွဲချက်အပေါ် တစ်စုံတစ်ရာ ငြင်းဆိုချက် တုံ့ပြန်မည် မဟုတ်ပါ။ ပြောဆိုသူတို့၏ ပြောသင့်မှု တစ်ရပ်အဖြစ် နားလည်ထားပါသည်။

သို့သော်. . . ထိုသို့သော်သည် (အရေးကြီးသော သို့သော် ဖြစ်ပါသည်) စာရေးသူသည် ကဗျာသမားတစ်ဦးဟု ခံယူထားသူ ဖြစ်ပါသည်။ (မည်သူ အသိအမှတ် ဒဂျပြု မပြုပြု မိမိကိုယ်မိမိ ကဗျာသမားဟု နားလည်ထားသူ ဖြစ်ပါသည်။)

ကဗျာသမားတို့သည် စကားလုံး များကို အလေးအနက် တန်ဖိုးထား တတ်ကြသူများ ဖြစ်သည်။ ဓလောကကြီး ကို လွှမ်းမိုးထားနိုင်တာ စကားလုံးတွေ သာ ဖြစ်သည်ဟု နားလည်ထားသူ ဖြစ် သည်။ ဆက်နွှယ်မှုကို ပြောပါမည်။

ကဗျာသမားဟု ခံယူထားသူ သည် ကဗျာရေးဆရာ၏ ခေါင်းစဉ်၊ ကဗျာစာသားများကို မမှတ်မိတော့ သော်လည်း ဆရာကြီး ရေးဆွဲထား သော ကဗျာသရုပ်ဖော်ပုံကိုမူ ကောင်း

လောကမှာ ဘာပြဿနာမှ အရေးမကြီးဘူး၊ ပန်းချီပြဿနာဘဲ အရေးကြီးတယ်၊ ဆရာဝန်က အရက်ထပ်သောက်ရင် သေလိမ့်မယ်တဲ့၊ သေတာကလဲ အသေးလေးဘဲ၊ ငါနေတိုင်းပန်းချီဆွဲရတယ်၊ ငါထူထားတဲ့ အလံမလိုပို့ဘဲ၊

စွာ မှတ်မိနေခဲ့သဖြင့်လည်း ကိုယ့်ကိုယ် ကိုယ် ကျေနပ်နေမိသည်။

ဆရာကြီး ရေးဆွဲခဲ့သော ကဗျာ သရုပ်ဖော်ပုံကို ယနေ့တိုင် မှတ်မိနေသေးသည်။

စာရေးသူသည် ပန်းချီရွှေစိုးဟန် အလုပ်ခန်းမှ ဆရာကြီးဗဂျီအောင်စိုး၏ ဓာတ်ပုံနှင့် ဆရာရွှေစိုးဟန် အတွက် ရေးပေးထားသော ဆရာ့လက်ရေးနှင့် စာကို ငေးမောဖတ်ရှုရင်း အသက်ပင် ရှူဖြစ်ခဲ့မိသလားဟု မသိလိုက်ပါချေ။

ဆရာကြီး ဗဂျီအောင်စိုး၏ ဓာတ်ပုံနှင့်အတူ ဓာတ်ပုံမှာက်တွင် ရေးထားသော ဆရာကြီး၏ အတွေး အခေါ်၊ အယူအဆ ခံယူချက် စကား များက စာရေးသူ၏ နှလုံးသားကို ထိုး ဖောက် ဝင်ရောက်လာသည်။ တစ်ခါက သူအပြု၊ နောက် သူပန်းချီပုံလေးတစ်ပုံ၊ ယခု သူ၏ အလေးအနက် ဆိုထားခဲ့ သော စကား၊ ဆရာ့ လက်ရေး။

ဒီရေးနှင့်အတူ တွန်းပို့ခြင်းခံလိုက် ရသော ဒီလိုင်းများသဖွယ် စာရေးသူ၏ အတွေးများသည် ဆရာကြီး၏ စကား လုံးများမှတစ်ဆင့် အသွေးအသားများ ၏ အစွန်ဆုံး အစိတ်အပိုင်းများတိုင် အောင် ဝင်ရောက်စီးဆင်းသွားပါသည်။ ထို့ကြောင့် ဤဆောင်းပါး ရေးခြင်း ဖြစ်ပါသည်။

မြန်မာ့ပန်းချီလောကတွင် လေး စား ဂုဏ်ယူလောက်သော ပန်းချီဆရာ ပေါင်း များစွာတို့၏ အမည်တို့သည် ထင်ကျန်တည်ရှိနေကြပါသည်။သို့သော် စာရေးသူ၏ နယ်ပယ်ကျဉ်းမြောင်းမှု ကြောင့် လည်းကောင်း၊ ပန်းချီကားချပ် များကိုသာ လေ့လာကြည့်ရှုနိုင်ခဲ့ပြီး ယခု ကဲ့သို့ စကားလုံးများဖြင့် အပြကောင်း လောက်အောင် အပြောလည်းကောင်း ခဲ့သော စာစုများကို ဘဝင်ကျစွာ လက်ခံ သိမ်းဆည်းလိုစိတ်ဖြင့် ဤဆောင်းပါးကို ရေးသည်ဟု ထပ်မံဆိုပါရစေ။

ထို့ကြောင့် ဤအဖြစ်အပျက် လေးများကို စုစည်းပြီး ရေးသားတင်ပြ လိုသဖြင့် ဆရာရွှေစိုးဟန်ထံမှ ခွင့် တောင်းခဲ့ပါသည်။ ဆရာရွှေစိုးဟန်က လည်း ကြည်ဖြူစွာ ခွင့်ပြုပေးခဲ့ပါသည်။

ဆရာကြီး ဗဂျီအောင်စိုး၏ အဆုံးအမဟု ပြောရမည်လား၊ ဒဿန စာစုဟု ပြောရမည်လား၊ ခံယူချက်လား၊ ယုံကြည်ချက်လား မည်သို့ ခေါင်းစဉ်တပ် ပြောဆိုရမည် မသိသော စကားလုံးတို့ သည် စာရေးသူတို့ကဲ့သို့သော စာပေ သမားများ၊ ပန်းချီဆရာများ၊ အနုပညာ နှင့် ဆက်နွှယ်နေသော ပုဂ္ဂိုလ်အားလုံး အတွက် လိုက်နာကျင့်သုံးရန် မလိုအပ် မှေဘူးလား။

www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓဝင်မြောက် ပန်းချီဆရာကြီး တစ်ဦး၏ ရင်တွင်းမှ အပြင်းထန်ဆုံး ခံယူချက်၊ ခံစားမှုစာစုတို့သည် ပေါက္ခရဝဿန်ဖိုးနှယ် စွတ်စိုလိုသူအတွက်သာ စွတ်စိုခွင့် ရှိလေသလော၊ စာရေးသူတို့ အတွက်ကော မျှဝေခံစားခွင့် မရှိသင့် ပေဘူးလား။ ထို့ကြောင့် မျှဝေခံစားခွင့် ရအောင် ခွင့်ပြုပေးသော ဆရာရွှေဖိုး ဟန်ကို ရင်တွင်းမှ လှိုက်လှိုက်လဲ့လဲ့ ကျေးဇူးတင်နေမိသည်။

ဂီတ၊ စာပေ၊ ပန်းချီလောက သားအားလုံးအတွက် တစ်စုံတစ်ခုသော အတိုင်းအတာအထိ တန်ဖိုးမဖြတ်နိုင်သော အဆုံးအမ စာစုတစ်ခုပင်မဟုတ်ပါလော။ ဒို့အတွက် စာရေးသူသည် နာမည်ကျန်ခဲ့ပြီး အောင်မြင်မှုသမိုင်း ရှိသူများကို အကြောင်းပြု၍ မောင်းထုက၁ ဟစ်ကြွေးတတ်သူမဟုတ်ကြောင်း မိမိသိကျွမ်းကိုမိမိ ယုံကြည်သူပီပီ ဆရာကြီး ဗဂျိုအောင်စိုး၏ ဒဿနစာစုကို မျှဝေလက်ဆင့်ကမ်းခြင်းသာဖြစ်ပါသည်။

ကရမက်ပင်ကို နွယ်တက်၍ အခက်အလက် အစုံပွင့်ပြနေသည့် သစ်ခွပင်မှ အခိုင်တစ်ခု မဟုတ်ပါ။ ပေးသူက ပေးသည်ကို ဘဝင်ကျစွာ လက်ခံရရှိသူများကကော ဘာကြောင့် မခံယူနိုင်ဘဲ ရှိရပါမည်နည်း။ ထို့ကြောင့် ဤဆောင်းပါးနှင့် ပတ်သက်၍ ပြောလာသမျှကို သိုးငယ်တစ်ကောင်လို လည်စင်းပေးရုံမှတစ်ပါး. . . ။

မှတ်ချက် - ဤဆောင်းပါးကို ရေးသားပြီးချိန်တွင် ဆရာကောင်းတပည့်ပီပီ ပန်းချီလောကၵ၌ နာမည်အရှိန်ရနေသော ဆရာပန်းချီရွှေဖိုးဟန်သည် "ပန်းချီဆရာတွေ ငိုရမယ့်အလုပ်ကို လုပ်သွားပါ" ဆိုသော ဆရာ့စကားကို မြေဝယ်မကျလိုက်နာခဲ့သဖြင့် "ရွှေဖိုးဟန်"ဟူသော မှတ်တိုင်တစ်ခု စိုက်ထူခဲ့သလို "လောကဓာတ်မှာ ဘာမှ အရေးမကြီးဘူး၊ ပန်းချီပြဿနာပဲ အရေးကြီးတယ်၊ အရက်သောက်တာလည်း ပြဿနာအသေးလေးပဲ၊ ငါထူထားတဲ့အလံ မလဲဖို့ဘဲ" ဆိုသော ဆရာ့စကားအတိုင်း "အရက်သောက်ရင် သေလိမ့်မယ်၊ သေတာလည်း အသေးလေးပဲ" ဆိုသော ဆရာ့စကားနဲ့အညီ သေခြင်းတရားကို သေးသေးလေးလို့ သဘောထားပြီး သူဆရာဖြစ်သူ ဆရာကြီး ဗဂျိုအောင်စိုးထံ (၃၁. ၁. ၂၀၀၈) နေက လိုက်သွားခဲ့လေပြီ။

ယခုအချိန်တွင် စာရေးသူ မမြင်နိုင်သော ဘုံဘဝတစ်ခုမှာ ဆရာတပည့် နှစ်ယောက်သား ပန်းချီကားတွေဆွဲရင်း စကားတွေ ဖောင်လောက်အောင် ပြောနေကြလေရော့သလား။ ဒါမှမဟုတ် . . အင်း. . . ဒါမှမဟုတ်။

ဆရာတို့ နှစ်ဦး ကောင်းရာသုဂတိ လားကြပါစေ။

[မှတ်ချက်- ဆရာကြီးဦးအောင်စိုးသည် 'ဗဂျိုအောင်စိုး' ဟုသုံးပန်းချီဆရာနာမည်ကို ရေးထိုးလေ့ရှိပါသည်။]

မောင်းကောင်းမြတ်

❑

ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

◎ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယကြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယကြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း၊ ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။

ငွေကြိုသွင်းပြီး ပုန်းဖြင့် ပေးပေးနိုင်ပါသည်။ KBZ Bank A/c No - 00730100701491101

လွှဲကိုင်ဘဏ်ခွဲ၊ ပုန်ကုန်မြို့ နိုင်ငံသားမှတ်ပုံတင်အမှတ် - ၁၀/မအန(နိုင်) ၀၁၁၄၂၂

ဟောခန်း - အမှတ် (၆)၊ ပီးကောင်းဘုရား ကပ္ပောက်ဘက်မှာ၊ ပုန်ကုန်မြို့နယ်၊ ပုန်ကုန်မြို့ ။ ဖုန်း ၀၉ ၂၅၀ ၄၄၀၂၁

ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ : ၃၀) မှ ညနေ (၅ : ၄၅) နာရီထိ။

www.burmeseclassic.com

www.burmeseclassic.com

စာမူများ ပေးပို့နိုင်ပါသည်

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေးဆောင်းပါးများ၊ ဂန္ဓိရ ဝတ္ထုများ၊ သရဲဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်း အနောက်တိုင်း ဆေးပညာရပ်များ၊ စီးပွားရေးဆောင်းပါးများ၊ နိုင်ငံတကာ သုတအဖြာဖြာကဏ္ဍ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

ဆောင်းပါးစာမူများ ပေးပို့လျှင် မဂ္ဂဇင်း စာမျက်နှာ သုံးမျက်နှာမှ လေးမျက်နှာခန့်အထိ၊ ဝတ္ထုစာမူများပေးပို့လျှင် မဂ္ဂဇင်းစာမျက်နှာ ငါးမျက်နှာမှ ရှစ်မျက်နှာခန့်အထိ မှန်းဆ၍ ရေးသားပေးပို့စေလိုပါသည်။

ဘုရားစာ၊ ဂါထာများနှင့် ပတ်သက်၍ ပါဠိဘာသာကို တိကျသေချာစွာ ရေးသားပေးပို့စေလိုပါသည်။ မတိမကျရေးသားထားပါက ရွေးချယ်လိမ့်မည် မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုးမပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

စာမူဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ လက်ရေးမူရင်းစာမူအား ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည် ပေးပို့မည် မဟုတ်ပါ။

ဖုန်းဖြင့် တစ်သွယ်၊ စာဖြင့်တစ်နည်းပေးပို့ထားသော စာမူများကို ပြန်လည်ရယူလိုသော စာမူရှင်များ သတိပြုစေအပ်ပါသည်။ အယ်ဒီတာအဖွဲ့အနေဖြင့် စာအုပ်အချို့မှီ ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်နေရသောကြောင့် နားလည်ပေးစေလိုပါသည်။

ဆက် သွယ် ရန်

အယ်ဒီတာအဖွဲ့

လပြည့်ဝန်းမဂ္ဂဇင်း

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊ (၁၇×၁၈)လမ်းကြား၊
လသာပြိုင်နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၂၅၄၂၄၈၃၀

www.burmeseclassic.com

www.burmeseclassic.com

POPULAR STAR
Travel & Services

ခရီးသွားဝန်ဆောင်မှုလုပ်ငန်

ခွစ်ခဒ်လေးစားအပ်ပါသော မိတ်ပေါင်း၊ မိတ်ဆွေ လူကြီးမင်းအပေါင်းတို့အား ကျွန်းမာရေးလန်းပါစေကြောင်း အလေ့အကျင့် အားလုံး အဆင်ပြေ တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။ **"စိတ်အေးချမ်းသာ ခရီး စေထနာရေထား ပေါ်ပြုံလာစေသား"** ဆိုသည့် အတိုင်း ၂၀၁၅–၂၀၁၆ ပွဲတော်ခရီးရာသီအတွင်း ကုသိုလ်ပွားများနိုင်၊ အပါ အနားယူနိုင်စေရန် အတွက် အဆင်သင့်ဆင်သော ဝန်ဆောင်မှုများဖြင့် ခရီးစဉ်များအား မိတ်ဆက်ပေးပါရစေ။

ဗုဒ္ဓဂယာခရီးစဉ် (၁၄ညအိပ်၊ ၁၅ရက်ခရီးစဉ်)
သံဃဂန်ိယ (၄) ဌာန – အဝီဇကိတ (၄) ဌာန – နယူးဒေလီ – တာ့ဂျ်မဟာ
(Oct-7,26) (Nov-15,29) (Jan-27) (Feb-10) (Mar-2,16)

ပြောင်းလဲနေသောနိုင်ငံခြားငွေလဲလှယ်နှုန်းပေါ်မူတည်၍သင့်တင့်မျှတသောဈေးနှုန်းဖြင့်ပို့ဆောင်ပေးပါမည်။

ဘန်ကောက်–အယုဒ္ဓယ–ဝတ္ထရားခရီးစဉ် (၅ညအိပ်၊ ၆ရက်ခရီးစဉ်) — USD - 550
ဘန်ကောက်–ဘင်္ကောဒီးလား‌ခရီးစဉ် (၃ညအိပ်၊ ၄ရက်ခရီးစဉ်) — USD - 600

တောင်ကြီးခရီးစဉ် (၄ညအိပ်၊ ၅ရက်ခရီးစဉ်) — Ks-160,000/-
တောင်ကြီး – အင်းလေး – ဗင်းတယ – ထမံ့စမ်း – ကတ္တူ – ကလော

မန္တလေးခရီးစဉ် (၄ညအိပ်၊ ၅ရက်ခရီးစဉ်) — Ks-150,000/-
မန္တလေး – မင်းကွန်း – ပြင်ဦးလွင် – စစ်ကိုင်း

ကသာခရီးစဉ် (၄ညအိပ်၊ ၅ရက်ခရီးစဉ်) — Ks-160,000/-
အလောင်းတော်ကသာပ – ဖိုဝင်းတောင် – မုံရွာ – မန္တလေး – စစ်ကိုင်း

ပုဂံခရီးစဉ် (၄ညအိပ်၊ ၅ရက်ခရီးစဉ်) — Ks-150,000/-
ပုဂံ (စွယ်တော်လေးဆူ – ပြည်ငါးပြည်) – ညောင်ဦး – မဒုက္ကူ – ပွပ္ပါး

ကုမ္ပဏီများ၊ အသင်းအဖွဲများနှင့်သီးသန့်သွားရောက်လိုသူများအားသီးသန့်စီစဉ်ဆောင်ရွက်ပေးနေပါပြီ။

အဝုတ် (၇၄)၊ ဝထဝေထပ်၊ နံ့သာလမ်း၊ ဗဟန်းရပ်တွင်း၊ အလုံပြိုန္နယ်၊ ရန်ကုန်မြို့။
Ph ; 01-2301866, 09-5129134, 09-786516520, 09-785022452 E-mail ; popularstar.mm@gmail

www.burmeseclassic.com

www.burmeseclassic.com



ပျံနေခဲ့လင်းယုန်

အို. ဟုတ်

ထာဝရလေရောင်

ကိုမောင်သန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

ညောင်တုန်းအမှတ်တရ ခရီးအစ

၂၀၁၃ခုနှစ် ဒီဇင်ဘာလအတွင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့သို့ ရောက်ဖြစ်သည်။ ဆရာလင်းယုန်သစ်လွင် စာပေထိန်းသိမ်းရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူး ဆရာကာတွန်းကြည်ဝင်းက ခေါ်ယူ၍ ရောက်ခဲ့ခြင်း ဖြစ်သည်။

ဆရာလင်းယုန်သစ်လွင်၏ မွေးရပ်မြေတွင် ဆရာ့အတွက် အထိမ်းအမှတ်အဖြစ် တစ်ခုခု ဆောင်ရွက်လုပ်ဆောင်ပေးရန်အတွက်ဟု သိရသည်။ အဖွဲ့ဝင် ဆရာများဖြစ်သည့် မောင်ခေတ်ထွန်း၊ နန္ဒာမိုးကြယ် တို့လည်း ပါသည်။

ညောင်တုန်းအဝင် လက်ဖက်ရည်ဆိုင်တွင် ခေတ္တအနားယူကြစဉ် 'စက္ကော့'ဟူသည့် အသံကို ကြားလိုက်ရသည်။ စက္ကော့သည် ညောင်တုန်းတစ်ဖက်ကမ်းတွင် ရှိသည်။ ဇက်ဖြင့် ကူးရသည်။ အနီနေရာတစ်ဝိုက်သည် ဆရာလင်းယုန်သစ်လွင်၏ 'သောင်းဒီပါမြေ'၊ 'သီတာသောင်ခြေဦး'၊ 'ခမ္မဝိလာသ' စသည့် ဝတ္ထုများမှ အဓိကနေရာ ဖြစ်သည်။ ဆရာ၏ ဇာတ်ကောင်ပုံရိပ်များ ထင်နေဆဲ ဖြစ်သည်။

အုံမွှယ် ခမ္မဝိလာသ

အထူးသဖြင့် ဆရာလင်းယုန်သစ်လွင်၏ 'ခမ္မဝိလာသ'ဝတ္ထုကို စာရေးဆရာကြီးများက ဘဝင်ကျစွာ မှတ်တမ်းပြုခဲ့ကြသည်။ ခမ္မဝိလာသသည် ပုဂံစာအုပ်တိုက်၏ ကိုးနှစ်ပြည့် အထိမ်းအမှတ် ဝတ္ထုရှည်ကြိုးဖြစ်သည်။ ဂျပန်တော်လှန်ရေးခေတ် အဖြစ်အပျက်များကို အခြေခံလျက် မြန်မာအမျိုးသား လူငယ်များ ချွေးတပ်အဆွဲခံရပုံ၊ လူအများ ကိုးလန့်စာစား ဖြစ်ခဲ့ရပုံတို့ကို ဖော်ပြထားသည်။

ထိုပြင် လေ့သမွန်သမားတို့၏ ဘဝ၊ ရပ်ရွာအကျိုးဆောင် ရဟန်းတစ်ပါး၏အဖြစ်၊ တော်လှန်ရေးသမားတို့၏ စွန့်စားဆောင်ရွက်မှုနှင့် ဒုက္ခရောက်နေသော ဆင်းရဲသူအမျိုးသမီးတစ်ဦး၏ ဘဝကို ယှက်နွယ်ရေးဖွဲ့ထားသည်။

ခမ္မဝိလာသ ဝတ္ထုကြိုးနှင့် ပတ်သက်၍ ဆရာတက္ကသိုလ်ထင်ကြိုးက - "ဝတ္ထုကောင်းတစ်အုပ်ကို ဖတ်လိုပါသည်ဟု စာပေ၌ ရှေ့ပြေသူတစ်ဦးက ဆိုအံ့၊ လင်းယုန်သစ်လွင်၏ ခမ္မဝိလာသကို ညွှန်းရပေမည်" ဟု ဆိုသည်။

ဆရာပါရဂူက - "သည်စာအုပ်ထူနေသော်လည်း ကြားနေကျ ဖက်ဆစ်ဂျပန် တော်လှန်ရေးအသံကို ထပ်ကြားရသည်မှတစ်ပါး အိုင်နေသည်မျောနေသည်ဟူ၍ မရှိ။ ဇာတ်ကောင်များသည် လှုပ်ရှားနေသည်။ စကား၊ ဝါကျနှင့်စကားလုံးများ မြူးကြွနေသည်။ ရေလုပ်သားလောကနှင့် မြစ်ကြောင်းဝန်းကျင်ကို ခြယ်မှုန်းရာ၌လည်း ကြည်လင်ပြတ်သားသည်။ သဘာဝကျသည်။ စကားလုံးအသုံးအနှုန်းနှင့် ဥပမာ ဥပမေယျများကို ရွေးချယ် အသုံးပြုရာ၌ ရေလုပ်သား၊ တံငါလောကနှင့် ပတ်သက်သည့် ဥပမာ၊ ဥပမေယျများကို ကြိုးစား၍ အသုံးပြုထားသဖြင့် ဇာတ်လမ်း ဇာတ်ကွက်နှင့် စကားလုံး အသုံးအနှုန်းသည် ရွှေနှင့်မြလို ပန်ရနေသည်" ဟု ထောမနာပြုထားသည်။

ဆရာမောင်ထင်က - "အလိုမတူဘဲ ရုသောကိုယ်ဝန်၊ ဘုန်းကြီး တစ်ပါး၊ တော်လှန်ရေးသမား တစ်ယောက်၊ တစ်ခုနှင့်တစ်ခု ဘယ်လိုမှ ဆက်စပ်၍ မရသော ရုပ်နှင့်ခန္ဓာ အစုအဝေးတို့သည် ဘဝသံသရာနှင့်တူသော မြစ်လယ်ကောင်၌ တွေ့ကြ၊ ဆုံကြ၊ ကြုံကြ၊ ကွဲကြလေ၏။ ဤအကြောင်းကို မြန်မာဝတ္ထုရေးဆရာ ချွေးတပ်သံ့းသုံးတသီပုဂ္ဂိုလ် လင်းယုန်သစ်လွင်က မြန်မာစစ်စစ် ဝတ္ထုတစ်ပုဒ်အဖြစ် တင်ပြသည်။ မြန်မာစစ်စစ်ဟုဆိုခြင်းကြောင့် မြန်မာတို့သာလျှင် ဖတ်၍ ရသောဝတ္ထု မဟုတ်၊ ကမ္ဘာ့ဝတ္ထုထဲ၌ဝင်ဆံ့သော ဝတ္ထုမျိုးဖြစ်သည်" ဟု ဝေဖန်ချီးကျူးထားသည်။

ဆရာမင်းကျော်က - "ခမ္မဝိလာသ ဟာ သိမ်မွေ့နူးညံ့တဲ့ ဇာတ်လမ်းတစ်ခုကို သိမ်သိမ်မွေ့မွေ့ ဖော်ပြထားတဲ့ ဝတ္ထုတစ်ပုဒ်လို့ သဘောပေါက်ရပါမယ်။ သာမန် အမျိုးသမီးတစ်ယောက် အနေနဲ့ ထူးခြားတဲ့ခေတ်ကာလနဲ့ အခြေအနေတွေ၊ ပြီး ပတ်ဝန်းကျင်အကြားရှုန်းကန်လှုပ်ရှားလာခဲ့ရပုံကို ဖော်ပြထားပုံဟာ ကိုယ်ကိုယ်တိုင် ပုလဲနှင့်အတူ လှိုင်းထဲမှာ မျောပါနေရသလို ခံစားမိပါတယ်" ဟုခံစား တင်ပြခဲ့ပါသည်။

ရှမဝ ဦးကျော်က - "ခမ္မဝိလာသတွင် ကျွန်တော် ခံစားရသည့်အချက်မှာ လူတို့သည် အမှန်တရားကို အဘယ်ပုံ ဆုံးဖြတ်ကြပါသနည်း၊ အထင်မှားမဟုတ်၊ အများ၏အမြင်၌ ယုတ္တိယုတ္တာရှိရှိ ကျိုးကြောင်း ဆက်စပ်၍ ရပြီဆိုလျှင် အမှန်တရားဟု ဆုံးဖြတ်နိုင်မည်လော ဟူသည့် ပြဿနာကို တွေ့ရှိကာ ရဟန်းတော် ရှင်ခမ္မဝိလာသအတွက် တန်ဆံ့ခံစားနေရသည်။ ခမ္မဝိလာသသည် မြန်မာဝတ္ထုလောကအတွက် များပါးလှသော ခြားနားသည့် ဝတ္ထုကောင်းကြီး တစ်ပုဒ်ပါပေ" ဟု၍လည်းကောင်း၊

ဆရာမကြီး လူထုဒေါ်အမာက - "ခု ခမ္မဝိလာသကို ဖတ်ရင်းလည်း လင်ကောင်မပေါ်နိုင်တဲ့ မိပုလဲ တစ်ယောက် ထမင်းငတ်လို့ နို့မထွက်ဘဲ ရှိတော့ ရင်ခွင်က တဆာဆာငိုတောင်းတဲ့ ကလေးတန်းလန်းနဲ့ ဘုန်းကြီးကျောင်းမှာ ထမင်းတောင်းရတဲ့အခန်းဟာ ဖတ်ရင်းနဲ့ မျက်ရည်စို့ရတယ်"ဟု၍လည်းကောင်း၊

ဆရာဆင်ဖြူကျန်းအောင်သိန်းက - "ခမ္မဝိလာသကို ဖတ်ရှုပြီးစီးသော အခါ ရင်တွင်း၌ ကျေနပ်ခြင်း၊ ပီတိဖြစ်ခြင်းကို ခံစားရပါသည်။ ထိုပီတိအဘယ်ကြောင့် ခံစားရပါသနည်းဟု ပြန်လည်စစ်ဆေးကြည့်၏။ ရဟန်းတော် ရှင်ခမ္မဝိလာသ၏ ကြီးမားသော မေတ္တာတရားကို တွေ့ရသည်။ ဝတ္ထုတစ်ပုဒ်လုံး၌ ခမ္မဝိလာသအခန်း မများစေကာ

www.burmeseclassic.com

www.burmeseclassic.com

မွေဝိလာသက ဝတ္ထုကို ချုပ်ကိုင်၏" ဟူ၍လည်းကောင်း။

ဆရာကြီးမောင်က - "မြန်မာ သူ့လောက၏ဝတ္ထုရှည်ကဏ္ဍအတွက် အောင်မြင်သော လက်ရာတစ်ပုဒ်၊ ရသ ထိုးပါးအနက် အရေးအသားနည်း၍ ရွှေးပါးသော စိတ်တည်ငြိမ်မှု ရသကို ဖွန်းပြသော ဝတ္ထုကောင်း တစ်ပုဒ်၊ ထင်ယုန်သစ်လွင်၏ လုံးချင်းလက်ရာ (၁၀)ခန့်အနက် အကောင်းဆုံး လက်ရာ တစ်ပုဒ်" ဟူ၍လည်းကောင်း ချီးကျူး ရေးသားထားသလို -

ဆရာမနုယဉ်ကလည်း-
"ခမွေဝိလာသ၊ ဖတ်ရသဖြင့် ရင်နင့်လှိုက်မော၊ အတောမသတ် ဖြစ်ရပ်နောက်ကြောင်း ခေတ်ဟောင်းမြင်ကာ တံငါဖြစ်ငြား၊ ဆဗွားသဒ္ဒါ စေတနာဒုဋ္ဌ၊ လူမှာဝီဇ ဆိုးစွဉ်ဥမ္မိ၊ မိုက်ဆိုးယုတ်ကန်း တန်းစားမတူ၊ လူတွင်ရှိငြား ပြုမူများနှင့်၊ တရားဟောညွှန် မြတ်မွန်သီလ၊ နိစ္စချုပ်ထိန်း မယိမ်းမညွတ်၊ ကျင့်ဝတ်ပြည့်စုံ ရဟန်းဂုဏ်ကို၊ အာရုံဝင်မိ ပီတိသံဝေ၊ ထွေထွေခံစား လူသားဖြစ်ပုံ၊ အစုံစုံကို ရင်ခုန်သက်ပြင်း၊ ရင်တွင်းမြင်မိ အသိစိတ်ပေါ်၊ အဟောဝတ ကောင်းလေစွ။"
ဟူ၍ ဖွဲ့သီခဲ့သည်။

ထင်ဆဲ မြင်ဆဲ ပုံစီပုံ

ဆရာ လင်းယုန်သစ်လွင်သည် ရောတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်သား ဖြစ်သော်ငြားလည်း ဆရာ၏ရုပ်ဆွင်သည် အ.ယာက မြန်မာစစ်စစ် အစ်ယောက်နှင့်တူသည်။ အသားညိုညို အရပ်မြင့်မြင့်၊ မေးရိုးကျကျ၊ နှာတံပေါ်ပေါ်နှင့် မျက်နှာမှာစတုဂံပုံသဏ္ဌာန် ဆန်းသားသောအသွင် ရှိသည်။ မျက်မှန် အထူထားသော်လည်း မျက်လုံးအစုံက တောက်ပလျက်ရှိနေသည်။ ဆရာ့ခန္ဓာ ကိုယ်မှာ လုံးကျစ်၍ တုတ်တုတ်ခိုင်ခိုင် ဖြစ်သည်။ ပုဆိုးကို ခပ်တိုတိုဝတ်သည်။ သွားလေရာတွင် လွယ်အိတ်တစ်လုံးကို လွယ်လေ့ရှိသည်။ လူချင်းစကားပြော လျှင် ရင်းရင်းနှီးနှီး ချိုချိုသာသာ ပြော လေ့ရှိသည်။ ဆရာ၏ နှုတ်ခမ်းခွန်ခွန် ကလေးမှာ စကားပြောတိုင်း လှုပ်ခါခါရှိ တတ်သည်။

ဆရာသည် ရိုးသည်၊ ဖေးသည်၊ စကားပြောနည်းသော်လည်း ပြောသမျှ မှာ ရင်းနှီးခြင်းလေသံ အမြဲပါနေသဖြင့် ဆရာ့ကို ခင်မင်သူ ဘဝတူ စာရေး ဆရာ၊ ဆရာမတွေ ပေါလှသည်။ ဆရာ၏ အနေအထိုင် အပြောအဆိုမှာ လူ ကြီးဆန်လှသည်။ ဘယ်တော့မှ ကလေး ကလား ရယ်ရွှန်းဖတ်ရွှန်း ပြုမူခြင်းမရှိ။ သိမ်ဖျင်းသောစကားကို မဆို။ နောက် ပြောင်းကျိစယ်ခြင်းလည်း အလျဉ်းကင်း၍ အကျိုးရှိရာရှိကြောင်း ကောင်းနိုးရာ ရာတို့ကိုသာ သာယာညင်းပျောင်း ပြော ဆိုလေ့ရှိသည်။ ဆရာ၏ မျက်လုံးများ နှင့် မျက်ခုံးများကို ကြည့်ရသည်မှာ တစ်စုံတစ်ရာကို နက်နက်နဲနဲ စဉ်းစားပြီး လေးလေးနက်နက် လုပ်မည့်ပုံစံမျိုး ဖြစ် သည်။ နှုတ်ခမ်းများကလည်း တည်ငြိမ် မှုကို ပြနေသည်။

ရှင်းသန့်မှု

ဆရာ လင်းယုန်သစ်လွင်သည် အမြဲတမ်းပင် သန့်သန့်ပြန့်ပြန့် ရှိသည်။ အဝတ်အစားများ ဖြူစင်သန့်ပြန့်သည်။ ဟောင်းနွမ်းတွန့်ကြေသည်ဟူ၍ တစ်ခါ ဖူးမျှ မရှိ။ ထို့အတူ သူ့အိမ်၊ သူ့အခန်းမှာ လည်း သန့်ပြန့်ရှင်းသန့်သည်။ ဖုန်တစ် ဖုန်၊ အမှုန်တစ်မှုန် ရှိနေလျှင်သူမကြိုက်။ အမှိုက်တစ်မှိုက် ရှိနေလျှင် သူမကြိုက်။ သူဇနီးကလည်း အမြဲလှည်းကျင်းနေရ သည်။ သူကိုယ်တိုင်မှာလည်း ကြက်ဓမ္မ တစ်ချောင်းနှင့် မပြတ်ဖုန်ခါသည်။ သူ မြို့ထဲက ပြန်လာလျှင် ကြမ်းပြင်ကို ခြေ ဖဝါးဖြင့် ပွတ်ကြည့်သည်။ ဖုန်ရှိနေ လျှင် ပခုံးမှလွယ်အိတ်ကို မချသေးခင် တံမြက်စည်းကိုယူပြီး လှည်းသည်။

စာရေးပုံမှာလည်း ရှင်းလင်း သည်။ လက်ရေး ရှင်းသန့်သည်။ ဖျက် ရာ ခြစ်ရာ ကင်းသည်။ စာလုံးကလေး များ ညီညာသည်။ စာကြောင်းများ ဖြောင့်တန်းသည်။ ဇာတ်အိမ်ဖွဲ့စည်းပုံ သပ်ရပ်သည်။ သူ၏ အာဘော်ကို ထင်း ထင်းရှင်းရှင်း မြင်သာသည်။ အကွယ် အဝှက် အကွန့်အတွန့်များ မရှိပါ။ သူ၏ စာသည် သူ၏ စရိုက်ပင် ဖြစ်သည်။

ရိုးသားဖွင့်လင်း၍ ကြိုးစားသူ

တစ်သက်လုံးလိုလို စာရေးသား ခြင်းသက်သက်ဖြင့် နေခဲ့ရာ ဆရာသည် ချမ်းသာကြွယ်ဝခြင်း မရှိခဲ့ပါ။ သို့သော် သူနေတတ်သည်။ မများလှသော ဝင် ငွေဖြင့်ပင် ကိုယ်ပိုင်အိမ်ကလေးဖြင့် စား ဝတ်နေရေး ပြေလည်အောင် ရိုးသားစွာ ဖန်တီးသွားနိုင်ခဲ့သည်။

ဆရာသည် ရိုးသားပွင့်လင်း၍ ကြိုးစားပြီး စာရေးသည်။ ကြိုးစားပြီး စာဖတ်သည်။ အထူးသဖြင့် ဘာသာ ပြန် ဝတ္ထုများ၊ ကျမ်းများကို အလေးထား လေ့လာသည်။ လေ့လာသော်ငြား အင်္ဂလိပ်စာ အားနည်း၍ ဘဝင်မကျ ဖြစ်ရသည်။ ဤတွင် ဆရာနတ်နွယ်ကို-

"ငါတို့က အင်္ဂလိပ်စာ မတတ်တော့ တိုက်ရိုက်မဖတ်နိုင်ဘူး၊ သူများ ဘာသာပြန်တာကိုပဲ ဖတ်နေရတယ်" ဟု ရင်ဖွင့်ပြောဆိုသည်။ ဆရာနတ်နွယ် ထံမှ အင်္ဂလိပ်စာ သင်ယူသည်။သို့သော်ငြား ဆရာလင်းယုန်မှာ လှုပ်ရှားရုန်းကန် နေရသဖြင့် သူ့စိတ်ထဲ မျှော်မှန်းထား သလို အကျိုးဖြစ်မြောက်အောင် မသင် ခဲ့ရပေ။

အားနာတတ်ခြင်းနှင့် တစ်ဖက် သား ငြိုငြင်မည်ကိုစိုးသော စိတ်သည် သူ့ထံတွင် အမြဲခိုဝင်နေပုံရသည်။ သူ အား စာမူခပေးတိုင်း ထုတ်ဝေသူကို 'အဆင်ပြေရဲ့လား' ဟု မေးလေ့ရှိသည်ဟူ၏။"

www.burmeseclassic.com

တစ်ခါက စာပေသမားများ ဆုံသော ဝိုင်းတွင် ဆရာက . . .

"ကျွန်တော်ဗျာ၊ မနေ့တုန်းက မြို့ထဲမှာ ဘီယာနည်းနည်း သောက်လာမိတယ်၊ အိမ်ရောက်တော့ အကြည် (ဇနီး)က ဘုရားမကြိုက်တဲ့အလုပ် လုပ်လာရမလားလို့ မြည်တွန်တောက်တီးသဗျ၊ ဒါနဲ့ ကျွန်တော် စကားနည်းရန်စဲဖြစ်အောင်လို့ နေကလည်းပူ ပင်ကလည်းပင်ပန်းလို့ နည်းနည်းပါးပါးသောက်မိတာပါကွာလို့ ပြောတော့၊ အဖွားကြီးက ဘာပြန်မြောတ်ယ်ထင်သလဲ၊ ကျွန်မလည်း လင်းကတည်းက အိပ်သည်အထိ မနားရပါကလား၊ ရှင့်လိုသာဆိုရင် ဘယ်နှယ် လုပ်မတုံးလို့ ပြောသဗျာ၊ အဲဒါကြောင့် သောက်လို့ မဖြစ်တော့ဘူးဗျာ" ဟု ရိုးသားစွာ ရင်ဖွင့်သည်။ သို့သော်ငြားလည်း သောက်တတ်သူ မိတ်ဆွေတို့အား "သောက်လဗျာ၊ ချလဗျာ" ဟု တိုက်တွန်းသည် ဟူ၏။

ဆိုရေးရှိက ဆိုခဲ့သည်

တစ်ခါက ဆရာလင်းယုန်သစ်လွင်နှင့်အဖွဲ့ နယ်မြို့လေးတစ်မြို့သို့ စာပေဟောပြောပွဲ သွားကြသည်။ ထိုအခါက ဟောပြောပွဲ အစဉ်အလာအတိုင်း ဟောပြောပွဲပြီးသည်နှင့် ရေသူ၊ ဖတ်သူ ဆွေးနွေးပွဲလုပ်လေ့ရှိသည်။

ယင်းဆွေးနွေးပွဲတွင် မြည်ပန်းညို ချိုပါလျက် ဆားဖျက် ဆိုသလို ပြဿနာလေးတစ်ခု ဝင်ခဲ့သည်။

"ဆရာတို့ မနေ့ညက ဟောပြောတာတွေ ကောင်းပါတယ်၊ ဒါပေမဲ့ တချို့က ပြောတယ်၊ စာရေးဆရာတွေ အာလူး လာဖုတ်တာတဲ့၊ အာလူးလာဖုတ်တာ မကောင်းပါဘူး"ဟု ဆိုကာ ထပြောသူ ထိုင်သွားသည်။ ဆွေးနွေးပွဲခန်းမတစ်ခုလုံး ငြိမ်သက်သွားသည်။ ဟောပြောပွဲကော်မတီနှင့် စာရေးဆရာတို့လည်း မျက်နှာမျက်နေသည်။ ဤတွင် ဆရာ လင်းယုန်သစ်လွင်က ထိုင်ခုံမှ ဖြည်းလေးစွာ ထပါသည်။

"ကျွန်တော်တို့ မိုင်အများကြီးက နေ ပင်ပင်ပန်းပန်း လာကြရတာပါ၊ စင်ပေါ် ရောက်တော့လည်း တကယ့် စာပေစေတနာနဲ့ ဟောကြ၊ ပြောကြတာပါ၊ ပြီးပြီးရော ငါပြောချင်ရာ ပြောမယ်ဆိုတဲ့စိတ် လုံးဝမရှိပါဘူး၊ စာပေတာဝန်ခံ စကားလည်း မဆိုခဲ့ပါဘူး၊ ဒီတော့ စာရေးဆရာတွေ အာလူးလာဖုတ်တယ်ဆိုတာတော့ မထင်မှတ်စေချင်ပါဘူး၊ အာလူးဖုတ်ဖို့ဆိုတာလည်း ကျွန်တော်တို့စိတ်ထဲမှာ မရှိကြပါဘူး" ဟု ညင်သာပြတ်သားစွာ ပြောသည်။

နောက်ဆုံး အာလူးရှင်သည် လူအများကြားတွင် ဆရာ့အား သူ့အသိတရားအရ တောင်းပန်ပါသည်။ ဆရာသည်ကား ဆိုရေးရှိက ဆိုအပ်လှ၏ ဆိုသကဲ့သို့ ဆရာသည် ပြောစရာရှိသည်ကို ပြော၍ ဆိုစရာရှိသည်ကို ဆိုခဲ့ခြင်းပင် ဖြစ်သည်။

အတွေးအမြင် ရခဲ့လေသလော

ရေစကြိုမြို့သို့ ဆရာလင်းယုန်သစ်လွင်တို့အဖွဲ့ စာပေဟော်ပြောပွဲ ထွက်သည်။ ခရီးရဲဉ်မှာ မြောင်မှပရိမ္ဘ၊ ငှင်းမှတစ်ဆင့် ရေစကြိုသို့ ကူးရန်ဖြစ်သည်။ ဆရာတို့အဖွဲ့သည် စင်းလုံးငှား ဒေါ်ဂျစ်တစ်စီးပေါ်တွင် ထိုင်ပြီး ကားအထွက်ကို စောင့်ကြသည်။ အနီးတွင် လေဒ်လီကားကြီးတစ်စီး ရပ်ထားသည်။

"ကျုပ်တို့အဖွဲ့ အဲဟိုကားကြီးနဲ့ သွားရလိမ့်မယ်" ဟု ဆရာလင်းယုန်သစ်လွင်က အမှတ်မထင် ပြောသည်။ ၁၅ မိနစ်ခန့်အကြာတွင် မြောင်မှပရိမ္ဘသို့ ထိုကားကြီးပေါ် သို့ပြောင်းကာ ထွက်ခဲ့ကြရသည်။ ကားထွက်သောအခါ ဆရာက . . .

"ကဲ- ကျုပ်မပြောလား" ဟု မှင်သေသေဖြင့် ပြောသည်။ အားလုံး အံ့သြကြရသည်။ ပို၍ အံ့သြစရာသည်ကား ရေစကြိုဟောပြောပွဲအပြီး ပေါက်မြို့ ပါကြောင်းကို ဆရာ မသိ။ ကြို မပြောထား၍ မသိခြင်းပင်။ ပေါက်မှ အကြိုထွက်သူတွေ ရောက်လာကြလေတော့ ဆရာ့က အကျောက်အကန် ငြင်းသည်။

"ကျုပ်လည်း မလိုက်ဘူး၊ ဘယ်သူမှလည်း မလိုက်ရဘူး" ဟု ဆိုသည်။ သူ၏အကြောင်းပြချက်မှာ ကြိုတင်အကြောင်းမကြားသောကြောင့် ဟူ၏ သို့ဖြင့် အားလုံး မလိုက်ပါဖြစ်ကြတော့ပေ။ မိမိတို့အဖွဲ့ လိုက်ပါမည့် ပထ ထွက်သောကားသည် လမ်းခရီးအကြာ ၌ တိမ်းမှောက် ပျက်စီးသွားကြောင် နှောင်းမှ သိကြရလေ၏။ ဆရာ လင် ယုန်သစ်လွင်သည် ပေါက်မြို့သို့ လို ပါသွားလျှင် ခရီးအကြာ၌ အန္တရာ တွေ့လိမ့်မည်ကို ကြိုတင်သိခဲ့လေ သလား။ အံ့ဖွယ်ပါတည်း။

ရွှေတပ်သား ဘဝ

ဆရာ လင်းယုန်သစ်လွင်သည် ဒုတိယကမ္ဘာစစ်ကို ကြုံတွေ့ဖြတ်သန်းခဲ့ရသူ ဖြစ်သည်။ နာမည်ထော ထိုင်း-မြန်မာ မီးရထားလမ်း ဖော လုပ်ရေးစခန်းသို့ ရွှေတပ်သားအဖြ ရောက်ခဲ့ရသည်။ စစ်ကြီးပြီးစ ပြ လို့ကျွင်ပင် ကြက်သီးတဖြန်းဖြန်း လောက်သည့် သံဖြူဇရပ်ရွှေးတပ်စ အတွေ့အကြုံများကို ကြုံတွေ့လာ ဖြစ်သည်။

၁၉၆၄ ခုနှစ်တွင် ရွှေးတပ်စ အတွေ့အကြုံများကို 'သေမင်းထ လမ်းပေါ်ဝယ်' ဝတ္ထုဖြင့် တင်ပြခဲ့သ ထိုဝတ္ထု ထွက်ပေါ်လာသောအခါ ဖန်ချက်များ ပေါ်လာသည်။ သံဖြူ စခန်းတွင် ဖက်ဆစ်တော်လှန် မလုပ်သဖြင့် ဝတ္ထုနှင့် ဝတ္ထုဇာတ် သက်ပန်ကို အားမလိုအားမရသ ပြောဆိုဝေဖန်ကြခြင်းပင် ဖြစ်သည်

ဆရာလင်းယုန်သစ်လွင်ထ ဝေဖန်ချက်များနှင့် ပတ်သက်၍ "သ နောက်ခံ ဝတ္ထုများကို ရေးရာ၌ ဖြစ်ရပ်မှန်ကိုမျက်ကွယ်ပြု၍ ရေးခြ သမိုင်းဖြစ်ရပ်မှန်ကို ကျော်လွှန်၍

www.burmeseclassic.com

www.burmeseclassic.com

အင့်ကြောင်း" ဟူ၍ ဆောင်းပါးပြန်ရေး ခဲ့သည်။

"အတွေ့အကြုံဆိုတာ စိတ်ကူးမှ ထုတ်ဘဲကွာ၊ တွေ့သလို ကြုံသလို အနှစ်ပဲ ရေးသင့်တယ်လို့ ငါထင်တယ်၊ တယ် ခံစားနေရတဲ့ဒုက္ခကို ခံစားရတဲ့ အတိုင်း ရေးတာ ဖြစ်ရပ်မှန်ပဲ၊ ထမချရ ဆောင်းလားဆိုတာ သူတို့ရဲ့အမြင်ပေါ့ ဗျာ၊ ထမချနိုင်တဲ့ဘဝကို ကြုံတွေ့ခဲ့ရ ပါတော့နဲ့ ထချတဲ့အကြောင်း သွားရေး လာရေး တကယ်ကြုံတွေ့ခဲ့ရတဲ့ လူတွေ ဆိုတော့ ရယ်ကြမှာပေါ့!" ဟူ၍ ပြော ခဲ့သေးသည်။

ဆရာ လင်းယုန်သစ်လွင်သည် ဦးအကြောင်းရပ်များကိုပင် ၁၉၆၈ ခုနှစ် ဦး-မြန်မာ မီးရထားလမ်း ကိုယ်တွေ့ ဇာတ်မှတ်တမ်း'ကို ရေးသည်။ အမျိုးသား စာပေဆု ချီးမြှင့်ခံရသည်။ ထိုစာအုပ် ထဲပင် နိဒါန်းတော်က မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး ပညာပြန့်ပွားလှုံ့ဆော်ရေး စာစဉ်ဖြင့် ၁၉၉၁ ခုနှစ်က ထပ်မံ ထုတ် ဝေခဲ့သည်။ ထိုစာအုပ်ကို ဂျပန်နိုင်ငံတွင် လည်း ဂျပန်ဘာသာ ပြန်ဆိုပြီး ထုတ် ဝေခဲ့သည်။ (၁၉၄၁-၄၅) ခုနှစ်အတွင်း မြန်မာနိုင်ငံသမိုင်းအတွက် များစွာ အရေးကြီးသော စာတစ်အုပ်ဖြစ်သည်။ ဆရာလင်းယုန်သစ်လွင်၏ ခွေးတပ် မှတ်တမ်းသည် ခေတ်သစ်သမိုင်းတွင် မေ့နိုင်လောက်အောင် စွမ်းဆောင်နိုင် ခဲ့ပေသည်။

ဆရာသည် ငယ်နုစဉ်က ရေးခဲ့ သော 'သေမင်းတမန် လမ်းပေါ်ဝယ်'၊ 'ယိုးဒယား(ထိုင်း) မြန်မာ ခွေးတပ် မှတ်တမ်း' တို့တွင် ဂျပန်တို့၏ ရက်စက် ကြမ်းကြုတ်ပုံ၊ ညှဉ်းပန်းပုံနှင့် အဆင်ခြင် အကြင်နာတရားကင်းမဲ့ပုံတွေတို့အလေး ပေး ဖော်ပြထားသလို ဖြစ်နေသည်ဟု အသက်အရွယ် ရလာသောအခါ ပြန် လည် သုံးသပ်မိပုံရသည်။

"ကျွန်တော် ရေးခဲ့တာတွေက ဆိုးတဲ့ ဂျပန်တွေကိုပဲ မီးမောင်းထိုးပြ ထားသလို ဖြစ်နေတယ်၊ ဒီလို ဆိုးတဲ့ အထဲက ကောင်းတဲ့ဂျပန်တွေကိုလည်း တွေ့ရတာမို့ ပြန်ပြီး ရေးချင်တယ်" ဟု ဆိုသည်။ ထို့ကြောင့် 'ခွေးတပ်မှတ်တမ်း' (တတိယတွဲ)ကို ရေးသောအခါ အဆိုး နှင့် အကောင်း မျှတအောင် ရေးခဲ့ လေ၏။

ဆရာလင်းယုန်နှင့် သုစ၏ခမ္မာရား

တစ်သက်လုံးလိုလို စာရေးခြင်း သက်သက်ဖြင့် အသက်မွေး ရပ်တည် သွားသူတစ်ဦး အနေဖြင့် သူသည် ချမ်း သာကြွယ်ဝခြင်း မရှိခဲ့ပါ။ သင့်တင့်သော ဝင်ငွေကလေး မှန်မှန်ရရေးကိုပင် တော် တော်အားထုတ်သွားခဲ့ပုံ ရသည်။

သို့သော် သူ နေတတ်သည်။ မများလှသော ဝင်ငွေဖြင့်ပင် စားဝတ် နေရေးကို အဆင်ပြေအောင် ဖန်တီး သွားနိုင်ခဲ့သည်။ သူသည် နံနက်တိုင်း သံယာများအား ဆွမ်းလောင်းလှူလေ့ ရှိသည်။ သူဇနီး မရှိတော့သည့် နောက် ပိုင်း အတော်လေးပင် လှူဒါန်းသွားခဲ့ သည်။

ဘဝတက္ကသိုလ်စာပေမှ ထုတ် ဝေသည့် ဆန်းလွင်နှင့် ဦးဟန်ဌေး ဘာ သာပြန်သော ဂိုလ်စတိန်း၏ 'ကိုယ်တွေ့ ဝိပဿနာ' စာအုပ်ကို ဆရာက အထူး နှစ်သြိုက်သည်။ တခုတ်တရ ဖတ်ရှုလေ့ လာ ကျင့်ကြံအားထုတ်သည်။

"ဗုဒ္ဓ ဆိုတာဟာ ခမ္မရဲ့ အစု အပေါင်း သဘောကိုပြောတာပဲ၊ တရား ခမ္မနဲ့ ဗုဒ္ဓဟာ တခြားစီမဟုတ်ဘူး၊ မွေး လာရင် ဘိုရမယ်၊ နာရမယ်၊ သေရမယ်၊ ဒါက ရှောင်လွဲလို့မရတဲ့ လောကနိယာမ ပဲ၊ သင်ဟာ သဗ္ဗညုတဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ ဒီသဘာဝနိယာမအတိုင်း ဖြစ် ကြရမှာပဲ။

ခဏတိုင်း ခဏတိုင်းမှာ တရား ခမ္မနဲ့အညီ နေတတ်ဖို့ ပထမဆုံး ဝိဇ္ဇာ ဉာဏ်ကို ထူထောင်ပါ။ မမြဲဘူးဆိုသည့် ဘဝ၏အမှန်တရားကို အစဉ်နှလုံးသွင်း ပါ။ မိမိသည် မလွဲမသွေ သေဆုံးမည့်သူ ဖြစ်သည်ဆိုသည်ကို အစဉ်သတိရနေ ပါ။ သဘာဝတရားကြီး တစ်ခုလုံး အမြဲ မရှိ။ အစဉ်သာလျှင် မရပ်မနား ဖောက် ပြန် ပြောင်းလဲနေသည် ဆိုသည်ကို သတိတရား လက်ကိုင်ထားပြီး ရှုပွား နေပါ"

(ဂိုးလ်စတိန်း-ကိုယ်တွေ့ဝိပဿနာ)

"ဒီစာအုပ်ဆဲက ရေးသားထား တာနဲ့ ကိုယ်တွေ့တရား တိုင်းကြည့် တော့ တစ်ထပ်တည်းဖြစ်နေတယ်" ဟု ဆရာလင်းယုန်သစ်လွင်က ဆိုသည်။

ဆိုသည့်အတိုင်း ကျင့်ကြံနေပေ လိမ့်မည်။

ဆရာ၏ နောက်ဆုံးရက်များမှာ တရားထိုင်သည်။ ဝိပဿနာတရား အားထုတ်သည်။ သဘာဝတကြီးတစ်ခု လုံး အမြဲမရှိဟူသောထုံး နှလုံးမူကျင့် သည်။ တရားထိုင် ကျင့်ကြံအားထုတ် ရင်း ပုဒ္ဓဘာသာဝင်တစ်ဦး၏ နောက် ဆုံးနေ့ကို . . . ။

အဋ္ဌုပ္ပတ္တိအကျဉ်း

ရောဝတီတိုင်းဒေသကြီး ညောင် တုန်းမြို့တွင် အဘ ဦးဖိုးလူ၊ အမိ ဒေါ် နှင်းဦးတို့မှ ၁၂၇၉ ခုနှစ်၊ တော်သလင်း လပြည့်ကျော် (၉)ရက်နေ့တွင် ဖွားမြင် သည်။ ညောင်တုန်းမြို့ အစိုးရအထက် တန်းကျောင်းတွင် အဋ္ဌမတန်းအထိ ပညာသင်ကြားခဲ့သည်။ အမည်ရင်း ဦးအေးမောင် ဖြစ်သည်။

စစ်မဖြစ်မီက မော်လမြိုင်မြို့မှ ထုတ်ဝေသော 'ခေါင်းဆောင်' သတင်း စာတွင် နယ်သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၄၇ ခုနှစ် 'ဟံသာ ဝတီ'နှင့် 'ဗမာ့ခေတ်' သတင်းစာတွင် နယ်သတင်းထောက်အဖြစ် ဆောင်ရွက် ခဲ့သည်။

၁၉၄၉ ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး 'လင်းယုန်သတင်းစာ' အယုပ်သမား သတင်းထောက်လုပ်ရာမှ လင်းယုန်သစ်လွင် ကလောင်အမည် ယူခဲ့သည်။ ထို့နောက် 'လင်းယုန်

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်၊ ပြည်တော်သစ်ဂျာနယ်၊ လူထုဂျာနယ်' တို့တွင် အယ်ဒီတာ အဖွဲ့ဝင် အဖြစ် ဆောင်ရွက်ခဲ့သည်။ 'ရွှေထောင့် ဂျာနယ်' ၌လည်း အယ်ဒီတာအဖွဲ့ဝင် အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၇-၅၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာအသင်း အလုပ်အမှုဆောင်ဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ် စာရေးဆရာအသင်း နှစ်ပတ်လည် စာပေပြိုင်ပွဲတွင် ဝတ္ထုတိုဆုကို 'တို့ကျေးရွာ' ဝတ္ထုဖြင့် ရရှိခဲ့သည်။

ပထမဦးဆုံး ရသစာပေလက်ရာမှာ 'တူပြိုင်လေ ကူးမယ်ပ' ဝတ္ထုရှည်ဖြစ်သည်။

'ထိုင်းမြန်မာ မီးရထားလမ်း ကိုယ်တွေ့ဆွေးတပ်မှတ်တမ်း' စာအုပ်ကို ဂျပန်နိုင်ငံ 'မိနီဆီသတင်းစာတိုက်' မှ ဂျပန်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။

၁၉၆၂ ခုနှစ်တွင် 'သီတာသောင်ခြေဦး' လုံးချင်းဝတ္ထုဖြင့် အနုပညာစာပေဝတ္ထုရှည်ဆု ရရှိခဲ့ပြီး၊ ၁၉၆၈ ခုနှစ်တွင် 'ထိုင်းမြန်မာ မီးရထားလမ်း ကိုယ်တွေ့ဆွေးတပ်မှတ်တမ်း' စာအုပ်ဖြင့် အမျိုးသား စာပေဒေသာ ဒုတိယဆုကို ရရှိခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် အမျိုးသား စာပေဆုကို 'ခမ္မဝိလာသ' လုံးချင်းဝတ္ထုရှည်ဖြင့် ရရှိခဲ့သည်။

ဆရာလင်းယုန်သစ်လွင်သည် ၁၉၅၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ လုံးချင်းစာအုပ် (၇၀)အုပ် ရေးသားခဲ့၍ 'ဘုံကျွန်'၊ 'သေမင်းတမန်လမ်းပေါ်ဝယ်'၊ 'သောင်းဒီပါမြေ' နှင့် 'ခမ္မရက္ခိတ'၊ 'ခမ္မဝိလာသ' ဝတ္ထုများမှာ ထင်ရှားသည်။

၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ဘဝတစ်ပါး ပြောင်းသွားကွယ်လွန်ခဲ့သည်။

ပုံနှင့်ဆဲ လင်းယုန် (သို့မဟုတ်)
ထာဝရလရောင်

ဆောင်းပါးအစတွင် ဆိုခဲ့သလို စာရေးသူသည် ဆရာလင်းယုန်သစ်လွင် စာပေထိန်းသိမ်းရေး အဖွဲ့ဝင်အချို့နှင့် အတူ ညောင်တုန်းသို့ ရောက်ခဲ့သည်။ ဦးတည်ချက်ကား ဆရာလင်းယုန်သစ်လွင် နေထိုင်ခဲ့သည့် နေရာတစ်ဝိုက်တွင် ဆရာ့အတွက် အမှတ်တရ၊ အထိမ်းအမှတ် တစ်ခုခု လုပ်ဆောင်ပေးရန်ဖြစ်သည်။

ဆရာ၏ မြေးဖြစ်သူ ကိုကျော်မြင့် နှင့်တွေ့၍ ဆရာနေထိုင်ခဲ့ရာ နေအိမ်ရှိရာသို့ လိုက်ပြသည်။ ဆရာ၏ နေအိမ်ကား မြစ်ရေတိုက်စားခဲ့သဖြင့် မရှိချေတော့။ ဆရာနေထိုင်ခဲ့ရာ ဝန်းကျင်တစ်ဝိုက်ကို မှတ်တမ်းဓာတ်ပုံ ရယူခဲ့သည်။

ဆရာ့မြေး ကိုကျော်မြင့် အကြုံပြုချက်ကို ဆရာ့စာပေထိန်းသိမ်းရေး ဥက္ကဋ္ဌမှ လိုက်လံကြည့်ရှုသည်။ နောက်ဆုံး ဆရာ့အထိမ်းအမှတ်အတွက် မူလတန်းကျောင်းတွင် တိုးချဲ့ဆောင်တစ်ခု ဆောက်လုပ်ပေးရန် အတည်ပြုခဲ့သည်။ လိုအပ်သည်များကို ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်သည်။ ဆရာ၏ အထိမ်းအမှတ် အစီအစဉ်ကို ဒေသခံတို့က ဘဝင်ကျစွာ ကြိုဆိုကြသည်။

ညောင်တုန်း တစ်ဖက်ကမ်း စက္ကော့တွင် သောင်ထွန်းနေသည်ဟု သိရသည်။ ယင်းသောင်ကို စက္ကော့သားတို့က 'သီတာသောင်ခြေ' ဟု အနွတ္တသညာပြုကြသည် ဟု၏။ ဆရာလင်းယုန်သစ်လွင်၏ 'သီတာသောင်ခြေဦး' ကို ဂုဏ်ပြုခေါ်ဝေါ်ခြင်း ဖြစ်ပေလိမ့်မည်။

ညောင်တုန်းနှင့် စက္ကော့၊ စက္ကော့နှင့် ညောင်တုန်း ကူးလူးဆက်နွယ်ရာ မြစ်ချောင်းတွင် ဆရာလင်းယုန်သစ်လွင်၏ 'သီတာသောင်ခြေဦး'၊ 'သောင်းဒီပါမြေ'၊ 'ခမ္မဝိလာသ' ဇာတ်ကောင်ပုံရိပ်များ ထင်နေဆဲပါတည်း။

'ခမ္မဝိလာသ' ကို ရုပ်ရှင်ရိုက်ဖို့ ဒါရိုက်တာ မောင်နန္ဒက ကမ်းလှမ်းခဲ့ဖူးသလို ဒါရိုက်တာ မျိုးဇော်အောင်က လည်း 'ခမ္မဝိလာသ' ကို ရိုက်ကူးမည်ဟု နားစွန်နားဖျား ကြားသိရသည်။ သို့သော် အကြောင်းကြောင်းသော အကြောင်းကြောင်းကြောင့် မရိုက်ကူးဖြစ်ခဲ့ကြ။

မကြာမတင်သောကာလ 'ခမ္မဝိလာသ' ၏ဇာတ်ကောင်များ သက်ဝင်လှုပ်ရှားမှုကို မျက်ဝါးထင်ထင် မြင်ရတော့မည်။ အကြောင်းသည်ကား . .

ရွှေသံလွင် မိဒီယာ၏ ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပြသရန်အတွက် ဝါစိမ်းနီ ရုပ်ရှင်ဗွီဒီယို ထုတ်လုပ်ရေးတာဝန်ယူပြီး (၁၉၇၀-၇၁)ခုနှစ် အမျိုးသားစာပေဆုရ ဆရာကြီး လင်းယုန်သစ်လွင်၏ ဂျပန်ခေတ်နောက်ခံ 'ခမ္မဝိလာသ' ဝတ္ထုကို တက္ကသိုလ်ယဉ်ယဉ်လေးနှင့် နေခြည်အောင်တို့က ဇာတ်ညွှန်းခဲ့ပြီး ထပ်ဆင့်အကယ်ဒမီ သရုပ်ဆောင် မြင့်မြင့်ခိုင် ရိုက်ကူးမယ့် ဇာတ်လမ်းတွဲ ရိုက်ကူး ကန်တော့ပွဲပေး အခမ်းအနားကို (၂၇-၁၂-၂၀၁၃) နေ့ နံနက်ပိုင်း တွင် YMCA International House (ပထမထပ်) မှာ ကျင်းပခဲ့သည်။

မျိုးဆက်သစ် သရုပ်ဆောင် သြဘာက ခမ္မဝိလာသအဖြစ် အဓိက သရုပ်ဆောင်မည်ဖြစ်ပြီး ထွန်းထွန်းဝင်း၊ ဇော်ဦး၊ ခင်မောင်ချင်း၊ မြင့်မြင့်ခိုင်၊ ခင်သန်းနွယ်၊ မိုးယဉ်ဇွန်၊ ခိုင်နှင်းဝေတို့နှင့် အတူ ဒေါ်မြင့်မြင့်ခိုင်၏ Supreme Broad Way Institute မှ သင်တန်းသားများ ပါဝင်ကြမည်ဖြစ်သည်။

ခမ္မဝိလာသ ဇာတ်ကောင်ပုံရိပ်များ လူးလွန့်နေပြီတည်း။

ထာဝရလရောင်
ဘဝ အထိနာသမျှ
အလှ အဘိဓမ္မာ အရတော့
'ခမ္မဝိလာသ'ဟာ. . လရောင်း
မောင်ခိုင်တာ

ကိုမောင်သန်းဇင်

❑

www.burmeseclassic.com

www.burmeseclassic.com

ဆရာမောင်သာယာ

(သို့မဟုတ်)

ဂန္ဓဝင်ကဗျာတစ်ပုဒ်နှင့် ဓောင်းကြီးညီခြင်း

(ဓောင်းထောင်းဖြူတိ)

ဒုလိုင်မိုးက အငြိုးကြီးစွာနဲ့ရွာနေ[illegible]၊ မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူ[illegible]လုံးသည်လည်း လွတ်လပ်ရေး[illegible]ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ [illegible]နည်ခေါင်းဆောင်ကြီးများ ကျဆုံး[illegible]သည့် (၆၈)နှစ်မြောက်ကျရောက်ခဲ့[illegible] အာဇာနည်နေ့တွင် အာဇာနည်[illegible]းဆောင်ကြီးများအတွက် တွေးမိ[illegible] ယူကျုံးမရ ပူဆွေးတသနေကြရဆဲ[illegible]။

မိုးလင်း ကတည်းက ရွာနေ[illegible] မိုးကြောင့် အာဇာနည်ဗိမာန်[illegible]ရောက် ဂါရဝမပြုနိုင်သည့်အတွက် [illegible]နည်နေ့အခမ်းအနား တိုက်ရိုက်[illegible]သွင့်ပြသနေသော တီဗွီမှန်သား ပြင်မှ အစီအစဉ်များနှင့် ကရုဏာ အပြည့်အဝဖြင့် သီဆိုနေသော တေးသံ ရှင်ကြီး မေလှမြိုင်၏ အသံကလည်း ကြည့်ရှုနေကြသော ပြည်သူများအတွက် ရင်ကို ပို၍ ဆို့နစ်စေခဲ့သည်။

'တောဆိုလျှင်စန္ဒကူးရှိမှု၊ တောင်ဆိုလျှင် ပတ္တမြားရှိမှု၊ ဗိုလ်ချုပ်ဆိုရင်လည်း ပြည်သူတစ်ရပ်လုံးက အဲဒီလို ချစ်ကြမှာပါလား' ဆိုသည့် အတွေးတချို့က ဝင်ရောက် ပူးကပ်လာပြန်သည်။

ဒီလိုနဲ့ (၁၉-၇-၂၀၁၅) ရက်၊ တနင်္ဂနွေနေ့ကို ကြေကွဲဆို့နစ်စွာ ဖြတ်သန်းခဲ့သည်။ ပတ်ဝန်းကျင်တစ်ခုလုံးက မိုးတိမ်များဖြင့် အုံမှိုင်းနေဆဲ။ (၂၀-၇-၂၀၁၅) ရက်နေ့ မနက် လစဉ်ရေးပေး ရမည့် ကဗျာတစ်ပုဒ်ဟာ ခုထိ ရေးလို့ မရနိုင်သေး။ ကဗျာရေးဖို့ အတွေးတစ်ခု ရရှိဖို့ အတွေးတစ်ခု မွေးဖွားရခြင်း၏ ခက်ခဲမှုကို လေးနက်စွာခံစားနေမိရင်း အတွေးထဲသို့ ကဗျာဆရာ မောင်သာယာ ပါဒပေါင်း ငါးရာနှစ်ဆယ်ပါသော ကဗျာရှည်ကြီးတစ်ပုဒ် ပေးဖတ်ဖူးသည်။ ထိုကဗျာကို ကိုရဲ(ရွှေတြိဂံ)က ကွန်ပျူတာစီပေးပြီး စာအုပ်လေးအဖြစ် အမှတ်တရပေးသည်ကိုလည်း အတွေးထဲ ဝင်ရောက်လာပြန်သည်။

အိမ်၏အပြင်ဘက်တွင် မိုးက တဖွဲဖွဲရွာနေသည်။ ဒီလိုနှင့် မနက်ပိုင်း ကာလကို ဖြတ်သန်းနေခိုက် နံနက် ၃း၃၀ ခန့်တွင် လပြည့်ဝန်းလွင်း

www.burmeseclassic.com

www.burmeseclassic.com

ဒဂုန်ဆရာ ကဗျာဆရာ ဆောင်းဆရာ

မဟာဝိဇာယ

www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာချုပ်ထံမှ ဖုန်းဝင်လာသည်။

"ဆရာစောင်းကောင်းမြတ်ရေ-ဆရာမောင်သာယာ ဆုံးသွားပြီ" တဲ့။

ရုတ်တရက်ကြားရသည့် စကား လုံးတို့ကြောင့် အသိတရားတို့သည် အဝေးသို့ လွင့်ပစ်သလို ဖြစ်သွားခဲ့ရသည်။ ဆရာဉာဏ်ပွင့်(စက်မှု)သည် စကားပြောသည့်အခါ တိတဲ့ကျသည်။ ဖြည်းညင်းစွာ ပြောတတ်သည်။ ထို့ကြောင့် ဆရာမောင်သာယာ ကွယ်လွန်သည်မှာ သေချာသွားသည်။ သို့သော် အခြေအနေနှင့် အကြောင်းရင်းကို ရှင်းမပြနိုင်သေးဟု ပြောသည်။

ခဏကြာသော် ဖုန်းထပ်ဝင်လာသည်။ လပြည့်ဝန်း မဂ္ဂဇင်းတိုက်ကို ကားငှားရမ်းခဲ့ဖို့ ပြောသည်။ သူဆီရောက်မှ တိုင်ပင်၍ လိုအပ်သည်များကို စီစဉ်မည်ဟုပြောသဖြင့် အိမ်မှ လမ်းထိပ်သို့ ထွက်လာခဲ့သည်။ မိုးက တဖွဖွနှင့် ရွာနေဆဲ။

အချိန်ရသခိုက် လမ်းလျှောက်ရင်း ဆရာနန္ဒာမိုးကြယ်၊ ဆရာဘသက်ဆွေတို့ထံ ဆရာကွယ်လွန်သွားကြောင်း ပြောခဲ့ရသည်။ တချို့လည်း ပြောခွင့်ရသည်။ တချို့လည်း စက်ပိတ်ထားသည်နှင့် နောက်တစ်ဦးထံ ဆက်ရသည်။ ဟန်သီဇင်ထံ ဆက်သောအခါ သူ သိရှိပြီးဖြစ်၍ ဖေ့စ်ဘွတ်ခ်မှ ဆရာ့ပုံနှင့်တင် လိုက်ကြောင်း ဖြေကြားသည်။ လမ်းထိပ်ရောက်၍ ကားငှားနေစဉ်မှာပင် ဖုန်းဝင်လာသည်။

ဆရာ့သားငယ်ဆီက ဖုန်းဆက်သွယ်၍ ယနေ့မလာကြဘဲ မနက်ဖြန် အင်္ဂါနေ့ လေအန်ကုန်းကို လာခဲ့ပေးကြဖို့ သူတို့မိသားစုကိုယ်စား သူလာခဲ့ပါမည်၊ စာပေအသိုင်းအဝိုင်းရဲ့ အစီအစဉ်များကိုလည်း သိရှိလိုပါကြောင်း ပြောသဖြင့် လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ မသွားတော့ဘဲ အိမ်သို့ လှည့်ပြန်လာခဲ့သည်။

လမ်းလျှောက်ကာ ပြန်လာရင်း ဆရာမောင်သာယာနှင့် စတင်ရင်းနှီးခဲ့ရသည့်ကာလတို့ဆီသို့ ကောက်ကြောင်းပန်းခရီးတစ်ချုပ်ကို ပုံကြမ်းလောင်းရင်း ရေးဆွဲမိသည်။ ရင်ထဲတွင် တမ်းတမ်းတတ ခံစားမိပြန်သည်။ ၁၉၇၃ ခုနှစ် ဝန်းကျင်ကဖြစ်သည်။ ရုပ်ရှင်အောင်လံ မဂ္ဂဇင်းမှ တာဝန်ခံအယ်ဒီတာ အဖြစ် စာလုံးများတွင်သာ ရင်းနှီးခဲ့ရသော်လည်း လူကိုယ်တိုင် တွေ့မြင်ရသည် ၇၀တွင်လစ် ဂီတပြိုင်ပွဲ တစ်နည်းပြောရလျှင် စောင်းဆရာဦးချမ်း စီစဉ်သည့် သီချင်းဆိုပြိုင်ပွဲ။ ထိုပြိုင်ပွဲတွင် ဆရာမောင်သာယာ-စောင်းဆောင်သာယာက အတွင်းရေးမှူးဖြစ်သည်။ စာရေးသူတို့က 'စစ်သည်စောင်းသံ' သီချင်းကြီး တူရိယာအဖွဲ့မှ အဆိုဝါသနာရှင်များ ဝင်ရောက်ယှဉ်ပြိုင်မှုကို စောင်းဖြင့် တီးခတ်ပေးကြရင်း ထိုပွဲသို့ နှစ်စဉ်ရောက်ကြသည်။

ထိုပွဲများတွင် စန္ဒရားထိပ်တုဝင်း၊ ပခန်းညွန့်ရွှေ၊ တေးသွားကြီး ကိုမြင့်၊ မောင်မောင်လေး စာရေးသူ၏ ဆရာ စောင်းက- ဖ- စဉ်းဝင်းမောင်တို့နှင့် အမြဲတမ်း ဘီတက်လေ့ရှိသည်။ ထိုစဉ်ကတည်းက ဆရာမောင်သာယာကို စောင်းပညာရှင်အဖြစ် သိခဲ့ရသည်။

ဒီလိုနှင့် ကာလများစွာကို ဖြတ်ကျော်ပြီး ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီး စာပေလောကထဲသို့ ထဲထဲဝင်ဝင် ရောက်ရှိလာသည့်အခါတွင် ဆရာနှင့် ပြန်ဆုံဖြစ်သည်။ ထိုကာလသည် ဆရာမောင်သာယာသည် လပြည့်ဝန်းမဂ္ဂဇင်းနှင့် ဂန္ဓာရီမဂ္ဂဇင်းတို့တွင် တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူနေသည်။

အယ်ဒီတာတစ်ဦး အနေဖြင့် တာဝန်ယူနေရသော စာရေးသူသည် မိမိ မကျွမ်းကျင်သော ကိစ္စအဝဝကို ဆရာ့ကိုမေးရသည်။ ဆရာမောင်သာယာက ဂဃနဏာ ရှင်းပြသည်။ တစ်ခါတစ်ရံ စာရေးသူ မဂ္ဂဇင်းတိုက်ရုံးခန်းသို့ လိုက်လာသည်။

မင်းရိုးမနှင့်အတူ ညအိပ်ရင်း စာအကြောင်း၊ ကဗျာအကြောင်း ဆရာ့ဖြတ်သန်းခဲ့ရမှုများကို နားထောင်ခွင့်ရခဲ့သည်။ ဝါသနာတူသူများ ဖြစ်ကြသည်နှင့်အညီ ဆရာမောင်သာယာ စောင်းတီးတတ်သလို စာရေးသူလည်း စောင်းတီးတတ်ခဲ့သည်။ ဆရာ မောင်သာယာ ပိတောက်တစ္ဆေ သံချပ်အဖွဲ့တွင် သံချပ်တိုင်ခဲ့၊ ရေးခဲ့သလို စာရေးသူသည် မနုဿ၏ ဒုက္ခအတာ အနုအယဉ်အဖွဲ့တွင် အတာရေနှင့်အတူ ပူးကပ်ခဲ့ဖူးသည်။

ဆရာကဲ့သို့ပင် အယ်ဒီတာဖြစ်ခဲ့ဖူးသော်လည်း ဆရာလောက် သက်တမ်း ရှည်ကြာစွာ အယ်ဒီတာဘဝကို မရပ်တည်နိုင်ခဲ့။ တို့အပြင် ဆရာကဲ့သို့ သံချပ်တိုင်ရင်း အင်းစိန်တောရဘွင် ဝါမဆိုခဲ့ရ။ နောက် ဆရာကဲ့သို့ ကဗျာပေါင်းများစွာ မရေးဖွဲ့နိုင်ခဲ့။ ဆရာ့ကဲ့သို့ ရုပ်ရှင်ဇာတ်ညွှန်းများ မရေးတတ်ခဲ့ပါ။

ဆရာ့လို ဆရာဒေါင်းနွယ်ဆွေ၏ကဗျာများ နှုတ်တရွရွ မရွတ်ဆိုပြနိုင်ခဲ့။ ဆရာကတော့ ဆရာဒေါင်းနွယ်ဆွေ ကဗျာများကို ကဗျာသမားများ၊ ခံစား

www.burmeseclassic.com

www.burmeseclassic.com

တတ်သူများနှင့်တွေ့တိုင်း အားပါးတရ ရွှတ်ဆိုပြတတ်သည်။ သို့သော် ဆရာသည် စာရေးသူအား ညီအရင်းတစ်ယောက်လို ခင်တွယ်သည်၊ သံယောဇဉ် ရှိသည်။ စာရေးသူသည် ခရီးအမြဲတမ်း လိုလိုပင် သွားနေရသူဖြစ်သည်။

တစ်ခါက ပြည်မြို့ ရွှေပေါက်ပင်တောရကျောင်းသို့ သွားရောက်ကြစဉ်က စာရေးသူနှင့်အတူ လိုက်ခဲ့သည်ကို အမှတ်ရနေမိသည်။ ၂၀၁၄ ခုနှစ် စံရိပ်ငြိမ်ကျောင်း ဆရာတော် အရှင်ဇဝန (ပဲခူး) ၏ ပြာသိုလပြည့် အမေနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲတွင် စာရေးသူနှင့် ဆရာသန်းထွန်း(စကု)၊ ဆရာမောင်ချစ် (သူရဲသမိန်) တို့ဟော ပြောကြစဉ်ကလည်း စာရေးသူအား အားပေးသည့်အနေဖြင့် ပွဲပြီးဆုံးအောင် နားထောင်ပေးပြီးအပြန်တွင် အကြံကောင်း ဉာဏ်ကောင်းများ ပေးခဲ့သည်။

ထိုနှစ် မြောက်ဥက္ကလာ(ဃ)ရပ်ကွက် ပထမအကြိမ် စာပေဟောပြောပွဲတွင် စာရေးဆရာမကြီး ရွှေကူမေနှင်းနှင့် ဆရာဆောင်းဝင်းလတ်တို့ ဟောပြောကြစဉ်ကလည်း ဆရာသည် စာရေးသူအား ညီတစ်ယောက်ကို စောင့်ရှောက်သလို လိုက်ပါအားပေးခဲ့သည်များကလည်း' ဆရာမောင်သာယာနှင့် စာရေးသူတို့အတွက် မေ့ပစ်၍ မရနိုင်သော အမှတ်တရများပင် ဖြစ်သည်။

ဆရာ အင်းစိန်၊ ဗိုလ်တုန်းတွင် နေထိုင်စဉ်က သူ့အိမ်သို့သွားပြီး ဆရာနှင့်အတူ စောင်းတီးရင်း သီချင်းဆိုခဲ့ကြသည်ကလည်း အမှတ်ရစရာတစ်ခုအဖြစ် ရင်မှာ စူးနစ်စွာကျန်ရစ်ခဲ့သည်။ ဆရာသည် စောင်းတီးတတ်ခြင်းအပြင် မယ်ဒလင်ကိုလည်း နိုင်နင်းစွာ တီးခတ်နိုင်ကြောင်းလည်း သိခွင့်ရခဲ့သည်။

တကယ်တော့ ဆရာမောင်သာယာသည် ကဗျာ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်ဇာတ်ညွှန်း စသည့် အနုပညာအားလုံးကို တစ်ပွေ့တစ်ပိုက် သိမ်းဆည်းထားနိုင်သူဖြစ်ကြောင်း ဆရာ ဖြတ်သန်းခဲ့ရသော မှတ်တမ်းများ၊ ဆရာ့ မိတ်ဆွေများထံမှ စကားလုံးများ၊ နောက် ဆရာရေးဖွဲ့ပေးခဲ့သော် ကဗျာများ၊ ဆရာ စောင်းတီးခတ်စဉ်က အသံသွင်းထားခဲ့သော တီပ်ခွေများ၊ ဆရာ ရေးသားခဲ့သော ဝတ္ထုများက '၁၊- ဆရာမောင်သာယာ' ဟု လှစ်ပြနေသည်။

ဆရာမောင်သာယာ၏ ချစ်စရာကောင်းသော အလေ့အကျင့်တစ်ခုမှာ တစ်ဖက်လူအား အပြစ်တင်စံကားမပြောကြားတတ်ခြင်းပင်ဖြစ်သည်။ ဂီတသမားတချို့တွင် တစ်ကိုယ်ကောင်းဆန်သူများကို တွေ့ဖူး မြင်ဖူး ကြုံဖူးသည်။ ထိုသူများထဲတွင် ဆရာမောင်သာယာ မပါဝင်ကြောင်း သတိပြုမိသည်။ သူ၏ ဂီတစားကျက်ကိုပင် စာရေးသူအား နေရာပေးခဲ့သည်။

နောက် စာရေးသူအား ခရီးတွေ ဒါလောက်သွားနေရတာ လပြည့်ဝန်းမဂ္ဂဇင်းတွင် ခရီးသွားအယ်ဒီတာ လုပ်ဖို့ တိုက်တွန်းခဲ့သည်မှာလည်း ဆရာ၏ သဘောထားဖြူစင်မှု၊ ဖေးမ ကူညီတတ်မှု တစ်ရပ်ပင် ဖြစ်သည်။

ဆရာ၏ လေးစားစရာကောင်းသော စိတ်ဓာတ်ကြောင့်ထင်ရဲ့ ဆရာတောင်ဒဂုံ ယူဇနဥယျာဉ်တိုက်ခန်းတွင် နေထိုင်သော ဆရာ့ညီမ စာရေးဆရာမ စုလတ်မောင်နေအိမ်သို့လည်း ဆရာနှင့်အတူ လိုက်သွားခဲ့ဖူးသည်။

ဆရာသည် သူဘဝတစ်ခုလုံး အနုပညာများဖြင့် ထုံမွှမ်းကာ ဘဝကို ထူဆစ်သော်လည်း ကျန်းမာရေးအရ ဆေးရုံမကြာခဏ တက်ရောက် ကုသနေရသော သူ့သားငယ်အတွက်သော် လည်းကောင်း၊ ယခုနှစ်အတွင်း ကျန်းမာရေး ချို့တဲ့လာသော ဇနီးဖြစ်သူအတွက်သော်လည်းကောင်း ဘဝကို ပေးဆပ်နေရသည်။

ထိုအခါ ကဗျာလည်း အရင်လို မရေးနိုင်ခဲ့။ ဝတ္ထုတွေလည်း ဖန်တီးမှုအားပျော့လာသည်တို့အပြင် လပြည့်ဝန်းမဂ္ဂဇင်းကတစ်ဖက်၊ ဟစ်တိုင်ဂျာနယ်နှင့် သူရိယအလင်းဂျာနယ် တို့ကိုပါ ပူးတွဲကိုင်တွယ်ရသောအခါ စောင်းတီးခြင်းကို စွန့်လွှတ်ခဲ့ရသလို ဂီတအလုပ်တွေကို မသိမသာ ဥပေက္ခာပြုလာရပြီး 'မင်းမနိုင် မင်းနိုင်' ဟူသော ကလောင်သစ်ကို မွေးဖွားခဲ့ရသည်။

အသက် ၇၀ နှစ်ကာလအတွင်း ဘဝများစွာကို ဖြတ်သန်းခဲ့ရသော ဆရာမောင်သာယာ၏ ဘဝဖြစ်စဉ် အစိတ်အပိုင်းတချို့ကို ပြန်လည်သုံးသပ်ကြည့်မိသည်။

ဆရာ့အမည်အရင်းမှာ ဦးဝိုင်း ဖြစ်သည်။ ဆရာ့ကို ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်တွင် ရန်ကုန်မြို့၊ စမ်းချောင်းရပ်ကွက်တွင် မွေးဖွားခဲ့သည်။ အိမ်စောင့်အဝိုးရလက်ထက်မှ စတင်၍ ကဗျာနှင့် ဝတ္ထုတိုများ စတင် ရေးသားခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် 'ရုပ်ရှင်အောင်လံ' တစ်ကျပ်တန် ရုပ်ရှင်အောင်လံမဂ္ဂဇင်း၌ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ အယ်ဒီတာအဖြစ်လုပ်ကိုင်ရင်း ကဗျာ၊ ဝတ္ထုတိုများ စဉ်ဆက်မပြတ် ရေးသားခဲ့သည်။ စပါးနှံ မင်းဝေအမည်ဖြင့် ဘာသာပြန်ကဗျာများ၊ ဝတ္ထုတိုများ ရေးသားခဲ့ပြီး မောင်စွာန်၊ ရွှေတိုက်ဦး ကလောင်အမည်များဖြင့်လည်း ကဗျာနှင့် ဆောင်းပါးများ ရေးသားခဲ့သည်။

အယ်ဒီတာအလုပ်နှင့်တွဲဖက်၍ 'ဆန်းညွှန့်ဦး' စာအုပ်တိုက်တွင်လည်း စာတည်းအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ဆန်းညွှန့်ဦးစာအုပ်တိုက်မှ ထုတ်ဝေခဲ့သော ရွှေနှင်းသုံးမဟာဂီတကျမ်းစာအုပ် ထုတ်ဝေရာ၌ ကျမ်းပြုအဖွဲ့ဝင်တစ်ဦး အဖြစ် ပါဝင်ခဲ့သည်။

စောင်းဦးချမ်း သီချင်းကြီး တူရိယာ အဖွဲ့တွင် စောင်းဆရာ တစ်ဦးအဖြစ် ပါဝင်၍ သီချင်းကြီးများ ပါဝင်တီးခတ်ခဲ့သည်။

၁၉၇၅ ခုနှစ်တွင် ရုပ်ရှင်အောင်လံမဂ္ဂဇင်းမှ ထွက်၍ ထန်မျိုးစာအုပ်တိုက်မှ 'အရိုင်း'ဝတ္ထုနှင့် 'နန္ဒာ'လုံးချင်း ဝတ္ထုနှစ်အုပ် ရေးသားခဲ့ရပြီး သက်ဆိုင်ရာ သံချပ် ရေးသားခဲ့သဖြင့် ပုဒ်မ ၁၂၄ ဖြင့် ထိန်းသိမ်းခံရသည်။ ထောင်ထဲတွင် နှစ်နှစ်နေခဲ့ရပြီးမှ လွတ်မြောက်လာသောအခါ ဆရာမောင်မောင်ကျော်ခင် မြန်မာစာပေတိုက်၌ ဝတ္ထုနှစ်ပုဒ် ရေးသားသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုမှတစ်ဆင့် ဘာသာပြန် စာပေဆုရ စာရေးဆရာမြတ်ငြိမ်း၏ 'ငြိမ်းအေးစာပေတိုက်'တွင် ဝတ္ထုနှစ်ပုဒ် ဆက်လက်ရေးသားခဲ့သည်။ သည်းဦးပန်းမဂ္ဂဇင်းထုတ်ဝေရန် ငြိမ်းအေးစာပေနှင့် ကြိုးစားခဲ့သော်လည်း စာပေတိုက်ရပ်သွားသည့်အတွက် ပန်းတိုင်မဂ္ဂဇင်း၊ ရုပ်ရှင်သစ္စာမဂ္ဂဇင်းနှင့် ဒုတိယအကြိမ် ရုပ်ရှင်အောင်လံမဂ္ဂဇင်းတို့၌ တာဝန်ခံအယ်ဒီတာအဖြစ် တွဲဖက်လုပ်ကိုင်ခဲ့သည်။

ဘားလမ်းရှိ ရုပ်ရှင်အောင်လံမဂ္ဂဇင်း၌ တာဝန်ခံအယ်ဒီတာအဖြစ် လုပ်ကိုင်နေစဉ် (၃၄)လမ်းအထက်၌ ရုံးခန်းဖွင့်ထားသော ဆယ်ကျော်သက် မဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာအဖြစ် ဆက်လက် တာဝန်ယူခဲ့သည်။ နှစ်ပေါင်း ၅၀ ကျော် စာပေလောက၌ ကျင်လည်နေစဉ်အတွင်း ကဗျာအပုဒ် ၃၀၀ ကျော်၊ ဝတ္ထုတို ၁၀၀ ကျော် သတင်းဆောင်းပါးအပုဒ်ရေ ၁၀၀၀ ကျော်၊ လုံးချင်းဝတ္ထု ၆ အုပ်၊ အခန်းဆက်ဝတ္ထုရှည် ၂ ပုဒ်၊ ဝိဒိယိုဇာတ်ညွှန်း ၆၀ ကျော် ရေးသားခဲ့သည်။ ကျောင်းပညာကို ဥပဒေဝိဇ္ဇာ (ခ) အထိ သင်ကြားခဲ့သည်။

ဆရာ့ရဲ့အတိတ်ကောက်ကြောင်း 'ပန်းချီရဲ့စုတ်ချက်ကို ရိတ်သိမ်းပြီး ဟစ်တိုင်မှ ဆရာမောင်မိုးပြာထံ ဖုန်းဆက်သည့်အခါ . . .

"ဆရာကောင်းရေ၊ ကျွန်တော်တို့လည်း သွေ့သားလေး ဖုန်းဆက်လို့ သိပြီးပါပြီ၊ ဂျာနယ်နဲ့ ဆရာ့ကိစ္စကို ဆရာမ မအိက စီစဉ်နေပါတယ်၊ ဆရာဦးကိုလေးလည်း သိပြီးပြီမို့ အားလုံး စီစဉ်ထားပါတယ်" ဟု အကြောင်းပြန်လာသဖြင့် ရင်ထဲမှတစ်ပူ အေးသွားခဲ့ရသည်။

စိတ်ဆင်းရဲခြင်း၊ ကြေကွဲခြင်းတွေနှင့်အတူ ဇူလိုင်မိုးညကို ဖြတ်သန်းပြီး အင်္ဂါနေ့ကို ရောက်ရှိခဲ့သည်။

မနက် ခပ်စောစောပဲ အိမ်က ထွက်ဖြစ်သည်။ လေအန်ကုန်းရောက်သည့်အချိန်တွင် စာရေးဆရာ၊ ဆရာများ တော်တော်များများကို စုံညီစွာတွေ့ရသည်။ မနက်ဖြန် နေ့လယ်လှိုင်သာယာ ထိန်ပင်သုသာန်မှာ သင်္ဂြိုဟ်မည့် ဆရာမောင်သာယာရဲ့ ဈာပနကိစ္စကို တတ်နိုင်သမျှ စီစဉ်နေကြသည်ကို တွေ့ရသည်။ ကြေကွဲမှုတွေကြားက ကြည်နူးမှုက ပွင့်အန်လာသည်။ တချို့က ငွေကြေးကောက်ခံကြသည်။ အကူငွေထည့်သူက ထည့်ကြသည်။ စာရေးသူတို့၏ လပြည့်ဝန်း မဂ္ဂဇင်းတိုက်မှ အယ်ဒီတာချုပ်က အခြေအနေအရပ်ရပ်ကိုမေး၍ သိထားသမျှ အကျဉ်းချုံး၍ ပြောပြလိုက်ပါသည်။

ဆရာဉာဏ်ပွင့်(စက်မှု)က သားငယ်လက်ထဲကို ငွေ ၂ သိန်းပေးလိုက်သည်။ ဒါက ဆရာမောင်သာယာ ဆိုတာသည်က အနုပညာတွေသာ ပိုင်ဆိုင်သူ၊ ငွေကြေးပိုင်ဆိုင်သူမဟုတ်။ ဆရာမောင်သာယာ ကွယ်လွန်တယ်ဆိုတာ အလည်သွားတာမှ မဟုတ်တာ။

ဆရာဉာဏ်ပွင့်က ကြိုတင်တွေးဆသည့်အတိုင်း အလောင်းမြေကျဖို့ ငွေက လိုအပ်သည် မဟုတ်ပါလား။

ဒီတော့ ငွေပေး၊ ဆေးရုံကြီးက အလောင်းကို သုသာန်ရောက်ဖို့ အရေးဒီလိုပဲ ဖြေရှင်းကြမည်ပေါ့။ နောက်သတင်းစာမှာ နာရေးထည့်ဖို့ စီစဉ်၊ လူမှုဝတ္တရားအပြင် မဂ္ဂဇင်းတိုက်များ၏ ထုံးစံအရ သေတမ်းစာပြန်တယ် စသည်တို့ စီစဉ်နေချိန် စာရေးသူကတော့ ဆရာ့နှာမိုးကြယ်တို့ လေအန်ကုန်းအစီအစဉ်ကို နားထောင်ရ၊ ဒီလိုနဲ့ မနက်ဖြန် သင်္ဂြိုဟ်မည့် ဆရာ့ကိစ္စကို မိသားစုဆန္ဒအညီဖြစ်အောင် စီစဉ်ခဲ့ရသည်။

နောက်တစ်နေ့ (၂၂-၇-၂၀၁၅) မနက် စာရေးသူရောက်တော့ လေအန်ကုန်းမှာ ဆရာ၊ ဆရာမတွေ စုံညီနေကြပြီး ညှိုးငယ်သောမျက်နှာထားများနှင့် စာရေးသူကို စောင့်ကြိုနေကြသည်။

ဆရာမ မှကျေးဇူးလာသောကားကြိုစီး၍ ဆရာ ဘသက်ဆွေ၊ ကာတွန်းဆရာ အောင်သွန်းတို့နဲ့အတူ လေအန်ကုန်းရောက်ချိန် နံနက်နေမဲ့ခင် ဖုန်းဆက်၍ ကားပေါ်ကဆင်း ရောက်တဲ့အကြောင်းပြောချိန် ကားက ထွက်သွားတော့သည်။

ဒီတော့မှ ကားပေါ်မှာ ထီးပါသွားမှန်း သိရသည်။ ဆရာဉာဏ်ပွင့်က သူ့ကားနှင့်လိုက်ခဲ့ဖို့ပြော၍ သူ့ကားနှင့် လိုက်ခဲ့သည်။ စံရိပ်ငြိမ်ဆရာတော်က သူလည်း အသုဘပို့မည်ဟုဖုန်းဆက်၍ ထိန်ပင်သုသာန်သို့လာရန် အကြောင်းပြန် လျှောက်ထားပြီး မိုးရွာတစ်လှည့် နေပူတစ်ဖုံ ကားကြုံစီး၍ ထိန်ပင်သုသာန်သို့ ရောက်ခဲ့သည်။ သုသာန်ခန်းမ ရောက်တဲ့အထိ မိုးက တဖွဲဖွဲရွာနေဆဲ။

ကြိုတင်ရောက်သွား၍ နောက်ကားက လူတွေစောင့်ရင်း လက်ဖက်ရည်ဆိုင်မှာ ဆရာဉာဏ်ပွင့်နှင့်ထိုင်လက်ဖက်ရည်သောက်ရင်း စောင့်နေကြသည်။ နောက် ခန်းမအတွင်းမှာ အိပ်စက် လဲလျောင်းနေသော ဆရာရဲ့ ဝိညာဉ်မဲ့ခန္ဓာကို နောက်ဆုံးကြည့်ရှုရင်း မေတ္တာပို့အပြီးတွင် ဆရာ့နောက်ဆုံးဆန္ဒကို လိုက်လျောပေးသည့် အနေဖြင့် သူသားငယ်က . . .

"အဖေက သေခါနီးအထိ ဆရာဒေါင်းနွယ်ဆွေ ကဗျာတွေ ရွတ်သွားတယ် လေးလေး၊ ဒါကြောင့် ကဗျာရွတ်ပွဲလေး လုပ်ပေးပါ" ဟု ပြောလာသဖြင့် ဆရာ့ဈာပနလိုက်ပို့သူများနှင့် တိုင်ပင်၍ ကဗျာရွတ်ပွဲ ကျင်းပဖို့ စီစဉ်ဆဲမှာ ဟစ်တိုင်ဂျာနယ်နှင့် သူရိယအလင်းဂျာနယ်မှအဖွဲ့သားများ ရောက်လာကြသဖြင့် စာရေးသူလည်း ပို၍ အားတက်သွားမိသည်။ ပန်းခြင်း ခုနစ်ခြင်းနှင့် အတူ ပန်းဖလက်များ ဝေငှကြသည်။

ထို့ကြောင့် ကဗျာရွတ်ပွဲ စတင်ရန် ခန်းမအပြင်မှ စာရေးဆရာ၊ ဆရာမများအား ဖိတ်ကြားပြီး ခန်းမထဲတွင် လူစုံလောက်သည့်အချိန်တွင် (၁၁း၂၀) တွင် စာရေးသူပင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး လက်လှမ်းမီသမျှ ဆရာ၊ ဆရာမများကို ကဗျာနှုတ်ရွတ်ဆိုပေးဖို့နှင့် အမှတ်တရ စကားများ ပြောကြားပေးဖို့ မေတ္တာရပ်ခံကြားပြီး

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးလင်းယုန်(ဒေါ်လှင်(ဒေး)နှင့်ညီအစ်မအရင်းများ(ဂြုတ်ရပ်ရွာ)

ဆရာဓာတ်ပုံမောင်မောင်အေး၊ဆရာမောင်သာယာ၊ဆရာတောင်းမြတ်(ခရာတော)

မှတ်တမ်းတင်ပွဲဒိဿယိုရိုက်ပေးဖို့ သန်လျင်မောင်ကျောက်ခဲကို အကူအညီတောင်းခံထားသလို ပန်းချီဆရာ တောင်ငူစိုးမြင့်လေးကလည်း မှတ်တမ်းတင်ရိုက်ကူးပေးကြသည်။ ဆရာရေးတဲ့ ကဗျာနဲ့ ဆရာဒေါင်းနွယ်ဆွေကဗျာစာရွက်လေးတွေ ဝေငှပေးကြသည်။

ဆရာမောင်သာယာ၏ နောက်ဆုံးခရီးတွင် ဆရာဘသက်ဆွေမှ ဆရာကိုယ်ရေးရာဇဝင်အကျဉ်းကို ဖတ်ကြားပေးပြီး အင်းစိန်စာပေအဖွဲ့ ဥက္ကဋ္ဌမှ ဝမ်းနည်းမှုအမှတ်တရစကား ပြောကြားသည်။ ဆရာညီညီနိုင်၊ ဆရာအောင်သွင်သူ၊ ရွှေပြည်သာစာပေအဖွဲ့မှ ဂီတစာဆိုမောင်မိုးသူ၊ တောင်ဥက္ကလာအဖွဲ့မှ အောင်မိုးလှိုင်(သစ္စာမြေ) ဟစ်တိုင်နှင့် သူရိယအလင်းဂျာနယ်မှ ဆရာကိုလေး၊ ဆရာမောင်မိုးပြာ၊ ဆရာမမအိ၊ လပြည့်ဝန်းမဂ္ဂဇင်းမှ ကောင်းမြတ်(ခရာတော)၊ မောင်မောင်မိုးအောင်၊ တောင်ငူမှ တောင်ငူစိုးမြင့်လေး (ပန်းချီဆရာ) ဆရာနောက်ဆုံးစာပန်အတွက် ပုံတူပန်းချီရေးဆွဲပေးသော ပန်းချီမြင့်မောက်၊ မြမဠ္ဌဂေ တို့က ကဗျာတွေ ရွတ်ဆို ဂုဏ်ပြုကြသလို အမှတ်တရစကားများ ပြောကြားသည်ကို ဆို့နစ်ကြေကွဲစွာ နားထောင်နေကြသော ဆရာသားငယ်လေးနှင့် ဆရာ့မိသားစုက ဝေ့ဝဲသော မျက်ရည်တို့ဖြင့် နားထောင်နေကြသည်ကိုလည်း အမှတ်ရနေမိပြန်သည်။

ဝတ္ထုရှည်အရ ပြုလုပ်ရမည့် ဆရာ့အတွက် အမိန့်စာပြန်တမ်းကို လပြည့်ဝန်းမဂ္ဂဇင်း၊ ဂန္ဓာရီမဂ္ဂဇင်းနှင့် ဇေယျာမြေစာပေတိုက်တို့မှ ပြန်တမ်းကို အယ်ဒီတာချုပ် ဆရာဉာဏ်ပွင့်ကိုယ်စား စာရေးသူက ဖတ်ကြားခဲ့ပြီး ဟစ်တိုင်ဂျာနယ်နှင့် သူရိယအလင်း ဂျာနယ်အတွက် ဆရာမောင်မိုးပြာက လည်းကောင်း၊ ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းအတွက် စာပေဥက္ကဋ္ဌမှ လည်းကောင်း၊ ရုပ်ရှင်အစည်းအရုံးမှ ပြန်တမ်းစာကို ဆရာဘသက်ဆွေတို့မှ အသီးသီး ပြန်တမ်းစာများကိုဖတ်ကြားပြီး စာရွက်များကို ဆရာနှင့်အတူ ထည့်ပေးလိုက်ကြသည်။

စံရိပ်ငြိမ်ဆရာတော် အရှင်ဇဝန(ပဲခူး)၊ စာရေးဆရာမောင်ချစ်ညို(ပဲခူး)ကလည်း သူကားလေးဖြင့် ဈာပနလိုက်ပို့ရင်း နောက်ဆုံးအကြိမ် သရဏဂုံတင်ပေးခြင်းအမှု ပြုလုပ်ပေးသည်။ ဆရာ့ဈာပနအား နောက်ဆုံး ဂါရဝပြုအပြီး အခေါင်းအတွင်းသို့ ထည့်သည့်အခိုက်တွင် စူးရှစွာ အော်ဟစ်ငိုယိုသံများက ခန်းမအတွင်း ပဲ့လွှင့်ထွက်လာသည်။

စာရေးသူလည်း မျက်ရည်မကျစိမ့်သောငှာ အံကြိတ်ထားရင်း တွန်းလှည်းဖြင့် သယ်ယူလာသော ဆရာ့အခေါင်းအား ကူတွန်းရင်း မီးသင်္ဂြိဟ်မည့်စက်ခန်းအဝတွင် ခေတ္တရပ်ပေးကာ ဝိညာဉ် ကင်းမဲ့နေသော့ ဆရာ့ ရုပ်ကလာပ်ကို နောက်ဆုံးကြည့်ရှုရင်းဖြင့် ဂါရဝပြုမိသည်။ နောက် စာရေးသူ ပြုလုပ်ခဲ့သမျှ ကောင်းမှုအစုစုကို ဆရာ့အား အမျှပေးဝေလိုက်မိသည်။

မိသားစု နောက်ဆုံး ဂါရဝပြုအပြီးတွင် ဆရာ့ရုပ်ကလာပ်ကို မီးသင်္ဂြိဟ်မည့် အခန်းတွင်းသို့ သယ်ဆောင်သွားသည်။ 'ဂျိန်း'ခနဲ ပိတ်သွားသော တံခါးသည် ဆရာနှင့် ဆရာသံယောဇဉ် တွယ်တာခဲ့သော စာပေ၊ ဂီတ၊ ရုပ်ရှင်အသိုင်းအဝိုင်းကို အပြီးအပိုင် ဖြတ်တောက် ပိုင်းခြားလိုက်ပြီဖြစ်ကြောင်း နားလည်လိုက်မိချိန်တွင် ရင်ထဲမှာ ကြေကွဲစွာခံစားလိုက်ရသည်။

ဆရာပြောခဲ့သော ကဗျာတစ်ပုဒ်က စာရေးသူရင်ကို ပုတ်ခတ်လှုပ်နှိုးသွားစေခဲ့သည်။

ငါ၏ကိုယ်ကို တွန်းဖြိုလှဲခွေ
မြေတစ်ကောင်လို
မှန်လျောင်အိမ်ထဲ
သိမ်းထားဆဲမှာ
ငါ၏စိတ်သည် လိပ်ပြာနှီရဲ
မှန်ကိုခွဲ၍ ပျံဝဲခုန်တက်
သင့်ခေါင်းထက်မှာ နားလျက်
ရယ်မောခဲ့တကား။

(မောင်သာယာ)

တကယ်တော့ ဆရာမောင်သာယာသည် ကဗျာဆရာပီသလွန်းသူဖြစ်သည်။ ကဗျာသည် မောင်သာယာ၊ ဆရာဟာ ကဗျာ၊ ကဗျာဟာ ဆရာ၊ သေရွာအထိ စောင်းကြိုးညှိကာ ရဲဝံ့စွာ ကဗျာရွတ်ရင်း သေမင်းကို စစ်ခင်းသွားသူဟာ ဆရာမောင်သာယာပါ။

နောက် ဘဝအဆက်ဆက်မှာ မိသားစုသော်က ကင်းစွာဖြင့် ဘဝနာပွားရင်း ကဗျာရေးဖွဲ့နိုင်ပါစေ။ ဆရာကောင်းရာ သုဂတိ ရောက်ပါစေ။

စောင်းကြော်မြတ်

❑

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ယုံကြည်ပါတယ်

ဆွေမြင့်

"ငယ်ထိပ် မိုးကြိုး ပစ်ခံလိုက်ရသည့်ပမာ" ဟူသော စကားလုံး အသုံးအနှုန်းသည် အလွန်တရာ ပြင်းထန်သော စိတ်ထိခိုက်ဖွယ်ရာ ဖြစ်စဉ်တစ်ခု ခံစားလိုက်ရခြင်းကို တင်စားသုံးနှုန်းလိုက်ခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် SHOCK မှင်သက်မိခြင်း (ရုတ်တရက်) ကြောင့် ဝေဒနာ တန့်တိုး ခံစားလိုက်ရသည်မှာ အမှန်တကယ်ဖြစ်သည်။ စစချင်း ထိုသတင်းကို မယုံကြည်သေး။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ စာရေးဆရာ၊ စာရေးဆရာမများ ဖြစ်ကြသော လေအန်ကုန်းအုပ်စုသည် ဇာတ်လမ်းများ ဖန်တီးတတ်ကြသူများ ဖြစ်နေသောကြောင့်ပါတည်း။

"မောင်သာယာ ၂၈. ၇. ၂၀၁၅ နေ့ မနက်ဆယ်နာရီတုန်းက ကွယ်လွန်သွားတယ်"

ဟူသော သတင်းနှင့် ပတ်သက်၍ . . .

"နောက်စရာမရှိ ကြံဖန်သတင်းလွှင့်တယ်"

ဟု ဘဝင်မကျ ဖြစ်ရသေးသည်။

ထိုသတင်း ကြားရသောနေ့မှာ ၂၁. ၇. ၂၀၁၅ (အင်္ဂါနေ့) ဖြစ်သောကြောင့် မဂ္ဂဇင်း/ဂျာနယ် အယ်ဒီတာများဖြစ်ကြသော နန္ဒာမိုးကြယ်၊ ဘသက်ဆွေ၊ မောင်သာယာတို့ တစ်ယောက်ပြီး တစ်ယောက် အလှိုအလှို ရောက်လာကြပေလိမ့်မည်။ ထို ကောလာဟလသည် မကြာမီ ပြီးဆုံးလွှင့်ပါး ပျောက်ကွယ်သွားလိမ့်မည်ဟူ၍ ပေါ့ပေါ့ဆဆ သဘောထားလိုက်သည်။

သို့ရာတွင် ကိုဉာဏ်ပွင့် (လပြည့်ဝန်း) သည် ခါတိုင်းလို လန်းလန်းဆန်းဆန်း မရှိဘဲ ညှိုးငယ်သော အသွင်သဏ္ဌာန်ဖြင့် ရောက်လာသည်။

ကျွန်ုပ်က မမေးရဲခင် . . .

"လပြည့်ဝန်းတို့ကိုကို လာတဲ့အချိန်မှာ ဆရာဦးသာယာကနည်းနည်းနေမကောင်းဘူးလို့ ပြောတယ်၊ ဒါနဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ဆေးတိုက်ပြီး သုံးရက် လောက် နားလိုက်ပါ။ ဂျာနယ်တိုက် လည်း မသွားနဲ့တော့၊ အိမ်မှာပဲ အနားယူလိုက်လို့ သေချာ မှာလိုက်တယ်၊ အခု . . . သူ ဆုံးသွားပြီဗျာ"

ကိုဉာဏ်ပွင့်အသံက သိသိသာသာ ကတုန်ကယင် ဖြစ်နေသည်။ သူနှင့် ကိုသာယာတို့ အတူတကွ လပြည့်ဝန်း မဂ္ဂဇင်းကို ဆက်လက်ထိန်းသိမ်းခဲ့ကြသည် မဟုတ်ပါလား။

လွန်ခဲ့သော ရက်ပေါင်း နှစ်ပတ်ခန့်က သူသားတစ်ဦး ကျန်းမာရေးချို့တဲ့၍ ဆေးရုံပို့ရကြောင်း၊ ထို့နောက် သူဇနီးလည်း မှကျန်းမမာဖြစ်၍ ဆေးခန်းပြရကြောင်း စသဖြင့် ကိုသာယာက ကျွန်ုပ်တို့အား ပြောပြခဲ့သေးသည်။ သို့ရာတွင် မထင်မှတ်သော သူက ကွယ်လွန်သွားခဲ့လေပြီ။

ဤအကြောင်းကို ရေးနေစဉ်မှာပင် သူနှင့်စတွေ့သော လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ခန့်ကို ပြန်လည်မြင်ယောင်မိသည်။ ရေကျော်တွင် ကိုယဉ်မျိုးသည် ရွှေဥဒေါင်း ပုံနှိပ်တိုက်ကို ဖွင့်လှစ်ရန် စီစဉ်နေသော ကာလဖြစ်သည်။

စံကြီး (သည်းဦးပန်း)က ကျွန်ုပ်ကို မောင်သာယာနှင့် မိတ်ဆက်ပေးသည်။ စံကြီး၏ ဝသီအတိုင်း ပြောင်ချော်ချော်နှင့် . . .

"အဲဒါ စာရေးဆရာ မောင်သာယာပါပဲ၊ ရုပ်ကလေးက လှသလောက် လက်ရေး အင်မတန်ဆိုးတယ်" ဟု ပြောသည်။

ကျွန်ုပ်သည် လျှို့ဝှက်သည်းဖို မဂ္ဂဇင်းနှင့် စုံထောက်မဂ္ဂဇင်းတို့တွင် ပင်တိုင်ရေးနေသူ ဖြစ်သည်။ မောင်ယဉ်မျိုး၏ လျှို့ဝှက်သည်းဖို စုပေါင်း ဝတ္ထုများစာအုပ်တွင် ရေးသားဖြစ်သည်။

ထိုစဉ်အခါက ဥပမိရုပ်ကောင်းကောင်း မွန်ရည်စွာဖြင့် စကားပြောလေ့ရှိသော ကိုသာယာသည် သူ၏ လုံးချင်းဝတ္ထုဖြစ်သော 'နန္ဒာ'ကို ရေးနေဆဲဖြစ်သည်။

တစ်ခါတစ်ရံ ရေးရင်းနှင့်အတွေးထစ်ထစ်ငေါ့ငေါ့ ဖြစ်လာသောအခါ သူ့ဘေးတွင် အဆင်သင့်ချထားသော မြန်မာစောင်းကို ဆွဲယူ၍ မိနစ်အနည်းငယ်ကြာအောင် တီးခတ်လေ့ရှိသည်။

ယင်းသို့ တီးခတ်နေရာမှ စိတ်ကူးပေါ်လာလျှင် စောင်းကိုအသာချ၍ စာကို ဆက်လက်ရေးပြန်သည်။ သူ့ကို ကြည့်ရသည်မှာ စာရေးဆရာ အခန်းတွင် သရုပ်ဆောင်နေသော ရုပ်ရှင်မင်းသားတစ်ယောက်ဟု ထင်မှတ်ရသည်။

(၂၃၊ ၇၊ ၂၀၁၅) ကြာသပတေးနေ့က ကျွန်တော်၊ ဆရာကောင်းမြတ်နှင့် ဆရာဘသက်ဆွေတို့ သုဝဏ္ဏမိုးပုံး လမ်းထိပ် လက်ဖက်ရည်ဆိုင်တွင် ကွယ်လွန်သွားရှာသော သူ့အကြောင်းကို တခုတ်တရ ပြောမိကြသေးသည်။

သူသည် ရုတ်တရက် ကွယ်လွန်ရခြင်း ဖြစ်သောကြောင့် သူ့ကိုယ်သူ ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း ရေရေရာရာ သိလိမ့်မည် မထင်ပါချေ။

ဝိညာဉ်အဖြစ်နဲ့ သူသွားလိုရာ နေရာကို လှစ်ခနဲ ရောက်နိုင်လေပြီ။ ကျွန်ုပ်တို့လို (ကားလမ်းဆုံ/မီးပွိုင့်တွေမှာ) ယာဉ်ကြောပိတ်ဆို့နေလို့ အကြာကြီး စောင့်စရာ မလိုတော့။ သူသည် ၂၀. ၇. ၂၀၁၅ နေ့တွင် ကွယ်လွန်ခဲ့သော်လည်း ၂၁. ၇. ၂၀၁၅ (အင်္ဂါနေ့) နှင့် (၂၄. ၇. ၂၀၁၅) သောကြာနေ့တို့တွင် ခါတိုင်းလာနေကျ 'လေအန်ကုန်း' လက်ဖက်ရည်ဆိုင်သို့လည်း ရောက်ရှိကောင်း ရောက်ရှိနိုင်သည်။

ကျွန်ုပ်တို့ဘေးမှာ ဝင်ထိုင်နေစဉ် ခါတိုင်းလို လက်ဖက်ရည် တစ်ကရားကို ရေနွေး ရောစပ်ပြီး အကြမ်းပန်းကန်နဲ့ ဝေမျှ သောက်နေကြသူတွေက သူ့ကို မတွေ့ရလို့ လှမ်းမပေးတာတို့၊ သူဝင် ပြောသော စကားကို မသိကျိုးကျွန် ဖြစ်နေကြတာတွေကို (အားမလို အားမရ) ဖြစ်နေလိမ့်မယ်လို့ တွေးပြီး ရင်တဲမှာ မကောင်းဖြစ်မိတယ်။ ဆရာမ မြမြလှိုင်တို့၊ ဆရာမ ဟန်သီဇင်တို့ ဝယ်လာပြီး ကျွေးနေကျ မြန်မာ့ရိုးရာ အစားအစာတွေကို သူက လှမ်းယူဖို့ ကြိုးစားပေမယ့် သူ့ကိုမမြင်ကြတဲ့ ကျွန်ုပ်တို့က မပေးတဲ့အခါ သူ စိတ်ထိခိုက် ကြေကွဲနေမှာပဲလို့ စဉ်းစားမိပြီး စိတ်ထိခိုက်ရပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်ုပ် မှတ်မှတ်ရရ ကြားယောင်မိတာက သူဟာ ယစ်ရွှေရည်ကို နှစ်နှစ်ကာကာ သောက်လေ့ရှိသူတွေထဲမှာ အပါအဝင်ဖြစ်နေပေမယ့် သူကွယ်လွန်ရင် ကောင်းရာသုဂတိ နတ်ပြည်ကို ရောက်လိမ့်မယ်လို့ အခိုင်အမာ ပြောဖူးတယ်။

ဘုရားလက်ထက်က ယစ်ထုတ်ကြီး တစ်ယောက် ကွယ်လွန်တဲ့အခါမှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က အဲဒီ ယစ်ထုတ်ကြီး နတ်ပြည်ရောက်နေတယ် ဆိုတာကို လူတွေက ဘဝင်မကျကြဘူး။ ဒါပေမဲ့ အဲဒီလူဟာ အရက်သောက်နေပေမယ့် . . .

'သူကို ဘုရားဟာ ဘုရားမဟုတ်ဘူး၊ တရားဟာ တရားမဟုတ်ဘူး၊ သံဃာဟာ သံဃာမဟုတ်ဘူးလို့ပြောရင် ငွေကြေး၊ စည်းစိမ်ဥစ္စာတွေပေးမယ်'

လို့ မိစ္ဆာဒိဋ္ဌိတွေက ပြောခိုင်းတာကို ယစ်ထုတ်ကြီးက မပြောခဲ့ဘူး။ ဘုရား၊ တရား၊ သံဃာကို အစစ်အမှန် ဖြစ်ကြောင်း အခိုင်အမာရပ်တည်သတဲ့။

အဲဒီစကားကို ကိုသာယာ တစ်ချိန်က လေးလေးနက်နက် ပြောခဲ့တာကို ကျွန်ုပ် ယနေ့ထက်တိုင် မှတ်မှတ်ရရ ဖြစ်နေဆဲပါ။

ဒါကြောင့် ကျွန်ုပ်တို့ ချစ်ခင်လေးစားရပါသော ရေဖော်ကြီး ကိုသာယာတစ်ယောက် ယခုအချိန်မှာ နတ်ဘုံနတ်နန်းမှာ စံမြန်းနေမှာဖြစ်ကြောင်း အခိုင်အမာ ယုံကြည်စွာ ဖော်ပြပါရစေ။

ဆွေပြင့်

❑

www.burmeseclassic.com

www.burmeseclassic.com

မင်းတရားသည် ယာယီတဲနန်း၏ လေသာပြတင်းဝမှ အရှေ့ဘက် မြင်ကွင်းများကို လှမ်းမျှော်ကြည့်နေမိလေသည်။ သူမျက်စိထဲတွင် မြင်မြင်သမျှ အရာအားလုံးက နှစ်လိုဖွယ်တွေချည်းဖြစ်နေသည်။ ထိုမြင်ကွင်းများကို ငေးမောရှုစားရင်း အထူးပင် စိတ်နှလုံးညွှတ်နူးနေမိသည်။

ဟိုအဝေးမှာ တောင်တန်းပြာပြာ။ တောင်တန်းပြာပြာ၏အောက်မှာက တောအုပ်စိမ်းစိမ်း။ တောအုပ်စိမ်းစိမ်း၏ ဒီမှာဘက်တွင် လယ်ကွင်းဝါဝါ။ ထိုမှတစ်ဆင့် အကြည့်အာရုံကို အနီးဆုံးဆီသို့ ရွှေ့လိုက်ပြန်သော် သာယာဖွယ် အပေါင်းနှင့်ပြည့်စုံသော မိမိ၏ဥယျာဉ်တော်။

ဥယျာဉ်တော်ထဲမှာက ရာသီမရွေး ဖူးပွင့်နေကြသော ရောင်စုံပန်းများမှာ အမြဲတစေပင် အလှချင်းပြိုင်နေကြသည်။ သူရာသီနှင့်သူ ခူးဆွတ်စား သုံးနိုင်သည့် သရက်၊ ပိန္နဲ၊ မာလကာ အစရှိသော သီးပင်စားပင်များကလည်း ဒုနှင့်ဒေး။ ထို့ပြင် ဘယ်တော့မှ မခမ်းခြောက်လေသည့် သဘာဝစမ်းရေအိုင်ကြီးနှင့်အတူ ထိုစမ်းရေအိုင်ကိုအမှီပြုကာ မြူးထူးပျော်ပါးကြလေသော သားငှက်များ၏ ဘာသာဘာဝ လှုပ်ရှား

www.burmeseclassic.com

ဆော့မြူး၊ သီကျူးအော်မြည်သံများက လည်း လွန်စွာမှပင် သာယာနာပျော်ဖွယ် ရှိလှသည်။ နားဝင်ချိုလှသည်။

မင်းတရားက ထိုကဲ့သို့ သဘာဝ အလှအပများကို ရှုစား၍ကောင်းနေတုန်းမှာပင် အဝေးတစ်နေရာမှ မြင်းရထားကြီးများက တလိမ့်လိမ့်ထကာ ကျန်ရစ်ခဲ့သည်။ ဒီတော့မှ ယနေ့တွင် နန်းရင်းဝန်ကြီးအား လာရောက်ခစားရန် မိမိ မှာကြားခေါ်ယူထားခဲ့သည့်အဖြစ်ကို သတိရလိုက်မိသည်။

မင်းတရားကြီးမှာ ထီးရိပ်နန်းရိပ်ကို ငြီးငွေ့သည့်အခါတိုင်း ခုလိုပင် ဥယျာဉ်တော်အတွင်း၌ ယာယီတဲနန်းဆောက်လုပ်ကာ ပြောင်းရွှေ့စံမြန်းလျက် အပန်းဖြေလေ့ရှိသည်။ ထိုသို့ ဥယျာဉ်တော်၌ စံမြန်းနေစဉ် အတောအတွင်း တိုင်းရေးပြည်ရေး စီမံခန့်ခွဲမှုကိစ္စအားလုံးကို နန်းရင်းဝန်ကြီးနှင့် လွှဲအပ်ထားခဲ့လေ့ရှိသည်။ နန်းရင်းဝန်ကြီးမှာ အလွန်စိတ်ချ အားထားရသူဖြစ်သည်။ သတ္တိ၊ ဗျတ္တိ အလွန်ရှိလှသူဖြစ်ကာ ကိုယ်ကျင့်သိက္ခာနှင့်လည်း လွန်စွာမှ ပြည့်စုံလှသူဖြစ်သည်။ မင်းတရား၏ လက်ရုံးတစ်ဆူဖြစ်သည်။

- ယနေ့တွင် အရေးကြီးကိစ္စတစ်ခုကို တိုင်ပင်ဆွေးနွေးရန်အတွက် နန်းရင်းဝန်ကြီးအား ခေါ်ယူလိုက်ခြင်းဖြစ်သည်။ ထိုအရေးကြီးကိစ္စဆိုသည်က အခြားတော့မဟုတ်ပါ။ မင်းတရားအနေနှင့် ယခုအခါတွင် အသက်အရွယ်က ကြီးရင့်လျက် ရှိလေပြီ။ ဇရာက ဖိစီးလျက်ရှိလေပြီ။ ထို့ပြင် ထီးနန်းစည်းစိမ်အဝဝကိုလည်း အငြီးငွေ့ကြီး ငြီးငွေ့လျက်ရှိနေမိသည်။ ထို့ကြောင့် မိမိ နတ်ရွာစံမီ ထီးနန်းကို အလွှဲအပြောင်း လုပ်ပေးခဲ့ချင်သည်။ ထိုသို့ ထီးနန်းကို လွှဲပြောင်းပေးပြီးနောက် ဆိတ်ငြိမ်အေးချမ်းသည် နေရာတစ်ခုခု၊ ဥပမာ- ယခုကဲ့သို့ ဥယျာဉ်တော်လို နေရာမျိုးတွင် တရားဘာဝနာ စီးဖြန်းလျက် ငြိမ်းချမ်းစွာ နေချင်သည်။

သို့သော် ထီးနန်းလွှဲပြောင်းရေးကိစ္စက ထင်သလောက် မလွယ်ဘဲ ဖြစ်နေသည်။ မင်းတရား၌ သားတော်သုံးပါး ရှိသည်။ ထိုသားတော်သုံးပါးထဲမှ သားတော်တစ်ပါးပါးအား ထီးနန်းလွှဲအပ်ရန် ကြေရွယ်စဉ်းစားလိုက်တိုင်း မင်းတရား စိတ်တွင်း၌ ဝိုးလိုးခုလုံဖြစ်သွားရမြဲပင်။ အကြောင်းမှာ ထိုသားတော်သုံးပါးလုံးကိုပင် မင်းတရား စိတ်တိုင်းမကျ။ ဘဝင်မကျ။ တိုင်းပြည်တစ်ပြည်ကို စိုးစံအုပ်ချုပ်မင်းလုပ်နိုင်သော အရည်အချင်းနှင့် ပြည့်စုံခြင်းမရှိကြဟု မင်းတရားက မှတ်ယူသည်။ ထို့ကြောင့်ပင် မဖျော်ဖိုက်လေသော ထိုထီးရိပ်နန်းရိပ်မှ မင်းတရား ရှောင်မထွက်နိုင်သေးခြင်းလည်း ဖြစ်လေသည်။

သို့သော် ဒီအတိုင်းနေ၍ကား မရပြီ။ ဒီကိစ္စအား ရှင်းထုတ်မှဖြစ်တော့မည်။ သို့မဟုတ်ပါက မမျှော်မှန်းနိုင်သော ဖြဿနာများ တသီကြီးဝင်လာတော့မည်ကို မင်းတရားက သိနှင့်ပြီးဖြစ်သည်။

ထို့ကြောင့်ပင် ယနေ့တွင်တော့ ဒီကိစ္စအား အကြိတ်အနယ်ဆွေးနွေးရန် လူယုံတော် နန်းရင်းဝန်ကြီးကို ခေါ်ယူလိုက်ခြင်းဖြစ်သည်။

♦

မကြာမီပင် နန်းရင်းဝန်ကြီး စီးနင်းလိုက်ပါလာသော မြင်းရထားက ဥယျာဉ်တော်၏အခြေအနေနှင့် ကင်းရုံများ၏ အခြေအနေကို လှည့်ပတ်ကြည့်ရှုကာ စစ်ဆေးနေလေသည်။ ဤတွင် တစ်နေရာသို့ အကြည့်ရောက်သွားရာမှ မြင်လိုက်ရသော မြင်ကွင်းတစ်ခုကြောင့် နန်းရင်းဝန်ကြီး အံ့အားသင့်သွားလေသည်။

"ဟဲ့- ကင်းမှူး၊ ဟိုတောင်ဘက်ကံခါးက ဥယျာဉ်တော်ထဲကို ဆိတ်တွေ ဝင်လို့ပါလား။ သွားချေစမ်း သွားချေစမ်း၊ မြန်မြန်သွားမောင်းထုတ်စမ်း၊ ပြီးတော့ အဲဒီမှာတာဝန်ကျတဲ့ ရဲမက်ကိုပါ ခေါ်လာခဲ့စမ်း"

ကင်းမှူးက ထိတ်လန့်သွားသည်။ မျက်နှာလည်းပျက်သွားသည်။ ချက်ချင်းပင် တောင်ဘက်တံခါးဘက်သို့ ပြေးထွက်သွားလိုက်သည်။ မကြာမီပင် ဥယျာဉ်တော်အတွင်း ဝင်ရောက်နေသည့်ဆိတ်များ အပြင်ဘက် ပြန်ထွက်သွားသည်ကို နန်းရင်းဝန်ကြီး တွေ့လိုက်ရသည်။

ကင်းမှူးက ပြန်ရောက်လာသည်။ သူနှင့်အတူ ကင်းသမားရဲမက် တစ်ဦးပါ လိုက်ပါလာသည်။ ထိုရဲမက်မှာ ကြောက်ဒူးတုန်လျက် ဇောချွေးများ ပြန်နေသည်။ မြေတွင် ပြားပြားဝပ်လျက် နန်းရင်းဝန်ကြီးအား ခစားနေလေ၏။

ကင်းမှူးက လျှောက်တင်လေသည်။

"ခြံစည်းရိုးကိုတိုးပြီး ဆိတ်တွေ ဝင်လာတာဘုရား၊ ကျွန်တော်မျိုးရောက်သွားတဲ့အချိန်ထိ ဒီကင်းသမားက အိပ်ပျော်နေတုန်းပဲ ရှိသေးတယ် ဘုရား"

နန်းရင်းဝန်ကြီးမျက်နှာက ရုတ်ချည်းပင် တင်းမာသွားသည်။ ရဲမက်ကို ကြည့်၍ပြောလိုက်သည်။

"သယ်- လူမိုက်၊ သင့်အပြစ်ဘယ်လောက်ကြီးလေးတယ်ဆိုတာ သိရဲ့လား၊ ဆိတ်တွေရဲ့ နေရာမှာ မင်းတရားကြီးရဲ့အသက်ကို ခြိမ်းခြောက်ရန် မူမဲ့ လူဆိုးတွေဖြစ်နေရင် မခက်ပါလား"

"ကျွန်- ကျွန်တော်မျိုးကြီးကို ဒီ . . ဒီတစ်ကြိမ် ချမ်းသာပေးတော်မူပါ ဘုရား"

"ကောင်းပြီ၊ ငါလည်း အရေးကြီးတဲ့ကိစ္စရှိလို့ သင့်ကို ဒီတစ်ကြိမ်တော့ ကြီးလေးတဲ့အပြစ်ကနေ ချမ်းသာပေးလိုက်မယ်၊ နောက်ကို တာဝန်ပေါ့လျော့တာမျိုး လုံးဝမဖြစ်ပါစေနဲ့၊ ဟဲ့ ကင်းမှူး၊ ဒီရဲမက်ကို တံတောင်နဲ့ထောင်းပြီး ဆုံးမလိုက်စမ်း"

အမိန့်ပေးပြီးနောက် နန်းရင်းဝန်ကြီးက မြင်းရထားမောင်းသမားကို ဥယျာဉ်တော်အတွင်းသို့ ဝင်စေလိုက်သည်။ မြင်းရထားက မင်းတရားကြီး

www.burmeseclassic.com

www.burmeseclassic.com

စံမြန်းရာ ယာယီတဲနန်းဘက်သို့ ဦးတည်၍ မောင်းနှင်သွားလေသည်။

♦

နန်းရင်းဝန်ကြီးက အတွင်းဆောင်သို့ လှမ်းဝင်လိုက်သည်။ ထိုအခါ အသင့်စောင့်ကြိုနေသော မင်းတရားကြီးနှင့် ရင်ဆိုင်တွေ့လိုက်ရလေသည်။ မင်းတရားကြီးက ချစ်ကြည်သော အကြည်ဖြင့် နန်းရင်းဝန်ကြီးအား လှမ်းကြည့်လိုက်သလို နန်းရင်းဝန်ကြီးကလည်း မြတ်နိုးသောအကြည်ဖြင့် မင်းတရားကြီးကို ပြန်ကြည့်လိုက်လေသည်။

မကြာမီပင် သူတို့နှစ်ဦး၏ တိုးတိုးကြိတ်ကြိတ် ဆွေးနွေးခန်းကို စတင်လိုက်တော့သည်။

"ကိုင်း- မင်းကြီး၊ အခြေအနေဘယ်လိုလဲဆိုတာ ပြောပါဦး၊ သားတော်တွေကို စောင့်ကြည့် အကဲခတ်ဖို့ တျူပ်မှာထားတဲ့ကိစ္စ ပွင့်ပွင့်လင်းလင်း ခြွင်းမချန်ဘဲ ပြောပြစမ်းပျာ၊ ကျူပ်က ဒီအရေးကို ပြီးစေချင်လှပြီ၊ ကျူပ် အတွက် နည်းနည်းပဲ ကျန်တော့တဲ့ အချိန်ကလေးကို အကျိုးရှိရှိ အသုံးချချင်လှပြီ"

မင်းတရား၏ စကားဆုံးသည်နှင့် နန်းရင်းဝန်ကြီး၏မျက်နှာက မှိုင်းမှုန်သွားသည်။ စိတ်မသက်မသာဖြစ်ဟန်ဖြင့် သက်ပြင်းတစ်ချက်ကို လည်း ချလိုက်သည် ထို့နောက် ဖြည်းလေးစွာပင် လျှောက်တင်လိုက်သည်။

"မှန်ပါ၊ ကိုယ်တော်မြတ်မှာကြားထားတဲ့အတိုင်း ကျွန်တော်မျိုးကြီးလည်း သားတော်များရဲ့ အခြေအနေကို မပြတ်တမ်း စောင့်ကြည့် လေ့လာခဲ့ပါတယ် ဘုရား၊ ကျွန်တော်မျိုး သိရသလောက် အမှန်အတိုင်း လျှောက်ထားရမယ်ဆိုရင်တော့ အခြေအနေက မကောင်းဘူး ဘုရား"

"အင်း- ဟုတ်မှာပါ၊ ဒါကို ကျူပ်လည်း သိပြီးသားပါ၊ ကျူပ်သားတော်တွေကို ကျူပ်ကိုယ်တိုင် အားမရပါဘူး၊ သို့သော်လည်း မကောင်းတဲ့အထဲကပဲ ကောင်းကွက်ကလေးတွေရှာပြီး ဒီကိစ္စကို အပြီးသတ်လိုက်ရတော့မလားလို့ပါ၊ ဝန်ကြီးသဘောကို ပြောပါဦး"

"ကျွန်တော်မျိုးသဘော ပြောရရင်တော့ ခုချိန်မှာ ကိုယ်တော်မြတ်က သာလျှင် ထီးနန်းကို ဆက်လက် စောင့်ရှောက်ထိန်းသိမ်းသင့်သေးတယ်လို့ ထင်ပါတယ်၊ ဒါဟာ တိုင်းသူပြည်သားတွေရဲ့မျက်နှာကို ကြည့်ရှုထောက်ထားရာလည်း ကျပါတယ်၊ ကိုယ်တော်မြတ်ရဲ့ သားတော်များဟာ ထီးနန်းနဲ့ မထိုက်တန်ကြရုံမျှမက တိုင်းသူပြည်သားများအပေါ် ကိုတောင် ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့် သူများပါ ဘုရား၊ သူတို့ဟာ ခုနောက်ပိုင်းမှာ ပိုဆိုးလာတယ်လို့တောင် ထင်မိပါတယ်"

"ဟုတ်ရဲ့လားဗျာ၊ ဘယ်လောက်တောင် ဆိုးနေကြသလဲ၊ သူတို့ တစ်ယောက်စီအကြောင်း ကျူပ်ကို ပြည့်ပြည့်စုံစုံ တင်စမ်းပါဦး"

ဤတွင် နန်းရင်းဝန်ကြီးက သားတော်တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို ဇောက်ပါအတိုင်း စုံစုံစေ့စေ့ တင်ပြလိုက်လေသည်။

"သားတော်ကြီးဟာ တကယ်တော့ ထီးနန်းအရိုက်အရာကို ပထမဆုံး ဆက်ခံရမယ့်သူပါ၊ ဒါပေမဲ့ သူဟာ ထီးမှုနန်းရာတွေကို စိတ်မဝင်စားသလို သူ့ကိုယ်သူလည်း အများပြည်သူ ကြည်ညိုလေးခန့်အောင် မနေဘူးဘုရား၊ သူဟာ လွတ်ရုံးတော်ကိုလည်း တက်ချင်မှ တက်ပါတယ်၊ များသောအားဖြင့် သူ့အိမ်တော်မှာသာ လူပျိုတော်သားတွေနဲ့ တရုန်းရုန်းလုပ်နေပါတယ်၊ သောက်လိုက်စားလိုက်၊ ပျော်လိုက်ပါးလိုက် လုပ်နေပါတယ်၊ ဆိုင်းတွေ၊ အငြိမ့်တွေကို အိမ်တော်ထဲ မပြတ်သွင်းပြီးတော့လည်း တခြိမ့်ခြိမ့် လုပ်နေပါထယ်၊ သူဟာ နေ့စဉ် အပျော်အပါးတွေနဲ့သာ လုံးထွေးနေပြီး သူ့ကိုယ်သူ မူးရူးမေ့လျော့နေတဲ့သူ ဖြစ်ပါတယ် ဘုရား"

မင်းတရားက ခေါင်းတညိတ်ညိတ်လုပ်နေသည်။ နန်းရင်းဝန်ကြီးက သားတော်အလတ်၏ အကြောင်းကို ဆက်၍ လျှောက်တင်လိုက်သည်။

"ညီတော် မင်းသားကလည်း တစ်နည်းတစ်ဖုံ ဆိုးသွမ်းတဲ့သူပါဘုရား၊ ပြောရမယ်ဆိုရင် သူဟာ သူ့နောင်တော်ထက်တောင် ပိုဆိုးတယ်လို့ ပြောနိုင်ပါသေးတယ်၊ ဘာကြောင့်လဲဆိုတော့ သူဟာ အလွန် ကိလေသာထူပြောပြီးတော့ မဆင်မခြင် လိုက်စားတဲ့သူ ဖြစ်နေလို့ပါပဲဘုရား၊ သူမှာ တရားဝင် တင်မြှောက်ထားတဲ့ မိဖုရားမောင်းမမိသံတွေ အများအပြား ရှိနေတာတောင် တင်းတိမ်မှုမရှိဘူးဘုရား၊ နေပြည်တော်တစ်ခွင်မှာသာမက ပြည်ရွာအနှံ့အပြားမှာကို သူ့ရန်မှ အလွန် ကြောက်လန့်နေကြရပါတယ်၊ သူဟာ အုပ်ထိန်းသူရှိရှိ၊ မရှိရှို၊ ကာမပိုင်ရှိရှိ၊ မရှိရှို ဘာကိုမျှ ဂရုမစိုက်ဘဲ ဖောက်လဲဖောက်ပြန် ကျူးလွန် ရမ်းကားသူဖြစ်ပါတယ်၊ ထီးနန်းကို မဆိုထားနဲ့ ထီးမိုရ်ကိုတောင် ခိုခွင့်ပေးဖို့ မအပ်စပ်သူပါ ဘုရား"

မင်းတရားကြီးက ရင်ကို မ, လိုက်မိပြန်သည်။ အသက်ရှူရမည်ကိုပင် မေ့နေဟန်တူသည်။

"နောက်ဆုံးအနေနဲ့ သားတော်ငယ်အကြောင်းကို လျှောက်တင်ပါ့မယ်၊ သူကျတော့ အသက်က ငယ်သလောက် စိတ်က အလွန်ဆတ်သူ ဖြစ်နေပြန်ပါတယ်၊ မင်းသားဆိုတဲ့ မာန်မာနနဲ့ အမျက်မာန်စောင် အလွန်ကြီးမားသူ ဖြစ်ပါတယ်၊ ကိုယ်တော်မြတ် လွှဲအပ်ထားတဲ့ ကျွန်တော်မျိုးကြီးရဲ့ တာဝန်ဝတ္တရားများကို အများဆုံး ကျူးကျော်နှောင့်ယှက်သူလည်း ဖြစ်ပါတယ်၊ သူဟာ ဘာတစ်ခုမှ ကျွမ်းကျင်နှံ့စပ်ခြင်း မရှိပါဘဲ နိုင်ငံတော်အုပ်ချုပ်ရေး လုပ်ငန်းဆောင်တာတွေကို ဝင်စွက်လိုစွက်၊ ပရမ်းပတာ အမိန့်ပေးလိုပေးနဲ့ ပြုလုပ်တတ်ပါတယ်၊ သူမထင်ရင် မထင်သလို မင်းမှုထမ်းများကို ထုထောင်းနှိပ်စက်ရုံ

www.burmeseclassic.com

www.burmeseclassic.com

မကဘဲ ပြည်သူ၊ ပြည်သားတွေကိုပါ အာဏာပြတာမျိုး၊ ကြိမ်းမောင်းရိုက်နှက်တာမျိုး ကြုံရင်ကြုံသလို လုပ်တတ်ပါသေးတယ်၊ ဒါကြောင့် သူ့ရဲ့ကြမ်းကြုတ်မှုကို ကြောက်လန့်ကြပြီးတော့-"

"တော်ပါတော့ မင်းကြီးရယ်၊ တော်ပါတော့၊ ကျုပ်သိပါပြီ၊ ဆက်ပြီး မကြားချင်တော့ပါဘူး"

မင်းတရားက ဝင်တားလိုက်သည်။ အသံက စိတ်မချမ်းမြေ့သံပေါက်နေပြီး မျက်နှာကပါ ညိုမှိုင်း၍နေလေသည်။

နောက်ဆုံးတွင် မင်းတရားကြီးက အောက်ပါအတိုင်းသာ စီရင်ချက်ချမှတ်လိုက်ရလေသည်။

"နောက်ဆုံးမတော့ ကျုပ်က နေမြဲတိုင်း ဆက်နေရဦးမှာပါပဲ၊ ကျုပ်ကိုက မကောင်းတာလို့ ပြောရမှာပါပဲ၊ ဒီတော့ မင်းကြီးလည်း တာဝန်ကို ဆက်ပြီး ထမ်းရွက်မြဲထမ်းရွက်ပါ။ ကျုပ် အမိန့်တော်အတိုင်း မကြောက်မဆုတ် ရဲရဲကြီး ဆက်ပြီး ထမ်းရွက်ပါ၊ တာဝန်ကိုထမ်းဆောင်နေတုန်းမှာ ဘယ်သူမျက်နှာကိုမှ မထောက်ပါနဲ့၊ နောက်ဆုံး ကုန်ကုန်ပြောရရင် ကျုပ်သားတော်တွေကိုပါ အရေးယူစရာများရှိခဲ့ရင် ရဲရဲသာ အရေးယူစမ်းဗျာနော်"

♦

အချိန်မှာ နံနက်ခင်း ဖြစ်လေသည်။ ထွက်ပြူးနေမင်းကြီးက သူ၏ပွင့်သစ်စနေရောင်ခြည်များကို လောကဓာတ်တစ်ခွင်လုံးသို့ ဖြန့်ဖြူးပေးနေလေသည်။ နုပျိုသောနံနက်ခင်းက သစ်လွင်အေးချမ်းသောအသွင်ကို ဆောင်ယူလျက်ရှိသည်။

ထိုအချိန်မျိုး၌ မအေးချမ်းနိုင်သူများကို ပြပါဟုဆိုပါလျှင် ညီတော် နောင်တော် မင်းသားသုံးပါးကိုသာ ပြရပါလိမ့်မည်။ အကြောင်းမှာ ထိုမင်းသားသုံးပါးလုံးပင် ရင်တွင်းမှ ဒေါသမီးဖြင့် ကိုယ်စီကိုယ်စီ ပူလောင်နေကြခြင်းကြောင့် ဖြစ်ပါသည်။

မင်းသားကြီး၏မျက်နှာက တင်းမာခက်ထန်၍နေသည်။ ရဲရဲနီနေသည်။

မင်းသားလတ်က အံကို ကြိတ်ထားသည်။ လက်သီးကိုဆုပ်ထားသည်။ ဂနာမငြိမ်ဟန်ဖြင့် ခေါက်တံ့ ခေါက်ပြန် စကြိုလျှောက်၍လည်း နေသည်။

အငယ်ဆုံးမင်းသားကမူ မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ခေါင်းလွှဲယမ်းကို တင်းတင်းဆုပ်ထားသည်။ သူ့ကိုယ်လုံးက တောင့်တင်းနေသည်။

မင်းသားကြီးထံမှ စတင်ပြီး အသံထွက်လာသည်။

"တောက်- ရာဇဝင်ရိုင်းလိုက်လေကွာ၊ မင်းသားကအောက်၊ မူးမတ်ကအထက်ဆိုတာမျိုး တစ်ခါမှ မကြားဖူးဘူး၊ ခမည်းတော် မြောက်စားသမျှ ထောက်ကြွားချင်တိုင်း ထောက်ကြွားနေတာပေါ့လေ။

ခု မင်းတို့ ငါတို့ဘဝက ဘုရင့်သားတော်တွေ ဖြစ်ပါရက်နဲ့ ဒီတိုင်းပြည်မှာ ဒီအဘိုးကြီးလောက်တောင် လူရာမဝင်တဲ့ဘဝကို ရောက်နေရပြီကွ၊ ကြားရဲ့လား ညီတော်တို့"

မင်းသားလတ်က -

"နောင်ဘုရားပြောတာ သိပ်မှန်တာပေါ့၊ တစ်နန်းတော်လုံး အရာရာသူလုက် သူခြေချည်းပဲ ဖြစ်နေပြီ၊ သူစကား၊ သူအမိန့်အတိုင်းချည်းပဲ ဖြစ်နေပြီ၊ ကျွန်တော်တို့ကို ဘယ်သူကမှအရေးမထား၊ မလေးစားကြတော့ဘူး၊ ဒါတင်မကသေးဘူး၊ ကျွန်တော်တို့ မင်းသားတွေကိုတောင် သူက တစ်စတစ်စနဲ့ ထိပါးပုတ်ခတ်လာနေပြီ၊ မနေ့ကဘဲ သတင်းကြားလာခဲ့တယ်၊ မင်းသားတွေအတွက် ရိက္ခာတော်မှအစ လိုချင်သလောက် ထုတ်ယူနေတာတွေ၊ စည်းမဲ့ကမ်းမဲ့ ငုံးပေါလေအောသုံးနေတာတွေကို နန်းရင်းဝန်ကြီးအမိန့်နဲ့ ကန့်သတ်တော့မယ်၊ ဝိတ်ပင်တော့မယ်တဲ့ဗျ၊ ကျွန်တော်တို့ကို လခစားသာသာလောက်သဘောထားတော့မယ့်ပုံစံပဲ၊ ခံပြင်းစရာကောင်းတယ်ဗျာ"

မင်းသားငယ်က -

"နောင်ဘုရားတို့က ဒါလောက်ပဲ သိကြတာကိုးဗျ၊ ဒီအကြောင်းတွေ လောက်ပဲ ဇာခွဲပြီး ပြောတတ်ကြတာကိုး၊ ဒီထက် အဆပေါင်းအများကြီး ကျွန်တော်တို့အပေါ် ဒီအဘိုးကြီးကလိန်ကျစ်ထားတာကိုတော့ မမြင်မိကြဘဲကိုး။

ဒီမယ်ဗျ၊ တကယ်တော့ ခမည်းတော်က ထီးနန်းကို စွန့်ချင်နေပြီ၊ သူဘာသာ တရားအားထုတ်ပြီး နေချင်ပြီ၊ အဲဒါ ဒီအဘိုးကြီးဝင်ရှုပ်နေလို့ ခမည်းတော်က ကျွန်တော်တို့ကို ထီးနန်းလွှဲမပေးဘဲ ထားတာဗျ၊ သိကြရဲ့လား။

ကျွန်တော်တို့မကောင်းကြောင်းတွေကို အူမချောခါးပါမကျန် သူ့ဘာခမည်းတော်ကိုကုန်းတိုက်၊ ခမည်းတော်ကလည်း သူပြောသမျှကိုယုံ၊ ဒါနဲ့ပဲ ကျွန်တော်တို့ညီအစ်ကိုတစ်တွေ ကိုယ်ကျိုးနည်းရရော၊ ဘာမှ မျှော်မနေကြနဲ့ ဒီအဘိုးကြီး ရှိနေသမျှ ကျွန်တော်တို့ ဘယ်တော့မှ ထီးနန်းမရဘူး၊ တောက်-ပြောရင်း ဒေါသဖြစ်တယ်ဗျာ."

မင်းသားငယ်က ဒေါသကြီးသူ ပီပီ စိတ်ကိုမထိန်းနိုင်တော့ဘဲ အနီးရှိကွမ်းခွက်တစ်ခုကို ကန်ထုတ်ပစ်လိုက်လေသည်။ ကွမ်းခွက်က နံရံဆီသို့ ခွင်းခနဲ သွားမှန်လေသည်။ အနီးအနားတွင် ခစားနေကြသော အမှုထမ်းများမှာ မင်းသားများကို ကြောက်ရွံ့လျက် ပြားပြားဝပ်နေကြလေသည်။ မင်းသားလတ်ကပြောလိုက်ပြန်သည်။

"ဒီအတိုင်း လက်ပိုက်ကြည့်နေတော့မှာလား နောင်ဘုရား၊ သူ ခြေလှယ်တာကိုပဲ ခေါင်းငုံ့ပြီး ခံနေရတော့မှာလား၊ ကျွန်တော်တို့ဘက်က ဘာအစဉ်မှ မလုပ်တော့ဘူးလား"

"လုပ်မှာပေါ့ကွ ညီလေးရ၊ အဲ အတွက် တိုင်ပင်ဖို့ မင်းတို့ကို ငါ အလှမ်းခေါ်လိုက်တာ၊ ကဲ ကဲ လာကြတို့ အတွင်းဆောင်ထဲဝင်ရအောင်"

မင်းသားကြီးက ထိုသို့ပြော၍ သူ့ကိုယ်တိုင်ဦးဆောင်၍ အတွင်းခန်း

www.burmeseclassic.com

www.burmeseclassic.com

ထဲသို့ ဝင်သွားလိုက်ကြလေသည်။ ထို့နောက်တွင် ညီတော် နောင်တော် သုံးဦးက လျှို့ဝှက်လုပ်ငန်းတစ်ခုအတွက် တိုးတိုးကြိတ်ကြိတ် ဆွေးနွေးတိုင်ပင်၍ နေကြလေသည်။

♦

များမကြာမီ တစ်ခုသောနေ့၏ ညနေချမ်းတွင် မင်းတရားကြီးထံသို့ နန်းတွင်းအရာရှိတစ်ဦးက အရေးတကြီး ရောက်လာပြီးလျှင် သတင်းဆိုးတစ်ခုအား လျှောက်တင်လိုက်လေသည်။

ထိုသတင်းဆိုးကား နန်းရင်းဝန်ကြီးနှင့်အဖွဲ့က နန်းမြို့တော်နှင့် အတန်ငယ်ကွာလှမ်းသော ကျေးလက်ဒေသတစ်ခုမှ ဆည်မြောင်းလုပ်ငန်းစာစစ်ခုကို သွားရောက်စစ်ဆေးစဉ် အမည်မသိလူဆိုးများ၏ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်မှုကို ခံလိုက်ရသော သတင်းဝင်ဖြစ်လေသည်။

ထိုလူဆိုးအဖွဲ့မှာ အင်အားများပြားလှသောကြောင့် နန်းရင်းဝန်ကြီးနှင့်အဖွဲ့က ပြန်လည်မခုခံနိုင်ဘဲ အကွဲကွဲအပြားပြား ဆုတ်ခွာထွက်ပြေးကြရသည်။ ဤတွင် ကျန်အဖွဲ့ဝင်များအား လုံး နန်းမြို့သို့ ပြန်လည်ရောက်ရှိကြသော်လည်း နန်းရင်းဝန်ကြီး တစ်ယောက်မှာမူ ပျောက်ဆုံးလျက် ရှိလေသည်။ အခင်းဖြစ်ရာနေရာသို့ ဘုရင့်တပ်မတော်ကို စေလွှတ်၍ ရှာဖွေပါသော်လည်း နန်းရင်းဝန်ကြီးအား ပြန်မတွေ့ရတော့ပေ။ မည်သည့်သဲလွန်စ၊ မည်သည့်သတင်းအနုမ္မာလည်း မရရှိဘဲ ဖြစ်နေလေသည်။

သတင်းဝုံကို ကြားရသည်နှင့် မင်းတရားက စိုးရိမ်သွားသည်။ ချက်ချင်းဆိုသလိုပင် ဥယျာဉ်တော်မှ နန်းမြို့ဆီသို့ အမြန်ဆုံး ကြွချီလိုက်လေသည်။

♦

ဆီမီးခွက်မှ မီးစွယ်ကလေးက ကြိုးစားရုန်းကန်ရင်း မှိတ်တုတ်မှိတ်တုတ်နှင့် လင်းလက်နေလေသည်။ ထိုဆီမီးခွက် အလင်းရောင်ကလေးက လွဲပြီး မြေတိုက်ခန်းတစ်ခုလုံး အခြားဘာမျှ မရှိ။

နန်းရင်းဝန်ကြီးက ကောက်ရိုးပုပေါ်တွင် လဲလျောင်းလျက်ရှိသည်။ ပက်လက်အနေအထားနှင့်မို့ သူမျက်နှာက မြေတိုက်ခန်း၏ မျက်နှာကြက်ဆီသို့ မျက်နှာမူလျက်သားဖြစ်နေသည်။ သူ လက်နှစ်ဖက်လုံးအား သံကြိုးများဖြင့် ချည်နှောင်ထားသည်။ ခြေနှစ်ဖက်က လည်း ထိတ်တုံးထဲရောက်နေသည်။ သူ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ ဒီကြားထဲ မည်သို့မျှ လှုပ်၍ လှည့်၍ မရသော အနေအထားမို့ ပို၍ပင် အနေရခက်လှသည်။ ခြင်တွေကလည်း တဝီဝီနှင့် တရစပ်ပင် ထိုးနှက်နေတော့သည်။ လင်းနို့ချေးအနံ့က နှာခေါင်းအတွင်းသို့ ဝူးရှစ်ဝင်ရောက်လာပြန်ရာ သူ နှာခေါင်းကို ရှဲ့လိုက်မိသည်။

ထိုအချိန်မှာပင် 'ဂျိမ်း'ခနဲ အသံကြီးတစ်ခု ထွက်ပေါ်လာပြီးနောက် မြေတိုက်ခန်းတံခါးက ပွင့်သွားခဲ့လေသည်။ ထို့နောက် လူတစ်စုက မြေတိုက်ခန်းအတွင်းသို့ ဝင်ရောက်လာကြလေသည်။ ထိုလူစု၏ ရှေ့ဆုံးမှဝင်လာသူများမှာ မင်းသားညီနောင် သုံးဦးတို့ဖြစ်ကြောင်းကို နန်းရင်းဝန်ကြီးက ထမကြည့်ဘဲ သိလိုက်သည်။ သူတို့ကိုင်ဆောင်လာသော ကျည်ဆီမီးတိုင်များ၏ အလင်းရောင်ဖြင့် မြေတိုက်ခန်းတစ်ခုလုံးက လင်းလင်းကျင်းကျင်း ဖြစ်သွားသည်။

မင်းသားသုံးဦးက သူ့ခြေရင်းဘက်၌ အသီးသီးရပ်လိုက်ကြသည်။ ပြီးလျှင် အသက် အငယ်ဆုံးနှင့် ဒေါသအကြီးဆုံးဖြစ်သူ မင်းသားငယ်က စတင်၍ ဟိန်းဟောက်လိုက်လေသည်။

"ကိုင်း အဘိုးကြီး၊ ဘယ့်နယ်ရှိစ၊ ခင်ဗျား ဘာတတ်နိုင်သေးလဲ၊ ကိုယ့်မကောင်းမှုဒဏ်ကို ကိုယ်ပြန်ခံနေရပြီ မဟုတ်လား"

သူက ပြန်မဖြေ။ မလှုပ်မယှက် သာနေလေသည်။ မင်းသားငယ်က ဒေါနှင့်မောနှင့် ပြောလိုက်ပြီးနောက်

ဤပုပ်မေးတာ ဖြေလေဗျာ အဘိုးကြီး၊ ဘာလဲ ခုမှ ကြောက်ချွေးပြန်ပြီး စကားတောင် မထွက်နိုင်တော့ဘူးလား၊ ဟုတ်လား"

ဤတွင် နန်းရင်းဝန်ကြီးက အသံမှန်မှန်ဖြင့် ပြန်ပြောလိုက်သည်။

"ကျုပ်က မကောင်းမှုဒဏ်ခံရအောင် ဘာများမကောင်းမှုကို ကျူးလွန်ခဲ့မိလို့လဲ၊ ပြီးတော့ ကျုပ်က ဘယ်သူ့ကိုမှ ကြောက်စရာမလိုသလို ဘာအတွက်မှလည်း ကျုပ်မှာ ကြောက်ချွေးပြန်စရာ မရှိဘူး"

သူ့စကားကြောင့် မင်းသားငယ်က ရှူးရှူးရဲရဲဖြစ်သွားသည်။ ထိုအချိန် မင်းသားကြီးက ဝင်ပြောလိုက်ပြန်သည်။

"ကိုင်းဗျာ၊ ကျုပ်တို့က တစ်ခုပဲ သိချင်ပါတယ်၊ ခမည်းတော်က ကျုပ်တို့ကို ထီးနန်းလွှဲအပ်ဖို့ စီစဉ်ရာမှာ ခင်ဗျားက ကျုပ်တို့ မကောင်းကြောင်းတွေ ပြောပြီး ကန့်ကွက်တယ်ဆို၊ ခင်ဗျားကြောင့်ပဲ ခမည်းတော်က အစီအစဉ်ကို ဖျက်လိုက်ရတာလို့ ကျုပ်တို့ကြားတယ်၊ ဒီသတင်းဟာ မှားနိုင်စရာမရှိဘူးလို့တော့ ကျုပ် ထင်တယ်၊ ဒါပေမဲ့ ခင်ဗျားပါးစပ်က ခင်ဗျားကိုယ်တိုင် ဝန်ခံတာကို ကျုပ် ကြားချင်တယ်ဗျာ၊ ကိုင်း- ပြောပေတော့ အဘိုးကြီး"

မင်းသားကြီးစကားဆုံးသည်နှင့် နန်းရင်းဝန်ကြီးက တစ်ချက်မျှပြုံးလိုက်သည်။ ထိုပြုံးယောင်ယောင်မျက်နှာဖြင့်ပင် ပြန်ပြောလိုက်သည်။

"မင်းသားပြောတာ သိပ်မှန်တာပေါ့၊ ကျုပ်ကသာ ထောက်ခံလိုက်ရင် မင်းတရားကြီးက မင်းသားတို့ကို ထီးနန်း လွှဲအပ်ပြီးသားပဲ၊ ကျုပ်က အကျိုးအကြောင်း လျှောက်တင်ပြီး တားဆီးလိုက်လို့သာ ဒီကိစ္စ အထမမြောက် ဖြစ်သွားရတာပဲ၊ ကိုင်း- ဒို့ပြင် ဘာသိချင်သေးလဲ"

မင်းသားကြီးက လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အံကိုပါ တင်းတင်းကြိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီ၊ ခင်ဗျားဟာ ဒီအခြေအနေ ရောက်နေတာတောင် ကျုပ်တို့ကို ပံ့မာမခန့် လုပ်နေသေးမှတော့ ခင်ဗျားလမ်းကို ခင်ဗျားလွှဲတာယ်သာ မှတ်လိုက်ပေတော့၊ ခင်ဗျားသေဖို့ သာပြင်ပေတော့"

"ကျုပ် သေရမှာကို မကြောက်ပါဘူး၊ မင်းသားတို့သတ်လိုက်လို့ ခု ကျုပ် သေသွားရင် ကျုပ်တစ်ယောက်တည်းပဲ သေရမှာပါ။ တကယ်လို့များ ကျုပ်က ထောက်ခံလိုက်လို့ မင်းသားတို့သာ ထီးနန်းရသွားရင် မခက်ပါလားဗျာ၊ တိုင်းသူပြည်သားတွေ နှိပ်စက်ညှဉ်းပန်းခံကြရမယ်၊ မတရား ကွပ်မျက်သတ်ဖြတ်တာကို ခံကြရမယ်၊ ဒီလိုဆိုရင်ဖြင့် အဲဒီလို အများ ဆင်းရဲဒုက္ခရောက်ကြရတာဟာ ကျုပ်စနက်ကြောင့်လို့ ပြောစရာကြီး ဖြစ်မနေပေဘူးလား၊ ဒီတော့ကာ ထီးနန်းနဲ့မထိုက်တန်တဲ့ မင်းသားတို့လည်း ထီးနန်း မရစေရဘူး၊ အဲဒီအတွက် နောက်ဆက်တွဲဆုလာဘ်အဖြစ် ခုလို ကျုပ်အသတ်ခံရမယ်ဆိုရင်လည်း ကျုပ် ခံလိုက်မယ်၊ တစ်နည်းအားဖြင့် လူတွေ အများကြီး သေရမယ့်အရေးကို ကာကွယ်ပြီး ကျုပ်တစ်ယောက်တည်းပဲ အသေခံလိုက်မယ်၊ ဒါ့ ကျုပ်သဘောထားပဲ"

နန်းရင်းဝန်ကြီးစကားဆုံးသွားသည်နှင့် မင်းသားငယ်က ဓားကို ဓားအိမ်မှ ဆွဲထုတ်လိုက်သည်။ မီးရောင်အောက်၌ ဓားသွားက ဝင်းလက်သွားသည်။ ထို့နောက် ရှေ့ကိုတိုးကာ ဓားကို မြှောက်လိုက်သည်။ သို့သော် မင်းသားလတ်က အချိန်မီဝင်တားလိုက်နိုင်သဖြင့် လိုရင်းသို့ မရောက်လိုက်ရပေ။

"ဆိုင်းဦး ညီလေး၊ ဆိုင်းဦး၊ ဒီအဘိုးကြီးကို ဘာကြောင့် တို့လက်နဲ့ သတ်နေမလဲ၊ သတ်ချင်ရင် ဒီအထိ ဖမ်းပြီး ခေါ်လာခဲ့မလဲ၊ ဒီအဘိုးကြီးကို မနက်မိုးလင်းမှ ချောက်ထဲတွန်းချပြီး သတ်ရမယ်ကွ၊ ဒါမှ အများက သူ့ကို ပြေးရင်းလွှားရင်း ချောက်ထဲပြုတ်ကျပြီး သေတယ်လို့ ထင်ကြလိမ့်မယ်၊ တို့တွေ အပေါ်ကိုလည်း ဘယ်သူမှ မသက်သာစရာ မလိုတော့ဘူးပေါ့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ တို့သွားကြရအောင်၊ အဘိုးကြီး- ခင်ဗျား ဝဝကူးကောင်းအောင် ခုကတည်းက ဘုရား၊ တရားသာ အောက်မေ့ပေတော့ ထို့"

ထို့နောက် သူတို့အားလုံး ထွက်ခွာသွားကြသည်။ 'ဂျိမ်း'ခန့် တံခါးဆောင့်ပိတ်လိုက်သံနှင့်အတူ မြေတိုက်ခန်းက ပြန်လည်၍ မည်မှောင်သွားလေသည်။

♦

မည်သည့်အချိန်ရှိပြီဟူ၍တော့ သူမသိ။ ညဉ့်က တဖြည်းဖြည်း နက်သည်ထက် နက်လာနေပြီကိုမူ သိရှိနေမိသည်။ အမှောင်ထဲမှာပင် မျက်စိကို စုံမှိတ်ထားလိုက်မိသည်။ အသက်ကိုလည်း ခပ်မှန်မှန် ရှူနေမိသည်။ ပြီးလျှင် သူ့စိတ်ကို အတိတ်ဆီသို့ ပို့လိုက်မိသည်။ အတွေးကွန်ရက်ကိုလည်း ဖြန့်လိုက်မိသည်။

လူဖျိုဖော်ဝင်စအရွယ်ကပင် သူ ရွှေနန်းတော်ကြီးသို့ စတင်ရောက်ရှိလာပုံ၊ အတွင်းဝန်တစ်ဦး၏ အိမ်တော်၌ ကွမ်းရေကိုင်အဖြစ် စတင်အမှုထမ်းခဲ့ပုံ၊ ထိုမှသည် တစ်ဆင့်ပြီးတစ်ဆင့် ရာထူးများ တိုးတက်ရရှိခဲ့ပုံ၊ နောက်ဆုံးတွင် မင်းတရားကြီး၏ခြံးမြောက်မှုဖြင့် နန်းရင်းဝန်ကြီးရာထူးအထိ တက်လှမ်းနိုင်ခဲ့ပုံ။ တစ်ဖန် တာဝန်ထမ်းဆောင်နေစဉ်ကာလများတွင်လည်း နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိစွာ၊ ဖြောင့်မတ်တည်ကြည်စွာ စီရင်ထမ်းရွက်ခဲ့ပုံ၊ ကံသုံးပါးဖြင့် မည်သူ့အပေါ်ကိုမျှ ဖြစ်မှားကျူးလွန်ခဲ့မိခြင်း မရှိပုံတို့ကို တသိတတနိုးကြီး ဆင်ခြင်တွေးတောနေမိလေသည်။

ထို့နောက်တွင် မိမိဘဝကား အရတော်ခဲ့လေပြီ၊ နေလည်းနေပျော်ခဲ့သလို သေလည်းသေပျော်ပါပြီတကားဟူ၍ စိတ်ကိုတုံးတုံးချလိုက်မိပြီးနောက် လူတစ်ကိုယ်လုံး ကြည်လင်ပေါ်ပါးသွားလေသည်။ ဖြူစင်သန့်ရှင်းသော စိတ်သဏ္ဌာန်နှင့်အတူ သောကတင်းဝေခြင်း၏ အထိမ်းအမှတ်အဖြစ် သူမျက်နှာပေါ်တွင် အပြုံးပန်းကလေးတစ်ပွင့်က အလိုလိုဖြစ်ပေါ်လာလေသည်။ မကြာမီပင် ချမ်းသာစွာ အိပ်ပျော်ခြင်းသို့ပါ ရောက်ရှိသွားလေသည်။

♦

မည်မျှကြာအောင် အိပ်ပျော်သွားမိသည် မသိ။ တစ်စုံတစ်ယောက် သောသူက သူ၏လက်မောင်းတစ်ဖက်ကို ခပ်ဖွဖွ ကိုင်လှုပ်လိုက်သည်ဖို့ သူ ဖျတ်ခနဲ လန့်နိုးလာသည်။ ခေါင်းထဲ မကာ ဘေးဘီသို့ အသာငဲ့ကြည့်လိုက်မိသည်။

"ရှူး တိုးတိုး၊ အသံမထွက်နဲ့ ကျွန်တော်မျိုးက ဘိုးဘိုးကို ကယ်ထုတ်မယ့်သူပါ ဘုရား"

သူ မျက်လုံး ကျယ်သွားသည်။ ဝမ်းလည်းဝမ်းသာသွားသည်။ ထို့ကြောင့် အသာငြိမ်နေလိုက်သည်။ ထိုအမှောင်ထဲမှလူက လျှင်မြန်စွာ လှုပ်ရှားနေထားသည်။ လက်နှစ်ဖက်မှ သံကြိုးများကို လည်းကောင်း၊ ခြေတောက်မှ ထိတ်တုံးတို့ကိုလည်းကောင်း တစ်ခုပြီးတစ်ခု ဖွင့်ဖြုတ်၍နေလေသည်။ အချိန်အနည်းငယ်အတွင်းမှာပင် အနှောင်အဖွဲ့အစည်းမှ လွတ်သွားသည်။ သူ ငုတ်တုတ်ထထိုင်လိုက်သည်။

အမှောင်တွင်းမှလူက လေသံတိုးတိုးဖြင့် ပြောပြန်သည်။

"ကျွန်တော်မျိုးကြီးကို ဘိုးဘိုးမှတ်မိမယ်ထင်ပါတယ်၊ တစ်ခါတုန်းက ဥယျာဉ်တော်မှာ ဆိတ်တွေ ဝင်စ ဘိုးဘိုး သက်ညှာစွာ ဆုံးမခဲ့တဲ့ ခဲမတ် ဘုရား။

အဲဒီနေ့ကစပြီး ဘုရင့်ငင်းထ ဖွဲ့ကနေ အလုပ်ပြုတ်ခဲ့ရာက လင် မင်းသားကြီးရဲ့အိမ်တော်မှာ ပြောင်း အမှုထမ်းခဲ့ရပါတယ်၊ ဘိုးဘိုးရဲ့အကြ နာ၊ ကရုဏာတရားတွေကို တစ်

www.burmeseclassic.com

www.burmeseclassic.com

တဲ့ပြန်ဖို့ အခု ကျွန်တော်မျိုးကြီး အခွင့်ကြုံတာပါပဲ ဘုရား"

"ကျေးဇူးကြီးလှပြီ အသင်ရဲမက်၊ ဒါပေမဲ့ ဒီပြင် ကင်းသမားတွေကြားထနေ ကျုပ်ကိုကယ်ထုတ်ဖို့ သင် လွယ်မှာမလား"

"ဒီအတွက် မပူပါနဲ့ ဘုရား၊ ကျွန်တော်မျိုးကြီး အကုန်လမ်းရှင်းထားပြီးပါပြီ၊ ဒီကင်းသမားတွေဟာ အားလုံးသောသောက်ကြူးတွေပါ ဘုရား၊ ညဦးတည်းက ကျွန်တော်မျိုးကိုယ်ပိုင်ငွေနဲ့ အရက်နှစ်အိုးဝယ်ယူပြီး အဝတိုက်ထားပါတယ်၊ ကျွန်တော်မျိုးက မနှိုးသရွေ့ ဆင်အော်တောင် နိုးမယ့်သူတွေ မဟုတ်ပါဘူးဘုရား၊ တစ်ခုပဲ ကျွန်တော်မျိုး စိုးရိမ်မိတယ် ဘုရား"

"ဘာများလဲ ရဲမက်"

"ကျွန်တော်မျိုးက နိုးရာမားကို ခြောက်ရသူဆိုတော့ အခုအမှုမှာ မင်းသားတွေရဲ့ရန်ကနေ ကျွန်တော်မျိုးကြီး လွတ်နိုင်ပါ့မလားလို့ တွေးပူမိတယ် ဘုရား"

"ဒီအတွက် ဘာမှ မပူစမ်းနဲ့၊ ကျောက်ဆောင်ကြီးရဲ့အရိပ်အောက်မှာ ခိုလှုံနိုင်မှတော့ ကျောက်တုံးကျောက်ခဲလောက်ကို ဘာမှုစရာလိုလဲ၊ ကျုပ်နဲ့အတူ မင်းတရားကြီးရဲ့ ရွှေဖဝါးတော်အောက်ရောက်အောင် စိတ်ချလက်ချ လိုက်ခဲ့ပေတော့"

"မှန်ပါဘုရား၊ မှန်ပါဘုရား"

ထို့နောက်စွာင် ရဲမက်၏ ကူညီကယ်ဆယ်မှုကြောင့် နန်းရင်းဝန်ကြီးက မြေတိုက်ခန်းအတွင်းမှ လွတ်မြောက်သွားလေသည်။ ရဲမက် ကြိုတင်စီစဉ်ထားသည့် မြင်းများဖြင့် နန်းမြို့တော်ဘက်သို့ အပြင်းစိုင်းလာနိုင်သော အချိန်တွင်မူ မင်းသားဆိုးများလက်မှ အပြီးတိုင် လွတ်မြောက်သွားတော့သည်။

♦

နန်းမြို့တော်အပါအဝင် နိုင်ငံတစ်ဝန်းဌ အခြေအနေက ဗရုတ်ဗရက် ဖြစ်နေသည်။ အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်။ သတင်းတွေက တစ်မျိုးပြီး တစ်မျိုး ထွက်ပေါ်လျက်ရှိသည်။ နန်းရင်းဝန်ကြီးနှင့်အဖွဲ့ တိုက်ခိုက်ခံရသည့် သတင်း၊ နန်းရင်းဝန်ကြီးတစ်ဦးတည်း ထူးဆန်းစွာ ပျောက်ဆုံးနေသည့်သတင်း၊ တစ်ခုသောညတွင် နေပြည်တော်သို့ ရဲမက်တစ်ဦးနှင့်အတူ နန်းရင်းဝန်ကြီး ရုတ်တရက် ပြန်လာရောက်လာသည့် သတင်း၊ မင်းသားသုံးပါး၏ လုပ်ကြံသတ်ဖြတ်မည့် အန္တရာယ်မှ ရဲမက်၏ ကယ်ဆယ်မှုကြောင့် လက်မတင်လေးထွက် ပြေးလွတ်မြောက်သွားနိုင်ခြင်း ဖြစ်သည်ဆိုသည့်သတင်း၊ မင်းတရားကြီးက အမျက် ပြင်းစွာထွက်လျက် မင်းသားများကို ဖမ်းဆီးရန် အမိန့်ပေးသည့်သတင်း၊ မင်းသားများက ဘုရင့်တပ်မတော်မှ ဝိုင်းပတ်ခြင်းကိုမခံရမီ ထွက်ပြေး တိမ်းရှောင်သွားကြသည်ဆိုသည့်သတင်း၊ သူတို့က ယခုရောက်ရှိနေသော အရပ်ဒေသမှ လူသူများကို စုရုံးကာ ထီးနန်းအား တိုက်ခိုက်သိမ်းပိုက်ဖို့ စိုင်းပြင်းနေကြသည်ဆိုသည့် သတင်း စသည် စသည်ဖြင့် သတင်းစုံထွက်ပေါ်နေကာ ပြည်ရွာအနှံ့ ထိတ်လန့် ကြောက်ရွံ့နေကြလေသည်။

များမကြာမီ နောက်ဆက်တွဲ သတင်းများကို ဆက်တိုက်လိုလိုပင် ကြားလာကြရပြန်သည်။ ထိုသတင်းများမှာ ဘုရင့်တပ်မတော်မှ မင်းသားများကို လိုက်လံတိုက်ခိုက်သည့်သတင်း။ မင်းသားများမှာ နဂိုကပင် မင်းသားဆိုးများဖြစ်ကြသည့်အတွက် လူသူလက်နက် စုဆောင်း၍ အဆင်မပြေသည့်သတင်း၊ ထို့ကြောင့် မည်သို့မျှ ပြန်လည်တိုက်ခိုက်နိုင်ခြင်းမရှိဘဲ ရက်အနည်းငယ်အတွင်း လက်နက်ချ အညံ့ခံလိုက်ကြရသည့် သတင်း၊ ဘုရင့် ရှေ့တော်မှောက်သို့ မင်းသားများကို ဖမ်းဆီးခေါ်ဆောင်သွားသောအခါ ဘုရင်မင်းမြတ်က ထူးထူးထွေထွေ မေးမြန်းစစ်ဆေးနေခြင်း မပြုတော့ဘဲ သားဇော်များအား သုသာန်ထုတ် အသေသပ်ဖျောက်စေရန် အမိန့်တော်ချမှတ်လိုက်သည့် သတင်းများပင် ဖြစ်ပါလေသည်။

တိုင်းသူပြည်သား လူအများတို့မှာ ပြန်လည်၍ စိတ်အေးသွားကြရသည်။ သူတို့ချစ်မြတ်နိုးသောဘုရင်နှင့် နန်းရင်းဝန်ကြီးတို့၏ ဘုန်းရိပ်အောက်တွင် ယခင်အတိုင်း ဆက်လက် ခိုလှုံခွင့်ရကြမည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြလေသည်။

♦

နေညိုလေပြီ။ မကြာမီ တောင်စွယ်၌ နေကွယ်ပေတော့မည်။ သူသတ်ကုန်းရောက် မင်းသားသုံးပါးမှာ နေကွယ်သလို ကွယ်ရတော့မည့် သူတို့ဘဝအတွက် မချိအောင်ပင် ခံစားနေကြရလေသည်။ အသီးသီး မျက်ရည်လည်ရွဲဖြစ်နေကြသည်။ သူတို့အား ပြစ်ဒဏ်စီရင်မည့် ပါးကွက်အကြီးအမှုနှင့် အမတ်ထံ၌လည်း တစ်ဦးစီ တောင်းပန်တိုးလျှိုးနေကြလေသည်။

"ခမည်းတော်ထံ ထပ်ပြီး လျှောက်ထားခွင့် မရှိတော့ဘူးလား အမတ်ကြီးရယ်၊ ခမည်းတော် ဒေါသပြေတဲ့အထိ ကျွန်တော်တို့ကို ဆိုင်းငံ့ခွင့်လေး ပေးပါဦးလား"

"ကယ်ကြပါဦးဗျာ၊ ကယ်ကြပါဦး၊ ကျွန်တော်တို့ နောက်တစ်ကြိမ် ဒီလို အပြစ်မျိုးသာမက ဘယ်လို မကောင်းမှုကိုမှ မကျူးလွန်တော့ပါဘူးလို့ ကတိပေးပါတယ်၊ အသက်ကို ချမ်းသာပေးကြပါဗျာတို့"

သူတို့က မည်သို့ပင် မြေဆိုကြသော်လည်း တာဝန်ခံအမတ်ကြီးကမူ ခေါင်းကိုသာ ခါယမ်း၍နေလေသည်။

"မရတော့ဘူး မင်းသားတို့၊ ဒီအမိန့်ဟာ အပြီးအပြတ်ပဲ၊ တစ်စုံတစ်ရာ ပြင်ဆင်တဲ့ အမိန့်တော်မျိုး ဘာမှ ထပ်ပြီး ရောက်မလာခဲ့ပါဘူး"

ထိုကဲ့သို့ ပြောလိုက်ပြီးနောက် တာဝန်ကျပါးကွက်များဘက်သို့လှည့်၍ လုပ်ငန်းစရန် အချက်ပေးလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ပါးကွက်များက အသီးသီး လှုပ်ရှားလိုက်ကြသည်။ မင်းသားများအား လည်မျိုကို တုတ်တိုနှင့်ရိုက်၍ ကွပ်မျက်မည်ဖြစ်ရာ လက်ပြန်ကြိုးချည်နှောင်ထားသော မင်းသားများကို ဦးစွာဒူးထောက်၍ ထိုင်စေလိုက်သည်။ ထို့နောက် သွေ့ာင်ကို တင်းတင်းဆွဲကာ မျက်နှာကို မော့စေလိုက်သည်။

ဤမှာပင် မင်းသားငယ်က မူးမေ့၍ သွားလေပြီ။ ကျန်မင်းသားနှစ်ပါးကမူ ပါးကွက်များက တုတ်တိုအား ရိပ်ခနဲ မြောက်တင်လိုက်သည်ကို မြင်ရလျှင်ပင် မျက်စိများကို စုံမှိတ်ထားလိုက်ကြသည်။ သူတို့၏ ပါးပြင်များတွင်မူ မျက်ရည်တို့ဖြင့် စွတ်စိုလျက်ရှိနေကြလေသည်။

သို့သော် ကျောတစိမ့်စိမ့်၊ အသည်းတအေးအေးနှင့် လည်မျိုပေါ်သို့ တုတ်တိုကျရောက်လာမည့်အချိန်ကို သူတို့က စောင့်မျှော်နေကြသော်လည်း အချိန်အတန်ကြာသည်အထိ အခြေအနေက ထိုသို့ဖြစ်မလာပေ။ လက်ရှိအခြေအနေအထားအတိုင်းပင် တည်တံ့နေသည်။

အတန်ကြာသော် အောင်မြင့်ခဲ့ညားသော အသံကြီးတစ်ခုက သူတို့၏ ရှေ့တည့်တည့်မှ ထွက်ပေါ်လာခဲ့လေသည်။

"ကိုင်း- မင်းသားတို့၊ ထကြ ထကြ၊ ဒီလောက်ဆိုရင် မှတ်သားလောက်ရှိကြပြီ ထင်ပါတယ်"

ထိုအသံကြောင့် မှိတ်ထားသော မျက်လုံးများကို တစ်ပြိုင်တည်း ဖွင့်လိုက်ကြသည်။ ထိုအခါ သူတို့ရှေ့တွင် မားမားကြီး ရပ်နေသော နန်းရင်းဝန်ကြီးအား ရွှေထီးတဝင်းဝင်းအောက်တွင် တွေ့မြင်လိုက်ကြရလေသည်။

နန်းရင်းဝန်ကြီးက လေးနက်သော အသံဖြင့် ပြောလိုက်သည်။

"ခုတော့ နားလည်သွားကြပြီ မဟုတ်လား မင်းသားတို့၊ လူတိုင်းဟာ သေရမှာကို ကြောက်ကြတယ်၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရမှာကို ကြောက်ကြတယ်၊ မိမိတို့ရဲ့ ပစ္စည်းဥစ္စာတွေကို ရမ်းကားနှောင့်ယှက် လုယက်ဖျက်ဆီးခံရမှာကို ကြောက်တတ်ကြတယ်ဆိုတာ သိကြပြီ မဟုတ်လား။ ကိုယ်တွေ့ကြုံမှ သိရတယ်ဆိုသလိုပဲ ခုတော့ သူတစ်ပါး အပေါ် ကိုယ်ချင်းစာတတ်ကြပြီ မဟုတ်လား။

ကျွပ်ကမင်းသားတို့ကို ကြောက်လန့်ရုံပဲ နမူနာ ပြခိုင်းလိုက်တာပါ။ ကျွပ်တို့နိုင်ငံမှာ မင်းသွေးပျောက်လို့ မင်းဆက်ပြတ်ရမယ့်အရေးကို မလိုလားပါဘူး။ ဒါကြောင့် မင်းသားတို့ရဲ့အသက်ကို ချမ်းသာပေးဖို့ ကျွပ်ကိုယ်တိုင် တာဝန်ခံပြီး မင်းတရားကြီးထံတော်မှာ လျှောက်တင်ခဲ့တာပါ။ ကိုင်း- ဘယ့်နယ်တုံး၊ ဒီနေ့ကစပြီး ပြုပြင်လိမ္မာကြပါ့မောမယ်လို့ ကျွပ်ကို မင်းသားတို့က ကတိပေးနိုင်ကြပါ့မလား"

မင်းသားများမှာ ထိုစကားကို ကြားကြရသောအခါ ဝမ်းသာခြင်းထက် ဝမ်းနည်းခြင်းကို ပို၍ လွန်ကဲစွာ ခံစားလိုက်ကြရပြီး သကာလ သည်းထန်စွာ ငိုကြွေးကြလေသည်။ နန်းရင်းဝန်ကြီးက သူတို့ကိုကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေလေသည်။

အတန်ကြာတော့မှ ငိုကြွေးခြင်းကိုရပ်စဲကာ မင်းသားကြီးမှစတင်ကာ ဝန်ချတောင်းပန်စကားကို အသီးသီး ပြောကြားကြလေသည်။ ထို့ပြင် ခမည်းတော်နှင့် နန်းရင်းဝန်ကြီးတို့ အပေါ် မိုက်မှားကျူးလွန်ခဲ့မိသည့် မိမိတို့၏ အပြစ်များအတွက် မည်သည့်ပေးဆပ်မှုမျိုးဖြင့်မဆို ပြန်လှည့်ပေးဆပ်သွားရန် အသင့်ရှိပါကြောင်းလည်း ပြောကြားကြလေသည်။

ထိုအခါ နန်းရင်းဝန်ကြီးက အောက်ပါအတိုင်း ပြောလိုက်သည်။

"ကောင်းပြီ၊ ကောင်းပြီ၊ ဒါဖြင့်ရင် မင်းသားတို့အနေနဲ့ ဘယ်လိုပုံဘယ်လိုနည်းနဲ့ ပေးဆပ်ရမလဲဆိုတာကို ကျွပ်ပြောပြမယ်။

မင်းသားကြီးက ဒီနေ့တစပြီး နိုင်ငံတော်ရိက္ခာ တိုးတက်ထုတ်လုပ်ရေးအတွက် အရေးတကြီး ဆောင်ရွက်နေတဲ့ ဆည်မြောင်းတာတမံများ ဆောက်လုပ်ရေး လုပ်ငန်းကို သွားရောက်ကြီးကြပ် ဆောင်ရွက်ရမယ်၊ ညီတော်မင်းသားကတော့ လက်နက်စက်ရုံ၊ ဒင်္ဂါးစက်ရုံ အစရှိတဲ့ စက်ရုံများကို သွားရောက်တာဝန်ယူရမယ်၊ မင်းသားလေးကတော့ မင်းတရားကြီးရဲ့ ကောင်းမှုတော် ဓမ္မသုခပထိုးတော်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်မှာ သွားရောက်ကြီးကြပ်ပြီး အမှုတော် ထမ်းကြရမယ်ဗျား"

နန်းရင်းဝန်ကြီး၏ စိမ်ခန့်ခွဲမှုများအား မင်းသားများက ဝမ်းမြောက်ဝမ်းသာစွာ နာခံ မှတ်သားလိုက်ကြလေသတည်း။

♦

သာယာသော နေ့တစ်နေ့၏ နံနက်ခင်းအချိန်တွင် နန်းရင်းဝန်ကြီး၏ မြင်းရထားက ဥယျာဉ်တော်၏ ဗဟိုကင်းရုံရှေ့သို့ ထိုးဆိုက် ရောက်ရှိလာပြန်လေသည်။ ယခင်က ဥယျာဉ်တော်အတွင်း ဆိတ်ဝင်မှုဖြင့် တံတောင်နှင့် ထောင်းကာ ဆုံးမခြင်းခံခဲ့ရသော ရဲမက်မှာ ယခုအခါ ကင်းမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိနေပြီး သူက နန်းရင်းဝန်ကြီးအား ကင်းရုံရှေ့မှဆီးကြိုကာ အရိုအသေ ပြုလိုက်လေသည်။ နန်းရင်းဝန်ကြီးကလည်း အပြုံးဖြင့် ပြန်လည်နှုတ်ဆက်လိုက်သည်။ ထို့နောက် ပွင့်လာသော တံခါးမှတစ်ဆင့် အတွင်းသို့ မြင်းရထားကို မောင်းဝင်လိုက်လေသည်။

မကြာမီပင် မင်းတရားကြီးနှင့် နန်းရင်းဝန်ကြီးနှစ်ဦးက အတွင်းဆောင်၌ တွေ့ဆုံ ဆွေးနွေးနေကြလေသည်။ ထိုအချိန်၌ အခြားမြင်းရထားများပါ ရှေ့ဆင့်နောက်ဆင့် ဆိုက်ရောက်လာကြလေသည်။ ထိုမြင်းရထားများမှာ မင်းသားများ၏ မြင်းရထားများပင်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သည်။ မင်းသားများက မြင်းရထားပေါ်မှ ဆင်းလိုက်ကြပြီးနောက် မင်းတရားကြီး၏ ရှေ့မှောက်သို့ ဝင်ရောက် ခစားလိုက်ကြသည်။

မင်းတရားက ပြုံးရွှင်သောမျက်နှာဖြင့် သားတော်များအား ကြည့်ကာ လိုရင်းကိုသာ မြောလိုက်သည်။

"ကိုင်း- သားတော်များ၊ ခမည်းတော် အနှစ်နှစ်အလလ စောင့်မျှော်နေတဲ့နေ့ကို ရောက်လာပြီဟူး၊ သားတော်များရဲ့ သတင်းကောင်းကို အဆက်မပြတ် ကြားလာရပြီးတဲ့နောက် ခုလို နန်းရင်းဝန်ကြီးနဲ့တိုင်ပင်ပြီး ဆင့်ခေါ်လိုက်ရခြင်း ဖြစ်တယ်၊ အကြောင်းကတော့ သားတော်များကို ထီးနန်းလွှဲအပ်ရေးကိစ္စပဲဖြစ်တယ်၊ ထီးနန်းကို ချောချောမောမော လွှဲပြောင်းပေးပြီးတာနဲ့ ခမည်းတော်လည်း အေးအေးဆေးဆေး ဘုရားအားထုတ်တော့မယ်၊ ဒီတော့ အစဉ်အလာအတိုင်း သားတော်ကြီးကိုပဲ ဦးစွာ ထီးနန်းလွှဲအပ်ပေးဖို့ ခမည်းတော် စီစဉ်ထားတယ်"

မင်းတရားက စကားဆုံးလေသော် မင်းသားကြီးက လျင်မြန်စွာပင် လျှောက်တင်လိုက်သည်။

"သည်းခံပါ ခမည်းတော်၊ သည်းခံပါ၊ ထီးနန်းကို ဘယ်လိုနည်းနဲ့မှ သားတော် မယူပါရစေနဲ့၊ ညီတော်များကိုသာ လွှဲအပ်တော်မူပါ"

မင်းသားကြီး၏ စကားကြောင့် ခမည်းတော်လုပ်သူ ပါးစပ်အဟောင်း သားဖြစ်သွားသည်။ ညီတော်မင်းသားက ဝင်၍ လျှောက်တင်ပြန်သည်။

"သားတော်လည်း ထီးနန်းကို မယူပါရစေနဲ့ဘုရား၊ ပြည်သူပြည်သားတွေနဲ့ အတူနေ အတူစားပြီး ပေါ့ပါးလွတ်လပ်တဲ့ဘဝမှာ သားတော် မျော်ပိုက်နေပါပြီ၊ ဒီဘဝနဲ့ပဲ အရိုးထုတ်ပါရစေဘုရား၊ ညီတော်ကိုသာ ထီးနန်းလွှဲတော်မူပါ"

ထို အခါ မင်းသားငယ်က လျှောက်တင်ပြန်သည်။

"မဖြစ်နိုင်ပါဘူး နောင်တော်တို့၊ လုံးဝ မဖြစ်နိုင်ပါဘူး၊ နောင်တော်တို့ကို ကျော်ပြီး ထီးနန်းကိုမယူဝံ့ပါဘူး၊ ထီးနန်းစည်းစိမ်ကိုလည်း ညီတော် မက်မောခြင်း မရှိတော့ပါဘူး"

အခြေအနေက လိပ်ခဲတည်းလည်း သောင်မတင် ရေမကျ အခြေအနေသို့ ရောက်ရှိသွားပြန်သည်။ မင်းတရားနှင့် နန်းရင်းဝန်ကြီးတို့က တစ်ဦးမျက်နှာတစ်ဦးကြည့်၍ သက်ပြင်းချနေကြသည်။ ဤတွင် မင်းသားကြီးက ထပ်မံ၍ လျှောက်တင်လိုက်သည်မှာ-

"အကောင်းဆုံးနဲ့ အသင့်တော်ဆုံးကို သားတော် လျှောက်တင်ရမယ် ဆိုရင်တော့ တိုင်းပြည်တာဝန်ကို တစ်လျှောက်လုံး စွန့်လွှတ် အနစ်နာခံပြီး ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ခဲ့တဲ့ ဘိုးဘိုးနန်းရင်းဝန်သာလျှင် ထီးနန်းနဲ့ အထိုက်တန်ဆုံးဖြစ်ပါတယ်၊ ဘိုးဘိုးနန်းရင်းဝန်ကိုသာ ထီးနန်းလွှဲအပ်တော်မူပါ ဘုရား"

ဤတွင် နန်းရင်းဝန်ကြီးက ပြုံးယောင်ယောင်မျက်နှာဖြင့် ခေါင်းကို ခါယမ်းကာ ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

"မင်းသားတို့က ကျွပ်ဆီကို ပုတ်ထုတ်ဖို့ ကြိုးစားနေတာကိုး၊ ဘယ်ဖြစ်လိမ့်မလဲဗျာ၊ ကျွပ်က အသက်ကြီးပါပြီ၊ အိုပါပြီ၊ ပြီးတော့ ကျွပ်က ကျွပ်သခင် သွားရာနောက်ကို အသင့် လိုက်မဲ့ဖို့ စီစဉ်ထားပြီးပါပြီ၊ မင်းတရားကြီးနဲ့အတူ တောထွက်တရားအားထုတ်ဖို့ ရည်သန်ထားပြီးပါပြီ"

မင်းတရားကြီးက အခြေအနေအားလုံးကို ကောင်းစွာ ရိပ်စားမိလိုက်ပေပြီ။

အများဆန့်ကို နားထောင်စဉ်းစားဖို့ထက် မိမိကိုယ်ပိုင် အဆုံးအဖြတ်ဖြင့်သာ ပြတ်ပြတ်သားသား ဆောင်ရွက်မှ ဖြစ်တော့မည့် အကြောင်းကို သည်း ကောင်းစွာ သိလိုက်သည်။ ထို့ကြောင့် ရုတ်ခြည်းပင် ရာဇကုန္ဒြေကို ဆောင်ယူလိုက်ကာ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်တော့သည်။

"အမိန့်တော်မှတ်မယ် သားတော်များ၊ သားတော်များအနေနဲ့ ခုလို ထီးနန်း စည်းစိမ်ကို မမက်မောဘဲ ရိုးသားစိုမ့်ချတဲ့ စိတ်ဓာတ်မျိုးရှိကြတဲ့အတွက် ခမည်းတော် ဝမ်းမြောက်လှပါတယ်၊ ဒါပေမဲ့ တိုင်းသူပြည်သားတွေရဲ့ မျက်နှာကိုတော့ဖြင့် မကြည့်လို့ မဖြစ်ပေဘူး၊ တိုင်းပြည်တာဝန်ကို မထမ်းဆောင်လို့ မရပေဘူး၊ ဒီတော့ စိတ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ သားတော်များအနေနဲ့ ထီးနန်းကို ဆက်ခံကြရလိမ့်မယ်။

ဒီနေရာမှာ တစ်ဦးတည်းကနေ အမြဲတမ်းတာဝန်ယူဖို့ ဝန်လေးတယ်ဆိုရင် သားတော်များအနေနဲ့ တစ်ဦးကို (၂) နှစ်တန်သည်၊ (၃)နှစ်တန်သည် အလှည့်ကျ တာဝန်ထမ်းဆောင်နိုင်တယ်၊ သားတော်များ လက်ထက်ကို ကျော်လွန်ပြီး မဟာဆီ မဟာသွေးထဲက ထီးညွှန့်နန်းလျာကို ရွေးချယ်တော့မယ် ဆိုရင်လည်း အမှန်တကယ်ကို မင်းကျင့်တရားနဲ့ပြည့်စုံမှသာ ရွေးချယ်ခန့်ထားကြပါလို့ ခမည်းတော် တိုက်တွန်းလိုတယ်၊ ဒါမှသာ မင်းကောင်းမင်းမြတ်များ လက်ဆင့်ကမ်းပြီး အုပ်ချုပ်တဲ့ တိုင်းပြည်အဖြစ်နဲ့ အရှည် တည်တံ့ခိုင်မြဲလိမ့်မယ်၊ အမျိုးဘာသာ၊ သာသနာဟာလည်း ထာဝစဉ် တိုးတက်ကြီးပွားပြီး ဖွံ့ဖြိုးဝေစည်ပေလိမ့်မယ် သားတော်များ"

ထိုသို့ အမိန့်တော် ချမှတ်ပြီးသည်နှင့် သားတော်များက ထိုအမိန့်တော်ကို ရိုသေကိုင်းညွတ်စွာ ခံယူပန်ဆင်လိုက်ကြလေသည်မို့ မင်းတရားနှင့် နန်းရင်းဝန်ကြီးတို့သည်လည်း စိတ်ဆန္ဒပြည့်ဝခြင်းနှင့်အတူ နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြပါလေသတည်း။

ရဲမြင့်တင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို မြန်လေ့လာကြည့်ရင် ပျက်စီးရာ ပျက်စီးကြောင်း ရည်ရွယ်ချက်နဲ့ မမှန်သတင်းတွေဖြန့်ပြီး ပြည်သူလူထုကို အထိတ်တလန့်ဖြစ်စေတဲ့ ပဋိပက္ခတွေဖြစ်ခဲ့လို့ ဆုံးရှုံးမှုတွေနဲ့ ကြုံခဲ့ရတာတွေ အားလုံးအသိဖြစ်ပါတယ်။ မသမာသူတွေရဲ့ ရည်ရွယ်ချက်ရှိရှိနဲ့လုပ်တဲ့ လှည့်ကွက်ထဲကို ပြည်သူတွေ ဝင်မသွားမိဖို့ လိုပါတယ်။ ကြားရတဲ့သတင်းတိုင်းကို အလွယ်တကူ မယုံမိဖို့ လိုပါတယ်။ သတင်းတစ်ခုကြားလိုက်တာနဲ့ ခုတ်မယ်၊ ထစ်မယ်၊ ပါးပါးလှီးမယ်ဆိုလို့ ပြဿနာက ပြေလည်သွားမှာ မဟုတ်ပါဘူး။ ပြည်သူတွေအနေနဲ့ကလည်း အထိတ်တလန့်နဲ့ လုပ်ကိုင်စားသောက်ကြရတာကို လက်မခံပါဘူး။

ကောလာဟလဆိုတာ တစ်ဦး၊ နှစ်ဦးကနေစလိုက်တဲ့ သတင်းစကားကို လူအများက စုပေါင်းပြီး စကားတူအသံတူ ရွတ်ရွတ်ရက်ရက်ပြောဆိုခြင်း၊ လူထုကို အုတ်အုတ်ကျက်ကျက်ဖြစ်စေတဲ့သတင်းစကား၊ လူတွေ၊ နတ်တွေ ကြံစည်စိတ်ကူးပြီး ပြောဆိုတဲ့စကားလို့ဆိုပါတယ်။ မြန်မာအဘိဓာန်မှာ "တစ်စုံတစ်ရာဖြစ်ပေါ်မည့်အကြောင်းရင်းကို ကြိုတင်သတိပေးသော ကြွေးကြော်စကား၊ ကြိုတင် ဖြစ်ပေါ်နေသော သတင်းစကား၊ အခြေအမြစ်မရှိသော သတင်းစကား၊ ဈေးစကား ဆိုပြီး အဓိပ္ပာယ်ဖွင့်ထားပါတယ်။ မြတ်ဗုဒ္ဓဟောကြားတဲ့ ကောလာဟလငါးမျိုးကို လည်း ဗဟုသုတအဖြစ် ဖော်ပြပေးလိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

(၁) ကမ္ဘာကြီးပျက်တော့မယ်လို့ နှစ်ပေါင်းတစ်သိန်းလောက်က ကြိုတင်ထွက်ပေါ်လာတဲ့ ကောလာဟလ၊ (၂) ဘုရားပွင့်တော့မယ်လို့ နှစ်ပေါင်းတစ်ထောင်လောက်က ကြိုတင် ထွက်ပေါ်လာတဲ့ ကောလာဟလ၊ (၃) စကြဝဠတေးမင်းဖြစ်ပေါ်လာမယ်လို့ နှစ်ပေါင်းတစ်ရာလောက်က ကြိုတင် ထွက်ပေါ်လာတဲ့ ကောလာဟလ၊ (၄) မင်္ဂလသုတ်တရားတော်ကို ဗုဒ္ဓဟောကြားမယ်လို့ ဆယ့်နှစ်နှစ်လောက်က ကြိုတင်ထွက်ပေါ်လာတဲ့ ကောလာဟလ၊ (၅) မောနေယျအကျင့်ပေါ်ပေါက်လျက် ကျင့်ကြံသူပေါ်ပေါက်မယ်လို့ ခုနစ်နှစ်လောက် ကြိုတင် ထွက်ပေါ်လာတဲ့ ကောလာဟလ လို့ မှတ်သားဖူးပါတယ်။

မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့တဲ့ ကောလာဟလတွေက လူသားတွေကို ဘယ်လိုတရားတွေပေးလဲ ဆိုတာကို ဆရာတော်သီတဂူစတားရဲ့ ဟောပြောချက်မှာ . . .

"ကမ္ဘာကြီးပျက်စီးတော့မယ်ဆိုတဲ့ ကောလာဟလသတင်း စကားအရ လောကကြီးမှာ ဘယ်အရာမှ မမြဲဘူးဆိုတဲ့ သတိ သံဝေဂတွေရပြီး တစ်ဦးနဲ့ တစ်ဦး လောဘ၊ ဒေါသ၊ မာန၊ အာဃာတတွေ မထားဘဲ လူသားအချင်းချင်း အပြန်အလှန် လေးစားမယ်၊ မေတ္တာကရုဏာ မုဒိတာပွားပြီး စိတ်ဓာတ်မြင့်မားရေးတို့ကို လုပ်ဆောင်ကြရမယ်ဆိုတဲ့ သတိတရားရစေပါတယ်။

လူပြည်မှာ မြတ်ဗုဒ္ဓပွင့်တော်မူမယ်ဆိုတဲ့ ဗုဒ္ဓ ကောလာဟလသတင်းစကားကို ကြားရတဲ့အခါမှာ လောကမှာ မြစ်ပေါ်ခဲ၊ ပွင့်တော်မူခဲတဲ့ ပုဂ္ဂိုလ်ထူးကို ဖူးမြော်ခွင့်ရ လေခြင်းဆိုတဲ့ ဗုဒ္ဓါနုဿတိ ဘာဝနာကို ဖြစ်စေပါတယ်။

မင်္ဂလာကောလာဟလနဲ့ ပတ်သက်ပြီး မင်္ဂလာအကြောင်းကို လူ၊ နတ်၊ ဗြဟ္မာတွေ(၁၂)နှစ်ကြာအောင် လေ့လာစူးစမ်းရှာဖွေရင်း မြတ်ဗုဒ္ဓနဲ့ တွေ့မှသိခွင့်ရတဲ့ မင်္ဂလာတရား၊ ပွင့်ပေါ်ခဲတဲ့တရား၊ ကြားနာရခဲတဲ့ မင်္ဂလာတရား တော်များများကို နာခွင့်ရတဲ့အတွက် ဓမ္မနုဿတိ ဘာဝနာကို ဖြစ်စေပါတယ်။

မောနေယျကောလာဟလဆိုတာ ပွင့်တော်မူခဲ့တဲ့ ဘုရားသားတော်တွေ အနေနဲ့ သာမန်လူသားတွေ ကျင့်နိုင်ခဲတဲ့ အကျင့်ထူးကို ကျင့်နိုင်ကြပါလားဆိုတဲ့ သံဃာနုဿတိ ဘာဝနာကို ဖြစ်စေပါတယ်" လို့ မှတ်သားရပါတယ်။

မြတ်ဗုဒ္ဓက ကာလမ နွယ်ဖွားအမျိုးသားများကို ဟောကြားခဲ့တဲ့ ကာလမသုတ်တော် (ကေသမုတ္တိနိဂုံးရွာကြီးတွင် ဟောကြားသော်သုတ်ဖြစ်သဖြင့် ကေသမုတ္တိသုတ်ဟုလည်းခေါ်) မှာလည်း အခုလို ဟောကြားထားပါတယ်။

- တစ်ဆင့်စကား ကောလာဟလကြားသိကာမျှဖြင့်လည်း အမှန်ဟု မယူကြလင့်။
- မိရိုးဖလာ အစဉ်အဆက်စကားမျှဖြင့်လည်း အမှန်ဟု မယူကြလင့်။
- ဤသို့ ဖြစ်ဖူးသတတ်ဟူသော ဒဏ္ဍာရီစကားမျှဖြင့်လည်း အမှန်ဟု မယူကြလင့်။
- ကျမ်းဂန်အထောက်အထားနှင့် ညီညွတ်ပေသည်ဟုလည်း အမှန်ဟု မယူကြလင့်။
- မိမိ ကြံစည် တွေးဆခဲ့မျှဖြင့်လည်း အမှန်ဟု မယူကြလင့်။
- နည်းမှီကြံဆနိုင်ခဲ့မျှဖြင့်လည်း အမှန်ဟု မယူကြလင့်။
- အခြင်းအရာ ကြောင်းကျိုးဆီလျော်ခဲ့မျှဖြင့်လည်း အမှန်ဟု မယူကြလင့်။
- အယူဝါဒချင်း ထပ်တူညီမျှခဲ့ဖြင့်လည်း အမှန်ဟု မယူကြလင့်။
- မှတ်ယူထိုက်သည်ဟု နှစ်ခြိုက်ခဲ့မျှဖြင့်လည်း အမှန်ဟု မယူကြလင့်။
- ဆရာ့ဩဝါဒ ဆရာ့စကားဟု ဆရာစွဲဖြင့်လည်း အမှန်ဟု မယူကြလင့်။

ကာလာမ နွယ်ဖွား အမျိုးသားတို့ ဤတရားတို့ကား အကုသိုလ်တရားတို့ဖြစ်၏။ အပြစ်ရှိသော တရားတို့ဖြစ်၏။ ပညာရှိတို့ တဲ့ရဲ့အပ်၏။ ဤတရားတို့ကို ဆောက်တည်ခြင်းအားဖြင့် အစီးအပွားမဲ့၍ ဆင်းရဲခြင်းဌာဖြစ်၏" လို့ ဟောကြားတော်မူထားတာကို မှတ်သားရပါတယ်။

စာဖတ်သူများလည်း မြတ်ဗုဒ္ဓဟောကြားထားတဲ့ ကာလာမ သုတ်တော်ကြီးကို မှတ်သားနာယူပြီး အမှားအမှန်ကို ခွဲခြားနိုင်ပါစေ။

ကောလာဟလသတင်းစကားနဲ့ ပတ်သက်လို့ ၁၉၉၅ ခုနှစ်ထုတ် အတွေးအမြင် စာစဉ်မှာ "ဆိုကရေးတီးနဲ့ ကောလာဟလ" ဆိုတဲ့ ခေါင်းစဉ်နဲ့ အခုလို ဖတ်လိုက်ရပါတယ်။

တစ်နေရာတွင် သုခမိန် ဆိုကရေတီးနှင့် မိတ်ဆွေတစ်ဦးတို့ တွေ့ဆုံကြတဲ့အခါ. . .

မိတ်ဆွေ။ အို - ဆိုကရေတီး ဟို အကြောင်းကြားပြီးပလား။

ဆိုကရေတီး။ ခဏနေပါဦး မိတ်ဆွေ၊ သင် ကျွန်ုပ်ကို ယခု သင်ပြောပြမည့် အကြောင်းအရာဟာ အမှန်တကယ်ပဲ ဆိုတာ သင်ကိုယ်တိုင် အတည်ပြုပြီးပြီလား။

မိတ်ဆွေ။ အတည်မပြုရသေးပါဘူး။ သူများပြောတာ အခုပဲ ကြားခဲ့တာပါ။

ဆိုကရေတီး။ နားလည်ပြီ၊ သင်ကြားခဲ့တဲ့ သတင်းစကားဟာ တစ်စုံတစ်ရာ ကောင်းတဲ့အရာ မဟုတ်ဘူးဆိုရင် ကျွန်ုပ်တို့ အရေးမစိုက်နိုင်ဘူး၊ အဲဒီအကြောင်းဟာ ကောင်းမြတ်ပါတယ် ဆိုရလောက်အောင် အစမ်းသပ် အစစ်ဆေး ခံနိုင်သလား။

မိတ်ဆွေ။ အို မခံနိုင်ပါဘူး၊ ဝေးပါသေးရဲ့။

ဆိုကရေတီး။ အင်း အဲဒီအကြောင်းဟာ အခြားသူတွေကို အန္တရာယ် မပြုနိုင်အောင် အချိန်မီ တားဆီးနိုင်ဖို့ရာ သိထားသင့်တဲ့ အကြောင်းအရာလား။

မိတ်ဆွေ။ ဒီလိုတော့လည်း မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

ဆိုကရေးကီး။ ဒါဆိုရင် ဒီအကြောင်းကို မေ့ပစ်လိုက်ကြပါစို့၊ လူဘဝမှာ လုပ်သင့် လုပ်ထိုက်၊ လေ့လာသင့် လေ့လာထိုက်၊ မှတ်သားသင့် မှတ်သားထိုက်တဲ့ ကိစ္စတွေ မြောက်မြားစွာ ရှိပါတယ်။ အဟုတ်အမှန်လည်း မဟုတ်၊ ကောင်းလည်း မကောင်း၊ သိထားဖို့လည်း မလိုအပ်၊ ဒါလောက် တန်ဖိုးမဲ့တဲ့ စကား သိမ် စကားဖျင်းနဲ့ ကျွန်ုပ်တို့ အလုပ်ရှုပ်မနေအားဘူး လို့ ပြန်ပြောလိုက်ပါတယ်။

ကျွန်တော်တို့ ပြည်သူတွေအနေနဲ့လည်း ပဋိပက္ခဖြစ်စေတဲ့ ကောလာဟလသတင်းစကားတွေကို နားဝင်ပြီး အမုန်းမပွားကြဘဲ တစ်ဦးနဲ့ တစ်ဦး သည်းခံခွင့်လွှတ်ပြီး နေကြမယ်ဆိုရင် ရွှေဆက်လျှောက်ရမယ့် လမ်းခရီးဟာ ဖြောင့်ဖြူးမှာဖြစ်ပါတယ်။

ကျွန်တော်ကို ပြည်သူတွေအားလုံးက နောက်ကြောင်း ပြန်မလှည့်ချင်ဘူးဆိုပေမယ့် လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခတွေဖြစ်စေမယ့် သတင်းစကားတွေကို နားယောင်ပြီး တစ်ဦးနဲ့တစ်ဦး အမုန်းပွားနေကြမယ်ဆိုရင် အခြိန်မလွှေ နောက်ကြောင်း ပြန်လှည့်သွားနိုင်တယ်ဆိုတာကို သတိချပ်သင့်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ နောက်ကြောင်းပြန်လှည့်နေရတာနဲ့တင် ကမ္ဘာမှာ အနိမ့်ကျဆုံးတိုင်းပြည် ဖြစ်ခဲ့တာ အားလုံးအသိပါ။ နောက်ကြောင်း ပြန် (တစ်နည်းအားဖြင့် နောက်ပြန်သွား)လို့ ပန်းတိုင်ရောက်တာဆိုလို့ အနောက်တိုင်း လေ့လော့အားကစားနည်းတစ်ခုပဲ ရှိပါတယ်။ (လေ့လော့တဲ့သူက လေ့ဦးကို နောက်ခိုင်းထိုင်ပြီး နောက်ပြန်လော့မှ ပန်းတိုင်ကိုရောက်တဲ့ အားကစားနည်း ဖြစ်ပါတယ်၊ စာရေးသူ)။

ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်းများစွာကတည်းက အတူတကွ ချစ်ချစ်ခင်ခင်နဲ့ နေထိုင်လာကြတဲ့ သူတွေ၊ တစ်ဦးနဲ့တစ်ဦး ကျွန်းကိုင်းမို့ ကိုင်းကျွန်းမို့ နေလာခဲ့ကြတာတွေ၊ ဘာရန်ပြိုးရန်စမှ မရှိတဲ့သူတွေအနေနဲ့ ကောလာဟလတွေကြောင့် လူအသက်တွေဆုံးရှုံးတဲ့ အပြင် အခြားဆုံးရှုံးမှု ရှိခဲ့တာတွေ အများအသိပဲ ဖြစ်ပါတယ်။ ပိုဆိုးတာက ပြည်သူတွေအနေနဲ့ စိတ်ဒဏ်ရာတွေ ရသွားကြတာ ဖြစ်ပါတယ်။

ဒီမိုကရေစီကို အခုမှ လျှောက်လှမ်းနေတဲ့အချိန်၊ အစစ အရာရာ နိမ့်ကျနေတဲ့အချိန်မှာ ကောလာဟလတွေကြောင့် မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်မယ်ဆိုရင် ရွှေ့ကို မရောက်ဘဲ နောက်ကျနေခဲ့မှာကို စိုးရိမ်မိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လုပ်စရာတွေ အများကြီးကျန်ပါသေးတယ်။ အားလုံး ညီညီညွတ်ညွတ်နဲ့ ရှေ့ကို ချီတက်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့တစ်တွေ အားလုံးဟာ လူသားတွေဖြစ်တဲ့အတွက် အသားအရောင်နဲ့ ကိုးကွယ်ရာ ဘာသာကို ကြည့်ပြီး ကိုယ်နဲ့မတူ ကိုယ့်ရန်သူဆိုတဲ့ စိတ်နဲ့ ဖိနှိပ်မှုတွေ၊ အကြမ်းဖက်လုပ်ရပ်တွေ မလုပ်သင့်ကြပါဘူး။ ဘာသာမတူ၊ လူမျိုးမတူတာတွေဟာ အပြစ်မဟုတ်ပါဘူး။

ကိုးကွယ်တဲ့ဘာသာက ဘယ်လောက်ပဲကောင်းကောင်း၊ အဲဒီဘာသာတရားရဲ့ ဆိုဆုံးမမှုကို မလိုက်နာဘဲ ကိုယ်လုပ်ချင်ရာလုပ်မယ်၊ လူစည်းကမ်းတွေကို ဖောက်ဖျက်မယ်ဆိုရင် လူသားမဆန်တော့ပါဘူး။ အဲဒီလို လူမျိုးမှ အပြစ်ရှိတာ ဖြစ်ပါတယ်။ မိမိတို့ကိုးကွယ်ရာတူတဲ့ လူမျိုးအချင်းချင်း တောင် သစ္စာရှိကြလို့လား ဆိုတာ စဉ်းစားသင့်ပါတယ်။ လူသားဆိုတဲ့ စိတ်နဲ့ ကြည့်ကြမယ်ဆိုရင် အားလုံးအတူတူပါပဲ။

မြန်မာနိုင်ငံဆိုတဲ့ ထီးရိပ်ကြီး တစ်ခုအောက်မှာ အတူတကွ နေထိုင်ကြတဲ့အတွက် အားလုံးဟာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ နေထိုင်ကြမှသာယာတဲ့လမ်းခရီးကို လျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်သူပြည်သားတွေအနေနဲ့ မဟုတ်မမှန် လုပ်ကြံဖန်တီးတဲ့ ကောလာဟလတွေကို အသိတရားနဲ့အတူ ဆင်ခြင်တုံတရားလက်ကိုင်ထားပြီး မှန်/မမှန် ဆင်ခြင်သုံးသပ်စေချင်ပါတယ်။ အဲဒီလို စဉ်းစားဝေဖန်မှုမရှိဘဲ ပဋိပက္ခတွေ ဖြစ်နေကြမယ် ဆိုရင် ကျွန်တော်တို့ ပြည်သူတွေပဲ နစ်နာမှာ ဖြစ်ပါတယ်။ ပဋိပက္ခအသွင်ဖန်တီးတဲ့သူတွေကိုလည်း အစိုးရအနေနဲ့ဖော်ထုတ်ပြီး ပြင်းပြင်းထန်ထန် အရေးယူသင့်ပါတယ်။ ပဋိပက္ခတစ်ခုဖြစ်တိုင်း နောက်ကွယ်က ကြိုးကိုင်သူရှိတယ်ဆိုပြီး ပြောနေပေမယ့် အဲဒီကြိုးကိုင်သူကို ယနေ့အထိ မဖော်ထုတ်နိုင်သေးပါဘူး။

ကောလာဟလဆိုတာ ဆင်ခြင်တုံတရားမရှိတဲ့သူတွေ၊ ဝေဖန်ဆန်းစစ်မှု ကင်းမဲ့သူတွေနဲ့ တွေ့တဲ့အခါ အမြဲတမ်း ကစ ပြာသာဒ်မီးလောင်တဲ့အထိ တွန်းအား ပေးနိုင်သလို ဆင်ခြင်တုံတရားမြဲမြံ ဝေဖန်ဆန်းစစ်တဲ့သူတွေနဲ့ တွေ့တဲ့အခါ ပျောက်ပျက်သွားတတ်တဲ့သဘော ရှိပါတယ်။ တစ်ဦးစ နှစ်ဦးစက ပြောလိုက်တဲ့ ကောလာဟလတွေကို ဆင်ခြင်တုံတရားနဲ့ မသုံးသပ်ဘဲ ယုံကြည်ပြီး ပဋိပက္ခအသွင် ဖန်တီးကြမယ်ဆိုရင် ကျွန်တော်တို့အားလုံး တိုင်းပြည်ချောက်ထဲကျဖို့ လက်နှစ်လုံးအလိုမှာ ကယ်ထားလိုက်ရတယ်ဆိုတဲ့ စကားကို နောက်တစ်ကြိမ် ပြန်ကြားနေရဦးမှာ ဖြစ်ပါတယ်။ အတွက် ပဋိပက္ခဖြစ်စေမယ့် ကောလာဟလ စကားတွေကို သတိတရား လက်ကိုင်ထားကာ စဉ်းစားဆင်ခြင်ကြပါဖို့ တောနာကောင်းဖြင့် သတိပေးလိုက်ပါတယ်။

ကိုးကား

ကိုးကား- (၁) ကာလာမသုတ် မြန်မာ့ပြန် (၂) သီတဝူစတား 'ကောလာဟလ သတင်းများ' (အင်တာနက်) (၃) အတွေးအမြင် စာစဉ် ၁၁၄ (ဒုတိယ အခန့်၊ ဩဂုတ်-စက်တင်ဘာ)

www.burmeseclassic.com

www.burmeseclassic.com

ကိုမင်းမင်း။

သူက လပွတ္တာပြို့သား။

အသက် (၃၀)ခန့် လူရွယ်တစ်ဦး။ သူ့အလုပ်က တိုင်းရင်းဆေးပညာဖြင့် အနယ်နယ် အရပ်ရပ်တို့သို့ လှည့်လည်သွားရောက်ပြီး ဆေးဝါးကုသပေးသူ တစ်ဦးဖြစ်သည်။

ကိုမင်းမင်းက ဖော်ရွေသည်။ စိတ်သဘောထား ကောင်းမွန်သည်။ ဒါကြောင့်လည်း ရောက်သည့် အရပ်ဒေသ နယ်ပယ်တစ်ခွင်လုံး သူ့ကို ချစ်ကြ ခင်ကြသည်။ ဆေးချက်ကလည်း လိုက်သည်။

ဝါသနာကြီးသော ပညာရပ်မို့ ငွေကြေးတန်ဖိုးကို အဓိကမထားဘဲ ရောဂါ သက်သာပျောက်ကင်းလျက် လူနာချမ်းသာရေးကိုသာ ဂရုစိုက်ပြုစုကုသပေးမှုကြောင့် လူနာရှင်၊ ရောဂါဝေဒနာရှင်များက ဆရာလေးကိုမင်းမင်းကို လေးစားချစ်ခင်ကြသည်။ ကိုမင်းမင်း လာလျှင် ရောဂါတစ်ဝက်ပျောက်သည်ဟုပင် ဆိုကြသည်။

ဆရာလေးကိုမင်းမင်းက တိုင်းရင်းဆေးပညာကို သူ့ဖခင်ထံမှ အမွေဆက်ခံရရှိသည်။ ညီအစ်ကိုများထဲမှာ သူတစ်ယောက်သာ ထူးထူးချွန်ချွန် ဆေးပညာကို ဝါသနာထုံသည်။ ဖခင်ကြီးထံမှ ဆေးပညာတွင်မကဘဲ ဗေဒင်ပညာကိုပါ အမွေဆက်ခံ ရရှိသူ ဖြစ်သည်။

လူပုံက ပိန်ပိန်သွယ်သွယ် ခပ်သေးသေးနှင့် ဟန်မထည်သော သူ့ရုပ်သွင်က အမြဲ ပြုံးရွှင်နေတတ်သည်။ အသက် (၂၀)ကျော်လောက်ကတည်းက တစ်ကိုယ်တည်း နယ်လှည့်ကာ ဆေးဝါးကုသခြင်း ပြုခဲ့သည်။

အနယ်နယ် အရပ်ရပ်သို့ တစ်ကိုယ်တော် လှည့်လည်သွားရောက်မှုကြောင့် ဒေသန္တရ အတွေ့အကြုံလည်း ပေါများသည်။ သူဝါသနာကိုက နေရာအဝတည်တကျဖြင့် နေထိုင်လိုခြင်း မရှိဘဲ လှည့်လည်သွားရောက်ရခြင်းကို အလွန်နှစ်သက်သည်။

လူပင်ငယ်သော်လည်း ပညာစွမ်းက ထက်မြက်သည်ကြောင့် ဆေးချက်ကလည်းလိုက်၊ ပါရမီကလည်းရှိဆိုသလို ကုသသမျှသော လူနာများ ပျောက်ကင်းချမ်းသာသည်ကများသည်။

ရောက်သည့်အရပ်မှာနေ၊ တွေ့သည့်လူနာကု၊ ခင်ရာဆွေမျိုးလို နေတတ်စားတတ်သော ဆရာလေး ကိုမင်း

www.burmeseclassic.com

www.burmeseclassic.com

မင်းအဖို့ မည်သည့်ရွာ၊ မည်သည့်ဒေသ ရောက်ရောက် အသိအကျွမ်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ နေစရာ စားစရာအိမ် မရှားခဲ့။

ဆရာလေးမင်းမင်းက ဘာသာရေးလည်း အလေးအနက်ထားသည်။ အသက်သုံးဆယ်ခန့် ရှိနေပြီဖြစ်သော်လည်း အချစ်ရေး အိမ်ထောင်ရေးများကို တကူးတက အချိန်ပေး အလေးမထားမိခဲ့။ ဖူးစာပါ ရွာတွေ့လိမ့်မည်ဟု ဆရာဝဲလေးကိုမင်းမင်းက ရယ်ရယ်မော မော ပြောတတ်သည်။

အချို့ခင်မင်သော မိတ်ဆွေများက သူတို့ရွာမှာ နေပါ၊ သင့်တော်သော အိမ်ထောင်ဖက်နှင့် ပေးစားပါမည်၊ သူတို့က အစစအရာရာ တာဝန်ယူပါမည်ဟု စကြ နောက်ကြလျှင် ဆရာလေး ကိုမင်းမင်းက အပြုံးလေးဖြင့် ရယ်ကျဲကျဲ လုပ်နေတတ်သည်။

သို့သော် ဆန်းကြယ်နက်နဲသော ကံကြမ္မာအကျိုးမေးကိုကား မည်သူမျှ ကြိုတင်သိမထားနိုင်။ ဖူးစာဖက်မှန်လျှင် ပင်လယ်ခြားလည်း ညားတတ်ကြသည်ဆိုသလို အတိတ်က ဖူးစာရေစက် အကြောင်းဖက် ဆုတောင်းဖက် သစ္စာနှံဖက်နှင့် ဆုံပါက မပွင့်ဖူးသေးသော မေတ္တာအချစ်ပန်းက ပွင့်လန်းလာတတ်သည်ကို မည်သည့်အရာနှင့်မှ တားဆီးမရနိုင်ပါ။

လိမ္မော် ကျေးရွာခွဲလေးက လပွတ္တာမြို့နယ်၊ ဓနိဆိပ်ကျေးရွာအုပ်စု၊ ပိန္နဲကုန်းကျေးရွာ အနီးတွင် ရှိသော ရွာငယ်လေးတစ်ရွာဖြစ်သည်။ အိမ်ခြေလေးငါးဆယ်ခန့် ရှိသော ရွာစုလေးဖြစ်သည်။ သုည်ရွာမှာ ကျောင်းဆရာမလေး မကြည်ကြည်က မိသားစုနှင့် ရွာထိပ်တွင် သူတို့ပိုင် ဥယျာဉ်၌ နေထိုင်သည်။

ကက်သလစ် ဘာသာဝင် ခရစ်ယာန်အမျိုးသမီး ဖြစ်သည်။ အသက် (၄၀)နီးပါးထိ အထီးဆို ယင်ဖိုမှ မသန်း ဖူးသေးသော အပျိုကြီးဟု ရပ်ကွက်က နောက်ပြောင် ခေါ်ဝေါ်ကြသည်။ မိဘများက လယ်လုပ်ငန်းနှင့် ဥယျာဉ်ထွက်သီးနှံများ စိုက်ပျိုးရောင်းချသောလုပ်ငန်းဖြင့် ရိုးသားအေးချမ်းစွာ နေထိုင်ကြသော မိသားစုများဖြစ်ကြသည်။ဆရာမလေး မကြည်ကြည်ကိုယ်တိုင်က အနေအေးဆေးတည်ကြည်သူ ဖြစ်သည်။

ဖူးစာများ အလွန်ဆန်းကြယ်လှပါသည်။ ဘယ်လိုမှ အဆက်အစပ် အကြောင်းမရှိသော လိမ္မော်ကျေးရွာစုလေးမှ ဆရာမလေး မကြည်ကြည်နှင့် အရပ်ဒေသ အတည်တကျမရှိ၊ မနေ၊ လှည့်လည်သွားလာကာ ဆေးဝါး ကုသရင်း သွားနေသော ဆရာလေး ကိုမင်းမင်းတို့ အချိန်ဇာန်သည်နှင့် အတိတ်က ရှေ့ရေစက် ပန္နက်တူးသော သစ္စာက်က စီမံရာ မလွန်ဆန်နိုင်အောင် တွေ့ဆုံပေးကြရတော့သည်။

ပိန္နဲကုန်းကျေးရွာမှာက ဆရာလေး ကိုမင်းမင်း၏ အစ်ကို အကြီးဆုံး ကိုကျော်ကျော်ရှိသည်။ ကိုကျော်ကျော်က ပိန္နဲကုန်းကျေးရွာသို့ စီးပွားရေးအရ ရောက်ရှိနေထိုင်သည်မှာ ကြာပြီဖြစ်သည်။ ဇနီး သားသမီးများနှင့် အခြေကျနေပြီလည်း ဖြစ်သည်။

ပိန္နဲကုန်းကျေးရွာ၏ ကျေးရွာအရန်မီးသတ်တပ်ခွဲမှူးလည်း ဖြစ်သည်။ ပရဟိတလုပ်ငန်းများ ဝါသနာပါသော ညီအစ်ကိုများ ဖြစ်သည်။ ဆရာလေး ကိုမင်းမင်းက နယ်လှည့်ရင်း ပိန္နဲကုန်းရွာသို့ ရောက်ရှိသွားသည်။

အစ်ကိုကြီးဖြစ်သူ ကိုကျော်ကျော်အိမ်၌ တည်းခို နေထိုင်လျက် သူတတ်ကျွမ်းသော တိုင်းရင်းဆေးပညာဖြင့် ဆေးဝါးကုသပေးမှုကို လုပ်ကိုင်သည်။ လိမ္မော်ကျေးရွာက ပိန္နဲကုန်းကျေးရွာနှင့် နှစ်နာရီနီးပါး လေဖြင့် လှော်ခတ်လာရသည်။

တစ်နေ့သော ညနေဘက် ကိုကျော်ကျော်တို့ မိသားစုနှင့် ဆရာလေး ကိုမင်းမင်းတို့ ထမင်းစားနေစဉ်...

"ဆရာကျော် ရှိလားရှင့်"

အိမ်ရှေ့မှ အော်ပြောရင်း ဝင်လာသော အမျိုးသမီးတစ်ယောက်ကြောင့် ထမင်းစားနေရင်းက အားလုံး ဝိုင်းကြည့်မိကြသည်။ အမျိုးသမီးက အိမ်ပေါ်တက်လာပြီး အိမ်မဆင့်တွင် ထိုင်လျက်

"ဩော် ဆရာကျော် ရှိတာကိုး"

"ဟုတ်ကဲ့ ဘာကိစ္စ ရှိပါသလဲ ခင်ဗျ၊ ထမင်းတစ်ခါတည်း ဝင်စားသွားပါလား"

"ကျေးဇူးတင်ပါတယ်၊ ကျွန်မက လိမ္မော်ရွာကပါ၊ ဒီမှာ တိုင်းရင်းဆေးဆရာလေး တစ်ယောက် ရောက်နေတယ် သိရလို့ လာခဲ့တာပါ၊ ကျွန်မအမေ ဝေဒနာခံစားနေရတာ တိုင်းရင်းဆေးဆရာနဲ့ ကုချင်တယ်ဆိုလို့ လာခဲ့တာပါ"

"ဩော် ဒါဆို အဆင်သင့်ပါပဲဗျာ၊ ဟောဒီမှာ ထမင်းစားနေတာ ဆရာလေး ကိုမင်းမင်းပဲ၊ ကဲ ညီလေး လူနာကတော့ လာခေါ်နေပြီ မင်း လိုက်သွားမလား"

"ဟုတ်ကဲ့ ကိုကြီး၊ ဒီက အစ်မ ခဏလေးနော်"

"ဩော် ဟုတ်ကဲ့ ဆရာ၊ ထမင်းပြီးအောင်စားပါ၊ ကျွန်မ စောင့်ပါ့မယ်"

သည်လိုနှင့် ဆရာလေးကိုမင်းမင်းတစ်ယောက် လိမ္မော်ကျေးရွာသို့ ပါသွားရသည်။ ဆရာမလေး မကြည်ကြည်၏ မိခင်ရောဂါကို ဆရာလေး ကိုမင်းမင်းက သေချာစွာ စစ်ဆေးပြီး ဂရုတစိုက် ပြုစုကုသပေးသည်။ ဆေးကုနေသည့် ရက်များမှာ ဆရာလေး ကိုမင်းမင်းက ဆရာမလေး ကြည်ကြည်တို့အိမ်မှာပဲ နေထိုင်တည်းခိုရင်း ကုသပေးနေသည်။

ဝေဒနာက သက်ကြီးပိုင်း အမျိုးသမီးများ ဖြစ်တတ်သည့် ရောဂါမို့ အချိန်ယူကုသပေးရသည်။ ဆေးကုသပေးသည့် ရက်များအတွင်း ဆရာလေး ကိုမင်းမင်းနှင့် ဆရာမလေး ကြည်ကြည်တို့ မိသားစုမှာ တရင်းတနှီး အကျွမ်းတဝင်ရှိလာကာ ကြာတော့ မိသားစု

www.burmeseclassic.com

အိမ်သားသဖွယ် သံယောဇဉ် ဖြစ်နေကြသည်။

ဆရာမလေး ကြည်ကြည်၏ မိခင်ကို ကုသပေးရင်း အနီးအနားရှိ ဆေးနာရှင်များကိုပါ ကုသပေးနေသည်။

အနေနီးတော့ ခင်၊ အခင်နီးတော့ ယဉ်၊ အယဉ်နီးတော့ ကြင်ဆိုသလို အနေကလည်းနီး၊ ခင်မင်မှု သံယောဇဉ်ကလည်း ဖြစ်၊ ဖူးစာကလည်း ပါဖွင့်ရဲ့။ ဆရာလေးကိုမင်းမင်းနှင့် ဆရာမလေး ကြည်ကြည်တို့ နဖူးစာလွန်လည်ကြတော့သည်။

သည်အရေး အကျေအလည် ဆွေးနွေးတိုင်ပင်ကြပြီး ဆရာလေးကိုမင်းမင်းနှင့် ဆရာမလေးကြည်ကြည်တို့ ဇနီးမောင်နှံ အကြင်လင်မယားဘဝ ရောက်သွားကြရသည်။ တစ်သက်လုံး နေရာအတည်တကျမနေဘဲ ရောက်ရာ ဆိုက်ရာ လှည့်လည်သွားလာနေသော တိုင်းရင်းဆေးဆရာလေး ကိုမင်းမင်း တစ်ယောက် ဇနီးလည်းရ၊ နေစရာလည်း အခြေကျနှင့် ဘဝခိုင်မြဲရတော့သည်။

အရွယ်လွန် လူပျိုကြီး အပျိုကြီးများမို့ လူငယ်များထက် သံယောဇဉ် ပိုတွယ်ကြသည်။ သည်လိုနှင့် ဆရာလေး ကိုမင်းမင်းတစ်ယောက် ဇနီးဖေးမ မိသားစု အသိုင်းအဝိုင်းထဲမှာ ကျေနပ် ပျော်ရွှင်စွာ သူဝါသနာပါသော တိုင်းရင်းဆေးဆရာဘဝကို ဆက်လက် လုပ်ဆောင်နေသည်။

ကံကြမ္မာအကျိုးပေးကား မြန်ဆန်လွန်းလှသည်။ ရက်လည်း ရက်စက်လွန်းသည်။ ဒီသဘာဝဘေးဒဏ်ဆိုးကြီး ကျရောက်လာလိမ့်မည်ဟု မည်သူကမှ မျှော်လင့် ထင်မှတ်မထား။ တကယ့် တကယ် သဘာဝဘေးအန္တရာယ်ဆိုးကြီးနှင့် ရင်ဆိုင် ဇတ္တုကြုံ ခံစား ကြရတော့မှသာ မလွှဲနိုင် မကယ်နိုင် အားကိုးရာမဲ့ ဖျက်စီး ဆုံးရှုံးကြရတော့သည်။

ဤသဘာဝ ဘေးအန္တရာယ်ဆိုးကြီးကြောင့် ကြေကွဲ ရင်နှင့်ဖွယ်ရာ နာကျည်းထိခိုက် ခံစားဖွယ်ရာများ ပြောမကုန်အောင် တွေ့ကြုံကြရသည့်အထဲ ဆရာလေးကိုမင်းမင်းအဖြစ်က ကြောက်လန့်စိုးရိမ်ဖွယ်ရာထဲမှ ရယ်ချင်စရာ ဟာသဆန်ဆန်လည်း ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သည်သဘာဝဘေးဒဏ်ဆိုးကြီးကတော့ ဧရာဝတီတိုင်းသားတွေအဖို့ မှတ်မှတ်ရရ မမေ့မပျောက် လက်ဆင့်ကမ်း ပြောဆိုနေကြစရာ ဖြစ်နေပေတော့သည်။ ဆရာလေး ကိုမင်းမင်း အဖို့ကတော့ ဘဝအစမှာပဲ ဒုက္ခနှင့် ရင်ဆိုင်ရတော့သည်ဟု ဆိုရပေတော့မည်။

အချိန်ကာလက ဆရာလေး ကိုမင်းမင်းနှင့် ဆရာမလေး မကြည်ကြည်တို့ အိမ်ထောင်ကျပြီးစ (၆)လလောက် အတွင်းဖြစ်သော (၂. ၅. ၂၀၀၈) သောကြာနေ့မှာ ဖြစ်သည်။

ဆရာလေး ကိုမင်းမင်းတို့က သူ့ယောကျ္ဖမိုင် ဥယျာဉ်တွင်းမှာ အိမ်ဆောက်နေထိုင်ကြသည်မို့ ရွာစုနှင့် နည်းနည်းလှမ်းသည်။ ရွာအနောက်ဘက်ပိုင်း အစွန်ဆုံးမှာရှိသည်။

ဥယျာဉ်က သားစဉ်မြေးဆက် စောင့်ရှောက် ထိန်းသိမ်းဆက်ခံလာသည့်အတွက် သီးပင်စားပင်များ ဖြစ်သော အုန်း၊ သရက်၊ ပိန္နဲ၊ ကွမ်းသီး စသော နှစ်ရှည်ပင်ကြီးများဖြင့် ဝေဝေဆာဆာ အုပ်အုပ်ဆိုင်းဆိုင်းရှိသည်။

အိမ်အနီးမှာ နှစ်ပေါင်းများစွာက တည်းက ရှိနေသော ကုက္ကိုပင်ကြီး တစ်ပင်ကလည်း အကိုင်းအခက် အရွက် ဝေဝေဆာဆာဖြင့် အုပ်အုပ်မိုးမိုးကြီး ရှိနေသည်။ ဘေးရန်မရှိခင်က သဘာဝအလှများ ဖြစ်သော်လည်း ဘေးရန် ရှိသောအခါ သဘာဝအန္တရာယ်များ ဖြစ်လာသည်။

ထိုနေ့ (၂. ၅. ၂၀၀၈- သောကြာနေ့) မနက်ပိုင်းကတည်းက ရေဒီယို မြန်မာ့အသံမှ မုန်တိုင်း အထူးသတင်းနှင့် ထူးကဲဒီရေသတင်းတို့ကို မကြာခဏ ကြေညာပေးနေသည်။ သို့ရာတွင် တစ်ခါဖူးမှ ဤကဲ့သို့ သဘာဝဘေးဒဏ် ဆိုးကြီးမျိုး မကြုံဖူးကြသေးသော ကြောင့် အမှုမဲ့ အမှတ်မဲ့ပင် ပေါ့ပေါ့ဆဆထားလျက် လုပ်မြဲအလုပ်များလုပ်ရင်း နေမြဲတိုင်း အနေအစား အသွားအလာ မပျက်ကြ။

ဆရာလေး ကိုမင်းမင်းတို့ မိသားစုက ထိုနေ့ကျမှ မနက်စာ ထမင်းစား နောက်ကျကြသည်။ ထမင်းစားတော့ (၁၂)နာရီခန့်ရှိပြီ။ အထူးမိုးလေဝသသတင်းကြေညာချက်ကြောင့် ဆရာလေး ကိုမင်းမင်းက အစ်ကိုကြီး ရှိရာ ပိန္နဲကုန်းရွာသို့ သွားရန် ကိစ္စရှိသော်လည်း မသွားတော့ဘဲ မိသားစုများ စုကာ စကားစမြည် ပြောဆိုနေကြသည်။ ထိုနေ့ တစ်မနက်လုံး ထူခြားစွာ လေက ငြိမ်နေသည်။ အုန်းပင်၊ ကွမ်းသီးပင်များပင် နားရွက်မခတ်။

နေ့လယ် (၁း၃၀)လောက်မှာ အထင်မှတ်ဘဲ လေက ခပ်ပြင်းပြင်း တိုက်ခတ်လာသည်။ လေစတိုက်က တည်းက အရှိန်နှင့် ဒလဟောထိုးဝင် တိုက်လာခြင်း ဖြစ်သည်။ စောစောက နားရွက် မခတ်သော အုန်းပင်၊ ကွမ်းသီးပင်နှင့် အခြားသစ်ပင်ကြီးများ ဝါးရဲများ တရှိုးရှိုး တဖဲဖဲ မြည်လျက် လေပြင်းကြောင့် ဘယ်ယိမ်း ညာယိမ်း ကာ ဝှေ့ယမ်းကုန်ကြတော့သည်။

"ဦး. . ဝေါ. . ရှိုး. . ရှိုး"

"ဟ- လေက တယ်ပြင်းပါလား"

"ဟုတ်တယ် အမိုး၊ လေက တော်တော်ပြင်းတယ်"

"ဝုန်း ဖြောင်း ဖြောင်း"

"ဟာ သစ်ပင်တွေ ကျိုးကုန်ပြီ အုန်းသီးတွေ အခိုင်လိုက် ကြွေကျကုန်တယ်ဟေ့၊ သတိထားကြ၊ လေက အတော်ပြင်းတယ်"

"ဟုတ်တယ် ကိုမင်း၊ ဟင် အိမ်သိမ့်သိမ့်တုန်နေပါလား"

"အားလုံး သတိထားကြနော် မုန်တိုင်း ဝင်လာပြီနဲ့ တူတယ်"

"ဝေါ. . ဝုန်း. . ဖြောင်း"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ ခေါင်မိုးတွေ လန်ပြီး ပွင့်ထွက်ကုန်ပြီ၊ ကိုမင်း လုပ်ပါဦး"

"ဟဲ့ ဟဲ့ ကလေးတွေ ဒီမှာ လာစုနေကြ"

"ဦး.. ဦး.. ရွှီး.. ရွှီး"

"ဝုန်း.. ဖြောင်း.. အုန်း"

"ဟာ အုန်းပင်တွေ လဲကုန်ပြီဟ၊ ဟဲ့ အိမ်နားက ကုတ္တိုပင်ကြီးလည်း အကိုင်းတွေကျိုးပြီး ပြတ်ထွက်ကုန်ပြီ၊ သတိထားကြဟေ့"

လေကခြိုကတည်းက ယဉ်သကို ဆိုသလို စတိုက်တည်းက ခပ်ကြမ်းကြမ်း ခပ်ပြင်းပြင်း ခပ်ရမ်းရမ်း ဝင်လာသည်။ လေပြင်းကြောင့် သစ်ပင်ကြီးများ ပြိုလဲကျိုးပြတ်ကုန်ကြသလို အိမ် အဆောက်အအုံများလည်း အပိုးပွင့် အကာလွင့်နှင့် အိမ်သေး အိမ်ငယ်များကတော့ အလုံးလိုက် စုတ်ပြတ် လွင့်စဉ်ကုန်ကြသည်။

ရွာထဲက အိမ်စုနှင့် နည်းနည်းလှမ်းသော်လည်း အားလုံး အုန်းအုန်းထဆူညံ အော်ဟစ်သံများကို သဲသဲကွဲကွဲကြားနေရသည်။ တဖြည်းဖြည်း လေကတစ်စထက်တစ် ပိုတိုးကာ ပြင်းလာသည်။ ဥယျာဉ်တွင်းမှာ မြင်မကောင်းအောင် သစ်ပင်များ ပြိုလဲ ကျိုးပြတ်နေသည်။

အိမ်လည်း အပိုးတင်မက အကာများပါ ပွင့်ထွက်ကုန်ပြီ ဖြစ်သည်။ အိမ်က တသိမ့်သိမ့် လှုပ်ခါနေသည်။ အိမ်အနီးမှ ကုတ္တိုပင်ကြီးကတော့ အကိုင်းအခက်များ တဖြောင်းဖြောင်း တဝုန်းဝုန်း ကျိုးပြတ်နေသလို ပင်စည်ကြီးပါ တုန်ခါနေသည်။ သေးသေးမွှားမွှား အပင်မဟုတ်ဘဲ ယောကျ်ားကြီး လေးဖက်ခန့်ကြီးသော နှစ်ချို့ပင်ကြီးမို့ သည်လောက် တောင့်ခံနိုင်ခြင်းဖြစ်သည်။

ပြင်းထန်သော လေဒဏ်ကို ခံရင်း မထင်မှတ်ဘဲ ဘယ်က ဘယ်လို ရောက်လာမှန်း မသိရသော မိုးသားတိမ်တိုက်မည်းများက ကောင်းကင်တစ်ခိုဝယ် ချက်ချင်းအုံဆိုင်း မှိုင်းညို့မှောင်ရီလာကာ မိုးစက်မိုးပေါက်များက လေပြင်းနှင့်အတူ ပြင်းပြင်းထန်ထန် ရွာသွန်းလိုက်ပြန်ပါသည်။

လေပြင်း မိုးသည်းများနှင့်အတူ တိမ်ညို တိမ်မည်းများကြားမှ လျှပ်စီး လျှပ်နွယ်များက ဟိုမှသည်မှ တဝင်းဝင်း တလက်လက်။ မိုးခြိမ်းသံများ မိုးကြိုးပစ်သံများကလည်း တဒိုင်းဒိုင်း တဂျိမ်းဂျိမ်း အော်ဟည်းနေသည်။

"ဖြန်း.. ဖြောင်း၊ ဖြန်း.. ဖြန်း"

"ဒိန်း ဒလိန်း ဂျိမ်း ဒိန်း ဒိန်း"

"ဒိုင်း ဗြောင်း"

မိုးသည်း လေပြင်းနှင့် လျှပ်စီး မိုးကြိုးများကြားထဲမှာ အပိုးအကာမရှိသော အိမ်ပျက်ထောင့် တစ်ခု၌ ဆရာလေးကိုမင်းမင်းတို့ မိသားစုက ခိုဝပ်နေကြသည်။ တခြားလည်း သွားစရာမရှိ။ ဒီလောက် လေမိုးကြားထဲမှာ ဘယ်ကိုမှ လည်း နေရာမရွေ့ရဲကြ။ မသွားရဲကြ။

အချိန်က တဖြည်းဖြည်း ညနေစောင်း ၆ နာရီခန့်ရှိပြီ ဖြစ်သော်လည်း မိုးမည်း တိမ်မည်းများကြောင့် အမှောင်ကပိုပို နက်နဲလာသည်။ သည်ကြားထဲ မထင်မှတ်ဘဲ ဒီရေများက ဘယ်က ဘယ်လို တက်လာသည် မသိ။ ဒလဟောစီးဝင် တိုးတက်ဖောပြန်ပါတော့သည်။

"ဟာ ရေ ရေတွေ တက်လာနေပြီ"

"လုပ် လုပ်ကြပါဦး ရေတွေ တက်လာနေပြီ"

"ဝေါ . . . ဝေါ"

"ဟဲ့ ဟဲ့ ရေက အိမ်ပေါ် ရောက်လာနေပြီဟဲ့"

ရေက ဒလဟောစီးဝင်လာရင်းက တစ်စထက်တစ်စ မြင့်မြင့်တက်လာသည်။ အိမ်မဆင့်မှ မတ်တတ်ရပ် နေမရတော့ ရရာခုံများ စင်များပေါ် တက်နေကြရသည်။

ရေကတက်ရုံတင်မက ဂယက်များနှင့် ဒီလှိုင်းများကပါ ဆိုးဝေ့စီးဝင်နေသည့်အတွက် အချို့သစ်ပင်များ အမြစ်မှ ကျွတ်ထွက်လျက် မျောပါကုန်ကြသည်။ အိမ်လည်း တုန်ခါနေရင်းက ယိမ်းထိုးယိုင်လဲလာသည်။

ပိုဆိုးသည်က အိမ်အနီးရှိ ကုတ္တိုပင်ကြီးဖြစ်သည်။ ဘယ်တော့မှ မလဲမပြိုနိုင်ဘူးဟု ထင်မှတ်ထားသော ရော်မသစ်ပင်ကြီးလည်း အောက်ကရေအပေါ်က လေမိုးဒဏ်ကြောင့် တနဲနဲလှုပ်ယမ်းကာ . . .

"ဖြောင်း. . . ဖြောင်း"

"ဝုန်း"

"ဟာ ကုတ္တိုပင်ကြီးလဲပြီး အိမ်ကို ပိပြီဟေ့"

"အား"

အိမ်ပေါ်သို့ ပြိုလဲ ပိကျတော့သည်။ ကုတ္တိုပင်ကြီး ပိကျသောအားဖြင့် နဂိုကမှ ခပ်ယဲ့ယဲ့ရှိသော အိမ်ထဲ တစ်စစီ ပျက်ကုန်ကာ ရေထဲ မျောပါတော့သည်။ သည်မှာတင်ပဲ အိမ်ထဲမှ မိသားစုများ မှောင်မှောင်မည်းမည်းထဲမှာ တစွတ်စွတ်ပြားစီ လွင့်မျောကုန်ကြတော့သည်။

ဖြစ်ချင်တော့ အိမ်ပေါ် ပြိုလဲထားသော ကုတ္တိုပင်ကြီးကြောင့် တစွတ်စွတ်ပြားစီ လွင့်မျောကုန်ကြသော်လည်း ဆရာလေးကိုမင်းမင်းက ကံအားလျော်စွာ ကုတ္တိုပင်အကိုင်းခွကြီး နှစ်ခုကြားကနေ ထွက်မရ။

ရေက ဘယ်လောက်တောင် တက်နေသည် မသိ။ သည်မျှကြီးမားသော ကုတ္တိုပင်ကြီးပင်လျှင် အမြစ်မှ ကျွတ်ထွက်ကာ ရေစီးနှင့် ဂယက်လှိုင်းများကြားမှာ မျောပါသွားရသည်။

ကုတ္တိုပင်ကြီးက အကိုင်းအခက် အဖျားပိုင်းများ မရှိတော့ဘဲ ဒလဟောစီးနေသည့် ရေစီးထဲမှာ အတားအဆီးမရှိ အလျှိုနှင့် မျောပါထွက်သွားသည်။

ဆရာလေးကိုမင်းမင်းက ဤပိတ်မိနေသော အကိုင်းနှစ်ခုကြားမှ အဖျားပိုင်းကို အံမိအရ ဖက်တွယ်ကာ ရေစီးနှင့် လှိုင်းဂယက်များထဲမှ လူးထ

www.burmeseclassic.com

www.burmeseclassic.com

လိမ့်ကာ မျောပါ လိုက်သွားနေရသည်။ မြင်းလိုက်တဲ့ လေ၊ ကြီးလိုက်တဲ့ လှိုင်း၊ မှောင်လိုက်တာလည်း မည်းမည်း မှိုင်း လောလောဆယ် တစ်စုံတစ်ရာ ထိခိုက် ဒဏ်ရာမရဘဲ ကုတ္တိုပင်ကြီးကို တွယ် ဖက်ရင်း အားပြုလိုက်ပါနေရခြင်းက တံကောင်းသေးသည်ဟု ဆိုရမည်။

သည်ကြားထဲကပင် မိသားစု အကြောင်း တွေးပူမိနေသေးသည်။ ကိုယ့်အသက်တောင် ဘယ်လို ရှင်သန် ရမယ်လို့ မသေချာသေးသည့် ဘဝ ဖြစ်သည်။

လေထဲ မိုးထဲ ရေလှိုင်းထဲမှာ တုတ္တိုပင်ကြီး ဖက်တွယ်ရင်း မျောပါ လိုက်လာခဲ့တဲ့ ကိုမင်းမင်း မှောင်မှောင် မည်းမည်းထဲမှာ ထူးခြားသော အထိ အတွေ့တစ်ခုကို အမှတ်မထင် သတိ ထားမိလိုက်သည်။ သူဖက်တွယ်ထား သော သစ်ကိုင်းကြီးက မာမာကျောကျော မရှိဘဲ အိအိပျော့ပျော့နှင့် ခပ်လုံးလုံး အရာကြီးကို အပေါ်ကထပ် ပြီး ဖက်တွယ်ထားနေမိသည်ဟု သတိ ထားလိုက်မိသည်။

အပေါ်က မိုးသည်း မိုးပြင်းက အသားကို ထိမှန်လိုက်တိုင်း မခံမရပ် နိုင်အောင် နာလွန်းလှသည်။ ခေါင်းကို ထိုအိပျော့ပျော့ လုံးလုံးထဲမှာကပ်ပြီး ဝပ်ပုထားရသည်။ ခေါင်းထောင်မထား နိုင်။ သည်လိုပဲ အိအိပျော့ပျော့ လုံးလုံး အရာကြီး တစ်ခုကလည်း သူ့ကျော ပေါ်သို့ ဝိုက်နေသည်ကို သိသော်လည်း နေရာမှ မရွေ့ရဲ။ လက်ကိုင် မမြဲလို့ ပြုတ်ထွက်သွားလျှင် ဤမှောင်မှောင် မည်း လေထဲ မိုးထဲ ရေထဲမှာ မတွေးဝံ့ လောက်အောင် အန္တရာယ်ရှိနိုင်သည်မို့ ဘာပဲဖြစ်ဖြစ် လောလောဆယ် အသက် ရှင်ရေးအတွက် ရရာမိရာကို ကျားကုတ် ကျားခဲ မြဲမြံကိုင်ဖက်ထားရတော့သည်။

သည်လိုနှင့် တစ်ညလုံး မျော ချင်ရာမျော၊ ပါချင်ရာပါနှင့် ဘယ် ရောက်လို့ ဘယ်ပေါက်မှန်းမသိ။ လေမိုး နှင့် ရေကလည်း ခိုက်ခိုက်တုန် သွေးခဲ တမျှ အေးစက်ထုံကျဉ်လာသည်။ ဆရာ လေးမင်းမင်းလည်း ဘေးဒုက္ခဒဏ်ကို မေ့တစ်ချက် လျော့တစ်ချက်ဖြင့် ဘာ ကိုမှ သဲသဲကွဲကွဲ မသိရတော့ဘဲ ဝေဝါး ကာ ပါသွားနေရသည်။

တစ်ညနေလုံး၊ တစ်ညလုံး ခြောင်းခြောင်းထအောင် အုန်းဖိုင်းကြဲ လျှက် ပြင်းပြင်းထန်ထန် ဆိုးဝါးခဲ့သော သဘာဝ ဘေးဒဏ်ကြီးက နောက် တစ်နေ့ နံနက် ၂ နာရီခန့်လောက်တွင် လေရော မိုးပါ သိသိသာသာ ငြိမ်သွား သလို ရေကလည်း သိသိသာသာပြန်ကျ သွားသည်။ ရေအတော်ကျသွားတော့ နံနက်အရုဏ်တက်ခါနီး ရှိနေချေပြီ။ ကြယ်ရောင်လေးများဖြင့် ဝိုးတဝါး မြင် တွေ့နေရသည်။ ရေကျသွားပြီမို့ ကုတ္တို ပင်ကြီးက ရောက်သည့်နေရာမှာ တင် နေတော့သည်။

တစ်ညလုံး မိုးထဲ လေထဲ ရေထဲ မှာ အသက်ဘေးတွက် အားပြု ဖက် တွယ်ထားရသည့်အတွက် ဆရာလေး ကိုမင်းမင်း အောက်ပိုင်းမှာ ပုဆိုးပါမလာ တော့။ ဒါထက် ချက်ချင်း သတိပြုမိ သည်က သူတစ်ညလုံး အားရပါးရ ဖက်တွယ်ထားသော ပျော့စိစိလုံးလုံး အရာကြီးကို ခုမှ အထိတ်တလန့် သတိ ထားကြည့်မိသည်။

"ဟိုက် မြတ်စွာဘုရား"

ဆရာလေး ကိုမင်းမင်း တစ် ယောက် အလန့်တကြား ဘုရားတ လောက်အောင် ကြောက်ရွံ့စွာ ရေရွတ် မိရသည့် အကြောင်းမှာ သူ အားပြု လိုက်ပါလာသော သစ်ကိုင်းခွဆုံ နှစ်ခု အနက် တစ်ခုသော သစ်ကိုင်းကြီးအား ရစ်ပတ်တွယ်ကပ်ထားသော မြွေကြီး တစ်ကောင်၏ အရစ်ခွေကို တစ်ညလုံး အားရပါးရ ဖက်တွယ်ထားမိခဲ့ကြောင်း ခုမှ သေသေချာချာ တွေ့မြင်လိုက်ရ သောကြောင့် ဖြစ်သည်။

သူလိုပဲ တစ်ညလုံး မိုးထဲ ရေထဲ လေထဲမှာ သူ့ကျောပေါ် ခေါင်းပိုင်း တင် လျက် မှေးကာပါလာခဲ့သော မြွေကြီး ကလည်း ခုမှ မြွေမှုန်း လူမှုန်း ထင်ထင် လင်းလင်း ကွဲကွဲပြားပြား မျက်မြင်တွေ့မြင် လိုက်ရသည့်တွက် "ရှူး" ခနဲ သူ့ ကျောပေါ်မှ ခေါင်းကိုရုပ်ကာ ကြောက် လန့်တကြား နောက်သို့ လျှောချလိုက် သည်။ မြွေရော လူပါ တစ်ပြိုင်နက် ကြောက်အားလန့်အား နောက်ဘက်သို့ အသီးသီး ခုန်ဆုတ်လိုက်ကြရသော ကြောင့် ဆရာလေးကိုမင်းမင်းမှာ ဖင် ပြောင်ပြောင်နှင့် ရွံ့ဖွက်ထဲသို့ နောက် ပြန် ဖင်ထိုင်ရက် ကျသွားရသလို မြွေ ကြီးကလည်း ရစ်ပတ်ထားသော အခွေ ကို လျှောခနဲ ဖြေပြီး နောက်ဘက်ကို ရွှတ်ခနဲ ဆင်းချသွားသည်။

အနည်းငယ် ခပ်လှမ်းလှမ်း ရောက်တော့မှ မြွေကြီးက မြေပေါ် ရွံ့နွံထဲတွင် ဖင်တုံးလုံးဖြင့် ထိုင်ကာ လက်နောက်ပြန်ထောက်ရင်း မိမိကို ကြည့်နေသော ကိုမင်းမင်းအား ပါး ပျဉ်းကြီးမတ်ကာ ခေါင်းတယမ်းယမ်းဖြင့် အတန်ကြာ စိုက်ကြည့်ပြီးမှ တစ်ဖက်သို့ လျှောခနဲ ထွက်ခွာသွားတော့သည်။

"အားပါး နည်းတဲ့ကောင်ကြီး မဟုတ်ဘူး၊ လက်မောင်းလုံးသာသာပဲ ဘာမြွေကြီးလဲတော့ မသိဘူး၊ ဘုရား ဘုရား ကံကောင်းလို့ ရေနစ်မသေပဲ မြွေကိုက် သေတော့မလို့၊ အေးလေ အသက်ဘေး အန္တရာယ်ကြားထဲမှာ ကိုယ့် အသက်ကိုယ် ကြိုးစားစောင့် ရှောက်နေကြရသူချင်းမို့ ဘာအန္တရာယ် မှ မပေးတာနဲ့တူတယ်၊ ပြော် ဘေးရန် ဒုက္ခကြားထဲမှာ အသက်လုဖက်ချင်းမို့ တိုရွှာန်ကတောင် ငဲ့ညှာပါလား"

ဟု ဆရာလေး ကိုမင်းမင်း တစ်ယောက် သံဝေဂဖြင့် ရေရွတ်ကာ သူ့ကိုယ်ပေါ်မှ ဝတ်ထားသော အင်္ကျီ လေးဖြင့် ခါးမှာ အရှက်လုံအောင် ပတ်ဝတ်ပြီး ရွာပျက်ရှိရာသို့ လျှောက် လှမ်း ထွက်ခွာလာခဲ့ပါတော့သည်။

မိုးဟိန်းကျော် (လမ္ဘတ္တူး)

❑

www.burmeseclassic.com

www.burmeseclassic.com



ဝိုးတိုးဝါးတား

www.burmeseclassic.com

www.burmeseclassic.com

လူအများ လက်ခံသိရှိထားကြသည့်အတိုင်း ပီယဆေးကိုဆောင်ထားလျှင် မျက်နှာပွင့်၍ လူချစ်လူခင်များမည် ဟူ၍လည်းကောင်း၊ အထူးသဖြင့် လူပျို လူရွယ်ကလေးများ အနေနှင့် အမျိုးသမီးကလေးများကို ပိုးပန်းရာ၌ အလွန်ထိရောက်သည့် ဆေးစွမ်း တစ်လက် အနေဖြင့် တန်ဖိုးထားပြီး ကိုယ်နှင့်မကွာ ဆောင်ထားတတ်ကြပါသည်။

သို့သော် ထိုခေတ်မှာ နှစ်ပေါင်းများစွာက ကျန်ရစ်ခဲ့ပြီ ဖြစ်ပါသည်။ ယခုခေတ်၌ တကူးတက ပီယဆေး ဆောင်ထားရန် မလိုတော့သဖြင့် ပီယဆေးဖော်ပြီး စီးပွားဖြစ်ရန် မလွယ်တော့ပါ။

ပီယဆေးကို မည်ကဲ့သို့ ဖော်စပ်ကြကြောင်း မည်သူမျှ နှိုက်နှိုက်ချွတ်ချွတ် စပ်စုမိကြမည် မဟုတ်ပါ။

များသောအားဖြင့် အောက်လမ်းပညာနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာစစ်စစ် အကုသိုလ်ကို ကြောက်ရွံ့သူများက ဝေးဝေးမှ ရှောင်ကြဉ်ကြပါသည်။

ပီယဆေး တကယ်စွမ်းလျှင် အံ့ဩဖွယ်ကောင်းလောက်အောင် ပီယဆေးဆောင်ထားသူကို မမြင်ရ မနေနိုင်ခွဲခွာမရ ဂူ နွေ့ပျက်လောက်အောင် ချစ်ခင်စွဲလမ်းသွားတတ်သလို ပီယဆေးပြယ်သွားပါက ဆန့်ကျင်ဘက်သဘောကို သိသိသာသာ ပြောင်းလဲသွားပြီး ရန်သူထက်ပင် အမုန်းပွားတတ်ကြပါသည်။

ထို့ကြောင့် ရှေးခေတ်ကပင် ပီယဆေးကိုအသုံးပြုရန် အလွန်စဉ်းစားကြပြီး လူသိမခံဝံ့ကြသဖြင့် ထင်ထင်ပေါ်ပေါ် ရောင်းဝယ်မှု မပြုလုပ်ကြပါ။ ဆေးဖော်စပ်နည်းကိုလည်း လက်ဆင့်မကမ်းခဲ့ကြပါ။

ပီယဆေး ဖော်စပ်နည်း အမျိုးမျိုး ရှိမည်ဟု ခန့်မှန်းရသော်လည်း မည်သူမျှ ရေးမှတ်ထားခြင်း မရှိသဖြင့် ယခုခေတ်၌ စိတ်ဝင်စားသူပင်လျှင် ရှိတော့မည်မဟုတ်ပါ။

လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်က အဖြစ်အပျက်တစ်ခုမှာ ပီယဆေး အဖော်ကောင်းမိသဖြင့် သေကံမရောက် သက်မပျောက်ခဲ့သော ကျွန်မ၏ မိတ်ဆွေတစ်ယောက် အကြောင်းဖြစ်ပါသည်။

ကွယ်လွန်သွားခဲ့ပြီ ဖြစ်သော မိတ်ဆွေနာမည်ကို သူ၏ဆွေမျိုးများ သိကွာကို ထောက်ထားပြီး ဖော်ပြရန် မသင့်ပါဟု ကျွန်မ ထင်မိပါသည်။

ထို့ကြောင့် ထိုမိတ်ဆွေကို သင့်လျော်သော အမည်တစ်ခု မှည့်ခေါ်ပြီး ဇာတ်ကောင်အဖြစ် ရေးသား ဖော်ပြမည် ဖြစ်ပါသည်။ အလွန်ခင်မင်စရာကောင်းသဖြင့် ကျွန်မ၏ဇာတ်ကောင်ကို မောင်ချစ်ခင်ဟု ခေါ်ဆိုရေးသားပါရစေ။

ပီယဆေးဖော်ရန် ဝါသနာမပါသော်လည်း ငယ်ရွယ်သူပီပီ စပ်စုလိုသဖြင့် လူပျိုကြီးများနောက်သို့ လူပျို ပေါက်စ မောင်ချစ်ခင် လိုက်ပါသွားရခြင်း ဖြစ်ပါသည်။

တစ်နယ်တစ်ကျေးမှ ရောက်ရှိလာသော ဆေးဆရာတစ်ယောက်က ဦးဆောင်ပြီး ညဉ့်နက်သန်းခေါင်အချိန်တွင် ကန်တော့ပွဲ အပါအဝင် လိုအပ်သော အသုံးအဆောင်များကို သယ်ဆောင်၍ ရွာနှင့် အလွန်ဝေးသော သုသာန်သို့ တိတ်တခိုး သွားရောက်ခဲ့ကြပါသည်။

စုစုပေါင်း ဆရာအပါအဝင် လူကိုးဦးဖြစ်ပြီး မောင်ချစ်ခင်မှာ အငယ်ဆုံးဖြစ်ပါသည်။

မိဘများ မသိရှိစေရန် မကြာခဏ သူငယ်ချင်းများနှင့် တွေ့ဆုံပြီး ဆရာ၏ သင်တန်းတို့ တက်ရောက်ခဲ့သဖြင့် မောင်ချစ်ခင်အနေနှင့် သူ့ကိုယ်သူ သတ္တိရှိနေပြီဟု ယုံကြည်ထားမိပါသည်။

သင်တန်းကာလမှာ တစ်ပတ်ကြာပြီး အရေးအကြီးဆုံးမှာ သတ္တိရှိပြီး စည်းမဖောက်ရန် အချက်ကို အလေးအနက် သတိပေးထားပါသည်။ စည်းဖောက်လျှင် အားလုံး ဒုက္ခရောက်မည်ဟု ဆရာက နှေ့စဉ် တဖွဖွမှာကြားထားပါသည်။

စည်းဖောက်သည်ဟု ဆိုရာ၌ ဆရာ့လက်ဖြင့် ရေးဆွဲထားသော စည်းဝိုင်းအတွင်းမှ မည်သူမျှ ထွက်မသွားရန် ဆိုလိုပါသည်။

မောင်ချစ်ခင် အနေနှင့် မိမိလေးစားအားကိုးရသော အစ်ကိုများပါနေသည်က တစ်ကြောင်း၊ တစ်ရွာလုံးက လေးစားနေသောဆရာ ဦးဆောင်သည်က တစ်ကြောင်း၊ တစ်ခါမျှ မကြုံဖူးသဖြင့် စပ်စုလိုသော ဆန္ဒဖြင့် ကြောက်စိတ်ကိုဖယ်ရှားပြီး ညဉ့်နက်သန်းခေါင် သုသာန်သို့ လိုက်ပါသွားခြင်း ဖြစ်ပါသည်။

ဆရာဖြစ်သူသည် သုသာန်သို့ ရောက်သောအခါ မကြာမီက မီးမဖွားနိုင်၍ သေဆုံးထားသည့် အမျိုးသမီး၏ မြေပုံကို လက်ဆွဲမီးအိမ် မှိန်မှိန်ကလေးဖြင့် ရှာဖွေပြီး ပါလာသော ကန်တော့ပွဲကို မြေပုံပေါ် တင်ပြီး မြေပုံတစ်ဝိုက်ကို ဂါထာရွတ်ဆို၍ စည်းဝိုင်းတားလိုက်ပါသည်။

ကန်တော့ပွဲ၌ ဖယောင်းတိုင်ကြီးတစ်ခုထွန်းပြီး လက်ထဲ၌ဆုပ်ကိုင်ထားသော အနက်ရောင် ဆေးကြိမ်လုံးကြီးဖြင့် တဉ်ဉှဲ့ တဖွဖွဖြင့် ဂါထာကို ထပ်မံရွတ်ဆိုနေပါသည်။

နောက်ဆုံးအနေနှင့် ပါလာသော လူစုအား မည်သို့အန္တရာယ်ကို မြင်ရ တွေ့ရပါစေ စည်းဝိုင်းအပြင်သို့ မထွက်ဘဲ ရဲရဲဝံ့ဝံ့ ဆရာနှင့်အတူ ယုံကြည်စွာ နေကြရန် သတိပေးပါသည်။ ပြီးနောက် လက်ထဲမှ ဆေးကြိမ်လုံးဖြင့် မြေပုံကို အမိန့်ပေးပြီး သုံးချက်တိတိ ရိုက်လိုက်သောအခါ အံ့ဩဖွယ်ကောင်းလောက်အောင် မြေပုံမှ မြေကြီး

www.burmeseclassic.com

www.burmeseclassic.com

များ ပွထလာပြီး ခေါင်းတလားကြီး ပေါ်လာပါသည်။

မောင်ချစ်ခင်မှာ ဒူးတုန်စပြုလာပြီ ဖြစ်သော်လည်း ဆရာ့စကားကို မပယ်ရှားဝံ့၍ ဆက်ပြီး ထိုင်နေမိပါသည်။

သို့သော် အလွန်ကြောက်ရွံ့လာ၍ မျက်စိကို စုံမှိတ်ထားမိပါသည်။

ပထမ ဆရာက မည်သို့အမိန့်ပေးပြီး မြေပုံကို ဆေးကြိမ်လုံးဖြင့်ရိုက်ကြောင်း ရှင်းရှင်းလင်းလင်း မကြားမိခဲ့သော်လည်း ယခုအခါ အမိန့်ပေးသံမှာ အလွန်ကျယ်လောင်သဖြင့် ပီပီပြင်ပြင် ကြားသိရသောအခါ မောင်ချစ်ခင်မှာ ထပြေးချင်လောက်အောင် ကြောက်ရွံ့ထိတ်လန့်မိပါတော့သည်။

ဆရာ၏ အသံဩဇာမှာ အလွန်လေးနက်ပြင်းထန်ပြီး ဆရာ့စကားများမှာ အမိန့်ပေးနေခြင်းမျိုးဖြစ်၍ မောင်ချစ်ခင်မှာ မရဲတရဲဖြင့် မျက်စိကို ဖွင့်ကြည့်မိပါတော့သည်။

မောင်ချစ်ခင် ပီပီပြင်ပြင် ကြားရသော ဆရာ့အမိန့်စကားများမှာ . . .

"ဟဲ့ ကောင်မ၊ ငါ့အမိန့်ကို မနာခံရင် ဘာဖြစ်သွားမယ်ဆိုတာ သိတယ် မဟုတ်လား၊ အချိန်မရှိဘူး၊ အခုချက်ချင်း ထထိုင်၊ ဒီမှာ သနပ်ခါးတုံး၊ ဒီမှာ ကျောက်ပျဉ်၊ ဒီမှာ ရေခွက် အခုချက်ချင်း သွေး။

ဟေ့ ကြာတယ်နော်၊ ငါ ရိုက်လိုက်ရမလား၊ မြန်မြန်သွေးပြီး မြန်မြန်နှင့်မျက်နှာမှာလိမ်း၊ ပြီးရင် ဒီခွက်ထဲကို နှင့်မျက်နှာက သနပ်ခါးတွေ ပြန်ခွာထည့်ရမယ်"

ဟု ဆရာက တစ်ဆက်တည်း အမိန့်ပေးရင်းနှင့် လက်ထဲမှ ဆေးကြိမ်လုံးကြီးကို မြွောက်ယမ်းနေပါသည်။

ထိုအချိန်တွင် ကျောရိုးထဲမှာ စိမ့်ဝင်သွားလောက်အောင် အလွန်အေးစက်မာကျောသော ညည်းသံရှည်ကြီး တစ်ခုမှာ ခေါင်းထဲမှ ထွက်ပေါ်လာသည်။

မောင်ချစ်ခင်မှာ ဘာကိုမှ မစဉ်းစားတော့ဘဲ မကြာမီ မမြင်ဝံ့စရာ ပုံသဏ္ဌာန်ကြီးတစ်ခု အမှန်ထွက်ပေါ်လာတော့မည်ဟု ယုံကြည်မိပြီး ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးမိပြေးရာ မှောင်မည်းမည်းထဲ၌ ခြေဦးတည့်ရာ ပြေးလာမိပါတော့သည်။

တောရွာမှ ရွေးခေတ်သချိုင်းများမှာ ယခုခေတ်လို ရှင်းလင်းထားခြင်း မရှိ၍ ချုံနွယ်ပိတ်ပေါင်း အလွန်ထူထပ်ပြီး နေ့လယ်ပင်လျှင် ကြောက်ရွံ့စရာ ဖြစ်နေတတ်ပါသည်။

နောက်ကို လှည့်မကြည့်ဘဲ ပြေးလာသော မောင်ချစ်ခင်သည် ချုံနွယ်များ၊ ဆူးခက်များဖြင့်ငြိပြီး မကြာခဏ လဲကျသဖြင့် တစ်ကိုယ်လုံး ဆူးခြစ်ရာများဖြင့် သွေးခြင်းခြင်းနီနေသလို ဖိနပ်မပါတော့သဖြင့် ခြေဖဝါးနှစ်ဖက်မှာ ဒဏ်ရာအပြည့် ဖြစ်နေပါတော့သည်။

သို့သော် ရှိသမျှ ခွန်အားဖြင့် ဆက်ပြေးလာရာ ခွေးဟောင်သံကြားမှ ရွာနားရောက်ပြီဟု အသိဝင်လာပြီး နောက် စိတ်ကို လျှော့ချလိုက်သော အခါ ခြေကုန်လက်ပန်းကျပြီး လေးဖက်ထောက်နှင့် ကြိုးစားကာ မိမိအိမ်ကို မှန်းပြီးသွားရင်း နောက်ဆုံး သတိလစ်မေ့မြောသွားရှာပါတော့သည်။

မိုးလင်းသောအခါ ပဲပြုတ်သည်ဒေါ်သတင်းပေးချက်အရ မိဘများက သိရှိရပြီး အိမ်သို့ပွေ့ခေါ်၍ ဆေးကုသကြရပါတော့သည်။

ရွာထဲမှ ဆရာကြီးများက လက်လျှော့မှ ဖြို့ဆေးရုံတွင် ဆက်လက်ကုသရာ နောက်ဆုံး၌ နာတာရှည် ရောဂါနှင့် နှစ်ကြာအောင် ဆေးရုံတွင် နေရသဖြင့် ကျောင်းမှ ထွက်လိုက်ရရှာပါသည်။

ဆေးရုံမှ ဆင်းလာသောအခါ ရုပ်အင်္ဂါများ ညှိုးနွမ်းခြောက်သွေ့ပြီး မြန်မာဆရာများက မြစ်ခြောက်နာဟု ခေါ်ဆိုပြီး အင်္ဂလိပ်ဆရာဝန်များက တီဘီ အဆုတ်နာဟု ပြောကြပါသည်။

မည်သို့ပင် ရောဂါနာမည် ကွဲပြားနေသော်လည်း ခံရသူမှာ မသက်သာလှပါ။ နှစ်အတော်ကြာမှ ကျောင်းဆက်တက်ပြီး အသက်ကြီးမှ ဘွဲ့တစ်ခုရခဲ့ပါသည်။

အဖြစ်နာခဲ့ရသော ကျွန်မ၏ မိတီဆွေသည် ထိုအကြောင်းကြောင့် နောင်တကို ရင်ဝယ်ပိုက်ပြီး ကျွန်မအား အသေးစိတ် ပြောပြခဲ့ပါသည်။

ပီယဆေးဖော်သူ ကျန်ရစ်သူများမှာ စည်းပေါက်သွားပြီဖြစ်၍ ဆရာကိုယ်တိုင် တစ်ယောက်မကျန် သေပြေးရှင်ပြေး အသက်လုစ၍ မောင်ချစ်ခင်အတိုင်း ရွာအရောက် ပြေးခဲ့ရကြောင်း နှင့် နှုတ်မလုံသူ တစ်ယောက်ကြောင့် အဖြစ်မှန် ပေါ်ပေါက်သွားသောအခါ ဆရာနှင့် ပီယဆေး ဖော်လိုသူများမှာ သူကြီးအိမ်၌ သူတို့၏ အဖြစ်ကို ဝန်ခံခဲ့ကြရသည်။

ယခင်က နာမည်ကြီးခဲ့သော ဆရာကိုလည်း အောက်လမ်းဆရာဟူလူအများက အလွန်စက်ဆုပ်သဖြင့် ရွာမှ ထွက်ခွာသွားရကြောင်းကို ဆေးရုံမှ ဆင်းပြီးပြီးချင်း မောင်ချစ်ခင် ကြားသိခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ နည်းမမှန်သော အချစ်ဖြင့် သူတစ်ပါး၏အချစ်တို့ ရယူလိုခြင်းထက် မိမိကိုယ်ကိုယ် နည်းလမ်းအမှန်ဖြင့် ချစ်တတ်ပါစေဟု ဆုမွန်ပြုရင်း။

ဒွေခင်

❑

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းနည်းခြင်း ရင်ဖွင့်ကလုံး

နေညိုခြိမ် ညနေစောင်း၊ နေရောင်က လင်းလက်နေသော်လည်း အပူရှိန်က သိသိသာသာ လျော့သွားသည်။

ထနောင်းစုရွာက အိမ်ကြီးအိမ်ကောင်းများနှင့် ပြည့်နေသော ရွာကြီးရွာခန့်၊ ရွာဦးကျောင်းတိုက်က ရွှေရောင်ဝင်းဝင်း၊ ကျောင်းဝင်းအတွင်းရှိ ရွာဦးစေတီက ရွှေအဆင်းနှင့် သပ္ပာယ်ခြင်းဂုဏ်အင်္ဂါကြောင့် ရွာက အဟန့်ကောင်းသည်။ ဟိတ်ကြီးဟန်ကြီးနှင့် ရပ်တည်နေနိုင်သည်။

နှောင်းအတိုက်ဆီက ထနောင်းစုရွာသည် စုတ်တီးစုတ်ချာစွာဖြင့် ကျောင်းကောင်းအိမ်ကောင်း သိပ်မရှိ။ လယ်ယာတလင်းတွင် လက်လုပ်လက်စား နွမ်းပါးကြသူများ၊ မထင်မရှား အရောင်းအဝယ်သမားနှင့် ခေါင်းရွက်ဖျပ်ထိုးများသာ ရှိကြသည်။ ချမ်းသာသူက လက်ချောင်း ငါးချောင်း အရေအတွက်မျှပင် မရှိ။ ယခုထနောင်းစုနှင့် အပုံကြီး ကွာသည်။ ကျူးထရံကာ၊ သက်ငယ်မိုး ဘဝမှ ကုန်ရုံးထလျက် သွပ်မိုးပျဉ်ကာ အိမ်ကြီးအိမ်ကောင်း ဖြစ်အောင် ခွန်အား၊ ဉာဏ်အား၊ ဝီရိယအားတို့ဖြင့် နိုးကြားတက်ကြွ ထူထောင်နိုင်ကြသည်။

ရွာဦးကျောင်းနှင့်နီးသော ရွာအပြင်ဘက်ရှိ ကုန်းမို့မို့ ရေကန်ဘောင်ပေါ်တွင် ရဟန်းတော်တစ်ပါး ဘံမြက်လှည်း၊ အမှိုက်ရှင်း ပြုလုပ်နေသည်။

နေညိုခြိမ် ညနေတိုင်း ထိုရဟန်းတော်က ကြွရောက်လျက် နိစ္စပတ်ဝတ် မပျက်တမ်း ဆောင်ရွက်လေ့ရှိသည်။

ထိုကုန်းမို့မို့ ရေကန်ရှိရာသို့ ကျား,မ ကြီးငယ်တို့ ရေအိုးကိုယ်စီ၊ ရေထမ်းကိုယ်စီဖြင့် သောက်ရေ လာခပ်ကြသည်။ တစ်ပါးတည်း သန့်ရှင်းရေး လုပ်နေသော ရဟန်းကြီးရှိရာသို့ သားနားသပ်ရပ်သော လူငယ်တစ်ဦး ချဉ်းကပ်လာသည်။

"သြော်- ကျောင်းဆရာလေးပါလား၊ အထူးကိစ္စများရှိလို့ ရောက်လာတာလား၊ ဦးဇင်းအနေနဲ့ ကူညီသင့်ပြုစရာရှိလည်း ကူညီရတာပေါ့"

"တပည့်တော် ဦးတင်ပါတယ် ဘုရား၊ တပည့်တော် အေးအေးဆေးဆေး လမ်းလျှောက်ရင်း ရောက်လာတာပါ ဘုရား"

ရဟန်းတော် အံ့နီး ရောက်လာသူမှာ ထနောင်းစုရွာနှင့် ထန်းပင်ကြီးစု ရွာကြားရှိ မူလတန်းကျောင်းကို တာဝန်ယူထားရသော ကျောင်းအုပ်ဆရာ ကြီးဦးချိုလင်း ဖြစ်သည်။ ကျောင်းအုပ် ဆိုသော်လည်း လူငယ်လူရွယ် တစ်ဦးဖြစ်၍ အများက ဆရာလေးဟုသာ ခေါ်ဝေါ်နှုတ်ကျိုးနေကြသည်။

"ကောင်းပါ့ ဆရာလေးရယ်၊ လိုအပ်တာရှိရင်လည်း ပြောပေါ့၊ ဦးဇင်းတို့ဘက်ကလည်း ကူညီပါ့မယ်၊ တစ်နယ်တစ်ကျေးကလာပြီး ဒီဒေသမှာ ကလေးတွေရဲ့ ပညာရေးကို အထူးဂရုစိုက်ပေးတဲ့အတွက်လည်း ဟိုဘက်ဒီဘက်ရွာတွေက ကျေးဇူးတင်နေကြတာ ဆရာလေးရဲ့"

"ဝမ်းသာပါတယ်အရှင်ဘုရား၊ တပည့်တော် လမ်းလျှောက်ရင်း ရောက်လာတာကတော့ အရှင်ဘုရားက ညနေတိုင်း ဒီရေကန်ပေါ်မှာ သန့်ရှင်းရေးလုပ်နေတာ တွေ့ရတယ်၊ နောက်ပြီး ဒီရေကန်က ထူခြားနေတယ်လို့ တပည့်တော် ထင်ပါတယ်"

"ဆရာလေးရဲ့ ထူခြားတဲ့ အမြင်တွေကိုလည်း ပြောပြပါဦး"

"ရေကန်ရဲ့ ပုံစံက ဘဲဥပုံလိုလို၊ နောက်ပြီး တောင်ကုန်းချိုင့်ဝှမ်းထဲက ရေအိုင်လိုမျိုး အရှင်ဘုရား။ ရေကြည်လင်ပြီးအောက်ခြေအထိ မြင်နေရတယ်၊ တခြားက ရေကန်တွေလို ပဒုမ္မာကြာပင်တွေလည်း မတွေ့ဘူး။ ကန်ပေါ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com

မှာလည်း သစ်ပင်စိုက်တာ မတွေ့ဘူး ဘုရား"

"ဒီထက်ပိုပြီး စိတ်ဝင်စားစရာ တွေသိချင်ရင်၊ ဟိုအနားက မန်ကျည်းပင် ထိပ်ဖျားအထိတက်ပြီး ဒီရေကန်ကို ကြည့်စမ်းပါ။ အားကောင်းမောင်းသန် ယောကျ်ားတစ်ယောက်ပဲဟာ၊ သစ်ပင်တက်တော့ဖြစ်မယ်ထင်တယ်၊ နောက်မှ ဆရာလေး သိချင်တာတွေ ဦးဇင်းအကုန် ရှင်းပြမယ်"

ဆရာဦးချိုသင်းသည် ရေကန်ဘောင်ပေါ်မှဆင်းသွားပြီး ရွာအဝင်ဝရှိ မန်ကျည်းပင်အောက်ရောက်လျှင် ပုဆိုး ခါးတောင်းကျိုက်၍ အပင်ထိပ်ဖျား အထိရောက်အောင် တက်သွားသည်။ ရေကန်ကို သေသေချာချာ ကြည့်ပြီးမှ ပြန်ဆင်းလာသည်။

"ဘာများ ထူးခြားတာတွေ့လဲ ဆရာလေး"

"ထူးခြားတာကတော့ မယုံနိုင်စရာပဲ အရှင်ဘုရား၊ ရေကန်ပေါင် နှုတ်ခမ်းနဲ့ ရေကန်စပ် အကွာအဝေး တညီတညီးပါဘုရား၊ ရေကန်ဘောင်နဲ့ ရေကန်က ပုံစံတူ ဘဲဥပုံပါဘုရား၊ ထူးခြားဆုံး အချက်ကတော့ အားလုံးခြုံငုံ ကြည့်လိုက်ရင် မျက်လုံး တစ်လုံးနဲ့ အတော်တူတာပဲ၊ တပည့်တော်ဖြင့် အရမ်းထူးဆန်းတာမြင်လိုက်ရလို့ အံ့သြ မဆုံးဖြစ်ရပါတယ် အရှင်ဘုရား"

"ဟုတ်တယ် ဆရာလေး၊ ဦးဇင်း တို့လူငယ်လူရွယ်ဘဝတုန်းက ဒီရေကန် မရှိသေးဘူး၊ ဒီတောင်ကုန်းကလည်း ဆူးပင် ချုံပင်တွေပြည့်နေလို့ ဘယ်သူမှ စိတ်ဝင်တစားမရှိကြဘူး"

"ရေကန် ဖြစ်လာပုံကိုတော့ အရှင်ဘုရား သိမယ်ထင်ပါတယ်"

"သိရဲ့ ဘယ်ကမလဲ ဆရာလေးရယ်၊ ဒီရေကန်တူးတဲ့အထဲမှာ ဦးဇင်း ကိုယ်တိုင်ပါခဲ့တာ၊ အကြောင်းက ဒီလို ဆရာလေးရဲ့၊ ပျံလွန်တော်မူသွားတဲ့ အရင်ကျောင်းထိုင်ဆရာတော်ကြီး ရှိစဉ်က အိပ်မက်အရဆိုပြီး ဒီတောင်ကုန်းကို ရှင်းလင်းခုတ်ထွင်ခိုင်းတယ်၊ ကျောင်းထိုင် ဆရာတော်ကြီးက သီလ ဝိသုဒ္ဓိ စင်ကြယ်တဲ့ ပုဂ္ဂိုလ်ဆိုတော့ကာ အကျိုး အကြောင်းတော့ သိမယ်ထင်တယ်"

"တောင်ကုန်းကို ရှင်းလိုက်တော့ ဒီလိုဘဲဥပုံအတိုင်းပဲလား အရှင်ဘုရား"

"ဒီပုံစံအတိုင်းပါပဲ၊ ဒါပေမဲ့ မိုတ်ထားတဲ့မျက်လုံးလို ဖြစ်နေတယ်၊ ဒီတောင်ကုန်းကို အားလုံးက ဝိုင်းပြီး သန့်စင်အောင်လုပ်ပေးကြတယ်၊ မြေညီ ကနေ ထောင့်မှန်တိုင်းရင် ခြောက်ပေ လောက်မြင့်တယ်၊ နောက်တစ်ခါ ဆရာ တော်ကြီးကိုယ်တိုင် အကွာအဝေးညီညီ တိုင်းထွာပြီး တောင်ကုန်းပုံစံအတိုင်း ရေကန်တူးခိုင်းတယ်"

"အနက် ဘယ်နှပေလောက် တူးရပါသလဲ အရှင်ဘုရား"

"အမြင့်ဆုံး ကုန်းထိပ်နေရာက တိုင်းရင် ကိုးပေရှိပါတယ်၊ အောက်ခြေ ဝိုင်းကြကော့ ဒယ်အိုးဖင်လို ခွက်သွားပါ တယ်၊ ထွက်လာတဲ့ မြေစာခဲတွေကို ကန်ဘောင်ပေါ်မှာ မပုံဘူး၊ တောင်ကုန်း အောက်ခြေက ချိုင့်တွေ မညီမညာတဲ့ နေရာတွေမှာဖို့ပြီး ညီလိုက်တာ၊ မြေပြင် ကညီညာပြီး၊ ရေကန်တောင်ကုန်းက ထီးထီးကြီး ပေါ်နေတာ ဆရာလေး အမြင်ဘဲ"

"ရေထွက်တဲ့ အခြေအနေ ကောင်းပါရဲ့လား အရှင်ဘုရား"

"ကောင်းမှကောင်းပေါ့ ဆရာ လေးရယ်၊ ကိုးပေအနက်ထိ တူးပြီးချိန် မှာ အောက်ရေ တအားထွက်လို့ ဆက် မတူးနိုင်ဘူး၊ ဆရာတော်ကြီးကလည်း ရပ်ခိုင်းလိုက်တယ်၊ ဒီရေကန်ရဲ့ ထူးခြား ချက်က မိုးတွင်းမှာ ပတ်ဝန်းကျင်ရွာ တွေ ရေကြီးရေလျှံဖြစ်ပြီး သောက်ရေ သုံးရေကန်တွေ မြုပ်သွားပေမယ့် ဒီရေ ကန်က မမြုပ်ဘူး၊ ရေရဲ့အတိမ်အနက် ကလည်း ခြောက်ပေထက်ကျော်မတက် ဘူး၊ ရေမြုပ်တဲ့ရွာတွေက သောက်ရေ သုံးရေ ဒီကန်မှာ လာခပ်ကြရတယ်၊ ရွာက မကန့်ကွက်ဘူး၊ ခွင့်ပြုတယ်"

"နွေကာလမှာရော ရေခန်းတာ မျိုး ရှိပါသလား အရှင်ဘုရား"

"တန်ခူးရေကုန်၊ ကဆုန်ရေခန်း ဆိုတဲ့ အချိန်မှ မိုးကလည်း ဆက်ပြီး ခေါင်နေမယ်ဆိုရင် ဒီကန်ရဲ့ရေအနက် က တစ်ပေခွဲ နှစ်ပေမှာရှိတယ်၊ လုံးဝ ခန်းခြောက် မသွားဘူး၊ တခြားရွာတွေ ရေပြတ်လို့ ဒီမှာ လာခပ်ကြရတယ်၊ ရွာကလည်း စနစ်တကျ ခွင့်ပြုပေးတယ်၊ ဘယ်လောက်ခပ်ခပ် ရေကမခန်းဘူး အထွက်နည်းတာပဲရှိတယ်၊ မိုးလင်းရင် တိုင်းကြည့် နှစ်ပေလောက်တော့ အသာ လေးရယ်"

"တခြား ထူးဆန်းတာတွေ ရှိသေးလား ဘုရား"

"ရှိပြီလား ဆရာလေးရယ်၊ ဒီကုန်းပေါ်ကို ကျွဲနွားတိရစ္ဆာန်တွေ မလာဘူး၊ မဖွယ်မရာ လုပ်လို့မရဘူး"

"မဖွယ်မရာဆိုတာ ဘာကိုဆိုလို တာလဲ ဘုရား"

"အရင်တုန်းကပေါ့၊ မာဒင်နဲ့ဆိုဆို တဲ့ နှစ်ကောင် ကန်ပေါင်ပေါ်မှာ အရှက်ပုလင်းထောင်ပြီး သောက်စား ကြတာ၊ လူမိုက်တွေဆိုတော့ ဘယ်သူမှ မဟန့်တားရဲကြဘူး၊ အသာကြည့်နေ လိုက်တယ်၊ တစ်အောင့်လောက်ကြာ တော့ ဘယ်လိုကနေပြီး ဘာဖြစ်မှန်း မသိလိုက်ဘူး နှစ်ကောင်သားရေကန်ထဲ ကျသွားတယ်၊ ရေက သူတို့ရင်စို့လောက် ရှိတာ တက်လို့မရဘူး"

"သူတို့ကို ကယ်တဲ့လူ မရှိဘူး လား"

"ဘယ်နေမလဲ ဝိုင်းဆယ်တဲ့လူရှိ တယ်၊ အဲ ထူးဆန်းတာက ဆယ်တဲ့လူဟာ ရေကန်ထဲပြုတ်ကျပြီး ပြန်တက်လို့ ရတယ်၊ တိုနှစ်ကောင် မရဘူး ဖြစ်နေ ယ်"

"နောက်တော့ ဘာဖြစ်သွားသ အရှင်ဘုရား"

"ဆရာတော်ကြီးက မေတ္တာဘာဝနာ ကောင်းပန်မှ အဆင်ပြေသွားတယ်

www.burmeseclassic.com

www.burmeseclassic.com

နောက်ခဲ့နေ့ အဲဒီနှစ်ကောင် ကန်တော့ပွဲပေးပြီး တောင်းပန်လိုက်ရတယ်"

"ကြာပင်တွေ မစိုက်ဘူးလား အရှင်ဘုရား"

"အစပိုင်းကတော့ စိုက်ကြည့်တယ်၊ မရှင်ပါဘူး၊ ကြာရွက်၊ ကြာရိုး၊ ကြာစွယ် အဆွေးအမြည့်တွေ၊ ရေအောက်မှာနစ်ပြီး ညစ်ပတ်လို့ အကုန်ရှင်းလို က်ရတယ်၊ ရေဆုတ်ချိန်မျိုး၊ ရေထု တစ်ပေသာသာလောက်ရှိချိန်မှာ အမျိုးသားတွေဆင်းပြီး အမှိုက်မှန်သမျှ အကုန်ဆယ်ယူလိုက်တယ်၊ နောက်ပိုင်း ရေကန်ထဲ ဘာအပင်မှ မထည့်တော့ဘူး"

"ဒီရေကန်က ရွာကို ဘယ်လို အကျိုးပြုပါသလဲ အရှင်ဘုရား"

"ဒီရွာဟာ ရေဘေး၊ လေဘေး၊ မီးဘေး အန္တရာယ်နဲ့ကင်းတယ်၊ ရေကန်ဖြစ်ပြီးမှ အနီးပတ်ဝန်းကျင် လယ်တွေ အရမ်းဖြစ်ထွန်းတယ်၊ ဦးဇင်း လူဝတ်ကြောင်ဘဝ၊ အိမ်ထောင်သည် ဖြစ်နေပြီ၊ မြို့မစွေးမှာ လင်မယားနှစ်ယောက် ငရုတ်၊ ကြက်သွန်၊ အာလူး စတာတွေ ပွဲရုံကနေ အိတ်လိုက်ဆွဲပြီး လက်လီပြန်ရောင်းတယ်၊ ရောင်းလို့မကောင်း အဆင်မပြေဘူး။

တစ်ရက်တော့ ဒကာမက ဘာစိတ်ကူးပေါက်တယ် မဆိုနိုင်ဘူး၊ ညပိုင်းမှာ လက်ဖက်တစ်ပွဲ၊ ဖယောင်းတိုင်၊ အမွေးတိုင်နဲ့ ကန်ပေါင်မှာ ပူဇော်ပြီး ဆုတောင်းတာပေါ့၊ ဘာဆုတောင်းမှန်း မသိဘူး၊ နောက်တစ်နေ့ စေ့းရောင်းကောင်းလိုက်တာမှ ဝက်ဝက်ကွဲပဲ ဆရာလေးရယ်၊ အဲဒီကိစ္စကို ရွာကသိသွားပြီး စီးပွားရေး၊ လယ်သမား၊ ယာသမား၊ တစ်နယ်တစ်ကျေး အလုပ်သွားလုပ်တဲ့ လူပါမကျန် ပွဲအမျိုးမျိုး ပူဇော်ပြီး ဆုတောင်းကြတယ်၊ အရင်က စုတ်ပြတ်သတ်အောင် ဆင်းရဲပါတယ် ဆိုတဲ့ ထနောင်းစုရွာ၊ အခုကြည့် အိမ်ကြီးအိမ်ကောင်းတွေ ပြည့်နှက်နေတာပဲ၊ အားလုံးနီးပါး စီးပွားရေးအဆင်ပြေကြတော့ ဆရာတော်ကျောင်းလည်း ပျဉ်ထောင်ကနေ တိုက်ကျောင်းကြီးကို ဟီးလို့၊ ဟိုမှာ လုပ်ထားတဲ့ ခုံတွေ စင်တွေက အလှူပွဲတင်ဖို့၊ မီးပူဇော်ဖို့ လုပ်ထားတဲ့ က်န်ပေါင်ပျက်မှာစိုးလို့၊ ဒကာသေအခိုင်အခဲ့ မလုပ်ဘူး၊ နေရာ ရွှေ့လို့ရတယ်"

"ဒီကန်မှာ သူတော်စင်ပုဂ္ဂိုလ်တွေ ရှိနိုင်ပါသလား"

"ရှိတယ်ဆရာလေး၊ သူတော်စင်ပုဂ္ဂိုလ်တွေက ဒီရေကို သုံးစွဲကြတယ်၊ အခု ကျောင်းထိုင်ဆရာတော်က သူတော်စင် ပုဂ္ဂိုလ်တွေအတွက် ဒီကန်ပေါင်ရဲ့ အောက်နားက မြေပြန့်မှာ ကျောင်းဆောင်တွေ၊ ဗိမာန်တွေ၊ လှူဖွယ်ပစ္စည်းတင်ဖို့၊ မီးပူဇော်ဖို့ စတာတွေကို အုတ်အင်္ဂတေနဲ့ အုခိုင်အမာ တည်ဆောက်ပေးဖို့ စီစဉ်နေတယ်"

"တပည့်တော်လည်း မကြုံစဖူး ထူးထူးခြားခြားရေကန်နဲ့ ဖြစ်ရပ်ဆန်းတွေကို မြင်ရကြားရတော့ အတော့်ကို အံ့သြမိတယ်"

"ဟုတ်တယ် ဆရာလေး၊ ပထမဆရာတော်ကြီး ပျံလွန်တော်မူခါနီးမှာ အားလုံးကိုခေါ်ပြီး မိန့်သွားတယ်၊ အဲဒီတောင်ကုန်းနဲ့ရေကန်ကို ရွာမျက်လုံးလို့ ခေါ်တယ်၊ ရွာမျက်လုံးမပျက်စီးအောင် အားလုံးက စောင့်ရှောက်ကြဖို့ မှာသွားတယ်"

"အင်း ရွာ့မျက်လုံး ရွာ့မျက်လုံး တော်တော် ထူးဆန်းတယ်နော်"

"အကြောင်းတစ်ခုခု ထူးခြားတော့မယ်ဆိုရင် ရေကန်က အလိုလို နေရင်း နောက်ကျိလာတယ်"

"ရေနောက်တာမျိုးကော ရှိခဲ့ဖူးပါသလား အရှင်ဘုရား"

"နှစ်ကြိမ်ရှိခဲ့တယ်၊ ပထမတစ်ကြိမ်က မနက်စောစောရေတွေ နောက်နေတယ်၊ နေထွန်းတစ်ဖျားအချိန်လောက်မှာ ကျောင်းထိုင်ဆရာတော်ကြီး ပျံလွန်တော်မူသွားတယ်၊ နောက်ဆက်ခံတဲ့ ကျောင်းထိုင်ဆရာတော် လက်ထက်မှာ နေ့လယ်ပိုင်း ရေတွေ နောက်လာတယ်၊ ဆရာတော်ကလည်း ရှေ့ဆရာရဲ့တပည့် ပီသပါတယ်၊ သီလ၊ သမာဓိ၊ မရဏာရှိတဲ့ ပုဂ္ဂိုလ်ဆိုတော့ကာ ညနေပိုင်း ရေကန်နားကို ဘယ်သူမှ မသွားဖို့ ခေါ်မိန့်တယ်၊ ညဥ့်ဦးပိုင်း လောက် အောက်လမ်းဆရာလို လို သိုက်ဆရာလိုလို တစ်ဖွဲ့ ရေကန်ပေါ် ရောက်လာတယ်၊ သိပ်မကြာပါဘူး၊ အော်ပြေးကြတာ ကြက်ပျောက် ဌက်ပျောက်ဆိုပါတော့၊ ဘာတွေ ဘယ်လို ဖြစ်တယ် ဆိုတာတော့ ကာယကံရှင်တွေပဲသိမယ် ဆရာလေး"

"အရှင်ဘုရား ရှင်းပြတာ တော်တော့်ကို ပြည့်စုံပါတယ်၊ အရှင်ဘုရား ကိုယ်တိုင်လည်း ပါဝင်ခဲ့တာ အဆိုရှိထားတယ်၊ နောက်ပြီး သာသနာ့ဘောင်ဝင်တဲ့ကိစ္စ"

"ဒီလိုပါ ဆရာလေးရယ်၊ ဦးဇင်းတို့မိသားစု စီးပွားဖြစ်လာတယ်၊ ဒကာမနဲ့သားသမီးတွေ ဦးစီးပြီး ပွဲရုံထောင်နိုင်တဲ့ အခြေအနေမျိုးထိ တိုးတက်ခဲ့တယ်၊ ဦးဇင်းက ငယ်ငယ်ကတည်းက ကျောင်းထိုင်ဆရာတော်နား နေခဲ့တာဆိုတော့ကာ ကျောင်းသံယောဇဉ်၊ ရွာမျက်လုံးသံယောဇဉ်ကြောင့် အိမ်သူဒကာမကို ခွင့်ပန်ပြီး သာသနာ့ဘောင်ဝင်ခဲ့တယ်၊ လက်ရှိ ကျောင်းထိုင်ဆရာတော်ကြီးက ဦးဇင်းရဲ့ ဆရာသမားမို့ အားလုံးအဆင်ပြေပါတယ် ဆရာလေး"

"တပည့်တော် သိချင်တာတွေကို စိတ်ရှည်လက်ရှည် ရှင်းပြပေးတဲ့အတွက် အရှင်ဘုရားကို ကျေးဇူးတင်စွာနဲ့ ကန်တော့ပါတယ်"

ဆရာဦးချိုလင်းက ရဟန်းတော်ကြီးရှေ့တွင် ရိုသေစွာထိုင်၍ ဦးခုကန်တော့ပြီး ရွာမျက်လုံး ရေကန်ပေါ်မှဆင်း၍ လာလမ်းအတိုင်း ပြန်သွားလေတော့သည်။

မောင်အင်းနိုင်

❑

www.burmeseclassic.com

www.burmeseclassic.com

နယ်ချဲ့တို့ဖိမ့်ဖိမ့်တုန်ခဲ့ရသော မြန်မာ့အာဏာနည်များ

ကုန်းဘောင်သွေး ငွေးငွေးနှိုတဲ့

သင်းပင်ဒေဗဒ္ဒ

ဖြန်းလင်းသူ

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

လင်းပင်မင်းသားကြီး ဟင်္သာတမြို့ဝန်ဖြစ်လာသည့် ၁၈၈၂ ခုနှစ်သည် မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူပြီး လေးနှစ်ရှိခဲ့လေပြီ။

မင်းတုန်းမင်းတရားကြီးသည် အနှစ်နှစ် အလလ လှုဒါန်းခဲ့သမျှ အလှူတော်စာရင်းတို့ကို ကြားနာတော်မူရင်း ၁၈၇၈ ခုနှစ် အောက်တိုဘာ ၁ ရက် အင်္ဂါနေ့ နေ့လယ် အချိန်တွင် နတ်ရွာစံတော်မူခဲ့သည်။

ယခုအချိန်တွင် နေပြည်တော် ရတနာပုံ မန္တလေးဥ သီပေါမင်း အုပ်ချုပ်နေသည်။ သီပေါမင်း နန်းပလ္လင်ထက် တက်ရောက်တော်မူခြင်းနှင့် ပတ်သက်၍ ကြားသိရသမျှတို့မှာလည်း သူတစ်မျိုး ငါတစ်ဖုံ ဆိုသကဲ့သို့ အကွဲကွဲအပြားပြား ရှိလှသည်။ မည်သည့်အဆိုကို အမှန်ဟူ၍ ယူရမည်မှန်ပင် မသိတတ်တော့ချေ။

သေချာသည်မှာ မြန်မာ့နန်းပလ္လင်ထက်သို့ သီပေါမင်း တက်ရောက်စံပယ်တော်မူလာခြင်းပင် ဖြစ်သည်။ ဆင်ဖြူမရှင်၏ သဘောတော်အလိုကျဟု ပြောပြော၊ ကင်းဝန်မင်းကြီး ဦးကောင်း၏ 'အခြေခံဥပဒေနှင့်အညီ အုပ်ချုပ်သော ဘုရင်စနစ်' စိမ်ကိန်းကြောင့်ပဲ ဆိုဆို၊ သီပေါမင်းသားကို မဲမပေးသည့် ယောအတွင်းဝန်အား 'ဓားဆောင့်'၍ ကြိမ်းဝါးသော တောင်ထားဝယ်ဗိုလ် ဦးဖိုး (နောင်အခါ တိုင်တားမင်းကြီး ဖြစ်လာသူ)၏ 'ဓားကြိမ်းသံ' ကြောင့်ပဲ ဖြစ်ဖြစ် အသက် (၂၀) အရွယ်မျှသာ ရှိသေးသည့် သီပေါမင်းသားသည် မြန်မာ့နန်း ပလ္လင်ထက်သို့ လှမ်းတက်တော်မူခဲ့ပြီ ဖြစ်ပါသည်။

သီပေါမင်း နန်းတက်တော်မူခန်းတွင် ရှင်းလေ ရှုပ်လေ မယ်ရွှေဘုတ်ရေ ဆိုရမည့်နှယ် ဆိုးဝါးလှသော ဖြစ်ရပ်ကြီးသည်ကား မင်းညီမင်းသားများ၊ မင်းသမီးများ၊ မဟာသွေး မဟာမျိုး မဟာနွယ်များ လုပ်ကြံသတ်ဖြတ်ခံရသည့် အဖြစ်ဆိုးကြီးပင် ဖြစ်သည်။ သည်အဖြစ်ကလည်း နန်းတက်ပွဲထက်ပင် ရှုပ်ထွေးလှသည်ဟု ဆိုရမည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး၌ မဟာဆိ မဟာသွေး (၃၀)ကျော် အသတ်ခံရသည်ဟု ဆိုသည်။ 'ရတနာသိန် မဟာရာဇဝင်အကျဉ်း' ကမူ (၆၀)ကျော်ဟု ပြောသည်။ ဦးဘချစ်၏ 'ရန်ကုပ်မှ ရတနာဂီရိသို့' စာအုပ်တွင် (၄၀)ကျော် ဟူ၏။ D.G.E Hall ၏ 'Europe and Burma' စာအုပ် စာမျက်နှာ (၁၆၇) ၌ (၈၀)နီးပါး စာရင်းပြသည်။

မည်သို့ပင် ဆိုကြသည်ဖြစ်စေ မြန်မာ့ရာဇဝင်မှာပင် မက ကမ္ဘာ့ရာဇဝင်မှာပင် စံချိန်တင်သွားသော မဟာဆိ မဟာသွေး အစုလိုက် အပြုံလိုက် လုပ်ကြံ သတ်ဖြတ်ခံရသည်မှာ မြင်းနှိုင်း။ ဘုရင်တစ်ပါး၏ နန်းတက်ပွဲ အခါသမယမှာ ဤမျှများပြား ရက်စက်စွာ မင်းမျိုးမင်းသွေးတို့ သတ်ဖြတ်ခံရသည်ကား ပုဒ္ဓသာသနာ ထွန်းကားသော တိုင်းပြည်အတွက် အလွန် သင်္ခဝေဂနှလုံသည်၊ နစ်နာလွန်းလှသည်၊ သိမ်ငယ်စရာကောင်းလွန်းလှပါသည်။

(မှတ်ချက် ။ ။ သီရိခမ္မာသောကမင်းကြီးသည် နောင်တော် ကိုးကျိပ်ကိုးယောက်ကို သတ်ကြောင်း ပါဠိလိပုတ်ရာဇဝင်၌ ရှိသည်။ ထိုသို့သတ်ရခြင်းသည် နောင်တော် ကိုးကျိပ်ကိုးယောက်တို့မှ ပါဠိလိပုတ်ကို ဝန်းရံတိုက်ခိုက်လာသောကြောင့် ခုခံတိုက်ခိုက်ရခြင်း ဖြစ်လေသည်။ အပြစ် အလျောက် စီရင်ရခြင်း ဖြစ်သည်။ သီပေါမင်းလက်ထက် ရွှေနန်းတက်ပွဲအတွက် မဟာဆိ မဟာသွေးတို့ အသတ်ခံရခြင်းသည်ကား မလျော်သြဇာသုံး၍ တမင်သက်သက် ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခြင်း ဖြစ်သည်။)

ဤဖြစ်ရပ်ဆိုးကြီးနှင့် ပတ်သက်၍ သီပေါမင်း၏ အပါးတော်မြဲ အတွင်းဝန် ဦးစံရွှေ၏ မှတ်တမ်းကို အခြေခံကာ သတင်းစာဆရာ ဦးသိမ်းမောင် စီစဉ်ရေးသားသည့် 'ဂီရိ ရတနာ ဆောင်းပါးမဟာ သီပေါမင်းတရား အတွင်းရေး' စာအုပ်ထဲတွင် ဤသို့ ဖော်ပြထားသည်။

> သီပေါမင်းတရားကြီးသည် နန်းတက်စ အခါ၌ နန်းတော်တွင်း၌ ဆွေတော်မျိုးတော်တို့ သေခြင်းဆိုး သေကြရုံမျှကိုသာ အလုံးစုံ သိကြပါသလော။ သီပေါမင်းကိုယ်တိုင် ကြုံရာပါ ဖြစ်လေသလော ဟူသော တွေးတောချက်များသည် မြန်မာအမျိုးသားတို့၏ စိတ်ဓာတ်တွင် အမှန်သို့ မရောက်နိုင်ဘဲ ရှိခဲ့ကြရလေသည်။
>
> အင်္ဂလိပ်စာတတ် ယခုခေတ် လူအများကလည်း သီပေါမင်းအကြောင်း ရေးသားသော 'လစ်ကားလေဒီ' ခေါ် အင်္ဂလိပ်လူမျိုးတစ်ဦး ရေးသည့် ဝတ္ထုစာအုပ်ကို ဖတ်ရှုကာ သီပေါမင်း တရားကြီး အပေါ်တွင် လွန်စွာ အထင်အမြင် သေးလျက် ရှိကြလေသည်။ ထိုသို့ အထင်မှား လျက် ရှိကြသည်တို့ကို ပြန်လှန် ချေပရာရောက် သော အချက်များကို ယည်း မှတ်စုများတွင် တွေ့မြင် ဖတ်ရှုရပေ၏။
>
> "လူအများက သီပေါမင်းသည် ညီတော်၊ နောင်တော်၊ ဆွေတော် မျိုးတော်တို့ကို သတ်သည်၊ အရက်သောက်သည်ဟု စွပ်စွဲကြသည်မှာ ဟုတ်မှန်ပါသလား" ဟု ရတနာဂီရီ သမီးတော်များ နားထွင်းပွဲစာရင်းကို မေမြို့ဘုရင်ခံအား အတူပြပြီး အိမ်တော်မှအပြန် ဦးဝဏ္ဏ၊ ဝက်မစွတ် ဝန်ထောက်မင်းအား မေးမြန်း၏။ ဝက်မစွတ် ဝန်ထောက်မင်းက . . .
>
> "စွပ်စွဲချက်များကား မမှန်၊ အကြောင်းကုန် စုံလင်စွာသိလိုက ရတနာဂီရိသို့ အပြန်တွင်

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မင်းမြတ် ကိုယ်တိုင်ကို တိုက်ရိုက်လျှောက်ထားပါ" ဟု ပြန်ပြောသဖြင့် ရတနာဂိရိ ပြန်ရောက်၍ ဦးစံရွှေက လျှောက်ထား မေးမြန်းရာတွင် သီပေါမင်းတရား၏ ပြန်ကြားမြွက်ဟပုံကို အလုံးစုံ မှတ်သားထားသည်ကား အောက်ပါအတိုင်းပင် ဖြစ်၏။

"ဓဟုတ်ပါဘူး၊ တို့ကို အကြည်ညိုပျက်အောင်၊ မုန်းထားအောင် အပြစ်ဆိုသော စကားများသာ ဖြစ်သည်၊ အမှန်မှာ မောင်စံရွှေမိန်းမ ပင်းယမင်းသမီးလည်း ရှိသည်၊ မေးကြည့်၊ ပြောပြလိမ့်မည်၊ နန်းဇတ်၌ တစ်ညနေ အနောက်ပိုင်းမှာ ပင်းယ၊ နဂါးဆင်၊ ကျောက်ပတောင်း၊ ထန်းတပင်၊ တောင်ငူမြို့စား အပျိုတော်များနှင့် တို့နှစ်ပါးပါ ရယ်မောစကားပြောနေစဉ် မယ်တော်သည် ရုတ်တရက် ပျာယီးပျာယာ ဝင်လာပြီး . . .

'မောင်ရင်၊ မောင်ရင်၊ ဒီနန်းစည်းစိမ်ကိုလည်း မလိုချင်ပါနဲ့၊ ဘုရင်မင်းမြတ်လည်း မလုပ်ချင်ပါနဲ့၊ မောင်ရင့် ညီတော်၊ နောင်တော်၊ နှမတော်များ ရှိသေးရဲလား။ စစ်ကြည့်ပါဦး' ဟု ပြောလျှင် တို့တစ်တွေမှာ ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်၍ ငါသည် ချက်ချင်း အရှေ့ထဲထွက်ပြီး ညီလာခံအစည်းအဝေး အမြန်ခေါ်၍ . . .

'မင်းကြီးများ ကျုပ်ကို မထီမဲ့မဂ်ဘဲ မှန်သည့်အတိုင်း တင်ကြစမ်းပါ။ ချုပ်ထားသော ညီတော်၊ နောင်တော်၊ နှမတော်များ ရှိ၊ မရှိ သိလိုသည်' ဟု မေးမြန်းသောအခါ မင်းကြီးများက. .

'ဘုန်းတော်ကြောင့် အမှန်တင်ရမည်ဆိုလျှင် ဘုရင့်သားသည် ရွှေထီး ရွှေနန်းကို အမှန်ကြစမြဲဖြစ်၍ ကျွန်တော်မျိုးများ၏ စောင့်ရှောက်ရသော တာဝန်သည် အလွန်မှ ကြီးသည်ဖြစ်သောကြောင့် အချုပ်မှ လွတ်ထွက်ပုန်ကန်လျှင် ဆင်းရဲသား သတ္တဝါများ အများအပြား သေကြေပျက်စီးကြမှာမြင်၍ သုတ်သင်ရှင်းလင်းရပါသည် ဘုရား' တင်ကြသည်ကို ကြားရလျှင် ငါသည် အလွန်မှ ထိတ်လန့်ပြီး အသည်းနှလုံး တုန်လှုပ်၍ ကြက်သီးမွေးညင်းထမိသည်။

ညီတော်၊ နောင်တော်များ ထားရန် နန်းမြင့်နားမှာ တိုက်တန်းရှည်ကြီး ဆောက်လုပ်ခိုင်းသည်မှာ အတော်အတန် ပြီးပါပြီ၊ ၎င်းတိုက်တန်းကြီး ပြီးကာလ ညီတော်၊ နောင်တော်များကို သား မယား အခြွေအရံနှင့် ပျော်ရွှင်စွာ နေကြပါစေ၊ အပြင်က အစောင့်အရှောက်ထား၊ နောင်ကို ထွက်ပြေးပုန်ကန်မှသာ အပြစ်အလျောက်စီရင်ကြပါ မှာထားပါလျက်နှင့် သည်ကဲ့သို့ ရက်စက်စွာ ပြုလုပ်ကြသည်ကို ငါအများကြီး ဝမ်းနည်း စိတ်မကောင်းဖြစ်သည်ဟု ပြစ်တင်ပြောဆိုပြီး ကျန်ရစ်သော မင်းသားများ စာရင်းပေးပါတောင်းမှ ကျပင်းမင်းသား၊ ကောလင်းမင်းသား၊ ပျဉ်းမနားမင်းသား၊ မြင်စိုင်းမင်းသား၊ လယ်ကြားမင်းသားတို့ကို ရရှိခေါ်ဆောင် သက်နှံးဝတ်စေပြီးလျှင် ဆရာတော်များထံ အပ်ထားရသည်၊ ၎င်းမင်းသားများ ငါ့ကြောင့်သာလျှင် အသက်ရှင်သည်၊ ယခုတိုင် အချို့ ရှိကြပါသေးသည်၊ မေးလျှင် ပြောလိမ့်မည်။

ရနောင်မင်းသား၏ အခါလည်ကျော် သမီးတော်ကလေး ကျန်ရစ်ကြောင်း သိရ၍ အသက်မသေရန် မိန်းမစိုး မောင်မဲ့အား ခေါ်ဆောင်ယူစေခဲ့ပြီး တောင်တွင်းစစ်ကဲ မောင်မြစ်၊ မယား မိပုံ အထိန်းထားပြီး မွေးတော်မူလာလို့ အသက်ချမ်းသာရာ ရတယ်၊ ယခုထက်တိုင် ကြည့်မြင်တိုင် စမ်းချောင်းမှာ အဆက်ရှင်လျက်ရှိသေးတယ်။

တို့နှစ်ပါးမှာ ၎င်းအကြောင်းများ သိသည်မှ စ၍ စိတ်နှလုံးထိတ်လန့် တုန်လှုပ်ခြင်းဖြစ်ပြီး စိတ်ပြေစေရန် နေ့စဉ် တောင်စမုခ်ကထွက်၍ သံယာတော်များကို ဆွမ်းကြီး လောင်းတော်မူသည်၊ ငါလည်း အလွန်စိတ်မကောင်း၊ တစ္ဆေလည်း ကြောက်၊ နန်းတော်တွင်းမှာ နေသည်မပြတ် ဆူဆူညံညံ ရှိစေခြင်းငှာ ပွဲခံစေသည်။

ထိုအခါမှာ ငါကလည်း ငယ်၊ အသက်နှစ်ဆယ် အရွယ်၊ မင်းကြီးများ စီမံကြရသော အခါမှာ ဖြစ်သည်၊ နောက် မိုးခေါင်လို့ မဟာဆီမဟာသွေး မြေ၌ မကျရာဟု ပညာရှိများ၊ ဘုန်းတော်ကြီးများက ပြောလျှင် ည တိတ်တဆိတ် အလောင်းများကို တူးဖော်ပြီး အိုးထုပ်နှင့်ထည့်၊ လှည်းမှာတင်၊ မြစ်ဆိပ်ယူပြီး ရေလယ်မြစ်ထဲ ချကြတယ်"

မင်းညီမင်းသား၊ မင်းမျိုး မင်းသွေးများ လုပ်ကြံ သတ်ဖြတ်ခံရခြင်းနှင့် ပတ်သက်၍ အပါးတော်မြို ဦးစံရွှေအား သီပေါမင်းက ထိုသို့ ပြောပြခဲ့သည်ဟု ဖော်ပြပါ စာအုပ်ထဲတွင် ဖတ်ရသည်။

(မှတ်ချက် ။ ။ အပါးတော်မြို ဦးစံရွှေ၏ မှတ်တမ်းအရ သတင်းစာဆရာ ဦးသိမ်းမောင်

www.burmeseclassic.com

www.burmeseclassic.com

စီစဉ် ရေးသားသည် ဆိုသော်လည်း၊ အချက်အလက်၌ 'ရနောင်မင်းသား'၏ အခါလည်ကျော် သံမီးတော်ကလေး ကျန်ရစ်ကြောင်း သိရ၍ အသက်မသေရန် မိန်းမစိုး မောင်မဲ့အား ခေါ်ဆောင်ယူစေခဲ့ပြီး တောင်တွင်းစစ်ကဲ မောင်မြစ်၊ မယား မိပုံ အထိန်းထားပြီး မွေးတော်မူလာလို့ အသက်ချမ်းသာရာ ရတယ်၊ ယခုထက်တိုင် ကြည့်မြင်တိုင် စမ်းချောင်းမှာ အသက်ရှင်လျက်ရှိသေးတယ်' ဟု ပါရှိသည်။

ထိုအချက်အလက်သည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်မှ ထုတ်ဝေသော 'အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း ဒုတိယတွဲ - ပထမပိုင်း' စာအုပ် စာမျက်နှာ ၂၉၈၊ 'မင်းညီမင်းသားများ အသတ်ခံရခြင်း' အခန်း၌ ဖော်ပြထားချက်များနှင့် ကွဲပြား ခြားနားနေသည်။

'အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း' စာအုပ်တွင် "မင်းတုန်းမင်း ဝေဒနာအသည်းအသန်ရှိစဉ် ဘုရင့်အဖိန့်တော်နှင့် ဆိုကာ ခေါ်ယူဖမ်းဆီး၊ ချုပ်နှောင်ထားခဲ့သော မင်းသား၊ မင်းသမီး ကြီးငယ်တို့အနက် အများစုမှာ 'မြောက်ထားဝယ်ဗိုလ် ရနောင်မြို့စား' နှင့် အပေါင်းပါတို့၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရပေသည်။" ဟု ဖော်ပြထားသည်။

ရနောင်မင်းသားနှင့် ရနောင်မြို့စား တစ်ဦးစီလား၊ တစ်ဦးတည်းလား။ တစ်ဦးတည်း ဆိုလျှင်မူ တစ်ခုခု မှားနေမည် ဖြစ်ပါသည်။ ဦးစံရွှေလား၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီလား စဉ်းစားစရာပင်။)

အကယ်၍သာ အစွမ်းအစ သတ္တိ၊ ဗျတ္တိ မခေလှသော လင်းပင်မင်းသားကြီးသာ မန္တလေးနေပြည်တော်မှာ ရှိနေခဲ့ပါလျှင် ကံကြမ္မာ မည်သို့ဖန်လာမည်ကို အတပ်မပြောနိုင်ပါပေ။ ယခုမူ လင်းပင်မင်းသားကြီးသည် ဟင်္သာတမြို့အုပ်အဖြစ် အောက်ပြည် အောက်ရွာ ရောက်ရှိနေသောကြောင့်သာ မရဏာ ရှင်သေမင်းနှင့် စစ်မခင်းရခြင်း ဖြစ်လေသည်။

လင်းပင်မင်းသားကြီးသည် မိမိအနေဖြင့် အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ မြို့အုပ်မင်းဘဝဖြင့် အတင့်အတယ် နေထိုင်ခွင့် ရနေသော်လည်း ဆွေတော် မျိုးတော် မင်းမျိုးမင်းနွယ်တို့ ကြက်ကလေး၊ ငှက်ကလေးများသဖွယ် ဖမ်းဆီးသတ်ဖြတ်ခြင်းခံရခြင်းအတွက် အလွန်ဝမ်းနည်းကြေကွဲလှပေသည်။

အကယ်စင်စစ် ဤ အဖြစ်ဆိုးကြီးသည် 'ပြည်သူပြည်သားတို့ ဆာပူနောက်ကျိ မချိနှလုံး မီးတုံးသော ကြိမ်ညောက်ကဲ့သို့ ညှဉ်းပန်းစိတ်ဝမ်း ပင်ပန်းနွမ်းလျရှိကြရသော' ပြည်သူလူထုအပေါ် ဝင်ရောက်ပြဿနာ ဖြစ်လေသည်။ ('---' ထဲမှ ဖော်ပြချက်သည် သုသောဓိတ မဟာရာဇဝင်ထဲမှ အရေးအသား အသုံးအနှုန်း ဖြစ်ပါသည်။)

မြန်မာနှင့်အင်္ဂလိပ်တို့ တတိယစစ်ပွဲ ဖြစ်ပွားရခြင်း၏ အဓိက အကြောင်းရင်းမှာ ဤ'ဖြစ်ရပ်ဆိုးကြီး'ပင်ဖြစ်သည်။ ရှင်ဖြူမရှင်ကိစ္စ၊ ကင်းဝန်မင်းကြီးကိစ္စ၊ တိုင်တားမင်းကြီးကိစ္စ၊ လှေသင်းအတွင်းဝန်ကိစ္စ၊ သီပေါမင်းကိစ္စ၊ စုဖုရားလတ်ကိစ္စ စသည့် ကိစ္စပေါင်း သောင်းခြောက်ထောင်တို့သည် ဤ ဖြစ်ရပ်ဆိုးကြီး ပေါ်ပေါက်လာစေရန် ကြမ္မာငင်ခဲ့ကြခြင်းသာ ဖြစ်သည်။

ပြောရလျှင် မင်းတုန်းမင်း နတ်ရွာစံတော်မူပြီး သီပေါမင်း နန်းတက်လာချိန် ဗြိတိသျှ အင်္ဂလိပ်တို့ ဘေးကျပ်နံကျပ် မရှုနိုင် မကယ်နိုင် ဖြစ်နေချိန် ဖြစ်သည်။ ထိုစဉ်အခါက ဗြိတိသျှ အင်္ဂလိပ်တို့မှာ အာဖဂန်နစ္စတန်နှင့် စစ်တိုက်နေရသည်။ အခြား တစ်ဖက်တွင်လည်း တောင်အာဖရိကတွင် ဘိုးဂါးတို့နှင့် တိုက်မယ် ခိုက်မယ် တကဲကဲ ဖြစ်နေချိန် ဖြစ်သည်။

ထို့ပြင် အင်္ဂလိပ်တို့ဘက်မှ မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဆန္ဒစောစွာ၊ တစ်နည်းပြောရလျှင် ပညာရှိ သတိဖြစ်ခဲ့ဆိုသလို မှားမှားယွင်းယွင်း ဆောင်ရွက်မှုတစ်ခု ရှိခဲ့သည်။ ထို အမှားသည် အခြားမဟုတ်၊ ၁၈၇၉ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အင်္ဂလိပ်သံမှူးနှင့် ကိုယ်စားလှယ်ရုံး အဖွဲ့ဝင်တို့သည် မန္တလေးရှိ သံကိုယ်စားလှယ်ရုံးကို ရုပ်သိမ်း၍ မန္တလေးမှ ထွက်ခွာသွားခဲ့ခြင်း ဖြစ်သည်။

ဗြိတိသျှ အင်္ဂလိပ်တို့သည် အများပြည်သူ ကြည်ဖြူသည့် မင်းကြီးဖြစ်တော်မူသော မင်းတုန်းမင်းကြီးကိုမင် ကြာရော ဘာရော ဟိုအတ္တရော ဆိုသလို မျက်နှာပြောင်တိုက်ပြီး စိတ်ဒဏ်ရာ ပေးခဲ့သူများ ဖြစ်သည်။

မင်းတုန်းမင်းလက်ထက်တွင် ကရင်နီနယ် (အထူးအားဖြင့် အနောက် ကရင်နီနယ်)နှင့် ပတ်သက်၍ အင်္ဂလိပ်တို့နှင့် တင်းတင်းမာမာ ဖြစ်ခဲ့ဖူးသည်။ အနောက် ကရင်နီနယ်သည် သစ်နှင့်သံဖြူ ထွက်ရှိရာ၌ မက်မောစရာ ကောင်းလောက်အောင် ဖြစ်ထွန်းသည်။

နောက်ဆုံး အင်္ဂလိပ်တို့သည် အနောက် ကရင်နီနယ်နှင့် ပတ်သက်၍ မြန်မာတို့ဘက်မှ အလျှော့မပေးလျှင် စစ်ပွဲဆင်နွှဲရလိမ့်မည် ဟူ၍ မြီမှိုင်းခြောက်လာသည်။ အမြော်အမြင် ကြီးမားတော်မူသော မင်းတုန်းမင်းသည် အကြောင်းအရာရပ်ရပ်တို့ကို ထည့်သွင်း စဉ်းစားတော်မူ၍ အလျှော့ပေးခဲ့ပါသည်။

ထိုသို့ တရင်နီနယ် ပြဿနာ၌ အင်္ဂလိပ်တို့ အသာစီးရသွားသည်နှင့် တစ်ပြိုင်နက် အင်္ဂလိပ်တို့ လူဝါးဝလာသည်နှင့် နိုင်ငံကြီးသား လှယဉ်ကျေးများဟူသော ကြွေးကြော်သံကိုပင်

www.burmeseclassic.com

www.burmeseclassic.com

မထောက်၊ မရှက်မကြောက် ကပေါက်ချေ ကပေါက်ချာတွေ လုပ်လာသည်။

မြန်မာဘုရင်နှင့် တွေ့ဆုံသည့်အခါ ဖိနပ်စီးခွင့်ပြုရန် စသည့် ညစ်လုံး ပတ်လုံးတွေ သုံးလာသည်။ 'မင်းတို့ကို ငါ့ရှေ့မှာ ဖိနပ်စီးခွင့်တော့ မပြုဘူး။ စစ်တိုက်မယ် ဆိုရင်လည်း တိုက်ရတော့မှာပဲ' ဟု မင်းတုန်းမင်းကြီးက ပြောသယောင် ယောင် လဲကြုပ်ဇာတ်လမ်းတွေ ခင်းလာသည်။

မင်းတုန်းမင်းသည် အင်္ဂလိပ်လူမျိုးတို့၏ ဟန်ဆောင် အပြုံးနှင့် အောက်တန်းကျလှသော နှလုံးသားတို့ကို စိတ် အနာကြီး နာသွားလိုက်သည်မှာ ထိုအချိန်မှစ၍ နတ်ရွာစံ တော်မူသည်အထိ မည်သည့် အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ် ကိုမျှ နန်းတော်ထဲသို့ အဝင်မခံ၊ အတွေ့မခံခဲ့ချေ။ 'လိပ်' ဆိုလျှင် ဆေးလိပ်နှင့် ဖျာလိပ် အသံတောင် ကြားချင်တော် မူမည် မဟုတ်ဟု ခံစားနားလည် စဉ်းစားမိပါသည်။

ထိုသို့ မင်းတုန်းမင်းကြီး၏ ရာဇမာန် အရှခံထားရသော အင်္ဂလိပ်တို့သည် မင်းသစ် မင်းလွင်ကလေး သီပေါမင်း နန်း တက်လာသောအခါ ထန်းလျက်ခဲကို ခွေးလျက်ထားသော မျက်နှာမျိုးဖြင့် သီပေါမင်းနှင့် အလွမ်းသင့်အောင် ကြဲဆော့ငင် လာကြသည်မှာ အော့နှလုံးနာစရာပင် ကောင်းလှသည်။

သေချာလှသည်မှာ အင်္ဂလိပ်တို့သည် မင်းပျို မင်းလွင် ကလေး သီပေါမင်းနှင့် ဆက်ဆံရေး တိုးတက် အဆင်ပြေလာ လိမ့်မည်ဟု မျှော်လင့်ထားကြလေသည်။ ထိုသို့ မျှော်လင့် ထားကြောင်းကိုလည်း အိန္ဒိယဘုရင်ခံချုပ် လော့ဒ်လစ်တန် (Lord Lytton) က အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် လော့ဒ် ကရင်းဘရုခ် (Lord Cranbrook) ထံ ၁၈၇၈ ခုနှစ် အောက်တို ဘာလ ၁၇ ရက်တွင် ပေးပို့သော အစီရင်ခံစာ (British Relations, P. 33) တွင် 'ဘုရင်ခံစား လက်ထက်တွင် ဆက်ဆံ ရေး ပို၍ အဆင်ပြေလာနိုင်ဖွယ် အခွင့်အလမ်း ရှိပါသည်၊ ကူးသန်းရောင်းဝယ်ရေးမှာ တိုးတက်လျက် ရှိပါသည်၊ ယခင် က မပြေလည်ခဲ့သော ပြဿနာများကို နည်းသစ်ဖြင့် ဖြေရှင်း ရန် အချိန်ကျရောက်လာပြီ ဖြစ်ပါသည်' စသည်ဖြင့် သုံးသပ် ဖော်ပြခဲ့သည်။

ဤသုံးသပ် ဖော်ပြချက်သည် အင်္ဂလိပ်တို့၏ သူတို့ အချင်းချင်းသာ ကြားသိစေသော ဝှက်ဖဲများဖြစ်သည်။

ရှေ့တိုးပေါ်လစီ (Forward Policy) သမား လော့ဒ် လစ်တန်သည် သီပေါမင်း နန်းတက်သတင်းကို ကြားရသည် နှင့်တစ်ပြိုင်နက် အချိန်ဆိုင်းမနေဘဲ သီပေါမင်းထံ (ပတ်ခွဲ နပ်ခွဲ ဝမ်းမြောက်ကြောင်း) သဝဏ်လွှာ ပေးပို့လိုက်သည်။

တစ်ချိန်တည်းမှာပင် မန္တလေးရှိ ဗြိတိသျှ အင်္ဂလိပ် ကိုယ်စားလှယ်ထံသို့လည်း ကြေးနန်းတစ်စောင် ပေးပို့ကာ ဗြိတိသျှအစိုးရ၏ မြန်မာဘုရင်သစ်အပေါ် ထားရှိသော သဘောထားကို သိစေခဲ့သည်။

ထိုကြေးနန်း ဖော်ပြချက်မှာ...

"ဘုရင်သစ်အနေဖြင့် ဗြိတိသျှအစိုးရအပေါ် မူသစ် ချမှတ် ကျင့်သုံးမှု၊ အထူးသဖြင့် ဆိုသော် ဘုရင်ထံသို့ ဗြိတိသျှ ကိုယ်စားလှယ် လွတ်လပ်စွာ ဝင်ထွက်ခွင့်ပြုခြင်း၊ ကိုယ်စား လှယ်၏ ရာထူးအဆင့်အတန်းနှင့် ညြောအာဏာကို ရှေးက ထက်ပို၍ လေးစားခြင်း စသည့်ကိစ္စတို့၌ ပြေပြစ်လျှင် ပြေ ပြစ်သည့် အတိုင်းအတာအလျောက် အိန္ဒိယအစိုးရက ဘုရင် သစ်အား အသိအမှတ်ပြု ထောက်ခံသွားမည်ဖြစ်ကြောင်း မြန်မာမျူးမတ်တို့အား အသိပေး အကြောင်းကြားထားစေလို သည်" ဟူ၍ အဓိပ္ပာယ်များ ပါရှိလေသည်။

လော့ဒ်လစ်တန်သည် ဘုရင်အသစ်စက်စက်ကလေး သီပေါမင်းထံ ကိုကိုရယ်၊ မောင်မောင်ရယ် ပတ်ခွဲနပ်ခွဲ သဝဏ်လွှာ ပေးပို့ခဲ့သော်လည်း သူလူ သူဘက်သား (တိုက် ဖော် တိုက်ဖက်၊ လုယက်ဖော် လုယက်ဖက်) လော့ဒ်ကရင်း ဘရုခ်ထံ ပေးပို့သည့် ကြေးနန်းတွင်မူ သီပေါမင်း၏ နောက် ကျောကို ဓားနှင့်ထိုးရန် စီမံညွှန်ကြား ဖော်ပြထားကြောင်း အော့နှလုံးနာဖွယ် တွေ့မြင်ရမည် ဖြစ်ပါသည်။ 'ပြေပြစ်လျှင် ပြေပြစ်သည့် အတိုင်းအတာအလျောက်' ဆိုသည့် စကားရပ် သည် 'အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား' လိမ် ညာလှည့်ဖြားတတ်သူ၊ ရေရှည်အကျိုးကို မကြည့်ဘဲ လတ် တလော ကိုယ်ကျိုးစီးပွားအတွက် လူလည်ကျ အမြတ်ထုတ် တတ်သူတို့၏ လက်သုံးစကား ဖြစ်သည်မှာ ထင်ရှားလှပေ သည်။

ထိုကဲ့သို့ လော့ဒ်လစ်တန် (အိန္ဒိယဘုရင်ခံချုပ်)တစ် ယောက် သူဦးကျင့် သူခိုးကြဲ ကလိမ်ညာဏ်များ စူးရောက်နေ ဆဲမှာပင် မင်းညီ မင်းသားများ သတ်ဖြတ်ခံရသော သတင်း ဆိုးကြီး ပေါ် ထွက်လာသည်။

မန္တလေး နေပြည်တော်ရှိ ဗြိတိသျှ ကိုယ်စားလှယ် မစ္စတာရှော (Mr. Shaw) ထံမှ ထိုသတင်းဆိုးကို ကြားသိ ရသည်နှင့် တစ်ပြိုင်နက် ထိုကိစ္စကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရန် မစ္စတာရှောကို ညွှန်ကြားသည်။

မစ္စတာရှောသည် အိန္ဒိယဘုရင်ခံချုပ်၏ ညွှန်ကြား ချက်အရ မြန်မာ့နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ကင်းဝန်မင်းကြီး ထံ ၁၉၊ ၂၊ ၁၈၇၉ ရက်စွဲဖြင့် မင်းညီမင်းသားများအား နောက်ထပ် သတ်ဖြတ်ခြင်း မပြုရန် ပြင်းပြင်းထန်ထန် ကန့်ကွက်သည်။

ကင်းဝန်မင်းကြီးကလည်း ထိုကန့်ကွက်စာကို တင်း တင်းမာမာ ပြတ်ပြတ်သားသား ပြန်လည်တုံ့ပြန်လိုက်သည် မှာ 'ကိုယ်စားလှယ်ကြီး၏ ၁၈၇၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် စာကို ရရှိ ဖတ်ရှုပြီးဖြစ်ပါကြောင်း၊ လွတ်လပ်သော ဘုရင်တစ်ပါး အုပ်စိုးလျက်ရှိသည့် မြန်မာနိုင်ငံတော်အတွင်း တွင် အမျိုးဘာသာ သာသနာ၏ အကျိုးစီးပွား ဖွံ့ဖြိုးစည်ပင်

www.burmeseclassic.com

www.burmeseclassic.com

ရေးကို ထောက်ရှု၍ နိုင်ငံတော်၏ ထုံးတမ်းစဉ်လာနှင့်အညီ လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များကို လုပ်ကိုင်လေ့ရှိကြောင်း၊ နိုင်ငံတွင်း၌ မငြိမ်မသက် ဖြစ်စေမည့် ကိစ္စရပ်များကို တားဆီးရာ၌ ကဲ့ရဲ့ပြစ်တင်ခြင်း ခံရမည့်အရေးကို ဂရုစိုက်နေခြင်းမှာ မလျော်ကန်လှကြောင်း၊ ယခု ကိုယ်စားလှယ်ကြီးကန့်ကွက်လာသည့် ကိစ္စမှာလည်း အမျိုးဘာသာ သာသနာ အကျိုးစီးပွားကို ထောက်ရှုဆွေးနွေးကွက်၍ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း' ဟူ၍ ဖော်ပြပါရှိလေသည်။

ယခု ဖော်ပြပါ ကင်းဝန်မင်းကြီး၏ တုံ့ပြန်ပေးပို့သော ပြန်ကြားစာအပေါ်၌ စဉ်းစားဖွယ် အကြောင်းခြင်းရာ ပေါ်ပေါက်ဖွယ် ရှိပါသည်။

ဤပြန်ကြားစာသည် ကင်းဝန်မင်းကြီး၏ မူရင်းစာမှ ဖော်ပြချက် မဟုတ်၊ Burma After the Comquest, pp-128, 130 အင်္ဂလိပ်ဘာသာမှ ဘာသာပြန် ဖော်ပြချက် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် အင်္ဂလိပ်လူမျိုး သမိုင်းသုတေသီတို့ ရေးသားပြုစုသော အင်္ဂလိပ်ဘာသာမှ တစ်ဆင့် ဖတ်ရှုရခြင်း ဖြစ်သည်။

စဉ်းစားမိသည်မှာ ကင်းဝန်မင်းကြီးကဲ့သို့ ပညာရှိတစ်ဦးသည် ဤသို့ ရေးသားတုံ့ပြန်ခဲ့သည်ဟု တထစ်ချ မှတ်ယူရန် မဖြစ်နိုင်ချေ။ စာအသွားအလာ၊ စာသဘောတရား၊ စာအင်္ဂေအသက်ကို ခံစားမိရာ၌ ကင်းဝန်မင်းကြီး၏ 'လေ' ကို ရှာမတွေ့နိုင်အောင် ဖြစ်မိလေသည်။

'မန်းမကိုင့်မှာမှ၊ နန်းသိုက်ရန္ဓေဘုံကို၊ မြေဝသုန် ကပ်ဆုံးအောင်ပ၊ မှတ်ထုံး နောင်ပေါ်ထွန်းစေဖို့၊ မော်ကွန်းတင်ဆက်သည့် မင်ရွှက်စာ' ဟူသော ကင်းဝန်မင်းကြီး၏ 'လေ' ကို ထိုစာထဲ၌ တစ်စက် တစ်ပေါက်မျှပင် မတွေ့မြင်မိပေ။

'တန်ခူးစိတြ၊ မိဿဓါတော်၊ ရင်ခတ်ကယ်ကုံကော်၊ မွေးကျော်ကြိုင်လွင့်၊ အတာသဘင်၊ ပျော်ရွှင်ဆိတ်မင်းဝင့်' ဟူသော ဓလေ့ဝံသမျိုးနွယ် စာရေးတတ်သော ကင်းဝန်မင်းကြီးသည် 'နိုင်ငံတွင်း၌ မငြိမ်မသက် ဖြစ်စေမည့် ကိစ္စရပ်များကို တားဆီးရာ၌ ကဲ့ရဲ့ပြစ်တင်ခြင်း ခံရမည့်အရေးကို ဂရုစိုက်နေခြင်းမှာ မလျော်ကန်လှကြောင်း' စသည့် တုတ်ထိုးအိုးပေါက် ဒေါသအလျောက် မဆင်မခြင် ပြောဆို ရေးသားပေလိမ့်မည်ဟု ထင်မြင်ယူဆရန် များစွာခဲယဉ်းလှပါသည်။

ဤစာကို ရေးသားသူမှာ ရနောင်မောင်မောင်တုတ်တဲ့သို့ ပုဂ္ဂိုလ်မျိုးဖြစ်ခဲ့သော် အငြင်းမထွက်နိုင်သော်လည်း တင်းဝန်မင်းကြီး ဆိုပါမူ အလွန့်အလွန် စဉ်းစားရကျပ်လှသည်။

ကင်းဝန်မင်းကြီး၏ ပြန်ကြားစာသည် အသေအချာ လေ့လာဖတ်ရှုပါက မစ္ဆာတရှော်၏ ကန့်ကွက်ချက်ကို ပညာရှိ သက်တော်ရှည် အမတ်မင်းကြီးတစ်ဦး အနေအားဖြင့် တုံ့ပြန်ချေပစာမျိုး မဟုတ်ဘဲ 'မင်းညီ မင်းသားအပေါင်းကို သတ်ဖြတ်ရာ၌ မိမိအမိန့်ဖြင့် သတ်ဖြတ်ခြင်းဖြစ်ကြောင်း' ဝန်ခံထားသောစာ ဖြစ်နေသည်။ ထိုသို့ အမိန့်ပေးစေခိုင်းခြင်းကြောင့် မည်သူမဆို ပြစ်တင်ကဲ့ရဲ့လာလျှင်လည်း လုံးဝ ဂရုမစိုက် ဟူသော ပညာမဲ့ လက်ရုံးအားကိုးသမား ပြောကြားသော စကားမျိုး ဖြစ်နေသည်။

ဆီးဘန်နီ ဆရာတော်၏ 'မှုကြီးမတ်ငယ်၊ မာလော နွယ်တို့၊ ဝုက်ကွယ်လှည့်ပို့က်၊ သူဘက်လိုက်၍၊ စရိုက်စောင်းငဲ့၊ သစ္စာမဲ့ကြောင့်၊ နှစ်ဆယ့်ခုနစ်နှစ်၊ နန်းစံရှစ်တွင်၊ ကသစ်ဘုံနေ၊ သိကြားကြွေသို့' ဟူ၍ မှုကြီးမတ်ရာ သေနာပတိတို့ စရိုက်ပျက်ယွင်း သစ္စာမဲ့ခြင်းကြောင့် အရှင်နှစ်ပါး၊ ကုလား နိုင်ငံသို့ ပါတော်မူရရှာသည် ဟူသော ပြစ်တင်စွပ်စွဲချက်ကို ပင် 'မြန်ဇမျူဘုန်း ကံမထူသည်၊ ရန်သူမှုန်း၍၊ တိုင်းလုံးပစ်ခွာ၊ သူဆောင်ရာ ပါတော့ပ၊ သခိါရာဖြစ်ပုံကို၊ စိတ်အာရုံ ထင်မနောငယ်နှင့် စောတော့ ဉာဏ်ရှိ' ဟူ၍ တရားရေအေး အမြှိုက်ဆေးဖြင့် အဖြေပေးခဲ့သော် ကင်းဝန်မင်းကြီးသည် အင်္ဂလိပ် ကိုယ်စားလှယ်တစ်ဦး၏ ကန့်ကွက်လွှာကြောင့် 'ငါမြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်' ဒေါသအလျောက် ကြိမ်ဝါးပြောဆို ရေးသားခဲ့သည် ဆိုခြင်းမှာ များစွာ စဉ်းစားဖွယ်ရာ ကောင်းလှပါသည်။

အကယ်စင်စစ် ကင်းဝန်မင်းကြီး၏ (အင်္ဂလိပ်တို့က ပြောသော) တုံ့ပြန်စာသည် မြန်မာ မှုကြီး မတ်ကြီး တစ်ဦး၏ ဟန်ပန်မျိုး မဟုတ်ဘဲ အီတလီပြည် ရီနေးဆန်းခေတ်က ထင်ရှားခဲ့သော မက်ဒီယာဗယ်လီ (Machiavelli) အမည်ရှိ ပုဂ္ဂိုလ်ကြီး ရေးသားခဲ့သည့် 'မင်းတို့မည်သည်' (THE PRINCE) စာအုပ်ထဲမှ လေသံမျိုး ဖြစ်နေသည်။

မက်ဒီယာဗယ်လီသည် ဖလောရင့်မြို့တော်၌ ၁၄၆၉ ခုနှစ်တွင် မွေးဖွားခဲ့သူဖြစ်ပြီး သမ္မတ အစိုးရ အတွင်းဝန်စသည့် ထိပ်တန်းရာထူးကြီးများဖြင့် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ဘဝမျက်နှာစာ အခြားတစ်ဖက်တွင်လည်း လောကဓံရှစ်ပါးနှင့် နပန်းလုံးကာ နိုင်ငံရေး ခရေပင်းတောဝယ် ကျင်လည်ခဲ့သူတစ်ဦး ဖြစ်သည်။

ထို့ကြောင့်လည်း သူသည် သူဖြတ်သန်းခဲ့ရာ နိုင်ငံရေး အတွေ့အကြုံများကို မှီငြမ်းအားပြု၍ တိုင်းပြည်အုပ်ချုပ်မင်းလုပ်မည့်သူများ လုပ်ဆောင်ရမည့် ကိစ္စများနှင့် သဘောထားတို့ကို ဖော်ပြဖွင့်ဆိုရာ 'မင်းတို့ မည်သည်' အမည်ရှိ ရာဇဝါဒ (ဘုရင်တို့၏ခံယူချက်) စာအုပ်ကြီးကို ရေးသားပြုစုလေသည်။

ထိုစာအုပ် ထွက်လာသောအခါ ဥရောပတစ်တိုက်လုံး ထိတ်လန့်တုန်လှုပ်သွားသည်။ ယနေ့တွင် ထိုစာအုပ်သည် ကမ္ဘာအနှံ့သို့ ဘာသာအသီးသီးဖြင့် ပျံ့နှံ့သွားပြီး နိုင်ငံရေးသိပ္ပံ ကျောင်းသားတို့နှင့် ဆုရင်လုပ်မည့်သူတို့အတွက် လက်စွဲကျမ်းသဖွယ် ယဉ်ပါးနေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မက်ခီယာဗယ်လီ၏ 'မင်းတို့မည်သည်' စာအုပ်သည် လူတို့အား တုန်လှုပ် ချောက်ချားသွားစေခဲ့သည် မှန်သော်လည်း လူတို့သည် သူတို့ကို အုပ်ချုပ်နေသော (စကားလုံးလှလှလေးဖြင့် ပြောရသော် ပြည်သူကို အလုပ်အကျွေးပြုနေသော ပြည်သူ့ဝန်ထမ်း၊ ပြည်သူ့အစေခံ) အစိုးရအဖွဲ့ကြီးမည်သို့ မည်ပုံ ပြည်သူ့ဝန်ကို ထမ်းနေကြောင်း မှောက်ထားသော ခွက်ကို လှန်ပြလိုက်သကဲ့သို့ လက္ခယ်ည အမှောင်တိုက်ထဲတွင် မိုးကြိုးလျှပ်စစ် လင်းပြက်လိုက်သကဲ့သို့ လင်းခနဲ ဝင်းခနဲ မြင်သိခွင့်ကိုမူ ကောင်းကောင်းကြီး ရရှိခဲ့လေသည်။

မက်ခီယာဗယ်လီ၏ 'မင်းတို့မည်သည်' စာအုပ်၏ 'မူ'ကို အကဲခတ်နိုင်ရန် ဆရာမကြီး ခင်မိုးချစ် ရှာဖွေစုဆောင်းတင်ပြသော 'ဥရောပ အနုပညာယဉ်ကျေးမှု မိတ်ဆက်' စာအုပ်ထဲမှ ကောက်နုတ်ဖော်ပြပါမည်၊ ဤသို့တည်း။

> 'မင်းတို့မည်သည် ရက်စက်လှသည်ဟု ကဲ့ရဲ့ကြမှာကို ကြောက်ရွံ့နေလို့ မဖြစ်ချေ၊ ထူထောင်ခါစ တိုင်းပြည်များမှာ ဘေးအန္တရာယ်တွေက ဝိုင်းနေသည်၊ သည်တော့ လုပ်စရာရှိလျှင် ရက်ရက်စက်စက်လုပ်မှ။
>
> သို့သော် တစ်ခုတော့ သတိပြုရမည်။ မင်းတို့မည်သည် အခြားသူတစ်ပါးအပေါ် ယုံစားရာ၌ လည်းကောင်း၊ လက်တွေ့ လုပ်ရာ၌ လည်းကောင်း အမြဲ သတိနှင့်ယှဉ်ရမည်။ မယုတ်မလွန် ဖြစ်စေရမည်။ ရှေ့နောက် ချင့်ချိန်ရမည်။ သနားခြင်း ကရုဏာရှိရမည်။
>
> သူတစ်ပါးအပေါ် ယုံကြည် စိတ်ချလွန်းလျှင်၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းလျှင် သတိလစ်လွတ် ဖြစ်တတ်သည်။ တစ်ဖက်ကကြည့်လိုက်ပြန်တော့လည်း အစဉ်းစားလွန်၊ အစိုးရိမ်လွန်ပြီး ကိုယ့်စိတ်နှင့်မတွေ့တိုင်း လက်မခံနိုင်၊ သဘောထား သေးသိမ်မသွားအောင် ဂရုစိုက်ဖို့ လိုပြန်သည်။
>
> သို့ဖြစ်၍ မေးစရာတစ်ခု ပေါ်လာသည်။ မင်းတို့မည်သည် လူများ၏ ချစ်ခင်မှု မေတ္တာကို ရယူခြင်းနှင့် လူများ ချောက်ရွံ့ခြင်း ဘယ်သင်းက ပို၍ ကောင်းမည်နည်း။
>
> အဖြေမှာ မင်းတို့မည်သည် လူတွေက ချစ်ရမည်၊ ကြောက်လည်း ကြောက်ရမည်။'

ဤကောက်နုတ်ချက် အစမှာပင် ကင်းဝန်မင်းကြီး၏ တုံ့ပြန်စာထဲမှ အရိပ်ကြီးကို လင်းခနဲ မြင်ရမည်ဖြစ်သည်။

'မင်းတို့မည်သည် ရက်စက်လှသည်ဟု ကဲ့ရဲ့ကြမှာကို ကြောက်ရွံ့နေလို့ မဖြစ်ချေ' ဟူသတည်း။

မည်သို့ဆိုစေ အင်္ဂလိပ်တို့၏ မှတ်တမ်းမှတစ်ဆင့် ဘာသာပြန်ထားသော ထိုစာသည် ကင်းဝန်မင်းကြီး 'လေ'ကို မက်ခီယာဗယ်လီ၏ 'လေ'က လွှမ်းမိုးကာ အင်္ဂလိပ်တို့ သာသာထိုးထိုး ခဲ့ကားထားသည် ဟူ၍ သာ စိတ်နှလုံး တုံးတုံးချလိုက်ရပါသည်။

ကင်းဝန်မင်းကြီး၏ ပြင်းထန်ပြတ်သားသော ပြန်ကြားစာသည် အင်္ဂလိပ်ကိုယ်စားလှယ် မစ္စတာရှော့အား ပြင်းပြင်းထန်ထန် ထိမှန်သွားဟန် တူသည်။ မစ္စတာရှော့သည် အိန္ဒိယဘုရင်ခံချုပ်၏ ကုလားထိုင်ပေါ်မှ ညွှန်ကြားချက်များကို လျှစ်လျူရှုကာ မြန်မာဘုရင်နှင့် ပြေပြစ်သော ဆက်ဆံရေး ရရှိရန် မကြိုးပမ်းတော့မူ၍ အင်္ဂလိပ်သံ ကိုယ်စားလှယ်ရုံး အမြန်ဆုံး ရုပ်သိမ်းရေးကိုသာ အားထုတ်လေသည်။ မြန်မာတို့တာသူအား လုပ်ကြံသတ်ဖြတ်ရန် စီစဉ်နေသည် ဟူ၍လည်း သတင်းသံသံ ကြားနေရသည် ဖြစ်ပေရာ မစ္စတာရှော့သည် အိပ်မပျော်သော မန္တလေးညများကို အမြန် အဆုံးသုတ်လို့ လှုပ်ပြီ။

အိန္ဒိယဘုရင်ခံချုပ် ဆိုသော 'ရှေ့သို့' ဆရာသမားထားလည်း ကုလားပြည်တွင် နွားနို့ကောင်းကောင်း သောက်ပြီး မြန်မာဘုရင်သစ်နှင့် ပြေပြစ်ကောင်းမွန်သော ဆက်ဆံရေး ရရှိ အကောင်အထည်ဖော်ရန်သာ စွတ်ညွှန်ကြားနေသည်။ သို့သော် မစ္စတာရှော ဆုတောင်းသံကို ဘုရားသခင် ကြားသွားဟန်တူသည်။ မကြာမီမှာပင် မစ္စတာရှော့တစ်ယောက် မန္တလေး စိတ္တဇများမှ လွန်မြောက်ကာ ကောင်းကင်ဘုံသို့ ခိုလှုံသွားခဲ့သည်။ ရုတ်တရက် အပြင်းဖျားကာ မစ္စတာရှော့ ကွယ်လွန်သွားခဲ့လေရာ ၁၈၇၉ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် မန္တလေးရှိ အင်္ဂလိပ်သံ ကိုယ်စားလှယ်ရုံးလည်း အင်္ဂလန်သို့ ဘင်သံနှင့်အတူ ပြန်သွားလေတော့သည်။

(ဆက်ပါဦးမည်)

ထွန်းလင်း

❑

www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောသားဆင်းဘတ်
THE WAKE OF SINDBAD

MARINER လှည်း

ညနေဆည်းဆာ ညီအစ်ကို မသိတသိအချိန် မိုးသက်မုန်တိုင်းတစ်ခု တိုက်ခတ်လိုက်သည့်အခါ ကျွန်ုပ်တို့၏ ဆိုဟာ ရွက်လှေကလေးမှာ ရုတ်တရက် မို့ ဝုန်းဒိုင်းကြဲကုန်တော့သည်။

ရေယာဉ်က ဟိုဟိုဒီဒီ ယိမ်းထိုးကာ တစ်ဖက်သို့ စောင်းသွားသည်။ ရေယာဉ်ကုန်းပတ်ပေါ်သို့ လှိုင်းလုံးများ ရိုက်ခတ်သောကြောင့် ပင်လယ်ရေများ လွှမ်းကာ လေကွယ်ရာဘက် ကုန်းပတ်ကြမ်းပြင်ထက်ရှိ ရေထုတ်ပေါက်ပြွန်တွေမှ ပင်လယ်ရေငန်တွေ ပြန်ဆင်းသွားသည်။

ရေယာဉ်တစ်စီးလုံး ဆောက်တည်ရာမရ ခြိမ်းသဲ့ ဟိန်းသဲ့တွေ မျိုးစုံမြည်ကာ ဖရိုဖရဲပြိုလဲကုန်သည်။

ဘာမျှနေရာတကျမရှိ ဇောက်ထိုး မိုးမျှော် အနေအထားကြောင့် သင်္ဘောသားအိပ်စင်ထက်, အိပ်ပျော်နေသူများမှာ ကိုင်ပေါက်လွင့်ပစ်သကဲ့သို့ အိပ်စင်တွေပေါ်မှ ပရမ်းပတာပြုတ်ကျကုန်သည်။ အချို့က ရေယာဉ်ကုန်းပတ်ပေါ်မှ ကြိုးများနှင့် လက်လှမ်းမီရာတွေကို ဖက်တွယ်ကာ အထိတ်တလန့်နှင့် နှလုံးသွေးရပ်မတတ် ဖြစ်နေပြီ။

စူးရှပြင်းထန်သည့် လျှပ်ပန်းလျှပ်နွယ်တွေကလည်း မှောင်မည်းနေတဲ့ မိုးသက်မုန်တိုင်းအတွင်း ကျွန်ုပ်တို့၏ ဦးခေါင်းထက်မှ ဖြိုးဖြိုးဖျင်းဖျင်း မြည်ကာ ဝင်းခနဲ လက်ခနဲ လင်းလိုက် မှောင်လိုက် ဖြစ်နေသည်။ ကျွန်ုပ်က ကုန်းပတ်တစ်လျှောက်လုံးကို စေ့စေ့စပ်စပ် ကြည့်တဲ့အခိုက် သင်္ဘောသားများ၏ ပုံသဏ္ဌာန်တွေမှာ လျှပ်ပန်းလျှပ်နွယ်တွေ ဝင်းလက်မှုကြောင့် အမြင်အာရုံမှာ တွေ့ရခိုက် ဝင်းဝင်းဝါဝါ



(၈၇)ပေရှည်သော ရွက်လှေမှာ ရွက်ဖျင်ကြီး (၂)ရွက်၊ ရွက်သေး (၁)ရွက်ကို ရွက်တိုင်(၂)ခုမှာ တပ်ဆင်၍ (၇၅) ပေရှည်လျားပြီး အလေးချိန် တစ်တန်နီးပါးရှိသော ရွက်တိုင်ကြီးများ ထပ်ဆင်ထားသည်။ သင်္ဘောသားကြီးဆင်းဘတ် ခွေးပွားရာ အရပ်ဖြစ်သော ဂုဏ်သတင်းကျော်ကြားသည့် အိုမန်နိုင်ငံ ရှေးဟောင်း သင်္ဘော ဆိပ်အမည်အတိုင်း ရွက်လှေကြီးကို ဆိုဟာဟု အမည်မှည့်ခေါ်ထားသည်။ ရုပ်ပုံမှ ရေယာဉ်၏ ကိုယ်ထည်အား ဖြတ်ပိုင်း ပုံဖော်ပြထားရာတွင် အိုမန် သင်္ဘောသား (၈)ဦး၏ နေထိုင်ရာနှင့် ဥရောပသား (၁၀)ဦး အာယလူဘီလူမျိုး ဆယ်ဒျက်တို့၏ နေထိုင်ကြရာ ရုပ်ပုံဖြစ်သည်။ ရွက်လှေကြီးကို တည်ဆောက်ရာမှာ သံတစ်ချောင်းမှ အသုံးမပြုခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com

အရောင်တောက်တာ တစ်ဖန် မှောင်နှင့်မည်းမည်း ဖြစ်ကုန်ပြန်သည်။ သူတို့၏ မျက်နှာပုံပန်းနှင့် ရုပ်သဏ္ဌာန်တွေမှာ လက်ရုံး ပက်မောင်းတွေ ဆန့်ကာ မျက်နှာတွေမှာလည်း မဲ့ရွဲ့ရွဲ့တွကာ လက်တွေ အသီးသီးက လက်လှမ်းမီရာနှင့် ကြိုးတွေကို မြဲမြံအောင်ဆုပ်ကိုင်၍ ခြေထောက်တွေကို ကုန်တင်ကုန်ချ မောင်းတံစက်ခုံတွေ၌ ကျားကန်ကာ ခန္ဓာကိုယ် မတိမ်းမစောင်းအောင် ထိန်းကျောင်းနေရသည်။

ဒီကြားထဲ အာရဗီခေါင်းပေါင်းနှင့် သင်္ဘောသားတချို့ နတ်သူငယ်များနှင့်တူစွာ ကုန်းပတ်ပေါ်မှာ အပြိုင်ပြေး၍ အော်ဟစ်နေသည်။ ရှုပ်ထွေးနေရုံသာမက သူတို့က ပျော်တောင် ပျော်နေကြသေးသည်။ သေမင်းနဲ့ မတွေ့သေးလို့ပေါ့။

လူငယ်တွေပီပီ ပင်လယ်ပြင်မှာ အန္တရာယ်အသွယ်သွယ်က ခြိမ်းခြောက်နေတာတောင် ပျော်နိုင်ကြသေးသည်။ အတွေ့အကြုံ ရင့်ကျက်သော သင်္ဘောသားများက တက်မကို ခက်ခက်ခဲခဲ ကိုင်တွယ် ပဲ့ကိုထိန်းကာ တစ်လုံးပြီး တစ်လုံးတက်လာနေတဲ့ အဆက်မပြတ် လှိုင်းလုံးကြီးတွေကို ရေယာဉ်ဦးပိုင်းနှင့် ဦးတိုက်ကာ ကြိုးစားပဲ့ထိန်းပေးနေသည်။ တချို့ သင်္ဘောသားများက သုံးပင်တိုင် ရွက်သင်္ဘောတွင် ပဲ့ပိုင်းနှင့် အနီးဆုံးရွက်တိုင်မှ ရွက်ဖျင်တာလပတ် စကြိုးကို ဖြုတ်ချ သိမ်းဆည်းဖို့ရန် ဆုတ်ဆိုင်းနှေးကွေးကြတာကြောင့် ရုတ်တရက် ဝုန်းခနဲမြည်ကာ ပြိုလဲကျသွားသည်။

လှိုင်းနဲ့လေတွေက တစီစီ တဝီဝီ မြည်သံပေးကာ ကုန်းပတ်ပေါ်မှာ မိုးတွေကလည်း တအားရွာချနေသည်။

ရွက်လေ့လေးမှာ လှိုင်းလုံးကြီး ပွက်ပွက်ဆူလိမ့်တက် ပင့်တင်လိုက်တာကြောင့် ပြန်လည်တည့်မတ်ပြီး ရှေ့သို့ တိုးသွားနေသည်မှာ ကောင်းစွာ လေ့ကျင့်ထားသော ကောင်းကင်ကြိုးတန်းလျှောက်သူပမာ ဘေးအန္တရာယ်ကြီး အတွင်း ပေါ်လောပေါ် ခိုင်မြဲနေသေးသည်။

နောက်ထပ် တစ်နာရီ ကြာပြီး နောက်မှာ မိုးသက်မုန်တိုင်းနှင့် လေအားတွေ ပျော့ကျသွားသည်။ ရွက်လေ့ကလေး၏ ရွက်ကြိုးတိုင်တွေကို ပြန်လည်တပ်ဆင်၍ ညအခါ အမြဲသုံးနေကျ ကောင်းကင်မှ ကြယ်တာရာများနှင့် အပြိုင် ရေကြောင်းခရီးကို ဆက်လက် ထွက်ခွာခဲ့သည်။

ကျွန်ုပ်၏ ဦးခေါင်းထက်မှာ အထူးပြုလုပ်ထားသော သုံးမြွှောင့်ပုံ ရွက်ဖျင်တာလပတ်ကြီး သုံးခုက လေအားကြောင့် ဖောင်းကြွလာသည်။ ၎င်းပေါ်မှာ ကြက်သွေးရောင် လခြမ်းပုံ ခပ်ကွေးကွေးရှိသော စစ်သုံးဖား နှစ်လက်နှင့်ခိုက်ကောက်ပါသောဓားမြောင် တစ်ချောင်းကို ရေးဆွဲပုံဖော်ထားသည်။ ရွက်လေ့၏ ခါးလယ်ပိုင်းတွင် မီးမှန်အိမ်တစ်ခု ခိုက်ဆွဲထားသည်။

မိုးသက်မုန်တိုင်းတွေ အပြီးမှာ တာဝန်မှ အနားရသူတွေ ခဏအနားယူကြသည်။

ကျွန်ုပ်တွေးမိသည်မှာ သင်္ဘောသားတွေကို ကြည့်လိုက်လျှင် တချို့က ပုဆိုးတိုတိုဝတ်ကာ အပေါ်ပိုင်း ကိုယ်လုံးတီးနှင့် အချို့တစ်ဝက်က ခေါင်းပေါင်း ပေါင်းထားကြသည်။ သူတို့၏ အသားအရေမှာ နေလောင်ထားမှုကြောင့် ညို့မှောင်ကာ သပိတ်ရောင်ထနေသည်။ တချို့က အင်္ဂလိပ်လို ပြော၍ တချို့ အာရဗီလို ပြောကြသည်။

သင်္ဘောသားဆင်းဘတ်၏ ရေကြောင်းစွန့်စားရေးခရီးတွေကို ရွေးချယ်စုဆောင်းခဲ့ပြီး ရာစုနှစ်များအတွင်း ပုံပြင်ဇာတ်ကြောင်းနားထောင်သူတွေ ကြိုက်နှစ်သက်စေဖို့ အာရဗီတို့၏ တစ်ထောင့်တစ်ည ပုံပြင်များထဲမှ မြင်ကွင်းတစ်ခုနီးနီး သဏ္ဌာန်တူခဲ့သည်။

အမှန် တကယ်ပါပဲ။ ဒါဟာ အားလုံးအတွက် အဓိကအချက် ဖြစ်ခဲ့သည်။ မြင်ကွင်းမှာ တကယ့်ဆင်းဘတ်၏အကြောင်းကို မော်ကွန်းကမ္ဘည်း ထိုးနိုင်ရန် ဖြစ်သည်။

ဒါကြောင့်မို့ သင်္ဘောသားဆင်းဘတ် (သို့) ပင်လယ်ပျော်ဆင်းဘတ်၏ အကြောင်းကို စာရေးသူက ရှုမြင်သုံးသပ်ခဲ့သည်။ သူ၏ (၇)ကြိမ်မြောက် ရွက်လွှင့်ခရီးအကြောင်းကို တစ်ထောင့်တစ်ညပုံပြင် (သို့)အာရပ်များအခေါ် အာရေးဗီးယန်းညများ အကြောင်းကို အခြေခံ၍ စစ်မှန်သော ရွက်လွှင့်စွန့်စားမှုတစ်ခုကို အမှန်တကယ် သင်္ဘောသားများက စွမ်းဆောင်ခဲ့သော အကြောင်း တစ်ရပ်ဖြစ်ခဲ့သည်။

ပင်လယ်ပျော် ဆင်းဘတ်၏ ဒဏ္ဍာရီတွေက စာရေးသူ ကိုယ်တိုင် ကိုယ်တွေ့ စေ့စပ်သေချာအောင် နှိုက်နှိုက်ချွတ်ချွတ်ပိုမိုပြီး လေ့လာခဲ့ရသည်။ ကျွန်ုပ်ပိုမိုပြီး သံသယ ဖြစ်ခဲ့ရတာထဲ သင်္ဘောသားဆင်းဘတ်ဆိုတာ နောင်လာ နောက်သားတွေအတွက် သူရဲကောင်းသက်သက်မျှ မဟုတ်ဘဲ လူစုကြဖန်တီးထားခဲ့သော ပုံဝတ္ထုတစ်ပုဒ်လေလား။ အကြောင်းယုတ္တိ ပိုမိုသိိုင်စေဖို့ရာကတော့ သူဟာ အကြီးညီညွတ်အောင် ရုပ်လုံးဖော်ခဲ့သူ တစ်ဦး ဖြစ်ခဲ့သည်။

ဆိုခဲ့သည့်အတိုင်း စာရေးသူနှင့် စိန့်ဘရန်ဒန်တို့ နှစ်ဦး ဆုံးဖြတ်ချက်ချ လိုက်သည်မှာ ပင်လယ်ပျော်ဆင်းဘတ်၏ ရွက်လွှင့်ခရီးအတိုင်း ပြန်လည်ဖန်တီးကြရန် ဖြစ်တော့သည်။

အာရပ် အိုမန်နိုင်ငံမှ တရားပြည်သို့ မိုင်ပေါင်း (၆၀၀၀)ရွက်လွှင့် ခရီးစဉ်မှာ အာရပ် ပင်လယ်ခရီးသွားလာမှုများ၏ အကြီးအကျယ် အောင်မြင်တစ်ရပ် ဖြစ်ခဲ့သည်။

သူခေတ်သူကာလအတွက် အာရပ်ကုန်သွယ်ရေးသင်္ဘောနှင့် ပုံစံရေယာဉ်တစ်စီးကို ကျွန်ုပ်တည်ဆောက်ရလိမ့်မည်။ ကျွန်ုပ် မျှော်လင့်ခဲ့သည့်အတွေ့အကြုံမှာအတိတ်ကာလနေ

www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်၍ နှစ်တစ်ထောင်ခန့်က ခြေလှမ်းအတိုင်း အာရပ်တွေ ရေယာဉ်ကို ဘယ်လို တည်ဆောက်ခဲ့သနည်း ဆိုတာကို နားလည်နိုင်ရန်နှင့် ရေကြောင်းခရီးကြမ်းကြီးကို ဘယ်ကဲ့သို့ ထိုးဖောက်လမ်းရှာခဲ့သနည်း။

ဆင်းဘတ်၏ စွန့်စားခန်းတွေနှင့် ဘယ်ကဲ့သို့ ဖြစ်ထွန်းပေါ် ပေါက်ခဲ့သနည်း။ အလယ်ခေတ်က အာရပ်ရွက်လှေကြီးတွေဆိုတာ ဘာနဲ့သဏ္ဌာန်တူပါလိမ့်။

အာရပ် ရေယာဉ်တည်ဆောက်ပုံတွေဆိုတာ ပုံစံကိုက် စကေးကိုက် ရေးဆွဲထားသော အစီအမံ လုံးဝ မရှိခဲ့ပါ။ သူတို့ အလုပ် လုပ်ကြပုံက လုံးဝ မှောက်စိအမြင်နှင့်သာ တည်ဆောက်ခဲ့ကြသည်။

ဤနည်းအားဖြင့် အစောပိုင်း အာရပ်များ၏ ရေယာဉ်တွေမှာ ရုပ်ပုံပြသက်သေအရ ဟန်ပန်တကျလက်တွေ့ မှောက်မြင်ဒီဇိုင်းမျိုး မရှိသဖြင့် ထင်ထင်လင်းလင်းမသိနိုင်ဖြစ်ခဲ့ရသည်။

ဒါပေမဲ့ ပေါ် တူဂီတွေ၏ အိန္ဒိယသမုဒ္ဒရာမြေပုံတွေမှာ ၁၅၂၁ ခုနှစ်ခန့်က အာရပ်များ၏ ရွက်လက်၊ ကြက်လျှာတိုင် သုံးမြောင့်ရွက်နှင့် လှေကြီးများကို တွန့်နုပ် ရှာဖွေတွေ့ခဲ့သည်။ ဒါတွေကို အစုံအဖက်အဖြစ်နမူနာယူကာ အသေးစိတ်ကျကျ ရွေးချယ်ခဲ့ရသည်။ အသေးစိတ်ကျကျအရွယ်အစား၊အလုံးအထည်၊ အရှိန်အနှန်းနှင့် တည်ဆောက်ပုံတွေကို အတုခိုးခဲ့ရသည်။ ရွက်လက်၊ ကြက်လျှာတိုင် သုံးမြောင့်ရွက်ကြီးများကို ချုပ်လုပ်ခဲ့ရသည်။ တကယ် အရေးတကြီး အသုံးချနိုင်ဖို့ရာ ရေယာဉ်တည်ဆောက်ရာ၌ သံတစ်ချောင်းမျှ မရိုက်ခဲ့ရပါ။

အကယ်၍ ကျွန်ုပ်၏ ပုံတူရွက်လှေအစစ်အမှန်ဖြစ်စေရန်ရိုက်သံအစား တျစ်ကြိုးများနှင့် တုပ်နှောင်ခဲ့ရသည်။

ဒါဟာ အတော့်ကို ကိုးရိုးကားကားနိုင်ပါလားလို့ စိတ်မှာ မြင်ယောင်မိဝါသည်။

မဟာခရီးသည်ကြီး ဖြစ်သော မာကိုပိုလိုကတောင် အာရပ်ရေယာဉ်တွေဆိုတာ ကျစ်ကြိုးအဖြစ် အုန်းဆံခွဲအုန်းဆံအမျှင်တွေနှင့် ချုပ်နှောင်ထားတာပါလို့ မှတ်စုတွေ ရေးထားခဲ့ဖူးသည်။ အာရပ်တွေ ဘာကြောင့် ရိုက်သံတွေ မသုံးကြသလဲ ဆိုတာတော့ သမုဒ္ဒရာကြမ်းပြင်အောက်မှ ကြီးမားသော သံလိုက်ဆွဲအားက သံသတ္တုအားလုံးကို တရွတ်တိုက်ဆွဲငင်ကာ ရေယာဉ်အသွားအလာကို နှောင့်ယှက်တတ်သည်ဟု ယူဆကြသည်။

အာရပ်ရေယာဉ်တွေ၏ ရိုးရာအစဉ်အလာ အချက်အလက်တွေကို ပိုမိုရှာဖွေဖို့ရန် အိုမန်နိုင်ငံ၏ စူလတန် နိစ်စော်ဘွားထံသို့ ကျွန်ုပ် အလည်တစ်ခေါက်သွားခဲ့သည်။

ပါးရှင်း ပင်လယ်ကွေ့ အဝင်ဝတွင် တည်ရှိသော အိုမန်နိုင်ငံဆိုတာ ရေကြောင်းခရီး အမွေအနှစ်တွေအမှတ် ထင်ထင် ရှိခဲ့သည်။

အစောပိုင်းတွေ ကတည်းက အိုမန်နိုင်ငံ၏ ပင်လယ်ကူးရွက်လှေတွေ ပင်လယ်ဖြတ်ကျော်နိုင်ပုံကို အထိပ်ထပ် အခါခါ စမ်းသပ်ဖော်ပြခဲ့ကြပြီး ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ် တိုင်အောင် အာရပ် ရွက်လှေကြီးများ တည်ဆောက်ပုံတွေမှာ ရိုးရာအလိုက် မပျက်မစီး အောင် ထိန်းသိမ်းထားဆဲ ရှိသည်။ အိုမန်နိုင်ငံသည် အစစ်အမှန်မဟုတ်သည့်တိုင် အမှန်တကယ် အသုံးတည့်သော ပင်လယ်ဦး အနီးကပ်နိုင်ငံ တစ်ခု ပင်ဖြစ်သည်။ ဌာနေပြည်သူအများက အစွလာမ်မစ် ဘာသာရေးအခြေခံနှင့် နေထိုင်ခဲ့ကြသည်။ နောက်ထပ် ခေတ်မီနိုင်ငံတစ်ခု ပေါ် ပေါက်လာအောင် စွမ်းဆောင်နိုင်ခဲ့သူ လူငယ် စော်ဘွား "ကာဘူး ဘင်ဆက်" ထံသို့ ချဉ်းကပ် အကူအညီ ယူခဲ့ရသည်။

ကျွန်ုပ်၏ အစီအမံများကို ကြားသိခဲ့သော အိုမန်နိုင်ငံသား တချို့က ကိုယ်ချင်းစာ ရင်နှီးခင်မင်စွာဖြင့်အာရပ် ရိုးရာ ရေယာဉ်တည်ဆောက်ပုံ နည်းစနစ်တွေနှင့် တကယ် အသုံးဝင်သော စံပြနမူနာများကို ပေးသုံးကြပြီး အိုမန်ကမ်းခြေနှင့် ဆိပ်ကမ်းကလည်း များစွာ အထောက်အပံ့ ဖြစ်စေခဲ့သည်။

မြို့တော် "မတ်(ခ)ကပ်"မှ အမျိုးသားယဉ်ကျေးမှု ဝန်ကြီးဖြစ်သူ "ဆေယစ် ဖိုင်ဇယ်အလီအယ်ဆက်" လည်း ကျွန်ုပ်ကို ကြိုဆိုလက်ကမ်းခဲ့သည်။ ဝန်ကြီး၏ ဖိတ်ကြားမှုအရ သွားခဲ့ရာတွင် စာရေးသူကလည်း မိတ်ဆွေဘရင်ဒန်နှင့်အတူ ဖျံသားရေနှင့် တည်ဆောက်ခဲ့သော ရွက်လှေဖြင့် အိုင်ယာလန်မှ မြောက်ပိုင်း အတ္တလန်တစ် သမုဒ္ဒရာအား ဖြစ်မြောက်အောင် ဖြတ်သန်းခဲ့သောအကြောင်းကို ရုပ်ရှင်ရိုက်မှတ်တမ်းတင်ထားပုံကို ဆင်းဘတ်၏ ရေကြောင်းခရီးစိမ်ကိန်းကဲ့သို့ အကြမ်းဖျင်းဖော်ပြခဲ့သည်။

သီတင်းနှစ်ပတ် အလွန်မှာ စော်ဘွားကိုယ်တိုင်က အိုမန်နှင့် တရုတ်ပြည်သို့ မိုင် (၆၀၀၀) ရေကြောင်း စွန့်စားမှု ခရီးကြမ်းအတွက် သဘောတူခွင့်ပြုကြောင်းနှင့် အမျိုးသား ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယခုကိစ္စကို ကမကထပြုကူညီမည်ဖြစ်ကြောင်း အကြောင်းပြန်ခဲ့သည်။

ယခု ကိစ္စကို ကရုဏာထားပြီး ကမကထ ပြုလုပ်မည် ဆိုရင်တောင် အာရပ်ကမ္ဘာနှင့် အိုမန် ပြည်သူတွေကိုယ်စား စော်ဘွားက သူ့ ကိုယ်ပိုင် ပိုက်ဆံနှင့် ရွက်လှေတည်ဆောက်ပန်၊ သဘော်သားဌားရမ်းရန်နှင့် ခရီးရှည်ကြီး အတွက် အစစ တာဝန် ယူလိုက်တာကြောင့် စာရေးသူမှာ အံ့သြတုန်လှုပ်မိကာ ခြေမကိုင်မိ လက်မကိုင်မိအောင် ဝမ်းသာခဲ့ရသည်။

အိုမန်စော်ဘွားအတွက် အတိုင်းအဆမသိလောက်အောင် အကုန်အကျများမှုနှင့် တွေ့ကြုံရတော့မည်။

အာရေဇီယန်း ညများ၏ ဇာစ်ထောင့်တစ်ညပုံပြင်ဆို တာ အနည်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



အုန်းဆံမျှင်များကို ရေစိမ်ထုထောင်းရာ အမျှင်ထုတ်ကာ ကြိုးများ ပြုလုပ်ကြပြီး အိုမန်နိုင်ငံဆား(လ်)ဒေသ၌ ရှေးခေတ်အာရပ်ရိုးရာ ပင်လယ်ကူးရွက်လှေကြီး ပုံစံအတိုင်း သင်္ဘောပျဉ်ချပ်တွေကို အပေါက်ဖောက်၍ အုန်းဆံကြိုးများ ချည်နှောင်ကာ ငါးကြီးဆီ အကြမ်းစားများနှင့် သုတ်လိမ်းနေကြပုံ။

ရာစုနှစ်များစွာက အာရပ်တွေက ထိုကဲ့သို့ ရေယာဉ်များကို အာဖရိကတိုက်မှ အာရှတိုက်သို့ ရွက်လွှင့်နိုင်ရန် တည်ဆောက်ခဲ့သည်။

တစ်ချိန်တစ်ခါက အမှန်တကယ်ရှိခဲ့ပုံပေါ်နေသည်။

ဇော်ပြပါနှစ်တွေမှာ ခရီးကြမ်းထွက်ဖို့ သုတေသန ဆွေးနွေးညှိနှိုင်းမှု သဘောတူညီချက်များ ဖင့်နွဲ့နောက်ကျမှုနှင့် အသေးအမွှားကိစ္စတွေ နောက်ကျနေပေမယ့် အားလုံးခြုံကြည့်လိုက်လျှင် တစ်ဆင့်ချင်းတော့ တိုးတက်ခဲ့ပါသည်။ တောင်းဆိုမှုတစ်ခုကို စော်ဘွား "ဆေးယစ်ဖိုင်ဇယ်" က ပြုခဲ့သည်။

ကျွန်ုပ်တို့၏ ခရီးစဉ်ကို နိုဝင်ဘာ ၂၃, ၁၉၈၀ တွင် အစပြုကြရန်နှင့် "စူလတန်ကာဘူး" ၏ဥပဒေအရ (၁၀)ကြိမ်မြောက် အခမ်းအနားတစ်ခုတွင် စတင် ခရီးထွက်နိုင်ကြရန် တောင်းဆိုခဲ့သည်။ (၁၅)လထက် လျော့နည်းသော ရွက်လှေ တည်ဆောက်ရန် ကျွန်ုပ်အား တာဝန်ပေးခဲ့ရာ၌ အဲသုံးပြုမည့် ပစ္စည်းများ တည်နေရာ၊ သင်္ဘောသား ရွေးချယ်ရန်၊ ထောက်ပံ့မှု၊ ခရီးလမ်းကြောင်း အစီစဉ်ရေးဆွဲရေး၊ ခရီးတစ်လျှောက် နိုင်ငံများမှ ခွင့်ပြုချက်ရအောင် ဆောင်ရွက်ရေးနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံအပါအဝင် သဘောတူချက်ရယူ

www.burmeseclassic.com



သဘော်သားကြီး ဆင်းဘတ် အမြတ်အစွန်းများ ရရှိအောင် အားပေး အားမြှောက်မှုများ ရှိခဲ့သည်။ ရွက်လွှင့်ပြီးရင်း ရွက်လွှင့်ကာ ငတ်မွတ်ခေါင်းပါးခြင်းများ၊ လူသားစားလူရိုင်းများနှင့် တွေ့ကြရပုံများ၊ ဘီလူးသဖွယ် မျောက်ဝံကြီးများ၊ ကြီးမားသော မြွေကြီးများနှင့် ကြုံဆုံခဲ့ကာ ခရီးတစ်ခေါက်ပြီးတိုင်း ချမ်းသာကြွယ်ဝစွာ အခြေချ နေထိုင်နိုင်ခဲ့သည်။ ရွက်ဖျင်ကြီးများ တင်းတင်းရင်းရင်းနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း ဂုဏ် ရှိစွာ ရွက်လွှင့်နေသော ဆိုဟာ ရွက်လှေကြီး၏ပုံ။

ရန်ဖြစ်သည်။ ပထမဆင့် ကျွန်ုပ်ရွေးချယ်ခဲ့တာက စိမ်ကိန်းအတွက် ရေယာဉ်တည်ဆောက်ရန်နေရာကို ကြိုတင်မြင်ယောင်သည့် အကောင်းဆုံးနေရာမှာ အိုမန်နိုင်ငံ၏ အရှေ့စူးစူး သန်လျက်စွန်း အငူထွက်နေသော ကမ်းရိုးတန်းမြို့က လေး SUR ဟုခေါ်သော မြို့ကလေးပင် ဖြစ်သည်။ ဒီအရပ်မှာ ရာစုနှစ်တွေ အတွင်း အာရပ်ရွက်လှေတည်ဆောက် သူများက အိုမန်ကုန်သည်များ အတွက် ရေယာဉ်များ ရွက်လှေများကို ဇနီဇာ တောင်ပိုင်းမှ အိန္ဒိယနှင့် အရှေ့ဖျား သီရိလင်္ကာနိုင်ငံများသို့ ကျွန်း၊ ပျဉ်းကတိုး၊ အမွေးအကြွင်များနှင့် ဆင်စွယ်များ ရှာဖွေကုန်သွယ်ရန် လှည့်လည် သွားလာစေခဲ့သည်။

ရေယာဉ်တည်ဆောက်ဖို့ ပစ္စည်း ရှာဖွေရတာ ဝေ့လည်ကြောင်ပတ် ရှာဖွေခဲ့ရသည်။

သူတို့ကိုယ်ပိုင် ရေယာဉ် တည်ဆောက်ရန် သစ်နဲ့ပတ်သက်တာတွေက မကောင်းတာကြောင့် အတိတ်ကစ၍ အာရပ် ရေယာဉ်တည်ဆောက် သူတွေသည် အိန္ဒိယနိုင်ငံ မာလာဘာ့ကမ်း ခြေမှ ကျွန်းသစ်များကို မှာယူတင်သွင်းခဲ့ကြသည်။ ၁၉၇၉ ခုနှစ်ကစ၍ အိန္ဒိယအစိုးရကလည်း ကျွန်းသစ်ကုန်ကြမ်းများ ပြည်ပပို့ကုန် မပြုလုပ်ကြရန် တားမြစ်ခဲ့သည်။ ကံကောင်းထောက်မစွာဖြင့် ကျွန်းသစ်ကဲ့သို့ အလားတူစွာ AINI သစ်ကို ရရှိခဲ့သည်။ အနောက် အိန္ဒိယ သစ်တောများသို့ (၇)ခေါက် အလည် ရောက်ခဲ့ပြီး ကျွန်ုပ်လိုအပ်သော AINI သစ်ကို ဝယ်ယူခဲ့သည်။

အိုင်နီသစ်လုံးတန်ပေါင်း (၁၄၀) ကို သစ်တောတွင်းမှ ဆင်များနှင့်ဆွဲကာ

www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားများ၏ စွမ်းပကား ကတော့ တအံ့တသြ ဖြစ်ရသည်။ နွေခေါင်ခေါင် ၁၁။ ဒီဂရီဖာရင်ဟိုက် အပူချိန် အလွန်မြင့်သည့်အချိန် ဖြစ်နေသည်။ ဇူလိုင်လ တစ်ဝိုက်မှာတော့ ကျွန်ုပ်တို့သည် ပင်ပန်းကြီးစွာနှင့် အုန်းဆံကြိုးများ ချုပ်နှောင်ရန် အပေါက်ပေါင်း (၂၀၀၀)ကျော်ကို လွန်ပူလွန် သွားများနှင့် ဖောက်ခဲ့ကြသည်။

ရွှက်လေ့၏ အတွင်းပိုင်းဘက် အပေါက်များကို ရေငန်စိမ်ကြိုးကျစ်ထားသော အုန်းဆံကြိုးများနှင့် ဆို့ပိတ်ပြီး ရွှက်လေ့အပြင်ဘက် အပေါက်တွေကိုတော့ ထုံး၊ ပွဲ့လျက်တို့ဖြင့် ပိတ်ဆို့ဖာထေးခဲ့သည်။ အပြီးသတ်မှာတော့ ရွှက်လေ့၏ အတွင်းပိုင်းကို တာရှည်ခံအောင် ကြမ်းတိုက်အဝတ်ဖတ်အပွနှင့် ဟင်းရွက်ဆီများကို တစ်ပြင်လုံးသုတ်လိမ်းပေးတော့သည်။ ကြိုးချည်ကြိုးတုပ်ချုပ်ရသော အလုပ်သမားတွေတကယ်လို့ ပုံမှန်သာဆိုရင် ဒီလိုဆိုနဲ့ လိမ်းထားတာက နှစ်ပေါင်း (၆၀)ကနေ (၁၀၀)အထိတောင် တာရှည်ခံနိုင်ရည်ရှိတယ်လို့ ကျွန်ုပ်ကို ပြောကြသည်။ ရိုက်သံကိုသာ သုံးမယ်ဆိုရင် ဆားငန်ရည်ထဲမှာ (၁၀)နှစ်မတိုင်မီ သံတွေ သံချေးတက်ကာ ဆွေးတတ်သည်။ ရွှက်လေ့တည်ဆောက်မှု အားလုံးပြီးမြောက်ခဲ့ပြီးနောက် ရွှက်လေ့ကြိုးရေချပွဲကို လူစုလူဝေးကြီးနှင့် ကျင်းပကြသည်။

အိုမန်နိုင်ငံမှ လူမျိုးစုအကြီးအကဲများ၊ ကမ်းရိုးတန်းတစ်လျှောက်မှ တံငါသည်များနှင့် SUR မြို့မှ ဝါရင့်သတော်ဂုဟတို့များသည် ရေချပွဲတော်အတွင်း ဖဲကြိုးများ၊ မိုးပျံပူဖောင်းများ ခမ်းနားကြီးကျယ်စွာ ဆင်ယင်ထားကာ အတူတကွ သီဆိုတီးမှုတ် ကခုန်ကြသည်။ ရွှက်လေ့ကြီး တစ်စင်းကို အသစ်မွေးထုတ်လိုက်ပြီ။ စူလတန်စော်ဘွားက ပုဂ္ဂိုလ်ရေးတောင်းဆိုမှုတစ်ခုပြုလုပ်သည်။ ရွှက်လေ့ကြီးကို အညှာဖေး ကင်ပွန်းတပ်ရန် ဖြစ်သည်။ အာရပ်

ကမ်းရိုးတန်းပိုပြီး SUR မြို့သို့ သင်္ဘော နှင့် တင်ပို့ခဲ့သည်။ အချိန်နှင့် တစ်ပြေးညီ ရေယာဉ်တည်ဆောက်ရန် အုန်းဆံခွဲအုန်းဆံကြိုးမျှင်တွေနှင့် ပျဉ်ပြား၊ ပျဉ်ချောင်းတွေကို တွဲစပ်ကာ အပ်ချုပ်ကြိုးသီသကဲ့သို့ ချုပ်သီတတ်သူများကို ရှာဖွေရတော့သည်။ မကြာခင်က ယခုပုံစံဖက်ရှင်အတိုင်း အိုမန်မှာ ရေယာဉ်ငယ်လေးတစ်စီး တည်ဆောက်နေပေမယ့် နည်းပညာကတော့ မရှိသလောက်နီးနီးပါပဲ။ ကျွန်ုပ်လိုချစ်တာက (၃)လက်မထူ အထူရှိသော ပျဉ်ချပ်တွေကို ချုပ်နှောင်နိုင်သူမျိုးကိုသာ လိုအပ်ပါသည်။

အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်းကမ်းခြေမှ (၂၄၅)မိုင်အကွာ "လက်ရှက်ဒရီ" ဒေသ "အဂတ်တီ" ကျွန်းမှာ နေထိုင်ကြသူများသည် ယခုလို ကိစ္စမျိုးကို တတ်စွမ်းနိုင်သည်ဟု ကျွန်ုပ်လေ့လာသိရှိခဲ့သည်။ လုံလောက်စွာ စုံစုစပ်စပ်လုပ်ရင်း အဆိုပါဒေသမှ လူများသည် ဆင်းဘက်၏ ခေတ်ကာလမှ ယခုထိ အုန်းဆံကြိုးများဖြင့် ရွှက်လေ့တည်ဆောက်နေကြဆဲ ရှိကြောင်း သိရလို့ အဂတ်ဘီကျွန်းမှ အုန်းဆံကြိုးသမား (၁၀)ဦးနှင့် အုန်းဆံကြိုးမျှင် ဗိုင့်(၄၀၀) အရှည်ခန့်ကို ကျွန်ုပ်တို့ ဆင်းဘက်ရွှက်လေ့ပုံစံတူ တည်ဆောက်ရန် ဝယ်ယူခဲ့သည်။ ဒီကြိုးတွေက အထူးစပါယ်ရှယ်ဖြစ်ခဲ့သည်။

အုန်းဆံအခွံများကို ပင်လယ်ဆားငန်ရည်ထဲတွင် စိမ်ကာ အပုပ်ခံ၍ လုပ်ထားသည်။ ရေချိန်နှင့် မဟုတ်ပါ။ ပြီးနောက် သစ်သားတင်းပုတ်နှင့် ထုခြေသည်။ သံတူနှင့် ထုခြေလျှင် အမျှင်တွေ ပြတ်ထွက်တတ်သည်။ ပြီးနောက် လက်ဖြစ်ချည်ရစ် ဗိုင်းငင်တော့သည်။

စက်ဖြင့်လုပ်ပါက ခိုင်ခံ့မှု မရှိပါ။ ၁၉၈၀ ပြည့်နှစ် နှစ်ကူးချိန်မှာ အာရပ်၌ ရေယာဉ် တည်ဆောက်ရေးအဖွဲ့က စတင်တည်ဆောက်ခဲ့သည်။

လုပ်တတ်၊ မလုပ်တတ် အတပ် မပြောနိုင်သော အိန္ဒိယနိုင်ငံ မာလဘာ ကျွန်းမှ လက်သမားတွေရယ်၊ အိုမန်ရေယာဉ်တည်ဆောင်သူ (၁၂)ယောက်ခန့်တို့၏ နံဘေးမှာ အုန်းဆံကြိုးဆရာများ ရှိနေကြသည်။

အိုမန် အလုပ်သမားများက သင်တုန်းဓားကဲ့သို့ ထက်မြက်သော ပဲခွပ်ပုဆိန်များဖြင့် ရေယာဉ်ကိုယ်ထည် နံတောင်များကို ခုတ်ဖဲ့ရွေနေကြသည်။

ရက်မတန်းကြီး အဆက်များ ဖြတ်တောက်ရန် ချုပ်ထွေးသည်။ ရေယာဉ်အောက်ပိုင်း ကိုယ်ထည်ပျဉ်ပြားများ ကွေးရန် ညွှတ်ရန် နားလည်သဘောပေါက်ဖို့ ခက်တာတွေကြောင့် အိန္ဒိယအလုပ်သမားများက သံစို့များနှင့် ဖြတ်တောက်ရန် ကမ်းလှမ်းကြသည်။ ပေ (၆၀)ရှည်သော ပင်မရွက်တိုင်ကို တော့ သစ်လုံးတစ်လုံး အသင့်ရွေးကာ တွင်ခဲ့အကြီးစားကြီးတစ်ခုတွင်တင်ကာ ပွတ်လုံးတင်တွင်ခုတ်သည်။ (၅၂)ပေ အရှည်အလျားရှိ ကြီးမားသော ရေယာဉ်ကျောရိုးကြီးကိုတော့ သစ်သားတင်းပုတ်များ ထုကြထောင်းကြကာ သံစို့ကြီးများ၊ ပဲခွပ်ကြီးများနှင့် ခုတ်ဖြတ်ရွေနေကြသဖြင့် SUR ကမ်းခြေလေးမှာ တခွပ်ခွပ် တဒုန်းဒုန်း ဗလုံးဗထွေးနှင့် ဆူညံနေတော့သည်။

အတယ်၍ တည်ဆောက်နေသော ရွှက်လေ့ နိုဝင်ဘာ (၂၃)အမီ အသင့်ဖြစ်နေပြီး တည်ဆောက်ရေးလုပ်ငန်းတွေ ပြီးစီးခဲ့မည်ဆိုပါက ကျွန်ုပ်တို့အဖွဲ့အတွက် အငြင်းပွားစရာ မလိုတော့ပါ။

ဒါကြောင့် တူညီသော အဖြေက ဒီနေ့ပါပဲ။ ကျွန်ုပ်ကို အလုပ် သမားများက မလွှဲသာ မရှောင်သာ နာမည်ပြောင်ပေးပါတော့သည်။

ထိုနာမည်ပြောင်မှာ "ဆေးယစ်(စ်) အယ်ရွှမ်" မစ္စတာ TODAY ဟူ၍ ဖြစ်ပါသည်။ ဒါကလည်း ကျွန်ုပ်က စော်ဘွား၏ နိုဝင်ဘာ(၂၃)ရက်နေ့ (၁၀)ကြိမ်မြောက် အခမ်းအနားအမီ လောဆော်တာကြောင့် ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာတွင် ထင်ရှားကျော်ကြားခဲ့သော သင်္ဘောသားဆင်းဘတ်၏ မွေးရာဇာတိကို ဂုဏ်ပြုသောအားဖြင့် ထိုရွာကိုလေ ကြီးကို SOHAR ဟူ၍ အမည်ပေးကင်ပွန်းတပ် မင်္ဂလာပြုပေးလိုက်သည်။

ရေလမ်းခရီးကြမ်း စတင်နိုင်ရန် စိတ်အားထက်သန်သော သင်္ဘောသားများ ရွေးချယ်စုဆောင်းမှု ပြုကြသည်။

ပထမဦးဆုံး စွန့်စားရန် ဝါသနာပါသူမှာ အိုမန်တော်ဝင်ရေကြောင်း ပုလိပ်တပ်ဖွဲ့မှ KHAMEES "ခါမေးလ်" ဆိုသူ လူငယ်ပိုင်း တပ်ကြပ်တစ်ဦးက စာရင်းပေးသည်။ ခါမေးလ် "ဆာ" ဟု ဆိုကာ စစ်ပုံစံအတိုင်း အရိုအသေပေး အော်လိုက်ပြီး ပြုံးဖြဲဖြဲအမူအရာနှင့် တရုတ်ပြည်အထိ ရွက်လွှင့်ဖို့ ဆန္ဒရှိပါတယ် ဟူ၍ ပြောခဲ့သည်။

သွားကြားက လေထွက်သော ပုလိပ်လေသံနှင့် စိတ်အားထက်သန်စွာ ပြောလိုက်တာပါ။ နောက်ထပ် (၇)ဦးမှာ ပင်လယ်ပြင် အတွေ့အကြုံရှိသူနှင့် ရိုးရိုး အရပ်သားများ ဖြစ်ကြသည်။ ဒါပေမယ့် တစ်ဦးကတော့ တော်ဝင်အိုမန်ရေတပ်မတော်မှ "ခါမေးလ်"ဆိုသူ ဖြစ်သည်။ နာမည်တူ နှစ်ဦး ပါဝင်လာတာကြောင့် ကျွန်ုပ်တို့က အမည်ပြောင်များပေးခဲ့ရာ "ပုလိပ် ခါမေးလ်" နှင့် " NAVY ခါမေးလ်" ဟူ၍ ဖြစ်သည်။ ကျန်သင်္ဘောသား (၁၀)ဦးမှာ အနောက်တိုင်းသားများ ဖြစ်ကြသည်။ အဏ္ဏဝါဇီဝဗေဒပညာရှင် (၃)ဦး ပါဝင်ကာ အဏ္ဏဝါဥစ္စည်းမှု ဖြစ်စေသော နမူနာများစမ်းသပ်ရန်၊ ရေငုပ်ကျွမ်းကျင်သူ (၂)ဦး၊ ရေဒီယို အရာရှိ (၁)ဦး၊ ဓာတ်ပုံပညာနှင့် အသံလွှင့် အသံဖမ်း ပညာရှင် (၁)ဦးဖြစ်သူ ဘရူဖော်စတာ၊ ပန်းချီပညာရှင် ထရွန် ဒါပက်တာဆင်တို့ ဖြစ်ကြသည်။ အဆုံးမှာတော့ သောကပရိဒေဝီး တောက်လောင်နိုင်သော ရေလမ်းခရီးကြမ်း အတွက် လူရွေးချယ်ရာမှာ နောက်ဆုံးရောက်လာသူက ရန်ဘီဟုခေါ် ဆိုသော ထမင်းချက်သူ ဘလူချိစတန်နိုင်ငံသား တစ်ဦး ဖြစ်သည်။ သူအသက် ဘယ်နှနှစ်ရှိပြီ ဆိုတာတောင် သေချာမသိသူ။ ခန္ဓာကိုယ် အပြင်ပန်း ပုံပန်းကလည်း ညစ်ပတ် ပေရေနေသည်။ သင်္ဘောလွန်းကျင်းနံဘေးမှာ သူ့ကို ကျွန်ုပ်က စကားပြန်နှင့် စစ်ဆေးမေးမြန်းရာ၌ ရွက်လွှေရှိ သင်္ဘောသားများ အတွက် ချက်ပြုတ်နိုင်ကြောင်း ဖြေကြားသည်။

တကယ်လို့ စမ်းသပ်စစ်ဆေးမှု အောင်မြင်လျှင် သူ့ကို ထမင်းချက် အလုပ်ခန့်မှာပါ။ သူချက်သော ဟင်းသီးဟင်းရွက်အမည်တွေက အကြိုက်လို နေသေးပေမယ့် အချိန်သင့် အခါသင့် အလုပ် လာလျှောက်လို့ လက်ခံခဲ့ပါသည်။ ကျွန်ုပ်တို့ ကြိုတင်ရည်မှန်းခဲ့သည့်အတိုင်း ကောင်းကောင်း၊မကောင်း ကောင်း ကြိတ်မိုတ်ပြီးစားခဲ့တာ တစ်လ ကျော်ခဲ့ပါပြီ။ နိုဝင်ဘာလ (၂၃)ရက်မှာ ကြီးမားသော လူစုလူဝေးကြီးနှင့် မတ်စကပ်ရေတပ်စခန်းအများ ရှေ့မှောက် သက်သေပြထား၍ ခရီး စတွက်ပါပြီ။ "ဆေယ့်စ်ဖိုင်ဇယ်" စော်ဘွားကိုယ်တိုင် အခမ်းအနားဖွင့်လှစ်ကာ စစ်ရေယာဉ်ငယ်များ အစောင့်အကြပ်နှင့် တကွ တော်ဝင်ရွက်လွှေများတို့သည် ကျွန်ုပ်တို့ ဆိုဟာရွက်လှေနှင့်အတူ အိုမန်ကျွန်း ဆွယ်မှ ထွက်ခွာခဲ့ကြပါပြီ။

ရေကြောင်းရှင်းသော အခြေအနေမှာ အရှေ့တောင်ဘက်သို့ ဦးတည်၍ စတင်ရွက်တင် ရွက်လွှင့်ခဲ့ကြသည်။ အိုမန်သင်္ဘောသားတွေက ပင်မ ရွက်ကြီးကို လွှင့်တင်ချိန်မှာ အချီအချသံပြိုင်တေး ကြွေးကြော်ပုံမှာ သူတို့ ဘာသာစကားနှင့် ယောလား၊ ယောလား၊ အာလာ၊ မူအန်း အဓိပ္ပာယ်က တော့ သွားကြ၊ သွားကြ အလွှာအရှင် မြတ်က ကူညီလိမ့်မည်ဟု တိုင်တည်သီဆိုကြသည်။

ပင်လယ်ပြင် ရေစီးကြောင်းကြမ်းသောနေရာမှ လွတ်မြောက်ချိန်တွင် ပင်လယ်ပြင်ကျယ်ကြီးသို့ ရွက်လွှင့်ခဲ့ကြတော့သည်။ ပင်လယ်ရေနက်ပိုင်းတွင် ရွက်လွှင့်ခရီးနှင်ခိုက် ပထမရက် အနည်းငယ်မှာ အထွေထွေ စည်းမျဉ်းတွေအရ အကြံအစည်ပျက်ခဲ့ရတာထွေရှိခဲ့သည်။ ဦးခဲ့မှု မစမ်းသပ်ခဲ့ရသောကြီးများ၊ ညှဲဖျင်းစွာ ချည်နှောင်ထားသော ကြိုးထုံးများ ဖြေမရအောင် တင်းကျပ်တာတွေက ရွတ်တရက်ပြတ်သတ် ထွက်ကုန်တာတွေကြောင့် အချိန်တွေ ကုန်ပြီး နောက်ဆုံးမိနစ်အထိ ခက်ခက်ခဲခဲ ပင်လယ်ရေပြင်ကို ထိုးဖောက်ရွက်လွှင့်နေရသည်။

ဆိုဟာရွက်လှေကြီးနှင့် အတူ အရှေ့မြောက်မုတ်သုံလေကို အားပြုကာ အိန္ဒိယသမုဒ္ဒရာမှ အာရေဗီးယန်း ပင်လယ်သို့ တစ်နာရီလျှင် (၄)မိုင်နှုန်း ဖြင့် ရွက်လွှင့်ခဲ့ရာ လွတ်လပ်သော ရေပြင်ကျယ်ကြီးမှ အောက်ဘက်သို့ တစ်ဆင့်ချင်း စုန်ဆင်းခဲ့ကြသည်။

ရွက်လှေကြီးပေါ်မှ သက်ရှိများအတွက် သေချာနေသားတကျ ဖြစ်လို့ နေပါပြီ။ နေအရောက်တက်မှာ အိုမန်နိုစ် သင်္ဘောသားများ ဝတ်ပြုဆုတောင်းကြပြီးနောက် နံနက်စာ အဆာပြေကို ပေါင်မုန့်၊ ပန်းကိတ်တို့ကို စားသောက်ကြသည်။ ထမင်းချက်ရှန်ဘီ၏ အချက်အပြုတ် လက်စွမ်းပြစရာမလိုတဲ့ ပစ္စည်းတွေပါပဲ။ ဒါပေမယ့် သူဟာ စက်ဆုပ်ရွံရှာဖွယ် ကောင်းလောက်အောင် နှေးကွေးပြီး အပျင်းကြီးတာကြောင့် နံနက်ခင်း အဆာပြေနှင့် နေ့လယ်စာကို အရောရော အထွေးထွေး လုပ်တတ်သည်။

လှေသားတွေအဖို့ တာဝန်ချိန်သုံးချိန် ခွဲဝေသတ်မှတ်တာကြောင့် တစ်ကြိမ်မှာ တစ်ဦးလျှင် လေးနာရီ တာဝန်နှင့် ရှစ်နာရီ အနားပေးသည်။ အရေးပေါ်လျှင် အချိန်မရွေး လုပ်ငန်းတာဝန်များ လုပ်ဆောင်ကြရသည်။ ရေယာဉ်သည် ရွက်လွှင့်ဖက် များ၍ အထပ်ထပ် တိုက်ခတ်နေသော လေဟုန်ကြောင့် ရွက်ကြိုး ရွက်တိုင် အိုင်းကြိုးများ တင်းကျပ်ခြင်း၊ ပြတ်သတ်

www.burmeseclassic.com

www.burmeseclassic.com

ထွက်ခြင်းများကို အမြဲမပြတ် စစ်ဆေးပြုပြင်နေရသည်။ ခေတ်မီ ရွက်လှေများမှာပင် သုံးပါးများ၍ တရွေ့ရွေ့ ပွန်းစားမှုတွေ ရှိတတ်သည်။ ကျွမ်းကျင်စွာ ထိန်းသိမ်းရွက်လွှင့်ရသော ကြက်လျှာပုံ ထောင့်ခွန်းရွက်နှင့် ဆိုင်းကြိုးများ၊ ကုန်တင်ကုန်ချ စက်မောင်းတံများကို အသုံးပြုကြရာတွင် ရွက်တိုင် ရွက်လက်ဆိုင်းကြိုးများမှာ မော်တော်ယာဉ် အသေးတစ်စီးစာခန့် အလေးချိန် ရှိနေသည်။ မတ်စကတ်မြို့မှ မိုင်(၃၀၀) အကွာတွင် ကွန်ပဿ်၏ရွက်လှေ တည်နေရာကို စတင် စစ်ဆေးဆုံးဖြတ်နိုင်ရန် ရှေးဦး အာရေဗီးယန်း နည်းစနစ်တွေနှင့် စစ်ဆေးခဲ့သည်။

ပင်လယ်ပြင်ကြီး၏ အကျယ်အပြန့်ကြီးမားသော လတ္တီတွဒ်မျဉ်းများကို တွက်ချက်ကာ နေမင်းကြီးထက် ကြယ်တာရာများကို ပိုမို၍ အသုံးပြုခဲ့ကြသည်။ သံလိုက်အိမ်မြှောင်ညွှန်ပြခြင်းထက် အသေးစိတ်တတ်သော တည်နေရာနှင့်ညွှန်းမှတ်များကို အိုမန်အာရပ် သင်္ဘောသားတွေက ပိုမိုအားထားကြသည်။ ခေတ်မီသော SEXTANT စက်ပိုင်း၏ ၆စိတ် ၁စိတ် ရေကြောင်းလမ်းပြများ အသုံးပြုသော လတ္တီတွဒ်နှင့် လောင်ဂျီတွဒ်တိုင်းသော ကိရိယာကို လုံးဝ မသုံးကြပါ။

အာရပ် သင်္ဘောသားကြီးများ သုံးလေ့သုံးထ ရှိသော အဓိက ရေကြောင်းလမ်းညွှန်ကိရိယာမှာ ရိုးရှင်းပြောင်လက်သော KAMAL ကာမယ် ကိုသာသုံးသည်။ လေးထောင့်စတုရန်းပုံ သစ်သားပြား အချပ်ငယ်သက်သက်သာ ဖြစ်သည်။

ၚင်းကို အလယ်တည့်တည့်တွင် အပေါက် တစ်ပေါက်ဖောက်ကာ အထုံးငယ်ကလေးများထုံး၍ ပိုင်းဆစ်ထားသော ကြိုးငယ်တစ်ချောင်း တပ်ဆင်ထားသည်။ မိုးကုပ်စက်ပိုင်း၏ အထက်မှ မြောက်ပိုင်း မူဝံကြယ်အား ထောင့်တိုင်းတွက်ချက်မှုကို ရေယာဉ်၏ ကပ္ပတိန်က KAMAL ကို အသုံးပြုကာ လတ္တီတွဒ် မျဉ်းနှင့်ယှဉ်၍ တွက်ချက်ကြသည်။ လက်တွေ့ တွက်ချက်မှုများကို အိမ်လုပ်လက်ဖြစ် KAMAL နှင့် ကျွန်ုပ်ကိုယ်တိုင်သုံး၍ တွက်ချက်ရာ၌ ဆိုဟာရွက်လှေ၏ လတ္တီတွဒ်မျဉ်းနှင့် မိုင် (၃၀) အတွင်း ရွက်လှေ၏ အမှန်တည်နေရာကို တွက်ချက်၍ ရသည်။ ခေတ်မီ SEXTANT နှင့် စစ်ဆေးတွက်ချက်မှုကို ဆန့်ကျင်ကာ KAMAL နှင့်သာ စစ်ဆေးခဲ့သည်။

ရှေးယခင် အာရပ်များသည် လောင်ဂျီတွဒ်များကို မတိုင်းထွာနိုင်ခဲ့ကြလို့ အလွန်ပင် လိုအပ်မှုကြီးထွားခဲ့သည်။ တရုတ်ပြည်သို့ ကမ်းရိုးတန်း လမ်းကြောင်းပေါ်မှာ မြောက်ဘက်မှ တောင်ဘက်သို့သာ အာရပ်ရေကြောင်း ပြဆရာကြီးများက သူတို့အမြင်နှင့်သာ အကြမ်းဖျင်းနည်းဖြင့် သိရှိခဲ့သည်။

အာရေဗီးယန်း ပင်လယ် အောက်ဘက်တောင်ပိုင်းသို့ ပုံမှန်ရွက်လွှင့်ခဲ့ရာ ဆိုဟာရွက်လှေ၏ လုပ်ဆောင်ချက်တွေ ကောင်းမွန်တာကြောင့် ကျွန်ုပ်တို့ အဆင်ပြေခဲ့ကြသည်။

ရွက်လှေက သူ့လမ်းကြောင်းနှင့် သူ ပင်လယ်ပြင်ကို ထိုးဖောက်ဖြတ်ကျော်ခဲ့ရာတွင် အတိုက်အခိုက် မရှိသက်သောင့်သက်သာစွာ ကိုင်တွယ် ရွက်လွှင့်ခဲ့ကြသည်။ တစ်နေ့၌ရွက်လှေ အကြီးအကဲကိုယ်တိုင် ညည်းညူရတဲ့ ဆိုးဝါးသော အပုပ်နံ့များက သင်္ဘော ဝမ်းဗိုက် အညစ်အကြေးများအတွင်းမှ အလိုအလျောက်ထွက်၍ ပုပ်ဟောင်နံစော်နေသည်။ ဒါတွေက ဟိုက်ဒရိုဂျင် ဆာလဖိတ်ဓာတ်ကြောင့် ဘက်တီးရီးယားပိုးမွှားများမှ ထုတ်လွှတ်လိုက်သော အနံ့များဖြစ်သည်။ ထိုအနံ့ဆိုးများကြောင့် လည်ချောင်းနာသူ၊ ခေါင်းကိုက်သူတွေ ရှိခဲ့သည်။ ရွက်လှေဝမ်းဗိုက်မှ အပုပ်နံ့ လိုင်လိုင် ထွက်နေသည်။

ကျွန်ုပ်တို့အားလုံးမှာ အချိန်တော်တော်များများ ကုန်းမြတ်ပေါ်က လေဟာနယ်မှာ အချိန်ဖြုန်းကြရသည်။ မိုးမရွာဘဲ အပူပိုင်းဇုန် ရောက်လာလို့ အပူရှိန်ကလည်း ပိုပြီး ပူလာသည်။ အာရပ်ရွက်လှေတွေ၌ အနောက်ဘက်စွန်းမှာ အိမ်သာ (၂)လုံးကို ဝဲဘက်တစ်လုံး၊ ယာဘက်တစ်လုံး လေသာဆောင်ကဲ့သို့ လုပ်ပေးထားသည်။ ပူလောင်အိုက်စပ်သော ညများမှာ လေသာဆောင်ထုတ်ထားသော ဝဲယာ အိမ်သာထဲဝင်၍ ကြိုးတပ်ထားသော ရေပုံးတစ်လုံးနှင့် ပင်လယ်ရေခပ်ပြီး ရေချိုးကြသည်။ ဒီလိုနေရာမှာ မတ်တတ်ရပ် ရေချိုးတဲ့အခါ ဝီးစုန်းတော်များတဲ့ ပင်လယ်ဆားငန်ရေကြောင့် ညအမှောင်တွင် တစ္ဆေတစ်ကောင် ကိုယ်ပေါ်မှ ထွန်းလင်းလောက်ပသော အစက်အပြောက်များပမာ ရေချိုးသူ၏ ကိုယ်ပေါ်မှာရော ဖျဉ်ပြားတွေ ပေါ်မှာပါ ပိုးစုန်းကြူးလက်သလို တလက်လက် တောက်ပနေတော့သည်။

အာရေဗီးယန်း ပင်လယ်အတွင်း အချိန်ကောင်းတွေမှာ ဆက်လက်ခရီးနှင့်ခဲ့ကြသည်။ တစ်ရက်လျှင် ရေမိုင်(၈၀)နှုန်း ခရီး ရောက်ကြသည်။

ကျွန်ုပ် ပူပန်ကြောင့်ကြမိတာက ဥရောပသား သင်္ဘောသားတွေ ငြီးငွေ့ကြမှာ စိုးရိမ်မိသည်။ သူတို့တွေက ပင်လယ်ခရီး အတွေ့အကြုံ၊ ရှိသူတွေ ဖြစ်လို့ပါ။ နောက်တစ်ခုကလည်း လေးနာရီတာဝန်ကျချိန် တာဝန်ယူ၊ ရှစ်နာရီ အနားယူချိန်တွေက တစ်သမတ်တည်း ငြီးငွေ့ဖွယ် ထပ်တလဲလဲ ဖြစ်နေတာရယ်၊ ထမင်းချက် ရှန်ဘီ၏ ညံ့ဖျင်းသော ထမင်းနှင့် ဟင်းလျာတွေကြောင့် စိုးရိမ်မိသည်။

အိုမန်သား အာရပ် သင်္ဘောသားတွေအတွက်က ပူစရာမလိုလောက်အောင် ရေယာဉ်ပေါ် လိုက်ခဲ့ရတဲ့ ဘဝမှာ စည်းကိုက်နရီကိုက် လွယ်ထူစွာ အခြေချ နေထိုင်တတ်ကြသည်။ အမျှင်မပြတ် စကားတွေ ပလုံးပေါက်ပြောတဲ့သူတွေက ပြောလို့ မဆုံးတော့

www.burmeseclassic.com

www.burmeseclassic.com

သီချင်းဆိုသူကဆိုလို့ ငါးမျှားတဲ့လူက မျှားနေကြသည်။ သူတို့က ဘယ်နေရာမှာ အိပ်ရ အိပ်ရ အိပ်နိုင်ကြသည်။

ကုန်းပတ်ပေါ်မှာ ခေါင်းပေါင်းပိတ်စကလေး ဖြန့်ခင်းကာ မျက်နှာပေါ် ပိတ်စနဲ့ အုပ်ပြီး အိပ်တတ်ကြသည်။ ဘယ်တော့မဆို လုပ်စရာ အလုပ်တွေ တိုလည်း ပြီးအောင်လုပ်ကြကာ အလုပ်ထဲကို ဖိတ်မြုပ်ပြီး ကျေကျေနပ်နပ် လုပ်ကိုင်တတ်ကြသည်။ အိုမန်သားတွေ၏ ဓလေ့ထုံးစံတစ်ခုမှာ လေးလံသော အလုပ်ကြီးများ လုပ်ကြခိုက် သံစဉ်အနိမ့်အမြင့် ကာရန် နဘေတွေနှင့် ဝိုင်းဝန်းတေးဆိုကာ တစ်သားတည်း တွဲအောင် လုပ်တတ်ကြပုံကို မကြာမီမှ ဥရောပသားတွေလည်း အတုယူလိုက် လုပ်ကြတော့သည်။

အိုမန်နှင့် ဥရောပသားများ ညီညာဖြဖြခြွေဆောင့်နင်းပြီး လက်ခုပ်သြဘာသံပေးကာ အတိုင်းဖောက်ညီညီနှင့် အလုပ်လုပ်ကြတာကြောင့် လုပ်သမျှ အလုပ်တွေ လွယ်ကူစွာ ပြီးစီးတော့သည်။ ကျွန်ုပ်အဖို့ ဒီလိုအသွင်သဏ္ဌာန်မျိုးကို ကြုံဆိုရမှာပါ။ သဘော်သားအချင်းချင်း ပင်လယ်ပြင်ခရီးကြမ်းကြီးအတွင်း တစ်သွေး တစ်သံ တစ်မိန့် တစ်သားတည်းဖြစ်လေကောင်းလေပေါ့။ ဒီဇင်ဘာလလယ်လောက်မှာ လက်ရှက်ဝိဒေသတွင်းက ချက်လက်ခေါ်သော ကျွန်းလေးတစ်ကျွန်းပေါ်သို့ ပထမဦးဆုံး အကြိမ် ရွက်လှေပေါ်မှ ကုန်းမြေသို့ ခြေချခဲ့ကြသည်။ လွိုင်းအိကလေးများတ ကျွန်းကလေး၏ သဲသောင်စပ်မှာ အတန်းလိုက်ရှိနေတာရယ်၊ မျက်စိကျိန်းလောက်တဲ့ သဲသောင်ဖွေးဖွေးကြီးရယ် စိမ်းပြာရောင်ကျောက်မျက်ရတနာတစ်မျိုးကဲ့သို့ ရွှမဉ်းနိုင်တဲ့ ပင်လယ်ရေတွေတာ ချက်လက်ကျွန်းကလေးအတွက် တော့ အထူးတလည် သာယာတင့်ဆန်းသော ဒေသလေးတစ်ခုပါပဲ။

ဒါပေမယ့် သာယာရွှမောဖွယ်ကောင်းတဲ့ ဒီကျွန်းကလေးကတော့ တရားဝင် စိုးပိုးချုပ်ကိုင်ထားသူများ၏ လက်အောက်မှာ နစ်မြုပ်နေပါသည်။ အိန္ဒိယအစိုးရက တင်းကျပ်စွာ ထိန်းသိမ်းထားသော ကျွန်းကလေး ဖြစ်ပါတယ်။ အုန်းသီးနှင့် ပတ်သက်သော စီးပွားရေးကို လက်ဝါးကြီးအုပ်ကာ ပြည်တွင်းထွက်ကုန် ပြုလုပ်ပြီး ပြည်ပနှင့် လုံးဝ ကုန်သွယ်မှုလုပ်ရန် အားမပေးခဲ့ပါ။

ကျွန်းနှစ်ကျွန်းဆက်ကာ ကျွန်းစု ကျွန်းတန်းမှာ ပြည့်စုံလုံလောက်မှု မရှိသော ဗျူရိုကရေစီအုပ်ချုပ်ရေးကို ကိုင်စွဲထားသည်။ လက်ရှက်ဝိကျွန်းသို့ တက်ရောက်လည်ပတ်ရန် အိန္ဒိယနိုင်ငံခြားဝန်ကြီးဌာန၏ ခွင့်ပြုမိန့်စာလွှာကို ချက်လက်ရဲစခန်းသို့ တင်ပြရာတွင် ကျွန်ုပ်သတိထားမိတာက ချက်လက်ရာဇဝတ်မှုခင်းတပ်ဖွဲ့သို့ ပေးရန် တံဆိပ်နှိပ်ထားခြင်းဖြစ်သည်။

သမိုင်းကြောင်းအရ လက်ရှက်ဝိဒေသတွေမှာ ရာဇဝတ်မှု လုံးဝ မရှိကြောင်း ကျော်ကြားခဲ့သည်။ ကျွန်ုပ်က ရဲစခန်းမှူးကို အရာရာ ပြောင်းလဲခဲ့ရင် ဘယ်လိုနေမလဲဟု မေးတဲ့အခါ သူက သဘာဝအားဖြင့်တော့ . . ဒီကျွန်းက ခေတ်မီလာတော့မှာပါ။ ဒါဆိုရင်တော့ ရာဇဝတ်မှုတွေလည်း ဖြစ်ကို ဖြစ်လာတော့မယ်လို့ သူကဖြေသည်။

'CALICUT ကာလီကတ် အနီး BEYPORE ဘေးလိုက် အိန္ဒိယ၏ ပင်မကျွန်းကြီးအရောက်မှာ ထမင်းချက်ကြီး ရှန်ဘီက ပေါ်ပေါ်ထင်ထင် တောင်းဆိုမှုတစ်ခု ပြုခဲ့သည်။ ချက်လက်ကျွန်းမှ ခရီးရှည် ရက်သတ္တပတ်တွေအတွင်းမှာ မည်မည်ရရမဟုတ် လုပ်မြဲဖြစ်သော ထမင်းချက်ရာထူးမှ နုတ်ထွက်ရန် တစ်စုံတစ်ဦးကို စောင့်ရင်း စိတ်မပါဘဲ ချက်ပြုတ်နေသည်။ ဘယ်သူမှ မမြင်ရင် မမြင်သလို ရိက္ခာများကိုလည်း ခိုးဝှက်တတ်သည်။

သူ့အတွက် လူစားထိုးရန် အီဘရာဟင်ကတော့ ဌာနဆိုင်ရာ စာရေးတစ်ဦး ဖြစ်သည်။ သူကလည်း စာရေးစာချီအလုပ်ကို ပြီးပွေ့လာလို့ အလုပ်အပြောင်းအလဲမှာ ပထမတန်း ထမင်းချက်တစ်ဦးထက် အရည်အချင်း ပိုရှိသောသူကို ဆိုဟာရွှက်လှေကြီးအတွက် ရရှိခဲ့ပါပြီ။ ကျွန်ုပ်၏ အိုမန်နိစ် သဘော်သား (၇)ဦးအတွက် ဇနီးမယား (၇)ဦးကိုလည်း ထိုဆိပ်ကမ်းမှ အခန့်သင့်တောင်းရမ်းလက်ထပ်ခဲ့ပြီး ဖြစ်သည်။

ဒါဟာ ကျွန်ုပ်အတွက်တော့ တစ်စုံတစ်ရာ ထူးထူးခြားခြားပါပဲ။ ကာလီကတ်မြို့အနီး ဘေးလိုပိုးကျွန်းကြီးကို လာရောက်ခဲ့သော အာရဗီသဘော်သားတိုင်းကတော့ နိုင်ငံတကာ သဘော်သားတိုင်းနှင့် အလားတူပါပဲ။ သူတို့ ဆိပ်ကမ်းစာစ်ခု ရောက်ခဲ့လျှင် ဒေသခံမိန်းမတစ်ယောက်တော့ လက်ထပ်ကြပြပါ။ ယခုအခါမှာပင် အာရဗီသဘော်သား တစ်ဦးသည် မိသားစုအနည်းဆုံး(၂)ခု ထိန်းသိမ်းကာ အိမ်ထောင်(၁)ခုက အာရေဗီးယားမှာ နောက်အိမ်ထောင်တစ်ခုက အိန္ဒိယကာလီကတ်မှာ ထားတတ်ကြသည်။ ကာလီကတ်မှ မွတ်စလင်အသိုင်းအဝိုင်းက သူတို့မိန်းကလေးတွေကို အာရဗီသားများနှင့် လက်ထပ်ထိမ်းမြားပေးရတာကို အထူးနှစ်မြို့က်လိုလားကြသည်။ ကျွန်ုပ်နားမလည် မရိပ်မိနိုင်ခဲ့ပုံမှာ အာရပ်ရေယာဉ်မှ ဦးစီးမှူး ကပ္ပတိန် တစ်ယောက်ဟာ အာရဗီ သဘော်သားတစ်ဦး မင်္ဂလာဆောင်ရန် ကပ္ပတိန်ထံမှ ငွေချေးယူတာကို ယခင်က မသိခဲ့တာပါပဲ။

တစ်ဖန်ကံခင်း ကျွန်ုပ်၏ နံဘေးကို မူဆာလမ် အမည်ရှိသော သဘော်သားတစ်ယောက်ရောက်လာပြီး ငှဲးကြခဲ့ပါပြီ။ ကာလီကတ်မှာ သူတွေ့ခဲ့သော မိန်းကလေးကို လက်ထပ်လိုပါသတဲ့။ လတ်တလောမှာ မိန်းကလေး၏ မိသားစုထံ မင်္ဂလာကြေး တင်တောင်းရန် ကျွန်ုပ်က ငွေထုတ်ချေးနိုင်မလားလို့ မေးခဲ့ပါသည်။ ကျွန်ုပ်က "မင်္ဂလာယ်

www.burmeseclassic.com



ကျွမ်းကျင်ပွဲပြည်ဝသော မာစတာသင်္ဘောသားကြီးများ ရွက်လွှင့်ကုန် သွယ်ခဲ့ရာ ရေကြောင်းပြမြေပုံကြီး။ (၇) ရာစုကိုလံဘ
မတိုင်မီက အာရပ် သင်္ဘောသားကြီးများ၏ အရှေ့တိုင်း တရုတ်နိုင်ငံသို့ နေဥစ္စာကုန်သွယ်နိုင်ရန် လမ်းကြောင်းရှာကြပုံ။ ပရ
သစ်ကြ ပိုးပင်၊ သစ်ကြပိုးခေါက်၊ ငရုတ်ကောင်း၊ ငါးကြီးအနံဖတ်၊ ပိုးထည်၊ ဧရာထည်၊ ကျောက်မျက်ရတနာ၊ ကြွေထည် မြေထည်
နှံသာဖြူ။ သစ်မွှေးစသည် တို့ကို ကုန်သွယ်ခဲ့ကြသည်။ မုတ်သုံရာသီလေကို အားထားကာ ရွက်လွှင့်ရင်း ဆိုဟာရွက်လှေကြီး အိကွေ
လေငြိမ်ရပ်ဝန်းတွင် ရောက်နေပုံ၊ ရေကြောင်းပြများသည် သေချာသော ဗဟုသုတများဖြင့် နက္ခတ်ကြယ်တာရာများနှင့် ရွှံ့ရွှမ်
ကမ္ဘာ၏သုံးပုံတစ်ပုံ ရေလမ်းခရီးကို သွားခဲ့သည်။

လောက်လိုသလဲ"လို့ တုန်လှုပ်ချောက်ချားစွာ မေးမြန်းတဲ့အခိုက်မှာ သူက ယဉ်ကျေးစွာနှင့် "ခင်များ ဆန္ဒရှိသလောက် ချေးပါ"တဲ့။ ဆိုဟာရွက်လှေ ထွက်ခွာခဲ့ရင် သူ့ရဲ့ ဇနီးအသစ်ကို ဘယ်လိုလုပ်မလဲ မေးတဲ့အခါ "အိုး ဒါက လွယ်ပါတယ်"လို့ မူဆာလမ်က ဖြေတယ်။

သူက လစဉ်ပုံမှန် မိသားစု လွှဲငွေပို့ပေးမယ်တဲ့၊ နောက်ထပ် အာရပ်နိုင်ငံ အိုမန်မြို့ကို အရောက်ခေါ်ဖို့ စီစဉ်မယ်လို့ပြောသည်။ ဒါပေမယ့် အိမ်မှာ ရှိနေတဲ့ ဇနီးဟောင်းနှင့် သမီးတွေကို ဘယ်လိုလုပ်မလဲမေးတဲ့အခါ သူတို့က လည်း တျေနပ်ကြမှာပါလို့ မူဆာလမ်က ပြောသည်။ ဇနီးဟောင်းထံ ဇနီးသစ်ရောက်ခဲ့လျှင် အိမ်မှုကိစ္စတွေ ဝိုင်းကူလုပ်ကြမှာမို့ ဇနီးဟောင်းအတွက် ကလေးတွေကို အချိန်ပေးပြီး ထိန်းကျောင်းနိုင်မှာပါလို့ သူက ပြောသည်။ အဆုံးမှာတော့ မူဆာလမ်ကို ကြိုတင်ထုတ်ချေးငွေ ရူပီး ၁၀၀၀ အကြမ်းအား ဖြင့် (အမေရိကန်ဒေါ်လာ US$ 130)ကို ဆိုဟာရွက်လှေ ရန်ပုံငွေမှ မဂ်လာဆောင်တောင်းရန် ထုတ်ပေးလိုက်ရပါတော့သည်။

ဒီလိုဆိုတော့ အန္တရာယ်များလှသော မံလေထုံးစံ တစ်ခုပါလားလို့ ကျွန်ုပ် ဆုံးဖြတ်မိပါသည်။ သူတို့၏ အကျင့်စရိုက်တွေကို ကျွန်ုပ်အနေနှင့် ဘယ်တော့မှ တော်တည့်မှန်ကန်အောင် ဆုံးမလို့ရမှာလည်း မဟုတ်တော့ပါ။

အိုမန်နိုင်ငံတွေထဲက တစ်ဦး မဟုတ် တစ်ဦးဆိုသလို NAVY ခါးမေးလ်ကလည်း ကျွန်ုပ်ထံမှ ရူပီး၁၀၀၀ကို သူလက်ထပ်ဖို့ ချေးငှားရန် တောင်းဆိုပြန်ပါသည်။

ဒီကောင်တွေ အတောမသတ်တရစပ်ပါပဲလား။

ဘေးလိုပြီးက ထွက်လာခဲ့ရာ၌ ရေယာဉ်ကိုယ်ထည်ကိုလည်း ပွတ်တိုက်သန့်ရှင်းစေကာ အပိုအဆဲထားသောလှေ ရွက်ဖျင်ကြီးကိုလည်း ဖာထေးချုပ်လုပ်ရင်း သက္ကသမီးအသစ်စက်စက် (၇)ဦး ကို ဘေးလိုပြီးမှာ ထားခဲ့ရသည်။

ဇနီးနဝါရီလ၏ တစ်နေ့လယ်ခ
မှာ သီရိလင်္ကာကျွန်းက ကျွန်ုပ်တို့ ရွာ
လှေကြီးကို ကြိုဆိုနေပါပြီ။ ရှေ့ယာ
အာရပ်များက ဆီရင်ဒစ် ကျွန်းဥ
မဟာဟု ခေါ်ခဲ့ကြသည်။ ကျွန်ုပ်
အင်္ဂလိပ် အခေါ်အဝေါ်မှာတော့ ဆီ
ဒီပိတီ ဟူ၍ ခေါ်ပါသည်။ ကမ်းခြေတ
အလွန်က ကြည့်လိုက်လျှင် တောင်
ဝေဝေ မြူခြေဆိုင်းဆိုင်းနှင့် ADAM
PEAR အာဒမ်တောင်ထွတ်သည်
ဟာရွက်လှေကြီး ဆိုက်ကပ် ရပ်နား
ထားရာ ကမ်းစပ်မှ ပေပေါင်း (၇၃၀
အမြင့်၌ တည်ရှိပါသည်။ ရှေ့အခါ
လည်း အာရပ်ရေကြောင်းသွားလာ
များသည် အမြင်မစိမ်းဘဲ တွေ့နေ
ဖြစ်ပါသည်။

အစ္စလာမ်မစ် ဒဏ္ဍာရီ
အတွင်း၌ အာဒမ် ပထမဦးဆုံးခြေ
ရာချအပြီးမှာ အာရပ်မှန့်ငုတ်ခြင်
ရသော တောင်ကြီးတစ်တောင်
သည်။ ဆီရင်ဒစ်ကျွန်းကြီးကို ဘာ

www.burmeseclassic.com

ပြန်ဖော်ရလျှင် အာရိယ်သဘော်သားကြီး ဆင်းဘတ်ကို ပင်လယ်ဓားပြတွေက သူ့ရဲ့ (၇)ကြိမ်မြောက် ရွှက်လွှင့်ခရီးစဉ်မှာ ဖမ်းဆီးသွားခြင်းခံခဲ့ရပြီး ဆင်စွယ်ရောင်းဝယ်ရေးသမားတွေ လက်ထဲရောင်းစားခံခဲ့ရပုံ သမိုင်းကြောင်းတွေကောင်းစွာ ရှိခဲ့ပါသည်။

ဆင်စွယ် ရောင်းဝယ်ရေးသမားတွေက ဆင်းဘတ်ကို တောနက်အကြီးအတွင်းခေါ်ဆောင်ကာ နေ့စဉ် နေ့တိုင်း ဆင်ရိုင်းတစ်ကောင်စီ သတ်ပြီး ဆင်စွယ်ကို ရယူခဲ့ကြသည်။ ဆင်တွေက ဆင်းဘတ်ကို လျှို့ဝှက်ထားသော ဆင်သချိုင်းကို ပြခဲ့တာကြောင့် ဆင်တွေကို သတ်စရာမလိုဘဲ ဆင်စွယ်တွေကို ရရှိခဲ့ဖူးသည်။ အာရေးဗီးယန်းတစ်ထောင့်တစ်ည ပုံပြင်တွေအရ ဆင်းဘတ်၏ ဇာတ်ကြောင်းတွေထဲမှာ တောဆင်ရိုင်းတွေထဲက ယဉ်ပါးသည့် ဆင်တစ်ကောင်ဟာ သူ့ကို ထူးခြားစွာ အကျိုးပြုခဲ့ပုံရသည်။

ဆီရင်ဒစ်ခေါ် သီရိလင်္ကာကျွန်းကြီးကို ခရစ်ကြိမ်တိုင်တိုင် ရောက်ခဲ့ရာ၌ ဘုရင်ကိုယ်တိုင် ခမ်းနား ကြီးကျယ်စွာ ဖြင့်ကြိုဆိုရာတွင် ဆင်ကြီးများနှင့်စီတန်းလှည့်လည်ကာ ဆင်းဘတ်ကို ဆင်ပေါ်တင်၍ ကြိုဆိုခဲ့သည်။

ယနေ့ ကျွန်ုပ်တို့ ဆိုဟာမ သဘော်သားများ တွေ့ခဲ့သလို သီရိလင်္ကာနိုင်ငံမှာ ရိုးရာဓလေ့တွေကို ဆက်လက်ကျင်းပကြရာတွင် တောက်ပပြောင်လက်သော အဝတ်အစားများ ဝတ်ဆင်ကြကာ နှစ်စဉ်နှစ်တိုင်း အပြောအဆိုမပါ အမူအရာနှင့် သရုပ်ဆောင်ကပြသူများ၊ မီးကွင်းမီးပန်းဆိုင်းများနှင့် သရုပ်ဖော် ကပြကြသူများက လမ်းတစ်လျှောက်စီတန်းလှည့်လည်ကပြကြသည်။ ကြီးမားသော ဆင်ကြီးများကို ဘရိုကိတ်ပိုးထည်များနှင့် ကကြိုးတန်ဆာများ ဆင်ယင်ပြသခဲ့ကြသည်။

သီရိလင်္ကာဆိုတာ စိန်များ ထွက်ရှိရာဒေသတစ်ခု ဖြစ်ခဲ့တာကြောင့် ဆင်းဘတ်ဟာ သူ့ရဲ့ ဒုတိယမြောက် ခရီးစဉ်မှာ လူပ်လူပ်ရွရွ မြွေတောကြီးကို သတိထားရှောင်တိမ်းပြီး သူတွင်ပါလာသည့် အိတ်များနှင့် အပြည့်ကျောက်မျက်ရတနာများကို ရရှိခဲ့ဖူးသည်။ သီရိလင်္ကာမှာ စိန်မိုင်းတွင်းများ မရှိဘူးဆိုတာတောင် ကမ္ဘာမှာကျော်ကြားတဲ့ အခြားသော ကျောက်မျက်ရတနာများ၊ တန်ဖိုး အသင့်အတင့်ရှိ ကျောက်မျက်များ ဖြစ်တဲ့ ပတ္တမြား၊ ဥဿဖရား၊ ကြောင်၊ နီလာပြာကြီးများ ထွက်ရှိရာ အရပ်ဖြစ်ခဲ့သည်။ ဆင်းဘတ်ကဲ့သို့ စွန့်စား ရှာဖွေသူအဖို့ ကျောက်မျက်ရတနာတွေကို သီရိလင်္ကာမြေပြင်အနှံ့မှလည်းကောင်း၊ နှန်းတင်မြေနကျောက်စရစ်၊ ကျောက်ဖြုန်းတွင်း၊ ချိုင့်၊ ကလိုင်များအောက်တွင် နစ်မြုပ်နေသော ကျောက်မျက်ရတနာများကိုလည်းကောင်း တူးကာ ရှာဖွေတွေ့ရှိခဲ့သည်။ မြွေဆိုးမျိုးကလည်း အေးစက်စိုထိုင်းပြီး မြေကြီး အနံ့ဆိုးများ ထွက်သည့် တွင်းတစ်လျှောက်ရှိနေတတ်သည်။

ဒါတွေကြောင့်မို့ ကျောက်မျက်ရတနာကုန်သွယ်မှုမှာ မွတ်စလင်များ လက်အတွင်းရှိနေဆဲဟု အရိပ်အယောင်များပြသမှု ရှိနေသည်။ ရှေးအကျဆုံး အာရဗီ သတ်သားကြီးများ သယ်ဆောင်လာသော ဘာသာရေးယုံကြည်ကိုးကွယ်မှုနှင့် အနီးအိုးအုတ်ဂူ သချိုင်းများမှာလည်း သီရိလင်္ကာနိုင်ငံ အတွင်းသို့ ခုနစ်ရာစုအတွင်းကစလို့ ရောက်ရှိခဲ့တော့သည်။

သီရိလင်္ကာနိုင်ငံ၌ ကျွန်ုပ်တို့၏ ဓာတ်ပုံဆရာ ဘရုဖော့စတာနှင့် မတ်စကတ်မြို့မှ မိတ်ဆွေစာစဉ်း ဖြစ်သော တင်(မ)ရီမင်းနှင့် ထရွန်ဒါဆိုသူတို့ကို ရစ်ချက်ဂရင်းဟီးဆိုသူနှင့် အစားထိုးလဲလှယ်ပြီး ရစ်ချက်ဂရင်းဟီးက အိမ်သို့ ပြန်သည်။ ကျွန်ုပ်တို့အတွက် လန်ဒန်မှ ဒေါက်တာ "နစ်(က)ပွောလစ်" ကိုလည်း ဆက်သွယ်ပေးပို့ခဲ့သည်။ လူသစ်များနှင့် အတူ သီရိလင်္ကာမှ အနောက်တောင်မုတ်သုံလေက ကျွန်ုပ်တို့ကို အရှေ့စူးစူး အရပ်ရှိ စူမာတြားသို့ သယ်ဆောင်ပေးပါလိမ့်မည်။ ဒါပေမယ့် မုတ်သုံလေက ဘေးဆင့် ရောက်စေလောက်အောင် နေရာကျနေပြီ။ ရက်သတ္တသုံးပတ်ကြာပြီးနောက်တိုင်အောင် စူမာတြားသို့ မိုင်ပေါင်း (၇၀၀)လိုသေးတာကြောင့် ရေချိုရေသန့် ထောက်ပံ့နိုင်ဖို့ ကျွန်ုပ်က စီစဉ်ရဦးမည်။ ရေချိုကို ချက်ပြုတ်ရန်နှင့် သောက်သုံးရန်အတွက်သာ ထားသည်။ အခုတော့ ချန်ထားတဲ့ ရေချိုတစ်ဝက်က ကုန်နေပြီဖြစ်လို့ ကျွန်ုပ်က လူတိုင်းကို ရေချိုသုံးရာမှာ ချွေတာသုံးကြဖို့ အမိန့်ပေးထားခဲ့သည်။ အဖြေကတော့ စိတ်ဝင်စားစရာပါပဲ။ တချို့လူက ရေချို (၆)ခွက်ကို တစ်နေ့တာအတွက် လိုအပ်သည်။ တချို့ကတော့ (၃)ခွက်နှင့် လောက်ငသည်။ ရေချိုသောက်သုံးမှုကို လျှော့ချဖို့ အကောင်းဆုံးနည်းလမ်းက နေရိပ်ထဲမှာ နေကြဖို့ ပြောထားပေမယ့် နေပူရှိန်က ဦးခေါင်းထက်မှာပူပြင်းလှသည်။ ဆိုဟာ ရွှက်လှေကြီးကတော့ မြောက်ဘက် နှစ်ဒီဂရီကြီးမားသော တံ့နေးမှုနှင့် ရွှက်လွှင့်နေလို့ နေရိပ်က နည်းနည်းပဲရသည်။

မတ်လ ပထမပတ်မှာ ကျွန်ုပ်တို့အတွက် ကံကောင်း အကြောင်းလှမှု တစ်ခု ဖြစ်ခဲ့သည်။ မိုးဖွဲကလေးများ ကျွန်ုပ်တို့ပေါ် သို့ ရွာချလာခဲ့ပြီမို့ လှေရွက်တာလပတ်စကြီးကြီးနှင့် မိုးရေခံကာ တိုင်ကီတွေထဲသို့ ထည့်ကြသည်။ ကျွန်ုပ်တို့အားလုံး ဆိုဟာပေါ်မှာ စီးနင်းလိုက်ပါခဲ့ရာ ငါးမန်းများနေ့ဟူ၍ ရှိုးရှိုးကလေးရောက်လာပါတော့သည်။ နေ့လယ်လောက် ရေငြိမ်လေငြိမ်နေချိန်တွင် ကြီးများစွာ အုပ်စုပြုကွဲလာသော မက်ကရယ်ငါးအုပ်တစ်အုပ်က ရွှက်လှေကြီးအောက်ဘက်မှာ တစ်အုပ်ကြီး ကူးခတ်နေကြပြီ။ ငါးမျှားကြိုးတွေကို လှေပေါ်မှပစ်ချကာ ငါးများကြသည်။ မကြာမီမှာ ဝဝဖြိုးဖြိုး ဆူဖီးနေတဲ့ ငါးကြီး

www.burmeseclassic.com

www.burmeseclassic.com

(၆)ကောင်က တဖျပ်ဖျပ်ခုန်ကာ လူးလွန့်ရင်း ကုန်းပတ်ပေါ်မှ ခြင်းတောင်းကြီးထဲရောက်ကုန်ပြီး(၇)ကောင်မြောက် ငါးကို ဆွဲဘင်နေတဲ့ လတ်တလော အတွင်း ရေနက်ထဲမှ (၄)ပေခန့်ရှည်သော ငါးမန်းကြီးတစ်ကောင်ရေပေါ်ကို တစ်ဟုန်ထိုး တက်လာပြီး ငါးမျှားချိတ်မှာ မိနေသော မက်ကရယ်ငါးကို ရုတ်တရက် ဆတ်ခနဲ ဟပ်ကာ မျိုချလိုက်တော့သည်။ ငါးမန်း အကောင် (၂၀) ခန့်နှင့် ငယ်သဲပါအောင် အော်မြည်ကာ တဖျပ်ဖျပ်ခုန်နေတဲ့ မက်ကရယ် ငါးတစ်အုပ်ကို ရလိုက်သည်။ ပုလိပ်ခါးဗီး ဆို့သူက အလျင်အမြန် ငါးမျှားချိတ်က ငါးတစ်ကောင်ကို ဖြုတ်ယူကာ ခြင်းတောင်းထဲ ထည့်လိုက်သည်။ နောက်ထိုငါးကို ခွေထဲသို့ ပစ်ချလိုက်သည်။ နောက်ထပ် (၁၀)မိနစ်မှာတော့ ပြောင်လက်တောက်ပနေတဲ့ ငါးတစ်အုပ် ရုန်းရင်းဆန်ခတ်ဖြစ်နေသည်။ ငါးမန်းပြီးရင်း ငါးမန်းတွေ ငါးမျှားချိတ်တွေမှာ ဓာန်းလန်းတန်းလန်းခွင့်. ပွတ်သပ်ကာ ရွှက်လှေကြီးပေါ်ကိုရောက်လာတော့သည်။

အိုမန် သဘော်သားတွေက သစ်သားတင်းပုတ်များနှင့် ၄ပေရှည်လျားသော တက်မကျင် သစ်သားတုတ်တံများဖြင့် ရုတ်တရက် အပြင်းအထန် ရိုက်ပုတ်ကြလေရာ ချော်ထွက်တဲ့ ငါးတွေက ချော်ထွက်ကာ လေးလံသော အရာဝတ္ထုတွေဖြင့် ပြင်းထန်စွာ ရိုက်ပုတ်သံတွေ ဆူညံနေတော့သည်။ ရေယာဉ်ကုန်းပတ်ပေါ်မှာ ငါးမန်းကောင်တွေ တစ်အုပ်တစ်မကြီး ရှူးသွပ်ခုန်ပေါက်ကာ ထွန့်ထွန့်လူးဖြစ်နေပြီ။ အိုမန် သဘော်သားတွေက ကျေနပ်အားရစွာ အော်ဟစ်ကြပြီး ရှေ့နဲ့နောက် တစ်ဟုန်ထိုး လှုပ်ရှားနေကြသည်။ တင်းပုတ်နဲ့ ထုထားသော ငါးမန်းများ၊ ချိတ်တွင် မိနေသော ငါးမန်းများကို ချိတ်ကဖြုတ်၍ နောက်ထပ်တစ်ဖန် ငါးမျှားကြိုးတွေကို ရေထဲသို့ ထပ်ချကြသည်။ ခုဆိုရင် ရေယာဉ်ကုန်းပတ်ပေါ်မှာ ဘေးအန္တရာယ် အလွန်များသောနေရာ ဖြစ်နေပြီ။ တစ်ဒါဇင်မျှမကသော ငါးမန်းတွေ ဒေါသထွက်နေကြတုန်းမှာ စပါးနှံခြွေရာမှာ တုတ်နှင့် ရိုက်သလို ရိုက်နေကြလေရာ ငါးမန်းတွေကလည်း တစ်စုံတစ်ဦး သူတို့နားရောက်လာရင် ရုတ်တရက်ဆတ်ခနဲ ကိုက်ဖြတ်နေကြသည်။

ဒီလို ဖြစ်ပျက်နေချိန်မျိုးမှာ တစ်စုံတစ်ဦး ခြေပြတ်လက်ပြတ်ဖြစ်ပြီး ဆုံးရှုံးမှုမတိုင်မီမှာ တော်ပြီ တော်ပြီဟု ကျွန်ုပ်က အော်ဟစ်ကာ တားမြစ်ရတော့သည်။ ကျွန်ုပ်တို့မှာ အသင့်ရထားခဲ့သော ငါးမန်းသားတွေစားသုံးနိုင်ဖို့ဖြစ်သည်။ တဖြည်းဖြည်းချင်း လှုပ်ရှားနေတဲ့ ငါးမန်းတွေ အနည်ထိုင်သလို ငြိမ်ကျသွားတဲ့အခါမှာတော့ တင်းပုတ်တွေကို သူတို့ နံဘေးမှာချထားပြီး ငါးမျှားကြိုးတွေကိုလည်း ခွေ၍ သိမ်းဆည်းကာ ငါးမန်းအသေကောင်တွေကို မ,ယူကာ ချက်ပြုတ်မည့်နေရာတွင် ချထားပြီး ရေယာဉ်ကုန်းပတ်ပေါ်က ငါးမန်းသွေးတွေကို ကုန်းပတ်မှတ်တိုက်သည့် အမွေးပွများဖြင့် သန့်ရှင်းရေးလုပ်ကြသည်။ အပြီးသတ် ရေတွက်ရာ၌ မိနစ် (၂၀) အတွင်း ငါးမန်းကောင်ရေ (၁၇) ကောင်ရရှိသည်။ သူတို့အဖို့ တန်ချိန် တစ်မတ်ခန့်အသားစားဖို့ ရကြသည်။ တချို့ကို ဆားနယ်ကာ နေရှိန်အောက်တွင် လှန်းထားကြလေသည်။ ငါးမန်းဖမ်းပွဲ တော်ကြီးအပြီး ငါးရက်မြောက်မှာတော့ ကျွန်ုပ်တို့၏ ဓာတ်ပုံဆရာအသစ်တစ်ဦးကို လက်လွှတ်ပျောက်ဆုံးလုနီးနီးဖြစ်ခဲ့သည်။ ရစ်ချက်ဂရင်းဟီးလ်ဆိုသူ ဓာတ်ပုံဆရာသည် အရပ်ကလန်ကလားနှင့် ဗျိုင်းအောက်လို လူတစ်ယောက်ပါ။ နှာရောင်ကောက်ကောက်နှင့် လတ်ပြင်ကိုင်းကိုင်းရှိလို့ သူ့ကို ကြည့်ရတာ ရေတိမ်မှာ ငါးမရရအောင် ရှာနေသော ဗျိုင်းအောက်ကြီးနှင့် တူနေသည်။

နေ့ရောညပါ ဓာတ်ပုံကောင်းကောင်းရဖို့ သားကောင်ချောင်းသလို လှုပ်ရှက်ပြီး ချောင်းနေလိုက်သည်မှာ ဘေးအန္တရာယ်များသော ရွှက်လှေကြီးပေါ်မှာ ဆိုတာကိုတောင် မေ့လျော့နေပုံပေါ်နေသည်။

ကုန်းပတ်တွေပေါ်ကို လျှောက်သွားနေရင်လည်း အန္တရာယ်များသည့် ကုန်ပေါက်အဖုံးတွေပေါ်မှာ အခေါက်ခေါက်အခါခါ ကျော့ဖြတ်သွားနေတတ်သည်။ ထိုင်ချလိုက်ပြီဆိုရင်လည်း လှုပ်ခါလွှဲယမ်းနေတဲ့ ကြိုးမျိုးစုံနဲ့ တိုက်မိတတ်လို့ သူခေါင်းပေါ်က မြက်ဦးထုပ်လည်း ကျွတ်ကျကုန်သည်။ သူ့ရဲ့ သောက်စရာမတ်ခွက်ကို ကုန်းပတ်ပေါ်မှာ ချထားခဲ့ရင်လည်း ရေဆင်းပေါက်ထဲသို့ ချက်ချင်းလျှောကျကုန်ရသည်။ ရစ်ချက်ကို ကြည့်ရတာ လှိုင်းကြီးလို့ ရေယာဉ်ဦးမော့ ပုံထောင် ဖြစ်နေတာကိုတောင် တည်ငြိမ်ပြန့်ပြူးအောင် လုပ်နိုင်မည့်ပုံပေါ်နေသည်။ ရစ်ချက်ဆိုတဲ့ လူကို စံထားလောက်တဲ့ အမှုအကျင့်ရှိသူတစ်ဦးလို့ ခေါ်ရမှာပါ။

ပင်လယ်ရေမျက်နှာပြင်တည်ငြိမ်တဲ့ တစ်နေ့မှာ ဆိုဟာရေယာဉ်ကြီးတစ်ခုလုံးကို ဓာတ်ပုံရိုက်ယူဖို့ သူတဆုံးဖြတ်ပြီး သူ့ရဲ့ နောက်ဆုံးပေါ် အိမ်လုပ်လက်ဖြစ်တစ်ခုကို ဆန့်ကျင်ဘက် နေရာမှ ထောင်ချောက်ဆင်သလို ရေယာဉ်နဲ့ အတော်ဝေးဝေး ပင်လယ်ရေပေါ်မှာ ဝါးလုံးတစ်လုံးကို ထောင်မတ်စေကာ ကင်မရာကို ဝါးလုံးထိပ်မှာ တပ်ဆင်၍ ရေယာဉ်နဲ့ အတော်ဝေးဝေးမှာ နေရာချလိုက်သည်။ လေပြည်လေညင်းလေးတွေကြောင့် လှိုင်းကြပ်ခွပ်ကလေးများ ခုန်ပေါက်နေချိန်မှာ ကိုက်တစ်ရာလှော်အကွာအဝေးကို သူက လက်ပစ်ကူးသွားခဲ့သည်။

(ဆက်ရန်)

MARINER ရဲ့ဦး

REF : National Geographic

(By TIM SEVERIN- JULY 1982)

www.burmeseclassic.com

www.burmeseclassic.com

ဗျာဓိနိဒါန်း ကိုလုံးမြို့က အဖူးပြေအဖြေ ဇေဝိဒကလုံးဂေလေးတစ်ရှိုက်

ကိုဇေးမြင့်

(မဟာဝိဇ္ဇာဂေဂုံး-၃၂)

www.burmeseclassic.com

www.burmeseclassic.com

ဩဂုတ်လ ၉ ရက် (သောကြာနေ့) နံနက် ၇ နာရီခွဲ လောက်မှာတော့ ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့ကနေ မြန်မာ တွေအသည်းစွဲ နာမည်ကျော် အော်ဒီကလုံးရေမွေးထွက်တဲ့ ဂျာမနီက ကိုလုံးမြို့ကို ခရီးဆက်လက်နှင်ရပါတယ်။

အပြင်ဘက်မှာ မိုးအနည်းငယ်ရွာချလိုက်တာ တွေ့ ရတယ်။ ဖြတ်လာရာ လမ်းခရီးတစ်လျှောက်မှာ တော တောင်တွေချည်းမဟုတ်ဘဲ ယာခင်းတွေကိုလည်း မြင်ရပါ တယ်။ ၃ နာရီလောက် သွားရမယ့်ခရီးမို့ ဟိုးဒီးဒီးနဲ့ပဲ ကိုလုံးမြို့အကြောင်း စဉ်းစားလာမိရဲ့။

ဂျာမနီနိုင်ငံ၊ ကိုလုံးမြို့ (Cologne)(Köln)

ဂျာမနီအလယ်ပိုင်းရဲ့ အနောက်ဘက် ရိုင်း(Rhein) မြစ်ရဲ့ ကမ်းပါးနှစ်ဖက်လုံးပေါ်မှာရှိတဲ့ ကိုလုံး(Cologne)မြို့ကို ဂျာမန်လိုတော့(Köln)လို့ ခေါ်ပါတယ်။ ကိုလုံးဟာ ဂျာမနီ မှာ ဘာလင်၊ ဟမ်းဘာ့ဂ်နဲ့ မြူးနစ်တို့ပြီးရင် စတုတ္ထမြောက် အကြီးဆုံးမြို့ပါ။

ဒါ့အပြင် ဂျာမန်ဖက်ဒရယ်ပြည်နယ်၊ ရိုင်းမြောက်ပိုင်း (Westphalia)ရဲ့ (the Land-state) (Nordrhein-Westfalen)နဲ့ (the Rhine-Ruhr) မက်ထရိုပိုလစ်တန် နယ်မြေနှစ်ခုလုံးရဲ့ အကြီးဆုံးမြို့ကြီးလည်း ဖြစ်ရဲ့။ ကိုလုံးမြို့ဟာ ဖရန့်ဖတ်မြို့ ထက် သုံးဆလောက်ကြီးပြီး ဥရောပရဲ့ တတိယမြောက် အကြီးဆုံးမြို့လည်း ဖြစ်ပါတယ်။ မြို့ဧရိယာ အကျယ်အဝန်း ဟာ ၁၅၆ စတုရန်းမိုင် (၄၀၅ စတုရန်းကီလိုမီတာ)ရှိပြီး ကိုလုံး မြို့ဟာ အနောက်က အရှေ့ကို ၁၇ မိုင်လောက်နဲ့ မြောက် ကနေ တောင်ကိုလည်း အဲဒီလောက်ရှည်ပါတယ်။ မြို့ အကျယ်အဝန်းက ၁၅၆ စတုရန်းမိုင်ရှိပြီး မြို့ရဲ့အတော် များများဟာ မြစ်လက်ဝဲဘက်ကမ်းမှာ တည်ရှိပေမယ့် လက်ယာဘက်ကမ်းမှာလည်း ၁၉၇၅ ခုနှစ်လောက်ကမှ တိုးချဲ့ထားခဲ့တဲ့ ဆင်ခြေဖုံးကြီးရှိနေရဲ့။

ကိုလုံးပတ်ပတ်လည် အရှေ့ဘက်မှာ ပန်းချီကား ဆန်လှတဲ့ တောင်တန်းတွေ၊ အနောက်ဘက်မှာတော့ အခြား တောင်ကုန်းအုပ်စုလေးတွေက ပုတီးကုံးလို သွယ်တန်းလို့ပါ။

ကိုလုံး မြို့တွင်၊ မြို့တွင်း (Landscape) နဲ့ တည်နေရာ

ကိုလုံးဟာ ဘွန်း(Bonn)မြို့ရဲ့ အနောက်မြောက်ဘက် ၂၁ မိုင်နဲ့ (Düsseldorf)မြို့ရဲ့ အရှေ့တောင်ဘက် ၂၅ မိုင် အကွာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၁၀မေ (၆၅မီတာ) မှာတည်ရှိပါတယ်။

မြေသြဇာကောင်းတဲ့ ဂျာမနီမြောက်ပိုင်းလွင်ပြင်ကို ရိုင်းမြစ်စီးဝင်ရာနေရာ အောက်နားမှာ တည်ရှိနေတာမို့ ပင်လယ်ရပ်ခြားသွား သင်္ဘောကြီးတွေရဲ့ လမ်းကြောင်းဖြစ်လို့ ကိုလုံးရဲ့ စီးပွားရေးဟာ သူအနေအထားအရ ကြီးထွားလာရ



ကိုလုံးမြို့ ကည်းရာပြမြေပုံ

ပါတယ်။ ကိုလုံးမြို့မှာ ကျောက်မီးသွေး၊ သံနှင့် သံ စက်ရုံများလည်း ရှိပါတယ်။ လူဦးရေကတော့ တစ် လောက် (၂၀၀၆ ခုနှစ် ခန့်မှန်းခြေအရ ၉၈၉၇၆၆ ဦး၊ ၂ ခု ဇွန်လ ၃၀ ရက်ထိ၊ ၁၀၁၀၂၆၃ ဦး) နေထိုင်နေပါတ လူဦးရေ ၅ ပုံ ၄ ပုံလောက်က ဂျာမန်တွေဖြစ်ပြီး ကု တွေမှာ အများဆုံးကတော့ ၁၉၇၀ လောက်ထဲက ရွှေ့ပြောင်းလာတဲ့ ဥရောပတောင်ပိုင်းက ဧည့်လုပ်သား အများစုက တူရကီနဲ့အီတလီကပါ။ အလားတူပဲ ဘော်လ ပြည်နယ်ကလည်း လာကြရဲ့။

ဂျာမန်အသိုင်းအဝိုင်းမှာ ရိုမင်ကတ်သလစ်ဘာ လွှမ်းမိုးပေမယ့် အနည်းစုဖြစ်ပြီး အင်အားကြီးမာ ပရိုတက်စတင့်တွေလည်း ရှိရဲ့။ အလားတူ အရွယ်အ အတော်ရှိတဲ့ မွတ်စလင်တွေနဲ့ သေးငယ်တဲ့ ဂျူးအုပ်စု ရှိတယ်။ ကိုလုံးမှာ ဒီစတြိတ် ၈၅ ခုရှိပြီး မြို့ဧရိယာ (Bezirke) ကိုးခုခွဲထားတယ်။

ဒေသရာသီဥတုဟာ သမပိုင်းမှာရှိ၊ မယ့် ရေငွေ့ နဲ့စိုစွတ်တယ်။ ကိုလုံးဟာ ဂျာမနီမှာ အနွေ့ဆုံးမြို့ကြီး တစ်မြို့ပါ။ ကိုလုံးရဲ့ ပျမ်းမျှအပူချိန်ဟာ ဇန်နဝါရီမှာ ဒီဂရီ ဖာရင်ဟိုက် (၂ ဒီဂရီ စင်တီဂရိတ်)နဲ့ ဇူလိုင်မှာ ဒီဂရီ ဖာရင်ဟိုက် (၁၈ ဒီဂရီ စင်တီဂရိတ်)လောက်ရှိပါတ

ကိုလုံးဟာ ပဲရစ်ကနေ ဂျာမနီမြောက်ပိုင်းအ ရိုင်းမြစ် ဖြတ်သန်းစီးဆင်းရာမှာမို့ သမိုင်း-ယဉ်ကျေ စီးပွားရေးအရ ရိုင်းနယ်မြေ (the Rhineland)ရဲ့ အရေး မြို့ကြီးပါ။ ရောမခေတ်ထဲက တွင်ကျယ်ခဲ့တဲ့ ရိုင်းဘိပ်က ဥရောပနဲ့ ဂျာမနီရဲ့ အချက်အချာ အဓိကကုန်းတွင်း ဆိပ်ကမ်းဖြစ်လာပြီး ရိုင်းမြစ်ကို လှည့်လည်ကြည့်ဖို့ သ လိုင်းတွေ၊ ပင်လယ်ကူးသင်္ဘော(craft) အငယ်စားတွေ ရှိနေကြပါတယ်။

Autobahns တွေက မြို့ကိုဝန်းပတ်တားတဲ့ အဖျားလမ်းတွေကနေ အပြင်ကိုဖြာထွက်နေပြီး မြို့

www.burmeseclassic.com

www.burmeseclassic.com

သယ်ယူပို့ဆောင်ရေးမှာ လိုင်းကား၊ ဘတ်စ်ကားနဲ့ မြေအောက် စနစ်လည်း ရှိတယ်။ ယာဉ်အသွားအလာ လမ်းများစွာနဲ့ ကျာမနီနဲ့ ဥရောပရဲ့ အဓိကမြန်နှုန်းမြင့် ခရီးသည်တင်မီးရထားကွန်ရက်ပေါင်းဆုံရာ တစ်နိုင်ငံလုံးရဲ့ အလုပ်အရှုပ်ဆုံးမီးရထားလမ်းဆုံမှာမို့ ပထဝီဝင်အနေအထားနဲ့ စီးပွားကူးသန်းအရေးပါမှုတို့ ပူးပေါင်းပြီး ဆက်သွယ်ရေးရဲ့ ဗဟိုချက်လည်း ဖြစ်နေရဲ့။

နိုင်ငံတကာလေဆိပ်ကြီးကတော့ ကိုလုံးနဲ့ ဘွန်းမြို့ကြား အလယ်တည့်တည့်မှာရှိတဲ့ 'ကိုလုံး-ဘွန်းလေဆိပ်' (CGN)ပါ။ အလားတူ Konrad Adenauer လေဆိပ်လို့လည်း ခေါ်ရဲ့။ ကျာမနီရဲ့ ပထမဆုံးစစ်ပြီးခေတ် အဓိပတိ၊ ဒီမြို့သားလည်း ဖြစ်ပြီး ၁၉၁၇ ခုကနေ ၁၉၃၃ ခုအထိလည်း မြို့တော်ဝန် လုပ်ခဲ့တဲ့ Konrad Adenauer ကိုပြီး အမည်ပေးခဲ့တာပါ။ ဒီလေဆိပ်ကို အနီးအပါးက [illegible] မှဝေဆုံးရပါတယ်။ ကိုလုံးဟာ လေကြောင်းလုံခြုံရေးဆိုင်ရာဥက္ကဋ္ဌ (the European Aviation Safety Agency-EASA)ရဲ့ ဘနချုပ်ပါ။

ထို့အတူပဲ လေဆိပ်ဟာ (the airline Germanwings) လေကြောင်းရဲ့ အဓိကတည်ရာ နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုနဲ့ လေကြောင်းကုန်သွယ်မှုရဲ့ ဗဟိုချက်ပါ။

တိုလုံးမြို့ ရိုင်းမြစ်၊ တတိမတည်သူများနဲ့ ဦးသန့်

ဒီလိုတွေးရင်းတောရင်းနဲ့ ကိုလုံးမြို့ထဲကို ဝင်ရောက်လာပါတော့တယ်။ မြို့အဝင်မှာ မြစ်ကိုဖြတ်ရလို့ ဘာမြစ်လဲလို့ ဒရိုင်ဘာကို မေးကြည့်တော့ ရိုင်းမြစ်ကိုဖြတ်နေတာပါတဲ့။ ဒီမြစ်ကို ကိုယ်သိတာပေါ့။ အဲဒီမြစ်မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် ဘာသာပြန်ပြီး ဖော်ပြစပ်ဆိုခဲ့လို့ ကိုယ်တို့ငယ်ငယ် မူလတန်းအရွယ်ကပင် ဖတ်ခဲ့ သိခဲ့ရတဲ့ 'စလေအညာက ပလွေဆရာ'ဆိုတဲ့ ကမ္ဘာကျော် ကျာမန်ကဗျာပုံပြင်ရှည်ကြီး ဇာတ်ကြောင်းတည်ခဲ့တာပဲ။ အဲဒီကဗျာထဲက ကြွက်တွေ တန်းစီပြီး ဆင်းသွားတဲ့ ရိုင်းမြစ်ပါပဲလား။



ကိုလုံးမြို့နားက ပိုင်းမြစ်ပုံ

ကလေးပုံပြင်တစ်ပုဒ်ဖြစ်တဲ့ တမ်မလင်က ပလွေဆရာ (Pied Piper of Hamelin)

ဒီကဗျာဟာ ကဗျာဆရာ ရောဘတ်ဘရောင်းနင်း (Robert Browning) ရဲ့ စာကြောင်းရေ ၃၀၃ ကြောင်းပါ ဇာတ်ကြောင်းပြန်ပြောတဲ့ ကဗျာ (narrative poem)ဖြစ်ပြီး ၁၈၄၂ ခုနှစ်က ထုတ်ဝေခဲ့ကာ သူ့ရဲ့ အကျော်ကြားဆုံး စာတစ်ပုဒ်ပါ။ သူ့ရဲ့ ရွတ်ဆိုစရာ ဇာတ်လမ်းပမာ ကဗျာရှည် (Dramatic Lyrics) ဖြစ်တဲ့ (the Bells and Pomegranate series)လည်း ရှိပါသေးတယ်။ ပလွေဆရာ ကဗျာရှည်ကြီးဟာ ဟမ်မလင် (Hamelin)မြို့နဲ့ အဲဒီမြို့က ကတိမတည်တဲ့ လူကြီးမင်းများနဲ့ ဆက်နွယ်နေတဲ့ ဂန္ထဝင်မြောက် ခိုးရာပုံပြင်တစ်ပုဒ်ပေါ့။

ဟမ်မလင်မြို့မှာ ကြွက်တွေပေါလွန်းလို့ မြို့သူမြို့သားတွေက ဘယ်လိုမှ မနှိမ်နင်းနိုင်တဲ့အဆုံး မြို့ဝန်ကို သောင်းကျန်းနေတဲ့ ကြွက်တွေကို ရှင်းလင်းပေးဖို့တောင်းဆိုကြတယ်။ ဒီလိုနဲ့ ကြွက်တွေကို နှိမ်နင်းနိုင်ရရင် ဆုငွေထိုက်ထိုက်တန်တန် ပေးပါ့မယ်လို့ မြို့ဝန်က ကြေညာလိုက်ရတယ်။ အဲဒီမှာ လျှို့ဝှက်ဆန်းကြယ် ပဟေဠိဆန်လှတဲ့ ပလွေဆရာ (pied piper)တစ်ဦး ရောက်လာပြီး သူနှိမ်နင်းပေးနိုင်တယ်၊ ကြွက်ရန်က ကင်းလွတ်သွားရင်သာ ကတိအတိုင်းသူ့ကို ဆုပေးပါလို့ ပြောတယ်။

အဲဒါနဲ့ မြို့ဝန်လည်း ပေးပါ့မယ်၊ နှိမ်နင်းပေးပါလို့ အကူအညီတောင်းတယ်။ ပလွေဆရာက ညို့ယူနိုင်အားပြင်းတဲ့ သူ့ပလွေသံနဲ့ ကြွက်တွေကို ချောင်ကြိုချောင်ကြားကနေ ထွက်လာစေတယ်။ ပြီးတော့ ပလွေသံ ဆက်ပေးကာ ကြွက်များကို ညို့ယူခေါ်ဆောင်ရင်း မြစ်ထဲသို့ မောင်းချလိုက်တယ်။ အဲဒီလိုနဲ့ ကြွက်တွေအကုန်လုံး ရေနစ်သေကြပြီး ကြွက်ရန်ရှင်းသွားတဲ့အခါ မြို့သူမြို့သားတွေက ပျော်ရွှင်နေတုန်း ပလွေဆရာက မြို့ဝန်ထံ သူ့ရမယ့်ဆုကိုတောင်းတယ်။

ဘဏ္ဍာခုက(Kate Greenaway) သမုဒ္ဒရာတော်ထားဆဲ (၁၉၀၀လင်က ပလွေဆရာပုံ

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာတော့ မြို့ဝန်က သူ့ကတိကို ပွဲပြီး မီးသေဆိုသလို ဖျက်လိုက်ပြီး အပေးအယူလုပ်ထားတဲ့အတိုင်း ပုံလွှေဆရာကို ပေးစရာရှိတာတွေကို မပေးခဲ့ပါဘူး။

အဲဒီအခါမှာ ပလွေဆရာက ကတိမတည်တဲ့ မြို့ဝန်ကို ဆုံးမဖို့အတွက် သူပလွေကို ပြန်မှုတ်ကာ မြို့မှာရှိတဲ့ ကလေးငယ်အားလုံးကို ညှို့ယူပြီး အဲဒီရိုင်းမြစ်ကမ်းစပ်ကို ခွဲဆောင် ခေါ်ယူသွားခဲ့ပါတော့တယ်။

အဲဒီကဗျာရှည်လဲက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်ရဲ့ မြန်မာစာပေနဲ့ ကဗျာမှာ ကျွမ်းကျင်နိုင်နင်းတဲ့ ဝေါဟာရ အသုံးအနှုန်းတွေကို ပြန်ရွတ်မိရင်း ပလွေဆရာရဲ့ ညှို့ဆွဲမိပြီး ကလေးတွေ ငေးငေးငိုင်ငိုင်နဲ့ ရိုင်းမြစ်ထဲ ဆင်းသွားကြတာကိုပါ မြင်ယောင်မိပါရဲ့။

ဟမ်မလင်တ ပလွေဆရာနဲ့ ကလေးခရူးဆိတ်

ဟမ်မလဲ့ဂ်မြို့က ဒေသသိမိုင်းပြတိုက်မှာ ကြွက်ဖမ်းသမားနဲ့ဆိုင်တဲ့ ပစ္စည်းတွေ စုဆောင်းပြထားတာလည်းရှိရဲ့။ အဲဒီမှာ ကြွက်ဖမ်းသမားရဲ့ မှတ်တမ်းမှတ်ရာတွေ လေ့လာ၊ ချစ်စရာကောင်းလှတဲ့ မြို့ရဲ့ မျှားစွာသော ဥာဏ်သစ်လောင်းခေတ် သစ်သားတစ်ဝက်နဲ့ အိမ်တွေ၊ ကြွက်ဖမ်းသမားအိမ် (the Rattenfängerhaus)တွေနဲ့ လက်ထပ်မင်္ဂလာစံအိမ် (the Hochzeitshaus) နှစ်မျိုးလုံးကိုလည်း တွေ့ရှိနိုင်ရဲ့။

ဒါပေမဲ့ ဟမ်မလင်မြို့က ကြွက်ဖမ်းသမား ပလွေဆရာ ဒဏ္ဍာရီရဲ့ နောက်ခံဟာ ထင်ရှားလှတဲ့ ၁၂၈၄ ခုနှစ်က ဟမ်မလင်ကလေးများရဲ့ ကံကြမ္မာနဲ့ ၁၆ ရာစုက သံသယဖြစ်စရာ ထွက်ခွာသွားခြင်းတွေနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာတာလို့လည်း ဆိုကြပါတယ်။ အရှေ့ဘက်က ဂျာမန်ကိုလိုနီအဖြစ်နဲ့ သိမ်းပိုက်မှုနဲ့ပတ်သက်ပြီး ပုံပြင်တစ်ပုဒ်လို တစ်ခါတည်း အတူထွက်ခွာသွားကြတဲ့ လူငယ်တွေနဲ့လည်း ဆက်နွယ်နေရဲ့။ ၁၂၁၂ ခုနှစ်၊ ကလေးခရူးဆိတ် (Children's Crusade) မှာ ကံခေရှာတဲ့ ဂျာမန်ကလေးငယ်ထောင်ပေါင်းများစွာကို ဦးဆောင်ခေါ်သွားခဲ့တဲ့ ကိုလုံးမြို့က နီကိုလပ်စ် (Nicholas) နဲ့လည်း ယှဉ်ကြည့်ရင် ဆင်ဆင်တူနေရဲ့။

ကလေးတွေရဲ့ ခရူးဆိတ် (Children's Crusade)

ကလေးခရူးဆိတ်ဟာ ၁၂၁၂ ခု နွေရာသီအတွင်း ဥရောပမှာ ခေတ်စားခဲ့တဲ့ ဘာသာရေးလှုပ်ရှားမှုပါ။ အဲဒီမှာ ထောင်နဲ့ချီတဲ့ လူငယ်တွေဟာ မွတ်စလင်တွေဆီကနေ ဂျေရုဆလင်ကို ပြန်လည်စောင့်ရှောက်ဖို့ ခရူးဆိတ်သန့်ဌာန်ကို ချစေခဲ့တယ်။

မေလကနေ စက်တင်ဘာလအတွင်းမှာသာ ကြာရှည်ခဲ့တဲ့ ကလေးခရူးဆိတ်ဟာ တရားဝင်ခွင့်ပြုမိန့်လည်း မရပါဘဲ ဆုံးရှုံးမှုတွေနဲ့သာ အဆုံးသတ်ခဲ့ကြတယ်။ ပါဝင်သွားသူတွေ

၁၂၁၂ ခုက ကလေးခရူးဆိတ်ရဲ့ အထုတ်သွင်းဆားတဲ့ ယန်ဆိုကားပုံ။

ထဲက ဘယ်သူမှ မြင့်မြတ်ရာနယ်မြေ (the Holy Land) ကိုလည်း မရောက်ခဲ့ကြပါဘူး။

ဒါပေမဲ့ ဒါဟာ ဘာပဲဖြစ်ဖြစ် ဘာသာရေးအရလုပ်ထုံးလုပ်နည်း ပထမဆုံး ဥရောပလူငယ် ဘာသာရေးလှုပ်ရှားမှု ပဋိပက္ခ ခရူးဆိတ် (၁၂၁၈)ကို အစပြုဖို့ ကူညီပေးခဲ့တယ်။

သိုးကျောင်းသား စတီဗင်ရဲ့ ဦးဆောင်မှုအောက်မှာ စုစည်းထားတဲ့ ကလေးခရူးဆိတ်မှာ ပြင်သစ်တွေလည်း ပူးပေါင်းပါဝင်ခဲ့ကြတယ်။ စတီဗင်ရဲ့ နောက်လိုက်တွေထဲမှာ ခေတ်ပြိုင်ခန့်မှန်းချက်တွေအရ ၁၅၀၀၀ ကနေ ၃၀၀၀၀ နီးပါးအထိရှိတယ်။ စတီဗင်ကို ဆင်းရဲသား ဘုရားဖူးတစ်ဦး (တကယ်တော့ သူဟာ ယေရှု)က ညွှန်ကြားခဲ့သတဲ့။ သူ့ထဲက အချို့ဟာ ကိုလုံးကို ဖြတ်လိုင် ၁၄-၁၈ ရက်တွေ ရောက်ရှိခဲ့သတဲ့။

မြင့်မြတ်ရာမြေကို ရောက်ဖို့ ကြိုးပမ်းကြရာမှာ ကိုလုံးမြို့နားက တောလက်နယ်ကလို့ဆိုတဲ့ ကိုလုံးသား နီကိုလပ်စ်ဟာ ဂျာမန်ကလေးငယ်တွေကို တောင်ဘက် Mainz၊ Speyer ကွေဆီ ဦးဆောင် ခေါ်သွားခဲ့ပြန်သတဲ့။ သူ့ဟာ ဘုရားသခင်ရဲ့ သိဒ္ဓိတန်ခိုး အထိမ်းအမှတ် (T)ပုံ လက်ကိုင်တံ ကပ်တိုင် (the tau cross)ကို ကိုင်ဆောင်ခဲ့တယ်။

သမ္မာကျမ်းစာလာ အီဂျစ်ကနေ ပင်လယ်နီကိုဖြတ်ကူး အစုလိုက်အပြုံလိုက် ထွက်ခွာခြင်း(the Exodus)ကို ကိုးကား

www.burmeseclassic.com

www.burmeseclassic.com

မြေထဲပင်လယ်ဟာ သူတို့အတွက် ကွဲထွက်သွားလိမ့်မယ်လို့ သူက ပြောခဲ့သတဲ့။ အဲဒီနောက် နီကိုလပ်ဟာ ကလေးတွေကို ဦးဆောင်ကာ အဲ့လ်ပ်ကိုဖြတ်ပြီး အီတလီက (Piacenza)နဲ့ ဂျီနိုအာကို သွားခဲ့တယ်။ ဘာပဲဖြစ်ဖြစ် အဲဒီမှာ သူတို့ဟာ သူတို့ကို မြင့်မြတ်ရာမြေဆီ ခေါ်ဆောင်သွားမယ့် သင်္ဘော တစ်စင်းကိုမှ ရှာမရခဲ့ပါဘူး။

သူတို့မှာ အဆုံးစွန်သော ယုံကြည်ချက်တွေနဲ့အတူ မသေချာမှုတွေသာ ကျန်ရစ်ပြီး သူတို့ထဲက အချို့ဟာ သင်္ဘောနဲ့ မာဆေးလ်ကိုသွားခဲ့လိမ့်မယ်။ ကြည့်ရတာ ဂျီနိုအာကို ရောက်လာတဲ့ ၇၀၀၀ မကတဲ့ ကလေးအများစုဟာ အဲဒီမှာ လိုအပ်နေတဲ့ လုပ်အားခနည်းတဲ့ အလုပ်တွေလုပ်ရင်း တျန်ရစ်ကြမယ်။ အခြားသူတွေကတော့ အိုတာလီမြို့ကြီးတွေမှာ ရှင်သန်နေထိုင်သွားလိမ့်မယ်။ ဒါကြောင့် လူတွေ စိတ်ဝင်စားမှုနဲ့ စတင်ခဲ့ကြတဲ့ ခရူးဆိတ်ဟာ နောက်ဆုံးမတော့ ကြီးမားတဲ့ ရွှေ့ပြောင်းလုပ်သားတွေအဖြစ် အဆုံးသတ်ခဲ့ပုံပါပဲ။ သမိုင်းမှတ်တမ်းတွေအရတော့ ကလေး ခရူးဆိတ်ဟာ အကြွင်းမဲ့ ကပ်ဘေးတစ်ခုပါ။

ထိုလုံးတ တံတားတွေ

ကိုလုံးမှာ ရိုင်းမြစ်ကို ဖြတ်နေတဲ့တံတားတွေမှ အများကြီးပါ။ အဲဒါတွေက တောင်ဘက်ကနေ မြောက်ဘက်ကို (the Rodenkirchen) တံတား၊ တောင်ဘက်မီးရထားတံတား၊ (Severin)တံတား၊ (Deutz)တံတား၊ (Hohenzollern) တံတား၊ တိရစ္ဆာန်ရုံတံတား(Zoobrücke) နဲ့ (Mülheim) တံတားတွေပါ။ အထူးသဖြင့် သံထုပ်တန်း အခုံးတွေနဲ့ (Hohenzollern) (Hohenzollernbrücke) တံတားဟာ မြစ်ကမ်းပါးတစ်လျှောက်မှာ အထင်ကရပါ။

ရိုင်းမြစ်ကိုဖြတ်ဖို့ အထူးပုံပြီးထားတာကတော့ ကိုလုံး ကေဘယ်ကား (Kölner Seilbahn)ပါ။ (Riehl)က ကိုလုံး သတ္တဗေဒဥယျာဉ်နဲ့ (Deutz)က(the Rheinpark) ပန်းခြံတို့ အကြား ရိုင်းပေါ်ဖြတ်ပြီးထိုးထားတဲ့ ကေဘယ်လမ်းပေါ့။

ကိုလုံးမြို့ထဲကို ရောက်ပြီး မြို့တစ်နေရာမှာတော့ အလွန်ကြီးမားတဲ့ ကော်ဖီခွက်ကြီးကို ဆိုင်ရဲ့ ဆင်ဝင်အမိုးပေါ်မှာ တင်ထားတဲ့ ထူးထူးဆန်းဆန်း ကော်ဖီဆိုင်လေး တစ်ဆိုင်ကို တွေ့ရတယ်။ စိတ်ကူးကောင်းလှရဲ့။

"ခိုးယားစ်"လုပ်တဲ့ အလေ့အထ ထိုလုံးတစ

အနောက်တိုင်းမှာသာမက ကိုယ်တို့အရှေ့တိုင်းမှာပါ စားပွဲသောက်ပွဲတွေမှာ သောက်စရာခွက်တွေ ကိုယ်စီကိုင်ပြီး 'ခိုးယားစ်'လုပ်တဲ့ အလေ့အထဟာလည်း ဒီကိုလုံးမြို့မှာပင် စခဲ့တယ်လို့လည်း သိလိုက်ရတယ်။ ရောမခေတ်မှာ အထက်လွှာက အုပ်ချုပ်သူတွေဟာ စားရင်းသောက်ရင်း အဆိပ် ခတ်ပြီး လုပ်ကြံတတ်ကြလေ့ရှိတော့ အဆိပ်ပါတယ်လို့ ယူဆရတဲ့ တစ်ဖက်လူက တိုက်ကျွေးလာတဲ့ အရက်ခွက်ထဲက အရက်ကို အဲဒီတစ်ဖက်လူထံကို ပြန်ဖိတ်စဉ်သွားကာ သူလည်း သောက်မိစေရန် သစ်သားအရက်ခွက်ချင်း တိုက်ပစ်လိုက်ခြင်းက တစ်ဆင့် အဲဒီလေ့ ပျံ့နှံ့သွားခြင်း ဖြစ်ပါသတဲ့။

ကိုလုံးမြို့သားတွေဟာ အလွန်ဖော်ရွေပြီး ပျော်ရွှင်တတ်သူတွေမို့ ဘယ်ခရီးသည်ကိုမဆို ကြိုဆိုကြပြီး စိတ်ဝင်တစားလည်း ရှိကြပါသတဲ့။ ကိုလုံးမှာ ခရီးသွားလုပ်ငန်းလည်း ဖြစ်ထွန်းလှလို့ ၂၀၀၈ ခုက ကိုလုံးမှာ ခရီးသည် ၄. ၃၁ သန်း ညအိပ်နေဖို့ စာရင်းသွင်းခဲ့ကြပြီး ၂. ၃၈ သန်းလောက် ရောက်ရှိ လည်ပတ်ခဲ့ကြပါတယ်။ အလားတူပဲ ကိုလုံးဟာ ဂျာမနီမှာတော့ ယမကာဆိုင် အများဆုံးရှိတဲ့မြို့ (pubs per capita)ပါ။ မြို့မှာ ကလပ် ၇၀ နဲ့ မရေမတွက်နိုင်တဲ့ ဘားတွေ စားသောက်ဆိုင်တွေနဲ့ (pubs)တွေရှိနေရဲ့။

ကိုလုံးရဲ့ ဂုဏ်ထူးဆောင်မြို့သားတွေမှာ ဒိုမီနီကန် ပညာရှင်(Albertus Magnus)။ စာပေဆိုင်ရာ နိုဘယ်ဆုရ စာရေးဆရာ(Heinrich Böll)နဲ့ နိုင်ငံရေးခေါင်းဆောင် (Konrad Adenauer) တို့လည်း အပါအဝင်ပါ။ ကိုလုံးရဲ့ အကြီးဆုံး နေ့စဉ်သတင်းစာဟာ (the Kölner Stadt-Anzeiger) ဖြစ်ပါတယ်။ ကြီးမားတဲ့ နှစ်စဉ်စာပေပွဲတော်ကို ကိုလုံးမှာ ဒေသခံနဲ့ နိုင်ငံတကာစာရေးဆရာတွေနဲ့ ကျင်းပပါတယ်။

ကိုလုံးမြို့ကို မနက်ဆယ်နာရီခွဲခန့်မှာ ရောက်ရှိသွားပါတယ်။ လမ်းဘေးရှိ အချက်ပြဘုတ်မှ ဖော်ပြထားချက်အရ အပြင်ဘက်မှာ အပူချိန်မှာ ၁၈ ဒီဂရီစင်တီဂရိတ်ရှိလို့ အနည်းငယ် အေးလေတယ်။ လေအေးအေးလေးလည်း တသုန်သုန် တိုက်ခတ်နေရဲ့။ နေလို့ထိုင်လို့ အလွန်ကောင်းတဲ့ ရာသီဥတုပါ။ လမ်းညွှန်ကတော့ အနွေးထည်အပါးလေးတွေ ဝတ်ဆင်ပြီးမှ အပြင်ထွက်ဖို့ သတိပေးပါတယ်။

ကားကို ဘုရားရှိခိုးကျောင်းအကြီးကြီး တစ်ခုဘေး တစ်နေရာမှာရပ်ကာ ကိုယ်တို့ကိုချပေးခဲ့ပြီး ဆက်လက်မောင်းသွားကာ ရပ်နားရန် အဆင်ပြေတဲ့တစ်နေရာရာမှာ ကားသမားက သွားရပ်ထားပြီး စောင့်နေပါလိမ့်မယ်။ ကိုယ်တို့ လည်ပတ် စားသောက်ပြီးချိန်လောက်မှာ သူပြန်လာခေါ်မယ်ပေါ့။

နေ့လယ်စာစားရန် ၁၂ နာရီတိတိမှာ ကြိုတင်မှာထားတဲ့ စားသောက်ဆိုင်ကို ရောက်ရမှာဖြစ်ပါတယ်။ ဂျာမန်တွေဟာ အလွန်ပဲ အချိန်လေးစားကြတယ်လို့လည်း လမ်းညွှန်က ထပ်ဖြည့်ပြောပါသေးတယ်။ အဲဒီတော့ ၁၁ နာရီ ၄၅ မိနစ်အထိ ဘုရားကျောင်းပတ်လည်မှာ လေ့လာကြည့်ရှုဖို့ အချိန်ရတယ်။ ဘုရားကျောင်းအတွင်းကိုလည်း ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရှုနိုင်ပါသတဲ့။ ငွေကြေးတစ်စုံတစ်ရာ ပေးစရာမလိုပါဘူးလို့လည်း လမ်းညွှန်က မှာကြားလိုက်ရဲ့။ အတော်ကောင်းတဲ့ အမှာစကားပါ။

ဘုရားရှိခိုးကျောင်းကြီး ရှေ့ဘက်ရင်ပြင်နေရာအနှံ့မှာတော့ ပုံပြင်တွေထဲက အိန္ဂျယ် နတ်သမီးလေးတွေ၊ ဧရာမခေတ်စစ်သူကြီးတွေ ဟိုမှဒီမှ သွားလာနေကြရဲ့။ ဘုရားကျောင်းကြီးကို လာရောက်လည်ပတ်သူတွေအတွက် ဓာတ်ပုံတွဲရိုက်နိုင်ဖို့ ဝတ်ဆင်ထားသူများ ဖြစ်ကြပါတယ်။ မျက်နှာကို မြင်သုတ်ကာ ငွေရောင်ဝတ်စုံနဲ့ ငွေဦးထုပ်ဆောင်းထားသူတွေကိုလည်း တွေ့ရတယ်။

ဘုရားကျောင်းရှေ့ ရင်ပြင်ကျယ်တစ်နေရာမှာတော့ ကြမ်းပြင်မှာ ထိုင်နေသူတစ်ဦးနဲ့ သူနဲ့ဆင်တူဝတ်ထားတဲ့ သူ့အထက်က လေထဲမှာ ထိုင်နေသူတစ်တွဲကို တွေ့လိုက်ရတယ်။ အမှတ်တမဲ့ကြည့်ရင် အတော်ထူးဆန်းပြီး ပီပီရိရိ ပေါ်ပေါ်လွင်လွင်ရှိပါတယ်။

ဒီဒီယိုရိုက်ကူးရေး အဖွဲ့တစ်ဖွဲ့ကလည်း ရိုက်ကူးရေး လုပ်နေကြရဲ့။ ပန်းချီဆရာလေးတစ်ဦးကတော့ ရင်ပြင်ပေါ်မှာ မြေဖြူတောင့်ရောင်စုံနဲ့ လူပုံ ရေးဆွဲနေပါတယ်။

(Cologne Wailing Wall For Peace) အဖွဲ့ကတော့ ရင်ပြင်ပေါ်မှာ ယာယီ(Stand)တွေထောင်ကာ ဟိရိုရှီးမား အဏုမြူဗုံးသင့်သူတွေရဲ့ ရုပ်ပုံများကို ပြသထားပါတယ်။ စက္ကူခေါက်တဲ့ ပညာနဲ့လည်း ငြိမ်းချမ်းရေး ချီးငှက်ရုပ်များ ခေါက်ကာ ခိုတ်ဆွဲပြသထားကြတယ်။

ဘုရားရှိခိုးကျောင်းကြီးဟာ ဘေးတိုက်အမြင်နဲ့ သွား ကြည့်တော့လည်း အတော်လှပခံ့ညားလှရဲ့။ ဘုရားကျောင်းကြီးရဲ့ လက်ဝဲဘက်ဘေးမှာ ရှစ်ထောင့်ပုံ ရေပန်းအကြီးကြီး တစ်ခုရှိကာ အဲဒီရေပန်းက ခြသေ့ရုပ်တွေရဲ့ ပါးစပ်တွေကနေ ရေများ ပန်းထွက်နေပါတယ်။ ရေပန်းကြီး ပတ်ပတ်လည်တွင်ကား နေစာလှဲရင်း ထိုင်နေကြသူများက အပြည့်။ ဘုရားကျောင်းဘေးဘက် အနိမ့်ပိုင်းမှာတော့ ပန်းချီပြတိုက်တစ်ခုရှိတာ တွေ့ရတယ်။

ကိုလုံးကသီဒရယ် ဘုရားကျောင်းကြီးရှေ့တွင် စာရေးသူ အမှတ်တရ

နာမည်ကျော် ကိုလုံးကသီဒရယ် ဘုရားကျောင်းကြီး

ကိုလုံး ကသီဒရယ် (Cathedral) (Kölner Dom) (St.Peter) ဘုရားတော်ကြီး

ရိုင်းမြစ်ပေါ်မှိုးနေတဲ့ ဒီစိန့်ပီတာဘုရားကျောင်း ညီမျည်းမည်းကြီးကို ကမ္ဘာပေါ်မှာ အမြင့်ဆုံးနဲ့ လက်ရာအကောင်းဆုံးလို့လည်း သတ်မှတ်ထားကြပါတယ်။ ကိုလုံးဘုရားကျောင်းကြီးရဲ့ အရွယ်အစားနဲ့ ရင်သပ်ရှုမောဖွယ်ကြီးကျယ်ခမ်းနားမှုတွေက မြို့ရဲ့ အခြားသော သမိုင်းဝင်အဆောက်အအုံအားလုံး ကို မှေးမှိန်သွားလောက်အောင်ကို စွမ်းပါရဲ့။

ကိုလုံး ကက်သလစ်ခရစ်ယာန် ဘိရှော့ဂိုဏ်းချုပ်ပိုင် (the Archbishop)နယ်မြေမှာ ရှိနေတဲ့ ကသီဒရယ်ဘုရားကျောင်းကြီးဟာ မြို့ရဲ့ အထင်ရှားကျော်ကြားဆုံး အထင်ကရ အဆောက်အအုံ (landmark)နဲ့ အလွတ်သဘော (symbol) သင်္ကေတတစ်ခုပါ။ ကိုလုံးသားတွေ အလေးထားဆုံး အမှတ်အသားလည်း ဖြစ်ပါတယ်။ ဒါကို အစပိုင်းကတော့ ဘုန်းတော်ကြီးတွေ သီတင်းသုံးဖို့ ဆောက်ခဲ့တာပေမယ့် ခုတော့ ဥရောပမြောက်ပိုင်းမှာ အကြီးကျယ် အခမ်းနားဆုံး ဂေါသစ် ဘုရားကျောင်း ဖြစ်နေပေါ့။

(ဆက်ရန်)

စာကိုး။ Encyclopædia Britannica, 2014."Browning, Robert." "Hameln."Encyclopædia Britannica, 2014.

ကိုအေးမြင့် (မဟာဝိဇ္ဇာရေးသူ)

❑

လမြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၅)

www.burmeseclassic.com

အမြဲမျှားလောသော ရင်သားကင်ဆာနှင့် ဒေါက်တာ နိုက်တင်ဇေးလင် ဟာသကားနားတစ်ဝှီးများ



ကျွန်မ အပါအဝင် အမျိုးသမီး အတော်များများ ပြောလေ့ရှိတဲ့ စကားထဲမှာ မကြာခဏ ပါဝင်ခဲ့ပြီး နောင်လည်း ပါဝင်နိုင်တာကတော့ အမျိုးသမီးများမှာ ပုရိသ ယောကျ်ားများနဲ့ မတူခြားနားစွာပဲ အာဝေဏိက ဒုက္ခတရား ငါးပါးကို ခံစားကြရတဲ့အကြောင်းပါပဲ။

အဲဒီအာဝေဏိက ဒုက္ခတရား ငါးပါးကတော့ ပရိသတ်ကြီး သိပြီးဖြစ်တဲ့အတိုင်း . . .

(၁) တစ်လတစ်ခါ ဓမ္မတာ ရာသီသွေးသွန်ရခြင်း၊

(၂) အိမ်ထောင်ပြုပြီး လင်ယောကျ်ား၏ နောက်သို့ လိုက်ပါရခြင်း၊

(၃) ကိုယ်ဝန်ဆောင်ရခြင်း၊

(၄) မီးဖွားရခြင်း တို့ဖြစ်ကြပါတယ်။

အဲဒီလို အာဝေဏိကဒုက္ခတရားတွေကြောင့် အမျိုးသမီးများရဲ့ဘဝကို နိမ့်ကျယုတ်ညံ့သူရယ်လို့ ခန့်နှိမ် နှိပ်ကွပ်ခံရတဲ့ဖြစ်စဉ်များ ရှိနိုင်သလို မိခင်စိတ် ရှိကြတဲ့ မိခင်လောင်း၊ မိခင်ကောင်း တွေမို့ ကြီးမြတ်သူဆိုတဲ့ ဖြစ်တည်မှုကိုလည်း ရရှိရှင်သန်နိုင်ပါတယ်။ မိမိတို့ရဲ့ ရွှေချယ်မှုနဲ့ ကြိုးစား အားထုတ်မှုပေါ်မှာပဲ အများကြီး 'တာ' သွားတာဖြစ်ပါတယ်။

ယနေ့ ရုပ်ဝတ္ထုနည်းပညာတွေ တိုးတက် ထွန်းကားလာတာနဲ့ အမျှ တစ်နေ့တခြား ကြီးထွားနေတဲ့ ရုပ်ဝတ္ထုစျေးကွက်နောက်ကိုပဲ သဲကြီးမဲကြီး လိုက်နေကြတာမို့ လူသားတို့ရဲ့ နှုးညံ့လှပတဲ့ စိတ်ထားဖွံ့ဖြိုးမှုတွေ ယုတ်လျော့ကျဆင်းလာတယ်လို့ ဆိုကြပါတယ်။

ကိုးလလွယ် ဆယ်လဖွားရတဲ့ ရင်သွေးငယ် လူမမည်လေးများကို

(၃) လင်ယောကျ်ား၏ ခြေရင်း အလုပ်အကျွေးအဖြစ်ပြုရခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကင်းပြီး ရောဂါဘယဒဏ် ကာကွယ်ပေးလို့ အာဟာရဓာတ် ပြည့်စုံလှတဲ့ မိမိတို့ရဲ့ မေတ္တာနို့ရည်ကို တိုက်ကျွေး မွေးမြူ စောင့်ရှောက်ပေးလိုတဲ့ မိခင်မေတ္တာ၊ မိခင်စိတ်ဆိုတာ အမျိုးသမီးများရဲ့ ကြီးမြတ်မှုနဲ့ အလှတရားကို လင်းလက်တောက်ပစေတဲ့အရာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း မမြဲတဲ့ ရုပ်ခန္ဓာ အလှအပကိုပဲ ဦးစားပေးနေကြတဲ့ ခေတ်ကာလမှာ မြမြံခိုင်ခဲ့တဲ့ စိတ်ထား အလှဆိုတာကို သတိလက်လွတ် မေ့လျော့နေကြသူတွေ များလာပြီး မိမိရဲ့ ခန္ဓာအလှပျက်မှာစိုးလို့ မိမိရဲ့ရင်သွေး ကို မိမိရဲ့နို့ချို တိုက်ကျွေးမွေးမြူဖို့ တွန့်ဆုတ် ဝန်လေးလာကြတယ်ဆိုတဲ့ အသံတွေ မကြာ မကြာ ကြားလာရ ပါတယ်။

တချို့ကလည်း အလုပ်တာဝန် တွေကြောင့်လို့ ဆင်ခြေပေးနိုင်ပေမယ့် တကယ် တိုက်ကျွေးချင်ရင် တကယ် ကြိုးစားစီစဉ်လို့ ခဲနိုင်တဲ့ သာဓကတွေ ရှိပါတယ်။ 'စေတနာသည်ကံ' ဖြစ်တယ် လို့ ဆိုတဲ့အတိုင်း အဲဒီကံ၊ကံရဲ့ အကျိုး ပေးတွေကြောင့် ရင်သားကင်ဆာ ဖြစ် ပွားနှုန်းတွေ တိုးတက်များပြားလာတာ လားရယ်လို့ စဉ်းစားစရာပါ။

သုတေသန မှတ်တမ်းများအရ ရင်သားကင်ဆာ ဖြစ်ဖို့ အလားအလာ များတဲ့ အမျိုးသမီးတွေကတော့. . . .

(၁) အိမ်ထောင်မရှိတဲ့ အမျိုးသမီး တွေ

(၂) မိခင်နို့ကို အောင်အောင်မြင်မြင် မတိုက်ကျွေးတဲ့ သားသည်မိခင် တွေ

(၃) ဆေးလိပ် အလွန်အကျွံသောက် တဲ့ အမျိုးသမီးတွေ

(၄) ဆွေမျိုးရင်းချာတွေမှာ ရင်သား ကင်ဆာဖြစ်ဖူးတဲ့ ရာဇဝင်ရှိတဲ့ အမျိုးသမီးတွေ

ဒီလိုအမျိုးသမီးတွေမှာ တခြား အမျိုးသမီးတွေထက်စာရင် ရင်သား ကင်ဆာဖြစ်ဖို့ အလားအလာ ပိုများပါ တယ်။

ဒါပေမဲ့ ဒီစာရင်းထဲမှာ ပါနေလို့ ငါတော့ ရင်သားကင်ဆာ မလွဲမသွေ ဖြစ်တော့မှာပဲဆိုပြီး သောကရောက် မနေစေချင်ပါဘူး။

ဒီစာရင်းထဲမှာပါတဲ့ အမျိုးသမီး တွေအနေနဲ့ ပိုသတိထားပြီး ပုံမှန် စမ်း သပ် စစ်ဆေးမှုတွေ ပြုလုပ်ပေးဖို့ပဲ လိုအပ်ပါတယ်။

အဲဒီလို ပုံမှန် စမ်းသပ်မှုတွေ လုပ်ပေးခြင်းဖြင့် ရောဂါဖြစ်စ အစော ဆုံးအဆင့်မှာ တွေ့တယ်ဆိုရင် ရင်သား ကင်ဆာကို အောင်အောင်မြင်မြင်ကုသ ပေးလို့ ရပါတယ်။ အသက်အန္တရာယ်ကို မထိခိုက်နိုင်ပါဘူး။

ရင်သားကင်ဆာဟာ စောစော တွေ့ပြီး စောစောဆေးကုသမှုခံယူနိုင်ရင် သက်တမ်းစေ့ နေနိုင်တဲ့သဘော ရှိပါ တယ်။ ကိုယ့်ရဲ့ရင်သား နှစ်ဖက်လုံးကို လစဉ် ပုံမှန် စမ်းသပ် စစ်ဆေးနေဖို့ လိုအပ်ပါတယ်။ ထူးခြားတဲ့ လက္ခဏာ တွေ့ရင် ဆရာဝန်နဲ့ ချက်ချင်း ပြသဖို့ အရေးကြီးပါတယ်။

အသက် (၃၅)နှစ်နဲ့ အထက် အမျိုးသမီးတွေအနေနဲ့ Mammogram လို့ခေါ်တဲ့ ရင်သားတွေကို အထူးရိုက်တဲ့ ရင်သားဓာတ်မှန်နဲ့ နှစ်စဉ် စစ်ဆေး ကြည့်ဖို့ လိုအပ်ပါတယ်။ ဒီရင်သား ဓာတ်မှန်နဲ့ ကြည့်ပြီး စမ်းသပ်ရင် ရင် သားမှာ အလုံးအကျိတ်အနေနဲ့တောင် စမ်းလို့မရသေးတဲ့ အစောဆုံးအဆင့်ကို သိနိုင်ပါတယ်။ ရင်သားကင်ဆာက သားအိမ်ခေါင်းကင်ဆာလောက်တော့ အဖြစ် မများပါဘူး။ ဒါပေမဲ့ အသိ နောက်ကျလို့ အဆင့်လွန်မှ ဆေးကုသမှု ခံယူတယ်ဆိုရင် အသေအပျောက် များ တတ်ပါတယ်။

ဒါကြောင့်မို့ ကျွန်မတို့ အမျိုး သမီးတွေ အနေနဲ့ အပျိုဖော်ဝင်တဲ့ အချိန်ကစလို့ ဘဝတစ်သက်တာလုံး ကိုယ့်ရင်သားနှစ်ဖက်မှာ အဖုအကျိတ် အလုံးအခဲ ရှိ၊ မရှိ လစဉ် စမ်းသပ်ကြည့် ဖို့ လိုအပ်ပါတယ်။

ဘယ်အချိန် စမ်းသပ်ရရင် ကောင်းမလဲဆိုတော့ သွေးသားမွေတာ ပေါ်ပြီးစ အချိန်က သင့်တော်ပါတယ်။ ရေချိုးတဲ့အချိန်မှာ စမ်းသပ်လို့ ရပါ တယ်။ ဒါမှမဟုတ် ညအိပ်ရာဝင်ချိန် မှာလည်း စမ်းသပ်နိုင်ပါတယ်။ တစ်လ တစ်ကြိမ် ပုံမှန်လေး စမ်းသပ်သွားဖို့ အတွက် သတိထားစေချင်ပါတယ်။

အမျိုးသမီးများဟာ ကိုယ့်ရဲ့ ရင် သား နှစ်ဖက်ကို စမ်းသပ်ကြည့်တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်နဲ့ ပြသသင့်တဲ့ ထူးခြားမှု လက္ခဏာတွေကတော့ . . .

(၁) ရင်သားမှာ ဂေါ်လီလုံး၊ တွမ်းသီးလုံးတို့လို အကျိတ်အခဲလေးတွေ တွေ့ရင် ပြသင့်ပါတယ်။

(၂) နို့သီးခေါင်း ချိုင့်ဝင်နေတယ်ဆိုရင် ပြသင့်ပါတယ်။

(၃) နို့သီးခေါင်းကနေ သွေးရောင်သန်းတဲ့ အရည်တွေ ထွက်မယ်ဆိုရင် ပြသင့်ပါတယ်။

(၄) ရင်သား အရေပြားပေါ်မှာ နေရာကွက်ပြီး မူမမှန်မဟုတ်တာတွေ တွေ့ခဲ့ရင် ပြသင့်ပါတယ်။

(၅) ရင်သားနှစ်ဖက်စလုံးမှာ ဘာမှမဖြစ်ပေမယ့် ချိုင်းကြား တစ်ဖက် တစ်ချက်မှာ အကျိတ်အဖုစမ်းမိရင် ပြသင့်ပါတယ်။

အမျိုးသမီးတွေမှာ များသောအားဖြင့် ဂေါ်လီလုံးလေးလို အလုံးအဖုလေးတွေ ရှိတတ်ပါတယ်။ ကင်ဆာမဟုတ်ပါဘူး။

ဒါပေမဲ့ ဒီလိုရှိနေတာကို ပေါ့ပေါ့ဆဆ သဘောထားဘဲ ဆရာဝန်နဲ့ ပြသတာ ပိုကောင်းပါတယ်။

ဆရာဝန်နဲ့ပြသပြီး သက်ဆိုင်ရာ ဆရာဝန်က အဲဒီအလုံးအဖုလေးတွေကို ထုတ်ယူပြီး ဓာတ်ခွဲခန်းကို ပို့ကြည့်လို့ ဓာတ်ခွဲခန်းကနေ အဲဒီအလုံးအဖုလေးဟာ ကင်ဆာမဟုတ်ပါဘူးလို့ ယတိပြတ် အဖြေထွက်လာမှသာ ရာနှုန်းပြည့် စိတ်ချရပါတယ်။

အခု နောက်ပိုင်း သုတေသန ပြုလုပ်သူများအနေနဲ့ တွေ့ရှိချက်အရ ရင်သားကင်ဆာကြောင့် ဖြစ်ပွားခံစားနိုင်တဲ့ ဘေးအန္တရာယ်တွေကနေ ကယ်တင်မယ့် နည်းလမ်းကတော့ အစားအသောက်၊ ဘဝနေထိုင်မှု ပုံစံတွေ ပြောင်းလဲခြင်း၊ အာဟာရ ဖြည့်စွက်စာများ မှီဝဲခြင်း၊ ထိရောက်သောဓာတ်များ ပါတဲ့ သဘာဝဆေးများ မှီဝဲခြင်း စတဲ့ အော်လ်တာနေးတစ် ကုထုံးများပဲ ဖြစ်ပါတယ်။

ရင်သားကင်ဆာ ဖြစ်ပွားနိုင်မှု (၄၀)ရာခိုင်နှုန်းကနေ (၆၀)ရာခိုင်နှုန်း အထိ အားပေးအားမြောက်ပြုတဲ့အစား အစာတချို့ကို ရှောင်ကြဉ်နိုင်ဖို့ ဦးစွာ ပြောပြပေးလိုပါတယ်။

အကြေမ်ပေါင်း(၁၀၀)ကျော် ပြုလုပ်ခဲ့တဲ့ သိပ္ပံနည်းကျ သုတေသန တွေ့ရှိချက်တွေအရ အမဲသား၊ သိုးသား၊ ဆိတ်သား၊ ဝက်သားများနဲ့ နို့ထွက်ပစ္စည်းများမှာ ဆီအဓိုးအစားအနေနဲ့ ပြည့်ဝဆီတွေပါဝင်ပြီး အဲဒီအစားအစာတွေဟာ ကင်ဆာကျိတ်တွေကို အာဟာရ ဖြည့်ပေးသလိုပါပဲလို့ဆိုပါတယ်။ ဒါကြောင့် အဲဒါတွေကို မစားသောက်ဘဲ ရှောင်ကြဉ်ခြင်းအားဖြင့် ကင်ဆာ ဖြစ်စေမယ့် အကျိတ်တွေ ကြီးထွားမှု၊ တိုးပွားလာမှုတို့ကို လျော့ချနိုင်မှာ ဖြစ်ပါတယ်။

နို့ထွက်ပစ္စည်းနဲ့ ပတ်သက်ပြီး ထွက်ကုန်အားလုံးကို ရင်သားကင်ဆာ အတွက် ရှောင်ကြည်ရမှာဖြစ်ပါတယ်။ အဆီနဲ့ သကြားမပါတဲ့ နို့ထွက်ပစ္စည်းတွေလည်း ပါဝင်တယ်လို့ ဆိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မွေးမြူရေးခြံထွက် နွား၊ သိုး၊ ဆိတ်၊ ကျွဲတွေကို နို့ထွက်ကောင်းအောင် ဟော်မုန်း တစ်မျိုးကို ကျွေးရပါတယ်။ အဲဒီဟော်မုန်းက bovine Papilloma Virus လို့ ခေါ်တဲ့ ရင်သားကင်ဆာကျိတ်ကို ကြီးထွားစေတဲ့ ဗိုင်းရပ်စ်ပိုးတစ်မျိုးကို တိုးပွားစေပါတယ်။

လိုဝမ်သယ်လ် (Lowenthal) လို့ ခေါ်တဲ့ အရိုးနဲ့ကင်ဆာ ပညာရှင်က အနောက်နိုင်ငံက အမျိုးသမီးတွေ ရင်သားကင်ဆာ ဖြစ်ပွားမှုနှုန်း မြင့်မားရတဲ့ အဓိကအကြောင်းရင်းက မွေးမြူရေးခြံထွက် နို့ထွက်ပစ္စည်းတွေကို စားသုံးကြလို့ ဖြစ်ကြောင်း ထောက်ပြပါတယ်။

နို့မှာ ဗီတာမင်(D) ကြွယ်ဝစွာ ပါဝင်ပေမယ့် အဆိုပါ ဘေးထွက်ဆိုးကျိုး အနေအထားကြောင့် ကယ်လ်စီယမ်နဲ့ ဗီတာမင်(D) ဆေးပြားများကိုသာ အသုံးပြုသင့်တယ်လို့ ဆိုပါတယ်။

ပြီးတော့ အခုခေတ်မှာ သကြားများ အားလုံးနီးပါးဟာ သန့်စင်ထားတဲ့ သကြားဖြူ (Refined White Sugar) များသာ ဖြစ်တယ်လို့ သိရပါတယ်။ အဲဒါတွေကို စားသုံးတဲ့အခါ သွေးတွင်းသကြားဓာတ်အဖြစ် ပြောင်းလဲသွားပါတယ်။

Type-2 ဆီးချို သွေးချိုသမားများအတွက် အင်ဆူလင်ဟော်မုန်းကို လျော့ကျစေပြီး ကင်ဆာအကျိတ်များအတွက် ကြီးထွား ဖွံ့ဖြိုးစေတဲ့ အာဟာရ ကျွေးသလိုဖြစ်စေတဲ့လမ်းတွက်

www.burmeseclassic.com

သကြားနဲ့ သကြားပါဝင်မှု များပြားတဲ့ အစားအသောက်တွေကို ရှောင်ကြည်ရမှာ ဖြစ်ပါတယ်။

ခန္ဓာကိုယ်ရဲ့ ခွန်အားနဲ့ စွမ်းရည်ကို ဖြစ်စေတဲ့ သဘာဝ ဇီဝကမ္မ ဖြစ်စဉ်(Metabolism)အတွက် သကြားဓာတ်က များစွာအထောက်အကူပြုတဲ့ အတွက် သဘာဝသကြားဓာတ် ရရှိစေတဲ့ သစ်သီးများနဲ့ သစ်သီးဖျော်ရည်များကိုသာ တစ်ပတ်ကို (၂)ကြိမ် သောက်သုံးပေးမယ်ဆိုရင် လုံလောက်ပါတယ်။

နယူးဂျာစီပြည်နယ်မှာ ကင်ဆာရောဂါကုဌာနက ဒေါက်တာချားလ်စ် ဆိုင်မွန် (Charles Simone)က သူ့ရဲ့ ကင်ဆာလူနာတွေကို ရေကို ပေါင်းခံတဲ့ စက်တွေ ဝယ်ခိုင်းတယ်လို့ ကြားသိရပါတယ်။ အဲဒီစက်ဟာ မြန်မာငွေ (၂) သိန်းလောက် ကုန်ကျပါတယ်။ ဒါပေမဲ့ ရရှိတဲ့အကျိုးကျေးဇူးက ကြီးမားတယ်လို့ ဆိုပါတယ်။ သာမန်ရေတွေမှာ ကင်ဆာရောဂါကိုဖြစ်စေတဲ့ ကာစီနိုဂျင် (Carcinogen)လို့ခေါ်တဲ့ ဓာတ်ပစ္စည်းတွေ ပါဝင်တယ်လို့လည်း ထောက်ပြထားပါတယ်။

ပေါင်းခံရေဟာ Carcinogen တွေကို ဖယ်ရှားပစ်ပါတယ်တဲ့။ဒါကြောင့် သင့်မှာ ကင်ဆာရောဂါလက္ခဏာတွေ ရှိရင် အဆိုပါ ရေပေါင်းခံစက်(Water Distiller)တွေကို လျှပ်စစ်စွမ်းအင်ကြီးတွေ၊ ကုန်တိုက်တွေမှာ မေးမြန်းဝယ်ယူသုံးစွဲနိုင်ပါတယ်။

Carcinogen ဓာတ်တွေဟာ အယ်ကိုဟော(Alcohol) ထဲမှာ ပိုမိုပါဝင်ပါတယ်။ ပေါင်းခံရေနဲ့ထုတ်တဲ့ အရက်မှာတောင် Carinogen ပါဝင်ပါတယ်။ တစ်ပတ်မှာ (၂)ကြိမ် (၃)ကြိမ် သောက်သူများ၊ သောက်တဲ့နှုန်းထားကတော့ ဝီစကီဆိုရင် တစ်ခါသောက် (၄)အောင်စ၊ ဝိုင်ဆိုရင် တစ်ခါသောက် (၄)အောင်စ၊ ဘီယာဆိုရင်(၁၂)အောင်စ သောက်သူများဟာ ရင်သားကင်ဆာ ဖြစ်နိုင်ခြေနှုန်း မြင့်မားပါတယ်။

Alcohol ဟာ ရင်သားကင်ဆာ ကျိတ်ကို ကြီးထွားမှုနှုန်း (၂)ဆပိုစေပါတယ်။

အရင်တုန်းကတော့ ဒီတွေ့ရှိချက်ဟာ ကျွန်မတို့ မြန်မာအမျိုးသမီးတွေအတွက် မသက်ဆိုင်ဘူးလို့ ယူဆနိုင်ပေမယ့် အခုတော့ အတုခိုးစရာ မဟုတ်တဲ့ ပြည်ပနိုင်ငံက အကျင့်စရိုက်တွေကို အတုယူမှားနေကြတဲ့ အမျိုးသမီးတချို့ သတိပြု ဆင်ခြင်စရာ ဖြစ်ပါတယ်။

ဆေးလိပ်ထဲမှာလည်း ကင်ဆာရောဂါအတွက် နာမည်ကျော် (Cacinogen) အမြောက်အများ ပါဝင်ပါတယ်။ ကြောက်စရာကောင်းတာက ကင်ဆာရောဂါဖြစ်ပွားမှု အားလုံးရဲ့ (၃၀) ရာခိုင်နှုန်းလောက်ဟာ ဆေးလိပ်သောက်သုံးခြင်း (သို့) ဆေးလိပ်မီးခိုးတွေ ရှူသွင်းမိခြင်းကြောင့် ဖြစ်ပါတယ်။

ဆေးလိပ်မီးခိုးငွေ့တွေဟာ ကင်ဆာ ဖြစ်စေတဲ့ Free Radicals တွေ ဖြစ်ပါတယ်။ ဖရီးရက်ဒီကယ်တွေဟာ မော်လီကျူးတွေနဲ့ DNA ဆဲလ်တွေကို ဖျက်ဆီးပစ်ပါတယ်။ နောက်ပြီး ကင်ဆာရောဂါကို ဟန့်တားပေးတဲ့ ဗီတာမင်စီလို့ ဗီတာမင်တွေကိုတောင် လောင်ကျွမ်းစေတဲ့အတွက် အလွန်ကြောက်စရာကောင်းပါတယ်။

တကယ်လို့များ သင်ဟာ ဆေးလိပ် စွဲစွဲမြဲမြဲသောက်သူ ဆိုရင်တော့ ရင်သားကင်ဆာဖြစ်နိုင်ခြေ အလွန်များနေပါပြီ။ ဒါကြောင့် မိမိအတွက်ကော သူတစ်ပါးအတွက်ပါ ဆေးလိပ်သောက်သုံးခြင်း အလေ့အထကို ရှောင်ကြဉ်စေချင်ပါတယ်။

ကင်ဆာရောဂါဟာ အောက်ဆီဂျင် ချို့တဲ့တဲ့ ပတ်ဝန်းကျင်မှာ ဖြစ်ပွားတတ်ပါတယ်။ ညင်သာတဲ့ အေရိုဘစ်လေ့ကျင့်ခန်းလိုမျိုး လေ့ကျင့်ခန်းမျိုးဟာ ခန္ဓာကိုယ်ကို အောက်ဆီဂျင်ဓာတ် ဖြစ်ပေါ်စေနိုင်ပါတယ်။ အဲဒါအပြင် ကင်ဆာရောဂါကို တိုက်ဖျက်နိုင်တဲ့ ခန္ဓာကိုယ်က အလိုအလျောက် ခုခံအား စနစ်ကိုလည်း လှုံ့ဆော် မြှင့်တင်ပေးတယ်။ ဆရာလည်းမလို့၊ ငွေကုန်ခံလည်းမရှိတဲ့ အကောင်းဆုံးလေ့ကျင့်ခန်းကတော့ ဖြည်းဖြည်းနဲ့ ပုန်မှန် လျှောက်ခြင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာဆိုင်မွန်ဆိုသူရဲ့ ထုတ်ပြန် ကြေညာချက်အရ သူဆီ ရောက်လာတဲ့ ရင်သားကင်ဆာ ဝေဒနာရှင် (၄၀)ရာခိုင်နှုန်းကျော်ဟာ ဘာလေ့ကျင့်ခန်းမှ မလုပ်ကြတာ တွေ့ရှိရပါတယ်တဲ့။ သူတို့ဟာ ရင်သားကင်ဆာအပြင် နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ခြေတွေပါ တွေ့ရတယ်လို့ဆိုပါတယ်။

နှလုံးသွေးကြောရောဂါနဲ့ ပြင်းထန်တဲ့ နာတာရှည်ရောဂါသမားများမှလွဲပြီး လမ်းကို တစ်ကြိမ်လျှင် (၂)မိုင်နှုန်းအထိ တစ်ပတ်ကို (၄)ကြိမ် လျှောက်ရပါမယ်။ စစချင်းဆိုတော့ ခရီးတိုလေးတွေက စ,လျှောက်စေချင်ပါတယ်။ နောက်မှ တဖြည်းဖြည်း တိုးမြှင့်သွားသင့်ပါတယ်။

စိတ် ပူပင်စိုးရိမ်မှု များခြင်း၊ အတွေးများခြင်းတို့ဟာ စိတ်ဖိစီးမှုကို ဖြစ်ပွားစေပြီး ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို အားနည်းစေပါတယ်။ စိတ်သက်သောင့်သက်သာ ရှိနေတဲ့အခါမှာ ခန္ဓာကိုယ်ခုခံအားစနစ်ဟာ အားကောင်းသန်မာနေပြီး ကင်ဆာရောဂါဖြစ်နိုင်တဲ့ အခြေအနေမှန်သမျှကို ခုခံနိုင်ပါတယ်။

ဒေါက်တာဆိုင်မွန်ရဲ့ သုတေသန မှတ်တမ်းများအရ သူဟာ သူ့ရဲ့ ရင်သားကင်ဆာလူနာများကို စိတ်ဖိစီးမှု သက်သာစေဖို့ အောက်ပါနည်းလမ်းတွေ ပေးပါတယ်တဲ့။

(၁) ရေနွေးချိုးပေးပါ။

(၂) အေးမြချိုသာတဲ့ ဂီတသံတွေ နားဆင်ပါ။

(၃) မိမိ ကိုးကွယ်တဲ့ဘုရားမှာ ဆုတောင်းပါ။ တရားထိုင်ပေးပါ။ အသက်ရှူခြင်းကဲ့သို့သော ဖြစ်စဉ်တစ်ခုတည်းပေါ်မှာ စိတ်ကို စူးစိုက်ထားပါ။

(၄) မိမိချစ်ကျွမ်းဝင်သူနဲ့ ကိုယ်ခန္ဓာထိတွေ့ပေးပါ။

နောက် တစ်ခု အရေးကြီးတဲ့တွေ့ရှိချက် တစ်ခုက တစ်နေ့တာမှာ ဘရာစီယာကို (၁၂)နာရီနဲ့အထက် ဝတ်ဆင်တဲ့ အမျိုးသမီးများဟာ ရင်သားကင်ဆာဖြစ်ပွားမှုနှုန်း မြင့်မားတယ်လို့ သုတေသနတစ်ရပ်က ဆိုပါတယ်။

ဆေးပညာနဲ့ မနုဿဗေဒပညာရှင်ဆစ်ဒနီရိုစ်ဆင်ဂါ (Sydney Ross Singer)နဲ့ သူ့ရဲ့လက်ထောက်လည်းဖြစ်၊ ဇနီးလည်းဖြစ်တဲ့ ဆိုမာဂရစ်မိုင်ဂျာ (Soma Grismaijer) တို့ဟာ ရင်သားကင်ဆာဖြစ်ပွားသူ အမျိုးသမီး(၂၀၀၀)နဲ့ မဖြစ်ပွားသူ အမျိုးသမီး(၂၀၀၀)တို့ကို

အပျိုဖော်ဝင်တဲ့ အချိန်ကစလို့ ဘဝတစ်သက်တာလုံး ကိုယ့်ရင်သားနှစ်ဖက်မှာ အပုအကိုတ် အလုံးအခဲ ရှိ/မရှိ လစဉ် စမ်းသပ်ကြည့်ဖို့ လိုအပ်ပါတယ်။

BURMESE CLASSIC

သုတေသနပြုလုပ်ခဲ့ရာမှာ ဘရာစီယာဝတ်ခြင်းရဲ့ ဆိုးကျိုးကို တွေ့ရှိခဲ့ပြီး "Dressed To Kill:The Link Between Breast Cancer And Bras" ဆိုတဲ့စာအုပ်ကို ရေးသားခဲ့ပါတယ်။

အဲဒါဟာ ဘယ်လောက်ထိ တောင် ဆိုးရွားသလဲဆိုရင် ရင်သားကင်ဆာနဲ့ ဘရာစီယာဟာ အဆုတ်ကင်ဆာနဲ့ စီးကရက် ဆက်နွယ်မှုထက် တောင် ပိုတယ်လို့ ဆိုပါတယ်။

ဆင်ဂါ အထူး ထောက်ပြထားတာကတော့ ကျပ်ထုပ်နေတဲ့ အတွင်းခံများ ဖြစ်ပါတယ်။ အဲဒီအတွင်းခံအဝတ်



www.burmeseclassic.com

www.burmeseclassic.com

စိတ် ပူပင်စိုးရိမ်မှုများခြင်း၊ အတွေးများခြင်းတို့ဟာ စိတ်ဝိစီးမှုကို ဖြစ်ပွားစေပြီး ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို အားနည်းစေပါတယ်။

များဟာ ဆဲလ်တွေကနေ မလိုအပ်တဲ့ စွန့်ပစ်ပစ္စည်းတွေကို စီးဆင်းစွန့်ထုတ်ပေးတဲ့ ပြန်ရည်ကြောများကို ချုပ်နှောင်သလိုဖြစ်ပြီး ခန်းခြောက်စေတယ်လို့ ဆိုပါတယ်။ တကယ်လို့ အသင်မာဘရာစီယာတွေကို ကြာကြာဝတ်ထားမယ်ဆိုရင် သင့်ရင်သားဆဲလ်များရဲ့ အဆိပ်များဟာ ထွက်ပေါက်မရှိဘဲ ပိတ်မိနေလေလေ ဖြစ်နေကတ်ပါတယ်။ အဲဒီလိုနဲ့ နှစ်ပေါင်းများစွာ ကြာလာတဲ့အခါမှာ ရင်သားကင်ဆာ ဖြစ်ပွားလာနိုင်ပါတယ်။

ဒါကြောင့် ဒေါက်တာဆင်ဂါဟာ အမျိုးသမီးတွေကို "Risk Free-Cost Free - Life Style" ဆိုပြီး အကြံပြုပါတယ်။ အခုအခါမှာလည်း ကမ္ဘာပေါ်မှာ ဘရာစီယာမဝတ်တဲ့နေ့ "No Bras day" ဆိုပြီး နေ့တစ်နေ့သတ်မှတ်ထားပါတယ်။

ဒါကြောင့် မိမိတို့ ယဉ်ကျေးမှုအနေအထားအရ လုံးဝမဝတ်ဘဲ မနေနိုင်ရင်တောင်မှ တစ်နေ့ကို (၁၂) နာရီခန့်ကို ဘရာစီယာမဝတ်ဘဲ နေသင့်ပါတယ်။ အဖြစ်နိုင်ဆုံးကတော့ အိပ်စက်ချိန်နဲ့ မိမိတစ်ဦးတည်း သီးခြားရှိနေချိန်များမှာ မဝတ်ဘဲ နေလို့ရရင် နေသင့်ပါတယ်။

ရင်သားကင်ဆာ ကြီးထွားမှုကို လျော့ချပေးနိုင်တဲ့ သီးခြားအာဟာရဓာတ်တွေရှိတယ်လို့ အုတ်ကလာဟိုးမား (Oklahoma) မှာရှိတဲ့ ကင်ဆာကို အာဟာရနဲ့ ကုသတဲ့ဌာနက ပါရဂူဒေါက်တာပတ်ထရစ်ကွီလင် (Patrick Ruillin)က ဆိုပါတယ်။

အထူးသဖြင့် ရင်သားကင်ဆာဝေဒနာရှင်များအတွက် သူက သီးခြားအာဟာရအချို့ ရည်ညွှန်းထားပါတယ်။ အဲဒါတွေကို မိမိရဲ့ဆရာနဲ့ ညှိနှိုင်း တိုင်ပင်ပြီး အသုံးပြုသင့်ပါတယ်။

Conjugated Linoleic Acid (CLA) ဟာ တိရစ္ဆာန်တွေရဲ့ အဆီဖွဲ့စည်းမှုတစ်ခုဖြစ်ပြီး စားကျက်နဲ့ ကွင်းပြင်ကြီးတွေထဲမှာ သဘာဝအတိုင်း လွတ်ကျောင်းထားတဲ့ ကျွဲ၊ နွား၊ သိုး၊ ဝက်နဲ့ ကြက်တွေမှာ ရှိပါတယ်။ မွေးမြူရေး တိရစ္ဆာန်တွေမှာတော့ မရှိပါဘူး။ CLA ဟာ ဆဲလ်တွေရဲ့ အပေါ်ယံမှာ ရှိပြီး အဲဒီဆဲလ်တွေဟာ ပုံမှန်ဆဲလ်တွေလား၊ ကင်ဆာဖြစ်စေတဲ့ဆဲလ်တွေလားဆိုတာကို ခုခံအားစနစ်ကို သတင်းပေးပို့တဲ့ အလုပ်ကို လုပ်ပါတယ်။

CLA ချို့တဲ့ရင် ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ဟာ ကင်ဆာဆဲလ်တွေကို မမှတ်မိနိုင်တော့တဲ့အတွက် နှိမ်နင်းဖို့ မလွယ်ကူတော့ပါဘူး။

ရင်သားကင်ဆာ ဝေဒနာရှင်တွေဟာ CLA ပါဝင်တဲ့ ဖြည့်စွက်စာကို တစ်နေ့ (၃၀၀၀) မီလီဂရမ်လောက် စားသုံးသင့်တယ်လို့ ဒေါက်တာကွီလင် (Dr. Quillin)က ဆိုပါတယ်။

ပဝိစစ်နဲ့ ပြုလုပ်ထားတဲ့ အစားအစာတွေကို စားသုံးပေးခြင်းဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုကို လျော့ချနိုင်ပါတယ်။ ပဝိစစ်ထဲမှာပါတဲ့ Genistein ဆိုတဲ့ အာဟာရဓာတ်ဟာ ကင်ဆာရောဂါကို စွမ်းအားမြှင့်တိုက်ဖျက်ပေးတဲ့ ဓာတ်စာ ဖြစ်ပါတယ်။ အဲဒီဓာတ်က ကင်ဆာဆဲလ်တွေကို သေစေပါတယ်။ ခန္ဓာကိုယ်က ကင်ဆာကျိတ်တွေကို ဟန့်တားပါတယ်။ သွေးကြောတွေထဲက ကင်ဆာဆဲလ်တွေကို ရှုပ်ဖာန့်ပစ်ပါတယ်။

ကွဲလွဲတဲ့ အယူအဆတစ်ခုတော့ အချို့ဆရာဝန်တွေဟာ ပဝိစစ်မှာ ပါဝင်တဲ့ Phytoestrogen ဆိုတဲ့ ဓာတ်က မဟော်မုန်းဖြစ်တဲ့ အီစထရိုဂျင် (Estrogens)ဓာတ် လွန်ကဲမှုဖြစ်စေပြီး ကင်ဆာရောဂါကို အရှိန်မြှင့်ပေးသလို ဖြစ်တယ်လို့လည်း ဆိုထားတာ ရှိပါတယ်။

ဒါပေမဲ့ ဒီအဆိုကို ဒေါက်တာကွီလင်က ငြင်းဆိုပါတယ်။ ပဝိစစ်မှာ ကြွယ်ဝစွာပါဝင်တဲ့ Genistein ဆိုတဲ့ ဓာတ်ဟာ ရင်သားကင်ဆာကို ကောင်းစွာ ကာကွယ်ပေးနိုင်တဲ့အတွက် တစ်နေ့ကို (၆)မီလီဂရမ်ခန့် ဖို့ဝပေးနိုင်တယ်လို့ ဆိုပါတယ်။

ကိုအင်ဇိုင်း (co-enzyme) Q10 ဆိုတဲ့ အာဟာရဓာတ်ဟာ ခန္ဓာကိုယ်မှာ အလုပ်လုပ်နေတဲ့ ကောင်းမွန်တဲ့ ဆဲလ်တွေကို စွမ်းအားမြှင့်တင်ပေးပါတယ်။ အဲဒီအာဟာရဓာတ်ဟာ သင် ငယ်ရွယ်စဉ် (ဒါမှမဟုတ်) ကျန်းမာသန်စွမ်းစဉ်အခါမှာ ခန္ဓာကိုယ်က အလိုအလျောက် ထုတ်ပေးပါတယ်။ ဒါပေမဲ့ အိုမင်းတဲ့အခါနဲ့ နာမကျန်းဖြစ်တဲ့အခါမှာ ကိုအင်ဇိုင်း Q10 တွေ ပြတ်လပ်သွားပြီး အဲဒီအခြေအနေဟာ ကင်ဆာကျိတ်တွေကို ဖြစ်ပွားစေနိုင်ပါတယ်။

ဒါကြောင့်မို့ ရင်သားကင်ဆာဝေဒနာရှင်တွေဟာ ကိုအင်ဇိုင်း Q10 ပါဝင်တဲ့ ဖြည့်စွက်အာဟာရကို တစ်နေ့ (၁၀၀) မီလီဂရမ် ဖို့ဝပေးသင့်တယ်လို့ အာဟာရ ပညာရှင် ဒေါက်တာကွီလင်က ညွှန်းထားပါတယ်။

နှလုံးစိတ်ဝမ်းဩမ်းချမ်းကြပါစေ။

ဒေါက်တာနိုက်တင်ဝေဆော်

www.burmeseclassic.com

www.burmeseclassic.com

မိုးရာသီမှာ ပြဿနာတတ်သဲ့ သွေးလွန်တုပ်ကွေးရောဂါ

ရီရီငွေး

မိုးရေစက်များ ဖြိုင်ဖြိုင်ရွာသွန်းပြီးတဲ့ မိုးတွင်းကာလတွင် အဖြစ်များသော ရောဂါမှာ အဖျားရောဂါပင် ဖြစ်ပါတယ်။ ကျောင်းသွားကျောင်းပြန်တွင် မိုးမိကာ ကလေးငယ်များ၌ အဖျားရောဂါ ဖြစ်ပွားတတ်ပါတယ်။

အဖျားရောဂါ ဖြစ်ပါက နီးနီးအဖျားရောဂါလော၊ သွေးလွန်တုပ်ကွေးအဖျားရောဂါလော ဆိုပြီး မိဘများက ပူပင်သောက ရောက်ကြပါတယ်။ သွေးလွန်တုပ်ကွေးရောဂါဟာ မိဘများ စိတ်ပူမယ်ဆိုရင် ပူသင့် ပူထိုက်တဲ့ ရောဂါပဲ ဖြစ်ပါတယ်။

ဒီရောဂါဟာ အခန့်မသင့်ရင် အသက်ကိုပါ အန္တရာယ် ပေးနိုင်တဲ့အတွက် မိမိရဲ့ရင်သွေးငယ် ဖျားနာပါက သွေးလွန်တုပ်ကွေး ဟုတ်၊ မဟုတ် သိရန် လိုအပ်ပါတယ်။

သွေးလွန်တုပ်ကွေးရဲ့ ရောဂါလက္ခဏာများကို မိဘတိုင်း သိထားသင့်ပါတယ်။ သို့မှသာ မိမိရင်သွေးရဲ့ရောဂါကို သေချာစွာ ဆန်းစစ်နိုင်မှာ ဖြစ်ပါတယ်။

ထိုရောဂါဟာ အသက် (၃)နှစ်မှ (၈)နှစ်အထိ အဖြစ်များပြီး အသက် (၁၂)အရွယ် ကလေးငယ်များအထိ ဖြစ်နိုင်ကြောင်း တွေ့ရှိရပါတယ်။

ဒီရောဂါဟာ နာတာရှည်ရောဂါ မဟုတ်ပါ။ အကယ်၍ ရင်သွေးငယ်ဟာ အဖျားရောဂါ ခံစားရပြီး ခြောက်ရက်၊ ခုနစ်ရက် ကြာတဲ့အထိ ဖျားနေပါက သွေးလွန်တုပ်ကွေးဖြစ်ရန် ခဲယဉ်းပါတယ်။ ဒါဟာ ရိုးရိုးအဖျားရောဂါပဲ ဖြစ်ပါတယ်။

သွေးလွန်တုပ်ကွေး ဘာကြောင့်ဖြစ်ရသလဲ

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ရခြင်း အကြောင်းရင်းမှာ ဗိုင်းရပ်စ် ရောဂါပိုးများ သယ်ဆောင်လာတဲ့ **အေးဒီးစ် (AEDES) ခေါ် ခြင်ပုန်းသို့မဟုတ် ခြင်ကွား** ကြောင့်ပင် ဖြစ်ပါတယ်။

ခြင်ပုန်း၊ ခြင်ကျားများတွင် သွေးလွန်တုပ်ကွေး ဖြစ်စေတတ်တဲ့ ခြင်မှာ ခြင်မများပဲ ဖြစ်ပါတယ်။

ခြင်ကျားခြင်မများဟာ သွေးလွန်တုပ်ကွေးဖြစ်နေတဲ့ ကလေးငယ်ရဲ့ သွေးကို စုပ်ယူခြင်းဖြင့် ခြင်မများရဲ့ ဝမ်းဗိုက်ထဲသို့ ဗိုင်းရပ်စ်ပိုးများ ရောက်ရှိလာပါတယ်။

မေးဒီးစ် ခြင်အထီးများမှာမူ လူကို ကိုက်ခြင်းမရှိပေ။ အပုပ်အစပ်များကို စုပ်ယူစားသောက်ခြင်းဖြင့် အသက်ရှင် နေထိုင်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရောဂါရှိတဲ့ ကလေးငယ်ထံမှ သွေးကို စုပ်ယူထားသော ခြင်မဟာ နောက်ထက် ကလေးငယ်ရဲ့ သွေးကို စုပ်ယူသောအခါ ခြင်မရဲ့ ဝမ်းဗိုက်ထဲမှ ဗိုင်းရပ်စ်ရောဂါပိုးများဟာ အကိုက်ခံရတဲ့ ကလေးငယ်ဆီကို ရောက်ရှိသွားပြီး သွေးလွန်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားပါတယ်။ ရောဂါ စတင်ဖြစ်ပွားခါစမှာ တောင်းစွာ ဆေးကုသမှု မခံယူပါက အသက်ဆုံးရှုံးတဲ့အထိ ဖြစ်စေနိုင်ပါတယ်။

သို့သော် ခြင်ပုန်း ခြင်ကျားကိုက်တိုင်းလည်း ထိုရောဂါ မဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ခြင်ပုန်း ခြင်ကျားမှာ အကောင်ကြီးမျိုးမဟုတ်ဘဲ အကောင်ငယ် အမျိုးအစားဖြစ်ပြီး နေ့အခါမှသာ လူကို သွေးစုပ်ပါတယ်။ ထိုခြင်မျိုးဟာ ရေကြည်မှာသာ ပေါက်ဖွားပြီး အများအားဖြင့် ၎င်းတို့ပေါက်ဖွားတဲ့နေရာဟာ ရေစည်၊ ရေအိုး၊ ပန်းအိုး၊ ညောင်ရေအိုး၊ ကြောင်အိမ်ခြေထောက်၌ ခံထားတဲ့ ခွက်များအတွင်း ပေါက်ဖွားတတ်ပါတယ်။ ထိုနေရာများ၌ ခြင်မက ဥဉပြီး ခြင်သားလောင်း (သို့) ခြင်လောက်လန်းဘဝမှ ခြင်ဖြစ်လာခြင်းဖြင့် ခြင်သဲ့သရာလည်စေပါတယ်။

သွေးလွန်တုပ်ကွေး ရောဝါလက္ခဏာများ

◆ သွေးလွန်တုပ်ကွေး ရောဂါ အဖြစ်များသော အရွယ်မှာ အသက် ၃ နှစ်မှ ၈ နှစ်အရွယ် ကလေးများဖြစ်ပြီး အသက် ၁၂ နှစ်အရွယ်အထိ ဖြစ်ပွားနိုင်ပါတယ်။

◆ ကလေးငယ်ရဲ့ အဖျားရောဂါဟာ သုံးရက်မှ ငါးရက်အထိ ဖျားတတ်ပါတယ်။

◆ ကလေးဖျားစဉ် ပျို့အန်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ခံတွင်းပျက်ခြင်း ဖြစ်တတ်ပါတယ်။

◆ နှာစေး၊ ချောင်းဆိုးခြင်း မရှိပေ။ နှာစေး၊ ချောင်းဆိုးပါက အအေးမိ၊ ဖျားနာ ဖြစ်တတ်ပါတယ်။

◆ ကလေးငယ်ရဲ့ မျက်နှာဟာ ညှိုးနွမ်းပြီး မှိန်နေတတ်ပါတယ်။

◆ အထူးသဖြင့် သွေးလွန်တုပ်ကွေး ရောဂါရှင် ကလေးငယ်များဟာ သွေးလန့်တဲ့ လက္ခဏာ ရှိပါတယ်။

ဤလက္ခဏာကို တွေ့ရှိရပါက ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးရောက်အောင် ပို့ပေးပြီး ဆေးကုသမှု ခံယူသင့်ပါတယ်။

◆ နောက်ကျပါက ကလေး အသက်အန္တရာယ် ဆိုးရွားမှုယ်ရှိပါတယ်။

◆ သွေးလွန်တုပ်ကွေး ဖြစ်တဲ့ ကလေး ၂၀ ယောက်မှာ တစ်ယောက် သို့မဟုတ် နှစ်ယောက် သွေးလန့်တတ်ပါတယ်။

◆ သွေးလန့်ခြင်းဟာ အန္တရာယ်ရှိ လက္ခဏာဖြစ်လို့ သွေးလန့်တဲ့ကလေး များကို ဆေးရုံတင်ပြီး အတွင်းလူနာ အဖြစ် ကုသမှုခံယူရပါမယ်။

ခဏွေးလန့်တဲ့ လက္ခဏာများ

◆ သွေးလွန်တုပ်ကွေး ဖြစ်နေတဲ့ ကလေးငယ်များဟာ သုံးရက်မှ ငါးရက် အတွင်း ကိုယ်ပူချိန်မြင့်တက်ကာ အဖျားလွန်တတ်ပါတယ်။

◆ ထို့နောက် ချက်ချင်းပင် အဖျား ကျလာပြီး ခြေဖျား၊ လက်ဖျားများ အေးစက်သွားတတ်ပါတယ်။

◆ သွေးဖိအားကျဆင်းပြီး သွေးခုန်နှုန်း အားလျော့သွားတတ်ပါတယ်။

◆ တစ်ခဏအကြာမှာ သွေးခုန်နှုန်း တိုးလာပြီး အသက်ရှူမြန်လာတတ်ပါတယ်။

◆ သွေးခုန်နှုန်း မတည်ငြိမ်မှုများ ဖြစ်လာတတ်ပါတယ်။

◆ ၎င်းအပြင် ခံတွင်းပျက်ခြင်း၊ ပျို့အန်ခြင်းတို့ ဖြစ်တတ်ပြီး ပျို့အန်ပါက ကော်ဖီရောင် အညိုအမည်းများ ပါလာတတ်ပါတယ်။

◆ အထူးသတိပြုရန် အချက်မှာ ကလေးငယ် ဖျားနာနေစဉ်အတွင်း ကော်ဖီ၊ လက်ဖက်ရည် မတိုက်သင့်ပါ။

◆ အဘယ်ကြောင့်ဆိုသော် ကော်ဖီ၊ လက်ဖက်ရည် တိုက်ထားပါက ကလေးအန်သောအခါ ကော်ဖီရောင် အညိုအမည်းများနှင့် မှားတတ်သောကြောင့် ဖြစ်ပါတယ်။

◆ ၎င်းအပြင် ကလေးငယ်ညှိုးနွမ်းပြီး မှိန်းနေစဉ် နှာခေါင်းသွေးယိုခြင်း (နှာခေါင်း သွေးလျှံခြင်း)၊ မျက်နှာနှင့် ကျောပြင်တွင် အနီအစက်အပြောက်များ ပေါ်လာခြင်း။

◆ ဝမ်းသွားသောအခါ ဝမ်းမည်းများ သွားခြင်း။

◆ ဝမ်းဗိုက်ညာဘက်အခြမ်း ထိုးအောင့်တတ်ခြင်း။

စသဲ့ သွေးလန့်တဲ့ရောဂါလက္ခဏာများ တွေ့ရှိပါက ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးပို့ပြီး ကုသမှုခံယူပါ။

www.burmeseclassic.com

www.burmeseclassic.com

ဒေတ်ခွဲခန်း၌ စမ်းသပ်ချက်

◆ ကလေးငယ်အား Blood for P.C.V ဟုခေါ်တဲ့ သွေးဆဲလ်ပမာဏ တိုင်းတာခြင်း ဆောင်ရွက်ပေးပါတယ်။

◆ ထို test ကို စမ်းသပ်ခြင်းဖြင့် ကလေးငယ်တွင် သွေးဆဲလ်ပါဝင်နှုန်း အနည်းအများကို သိရှိနိုင်ပါတယ်။

◆ တစ်နှစ်အရွယ် ကလေးငယ်ရဲ့ စံနှုန်းဟာ ၃၅ ရာခိုင်နှုန်းဖြစ်ပြီး ရှစ်နှစ် အရွယ် စံနှုန်းဟာ ၃၇. ၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ထိုထက်များစွာ လျော့နည်း နေပါက သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်ပါတယ်။

◆ ဒုတိယ စမ်းသပ်ချက်မှာ ဟပ်စ် (Hess test) စမ်းသပ်ချက် ဖြစ်ပါတယ်။ ကလေးငယ်ရဲ့ လက်မောင်းတွင် သွေးဖိအားတိုင်းတာတဲ့ ကိရိယာကိုပတ်ထား ပြီး 80 m.m Hg ထားကာ ငါးမိနစ်ခန့် စောင့်ကြည့်ပါ။

◆ ကလေးငယ်ရဲ့ တံတောင်ဆစ် ကွေးအောက်ရှိ လက်ဂါမျိုကိန္နာပြင်ကို ကြည့်ပါ။

◆ ထိုနေရာ၌ အနီအစက်ပြောက် ကလေးများ များစွာပေါ်နေပါက (Hess test = Positive)ဖြစ်ပါတယ်။

◆ ဤသို့ဖြစ်လျှင် သွေးလွန်တုပ် ကွေးရောဂါ ဖြစ်နိုင်ပါတယ်။

သွေးလွန်တုပ်ကွေး ကာကွယ်ရေး

ကလေးငယ်များ သွေးလွန်တုပ် ကွေး မဖြစ်ပွားစေရန် ကာကွယ်ခြင်းကို အလေးထား ဆောင်ရွက်ကြရပါမယ်။ ကျန်းမာရေးဌာနမှ 'ဖုံး၊ သွန်၊ လဲ၊ စစ်' စနစ်ကို နိုင်ငံတိုင်း ကျင့်သုံးကြပါတယ်။ ခြင်နှိမ်နင်းရာတွင် ပိုးလောက်လန်းဘဝ နှိမ်နင်းရေးနဲ့ ခြင်ကောင်ဘဝ နှိမ်နင်း ရေး ဟူ၍ နှိမ်နင်းရေး နှစ်မျိုး ပြုလုပ် ပါတယ်။

◆ မိမိတို့နေထိုင်ရာ ခြံဝင်းအတွင်း ရှိ ရေအိုး၊ ရေစည်များ၊ ရေလှောင်ကန်

များနဲ့ အခြား ရေဝပ်နိုင်မယ့် နေရာတွေ ကို ဖုံးအုပ်ထားရပါမယ်။

◆ ခြင်ကောင်ဘဝသို့ရောက်ရန် ပိုး လောက်လန်းဘဝဖြင့် ၁၀ ရက်ခန့်ကြာ တဲ့အတွက် ရေကို ၁၀ ရက်လျှင် တစ် ကြိမ် လဲပေးပါ။

◆ ညောင်ရေအိုး၊ အလှပန်းအိုး၊ မီးဖိုချောင်ရှိ ကြောင်အိမ်အောက်ခံခွက် များကို အနည်းဆုံး တစ်ပတ် တစ်ကြိမ် ရေလဲပေးပါ။

◆ အိမ်ပတ်ဝန်းကျင်တွင် ချုံများ ရှိလျှင် ရှင်းလင်းပေးပါ။

◆ ချုံများတွင် ခြင်မခိုရန် ခြင်ဆေး ပက်ဖျန်းပေးပါ။

◆ မိမိအိမ်တွင် ခြင်မခိုရန် ခြင်ဆေး ခွေ ထွန်းခြင်း၊ ခြင်ဆေး ပက်ဖျန်းခြင်း (တစ်ပတ် တစ်ခါ) ပြုလုပ်ပေးပါ။

ခြင်ကောင်နှိမ်နင်းရေး

◆ ခြင်မကိုက်စေရန် နေ့ခင်းဘက် တွင် ကလေးငယ်များ အိပ်လျှင် ခြင် ထောင်ချသိပ်ပါ။

◆ ယခုအခါ ခေတ်မီ ဆေးရည်စိမ် ခြင်ထောင်များ ပေါ်ပေါက်နေပြီဖြစ်၍ နေ့ညမလွှား ဆေးရည်စိမ်ခြင်ထောင်ဖြင့် အိပ်စက်ပါ။

◆ သို့မဟုတ် ကလေးရှိရာ နေရာ ပတ်ဝန်းကျင်၌ ခြင်ဆေးထွန်းပါ။

◆ လျှပ်စစ်ဘက်တံဖြင့် ခြင်နှိမ်နင်း ပါ။

◆ မွေးကင်းစ ကလေးငယ်များရဲ့ အခန်းတွင် ခြင်လုံဆန်ခါ တပ်ပေးပါက ပိုမို၍ ကာကွယ်မှု ထိရောက်ပါတယ်။

ဤရောဂါဟာ ကလေးငယ် တစ်ဦးမှတစ်ဦးသို့ ကူးစက်နိုင်တဲ့ရောဂါ ဖြစ်တဲ့အတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေး လိုအပ် ပါတယ်။ ဒါ့အပြင် ပတ်ဝန်းကျင်ရှိ လူ အများကလည်း ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန် ကျန်းမာရေးအသိ ဖြင့် ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ ကလေးငယ်တစ်ဦး သွေးလွန်တုပ်ကွေး အဖျားရှိတယ်လို့ သံသယရှိပါက နီးစပ် ရာ ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံး ပို့ဆောင်ကာ ဆေးကုသမှု ခံယူပါ။

ခြင်နှိမ်နင်းရေးဟာ တစ်ဦးတစ် ယောက်တည်း ကောင်းနေရုံနဲ့ မပြီးပါ။ မိမိပတ်ဝန်းကျင်ရှိ နေထိုင်သူများနဲ့အတူ ညီညီညာညာ စုပေါင်းကာ ခြင်နှိမ်နင်း ရေးကို စုပေါင်းပြုလုပ်မှသာ ခြင်အမြစ် ပြတ်ပေမယ်။ ဒါကြောင့် ယခုလိုမိုးရာသီ နဲ့အတူ အဖြစ်များတဲ့ သွေးလွန်တုပ် ကွေးရောဂါ မဖြစ်ပွားစေရန် ပြည်သူ လူထုတစ်ရပ်လုံး ခြင်နှိမ်နင်းရေး ဆောင် ရွက်ရန် အရေးကြီးပါကြောင်း တင်ပြ လိုက်ရပါတယ်။

ရိုးရိုးဌေး

Ref : Dengue fever from Internet.

www.burmeseclassic.com

www.burmeseclassic.com

ဘီမှတ်ပွဲယ်ရာ ဆေးပညာ

စဘစခဝ တစ်ဝိုးရင်းဇေဝိး

ဆရာအောင်ကျော်မိုင်(ရွှေစေတီ)

"ဆရာကျော်ရေ. . . "

"အေး လာထိုင်၊ ဒီတစ်ပတ် ဘာတွေမေးမလဲ၊ ကဲ"

"ဒီတစ်ပတ် ဆရာ လေဖြတ်ရောဂါ မဖြစ်အောင် ဘယ်လိုကာကွယ်တဲ့ဆေးတွေ သောက်သင့်လဲ ဆရာ"

"သဘာဝ ပရဆေး အမျိုးအစားထဲမှာ လေဖြတ်ရောဂါ မဖြစ်အောင် စားရမယ့်ဆေးနည်းကတော့ ဈေးထဲက ရှောက်သီးရင့်ရင့် နှစ်လုံး ဝယ်ယူပါ၊ အဝါရောင်သန်းပြီး အစေ့ကို အပင်စိုက်လို့ရတဲ့အထိ ရင့်တဲ့ ရှောက်သီးဖြစ်ရင် ပိုကောင်းမယ်၊ အဲဒီ ရှောက်သီးရင့်နှစ်လုံးကို ရေဆေးပြီး လက်တစ်ဆစ်လောက် အတုံးလေးတွေရအောင် တုံးပါ၊ လိုရမယ်ပေါ့၊ ပြီးလို့ရှိရင် ထန်းလျက်ခွေးပြင်းပြင်း (တောချက် အရက်ဦးရေ) တစ်ပုလင်းနဲ့ ကြွေအုပ်ထဲမှာ စိမ်ထားပြီး အဖုံးအုပ်ထားရမယ်၊ ခုနစ်ရက် တစ်ကြိမ် အဖုံးလှန်ပေးရမယ်၊ မွှေပေးရမယ်၊ တစ်လ (သီတင်းလေးပတ်ကြာ)မှ ပိတ်ပါးနဲ့ စစ်ယူပြီး ပုလင်းထဲမှာထည့်ထားတဲ့ အဲဒီအရည်ကို တောရှောက်မြစ်မှ ပျစ်ပျစ်သွေးပြီး ရောစပ်ပြီး လေဖြတ်နေတဲ့ ခြေထောက်၊ ပေါင်၊ ခါးလက် စသည် ပွတ်နှိပ်ဆွဲပြီး စိမ့်ဝင်သွားအောင် နေ့စဉ် လိမ်းပေးရမယ်"

"ဩော်- လေဖြတ်လေငန်း ဖြစ်နေတဲ့ လူတွေကို ကုသနိုင်တဲ့ ဆေးပေါ့နော် ဆရာ"

"ဟုတ်ပါတယ်၊ ဒါ တိုင်းရင်းဆေး စစ်စစ်ပဲဟေ့၊ ပြီးတော့ ရှောက်ရွက်ကို သုံးရက်တစ်ကြိမ်၊ တစ်လလောက် အနည်းဆုံး တို့စားနိုင်မယ်ဆိုရင်တော့ လေဖြတ်ရောဂါ ကာကွယ်မှု ရမယ်လို့ ရှေးဆေးဆရာကြီးတွေ မှာတယ်"

"ဆရာ၊ ဒီတစ်ခါတော့ ကျွန်တော် အတိုအထွာလေးတွေ မေးပါရစေ ခင်ဗျ"

"မေးဗျာ"

"ဟို- ဝဲနှင်းခူ အစိုအခြောက်ဖြစ်နေရင် ဘာလိမ်းရမလဲ ဆရာ"

"မြန်မာဆေးရွက်ကြီး(ကွမ်းစားဆေး)ကို ပြာချ၊ ရေနဲ့ ခွေးစစ်စစ်နဲ့ဖျော်ပြီး လိမ်းပေးရင် ပျောက်တယ်၊ မလိမ်းခင်တော့ တမာရွက်ပြုတ်ရည်နဲ့ ဖန်ရည်ဆေးပေးရလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ၊ ပွေး-ဒက် ရောဂါကျတော့ ဘယ်လို လုပ်ရမလဲ"

"ပွေးကိုင်းရွက်ကို ဓာတ်ဆီသန့်သန့်လေးနဲ့ တို့ပြီး ပွတ်ရမယ်၊ ဒါဆို သက်သာပျောက်ကင်းတယ်"

"ကဲ ဆရာ၊ ကြွက်နို့ရောဂါ၊ ကြွက်နို့ကို ဘယ်လို သတ်ရမလဲ ဆရာ၊ အမိန့်ရှိပါဦး"

"အေး- ကြွက်နို့ကို ပျောက်စေချင်ရင် ပိန်းရိုးထိပ်မှာ ထုံးတို့ပြီး ပွတ်မယ်ဆိုရင် (၅)မိနစ်အတွင်းမှာတောင် ပျောက်စေနိုင်တယ်ဗျာ"

"ဦးခေါင်းထဲက ဗောက်တွေ ပျောက်အောင်လည်း ညွှန်ပါဦး ဆရာ"

"လွယ်ပါတယ်၊ ပိတောက်ရွက် ပြုတ်ရည်နဲ့ ခေါင်းလျှော်မယ်ဆိုရင် အဲဒီဗောက်တွေ ပျောက်တယ်၊ ခေတ်ပေါ် ပစ္စည်းတွေ သုံးစရာတောင် မလိုဘူး"

"ဆံပင်ထဲမှာ သန်းတွေမနေနိုင် မဥနိုင်အောင် ဘယ်လိုလုပ်ရမလဲ ဆရာ"

"အင်း- ဒါလည်း လွယ်တာပဲ၊ ပရုတ်လုံးကိုကြိတ် အုန်းဆီနဲ့ရောပြီး ဦးခေါင်းဆံပင်ကို လိမ်းပေးမယ်ဆိုရင် သန်းမနေနိုင်တော့ပါဘူး၊ ပြေးပြီပေါ့"

"ကျွန်တော် တစ်ခါတုန်းက မျောက်သမားတစ်ယောက်နဲ့တွေ့လို့ သန်းရှာချင်တဲ့လူတွေ သန်းရှာပေးတယ်၊ တစ်ကျပ်ပဲပေး၊ တစ်ခါတည်း ရှင်းသွားရမယ်၊ ဘာညာနဲ့၊ ဒါနဲ့ ကျွန်တော်လည်း စမ်းကြည့်တယ်၊ ကုပေါ်ခွထိုင်ပြီး မျောက်က အသေအချာရှာတာ၊ ပြီးတော့ စားပစ်တာ၊ ဟုတ်တော့ ဟုတ်သား ဆရာ၊ အဲဒီကတည်းက ကျွန်တော် သန်းမရှိတော့ဘူး"

"မလုပ်ရဲပါဘူးဗျာ၊ မတော် မျောက်က စိတ်ရှူးပေါက်ပြီး ကိုက်မှဖြင့် အခက်"

"အင်း- ဟုတ်တော့ ဟုတ်ပါတယ်၊ အင်း ပြီးတော့ ဆရာ၊ ကျွန်တော်တို့အိမ်တွေမှာ အိမ်သာကျင်းတွေ လှုံလာမယ်ဆိုရင် လျော့သွားအောင်များ လုပ်တဲ့နည်းလေး သိချင်ပါတယ် ဆရာ"

"မခဲယဉ်းပါဘူး၊ လွယ်ပါတယ်၊ အိမ်သာထဲကို အက်စစ် တစ်ပုလင်း လောင်းထည့်၊ ဒါမှမဟုတ် ဆား တစ်ပိဿာ ထည့်ရမယ်၊ ဒါဆို အဆင်ပြေပြီ"

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

"ဆရာ၊ အဝတ်အစားတွေ ဖားဥ တက်လို့ရှိရင် ပျောက်အောင်လုပ်တဲ့ မြန်မာ့နည်း မြန်မာ့ဟန်လေး သိပါ ရစေ"

"လွယ်တယ်၊ ဖားဥစွဲနေတဲ့ နေရာကို ရေဆွတ်ပါ၊ မီးပုံနဲ့အပေါ်ကနေ ဖိတိုက်ပါ ပျောက်ပါတယ်"

"ကောင်းတယ် ဆရာ၊ ပြီးတော့ အကျီ၊ ပုဆိုး ဆေးရောင်မကျွတ်အောင် လျှော်ဖွပ်ပုံလည်း အမိန့်ရှိပါဦးဆရာ"

"အဲဒီ အဝတ်မလျှော်မီ ဆားရည်ကျဲကျဲမှာ နှစ်ကြိမ်၊ သုံးကြိမ်ခန့် ခေတ္တစိမ်ပြီးမှ လျှော်ဖွပ်ပါ"

"သွေးစွန်းနေတာ ပျောက်အောင်ဆိုရင်ရော ဆရာ"

"အဲဒီသွေးစွန်းတဲ့ အဝတ်အစွန်းပေါ်မှာ နို့ရည်ဆွတ်ဖျန်းပါ၊ နို့ခြောက်တာနဲ့ ပျောက်ပြီးသားပဲ"

"ဟာ- အဆင်ပြေလိုက်တာ၊ သံချေးစွန်းရင်ကော ဆရာ"

"ဒါလည်း မခက်ဘူးဟာ၊ သံချေးစွန်းတဲ့နေရာကို သံပရာရည်ထဲ ဆားထည့်ဖျော်၊ စွန်းတဲ့နေရာ ဆွတ်ဖျန်းပြီး နေလှန်း၊ တစ်ခါ နှစ်ခါနဲ့မပျောက်ရင် နှစ်ခါ သုံးခါလုပ် ပျောက်တယ်"

"အား- ကောင်းပျာ၊ လက်ဖက်စွန်းရင်ကော ဆရာ"

"လက်ဖက်စွန်းရင် ဆားအုံပြီး ခပ်ကြာကြာလေးထား၊ အဲ- ပြီးတော့ လျှော်လိုက် ပျောက်သွားမယ်"

"နောက် ဆိုးတာတစ်ခုကတော့ မင်စွန်းတာပဲ ဆရာ"

"ဒါဆိုရင်တော့ တင်ဒါ၊ အရက်ပြန် တစ်ခုခုနဲ့ ချွတ်ပါ၊ ရပါတယ်၊ ပျောက်ပါတယ်"

"မကြာခဏကြုံတဲ့ဟာ တစ်ခုရှိသေးတယ် ဆရာ၊ အဲဒါ ကွမ်းတံတွေး စွန်းတာပဲ ဆရာ"

"အေး- အဲဒီကွမ်းတံတွေးစွန်းတဲ့ နေရာကို ခရမ်းချဉ်သီးမှည့်နဲ့ ပွတ်တိုက်ပေးရမယ်၊ ဒါဆို ပျောက်သွား မယ်ဗျား"

"ကတ်ကြေးတွေ မထက်တော့ရင် ဘယ်လိုသွေးရလဲ ဆရာ"

"မင်းအိမ်မှာ ဖန်ပုလင်းငယ်တစ်ခုရှာ တွေ့ရင် အဲဒီ ပုလင်း လည်ပင်းကို ကြေမ်ဖန်များစွာ ညှပ်ပေးရမယ်၊ ဒါဆို ပြတ်လာလိမ့်မယ်"

"ဩော်- ဒီလိုလား၊ မျက်မှန် မှုန်ဝါးဝါးဖြစ်လာတယ်၊ တိုက်လို့မရဘူး ဆိုရင်ကော"

"ဒါလည်း လွယ်တာပဲ၊ အဝတ်သန့်သန့်လေးမှာ အရက်ပြန်နည်းနည်းဆွတ်ပြီး ပွတ်ပေးလိုက်၊ ကြည်လင်လာ လိမ့်မယ်"

"ဖန်ထည်ပစ္စည်းတွေ အရောင်တက်လာအောင် လုပ်နည်းလေးလည်း သိပါရစေ"

"အဲဒီဖန်ထည်ပစ္စည်းတွေကို ဆားရည်ပူပူလေးနဲ့ ဆေးကြောပေးမယ်ဆိုရင် အရောင်တောက်ပြောင်လာမယ်"

"ကောင်းလိုက်တဲ့နည်းတွေဗျာ၊ ပိုက်ဆံကုန်သက်သာ လိုက်တာဗျာ၊ ကဲ ဆရာ ရွှေထည် ငွေထည်တွေကျတော့ ကော ဆရာ"

"အဲ- အားလူးပြုတ်ရည်မှာစိမ်ပြီးတော့ ဆေးကြော မယ်ဆိုရင် ရွှေထည်ငွေထည်ပစ္စည်းတွေ ပြောင်လက်လာ လိမ့်မယ်"

"အင်း- ဒါ လျှို့ဝှက်နည်းတွေပဲ နော်၊ ကဲ ဒီတစ်ခါ ဆရာ၊ အိမ်က ဘုရားပန်းတွေကြည့်ပြီး မကြာခဏ နွမ်းကုန် လို့ စိတ်ညစ်ရတာ၊ ကြာရှည်ခံတဲ့ နည်းလေး သိချင်ပါတယ် ဆရာ"

"ဒါဆို လွယ်လွယ်လေးပါ ဆရာ၊ ဘာမီတွန်ဆေးပြား သုံးပြားလောက်၊ မရရင် ဘားပလက်ဆေးပြား သုံးပြား လောက် ကြိတ်ပြီး အဲဒီပန်းအိုးထဲ ထည့်လိုက်ပါ၊ ပိုပြီး ကြာကြာခံပါတယ်၊ နွေရာသီမှာလုပ်ရင် ပိုသီသာပါတယ်"

"ဆရာ- နွားနို့ မချဉ်အောင် နည်းနည်းကြာကြာ ထားလို့ရအောင် ဘယ်လိုများ စီမံထားရပါမလဲ ဆရာရယ်"

"အေး- ဒါလည်း မခဲယဉ်းပါဘူး ဆရာသမားရယ်၊ ငရုတ်သီးစိမ်းတောင့်ကို အညှာဖြတ်ပြီး ထည့်ထားလိုက်ပါ၊ ဒါဆို အချိန်ကြာမြင့်စွာ ထားလို့ရပါတယ်"

"ကဲ- တပည့်လည်း မေးတာ များသွားပြီ၊ ပြန်ပါဦး မယ်"

"ဟာ- ဟော့လူ ရေနွေးသောက်ဦးလေ"

"တော်ပြီ ဆရာရေ့"

ဆရာအောင်ကျော်ခိုင်(ရွှေစေတီ)

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

ကိုရိုက်ကြီးပင် ဆေးဖက်ဝင်

စိုးယဉ်ထွန်း

ကိုယ်ရံကြီးပင်သည် အရွက်ကြီးများ၍ ရှည်ရှည်ဖားဖားနှင့် အစိမ်းပျော့ပျော့အရောင်ဖြစ်ပြီး အပင်အောက်ခြေအုံကြီးများသည်။ အပွင့်တံက ဝါးလုံးကဲ့သို့ ဖြောင့်တန်းရှည်လျားပြီး အဖြူရောင် ပွင့်ဖတ်ရှည်နှင့် ပွင့်သည်။ နေရာမရွေးပေါက်သော အပင်ဖြစ်၍ စိုက်ပျိုးရလွယ်သည်။ ကိုယ်ရံကြီးပင်၏ ဆေးအသုံးဝင်မှုသည် ဆင်းရဲနွမ်းပါးသူများ၊ အောက်ခြေအလုပ်ကြမ်းသမားများနှင့် အလွန်မှ သင့်လျော်လိုက်ဖက်အသုံးဝင် အဖိုးတန်သော ဆေးပင်ဖြစ်သည်။ စွယ်စုံရသော ဆေးပင်ဟု ပြောနိုင်ပါသည်။

ယနေ့တွင် နည်းပညာတိုးတက်မှု များပြားလာသလို ရောဂါဝေဒနာများသည်လည်း အမျိုးအမည် များစွာဖြင့် ဝင်ရောက်မွှေနှောက်နေပေသည်။ ကင်ဆာဟု အမည်တပ်ထားသော ရောဂါဆိုးကြီးဆိုပါလျှင် အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အသည်းကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ လျှာကင်ဆာ၊ လည်ချောင်းကင်ဆာ၊ ရင်သားကင်ဆာ၊ သွေးကင်ဆာဟု လူခန္ဓာကိုယ် တစ်ကိုယ်လုံးတွင် ရှိသမျှ နေရာများကို ကင်၍ဆာလိုက်သည်။ ငွေအသပြာ ကုန်ပေရော။

ချမ်းသာသူတို့က အထူးကု အထူးဆေးရုံတွင် ကုသနိုင်ကြသော်လည်း လက်လုပ်လက်စား ငွေကြေးရှားပါးသူတို့မှာ လမ်းဘေးဆေးဆိုင်၊ ကွမ်းယာဆိုင်တို့တွင်ရောင်းသော ဆေးဝါးမျိုးစုံ၊ တံဆိပ်မျိုးစုံတို့ကို ရောင်းသူအပြော အညွှန်းနှင့် ဝယ်၍ သောက်နေကြရသည်။

အပ်နှင့်ထွင်းမှုမည်ကို ပုဆိန်နှင့် အပေါက်ခံကြရသည်။ အနီးအပါးတွင်ရှိသော မြန်မာတိုင်းရင်းဆေးကို စိတ်မဝင်စား၊ အထင်မကြီးတတ်ကြပေ။ ရှေးထုံးပယ်၍ ဈေးသုံးလည်း လွယ်ကြသဖြင့် ရေ၊ လေ၊ မီးဘေး သုံးမည်နှင့် တွေ့ကြရသလို ဆေးဆိုး၊ ရေထိုး၊ အလေးဒိုးနှင့်ပါ ကြုံကြရသည်။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဟု ဆိုသည်ကို မေ့ထားကြသည်။

မော်ဘီဆရာဝိုင်း (အဘိုးလေး)၏ ဆေးမှတ်တမ်းတွင် တွေ့မြင်ဖတ်ရှုရသော ကိုယ်ရံကြီးပင်၏ ဆေးဖက်ဝင်မှု အဖိုးတန်မှုကို မျှဝေလိုက်ရပါသည်။ ယောကျ်ားလေးများ (အလုပ်ကြမ်းသမားများ ပို၍ဖြစ်သည်) အဖြစ်များသော အူကျ(ဘောကျ)ခြင်း တွင် သွေးဘော၊ လေဘောဟု အူကျရောဂါကို ကိုယ်ရံကြီးရွက်ကို မီးအပူပြပြီး ခါးတောင်းကျိုက်သလို ထုပ်ပိုးထားလျှင် အမြန်ဆုံးပျောက်ကင်းသည်။

အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲခြင်း ဖြစ်လျှင်လည်း ကိုယ်ရံကြီးရွက်ကို မီးအပူပြပြီး ထိုကိုက်ခဲသောနေရာကို အုပ်၍ အဝတ်နှင့် ပတ်စည်းပေးလျှင် ပျောက်ကင်းပါသည်။ ပြည်တည်နာများကို ကိုယ်ရံကြီးရွက်ကို ထုထောင်းကြိတ်ခြေပြီး ပြည်တည်နာပေါ်ကို အုံပေးခြင်းဖြင့် သန့်ရည်နှင့် သွေးပုပ်၊ ပြည်ပုပ်များကို စုပ်ယူ၍ အနာသွေ့ခြောက်ပြီး ပျောက်ကင်းပါသည်။

ကိုယ်ရံကြီးရွက်ကို ဖဲ့ခွဲပြီး ရေနှင့် သုံးခွက်တစ်ခွက်တင် ပြုတ်၍ သောက်ပေးခြင်းဖြင့် အနာဝင်ခြင်း၊ ငန်းမန်းတက်ခြင်းများ ပျောက်ကင်းပါသည်။ မြန်မာဆေးပညာအရ မြစ်ပွားနာဟုခေါ်သော ရောဂါကို ယနေ့ ကင်ဆာဟု အမည်သစ်တပ်ထားသော ရောဂါဝေဒနာ အနာများကို ကိုယ်ရံကြီးရွက်ကိုပင် ထုထောင်းကြိတ်ခြေ၍ အုံပေးလျှင် အနာရောဂါသက်သာ၍ ပြုတ်ရေကိုတိုက်ပေးခြင်းဖြင့် ပျောက်ကင်းနိုင်ပါသည်။ (စိတ်ရှည်၍ ဂရုစိုက်ရပါမည်)

ထိုမြစ်ပွားနာ (ကင်ဆာ)သည် ယနေ့ထိ ဆေးသိပ္ပံနည်းများနှင့် စမ်းသပ်ကုသနေသည်မှာ လူနာကို ရက်ချိန်းပေးရုံပဲ ရနေပါသည်။ ကိုယ်ရံကြီးရွက်ကို နည်းလမ်းမှန်စွာဖြင့် စိတ်ရှည်ပုံမှန် သုံးစွဲလျှင် ပျောက်ကင်းကြောင်းများ လက်တွေ့ရှိပါသည်။ တချို့က ကိုယ်ရံကြီးရွက်နှင့် ရောဂါဝေဒနာ ပျောက်ကင်းသွားသည်ကိုပင် ကင်ဆာရောဂါ မဟုတ်၍ ပျောက်တာပါဟု ဆိုကြသည်။ အမြစ်၊ အခေါက်များနှင့် ရောဂါဝေဒနာများ ပျောက်ကင်းခဲ့ပါသည်။

ယုံကြည်ရန်နှင့် ပြုလုပ်ကုသမှု မှန်ကန်ပါက အနာသီဆေးရှိ ဆိုသည့်အတိုင်း ရောဂါဝေဒနာ ပျောက်ကင်းချမ်းသာမှာ ဖြစ်ပါသည်။ စေတနာနှင့် မျှဝေခြင်းဖြစ်၍ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။

စိုးယဉ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

သီမှတ်ဖွယ်ရာ ဆေးပညာ

ရာသီချိန်ခါအလိုက် ရေချိုးသင့်သည့် အချိန်များ

ဦးမင်းဂင်(ရွှေနဝင်း)

နွေးလူကြီးများ ဆိုစကားတစ်ခုလို "ရေမချိုးလို့ သေတဲ့သော မရှိဘူး၊ ရေချိုးမှားလို့ သေတဲ့မသာသာ ရှိတာ" ဟု ဆိုစကားသည် လူသားတိုင်း အသက်ရှည် ကျန်းမာစေရေးအတွက် နေ့စဉ် မဖြစ်မနေ တစ်ကိုယ်ရေ တစ်ကာယ သုံးမာသန့်စင်ရေးအတွက် ရေချိုးခြင်းအမှုကို ဆောင်ရွက်ကြရာတွင် ရာသီချိန်ခါမရွေး မိမိစိတ်ကြိုက် ရေချိုးချင်သည့် အချိန်၊ ရေချိုးသည့် အလေ့အထသည် ငယ်ရွယ်နုပျို သွေးသားဆူဖြိုး ကျန်းမာနေချိန်များတွင် မသိသာလှသော်လည်း လေးဆယ်နားနီးလို့ အသက်အရွယ် ရလာကြသည့်အချိန်များတော့ ရေချိုးမှား၊ မဆင်မခြင် သတိမပြုမိကြသဖြင့် ကြာခဏ နေထိုင်မကောင်း၊ ကိုယ်လက်မအီမသာ၊ ခေါင်းအုံခေါင်းကိုက်၊ အဆစ်အမြစ်နာကျင်ခြင်း စသော အသေးအဖွဲ ဝေဒနာလေးများမှသည် လေငန်း၊ လေဖြတ်၊ ထုံကျဉ်၊ ပေါင်ရွဲ့၊ မေးရွဲ့၊ ဦးနှောက်သွေးကြောပြတ် စသည့် အသက်အန္တရာယ်အထိကိုပါ ပေးတတ်သော ရောဂါဝေဒနာကြီးများကိုပါ ဖြစ်စေတတ်သည်ကို စာရှုသူများ အသိ၊ အမြင်အကြား ဖြစ်ပါသည်။

အထူးသဖြင့် ပူပြင်းလှသည့် နွေရာသီသို့ ရောက်ပြီဆိုလျှင် ရေချိုးမှားလို့ ဒုက္ခတွေ့ကြရသော ဖြစ်ရပ်များကို တွေ့ချင် မြင်ချင်အဆုံး တွေ့ကြုံနေရပေသည်။

သို့ပါ၍ တစ်ကိုယ်ရေ ကျန်းမာ သန့်စင်ရေးအတွက် လူတိုင်း ရေချိုးခြင်းသည် လိုအပ်လှပါသော်လည်း မိမိတို့၏ခန္ဓာကိုယ်ကျန်းမာရေးကို မထိခိုက်အောင် ရာသီအချိန်အခါအလိုက် ရေချိုးသင့်သည့်အချိန်များကို နွေးမြန်မာ ဆေးပညာဌာနကြီးများ 'ဥတုရာသီ နေမင်းကြီး၏ အပူစွမ်းအင် သက်ရောက်မှု' တို့ကို ဆက်စပ်ချိန်ဆ၍ အချိန်သတ်မှတ်ချက်အတိုင်း ရေချိုးခြင်းအမှုကို လိုက်နာကျင့်သုံးနိုင်ကြမည်ဆိုလျှင် လူတိုင်း ကျန်းမာ အသက်ရှည်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေရန် စေတနာရည်သန်၍ ဖော်ပြလိုက်ပါသည်။

'ဆောင်းတစ်ဆယ် (၁၀)၊ နွေကိုး (၉)၊ မိုးခွန် (၇)'

ဆောင်ပုဒ်လေး အတိုင်း . . .

(၁) ဆောင်းရာသီ အခါသမယတွင် နံနက် (၁၀) နာရီဝန်းကျင် အချိန်အခါသည် ရေချိုး၍ အသင့်တော်ဆုံး အချိန် ဖြစ်ပါသည်။

(၂) ထို့အတူ နွေရာသီမှာလည်း နံနက် (၉) နာရီအချိန်သည် နေမင်း၏ ပူပြင်းစ၊ အပူချိန် သိပ်မမြင့်မားသေးချိန်တွင် ရေချိုးခြင်းသည် အပူရှိန်၊ အပူဝင်ခြင်းကို ကာကွယ်ရာရောက်ပြီး ကျန်းမာရေးကို အထောက်အကူ ဖြစ်စေပါသည်။

(၃) ဒီလိုပဲ မိုးရာသီအချိန်အခါမှာတော့ နံနက် (၇) နာရီ စန်းကျင်သည် ဥတုသပ္ပါယ မျှတဆုံးအချိန်ဖြစ်လို့ ရေချိုးသင့်ကြပါသည်။

အသက်ခန္ဓာ ကျန်းမာ သက်ရှည်ရေးကို အလေးထားကြသော ပုဂ္ဂိုလ်အပေါင်းတို့ လိုက်နာကျင့်သုံးနိုင်ကြစေရန် စာရေးသူမှ အသိပေး တင်ပြလိုက်ပါသည်။

ဦးမင်းဂင်(ရွှေနဝင်း)

www.burmeseclassic.com

www.burmeseclassic.com

ချင်းကုလားသတ္တိ

ဆန်းဝင်း(ဆောင်ပြဲ)



တစ်နေ့သဋ္ဌ ကျွန်ုပ် ဗေဒင်ဆိုင် ခန်းဖွင့်ထားသော ရွှေလင်ပန်းအုပ်စုရှိ ရွှေရင်အေးစေတီတော်မြတ်ကြီး တည်ရှိရာ ကျုံစုရွာ၊ နတ်စင်လမ်း ကန်တော်မင်္ဂလာရှေ့အိမ်သို့ အနည်းငယ်သာ တစ်ခါတလေ၊ တစ်နှစ်တစ်ခေါက်ခန့် ကိုဝိုးနိုင် စာရေးဆရာ(မင်းသီဟရာဇာ) ကျူရှင်နာမည် "ကျွန်ုယာလီတာ"အမည်ဖြင့် အောင်မင်းခေါင်လမ်းတွင် ကျူရှင်ဖွင့်ထားသော အဆိုပါ မွန်လူမျိုးကိုဝိုးနိုင် ရောက်လေသည်။

"ဗျို့ ဆရာကြီးအောင်မြေ၊ ဝင်လာမယ်နော်"

"မင်းသီဟ ကျွန်ုယာ လီတာကြီးပါလား"

"ဟာ ဦးလေး ငပုလို့ ခေါ်သလို ဖြစ်နေပြီ၊ ဦးလေးဖြင့် ဦးလေးခေါ်၊ ငပုဆိုလည်း ငပုခေါ် နှစ်ခုတွဲခေါ်တော့ ခွကျပြီထင်တယ်"

"အဲ. . . အေး၊ ဒါဆိုလည်း မင်းသီဟရာဇာပေါ့ကွာ ဟုတ်လား"

"အဲဒီလိုလုပ်ပါ ဆရာဆန်းရဲ့၊ ထိုင်ပြီဗျာ"

"ဟုတ်ပါပြီ အဆင်သင့်တယ်၊ ရေနွေးခါးခါး ရှိတယ်၊ ဟောဒီမယ် မုဆိုးဝတ္ထုထဲက ဆတ်သားခြောက်ဆီဆမ်းထားတဲ့"

"ဩော် . . . မုဆိုးဝတ္ထုထဲက ဆတ်သားခြောက်ဆိုတော့ ဆတ်သားခြောက်အစစ် မဟုတ်ဘူးဆိုတဲ့ သဘောပေါ့ အတုလား"

"ဟုတ်တယ်၊ ကလေးတွေ ကျိုက်ထီးရိုးက ပြန်လာလို့ 'ကတပ်'ခြောက်စယ်လာတာ၊ ရေနွေးနဲ့ မြည်းနေတာ



www.burmeseclassic.com

www.burmeseclassic.com

တူတယ်မဟုတ်လား။ ဆတ်သားခြောက်နဲ့ ဘယ့်နှယ်လဲ"

"အင်း- အမြင်အရတော့ တူသလိုပဲ၊ အရသာက မတူတော့ဘူးနော်၊ ရေနွေးနဲ့တော့ လိုက်သဗျား"

"ကဲ. . သောက်၊ မောင်ရင် လာတာ အကြောင်းရှိရမယ်၊ အဲဒါပြော"

"ပြောမယ်၊ အိမ်မီးဖိုချောင်မယ် သုံးတဲ့ ချင်းတက် အကြောင်း အသုံးဝင်သလောက် ဆေးပညာသဘော အရ ဗဟုသုတသိချင်တယ် ဆရာဆန်း"

"ဟ. . . ငါက ဗေဒင်ဆရာလေ၊ ဆေးဆရာမှ မဟုတ်တာ၊ မောင်ရင် အမေးမှားနေပြီ"

"မမှားပါဘူး ဆရာ၊ လပြည့်ဝန်း မဂ္ဂဇင်းမှာ ဆေးဆောင်းပါးတွေ ရေးနေတာတွေ့ရလို့ လာမေးတာ၊ ပြောပေတော့ဗျာ မငြင်းနဲ့"

"ငြင်းလို့ မရတော့ဘူးပေါ့၊ ကဲ ဒါဆို စာအုပ်ထုတ်၊ ရေဖို့ပြင်ဗျာ"

"အဆင်သင့်ပါဗျာ"

"မြန်မာနိုင်ငံမှာ ဟိုးနှစ်ပေါင်းများစွာကတည်းက အသုံးပြုလာခဲ့တဲ့ မီးဖိုချောင်သုံး ပစ္စည်းတွေထဲက အဲဒီ ချင်းဟာ တော်တော်များများ ရောဂါ ဘယတွေ ကာကွယ်နိုင်တာ တွေ့ရှိရသဗျာ"

(၁) ချင်းနှင့် နှလုံးရောဂါ

"အစွမ်းရေနိုင်ငံက နှလုံးရောဂါ အထူးကုဆေးခန်းတစ်ခုက နှလုံးရောဂါသည်များကို နေ့စဉ် ချင်းမှုန့်ဇွန်းတစ်ဝက်ခန့် မှီဝဲသုံးဆောင်ဖို့ ညွှန်ကြားထားသတဲ့၊ အဲဒီရောဂါသည်တွေဟာ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်လို့ ထူးခြား ကိုးတက်ကောင်းမွန်လာတာကို တွေ့ရတယ်တဲ့၊ ပြီးတော့ ချင်းဟာ ဇရာကိုလည်း တားဆီးတိုက်ဖျက်နိုင်ပြီး သွေးကြောများကို ကိုလက်စထရော ဖျက်ဆီးမှုကိုလည်း ကာကွယ်သတဲ့။

ဒါတင် မကဘူး၊ နှလုံးရောဂါ ဆေးဝါးဖြစ်တဲ့ (ဒီဂျစ်တယ်လစ်)ကဲ့သို့ နှလုံးကြွက်သားတွေကို ထွားရှိစေရာမှာ ထိရောက်ဆုံးနေရာကရှိနေတယ်လို့ဆိုသဗျာ၊ အကယ်၍ ရင်ဘတ်အောင့် နှလုံးရောဂါ (Angina)ရှိနေပါက ချင်းကို မှန်မှန်စား သုံးပြီး၊ ဟင်းလျာများတွင် ရက်ရောစွာ အသုံးပြုပေးပါတဲ့"

"ကောင်းပါ့ ဆရာဆန်း၊ ဆက်ပါဦး"

(၂) ချင်းနှင့် အဆစ်ရောင်ရောဂါ

ချင်းမှုန့်ကို နေ့စဉ် ဝဲမှန်မှီဝဲသွားမယ်ဆိုရင် အဆစ်ရောင်ရောဂါရဲ့ (၇၅)ရာခိုင်နှုန်းကို ပျောက်ကင်းစေပါတယ်၊ နေ့စဉ် ချင်းမှုန့်ကို လက်ဖက်ရည်ဇွန်းနဲ့ တစ်ဇွန်းခွဲကနေပြီး သုံးဇွန်းခွဲပမာဏထိ သုံးစွဲရမယ်လို့ ဆိုထားတယ်၊ ချင်းပြုတ်ရည်ကို ရေရှည်သောက်နိုင်ဖို့ အရသာရှိတာလေး၊ ဥပမာ ထန်းလျက်၊ သကြားတစ်မျိုးမျိုး ရောစပ်သောက်ပါလို့လဲ ညွှန်ထားတယ်"

(၃) ချင်းနှင့် ခြေဝဲစာရောဂါ

ခြေဝဲစားရောဂါအတွက် ကက်ဖရိလစ်အက်ဆစ် (Caprylic acid) ဟာ အလွန်ထိရောက်တဲ့ဆေးဖြစ်တယ်၊ အဲဒီမှိုပိုးရောဂါအတွက် အဲဒီဆေးတောင့်ကို တစ်နေ့ကို (၃)တောင့်စားဖို့လိုအပ်တယ်လို့ဆိုတယ်၊ ဒါပေမဲ့ အဲဒီကယ်ဖရိလစ်အက်စစ်ကို အစစ်သန့်သန့်ရရှိဖို့ မလွယ်ကူဘူး၊ ခဲယဉ်းတယ်၊ အဲဒီအတွက် ချင်းကို အသုံးချခြင်းက စိတ်ချရသတဲ့ဗျာ။ ချင်းမြစ်များကို စဉ်း၍ တစ်အောင်စ ယူပါ၊ ရေနွေးတစ်ခွက်နဲ့ ပြုတ်ပါ၊ မိနစ် (၂၀)ကြာမှ အဲဒီအရည်ကို ဝါဂွမ်းလုံးနဲ့ တို့ယူပြီး ခြေဝဲစားတဲ့နေရာမှာ အုံထားကပ်ထားမယ်ဆိုရင် သက်သာ ပျောက်ကင်းပါတယ်လို့ ရေးသားထားတယ်။

(၄) ချင်းနှင့် ခြေမရင်းရောင်တင်းရောဂါ

ချင်းဟာ အသားဓာတ်တွေကို ဖြိုခွင်းတဲ့သဘောရှိပြီး နာကျင်မှု၊ ရောင်တင်းမှုတို့ကိုလည်း ပျောက်ကင်းစေတဲ့ အဘောရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဆစ်များ နာကျင်ရောင်တင်းသူ (၂၈)ဦးကို ချင်းမှန့် တစ်ဇွန်းခွဲမှသုံးဇွန်းခွဲအထိ နေ့စဉ်တိုက်ကျွေးရာ လူနာများရဲ့ (၇၅)ရာခိုင်နှုန်းဟာ နာကျင်မှု၊ ရောင်တင်းမှုက သက်သာပျောက်ကင်းကြတယ်။ လပေါင်း(၃၀)ကြာသည်အထိ ချင်းကို တိုက်ကျွေးတဲ့အတွက် တစ်စုံတစ်ရာ ထိခိုက်မှုအန္တရာယ်ဟူ၍ မကြားသိရပေလို့ ဆိုတယ်။ ခြေမရင်း ရောင်တင်းမှုအတွက် ချင်းပြုတ်ရည် စာစ်ခွက်ကို နေ့စဉ်သောက်ပါ။ ကြိတ်ပြီးသား ချင်းဖတ်များကို ခြေမရင်း ရောင်တင်းနာပေါ်မှာ တိုက်ရိုက်အုံပေးပါ။ နေ့စဉ် တစ်နေ့တစ်ကြိမ် အုံပေးပါ။ ပျောက်ပါသည်။

(၅) ချင်းနှင့် မျက်လုံးတိမ်စွဲခြင်း

ချင်းတွင် ဇရာကို ဆန့်ကျင်သောဓာတ် (၀၀) ဇရာဖျက်ဓာတ်များစွာပါရှိသောကြောင့် မျက်လုံးတိမ်စွဲခြင်းကိုလည်း ကောင်းစွာ ကြိုတင်ဟန့်တားကာကွယ်နိုင်စွမ်းရှိပါသည်တဲ့ ကောင်းလိုက်တာ။

(၆) ချင်းနှင့် အအေးမိခြင်း တုပ်ကွေးဖျားခြင်း

ချင်းမှုန့်ဇွန်းကြီးဓာစ်ဇွန်းကို ရေနွေးတစ်ခွက်နှင့် ပြုတ်လိုက်ပါက ရရှိသောအရည်သည် အအေးမိခြင်းအတွက် အကောင်းဆုံးသော ဆေးတစ်ခွက်ဖြစ်ပါသည်။ အကြောင်းမှာ ချင်းတွင် ဗိုင်းရပ်(စ်)ပိုးကို တိုက်ဖျက်သည့် ဓာတ်ပေါင်းများ တစ်ဒါဇင်ခန့် ပါဝင်နေသောကြောင့် ဖြစ်ပါသည်။

ချင်းတွင် ပါရှိသော ဆက်စကွီတာပင်း (Sesquiter peres) နှင့် အခြားသော ဓာတ်ပေါင်း များစွာတို့သည် အအေးမိခြင်းဆိုင်ရာ ဗိုင်းရပ်(စ်)များနှင့် အံ သက်ရှူလမ်းကြောင်း၊ နှာခေါင်းဆိုင်ရာ ဗိုင်းရပ်(စ်)ပိုးများကို သီးသန့် တိုက်ဖျက်နိုင်လေသည်။ ထို့ပြင် ချင်းတွင် ဂျင်ဂျီရော (Gigeros)နှင့် ရှီဂါရော (Ahe-ganls) ဓာတ်ပေါင်းများလည်း ပါရှိလေသည်။ ထိုဓာတ်ပေါင်းများသည် အအေးမိ လက္ခဏာများကို သက်သာပျောက်ကင်းစေသည်။ အဆိုပါ ဓာတ်ပေါင်းများသည် . . .

၁။ နာကျင်မှုကို လျော့ပါးစေ၏။
၂။ အဖျားကို သက်သာစေ၏။
၃။ ချောင်းဆိုးခြင်းကို ပယ်ဖျောက်စေ၏။
၄။ အနည်းငယ် စိတ်ငြိမ်စေ၏၊ အိပ်ပျော်စေ၏။
၅။ နှာနေမှုကို အားပေး၏။

ထို့ပြင် ချင်း၌ ထူးကဲသော အရသာရှိ၏။ (အရသာကို ဖြစ်စေ၏) ထို့ကြောင့် ချင်းကို အအေးမိခြင်းအတွက် ဆေးတစ်ပါးအဖြစ် ရွေးချယ်သတ်မှတ်ထားခြင်းဖြစ်ပါတယ်။

(၇) ချင်းနှင့် ချောင်းဆိုးခြင်း

ချင်းမှာပါရှိတဲ့ ဂျင်ဂျီရောနဲ့ ရှီဂါရောဓာတ်ပေါင်းတွေက ချောင်းဆိုးခြင်းကို နှိမ်နင်းနိုင်တယ်၊ နာကျင်မှုကို လျော့ပါးစေတယ်၊ အဖျားကို သက်သာစေတယ်လို့ ရေးထားတယ်ဗျာ။

(၈) ချင်းနဲ့ဗောက်ရောဂါ

၁။ ချင်းသတ္တုရည် ဇွန်းကြီး (၂)ဇွန်း
၂။ နှမ်းဆီ ဇွန်းကြီး (၃)ဇွန်း
၃။ သံပရိုရည်ဇွန်းငယ် တစ်ဝက်ခန့်

ရောစပ်ပြီး ဖန်ဘူးသန့်သန့် တစ်ဘူးမှာ ထည့်ပြီး လေလုံစွာ သိမ်းထားရမယ်။ ထို့ဆေးရည်ဖြင့် တစ်ပတ်လျှင် (၃)ကြိမ် ဦးရေပြားကို ပွတ်ပေးရပါမည်။ ဤချင်းဆေးရည်မှာ ဗောက်ရောဂါများကို ကောင်းစွာ နှိမ်နှင်းနိုင်ပါသည်။

(၉) ချင်းနှင့်စိတ်ကျရောဂါ

ချင်းကို စိတ်ကျရောဂါ၌ အသုံးပြုရာတွင် ၎င်း၏ထက်မြက်သော အနံ့အရသာတစ်ခုတည်းကြောင့်မဟုတ်ပေ။ ထို့ချင်းသည် စိတ်ကျရောဂါ အတွက် အသုံးပြုခဲ့သော အထောက်အထား ရှေးပဝေသဏီကပင် ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် စိတ်ကျရောဂါအတွက် ချင်းကို အထူးသုံးခြင်းဖြင့် ရောဂါတိုးတက်မှုကို မြန်ဆန်စေသည်။

(၁၀) ချင်းနှင့်ခေါင်းမူးဝေခြင်း

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက တည်းက ချင်းကို ခေါင်းမူးဝေသည့် ရောဂါကို သုံးစွဲခဲ့ကြတယ်။

ရှေးနှစ်ပေါင်းများစွာက တရုတ်သဘော်သားတို့ဟာ ချင်းမြစ်ကို ပင်လယ် လှိုင်းမူးခြင်းအတွက် ကောင်းစွာ အသုံးပြုခဲ့ကြ၏။ ထိုနည်းသည် အလွန်အဓိန္ဒိယ၊ ၎င်းမှတစ်ဆင့် အင်အားလယ်

www.burmeseclassic.com

www.burmeseclassic.com

ပိုင်းမှတစ်ဆင့် ဥရောပသို့ ပျံ့နှံ့ရောက်ရှိသွားကြသည်။

လက်တွေ့ စမ်းသပ်မှုများအရ ရေတပ်ပိုလ်လောင်း ၈၀ ကို ကမ်းလွန်ခရီးမထွက်မီ ကြိုတင်၍ ချင်းမှုန့် (၁) ဂရမ် (ဇွန်းငယ်တစ်ဝက်)ကို တိုက်ကျွေးခဲ့ရာ ယင်းပိုလ်လောင်းများတွင် ပင်လယ်လှိုင်းမူးသည့် လက္ခဏာမှာ (၃၈) ရာခိုင်နှုန်း လျော့ပါးသွားပြီး အော့အန်ခြင်းမှာမူ (၇၂)ရာခိုင်နှုန်း လျော့ပါးသွားကြောင်း တွေ့ရှိရလေသည်။

ကုန်းပေါ်တွင်လည်း ကျန်းမာနေသူ (၁၈) ဦးကို ချင်းမှုန့်များ တိုက်ကျွေးခဲ့ရာ ၎င်းတို့တွင် ခရီးသွား၍ မူးဝေခြင်း၊ ချာချာလည်အောင် မူးဝေခြင်း တို့အတွက် အနောက်တိုင်းဆေး ဒရာမာမိုင်း (Dra.mamine) ဆေးဝါးကို သောက်ခြင်းထက် ပို၍လျော့ပါးကြောင်း တွေ့ရှိရသည်။ ချင်းပြုတ်ရည်၊ ချင်းခြောက်အမှုန့်တို့ကိုလည်း သောက်သုံးနိုင်ပါသည်။

(၁၁) ချင်းနှင့် ပန်းသေ ပန်းညှိုးပြဿနာ

ဆော်ဒီ သိပ္ပံပညာရှင်တချို့၏ အဆိုအရ ချင်းအနှစ်ထုပ်များသည် သုက်ပိုး၏ လှုပ်ရှားနိုင်စွမ်းမြင့်၊ အရေအတွက်တို့ကို သိသိသာသာ တိုးပွားနိုင်သည်ဟု သုတေသနပြုကြသည်။

(၁၂) ချင်းနှင့် အဖျားရောဂါ

ချင်းပြုတ်ရည်ကို သောက်ခြင်း၊ ချင်းအချို့ကို စားခြင်း၊ ချင်းဘီယာကို သောက်ခြင်းတို့သည် အဖျားရောဂါကို ပျောက်ကင်းစေနိုင်ပါသည်။

(၁၃) ချင်းနှင့် သည်းခြေအိတ် ကျောက်တည်ခြင်း၊ ဆီးကျောက်တည်ခြင်း

ဆီးကျောက်ရွေ့လျားခြင်းဖြစ်လျှင် ချင်းပြုတ်ရည်ကျကျကို အဝတ်တွင် ဆွတ်၍ ကြပ်ထုပ်ပူပူကို

ကပ်ပေးခြင်း၊ ထိုးပေးခြင်းဖြင့် သက်သာပျောက်ကင်းနိုင်ပါသည်။

(၁၄) ချင်းနှင့် ခေါင်းကြီးကိုက်ရောဂါ

အာရှ ယဉ်ကျေးမှုတွင် ချင်းကို ခေါင်းကြီးကိုက်ရောဂါအတွက် အသုံးပြုကြသည်။

အသက် (၄၂) နှစ်အရွယ် အမျိုးသမီး တစ်ဦးသည် ခေါင်းကြီးကိုက်ရောဂါ စွဲ၍ ဆေးမျိုးစုံသောက်နေရာမှ ထိုဆေးအားလုံးအား ရပ်ဆိုင်းပြီး နေ့စဉ် ချင်းခြောက် (၅၀၀)မှ (၆၀၀)မီလီဂရမ်အား ရေဖြင့် ရောစပ်၍ မျက်လုံးပြာသည်နှင့် တစ်ပြိုင်နက် သောက်ချလိုက်၏။ နောက်ထပ် (၄)နာရီခြား တစ်ကြိမ် (၄)ရက် သောက်ပေးလိုက်ရာ သူမ၏ ရောဂါမှာ လုံးဝ နာကျင်မှုမရှိတော့ပေ။

ထို့နောက် ချင်းခြောက်အစား ချင်းစိမ်းကို စားပေးရာ နောက်ထပ် ခေါင်းကိုက်ရောဂါများသည် တစ်နှစ်လျှင် တစ်ကြိမ်သာ ပေါ်ပေါက်တော့သည်။

အကောင်းဆုံး ဆေးနည်းမှာ ချင်းခြောက်မှုန့် ဇွန်းငယ် (၂)ဇွန်း၊ နနွင်းမှုန့် ဇွန်းငယ် (၂)ဇွန်းတို့ကို ရော၍ လိမ်နှစ် တစ်ဖန်ခွက်တွင် ထည့်၍ သောက်ရပါမည်။

(၁၅) ချင်းနှင့် ကိုလက်စထရောကို ချခြင်း

ချင်းသည် ကိုလက်စထရော၏ ပမာဏကို လျော့ကျစေကြောင်း စမ်းသပ်တွေ့ရှိရသည်။ ထို့ကြောင့် လူသားတို့ ချက်ပြုတ်ရာ ဟင်းလျာတွင် ပိုမိုထည့်သွင်းချက်ပြုတ် စားသောက်သင့်ပါပေသည်။

(၁၆) ချင်းနှင့် အင်ဖျူဇာရောဂါ

ချင်းပေါင်းတစ်ဝက်ခန့်ကို ထုခြေပြီး ရေ(၁)ဂါလန်တွင် စိမ်ထားပါ။ ၎င်းအရည်ကို ချိုးရေထဲ ရောစပ်ပါ။ လူကိုယ်တိုင် ထိုချိုးရေထဲတွင် စိမ်နေပါ။ (ရေနွေး)၊ ထို့နောက် ရှာမိုလမိုင်းလျက်ဖက်ရည်ကို ပူပူလေးသောက်ပါ။

(၁၇) ချင်းနှင့် အစာမကြေရောဂါ

ချင်းတွင် ဂျင်ဂျီရောနှင့် ရိုးရိုးဓာတ်ပေါင်းများပါဝင်နေသဖြင့် အဆိုပါဓာတ်ပေါင်းများသည် အစာခြေလမ်းကြောင်းကို သက်သာညက်ညောစေရုံမှမက အူလမ်းကြောင်းလှုပ်ရှားမှုကို တိုးတက်စေခြင်းဖြင့် အစာကို ကြေစေ၏။

(၁၈) ချင်းနှင့် သားမြဲခြင်း

ချင်းသည် သုတ်ပိုးကို အရေအတွက် တိုးပွားစေပြီး လှုပ်ရှားအားကို

www.burmeseclassic.com

www.burmeseclassic.com

လည်း ပိုမိုစေသည်။ အဲကယ်၍ သုက်ပိုးပမာဏ လျော့နည်းနေလျှင်သော်လည်းကောင်း၊ သုက်ပိုး မလှုပ်ရှားလျှင်သော် လည်းကောင်း၊ ချင်းလက်ဖက်ရည်၊ ချင်းအရက်၊ ချင်းပေါင်မုန့်နှင့် ချင်းများများပါသော ဟင်းလျာများ ချက်ပြုတ် စားသောက်ပါ။

(၁၉) ချင်းနှင့် ခြေထောက်သွေးပြန်ကြောတွင်းသွေးခဲသည့်ရောဂါ

နှလုံးမှဖြစ်စေ၊ အခြားတစ်နေရာမှဖြစ်စေ သွေးခဲများကို ဖယ်ရှားစေခြင်း၊ ပျော်စေခြင်း၊ ကျဲစေခြင်းပြုရာ၌ ချင်းသည် အင်္ဂါစပရင်၊ ကြောက်သွန်ဖြူတို့နှင့် တန်းတူသော အာနိသင်ရှိလေသည်။

(၂၀) ချင်းနှင့် အသည်းရောဂါများ

ချင်းတွင် အသည်းကို ကာကွယ်သော ဓာတ်ပေါင်း (၈)မျိုး ပါဝင်၏။ ထို့ကြောင့် ချင်းကို စားတိုင်းစားတိုင်း မည်သည့်အသည်းရောဂါကိုမဆို ကာကွယ်မှု အပြည့်အဝ ရရှိစေကြောင်း သိထားရမည် ဖြစ်သည်။

(၂၁) ချင်းနှင့် ဓမ္မတာလာစဉ် နာကျင်ကိုက်ခဲခြင်း

ဓာတုကုထုံးနှင့် သဘာဝကုထုံးကို ပေါင်းစပ်ပြုသည့် (၂၀)ရာစုနှောင်းပိုင်းမှ ဆရာဝန်များသည် ဓမ္မတာလာစဉ် နာကျင်ကိုက်ခဲမှုများအတွက် ချင်းကို ပြဋ္ဌာန်း၏။

အဆိုပါ ချင်းနှင့် ပတ်သက်၍ နိုင်ငံအလိုက် သုတေသနပြုကြည့်သော အခါတွင် အမေရိကန်တို့က ဗင်နီဇွဲလားနိုင်ငံမှသည် အရှေ့တောင်အာရှအထိ ဗီယက်နမ်၊ မြန်မာနိုင်ငံသို့တိုင်အောင် ဓမ္မတာသွေးဖြစ်ပေါ်စေရန်အတွက် ချင်းကို အသုံးပြုကြလေသည်။

ချင်းလက်ဖက်ရည် ခေါ် ချင်းပြုတ်ရည်တွင် နာကျင်မှုကို သက်သာပျောက်ကင်းစေသည့်ဓာတ်ပေါင်း(၆)မျိုး အနည်းဆုံးပါဝင်နေသည်။ ထို့ကြောင့် ဓမ္မတာလာလျှင် နာကျင်ကိုက်ခဲမှုအား သက်သာစေရာ၌ ချင်းပြုတ်ရည်ကား အကောင်းဆုံးဖြစ်လေသည်။

(၂၂) ချင်းနှင့် ခရီးတောက်ခြင်း

အူတာပြည်နယ်တွင် ဒေါက်တာ ဒင်နီရယ်မော်ဝဲသည် ချင်း၏ဂုဏ်သတ္တိကို ဒိုင်မန်ဟိုက်ဒရိတ်နှင့် ထိပ်တိုက်စမ်းသပ်ခဲ့ဖူးသည်။

ဆုံလည်ကုလားထိုင် တစ်လုံးကို ထားပြီး လူတစ်စုကို ထိုကုလားထိုင်၌ ထိုင်စေပြီး လှည့်စေ၏။ စမ်းသပ်ခံမည့် လူဦးရေတစ်ဝက်ကို ဒိုင်မင်ဟိုက်ဒရိတ်ဆေး တစ်ခွက်စာ တိုက်ထားပြီး၊ ကျန်တစ်ဝက်ကို ချင်း(၁)ဂရမ်၊ (ဇွန်းငယ်တစ်ဝက်ခန့်) တိုက်ကျွေးထား၏။ ဆုံလည်ကုလားထိုင်ကို ထိုင်သူသည် အန်ချင်လာလျှင် လက်ကိုင်ကိုလှည့်၍ ဆုံလည်ကို ရပ်ရ၏။ ထိုသုတေသန တွေ့ရှိချက်မှာ ချင်း(၁)ဂရမ်ကို စားထားသူများသည် ဒိုင်မင်ဟိုက်ဒရိတ်ဆေးကို စားထားသူများထက် အချိန်နှစ်ဆကြာကြာ ဆုံလည်ကုလားထိုင်တွင် ပို၍ ထိုင်နိုင်ကြောင်း တွေ့ရှိရလေသည်။

ချင်းကို ဆေးအဖြစ် ဖော်ရည်အဖြစ် သောက်လိုပါက အောက်ပါအတိုင်း ဆောင်ရွက်ပါ။

ချင်းဖျော်ရှည် ဆေးနည်း

၂ လက်မအရွယ် ချင်းတုံးများ ခုတ်စဉ်းပါ၊ ၎င်းအထဲတွင် ရှာမိုမိုင်း(လ်) အပွင့်များ၊ စမုန်၊ လိမ္မော်ခွံ၊ ပရုတ်အေး (ပက်ပါးမင့်) (သို့မဟုတ်) စပီးယားမင့် တို့ကို ရောထည့်မွှေပါ။ ပြီး ရေလေး၊ငါးခွက်ထည့်၍ ၁၅ မိနစ်ခန့် စိမ်ထားပါ။ သစ်ကြံပိုးလည်း အနည်းငယ် ထည့်နိုင်ပါသည်။

ဖျော်ရည်ပြုလုပ် သောက်လိုပါက ပန်းသီး ၂ လုံး၊ သစ်တော်သီး တစ်လုံး၊ ချင်းတစ်လက်မတို့ကို ထည့်ကြိတ် အရည်ညှစ်ပါ။ သို့မဟုတ် နံစုတ်သီး လက်လတ်ဆတ်ဆတ် ပန်းကန်တစ်လုံးကိုဝီသီးတစ်လုံး၊ ချင်းတက်တစ်လက်မ၊ ပူဒီနာအနည်းငယ်တို့ကို ရောရှေ့ ဖျော်ရည်ကား ချင်းနှင့်သစ်သီးစုံဖျော်ရည်ဖြစ်၍ သွားလေပြီဖြစ်သည်။

●

"ကိုစိုးနိုင် စာရွှည်သွားပြီ မှတ်မိရဲ့လား"

"ဟာ. . . ကောင်းလိုက်တဲ့ ရွာဖွေစုဆောင်းချက်ဗျာ၊ နိုင်ငံတကာနဲ့ အဆင့်အတန်းမီမီ ခေတ်နဲ့အညီ သဘာဝကျကျ ထိထိရောက်ရောက် ချင်းဂုဏ်သတ္တိကို ပြောနိုင်တာ ဆရာရေ၊ ကျွန်တော်အံ့သြတယ်ဗျာ၊ ဟောင်းလိုက်တာ၊ ဖတ်မိတဲ့လူက ချက်ချင်းကောက်ရေမှတ်ထားမှာဗျာ"

"အေး. . . ဒါ အားလုံးစုံပြီလို့ ပြောလို့ မရသေးဘူး၊ ရှိသေးတာဗျာ၊ ကဲ- ချင်းရဲ့ အသုံးဝင်အရေးပါပုံ သိပြီလား"

"အင်း. . ဗီးဖိုချောင်သုံး ပစ္စည်းလေးတစ်ခုက ရောဂါတွေ အများကြီး ပျောက်နိုင်ကုသနိုင်တာကို ကမ္ဘာ့ဆေးပညာရှုထောင့်ကပါ သေသေချာချာ သုတေသနပြုထားတာ၊ ကောင်းလိုက်တာ ဆရာဆန်းရယ်၊ လာရကျိုး နပ်သွားပြီ၊ တန်ဖိုးလည်းရှိသွားပြီ၊ ကဲ. . . လမ်းထိပ် လိုက်ခဲ့ပြီး လက်ဖက်ရည်သောက်ပါ၊ တိုက်ပါရစေဗျာ"

"အေး လက်ဖက်ရည်သောက် ချင်တာနဲ့တော့ အတော်ပေါ့"

"ဟို. . . မုန့်ပါစားဗျာ"

"ကဲ. . . မင်းပစ္စည်းတွေ သိမ်းသွားကြစို့"

"ကောင်းပါ့ ဆရာရေ"

ဆန်းဝင်း(ဓောင်ဂြဲ)
မိုဂြင်မိုး ။ ။ သက်ရှည်ကျန်းမာ မြန်မာ့ရိုးရာ ဆေးပညာ (၁၆)၊ ဆရာ ဦးသက်ထွန်းလင်း(အာယုဗ္ဗေဒ)၏ခေတ်သစ်မသည် ရိုးရာဆီသို့ ဆောင်းပါးအား မိုဂြင်မိုးဖော်ပြပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

တန်ရင်ဆေး လွန်ရင်ဘေး ဖြစ်စေနိုင်သည့် ဆား

အောင်ဘုန်းမြင့်(ကချင်ပြည်)

ဆား (သို့မဟုတ်) အငန်ဓာတ်-

ဆား ဟုခေါ်သော ဆိုဒီယမ်ကလိုရိုဒ် အငန်ဓာတ်ကို လူသတ္တဝါအားလုံး အသက်ရှင် နေထိုင်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်၏။ ဆားအငန်ဓာတ်သည် လူခန္ဓာကိုယ်အရည်များမှအစ အသွေးအသားထဲထိအောင် ဝါဝင်နေသော ဓာတ်ပစ္စည်းဖြစ်သည်။ ခန္ဓာကိုယ် အရည်ဓာတ်ကို မျှတအောင်ထိန်းပေးခြင်းနှင့် အာရုံကြောနှင့် ကြွက်သားများတွင် လျှပ်စစ်ဆိုင်ရာ လှုံ့ဆော်စေမှုကို ဖြစ်ပွားစေခြင်း အစရှိသော အရေးပါသည့် လုပ်ငန်းကဏ္ဍများကို ဆောင်ရွက်ပေးသော ဓာတ်ပစ္စည်းဖြစ်သည်။

များစွာသော အစားအစာများတွင် ပုန်းအောင်း ဝါဝင်နေတတ်သည်။ ငါးဖိ၊ ငံပြာရည်၊ ပဲငံပြာရည်၊ ပုစွန်ခြောက်၊ ငါးခြောက်၊ ငါးပိကောင်၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်း၊ ဆားငန်သီး၊ နေကြာစေ့၊ ကွာစေ့၊ သနပ်အမျိုးမျိုး၊ ဆီသွတ်ဘူး အမျိုးမျိုးနှင့် ကြာရှည်ခံ ဆားရည်စိမ် အစားအစာများတွင် အမြောက်အမြား ပါဝင်သည်။

မိုနိုဆိုဒီယမ် ဂလူတီမိတ်(ခေါ်) ဟင်းချိုမှုန့်၊ ဆိုဒီယမ်ဘိုင်ကာဗွန်နိတ် (ခေါ်) မုန့်ပွဆေးများသည် ဆား၏ အစိတ်အပိုင်းများသာဖြစ်သည်။ အချို့ဓာတ်ဖုံးအုပ်ထားသော သရေစာများ၊ အချို့ရည်များတွင်လည်း ဆားပမာဏ မြင့်မားစွာ ပါဝင်နေပါသည်။ ဆားသည် ခန္ဓာကိုယ်အတွက် မရှိမဖြစ် လိုအပ်သည်ဟုဆိုသော်လည်း လွန်ကဲလာလျှင် ကျန်းမာရေးကို ထိခိုက်စေနိုင်သဖြင့် ထိန်းထိန်းသိမ်းသိမ်း စားသုံးကြရမည်ဖြစ်သည်။ ဆားကြောင့် နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ ဆားလွန်ကဲမှုပြဿနာများကို ဖြစ်စေနိုင်သည်။

လူတစ်ယောက်လျှင် တစ်နေ့ဆား လက်ဖက်ဇွန်းနှင့် တစ်ဇွန်းခန့်သာ စားသုံးသင့်သည်ဟု ဆိုထားသော်လည်း အစားအစာတိုင်းတွင် ဆားပါဝင်နေသဖြင့် လက်ဖက်ဇွန်းဝက်ခန့်သာ စားသုံးသင့်သည်။ တန်ဆေးလွန်ဘေးဟူသော စကားကို နှလုံးသွင်းကြရပါသည်။

ဆား (ခေါ်) ဆိုဒီယမ် အငန်ဓာတ်များ ခန္ဓာကိုယ်အတွင်း မပိုမလိုပုံမှန် မျှတနေလျှင် ကျန်းမာရေးကို ကောင်းမွန်စေနိုင်ပြီး မဆင်မခြင် စားသုံးမှုကြောင့် ဆိုဒီယမ်အဇန်ဓာတ်များ ပိုလျှံလာပါက ကျောက်ကပ်မှတစ်ဆင့် စွန့်ထုတ်ပေးတတ်ပါသည်။ အကယ်၍သာ ကျောက်ကပ်မှ စွန့်ထုတ်ပေးနိုင်သည့် အဆင့်ကို ကျော်လွန်သွားပါက ခန္ဓာကိုယ်ကို ဆိုဒီယမ်အငန်ဓာတ် လွှမ်းမိုးခံရပြီး ကျန်းမာရေးကို ဆိုးဆိုးထိခိုက်စေနိုင်သည်။ အထူးသဖြင့် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါများကို



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စေသည်။ ထိုမှတစ်ဆင့် သွေးကြော ကျဉ်းရောဂါရစေပြီး ရောဂါအမျိုးမျိုး ပွားစေကာ လေဖြတ်သည်ထိ ဖြစ်စေနိုင်ပါသည်။

သို့ဖြစ်၍ အိမ်သုံးဆားနှင့် ဆိုဒီယမ် အင်နဲ့ဓာတ်များကို ခန္ဓာကိုယ်လိုအပ်သောပမာဏထက် မကျော်လွန်အောင် သတိနှင့် ဆင်ခြင်စားသုံးကြရမည်ဖြစ်သည်။အင်နဲ့လွန်ကဲသောအစားအစာများ၊ အင်နဲ့ဓာတ်ကို အခြေခံ၍ ထုတ်လုပ်ထားသော အစားအစာများ၊ အင်နဲ့နှင့်မကင်းသော အစားအစာများ၊ ဆားရည်စိမ် အစားအစာများ၊ ရောင်းဝယ်မှု အဆာပြေ အစားအစာများ၊ ဟင်းချိုမှုန့်ပါသော အစားအစာများ၊ ပွဆေးနှင့် အခြား ဓာတုအင်နဲ့ဓာတ်များနှင့် ထုတ်လုပ်ထားသော အစားအစာများ အစရှိသော အင်နဲ့ကဲစာများကို . . . (၀) ဆင်ခြင်ရမည် (၂) လျှော့စားရမည် (၃) လုံး၀ ရှောင်ကြဉ်သွားကြရမည် ဖြစ်သည်။

ဆားနှင့် သွေးတိုး

ဆိုဒီယမ်အင်နဲ့ဓာတ်ကို မဆင်မခြင် အများအပြား စားသုံးသူများ၌ အသက်ကြီးလာသည့်အခါ သွေးတိုးရောဂါ ရရှိလာနိုင်ပါသည်။ သွေးတိုးမှတစ်ဆင့် နှလုံးရောဂါ စွဲကပ်လာနိုင်ပြီး သွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ၊ ကင်ဆာရောဂါနှင့် သွေးထဲမကောင်းသော အဆိစာတ်တိုးရောဂါများ ခွန်အ်ယ်ကျလာနိုင်ပါသည်။

တိုးတက်သော အချို့နိုင်ငံများတွင် ပြည်သူများ ဆိုဒီယမ်အင်နဲ့ဓာတ် ဖြစ်သည့် ဆားစားသုံးမှုကို လျှော့ကျစေနိုင်ရန် အစားအစာပြုပြင်ထုတ်လုပ်သော လုပ်ငန်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သဖြင့် ဆားစားသုံးမှုကို သိသိသာသာ လျှော့ချနိုင်ခဲ့သည်ဟူ၏။ ယေဘုယျအားဖြင့် ဆားပါဝင်မှု မြင့်မားသော အစားအစာများကို အနည်းအကျဉ်းမျှသာ စားသုံးပြီး ဆားအင်နဲ့ဓာတ် နည်းပါး သော သစ်သီး၀လံများ၊ ဟင်းသီးဟင်းရွက်များကို ပြောင်းစားပေးသင့်ပါသည်။



ဆားအင်နဲ့ဓာတ် များစွာပါဝင်သော ထောပတ်၊ အသားငါးဆီသွတ်ဘူး၊ ဆော့စ်အချဉ်ရည်များတွင် အဓိကအားဖြင့် ၁၀၀ ဂရမ်တိုင်း၌ ဆားအင်နဲ့ဓာတ် ပါဝင်မှု ၁၂၃၀ မီလီဂရမ်၀နှုန်းကျင် ရှိပြီး ပြုပြင်ထားသော အသား ၁၀၀ ဂရမ်တွင် ဆားအင်နဲ့ဓာတ် ၈၅၀ မီလီဂရမ်အထိ ပါဝင်သောကြောင့် ယင်းအစားအစာများကို ဆားအင်နဲ့ဓာတ် မြင့်မားသော အစားအစာများ အဖြစ် သတ်မှတ်ကြသည်။

သီးနှံ ၁၀၀ ဂရမ်တွင် ဆားအင်နဲ့ဓာတ် ၂၀၅ မီလီဂရမ်နှင့် သစ်သီး၀လံနှင့် ဟင်းသီးဟင်းရွက် ၁၀၀ ဂရမ်တွင် ဆားအင်နဲ့ဓာတ် ၂၁၀ မီလီဂရမ်သာ ပါဝင်သဖြင့် ယင်းသီးနှံအစားအစာများကိုမူ ဆားအင်နဲ့ဓာတ်နည်းပါးသော အစားအစာများအဖြစ် သတ်မှတ်ကြသည်။ ထို့ကြောင့် သီးနှံ အသီးအရွက်များကို အားထား စားသုံးသင့်ပါသည်။

သို့ဖြစ်၍ ဆားအင်နဲ့ဓာတ် လျှော့စားနိုင်ရေး အစီအစဉ်ကို တစ်ဦးချင်းဖြစ်စေ၊ မိသားစုလိုက်ဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ ပညာပေး လှုပ်ရှားဆောင်ရွက်ကြခြင်းဖြင့် လူကျန်းမာရေး၏ နံပါတ်တစ်ရန်သူဖြစ်သော သွေးတိုးရောဂါဖြစ်ပွားမှုနှုန်းကို လျှော့ချပစ်နိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် နောက်ဆက်တွဲ ဖြစ်လာမည့် ရောဂါများကို ကာကွယ်နိုင်ပါလိမ့်မည်။

ထို့ပြင် အကျိုးဆက်များအနေဖြင့် မိသားစုတစ်ခုချင်းအတွက် ဆေးဝါးကုသရသောကြောင့် ငွေကြေးကုန်ကျခြင်း၊ ရောဂါ စွဲကပ်ခံရသောကြောင့် အချိန်ကုန်လူဖင်ပန်း အလုပ်အကိုင် ပျက်ခြင်း၊ အတူနေမိသားစုဝင်များတို့ တာဝန်ပို သောကရောက်စေခြင်း၊ ငွေကုန်ကြေးကျများ၍ စီးပွား ထိခိုက်စေခြင်း အစရှိသော ဒုက္ခအပေါင်းတို့မှ ကင်းဝေးစေနိုင်ပါလိမ့်မည်။

ဆားအာနိသင်

ဆားသည် ရောဂါပိုးများကို သေစေနိုင်ပြီး ခန္ဓာကိုယ်ကျန်းမာရေး၊ သန့်စွမ်းရေး၊ တည်ဆောက်ရေးများအတွက်လည်း အဓိက ဓာတ်ပစ္စည်းတစ်ပါးဖြစ်သည်။

STROPTOCOCUS ရောဂါပိုးနှင့် VIRUS ပိုးများကြောင့်ဖြစ်သော အနာရောဂါများကို ပျောက်ကင်းစေနိုင်သည်။ ဆားရည်ငုံပေးခြင်းဖြင့် ပါးစပ်ရောဂါများကို ကောင်းစေနိုင်သည်။

အိုင်အိုဒင်းဓာတ်ပါသော အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးပေးခြင်းဖြင့် လူကြီးများကို ကျန်းမာကြံ့ခိုင်ရောဂါကင်းစေနိုင်ပြီး ကလေးများကို ဉာဏ်ရည် ထက်မြက်စေနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် လည်ပင်းကြီးရောဂါမှ တင်းလေးစေနိုင်သည်။

အိုင်အိုဒင်းဓာတ် ချို့တဲ့လျှင် ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးအသေ မွေးဖွားခြင်း၊ ဆွဲ့အနားမကြား မစွမ်းမသန်ကလေးများကို မွေးဖွားခြင်း၊ မွေးဖွားလာသော ကလေးများ ဉာဏ်ရည်နိမ့်ကျ မဖွံ့ဖြိုးခြင်း၊ ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးမှု နှေးကွေးပြီး ပုညက် လူစဉ်မမီ ဖြစ်ခြင်း၊ သွက်လက်ဖျတ်လတ်မှုမရှိ အရာရာ၌ လေးလံထုံထိုင်းနေတတ်ခြင်း၊ အတွေးအခြင် နိမ့်ကျပြီး အဆင့်ခြင့်ပညာ သင်ယူမှုများတွင် အခက်အခဲ ဖြစ်စေခြင်း စသောဆိုးကျိုးများကို ဖြစ်စေပါသည်။

မည်သို့ပင် ပင်လယ်ထွက်အစား အစာများတွင် အိုင်အိုဒင်းဓာတ်ပါဝင်သည် ဆိုသော်လည်း ခန္ဓာကိုယ်၏ လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မည် မဟုတ်ပါ။ သို့ဖြစ်၍ အိုင်အိုဒင်းဆားကို နေ့စဉ် စားသုံးပေးမှသာ လုံလောက်သော အိုင်အိုဒင်းဓာတ်ကို ရရှိစေနိုင်ပြီး အထက်ပါ ရောဂါဆိုးများမှ ကင်းဝေးကြ၍ ကျန်းမာ အသက်ရှည်စေနိုင်မည် ဖြစ်ပါသည်။

ဆားအန္တရာယ်

ဆားသဲ ပါဝင်သည့် ဆိုဒီယမ် ကလိုရိုဒ်ဓာတ်သည် ခန္ဓာကိုယ်အတွက် မရှိမဖြစ် လိုအပ်သော ဓာတ်တစ်ပါး ဖြစ်သည်။ ခန္ဓာကိုယ်အရည်ဓာတ်ကို မျှတအောင် ထိန်းညှိပေးသည်။ ကြွက်သားများနှင့် အာရုံကြောများ ပုံမှန်လုပ်ဆောင်နိုင်ရန်လိုအပ်သည်။ ကျန်းမာရေးအတွက် အရေးပါသောဆားကို လိုသည်ထက် ပိုစားမိပါက ဘေးဖြစ်စေတတ်ပါသည်။

ဆေးပညာရှင်များ၏ အလိုအရ လူတစ်ယောက်အတွက် တစ်နေ့စာ လိုအပ်သော ဆားအင်္ဂါဓာတ် ပမာဏသည် ၂၀၀၀ မီလီဂရမ် လက်ဖက်ရွက်နှင့် တစ်ရွက်နှစ်စာမျှသာ ဖြစ်သည်ဟု ဆိုသည်။ မည်သို့ဆိုစေကာမူ အခြားအစားအစာများမှ ဆားဓာတ်များကို ရရှိနိုင်သဖြင့် တကယ် စားသုံးသင့်သည်မှာ လက်ဖက်ရည်ဇွန်းနှင့် ထက်ဝက် (သို့)သုံးပုံတစ်ပုံနှင့် လုံလောက်နိုင်ပါလိမ့်မည်။ ဥပမာ- ကြက်ဥ၊ ဘဲဥ၊ နွားနို့၊ အသား စသော နေ့စဉ် စားသုံးနေရသည့် အစားအစာများတွင် သဘာဝဆားပါဝင်ပြီး ဖြစ်ပါသည်။

ဆားသည် လျှာနှင့် အရသာတွေ့ ရင်းနှီးကျွမ်းဝင်နေပြီးဖြစ်သဖြင့် လျှော့စားရန် ခက်ခဲနိုင်သည်။ မည်သည့် အစားအစာတွေ့ မည်သို့ပင် အရသာရှိစေကာမူ ဆားမပါလျှင် အရသာတွေ့နိုင်မည် မဟုတ်ပါ။ ပေါ့ပြက်ပြက် ခံတွင်းမတွေ့ ဖြစ်နေပါလိမ့်မည်။ လူများ နေ့စဉ်စားသုံးနေကြသော ဆားအင်္ဂါဓာတ် ပမာဏသည် လိုအပ်သည်ထက် နှစ်ဆခန့် ပိုများနေသည်ဟု ကျွမ်းကျင်သူများက ဆိုကြသည်။ ဆားကို လိုအပ်သည်ထက် လွန်ကဲ စားသုံးနေပါက နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ သွေးတိုးရောဂါ ဝင်ရောက်လာနိုင်ပါသည်။



နှလုံးရောဂါနှင့်ဆား

ခန္ဓာကိုယ်ထဲမှ ဆိုဒီယမ်ဓာတ်များသည် အရည်များကို စုပ်ယူထိန်းသိမ်းထားတတ်ပါသည်။ ထို့ကြောင့် ဆားများများစားရ၍ ဆိုဒီယမ်ဓာတ်များလွန်ကဲနေလျှင် ခန္ဓာကိုယ်ထဲ အရည်ပမာဏများလာပြီး သွေးထုထည်ကိုလည်း များလာစေကာ သွေးဖိအားမြင့်မားစေတတ်သည်။ သို့ဖြစ်၍ သွေးကြောထဲဖိအားများသည့် အချိန်ကာလကြာရှည်လာလျှင် သွေးကြောလေးများ၏ အကာနံရံများကို ထိခိုက်ပျက်စီးစေသဖြင့် နှလုံးဖောက်ပြန်မှု ဖြစ်စေကာ နှလုံးရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ လေဖြတ်ဝေဒနာများကို စွဲကပ်လာစေပြီး ရောဂါဘေးအန္တရာယ် အမျိုးမျိုးအတွက် တံခါးပွင့်သွားစေနိုင်ပါသည်။

ထို့ပြင် သွေးနံရံများပျက်စီးလာလျှင် မကောင်းသော ကိုလက်စထရောအဆီဓာတ်များ သွေးကြောနံရံများပေါ် အလွယ်တကူ ကပ်ငြိစုပုံလာပြီး အစိုင်အခဲဖြစ်လာစေ၍ သွေးစီးဆင်းမှုကို ပိတ်ဆို့စေကာ နှလုံးဖောက်ပြန်ခြင်း၊ လေဖြတ်ခြင်းကို ဖြစ်စေနိုင်ပါသည်။

ကျောက်ကပ်ရောဂါ

ခန္ဓာကိုယ်အတွင်းရှိ မကောင်းသော အညစ်အကြေးမှန်သမျှကို စွန့်ထုတ်ပေးရန်နှင့် ခန္ဓာကိုယ်ထဲ၌ ဆားအင်္ဂါဓာတ်နှင့် ရေဓာတ်ကို မျှတအောင် ထိန်းထားပေးရန် တာဝန်များကို ကျောက်ကပ်က ဆောင်ရွက်ပေးရသည်။ မကြာခဏ သွေးတိုးလျှင် ကျောက်ကပ်သွေးကြောများ ပျက်စီး

www.burmeseclassic.com

www.burmeseclassic.com

လာစေကာ ကျောက်ကပ်အလုပ်မလုပ်သည့်ရောဂါ ဖြစ်စေတတ်ပါသည်။ ဆိုဒီယမ်ပမာဏ လွန်ကဲလာမှုမှတစ်ဆင့် ကျောက်ကပ်ထဲ ကျောက်တည်စေသည့် ဝေဒနာကို ဆင့်ပွားဖြစ်စေနိုင်ပါသည်။

အဆုံး၌ ကျောက်ကပ်ပျက်စီးခံရပြီး ကျန်းမာရေးကို ဆိုးဆိုးဝါးဝါး ထိခိုက်စေနိုင်သောကြောင့် ဆားဟုခေါ်သော ဆိုဒီယမ်အင်ဓာတ်ကို မပိုမလျှံအောင် ချင့်ချိန်စားသုံးကြခြင်းဖြင့် နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ သွေးတိုးရောဂါနှင့် အခြားရောဂါများမှ ကင်းဝေးစေနိုင်မည်ဖြစ်ပါသည်။

အထွေထွေရောဂါ

နာတာရှည်သွေးတိုးရှိသူများဖြစ်ပါက နေ့စဉ်စားသုံးမှုများတွင် ဆိုဒီယမ်မလွန်ကဲအောင် ဆားကို သတိနှင့်ဆင်ခြင် စားသုံးခြင်းဖြင့် ထိန်းထားနိုင်သည်။ အင်ဓာတ်နည်းပါးသော သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ သန့်ရှင်းလတ်ဆတ် ကောင်းမွန်သော ဆားပေါ့စာများနှင့် ဆားအင်ဓာတ်ကင်းသော (သို့) နည်းသော အစားအစာ အစေ့အဆန်များကို ရွေးချယ်စားသုံးနိုင်သည်။

လူအချို့၌ SALT SENSITIVE (ခေါ်) ဆားများများစားလျှင် ဓာတ်မတည့်သည့်ရောဂါ ရှိတတ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ရောဂါရှိသူများဖြစ်စေ၊ မရှိသူများဖြစ်စေ ဆားအင်ဓာတ်ကို တန်ရဲစားသုံးခြင်းသည် ကျန်းမာ အသက်ရှည်စေရေးအတွက် အကောင်းဆုံးဖြစ်သည်။ ရောဝါထူးခြားလာပါက သမားတော်ဆရာဝန်များ၏ လမ်းညွှန်မှုကို ခံယူလိုက်နာခြင်းသည် သာလျှင် အကောင်းဆုံးဖြစ်ပါသည်။

အောင်ဘုန်းမြင့်(ကချင်ခြေ)

ဆုတောင်းပြည့်

ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဗလိတပညာရှင် - မဟာဂန္ဓရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ - အောင်ဘုန်းမြင့် (ကချင်ခြမြ)

ကခေလာင်ခွဲ - ကာလီဒါန့်. (မြန်မာပြည်)

- ယတြာဓါတ်ရိုက်ဓါတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရွေ့ရေးလမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဗုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
ဗေဒင် ☎ ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး ☎ ၀၉-၃၁၀၂၂၈၁၆

www.burmeseclassic.com

www.burmeseclassic.com

သီးခြားကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ တခြားပြိုတ်သားတစ်ယောက်ဟာ ကမ္ဘာမြေကို ရောက်လာပြီး သန္တာကျောက်တန်းကို ကြည့်ချင်တယ်ဆိုရင် ကျွန်တော်က သူ့ကို ရေလက်ကြားကို ဝန်းရံနေတဲ့ မီလန်နီယမ်ကျောက်တန်းကို ပြလိုက်မှာပဲ" ဟု အမျိုးသား ပထဝီဝင် မဂ္ဂဇင်း၏ ဌာနေစူးစမ်းရှာဖွေသူ အင်းရစ်စာလာ (ENRIC SALA) က ပြောပါသည်။

ဂြိုဟ်သား မြင်ရမည့် အရာမှာ ပစိဖိတ်သမုဒ္ဒရာ အတွင်း မူလအခြေအနေမှ ပြောင်းလဲမှု အနည်းဆုံးဖြစ်သော ကျွန်းစု၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ ဝေးလံခေါင်ဖျားသော ကျွန်းငယ်များမှာ ကာရိုလိုင်း (မီလန်နီယမ်ဟု ခေါ်လေ့ရှိသည်)၊ မလဒ်၊ လော့စတော့၊ မာလဒင်နှင့် စံတားဘတ် တို့ဖြစ်ပြီး ၎င်းတို့ကို စုပေါင်း၍ တောင်ပိုင်းကျွန်းတန်း (SOUTHERN LINE IS'LSANDS) ဟု ခေါ်ကြပါသည်။ ရေပတ်လည်ပိုင်းနေသော လူမနေသည့် မြေပြင်ငယ်များသည် ဟာဝိုင်အီကျွန်းတောင်ဘက် မိုင်ပေါင်း ၁၅၀၀ မှ ၂၁၀၀ အတွင်း တည်ရှိပြီး စူးစမ်းရှာဖွေမှု မပြုရသေးသည့် သမုဒ္ဒရာတွင်း ကောရိုင်းဒေသ အစစ်အမှန်များ ဖြစ်ပါသည်။

ယခုအခါ ထိုဒေသကို ကာကွယ်ထားရပေမည်။ ကီရီဘာတီ (KIRIBATI) အစိုးရသည် ထိုကျွန်းတစ်ကျွန်းစီ ပတ်လည်ရှိ ရေမိုင် (၁၂)မိုင်အတွင်းကို ငါးမဖမ်းရသော နယ်မြေအဖြစ် လတ်တလော ကြေညာလိုက်မိသည်။ ထိုကဲ့သို့ ဖြစ်လာရခြင်းမှာ ကမ္ဘာမြေပေါ်တွင် ပျက်စီးမှု အနည်းဆုံးဖြစ်သော ပင်လယ်ပတ်ဝန်းကျင် လက်ကျန်နေရာများကို မှတ်တမ်းတင်ပြီး ထိန်းသိမ်းရန် ဆောင်ရွက်သော အမျိုးသား ပထဝီဝင်ဌာန၏ မူလပင်လယ်စီမံချက် (PRISTINE SEA PROJECT) မှ ပင်လယ်ဂေဟဗေဒပညာရှင် စာလာ၏ ကြိုးပမ်းမှု တစ်စိတ်တစ်ဒေသ ပါဝင်ခဲ့ပါသည်။

တောင်ပိုင်းကျွန်းတန်း ပင်လယ်ထိန်းသိမ်းမှု အစီအစဉ်ကို ဖန်တီးခဲ့ခြင်းမှာ ထိုဒေသအတွင်း ရှာဖွေစူးစမ်းမှု ပြုခဲ့သော ၂၀၀၉ ခုနှစ်ကတည်းက စာလာ၏ မျှော်လင့်ချက် ဖြစ်ပါသည်။

"အဲဒီကျွန်းတွေဟာ ကျွန်ော်တို့ကို ရှေးမူလအတိုင်း ဆိုတဲ့စကားကို နားလည်ဖို့ကိစ္စမှာ အကူအညီရပါတယ်" ဟု သူကပြောပါတယ်။

"သန္တာတွေရဲ့ ပမာဏ၊ ငါးတွေရဲ့ သက်ရှိအလေးချိန်၊ ထိပ်တန်း သားစားသတ္တဝါတွေရဲ့ အရေအတွက်နဲ့ ဇီဝအနေအထား ပြောင်းလဲမှုတွေအပြင် ဘယ်ရှုထောင့်က ကြည့်ကြည့် သူတို့ရဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ဂေဟဗေဒဖြစ်စဉ်ဟာ အံ့သြစရာ ကောင်းပါတယ်"

၂၀၀၉ ခုနှစ် စူးစမ်းမှုများအတွင်းတွင် ရေငုပ်သမားများသည် ထိုကျွန်းငါးကျွန်း ပတ်လည်ရှိ ရေအောက်ထဲ၌ နာရီပေါင်းတစ်ထောင်မက နေ၍ လေ့လာခဲ့ကြပါသည်။ သူတို့ တွေ့ခဲ့သည်များက သူတို့အား အလွန်အံ့သြစေခဲ့ပါသည်။ အချို့ကျောက်တန်းများတွင် သန္တာများ အလွန်ထူထပ်သဖြင့် ၎င်းတို့သည် ပင်လယ်ကြမ်းပြင်၏ ၉၀ ရာခိုင်နှုန်းကို ဖုံးလွှမ်းနေပါသည်။ အကြမ်းဖျင်းပြောရလျှင် ကရစ်ဘီယံ ပင်လယ်တွင်း သန္တာဖုံးလွှမ်းမှုထက် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ပိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သိပ္ပံပညာရှင်များလည်း အလားတူပင် ထူထပ်လှသော သန္တာအဖွဲ့အစည်းများ၏ ကျန်းမာရေးကို အထူးအံ့သြမိကြပါသည်။ ပစိဖိတ်သမုဒ္ဒရာ တစ်ပြင်လုံးတွင် အယ်နီနို (ELNINO) ကြောင့် ရေပြင်အပူချိန် မြင့်တက်မှုက သန္တာပမာဏအမြောက်အမြားကို သေစေခဲ့ပါသည်။ သို့ရာတွင် တောင်ပိုင်းကျွန်းတန်းရှိ ကျောက်တန်းများသည် အရောင်ချွတ်ခြင်းနှင့် ရောဂါတို့ အာနိသင် သက်ရောက်ပုံ မရပါ။

"ဒီဒေသဟာ ပင်လယ်ပူနွေးမှုဇော် တိုက်ရိုက်ခံစားရတာကို ကျွန်တော်တို့ သိခဲ့ရပါတယ်၊ ပြီးတော့ ကျွန်တော်တို့ဟာ သန္တာတွေ သေတာကို တွေ့ရမယ်လို့ မျှော်မှန်းခဲ့ပါတယ်၊ ဒါပေမဲ့ ကျောက်တန်းတွေမှာ ထိခိုက်မှုမရှိခဲ့ပါဘူး၊ အားလုံး ကောင်းကောင်းမွန်မွန်ပါပဲ" ဟု စာလာက ပြောပါသည်။

သန္တာများသည် အခြားပင်လယ်တွင်း ဂေဟဗေဒစနစ်များ ရှင်သန်မှုနောက်လိုက်၍ ဖြစ်ထွန်းတတ်ပါသည်။

မိလန်နီယမ်ရှိ ပင်လယ်နှင့် သဲသောင်များကြားရှိ ရေနန့်အိုင်များတွင် ဘီလူးယောက်သွားကောင်များ၏ ပမာဏမှာ လေးစရာတုရန်းပေအထိ မြင့်တက်နေပါသည်။ အသားနှင့် အခွံမာအတွက် ရှာဖွေခြင်းခံနေရသော ထိုသတ္တဝါတို့၏ ပမာဏမှာ တစ်ခါမျှ မကြားဖူးသော အခြေအနေ ဖြစ်ပါသည်။

"သန္တာကျောက်တန်းရှိ ရေနန့်အိုင်အများအပြားမှာ ဘီလူးယောက်သွားများကို ဆယ်ကောင်မှာ တစ်ကောင်ကျသတ်ဖြတ်ခဲ့ပါတယ်၊ မိလန်နီယမ်မှာတော့ ကျောက်တန်းတွေမှာ ယောက်သွားတွေနဲ့ လမ်းခင်းထားပါတယ်" ဟု စာလာကပြောပါသည်။

အများဆုံးတွေ့ရသော မျိုးစိတ်မှာ TRIDACNA MAXIMA ဖြစ်သည်။ သူ့အရွယ်အစားမှာ 'ဘီလူးလေးယောက်သွား' ဆိုသော သွန္နာမည်နှင့် မလိုက်ဖက်ပါ။ ထို ယောက်သွားများသည် အမေရိကန် ဘောလုံး (Foot Ball) ထက် အနည်းငယ်ပိုရှည်ပါသည်။ သို့ရာတွင် ထိုမျိုးစဉ်တွင် အကြီးဆုံး မျိုးစိတ်ဖြစ်သော TRIDACNA GIGAS ကြောင့် ငယ်နေရခြင်း ဖြစ်ပါသည်။

ထိုသတ္တဝါသည် အလျား လေးပေအထိ ရှည်ပါသည်။ ရုတ်တရက်ကြည့်မည်ဆိုလျှင် ဘီလူးလေးများသည် အပြာရောင်၊ မဲနယ်ရောင်၊ အစိမ်းရောင်နှင့် အခြား နူတ်ခမ်းနီရောင် တစ်မျိုးမျိုးကို ဝတ်ဆင်ထားသည်ဟု ထင်ရပါသည်။ စင်စစ် ထိုအရောင်များသည် အခွံဖွင့်လိုက်သောအခါ နူတ်ခမ်းသဖွယ် ပေါ်ထွက်လာသော အပေါ်ယံအသားအတွင်းရှိ ရောင်ခြယ်ဆဲလ် (PIGMENT CELL) များမှ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

ကြီးမားသော အရည်စစ်ဆေးသုံးသူများသည် ရေသန့်စက်ကဲ့သို့ လုပ်ဆောင်ပါသည်။ စူးစမ်းရှာဖွေသော အဖွဲ့မှ အဏုဇီဝပညာရှင်များသည် သန္တာကျောက်တန်းများအတွင်းမှ ဘက်တီးရီးယား (Bacteria) ပမာဏကို တိုင်းတာကြည့်ခဲ့ကြပါသည်။



အခြေရောင် အနားစွန်းရှိသော ကက်ပါကောင်းဝါးများသည် တောင်ပိုင်းကျွန်းတန်းများအနီး မှတ်တမ်းတင်ထားသော ငါးမျိုးစိတ် ၃၂၅ မျိုးတွင် အပါအဝင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ယောက်သွားများ ဖုံးလွှမ်းနေသော မီလန်နီယမ် ရေထဲတွင် ပက်တီးရီးယား အရေအတွက် အနည်းဆုံး ဖြစ်နေပါသည်။ ပက်တီးရီးယားများသည် သန္တာ၊ ငါး၊ ခရုနှင့် ကဏန်းကဲ့သို့သော ခရပ်စတေးလျှကောင်များအား ရောဂါ ဖြစ်စေနိုင်ပါသည်။ ပင်လယ်ရေထဲတွင် ပက်တီးရီးယား ကောင်ရေ နည်းပါးခြင်းသည် ပင်လယ်တွင်း ကျန်းမာရေး ကောင်းသော ဂေဟဗေဒစနစ်ကို ညွှန်ပြပါသည်။

တောင်ပိုင်းကျွန်းတန်းသည် ကောင်းမွန်သော သီးခြား ရပ်တည်မှုကို အမြဲမခံစားရပါ။ ၁၉ ရာစုနှင့် ၂၀ ရာစုနှစ်များ အတွင်းတွင် ထိုဒေသကို ပင်လယ်ငှက်တို့၏ ကျင်ကြီးမှရရှိသော မြေဩဇာနှင့် အုန်းသီးကဲ့သို့ သဘာဝပစ္စည်းများကြောင့် နှောင့်ယှက်ခြင်း ခံခဲ့ရပါသည်။ ထို့ပြင် ၁၉၅၇ ခုနှစ်၌ မယ်ဒလင်ကျွန်းအနီးတွင် ဗြိတိသျှအစိုးရက လေထုအတွင်း ရှူကလီးယား စမ်းသပ်ခဲ့ပါသည်။ သို့ရာတွင် ရေထဲ၌ လူသားတို့၏ နှောင့်ယှက်မှု မရှိခဲ့ပါ။

စာလာနှင့်အဖွဲ့သည် တောင်ပိုင်းကျွန်းတန်းတွင် ငါး မျိုးစိတ် ၃၂၅ မျိုးကို မှတ်တမ်းပြုခဲ့ပါသည်။ ထို့ပြင် ငါးများ၏ ဇီဝအလေးချိန် (ငါးအားလုံး၏ အလေးချိန်)မှာ သန္တာကျောက်တန်းအားလုံးတွင် အများဆုံးဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ခဲ့ပါသည်။ နေရာတော်တော်များများတွင် သန္တာကျောက်တန်းငါးများတွင် အကြီးဆုံးတစ်ကောင် ဖြစ်သော နှိပ်ဂရိယန် အရောင်တောက်ငါးများနှင့် ရေငုပ်သမားများ ကြုံခဲ့ရပါသည်။ ထိုငါးများမှာ မျိုးသုဉ်းပျောက်ကွယ်ရန် ဖိုးရိမ်ရသော ငါးမျိုးဖြစ်ပါသည်။

သက်ကြီးကောင်များ၏ ခေါင်းရှေ့ဘက်တွင် ဘုပါသောကြောင့် ဘုပါသော အရောင်တောက်ငါး (HUMPHEAD WRASSES) ဟုလည်း ခေါ်ဆိုသော ထိုသတ္တဝါသည် ခြောက်ပေအရှည်အထိ ရှိပါသည်။ ငါးမန်းများ၊ ငါးလိပ် ကျောက်များကဲ့သို့ပင် ကိုယ်ပိုင်လမ်းပြငါးပါ ရှိကြပါသည်။

ထိုကျွန်းများပတ်လည်ရှိ ရေသည် ကျန်းမာရေး ကောင်းမွန်သော ကျောက်တန်း၏ ပိရမစ်ပြောင်းပြန်ပုံ ဇီဝထုထည်ရှိပါသည်။ ထိုပုံစံတွင် ငါးများ၏ စုပေါင်းအလေးချိန် စနစ်အရ ထိပ်တန်းသားစားသတ္တဝါများသည် ၇၀ ရာခိုင်နှုန်းထက် ကျော်နေသည်ကို မယ်လဒင်ကျွန်းတွင် တွေ့ရပါသည်။ သားစားသတ္တဝါများ၏ လွှမ်းမိုးမှုစနစ်ကို မြောက်ပိုင်းကျွန်းတန်းရှိ ကင်းမင်းသန္တာကျောက်တန်း (KINGMAN REEF) အား လေ့လာမှုအရ တင်ပြပြီးဖြစ်ပါသည်။

"ပင်လယ်မြေပြင် အနေအထားက ကြောက်စရာပဲ" ဟု လေ့လာစူးစမ်းရေးအဖွဲ့မှ ဓာတ်ပုံဆရာ ဘရိုင်ယန်စကီရီ (BRIAN SKERRY) က ပြောပါသည်။

"ဘယ်ဟာမဆို အမဲလိုက်ရင်လိုက်၊ ဒါမှမဟုတ် သားကောင်ဖြစ်ရင်ဖြစ် တစ်ခုခုပဲ"

လိုင်းဒေါ် ကျွန်းတန်းများဟု အယူဝေးရခြင်းမှာ ထိုကျွန်းများသည် သင်္ဘောသားများက "လိုင်း"ဟု ခေါ်ဝေါ်လေ့ရှိသော အီကွေတာပေါ်မြန်ကွဲနေသောကြောင့် ဖြစ်သည်။ မယ်လဒင်ကျွန်းသည် လူသူမနီးသော ကျွန်းကြီးဖြစ်၍ အမျိုးသားပဏာမဝင်ငွေ ပင်လယ်ထိန်းသိမ်းရေး စီမံချက်မှ သိပ္ပံပညာရှင်များကို ဆွဲဆောင်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com

စကိရီ အခေါ်အရ 'ငါးမန်းမိစ္ဆာနာရီ' ဆိုသော မှောင်ရီဖျိုးဖျအချိန် ရေငုပ်သော အကြိမ်တစ်ခုတွင် မီးခိုးရောင် ကျောက်တန်း ငါးမန်းများ၏ ဝန်းရံခြင်း ခံလိုက်ရပါသည်။

"အဲဒီမှာ အကောင် ခြောက်ဆယ်လောက်ရှိမယ်" သူက ပြောပါသည်။

"ကျွန်တော်က သုံးဖက်ရှိတဲ့ သန္ဓာဦးခေါင်းကို ဓာတ်ပုံရိုက်ဖို့ ကြိုးစားနေတုန်း ကျွန်တော့်နား ငါးမန်းတစ်ကောင် ရောက်လာပါတယ်၊ ပုံမှန်ဆိုရင် ငါးမန်းတွေကို ခြောက်လှန့်လိုက်ရင် လှည့်ထွက်သွားတယ်၊ အနည်းဆုံး ခဏဖြစ်ဖြစ်ပေါ့၊ ဒါပေမဲ့ အဲဒီကောင်တွေဟာ ချက်ချင်းပဲ ၃၆၀ ဒီဂရီလှည့်ပြီး ပြန်လာတယ်၊ အဲဒီကောင်တွေ နောက်မှ နောက်ထပ် ငါးကောင်၊ ပြီးတော့ အဲဒီနောက်မှာ နောက်ထပ် ဆယ်ကောင် ပြိုင်မြင်းတွေလို လိုက်လာကြတယ်၊ ၃၆ နှစ်ကြာ ရေငုပ်တဲ့ အတွေ့အကြုံမှာ သားစားသတ္တဝါတွေနဲ့ အန္တရာယ်များတဲ့ အခါ အချို့ ကြုံခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ဒီမှာလိုမျိုး တစ်ခါမှ အမဲလိုက် မခံရဖူးဘူး"

သားစားသတ္တဝါ မျှားပြားခြင်းမှာ အလွယ်တကူဆုံးနှိုင်ပါသည်။ သင်္ဘောကြီးတစ်စင်းသည် ဆူးတောင်အတွက် အမဲလိုက် ခံနေရသော ငါးမန်းများကို ကျောက်တန်းမှ ခွဲထုတ်ရန် တစ်လမျှသာ ကြာမည်ဟု စာလာက တွက်ချက်မိပါသည်။ ဂေဟဗေဒစနစ်၏ ကျန်းမာရေးသည်လည်း အလွယ်တကူ ကျဆင်းသွားနိုင်ပါသည်။ ထိပ်တန်းသားစား သတ္တဝါမရှိလျှင် အလတ်တန်းသားစားသတ္တဝါများ ပွားများလာပေမည်။ ထိုအခါ အရွက်စား သတ္တဝါများ အရေအတွက် ကျဆင်းလာပြီး သန္ဓာများပေါ်တွင် အယ်ဂျေး (ALGAE) ခေါ် ရေမှော်ပင်များ ဖုံးလွှမ်းသွားပေမည်။

မိလန်နီယန်ကျွန်းများ အနီးတွင် ပါးစပ်ထဲတွင် ပြောင်လက်သော သံမဏိခွံတ်များရှိသည့် ငါးမန်းနှစ်ကောင်ကို ရေငုပ်သမားများက တွေ့လိုက်ရသည်။ တစ်ကောင်တွင် ငါးမျှားကြိုးရှည်ကြီး တန်းလန်းဖြစ်နေပါသည်။ ရေငန်အိုင်များအတွင်း လှည့်လည်နေသော ပြင်သစ်သင်္ဘောသားတစ်ဦးက ကမ်းလွန်ပင်လယ်ပြင်တွင် ရှည်လျားသော သင်္ဘောတစ်စင်း လုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ခဲ့ကြောင်း ပြောပြပါသည်။

ဥပဒေအရ အားဖြည့်ရန် ခက်ခဲလှသော်လည်း ကီရီဘာတီနိုင်ငံ၏ သဘာဝ ပင်လယ်သက်ရှိများကို ကာကွယ်ရန် ခြေလှမ်းသည် ဆိုသို့သော အပြုအမူများကို တားဆီးကောင်းတားတီးနိုင်ပေမည်။ ကင်းလှည့်ရေယာဉ်များနှင့် စောင့်ကြည့်လေယာဉ်များသည် ထိုကဲ့သို့ ဝေးလံခေါင်ဖျားသော အရပ်ဒေသများတွင် အလွန်အကုန်အကျများပါသည်။

ဂြိုဟ်တုမှ စောင့်ကြည့်ခြင်းနှင့် ရေယာဉ်ခြေရာခံခြင်းစသော ခေတ်မီနည်းပညာများမှာ ကျူးကျော်ဝင်ရောက်မှုနှင့် ပတ်သက်၍ အာဏာပိုင်များအား သတိပေးနိုင်ပါသည်။ သို့ရာတွင် သာဘာဝ ပတ်ဝန်းကျင်ကို မဖျက်တီးမီ သူတို့အား တားဖြစ်ရန် ကိစ္စမှာမူ စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေပါသည်။

အခြားသော ခြိမ်းခြောက်မှုများမှာ ပို၍ စိတ်ပျက်စရာကောင်းပါသည်။ အပူပိုင်းကျောက်တန်းများသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို သုံးမျိုးခံရပါသည်။ ပယ်လင်ရေမျက်နှာပြင် မြင့်တက်မှု၊ အပေါ်ယံ အပူချိန် ပိုများလာမှုနှင့် သမုဒ္ဒရာရေ အက်ဆစ်ဓာတ် မြင့်လာခြင်းတို့ ဖြစ်ပါသည်။

၎င်းတို့ထဲမှ တစ်မျိုးစီပင်လျှင် သန္ဓာများ ဖြစ်ပွားမှုကို ထိခိုက်စေပါသည်။ ပေါင်းစပ်ထားသော အကျိုးသက်ရောက်မှုဆိုလျှင် အကြီးအကျယ် ပျက်စီးပေတော့မည်။ အချို့သော သိပ္ပံပညာရှင်များက နေရာအနှံ့အပြား ဖြစ်လုဆဲဆဲ အခြေအနေရှိသော အပူပိုင်း သန္ဓာကျောက်တန်းများ ပျောက်ကွယ်မှုအရေး သတိပေးကြပါသည်။

ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုက ကျွန်းနိုင်ငံဖြစ်သော် ကီရီဘာတီ၏ တည်တံ့မှုကိုလည်း ခြိမ်းခြောက်နေပါသည်။

ကီရီဘာတီနိုင်ငံ သမ္မတ အနုတ်တောင် (ANOTE TONG) က နိုင်ငံသားတို့အား သန္ဓာကျောက်တန်းပေါ်တွင် တည်ဆောက်ထားသောတိုင်းပြည်သည် ၂၀၅၀ ပြည့်နှစ်တွင် လူနေ၍မရသော အခြေအနေ ဖြစ်သွားနိုင်ကြောင်း အထပ်ထပ် သတိပေးပါသည်။ ထို့ပြင် လူဦးရေ တစ်သိန်းကျော်မှာ သူတို့၏ မိခင်မြေအား စွန့်ခွာသွားရပေမည်။

ကျောက်တန်းအား ထိန်းသိမ်းခြင်းသည် မြည်သူလူထုအတွက် မရှိမဖြစ် လိုအပ်နေပါသည်။

"အကောင်းဆုံး အချိန်မီ ဆောင်ရွက်နိုင်ဖို့ကတော့ သန္ဓာကျောက်တန်းတွေမှာ ဂေဟဗေဒစနစ် ပုံစံတွေ များများရှိတယ်ဆိုတာ သေချာဖို့ပဲ" ဟု စာလာက ပြောပါသည်။

"ကျောက်တန်းတစ်ခုမှာ ပြည့်စုံမှုရှိလေလေ ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ခံနိုင်လေလေပါပဲ"

(တော်မြင့်ဖြဂ်ဖြား)

Ref; Kennedy Warne ...A world apart
National Geographic, September 2014.

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပြုံးရယ်ရယ်ဟာသများ

ရွှေရတုအချစ်

အိမ်ထောင်သက် နှစ်(၅၀)ရှိပြီဖြစ်သော အဘိုးနှင့်အဘွားတို့ အတူယှဉ်တွဲ၍ ထိုင်နေကြသည်။

"မင်းနဲ့ ငါနဲ့ ညားတာ နှစ်(၅၀)တောင်ရှိပြီနော်၊ ငါဖြင့် မနေ့တစ်နေ့ကလိုပဲ ထင်နေတယ်"

အဘိုးက စကားစလိုက်သည်။ အဘွားကြီးက စားပွဲပေါ်မှ ခွက်တစ်ခုကို ကောက်ကိုင်လိုက်ပြီး အဘိုးကြီး၏ ခေါင်းကို ခပ်ဆတ်ဆတ်ကလေး ရိုက်ချလိုက်၏။

"နာလိုက်တာကွာ၊ ငါ့ကို ဘာလို့ လုပ်ရတာလဲ"

"ရှင် လွန်ခဲ့တဲ့ နှစ်ငါးဆယ်က ကျွန်မကို အဖျိုရည်ဖျက်ခဲ့တာ သတိရလို့ ရိုက်တာ"

အဘိုးကြီးမှာ ထိပ်ကိုပွတ်ပြီး ငြိမ်နေသည်။

အတော်ကြာသောအခါမှ မတ်ခွက်ကို ကောက်ကိုင်ပြီး အဘွားကြီး၏ထိပ်ကို ရိုက်ထည့်လိုက်ပြန်၏။

"အမယ်လေး . . . နာလိုက်တာ၊ ဘာလို့လုပ်ရတာလဲ"

အဘွားကြီးက မတော့မချမ်းနှင့် ပြန်မေးရာ. . .

"မင်းကကော အဖျိုစစ်လို့လား"

❐

ပိုလို့တောင်ချစ်သေး

အိမ်ထောင်ကျခါစ ဇနီးမောင်နှံနှစ်ယောက် စကားစမြည် ထိုင်ပြောနေကြသည်။

"မောင်ရေ၊ တို့နှစ်ယောက် လက်ထပ်လိုက်တာ သုံးလတောင်ကျော်လာပြီနော်၊ မောင် အခု မေ့ကို ချစ်သေးရဲ့လား"

"ပိုလို့တောင် ချစ်ပါသေးတယ်"

"ဟိုတုန်းက မေက အဖျိုဇလ၊ အခု မေက အအိုဖြစ်သွားပြီနော်၊ စားပါများတော့ ခါး၊ နမ်းပါများတော့ ပြယ်တဲ့၊ မေ့ကို အအိုဖြစ်လို့ မောင် အချစ်လျော့သွားပြီ မဟုတ်လား"

"အချစ်မလျော့ပါတူးကွာ၊ ပိုလို့တောင် ချစ်ပါသေးတယ်၊ မောင် လူပျိုပေါက် အရွယ်ကတည်းက အိမ်ထောင်ရှိတဲ့ အအိုမိန်းမတွေကို ပိုပြီးကြိုက်ခဲ့တာပါ"

ညွန့်လွင်(စတ်မူ)

❐

www.burmeseclassic.com

www.burmeseclassic.com

ပြုံးကျယ်ကျယ်ကနဲ ဟာသများ

ကျေးဇူးတင်ပါတယ်

လုပ်ငန်းရှင်တစ်ဦးသည် ဝန်ထမ်းတစ်ဦးအား နုံးခန်းတွင်းသို့ ခေါ်လိုက်သည်။ ထို့နောက် . . .

"မင်း ဒီမှာအလုပ်လုပ်တာ တစ်နှစ်ကျော်လာပြီ၊ အလုပ်ဝင်စမှာ စာပေးစာယူဌာနမှာ စလုပ်တယ်၊ တစ်ပတ်ကျော်ကြာတော့ အရောင်းဝန်ထမ်းရာထူးတက်တယ်၊ တစ်လကျော်ကြာတော့ အရောင်းဌာနမှာ ခရိုင်မန်နေဂျာရာထူးရခဲ့တယ်၊ တိုတောင်းတဲ့ အချိန်လေးအတွင်းမှာ မင်းဟာ ဒုတိယဥက္ကဋ္ဌရာထူးတက်လာခဲ့တယ်။

အခုလည်း ငါ အငြိမ်းစားယူဖို့ အချိန်တန်ပြီဆိုတော့ မင်းကို ဥက္ကဋ္ဌသစ်ခန့်ပြီး အလုပ်အမှုဆောင် အရာရှိချုပ် ခန့်ချင်တယ်၊ မင်း ဘာများပြောချင်သလဲ"

"ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ပါတယ်၊ မင်း ပြောနိုင်တာ ဒါပဲလား"

"အဲ့သလိုတော့ မဟုတ်ပါဘူး၊ ကျေးဇူးတင်ပါတယ် ဖေဖေ"

❐

ဆရာကြီး

တစ်နေ့တာ တာဝန်များပြီး၍ အိမ်ပြန်ရန် တက္ကစီတစ်စီးကို တားလိုက်သည်။ ယာဉ်မောင်းက . . .

"ဘယ်ပို့ပေးရမလဲ ဆရာကြီး"

'ဆရာကြီးတဲ့၊ အရင်က ငါ့ကို သိလို့လား၊ ကျောင်းဆရာနဲ့တူရအောင် စာအုပ်တွေ ပွေ့ပိုက်ထားတာလည်း မရှိဘူး၊ ငါ့အသွင်အပြင်ကိုက ဆရာပုံများ ပေါက်နေလို့လား' ဟု တွေးရင်း ကားတွင်းဝင်ထိုင်လိုက်သည်။

သွားမည့် နေရာကို ပြောလိုက်သည်။ ယာဉ်မောင်းက . . .

"ဟုတ်ကဲ့ ဆရာကြီး" ဟု ထပ်ပြောပြန်သည်။

ကြာတော့ မနေနိုင်၊ ကိုယ့်အသိများ ဖြစ်နေမလားဟူသော အတွေးဖြင့် . . .

"ခင်ဗျား ကျွန်တော် ကျောင်းဆရာဖြစ်မှန်း ဘယ်လိုသိလဲဗျာ" ဟု မေးလိုက်မိသည်။ တက္ကစီမောင်းသူက ပြုံးချီကြည့်လိုက်ပြီး . . .

"ဆရာ့ တစ်ကိုယ်လုံး မြေဖြူမှုံတွေ ဖုံးနေတယ်လေ ဆရာကြီးရဲ့၊ ဒါကြောင့်ပါ"

ကိုလေးဆန်းမောင်

❐

www.burmeseclassic.com

www.burmeseclassic.com

ကျနော်ပြန့်ငှဲ့ လာဘ်ကောင်းစေသော ဆည်းလည်းလေး

စင်းသီဟ(သန်ဖျင်)

ကိုသီဟ ဘုရားကြီးစေား အပြင်တန်းမှာ စက်ပစ္စည်းရောင်းပြီး အသက်မွေးဝမ်းကျောင်းပါသည်။ ဆိုင်မှာတင်ရောင်းမယ့်ပစ္စည်းများကို ရန်ကုန်မြို့ရှိ ဘုရင့်နောင်စေား၊ အင်းစိန်နဲ့သာကုန်းစေား၊ တာမွေအခွန်လွတ်စေား၊ မြို့ထဲရှိ ရွှေတိဂုံဘုရားလမ်း၊ သိမ်ကြီးစေား အဲဒီစေားပေါင်းများစွာမှာ လှည့်ပတ် ဝယ်ရသည်။ ချို့ချို့ငဲ့ငဲ့နဲ့ ဘဝလမ်းကို စမ်းပြီး လျှောက်နေရတဲ့သူမို့ သူများစေားသည်တွေလို ကိုယ်ပိုင်ကားနဲ့စေားမဝယ်နိုင်ပါ။

တစ်ထုပ်ကို ပဒုံးမှာထမ်း၊ တစ်ထုပ်ကို လက်တစ်ဖက်တဆွဲပြီး မီရာလိုင်းကားပေါ် ပြေးတက်ခဲ့ရတဲ့ဘဝ။ တစ်ခါတလေများ စေားထုပ်တွေ တင်လာပြီး လမ်းတစ်ဝက်မှာ ကားပြောင်းပေးတတ်သည်။ အဲဒီလို အခါမျိုးဆို ခုံအောက်က အထုပ်တွေ အတင်းဆွဲထုတ်၊ ပြောင်းစီးမယ့်ကား မထွက်ခင် တစ်ထုပ်ကိုထမ်း တစ်ထုပ်ကိုဆွဲပြီး အတင်း ပြေးတက်ရပြန်သည်။ ကားဆရာတို့ လုပ်သမျှ ခရီးသည်တွေခမျာ အရှုပ်ဘဝပါပဲ။

တစ်စေားတည်း၊ တစ်နေရာတည်း ပစ္စည်းစုံရင် ပြဿနာမရှိပေမယ့် စေားနှစ်စေားလောက် ပတ်သွားရတဲ့နေ့မျိုးဆိုဘယ်လိုမှအဆင်မပြေ။ ဒါကြောင့် ကိုသီဟ သူများစေားသည်တွေလို ကားလေး တစ်စီးလောက်တော့ လိုချင်မိသည်။ ဟောင်းချင် ဟောင်းပါစေ ငှါးကျင်ကောင်းရင်ပြီးတာပဲ။ အဲဒီအချိန်ကစပြီး ကိုသီဟ ကားရောဂါထတော့သည်။

"B.600 လေးဘီးကားတစ်စီး ရောင်းဖို့ရှိကယ်၊ ရှစ်သိန်းတဲ့"

"ဟုတ်လား ဘယ်မှာလဲ"

"သာကေတမြို့ရှင်ရဲ့နားမှာ"

"တန်တယ်ဗျာ၊ မော်တော်ဆိုင်ကယ်တစ်စီးဖိုးလောက်ပဲရှိတာ၊ အင်ကျင်ကောင်းလား"

"အင်ကျင်၊ ဘော်ဒီ၊ ဆေး အားလုံးပြောစရာ မလိုဘူး၊ ကားက အရမ်းကောင်းတဲ့ကား"

ပွဲစားများ ဝယ်လက်နဲ့တွေ့ရင် အဲဒီကားလောက်ကောင်းတဲ့ကား ကျပန်မှာတောင်မရှိသလောက်ကို ပြောတာ။ ရောင်းမယ့်သူကိုကျတော့ . . .

"ခင်ဗျားကားက လုံးဝ သုံးမရတော့ဘူး၊ ရသလောက်နဲ့ မြန်မြန်ရောင်းလိုက်" တဲ့။ တတ်လည်း တတ်နိုင်တဲ့သူတို့ပါးစပ်။

"ရှစ်သိန်းဆိုရင် တန်တယ်ဗျာ ဝယ်မယ်"

"ဝယ်ရင် အခုလိုက်ခဲ့၊ ကားဆို ဝယ်"

www.burmeseclassic.com

www.burmeseclassic.com

ကားပွဲစား ငပိန်က ကိုသီဟကို အထင်တကြီးနဲ့ အတင်းဆွဲခေါ် သည်။

"နေဦး၊ အခု မဝယ်နိုင်သေးဘူး"

"ဘယ်တော့လောက် ဝယ်မှာလဲ"

"စျေးထဲက စျေးသည်တွေနဲ့ ဆုံမဲစုထားတယ်၊ တစ်နေ့ နှစ်ထောင်မဲ၊ အဲဒီမဲရင် ဝယ်မယ်"

"ခင်ဗျားမဲက ဘယ်တော့လောက် ရမှာလဲ"

"အင်း- အယောက်သုံးဆယ်၊ ဆယ်ရက်တစ်မဲဗျ၊ ကျွပ်နံပါတ်က နှစ်ဆယ့်ကိုးဆိုတော့ နောက်ကိုးလပိုင်းကျော်မှ ရမှာ"

"တော် . . ."

ပွဲစားငပိန် စိတ်ပျက်ပြီး ထွက်သွားသည်။

ကိုသီဟကတော့ စိတ်မပျက်။ 'တစ်နေ့တစ်လံ ပုဇဉ်းပြေးမလဲ'ဆိုတဲ့ ဆောင်ပုဒ်ကို အမြဲလက်ကိုင်ပြထားသူ။ ရွက်ဆုတ်ပြက္ခဒိန်ကို တစ်ရွက်ပြီးတစ်ရွက်ဆုတ်ဖြဲရင်း ရှစ်ယပိုင်းကျော်လို့ ကိုးလပိုင်းကုန်ရင် ဆုမဲငွေခုနစ်သိန်းရမည်။ လိုတဲ့တစ်သိန်းကို ဘေးကဆွဲပြီး ဖြစ်ချင်တာဖြစ် ဇွတ်မှိတ်ပြီး လေးဘီးကားကို ရွှစ်သိန်းနဲ့ဝယ်လိုက်မယ်။ ဆုမဲငွေရခါနီးလေ ကိုသီဟ ရင်ခုန်လေ့ပဲ။

တစ်နေ့ တာမွေအခွန်လွတ်စျေးထဲရောက်တော့ . . .

"ဟေ့ B.600, B.360 တစ်ရာပေါက်တယ်နော်"

သူတို့ချင်းပြောနေတဲ့စကားတွေက ဘာရယ် တိတိကျကျမသိ၊ ဒါနဲ့ အဲဒီလူကို သွားမေးကြည့်သည်။

"ဘာလဲဗျ B.600, B.360 တစ်ရာ ပေါက်တယ်ဆိုတာ"

"မနေ့က အမိန့်ထုတ်လိုက်ပြီလေ၊ ကားဟောင်းအပ်ပြီး ကားသစ်တင်သွင်းလို့ရပြီ၊ အဲဒါကြောင့် လေးဘီးကား B.600 ဆယ်သိန်းလောက် ရှိတဲ့ကား သိန်းတစ်ရာဖြစ်သွားတာ၊ နောင်ကြီးမှာ ရှိလို့လား၊ ရှိရင် တစ်ရာပေးမယ်၊ စုတ်ချင်သလောက်စုတ်ပစေ၊ လိုင်စင်ဘုတ်နဲ့ အင်ဂျင်ပါရင် ပြီးရော"

"မရှိပါဘူးဗျာ"

ကိုသီဟရင်ထဲက မျှော်လင့်ချက်တွေ၊ ရည်ရွယ်ချက်တွေ ရေထဲကိုခဲလုံးပစ်ချလိုက်သလို စုံးစုံးမြုပ်သွားခဲ့ပြီ။ အဲဒီနေ့ စျေးဝယ်ရတာတောင် စိတ်မပါတော့။ ဝယ်ပြီးသား အထုတ်လေးထမ်းပြီး တာမွေကားဂိတ်သို့ လှမ်းခဲ့ရသည်။

ဩော်. . ငါ့ဘဝက ကားထဲမှာ စျေး အပေါဆုံး B.600 လေးဘီးကားနဲ့ တောင်မှ မနီးစပ်နိုင်တော့ပါလား။

♦

တစ်နေ့ ကိုသီဟအမေ ညကြီး အချိန်မတော် နေမကောင်းဖြစ်သည်။ ကိုသီဟ ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်ရမှန်းမသိ။ ဘေးအိမ်က အဒေါ်ကြီးတစ်ယောက်ကို အကူအညီတောင်းပြီး အမေနဲ့ထားခဲ့ကာ ရွာဝရှိ အစ်ကို့အိမ်မှ ကားယူပြီး ဆေးရုံပို့ရသည်။ တော်သေးတယ်၊ ဆေးရုံရောက်တာမြန်လို့ပေါ့။ ဆေးရုံတစ်ပတ်လောက် တက်ရသည်။ အမေဆေးရုံတက်နေစဉ် အတွင်းမှာ အစ်ကို့က သူ့အိမ်မှကား တစ်စီး ပေးထားသည်။ ဆေးရုံက ဆင်းတော့ သူ့ကား သွားထားလိုက်သည်။ ဆေးရုံက ဆင်းရပေမယ့် တစ်ပတ်တစ်ခါ ဆရာဝန်ထံ ရက်ချိန်းပြန်ပြရသည်။ ဆေးရုံပြီးလျှင် သူ့ကားပြန်ပို့နဲ့ အလုပ်နည်းနည်းရှုပ်သည်။

တစ်နေ့ အမေ့ဆီကို အစ်ကို သတင်းလာမေးတော့ အခွင့်သာတုန်း အမေ့သွားရေးလာရေးအတွက် ကား တစ်စီးလောက်ဝယ်ပေးဖို့ ပူဆာမိသည်။

"အစ်ကို့ရေ၊ အမေ ဆေးရုံဆေးခန်းနဲ့ ဟိုနားဒီနားသွားလို့ရအောင် ကားတစ်စီးလောက် ဝယ်ပေးပါလား"

ကျွန်တော့်စကား ဆုံးသွားတော့ အစ်ကို့မျက်လုံးက ကျွန်တော့်ကို စူးစိုက်ကြည့်သည်။ သူ့အကြည့်ကို ကျွန်တော် သဘောပေါက်သည်။ မူး အသားလိုလို အရိုးတောင်းနေသလားဆိုတဲ့ အကြည့်မျိုး။ အတန်ကြာမှ အဖြေကားထွက်လာသည်။

"ငါ့အိမ်မှာ ကားနှစ်စီးတောင် ရှိတာကွာ၊ သွားစရာရှိ လာယူပြီးသွားရကာပဲ"

အဲဒီ အဖြေကို ကျွန်တော် မကျေနပ်၊ အမေ့အတွက်ဆိုပြီး သီးသန့် ဝယ်ပေးစေချင်သည်။

"လာယူပြီး သွားပြန်ထားဆိုတာတော့ ဟုတ်တာပေါ့၊ အမေက ဒီမှာ ဖြစ်နေ၊ ညကြီးအချိန်မတော် မင်းအိမ်ကို နှိုး၊ ကားဂိုဒေါင်သော့ဖွင့်၊ သော့တွေက မိုးကြီးချုပ် မမြင်မစမ်းနဲ့ မှားပြီးဖွင့်မရ၊ တော်သေးတယ်၊ ပြီးခဲ့တဲ့အခေါက်တုန်းက အရောက်မြန်လို့တဲ့၊ နာရီဝက်သာ နောက်ကျရင် သေမှာလို့ ပြောတယ်"

"ဘယ်သူက ပြောတာလဲ"

"ဆရာဝန်က ပြောတာ"

"မင်းမှတ်ထား၊ အဲဒါ ဆရာဝန်လက်သုံးစကားပဲ"

ပြောရင်း ပြောရင်း ဒေါသတွေက လမ်းချော်ကုန်ပြီ။ ကားဝယ်ခိုင်းတဲ့ဆီကို ဘယ်လိုပြန်ဆက်ရရင် ကောင်းမလဲ။

"မင်းကျတော့ ကားနှစ်စီး ထည့်လဲစီးပြီး အမေ့ကျတော့ ဒီအတိုင်းထားရင် ပတ်ဝန်းကျင်က တဲ့ရဲ့မှာပေါ့"

စကားလုံးတွေနဲ့ အမှန်ကိုခွပ်လိုက်တော့ အစ်ကို့ နည်းနည်းဖြူသွားသည်။

"ငါလည်း ဝယ်ပေးမလို့ပါကွာ၊ ရစရာရှိတဲ့ ပိုက်ဆံတွေက လာမပေးသေးလို့"

သူ့အဖြေစကား ကြားရတာနည်းနည်းတော့ နှီးစပ်လာပြီ။

တစ်ပတ်လောက် အကြာမှာ စက်မှုဇုန်ထုတ် Town Ace ပစ်ကပ်ကား တစ်စီးဝယ်ပေးသည်။ အနှစ်နှစ်အလလက တောင့်တခဲ့ရတဲ့ ဆန္ဒတစ်ခုတော့ ပြည့်ဝပြီ။ ဒါလည်း မိဘ ကျေးဇူးပဲ။ အမေ့ကိုအကြောင်းပြပြီး ရရှိခဲ့တဲ့ကား တစ်စီး။

www.burmeseclassic.com

www.burmeseclassic.com

လူ ဆိုသည်မှာ ကြီးငယ်မတူ ကိုယ်လိုချင်တာရရင် ပျော်တတ်ကြသည်မှာ ဓမ္မတာပင်။ ကိုသီဟလည်း ပျော်ပါသည်။ ပျော်တယ်ဆိုပေမယ့် ရာနှုန်းပြည့်ပျော်ခြင်းတော့ မဟုတ်။ ၅၀ ရာခိုင်နှုန်း တစ်ဝက် ပျော်ခြင်းပင်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကားဝယ်ပေးခြင်းသည် အမေ အသက်ထင်ရှားရှိစဉ် နေထိုင်မကောင်းလို့ ဆေးရုံဆေးခန်းသွားသည့်အခါ အခက်အခဲမရှိစေရန် အဓိကဖြစ်သည်။ အမေ မရှိတော့တဲ့နောက်ပိုင်း သူ့ဆီပြန်ပေးရမယ်လို့ နှုတ်ကတိစာချုပ်ဖြင့် ပေးထားခြင်းဖြစ်သည်။

အသက်(၇၈)နှစ် ရှိပြီဖြစ်သော အမေ သက်တော်ရာကျော်ရှည်ပါစေဟု သားမောင်သီဟ ဆုတောင်းအခါခါပြုရသည်မှာ ဘုရားမှာ အကြိမ်ကြိမ်။ ဆုတောင်းပြည့်တယ် ဆိုရမလားမသိ အမေ ကျန်းမာရေး တော်တော်ပြန်ကောင်းလာသည်။ တနင်္ဂနွေလိုနေ့မျိုး ဆိုင်စောစောသိမ်းကာ ရွှေတိဂုံဘုရားသို့ပင် သွားရောက် ဖူးမြော်နိုင်သည်။ အမေလည်း သူ့သား ဝယ်ပေးထားတဲ့ကားစီးကာ တော်တော်ပျော်နေသည်။

အမေ ကျန်းမာ ပျော်ရွှင်နေတာကို ကြည့်ရင်း အဲဒီအပျော်တွေသည် သားဖြစ်သူ ကျွန်တော့်ရင်ကို ကူးစက်စေပါသည်။

♦

"အစားကောင်းစားရလျှင် မိတ်ဆွေကောင်းကို သတိရသည်တဲ့"

အဲဒီစကားမှန်သည် ကိုသီဟကားရတော့ ကျေးဇူးရှင်ဆရာသမား ကိုမောင်စံသိန်း(ဝိုလ်ချုပ်ရွာ)ကို သတိရမိသည်။

"တီ တီ တီ တီ"

ကားဟွန်းသံကြားတော့ ဆရာကိုမောင်စံသိန်း ထွက်လာသည်။

"ဟ- ငါ့ကောင်၊ ကားနဲ့ဖြစ်သွားပြီ၊ မင်းအစ်ကို ဝယ်ပေးထားတာဆို မဆိုးဘူးကွ၊ မင်းအစ်ကိုက ကိုယ့်ညီလေးကို သိတတ်သားပဲ"

ဒီကား အစ်ကို ဝယ်ပေးတာ ဆရာ ကိုမောင်စံသိန်း ကြိုသိနေတဲ့အတွက် အံ့သြမိသည်။

"ဦးကို ဘယ်သူပြောလဲ"

"တောင်ပိုင်းက အေးမောင်ကြီး ပြောတာကွ၊ ဒါနဲ့ မင်း ဒီနေ့ ရန်ကုန်သွားဦးမလား"

"သွားမယ် ဦး၊ ဒီနေ့ အင်္ဂါနေ့ဆိုတော့ အဖွဲ့တွေ စုံမယ်၊ လစဉ်ကြေး တစ်ထောင် သွားထည့်ရဦးမယ်"

"အေး- မင်းသွားရင် ငါလည်း လိုက်မယ်၊ ဆရာကိုသာယာ ငါ့ကိုတွေ့ချင်တယ်ဆိုပြီး ဘိုကလေးမောင်မြင့်မားနဲ့ ပြောခိုင်းလိုက်လို့"

ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက် လမ်း(၄၀) လေအန်ကုန်းကို စက်မူဇုန် ထုတ်ကားစုတ်လေးနဲ့ ဂျိုးဂျိုးဂျက်ဂျက် ခရီးတက်ကြပြီး ၁၁ နာရီလောက် ဆရာ့ဘုပည့်ရောက်သွားတော့ လေအန်ကုန်းမှာ လူစုံနေပြီ။ ဆရာကိုမောင်စံသိန်းတွေ့ချင်နေသော ဆရာ့ ကိုသာယာလည်း ရောက်နှင့်နေသည်။ မရောက်သေးသူ တစ်ယောက်ကတော့ မောင်မောင်ပိုးအောင်။ လစဉ်ကြေး ၁၀၀၀ ထည့်ဖို့ သူ့အလာကို စောင့်ရသည်။ နာရီဝက်လောက်နေတော့မှ သူရောက်လာသည်။

ထိုဆရာသည် အခြားစာရေးဆရာများနှင့်မတူ တစ်မူထူးခြားသည်မှာ ဘယ်တော့မှ လုံချည်မဝတ်၊ လွယ်အိတ်မလွယ်၊ ဘောင်းဘီရှည်ဝတ်ကာ အတာချိုကေ့ကိုဆွဲသည်။ ဆရာသည် စာရေးကောင်းသလို သဘောလည်းကောင်းသည်။ မွန်းလွဲပိုင်းလောက်မှာ ဆရာကိုမောင်စံသိန်းနှင့် ကိုသာယာတို့ နှစ်ယောက် ဆိုင်ထဲမှထွက်လာသည်။

"မောင်သီဟရေ သွားရအောင်"

"ဆရာတို့ ဘယ်သွားဦးမလဲ"

ဦးစံသိန်းကို ကျွန်တော် မေးတော့...

"ငါက ဘယ်မှ သွားစရာမရှိဘူး ပြန်ရုံပဲ၊ ဆရာကိုသာယာဆို ရန်ကင်းကျောက်ကုန်းဂျာနယ်တိုက်ကို လိုက်ပို့ပေးကွာ၊ အဲဒီကနေ တို့ သန်လျင်ပြန်မယ်"

ကိုမောင်စံသိန်း(ဝိုလ်ချုပ်ရွာ)နှင့် အယ်ဒီတာကိုသာယာတို့သည် ကျွန်ုပ်အား စာပေနယ်ထဲသို့ ရောက်အောင် လက်နှစ်ဖက်ကိုဆွဲကာတွဲခေါ် လာသော ဆရာသခင် ကျေးဇူးရှင်များပင်။

ရန်ကုန်သည် အရင်နှင့်မတူကားတွေများလာသည်။ လမ်းကြောတွေ ကျဉ်လာသည်။ တချို့ယာဉ်မောင်းများက နားလည်မှုရှိသလို တချို့ယာဉ်မောင်းများက တစ်ကိုယ်ကောင်းဆန်ကြသည်။ တချို့ စိတ်ဓာတ်နိမ့်ကျသော ယာဉ်မောင်းများသည် လူကူးမျဉ်းကြားမှကူးနေသူများကိုပင် ခဏမစောင့်နိုင်အတင်း ဖြတ်မောင်းကြသည်။ ထိုအခြင်းအရာများကို မြင်တွေ့နေသော ဆရာကိုသာယာသည် ကျွန်တော့်အား သတိပေးစကား ပြောကြားလေသည်။

"ဝင်းသီဟရေ၊ စိတ်ရှည်သည်းခံလမ်းကြောင်းမှန် မောင်းရန်မော်တော်ကားတဲ့၊ သိပ်မှန်တဲ့ စကားကွ၊ ကားမောင်းရင် စိတ်ရှည်ရှည်ထားပြီးမောင်း အန္တရာယ်ကင်းတယ်"

"ဟုတ်ကဲ့ ဆရာ"

ဆရာသည်ပြောပြီး ကားခေါင်းခန်းထဲသို့ ဟိုဟိုဒီဒီကြည့်သည်။

ကျွန်တော့်ကားခေါင်းခန်းသည် ဘယ်လို အလှအပပစ္စည်းတစ်ခုမှ ချိတ်ဆွဲထားခြင်း မရှိသည်ကို ဆရာ တွေ့သွားဟန်တူသည်။ ခဏအကြာမှ -

"ဝင်းသီဟရေ၊ မင်းကားခေါင်းခန်း နောက်ကြည့်မှန်ကိုင်းမှာ ဆည်းလည်းလေး ချိတ်ထားပါလားကွ၊ အသံလေးက သာယာသလို လာဘ်ကောင်းတယ်ကွ"

ဆရာ့ရဲ့ အသံသာတဲ့ ဆည်းလည်းလေးဟာ လာဘ်ကောင်းတယ်ဆို တဲ့စကားကို စိတ်ဝင်စားမိသည်။

လာဘ် တဲ့၊ လာဘ် ဆို့ဘာကောင်းတာပဲ။ လာဘ်ဝင်တယ်၊ လာဘ်

www.burmeseclassic.com

www.burmeseclassic.com

တိတ်တယ် ဆိုတဲ့ စကားတွေလည်း ကြားဖူးသည်။ လာဘ်ဝင်ရင် ကောင်းပြီး လာဘ်တိတ်ရင် မကောင်း။ အခု ဆရာပြောတဲ့ ဆည်းလည်းလေးက လာဘ်ကောင်းတယ်ဆိုတော့. . .

အဲဒီနေ့ညနေ သန်လျင် ပြန်ရောက်တော့ ကျိုက်ခေါက်ဘုရား စောင်းတန်းက နီဒွာန်ကုန်ဆိုင်မှ ကားနှင့် လိုက်သော အရွယ်ဆိုက်ကလေး ရွေးကာ နောက်ကြည့်မှန်ကိုင်းမှာ ချိတ်ဆွဲထားလိုက်သည်။ ကြေးလုံးလေးငါးခု တစ်ခုနှင့်တစ်ခု ထိကာ လှုပ်ကာ ထွက်ပေါ် လာသောအသံသည် တချွင်ချွင်နှင့် သာယာပါပေ့။ နာပျော်ဖွယ် ကောင်းလှပါပေ့။

♦

"တီ တီ တီ တီ တီ"

အိပ်ရာက မနိုးခင် ဖုန်းသံက မြည်နေပြီ။ နာရီကြည့်လိုက်တော့ မနက် ၆ နာရီပင် မထိုးသေး။ စောစောစီးစီး ဘယ်သူများလဲ ဖုန်းခေါ်တာ။ ဖုန်းထဲပေါ်တဲ့ နံပါတ်ကို ကြည့်လိုက်တော့ ကျွန်တော့်အစ်ကို။

"ဟလို- သီဟလား"

"ဟုတ်ပါတယ်"

"မင်းဆိုင်သွားရင် ကားယူသွားပြီး ဘုရားကြီးစေ့းမှာ အုန်းဆံခွံအိတ် ဆယ်အိတ်သောက်ရှိမယ်၊ ကားနဲ့တင်ပြီး ခြံထဲ သွားငှဲ့လိုက်"

အစ်ကို့အသံသည် ဌာနဆိုင်ရာ အထက်အမိန့်သံထက် ဆိုးသည်။ သူ ဝယ်ပေးထားတဲ့ ကားဆိုတော့ သူဦးတာ လုပ်ရပေဦးမည်။ မနက်စောစော ဆိုင်အရင်မဖွင့်သေးဘဲ အုန်းဆံခွံအိတ်တွေတင်ကာ သဘာဝတရားရိပ်သာ အလွန်ရှိ အစ်ကို့ခြံ နဂါးမောက်စိုက်ခင်းထဲ သွားပို့ရသည်။

နဂါးမောက်သီးကို သစ်သီးရောင်းတဲ့ဆိုင်တွေမှာ တွေ့ဖူးပေမယ့် နဂါးမောက်ပင်ကိုတော့ အခုမှပင် တွေ့ဖူးခြင်းဖြစ်သည်။ တစောင်းမျိုးဝင်နွယ်ပင်တစ်မျိုး ဖြစ်သည်။

ကျွန်တော့်အစ်ကို နဂါးမောက်စိုက်ခင်းမှ နဂါးမောက်သီးများသည် အားရစရာကောင်းလှသည်။ တစ်လုံးတစ်လုံးကို ကွမ်းသီးလုံးလောက်ရှိသည်။ (မှတ်ချက်- ကွမ်းသီးလုံးလောက်ရှိသည်ဆိုသည်မှာ အသီးမဟုတ်ပါ။ အသီးထဲမှ အစေ့ ဖြစ်ပါသည်။)

သူ့အလုပ်ပြီးမှ ကျွန်တော့်ဆိုင် ဖွင့်ရသည်။

"ကိုသီဟ၊ ခင်ဗျားက စျေးရောင်းဦးမှာလားဗျာ၊ ကျွပ်တို့စောင့်နေတာကြာပြီ"

ကိုယ့်ဝမ်းနာ ကိုယ်သာသိ၊ သူတို့သိမည် မဟုတ်။ ဆိုင်ရှေ့ကားထိုးပြီး အောက်ကို ဆင်းလိုက်တယ် ဆိုရင်ပဲ ခြေလက်ဆော့တဲ့ ကလေးတစ်ဦးပမာ တောင်ပြန်လေက ဆည်းလည်းလေးကို ပုတ်ခတ်ဆော့ကစားလိုက်သည်။ ချွလွင် ချွလွင် ချွင် ချွင် သာယာနာပျော်ဖွယ် ကောင်းလှပါဘိ။

♦

ဒီနေ့မနက် စျေးဝယ်ထွက်ရမည့် သောကြာနေ့ဖြစ်သည့်အတွက် လမ်း (၄၀) လေအန်ကုန်းကို အရင်ဝင်မည်။ ၁၂ နာရီထိုး လူစွဲကွဲလောက်မှ ဘုရင့်နောင်ပွဲရုံနှင့် အင်းစိန် နံ့သာကုန်းဆိုင်ကယ်ပစ္စည်းဆိုင်သို့သွားမည်။

ကိုသီဟ ၁၀ နာရီလောက် ရောက်တော့ လေအန်ကုန်းမှာ လူစုံနေပြီ။ ထူထဲသော ကျမ်းစာအုပ်ကြီးများကို မကာ ပေးလှူသူနှင့် အလှူခံသူတို့ မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်နေကြသည်။

ပါကင်ထဲ ကားထိုးပြီး ဝိုင်းထဲဝင်ထိုင်တော့ ဆရာစိုးဝေက-

"လာ လာ ဝင်းသီဟ၊ တို့စာရေးဆရာအုပ်စု ပဌာန်းရွတ်ကြမလို့ ပဌာန်းစာအုပ်တွေ အလှူခံနေတာ"

ဆရာစိုးဝေသည် စကားကို ဘယ်တော့မှ အာတည်အတံ့ မပြော၊ အရွတ်အနောက် ပြောတာ ဝါသနာပါသူ ဖြစ်သည်။

"ပြောပါ ဆရာရဲ့၊ ဘာလုပ်နေကြတာလဲ"

ကိုသီဟ အမေးစကားကို မနေနိုင်တဲ့ဘေးခုံက ဆရာဘသက်ဆွေက-

"ဒီလို ဒေါ်ဥမ္မာသိန်းက သူတို့တိုက်က ရိုက်တဲ့ ပဌာန်းကျမ်းစာအုပ်ငါးအုပ်နဲ့ ကမ္ဘဝါစာတစ်ခုစီကို ဘုန်းကြီးကျောင်းနဲ့နီးတဲ့ စာရေးဆရာတွေကို လှူတာ၊ ကိုယ်လှူချင်တဲ့ ဘုန်းကြီးကျောင်းကို သွားလှူပေါ့"

ဆရာဘ ပြောမှပင် ရှင်းတော့သည်။ တော်တော်များများလှူပြီး ဆရာဘသက်ဆွေနဲ့ ဆရာကောင်းမြတ်(ခရာတော)အလှည့်ရောက်တော့ စာအုပ်က ကုန်သွားသည်။

"အစ်မကြီး၊ ကျွန်တော်နဲ့ ကို ကောင်းမြတ် မရသေးဘူးနော်"

ဆရာဘပြောတော့ အလှူရှင် အစ်မကြီးဥမ္မာသိန်းက-

"ရှိတယ် ရှိတယ်ဆရာ၊ ရမယ်၊ ကားထဲမှာ ကျန်ခဲ့လို့ ကားက (၅၄)လမ်း ဝပ်ရှော့မှာ ဆရာဘနဲ့ဆရာကောင်းမြတ် လိုက်ယူပါလား"

စာအုပ်လိုက်ယူဖို့ ဆရာဘနှင့် ဆရာကောင်းမြတ် တိုင်ပင်ကြသည်။ လိုင်းကားစီးသွားရင် ကောင်းမလား၊ တက္ကစီငှားသွားရင် ကောင်းမလား၊ စာအုပ်က နှစ်စုံတည်းမဟုတ် သုံးစုံ (၁၅)အုပ်ဖြစ်သည်။ တစ်စုံ(၅)အုပ်က မြောက်ဒဂုံမှာနေတဲ့ ဆရာမ မကျေးဥအတွက် တစ်ဆင့်အလှူခံပေးခြင်းဖြစ်သည်။ ဒီဆရာနှစ်ယောက် ကျမ်းစာအုပ် (၁၅)အုပ် ဘယ်လိုသယ်မလဲ။ ဘေးကနေ မဆီမဆိုင် ပူပန်နေမိသည်။ လမ်း (၄၀)နဲ့ (၅၄)လမ်းသည် ဘယ်လောက်မှ မဝေးလှ၊ လီဘာပုတ်ပြီး ဂီယာဖြုတ်တာနဲ့ ရောက်နိုင်တဲ့နေရာ။

ကားဘေးမှာ ထားပြီး ဒီခရီးနဲ့ ဒီခရီး မကူညီဘူးဆိုရင် အဖြစ်သည်းရာကျမည်။

"ဆရာဘ (၅၄)လမ်း စာအုပ်ယူရင် ကျွန်တော် လိုက်ပို့မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်စကား ကြားတော့ ဆရာဘ ပြုံးသွားသည်။

"လာဟေ့- ဆရာကောင်းမြတ်၊ ဝင်းသီဟက သူ့ကားနဲ့ လိုက်ပို့မယ်တဲ့"

(၅၄)လမ်းရောက်တော့ စာအုပ် (၁၅)အုပ်နှင့် ကမ္ဘဝါစာသုံးခု နောက်ခန်း တင်ပြီး လေအန်ကုန်းဘက် ခေါင်းလှည့် လိုက်တော့ ဆရာဘက-

"ဝင်းသီဟရေ့ တို့က မြောက်ဒဂုံက မကျေးဇူတို့အိမ် သွားမှာကွ၊ ပို့မယ့် ပို့ ကူးတို့ရောက်အောင်ပို့ကွာ"

ကိုယ့်ထက် အသက်ဝါကြီးတဲ့ ဆရာသမားတွေကို မပို့နိုင်ဘူးလို့ ဘယ် ပြောထွက်ပါ့မလဲ။

"ဟုတ်ကဲ့ ဆရာ၊ ပို့ပေးပါမယ်"

ဆရာကိုသာယာ တပ်ခိုင်းတဲ့ ဆည်းလည်းလေးကတော့ ကားလေး လှုပ်တိုင်း ယိမ်းတိုင်း တချွင်ချွင်နဲ့မြည် နေသည်မှာ နားဝင်ပိယံ သူလက်သံ အတိုင်းပါပဲ။

(၅၄)လမ်းကနေ မြောက်ဒဂုံ ရောက်ဖို့ သုဝဏ္ဏာဘက်က ဖြတ်မောင်း သည်။ သုဝဏ္ဏမီးဒုံးလမ်းထိပ် ရောက် တော့ ဆရာဘသက်ဆွေက-

"ကျွန်တော့်အိမ်က ဒီလမ်းထဲမှာ ကျွန်တော့်စာအုပ်(၅)အုပ် အိမ်ဝင်ထား လိုက်ရင်ကောင်းမယ်၊ ပြန်သယ်လာရမှာ မနိပ်ဘူး၊ ကဲ- ဝင်းသီဟရေ့ အဲဒီလမ်း ထဲဝင်လိုက်ကွာ"

မီးဒုံးလမ်းထဲ ဆရာဘသက်ဆွေ စာအုပ်တွေ ဝင်ထားပြီး မြောက်ဒဂုံကို ခရီးဆက်ကြသည်။ လမ်းမှာ ဆရာ ဘသက်ဆွေက စာမူခရသော စာအိတ် လေး ဖွင့်ကာ ဆီထည့်ဖို့ ပေးသည်။ ကျွန်တော် မယူရက်ပါ။ စာရေးဆရာ အများစုသည် မဖြစ်စလောက် စာမူခ လေးတွေနဲ့ ဘဝမှာ ချို့ငဲ့စွာ ရပ်တည် နေကြရသူတွေ များသည်။

မြောက်ဒဂုံ မကျေးဇူအိမ်ရောက် တော့ နေ့လယ် တစ်နာရီထိုးလောက် ရှိပြီ။ ဆရာနှစ်ယောက်ကို ပို့ပြီးလျှင် မြောက်ဥက္ကလာဘက်သို့ဖောက်ထွက်ပြီး အင်းစိန် နဲ့သာကုန်းဈေးမှာ ဆိုင်ကယ် ပစ္စည်းများဝယ်ဖို့ စီစဉ်လိုက်သည်။ စာ အုပ်များချပြီး ချက်ချင်းကြီးထပြန်ဖို့က မဖြစ် ခဏလောက်တော့ထိုင်ဦးမှဆိုပြီး ဆက်တီကုလားထိုင်ပေါ် ထိုင်လိုက်တော့ အသားလုံးကျော်နှင့် ဝက်သားသုတ်များ ကိုချပေးသည်။ တစ်နာရီထိုးတဲ့အထိ ထမင်းစားရသေး။

မနက်က လေအန်ကုန်းမှာ လက်ဖက်ရည်တစ်ငုံနှင့် ဆရာမ ဟန် သီဇင် ဝယ်လာသော ထန်းသီးမုန့် နှစ်တုံးသာ ဗိုက်ထဲရှိသည်။

ဝက်သား ကြိုက်တဲ့ ကိုသီဟ ဝက်သားမြင်တော့ မနေနိုင်။ ရှေ့က လူကြီးနှစ်ယောက် မနှိုက်သေးတော့ ကိုသီဟလည်း မနှိုက်ရဲသေး။ အကြီးဆုံး ဖြစ်တဲ့ဆရာဘက အစားထက်စကားကို ပိုမင်သည်။

ဆရာဘရဲ့ ဟောပြောမှုတွေကို ရီဒုံးချန်နယ် စာဖတ်သူတို့ ရှုပ်သံလိုင်း နှင့် MRTV-4 တွေ့ ဆုံခန်းများတွင် ကြည့်ရှုနားထောင်နေရသည်။

သူ ကျောင်းသားဘဝထဲက စာ ရေးခြင်းကို ဝါသနာပါခဲ့သူ။ အဲဒါကို သူ့အမေက သဘောမကျ။ စာရေး ဆရာတွေဆိုတာ ဆင်းရဲတယ်။ အဲဒီ ဆင်းရဲတွင်းထဲကို သူသားကို ဘယ်နည်း နဲ့မှ အရောက်မခံနိုင်။ အဲဒါကြောင့် ကျောင်းစာပဲလုပ်ရမည်။ အခြားဝတ္ထုတို့ ကဗျာတို့ စာတွေရေးရဲရေးကြည့် နင့် လက်ကို ဓားမနဲ့ခုတ်ဖြတ်မယ်လို့ သူ့ အမေက သူစာကျက်ရာတွင် ထိုင်စောင့် ပြီး ပြောသည်။ ဒါပေမဲ့ ဒီပိုးဟာ ဘယ် လိုမှ သတ်မရဘူး။ သူ့အမေအိပ်ချိန် ည ၁ နာရီမှ ၂ နာရီလောက် ရောက်မှ ဝှက်ထားတဲ့ စာရွက်ပိုင်းလေးများ ထုတ် ကာ ဝတ္ထုတွေရေးခဲ့ရကြောင်း ပြောရင်း ဟောရင်း စားရင်း သောက်ရင်း ညနေ ၃ နာရီထိုးသွားသည်။ ဒီကနေ ၃ နာရီ ထွက် ကားကြော်မကျပ်ရင် အင်းစိန် နဲ့သာကုန်းဈေးကို ၄ နာရီ မထိုးခင် ရောက်နိုင်သည်။

"ကဲ- ကားနဲ့လိုက်ပို့တဲ့ ဝင်းသီဟ လည်း ပြန်ချင်နေပြီ၊ ၃ နာရီတောင် ကျော်နေပြီပဲ၊ တို့ ဟိုလူတွေနဲ့ချိန်းထား သေးတယ်"

မကျေးဇူအိမ်က ထွက်လာပြီး လမ်းထိပ်ရောက်တော့ ဆရာသမားနှစ် ယောက် ဘယ်ကားမှတ်တိုင်ဆင်းမလဲ လို့ ကားရပ်ပြီးမေးကြည့်တော့-

"ဆရာတို့နှစ်ယောက်က ဘယ် လမ်းကြောင်းကနေ ဘယ်ကိုသွားကြ မလဲ"

ကိုသီဟအမေးကို ဆရာဘက ပြန်ဖြေသည်။

"ဝင်းသီဟရေ- ပို့မယ့်ပို့ ကူးတို့ ရောက်အောင်ပို့ကွာ"

"ဘယ်ကူးတို့လဲ ဆရာ"

"သမ္မတရုပ်ရှင်ရုံဘေးက ဘီယာ ဆိုင် ကူးတို့ကို"

နာရီကြည့်လိုက်တော့ ၃ နာရီ ခွဲ။ မြောက်ဒဂုံကနေ သမ္မတရုံကို တစ် နာရီနီးပါး မောင်းရသည်။ ဘီယာဆိုင် ရောက်တော့ ၄ နာရီခွဲ။ ဘယ်လိုမှ စေး ဝယ်လို့ မဖြစ်။ ဆရာဘ တိုက်သော အချိုရည်တစ်ဘူး အမောပြေသောက်ပြီး ပြန်လာခဲ့သည်။ မှန်ကိုင်းမှာ ချိတ်ဆွဲ ထားတဲ့ ဆည်းလည်းလေးကတော့ ကား စထွက်လိုက်တဲ့အချိန်ကြောင့် လှုပ်ခတ် ခါ တချွင်ချွင်နှင့် မြည်သံပေးနေဆဲ။

သန်လျင်အိမ် ပြန်ရောက်တော့ အမေက-

"ဟဲ့- နဝ်စေးသွားတာ ဘာမှ လည်း မပါပါလား"

အမေ့ကို ဘယ်လိုပြောရမလဲ။ ဖြစ်ကြောင်းရယ်ကုန်စင် ပြောပြလိုက် ရင်တော့ အမေ ကျွန်တော့်ကို ဒေါပွဲခံရဲ ရှိလိမ့်မည်။

♦

"အိပ်စက်မှုသည် နွမ်းနယ်နေ သော ခန္ဓာကိုယ်ကို နှစ်လိုဖွယ်ဖြစ်စေ သည်" တဲ့။

တဂိုးကဗျာလေးတစ်ပုဒ်ကို ခံ ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com

ပိုးလင်းခါနီးလေ အိပ်လို့ကောင်းလေပဲ။ တီ တီ တော် တော် တီ တီ တော် တော်၊ စားပွဲပေါ်တင်ထားတဲ့ လက်ကိုင်ဖုန်းလေးက မထချင်တဲ့သူကို အတင်းနှိုးနေပြီ။

"ဟလို"

"ဟေ့ မောင်သီဟလား"

"ဟုတ်ပါတယ်"

"ဟဲ့ ငါ ကြူးကြူးပါ။ နေပြည်တော်ကနေ ဆက်နေတာ"

"ဩော်- အစ်မ၊ ပြော စောစော စီးစီး ဘာကိစ္စရှိလို့လဲ"

"ဟဲ့ နင် ကားရပြီဆို"

ထိုအစ်မသည် ကိုသီဟတို့နှင့် တစ်ရပ်ကွက်တည်းနေကြသူတွေ။ ရုံးဝန်ထမ်းဖြစ်တဲ့အတွက် သူတို့ရုံး ရန်ကုန်မှ နေပြည်တော်သို့ပြောင်းတော့ သူလည်း ပြောင်းရွှေ့ တာဝန်ထမ်းဆောင်နေသည်မှာ သုံးနှစ်၊ လေးနှစ်ခန့်ရှိပြီ။ သီတင်းကျွတ်လို သင်္ကြန်လို ရက်ရှည်ရုံးပိတ်လျှင် ရွာသို့အလည်ပြန်လာလေ့ရှိသည်။ နေပြည်တော်ကလူက ကျွန်တော့်ကား ရှိတာ သိနေတဲ့အတွက် အဲ့ဩမိသည်။

"ဟုတ်တယ် အစ်မရေ၊ စက်မှုဇုန်ထုတ် ကားပါ။ အစ်မကို ဘယ်သူပြောလဲ"

"နင့်အစ်ကို ငါ့ဆီ ဖုန်းဆက်တုန်းကပြောတာ၊ သူ့အမေကို သူ ကား တစ်စီးဝယ်ပေးထားပြီးပြီတဲ့"

ဩော်- အစ်ကိုလည်း စက်မှုဇုန်ထုတ်ကားစုတ် ဝယ်ပေးလို့ပဲ၊ ကျပန်ပြည်ကမှာပြီး သူစီးနေတဲ့ လင်ခရူဆာ မျိုးသာ ဝယ်ပေးရင် အင်တာနက်ပေါ် တင်ထားမလား မသိ။

"ဟဲ့ ဟဲ့ နေဦး နေဦး၊ ငါ ဒီနေ့ခင်ပိုင်းထွက်မယ့် အဝေးပြေးကားနဲ့ ပြန်လာမှာ၊ ကားက ညဘက်ရောက်မှာဆိုတော့ တက္ကစီတွေက တို့သန်လျင်ဘက်ကို မလိုက်ဘူး။ နင့်ကားနဲ့လာကြို ပေးပါလား၊ ရွာလယ်ပိုင်းက မအေးမိုးလည်းပါတယ်"

အင်း- အဲဒါမှ ခက်ပြီ။

"အစ်မရေ၊ ကျွန်တော့်ဆိုင်က ည ၈ နာရီလောက်မှ သိမ်းရတာ"

"အတော်ပဲဟေ့၊ ငါတို့ကားက ၉ နာရီလောက်ကို အဝေးပြေးကွင်းထဲရောက်မှာဆိုတော့ အဲကိုက်ပဲဟေ့"

ဘယ်လိုမှ ရှောင်လို့ တိမ်းလို့မရတဲ့ဘဝပါလား။

အဲဒီည ဆိုင်သိမ်းပြီး အဝေးပြေးကွင်းကို သွားကြိုရသည်။ သန်လျင်-ရန်ကုန် တံတားပေါ်ရောက်တော့ မြစ်ပြင်ကတိုက်ခတ်လာတဲ့ ညလေအေးက ခေါင်းခန်းထဲကိုဝင်ကာ ဆည်းလည်းလေးကို ပုတ်ခတ်လူပ်ခတ်လိုက်သည်။ ချွင် ချွင် ချွင် ချွင် ချွင် သာယာနာပျော်ဖွယ်ကောင်းလှပါဘိ။

အဝေးပြေးကွင်း KBZ ဘဏ် ရှေ့မှာ နှစ်ဦးသား အထုပ်အပိုးကိုယ်စီနဲ့ စောင့်နေကြသည်။ သူတို့ရွှေ့ ကားရပ်လိုက်တော့ -

"ဟယ် အတော်ပဲ၊ တို့လည်း ခုပဲ ဆိုက်တာ၊ လာ ငါတို့အထုပ်တွေ ဝိုင်းကူသယ်ပါဦးဟ"

ကားနဲ့လည်း ကြိုရသေးသည်။ သူတို့အထုပ်တွေပါ ကုလိထမ်းရသေးသည်။ ဆွဲခြင်းထဲမှာ နေပြည်တော်ပြန် လက်ဆောင် နန်းစိန်ကိတ်၊ ပျဉ်းမနား မျှစ်ချဉ်ထုပ်တို့ တွေ့ရသည်။ ကိတ်မုန့်ကို သိပ်မကြိုက်၊ မျှစ်ချဉ်ထုပ် လက်ဆောင်ပေးရင် မနက် ရွာဝမှာရောင်းတဲ့ ဝက်သားနဲ့ ရောချက်စားလိုက်ရ။ စိတ်ကူးနှင့်ပင် သွားရည်ယိုနေပြီ။

ယခု ကားပေါ်ပါလာသော နှစ်ယောက်လုံးသည် အုပ်ကြီးများဖြစ်သည်။ ကဝ်စေးနဲ့သည်နေရာမှာ သူများကို ကျွေးဖို့ နေနေသာသာ သူတို့ဝမ်းတောင် သူတို့ပိုက်ဆံနှမြောပြီး ဝအောင်မစား။ အခုတွေ့သော နန်းစိန်ကိတ်နှင့် မျှစ်ချဉ်ထုပ်များသည်ကား အလကားစီးရတဲ့အတွက် ကျွန်တော့်အား လက်ဆောင်အဖြစ် ပေးလိမ့်မည် ထင်သည်။ တစ်ယောက်က မျှစ်ချဉ်ပေးပြီး တစ်ယောက်က နန်းစိန်ကိတ်ပေးရင် အမွေကို နန်းစိန်ကိတ် ပေးကာ ကိုသီဟ မျှစ်ချဉ်ကို ဝက်သားနဲ့ ချက်စားရုံပေါ့။ ရွာထဲရောက်တော့ မအေးမိုးဆိုသော အစ်မကြီးဆင်းသည်။ သူ့အိမ်မှ လူတစ်ယောက် လမ်းထိပ် ထွက်ကြိုနေသည်။

"အညိုရောင်အိတ်နဲ့ ဒီဘက်က ဆွဲခြင်းက တို့ဟာ၊ ကျန်တဲ့အိတ်က ကြူးကြူးအိတ်တွေ"

ကားပေါ်က လူရော အိတ်တွေပါ ဆင်းသွားပေမယ့် နန်းစိန်ကိတ်လည်း မပေး၊ မျှစ်ချဉ်လည်းမပေး။

"ကဲ- ငါ့မောင်ရေ၊ ကျေးဇူးပဲနော်"

ကျေးဇူးလေးတင်သွားလို့ တော်သေးသည်။ ကားပေါ်ကျန်တဲ့ တစ်ယောက်ကတော့ တစ်လမ်းတည်းနေတာ ဖြစ်တဲ့အတွက် သူ့အိမ်ရှေ့အထိ ကားရပ်ပေးလိုက်သည်။ တီတီ တီတီ ကားဟွန်းသံပေးလိုက်တော့ အိမ်ထဲမှ သူတူတွေ၊ တူမတွေ ပြေးထွက်လာပြီး ကားနောက်က အထုပ်တွေ ဆွဲချ သယ်ယူကြသည်။

"ဟဲ့ ဟဲ့ ဖိုးတုတ်၊ နေဦးဟဲ့၊ အဲဒီဆွဲခြင်းတောင်းထဲမှာ ကိုသီဟကို လက်ဆောင်ပေးဖို့ ပါတယ်"

တော်ပါသေးရဲ့၊ ဟိုအပျိုကြီးကဝ်စေးနဲ့က မသိတတ်ပေမယ့် ဒီအပျိုကြီးက သိတတ်လို့ ပျဉ်းမနား မျှစ်ချဉ်နဲ့ ဝက်သားကို နူးမြည့်နေအောင် ချက်စားလိုက်မယ်။ ဖိုးတုတ် သယ်သွားတဲ့ ခြင်းတောင်းထဲမှ အထုပ်တစ်ထုပ်ယူပြီး-

"ရော့- ဒါ ပျဉ်းမနားစေ့ကဝယ်လာတာ ယူသွား"

"ဘာလဲ အစ်မ"

"ကြက်သွန်ပေါင်း"

ကိုသီဟ မကြူးကြူးပေးတဲ့အထုပ်လေးယူပြီး အိမ်ပြန်ခဲ့သည်။ အိမ်ရောက်တော့ ည ၁၁ နာရီထိုးပြီ။ အိပ်ရာထဲလဲ့နေတဲ့ အမေက -

"ဟဲ့ မိုးချုပ်လိုက်တာ၊ နေပြည်တော်ပြန်သွားကြိုတာ ဘာလက်ဆောင်ပေးလိုက်လဲ"

www.burmeseclassic.com

www.burmeseclassic.com

"ပေးလိုက်တယ် အမေ၊ ဒီမှာ"

"ဘာလဲ"

"ကြက်သွန်ပေါင်းတဲ့"

"တော်- သူများတွေ နေပြည်တော်က ပြန်လာရင် မျှစ်ချဉ်တို့၊ နန်းစိန်ကိတ်တို့ ဝယ်လာတာ၊ သူကျမှ ကြက်သွန်ပေါင်းတဲ့၊ ကြားကြားဖူးပေါင်တော်၊ ကြက်သားပေါင်းတို့၊ ဝက်သားပေါင်းတို့ ဆို တော်သေး"

ဒီညမှာ အိပ်လို့မရရင် ကြက်သွန်ပေါင်းကြောင့်လို့ပဲ ပြောရမလိုပင်။ အသက်(၇၀)ကျော်ကာ (၈၀)နီးနေပြီဖြစ်တဲ့ အမေသည် စကားတစ်လုံးရလျှင် တတွတ်တွတ်နှင့် ပြောဆိုတတ်သည်။ ဒါတောင် နေကောင်းပြီးခါစ ဆေးရုံဆေးခန်းနဲ့ တစ်ပတ်တန်သည်၊ တစ်လ တန်သည် ပြနေရလို့ ကျန်းမာရေးကောင်းတုန်းကဆို သူ မကျေနပ်တာ တစ်ခုနဲ့ ကိုသီဟကို ဆူစရာရှိလျှင် တော်တော်နှင့် မပြီးတော့ပေ။

♦

ညဦးပိုင်း ပူလို့အိုက်လို့ အိပ်လို့ မရသမျှ မိုးလင်းခါနီး တိုက်ခတ်တဲ့ လေနုအေးကြောင့် အိပ်ကောင်းသလို ရှိသည်။

"မောင်သီဟရေ- မောင်သီဟ"

နာမည် ခေါ်သံကို ကြားနေရသည်။ အပြင်မှာလား၊ အိပ်မက်ထဲမှာလား ဝေဝေဝါးဝါး။

"မောင်သီဟရေ- မောင်သီဟ"

ဒီထက်ကျယ်သောအသံဖြင့်ခေါ်သည်။ နားထဲမှာ မဝိုးဝါး။

"ဟဲ့- အိမ်ရှေ့မှာ ခေါ်နေတယ်လေ"

ဒီအသံကတော့ အိပ်မက်မဟုတ် အမှေအသံ၊ အိပ်ရာထဲမှထပြီး အိမ်ရှေ့ထွက်ကြည့်လိုက်တော့ ဆွမ်းလောင်း ခမ္မာရုံက ဥက္ကဋ္ဌဦးကျော်စိန်။

"ဦးလေး၊ စောစောစီးစီး ဘာကိစ္စများလဲ"

"စောစောစီးစီး မင်းဆီလာရတာ ကုသိုလ်ရေပေါ့ကွာ၊ တို့ခမ္မာရုံ ရုပ်ပွားတော်တွေ အခုလာမယ့် အဖိတ်နေ့ ညနေ ရွာထဲလှည့်ပြီး အပူဇော်ခံမယ်"

"အင်းလေ- လှည့်ပေါ့၊ နှစ်တိုင်း လှည့်နေတာပဲ"

"ဒီနှစ် ရွာထဲတင်မကဘူး မြို့ထဲပါလှည့်မှာ"

"နှစ်တိုင်း ရွာထဲပဲလှည့်နေက၊ ခုမှ ဘာလို့ မြို့ပေါ်ရပ်ကွက်တွေထဲထိ လှည့်မှာလဲ"

"ဟာ ငါ့ကောင်ကလည်း အလှူဒွေတွေ ပိုရအောင်လို့ပေါ့ကွ၊ ခမ္မာရုံက ဆောက်လက်စ အပြီးမသတ်ရသေးဘူး၊ ဒီထက်ဆိုးတာက သစ်ဆိုင်မှာ အကြွေးနှစ်သိန်းလောက်တင်နေတယ်၊ အဲဒီမှာ ရုံအပြီးသတ်သွားရင် တစ်နွေကို မင်္ဂလာဆောင်ငါးဆောင်နဲ့ပဲတွက် နှစ်သိန်းခွဲသုံးသိန်း ပြေးမလွတ်ဘူး"

ခမ္မာရုံဥက္ကဋ္ဌကြီးဦးကျော်စိန်ကား သူ့စီမံကိန်းများအား ပွင့်လင်းမြင်သာစွာ ကိုသီဟကို ချပြနေလေသည်။

"အဲဒါ ကျွန်တော်က ဘာကူညီရမှာလဲ"

"ကား"

"ဗျာ"

"အေး- ကား အကူအညီလိုလို့ လာခဲ့တာ"

"ကူညီရမှာပေါ့ ဦးလေးရာ"

"အေးကွာ၊ ကျေးဇူးတင်တယ်၊ မနက်ဖြန်ညနေ ၃ နာရီလောက် ခမ္မာရုံ ရှေ့လာခဲ့"

ဦးကျော်စိန် ပြန်သွားတော့ အမေ အိမ်ရှေ့ရောက်လာသည်။

"ဟဲ့- ဦးကျော်စိန်၊ ဘာလာပြောတာလဲ"

"မနက်ဖြန် အဖိတ်နေ့ ဘုရားလှည့်ဖို့အတွက် ကား အကူအညီလာတောင်းတယ်"

"ဘာ- အကူအညီလာတောင်းတာဟုတ်လား၊ အဲဒီခမ္မာရုံရှေ့ အလှူခံမှာဖွင့်နေတဲ့ သူ့မယားညီအစ်ကို သံချောင်း ဓာတ်စက်က ကုသိုလ်ဖြစ် ကူညီနေတာလား"

"အဲဒါတော့ မသိဘူး"

"နင် ဘာသိလဲ၊ အဲဒီဓာတ်စက်အစုတ်ကို တစ်နေ့ငါးထောင်နှုန်းပေးပြီး အလှူခံနေတာ ဘယ်နှလရှိနေပြီလဲ၊ သူမယားညီအစ်ကိုရဲ့ဓာတ်စက် ရွာထဲကမသာအိမ်တောင်မငှားတဲ့ စက်စုတ်ကို ကျတော့ တစ်နေ့ငါးထောင်နှုန်းပေးပြီး ငါတို့ကားကျတော့ ကုသိုလ်ဖြစ် အလကားပဲတင်း၊ ဟိုအကောင်ကိုလည်း ပြောရဦးမယ်၊ ပြောတော့ အမေသွားချင်တာသွားဖို့ ဝယ်ပေးတာတဲ့၊ ဒီကားဝယ်ပေးပြီးထဲက ငါ ဘယ်နှခါများ စီးရသေးလို့လဲ၊ နတ်သွားပြတုန်းက ညောင်ဝိုင်းကိုးမြို့ရှင်နန်းကိုတစ်ခေါက်၊ ရွှေတိဂုံဘုရားကိုတစ်ခေါက်၊ ဆေးရုံရက်ချိန်းပြတုန်းကတစ်ခေါက်၊ အောင်ချမ်းသာရပ်ကွက်ထဲက မမမြစိန်တို့အိမ်ကို သွားကြွား အဲ အဲ သွားကန်တော့တုန်းက တစ်ခေါက်၊ မှတ်မှတ်ရရ လေးခေါက်၊ လက်ချိုးရေလို့ရတယ်။

တပ်တော့ ငါ့နာမည် ခေါင်းတပ်ပြီး အမေစီးဖို့တဲ့၊ လူလည်း မအားရ၊ ကားလည်း မအားရ ဆီဖိုးလည်း ဘယ်နှသောင်းဖိုး ရှိနေပြီလဲ၊ မင်းကလည်း ကိုယ်မမောင်းပေးနိုင်ရင် မအားဘူးလို့ ပြောလိုက်ပါလား၊ စိုစိစိ မြုစိစိနဲ့၊ ယောကျ်ားလေး မွေးထားမိလို့ မိန်းကလေးသာဆို ကလေးတွေ တောင်းနဲ့လိုက်ကောက်ရမယ်၊ အဖေတော့ ပေါ်မှာ မဟုတ်ဘူး"

ပြဿနာတစ်ခု အမေ့ပါးစပ်ထဲရောက်သွားရင် တော်တော်နှင့်ပြီးမည် မဟုတ်။ အကျိုးအဝတ်အစား လဲပြီး အမှေမျက်စိကွယ်ရာ နားကွယ်ရာကို ထွက်ဖို့ပြင်တော့ -

"ဒါက ဘယ်လဲ"

"ဆိုင်သွားမလို့လေ"

"ညနေ ဘုရားလှည့်ပြီးတာနဲ့ အဲဒီကား သူ့အိမ် ပြန်ပို့လိုက်တော့"

အဲဒါကတော့ တစ်ချက်လွတ် ရာဇသံအမိန့်တော် ပြန်လိုက်တာပဲ၊ အဖိတ်နေ့ညနေ ၄ နာရီလောက်ကစပြီး

www.burmeseclassic.com

www.burmeseclassic.com

ဘုရားလှည့်တာ ည ၈ နာရီကျော်မှ ရွာမှာဆုံးသည်။ ရွာထဲမှာ မုန့်ဟင်းခါး ကျွေးတဲ့အိမ်နဲ့ ရွှေရင်အေး၊ မုန့်လက်ဆောင်းတိုက်တဲ့အိမ်များလည်း ရှိသည်။

အောက်ကနေ ကုန်းကြောင်း လျှောက်တဲ့သူတွေ ဘယ်လိုနေလဲမသိ၊ ကားမောင်းတဲ့ ကိုသီဟ ခြေတွေလက်တွေ ညောင်းလာသည်။ ဒီထက်ဆိုးတာက နီဒွာ-နံဆော်ချစ်နဲ့ ကိုတရုတ်ဆိုသူ နှစ်ယောက် ကားပေါ်မှာ မိုက်ခွက်လုနေကြခြင်းပင်။

ဥက္ကဋ္ဌကြီး ဦးကျော်စိန်ကတော့ တိုက်ပုံနဲ့၊ ခေါင်းပေါင်းနဲ့ ငွေဖလားတစ်လုံးပိုက်ကာ အလှူငွေများများရရှိရေး တို့အရေးပေါ်။ မြို့ပေါ်ရပ်ကွက်တွေထဲ လှည့်အုပ်မှာ ည ၁၁ နာရီထိုးလေပြီ။ မနက် အစ်ကို အပြင်မသွားခင် အမေက ကားသွားပို့ခိုင်းသည်။ အစ်ကို့အိမ်ရှေ့ ကားထိုးလိုက်တော့-

"ဘာလဲ သီဟ"

"အမေက ကားပြန်ပေးခိုင်းလိုတ်လို့"

"ဘာဖြစ်လို့လဲ"

"မလိုချင်တော့ဘူးတဲ့၊ သွားစရာလာစရာရှိမှ လာယူမယ်တဲ့"

"အဲဒါဆိုလည်း အဲဒီဘေးထိုးထားခဲ့ကွာ၊ ဝယ်ပေးတာပဲ၊ မလိုချင်တာတော့ မတတ်နိုင်ဘူး"

ကိုသီဟ ကားထားပြီး ခြံပြင်ရောက်တော့ နောက်က လှမ်းခေါ်သည်။

"ဟေ့ သီဟ သီဟ၊ ရော့ ဒီမှာ မင်းပစ္စည်း"

ကားခေါင်းခန်းထဲ ချိတ်ထားတဲ့ ဆည်းလည်းလေးအား ဖြုတ်လာပြီး ကျွန်တော့်ကို ပေးသည်။ ဆည်းလည်းလေးကတော့ ဘယ်အချိန်လှုပ်လှုပ်-သာယာသော အသံကို မြည်စေတာပဲ။ ပစ္စည်းဥစ္စာတို့မည်သည် မရှိတောင်တာ၊ ရှိကြောင့်ကြဆိုသော ပညာရှိတို့စကား တကယ်ပင်မှန်ပါသည်။ မရှိခင် မရခင်က တောင့်တမိသည်။ တောင့်တလို့ ရလာပြန်တော့ ကားအတွက်ကြောင့်ကြ ရပြန်သည်။ အခု ကားဝယ်ပေးတဲ့ ပိုင်ရှင်ဆီ ပြန်ပေးလိုက်တော့ ရင်ထဲမှာ လွတ်လပ်ပေါ့ပါးသလို ခံစားရပြန်သည်။ ကားအတွက် ပူပင်မှု၊ ကြောင့်ကြမှုတွေ မရှိတော့။

အစ်ကိုပြန်ပေးတဲ့ ဆည်းလည်းလေး လက်ကကိုင်ပြီး ရွာထဲကအိမ်ကို ခြေကျင် လျှောက်ရသည်။ အိမ်နားရောက်ခါနီး အိတ်ကပ်ထဲက လက်ကိုင်ဖုန်းလေးက အသံမြည်လာသည်။

"တီ တီ တီ တီ"

"ဟလို"

ဖုန်းမှာပေါ်လာတဲ့ နံပါတ်က အရင်မခေါ်ထားဖူးတဲ့ နံပါတ်။

"ဟလို မောင်သီဟလား"

"ဟုတ်ပါတယ်၊ ဘယ်သူများလဲ ခင်ဗျ"

"ငါ ဦးသောင်းရင်ပါကွ"

"ဩော်- ဆရာကြီးဦးသောင်းရင် ပြောလေ၊ ဘာကိစ္စရှိလို့လဲ"

"မင်းကို ငါ အကူအညီတစ်ခု လောက် တောင်းချင်လို့ကွာ"

"ဘယ်လို အကူအညီမျိုးလဲ ခင်ဗျ"

"ဒီလိုကွ၊ ငါ့မိန်းမနဲ့ငါ့မရီး အဖွားကြီးတွေ မော်ဘီဘက်ကအလှူ သွားချင်လို့ မင်းလိုက်ပို့ပေးစမ်းပါ"

"ပို့ချင်ပါတယ် ဆရာကြီးရာ၊ ဒါပေမဲ့ ကျွန်တော့်တောင်းအိတ်ကားက မရှိတော့ဘူးလေ"

"ဟေ- ဘာဖြစ်လို့လဲ ရောင်းလိုက်လို့လား"

"မဟုတ်ဘူး၊ အမေက ပြန်ပေးခိုင်းလိုက်လို့၊ ဝယ်ပေးတဲ့အစ်ကိုဆီ ပြန်ပေးလိုက်ပြီ"

"မောင်သီဟ ကားမရှိရင်လည်း လူပဲလာခဲ့၊ ငါ့ကားနဲ့သွားမှာ မင်းလိုက်မောင်းပို့ရုံပဲ"

"ဗျာ"

ကားမရှိလို့ သက်သာမလားမှတ်တယ်။ လူကိုခေါ်ပြီး ဒရိုင်ဗာလုပ်ခိုင်းသည်။ လက်မှာဆွဲထားတဲ့ ဆည်းလည်းလေးကတော့ တချွင်ချွင်မြည်နေဆဲ။

◆

အင်္ဂါနေ့ လမ်း(၄၀) လေအန်ကုန်းရောက်တော့ ဆရာကိုသာယာက-

"ဝင်းသီဟရေ၊ မင်းကားမှာ ငါတပ်ခိုင်းတဲ့ ဆည်းလည်းလေးတပ်ထားတာ လာဘ်ကောင်းတယ် မဟုတ်လား"

ဆရာ့စကားမဆုံးခင်ပဲ ကိုသီဟ လွယ်အိတ်ထဲထည့်ထားသော ဆည်းလည်းလေးကို ထုတ်ကာ-

"ဆရာရယ်၊ ဆရာဆွဲခိုင်းတဲ့ ဆည်းလည်းလေး လာဘ်ကောင်းတယ် ဆိုပြီး မှန်ကိုင်းမှာ ချိတ်ထားလို့ကတာ ကားရော လူရော နားရတယ်မရှိပါဘူး ဆရာရယ်၊ ဆီဖိုးမတတ်နိုင်တာနဲ့ ဝယ်ပေးတဲ့သူဆီ ပြန်ပေးလိုက်ပြီ၊ ဒီမှာလေ ဆရာ့ရဲ့ လာဘ်ကောင်းစေတဲ့ ဆည်းလည်းလေး"

ကိုသီဟ ထုတ်ပြတဲ့ဆည်းလည်းကို ဆရာကိုသာယာ သေသေချာချာကြည့်သည်။ ပြီးတော့-

"ဝင်းသီဟ- မင်းကို ငါတပ်ခိုင်းတာ ဆည်းလည်းကွ၊ အခုဟာက ဆည်းလည်းမှမဟုတ်တာ၊ ချွေကွ ချွေ နွားတွေမြင်းတွေ လည်ပင်းမှာတပ်တဲ့ ချွေ"

"ဟုတ်လား၊ ဒါ ချွေလား"

"အေး- အဲဒါ ချွေ မှတ်ထား"

တော်သေးသည်။ အပေါ်ဝိုင်းမှာ ဆရာကိုသာယာနဲ့ ကိုသီဟ နှစ်ယောက်တည်း ရှိလို့ အောက်ဝိုင်းမှာ ထိုင်နေတဲ့ ဆရာတွေ၊ ဆရာမတွေ မသိခင် အဲဒီချွေကို လွယ်အိတ်ထဲ အမြန်ထည့်ရသည်။

မတော်လို့များ ဖွတတ်တဲ့ ဆရာတစ်ယောက်ယောက်က ဒီအကြောင်း သိသွားခဲ့ရင် ဝင်းသီဟတစ်ယောက် ချွေမှန်း ဆည်းလည်းမှန်းတောင် အခုထိ မသိဘူးဆိုပြီး ဖွမှာ သေချာသည်။

ဝင်းထိုဏ(ထန်ချောင်)

[ဆရာမောင်သာယာသို့ အမှတ်တရ]

www.burmeseclassic.com

www.burmeseclassic.com

ကြမ်းပိုးဆေး

ဒဂ်ိုး
(ရွှေရင်ဒေး)

ခေါက်သံ၊ ဆဲသံတို့ အား ကြားရပြီး အူတက်မတတ် ရယ်၍ ထဘီစွန်တောင်ဆွဲ မီးခွက်ကိုင်၍ ခြင်ထောင်ထဲမှထွက်ကာ ရယ်သံတသောသောနှင့် နောက်ဖေးဘက် ပြေးထွက်သွားသော သမီးအုန်းရှင်အားလှမ်းကြည့်ရင်း ဟင်းတစ်ချက်ချလျက် ဆေးအိုးနောက်ဆေးတစ်ဆုံဖြည့်လျက် မီးညှိဖွာရှိုက်လိုက်လေတော့သည်။

သိန်းမောင်က တက်ခေါက်ပြီး ဒေါသနှင့်ဆဲ၏။ အုန်းရှင်က လွန်စွာရယ်၏။ သေးထွက်အောင်ရယ်သည်ထင်၏။ ဘာကြောင့်နှယ်၊ ဘယ်လို ကိစ္စကြောင့်နည်း။

ဦးဘိုးဟန် မသိသေး။ သမက်ဖြစ်သူအား ခပ်တည်တည် လေးစားအောင် နေထိုင်သော ဦးဘိုးဟန်ဤအရေးအား မေးလိမ့်မည်၊ စူးစမ်းလိမ့်မည် မဟုတ်ပေ။ သို့သော် မကြာမီ တစ်နည်းနည်းနှင့်တော့ သိလာရသည်ချည်းပင် ဖြစ်လေတော့သည်။ ဤကိစ္စအကြောင်းရင်း တရားခံက ကိုသိန်းမောင်သာ ဖြစ်လေသည်။

ဦးဘိုးဟန်တွင် သားသမီး ငါးယောက်ရှိသည့်အနက် မအုန်းရှင်ကအကြီးဆုံး။ ကိုသိန်းမောင်နှင့် အိမ်ထောင်ကျသောအခါ နှစ်ဦးစလုံးမှာ အသက် (၂၅)နှစ်ခန့်သာ ရှိကြသေး၏။ ယခု သားသမီး ခြောက်ယောက်နှင့် အသက် (၄၀)ကျော်ဝန်းကျင် ရောက်နေကြပေပြီ။

ကိုသိန်းမောင်က အရပ် ခြောက်ပေခန့် ရှည်၍ အလုံးအထည်ကလည်း ထောင်ထောင်မောင်းမောင်း။ မအုန်းရှင်ကား ငါးပေခန့်သာရှိပြီး လင်မယားနှစ်ယောက်က အပုနှင့် အရှည်ဖြစ်၍

"တောက်. . . ကွာ. . . ဟင်း"

ကိုသိန်းမောင် ဝမ်းထဲမှ စိတ်၏ မကျေနပ်ချက်သည် ရှုပ်အပြင်သို့ ထွက်လာသည်။

ဇနီးဖြစ်သူ ဒေါ်အုန်းရှင်ကား မျက်ရည်ထွက်၊ သေးပါထွက်သည်အထိ အူတက်မတတ် ရယ်လေသောကြောင့် ရေနုံဆီမီးခွက်မှောက်၍ မီးလောင်မည်စိုးသောကြောင့် ခြင်ထောင်အပြင်ထွက်၍ မီးခွက်ကိုချလျက် နောက်ဖေးချောင်သို့ ပြေးလေတော့၏။ သေးပါသောထဘီကို လဲရမည်မဟုတ်ပါလား။

အိမ်ရှေ့ခန်းတွင် ဆေးတံသောက်ရင်း ရေနွေးဂိုင်းထိုင်နေသော မအုန်းရှင်၏ဖခင် ဦးဘိုးဟန်ကား သမီး မအုန်းရှင်တို့လင်မယား အိပ်ရာ ခြင်ထောင်အတွင်း မီးတိုင်ခွက်ကြီးနှင့် တွေ့ရလေသောကြောင့် . . .

"ဟဲ့. . . အုန်းရှင်"

"ရှင် အဖေ"

"နင်တို့ဟာကလည်း နေ့ခင်း နေ့လယ် ဖျာတွေ ခေါင်းအုံးတွေ နေလှန်းဖွပ်လျှော် လုပ်ကြလေ၊ ကြမ်းပိုးကဒါလောက်များစရာ အကြောင်းမရှိဘူး၊ အချိန်မဟုတ် အိပ်ခါနီးမှ မီးခွက်နဲ့ ခြင်ထောင်ထဲ ဝင်ရှာတော့ မီးတော့လောင်တော့မှာပဲ၊ နင်တို့ဟာက မဟုတ်သေးပါဘူး"

"ဟုတ်ကဲ့ အဖေ"

မအုန်းရှင်အသံ ကြားပြီးနောက် လင်မယားနှစ်ယောက် တီးတိုးရေရွတ်ပြီး မကြာမီ ကိုသိန်းမောင်၏ တက်

www.burmeseclassic.com

www.burmeseclassic.com

ယှဉ်တွဲသွားလျှင် သိသာစွာ ကြည့်၍ မကောင်းလှ။ သူတို့နှစ်ယောက် ညားပုံကလည်း ခပ်ဆန်းဆန်း၊ ဆန်းသမှ တစ်ရာ တစ်ဦး မဖြစ်နိုင်လောက်ပေ။ ကျောင်းနေဖက်လည်းဖြစ်၊ အိမ်နီးချင်းလည်း ဖြစ်သော ကိုသိန်းမောင်နှင့် မအုန်းရွှင်တို့က အရွယ်ရောက်သော အခါ မိဘချင်းလည်း သဘောတူကြသဖြင့် အလိုက်သင့် နေကြလေသည်။

အနောက်ရိုးမသို့ မနက်စောစောသွား၊ ညနေပြန် နွယ်နုတ်ခြင်း၊ အင်ဖက်ခူးခြင်း၊ ဝါးခုတ်ခြင်း၊ ဟင်းသီးဟင်းရွက်ရှာခြင်းများတွင် မအုန်းရွှင်က ကိုသိန်းမောင်နှင့် အဖော်လိုက်သကဲ့သို့ သူကိစ္စပေါ်ပါက်လည်း ကိုအုန်းမောင်အား ခေါ်သဖြင့် နှစ်ယောက်သားအတူသွားဖြစ်သည်က များလေသည်။ သို့သော် သမီးရည်းစား တော်တော်နှင့် မဖြစ်ကြပေ။ ရိုးရိုးသားသားပင် နေထိုင်ကြ၏။ ဆိတ်ကွယ်ရာများ မကြာခဏ ကြုံတွေ့ဘော်လည်း နှစ်ယောက်လုံး ဖောက်ပြန်သောစိတ် မရှိကြပေ။

သို့သော် တစ်နေ့ ဝါခေါင်ဆန်းပိုင်း မိုရာသွားရန် အုန်းရွှင်က သိန်းမောင်အား အဖော်စပ်လေသည်။

"သိန်းမောင်"

"ဟေ"

"နင် မနက်ဖြန် ဘာလုပ်စရာရှိလဲ၊ အားလား"

"နွားတွေ မြက်ရိတ်ကျွေးရတာပဲ ရှိတာပေါ့ဟယ်"

"ဒါဆို ပြန်လာရင် ငါပါမြက်ကူရိတ်ပေးမယ်၊ မို့ကျင်းတွေ့ထားလို့ သွားနုတ်ရအောင် လိုက်ခဲ့ဟယ်၊ ဖြစ်မလား"

"နင်သွားချင်လည်း သွားလေ၊ ဒီညနေ မြက်ပိရိတ်ခဲ့ရမှာပေါ့"

"အေး ;အး၊ မနက်စောစော သွားကြရအောင်"

ကိုသိန်းမောင်နှင့် မအုန်းရွှင်တို့ ရွာကား ယခု ပုသိမ်-မုံရွာကားလမ်းအနီး ရှိသော ကျောက်စရစ်ကုန်းရွာ ဖြစ်သောကြောင့် ရိုးမတွင်းသို့ ခြေကျင်သော်လည်းကောင်း၊ လှည်းနွားဖြင့်သော်လည်းကောင်း ကြာကြာမသွားရ။ ညနေမိုးမချုပ်မီလည်းပြန်နိုင်သည်။ တောကသစ်ဝါးများလည်း ပေါသည်။ (ယခုအချိန် ကားလမ်းဘေး တောင်ကတုံးများအား စီးပွားရေးသမားများက ဧကများစွာဝယ်၍ ပျဉ်းကတိုး၊ ကျွန်း၊ ရော်ဘာပင်များ စိုက်ပျိုးလျက် နှစ်ရှည်စီမံကိန်းများ လုပ်ကိုင်နေသောကြောင့် ယခင်ကလို သစ်ဝါးများ အလွယ်တကူ မရနိုင်တော့ပေ။ ဝေး၍ဝေး၍ သွားလေပြီ။)

"အုန်းရွှင်"

"ပြော- သိန်းမောင်"

"နင့်မို့ကျင်းဆိုတာက ဘယ်နားမှာတုံးဟ"

"ဟို ခတ်အုန်းပင်စခန်းမှာဟဲ့၊ မကြာခင် ရောက်တော့မှာပဟ"

ထိုစခန်းကား ဝါးခုတ်စခန်းဖြစ်၍ ကျောက်စရစ်ကုန်းရွာ၏အနောက်တည့်တည့် ရိုးမအတွင်း တောင်ကြောများ ဖြစ်လေ၏။ ခပ်စောစောက မိုးတစ်ပြိုက် နှစ်ပြိုက်ရွာလျက် နေရောင်မမြင်ရ၊ တိမ်များဖုံး၍ အိုက်စပ်စပ်နှင့်။ သစ်ကြီးဝါးကြီးလည်း မရှိလှသေး။ ခါးစောင်းခန့် လူတစ်ထိုင်စာခန့် ချုံပုတ်များက အတန်းလိုက်ရှိပြီး ထိုချုံငယ်များအား ကျော်ခွ၍ မို့ကျင်းဆီသို့ သွားကြရပေမည်။

ထိုချုံများတွင် နွားကို လည်းကောင်း၊ လူကိုလည်းကောင်း တွယ်ကပ်မိပါက အသားသို့ကပ်လျက် ကိုက်တတ်သော မွှားဟုခေါ်သော အကောင်များ ပေါများလှ၏။ ယားယံခြင်းကို ဖြစ်စေသည်။ ကိုသိန်းမောင်ကတော့ ပုဆိုးခါးတောင်ကျိုက် တင်းတင်းဝတ်ထားပြီး ခြင်းတောင်းများ လွယ်ထား၏။ မအုန်းရွှင်ကား ထဘီကို ပေါင်လယ်ခန့် တိုတို ဝတ်၍ နောက်မှလိုက်၏။ မကြာခဏ အဈိုပါချုံများအား ခွကျော်နေကြရ၏။

"သိန်းမောင်"

"ဘာလဲဟ"

"နောက်ကို လှည့်လှည့်မကြည့်နဲ့၊ ငါ ထဘီတိုတို ဝတ်ထားလို့ဟဲ့"

"အေးပါဟာ"

သို့သော်မကြာမီ မို့ကျင်းရောက်ခါနီး ပြဿနာက စလေပြီ။ ကိုသိန်းမောင် ခါးတောင်းကျိုက် ပေါင်ရင်းပုဆိုးစပ်မှ မွှားလေးငါးကောင်ကို ဖယ်ရှားရလေပြီ။ ကိုသိန်းမောင် ဒိုင်းခနဲ အတွေးတစ်ချက် ပေါက်သွားသဖြင့် ခါးတောင်းကျိုက်မထားဘဲ လုံချည်တို့ တိုကလေးဝတ်ထားပြီး အရပ်ပုသော အုန်းရွှင်သည် ခွကျော်သော ချုံများနှင့် လွတ်မည် မဟုတ်မှန်း တွေးမိသည်။ ဤသို့ဆိုလျှင် မွှားကောင်များမှာ ၎င်း၏ ပေါင်ခြံတစ်ဝိုက် အလည်ရောက်ရန်မှာ သေချာနေပေပြီဟု တွေးမိပြီး နောက်သို့ပြန်ကြည့်ရာ အုန်းရွှင်အား မတွေ့ရ။

"ဟာ. . . အုန်းရွှင်"

"ဟေ့ မလာနဲ့ မလာနဲ့၊ အား ယားတယ်ဟ"

"ငါလာပြီဟေ့၊ ဖြစ်ချင်ရာဖြစ်"

ကိုသိန်းမောင်က ချုံတန်း သုံးတန်း ခွကျော်ခုန်အပြီးတွင် သစ်ပင်ရင်းတစ်နေရာတွင် ပေါင်ခွကြားသို့ လက်အုပ်လျက် ခပ်ကွေးကွေး တုံးလုံးလဲနေသော အံနေအထားနှင့် တအားအား အော်နေသော အုန်းရွှင်အား တွေ့ရလေသောအခါ . . .

"ဟာ. . . အုန်းရွှင်၊ ဒုက္ခတော့ တွေ့ပြီထင်တယ်၊ ဘယ်လိုလဲဟ"

"အား ယားတယ်၊ ကိုက်တယ်၊ နင် မလာနဲ့ မလာနဲ့"

"ဟ မလာလို့ မရဘူး၊ နင်နဲ့ငါ နှစ်ယောက်တည်းရှိတဲ့ဟာကို နင် ဟို ပေါင်ခြံတွေ မွှားဝင်နေပြီ၊ ဒီအတိုင်းထားရင် အသားထဲမြှုပ်သွားလိမ့်မယ်၊ အဲဒီတော့မှ ဆေးရုံတက်နေရမယ်"

"အား. . . ယားတယ်၊ သိန်းမောင် ကယ်ပါဦး"

"ကဲ. . . ရှက်မနေနဲ့တော့၊ ရော့ ငါ့ပုဆိုးနဲ့ မျက်နှာအုပ်ထား၊ ငြိမ်ငြိမ်နေ ငါရှင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com

အုန်းရွှင်ကား မတတ်သာတော့သည့်အဆုံး ကိုသိန်းမောင်၏ ဆုံးဖြတ်ချက်အား ရှက်ရွံ့ရွံ့နှင့် လိုက်လျောရလေတော့သည်။ ခဏအကြာ. . .

"ကဲ. . . အုန်းရွှင်၊ အားလုံးအိုကေသွားပြီ၊ သွားကြစို့ ထ"

ထိုနေ့က မိုးများ ခြင်းတစ်ခြင်းစာစီ ရခဲ့ကြသည်။ အုန်းရွှင်က ကိုသိန်းမောင်၏ မျက်နှာကို မကြည့်ရဲတော့။ သို့သော် ကိုသိန်းမောင်က ဘာမှ ထူးဆန်းပုံမရ မပြ၊ ပုံမှန်အတိုင်းသာ။

နောက်တစ်ရက်တွင်တော့ အုန်းရွှင်၏ ညီမအငယ်ဆုံး ကိုးနှစ်သမီး သန်းသန်း ရောက်လာပြီး . . .

"အစ်ကိုသိန်းမောင် မမက ခဏလာပါဦးတဲ့"

"ဘယ်မှာလဲ နင့်မမက"

"အိမ်မှာ"

"အေးအေး ငါ နွားမြက်စာထည့်ပြီး လာခဲ့မယ်လို့ နော်"

"အင်းပါ၊ ဒါဆို ကျွန်မ ပြန်မယ် နော်"

"အေး၊ ပြန် ငါပြီးတော့လာမယ် ပြောလိုက်"

ခဏအကြာ နွားမြက်စာများ ထည့်ပြီး လက်ဆေး၍ အုန်းရွှင်တို့အိမ်ဘက် ထွက်ခဲ့ပြီး အိမ်ပေါ်တက်သည်။ အိမ်တွင် ရေသောက်ရန် မေ့လာသဖြင့် အုန်းရွှင်တို့အိမ် သောက်ရေအိုးမှ ရေတစ်ခွက်ခပ်သောက်ပြီး ဟိုဟိုဒီဒီ ကြည့်မိ၏။ မည်သူမျှ မရှိ။

"ဟ. . . ဘယ်ရောက်ကုန်ကြပြီလဲ၊ ငါ့ခေါ်ပြီးတော့"

"ဟဲ့ သိန်းမောင် ငါဒီမှာ၊ တိုးတိုးဟဲ့၊ နင်ကလည်း"

"သြော်. . . အုန်းရွှင်၊ နင် ခြင်ထောင်ထဲ ဘာဝင်လုပ်နေတာတုံးဟ"

"အို တိုးတိုးပါဆိုမှပဲဟယ် ကဲ"

တောရွာဓလေ့အရ သမီးရည်းစားများ ချိန်းတွေ့လျှင် ပိတ်ခြင်ထောင်ကြီးကိုချ၍ အတွင်း၌ စကားပြောကြသော အလေ့ကား စာရေးသူ မှတ်မိသည်။ အခြားသစ်ပင် လယ်ကွင်း လယ်တဲ စသည် ချိန်းမတွေ့ကြ။ (ဤကား စကားချပ်)

ယခု သိန်းမောင်နှင့် အုန်းရွှင်က သမီးရည်းစားများမဟုတ်၊ တစ်ဦးကို တစ်ဦးလည်း ချစ်ခင်ငဲ့ပန်သည်မျိုး မရှိသေးပေ။ အဘယ်ကြောင့် အုန်းရွှင်က ခြင်ထောင်ထဲချိန်းရသနည်း။ ခြင်ထောင်ရှေ့တွင် တွေတွေကြီးရပ်လျက် စဉ်းစားနေသော သိန်းမောင်အား လျှပ်တစ်ပြက် ခြင်ထောင်တွင်းမှ အုန်းရွှင်၏ လက်တစ်ဖက် ထွက်လာပြီး သိန်းမောင်ပုဆိုးအောက်စအား ဆွဲလိုက်သဖြင့် ပြေသွားသောပုဆိုးအား ဖမ်းဆုပ်ရင်း ခြင်ထောင်တွင်းသို့ လိမ့်သွားပြီး အုန်းရွှင်နှင့် လုံးထွေး၍သွားလေတော့သည်။

တစ်လခန့်အကြာတွင် နှစ်ဖက် မိဘများကိုတိုင်ပင်လျက် မင်္ဂလာဆောင် ခြင်းကိစ္စ ပြီးစီးသွားလေတော့သည်။ ကိုသိန်းမောင်နှင့် မအုန်းရွှင် ညားပုံကား ဤသို့လျှင် ဖြစ်လေသည်။

❑

လယ်သမား သားသမီးများဖြစ်၍လည်းကောင်း ဘုန်းကြီးကျောင်းနှင့် အတန်းကျောင်း ၄ တန်း အောင်ပြီး နောက် သူတို့ကျောင်းကိစ္စပြီး၍ လယ်တောကိုသာ ဝင်ကြလေသည်။

ယနေ့ ကလေးခြောက်ယောက်ရသည်အထိ လင်မယားနှစ်ဦး စကားများ ရန်ဖြစ်ခြင်း မရှိကြ။

"သိန်းမောင်"

"ဗျာ အဖေ"

"မင်း နောက်ဖေးလယ်ကွက်ထဲ ပန်းစိုက်ကြည့်မယ်ဆို၊ ဟင်္သာတသွား မျိုးစေ့ဝယ်ရမှာပေါ့"

"ဟုတ်တယ် အဖေ၊ ဒီတစ်ရက် နှစ်ရက် သွားမယ်၊ ကိုင်းကွက်က ထွန်ပြီးနေပြီ၊ ပန်းမြောင်းပဲ ဖော်ရတော့မှာ"

"အဲဒါဆို နက်ဖြန်သွား၊ မင်းဦးလေးတွေအတွက် ကောက်ညှင်းဆန်နဲ့ ငါးပိ ယူသွားလိုက် ဟုတ်လား"

"ဟုတ်ကဲ့"

နောက်တစ်နေ့ ကိုသိန်းမောင် လွယ်အိတ်တစ်လုံးနှင့် ခြောက်ရွာပြို့ကွင်းမှ ရထားစီး၍ ဟင်္သာတသို့ သွားလေသည်။ ဦးလေးအိမ်တွင် ဈေးဝယ်အပြီး တစ်ညအိပ် နောက်နေ့ ၂ နာရီကြခင်းရထားစီး၍ ပြန်ခဲ့လေသည်။

ဧရိုဘူတာမရောက်မီ ဈေးသည်များ တစ်ဦးပြီးတစ်ဦး တက်ကာ ဈေးရောင်းကြသည်မှာ မျက်စိလည်းရှုပ် နားလည်းရှုပ်သဖြင့် ထိုင်ခုံနောက်မှိအားမှီ၍ အသာမှေးနေလိုက်သည်။

"ဟုတ်ကဲ့၊ မင်္ဂလာပါ ခင်ဗျာ၊ ခရီးသွား မိဘပြည်သူများ ကျွန်တော့် အသံကြောင့် စိတ်အနှောင့်အယှက် ဖြစ်မယ်ဆိုရင် အနှေးအညှောက် ဦးနဲ့ ဆုံနဲ့ ကန်တော့တောင်းပန်ပါရစေခင်ဗျာ"

လာပြန်ပြီ၊ ဆေးရောင်းမည့် ဈေးသည်တစ်ဦး၊ စကားပလွင်ခံနေသည် ကတော့ ချောမွတ်လို့နေသည်။ ဆက်၍ နားထဲ အသံများတိုးဝင်လာလေပြီ။

"ကျွန်တော်ကတော့ လက်တွေ့ အစွမ်းထက်လှတဲ့ မိဘများ အိမ်မှာ အလွန်ဒုက္ခပေးနေတဲ့ ကြမ်းပိုးခိုမ်နင်း ဆေးကို ရောင်းချပေးမှာပါ"

ကိုသိန်းမောင် မှေးနေသော မျက်လုံးဖျတ်ခနဲပွင့်သွားပြီး ဆေးရောင်းသူအား လှမ်းကြည့်လိုက်သည်။ ဆံပင်ဘယ်ခွဲ၊ လယ်ကတုံးအကျီဖြူလက်ရှည်နှင့် ငွေခြင်းလုံးပုဆိုး ရွှေဖလားရောင်နှင့် လွယ်အိတ်ကို လွယ်ထားသည်မှာ ဆေးရောင်းသူနှင့်မတူ၊ ပြဇာတ်မင်းသားနှင့်ပင် တူနေသေး၏။

"အားပေးတဲ့ မိဘများကို တော့ဇူးတင်လှပါတယ်၊ သုံးပုံသုံးနည်းကလေး မှတ်သွားပါ၊ ဟောဒီဆေးထုပ်ကလေး ကိုင်ပြီး ညအိပ်ရာဝင်ချိန် ခြင်ထောင်ချသေသေချာချာ အနားတွေဖိပျ၊ ပြီးတော့ အသာကလေး စက္ကူပတ်ကိုဖွာထိ ဓာတ်မီးလေးတော့ ဆောင်ထား၊ ဓာတ်မီး မရှိရင် မီးခွက်ကလေးနဲ့ပေါ့ဗျာ၊ ခြင်ထောင်လည်း မီးလောင်ဦးမယ်၊ ဘေးကောင်ထား။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို ဖွင့်ဖောက်ပြီးတာနဲ့ ဒီမှာ မိဘများ အဲဒီကြမ်းပိုးဆိုတာလေ၊ ဟာ . . . ဘယ်ရောက်ကုန်ပြီလဲလို့ မေးယူရမယ်၊ ဪ. . . ဟုတ်ကဲ့၊ ဒီက အစ်မကြီးကလည်း တစ်ထုပ်အားပေးပါတယ်၊ ဟုတ်ကဲ့ လာမယ်အစ်ကိုကြီး၊ ဟောဒီက အစ်ကိုကြီးကလည်း တစ်ထုပ်ပဲ။ မများ ပါဘူးခင်ဗျာ၊ တစ်ထုပ်မှ ပြားငါးဆယ်ပါ။ ဟုတ်ကဲ့ လာပါပြီ"

ရေတစ်တုန်း ရေတွင်းထဲကျသည့်နှယ် ကြမ်းပိုးပေါလှသော မိမိအိမ်အား ပြေး၍သတိရလျက် နှစ်ထုပ်ပင်လျှင် အားပေးလိုက်လေတော့သည်။

❑

ညနေ ၄ နာရီခန့်မှ အိမ်သို့ ပြန်ရောက်ပြီး ည ထမင်းစားပြီးသောအခါ မအုန်းရှင် အိပ်ရာဝင်နေသည်ကို မြင်သော ကိုသိန်းမောင် ရထားပေါ်မှ ဝယ်လာသော ကြမ်းပိုးဆေး ဆိုသည်ကို သတိရလေတော့သဖြင့် . . .

"အာ. . . အုန်းရှင် နေဦးခဏ၊ မီးခွက်ယူလိုက်မယ်"

"ဘာလုပ်မလို့လဲ ကိုသိန်းမောင်"

"ငါ ရထားပေါ်က ကြမ်းပိုးဆေး ဝယ်လာတယ်၊ အဲဒါ သူဇကြောတဲ့အတိုင်း လုပ်ကြည့်ရအောင်ဟေ့"

"ဘယ်လိုလုပ်ရမှာလဲတော့"

"ခြင်ထောင်ကို ချ၊ ဘေးပတ်လည်ဖိ၊ မီးခွက်ဖြစ်စေ ဓာတ်မီးနဲ့ဖြစ်စေ တစ်ယောက်ကပြ၊ ဆေးထုပ်ကို ဖြေရမတဲ့၊ အဲဒါဆို . . . "

"ကြမ်းပိုးတွေ ပြေးကောလား၊ ဘယ်လိုတဲ့လဲ"

"ကြမ်းပိုးဆိုလို့ အစအနတောင် မရှိတော့ဘူးတဲ့၊ ကဲ စမ်းကြည့်ရအောင်"

"ဖြည်းဖြည်းဖြေနော်၊ အနံ့တွေ ဘာတွေ ထွက်မှာလားမသိဘူး"

"နင့်မီးခွက် သေချာကိုင်ထား၊ ခြင်ထောင်ပါမီးလောင်လို့ နှစ်ယောက်စလုံး သင်္ဂြိုဟ်ပြီးသားဖြစ်သွားမယ်"

"ကဲပါ၊ လုပ်စမ်းပါ၊ သိချင်လှပြီ၊ အဲဒီကြမ်းပိုးဆေးကို"

ထို့နောက်တွင်တော့ ကိုသိန်းမောင် ရထားပေါ်မှဝယ်လာသော စက္ကူထုပ်အား သတိထား၍ ဖြေသည်။ တစ်ထပ်၊ နှစ်ထပ်၊ သုံးထပ်၊ နောက်ဆုံးတွင် ရထားလက်မှတ်တစ်စောင် ပေါ်လာလေသည်။

"ဟင်. . . ရထားလက်မှတ်ပဲ၊ ဟသ်တ မြို့ကွင်းတဲ့ ဘာလဲဟ"

"ဟိုဘက်လှန်ကြည့်စမ်းပါဦး"

"အဲ. . . နောက်ဘက်မှာ ဖောင်တိန်နဲ့ စာရေးထားတယ်၊ ဘာလဲ၊ အဲ- 'ဖယောင်းတိုင်မီးနဲ့ရှာ' တဲ့၊ ဟား ဘာလဲကွာ၊ တောက်"

ကိုသိန်းမောင် ကျောချမှ ဓားပြမှန်းသိ ဆိုသကဲ့သို့ သေသေချာချာ အညာကိုင်၍ အချုပ်နှင့်အအုပ်နှင့် ညာခြင်းအား ခံလိုက်ရလေပြီ။

"အဟား ဟား ဟား. . . အမယ်လေး သိန်းမောင်ရယ် ဖယောင်းတိုင်မီးနဲ့ရှာတဲ့၊ နင့်ကို ရထားပေါ်က အကောင်က ဆော့လိုက်ပြီ၊ ဟား ဟား"

မအုန်းရှင်က အရယ်သန်သန်နှင့် မျက်ရည်လည်းထွက်၊ သေးလည်းထွက်ပါသဖြင့် မီးခွက်အား သေချာကိုင်ပြီး ခြင်ထောင်မလျက် ထဘီစွန်တောင်ဆွဲပြီး ခပ်သုတ်သုတ် နောက်ဖေးဆောင်သို့ ပြေးလေတော့သည်။ ထဘီလဲရပေတော့မည်လေ။

"တောက် ကွာ. . . ခွေးမသားတွေ၊ လိမ်စားကြတယ်"

"သိန်းမောင်"

"ဗျာ၊ အဖေ"

"တိတ်တိတ်နေတော့၊ မင်းညံ့ရာကျမယ်၊ ဘယ်လောက်နဲ့ ဒါ ဝယ်လာရလဲ"

"ပြားငါးဆယ် အဖေ"

"အေး၊ နှစ်ခု ဝယ်လာတာဆိုတော့ တစ်ကျပ်အလိမ်ခံရတာပေါ့ကွာ"

"ဟုတ်တယ်"

"အဲဒီ ရထားပေါ်က ဈေးသည်ဆိုတာ လုပ်စားတဲ့လူတွေက များတယ်၊ အစစ်အမှန် လုပ်မစားကြဘူး၊ ကိုယ့်အားကိုယ်ကိုးပြီး မနက်ဖြန်မှာ အိပ်ရာခင်းတွေနေလှန်း၊ ခြင်ထောင်တွေလျှော်၊ ပျဉ်ကြားတွေ သန့်ရှင်းရေးလုပ်၊ ကြမ်းပိုးဘယ်နေတော့မှာလဲကွာ၊ အမှန်တော့ လူတွေ ညစ်ပတ်လို့ သန်းတို့ ကြမ်းပိုးတို့ ပေါတာ၊ တွယ်တာ၊ တစ်ကိုယ်ရေ သန့်ရှင်းအောင်နေကြ၊ ဒါ အဓိကပဲ"

❑

နှစ်ရက်ခန့်အကြာတွင် ရထားပေါ်က ကြမ်းပိုးဆေး အကြောင်း ကျောက်စရစ်ကုန်းရွာ တစ်ရွာလုံး ကြော်ငြာဖြန့်သကဲ့သို့ ပျံ့၍သွားလေတော့၏။

"ဗျို့ ကိုသိန်းမောင်"

"ဟေး ဘာလဲကွ"

"ဟသ်တ ဘယ်တော့ သွားဦးမှာလဲဗျ"

"မသွားသေးပါဘူး၊ ဘာလုပ်မလို့လဲ"

"အဟင်း. . . ဟိုကြမ်းပိုးဆေးလေး မှာချင်လို့"

"အာ . . . သောက်ကမြင်းမသား၊ နောက်စရာမရှိ လာပြီး"

"အဟုတ်ပါဗျာ"

"တောက် . . . ငါ အုတ်ခဲနဲ့ ပေါက်လိုက်မယ်"

"ဟား ဟား ဟား ပြေးပြီဗျာ"

"ခွေးမသားလေး ဒါပဲ လာလာနောက်နေတယ်"

"တော့် ကိုသိန်းမောင်"

"လာပြန်ပြီလား၊ အုတ်ခဲစာ မိချင်ပြီလား"

"အယ်. . . မ မဟုတ်ပါဘူး"

"မဟုတ်ရင် သွား သွား"

ထိုနေ့မှစ၍ ကိုသိန်းမောင် ရက်အတော်ကြာသည်အထိ နောက်ကြောင်ကြ စကြခြင်းကို ခံနေရသည်။

ဩော်. . . ရထားပေါ်က ကြမ်းပိုးဆေး ဒုက္ခပေးတာ။

ဒဂီး(ရွှေရင်အေး)

❑

www.burmeseclassic.com

www.burmeseclassic.com

ဒီခြေး နှင့် ဒီအာတွေး

ဟန်သိဂင်

'ခင်' တို့အိမ်မှာက အမေ့ညီမ အဒေါ်အပျိုကြီး၊ အသက် (၈၀) အရွယ်။ 'ခင်' က ငါးဆယ်ကျော် မုဆိုးမ။ 'ခင့်' သမီးက သားတစ်ယောက်အမေ၊ တစ်လင်ကွာ။ မြေးလူပျိုပေါက်စ ဆယ်တန်းကျောင်းသားတို့ အတူ နေထိုင်ကြပါသည်။ (ရွေးကောက်ပွဲအတွက် မဲစာရင်းကျန်ခဲ့သဖြင့် လျှောက်လွှာတင်ခြင်း မဟုတ်ပါ။)

ခက်တာက ခင့်အဒေါ်၊ သူကို 'ဘွားတော်' ဟုခေါ်သည်။

"ဟဲ့... နင်တို့မလည်း ဖုန်းကို လက်ကမချ၊ အိမ်သာဝင်လည်း ယူသွား၊ ဖုန်းနဲ့ပဲ အချိန်ကုန်နေကြတယ်"

"အဟင်း... ဟင်း... ဘွားတော်က ခေတ်မမီသေးပါဘူး"

"ဘာ..."

လူကောင်သေးသလောက် အသံကျယ်လွန်းသော ဘွားတော် ထပ်မအော်ခင် ရှောင်ထွက်လာလိုက်သည်။

သည်နေ့ ခေတ်ကာလစုတိုင်လ က မြန်မာပြည် ဘယ်အရပ်ဒေသသွားသွား၊ ကူးစက်ရောဂါနှယ် လူကြီး၊ လူငယ်မရွေး တောရော၊ မြို့ပါ မကျန် တယ်လီဖုန်း လိုင်းမိသောနေရာတိုင်း လူတိုင်း ဖုန်းပွတ်ကြသည်။ 'ခင်' ကိုယ်တိုင်လည်း စာမရေးနိုင်အောင် စွဲလမ်းရသည်။ ခင့်သမီးရော၊ မြေးရော အိမ်ရောက်တာနှင့် စားစရာရှိ ဖြန်မြန်စား၊ အိမ်အလုပ် လုပ်စရာမြန်မြန်လုပ်ပြီး facebook သုံးကြသည်။

တစ်အိမ်လုံးက ဘွားတော်ကြီးကို စကားပြောမည့်သူမရှိ။ တယ်လီဖုန်းခွက် မျက်နှာအပ်ကာ ကိုယ့် feeling နှင့်ကိုယ် ကမ္ဘာ့ရွာကြီးသို့ အလည်ထွက်ကြသည်။ ဖုန်းခွက်ကြည့်ပြီး ပျင်းရယ်လိုက်ကြနှင့်။

'ခင်' တို့ တယ်လီဖုန်းနှင့်အမြဲ မျိုး ဖြစ်ပျက်နေခြင်းအပေါ် ကြည့်မရသူက ဘွားတော်ပင်။ အဲ... ကိုရိုးယား ကားလာချိန်ဆိုလျှင် 'ခင်' တို့ကို ... စောင်းမထိုးတော့။

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ကိုရီးယားကား တစ်ကားပြီး တစ်ကား တီဗီလိုင်းပြောင်းကာ ချိတ်ပေးထားရသည်။ အောက်စက်နှင့် အခွေထိုးပြလျှင် လက်မခံပါ။ ဆင်ဆာမဲ့ မတော်တရော်အခန်းများ မြင်လို့ကတော့ မဆုံးနိုင်အောင် ပူညံပွက်တော့သည်။ ဘွားတော်က (၁၉) ရာစုသမား။ ခေတ်ကြီးက (၂၁) ရာစုဆီသို့ ချီတက်နေပြီ။ ရှင်းပြလည်း မရ။

"အဘွား၊ သူများအဘွားတွေလို ဟန်းဖုန်း မကိုင်ချင်ဘူးလား"

မြေးက တမင် ကလူကျီစယ်စကား ပြောလေသောအခါ . . .

"ဘာ. . . နင်တို့ဥစ္စာကြီးက လူလည်းမဟုတ်ဘဲနဲ့၊ ကွိစွိကွစ. . . အသံထွက်နေတာများ၊ ငါအသည်းယားပါဘိ"

အဲသလို အတွေးနဲ့မို့။ သူများခေတ်အဘွားကြီးများလို ဖေ့စ်ဘွတ်ခ်သုံးဖို့မပြောနှင့်၊ ရိုးရိုးဟန်းဖုန်းကိုင်ဖို့ပင် မလွယ်ကူပေ။

ဘွားတော်က နယ်မြို့မှာ အနေကြာပြီး ကျန်းမာရေးအတွက် ပြုစုစောင့်ရှောက်ရန် 'ခင်' တို့က ခေါ်ထားခြင်း ဖြစ်သည်။ လျှပ်စစ်မီးမရှိ၊ မော်တော်ကားဆို ဝေလာဝေး။ ခေါင်သောတောမြို့လေးမှာသာ အသက်ရသည်အထိ နေစားလာရတော့ ခေတ်မီတာ၊ တိုးတက်တာ၊ လည်း နားမလည်ရှာ။ 'ခင်' တို့ တိုက်ပန်းကျဉ်းလေးမှာ သူ့ခမျာ ကုပ်ကုပ်လေး နေစားရရှာသည်။

"ဘွားတော်. . . ရွာက ဆရာတော် ဖုန်းဆက်လာတယ်၊ ဒီမှာ ပြန်ပြောလိုက်ဦး"

တယ်လီဖုန်းကို သူနား အနားကပ်ပေးလိုက်တာနှင့် -

"ဟဲ့. . . ဟဲ့. . . နင်တို့ဟာကြီး ငါ. . . ငါ ကြောက်တယ်၊ အမယ်လေးတော့"

ဘွားတော်ခမျာ ကလိထိုးခံရသူ နှယ် ခန္ဓာကိုယ်တစ်ခုလုံး ဂနာမငြိမ်။ ဟိုဘက်က ဖုန်းပြောနေသည့် ဆရာတော်ကတော့ မည်သို့သဘောပေါက်မည်မသိ။

"ဘွားတော်ကတော့ စံပါပဲ၊ အံ့သြစရာကြီး"

"ဆရာတော်ဘုရား၊ ဘွားတော်က ဖုန်းနားမထောင်တတ်လို့ပါဘုရား၊ တောင်းပန်ပါတယ်၊ ဘွားတော် နေကောင်း၊ အဆင်ပြေပါတယ် ဘုရား"

ကြားထဲက ကြည့်ကောင်းအောင် 'ခင်' က ရွှဲဦးကျောင်းဆရာတော်ထံ လျှောက်ထားရတော့သည်။ ပြီးမှ -

"ဒီမှာ. . . ဘွားတော်၊ ရန်ကုန်မြို့နေပြီး ဟန်းဖုန်းလေးတော့ ကိုင်တတ်၊ ဆက်တတ်အောင်တော့ သင်ထားဦးလေ၊ 'ခင်' တို့ အပြင်သွားချိန်၊ အိမ်မှာ ဘွားတော်တစ်ယောက်တည်း အရေးကိစ္စကြုံရင် ဆက်သွယ် ပြောဆိုလို့ ရအောင် လုပ်ထားမှပေါ့"

"အမယ်လေး. . . ညည်းတို့ရဲ့ ဟန်းဖုန်းမကလို့ စလောင်းဖုန်းဖြစ်ပါစေ၊ ကျုပ် ကိုင်လည်းမကိုင်ဝံ့၊ နားလည်း မထောင်ရဲပေါင်အေ၊ အဲ့. . . ဒါကြီး နား-အနားကပ်တာနဲ့ ကျုပ်တစ်ကိုယ်လုံး ကလိထိုးခံရသလို ဒုက္ခခံစားရတာ ညည်း မြင်တယ်မို့လား၊ ကျုပ်ဘာသာ အေးအေးနေပါရစေအေ"

ဘွားတော်အား ဟန်းဖုန်းကိုင်တတ်ရန် စည်းရုံး၍မရတော့။ လက်လျှော့ထားလိုက်ရသည်။ 'ခင်' တို့သား အမိတွေကလည်း အားတာနှင့် face book ကိုယ်စီဖွင့်ကာ အချိန်ကုန်နေကြသည်။ အားလုံးက ကိုယ့် feeling နှင့် ကိုယ်။

▲

တစ်ညမှာတော့ . . .

'ခင်' ကလည်း ရန်ကုန်မြို့ထဲမှာ စာမူပို့စရာ၊ ထုတ်စရာများ လှုပ်ရှားခဲ့ပြီး ပြန်လာခဲ့သည်။ တစ်နေကုန် ပင်ပန်းထားတော့ အိပ်ရာစောစောဝင်အိပ်မိသည်။ 'ခင်' သမီးကလည်း သူ့အလုပ်ဆိုက်မှာ တအားပင်ပန်းလာသဖြင့် ခပ်စောစောအိပ်တော့သည်။

မအိပ်ဘဲ ကျန်သူက မြေးနှင့် ဘွားတော်။

မြေးကလည်း Repper ခရေစီ။ သီချင်းလည်း နားထောင်သလို၊ ကိုယ်တိုင်လည်း သီချင်းစပ်၊ သံစဉ်ထည့်ပြီး ဖုန်းထဲကိုထည့်၊ ပြီးလျှင် သူငယ်ချင်းတွေဆီ facebook လိုင်းပေါ် တင်ပြီး ပို့တတ်သည်။ အိပ်ရာဝင်ချိန်တန်၍သာ အိပ်ရာထဲ လူကဝင်မည်။ မြေးဖြစ်သူက အိပ်ရာထက်မှာ ဖုန်းပွတ်နေဆဲ။ ဒီလိုအမူအကျင့်က ရန်ကုန်သူ၊ ရန်ကုန်သားအတွက် မဆန်းပါ။

တိုက်ခန်းမှာ နေထိုင်ရတာမို့၊ ရာသီဥတုက ပူလောင်အိုက်စပ်။ သူများလို Aircon လည်း မတပ်နိုင်တော့၊ မြေးက ဝရန်တာ၊ လူဝင်ပေါက် သံပန်းတံခါးသော့ခတ်ပြီး အိမ်ရဲ့ ဧည့်ခန်းဝင်ပေါက်တံခါးမကြီးကို ဖွင့်ကာထားသည်။ လေဝင်စေရန်ဖြစ်သည်။

ဘွားတော်က ကြောက်တတ်သူ။ ဝရန်တာကနေ သူ့ဦးပါမက တစ္ဆေ၊ သရဲဝင်လာမှာ တွေးပူပန်တတ်သည်။

'ခင်' တို့ကလည်း အိပ်ကောင်းနေဆဲအချိန် . . .

"ဟဲ့. . . ခင်ခင်. . . ထ. . . မြန်မြန်ထစမ်း"

ရုတ်တရက် အလန့်တကြား ဘွားတော်က လှမ်းသဖြင့် လူးလဲထထိုင်ရင်း -

"ဘာ. . . ဘာဖြစ်တာလဲ. . . ဘွားတော်၊ နေမကောင်းလို့လား"

'ခင်' က စိတ်ပူပြီး ပြန်မေးသောအခါ . . .

"ငါ ဘာမှမဖြစ်ဘူး၊ နင့်ရဲ့မြေးအကောင်ပေါက်က ညကြီးမင်းကြီး ဘယ်က အကောင်ကို လှမ်းခေါ်နေသလဲ မသိဘူး၊ ခုထိ အိမ်တံခါးကြီး မပိတ်သေးဘဲနဲ့၊ သူ ဘယ်သူ့ကိုလှမ်းခေါ်နေလဲမသိဘူး၊ ဒီအိမ်မှာက မိန်းမသားချည်းပဲ နေကြတာလေ၊ ညဉ့်နက်သန်းခေါင်အချိန်ကြီးမှာ အိမ်ပေါ် တက်ခဲ့လို့ ခေါ်နေတာတော့ တရားလွန်လွန်း

www.burmeseclassic.com

www.burmeseclassic.com

ဓာယ်၊ ညည်းမြေးကို ညည်းကြည့်မြော ပါဦးအေ"

ဘွားတော်စကားအဆုံးမှာ နားစွင့်ကြည့်ရာ -

"ဟေ့ကောင်. . . တက်ခဲ့၊ မင်း တက်ခဲ့လေကွာ၊ ငါ မအိပ်သေးဘူး၊ တက်ခဲ့. . . ငါစောင့်နေတယ်"

ဘွားတော်ပြောတာ မှန်နေပါ ပြီ။ ညကြီးမိုးချုပ် မြေးက သူ့အပေါင်း အသင်းတစ်ယောက်ယောက်ကို ခေါ် နေတာ အမှန်ပင်။ 'ခင်' လည်း ဒေါကန် ပြီး အိပ်မောကျနေသည့် သမီးကို လှုပ် နှိုးပြီး. . .

"ဟဲ့ သမီး. . . ထစမ်း၊ သမီးရဲ့ သားက ဘယ်အကောင်မှန်းမသိ၊ အိမ် ကိုလာဖို့ခေါ်နေတယ်၊ ကိုယ့်သားကိုယ် ပြောထားဦး၊ အခုခေတ်ကာလက မှုခင်း တွေက ပေါပါဘိနဲ့"

ခင့်သမီးလည်း အိမ်မှုစုံမွှားနှင့် သူ့သား ဖုန်းပွတ်နေရာသို့ သွားတော့ သည်။

သူ့သားကလည်း နှုတ်ခမ်းနှင့် ဖုန်းစက်ကပ်ပြီး -

"ဟေ့ကောင် . . . တက်လာ၊ အေး. . . ရောက်ပြီလား"

မြေးရဲ့စကားအဆုံးမှာ ခင်နှင့် ဘွားတော်တို့ မျက်ဝန်းအကြည့်များက အိမ်တံခါးဝဆီသို့သာ အာရုံစူးစိုက်၊ နား စွင့်နေလိုက်ကြသည်။ သို့သော် ခြေသံ မကြားရသေး။ သမီးက သူ့သားအနီး သွားပြီး ဖုန်းသုံးတာကို ကြည့်လိုက် သည်။ ပြီး မျက်နှာအလိုမကျနှင့် အမေ ဖြစ်သူနှင့် ဘွားတော်ထံအကြည့်ပို့ကာ-

"အမေတို့ကလည်း ဘာမှမဟုတ် ပါဘူး၊ အင်တာနက်လိုင်းပေါ် တက်လာ ဖို့ သူ့ဘာသူပြောနေတာ၊ အင်း. . . ဒီမြေးနဲ့ ဒီအဘွားတွေနဲ့တော့ ခက်ပါ တယ်"

"ဟဲ့. . . သူဘာပြောတာလဲ"

ဘွားတော်က နားမလည်။

ခင့်မှာ ငိုအားထက် ရယ်အား သန်မိရင်း . . .

"အခုခေတ်က တယ်လီဖုန်းနိုမို့ ဆက်ရုံတင်မကဘူး၊ တစ်ယောက်နဲ့ တစ် ယောက် ဓာတ်ပုံတို့၊ ဗွီဒီယိုရိုက်ထား တာတို့၊ စာရိုက်ပြီး စကားပြောတာတို့ လုပ်လို့ရတယ်လေ၊ အဲဒါကို အင်တာ နက် လိုင်းချိတ်ထားလို့ သုံးလို့ရတာ၊ ဘွားတော်မြေးက အဲဒီလို စကားပြောဖို့ လိုင်းပေါ် တက်လာဖို့ သူ့သူငယ်ချင်းကို ခေါ်တာတဲ့၊ အိမ်ကိုခေါ်တာ မဟုတ် ပါဘူး"

"ဩော်. . . အေ၊ ညည်းတို့ဥစ္စာ ကိုက ဘာမှန်းကို မသိတော့ပါဘူးအေ"

'ခင်' ကတော့ တွေးတွေးပြီး ရယ်ရှမဆုံး။ အိုင်တီ ခေတ်မှာ ကြီးပြင်း သောမြေးနှင့် (၁၉) ရာစုခေတ် ဘွား တော်တို့အကြောင်း တွေးမိတိုင်း ပြုံးချင် နေမိတော့သည်။

ထန်ထီဇင်

မိသားစုတိုင်း အိမ်တိုင်းဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်။

သင့်ဘဝတစ်သက်တာအတွက် ဗေဒင်ဟောနည်း ၆၀ နှင့် အဖြေထုတ်ဟောထားသည့် စာအုပ်။
ဗေဒင်ပညာကို လေ့လာလိုသူများ၊ ဝါသနာပါသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်။

အတိတ် ပစ္စုပ္ပန် အနာဂတ် ကံကြမ္မာ

သင့်ဘဝ တစ်သက်တာ ဗေဒင်ဟောကိန်းများ

စာအုပ်ထွက်ပြီ

ညွန့်ခိုင်မာ (ကျောက်ဆည်)

ညွန့်လွင် (စက်မှုတက္ကသိုလ်)

ဖုန်း ၀၉-၃၃၂၇၁၃၈၈ သို့ မှာကြားနိုင်ပါသည်။ စာတိုက်မှ အရောက်ပို့ပေးပါမည်။
ဦးညွန့်လွင် အမှတ် ၂၈၊ ဆေးရုံလမ်း၊ ကျောက်ဆည်မြို့။

ယခင် စာအုပ် ၆၀၀၀၊ ယခု ၅၀၀၀ ကျပ်။ သုံးအုပ်နှင့် အထက်မှာလျှင် ၄၅၀၀ ကျပ်။

www.burmeseclassic.com

www.burmeseclassic.com

သုတစုံပြာ ကျက်စာ

ဦးတိုး
(တက္ကသိုလ)



ခုနစ်စဉ် ကြယ်ကို ၂၀၁၄ ခုနှစ် အတောက်ပဆုံး မြင်နေရခြင်း

Orion ဟုခေါ်သည့် ခုနစ်စဉ်ကြယ်သည် သမိုင်းနောက်ကြောင်း ရှိနေပေသည်။ ဂရိတို့၏ ဒဏ္ဍာရီအရ တောပြော စမှတ်ရှိခဲ့ရာတွင် အတ္တမစ္ဆ(Artemis)မှ မုဆိုးကြီးကို သတ်၍ ခုနစ်စဉ်ကြယ်တန်းအဖြစ် ဖန်တီးခဲ့သည်ဟုဆိုသည်။ အလယ်မှ ကြယ်သုံးပွင့်သည် အဖြောင့်တန်းဆုံးနှင့် အတောက်ပဆုံးဖြစ်၍ "The Hunter" မုဆိုးကြီးကို အလွယ်တကူ မြင်နိုင်ကောင်း မြင်နိုင်ပေလိမ့်မည်။ ခုနစ်စဉ်ကြယ်သည် အီကွေတာကြယ်များဆိုင်ရာတွင် ခွတည်လျက်ရှိနေပြီး ယခု နှစ်ကာလ၌ လေ့လာနိုင်ရန် ကောင်းစွာတည်ရှိနေပေသည်။ အခြားကြယ်တာရာများနှင့်ဓတူဘဲ တကယ့်ဒဏ္ဍာရီဆိုင်ရာ သင်္ကေတလို ဖြစ်နေသည်။ ကြယ်များသည် မုဆိုး၏ပုံသဏ္ဌာန် ကောက်ကြောင်းများစွာရှိနေပြီး အလွန်တောက်ပလျက်ရှိနေသောကြောင့် အလွယ်တကူ မြင်တွေ့နိုင်သည်။

ထို့အပြင် ၎င်း၏ နယ်နိမိတ် သတ်မှတ်ထားသည့် အတွင်း၌ အခြို့သော တကယ့် အဖိုးတန် ရတနာများကိုလည်း ရှာဖွေ မြင်တွေ့နိုင်ပေသည်။

Reference : Orion: The Hunter Becomes the Hunted (Discovery) (7.2)

www.burmeseclassic.com

www.burmeseclassic.com

နာဆာ အဝေးကြည့် မှန်ပြောင်းဖြင့် နေ၏ ပတ်ဝန်းကျင် ဆန်းကြယ်မှု လေ့လာ



နေ၏အပြင်ပိုင်းသို့ ရောက်ရှိသွားသည်အထိ မည်သည့် အကြောင်းကြောင့် အလွန်ပူပြင်းနေရပါသနည်း။

အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေး အဖွဲ့ နာဆာ (NASA) သည် မေးခွန်းအများအပြားအနက် ဤမေးခွန်းကို အဖြေရှာကြည့်ရန် နေ၏ မျက်နှာပြင်နှင့် အပြင်ဘက်ပိုင်း လွှမ်းခြုံထားသော ဓာတ်ငွေ့ထု (Outer atmosphere) အကြား လျှို့ဝှက်နက်နဲသော ဇုန်နယ်တစ်ခု၏ အတွင်းသို့ အဝေးကြည့်မှန်ပြောင်းသစ်တစ်ခုကို လွှတ်တင်ပြီး စူးစမ်းမည်ဖြစ်သည်။ အဆိုပါနေရာသို့ ရောက်ရှိသွားကြသော ရုပ်ဝတ္ထုများကို နေရောင်ခြည်ဖုံး ခရိုမိုစပီးယားနယ်ပယ် (Solar Chromosphere) ဟု ခေါ်တွင်ပြီး ၁၀၀၀၀ ဒီဂရီ ဖာရင်ဟိုက် (၅၅၀၀ ဒီဂရီဆယ်စီးယပ်စ်) မှ နေ၏မျက်နှာပြင် အပူရှိန်သည် အမြင့်ဆုံး ၃,၅ သန်း ဖာရင်ဟိုက် (၂ သန်း ဒီဂရီဆယ်စီးယပ်စ်) အထိ နောက်ထပ်ထုတ်လွှတ်ပေးနိုင်ကြောင်း နာဆာမှ သိရှိထားသည်။

IRIS အာကာသယာဉ်ကို ကြာသပတေးနေ့ ညနေပိုင်းက ကာလီဖိုးနီးယားနယ် ဗင်ဒင်ဘာဒ်လေတပ်အခြေစိုက်စခန်း (Vandenberg Air Force Base) မှ လွှတ်တင်လိုက် ရာ၄၄းယာဉ်တွင် ပါသွားသော အဝေးကြည့်မှန်ပြောင်းဖြင့် ချိန်ရွယ်ကြည့်ရှုကာ ခရိုမိုစပီးယားနယ်ပယ်၌ "မည်ကဲ့သို့ နေရောင်ခြည် ရုပ်ဝတ္ထုများ ရွေ့လျားနေကြောင်း၊ မည်ကဲ့သို့ စွမ်းအင်များကို စုဆောင်းနေကြောင်းနှင့် မည်ကဲ့သို့ ပူလာကြောင်း" နှင့် ထိုမှတစ်ဆင့် အပြင်ဘက်ရောင်ခြည်ဝန်း [Outer atmosphere (The Corona)] ရှိရာလမ်းကြောင်း သို့ ရောက်ရှိသွားကြောင်းကို စူးစမ်းလေ့လာကြမည်ဖြစ်သည်။

"IRIS သည် နေရောင်ခြည်ဖုံး ခရိုမိုစပီးယားနယ်ပယ်ကို ယခင်ကထက် ပိုမိုပြတ်သားစွာ အသေးစိတ် လေ့လာမည်ဖြစ်ကြောင်း" ၎င်းအာကာသယာဉ်ကို မလွှတ်တင်မီ စီမံချက်မှူ ဒုတိယသိပ္ပံပညာရှင် အက်ဒီရီယန်ဒေါ် (.rian Daw) သည် နာဆာတွင် ဆောင်းပါးတစ်ပုဒ်ရေး၍ တင်ပြပေးခဲ့သည်။ "ကျွန်တော်တို့ မမျှော်လင့်ထားသော တစ်စုံတစ်ရာကို မြင်ရ သေချာပါတယ်လို့ ဆိုချင်ပါတယ်" ဟု ၎င်းက ပြုံးလျက် ပြောကြားသည်။

အပြင်ဘက်ရောင်ခြည်ဝန် (The Corona) မှာ ဆူ သည့် အကြောင်းရင်းကြောင့် အလွန်ပူပြင်းနေ ကြောင် "နှစ်ပေါင်း ၅၀ ကျော် သိပ္ပံဆိုင်ရာတွင် လျှို့ဝှက်ဆန်းကြယ် ရှိနေကြောင်း" နာဆာ နေစကြဝဠာစူးစမ်းရေးအဖွဲ့ (Solar System Exploration Unit) မှ သိချင်နေပေသည်။ ယ အာကာသစူးစမ်းရေးမစ်ရှင်များမှ သတင်းအချက်အလက် စုဆောင်းပြီး အထောက်အထားတစ်ရပ်ကို ရရှိခဲ့သည်။ ဂ မှာ သံလိုက်စက်ကွင်းတစ်ခုသည် နေ၏မျက်နှာပြင်ကို ဖုံး ထားဟန်တူကြောင်း နေစကြဝဠာ စူးစမ်းရေးအဖွဲ့မှ အကြ ပေးထားသည်။

နေ၏ ခရမ်းလွန်ရောင်ခြည်များကြောင့် မြေကမ္ဘ ရာသီဥတုကို ဖြစ်ပေါ် ပြောင်းလဲစေသဖြင့် သိပ္ပံပညာရှင် သည် ခရိုမိုစပီးယားနယ်ပယ်ကိုလည်း စိတ်ဝင်စားနေကြ ဖြစ်သည်။ Interface Region Imaging Spectrograph အ IRIS အာကာသယာဉ်သည် Data အချက်အလက်မျ စုဆောင်းပေးကာ နောက်ထပ်မစ်ရှင်နှစ်ခု လုပ်ဆောင်နို ဖြည့်စွက်ပေးမည်ဖြစ်သည်။ ထို့နောက် ၎င်းတို့သည် မျက်နှာပြင်နှင့် ရောင်ခြည်ဝန်း [Outer atmosphere (Coron)] တို့ကို စောင့်ကြည့်အကဲခတ် စစ်ဆေးကြမည် သည်။

Reference: NASA telescope to study mysterious of the sun.

www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်း တူလိုမုန့်လက်ကောက် အိမ်ဝိုင်းများ

နိုင်ငံတကာ ကျော်ကြားမှုရှိနေသည့် တရုတ်ပြည် ရွှန်ဟဲနှင့် ဂွမ်ဇော်၏ မြောက်ဘက်နှင့် အနောက်ဘက်ပိုင်း ဒူဂျီယဲပြည်နယ်သည် အနီးဝန်းကျင် ကျေးလက်ဒေသများကဲ့သို့ မဟုတ်ဘဲ လူများအရောက်အပေါက် နည်းပါးကြသည်။

သို့သော်လည်း ဤပင်လယ်ကမ်းရိုးတန်းပြည်နယ်တွင် စီတင်စားဖွယ်ရာ တရုတ်လူမျိုးတို့၏ ဓလေ့ထုံးတမ်းအမွေ အနှစ်များကို ဝ စေ့တစောင်း လေ့လာစရာ ရှိနေကြသည်။ ၎င်းမြို့သည် လျင်မြန်စွာ ရှားရှားပါးပါး တိုးတက်ဖွံ့ဖြိုးလျက် ရှိနေပေသည်။

ဖူဂျီယဲပြည်နယ်မှ တူလိုမြို့တွင် ရှေးဟောင်း အဆောက်အအုံများသည် ကြီးမားကြသည်။ ဝိုင်းနေသော နှုတ်ခမ်းပုံများဖြင့် လျှို့ဝှက်ဆန်းကြယ်သော သမိုင်းစဉ်ရှိနေခြင်းကြောင့် ပိုမို၍ ဆွဲဆောင်မှုရှိနေပေသည်။ ဇီယာမင်မြို့ကြီးတွင် ဤသို့ မုန့်လက်ကောက်ပုံ တူလို (TULOU) အဆောက်အအုံများ ရှိနေကြသည်။

တစ်နေ့တာခရီးဖြင့် ဘတ်စ်ကားစီး ဇည့်သည်များသည် ဖူဂျီယဲနယ်ယောင်နှင့် နန်ဂျင်းမြို့များသို့သွားပြီး တူလိုမုန့်လက်ကောက်အဆောက်အဦများကို ကြည့်ရှုနိုင်ကြပေသည်။ ဇီယာမင်းမှနေ၍ ယောင်ဒင်းသို့ ဘတ်စ်ကားကို သုံးနာရီစီးသွားလျှင် စိမ်းလန်းနေသည့် ဌက်ပျောစိုက်ကွင်းများကို ဖြတ်သန်းရင်း၊ လိုဏ်ခေါင်းများ အတွင်းဝင်ရင်း၊ တောင်များကို ပတ်သွားရင်းနှင့် တူလို မုန့်လက်ကောက် အဆောက် အအုံများဆီသို့ ရောက်ရှိသွားပေလိမ့်မည်။

စိတ်ချမ်းမြေ့ဖွယ်ရာ ခရီးတစ်ခေါက်

တရုတ်ပြည်၏ တူလို မုန့်လက်ကောက်အိမ်များကို ဟားခါးတိုင်းရင်းသားများမှ တည်ဆောက်ထားခဲ့ကြသည်။ ဤတိုင်းရင်းသားများသည် ဟန်မျိုးနွယ်စု၏ မျိုးနွယ်ခွဲအုပ်စု တစ်စုဖြစ်ပြီး ၎င်းတို့သည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ လောက်ကတည်းကနေ တရုတ်ပြည် တောင်ပိုင်းအတွင်း ရောက်ပြည်ရာမြက်နုရာသို့ လှည့်လည်သွားလာနေကြသူများ ဖြစ်ကြပေသည်။

ထိုခေတ်က ဓားပြများသည် ကျေးလက်ဒေသများသို့ လှည့်ပတ်သွားလာပြီး ဓားပြတိုက်နေကြသဖြင့် အကာအကွယ် အတားအဆီး အဆောက်အအုံများ လိုအပ်လာသည့် အားလျော်စွာ ဤအိမ်များကို ဆောက်လုပ်ခဲ့ကြဟန် တူပေသည်။

လုယက်တိုက်ခိုက်တတ်သည့် ဟန်လူမျိုး ဓားပြလူဆိုး တို့၏ရန်မှ ကာကွယ်ပေးရန် လူအဖွဲ့အစည်းသုံး ဤအဆောက် အအုံများကို ၁၂-ရာစုနှင့် ၂၀-ရာစုနှစ်များအကြားတွင် တည် ဆောက်ခဲ့ကြရာ မိသားစု အများအပြားနေထိုင်နိုင်ပြီး တစ်ရံတစ်ရံတွင် အုပ်စုအများအပြားပင်လျှင် နေထိုင်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုခေတ် တရုတ်ပြည် တောင်ပိုင်း တစ်နံတစ်လျားတွင် ထောင်ချီလျက် တူလိုမုန့်လက်ကောက်အိမ်များ ရှိနေကြသော်လည်း ကုလသမဂ္ဂပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းမှ ကုလသမဂ္ဂ ကမ္ဘာ့အမွေခံ နေရာများ "UNESCO World Heritage Sites" အဖြစ် ၄၆-အိမ်ကိုသာ သတ်မှတ်ပေးထားပြီး ၎င်းတို့ကို "Fujian Tulou" ဟု ခေါ်တွင်ထားသည်။

ဤဆန်းပြားသော အဆောက်အအုံများသည် ခပ်နိမ့်နိမ့် တစ်ထပ်တည်း သာရှိပြီး မိသားစုတစ်စု နေထိုင်နိုင်သောအိမ် ဖြစ်သည်။

ပိုမိုကျော်ကြားမှုရှိသည့် တူလိုများမှာ မားမားမတ်မတ် ရှိနေသည့် ရဲတိုက်များဖြစ်ကြပြီး နံရံများသည် ၁.၈ မီတာ ထူသည့် သေနတ်ပစ်ရန် အပေါက်များဖောက်ထားသည်။ ဗဟိုတံခါးမကြီးကို သဲကွဲပ်ထားပေသည်။

ရှုမျှော်ခင်းတွေ လွှမ်းမိုးထားသော တူလိုရဲတိုက်သည် ငါးလွှာမြင့်ပြီး အချင်း ၇၀ မီတာ (၂၃၀ ပေ) နှင့် တစ်လွှာချင်းစီတွင် အခန်း ၆၀ ခန့်ရှိနေပေသည်။

တူလိုသို့ အလည်

တူလိုအတွင်းပိုင်းများကို အဓိကအားဖြင့် သစ်သားများဖြင့် ဆောက်လုပ်ထားသည်။ အကြီးဆုံး အဆောက်အအုံများသည် သုံးလေးထပ်ခန့်မြင့်ပြီး ကြမ်းပြင်များကို လေ့ကားများဖြင့် ဆက်စပ်ထားကြသည်။

အဆောက်အအုံ၏ နံရံများကို ရွှံ့ကိုထောင်းထုဖိသိပ်ထားပြီး အမှိုက်သရိုက်မှုး၊ ဝါးများနှင့် ဆန်ကော်များသုံး၍ ကပ်ထားသည်။ ဤကဲ့သို့ တည်ဆောက်ထားသဖြင့် အိမ်၏ အတွင်းပိုင်းသည် နွေရာသီတွင်အေး၍ ဆောင်းရာသီတွင် နွေးနွေးထွေးထွေး ရှိပေသည်။

အိမ်၏ထိပ်ပိုင်းကို မီးခိုးရောင်အုတ်ကြွေပြားများဖြင့် မိုးထားပြီး ပိုမိုကြီးမားသော တူလိုအိမ်များတွင် အစားအစာနှင့် မီးဖိုချောင်များ ပါရှိသည်။

အိမ်ထဲသို့ဝင်ရန် တံခါးတစ်ပေါက်သာရှိသည်။ ပြတင်းပေါက်များသည် ကျဉ်းမြောင်းသည်။ တူလိုအိမ်ကို တည်ဆောက်ထားခြင်းသည် သူခိုးဓားပြများ၏ရန်မှ ကာကွယ်ရန် ခံတပ်သဖွယ် တည်ဆောက်ခဲ့သည့် မူလရည်ရွယ်ရင်း ရှိနေပေသည်။

တူလိုရွာတွင်း လှည့်သွားလာရန် အခွိုင်လောက်ဌ မည်မဟုတ်ပေ။

လယ်သမားများသည် အိမ်တွင်းအလုပ်၊ ခြံအလုပ်၊ လယ်ယာစိုက်ရင်း တစ်နေ့ပတ်လုံး နို့စို့ဝူဝအလုပ်ဖြင့် အချိန်ကုန်လွန်လေ့ရှိသည်။ လက်ဖက်ခြောက်နှင့် သစ်သီး၊ အသီးအနှံများကို အခြောက်ခံသည့်ဘေးမှာပင် ထိုင်၍ စျေးရောင်းကြသည်။ မွန်းလွဲပိုင်း နေပူရှိန်ကို ရှောင်လွှဲရန် ခွေးများသည် အရိပ်တွင် ခွေ၍ မှိန်းနေလေ့ရှိသည်။

တချို့ တူလိုအိမ်များအတွင်းတွင် ဌာနေများသည် စျေးခင်းအဖြစ်ထားရှိပြီး သူတို့၏ လက်မှုပစ္စည်းများ၊ ပန်းချီကားများ၊ ရှုခင်းဓာတ်ပုံများကို ရောင်းချနေလေ့ရှိကြသည်။

ဂိုးသဲစွာများသော အများပေလော

မကြာသေးမီ ကာလများက တူလိုအိမ်များသည် သမိုင်းထင်ရှားမှုထက် နာမည်ပျက်၊ နာမည်ဆိုးတချို့ ရှိခဲ့ဖူးသည်။ အမေရိကန်ဂြိုဟ်တုမှနေ၍ တူလိုအိမ်များကို Donut-ဒိုးနပ်ဖအိုင်းပုံ ထိပ်များရှိနေကြ၍ ဥးကျည်ပစ်ခတ်ရာ လေလုံကျိုအဖြစ် အထင်မှားခဲ့ဖူးကြောင်း ၁၉၈၀ ပြည့်နှစ်ဝန်းကျင် လောက်က တရုတ်မီဒီယာများမှ သတင်းရေးသားခဲ့ကြသည်။

ဒီယ်မင်အခြေစိုက် Apple Travel သည် တူလိုခရီးစဉ်များကို ဝန်ဆောင်မှုပေးနေပေရာ တစ်ရက်ခရီး၊ နှစ်ရက်ခရီးများရှိပြီး စျေးနှုန်းသည် RMB - ၄၂၅ (ခေါ်လာ ၆၈) မှ စတင်သတ်မှတ်ထားပါသည်။

Reference :

China's ancient 'donut-like' homes : Where to see the tolou.

www.burmeseclassic.com

www.burmeseclassic.com

ဇွန်လ ၂၃ ရက် တနင်္ဂနွေနေ့ စူပါလပြည့်ဝန်းကြီးကို တွေ့မြင်ကြရ

ကမ္ဘာမြေကြီး၏ အနီးဂြိုဟ်ပတ်လမ်းကြောင်း တစ်နေရာမှ လသည် လှည့်ပတ်သွားပုံရပေသည်။ လသည် ကမ္ဘာနှင့် အတော်နီးနီးကပ်ကပ်လှည့်ပတ်သွားသည်။ ၎င်း၏ ကောင်းကင်တွင် ရွေ့လျားမှုသည် အနည်းငယ်ကွဲပြားမှုများ ရှိနေပေသည်။ ဆိုလိုသည်မှာ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း အဆိုပါလက ကမ္ဘာကို ပတ်သွားနေရာ၌ အနီးနှင့်အဝေး ကွဲပြားမှုရှိနေခြင်းကို ပြောကြားခြင်းဖြစ်သည်။ အရာဝတ္ထုနှစ်ခုအကြား ပျမ်းမျှအကွာအဝေးသည် ၆-၇ ရာခိုင်နှုန်းခန့် သွေဖည်ခြင်း ရှိနေသဖြင့် အတော်လေးများပြားသည်ဟု ဆိုနိုင်ပေသည်။

လကမ္ဘာပေါ် ထွက်လာသည်နှင့် မြေကမ္ဘာနှင့် လကမ္ဘာ အကွာအဝေးသည် ၃၀၀၀၀ မိုင်ခန့် ကွဲပြားခြားနားနေပေသည်။ ကမ္ဘာမြေကြီးပေါ်မှ လကမ္ဘာကို လှမ်းကြည့်လိုက်လျှင် အနီးဆုံးဂြိုဟ်ပတ်လမ်းကြောင်း (PERIGEE) ၌ ရှိနေလျှင် ကောင်းကင်အတွင်း၌ လသည် ပိုမိုကြီးနေသည်ဟု မြင်တွေ့ရမည်ဖြစ်သည်။ လကမ္ဘာသည် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ကမ္ဘာနှင့် အဝေးဆုံးနေရာ (apogee) မှ ပတ်နေလျှင် အနည်းငယ်သေးနေသောလကို မြင်တွေ့ရပေလိမ့်မည်။

သတိပြုရန်အချက်မှာ Perigee နှင့် apogee စကားလုံးများကြောင့် လသည် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း တစ်ကြိမ်လှည့်ပတ်လျှင် ကွဲပြားမှုရှိနေသဖြင့် အနည်းငယ်ရှုပ်ထွေးနေမည်မှာ အမှန်ပင်ဖြစ်နေပေလိမ့်မည်။ ဆိုလိုသည်မှာ လကမ္ဘာက မြေကမ္ဘာကို ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ထုံးစံအတိုင်း လှည့်ပတ်နေစဉ် တစ်ကြိမ်မှီနှင့်ဖာစ်ကြိမ်၊ တစ်လနှင့် တစ်လ၊ တစ်နှစ်နှင့်တစ်နှစ် မတူညီဘဲ ကွဲပြားနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထို့ကြောင့် သီးသန့်အချိန်ကာလ အလိုက် လကမ္ဘာသည် ကမ္ဘာမြေနှင့် အဝေးဆုံး၊ အနီးဆုံး နေရာများမှ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း လှည့်ပတ်သွားလာနေပေလိမ့်မည်။

ဇွန်လ ၂၃ ရက် တနင်္ဂနွေနေ့က လသည် Perigee အနီးဆုံးဂြိုဟ်ပတ်လမ်းကြောင်းမှ ကမ္ဘာမြေကိုပင်၍ သွားခဲ့သဖြင့် လ၏ပြောင်းလဲတိုးတက်ဖြစ်ပေါ်မှုအဆင့်သို့ ရောက်ရှိသွားသဖြင့် အနီးစပ်ဆုံး လပြည့်ဝန်းကြီးတစ်ခုအဖြစ် တွေ့မြင်ကြရသဖြင့် ညဘက်မိုးကောင်းကင်ထဲတွင် အနည်းငယ် ပိုမိုကြီးထွားနေဟန် ဖြစ်နေပေသည်။ နံနက် ၇း၃၂ နာရီ (EDT) ၌ လကမ္ဘာသည် မြေကမ္ဘာနှင့် အနီးဆုံးသို့ ဆိုက်ရောက်ခဲ့၍ ၂၀၁၃ ခုနှစ် တစ်နှစ်လုံးတွင် ၎င်တစ်ကြိမ်တွင်သာ လကို အကြီးဆုံးမြင်တွေ့ရခြင်း ဖြစ်သည်။ ယင်းသို့ ချဉ်းကပ်မှုမှာ Perigee သည် လပြည့်နေသည်နှင့် နီးကပ်စွာ တစ်ချိန်တည်း ဖြစ်ပျက်တိုက်ဆိုင်သွားခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဖြစ်ပေါ်လာသည့်လကို စူပါလများ Supermoons ဟု ခေါ်ဝေါ်ခဲ့ကြသည်။ သို့သော် ပေါ်လွင်သော အရွယ်အစားကွဲပြားနေမှုကို မြင်တွေ့ရရန် အလွန်ခဲယဉ်းပေလိမ့်မည်။ ဂရုတစိုက် တိုင်းတာမှုများဖြင့်သာ ကွဲပြားနေမှု ပေါ်ပေါက်လာနိုင်သည်။

၎င်တစ်သီးတစ်ခြား စူပါလကြီးသည် တကယ်တွဲ့ အလွန်တရာ မကြီးမားသေးပါ။ လာမည့်နှစ်များအတွင်းတွင် ပိုမိုကြီးမားသော စူပါလများကို တစ်ကြိမ်ခန့် တွေ့မြင်နိုင်သေးသည်။ အကောင်းဆုံးလကို ၂၀၅၂ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့အထိ ရာစုတစ်ခုခွဲ မမြင်နိုင်သေးဟု ဆို။ နောက်ပြီး လကမ္ဘာသည် ၂၂၅၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တိုင်အောင် ကမ္ဘာနှင့် အနီးဆုံး ၃၅၆၃၀၀ ကီလိုမီတာအတွင်း ဖြတ်သန်းမည်မဟုတ်ပေ။ ထိုနေ့ရက်တွင် လကမ္ဘာသည် ၃၅၆၃၇၁ ကီလိုမီတာအတွင်းမှ ရွေ့လျားမည်ဖြစ်ကြောင်း တကယ်ပင် ရှားရှားပါးပါး ချဉ်းကပ်လာမှုဖြစ်၍ Supermoon ကို တွေ့ခွင့်ရမည့် အခွင့်အရေးပင် ဖြစ်ပေသည်။

Reference : Supermoon Coming June 23rd

www.burmeseclassic.com

www.burmeseclassic.com

NGC 1365 တွင်းနက်ကြီး၏ Space time အတိုင်းအတာကို အဖြေထုတ်ပြီး

နက္ခတ္တဗေဒပညာရှင်များသည် ပန်ကာကဲ့သို့ လည်ပတ်လျက်ရှိနေသည့် တွင်းနက်ကြီးတစ်ခု (Blackhole) ကို တိုင်းတာကြည့်လိုသည့်ဆန္ဒ ဖြစ်ပေါ်ခဲ့သည့်အတိုင်း ၎င်း၏ အလျား၊ အကျယ်၊ နက်ရှိုင်းမှု (အနက်)နှင့် အချိန် စသည့် လေးမျိုးတိုင်းတာချက် (Space-time) ဖြင့် အဖြေထုတ်ယူလိုက်ကြပြီးဖြစ်သည်။ ဤတွင်းနက်ကြီးထဲသို့ ရောက်ရှိသွားသမျှ ပြန်ထွက်မလာနိုင်သည့်အပြင် အလင်းရောင်ကိုတောင် အလွတ်မပေးချေ။ သိပ္ပံပညာရှင်များသည် Iron Ions ခေါ် လျှပ်စစ်ဝင်နေသည့် နိုင်ယွန်မြူးမှန်မှ X-Ray ရောင်ခြည်ထုတ်လွှတ်ကာ လုပ်ငန်းသရုပ်စစ်ကြည့်ပြီး တွင်းနက်ကြီးရှိ accretion disks အဝန်းအဝိုင်းကို ဖမ်းယူတိုင်းတာခြင်းဖြစ်သည်။

ဤသို့အားဖြင့် တွင်းနက်ကြီး၏အတွင်းပိုင်းကို မည်မျှမြန်မြန်ဆန်ဆန် လည်ပတ်နေသည်ကို တိုက်ရိုက်သတင်းရယူခဲ့ခြင်းဖြစ်သည်။ NGC 1365 ၏ နျူကလီးယပ်စ်ဗဟိုတွင် ဧရာမတွင်းနက်ကြီး တည်ရှိနေပေသည်။ ၎င်း၏အနီးအနားမှ ကြယ်စုတို့သည် အလင်းနှစ် ၅၆ သန်း အဝေးတွင် တည်ရှိနေကြသည်။ X-Ray Firework Accretion disks တွင်ရှိနေသည့် မည်သည့်အရာဝတ္ထု တစ်စုံတစ်ရာမှ တွင်းနက်၏ ဆွဲငင်အားဗဟိုတွင် နီးနီးကပ်ကပ် ရှိမနေကြပေ။

ဓာတ်ငွေ့၊ ဖုန်မှုန့်၊ ကြယ်များပင်လျှင် အတွင်းဘက်ရှိ active galatic nucleus (AGN) ၏ စွမ်းအားကြောင့် ပျောက်ကွယ်သွားကြလေ့ရှိသည်။ တချို့ဆိုသော ရုပ်ဝတ္ထုပစ္စည်းများသည် တွင်းနက်ကို ဖြည့်ဆည်းပေးနေကြသော အဝိုပစ္စည်းများကို တွင်းနက်အတိုင်းများမှ လွှင့်ထုတ်လိုက်၍ အလင်း၏ ပြေးနှုန်းနီးပါး လွှင့်စင်သွားသောအခါ အလွန်ပြင်းထန်သော စက်ဝိုင်းတွင်း မီးရှူးမီးပန်းများ ခင်းကျင်းပြသနေကြသကဲ့သို့ ဖြစ်ပေါ်လာခဲ့သည်။

AGNs နျူကလီးယပ်စ်များသည် X-Ray ရောင်ခြည် တွင်တဖိတ်ဖိတ်တောက်လျက်ရှိနေရာ ဧရာမတွင်းနက်ကြီး အတွင်း ပုန်းခိုလျက် ဖြည့်ဆည်းပေးနေကြောင်း ညွှန်ဆိုပြနေပေသည်။

၂၀၁၂ ခုနှစ် ဇွန်လအတွင်းက နာဆာမှ Nuclear Speetroscopic Telescope Array ခေါ် Nu STAR အဝေးကြည့်မှန်ပြောင်းသစ်တစ်ခုကို ကမ္ဘာမြေ၏ ပြိုဟ်ပတ်လမ်းကြောင်းအတွင်း လွှတ်တင်ထားခဲ့သဖြင့် ၎င်းမှ ရရှိသည့် အချက်အလက်များကို နက္ခတ္တဗေဒပညာရှင်များက ရယူအသုံးပြုနေသည်။ European observatory X MM - Neuton ခေါ် ဥရောပလေ့လာရေးအဖွဲ့ကလည်း ဤX- Ray radiation များကို NGC 1365 ၏ တွင်းနက် လည်ပတ်နေမှုမှ နေ၍ တိုက်ရိုက်တိုင်းတာကြည့်နေသည်။ accretion disks အဝန်းအဝိုင်းသည် ပူလွန်းမနေဘဲ အလင်းရောင်ပြန်ဟပ်နေ၍ X-ray များကို ထုတ်လွှတ်နေခြင်းသာ ဖြစ်သည်။

ဤအကြောင်းများကို ကာလီဖိုးနီးယားနယ်၊ ပါစာဒင်မြို့ ကာလီဖိုးနီးယား နည်းပညာအဖွဲ့အစည်း၏ ရူပဗေဒ နက္ခတ္တဗေဒ ပါမောက္ခနှင့် Nu STAR မစ်ရှင်၏ စူးစမ်းရေးကျောင်းအုပ်လည်းဖြစ်သူ ဖိုင်နာဟာရစ်ဆန် (Fiona Harrison) မှ Discovery News သို့ ရှင်းပြသည်။ သူတို့သည် NGC 1365 တွင်းနက်ကြီးကို ရွေးချယ်၍ စူးစမ်းလေ့လာခဲ့ခြင်းမှာ ၎င်း၏ X-Ray တို့က တောက်ပနေသောကြောင့်ဖြစ်ကြောင်း မက်ဆာချူးဆက်နယ် ကင်းဘရစ်ချ်မှ Harvard-Smith Sonian Center for Astrophysics နှင့် Italian National Institute for Astrophisics ၏ နက္ခတ္တဗေဒပညာရှင် ဂိုက်ဒို ရီစဲလီတီ (Guido Risafiti) မှ ပြောကြားသည်။

ဤအကြောင်းများကို ၎င်းက ဦးဆောင်ရေးသား၍ သူ၏ သုတေသနပြုမှုများသည် ဖေဖော်ဝါရီလ ၂ ရက်နေ့ ထုတ် Nature ဂျာနယ်တွင် ဖော်ပြပါရှိကြောင်း သိရှိရသည်။

Reference : Spinning Black Hole Observed for the First Time (Discovery) (28.2) (ws)

www.burmeseclassic.com

www.burmeseclassic.com



ရေလိပ်အပြေးပြိုင်ပွဲတော် လူသားများအကျိုး ရှေးရှု၍ အဆုံးသတ်သင့်ပြီ

မြောက်အမေရိကတိုက်၏ မြစ်ချောင်းအင်းအိုင်များတွင် ကျက်စားလေ့ရှိသော ရေနွှံလိပ်များကို ချစ်မြတ်နိုးသူများ နေထိုင်သည့် မေရီလင်းပြည်နယ်၌ ရေလိပ်များ၏ ပွဲတော်အခမ်းအနားများကို နှစ်စဉ်ကျင်းပလေ့ရှိရာတွင် ဤ Turtle Derbies ပွဲကော်များသည် အမေရိကန်နိုင်ငံ တည်ထောင်ခဲ့သည့် ကာလလောက်နီးပါး ကြာမြင့်နေပြီဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ခွဲစိတ်မြတ်နိုးသူများနှင့် တောရိုင်းတိရစ္ဆာန် ဇီဝဗေဒပညာရှင်များက ဤဓလေ့ထုံးတမ်းပွဲတော်ကို တိရစ္ဆာန်များအတွက်လည်းကောင်း၊ လူသားများ၏အကျိုးအတွက်လည်းကောင်း အဆုံးသတ်ခိုန် ကျရောက်နေပြီဟု ပြောကြားနေကြသည်။

Bel Air Kiwanis Club အသင်းသည် ဇူလိုင်လ ၄-ရက် အမေရိကန်နိုင်ငံ၏ လွတ်လပ်ရေးနေ့ ရောက်လျှင် အကြီးကျယ်ဆုံး ပွဲတော်အဖြစ် ၎ ပြင်းပြည်နယ်တွင် ကျင်းပပေးလေ့ရှိရာ တောရိုင်းတိရစ္ဆာန် ရေလိပ်ကြိုးများနှင့် ကလေးငယ်များသို့ ရောဂါကူးစက်မည့် အန္တရာယ် ရှိနေကြောင်း ဒေသဆိုင်ရာ ပြည်နယ်နှင့် အမျိုးသားသဘာဝပတ်ဝန်းကျင်မြတ်နိုးသည့် အုပ်စုများမှ သတိပေးလိုက်သည်။

ယေသတွင်းမှာ ရေလိပ်ကြိုးများ၏ ကောင်ရေကျဆင်းစေမည့် ဘေးအန္တရာယ်များအပြင် ကိုင်တွယ်သောကလေးများအား ကျန်းမာရေးဆိုင်ရာ အရဲစွန့်စေမှု ဖြစ်ပွားစေမည့် စိန်ခေါ်မှုများရှိနေကြောင်း အရှိုးနှင်းနယ် အခြေစိုက်ဇီဝဗေဒဆိုင်ရာ မျိုးစုံမျိုးကွဲ ကြွယ်ဝမှုစင်တာ (Biological Diversity Center) မှ Bel Air Kiwanis Club ကလပ်အသင်းသို့ စာတစ်စောင်ပေးပို့၍ အဆိုပါအခမ်းအနားမှ ပြိုင်ပွဲများ ကျင်းပခြင်းမပြုရန် တောင်းဆိုလိုက်သည်။

အဆိုပါအုပ်စု၏ စိုးရိမ်မှုဖြင့် တောင်းဆိုချက်သည် ဒေသခံ တွားသွားသတ္တဝါများ ပြုစုစောင့်ရှောက်နေသည့် ပညာရှင်တို့၏ အဖွဲ့ဖြစ်သည့် Susquehannock wildlife Society နှင့် မေရီလင်းသဘာဝ သယံဇာတဌာန (Maryland Department of Nature Resources) တို့သို့လည်း စာစောပိုင်းက အဆိုပါပြဿနာ ရှိကိုတ်သွားခဲ့သည်။

နောင် အနာဂတ်ကာလမှာ ရေလိပ်ကြိုးများအား မျိုးသုဉ်းမသွားစေလိုလျှင် ဤသို့ ဆက်လက်၍ ပွဲတော်ကို ကျင်းပခြင်း မပြုသင့်တော့ကြောင်း Towson University တိုးဆန်းတက္ကသိုလ်မှ ရေတစ်ပိုင်း၊ ကုန်းတစ်ပိုင်းနှင့် တွားသွားသတ္တဝါများကို လေ့လာမှုပြုနေသူ ဇီဝဗေဒဆိုင်ရာ ပါမောက္ခ ရစ်ချပ်ဆီးဂဲလ် (Richard Seigel) မှ ပြောကြားသည်။

အမေရိကန်နိုင်ငံမှ ၂၅ ပြည်နယ်တွင် မကြာသေးမီက ဖားများမှတစ်ဆင့် ကပ်ငြိလာသော Ranaviruses ရာနာဗိုင်းရပ်စ်ပိုး ကူးစက်သဖြင့် ရေလိပ်များ၊ ဖားများနှင့် ရေပုတ်သင်များ သေဆုံးခဲ့ကြကြောင်း အမျိုးသားတောရိုင်း တိရစ္ဆာန် ကျန်းမာရေးစင်တာ (National Wildlife Health

www.burmeseclassic.com

www.burmeseclassic.com

Center) မှ ပြောကြားခဲ့သဖြင့် တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေး (Animal Welfare) မှ ဝိုင်ရိုမဲ့မကင်းဖြစ်နေကြောင်းသိရသည်။

အမျိုးသားတောရိုင်းတိရစ္ဆာန် ကျန်းမာရေးစင်တာ၏ ပြောကြားချက်အရ Turtle Derbies ပြိုင်ပွဲများ၌ မေရီလင်းနယ်မှ အရှေ့တိုင်းလေးထောင့်ကွက် ရေလိပ်များ ဝင်ရောက်ယှဉ်ပြိုင်ကြလေ့ရှိရာ လူကြိုက်များကြောင်းနှင့် ၎င်းတို့အား လုံးသည် ဖားမှတစ်ဆင့်လာသော ဗိုင်းရပ်စ်ပိုး (Ranavirus) ကူးစက်ခဲ့ကြောင်း အတည်ပြုချက် ရရှိခဲ့သည်။

မေရီလင်းနယ် စီရင်စုငါးခုခွဲ လေးထောင့်ကွက် ရေလိပ်များသို့ ရာနာဗိုင်းရပ်စ်ပိုးကူးစက်ခဲ့ရာတွင် Havre de Grace အနီး Harford Country ဟာဖို့စီရင်စုမှ တစ်ကောင် ဗိုင်းရပ်စ်ပိုးကူးစက်ခဲ့ကြောင်း အတည်ပြုချက်ရရှိခဲ့ကြောင်း ပြည်နယ် တောရိုင်းတိရစ္ဆာန် ဂေဟဗေဒပညာရှင် စကော့ အေစမစ် (Scott A Smith) မှ ပြောကြားသည်။

မည်သည့်အတွက် ရာနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားခဲ့သည်ကို မသိရှိရသေးကြောင်းနှင့် နှစ်စဉ် ကျင်းပမြဲပြိုင်ပွဲကြောင့် ကူးစက်ခြင်းဖြစ်ကြောင်းကိုလည်း မသိရှိနိုင်သေးကြောင်း ၎င်းက ရှင်းပြသည်။ အဆိုးဘက် ရောက်နေသည့် ဘေးမကင်းမှုသည် မြင့်မားလျက်ရှိနေကြောင်းနှင့် ပြိုင်ပွဲများကိုလည်း ပိတ်ပစ်မည့် အစီအစဉ်မရှိသေးကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ၁၉၈၃-ခုနှစ်မှစတင်၍ နှစ်စဉ် လွတ်လပ်ရေးနေ့ကို ကျင်းပခဲ့သည်။ စီတန်းလမ်းလျှောက်ခြင်းများ၊ မီးရှူးမီးပန်း ပစ်ဖောက်ခြင်းများ၊ ဖားခုန်ပြိုင်ပွဲများကို ကျင်းပလေ့ရှိသဖြင့် မေရီလင်းတွင် အဆိုပါပြိုင်ပွဲများသို့ လာရောက်ကြည့်ရှုသူ များပြားလှပေသည်။ Bel Air လွတ်လပ်ရေးနေ့ကော်မတီ၏ ဥက္ကဋ္ဌ နာယကဖြစ်သူ ဒွန်စတီးဝပ် (Don Stewart) နှင့်အဖွဲ့သည် အကျိုးအမြတ်မယူကြသည့် လူမှုရေးအုပ်စုဖြစ်၍ ကမကထပြုကာ တာဝန်ယူကျင်းပသူများ အနေဖြင့် ပြိုင်ပွဲကို ပိတ်ပစ်မည့်အစီအစဉ်မရှိသေးကြောင်း သိရှိရသည်။

ဂေဟဗေဒပညာရှင် စကော့အေစမစ်နှင့် ဒေသခံတွားသွားသတ္တဝါပြုစုရေး ကျွမ်းကျင်ပညာရှင်များ (Herpetologists) တို့သည် ဖားခုန်ပြိုင်ပွဲကြောင့် ဗိုင်းရပ်စ်ပိုးကူးစက်မှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိမှုတို့ဖြင့် အန္တရာယ်ရှိကြောင်း ဖေဖော်ဝါရီလ အတွင်းက Bel Air စည်းရုံးသူများအား တွေ့ဆုံပြီး လူတို့၏ ဝိုင်ရိမ်ကြောင့်ကြမှုကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။

သူတို့က တကယ့်ဖားများကို အသုံးပြုမည့်အစား ကလေးငယ်များကို ဖားနှင့် ရေလိပ်ကဲ့သို့ ဝတ်ဆင်စေပြီး ပြိုင်ခိုင်းမည်ဟု တမ်းလှမ်းခဲ့ကြသည်။ သူတို့၏ အကြံပြုချက်မှာ အောင်မြင်မှု မရရှိခဲ့ကြပေ။ မေရီလင်းပြည်နယ် နေတိုင်ကြသူများအား ရေလိပ်များကိုသာ အပြေးပြိုင်စေပြီး တောတွင်းသို့ မည်သည့်တိရစ္ဆာန်များကိုမှ ပြန်လွှတ်ပေးခြင်းမပြုရန် ပြည်နယ်သဘာဝ သယံဇာတဌာန ကြေညာချက်ထုတ်ပြန်ပြီး တိုက်တွန်းခဲ့သည်။

Salmonella ဝမ်းရောဂါကူးစက်မှုများသည် ရေလိပ်များနှင့် ဖားများကို ကိုင်တွယ်မှုမှ ဆက်နွယ်လျက် ရောဂါဖြစ်ပွားနေကြောင်း ရောဂါကာကွယ်ရေး စင်တာ (Centers for Disease Control and Prevention) မှ တောရိုင်းတိရစ္ဆာန်အဖွဲ့အစည်းများ၏ တွဲဖက်ဒါရိုက်တာ ဂျိုနသန်အေမက်နိုက် (Jonathan A. Meknight) မှ ပြောကြားသည်။

ယခင်ကာလများက တိရစ္ဆာန်များဖြင့် ဖျော်ဖြေသည့် ဓလေ့ထုံးတမ်းများ ရှိခဲ့ဖူးသော်လည်း ကွယ်ပျောက်သွားသည့်မှာ ကြာမြင့်နေပြီဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန်နှင့် အမွေခံဝန်ဆောင်မှု တွဲဖက်ညွှန်ကြားရေး ဂျိုနသန်အေမက်နိုက်မှ မှတ်မှတ်သားသား ရှိဖူးကြောင်း သိရှိရသည်။

နောက်ထပ် တိရစ္ဆာန်များဖြင့် ဆော်လော်ကျင်းပရန် မသင့်တော့ကြောင်း Sasqu-channock Wildlife Society ၏ ဥက္ကဋ္ဌ စကော့မက်ဒန်နီယာယ်မှ ပြောကြားသည်။ အခြားလူမှုအဖွဲ့အစည်းများသည် ရေလိပ်များ အပြေးပြိုင်ပွဲအစား အခြားသောပြိုင်ပွဲများကို ဖန်တီး၍ အစားသွင်း ကျင်းပနေကြပြီဖြစ်သည်။

ပွန်ဟော့ကင်းဆေးရုံမှလည်း နှစ်စဉ်ရေလိပ်ပြိုင်ပွဲများ ကျင်းပလျက်ရှိသည်မှာ ၈၂-နှစ်တိုင်နေပြီဟု ဆိုသည်။ ယခုအခါတွင် ဒေသတွင်းရှိ ရေလိပ်မွေးမြူရေးမှ အကောင်များကိုယူပြီး ပြိုင်ပွဲ ကျင်းပပေးနေပေသည်။

ဘယ်လ်တီမိုးမြို့ရှိ အပန်းဖြေနှင့် ဥယျာဉ်ဌာနသည် ၁၉၄၁ ခုနှစ်မှစတင်၍ Chesapeake Turtle Derby ခွိုင်ပီ ရေလိပ်ပြိုင်ပွဲများကို ယခု ဇူလိုင်လ ၁၃ ရက်နေ့တွင် Patterson Park မှ ယာယီအကြီးအကဲ ဘော့ဝေါလ် (Bob Wall) တို့သည် အဆိုပါပြိုင်ပွဲမကျင်းပမီ တိရစ္ဆာန်များကို ဆေးစစ်ဆေးလေ့ရှိသည်ဟု ဆိုသည်။ ပြိုင်ပွဲဝင်အကောင်များသည် တောတွင်းမှမဟုတ်ဘဲ အိမ်မွေးတိရစ္ဆာန်များသာ ဖြစ်ကြသည်။ သူအနေဖြင့် ဖားမှလာသော ဗိုင်းရပ်စ်ရောဂါ (Ranavirus) အကြောင်း သတိမပြုမိကြောင်း၊ ပြည်နယ်မှလည်း ပြိုင်ပွဲကိုပိတ်လိုက်ရန် ထောက်ခံချက်မပေးသေးကြောင်း ၎င်းက ရှင်းပြသည်။

Reference: End turtle derbies for animals, humanjs sake activists, expert say.

ဦးထိုး(တက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ထျိုက်ထီးရိုးမှ ဘရဏ္ဍေဝေးသော
အာရောဂျသိဒ္ဓိဆေးနှင့် အနှစ်ခြောက်ပါး

ကမ္မဋ္ဌာန်းပွားနည်း

ကိုသက်(ဇီးကုန်း)

မြတ်စွာဘုရားရှင်၏ ဆံတော်အစစ်ကိန်းဝပ်ရာ မွန်ပြည်နယ်ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးရန် ရောက်ရှိနေသည်မှာ ယနေ့ဆိုလျှင် ကိုးရက်မြောက်နေ့ဖြစ်၏။ ဤတော ဤတောင် ဤသာသနာမြေသည် ငြိမ်းချမ်းမှုအပြည့်အဝ ရှိသော သူတော်စင်တို့ ပျော်မွေ့ရာနေရာလည်း ဖြစ်ပေ၏။

ထိုနေရာတွင် အဓိဋ္ဌာန်ဝင်လိုသော ဆန္ဒမှာ နှစ်ပေါင်းများစွာ ကြာသော်လည်း ဆန္ဒမပြည့်ခဲ့။

ယခုမူ ကျိုက်ထီးရိုး ဆံတော်ရှင်ကို ဖူးမြင်ပြီး စိတ်တို့သည် အဓိဋ္ဌာန်တန်ခိုး၊ သီလ သမာဓိတန်ခိုးတို့ကြောင့် ကြည်လင် အေးမြငြိမ်းချမ်း၍ နေလေသည်။

များမကြာမီ ကိုးနဝင်းဂူမှ ထွက်၍ နေ့ဆွမ်း အာဟာရကို ဘုဉ်းပေးသုံးဆောင်ရန်ရှိသည့်အတွက် လိုအပ်သည်တို့ ပြင်ဆင်၍ ဂူပေါက်ဝသို့ ရှေးရှု လိုက်ရာ "ဟင်" ရသေ့ကြီး တစ်ပါး အိုမင်းရင့်ရော်နေသော အသွင်သဏ္ဌာန် သစ်ခေါက်ဆိုး သက်နှံးကို ရုံ၍ လွယ်အိတ်တစ်လုံးကို လွယ်ထားသေးသည်။

တောင်ဝှေးကြီးတစ်ချောင်းကို မြဲမြံစွာ ဆုပ်ထားရင်း. . .

"မောင်ပဉ္စင်း အဓိဋ္ဌာန်ရက်စေ့သွားပြီ မဟုတ်လား"

"ဟင် ရသေ့ကြီးက ဘယ်သူလဲ၊ ဒီဂူမှာ အဓိဋ္ဌာန်ဝင်မှာလား"

"ကဲလေ သိပ် မအံ့ဩပါနဲ့ဦး၊ ကျုပ်က ဒီကနေ ကိုက်တစ်ထောင် လောက် ဝေးတဲ့ တောထဲက ဂူမှာနေတယ်၊ နေတယ်ဆိုပေမယ့် အဓိဋ္ဌာန်စေ့ရင် နေရာပြောင်းရဦးမှာ"

"ကျုပ် အဓိဋ္ဌာန်ရက်စေ့တာကို သိနေပါလား"

"သီရဲ့ ဘယ်ကမလဲ မောင်ပဉ္စင်းက တရားရိပ်သာမှာ တရားပြတယ်၊ တရားဟောတယ်၊ တစ်ဖက်ကလည်း မိမိဝါသနာပါတဲ့ ဂန္ထိရပညာရပ်အချို့ကို စိတ်ဝင်စားတယ် မဟုတ်လား"

"ဩော်- ရသေ့ကြီးက ကျုပ် အကြောင်း ဒီအထိတောင် သိနေမှကိုး"

"ဒါတွေက စိတ်စင်ကြယ်မှုရဲ့ နိဒါန်းပဲ ရှိပါသေးတယ်၊ မောင်ပဉ္စင်း ဆက်ကြိုးစားပါ၊ ရှေ့မှာ သတ္တဝါတွေရဲ့ အသက်ကို ကယ်တင်ပေးရလိမ့်မယ်"

"ကျုပ်က ဘယ်လိုကယ်ရမှာတုံး ရသေ့ကြီးရဲ့၊ ရှင်းရှင်းလင်းလင်း ပြောပါဦး"

"ဩော် ဒီလိုပါ၊ ဒီနေ့ ကမ္ဘာကြီးမှာ အစားအသောက် အနေအထိုင်တွေ ပြောင်းလာတယ်၊ လူဦးရေတွေကလည်း တိုးပွားလာနေတယ်၊ တိုးလာနေတဲ့ လူဦးရေတွေအတွက် လိုအပ်တဲ့ စားရေရိက္ခာတွေလည်း တိုးထုတ်လာကြတယ်၊ ဒီအထဲမှာ အဆိုးဆုံးက ဓာတုဆေးတွေပဲ၊ ဒီဆေးတွေကြောင့် လူတွေ ရောဂါမျိုးစုံရပြီး အသက်တိုလာကြတယ်၊ တိုတိုပြောရရင် ကြောက်မက်ဖွယ်ရာ ရောဂါဆိုးကြီးတွေ ဖြစ်တဲ့ကင်ဆာလို မြစ်ပွားနာရောဂါတွေကို ကမ္ဘာ့ဆေးပညာရှင်တွေ လက်မြောက်ထားရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ရသေ့ကြီး"

တောက်လျှောက် ပြောလာသော ရသေ့ကြီးမှာ မောသလို ဖြစ်သွားပြီး လွယ်အိတ်ထဲမှ ယူလာသော ဆေးတစ်လုံးကို မော့သောက်ပြီးမှ စကား ဆက်ပြောပြန်သည်။

"မောင်ပဉ္စင်းက တရားပြဆရာတော် ဖြစ်နေပေမယ့် ဒီကနေ့ တာဝန်တစ်ခု ထပ်ပြီးယူရလိမ့်မယ်၊ ဒါကလည်း လူသားတွေ ကောင်းကျိုးအတွက်ပါ"

"ဟုတ်ပါပြီ ရသေ့ကြီး"

ရသေ့ကြီးသည် အသက်ရနေသော်လည်း စကားကို ပေါ့ပါးသွက်လက်စွာ ပြောဆိုနိုင်သည်။ ကြည်လင်

www.burmeseclassic.com

www.burmeseclassic.com

တောက်ပသော မျက်လုံး အစုံမှာ မိမိ နှလုံးသားကို ပေါက်ထွက်သွားမတတ် အားကောင်းလှသည်။ ဆံနွယ်များဖြူလွန်း နေသော်လည်း ကြံ့ခိုင် တောင့်တင်းသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားဆဲပင်။

"မောင်ပဉ္စင်းက လူတွေအပေါ် ကြင်နာသနားတတ်တယ်၊ ကူညီချင်စိတ် ရှိတယ်၊ အထိုက်အလျောက် သမာဓိ တရား တွေကိုလည်း လက်ဝယ်ရရှိ ထားသူ ဖြစ်တာမို့ ကမ္ဘာက လက် မြောက်ထားရတဲ့ ရောဂါဆိုးကြီးတွေကို ကာကွယ်ကုသနိုင်မယ့် ဆေးနည်းကို ကျွပ် ခီးမြှင့်ပေးခဲ့ချင်တယ်၊ ဒီဆေးနည်း က သမာဓိရှိသူတို့နဲ့သာ ထိုက်မှာဖြစ် တယ်၊ ဆေးကိုလည်း လောဘနဲ့ စီးပွား မရှာဖို့ သတိပြုရမယ်"

"ကောင်းပါပြီ ရသေ့ကြီး"

ရသေ့ကြီးသည် ဆေးနည်းကို ရှင်းပြ ပြောဆိုပြီး ဦးပဉ္စင်းမှာ တစ်ခါ တည်း မှတ်စုစာအုပ်ထဲ၌ ရေးမှတ်ထား ခဲ့၏။ ရသေ့ကြီးအား ဆေးအမည်ကို မေးကြည့်ရာ "အာရောဂျသိဒ္ဓိ" ဟူ၍ ဖြစ်ကြောင်း ပြောဆိုသွားခဲ့သည်။

ပြန်ခါနီး ရသေ့ကြီး ပေးသွား သော တောဌက်ပျောသီး နှစ်လုံးအား မွှန်းတည့်တော့မည်ဖြစ်၍ ဘဉ်းပေး သုံးဆောင်ခဲ့ရာ နောက်(၂)ရက်အထိ ဆွဲမ်းစားလိုစိတ်မရှိတော့ဘဲ ပကတိ ကျန်းမာရွှင်လန်းလျက်ရှိသည်ကို အံ့သြ ဖွယ်ရာ သိလိုက်ရလေသည်။

ဆရာတော်လေး ဦးဝါယမ သည် ကျိုက်ထီးရိုးဘုရားမှ ပြန်လာပြီး နောက် ချက်ချင်းဆေးမဖော်ဖြစ်သေး ချေ။ အလုပ်တာဝန်များ များပြားသည့် အလျောက် ထိုအကြောင်းကို သုံးနှစ် တိတိ မေ့မေ့လျော့လျော့ နေလာခဲ့လေ သည်။ တစ်နေ့အိပ်မက်ထဲတွင် ကျိုက် ထီးရိုးမှ ဘရသေ့နဲ့ ပြန်လည် ဆုံစည်း ကြသောအခါ. . .

"မောင်ပဉ္စင်း သတိမေ့လျော့ နေပြီလား၊ သတ္တဝါတွေကို ကယ်ချိန် ရောက်နေပြီလေ"

"ဟုတ် ဟုတ်ပါတယ် ရသေ့ကြီး"

"ကျုပ်မှာလည်း တိုက်တာကိစ္စ၊ တရားပွဲကိစ္စတွေကြောင့်ပါ၊ မကြာမီ လုပ်ငန်းစတော့မှာပါ"

"သာဓု သာဓု သာဓု"

ဤသို့ဖြင့် ဆရာတော်လေး ဦးဝါယမသည် ကြို့ပင်ကော်ဂ်မြို့ အရှေ့ ကျစွာရန်အောင်မြင်ဘုရားကြီး၌ ခေတ္တသွားရောက် သီတင်းသုံးနေစဉ် ကာလအတွင်း "အာရောဂျသိဒ္ဓိ" ဆေး နည်းအား စတင် ကြိုးစားဖော်ထုတ် ခဲ့လေသည်။ ဖော်စပ်ဆေးနည်းထဲတွင် ရွှေကို ပြာဖြစ်အောင် လုံထိုး၍ ယူရသော အလုပ်မှာ ပညာခန်းဖြစ်၍ တော်ရုံ ဆေးဆရာများလုပ်ဆောင်၍ မရကြောင်း၊ သမာဓိရှိမှသာလွယ်ကူကြောင်း၊ အခြား နည်းများမှာလည်း မခဲယဉ်းကြောင်း သိရလေသည်။

အာရောဂျသိဒ္ဓိ အစွမ်းပြလေ ပြီ။

တစ်နေ့ ဆရာတော်သီတင်းသုံး ရာ ဟောဓိကျောင်းတိုက်သို့ လူမျိုးခြား ဝေဒနာရှင် တစ်ဦး ရောက်လာခဲ့၏။ သူသည် စက်ပူနိုင်ငံမှ လက်လျှောခံ ထားရသော လူနာဖြစ်သည်။ ထိုလူမမာ စိတ်ပျက်လက်ပျက်ဖြင့် ရောက်ရှိလာခဲ့ ရာ အာရောဂျသိဒ္ဓိဆေးကို ပွားရည်ဖြင့် ရောစပ်၍ စားသုံးစေခဲ့ရာ တစ်ပတ် အတွင်း ထူးခြားစွာ ပျောက်ကင်းခဲ့လေ သည်။

ဘစ်လခန့် ဆေးဆက်စားရာ လုံးဝ ပျောက်ကင်းသွားပြီး သူနှစ်ပတ် သက်သော ကင်ဆာဝေဒနာရှင်များစုံ ကျောင်းသို့ စုပြုံရောက်ရှိလာကြလေ သည်။

ဆရာတော်လည်း စိတ်ရှည် လက်ရှည်စေတနာရှေ့ထား ကုသပေး ခဲ့ရာ လူနာများ တစ်စထက် တစ်စ ပျောက်ကင်းလာခဲ့ကြရာ ယခုအခါ လူနာပေါင်း (၈၀၀)ကျော် ပျောက်ကင်း ခဲ့ပြီ ဖြစ်ပါသည်။ မည်သည့်ကင်ဆာ မဆို ပျောက်ကင်းသည်မှာ ဆရာတော် ထံတွင် ရှိသော ဆေးမှတ်တမ်းများထဲ သက်သေခံနေပါတော့သည်။

စာရေးသူ၏ အစ်ကိုအရင်းမှာ လည်ချောင်းကင်ဆာဝေဒနာမှ ပျောက် ကင်းခဲ့ပါသည်။

ရောဂါဝေဒနာရှင်များ နှလုံး သွင်းရမည့် အနှစ်(၆)ပါးကမ္ဘာန်းပွား နည်းကိုလည်း ဆရာတော်လေးမှ ဆက် လက်မိန့်ကြားခဲ့သည်မှာ. . .

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ- ဝင်လေ ရှူပါ။

(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ- ထွက်လေ ရှူပါ။

(၃) သံဃံ သရဏံ ဂစ္ဆာမိ- ဝင်လေရှူပါ။

(၄) အနိစ္စံ - ထွက်လေ ရှူပါ။

(၅) ဒုက္ခံ - ဝင်လေ ရှူပါ။

(၆) အနတ္တံ - ထွက်လေ ရှူပါ။

ပွားရခြင်း အကျိုး(၅)မျိုးကား ကြောက်ရွံ့ခြင်း ဘေးအန္တရာယ်မှ ကင်း ဝေးရ၏။ စိတ်မှ ထိတ်လန့်ခြင်း ကင်း ဝေးရ၏။ ကိုယ်ဆင်းရဲခြင်း ဘေးမှ ကင်း ဝေးရ၏။ ပစ္စုပ္ပန်ဘဝ၌ အညှဉ်းဆဲ ခံရခြင်း၊ အစွပ်အစွဲခံရခြင်း၊ အချုပ် အနှောင်ခံရခြင်း ဘေးတို့မှ ကင်းဝေး ရ၏။ (အထက်ပါအတိုင်း နှလုံးသွင်း အားထုတ်ပါ) ရောဂါကင်းရန် ရောဂါရှင် ကိုယ်တိုင် သရဏဂုံ သစ္စာပြုပါ။

မှတ်ချက်။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမ ဟောဓိရိပ်သာကျောင်း တိုက် ၀၅၃-၅၀၄၃၉ ထံ ဆက်သွယ် လျှောက်ထားနိုင်ပါသည်။

ကျိုက်ထီးရိုးစေတီ၌ တွေ့ဆုံခဲ့ သော ရသေ့ကြီးမှာ လွန်ခဲ့သော အနှစ် (၃၀)မှ ဖြစ်ပြီး ယနေ့တိုင် ဆရာတော် ဦးဝါယမနှင့် ပြန်လည် မတွေ့ရတော့ ချေ။

ထိုဆတ်(ဒီးထုန်း)

www.burmeseclassic.com

www.burmeseclassic.com

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့် ကွယ်လွန်

အောင်ဘုန်းမြင့်(ကချင်မြေ)

မြန်မာနိုင်ငံအတွက် ဂုဏ်ယူကြရမည့် ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးဖြစ်သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်သည် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၌ ခရစ်နှစ် ၁၉၀၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့ မြောက်လတ္တီတွဒ် ၁၆. ၅၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅. ၂၉ ဒီဂရီအတွင်း ကျရောက်စဉ် နက္ခတ်ကောင်းများကြုံလျက် မွေးဖွားသန့်စင်ခဲ့သူ ဖြစ်ပါသည်။

မူလရာသီစက် ဇာတာတွင် အောင်မြင်မှုအပေါင်းတို့ကို ယူဆောင်ပေးတတ်ပြီး ဓနဥစ္စာ စည်းစိမ်ချမ်းသာများကို ထောက်ပံ့ပေးတတ်သော ကြာသပတေးဂြိုဟ်သည် လဂ်သခင် အဓိပတိဂြိုဟ်ဖြစ်လေသည်။

လဂ်သခင် ကြာသပတေးဂြိုဟ်သည် ဓနုလဂ်အိမ်မှ ၉ တန့် ကောင်းသော သုဘဘာဝအိမ်တွင်တည်လျက် မိမိ၏ ရာသီအိမ်တွင် စံနေသောလဂ်ကို တြိကောဏ ကောင်းသော အမြင်ဖြင့် အပြည့်အဝမြင်ထားခြင်း၊ ကြာသပတေးဂြိုဟ်သည် ၁ တန့်လဂ်အိမ်ရှင်နှင့် ၄ တန့်မိခင်နှင့်ဆိုင်သော ဗန္ဓုဘာဝ အိမ်၏ အိမ်ရှင်ဂြိုဟ်လည်းဖြစ်ခြင်း၊ ရာသီစက်နှင့် နဝင်းစက် ဇာတာတွင် ကြာသပတေးဂြိုဟ်အချင်းချင်း ကောင်းသော ၃၊ ၁၁ တန့်တွင် အပြန်အလှန် ရပ်နေခြင်း အစရှိသော ဇာတာအနေအထားတို့ကြောင့် ဇာတာရှင်ဦးသန့်သည် ကမ္ဘာပဋိပက္ခအမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ခဲ့ပြီး ကမ္ဘာငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်သော ဗိသုကာကြီး ဖြစ်လာခဲ့ခြင်းဖြစ်သည်။

အနုပညာနှင့် ကျော်စောခြင်းကို အထောက်အကူပြုသော သောကြာဂြိုဟ်သည် ရာသီအိမ်၏ လာဘ်လာဘအိမ်မှ ဓနုလဂ်တွင် လာရောက်ပူးယှဉ်နေသောကြောင့် ရုပ်ရည်တည်ကြည်ခဲ့ညှာခြင်း၊ ဘဝတွင် မကြောင့်မကြ မတောင့်တရာဘဲ အဘက်ဘက်မှ ပြည့်စုံသောဘဝမျိုးနှင့် နေထိုင်ခဲ့ရခြင်း၊ အပူအပင်ကင်းပြီး သာယာသော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ခဲ့ခြင်း၊ စာပေအနုပညာများ၌ လိုက်စားနှစ်သက်တတ်ခြင်း၊ အပြောအဟော ကိုယ်နှုတ်အမူအရာ ယဉ်ကျေးလိမ္မာခြင်းများနှင့် ပြည့်စုံစေခဲ့ခြင်း ဖြစ်သည်။

သောကြာဂြိုဟ်သည် လဂ်မှ ၆ တန့် ရန်အာရီအိမ်၏ အိမ်ရှင်ဂြိုဟ်လည်း ဖြစ်သောကြောင့် ဇာတာရှင်သည် ရောဂါဘယအမျိုးမျိုးကြောင့် အရွယ်မတိုင်မီ ကွယ်လွန်ခဲ့ခြင်း ဖြစ်





www.burmeseclassic.com

www.burmeseclassic.com

သည်။ အထူးသဖြင့် လည်ချောင်း၊ သွား၊ ခံတွင်းကို ဒုက္ခပေးတတ်ပါသည်။

နဝင်းစက်ဇာတာတွင် ဗျာယအိမ်ရှင် အင်္ဂါဂြိုဟ်သည် လဂ်အိမ်မှ ၂ တန့် စကား ဓနဥစ္စာအိမ်ဖြစ်သော မိမိ၏ ကသစ်အိမ်တွင် မြတ်သော နဝင်းစီးနေသဖြင့် ဇာတာရှင် ဦးသန့်သည် စကားအပြောအဆို ချိုသာလိမ္မာပါးနပ်ခြင်း၊ နိုင်ငံရေး နည်းပရိယာယ် ကြွယ်ဝခြင်း၊ ဆုံးဖြတ်ချက် ခဲပြီးလျှင် ခိုင်ခိုင်မာမာ ရပ်တည်တတ်ခြင်း၊ ဆုံးခန်းတိုင်အောင် ပြီးမြောက်သည်းခံထိ မဖြစ်မနေ တိတိကျကျ ဆောင်ရွက်တတ်ခြင်းများကို ပြစ်စေခဲ့သည်။

ကောင်းကျိုးချမ်းသာ ဥစ္စာမြင်မှုများကို ဆောင်ကြဉ်းပေးတတ်သော ကြာသပတေးဂြိုဟ်၏ ရာသီအိမ်ဖြစ်သည့် ဓနုလဂ်မှ ကောင်းသော ဧ တန့် သုဘဘဝအိမ်ရှင် တနင်္ဂနွေဂြိုဟ်နှင့် ၁၀ တန့် ကမ္မဘာဝသခင် ဗုဒ္ဓဟူးဂြိုဟ်သည် လဂ်မှ ၂ တန့်အိမ်တွင် အတူပူးယှဉ်စ် စံနေသဖြင့် ရာဇယုတ်ကို ရရှိလေသည်။

သို့ဖြစ်သောကြောင့် ဇာတာရှင်သည် လုပ်ငန်းရာထူးအဆင့်ဆင့် တက်လမ်းပွင့်နိုင်ခဲ့ပြီး၊ နိုင်ငံတော်၏ ရာထူးတာဝန်ကြီးများတွင် တာဝန်ထမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

နောက်ဆုံး၌ ကမ္ဘာ့အကြီးဆုံး ရာထူးတာဝန်ကြီးဖြစ်သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်ကို နှစ်ကြိမ်တိုင်တိုင် ဆက်တိုက် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည်။

ဘာဝစက်ဇာတာတွင် ကြာသပတေးဂြိုဟ်သည် မိမိအိမ်မှ ဩကောဇာအမြင်ရသော မိတ်အိမ်မှနေ၍ စနေဂြိုဟ်သည် လဂ်မှ ၃ တန့် မိမိ၏ ကသစ်အိမ်မှ အပြန်အလှန် ၇ တန့်အမြင်ဖြင့် မြင်နေကြခြင်း၊ နဝင်းစက်ဇာတာတွင် စနေဂြိုဟ်သည် အားကောင်းသော ဥစ္စာအားကိုရလျှက် ကြာသပတေးဂြိုဟ်နှင့် အတူယှဉ်၍ လဂ်နှင့် ကိန်းအိမ်တွင် နဝင်းပြိုင်စီးခြင်း စသော ဂြိုဟ်နေဂြိုဟ်ထားကြောင့် ဇာတာရှင် ဦးသန့်သည် မိမိတာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ကျူးဘားပဋိပက္ခ အပါအဝင် အလွန်ခက်ခဲ တင်းမာနေသော ကမ္ဘာ့ရေးရာ ကြီးငယ်ပြဿနာများကို ဉာဏ်နှင့်ယှဉ်၍ ဖြေရှင်း အဆုံးသတ်ပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

လဂ်သည် ရာသီနှင့် နဝင်းစက်တွင် နှစ်မျိုးနှစ်ခွ ဖြစ်တတ်သော ဒွိဟရာသီအိမ်နှင့် အမြဲလှုပ်ရှားနေတတ်သည့် ချိန်ခွင်ရာသီအိမ်တို့တွင် ဂ္ဂန္ဓြေကြီးစွာ တည်နေသောကြောင့် ဇာတာရှင်ဦးသန့်သည် အလုပ်တစ်ခုတည်းနှင့် မတည်မြဲဘဲ အလုပ်နေရာဌာန မကြာခဏ အပြောင်းအလဲဖြစ်ခဲ့ခြင်း၊ ၁၁၀ တိုးတက်မှု အပြောင်းအလဲ အမျိုးမျိုး ကြုံခဲ့ရခြင်း၊ ရေခြားမြေခြား တိုင်းပြည်အကူးအပြောင်း ဖြစ်ခဲ့ရခြင်း၊ ရာထူးတာဝန် တစ်ဆင့်ပြီးတစ်ဆင့် အတဲ့ကဲ့မြန်ခဲ့ခြင်းများကို ဖြစ်စေခဲ့ပါသည်။

ဇာတာရှင်သည် ကျောင်းဆရာ၊ ပြန်ကြားရေးအရာရှိ၊ ပြန်ကြားရေးဝန်၊ စီမံကိန်းအတွင်းဝန်၊ ဝန်ကြီးချုပ်ရုံးအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ၏ အမြဲတင်းသံအမတ်

www.burmeseclassic.com

www.burmeseclassic.com

ကြီး၊ ထိုမှတစ်ဆင့် ကမ္ဘာကုလသမဂ္ဂ အတွင်းရေးမှူးချုပ် စသည်ဖြင့် လူပ်ရှားတိုးတက် အောင်မြင်ခဲ့ရပြီး ကမ္ဘာ့နိုင်ငံ အရပ်ရပ်သို့ ဩဿနာပေါင်း များစွာတို့ကို မနားမနေ သွားလာလှုပ်ရှား ဖြေရှင်းပေးခဲ့ရသည်။

ဦးသန့်၏ခေတ်သည် ကမ္ဘာ့အရှေ့ခြမ်းမှ ဆိုဗီယက် ရုရှားဦးဆောင်သော အရှေ့အုပ်စုနှင့် အမေရိကန်နိုင်ငံက ဦးဆောင်သော အနောက်အုပ်စုကြား အလွန်တင်းမာနေသည့် အချိန်ကာလဖြစ်သည်။

ဇာတာရှင် ဦးသန့်သည် ရာသီစက်ဇာတာတွင် လဂ်မှ ၉ တန့် မြင့်မြတ်သော သုဘဘာဝတွင် ရပ်ပြီး နဝင်းစက် ဇာတာတွင် လဂ်နှင့်အတူ ဥစ္စာနေဂြိုဟ်နှင့် ပူးယှဉ်နေသော လဂ်သခင် ကြာသပတေးဂြိုဟ်၏ ထူလဒသာမှစ၍ ရာသီ စက်တွင် လဂ်မှ ၄ တန့်ကောင်းသော ဗန္ဓုအိမ်တွင် ရပ်ပြီး နဝင်းစက်တွင် လဂ်သခင် ကြာသပတေးဂြိုဟ်နှင့် ကိန်းအိမ် တွင် ပူးစံနေသော ဥစ္စာနေဂြိုဟ်၏ ထူလနှစ်ကြီးဒသာနှင့် အုန္တရနှစ်ငယ်ဒသာ စားသော နှစ်ကာလအတိ ရာထူးအဆင့် ဆင့် တိုးတက်ရရှိခဲ့ခြင်း ဖြစ်သည်။

ဇာတာရှင်ကို ကမ္ဘာ့အထွတ်အထိပ်သို့ ရောက်အောင် ထောက်ကူကာရကပြုကြသော အဓိကဇာတ်ကောင်ဂြိုဟ်များ သည် လဂ်မှ ၉ တန့်သုဘအိမ်ရှင်နှင့် လဂ်သခင် ကြာသပ တေးဂြိုဟ်၊ လဂ်မှ ၂ တန့်နှင့် ၃ တန့်သခင် စနေဂြိုဟ်၊ လဂ်မှ ၉ တန့်သခင် တနင်္ဂနွေဂြိုဟ်နှင့် လဂ်မှ ၇ တန့် ပထနီသခင် နှင့် ၁၀ တန့် ကမ္မသခင် ဗုဒ္ဓဟူးဂြိုဟ်များ ဖြစ်လေသည်။ သောကြာဂြိုဟ်သည် ကောင်းသော်လည်း အာရီသခင်ဖြစ် သည်။

နက္ခတ်ဗေဒင် ဟောပြောခြင်း အယူအဆအရ စနေ ဂြိုဟ်ကို လူထုနှင့်ဆိုင်သောဂြိုဟ်၊ ပင်ပန်းဆင်းရဲခြင်းနှင့် နှောင့်ယှက်နှောင့်နှေးစေတတ်သောဂြိုဟ်၊ မြေနှင့်ဆိုင်သော ဂြိုဟ်၊ အဖျက်အပျက်နှင့် ကြန့်ကြာစေတတ်ခြင်းတို့နှင့် သက် ဆိုင်သောဂြိုဟ်ဟူ၍ ယူဆဟောပြောကြရသော်လည်း စနေ ဂြိုဟ် အမြင်အယှဉ် အထွန်း အငုပ် အပူးအကပ် ဗလငါးတန် အားကောင်းလာ၍ အကျိုးပေးကောင်းလာလျှင် မစို့မပို့ ပေး ခြင်းမျိုး မဟုတ်ဘဲ အစုလိုက် အပုံလိုက် ထိထိရောက်ရောက် ပုံအောပြီး ထောက်ပံ့ပေးတတ်သော ဂြိုဟ်ဖြစ်သည်ဟု ဆို သည်။

ဇာတာရှင်၏ ကံဇာတာသည် နဝင်းစက်ဇာတာတွင် လဂ်သခင် ကြာသပတေးဂြိုဟ်နှင့်အတူ အံသာ ပြိုင်စီး၍ ရာသီစက်တွင် ကောင်းသော ၂ တန့်၊ ၃ တန့်သခင်နှင့် နဝင်း စက်တွင် ကာရကပြုသော ၄ တန့်၊ ၅ တန့်သခင်ဖြစ်ပြီး လဂ် နှင့် ကိန်းအိမ်တွင် ဥစ္စာဂြိုဟ်တက်၍ ပူးနေသော စနေဂြိုဟ်၏ အကျိုးပေးကောင်းသောကြောင့် အောင်မြင်ကျော်ကြားခဲ့ခြင်း ဖြစ်သည်။

အားကောင်းသော စနေဂြိုဟ် ထူလဒသာနှင့် ရာသီ စက်ဇာတာတွင် လဂ်မှ ၈ တန့် မရဏာအိမ်ရှင် တနင်္လာဂြိုဟ် ၏ အန္တရဒသာကာလအတွင်း ရန်ဒသာစုံသည့်ပြင် ထူလမှ အန္တရသို့ ၁၂ တန့် ဗျာယကြဲပြီး အလွန်အားနည်းသော ဂြိုဟ် ၏ ဒသာစားသည့် ၁၉၇၀ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် တာဝန်မှ အနားယူခဲ့ရသည်။

ဇာတာရှင် ဦးသန့်သည် စနေ ထူလဒသာ နဝင်းစက် တွင် လဂ်နှင့်ပူးသော အမှောင်ဂြိုဟ်ရာဟု၏ အန္တရဒသာ

www.burmeseclassic.com

www.burmeseclassic.com

စားချိန်တွင် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ ဆေးရုံကြီး၌ သွားရောဂါ ခွဲစိတ်ကုသနေစဉ် ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံအတွက် မဟာဆုံးရှုံးမှုကြီး ဖြစ်ခဲ့ရသည်။

ရာသီစက်နှင့် ဘာဝစက်တွင် လင်္ကို ရာဟုဂြိုဟ်က ၇ တန့်အမြင်ဖြင့် မြင်ထားပြီး ကိတ်ဂြိုဟ်က အနီးကပ်ကြတိုင်းထားခြင်း၊ လင်္ဂမှ ၈ တန့် မရဏအိမ်ရှင် တနင်္လာဂြိုဟ်သည် လင်္ဂမှ ၂ တန့်အိမ်တွင် တည်နေခြင်း၊ နဝင်းစက်တွင် ၁၀ တန့် ကမ္မအိမ်ရှင် တနင်္လာဂြိုဟ်သည် လင်္ဂမှ ၆ တန့် အာရီရန်အိမ်တွင် ရပ်ခြင်း၊ ရာသီစက် ဘာဝစက် နဝင်းစက် ဇာတာလင်္ဂသုံးလင်္ဂစလုံးကို အမျောင်ဂြိုဟ် ရာဟုနှင့်ကိတ်ဂြိုဟ်တို့က အနီးကပ် ပူးယှဉ်နှောင်ဖွဲ့ခံထားရခြင်း၊ လင်္ဂမှ ၅ တန့် ဗန္ဓုနှင့် ၁၂ တန့် ဗျာယသခင် အင်္ဂါဂြိုဟ်သည် ရာသီအိမ် ဓနုလင်္ဂကို ဗျာယအိမ်မှ အနီးကပ်လုပ်ကြံထားခြင်း အစရှိသော ဂြိုဟ် အနေအထား အခင်းအကျင်းများကြောင့် ဇာတာရှင်သည် ဂုဏ်သိက္ခာရှိစွာ၊ ကွယ်လွန်အနိစ္စ ရောက်ခဲ့ရသော်လည်း နောက်ပိုင်းတွင် မျှော်လင့်မထားဘဲ ဈာပနကိစ္စနှင့် ပတ်သက်၍ မလိုလားအပ်သော အကြောင်းတရားများ ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်လေသည်။

ဦးသန့် ကွယ်လွန်ပြီးနောက် အမိနိုင်ငံတွင် သက်ရှိထင်ရှားနိုင်ရန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှ မြန်မာနိုင်ငံ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းသို့ သယ်ဆောင်လာခဲ့ပြီး ထိုမှ တစ်ဆင့် လွှေတိုဘုရားလမ်းရှိ နိုင်ငံတော်ဝိမာန်တွင်း အထိမ်းအမှတ်ပြု ဂူသွင်းသင်္ဂြိုဟ်ခြင်း ပြုနိုင်ခဲ့သည်။ တနင်္လာဂြိုဟ် မကောင်းသောဂြိုဟ် ဖြစ်သော်လည်း ရာသီအိမ် တစ်အိမ်သာ ပိုင်သော ဂြိုဟ်ဖြစ်သောကြောင့် မထောင်းတာလှ၊ မာရက ဂြိုဟ်အစစ်သည် ရာသီစက်တွင် မြင်၍ နဝင်းစက်တွင် အကြတ်ခံရသော ရာဟုဂြိုဟ်ဖြစ်လေသည်။

သို့သော် လောကုတ္တရာဂြိုဟ်ဖြစ်သော ရာဟုနှင့် ကိတ်ဂြိုဟ်၏ တစ်လှည့်စီ မြင်ခြင်း၊ ကြတ်ခြင်း ခံရသော ဇာတာရှင်သည် ကောင်းရာဘုံ သုဂတိသို့ လားရောက်နိုင်ပါလိမ့်မည်။ လောကတွင် အကောင်း၊ အဆိုး ဒွန်တွဲလျက် စိုးမိုးနေတတ်ပါသည်။

အောင်ဘုန်းဖြင့်(ထန္ဒဝင်မြေ)

www.burmeseclassic.com

www.burmeseclassic.com

ဝါကြည်သန်း

(ဟောင်ကောင်)

ယတြာဝါးပြယ်သည်ငွာနေ

နံနက်ခင်းလေးတွင် မိုးလေးတဖြောက်ဖြောက် ရွာနေသည်။ တစ်နေ့လုံး ပူအိုက်လာခဲ့ရာ မိုးတွေ စတင်ရွာလာသဖြင့် အပူသက်သာလာသည်။ ကျွန်တော် မိုးတွေ ရွာရင် ပျော်သည်။ မိုးရာသီကို ကြိုက်သည်။

ကျွန်တော်က မိုးနှင့် အတော် အကျိုးပေးသည်။ အကောင်းဖြစ်ဖြစ် အဆိုးကိစ္စဖြစ်ဖြစ် မိုးနှင့် အမြဲလိုလို ကြုံခဲ့ရသည်။ မော်လမြိုင်ကောလိပ် တက်ဖို့အသွား သံလွင်မြစ်လယ်သင်္ဘော ပေါ်မှာ. မိုးတွေရွာတာနှင့် ကြုံခဲ့သည်။

ရွာမှာ ကျောင်းပိတ်ရက် ခုလွှာ ရဟန်း ဝတ်ခဲ့ရာ တစ်လပြည့် လူထွက်သည့်နေ့ မိုးတွေရွာပြီး ကျောင်းဝင်းထဲက ပိတောက်ပင်အားလုံး ပွင့်ပြီး မွှေးပျံ့နေသည်။

ကောလိပ်မှာ နောက်ဆုံးနှစ် စာမေးပွဲဖြေအပြီး ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့ အမေဆုံးတဲ့နေ့မှာ မိုးတွေ ဖြိုင်ဖြိုင်ရွာခဲ့သည်။ မင်္ဂလာဆောင်တဲ့ ၁၉၇၄ ခုနှစ်၊ မေလ (၂၃) ရက်နေ့မှာ မိုးဒလေးတဖြောက်ဖြောက် ရွာနေသည်။ မိုးနှင့် အကျိုးပေးတာတွေ ပြောရရင် မဆုံးနိုင်။

ဒီနေ့လည်း မိုးတွေရွာနေသည်။ ကျွန်တော် မိုးရွာရွာ နေပူပူ အိမ်ကနေ မိုးကောင်းဆုတောင်းပြည့်စေတီတော် ဘုရားဝင်းသို့ နေ့စဉ် ခြေကျင်လျှောက်သွားနေက။

ဘုရားဝင်းထဲ လှမ်းဝင်လိုက် ဆည်နှင့် ပိတောက်ပန်းမွှေးရနံ့ သင်းပျံ့ပျံ့တွေက လှမ်းလို့ ကြိုနေသည်။ ညက မိုးရွာထားသဖြင့် အနောက် မြောက်မုခ် အဝင်လမ်းက ပိတောက်ပင်တွေ ဒုတိယအကြိမ် တစ်ကျော့ပြန် ပင်လုံးကျွတ်ဖူးပွင့်ပြီး ရွှေရည်လူးကာ ဝင်းပပ လှနေကြသည်။ ပိတောက်ပွင့်လေးတွေမှာ ပျားလေးတွေ ဝတ်ရည်စုပ်လို့က်၊ ပျံဝဲလိုက်နှင့် ဆူညံမြူးနေကြသည်။ ပိတောက်တွေက သစ္စာရှိရှိ နှစ်စဉ် အမြဲပွင့်ပေးနေကြသည်။

"ဩော်- ပိတောက် လောက်မှ သစ္စာမတည်နိုင်ခဲ့တဲ့ ပိတောက်ချစ်တဲ့ ငယ်ချစ်ဦးလေးတစ်ယောက် ပိတောက်ပန်းတွေ ပန်ဆင်နေဆဲပဲလား"

ဒီမိုး ဒီလေထဲ ဟိုးတွေး ဒီတွေးနှင့် ခြေလှမ်းတဲ့စိတ် ခြေကြွဲ့ဲစိတ်တွေ သတိကပ် အမှတ်မထားမိဘဲ လျှောက်လှမ်းလာခဲ့ရာ မြောက်ဘက်ခေစင်းတန်း ထိပ်ရှိ ကျွန်တော့်ဇေဒင်ဟောခန်းသို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။

ဟောခန်း ဖွင့်ပြီး မကြာခင် ကျွန်တော့်မိတ်ဆွေ ကိုအောင်မင်းဟိန်း တစ်ယောက် ရောက်ချလာသည်။

"လာ ထိုင် ကိုအောင်မင်းဟိန်း ဘယ်ကနေ လှည့်လာတာလဲ"

"ကိုအောင်ကြည်သန်းဆီ တမင်လာခဲ့တာ၊ အကူအညီ တောင်းစရာ တစ်ခုရှိလို့"

www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်မင်းဟိန်းသည်အသားမဖြူမည်ကို အသားလတ်ထဲကပဲ။ အရပ်အမောင်း ကောင်းသည်။ ဥပမိရုပ်တတည်ကြည်ခဲ့ညားပြီး ယောကျ်ား ပီသသည်။ စကားပြောကောင်းသည်။ ပြောလျှင် ပြီးရယ်သည့် အမူအရာလေးနှင့်ပင်။ ယခင် ဝန်ထမ်းလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် လူမှုရေးလုပ်ငန်း၊ နိုင်ငံရေးပါတီလုပ်ငန်း၊ ပရဟိတလုပ်ငန်းများတွင်သာ စိတ်ဝင်စားပြီး အချိန်ပေးလုပ်ကိုင်နေသည်။ စီးပွားရေးမှာ စတိုးဆိုင်ကြီး ဖွင့်လှစ်ထားသည်။ စီးပွားရေးကောင်းသည်။ ဆိုင်ကို ဇနီးနှင့်သမီးများက ကြီးကြပ်လုပ်ကိုင်နေသဖြင့် မိသားစုစားဝတ်နေရေးအတွက် ပူစရာမလို။ အများအကျိုး၊ တိုင်းပြည်အကျိုး ပရဟိတလုပ်ငန်းတွေအတွက် အချိန်ပေးနိုင်သူဖြစ်သည်။

"ကဲ ပြောပါဦး။ ကျွန်တော် ဘာများ အကူအညီပေးရမလဲ"

"ဒီလိုဗျ၊ ကျွန်တော် လာမယ့် ရွေးကောက်ပွဲမှာ ဝင်ပြီး အရွေးခံမလို့ အောင်မြင်ရအောင် ကြိုတင်ပြီး လုပ်သင့်တဲ့ အဓိဋ္ဌာန်တွေ၊ ယဉ်ကြာတွေလုပ်မယ်၊ ကျွန်တော့်အနေနဲ့ ယဉ်ကြာကို ဘယ်မြို့ 'ဘယ်ရွာ ဘယ်နေရာတွေမှာ လုပ်ရင် ပိုပြီးအောင်မြင်မလဲ သိချင်လို့ပါ"

"ဒါကလွယ်ပါတယ်ဗျာ၊ ခင်ဗျားရဲ့မွေးနံနဲ့ နဝင်းကျတဲ့မြို့၊ ရွာ၊ ရပ်ကွက်၊ ဘုရား၊ ကျောင်း၊ ဇရပ်၊ သိမ် စတဲ့ နေရာတွေမှာ အဓိဋ္ဌာန်တွေ၊ ယဉ်ကြာတွေလုပ်ရင် ပိုပြီးအောင်မြင်မယ်"

"ဘယ်လို နဝင်းကျတဲ့ မြို့ရွာ နေရာတွေလဲဗျ၊ ကျွန်တော်က နဝင်း ယဉ်ကြာလုပ်တာတို့ ကိုးနဝင်းပုံတီးစိပ်တာတို့ပဲ ကြားဖူးတာ"

"ကျွန်တော် ရှင်းပြပါ့မယ်၊ ခင်ဗျားပြောတဲ့ နဝင်းယဉ်ကြာမှာသုံးတဲ့ အတွင်းနဝင်း၊ အပြင်နဝင်းနံပါတဲ့ မြို့ရွာတွေမှာ ယဉ်ကြာလုပ်ရင် အောင်မြင်စေတယ်ဗျ။

ခင်ဗျားမွေးနံကနေ ခြောက်ခုမြောက်နံကို ဆပွတ်လို့ခေါ်တယ်၊ သုံးခုမြောက်နံကို တြိရန်းလို့ ခေါ်တယ်၊ ဆပွတ်နဲ့ တြိရန်းနံတွဲက အတွင်းနဝင်း၊ မွေးနံကနေ ငါးခုမြောက်နံကို ပဉ္စပွတ်လို့ ခေါ်တယ်၊ လေးခုမြောက်နံကို စတုရန်းလို့ ခေါ်တယ်။

ပဉ္စပွတ်နဲ့ စတုရန်းနံတွဲက အပြင်နဝင်းပဲဗျ၊ တောင်တွင်းဆရာတော် ခင်ကြီးဖျော်က အင်္ဂါဝိဇ္ဇာဦးကာကြီး ပထမတွဲမှာ သေချာဖော်ပြထားတယ်၊ ဆပွတ်ကို တြိရန်းအုပ်၊ ပဉ္စပွတ်ကို စတုရန်းအုပ်တဲ့ နံသင့် မြို့ရွာတွေမှာ နေအပ်တယ်၊ ယဉ်ကြာလုပ်အပ်တယ်လို့ ဆိုထားတယ်၊ ဆရာတော်က လက်နဲ့ တောင် ပြထားသေးတယ်။

ဘာတဲ့ 'နေ့ သူရဇ္ဈ၊ စသည် အမည်၊ အစဉ်တည်၍၊ သန်စည်ပင်းယ၊ တော်လှသံမို့၊ အုတ်ဖိုထုံသာ၊ ကြံသာအုန်းတော၊ ညံတောကြာအင်း၊ လေအင်းဆိတ်ကြို့၊ မင်းငုံလေ့ဆိပ်၊ ထက်အောက်ကြိတ်လျက်၊ နိမိတ်ပုံယူ၊ နံတူမြို့ရွာ ယဉ်ကြာသည် အောင်ရာရန်မျိုး ဝိဇ္ဇာတည်း' တဲ့"

"ကိုအောင်မင်းဟိန်းက တနင်္ဂနွေသားနော်"

"အင်း- ဟုတ်တယ်"

"ပို့ရှင်းသွားအောင် တနင်္ဂနွေသားသမီးအတွက် မွေးနံတိုင်နဲ့ နေ့ အလိုက် ယဉ်ကြာအောင်မယ်နေရာ နံတွဲ ဇယားပါ ဆွဲပြလိုက်မယ်"

"သဘောကတော့ဗျာ၊ တနင်္ဂနွေသားသမီးတွေအတွက် သောကြာနံအစ **အင်္ဂါနံအဆုံးနာမည်ရှိတဲ့ မြို့ရွာနေရာတွေက အတွင်းနဝင်း ကြာသပတေးနံအစ ဗုဒ္ဓဟူးနံအဆုံးနာမည်ရှိတဲ့ မြို့ရွာနေရာတွေက အပြင်နဝင်း၊ သာစည်မြို့နဲ့ ပင်းယမြို့ကို ဥပမာအနေနဲ့ပြောထားတာ။**

တနလ်သားသမီးတွေအတွက် စနေနံအစ ဗုဒ္ဓဟူးနံအဆုံးနာမည်ရှိတဲ့ မြို့ရွာ နေရာတွေက အတွင်းနဝင်း၊ သောကြာနံအစ ကြာသပတေးနံအဆုံးနာမည်ရှိတဲ့ မြို့ရွာနေရာတွေက အပြင်နဝင်းပဲ၊ ဥပမာ ဒလမြို့နဲ့ သီပေါမြို့ပေါ့ဗျာ။

အင်္ဂါသားသမီးတွေအတွက် တနင်္ဂနွေနံအစ ကြာသပတေးနံအဆုံးနာမည်ရှိတဲ့ မြို့ရွာနေရာတွေက အတွင်းနဝင်း၊ စနေနံအစ သောကြာနံအဆုံးနာမည်ရှိတဲ့ မြို့ရွာနေရာတွေက အပြင်နဝင်းပဲ၊ ဥပမာ- အမြင့်ဖြို့နဲ့ နှင်းသောက်မြို့ပေါ့ဗျာ။

ဗုဒ္ဓဟူးသားသမီးတွေအတွက် တနလ်ာနံ အစ သောကြာနံ အဆုံးနာမည်ရှိတဲ့ မြို့ရွာနေရာတွေက အတွင်းနဝင်း၊ တနင်္ဂနွေနံအစ စနေနံအဆုံးနာမည်ရှိတဲ့ မြို့ရွာနေရာတွေက အပြင်နဝင်းပဲ၊ ဥပမာ- ကသာမြို့နဲ့ အုန်းတောမြို့ပေါ့ဗျာ။

ကြာသပတေးသားသမီးတွေအတွက် အင်္ဂါနံအစ စနေနံအဆုံးနာ

"တနင်္ဂနွေသားသမီးအတွက်မွေးနံတိုင်"



www.burmeseclassic.com

www.burmeseclassic.com

"မွေးနေ့အလိုက် ယတြာအောင်မြင်နေရာနံတွဲဇယား"

မွေးနံ့	၁နွေ	၂လာ	၃ဂီ	၄ဟူး	၅တေး	၆ကြာ	စနေ
ဆပွတ်	၆	၀	၁	၂	၃	၄	၅
ကြိုရန်း	၃	၄	၅	၆	၀	၁	၂
ပဉ္စပွတ်	၅	၆	၀	၁	၂	၃	၄
စတုရန်း	၄	၅	၆	၀	၁	၂	၃

ပည်ရှိတဲ့ မြို့ရွာနေရာတွေက အတွင်းဝင်း၊ တနလ်ာနံ့အစ တနင်္ဂနွေနံ့အဆုံး နာမည်ရှိတဲ့ မြို့ရွာနေရာတွေက အပြင်နဝင်းပဲ၊ ဥပမာ- ညောင်တုန်းမြို့နဲ့ ကြာအင်းမြို့ပေါ့ဗျာ။

သောကြာသားသမီးတွေအတွက် ဘုဒ္ဓဟူးနံ့အစ တနင်္ဂနွေနံ့အဆုံးနာမည်ရှိတဲ့ မြို့ရွာနေရာတွေက အတွင်းနဝင်း၊ အင်္ဂါနံ့အစ တနလ်ာနံ့အဆုံး နာမည်ရှိတဲ့ မြို့ရွာနေရာတွေက အပြင်နဝင်းပဲ၊ ဥပမာ- ရွှေဦးမြို့နဲ့ စစ်ကိုင်းမြို့ပေါ့ဗျာ။

စနေသားသမီးတွေ အတွက် ကြာသပတေးနံ့အစ တနလ်ာနံ့အဆုံး နာမည်ရှိတဲ့ မြို့ရွာနေရာတွေက အတွင်းနဝင်း၊ ဘုဒ္ဓဟူးနံ့အစ အင်္ဂါနံ့အဆုံးနာမည်ရှိတဲ့ မြို့ရွာနေရာတွေက အပြင်နဝင်းပဲ၊ ဥပမာ- မိုးကောင်းမြို့နဲ့ လူးစ်မြို့ပေါ့ဗျာ"

"ခင်ဗျားပြောတော့ လွယ်လိုက်တာ၊ ဒါပေမဲ့ ကျွန်တော်က တနင်္ဂနွေသား ပင်းယမြို့ကိုသွားပြီး ယတြာလုပ်ဖို့ မလွယ်ဘူး၊ စစ်ကိုင်းမြို့မှာ သွားလုပ်ဖို့လည်း ရန်ကုန်နဲ့ကဝေးတော့ အဆင်မပြေနိုင်ဘူး"

"ဒါများ ဘာခက်လို့လဲဗျာ၊ အဲဒီမြို့တွေက ဥပမာအနေနဲ့ပြောတာပါ၊ ခင်ဗျားအတွက် ယတြာလုပ်ဖို့ အသင့်တော်ဆုံး အကောင်းဆုံးနေရာ' ကျွန်တော် တွေ့ထားတယ်"

"ဒါဆိုလည်း ပြောစမ်းပါဦးဗျာ၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ဆိုတဲ့ စကားပုံလို ပို့မယ့်ပို့လည်း လွတ်တော်ကိုယ်စားလှယ်ဖြစ်အောင် ယတြာအောင်မယ့်နေရာကိုသာ ပို့ပေးပါတော့ဗျာ"

"ရန်ကုန်တိုင်းဒေသကြီးထဲက လှည်းကူးမြို့နယ်ထဲမှာ ဘိုးရင်ကလေးရွာဆိုတာရှိတယ်၊ ကျွန်တော့်အဖေရဲ့ ဇာတိရွာဖြစ်လို့ ငယ်ငယ်က ကျောင်းပိတ်ရက်တွေမှာ နှစ်တိုင်းရောက်ဖြစ်တယ်၊ အခုလည်း အဆက်အသွယ် မပြတ်ပါဘူး၊ အဲဒီမှာ ဘုန်းကြီးကျောင်း ကျွန်းကျောင်းရှိတယ်၊ ရွာထိပ်နားမှာပဲ၊ အရင် ကျောင်းထိုင်ဆရာတော်ကြီးက ဦးဝိမလပဲ၊ ဆရာတော်ကြီးကတော့ မရှိတော့ဘူး၊ ပျံလွန်တော်မူသွားပြီ၊ ဆရာတော်ရဲ့ ရုပ်တုပဲရှိတော့တယ်၊ ဆရာတော် တရားအားထုတ်လို့ ဉာဏ်စဉ်ရသွားတဲ့ အောင်မြေနေရာမှာ ဒီနှစ် ၂၀၁၅ ခု၊ ဧပြီလထဲမှာပဲ ရန်အောင်မြင်ဘုရားတည်ထားတယ်၊ လျှပ်စစ်ဝန်ကြီးအဖွဲ့က မတည်ပြီး ရွာသူရွာသားအများစုပေါင်းတည်ခဲ့ကြတယ်၊ ဆရာတော် ပျံလွန်တော်မမူခင်က . . .

'ဒီရွာက သွားရေး လာရေး ကောင်းပြီး မြို့လို စည်ကားလာမယ်၊ ဉာဏ်စဉ်ရခဲ့တဲ့ အောင်မြေနေရာမှာ နိုင်ငံအကြီးအကဲတွေ ဘုရားတည်ပြီး အောင်မြေနင်းကြလိမ့်မယ်'လို့ မိန့်ကြားခဲ့တာ၊ ဟိုတုန်းက ရွာသွားရင် ကားလမ်းမရှိဘူး၊ မော်တော်တစ်မျိုးပဲ အားထားရတာ၊ အခုဆို ဆရာတော် မိန့်ကြားခဲ့သလို သွားရေးလာရေး လွယ်နေပြီ၊ လျှပ်စစ်မီးတွေလည်းရနေပြီး ကားလမ်းထွေလည်းပေါက်နေပြီ၊ လှည်းကူးတာဆုံကနေ ကားနဲ့သွားမလား၊ ဆိုင်ကယ်နဲ့သွားမလား၊ ကျောင်းဝင်းထဲအထိ ဆိုင်ကယ်တွေ၊ ကားတွေ သွားဖို့ရနေပြီ"

ဘိုးရင်ကလေးရွာ နာမည်က ကြာသပတေးနံ့အစ ဘုဒ္ဓဟူးနံ့အဆုံးပဲ၊ ခင်ဗျားလို တနင်္ဂနွေသားအတွက် အပြင်နဝင်းကျတဲ့ ယတြာအောင်မြေနေရာပဲ၊ နောက်ပြီး ရန်အောင်မြင်ဘုရားဘွဲ့တော်ကလည်း ဘုဒ္ဓဟူးနံ့အစ ကြာသပတေးနံ့အဆုံးဖြစ်လို့ ဘိုးရင်ကလေးနာမည်နဲ့ ကက်ကင်းတောင်မိနေသေးတယ်၊ အဲဒီဘုရားမှာ အဓိဋ္ဌာန်ဝင် ယတြာလုပ်လည်းရတယ်၊ ဒါမှမဟုတ် ကျောင်းဝင်းထဲမှာ ကိုးတောင်ပြည့်စေတီတစ်ဆူလည်းရှိတယ်၊ အဲဒီမှာ အဓိဋ္ဌာန်ဝင်ချင်လည်းရတာပဲ၊ ဘိုးရင်ကလေးရွာမှာ အဓိဋ္ဌာန်ဝင် ယတြာလုပ်ရင် ခင်ဗျားအောင်မြင်မှာပါ၊ ရန်ကုန်နဲ့လည်း သိပ်မဝေးတော့ နေ့ချင်းပြန်ပဲသွားသွား ဟိုမှာပဲညအိပ်အိပ် အဆင်ပြေလိမ့်မယ်။

ဘိုးရင်ကလေးရွာ ကျွန်းကျောင်းမှာ ကျောင်းထိုင်ဆရာတော် ဦးဥတ္တရရှိတယ်၊ သဘောကောင်းပါတယ်၊ ဆရာတော်ကို လျှောက်ပြီး အဓိဋ္ဌာန်ဝင် ယတြာလုပ်လို့ရပါတယ်၊ ဆရာတော်တကျောင်းဝင်းထဲမှာ ရွှေတိဂုံစေတီတော်ကြီးပုံစံတူ စေတီတစ်ဆူလည်း တည်နေတုန်းပဲ၊ ဘုရားတည်ဖို့ သင်္ခါပေါက်သလောက် နည်းများမဆို လှူဒါန်းနိုင်သေးတယ်၊ ဘုရားတည်တဲ့ အမြတ်ဆုံး ဒါနပြုဖို့ အခွင့်အရေး ပါရနေသေးတယ်"

"အခုလို အသေးစိတ်ရှင်းပြပြီး ယတြာအောင်မြေနေရာ လမ်းညွှန်ပေးတာ ကျေးဇူးအထူးပါပဲဗျာ"

ဟု ပြောကာ နှုတ်ဆက်ပြီး ကိုအောင်မင်းဟိန်း တစ်ယောက် ပြန်သွားပါတော့သည်။

စိတ်အတြေပေါက်ပါစေ၊ အဓိဋ္ဌာန်မြောက်ကြပါစေ၊ လိုရာဆန္ဒ ပြည့်ဝအောင်မြင်ကြပါစေရယ်လို့သာ. . .

အောင်ထြည်ထန်း(ဓောဝတော်ထီ)

❐

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ ပွင့်

ဒဂုန်တာရာသိန်း၊

ဗုဒ္ဓ၏ ဇာတ်ဝေဿန္တရ ဆယ်ဘဲ့နှင့် ဗေဒင်ဟောကိန်းများ

ငါးရာ့ငါးဆယ်ဇာတ်တော်လာ ဘုရားအလောင်းတော်၏ဘဝများသည် လောကီလူသားများ ကွက် ရှောင်ရှားဖွယ်ရာများ၊ အားကျဖွယ်ရာများ၊ အားတက်ဖွယ်ရာများအဖြစ် စံတစ်ခုအနေဖြင့် သတ်မှတ်ကြသည်။ ဝေဒပညာရှင်များကလည်း ဇာတ်ကြီးဆယ်ဘဲ့နှင့် ညှိနှိုင်းဟောပြောသည့်နည်းများကို ပြုစုလာကြသည်။

အဖျင်းကျောင်းကြီးဆရာတော် ရေးသားပြုစုတော်မူခဲ့သည့် 'ဗေဒကုဋ္ဌ မာလာ' အမည်ရှိကျမ်းတွင် ဇာတ်ကြီးဆယ်ဘဲ့အဟောကို တွေ့ရလေသည်။ ယင်းကို ဗုဒ္ဓဗေဒင်ဟု ရဟန်းရှင်လူတို့က ခေါ်ဝေါ်ကြောင်း ဆိုလေသည်။ အခြားဗုဒ္ဓဗေဒင်နည်းများလည်း ရှိပါသေးသည်။

ဇာတ်ကြီးဆယ်ဘဲ့ဟောကိန်း ဟောပြောနည်းတွင် -

ပထမနည်းမှာ-

မေးလာသူ၏စကားလုံးကို ရေတွက်၍ ဟောပြောနည်းဖြစ်သည်။ မေးလာသူ၏ စကားလုံးအရေအတွက်ကို တည်၍ (၁၀)နှင့်စား။ အကြွင်းကို 'တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ' ဆယ်ခုတွင် ကျရာက ဟောရသောနည်းဖြစ်သည်။

(၁) တေ - တေမိယဇာတ်တော်
(၂) ဇ - ဇနကဇာတ်တော်
(၃) သု - သုဝဏ္ဏသာမဇာတ်တော်
(၄) နေ - နေမိဇာတ်တော်
(၅) မ - မဟော်သဓေဇာတ်တော်
(၆) ဘူ - ဘူရိဒတ်ဇာတ်တော်
(၇) စန် - စန္ဒကုမာရဇာတ်တော်
(၈) နာ - နာရဒဇာတ်တော်

www.burmeseclassic.com

www.burmeseclassic.com

(၉) ဝိ - ဝိမူရဏတ်တော်
(၁၀) ဧဝ - ဧဝဿန္တရာဇာတ်တော်

ဥပမာ- ဗေဒင်မေးလာသူက 'ဒီနှစ်ထဲမှာ နိုင်ငံခြားကို သွားရမလား' ဟု မေးလာလျှင် စကားသံ (၁၂) လုံး ရသည်။ (၁၀) နှင့်စကားက အကြွင်း (၂) ရမည်ဖြစ်ရာ (ဇ) 'ဇနကဇာတ်တော်အဟော' ကို ဟောပြောရပေမည်။

ဥပမာ- ဗေဒင်မေးလာသူက 'စာမေးပွဲအောင်မလား' ဟုမေးလာလျှင် စကားသံ (၆) လုံး ရသည်။ (၁၀) နှင့်စကားက အကြွင်း (၆) ရမည်ဖြစ်ရာ (ဘူ) 'ဘူရိဒတ် ဇာတ်တော်အဟော' ကို ဟောပြောရပေမည်။

ဥပမာ- ဗေဒင်မေးလာသူက 'ဒီနှစ် ကျွန်တော် အိမ်ဝယ်နိုင်မလား' ဟု မေးလာလျှင် စကားသံ (၉) လုံး ရသောကြောင့် (၁၀)နှင့်စားလျှင် (၉)ကြွင်း၍ (ဝိ) 'ဝိမူရဏတ်တော်အဟော' ကို ဟောပြောရပေမည်။ 'လတ်တလောအဟော' ဟု ဆိုနိုင်သည်။ အမေး၊ အဖြေ ဟောကိန်းဟုလည်း ပြောနိုင်ပါသည်။ အဟောလက််နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို စာ့ဆောင်းပါးနောက်ပိုင်းတွင် ဖော်ပြထားပါသည်။ (လက််များကို မူရင်းအတိုင်း ဖော်ပြထားပါသည်)

ဒုတိယနည်းမှာ-

မေးလာသူ၏ မွေးသက္ကရာဇ် အစွန်း (၃) ဂဏန်းကို ကြည့်၍ ဟောနည်းဖြစ်သည်။ ဤနည်းမှာ 'ဖွားဇာတာ ဇာတ်တော်အဟော' ဟု ဆိုနိုင်သည်။ ဇာတ်တော်နှင့်ညှိနှိုင်း၍ ဘဝတစ်ခုလုံးကိုခြုံငုံ၍ ဟောသောနည်းဖြစ်ပေသည်။ 'မူလအဟော' ဟုလည်း ဆိုနိုင်သည်။ ဤနည်းမှာ ယေဘုယျအားဖြင့် အတော်ပင် မှန်ကန်ပါသည်။

ဥပမာ- ၁၃၀၇ ခုနှစ် မွေးဖွားသူကိုဟောလျှင် အစွန်း (၃) ဂဏန်းသည် (၇)ဖြစ်၍ (စ်) 'စန္ဒကုမာရဇာတ်တော်အဟော' ကို ဟောရပေမည်။

ဥပမာ- ၁၃၇၂ ခုနှစ် မွေးဖွားသူကို ဟောကြားနိမိတ်ဖတ်မည်ဆိုပါက အစွန်း (၃) ဂဏန်းသည် (၂) ဖြစ်၍ (ဇ) 'ဇနကဇာတ်တော်အဟော' ကို ဟောရ မည်ဖြစ်ပါသည်။

[အကယ်၍ မြန်မာမွေးသက္ကရာဇ် မသိသောသူများအတွက် ခရစ် မွေးသက္ကရာဇ်ရက်စွဲကို သိလျှင် မြန်မာသက္ကရာဇ်ရှာနည်းကို ရေးသားဖော်ပြအပ်ပါသည်။]

ဥပမာ- ၁၉၄၅ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် မွေးဖွားသူ၏ မြန်မာသက္ကရာဇ်ကို သိလိုပါက ခရစ်နှစ်မှ (၆၃၈) ကို နုတ်လိုက်ရပါမည်။ ၁၉၄၅-၆၃၈ = ၁၃၀၇ ခုနှစ်။ (ဤသည်မှာ ခရစ်နှစ်တစ်ခု၊ ဧပြီလ ၁၇ ရက်နေ့မှစ၍ ဒီဇင်ဘာလ ၃၁ ရက်နေ့အတွင်း မွေးဖွားသူများအတွက် ဖြစ်သည်။) (ဇန်နဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၁၆ ရက်နေ့အထိ မွေးဖွားသူများအတွက် ၆၃၉ ကို နုတ်ပါ။)

ဥပမာ- ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက် မွေးဖွားသူ၏ မြန်မာသက္ကရာဇ်ကို သိလိုပါက ၁၉၄၅-၆၃၉ = ၁၃၀၆ ခုနှစ်။

ဥပမာ- ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက် ဖွားမြင်သူအတွက် ၁၉၈၈-၆၃၈ = ၁၃၅၀။

တတိယနည်းမှာ-

မေးလာသူ၏ မွေးသက္ကရာဇ်နှင့် လက်ရှိရောက်ဆဲ သက္ကရာဇ်တို့ကိုပေါင်း၍ ရရှိသောဂဏန်းမှ အစွန်း (၃) ဂဏန်းကိုကြည့်၍ ဇာတ်တော်နှင့်ညှိပြီး ဟောနည်းဖြစ်သည်။ ဤနည်းလည်း အတော်မှန်ပါသည်။

ဥပမာ- ၁၃၀၇ ခုနှစ် မွေးဖွားသူကို သက္ကရာဇ် ၁၃၇၁ ခုနှစ်တွင် တွက်လျှင် ၁၃၀၇+၁၃၇၁= ၂၆၇၈ ရသဖြင့် အစွန်း (၃) ဂဏန်း (၈) ကိုကြည့်၍ 'နာရဒဇာတ်တော်အဟော' ကို ဟောရပေမည်။ သက္ကရာဇ် ၁၃၇၁ ခုနှစ်အတွက် ၁၃၀၇ ခုနှစ် ဖွားမြင်သူ၏ 'သက္ကရာဇ်တစ်နှစ်စာဟောကိန်း' ဖြစ်ပါမည်။

(သက္ကရာဇ်များကို အပြည့်အစုံချရေး၍ မတွက်ဘဲ (၃) စွန်းကိုသာ နှစ်မျိုးပေါင်း၍ (၃) စွန်းကို ကြည့်၍လည်း ဟောကိန်းထုတ်နိုင်ပါသည်။)

ဥပမာ- ၁၃၀၅ ခုနှစ် မွေးဖွားသူကို သက္ကရာဇ် ၁၃၇၁ ခုနှစ်အတွက် ဟောကိန်းထုတ်မည်ဆိုပါက မွေးသက္ကရာဇ် (၃) စွန်း (သုည) ကိုယူပြီး ၁၃၇၁ ခုနှစ်မှ ခုစွန်း (၁) နှင့်ပေါင်းပါက (၀+၁) မှာ (၁) ရမည်ဖြစ်၍ ၁၃၅၀ ခုနှစ် မွေးဖွားသူ၏ ၁၃၇၁ ခုနှစ်အတွက် (၁) (တေ) 'တေမိယဇာတ်တော်အဟော' ကို ဟောရပေမည်။

စတုတ္ထနည်းမှာ-

လွယ်ကူ၍ အသုံးလည်းများပါသည်။ မွေးသက္ကရာဇ် သိရန် မလွယ်ကူသူများအတွက်ရော၊ သိသူများအတွက်ပါ အားလုံးအတွက် လက်ရှိ ရောက်သက်ကိုသိလျှင် ဟော၍ ရပါသည်။

ဥပမာ- အသက် (၆၅) နှစ်ရှိသူကိုတွက်လျှင် အစွန်း (၃) ဂဏန်းမှာ (၅) ဖြစ်ရာ (မ) 'မဟော်သဓဇာတ်တော်အဟော' ကို ဟောရပေမည်။

ဥပမာ- အသက်(၂၁)နှစ်ရှိသူကိုတွက်လျှင် အစွန်း (၃) ဂဏန်းမှာ (၁) ဖြစ်ရာ (တေ) 'တေမိယဇာတ်တော်အဟော' ကို ဟောရပေမည်။

ဤနည်းလည်း မှန်ကန်ကြောင်း တွေ့ရပါသည်။ "ရောက်သက်ဟောကိန်း" ဟု ဆိုနိုင်သည်။

ဟောပုံဟောနည်း (၄) နည်းမှာ တစ်နည်းနှင့်တစ်နည်း ရှုပ်ထွေးမှုမရှိဘဲ သူဂုဏ်သတ္တိနှင့်သူ သီးခြားစီထွက်လာသော ဟောကိန်းများဖြစ်ပါသည်။

ပထမနည်းမှာ "လတ်တလောဟောကိန်း" ဖြစ်၍ ဒုတိယနည်းမှာ "မူလဟောကိန်း" ဖြစ်ပြီး တတိယ ဟောနည်းမှာ "သက္ကရာဇ်တစ်ခုအတွက် တစ်နှစ်စာဟောကိန်း" ဖြစ်ဏာ စတုတ္ထဟောနည်းမှာ "ရောက်သက်ဟောကိန်း" ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းအတွက် ရောက်သက်နှစ်များနှင့် သက်ရောက် ဇာတ်တော်ဇယားကို ဖော်ပြအပ်ပါသည်။

၁	တေ	၁	၁၁	၂၁	၃၁	၄၁	၅၁	၆၁	၇၁	၈၁	၉၁	တေမိယဇာတ်တော်
၂	ဇ	၂	၁၂	၂၂	၃၂	၄၂	၅၂	၆၂	၇၂	၈၂	၉၂	ဇနကဇာတ်တော်
၃	သု	၃	၁၃	၂၃	၃၃	၄၃	၅၃	၆၃	၇၃	၈၃	၉၃	သုဝဏ္ဏသာမဇာတ်တော်
၄	နေ	၄	၁၄	၂၄	၃၄	၄၄	၅၄	၆၄	၇၄	၈၄	၉၄	နေမိဇာတ်တော်
၅	မ	၅	၁၅	၂၅	၃၅	၄၅	၅၅	၆၅	၇၅	၈၅	၉၅	မဟော်သဓဇာတ်တော်
၆	ဘူ	၆	၁၆	၂၆	၃၆	၄၆	၅၆	၆၆	၇၆	၈၆	၉၆	ဘူရိဒတ်ဇာတ်တော်
၇	စန်	၇	၁၇	၂၇	၃၇	၄၇	၅၇	၆၇	၇၇	၈၇	၉၇	စန္ဒကုမာရဇာတ်တော်
၈	နာ	၈	၁၈	၂၈	၃၈	၄၈	၅၈	၆၈	၇၈	၈၈	၉၈	နာရဒဇာတ်တော်
၉	ဝိ	၉	၁၉	၂၉	၃၉	၄၉	၅၉	၆၉	၇၉	၈၉	၉၉	ဝိဓုရဇာတ်တော်
၀	ဝေ	၀	၂၀	၃၀	၄၀	၅၀	၆၀	၇၀	၈၀	၉၀	ဝေဿန္တရာဇာတ်တော်	

ဇာတ်ကြီးဆယ်ဘွဲ့ ဗုဒ္ဓဗေဒင်ဟောကိန်းများ

(၁) တေ- ထေမိယဇာတ်တော်သက်ရောက်ဟောကိန်း

တေ-အက္ခရာ ထွေလှတဲ့ ကုသိုလ်ကံ၊
အကျိုးပေးပေတဲ့၊ အေးဆေးစွာမစံရ၊
ဒုက္ခပူပန်။
ကိုယ့်ဌာနီ နေရင်းက၊ ကွေတွင်းဖို့ ကိန်းရောက်ပြန်၊
ကေန္ဒမလွဲ။
အသစ်ကိုမြင်၊ အဟောင်းသူမကြင်လို့။
အလုပ်ခွင် တစ်ဖုံပြောင်းမယ်၊
အောက်မေ့ကြဆဲ။ ။

တေမိယဇာတ်တော် သက်ရောက်ကာလတွင် ကုသိုလ်ကံမကောင်းလှသေးဘဲ ထူးထူးထွေထွေ ရွှဲရွှဲထွေးထွေးနိုင်ပေမည်။

ဘရာဏသီပြည် ကာသိကရာဇမင်းနှင့် မိဖုရားကြီး စန္ဒဒေဝီတို့၏သားတော် တေမိယမင်းသားမှာ ယုယခြင်းအမျိုးမျိုးကို စွန့်ပယ်လျက် တောထွက်တော်မူခဲ့သည့် ဇာတ်တော်ဖြစ်၏။

သားတော်ငယ်စဉ်က သူဦးလေးယောက်ကို မင်းကြီးက ပြစ်ဒဏ်ပေးသည်ကို မြင်ရ၍ မိမိ မင်းဖြစ်လာလျှင် အကုသိုလ်များမည့်အရေး တွေးကြောက်နေသောကြောင့် ဆွေ့အနားထိုင်းဟန်ဆောင်ရန် ရွေးဘဝကမိခင် ထီးဖြူတော်စောင့်နတ်သမီး၏ အကြံပေးချက်အတိုင်း လိုက်နာကျင့်ကြံပြုမူနေထိုင်ခဲ့သည်။

ထို့ကြောင့် တစ်နှစ်သားတွင် နို့တော်ထား၍၊ နှစ်နှစ်သားတွင် မုန့်ခဲဖွယ်နှင့်၊ သုံးနှစ်တွင် သစ်သီးဖြင့်၊ လေးနှစ်တွင် ကစားစရာ၊ ငါးနှစ် အစားအစာ၊ ခြောက်နှစ် မီးနှင့်ခြောက်လှန့်၍၊ ခုနစ်နှစ် ဆင်နှင့်၊ ရှစ်နှစ် ဖြွေဖြင့်၊ ကိုးနှစ် ကခုန်ပွဲ၊ ၁၀ နှစ် သိန်လျက်၊ ၁၁ နှစ် ခရုသင်းသံ ဆူညံစေ၍၊ ၁၂ နှစ် စည်သံဖြင့်၊ ၁၃ နှစ် အမှောင်ချ၍၊ ၁၄ နှစ် ခြင်ကိုက်စေ၍၊ ၁၅ နှစ် မစင်နံဖြင့်၊ ၁၆ နှစ် မီးဖိုနှင့်ကျပ်တင်၍၊ ၁၇ နှစ် ကာမဂုဏ်ဖြင့် နည်းမျိုးစုံစမ်းသပ်ပြီးနောက် စကားမပြောဆွံ့အနားမကြားဟု ဆုံးဖြတ်ပြီး မင်းကြီးက မင်းသားကို တွင်းတူးမြေမြှုပ်၍ သတ်စေခိုင်းရာ သချိုင်းတွင် အလောင်းတော်တေမိယ ရဟန်းပြု၍ ဘုရင်၊ မိဖုရားနှင့် ပြည်သူများကို တရားဟော တရားပြပြီး တောထွက်တော်မူသည်။

ဤသက်ရောက်ကာလတွင် ကုသိုလ်ကံ မကောင်းလှသေးပေ။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့တွင် အထိုက်အလျောက် အကျိုးပေးမှုများ ရရှိနိုင်သည်။ သို့သော် အေးဆေးတည်ငြိမ်စွာ ခံစား၊ စံစားရမည်တော့ မဟုတ်ပေ။ ပူပန်သောကများ ရှိနေနိုင်သည်။ ဒုက္ခများလည်း ရောက်ရတတ်သည်။

မိမိဌာနေမှာ မနေနိုင်ဘဲ တစ်ရပ်တစ်ရွာသို့ ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ပြောင်းရွှေ့ရတတ်သည်။ သို့မဟုတ် ပါက ခရီးရက်ရှည်များ ထွက်ရတတ်သည်။ ပိုင်ဆိုင်မှုများလည်း စွန့်လွှတ်ရတတ်သည်။ ရောင်းချရတတ်သည်။ ပေါင်နှံထားသောပစ္စည်းရှိလျှင် ဆုံးတတ်၏။ ချစ်သူခင်သူ၊ ဇနီး၊ ခင်ပွန်းနှင့် နားလည်မှု လွဲမှားနိုင်သည်။

အလုပ်အကိုင် ပြောင်းလဲရန် (သို့မဟုတ်) ပုံစံတစ်မျိုး ပြောင်းရန် ကြံစည်ရတတ်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနဒေသ ပြောင်းရတတ်၏။ ကုသိုလ်ကံထွေသော နှစ်ဖြစ်၍ ကုသိုလ်ကောင်းမှုနှင့် အစပျိုး နေထိုင်သင့်ပါသည်။ မိမိအား မယုံသင်္ကာဖြစ်ခြင်း၊ ထောက်လှမ်းမေးမြန်း စုံစမ်းခံရခြင်း ရှိနိုင်သည်။

မိမိအား အစမ်းအသပ်၊ အချော့အမြှူ အကျပ်အတည်းများနှင့် ကြုံရတတ်သည်။ အပေါင်းအသင်းကြောင့်လည်း လမ်းမှားနိုင်သည်။ ဆန္ဒမစောဘဲ သမာဓိရှိရှိနှင့် အေးဆေး တည်ငြိမ်စွာ လုပ်ဆောင်ပါက သက်ရောက်နောက်ပိုင်းကာလတွင် အောင်မြင်မှု ရနိုင်သည်။ ဂုဏ်သတင်းကြီးမည်။ ဤကာလတွင် လူကြီးမိဘ၊ ဆရာသမား၊ အကြီးအကဲတို့၏ အကဲစမ်းမှုများ ကြုံရတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၂) ဇ-ဇနကဇာတ်တော်သတ်ရောက်ဟောကိန်း

ဇ-အတ္ထ၊ အာဝဘွဲ့ ယောကျ်ားပါ။
ပင်လယ်တွင်း၊ သင်္ဘောတော်တစ်ချီပျက်ပေတဲ့၊
သက်မသေ ပြေကိုရသည့်နှယ်၊ ကိန်းကဖန်လာ။
အစဆိုးပေတဲ့၊ မြမျိုးတွဲ့သဏ္ဌာန်ပမာ၊
ညွှန်မှာပင်နစ်ဦး။
ရောင်မမှိန်၊ ပြောင်ထိန်ထိန်ဝါဝါဝင်းလို့ငယ်၊
လင်းမယ့်ရွှေဘုန်း။ ။

ဇနကဇာတ်တော် သက်ရောက်နှစ်တွင် မိမိသည် အခက်အခဲ၊ အကျပ်အတည်းကို ဖြတ်သန်းကျော်လွှားနိုင်သည့် သတ္တိရှိသူ၊ ဇွဲလုံ့လ၊ ဝီရိယရှိသူအဖြစ် "အာဝလူသား" ဟူ၍ အစွမ်းပြနိုင်မည့်နှစ် ဖြစ်ပါသည်။

မိထိလာပြည်တွင် မဟာဇနကမင်းကြီး၌ အရိဋ္ဌဇနက နှင့် ပေါလဇနက သားတော်နှစ်ပါးရှိရာ မင်းကြီးနတ်ရွာစံလွှင့် သားဇေတ် ထီးနန်းဆက်ခံပြီး ညီတော် အိမ်ရှေ့အရာရ၏။ ညီတော်နှစ်ပါး မသင့်မြတ်၍ စစ်ခင်းရာ အစ်ကိုကျဆုံးပြီး ညီတော်နန်းတက်၏။

မိဖုရားသည် ရွှေငွေပတ္တမြားတို့ယူ၍ စမ္ဘာနဂိုရ်ပြည်သို့ ပြေးရာ ဥဒဒိစ္စပုဏ္ဏားကြီးက စောင့်ရှောက်ထား၏။ မိဖုရားကြီးသည် မင်းကြီး၏ကိုယ်ဝန် ဖွားမြင်ရာ ဘိုးတော်၏အမည် မဟာဇနကဟု အမည်ပေး၏။ မင်းသားက မိခင်ကို မရမက မေးရာ အကြောင်းစုံသိရသည်။

၁၆ နှစ်တွင် ထီးနန်းကိုပြန်သိမ်းရန် မိခင်ထံမှ အရင်း အနှီးတောင်း၍ သုဝဏ္ဏဘူမိသို့ သင်္ဘောနှင့်ကုန်ကူးထွက်ရာ ပင်လယ်တွင်း လေပြင်းကျပြီး သင်္ဘောနစ်၏။ အားမလျှော့ဘဲ ခုနစ်ရက်ပတ်လုံးကူးရာ သမုဒ္ဒရာစောင့် မေခလာနတ်သမီး ဆယ်၍ မိထိလာပြည်ပို့၏။

ထိုအချိန်တွင် ပေါ်လဇနကမင်းကြီး နတ်ရွာစံပြီး သီဝလိဒေဝီသမီးတော် ကျန်ရစ်၏။ ဖုဿရထားစေလွှတ်ရာ မင်းသားထံ ရပ်တန့်သောကြောင့် ထီးဖြူမိုး၍ မင်းဖြစ်သည်။ လေးတော်တင်နိုင်ပြီး ရာဇလွှင် ခေါင်းရင်းညွှန်ပြနိုင်ကာ ရွှေအိုးကြီး ၁၆ လုံးကို ဖော်ထုတ်နိုင်၏။ သမီးတော်နှစ်သက်၍ ထိမ်းမြား၏။ မယ်တော်နှင့် ပုဏ္ဏားကြီးမိသားစုကို ခေါ်ဆောင် ခဲ့မြောက်၏။ ဘိုးတော် ဇနက၏ မြေးတော်ဖြစ်ကြောင်း သိကြရသည်။

ဘုရားအလောင်းတော် နေ့စဉ် လှူ၏။ သားတော် ဒီဃာဝု ၁၆ နှစ်သား ရောက်လျှင် မင်းကြီးထီးနန်းစွန့်၍ ရဟန်းဝတ်ပြီး တောထွက်ဓလသည်။

ဇနကဇာတ်တော် သက်ရောက်ကာလတွင် ကြုံစည် လုပ်ကိုင်နေသော လုပ်ငန်းများ ရန်သူမျိုးငါးပါးကြောင့် ပျက်စီးဆုံးရှုံးရတတ်သည်။ အကြောင်းမသင့်လျှင် မိမိအသက်အိုး အိမ်စည်းစိမ်ကိုပင် ထိပါးလာနိုင်သည်။ သို့သော် ဘေးရန် မရှိဘဲ ရတနာပုံဆိုက်သည့်ကိန်းမျိုးပင် ကြုံတွေ့နိုင်သည်။ သက်ရောက်နှစ်အဦးပိုင်း ဆိုးတတ်သော်လည်း နောက်ပိုင်း မိမိ၏သတ္တိ၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြောင့် ဘုန်းတန်ခိုးတောက်၍ ထင်ပေါ်ကျော်ကြားလာကာ အောင်မြင်နိုင်ပေသည်။

ဤနှစ်တွင် အခက်အခဲ၊ အတားအဆီးများက အားစမ်း စိန်ခေါ်ပေလိမ့်မည်။

မဟာဇနကမင်းသား၏ ဆင်ခြင်ပုံမှာ . . .

"ပညာဉာဏ် ရှိသောသူသည် ဆင်းရဲဒုက္ခရောက်သော်လည်း ချမ်းသာသုခ ရရှိရေးအတွက် ရည်မှန်းချက်ကို မစွန့်ရာ။ လောကဌ် ဆင်းရဲ ချမ်းသာသည် မကြာမကြာ တွေ့ရ၏။ ဆင်းရဲဒုက္ခရောက်ရသော်လည်း နောင်အခါ ချမ်းသာသုခကို တွေ့ကြုံရသည့် အလှည့်ရှိနိုင်ပေသည်။ မကြီစည်သော်လည်း ဖြစ်တတ်၏။ ကြီစည်သော်လည်း ပျက်တတ်၏။ ယောကျ်ားမှန်က ကြိုးစား အားထုတ်ရာ၏။ မပျင်းရိရ။ ထို့ကြောင့် ငါသည် သမုဒ္ဒရာထဲတွင် သင်္ဘောနစ်ရာမှ လွတ်မြောက်၍ မိမိအလိုရှိသည့်အတိုင်း ၎င် ဖြစ်ရပြီ။ ဤအချက်သည် ငါ၏ကိုယ်တွေ့ဖြစ်သည်

မိမိ၏ အချစ်ရေး၊ အိမ်ထောင်ရေးနှင့် စီးပွားရေးတို့တွင် ကြားစကားခြေထိုးမှု ကြုံရတတ်သဖြင့် သတိရှိသင့်၏။ ဇွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်၍ စိတ်ရှည်ရှည်ကြိုးစားပါက အောင်မြင်ရန် သေချာပါသည်။ မိမိအား ကူညီစောင့်ရှောက်၊ စောင်မကြည့်ရှုသူလည်း တွေ့ရတတ်သည်။ ဤနှစ်တွင် ရေခြားမြေခြားသို့လည်း ရောက်ရှိနိုင်၏။ အမွေဟောင်းများလည်း ရတတ်သည်။

(၃) သု-သုဝဏ္ဏသာမဇာတ်တော်သတ်ရောက်ဟောကိန်း

သု-သုဝဏ္ဏ၊ သာမတဲ့ကိန်းအလို၊
ဝမ်းရင်မှာ ဥပဒ်များငယ်၊ ပွားတတ်သကို။
စီးပွားလမ်းမှာဖြင့်၊ မှန်တိုင်းပါ့ပေါက်မယ်ဆို၊
ကြဲလိုကကြဲဖို့။
မကြံပေ၊ စီးပွားရွှေငွေတို့၊
ဒီရေလို အလိုလိုတိုးလိမ့်မယ်၊ ကျိုးကဒါန်လို့။ ။

ဤသက်ရောက်နှစ်သည် သုဝဏ္ဏသာမဇာတ်တော်တွင် ဗာရာဏသီပြည်၌ မြစ်တစ်စင်း၏ တစ်ဖက်စီ၌ တံငါရွာတို့ရှိကြသည်။ တစ်ဖက်ရွာမှ ဒုကူလနှင့် တစ်ဖက်ရွာမှ ပါရိကာတို့ မိဘများအချင်းချင်း၏ ကတိစကားကြောင့် လက်ထပ်ရာ သူတို့သည် ကိလေသာမှုကို မလိုလား၍ သန့်စင်စွာ နေကြ၏။

မိဘတို့၏ ခွင့်ပြုချက်ကြောင့် တောထွက်၏ ရသေ့အဖြစ် ငြဟ္မစိုရ်ကမ္မဋ္ဌာန်း ပွားများကြ၏။ သိကြားမင်း၏ တိုက်တွန်းမှုကြောင့် ချက်ကို လက်ဖြင့် သုံးသပ်၍ သုဝဏ္ဏသာမကို မွေးဖွား၏။

တစ်နေ့တွင် မိုးခိုရင်း ဒုကူလနှင့် ပါရိကာတို့ မြွေဆိပ်သင့်၍ မျက်စိကွယ်ရသည်။ ပီဋိယက္ခမင်းက မြားဖြင့်ပစ်သောကြောင့် ထိမှန်ဒဏ်ရာရသော်လည်း သုဝဏ္ဏသာမမှာ မိဘအပေါ် လုပ်ကျွေးပြုစုသည့် စင်ကြယ်သောစေတနာမူတို့

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် မိဘတို့သစ္စာဆိုရှိ မြားဆိပ်ပျောက်စေသည်။ မိဘနှစ်ပါးလည်း မျက်စိအလင်းရကြ၏။ စည်းစိမ်ကို ခံစားကြရသည်။ အဘိညာဉ်သမာပတ်ရ၍ အသက်အဆုံး၌ ဗြဟ္မာပြည်သို့ လားလေ၊ ၏။

သုဝဏ္ဏသာမကိန်း အလိုအရ ဤသက်ရောက်နှစ်၌ ဝမ်းနှင့်ရင်တွင်းရောဂါရကာ ဥပဒ်အနည်းနှင့်အများ ဖြစ်တတ်၏။ စီးပွားရေးစိတ်ကူးသစ်များ အကောင်အထည်ဖော်လိုက ဖော်နိုင်ရန် ညွှန်ပြနေပေသည်။ အကျိုးပေးသန်လှသောကြောင့် မိမိက မကြံစည်သည့်တိုင် စီးပွားဥစ္စာ၊ ရွှေငွေရတနာများ ဒီရေအလား တိုးတက်များပြား၍ ရရှိနိုင်ပေသည်။

ဤနှစ်သည် ကံကောင်းသည့် အသက်ပိုင်းခြား ဖြစ်ပါသည်။ လူကြီးမိဘများကို မမေ့လျော့ပါနှင့်။ ကန်တော့ပါ။ ဝတ်ကြီး ဝတ်ငယ် ပြုစုပါ။ ရဟန်းသံဃာတော်နှင့် ဆရာသမားများကို ဆေးဝါးလှူဒါန်းပြုစုခြင်းသည် ယခုကာလမည်ပါသဖြင့် မိမိလုပ်ရပ်များ အောင်မြင်၍ ထင်ရှား ကျော်စောလာနိုင်သည်။

မိမိတွင်မှုမထင်မှတ်သော အထင်မြင်လွဲများမှကြောင့် ရန်သူပုန်း ရှိလာနိုင်သည်ကို သတိပြုရမည်။ သို့သော်လည်း ရန်သူသည် မိမိ၏ဖြူစင်မှုကြောင့် မိတ်ဆွေဖြစ်လာနိုင်သည်။ ဤနှစ်တွင် မိဘများကို လုပ်ကျွေး၍ ထူးထူးကဲကဲ ကျေးဇူးဆပ်နိုင်မည်။ မိမိကို ချစ်ခင်သူ၊ ကူညီစောင်မ ကြည့်ရှုသူလည်း များပြားမည်။

(၄) နေ-နေမိဇာတ်တော်သတ်ရောက်ဟောကိန်း

နေ-မိမင်း၊ မှန်တင်းသို့ယောကျ်ားပါ၊
သူသီလာ၊ အာစာရငယ်ကြောင့်၊
သတ္တဒေဝါကာ၊ မနေသာ ပြေရွာပင့်တယ်၊
ကိန်းဖြင့်ကြုံလာ။
လူကြီးမိဘတို့၊ မစလိမ့်အခါခါ၊
မျက်နှာက ပွင့်လန်း။
ကြုံလိုက်၊ နှောင့်နှေးဘယ်မကြာနှင့်၊
မင်္ဂလာဇေယျတုငယ်၊ အောင်ဆုထူတ်ပန်း။ ။

နေမိဇာတ်တော်သက်ရောက်နှစ်တွင် မိမိ၏အကျင့်သီလ၊ ဇွဲ၊ ဝီရိယ၊ ဉာဏ်ပညာ၊ အကျင့်တရားများကြောင့် ဂုဏ်သိက္ခာတိုးတက်မြင့်မားမည်။ နေမိဇာတ်တော်တွင် နေမိမင်းကြီးသည် ဒါနကမြတ်သလော၊ သီလကမြတ်သလော တွေးတောကြံစည်ရာမရတဲ့ ရှိလျှင် သီကြားမင်းက သီလသည် သာမြတ်ကြောင်း ပုံပမာပြ၍ ရှင်းလင်းပေးတတ်၏။

နတ်အပေါင်းက ဂုဏ်သတင်းကြီးသော နေမိမင်းကို ဖူးမြော်လိုသည်ဟု တောင်းပန်သဖြင့် နတ်ပြည်သို့ ဆောင်ယူစေသည်။ မင်းကြီးအား ငရဲပြည်နှင့် နတ်ပြည်ကို မင်းကြီး၏ ဆန္ဒအရ ပြသလေသည်။

ငရဲပြည်အနီးမှ ဦးစွာ သွားလိုကြောင်း မာတလိနတ်သား၏အမေးကို မင်းကြီးဖြေရာ၊ ဦးစွာ "လူ့ဘဝက အားနည်းသူတို့ကို နှိုင်ထက်စီးနင်းပြုခဲ့၍ မိမိအာဏာ၊ စည်းစိမ်၊ လက်ဦးအားဖြင့် ညှဉ်းဆဲသူများရောက်ကြသည့် ဝေတရဏီဥဿဒရက် ငရဲ" ကို ပြသသည်။ ငရဲ စုစုပေါင်း ၁၅ မျိုးကို ပြ၏။

ထို့နောက် "သံယာတော်တို့ကို နေ့စဉ် ဆွမ်းကွေးလှူဒါန်း၍ ရောက်ရသည့် ဝိရဏီဘုံ" ကို ပြသသည်။ စုစုပေါင်း နတ်ဘုံခန်းဆယ်ဘုံကို ပြသပြီးနောက် တာဝတိံသာသို့ရောက်၏။ မင်းကြီးအား လူ့ပြည်သို့မပြန်ဘဲ နတ်ပြည်၌စိုးစံရန် ဖိတ်မန္တကပြုကြ၏။ မင်းကြီးက တရားစကားဟောပြောပြီး လူ့ပြည်ပြန်ခွင့် တောင်းလေ၏။

မင်းကြီး တိုင်းပြည်သို့ ပြန်ရောက်သော် ပြည်သူတို့မေးမြန်းသမျှ ရှင်းလင်းပြောပြ၍ တရားဟော ဆုံးမရာ လူအများလည်း အဆုံးအမလည်း တည်ကြလေသည်။ မင်းကြီးသည် တတိယအရွယ်တွင် ဆဲဖြူတစ်ချောင်း တွေ့ရလျှင် "ကာလရဋ္ဌ" အမည်ရှိသော သားတော်ကို ထီးနန်းလွှဲအပ်ကာ ရဟန်းပြုပြီး တောထွက်တော်မူလေသည်။

နေမိကိန်းအလိုအရ ဤသက်ရောက်ကာလတွင် ပညာထူး၊ ဥစ္စာထူးများ ရရှိနိုင်မည်။ သူတစ်ပါးပင့်ဖိတ်၍ စရိတ်ငြိမ်းဖြင့် မရောက်ဖူးသေးသည့်ဒေသ၊ နိုင်ငံရပ်ခြားသို့ သွားရကိန်းလည်းရှိသည်။ သူတစ်ပါး၏ အပူဇော်ခံရမည်။ လိုအင်ဆန္ဒကို နှောင့်နှေးကြန့်ကြာခြင်း မရှိဘဲ ပြည့်ဝမှု ရရှိမည်။

ဤအသက်ပိုင်းခြားတွင် အသောက်အစား၊ လောင်းကစားတို့ကို ပြုမိပါက ကံအခွင့်အလမ်းများ ပျောက်ကွယ်တတ်သည်ကို သတိပြုရမည်။ ယကြာအနေနှင့် အခက်အခဲတွေ့နေသူများကို မိမိတတ်နိုင်သမျှ ကယ်တင်ပါ။ ဤကောင်းကျိုးကို မုချခံစားရပါလိမ့်မည်။ ဥပုသ်သီတင်းသီလ ဆောက်တည်လိုစိတ်များ အလိုလို ဖြစ်ပေါ်လာမည်။

(၅) မ-မဟော်သဓာဇာတ်တော်သက်ရောက်ဟောကိန်း

မ-မဟော်သ၊ အကျော်ရမြတ်ပညာ၊
စကားအတွက်ကယ်ကြောင့်၊
တခြားထွက်ရန်၊ ကိန်းပုံဆိုက်ချေငဲ့၊
နားစိုက်လိုက်ပါ။
ခဏမုန်းပေတဲ့၊ မြဘုန်းရဲ့ပုံပမာလို့၊
ကြာလျှင်ဖြင့် အချစ်ထူး။
ကိုယ့်စကား၊ တရားတွေအကုန်အောင်လို့၊
လူ့ဘောင်မှာ ဂုဏ်ရည်နှစ်ကယ်၊ သစ်သစ်ထိန်ပြူး။

မဟော်သဓာဇာတ်သက်ရောက်နှစ်တွင် ပညာကြောင့် အကျိုးကျေးလူး ခံစားရမည်။ မဟော်သဓာဇာတ်တော်မှာ ပညာပါရမီနှင့်ပတ်သက်၍ ဟောကြားခဲ့သည်။ ဝိဒေဟမင်းကြီး၏ နေ့ပြည်တော်အရှေ့ဘက် ပါစီနယဝမဇ္ဈဂုံးရွာ သူဌေးမိသားစုမှ ပေါက်ဖွားသည်။

ဆုမနဒေဝီမှ ဖွားမြင်သောအခါ သီကြားမင်းတမ်းလာခဲ့သော ဆေးလုံးကိုင်၍ ဖွားမြင်သောကြောင့် မဟော်သဓာ

www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ အမည်မှည့်ခဲ့၏။ ခုနစ်နှစ်သားအရွယ်တွင် ထူးဆန်းသော ဇရပ်တစ်ဆောင်၊ ဖွားဖက်တော်များနှင့် ကြီးကြပ်ဆောက်လုပ်ခဲ့၏။

ငယ်စဉ်ကပင် အမှုများစွာ တရားစီရင်သည်။ မင်းကြီးလည်း မဟော်သဓာအား ခီးမြောက်လေသည်။ ဆယ့်ခြောက်နှစ်အရွယ်တွင် အမရာနှင့် လက်ထပ်သည်။ ဤသက်ရောက်ကာလတွင် ပညာဉာဏ်ကို အသုံးချသင့်သည်။ စီးပွားရေးဘက်၌ ကြဲဆောင်လုပ်ကိုင်ရာတွင် သမားရိုးကျမှ ဆန်းသစ်တီထွင်သော ကြံစည်မှုပြုရန် သင့်ပေသည်။ ဤနှစ်တွင် စကားအပြောအဆို ဆင်ခြင်ရန် လိုအပ်သည်။

ဇာတ်တော်တွင် အမတ်လေးယောက် အကောက်ကြံ၍ ကုန်းချောကြသောကြောင့် မင်းကြီးအမျက်ထွက်ရာမှ တစ်ပါးသူ၏ကွပ်မျက်ရန် ကြံစည်ခြင်းခံရသည့် မဟော်သဓာပညာရှိ ခေတ္တ တိမ်းရှောင်နေရလေသည်။ ညီလာခံတွင် "လျှို့ဝှက်အပ်သောစကားကို မည်သူအား ပြောသင့်သနည်း" ဟု မင်းကြီးက မေးရာ မဟော်သဓာက "မည်သူ့ကိုမျှ မပြောအပ်" ဟုဖြေဆိုရာမှ မင်းကြီးဘဝင်မကျဘဲ အထင်လွဲသောကြောင့် ပညာရှိမဟော်သဓာ ဒုက္ခကြီးစွာ ရောက်ရလေသည်။ မဟော်သဓာ ရင်ဆိုင်ရသည့် ပြဿနာများကို အမရာ ကူညီဖြေရှင်း၏။

ဤနှစ်တွင် တန်ခိုးအာဏာရှိသူတို့၏ အမြင်စောင်းခြင်း ခံရတတ်သောကြောင့် စကားအပြောအဆို သတိထားဆင်ခြင်သင့်သည်။ မိမိစကားကြောင့် တခြားသို့ ထွက်ခွာသွားရတတ်ကြောင်း အဟောလက်ာက ဖော်ပြနေသည်။ စကားကြောင့်လည်း ချစ်သူခင်သူနှင့် ခဏတာမုန်းကာ ခွဲခွာရတတ်သည်။ သို့ရာတွင် မကြာမီ အဆင်ပြေ၍ အောင်မြင်ချောမွေ့မည်။ မိမိဆိုစကားများလည်း ထင်ရှား၍ အောင်မြင်လာမည်။ အများအလယ်တွင် တင့်တယ်ထည်ဝါ၍ ဂုဏ်ရှိန်တိုးတက်မည်။

မိမိအတွက် ယခု အသက်ပိုင်းခြားတွင် အသိပညာ၊ အတတ်ပညာတစ်ခု တတ်မြောက်၍ တိုးတက်လာအောင် ကြဲဆောင် လုပ်ကိုင်သင့်သည်။ တရားတော်ကို သင်ယူဆည်းပူးခြင်း၊ လောကီပညာရပ်တစ်ခုခု သင်ကြားနိုင်ရန် သင်တန်းတက်ခြင်း၊ စာပေကျမ်းဂန် လေ့လာခြင်းများပြုလျှင် အောင်မြင်မှုများရရှိမည်။

ဤနှစ်တွင် သတိရှိရန်လည်း လိုသည်။ ဒေါသကို ထိန်းချုပ်နိုင်ရန်လည်း လိုအပ်သည်။ အပြိုင်အဆိုင်များကို မုချတွေ့ရမည်။ ခက်ခဲမှု၊ ပြိုင်ဆိုင်မှုများကို ပညာဉာဏ်နှင့် ကျော်ဖြတ်၍ အောင်မြင်နိုင်မည်။ ယခြာအဖြစ် ပညာသင်ကြားရေးတွင် အခက်အခဲ ကြုံတွေ့နေရသည့် လူငယ်တစ်ဦးဦးကိုဖြစ်စေ၊ ရဟန်းသံဃာတော် စာသင်သားတစ်ပါးပါးကိုဖြစ်စေ စာအုပ်စာတမ်းလှူဒါန်း၍ ဒါနပြုပါ။ (သို့မဟုတ်) ကလေးများတို့ စာအုပ်နှင့် စာရေးကိရိယာ ထောက်ပံ့လှူဒါန်းပါ။ မိမိပြုသည့် စေတနာကောင်းမှုအကျိုးကို ခံစားရပါမည်။

ယခုနှစ် အပိုင်းအခြားသည် လိုလျှင်ကြဲဆ နည်းလမ်းရှိ၍ အောင်မြင် မှုအထူးရရှိမည့်နှစ် ဖြစ်ပါသည်။

(၆) ဘူ-ဘူရိဒတ်ဇာတ်တော်သက်ရောက်ဟောကိန်း

ဘူ-အက္ခ၊ ပူရလိမ့်အခါခါ၊
ဘယ်လိုပင် သည်းခံခြားစေတော့၊
အများနှိပ်စက်ညှဉ်းတတ်တယ်၊
သွင်းမှတ်လိုက်ပါ။
တစ်ရပ်ကယ်တစ်ရွာ၊ ထွက်ခွာရပါလိမ့်ဦး။
မယားတကွဲရယ်နှင့်၊ သားခွဲကာတစ်ကိုယ်တည်းယေ၊
ဟီးချွေခွန်း။ ။

ဘူရိဒတ်ဇာတ်တော် သက်ရောက်နှစ်သည် ကံမကောင်းလှသေးသော နှစ်ဖြစ်သည်။ ဤနှစ်တွင် ပူပင်သောက ရောက်ရတတ်သည်။ မိမိက မည်မျှပင် သည်းခံစေကာမူ အများ၏ နှိပ်စက်ညှဉ်းပန်းဒဏ်ကို ခံရတတ်ကြောင်း သတိပေးချက်များနှင့် ပြည့်နှက်နေသည်။

ဇာတ်တော်တွင် ဘူရားလောင်း ဘူရိဒတ်နဂါးမင်းသည် နေသာဒပုဏ္ဏားကို ယုံစားခဲ့သည်။ သို့သော် ပုဏ္ဏားသည် ကျေးဇူးရှင်ကို ကျေးစွပ်၍ အလမ္ဘာယ်ဆရာလက်သို့ ပို့ခဲ့၏။ အလောင်းတော် သီလပျက်မည်စိုး၍ အမှတ်မထွက်ခဲ့။ ဥပုသ်မပျက်စေဘဲ သည်းခံသောကြောင့် အလမ္ဘာယ်ပုဏ္ဏားက ဖမ်းယူရိုက်ပုတ်၏။ အရပ်တကာလှည့်လည်၍ အလမ္ဘာယ် ပြစားခံခဲ့ရသည်။

ဤသက်ရောက်ကာလတွင် တစ်ရပ်တစ်ရွာသို့ ထွက်ခွာသွားရတတ်သည်ကိုလည်း သတိပြုရပေမည်။ မယားတကွဲ၊ သားတကွဲ မိသားစုနှင့်ခွဲခွာ၍ မိမိတစ်ကိုယ်တည်း စိတ်ညစ်ညူးဖွယ်ရာ ဟီးချွေ၍ နေရတတ်ကြောင်း သက်ရောက်အဟောလက်ာက ဖော်ပြနေသည်။ မိမိကျေးဇူးပြုခဲ့ဖူးသူ၏ ကျေးစွပ်ခြင်း ခံရတတ်သည်။ လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုခု၏ အသုံးချခြင်းခံရတတ်ကြောင်း သင်ခန်းစာပေး၍နေသည်။

စီးပွားရေးအခက်အခဲကြောင့် ဖြစ်စေ၊ စွန့်စား စီးပွားရှာလို၍ဖြစ်စေ နိုင်ငံရပ်ခြားသို့သွားလျှင် ကံမကောင်းအကြောင်းမသင့်ပါက တစ်ဖက်နိုင်ငံတွင် ရောင်းစားခံရနိုင်လေသည်။ ရပ်ဝေးမြေခြား အမျိုးကွဲများနှင့် ချစ်ခင်ကျွမ်းဝင်မှုရှိတတ်သည့်ကာလလည်း ဖြစ်ပေသည်။

ဇာတ်တော်တွင် ငြဟ္မဒတ်မင်းကြီးသည် သားတော်ကြီး အိမ်ရှေ့မင်းသားက အန္တရာယ်ပြုမည်စိုး၍ မိမိလွန်၌ ထီးနန်းစိုးစံစေဟု အရပ်ဝေးသို့ နှင်ပို့လေရာ တောင်ကြား၌ ရသေ့ဝတ်နေစဉ် နဂါးမနှင့်အကြောင်းပါဦး သားငယ်သာရနှင့် သမီးတော်သမုဒ္ဒဇာတို့ ဖွားမြင်လေသည်။ မင်းကြီးနတ်ရွာစံလျှင် နေပြည်တော်သို့ သားတော်၊ သမီးတော်ခေါ်၍ပြန်ကာ မင်းပြုသည်။ မိခင်နဂါးမကြီးက မလိုက်ဘဲ နဂါးပြည်သို့ ပြန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းကြီးသည် ပြည်သူ့ဆန္ဒကို မလွန်ဆန်နိုင်ဘဲ မလွဲမရှောင်သာသဖြင့် သမီးတော်သမုဒ္ဒဏာမင်းသမီးကို ဟရဏ နဂါးမင်းထံ ပို့ဆက်လေသည်။ သမုဒ္ဒဏာမိဖုရားသည် သားတော်လေးပါး ဖွားမြင်၏။ ဒုတိယသားတော်ဒတ္တသည် နဂါးပြည်ရှိပြဿနာ၊ နတ်ပြည်ရှိပြဿနာတို့ကို ဖြေဆိုနိုင်သဖြင့် မြေကြီးနှင့်အမျှ ပညာကြီးမားသည်ဟုဆိုကာ ဘူရိဒတ္တဟူသော အမည်ကို သိကြားမင်းက ပေးလေသည်။

ဘူရိဒတ်သည် လူပြည်သို့သွား၍ တရားအားထုတ်ရာမှ အလမွာယ်ဆရာလက်သို့ သက်ဆင်းရသည်။ အထူးသတိပြုရန်မှာ မိမိက ကျေးဇူးပြုထားပါသော်ငြားလည်း ကျေးဇူးကန်း၍ မိမိကို သစ္စာဖောက်မှုနှင့် ကြံတွေ့ရတတ်သည့် အတွက် မိမိက တရားကျင့်လည်း မိမိနှင့်ပတ်သက်သူတိုင်း မိမိကဲ့သို့မဟုတ်ကြောင်း သဘောပေါက်နားလည်ပြီး အစစအရာရာတွင် သတိရှိရန် လိုအပ်ပေသည်။

မိမိအား ဗန်းပြပြီး ချန်တန်းတင်၍ သူတစ်ပါးက ကိုယ်ကျိုးရှာခြင်းလည်း ရှိနိုင်သည်။ ဤကာလ၌ မိမိ၏ဆန္ဒနှင့် မျှော်လင့်ချက်များသည် အကောင်အထည်ပေါ်လာရန် အချိန်လိုနေသေးသည်။ ဤအသင်္ခိုင်းခြားတွင် မိတ်ဆွေအတုနှင့် မိတ်ဆွေအစစ်ကို ခွဲခြားသိမြင်နိုင်ရန် သတိပေးလမ်းညွှန်နေသည်။

ဘူရိဒတ်အလောင်းတော်၏ အစ်ကို သုဒဿနကလူပြည်သို့၊ ညီတော် ကာဏာရိဋ္ဌသည် နတ်ပြည်သို့ သုဘောဂသည် ဟိမဝန္တာသို့ ကာဝန်ခွဲ၍ ဘူရိဒတ်ကို ရှာဖွေကြ၏။ သုဒဿနသည် ညီတော် ဘူရိဒတ်ကို ရှာဖွေရန် ရည်ရွယ်ချက်ဖြင့် လူပြည်သို့ထွက်ခွာလာရာ ဘူရိဒတ်နဂါးမင်းကို အလွန်ချစ်ခင်သော နှမတော်မင်းကွဲ အဇမုခီနဂါးမသည် ဖားအသွင်ဖြင့် ရည်ရွယ်ဆံကျစ်ကြိုး၌ လိုက်ပါလေသည်။

သုဒဿနသည် ဘူရိဒတ် တရားအားထုတ်ရာ နေရာကို ဦးစွာလိုက်၍ အလမွာယ်ဖမ်းကြောင်းသိလျှင် ရွာစဉ်လျှောက်ပြီး လိုက်လေသော် တရားဏသီမင်း၏ နန်းအိမ်တော်သို့ရောက်၏။ ထိုအခါ၌ ဘုရင့်အမိန့်အရ အလမွာယ်နန်းရွှင်ပြင်တွင် ပြလျက်ရှိသည်။

ဘူရိဒတ်က အစ်ကိုကို မြင်လျှင် ရည်ရွယ်ရာ သွား၍ ခြေဖမိုးပေါ် ခေါင်းတင်ကာ ငိုကြွေးလေသည်။ အလမွာယ်၏ မြွေနှင့် မိမိ၏ဖား တိုက်စေမည်ဟု စိန်ခေါ်၍ ပြိုင်ကြ၏။ အလမွာယ်ပုဏ္ဏား ဖားဆိပ်အဲ့သင့်ပြီး ကိုယ်အရေကွက်၍ ဖြူလေရာ ထိတ်လန့်၍ နဂါးမင်းကို လွှတ်လေသည်။

ထိုအခါမှ ဘူရိဒတ်နှင့် သုဒဿန၊ အဇမုခီတို့လည်း နဂါးအသွင်ကိုဖော်ကြလျက် မိမိတို့သည် တရားဏသီမင်းကြီး၏သမီး သမုဒ္ဒဏာနှင့် တရဏနဂါးမင်းတို့မှဖွားမြင်သော သားတော်များနှင့် တူမတော်များဖြစ်ကြောင်းပြောပြ၍ မင်းကြီးလည်း မိမိခမည်းတော်၏သမီး၊ မိမိနှမတော်၏အဆက်အနွယ်များဖြစ်ကြောင်း သိ၍ ကောင်းစွာ ပြုစုလေသည်။ သာဂရမင်းကြီးက မိမိခမည်းတော်သည် မိမိအား ပြည်ကိုအပ်၍ တော ထွက်ရဟန်းပြုနေကြောင်းပြော၏။ ဘူရိဒတ်လည်း သီလ စောင့်လျက် သေဆုံးသော် နတ်ပြည်၌ဖြစ်လေသည်။

ဤသက်ရောက်ကာလတွင် ဝေးကွာနေသော ဆွေမျိုးသားချင်းများ ပြန်လည် ဆုံတွေ့ရတတ်သည်။ ဘူရိဒတ်ဇာတ်တော်အရ မိမိ၏ စိုးရိမ်စိတ်လွန်ကဲမှုမှ အခြေခံ၍ မိတ်ဆွေအတုကြောင့်၊ သူတစ်ပါးလှည့်ဖြားမှုဖြင့် ဒုက္ခရောက်တတ်သည်ကို သတိရှိရန်လိုပါသည်။ မိမိပြုရမည့်ယဉ်ကြေသီလခံယူပြီး အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူရွတ်ဆိုရန် ဖြစ်ပါသည်။

(၇) စန်-စနကုမာရဇာတ်တော်သက်ရောက်ဟောကိန်း

စံ-အက္ခ။ အမှန်ပါ့ဟောလိုက်မည်၊
တစ်ပါးသူ မျက်မာန်ထောင့်ပါလို့၊
နှောင့်ယှက်တတ်သည်။
အချုပ်ခန်း။ ထောင်တန်းတဲ့ကျလိမ့်မည်၊
တည်တည်ကွယ့်မှတ်စွဲ။
ကြည်မပြောင်၊
သည်တောင်ကို ကျော်အောင်တက်နိုင်က၊
အနုပ္ပဲရတနာမျိုးငယ်နှင့်၊ တန်ခိုးရှိန်တေဇာတို့၊
ဝေဆာဆာ သေချာ ကောင်းပါလိမ့်မတွယ်၊
လောင်းစန္ဒပဲ။ ။

ဤသက်ရောက်နှစ်သည် ကံခသောနှစ်ဖြစ်သည်။ စနကုမာရဇာတ်တော်မှာ ကေရာဇမင်းကြီး၏သားတော် စနကုမာရမင်းသားသည် အိမ်ရှေ့အရာ ရ၏။ ခဏ္ဍဟာလပုဏ္ဏားသည် လွတ်သဘင်တွင် တရားဆုံးဖြတ်ရာ လာဘ်စားသဖြင့် တရားကို အလွဲအမှား စီရင်လေ့ရှိလေသည်။

အလောင်းတော် စနကုမာရမင်းသားကို ပြည်သူများ ကတိုင်ကြားရာ ပုဏ္ဏား၏ တံစိုးစား၍ မတရားစီရင်ပုံကို မင်းသားကဖော်ထုတ်သည်။ ပြည်သူပြည်သားတို့ ဝမ်းမြောက်လျက် အော်ဟစ်ကောင်းချီးပေးကြလေသည်။

မင်းကြီးကြားလျှင် ခဏ္ဍဟာလကို ရာထူးမှချကာ စနကုမာရမင်းသားအား လွှတ်သဘင်သို့တက်၍ တရားဆုံးဖြတ်စေလေသည်။ ပုဏ္ဏားလည်း ထိုနေ့မှစ၍ မင်းသားကို နှိပ်စက်ရန် ကြံစည် အပြုံးဖွဲ့လေသည်။ ဆင်တော်၊ နွားလား ဥဿဘ၊ အာဇာနည်မြင်း စသည်တို့ကို တစ်မျိုးလေးခုစီ သတ်လျက်၊ လည်ချောင်းသွေးကို ယဇ်ပုရောဝါက အရှင်လတ်လတ် နတ်ပြည်ရောက်မည်ဟု ခဏ္ဍဟာလပုဏ္ဏား၏ အကြံပေးချက်ကို လက်ခံလေ၏။

သားတော်၊ သမီးတော်၊ မိဖုရား၊ သူဌေး စသည်လေးဦးစီ ဖမ်းဆီးစေသည်။ ဆင်တော်၊ မြင်းတော်၊ နွားလား ဥဿဘတို့ကိုလည်း စီစဉ်စေ၏။ ခဏ္ဍဟာလပုဏ္ဏား၊ ရွှေဥာဏ်ကို မင်းသားစနကုမာရ၏ လည်အောက်၌ခံ၍ သန်လျက်ကို ငါးကာ၊ ရှင်လေ၏။ ထိုစဉ် သိကြားမင်း ရောက်လာပြီး ရိုးရိုးတောက်သော လုံတံကိုလှည့်လျက် . . .

www.burmeseclassic.com

www.burmeseclassic.com

"မင်းသားကို မသတ်သင့်၊ လွှတ်လော့" ဟု ခြိမ်းခြောက်ပြောဆို တားဆီးလေ၏။ အားလုံး အနှောင်အဖွဲ့မှ လွတ်မြောက်ကြသည်။

ပြည့်သူ့အပေါင်း စုရုံးကြပြီး တစ်ယောက်လျှင် အုတ် တစ်ခဲနှင့် ပြည်သူ့ခဲဒဏ် မှန်၍ ခဏ္ဍဟာလပုဏ္ဏား သေလေ၏။ ဧကရာဇ်မင်းကြီးကိုပါ သတ်မည်ပြုရာ မင်းသား တောင်းပန်တားဆီးသောကြောင့် မင်းကြီးကို ဒွန်းစဏ္ဍား အဖြစ်နှင့် တိုင်းပြည်မှ မောင်းနှင်ထုတ်လိုက်ကြလေသည်။ လူထုကြီးက အလောင်းတော် စန္ဒကုမာရမင်းသားအား တစ်ခဲနက် မင်းတင်မြှောက်၍ ထီးနန်း လွှဲအပ်ကြသည်။ ပြည်သူဆန္ဒနှင့်အညီ တရားသဖြင့် အုပ်ပိုး၍ အသက်ထက်ဆုံး၌ နတ်ရွာသို့ လားရလေးသည်။

ဤသက်ဧရောက်နှစ်တွင် မတရားမှုကိုထုတ်ဖော်၍ အမှန်တရားကိုပြောကြားတတ်သောကြောင့် ရန်ငြိုးဖွဲ့ခြင်း ခံရတတ်သည်။ သူတစ်ပါး၏ မတရားကြဲစည်ခြင်း၊ ကုန်းတိုက်ခံရခြင်း၊ အမှုဆင်၍ ပုံကြီးခဲ့ခြင်း၊ မင်းပြစ်မင်းဒဏ် သင့်စေခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ တရားဥပဒေနှင့် မလွတ်ကင်းသော အလုပ်ကို ရှောင်ကြဉ်ရန်လိုသည်။

တန်ခိုးအာဏာရှိသူတို့၏ ကိုယ်ကျိုးကိစ္စတွင် ဓားစာခံဖြစ်ရတတ်သည်။ ပညာမဲ့သောသူများနှင့် ထိပ်တိုက်တိုးမိနိုင်သည်။ ကံအကြောင်းမလှလျှင် အချုပ်ခန်းနှင့် ထောင်တန်းကျနိုင်သည်ဟု အဟောလက်ာတ ဖော်ပြနေသည်။

လုပ်ငန်းကိုင်ငန်းများလည်း အနှောင့်အယှက် မကင်းဘဲ နှောင့်နှေးနိုင်သည်။ အခက်အခဲ၊ အတားအဆီး၊ ပိတ်ပင်မှုများ ကြုံတွေ့နိုင်သည်။ အရာရာတွင် ပညာဉာဏ်နှင့် ဆင်ခြင်ကာ သတိရှိရှိ နေထိုင်သင့်သည်။ အပြောအဆို အနေအထိုင် လှုပ်ရှားဆောင်ရွက်မှုတို့ ကျစ်လျစ်ရန် လိုသည်။ သမာဓိရှိ၍ တည်ကြည်ရင့်ကျက်ပါ။ လုပ်ငန်းများတိုးချဲ့ခြင်း၊ အသစ်စတင်ခြင်း မသင့်သေးပါ။ ပညာရှိကို ဆည်းကပ်ရန်လိုသည်။ တရားရှိရန်၊ သီလစောင့်ထိန်းရန် လိုအပ်သည်။ ခက်ခဲသော အတားအဆီး အတိုက်အခံများကို ကျော်လွှားအောင်မြင်နိုင်လျှင် မိမိအတွက် သက်ရောက် နှောက်ပိုင်းကာလများတွင် သိက္ခာဂုဏ်ရှိန် မြင့်တက်၍ လူအများ၏ ကူညီထောက်ခံ အားပေးမှုရပြီး ဥစ္စာပစ္စည်း၊ ဆုတံဆိပ်၊ တန်ခိုးအာဏာများ ရရှိနိုင်ပါသည်။

(၈) နာ-နာရဒဇာတ်တော်သက်ရောက်ဟောကိန်း

နာ-နာရဒ၊ ဇာတာဇကိန်းအလို၊
တန်ခိုးဂုဏ် တေဇာမျိုးငယ်၊ တိုးလိမ့်မကို။
ကိုယ့်သဘောရယ်နှင့်၊ ပြောတိုင်းပါ့လိုက်မယ်ဆို၊
ထိုထိုကွယ့် လူအများ။
မြန်တိုင်းဘောင်၊
ကြဲတိုင်းဘောင် ဆောင်လျှင်မြောက်မယ်၊
ဘုန်းတောက်ယောတျာ်း။ ။

နာရဒဇာတ်တော်ကာလသည် အတွေးအခေါ်၊ အယူအဆ လွဲမှားနိုင်သော ကာလဖြစ်သည်။ ထိုသို့ လွဲမှားသော အတွေးအခေါ်ဒဿနကို ကိုင်စွဲထားလျှင် လုပ်ဆောင်မှုများလည်း အတိုင်းအဆမရှိ လွဲချော်နိုင်ပေသည်။ သို့မဟုတ်လျှင်လည်း ထိုသို့ လွဲမှားနေသောသူအား မိမိက ဖျောင်းဖျတရားချရတတ်ပေသည်။

နာရဒဇာတ်တော်တွင် မိထိလာပြည်၌ အင်္ဂတိမင်းကြီး အုပ်ပိုးသည်။ မင်းကြီးသည် တရားနှင့်ပြည်စုံ၏။ အလှူအတန်းရက်ရောသော သမီးတော်ရုဇာဒေဝီရှိသည်။ မင်းကြီးသည် အမတ်များ၏ လွဲမှားသောအကြံဉာဏ်ကို လက်ခံမိပြီး၊ အလာတအမတ်ကြီးညွှန်သော မိဂဒါဝုန်တော၌ အဝတ်မဝတ်သည့် "ကဿပ တထာဂတ" သွားတွေ့၍ ကိုးကွယ်ဆည်းကပ်မှုများယွင်းလေ၏။

ထို့နောက် လွဲချော်သော လုပ်ဆောင်မှုများကို ဆိုးဆိုးဝါးဝါး ကျူးလွန်မိလေသည်။ တထာဂတနိုးက . . .

"တရားကျင့်လျှင် အကျိုးမရှိ၊ တမလွန်ဆိုတာ မရှိ၊ အမိအဖ၊ ဆရာ မရှိ၊ အလှူ၌ အကျိုးမရှိ၊ မကောင်းမှု အပြစ်မရှိ၊ လောကၻ မြဿောအရာ မီး၊ မြေ၊ ၎ရေ၊ လေ၊ ချမ်းသာ၊ ဆင်းရဲ၊ အသက် ဟူ၍ ၇ ပါးရှိသည်။ လူအားလုံး ၈၄ ကမ္ဘာပြည့်က စင်ကြယ်၏။"

ထိုစကားကို မင်းကြီးယုံကြည်ပြီး နန်းရေပြည်မှုကို အမတ်များနှင့်လွှဲကာ အထူးထူးသော ကာမဂုဏ်အရသာကို ခံစားလေ၏။ အလှူဇရပ်တို့ကို ဖျက်ဆီး၍ မိန်းမယိုတို့ကို အတင်းအဓမ္မ အနိုင်အထက် သိမ်းယူသဖြင့် တစ်နိုင်ငံလုံး မကျေမနပ်ဖြစ်ကြလေ၏။ သမီးတော်ရုဇာဒေဝီက အမျိုးမျိုး တရားပြ ဖျောင်းဖျနားချသော်လည်း မရဘဲ ရှိ၏။ ပြည်သူပြည်သားများမှာလည်း မင်းကျင့်တရားနှင့်မညီသော အင်္ဂတိမင်းကြီး၏ လုပ်ရပ်များကြောင့် ဒုက္ခအမျိုးမျိုး ခံစားနေကြရသည်။

ထိုအခါ ရုဇာမင်းသမီးသည် ခမည်းတော်အား ဆုံးမ၍မရလေသော် " တရားစောင့်မသော လူနတ်ပြဟ္မာတို့သည် ခမည်းတော်အား ချေချွတ်ဟောပြောတော်မူပါ" ဟု လက်အုပ်ချီ၍ အဓိဋ္ဌာန်ပြုသည်။ ထိုအချိန်တွင် ဘုရားလောင်းသည် နာရဒပြဟ္မာဖြစ်လေရာ အင်္ဂတိမင်းကြီးအား အယူမှားကိုပယ်စေနိုင်ရန် ရသေ့အသွင်ဆောင်လျက် ကောင်းကင်ခရီးမှ စွာန်ပျံကြွလာပြီး တရားပြ နားချမှသာ မင်းကြီးအသိတရား ရလေသည်။

"မင်းကြီးသည် အစားအသောက် အဝတ်တန်ဆာတို့ကို အလိုရှိသူတို့အား ပေးကမ်းလော့။ အိမ်အို၊ မြေယာ၊ အလှူဇရပ်၊ နွားမြင်း၊ သားမျိုးသမီးမျိုးတို့ကိုလည်း မပျက်စီးစေလင့်၊ အခွန်အတုပ်နှင့်လည်း လူတို့အား မနိုင်ဝန် မထမ်းစေနှင့်၊ တန်ခိုးအာဏာနှင့်လည်း လူတို့အား မနှိပ်ကွပ်သင့်၊ အိုးမစ္စမ်းရှိသော အမှုထမ်းတို့ကို ရွေးကဲ့သို့ မျိုးရိုးကျအပြတ် ပေးလော့" ဟု ဆုံးမ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ယဉ်ကျေးသော နှလုံးဖြင့် နိဗ္ဗာန်ကို ဆောင်နိုင်ကြောင်း၊ ရမ္မတ်ကြီးခြင်းသည် အပါယ်သို့ သွားရာ မကောင်းသော ခရီးဖြစ်၍၊ ကိုယ်စိတ်နှလုံး စောင့်သုံးခြင်းသည် ဖြောင့်သော လမ်းဖြစ်ကြောင်း၊ အာရုံငါးပါး၌ ပညာဖြင့် မတိမ်းစောင်းအောင်ထိန်းမှသာ ငရဲကင်းဝေးမည်ဖြစ် ကြောင်း" တရားပြလေသည်။ ထို့နောက် ရွှေဇာမင်းသမီးအား ချီးမွမ်း၍ မိဖုရားခွေရံ၊ ပရိသတ်ပြည်သူတို့အားလည်း ဆုံးမကာ ငြဟ္ဘာပြည်သို့ ပြန်လေသည်။

ဤနှစ်တွင် အပေါင်းအသင်း မိတ်ဆွေများကြောင့် မှားယွင်းလာနိုင်သည်ကို သတိရှိရန်လိုသည်။ ကိုးကွယ်ဆည်းကပ်မှု မှားယွင်းပြီး ယုံကြည်မှုလမ်းစဉ်စောင်း၍ သွားနိုင်သည်။ သောက်စားမူးယစ်ခြင်း၊ အပျော်အပါး၊ အလောင်းအစားစသည့် လွဲမှားသောအရာများ လုပ်မိလာစေရန် အသိုင်းအဝိုင်း ပတ်ဝန်းကျင်က ဖန်တီးပို့ဆောင်လာနိုင်သည်ကို သတိထား ရှောင်ရှားရန်လိုသည်။

အတွေးအခေါ်၊ အယူအဆ မှားယွင်းပါက လုပ်ဆောင်မှုများလည်းလွဲချော်၍ အသိတရားနှင့် သတိစကား လွယ်တတ်၏။ အကယ်၍ သာ မိမိ၏အတွေးအခေါ်နှင့် လုပ်ရပ်များ မှန်ကန်မှုမရှိပါကမူ အစစအရာရာ အဆင်ပြေချောမွေ့၍ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်မည်။

မိမိ ပြောစကားများ အောင်မြင်မည်။ မိမိက သူတစ်ပါးတို့ တရားပြ နားချ ဆုံးမရခြင်းရှိနိုင်သည်။ မိမိလည်း အောင်မြင်မှုများစွာရရှိပြီး ဂုဏ်သိက္ခာမြင့်မားလာ၍ ထင်ရှားကျော်ကြားလာမည်။ တန်ခိုးဩဇာတက်မည်။ ဇာတ်တော် အဟောလင်္ကာက ထိုအတိုင်း ဖော်ပြထားပေသည်။

(၉) ဝိ-ဝိဓူရဇာတ်တော်သက်ရောက်ဟောကိန်း

ဝိ-ဓူရ၊ ဇာတာဏ ရောက်ခဲ့ပြန်၊
အထင်လွဲသော်ကြောင့်၊
တနဲကွယ် အပူတွေ့တတ်တယ်၊
ဟောလေ့ဝေဖန်။
သို့ပင်ဖြစ်သော်လည်း၊ မညစ်တဲ့ဂုဏ်အလှ၊
တန်တန်ကွယ့်တောက်မည်စွဲ။
ကြွကြွငယ်ဆူ၊ ခဏပူသည်သဘောငယ်၊
ပြောပလောက်ပဲ။ ။

ဝိဓူရဇာတ်တော် သက်ရောက်သော ကာလသည် အထင်မှားအမြင်မှား၊ အထင်လွဲ အမြင်လွဲတတ်သော ကာလဖြစ်သည်။ "ဝရုဏနဂါးမင်း" က ဝိဓူရပညာရှိအကြောင်း ချီးကျူး၍ ပြောပြသောအခါ မိဖုရားလည်း ဝိဓူရသုခမိန်၏ တရားဓမ္မကို နာယူလိုရှိ၍ "ဝိဓူရ၏ နှလုံးသားကို ရမ္မသာအသက်ရှင်မည်" ဟူ၍ စကားသွယ်၍ ပြောရာမှ အဓိပ္ပာယ်ကောက် လွဲချော်ရတော့သည်။

ဤနှစ်တွင် အဓိပ္ပာယ်ကောက် အယူလွဲသောကြောင့် နစ်နာဆုံးရှုံးမှုဒဏ်ကို ခံရတတ်ပါသည်။ သို့ရာတွင် ပညာဉာဏ်ကိုလွှာ၍ သုံးတတ်လျှင် မည်သည့် အခက်အခဲတို့ဆို ကျော်လွှားအောင်မြင်နိုင်မည်။ အလုပ်လုပ်ရာတွင် စနစ်ကျနေရန်၊ ပြင်ဆင်စရာ ရှိသည်တို့ကို ကြိုတင် ပြင်ဆင်တတ်ရန်လိုသည်။

အထူးသတိပြုရမည်မှာ လောင်းကစားခြင်းဖြစ်၏။ ရှောင်ဖို့လို၏။ ဝိဓူရဇာတ်တော်တွင် ကြွေအန် ဝါသနာကြီးသော ကောရဗျမင်းကြီးနှင့် ပုဏ္ဏကနတ်ဘီလူးတို့ လောင်းကစားပြကြရာ မင်းကြီးရှုံး၍ ဝိဓူရသုခမိန်ကို လက်လွှတ်ဆုံးရှုံးလိုက်ရသည်။ အလောင်းအစားပြုမိပါက ဘဝထိခိုက်လောက်အောင် အရှုံးပေါ်တတ်သည်ကို သတိရှိရန် အရေးကြီး၏။ မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် လောင်းကစားမှုရှိလျှင်လည်း ဆက်နွယ်ပြီး မိမိပါ ဒုက္ခရောက်တတ်သည်ကိုလည်း မြင်ရန်လိုသည်။

ပုဏ္ဏကသည် ဝိဓူရ၏ တောင်းဆိုချက်အရ ဝိဓူရအိမ်တွင် သုံးရက်ခန့် စောင့်ဆိုင်းနေရစဉ် အလောင်းတော် ပညာရှိသုခမိန်ဝိဓူရသည် ပြင်ဆင်စရာရှိသည်ကို ပြင်ဆင်၏။ ဝိဓူရသည် ခဲရာခဲဆစ်ပင် သိန္ဓောမြင်းနှင့်လိုက်ပါရင်း တရားဟော၍ ပုဏ္ဏကအမြင်မှန်ရပြီး လမ်းမှပြန်ပို့မည်ပြုရာ နဂါးပြည်သို့ရောက်ချင်သေးကြောင်း အလောင်းတော်၏ဆန္ဒအရ နဂါးပြည်သို့ရောက်ရ၏။

ဤအသက်ပိုင်းခြားတွင် မထင်မှတ်သော အကြောင်းအရာများ ရုတ်တရက် ပေါ်လာသောကြောင့် မိမိအတွက် အနှောင့်အယှက်ဖြစ်ပြီးမှ မိမိကိုပြန်၍ အကျိုးပြုတတ်သည်။ အပူတွေ့ပြီး သောကရောက်ရတတ်သည်။ သို့သော် အပူမီးတောက်လောင်မှုသည် ခဏသာဖြစ်မည်။ လောင်းကစားကဲ့သို့ ဆိုးသော လောင်းကစားဆုန်သည့် စီးပွားရေးနှင့် မရေရာ မသေချာသော ဝင်ငွေရှာဖွေခြင်းများကိုလည်း ရှောင်ကြဉ်သင့်ပါ၏။

သူတစ်ပါး၏ ရှုံးနိမ့်မှုတွင်လည်း မိမိက ဓားစာခံဖြစ်တတ်၏။ ဖြည်းဖြည်းမှန်မှန်နှင့် သေချာသည့် အခြေခိုင်သော စီးပွားရေးကိုသာ လုပ်သင့်သည်။

ပညာရှာခြင်း၊ ပညာရပ်ဆိုင်ရာ သင်တန်းတက်ခြင်းတို့ ပြုသင့်သည်။ မမျှော်လင့်ဘဲ နိုင်ငံရပ်ခြားသို့ရောက်နိုင်သည်။ သွားသောခရီးမှာ ခက်ခဲကြမ်းတမ်းမည်။ ရက်အားဖြင့် သိပ်ကြာလှမည်မဟုတ်။

ပုညာတန်ခိုးကြောင့် ဘုရားလောင်းသည် အောင်မြင်မှုများ ရရှိလေ၏။ နဂါးပြည်တွင် တရားဓမ္မ ဟောကြားပြီးနောက် အားလုံး ဝမ်းသာအားရရှိကြသည်။ နဂါးမင်းလည်း ကတိအတိုင်း ပုဏ္ဏကအား သမီးတော် ဂ္ဂရန္ဓတီကို ပေးလိုက်သည်။ ပုဏ္ဏက,ကလည်း မနောဟရပတ္တမြားကို ဝိဓူရအား ကျေးဇူးတင်၍ ပေးလေ၏။

ဝိဓူရသည် စတုမဟာရာဇ် တိုင်းပြည်သို့ ပြန်ရောက်သောအခါ ပြည်သူအများက သောင်းသောင်းဖြဖြ ဝမ်းသာအားရ ကြိုဆိုကြသည်။ မင်းကြီးထံ ဓတ္တမြားကို ပေးဆက်

www.burmeseclassic.com

www.burmeseclassic.com

ပြီးနောက် တို့ပြည်က အဆောင်အယောင် အမျိုးမျိုးဖြင့် ပူဇော်ခြင်းကို ခံယူရလေသည်။ ဝိဓူရလည်း တရားဟော ပြောကာ အသက်ထက်ဆုံး ကောင်းမှုကိုပြုလျက် နေလေရာ ပလွန်သော် နတ်ပြည် ရောက်လေ၏။

(၇) ဝေ-ဝေဿန္တရာဇာတ်တော်သက်ရောက်ဟောကိန်း

ဝေ-ဝေဿန္တရ၊ ဇာတက ကိန်းအလာ၊
တစ်ရပ်ကယ် တစ်ဌာန၊ ပြောင်းရလိမ့်မှာ။
နဂိုအလုပ်ကိုလည်း၊ ဖြုတ်မယ်လို့ကြံသည်သာ၊
ခနရာတဲ့ ရွာတုန်း။
အများလူ၊ မကြည်ဖြူ မျက်မာန်နှောတယ်၊
တောထွက်တဲ့ ထုံး။

ဝေဿန္တရာဇာတ်တော်တွင် သိဒ္ဓည်းမင်းနှင့် ဖုဿတီ ပုဏ္ဏားတို့ နန်းစည်စိမ်ခံစားကြရာ သားဆုမရသဖြင့် တာဝတိံသာမှ နတ်သားတစ်ပါး စုတေပြီး ပဋိသန္ဓေယူ၏။

မိဖုရားကြီးက ဝေဿန္တရာကိုဖွားမြင်ရာ မွေးစကပင် "လှူရန် ဥစ္စာရှိပါသနဲ့လာ" ဟု မေး၏။ တစ်ဆယ့်ခြောက်နှစ် အရွယ်တွင် မဒ္ဒရာဇမင်း၏သမီးတော် မဒ္ဒီဒေဝီနှင့်ထိမ်းမြားပြီး ထီးနန်းရသည်။ မင်းကြီးသည် နေ့စဉ် လှူဒါန်း၏။ ဇာလိမင်း သားနှင့် ကဏှာဇိန်မင်းသမီးကို ဖွားမြင်၏။

ကလိင်္ဂပြည်တွင် မိုးခေါင်သဖြင့် အလှူခံရာ ဝေဿန္တရာကို ဖွားမြင်သောနေ့က ရောက်လာခဲ့သည့် ဆင်ဖြူတော်ကို ဝေဿန္တရာမင်းကြီးက လှူဒါန်းလိုက်လေ၏။ အလှူခံတို့ကို အဖိုးနှစ်သန်းလေးသိန်းတန်သော တန်ဆာ၊ အဖိုးမဖြတ်နိုင်သော ပတ္တမြားခြောက်လုံးနှင့် ဆင်ဖြူတော်တို့ကို အထိန်းအယုတို့နှင့်အတူ လှူဒါန်းလိုက်ရာ ပြည်သူပြည်သားကို့ အမျက်ထွက်ကာ တိုင်းပြည်မှနှင်ထုတ်ပေးရန် ခမည်းတော် သိဒ္ဓည်းမင်းကြီးအား တောင်းဆိုကြလေ၏။

ဝေဿန္တရာမင်းကြီး ဝင်္ကပါတောင်တွင် ရသေ့ဝတ်၍ သားသမီးတို့နှင့်အတူ လေးဦးသား ခုနစ်လတိုင် နေထိုင်ကြရလေသည်။ မဒ္ဒီဒေဝီတောသို့ သစ်သီးရှာရန်သွားနေစဉ် တရားကျင့်နေသော ရသေ့ထံ ဇူဇကာပုဏ္ဏား ရောက်လာပြီး သားတော်၊ သမီးတော်တို့ကို အလှူခံရာ လှူပြန်သည်။ နောက်ဆုံး ဇာတ်ပေါင်းခန်းတွင် သားတော်၊ သမီးတော် ပြန်ရသည်။ အဘိုး အဘွားက ရွှေယူထား၏။ ဇူဇကာပုဏ္ဏား အစားလွန်ကာ သေသည်။

ဝေဿန္တရာမင်းကြီး ပြည်တော်ပြန်၍ စိုးစံရသည်။ လှူဒါန်းရန် ပေါကြွယ် ရတနာမိုးရွာသည်။ ပြည်သူပြည်သားတို့လည်း ဝမ်းပြောလေ၏။ ဘုရားရှင်လက်ထက်တော်၌ ပေါကြွယ်မိုးရွာသဖြင့် ပရိသတ်များ အံ့သြနေကြရာ မြတ်စွာဘုရားရှင်သည် ပါရမီဖြည့်စဉ်ကလည်း အလားတူ ရွာသွန်းခဲ့ဖူးကြောင်းဖြင့် ဤဇာတ်တော်ကိုဟောကြားတော်မူ၏။

ဤသက်ရောက်နှစ်တွင် ကုသိုလ်ရေး ကံကောင်းသည်။ ရဟန်းခံရှင်ပြုခြင်း၊ အလှူဒါနပြုရခြင်းများ လုပ်ပေါ်ကောင်းပါသည်။ ဤကာလတွင် ချစ်သူခင်သူနှင့်ကွေကွင်းရခြင်း၊ သားသမီးနှင့် ကွေကွင်းရခြင်းရှိနိုင်သည်။ နေရာထိုင်ခင်းသစ် ရှာဖွေရတတ်သည်။ မိမိအာရုံနှင့် မိမိ၊ မိမိဝါသနာနှင့် လုပ်ငန်းများတွင် နှစ်မြှုပ်မှုများမည်။ ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ်နေနိုင်သည်။ အများတွေးသလို မတွေး၊ အများလုပ်သလို မလုပ်ဘဲ သီးခြားထီးထီးကြီး ဖြစ်နေတတ်၏။ အများနှင့်ဆန့်ကျင်ဘက် များစွာဖြစ်နိုင်သည်။

အဖွဲ့အစည်းပိုင်၊ အများပိုင်ပစ္စည်းနှင့် ကိစ္စများကို မိမိကိုယ်ရေးကိုယ်တာ မရောထွေးရန်လိုသည်။ တစ်ရပ်တစ်ဌာန ပြောင်းရတတ်သည်။ မူလအလုပ်ကို ဖြုတ်ပစ်ရန် ကြံရွယ်တတ်သည်။

မိမိကအကောင်းမြင်နှင့် ပြုလုပ်သော်လည်း စေတနာသည် ဝေဒနာဖြစ်တတ်သည်။ အတိုင်အတော ခံရတတ်သည်။ ပစ်စာ၊ တိုင်စာများ ရောက်တတ်သည်။ ဝန်ထမ်းဖြစ်ပါက ရာထူးကျပြီး နယ်စွန်နယ်ဖျားသို့ ပြောင်းရွှေ့ရတတ်သည်။ လုပ်ပိုင်ခွင့် ဘောင်ကျော်ပြီး မလုပ်မိရန်လိုသည်။ မိမိပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုပါသည်။ မိမိပိုင်ပစ္စည်းနှင့် ငွေများ အကျိုးမဲ့စွာ ကုန်ဆုံးတတ်သဖြင့် သတိထားရန်လိုသည်။

ဤသက်ရောက်ကာလတွင် အများ၏ဆန္ဒကို ဆန့်ကျင်မိသောကြောင့် လူအများက မကြည်ဖြူကြ၍ မိမိအတွက် လုံခြုံမှုမရှိတော့ဘဲ အမျက်ဒေါသ ထွက်ခြင်းများစွာ ခံစားရတတ်သဖြင့် ဆင်ခြင်ပြီး နေထိုင်သုံးစွဲရန် အဟောလက်ာက သတိပေး၍နေသည်။ သို့သော် သက်ရောက်သက်တမ်း နောက်ဆုံးကာလများတွင် ကံကောင်းလာမည် ဖြစ်ကြောင်း မျှော်လင့်နိုင်ပါသည်။

ဝေဿန္တရာမင်းကြီးလည်း အသက်ထက်ဆုံး ခြောက်ဆောင်သော ဇရပ်တို့၌ နေ့တိုင်း ကြီးစွာသောအလှူကိုပေး၍ အသက်အဆုံး၌ တုသိတာနတ်ပြည်၌ ဖြစ်တော်မူလေသည်။

(ဟောကိန်းလက်ာများကို မူရင်းသတ်ပုံအတိုင်း ဖော်ပြထားသည်။)

ညွန့်လွင် (စတ်မှုထက္ကထိက)

ကျမ်းကိုး

- ဦးအေးချို(မဟာဝိဇ္ဇာ)၏ ငါးရာငါးဆယ် သိမ္ဘတ်ဖွယ်။
- လှသမိန်၏ ဇာတ်တော်ကြီးဆယ်ဘွဲ့။
- တက္ကသိုလ်စိုးမိုးနိုင်၏ ဇာတ်ကြီးဆယ်ဘွဲ့ ဗေဒင်ဆောင်းပါး။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဖိတ်စာတစ်စောင်၊ အိမ်တက်မင်္ဂလာတဲ့၊ အချို့ဖိတ်စာများတွင် တွေ့ရလေ့ရှိသည်။ ဘုရား အနေကဇာတင့်နှင့် ဘယ်သူရဲ့ ဘယ်နှနှစ်မြောက်မွေးနေ့နှင့်တွဲထားသည့် ဖိတ်စာမျိုး မဟုတ်ဘဲ အိမ်တက်မင်္ဂလာ သန့်သန့်လေး ဖိတ်စာပါ။

နေရာကား တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကွန်ဒို အဆောက်အအုံရဲ့ နေအိမ်ခန်း တစ်နေရာပါ။ သိန်းထောင်ချီတန်မည့် နေရာဒေသပေါ့။ ဖိတ်စာရှင် ကြည့်လိုက်တော့ ကိုအေးလွင်။ ဘယ်အေးလွင်လဲလို့ အတွေးပြန်ကြည့်မိ၏။ စာရေးသူမှာ နာမည်တူ ပရိသတ်များရှိနေသဖြင့် အချို့ကို ဇာတိဒေသအရ လည်းကောင်း၊ ရုပ်ရှင်ဂီတနယ်မှ ရုပ်ချင်းဆင်လို့လည်းကောင်း အလုပ်အကိုင်အားဖြင့် ခွဲခြား မှတ်သားထားသော 'အေးလွင်'။

'အေးလွင်'

ဒီနာမည်မျိုးကို ရုတ်တရက် ဖော်မရ။ နောက်မှ သူ့မိဘများစုမှ သမီးရဲ့ မြတ်ချယ်ရီအေးနာမည်ကိုတွေ့မှ 'သြော်- သိပြီ သိပြီ၊ အညာသား အေးလွင်' (တစ်ချိန်က ရေဒီယိုဓာတ်ပြားလောကတွင် နာမည်ရခဲ့သော ဂီတအနုပညာရှင်ရဲ့ နာမည်)။

သူက ပခုက္ကူနယ်ကဆိုတော့ 'အညာသားအေးလွင်' ဟူ၍ ကင်ပွန်းတပ် ချစ်စနိုးခေါ်ဝေါ်မိတတ်၏။

သက်ရှိသတ္တဝါတိုင်းမှာ မိမိတို့ဝမ်းစာရေးတို့ပြင် နေရေးအတွက် အသိုက်အမြုံ၊ ဂူ၊ တွင်း စသည်တို့ ဖန်တီးပြီး မိမိတို့ချမဲ်းသာစွာ အနားယူရန်၊ ရန်သူတွေ ကာကွယ်ရန်၊ သဘာဝဥတုရန်အပေါင်းမှ ကာကွယ်ရန် အလို့ငှာ မိမိတို့သဘာဝအတိုင်း ရေမှာနေသော ရေသတ္တဝါများ၊ ကုန်းသတ္တဝါများ၊ လေတွင်ကျက်စားသော သတ္တဝါများက ဖန်တီး တည်ဆောက်ကြ၏၊ ဖန်တီးကြ၏၊ ဆောက်လုပ်ကြ၏။

လူအများကား ကျောက်ခေတ်ဦးမှစပြီး ဂူနေ ဂူအောင်း အခြေအနေမှ စတင်၍ ယနေ့မျက်မှောက် အိုးအိမ်တိုက်တာတို့ကို ဖန်တီးပြီး ဘဝအမျိုးမျိုးမှ အိမ်ဂေဟာ ပုံသဏ္ဌာန်အမျိုးမျိုး၊ ဒေသအလိုက်၊ လူမျိုးခလေ့အလိုက် ပထဝီ အနေအထားလိုက်ပြီး တည်ဆောက်နေထိုင်ကာ မိသားစုဘဝများ ဖြတ်သန်းကြ၏။

မြန်မာလူမှုနယ်ပယ်တွင် အိမ်ပိုင်ဆိုင်မှုအတွက် အရေးပေးလေ့ရှိကြသည်။ အိမ်ပိုင်ရှိသူများ၊ အိမ်ရာရှိသူများမှာ မည်သည့် နယ်ပယ်မှာမဆို လူဝင်ဆံ့၏။ ကြမ်း(၇)ချောင်းရှိပါစေ အိမ်ပိုင်ဟူသော ဂုဏ်ပုဒ်ကို တပ်မက်စေကြသည်မှာ မဆန်းပါချေ။

'ဖိုးထောင်လည်း အိမ်နှင့်ယာနှင့်၊ အောင်ဘုလည်း ကွဲနှင့်နွားနှင့်' ဟူသော ဟာသနွယ် စကားပုံလည်း ပေါ်ပေါက်ခဲ့ဟန် တူပါသည်။ လူတစ်ယောက်ရဲ့ အဆင့်အတန်းကို အကဲဖြတ်ရာတွင် သူ့အိမ်ပိုင်လား၊ ဘယ်လိုအိမ်လဲ၊ ဘယ်ရပ်ကွက်၊ ဘယ်လမ်းမှာလဲ စသည့် စံနှုန်းတစ်ခု အပါအဝင် ဖြစ်လေ့ရှိသည်။

အချို့မှာကား သေကား သေသွား၏။ အိမ်ပိုင်ဘဝဖြင့် မနေသွားရချ။ ယခုအခါ နိုင်ငံတော်မှ အိမ်ရာမဲ့များအား တန်ဖိုးသပ်အိမ်ရာ၊ တန်ဖိုးနည်းအဌားအိမ်ရာများ ဖန်တီးပေးလေပြီ။

ရန်ကုန်မှာ နေထိုင်စားသောက်သူအဖို့ စားရေးအတွက် ရုန်းကန်နေရသလို အိမ်ရာကျောတစ်ခင်းစာအတွက် ရွာဖွေရခြင်းက ပို၍ကြီးမားသော စိန်ခေါ်ခြင်း တစ်ရပ်ပါပေ။

လှိုင်သာယာလို၊ ဒဂုံမြို့သစ်လို နေရာမျိုးမှာ တစ်လမှာ သောင်းချီတစ်သိန်းနီးပါး ကပ်နေ။ အိမ်ငှားခခေါင်ခိုက်နေရချိန်မှာ မဒ္ဒရရာသော မြေယာပေါ်မှာ ဖြစ်သလို အိမ်ရာ တည်ဆောက်၍တစ်မျိုး၊ အဆောင်တွင်နေ၍ တစ်ဖုံ၊ အချို့လူလွတ်များမှာ နီးစပ်ရာ ဘုန်းကြီးကျောင်းတွင် ခိုကပ်၍ မိမိတို့ဝမ်းရေးထက် နေရေးခက်သော အခြေအနေကို ဖြေရှင်းကြတော့၏။

ထိုဇာတ်လိုက်များတွင် ရှေ့က ဖော်ပြခဲ့သော အညာသားတစ်ဦးဖြစ်တဲ့ ကိုအေးလွင်အကြောင်းကို ဆက်ပြပါရစေ။ ရန်ကုန်မြို့တော်ကြီးဆီသို့ မြန်မာပြည်အနှံ့နယ်အရပ်ရပ်မှ ရွေကြည်ရာ မြက်နုရာ စီးပွားရေး အချွန်ဆင်းတဲ့ သူများထဲတွင် ကိုအေးလွင် အပါဝင်ပေါ့။

၁၉၈၈ ခု အရေးအခင်းကြီးပြီး နောက် အဆင်ပြေရာ ရန်ကုန်သို့ ပခုက္ကူမှ စုန်ဆင်းလာ၏။ အစ်မကြီးနှစ်ယောက်နှင့် သူ အပါအဝင်ပေါ့။

ကိုအေးလွင်မှ . . .

"ဆရာရယ်၊ ကျွန်တော် ရန်ကုန်မရောက်ခင် တောင်ကြီးမှာ စီးပွားရှာတဲ့အနေနှင့် ဆန်ကို ရောင်းခဲ့ရပါတယ်၊ တစ်နေ့ သုံးပြည်ကို အနိုင်နိုင်ရောင်းရပြီး ဘဝကို စတင်ရတာ။

တစ်နေ့တော့ စျေးထဲမှာ ရှမ်းဘုန်းကြီးနဲ့ ဆုံတော့ ဆန်အရောင်းအဝယ်ကောင်းဖို့ 'ရှင်အရဟံ ဂါထာတော်'ကို ပုတီးတစ်ပတ်နှုန်းနဲ့ တစ်နေ့ကို မနက်၊ နေ့လယ်၊ ညနေပိုင်းပြီး ပုတီးသုံးပတ်စီပဲဖို့ ပုတီးစိပ်နည်း စွန့်ပေးခဲ့တယ်"

ကိုအေးလွင်က ရိုးသားကြိုးစားသူပါ။ ငါးပါးသီလ မြဲခြင်း၊ ကိုယ်ကျင့်သီလကို အဲတတ်နိုင်ဆုံးစောင့်ထိန်းခြင်း၊ ဆွမ်းဟင်းများကို အဆင်ပြေရင့် ပြေသလို ဒါနနှင့် မကင်းကွာခဲ့ချေ။

တစ်နေ့ တောင်ကြီးယက္ကန်းစင်တောင်ဘုရားသို့ အဓိဋ္ဌာန်ဝင်လာသော လူပုဂ္ဂိုလ်နှင့် ရင်းနှီးရာမှ ယင်းလူသူတော်စင်မှ 'သရဏံ ဥ ပါး' အဆင့်တိုး ပုတီးစိပ်နည်းကို ချီးမြှင့်ပေးခဲ့သည်ဟု သိခဲ့ရသည်။ သိခဲ့ရသည့် ပုတီးစိပ်နည်းမှာ ပထမ ပုတီးတစ်လုံးမှာ-

* ဗုဒ္ဓ သရဏံ ဂစ္ဆာမိ ဆိုပြီး ပုတီးတစ်လုံးချ၊
* ဓမ္မ သရဏံ ဂစ္ဆာမိ ဆိုပြီး ပုတီးတစ်လုံးချ၊
* သံဃ သရဏံ ဂစ္ဆာမိ ဆိုပြီး ပုတီး တစ်လုံးချ။ ဆက်ပြီး . . .
* ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ တစ်လုံး၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဆိုပြီး ပုတီးနှစ်လုံး ချပါ။
* ဓမ္မံ သရဏံ ဂစ္ဆာမိ တစ်လုံး၊ ဓမ္မံ သရဏံ ဂစ္ဆာမိ ဆိုပြီး ပုတီးနှစ်လုံး ချပါ။

www.burmeseclassic.com

www.burmeseclassic.com

နောက် . . .

* သံယံ သရဏ ဂစ္ဆာမိ အတွက် နှစ်လုံးတိုးရမည့်အတွက် သံယံ သရဏံ ဂစ္ဆာမိ တစ်လုံး ဆက်စိပ်ပြီး သံယံ သရဏံ ဂစ္ဆာမိ ဆိုပြီး တစ်လုံးလျှင် နှစ်လုံးတွဲအုပ်စုပြီး၏။

ဆက်ပြီး နောက် သုံးလုံးအုပ်စု အနေနှင့် . . .

* ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ တစ်လုံး၊
* ဓမ္မံ သရဏံ ဂစ္ဆာမိ တစ်လုံး၊
* သံယံ သရဏံ ဂစ္ဆာမိ တစ်လုံး စသည် သုံးလုံးတွဲ တစ်ခေါက်တိုးခြင်း အဆင့်တိုးစိပ်သွားလျှင် ၈ ခေါက် မြောက်လျှင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကို ချည်းဘဲ ၈ လုံးစိပ်ခြင်း၊ ပြီး ဓမ္မံ သရဏံ ဂစ္ဆာမိကိုပဲ ၈ လုံးစီစိပ်ခြင်း၊ ပြီး သံယံ သရဏံ ဂစ္ဆာမိကိုပဲ ၈ လုံးစိပ် ဆက်စိပ်သွားပါက ၃၀၈ လုံး ကွက်တိဖြစ်နေမည်။ ဤသို့ဖြင့် ကိုးပတ်စိပ်ရမည်ဟုဆိုသည်။

ကိုအေးလွင်ရဲ့ အိမ်တက်မင်္ဂလာဆိုသော်လည်း အကျွေးအမွေးကတော့ အညာဒံပေါက်၊ အညာလက်ရာ ကြက်သားဟင်း၊ ငါးခြောက်ထောင်း၊ ပုစွန်တုပ်ကြော်အပြင် ဖွယ်ဖွယ်ရာရာ သစ်သီးစုံတို့ဖြင့် အဆင့်မြင့် ဖျော်ရည်တို့ အလှူပြုနေ၏။ စာရေးသူ. . .

"ကိုအေးလွင်နဲ့ ကျွန်တော်တို့ ငါးနှစ်တောင် မဆုံဖြစ်ကြဘူးနော်၊ လှိုင်သာယာမှာ အိမ်က ဝေးနေပြီ၊ အိမ်ဆန်ဆိုင်ဖွင့်သလိုလို ဆန်ဒိုင်ဖွင့်သလိုလိုနဲ့သာ သတင်းကြား၊ လူက မရောက်လာဘူးလေ"

ကိုအေးလွင်က- "ဒါကို တောင်းပန်ဖို့လည်း ပါတယ်၊ ဆရာ့ကိုကန်တော့ရအောင်၊ ဆရာ အံ့သြသွားအောင် ကြိတ်မှိတ် ကြိုးစားနေခဲ့တယ် ဆရာ"

သူကဆက်ပြီး- "ဆရာသိတဲ့အတိုင်း အစ်မကြီးက ရင်ကျပ်ရောဂါက ရှိတော့ တောင်ကြီးအအေးဓာတ် မခံနိုင်လို့ ဘကြီးဘုန်းကြီးရှိရာ ရန်ကုန်၊ ရွှေပြည်သာမှာရှိတဲ့ ဘုန်းကြီးကျောင်းမှာ မိုဒိုရင်း ဘကြီးဘုန်းကြီးရဲ့သြဝါဒနှင့် အညီ ဆရာနဲ့ ဆုံပြီး ဆရာပေးတဲ့ ယကြာ၊ ကျင့်စဉ်တွေ ပူးတွဲရင်း ရန်ကုန်ရင်ခုန်လှိုင်းခတ်သံကြီးကို သံစဉ်ချိုအေးမြစေတယ်လေ ဆရာ" ဟု ဆိုလေ၏။

"တစ်နေ့ ဘကြီး ဘုန်းကြီးကျောင်းမှာ ဘုရားဖူးရင်း ဆေးကုသဖို့ ရောက်လာတဲ့ အာဂန္တုလူနာတစ်ပါးကို ပြုစုရင်း အိုးပိုင်အိမ်ပိုင် ရစေတဲ့ဂါထာကို ခီးမြွှင့်ပါတယ်"

"ဒါမှ ကောင်းခန်း ရောက်ပြီ၊ ဆက်ပြော" ဟုဆိုပြီး ဆားငံသီး၊ ပျားရည်၊ သံပရာရည်ကိုစပ်ထားသော ဖျော်ရည် တစ်ငုံသောက်ရင်း စာရေးသူမေးမြန်း၏။

ဘုန်းကြီးပေးတဲ့ဂါထာတော်က-

"နောက်ိုးတန်၊ ဂ္ဂရှစ်တန် လို့ အမည်ရပါတယ် ဆရာ၊ ကျွန်တော် အဲဒီဂါထာကို ဘုန်းကြီးညွှန်တဲ့အတိုင်း တစ်နေ့ သုံးကြိမ်ရွတ်ရပါတယ်၊ တစ်ခါရွတ်ရင် သက်စေ့ပေါ့၊ အဲ တနင်္ဂနွေနေ့မျိုးဆိုရင် ပုတီးအလုံးရေ ၁၀၈ခေါက်နဲ့ တစ်နေ့ သုံးကြိမ်နှုန်း သုံးပတ်စိပ်ပေါ့ဆရာ၊ ဒီလိုနဲ့ ဂါထာ ပုတီးစိပ်အပြင် ဆရာခီးမြွှင့်ခဲ့တဲ့ ပထဝီ ဇယမန္တန်ကိုပါ တစ်နေ့ ၁၀ ခေါက်ပါ ငါးနှစ်တိုင်တိုင် ရွတ်ခဲ့တယ်ဆရာ" ဟု ဆို၏။

စာရေးသူမှ- "ဒါနဲ့---"

"ဒါနဲ့ အဆက်အသွယ်ကောင်း၊ မိတ်ကောင်း၊ ဇနီးကောင်း၊ အခုတော့ အိမ်ကောင်းပါ ရရှိပိုင်ဆိုင်သွားမိတာပေါ့ ဆရာရယ်၊ ဟား ဟား ဟား"

ကိုအေးလွင်မှပြောရင်း မိမိဘဝကို ကျေနပ်အားရရင်း သူတို့မိသားစုမှ မိဘနှစ်ပါးနှင့် မိမိအား ကန်တော့ရင်း လောကကို အလှူဆင်နေတော့သည်။

နောက်ိုးတန်ဂါထာ

ဥံ၊ နော ရတ္တနံ၊ ရတ္တနံမာနော
နံ နော နံ နော ဥတ္တမော
နံ နော နံ နော ဘုဒ္ဓိရာဝါနော
နံ နော နံ နော
ဣတိပိသော ဘဂဝါ ဝုတ္ထာ
ဣတိပိသော ဘဂဝါ ဝုတ္ထာ
ဣတိ မန္တာ သုခါဝဟာ
ဣတိ ဗုဒ္ဓေဟိ သရဏံ
သဒ္ဓေဒေဝါ ပိယံမမ
ဣတိ ဓမ္မေဟိ သရဏံ
စတုရာဂါ ပိယံမမ
ဣတိသံဃေဟိ သရဏံ
သဒ္ဓေရာဂါ ပိယံမမ
ဣတိရတ္တနသရဏံ
ဣတ္ထိ ပုရိသ ပိယံမမ
ဣတိသဒ္ဓေ အန္တရာယော
ဝိနဿန္တု အသေသတော။

စတုရာဂါ ပိယံမေ
ဣတိ သံဃေဟိ သရဏံ
ဣတ္ထိ ပုရိသာ ပိယံမမ
သဒ္ဓအန္တရာယော
ဝိနဿန္တု အသေသတော။

(ကိုအေးလွင်ထံမှရသည့်အတိုင်း ဖော်ပြပါ၏။)

ဖော်ပြပါဂါထာမှာ ကိုအေးလွင်ရွတ်ဖတ် ပူဇော်သော နောက်ိုးတန်ဂါထာဖြစ်ပြီး အခြားသော မူကွဲရှိကြောင်း သိရပါသည်။ မူကွဲမှာ-

ဥံ- နောရတ္တနံ ရတ္တမာနော
နံ နော နံ နော ဥတ္တမော
မာနော နံ နော နံ နော
ဘုဒ္ဓိရာဝါ နော နံ နော
ဣတိပိသော
ဣတိပိသော ဘဂဝါ ဝုတ္ထာ။
ဣတိ မန္တာ သုခါဝဟာ
ဣတိ ဗုဒ္ဓေဟိ သရဏံ
သဒ္ဓေဒေဝါ ပိယံမမ
ဣတိ ဓမ္မေဟိ သရဏံ
စတုရာဂါ ပိယံမမ
ဣတိသံဃေဟိ သရဏံ
သဒ္ဓေရာဂါ ပိယံမမ
ဣတိရတ္တနသရဏံ
ဣတ္ထိ ပုရိသ ပိယံမမ
ဣတိသဒ္ဓေ အန္တရာယော
ဝိနဿန္တု အသေသတော။

လူတိုင်း လူတိုင်း အိုးပိုင် အိမ်ပိုင်တင့်တယ်စွာဖြင့် တရားလက်ိုင် ထားနိုင်ပါစေ။

နတ်ချစ်စိ ဆရာအောင်စိုး

www.burmeseclassic.com

www.burmeseclassic.com

သိပ္ပံနည်းကျ ထုံခြောက်မြှင်တဲ့ ဝါစတူသျှတ္ထရုပညာ

ဆရာဦးခန့်ကျော်

မင်္ဂလာရှိသော အိမ်ခြံမြေနှင့် သီရိဂေဟ ဗေဒဆိုင်ရာများ

အခန်း (၄)

ဝါစတုဗျိုဟ်ဆင်များကို ဖုန်းရွှေ၏ နည်းပညာဖြင့် အသုံးချကျော်လွှားခြင်း

ဤအခန်းကဏ္ဍတွင် ကျွန်ုပ်တို့အနေဖြင့် ဖုန်းရွှေ၏ အစွမ်းထက်ယတြာများကို သုံးစွဲခြင်းဖြင့် ပတ်ဝန်းကျင်၏ ဖွဲ့စည်းမှုတွင် စွမ်းအင်များ ဖြစ်ပေါ်လာနိုင်ခြင်း ဆိုသည့် အကြောင်းကို ပညာပေး ဆွေးနွေးတင်ပြသွားရန်ဖြစ်သည်။

ဖုန်းရွှေ၏ယတြာများကို နည်းလမ်းနှစ်ခုဖြင့်သုံးစွဲနိုင်သည်။ ပထမနည်းလမ်းက၊ လူတစ်ယောက်ချင်းအဖြင့်ဖြင့် သုံးစွဲနိုင်ခြင်းဖြစ်သည်။ လူတစ်ယောက်က သူလုပ်ငန်းတိုးတက်လာစေရန်အတွက် ယတြာကို သုံးစွဲသည့်အခါမျိုးတွင် လုပ်ငန်းခွင် အဝန်းအဝိုင်းတွင်သာ ပြုလုပ်ရသည်။ သူသည် လုပ်ငန်းကြီးတွင် အုပ်ချုပ်ရေးအရာရှိတစ်ယောက် ဖြစ်နေပြီး သူရာထူးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။ ထိုကြောင့် ယတြာကို သူ့ခုံးခန်းတွင်းမှာပင် ပြုလုပ်သည်။

အကယ်၍ သူက အတိုက်အခံများနှင့်ပတ်သက်၍ တိုးတက်မှုကိုရှာဖွေနေရသည့်အခါ ယတြာကို မကောင်းသည့်စွမ်းအင်ရှိနေသည့်အခန်းတွင် ပြုလုပ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် လူတစ်ယောက်ချင်းအနေဖြင့် သူဖြစ်ချင်သည့်အရာအတွက် လမ်းညွှန်မှုရစေရန် ယတြာချခြင်းပင် ဖြစ်သည်။

အလားတူ ဖုန်းရွှေယတြာများကို နေအိမ်အစိတ်အဝိုင်းများ၊ အခန်းများတွင်လည်း စွမ်းအင် အားဖြည့်ရန်အတွက် လုပ်ဆောင်နိုင်သည်။ လူတစ်ဦးချင်းအတွက် လုပ်တိုပုံမျိုးတော့ မဟုတ်ပါ။ မိသားစုဝင်များနေထိုင်သည့် နေအိမ်နှင့် အခန်းများအတွက် ပြုလုပ်ခြင်းမှာ မိသားစုဝင်အားလုံးတိုးတက်ရာ တိုးတက်ကြောင်းအတွက် ဖြစ်သည်။

ယခုအခါ ယတြာပစ္စည်းများကို အိတ်ဖြင့်ထည့်ထားရောင်းချနေကြပြီဖြစ်၍ အလွယ်တကူ ဝယ်ယူ၍ရနေပြီဖြစ်သည်။ ယင်းအိတ်တွင် ပစ္စည်းဆယ်မျိုးပါရှိသည်။ ထို ယတြာများက နေအိမ်များ၊ အခန်းများအတွက် အထူးသင့်တော်သည့်ပတ်ဝန်းကျင်ကို စွမ်းအင်ဖြည့်ပစ္စည်းကိရိယာများပင် ဖြစ်သည်။ အကယ်၍ မိတ်ဆွေ၏ နေအိမ်(သို့) အခန်းသည် ဝါစတုပညာရပ်နှင့် ဆန့်ကျင်နေသည်ဟု မြင်ပါလျှင် အဆို ဖုန်းရွှေယတြာများကို သုံး၍ ကုစားနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပထမအချက်အနေဖြင့် လက်ထဲတွင် ရှိရမည်က မိတ်ဆွေ၏ နေအိမ်ပုံစံ (သို့) အခန်းပုံစံဖြစ်သည်။ ထိုပုံစံကို အကြမ်းဖျင်းကြည့်လိုက်ပါ။ *ထောင့်မှန်လေးထောင့်ပုံ(သို့) လေးထောင်စပ်စပ်ပုံလားဟူသည်ကို ကွဲကွဲပြားပြားသိလာသည့်အခါ ယကြာချေ၍ ရနိုင်မည်ဖြစ်သည်။

အကယ်၍ ထောင့်တစ်ခုက ကွယ်ပျောက်သလိုဖြစ်နေပြီဆိုလျှင် ပြုပြင်ရန်လိုအပ်လာပြီဖြစ်သည်။ ကွယ်ပျောက်နေသည့်ထောင့်ကို ရှာဖွေရန်အတွက် နေအိမ်ပုံစံ (သို့) အခန်းပုံစံကို ဥပမာသည့် အပိုင်း(၉)ပိုင်းရအောင် အောက်ပါအတိုင်း ခွဲစိတ်ပါ။

အနောက်မြောက်	မြောက်	အရှေ့မြောက်
အနောက်	ဗဟို	အရှေ့
အနောက်တောင်	တောင်	အရှေ့တောင်

စတုရန်းကွက်ချပြီးသည့်အခါ မိတ်ဆွေ၏အိမ် (သို့) အခန်းတွင် မည်သည့်ဘက်ခြမ်းမှ သက်ရောက်မှုများ ဝင်ရောက်မှုရှိနေသလဲဟူသည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။

စံအနေအထားအားဖြင့် အိမ်(သို့)အခန်းတွင် မည်သည့်ထောင့်မှ ပျောက်ကွယ်မနေပါ။ သို့သော် တစ်ခါတစ်ရံ အိမ်များတွင် ထိုကိစ္စမျိုးဖြစ်တတ်သည်။ အခန်းများတွင် ပို၍ဖြစ်နိုင်သည်။ သို့သော် စိတ်ဓာတ်ကျစရာတော့ မလိုပေ။ မိတ်ဆွေလုပ်ရမှာမည်သည့်အချက်မှာ ပျောက်ဆုံးနေသည့် ထောင့်ကို ရှာဖွေရန်ပင်ဖြစ်သည်။ တွေ့ရှိသည့်အခါတွင် မှန်များကိုသုံးခြင်းဖြင့် မကောင်းသော အပြစ်, အနာအဆာများကို ခြေဖျက်နိုင်မည်ဖြစ်သည်။

ဥပမာတစ်ခုကို ကြည့်ကြပါစို့။ အောက်ဖော်ပြပါပုံတွင် အရှေ့မြောက်ထောင့်က ပျောက်ဆုံးနေသည်။ ထိုထောင့် ပြန်ပေါ်လာစေရန်အတွက် ပြထားသည့်နေရာများတွင် ကိုယ်လုံးပေါ်မှန်များကို ထောင်ထားလိုက်ရန်ပင် ဖြစ်သည်။ ထိုအခါ အရှေ့မြောက်ထောင့်နေရာသည် ထင်ယောင်ထင်မှားဖြစ်စရာ ထောင့်ပေါ်လာတော့သည်။

အနောက်မြောက်	မြောက်	
အနောက်	ဗဟို	အရှေ့
အနောက်တောင်	တောင်	အရှေ့တောင်

ပျောက်ကွယ်နေသည့် ထောင့်များအတွက် ဤနည်းဖြင့် ပြုပြင်ဖော်ထုတ်နိုင်သည်။

အနေကြီးသည်က မှန်များကို မှန်မှန်တန်တန်ထားခြင်ပင်ဖြစ်သည်။ ပထမဆုံးအနေဖြင့် ဤကိစ္စအတွက်သုံးရမည့် မှန်က အမျိုးအစား ကောင်းရမည်။ ပုံရိပ်များ ချိုယွင်းပုံမမှိစေရပါ။ ဒုတိယအနေဖြင့် မှန်က အပြင့်အားဖြင့် ပခုံးနေရာခန့် ဧရိယာရှိရမည်။ အလျားအားဖြင့် ခြောက်ပေ ရှိရမည်။ ထိုမှန်ကြီးမျိုး နှစ်ချပ်လိုအပ်ပါလိမ့်မည်။

ထိုမှန်များကို နံရံတွင် အမြဲတမ်းတပ်ဆင်ထားရန်လိုသည်။ ဖေါ်ပြထားသောပုံ၏ ပြဿနာအရ မှန်တစ်ချပ်ကို တောင်ဘက်ခန်းနံရံတွင် တပ်ရမည်ဖြစ်ပြီး အခြား မှန်တစ်ချပ်ကိုမူ အရှေ့ဘက်ခန်းနံရံတွင် တပ်ထားရမည်။ မှန်များ၏ အောက်ခြေကို ကြမ်းပြင်နှင့်ကပ်ထားရမည်။ မှန်များကို တစ်ခုတည်းအဖြစ်သာ သုံးရမည်။ ဆိုလိုသည်မှာ ထိုအတိုင်း အတာမှန်များအတွက် ဆက်စပ်ထားသောမှန်များ မသုံးပိရန် ဖြစ်သည်။

ဖြစ်တောင့်ဖြစ်ခဲအခြေအနေများအရ မိတ်ဆွေတွင် ပျောက်နေသည့်ထောင့်မှာ တစ်ခုထက်ပိုနေပါက ထိုလုပ်ထုံးလုပ်နည်းအတိုင်းပင် ပြုလုပ်နိုင်သည်။

ဖြစ်နိုင်သည့်အနေအထားတစ်မျိုး ရှိသေးသည်။ အောက်ဖော်ပြပါပုံအတိုင်း ဗဟိုချက်သည် တစ်ခုလုံး (သို့) တစ်စိတ်တစ်ပိုင်း ပျောက်ကွယ်နေခြင်းမျိုးဖြစ်သည်။

အနောက်မြောက်	မြောက်	
အနောက်	ဗဟို	အရှေ့
အနောက်တောင်	တောင်	အရှေ့တောင်

ထိုအဆောက်အအုံပုံစံတွင် မြောက်ဘက်အခန်းက ပျောက်နေသည်။ ထိုအခါမျိုးတွင် မှန်ကို ပုံပါအတိုင်းတပ်ဆင်ပါ။ ထိုသို့လုပ်လိုက်ခြင်းဖြင့် ထိုအခန်း၏ အကျိုးအာနိသင်များ ပြန်လည်ရရှိလာပါလိမ့်မည်။

ဤသို့ဖြင့် ပျောက်နေသည့်အခန်းများအတွက် ပြုပြင်ပြီးစီးသည့်အခါ ယကြာသဘောဆောင်သည့် အိမ်သုံးကိရိယာများကို ထားရပါမည်။

ဖုန်းလွှေယကြာများက အမျိုးမျိုးရှိသည်။ ကျွန်ုပ်တို့အနေဖြင့် ယင်းတို့၏အကြောင်းနှင့် ယင်းတို့မှ မည်သည့်အကျိုးအာနိသင်များရနိုင်ကြောင်းကို ဆက်လက် ရေးသားတင်ပြရန် ဖြစ်သည်။

၃။ ပက်ကွာမှန် (Pakua Mirror)

ပက်ကွာမှန်ကို နေအိမ်အဆောက်အအုံ တံခါးမကြီးမှ တစ်ဆင့် ဝင်ရောက်လာသည့် မကောင်းသော တုန်ခါမှုများ

www.burmeseclassic.com

ကို ဖယ်ရှားရန် အသုံးပြုသည်။ မှားယွင်းနေသော (သို့) အန္တရာယ်ရှိနေသည့် ချိုစွမ်းအင်တစ်မျိုးသည် အဝေးတစ် [illegible] ရောက်လာတတ်သည်။ ထိုအရာသည် နေအိမ်ရှေ့မှ အရှပ်ဆိုးလှသည့် သစ်ပင်တစ်ပင်ကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့မဟုတ် တစ်ဖက် မျက်နှာချင်းဆိုင်အိမ်မှ အိမ်ခေါင်မိုး ကြောင့်လည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ သို့မဟုတ် ဘုရားကျောင်း၊ ဝတ်ကျောင်းတစ်ခုခုမှ မျှော်စင်ကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

စင်စစ်အားဖြင့် မည်သည့်နေရာမှ ဝင်ရောက်လာသည်ဟူသည့်အချက်က အဖြေရှာရန် ခက်ခဲလိမ့်မည်ဖြစ်သည်။ မမြင်နိုင်သည့် လျှို့ဝှက်မြားသည် အလွန်ကွာဝေးသည့်နေရာမှ လာရောက်နိုင်သဖြင့် နေအိမ်တွင် မကောင်းသောဂျီများ စွဲကပ်နေခြင်းဖြစ်နိုင်သည်။

ထိုလျှို့ဝှက်မြားများ၏ လာရာ အရင်းအမြစ်ကို ရှာဖွေတွေ့ရှိရန်မှာ မလွယ်ကူပါ။ ထိုမြားများက အိမ်ရှေ့မှ လာနေသလား၊ အိမ်နောက်က လာနေသလားဟူသည်ကိုလည်း ခွဲခြားသိရှိရန် မဖြစ်နိုင်ပါ။

ထိုကြောင့် အကောင်းဆုံးနှင့် စိတ်အချရဆုံးက ပက်ကွာမှန်ကို အိမ်ရှေ့တွင်ရှိသည့် ဝင်ပေါက်တံခါးမတွင် ထားလိုက်ခြင်းပင်ဖြစ်သည်။ အကယ်၍ ပိတ်ဆွေ၏နေအိမ်တွင် အိမ်နောက်ဖေး ထွက်ပေါက်ရှိနေပါက ပက်ကွာမှန်ကို ထားလိုက်လျှင် စိတ်အချရဆုံးပင် ဖြစ်သည်။

ပက်ကွာမှန်ပုံ



ပက်ကွာပုံစံမှန်တွင် ရှစ်ဖြောင့်သဏ္ဌာန် ပက်ကွာ၏ အလယ်တွင် မှန်ခုံးအဝိုင်းတစ်ခုကို တပ်ဆင်ထားခြင်းဖြစ်သည်။ ပက်ကွာတွင် အရပ်မျက်နှာအားလုံးပါရှိပြီး အရောင်များနှင့် သင်္ကေတများကိုလည်း အပြည့်အစုံဖော်ပြထားသည်။ ထိုပုံစံမှာ ပလက်စတစ်အကောင်းစားနှင့်ပြုလုပ်ထားပြီး တံခါးတွင် အဆင်သင့်တပ်ဆင်နိုင်ရန် စီစဉ်ပေးထားသည်။

ပက်ကွာဖုံစံမှန်က အိမ်အပြင်ဘက်တွင် တပ်ဆင်ရန်သာ စီစဉ်ထားခြင်းဖြစ်သည်။ ၎င်းကို နေအိမ်အတွင်း မည်သည့်အခါကာလတွင်မှ မသုံးစွဲရပါ။ ယင်းကိုထားရှိသည့်အခါ အိမ်ရှေ့တံခါးမ၏ဗဟိုချက် တံခါးဘောင်အပေါ်တည့်တည့် (အိမ်နောက်ဖေးတံခါးတွင်လည်း အလားတူပင်) အိမ်ခေါင်မိုးအကြားနေရာတွင် ထားရှိရမည်။ ပုံမှန်စံပြအဖြစ်ထားရမည့် အနေအထားမှာ [illegible] ခေါင်မိုးတန်းနှင့် တံခါးဘောင်အကြား အလယ်ကျကျနေရာတွင်ဖြစ်သည်။

ပက်ကွာမှန်ကို ယင်းနေရာတွင်တပ်ဆင်ထားသော ချိတ်ဖြင့် ရိုက်ထားသည့်သံတွင် ချိတ်ပါ။

မန်ဒါလင်းချိုးပုံစံ(Mandarin Doves)



ထိုချိုးပုံစံများက သစ်သားကောင်းကောင်းဖြင့် ပြုလုပ်ထားပြီး ဖုန်းရွှေဆရာကြီးများ၏ စိတ်ကြိုက်ယဉ်ကြေးများဖြစ်သည်။ ချိုးနှစ်ကောင်ဖြစ်ပြီး အဖိုနှင့် အမ စုံတွဲဖြစ်သည်။ ယင်းချိုးနှစ်ကောင်ကို ခွဲမထားရဘဲ မျက်နှာချင်းဆိုင်အနေအထားဖြင့် ပူးတွဲထားရှိရန်လိုအပ်သည်။

အဆိုပါ မန်ဒါလင်းချိုးပုံစံ ယင်းကို ထားရှိရန် အတွက် အကောင်းဆုံးနေရာမှာ အရှေ့တောင်ထောင့် အိမ်ထောင်ဦးစီး၏အခန်းတွင်ပင်ဖြစ်သည်။ ထားရှိရန် နေရာအတိအကျကိုမူ အရေးမပါလှပါ။ အရေးကြီးသည့်အချက်က ထိုယင်းကြာ ထားရှိသည့်နေရာသည် အိပ်ရာတွင် လဲလျောင်းအိပ်နေစဉ် မြင်သာသည့်နေရာ၌ ဖြစ်နေရန်ပို၍လိုအပ်သည်။ ထို့ပြင် အခန်းတွင်းသို့ ဝင်ရောက်သည့်အခါ (သို့) ထွက်ခွာသည့်အခါများတွင် မြင်သာသည့်နေရာမျိုး ဖြစ်ရမည်။

ထိုယင်းကြာ၏ အစွမ်းမှာ လင်နှင့်မယားအကြား ဆက်ဆံရေး ပြေပြစ်ချောမွေ့စေပြီး ဘဝဟန်ချက်ညီညွတ်မှု ရှိစေလိမ့်မည်ဖြစ်သည်။ အဆိုပါယင်းကြာအား ထားရှိရန် သင့်တော်သည်ဟု ထောက်ခံချက် ပေးထားသည့်နေရာမှာ အိမ်တွင်ရှိသည့် အပျိုကြီး၊ လူပျိုကြီးများနေထိုင်သည့် အခန်းတွင်ပင်ဖြစ်သည်။ ထိုယင်းကြာကို ထားလိုက်ခြင်းသည် သူတို့နှင့်သင့်လျော်သည့် လက်တွဲဖော်ကို ရှာဖွေရရှိနိုင်ရန် ဖြစ်သည်။

ဖုန်းရွှေပညာရှင်ဆရာကြီးများ ယုံကြည်ထားသည်က ထိုယင်းကြာကို ထားရှိလိုက်ခြင်းဖြင့် အချိန်တိုအတွင်း မင်္ဂလာပွဲဖြစ်ပေါ်လာစေတတ်သည်ဟု ဆိုသည်။

ဖန်လုံး(Crystal)

သဘာဝပယင်းကျောက်သည် စွမ်းအင်များ [illegible] ကြွယ်ဝမြည့်စုံနေသည့် ကျောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို ပယင်းကျောက်ကို ထောင့်အမျိုးမျိုးမှ သွေးထားရမည်။ သို့မှသာ ထိုနေရာဝန်းကျင်ရှိ မျက်နှာပေါင်းစုံကို ရောင်ပြန်ရောက်ရှိနေပြီး စွမ်းအင်များကို ဖြန့်ပေးနေလိမ့်မည်။

ထိုဖန်လုံးကို အမှန်တကယ်ထားသင့်သည့်နေရာမှာ နေအိမ်အဆောက်အအုံ၏ အနောက်မြောက်ထောင့်တွင် ဖြစ်စေ (သို့) အနောက်မြောက်အခန်းတွင်းတွင်ဖြစ်စေ ထားရှိရမည်ဖြစ်သည်။ ၎င်းကို ထားရှိခြင်းဖြင့် မိသားစုအတွင်း ဆက်ဆံရေး ကောင်းမွန်လာစေနိုင်ပါသည်။ ထို့ပြင် မိမိ၏ ဘဝတစ်သက်တာတွင် ကူညီမည့်သူများ ရရှိလာနိုင်ပါသည်။ ငွေရေးကြေးရေးကိစ္စများ တိုးတက်လာစရာရှိပြီး ကံကောင်းခြင်းကို ဖြစ်စေနိုင်ပါသည်။

ကြွယ်ဝချမ်းသာဖူလုံစေသည့် ရုပ်တု (Prosperity Statue)

တရုတ်လူမျိုးများသည် သင်္ကေတရုပ်များနှင့် ရုပ်တုများကို အထူး အလေးထားတတ်ကြသည်။ ၎င်းတို့နှင့်လည်း ဆက်နွယ်နေတတ်ကြသည်။ အရာဝတ္ထုတိုင်းတွင် အာနိသင်တစ်မျိုး ရှိနေတတ်ပြီး တုန်ခါမှုများ ထွက်ရှိလာတတ်သည်ဟု တရုတ်လူမျိုးများက ယုံကြည်ထားကြသည်။ တုန်ခါမှုအဆိုး အကောင်းဟူသည်ကလည်း ထားရှိသည့်အရာဝတ္ထုအပေါ် မူတည်သည်ဟုဆိုသည်။

ဓား၊ သေနတ်နှင့် အမြောက် တို့က ကြမ်းတမ်းခက်ထန်သည့် တုန်ခါမှုများကို ကိုယ်စားပြုသည်ဟု ဆိုရမည်ဖြစ်ပြီး အဆိုးတုန်ခါမှုများကို ထုတ်လွှတ်ပေးသဖြင့် အခန်းတွင်းတွင် ထိုပစ္စည်းများထားရှိခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ရပါမည်။

ဖုန်းရွှေပညာရပ်က အကူအညီပေးနိုင်သည့် တုန်ခါမှုမျိုးကို ဖန်တီးနိုင်စွမ်းရှိသည့်ရုပ်တုများအပေါ် များစွာအလေးထားတတ်ကြသည်။ ထင်ရှားသည့် ယတြာများထဲတွင် အများဆုံးအသုံးပြုတတ်သည့် ဖုန်းရွှေယတြာမှာ ကြွယ်ဝချမ်းသာမှုကိုပေးစွမ်းသည့် ရုပ်တုပင် ဖြစ်သည်။ ရုပ်တုက ပြုံးရွှင်နေသည့် မျက်နှာ၊ ဝဝဖြိုးဖြိုးကိုယ်ခန္ဓာနှင့် လက်ထဲတွင် ချမ်းသာခြင်းဟူသည့် အိတ်ကို ကိုင်စွဲထားသည်။

ထိုရုပ်တုကို မိမိရှေ့ခန်းတွင် မိမိ၏ကျောဘက် ဦးခေါင်းအမြင့်မျှရှိသည့်နေရာတွင် ထားရှိရမည်။ မိမိ အခန်းတွင်းသို့ အလုပ်ကိစ္စဖြင့် လာရောက်ကြသည့် ည့ှသည်များ အလွယ်တကူ ကြည့်မြင်နိုင်ကြမည်ဖြစ်သည်။ ထိုရုပ်တုက ကောင်းသော တုန်ခါမှုများကို ထုတ်လွှတ်ပေးတတ်သည်ဟု ယုံကြည်ကြသည်။ ဖောက်သည်များသည် မိမိ၏ တင်ပြအဆိုပြုချက်များအပေါ် လက်ခံယုံကြည်မှုများ တိုးပွားလာစေနိုင်၏။

နေအိမ်အဆောက်အအုံတွင် ထိုရုပ်တုကိုထားရှိမည် ဆိုလျှင် မိမိနေအိမ်၏အိမ်ရှေ့မှ တံခါးပေါက်ကို ဖွင့်လိုက်သည်အခါ မိမိမြင်သာသည့်နေရာတွင် ထားရှိရပါမည်။ ထိုသို့ ထားနိုင်ရန်အတွက် နေရာတစ်ခု(သို့)ဒီရိုတစ်ခုကို ဒွိုင်ရှေ့ တံခါးမနှင့် တည့်တည့်နေရာတွင် စီစဉ်ထားလျှင် ရုပ်တုကို အလွယ်တကူ ထင်ရှားစွာ မြင်နိုင်ပေလိမ့်မည်။

လေဆည်းလည်း(Wind Chimes)

လေဆည်းလည်းပုံစံကို ဘေးတွင် ဖော်ပြထားပါသည်။ လေဆည်းလည်းသည် စွမ်းရည်မြင့်မားသည့် ယတြာများတွင် အသုံးများသည့် ပစ္စည်း ဖြစ်သည်။ ၎င်းကို အဆင့်မြင့်မားသည့် ကြေးဝါပိုက်လုံးဖြင့် ပြုလုပ်ထားပြီး ကြာရှည်အသုံးခံရန်နှင့် ကြေးခွေးမတက်စေရန် ဆေးသုတ်ထားသည်။ ပြုလုပ်ထားပုံမှာ လက်ရာပြောင်မြောက် သေသပ်လှသဖြင့် လေပြည်လေညင်းအနည်းငယ်ရသည်နှင့်ပင် လှပ်ရှားကာ သံစဉ်လှိုင်းများကို ပေးနိုင်သည်။

ထိုလေဆည်းလည်းကို မိမိနေအိမ် (သို့) အခန်း၏ ပြတင်းမှ သဘာဝလေတိုက်ခတ်မှု အမြဲတမ်းရနေသည့် နေရာတွင် ထားရှိရပါမည်။ အကောင်းဆုံး ထားရှိသင့်သည့် နေရာမှာ နေအိမ် (သို့) အခန်း၏ဝတ္ထုနေရာတွင်ပင် ဖြစ်သည်။ ထိုသို့ထားရှိမှသာ လေဆည်းလည်းသံကို တစ်အိမ်လုံး မည်သည့်ထောင့် နေရာကမဆို ကြားနိုင်မည်ဖြစ်သည်။ ဤနည်းမှာ တုန်ခါမှုများကို တစ်အိမ်လုံး နေရာအနှံ့ရရှိစေနိုင်သည့် နည်းလမ်းတစ်ခုပင်ဖြစ်သည်။

လေဆည်းလည်းသည် မကောင်းသောစွမ်းအင်များကို ပြေပျောက်(ပပျောက်)စေနိုင်စွမ်းရှိပြီး၊ ကောင်းသောခီကို ဖြစ်ထွန်းပေါ် ပေါက်စေနိုင်ပါသည်။ ထိုအချက်မှာ ဟိန္ဒူတို့၏ ယုံကြည်မှုနှင့် တရုတ်တို့၏ယုံကြည်မှုများသည် အံ့အားသင့်ဖွယ်ရာ တူညီနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဟိန္ဒူလူရာ

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းများတွင် ခေါင်းလောင်းငယ်ကလေးများထားရှိပြီး ခေါင်းလောင်းသံများကို ကြားရတတ်ကြောင်းသတိပြုမိကြလိမ့်မည်ဖြစ်သည်။ ဟိန္ဒူဘာသာဝင်များ၏ နေအိမ်ဘုရားဝတ်ပြုသည့်အခန်းငယ်လေးတွင်လည်း ခေါင်းလောင်းငယ်ကို မရှိမဖြစ် ထားကြရပါသည်။ မန္တန်များကို ရွတ်ဆိုကြသည့် အခါ ခေါင်းလောင်းများကို တီးကြရသည်။

'Ghanta Nadam Kritva'

(ငါက ခေါင်းလောင်းသံကိုပြုလိုက်မည်၊ ထိုအခါ. . .)

'Agamartantu Devaanam'

(နတ်ဒေဝတာများ၏ စွမ်းအားများဝင်လာ၍)

'Gantanartantu Rakshasam'

(နတ်ဆိုးတို့၏စွမ်းအားများ ထွက်ခွာစေကြောင်း)

'Kuru ghantaravam tatava'

(ဤခေါင်းလောင်သံအားဖြင့်)

'Devata Ahwana lanchanam'

(ဘုရားရှိခိုးများအား ငါပင့်ဖိတ်ပါ၏)

ဤသို့ဖြင့် ခေါင်းလောင်းကိုအသုံးပြုခဲ့သည့် ရွှေဟောင်းနည်းသည် ကောင်းသောပတ်ဝန်းကျင်ကို ပြုပြင်နိုင်ခဲ့ကြသည်။ လေဆည်းလည်းကို အသုံးပြုခြင်းသည် နှစ်ဆယ်လေး နာရီပတ်လုံး လှုပ်လှုပ်ရှားရှား အလုပ်လုပ်ပေးနိုင်သည်ဖြစ်၍ ပတ်ဝန်းကျင်မှ မကောင်းမှုဟူသမျှကို ဖယ်ရှားပေးစေနိုင်ပါသည်။

ကောင်းကင်တိရစ္ဆာန်များ(Celestial Animals)

ထောင့်လေးထောင့်အတွက် တစ်ထောင့်လျှင် တိရစ္ဆာန်တစ်ကောင်နှုန်းဖြင့် ရွေးချယ်သတ်မှတ်ထားသည်။

တိရစ္ဆာန်	အရောင်	စိုးမိုးသည့်အရပ်
နဂါး	အစိမ်း	အရှေ့
ကျား	အဖြူ	အနောက်
ဇာမကီဋ္ဌက်	အနီ	တောင်
လိပ်	အနက်	မြောက်

ထောင့်၄-ထောင့် တိရစ္ဆာန် ၄-ကောင်သတ်မှတ်ပုံ

ထောင့်တစ်ထောင့် (သို့) ထောင့်အားလုံးမှလာသည့် တုန်ခါမှုများသည် ထိုထောင့်(သို့)ထောင့်အားလုံးတွင် ရှိနေသည့် မသင့်လျော်သည့် ခိုရှုယွင်းချက်များကြောင့် အားများလျော့ပါးသွားနိုင်ပါသည်။ ဖုန်းရွှေပညာရပ်က ယင်းသို့ အားနည်းနေသည့် ထောင့်များတွင် ကောင်းကင်တိရစ္ဆာန်များ၏ ရုပ်ပုံများကို နေအိမ်အဆောက်အအုံအတွင်း ချိတ်ဆွဲထားခြင်းအားဖြင့် ထိန်းသိမ်း(ထိန်းချုပ်)ပေးထားနိုင်ပါသည်။

အထက်အဆိုပါ ကောင်းကင်တိရစ္ဆာန်ပုံတူများကို သက်ဆိုင်ရာအရောင်များခြယ်သကာ သစ်သားပြားများဖြင့် ပြုလုပ်ထားနိုင်ပါသည်။ ထို့အပြင် ့ငှက်တို့ကို အလွယ်တကူ တင်ဆင်အသုံးပြုနိုင်ရန်အတွက် စတစ်ကာအဖြစ် ပြုလုပ်၍လည်း အသုံးပြုနိုင်ပါသည်။

အများအားဖြင့် ယင်းပုံများကို နေအိမ်ဧည့်ခန်းတွင် ထားရှိတတ်ကြ၏။ ထိုအခန်းတွင် ပိသားစုဝင်အများစုက အတူတကွ ရှိနေတတ်ကြ၍ဖြစ်၏။ အခန်းနံရံ၏ဗဟိုချက်ကို ပေကြိုးဖြင့် အသုံးပြုတိုင်းတာ၍ ရှာဖွေရမည်။ နံရံအလယ်ဗဟိုချက်နေရာတွင် ကြမ်းပြင်မှ အမြင့် ၇ပေရှိသည့် အမှတ်အသားတစ်ခုပြုလုပ်ပါ။ ထိုနည်းအတိုင်း အခြားနံရံများကိုလည်း ပြုလုပ်ရပါမည်။

ထိုနောက် ကောင်းကင်တိရစ္ဆာန်ရုပ်များပေါ်မှ အဖုံးကိုခွာပြီး သစ်သားပြားကို မှတ်ထားသည့် နေရာများတွင် ကပ်ထားလိုက်ပါ။ မှတ်သားထားရန် အချက်က *နဂါးရုပ်သည် *အရှေ့ဘက်နံရံတွင်ရှိနေစေရမည်။ *ကျားရုပ်က *အနောက်ဘက်နံရံ အနီရောင် *ဇာမကီဋ္ဌက်ရုပ်တုပ်က *တောင်ဘက်နံရံနှင့် *လိပ်က *မြောက်ဘက်နံရံ စသည်ဖြင့်ထားရှိရပါမည်။

ကောင်းကင်တိရစ္ဆာန်များကို ချိတ်ဆွဲထားရှိရာတွင် နဂါးနှင့်ကျားသည် တစ်တန်းတည်းဖြစ်နေစေရန် အထူးဂရုပြုရမည်ဖြစ်သည်။ ထို့ပြင် စတစ်ကာကပ်ရာတွင် နဂါး၏အပြီးသည် မြောက်ဘက်သို့ ဦးတည်နေရမည်ဖြစ်ပြီး၊ ကျား၏ အပြီးက တောင်ဘက်သို့ ဦးတည်နေရမည်ဖြစ်သည်။

တံခါးပက်ကွာ(အသေး)Door Pakua(Small)

အိမ်သုံးယာဉ်ပစ္စည်းများထဲတွင် တံခါးတွင်တပ်ဆင်ရမည့် ပက်ကွာနှစ်ခုပါရှိတတ်သည်။ အရွယ်အစားချင်း အတူပါ။ တစ်ခုကကြီးပြီး၊ ကျန်တစ်ခုက သေးငယ်သည်။ ပက်ကွာ

www.burmeseclassic.com

များ၏ စွမ်းရည်အာနိသင်များက အတူတူပင်ဖြစ်သော်လည်း တစ်ယို့ကြောင့် ကွန်ပ်တို့အား များစွာ အကူအညီပေးနိုင်သည့် ယကြာတစ်ခုပင် ဖြစ်သည်။

ပိရမစ်အသေးသည် ငွေသေတ္တာထဲတွင် ထားရှိရန် ရည်ရွယ်ပါသည်။ ငွေရေးကြေးရေးတွင် အထူးလာဘ်ကောင်းနိုင်သော ယကြာအဆောင်ဖြစ်သည်။ အလုပ်များသည့် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲသူများသည် သူတို့၏ စီးပွားရေးလုပ်ငန်းသုံး ကားများပေါ်တွင် ထိုပိရမစ်အသေးစားလေးကို ထားရှိတတ်ကြသည်။

၉ လက်မ ပိရမစ် (9 inch Pyramid)

ဗဟိုင်းတည်ဆောက်ပုံက ပိရမစ်အသေး တည်ဆောက်ပုံနှင့် အတူတူပင်ဖြစ်သည်။ ထို ၉လက်မ ပိရမစ်ကို အရှေ့မြောက်၊ အနောက်တောင် လိုင်းပေါ်တွင် ထားရှိရမည်။ အရှေ့မြောက်မှ စွမ်းအင်များ အရှေ့တောင်ဘက်ဆီသို့ ရောက်မသွားစေရန် တားဆီးပေးသည့်သဘောပင် ဖြစ်သည်။

အဆိုပါပိရမစ်ကို ခွေးခြေတစ်ခုပေါ်တွင် တင်၍ ဖြစ်စေ၊ ဝီရိုပေါ်တွင် တင်၍ဖြစ်စေ အိမ်သုံးပစ္စည်းများနှင့် တစ်ပါတည်းပါရှိသည့် သံလိုက်အိမ်မြှောင့်ဖြင့် တစ်တန်းတည်းဖြစ်အောင် ချိန်ဆပြီး ထားရှိရမည်။ ထိုသို့ တစ်တန်းတည်း ချိန်ဆရာတွင် မြောက်ဘက် အမှတ်အသားသည် မြောက်စူးစူးသို့ ဦးတည်နေရမည်ဖြစ်သည်။

အထက်ပါအတိုင်း အစွမ်းထက် ဖုန်းရွေယာကြာ ပစ္စည်းအမျိုးမျိုး အသုံးချနည်းများကို ရှင်းလင်းတင်ပြပြီးဖြစ်၍ ထိုနည်းများဖြင့် မိမိတို့၏ နေအိမ်အဆောက်အအုံများတွင် စွမ်းအင်စက်ဝန်းများကို နှိုးထလာစေရန်နှင့် *ဝါစတု* ပညာအားနည်းနေမှုများကို ကျော်လွှားလွန်မြောက်အောင် ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။

ဆရာ ဦးခန့်ကျော်

တံခါးမကြီးအတွက် ပက်ကွာ (Maindoor Pakua)



အခန်းတွင်တပ်ဆင်သည့် ပက်ကွာပုံစံအကြီး ဖြစ်သည်။ ဗဟိုင်းကို အိမ်ရှေ့ပင်မတံခါးပေါက်ဘောင်တွင် တပ်ဆင်ရမည်။ တံခါးပေါက်၏ အလယ်တည့်တည့်တွင် တပ်ဆင်ရန် မလိုပါ။ အဝင်အထွက်ခက်မည်ဆိုလျှင် ဘေးကို အနည်းငယ် ရွှေ့၍ ထားရှိနိုင်ပါသည်။

ပိရမစ်အသေး (Small Pyramid)

ပိရမစ်ပုံသည် ဖုန်းရွေပညာရပ်၏ အစိတ်အပိုင်း တစ်ခုမဟုတ်သော်လည်း ဗဟိုင်းမှာ ကောင်းသောစွမ်းရည်ကို လှုပ်ခတ်တုန်ခါစေသည်ဟု လူသိများသည့် ပစ္စည်းတစ်ခု ဖြစ်သည်။

ကွန်ပ်တို့အားလုံး သိရှိထားသည့် စွမ်းအားဟူသည်မှာ ဖန်တီး၍ရသကဲ့သို့ ဖျက်ဆီး၍လည်း ရနိုင်သည်။

မကောင်းသည့် ပတ်ဝန်းကျင်တွင် ယင်းပိရမစ်ကို ထားလိုက်သည့်အခါ ထိုပိရမစ်က ကောင်းသောစွမ်းအင်

www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းဆေးသမားတော် ရွှေဘုန်းပွင့်ဆရာကြီး ဦးခန့်ကျော်

တဆ-၀၂၂၀

ပါရဂူမြောက်လက္ခဏာ ဖတ်ကြားခြင်း အတတ်ပညာကျမ်းနှင့်

THE ENCYCLOPEDIA OF PALMISTRY ကျမ်းပြုသူ

ဗေဒင်လက္ခဏာဟောဆန်းလိပ်စာ – ၂၇၊ ရွှေဘုန်းပွင့်ဘုရားလမ်းတန်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

-09-5198240, 09-421075765, 09-420186129, 09-975446054, 09-975446053, 09-795286547

E-mail; ukhantkyaw@gmail.com Website: UKhantKyaw.MyanmarFortuneTeller.com

နေ့စဉ်နံနက် (၉း၀၀) နာရီမှ ညနေ (၃း၀၀) နာရီထိ

ဦးခန့်ကျော် စာပေ (မြ – ၀၄၉၁၂၂) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ

www.burmeseclassic.com

www.burmeseclassic.com

ခုနစ်ရက်သားသမီးများအတွက်
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ

ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လိုင်(ကြို့ပင်ကောက်)

တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - ပဝတ္တိဌာန၏ ကောင်းအားသည် မူလဌာန၏ ဆိုးအားကို မလွှမ်းမိုးနိုင်သည့်အပြင် မွေးနံ့ကို မရဏာဂြိုဟ် ပူးယှဉ်နေသဖြင့် ဇာတာရှင်အဖို့ ယခင်လထက် ဆိုးအားများကြောင်း ကောက်ချက်ချရမှာဖြစ်၏၊ အလုပ်တွင် ရန်ပေါ်နေ၏။ လုပ်ငန်းများ အရှိန်ရပ်တတ်၏။ အလုပ်များ နားရတတ်၏။ အတွင်းလူလူယုံ ဒုက္ခပေးတတ်၏။ အမှတ်မထင် ငွေအစုလိုက်အပြုံလိုက် ရတတ်၏။ ထီပေါက်တတ်၏။ စနေနေ့တွင် ၂' အစ '၄' အဆုံး ဂဏန်းဖြင့် ကံစမ်းပါ။ ဗုဒ္ဓဟူးနံ့ ခိုက်တတ်၏။ အမှတ်မထင် ပြည်ပရပ်ခြားကိစ္စများ အသက်ဝင်လာတတ်၏။ ဝန်ထမ်းများ အကျပ်အတည်းကြားမှ လွတ်မြောက်နိုင်၏။ ကျောင်းသား၊ ကျောင်းသူများ ပညာရေးအခြေအနေ သင့်၏။

ယတြာ - မွေးနေ့တွင် ဘုရား မှန့်ဆွမ်းကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်သည်။

(ဂ) **ကျန်းမာရေး** - သင့်တင့်သည်။
ယတြာ - စနေနံသင့် ပန်း၊ သစ်သီးဆွမ်းကပ်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၇)ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညှိ၏။
မှတ်ချက်။ နာရေးကိစ္စများတွင် ကူညီပါ။

တနလာသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ရှိနေသော်လည်း မွေးနံ့ နိစ်ခံလျက် ကိုဆွဲဂြိုဟ် ပူးယှဉ်နေသဖြင့် အစစအရာရာ သတိလက်မလွတ်သင့်ပါ။ အငိုက်တွင် အလဲထိုးခံရတတ်၏။ အမှတ်မထင် ပြိုင်ဘက်ပေါ်တတ်၏။ မင်းစိုးရာဇာအကူအညီရမည်။ ကြာသပတေးနံ့ သက်ရှိ၊ သက်မဲ့ အကျိုးပြုလျက် သောကြာနံအတွက် သောကကြုံတတ်၏။ ရပ်ဝေးမှ မကောင်းသတင်း ကြားရတတ်၏။ ဝန်ထမ်းများ သင်တန်းစေလွှတ်ခံရတတ်၏။ ကျောင်းသားများ ပညာရေးတွင် ဝီရိယနည်း၏။

ယတြာ - တနလာနံတူ သတ္တဝါ အစာကျွေးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်သည်။

(ဂ) **ကျန်းမာရေး** - အစားမှားတတ်၊ အဆိပ်သင့်တတ်၏။
ယတြာ - လိမ္မော်ရည် လှူဒါန်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၆)ဂဏန်းနှင့် သောကြာနေ့ ညှိ၏။
မှတ်ချက်။ ငုပ်မိသဲထိုင် စိတ်ဓာတ်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားရှိလျက် မွေးနံ့ နိစ်ခံလျက် ဇေယျဂြိုဟ် ပူးယှဉ်နေရာ ယခင်လထက် ကံသင့်တင့်လာ၏။ ခရီးသွားလာရေးလုပ်ငန်း၊ ဝန်ဆောင်လုပ်ငန်းများ၌ အမှတ်မထင် လုပ်ခွင့်ရတတ်၏။ ညတင်းကောင်းများ ကြားရလျက် မိမိ၏ ဂုဏ်သတင်းကောင်း ပျံ့လွင့်တတ်၏။ စနေနံသင့် သက်ရှိ၊ သင်္ကေမဲ့များအတွက် သောက ရှိလျက် သောကြာနံသင့် သက်ရှိ၊ သက်မဲ့များအတွက် အကျိုးပြုမည်။ ဥစ္စာပစ္စည်းပျောက်တတ်၏။ သူခိုးကိန်း ရှိ၏။ သဘောမတူသူနှင့် ငယ်သူများကို လက်ထပ်ပေးရတတ်၏။ ဝန်ထမ်းများ တာဝန်အရ မိသားစုနှင့် ခေတ္တခဏ ခွဲခွာနေရကိန်းရှိ၏။

ယတြာ - ကြီးသူများကို တရိုတသေ ချဉ်းကပ်လျက် ကုသိုလ်ယူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - တာဝန်အရ ပြောင်းရွှေ့ရသဖြင့် ခွဲခွာနေရတတ်၏။

(ဂ) **ကျန်းမာရေး** - ရေဖျဉ်းရောဂါ ဖြစ်တတ်၏။

ယတြာ - ငှက်ပျောသီး ဘုရားကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

မှတ်ချက်။ မိမိကိုယ်မိမိ အမြဲသုံးသပ်ဝေဖန်ပါ။



ဗုဒ္ဓဟူးသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ နှစ်ဌာနစလုံးတွင် ကောင်းအားများရှိလျက် မွေးနံ့ကို ဝရုဏ်ဂြိုဟ်ပူးယှဉ်သဖြင့် ဆန့်ကျင်ဘက်လိင်တို့၏ အကူအညီဖြင့် အောင်ပွဲခံမည်။ ငွေအယိုအဖိတ် ရှိမည်။ ဆင်ဆင်ခြင်ခြင် သုံးပါ။ ငွေလိမ်ခံရတတ်၏။ စနေနံသင့် သက်ရှိ သက်မဲ့ အကျိုးပြုလျက် ကြာသပတေးနံသင့် သက်ရှိ သက်မဲ့ အတွက် သောကရှိ၏။

လုပ်ငန်းအချို့ ချဲ့ထွင်ရတတ်၏။ ဝန်ထမ်းများ နယ်လှည့်ခရီး သွားရတတ်၏။ ကျောင်းသူ ကျောင်းသားများ အစားအသောက်လွန်မူကြောင့် ဥပဒ်ကပ်ငြိတတ်၏။

ယတြာ - ပြုသမျှ ကုသလကို မျှော်ထုလျက် ၃၁ ဘုံ အမျှဝေပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - စနေထောင့်သို့ ခရီးသွားလျှင် ယာဉ်မတော်တဆ ဖြစ်တတ်၍ ဂရုပြုပါ။

ယတြာ - ရေမြောင်းများ ရေစီးရေလာကောင်းအောင် ပြုပြင်ပေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၇)ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

မှတ်ချက်။ ဘဝ မမေ့အပ်ပါ။

ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ဆိုးအားများ ရှိနေဆဲဖြစ်ပြီး မွေးနံ့ကို လာဘဂြိုဟ် ပူးယှဉ်သဖြင့် စိတ်သက်သာရာ အနည်းငယ်ရမည်။ စိတ်ဝနာမငြိမ် ဖြစ်နေမည်။ ဓေါသစိတ်များ လွှမ်းခြုံလျက်ရှိမည်။ ကြာသပတေးနံ ကောင်းကျိုးပြုလျက် အင်္ဂါနံ ဆိုးကျိုးပေးမည်။ ဝန်ထမ်းများအလုပ်မှ ထွက်ချင်စိတ် ပေါက်တတ်၏။ စိတ်ထင်တိုင်း မဆုံးဖြတ်သင့်။ ဇောက်တစ်ကမ်းတွင် အောင်မြင်မှုတွေ့မည်။ ကျောင်းသားများ ဂုဏ်တု ဂုဏ်ပြိုင် များနေမည်။

ယတြာ - ကြီးသူများကို အမွေးနုံသာ လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - တစ်ဦးနှင့်တစ်ဦး အထင်မှားတတ်၏။

(ဂ) **ကျန်းမာရေး** - ခြေထောက်ကျိုးတတ်၏။

ယတြာ - ကဏန်းလွှတ်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၃)ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။

www.burmeseclassic.com

www.burmeseclassic.com

မှတ်ချက်။ လူတိုင်းမှာ အခက်အခဲတစ်ခု ရှိစမြဲဆိုတာ သဘောပေါက်ပါ။

သောကြာသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက လွှမ်းမိုးနိုင်သော်လည်း မွေးနံပြဒဏ်သဖြင့် ဇာတာရှင်အဖို့ ယခင်လထက်ပို၍ အစစ အရာရာ ဂရုစိုက်ဖို့လို၏။ ဖောက်ထွင်းခံရခြင်း၊ လုယက်ခံရခြင်း၊ အလိမ်ခံရခြင်း စသည်တို့ ဖြစ်တတ်၏။ မိမိ၏ ဖြစ်ရပ်ကို ကြီးသူများက လက်ပိုက်ကြည့်နေသလို ဖြစ်နေ၏။ ကြီးသူများ၏ အကူအညီမရ ဖြစ်နေ၏။ လုပ်ငန်းများ အရှိန်ကျနေ၏။ စနေနံသားသမီး၊ လူမျိုးခြားအချို့၏ အကူအညီ ရနိုင်ကောင်း၏။ ပြည်ပရပ်ခြားရှိ လုပ်ငန်းများ အဆင်မပြေ ဖြစ်နေတတ်၏။ ဝန်ထမ်းများ ငွေကြေး ပေးလျော်ရတတ်၏။

ယတြာ - ဘုရား၏ သောကြာထောင့်တွင် ရွှေသက်နီးကပ်လှူပြီး ရေသပ္ပာယ်ပေးပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - ညံ့၏။

(ဂ) **ကျန်းမာရေး** - ဝမ်းဗိုက် ခွဲစိတ်ခံရတတ်၏။

ယတြာ - မိမိ၏ အဝတ်အထည်ဟောင်းများကို တောင်အရပ်တွင် ရေမျှောပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၇)ဂဏန်းနှင့် စနေနွေကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေ ညံ့၏။

မှတ်ချက်။ ယုံကြည်ချက်ဖြင့် ဝိရိယကို နည်းမှန် လမ်းမှန်ဖြင့် မြှင့်ပါ။

စနေသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ ပဝတ္တိဌာန၏ ဆိုးအား အလွန်များနေပြီး မွေးနံကို ဗျာယဂြိုဟ်ပူးယှဉ်လျက် ရှိရာ အစစအရာရာ စိတ်ပူပင်စရာများ ယခင်လထက် ပိုမိုလာ၏။ အကျပ်အတည်း ရှိမည်။ ငွေကြေးအကုန် အကျများ ယိုဖိတ်လျက် ငွေရှာမလောက် ဖြစ်နေတတ်၏။ မကျွမ်းကျင်သော လုပ်ငန်းကြောင့် နွေ့လေလွင့်နေ၏။ ပိုင်ဆိုင်ပစ္စည်း၊ အတွင်းပစ္စည်းများ ထုခွဲရောင်းချရကိန်း ရှိ၏။ တစ်ကြိမ်က မိမိရန်သူ ဖြစ်ခဲ့သူ၏ အမှတ်မထင် ကူညီမှုရမည်။ ဆန့်ကျင်ဘက်လိင် ဖြစ်မည်။ အစစအရာရာ တစ်ကပြန်စရမလို ဖြစ်နေ၏။ ဝန်ထမ်းများ မှားယွင်းမှုတစ်ခုခုကြောင့် သတိပေးခံရတတ်၏။ ကျောင်းသား ကျောင်းသူများ အတုမြင် အတတ်သင်လမ်းမှားရောက်တတ်၏။

ယတြာ - ခင်ပွန်းကြီး ဆယ်ပါးကို ရှိခိုးပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - အိမ်ထောင်ပျက်တစ်ဦးဦးနှင့် အထင်မှားခံရတတ်၏။

(ဂ) **ကျန်းမာရေး** - အရက်ကြောင့် ဥပဒေကပ်ငြိနေမည်။

ယတြာ - ရေသန့်ပုလင်း ဒါနပြုပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့တို့ အကျိုးပြု၍ (၆)ဂဏန်းနှင့် သောကြာနေ့တို့ ညံ့၏။

မှတ်ချက်။ အိမ်ထောင်ဖက်ကို အလိုမလိုက်သင့်ပါ။

- မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။
ဦးညွှန့်လှိုင် (ကြို့ပင်ကောက်)
တိုက်-အမှတ် (၄၁)၊(၅)လွှာ ဘီ၊ ၁၆၇ လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၄၀၀၉၃၃
ဧနှစ်ဦ - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ
တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။
ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ
လက်ခံဆောင်ရွက်ပါသည်။
စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊
ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်
ဆိုဆိုမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ ရာသီခွင်နှင့် အကျိုးဝင်ကံကောင်းမည့် ဟောကိန်းများ

ဆရာဦးခန့်ကျော် (အသင်းချုပ်ပြုဗေဒပညာရှင်)

CAPRICORN
မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

မကာရရာသီမွေးများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းခွင်အတွင်း အဆင်မပြေမှုများ၊ ရန်ပြဿနာများ တစ်ခုခုဖြစ်တတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါကလည်း တစ်စုံတစ်ဦး၏ ပယောဂကြောင့် လင်မယားချင်း စကားများရန်ဖြစ်ရတတ်ခြင်းများ ရှိမည်။ သို့သော် ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ လစာတိုးခြင်း တစ်ခုခုရှိမည်။ မမျှော်လင့်ဘဲ ပြည်ပသွားရန် အခွင့်အလမ်းများ ပေါ်ပေါက်လာတတ်ပြီး အကူအညီပေးမည့်သူများနှင့်လည်း တွေ့ရမည်။ ပညာရေးနှင့် ပတ်သက်၍ ကံကောင်းမည်။ မိမိဆန္ဒရှိသည်များ သေချာပေါက်ဖြစ်ရတတ်မည်။ ငယ်ရွယ်သူ အချစ်ရှိပြီးသူများ မိမိချစ်သူနှင့် စေ့စပ်ကြောင်းလမ်းရခြင်း၊ လက်ထပ်မင်္ဂလာပြုရတတ်ခြင်းများ ရှိမည်။ အချစ်မရှိသေးသူများလည်း ချစ်သူရည်းစားရတတ်မည်။ ဤကာလအတွင်း သင်၏ပတ်ဝန်းကျင်တွင်သော်လည်းကောင်း၊ အလုပ်ခန်း၊ ရုံးခန်း၊ အိမ်ခန်းတွင်သော်လည်းကောင်း မီးအန္တရာယ်နှင့် ကြုံရတတ်မှုများအတွက် အထူး သတိထားပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ အနာများပေါက်ခြင်း၊ အဖုအကိုတ်များထွက်ခြင်း၊ ဆေးရုံဆေးခန်းသို့ အကြိမ်ကြိမ်သွားရတတ်ခြင်းများ ရှိမည်။ သင်သည် ထီထိုးခြင်း၊ ကံစမ်းခြင်းများပြုမည်ဆိုပါက (၅၊ ၀၊ ၃၊ ၉)ဂဏန်းများဖြင့် ထီထိုး၊ ကံစမ်းနိုင်ပါသည်။

AQUARIUS
ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၈ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ကုံရာသီဖွားများသည် ဤကာလအတွင်း စီးပွားရေးလုပ်ငန်းတွင် အနည်းငယ်အဆင်မပြေမှုများရရှိလာမည်။ အထူးသဖြင့် မိမိအား စိတ်ဒုက္ခ၊ လူဒုက္ခဖြစ်ရန် ကြိုးစားနေသူများသူအလိုလို ပျောက်ကွယ်သွားတတ်မည်။ အရာရာကို စိတ်အေးအေးထားလုပ်ကိုင်ရန် အရေးကြီးသည်။ မိမိ၏ စိတ်မြန်မှုကြောင့်သာ အမှားအယွင်းများဖြစ်ရတတ်သည်ကို သိထားသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်အပေါ် ဂရုစိုက်သင့်သည်။ လင်မတူသူ အနောင့်အယှက်များရှိတတ်သည်။ သင့်အိမ်တွင် ဗုဒ္ဓဟူးသားသမီးရှိပါက သူ့အတွက် စိုးရိမ်ပူပန်ရမှုများရှိတတ်သည်။ အဆိုပါ နေ့နံသားသမီးနှင့် ပတ်သက်၍လည်း ခရီးများထွက်ရတတ်ခြင်း၊ ငွေကုန်ကြေးကျများရတတ်ခြင်းများ ရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စများကို စိတ်မကူးသင့်သေးပါ။ လူလိမ်လူညာနှင့် တွေ့ရတတ်မည်။ တစ်ပါးသူ၏ အနိုင်ကျင့်ခြင်းကို မခံရလေအောင် အစစအရာရာသတိထားပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ အဓိက အဆစ်များနာကျင်ကိုက်ခဲခြင်း၊ ကိုယ်လက်လေးလံခြင်း စသည့်ဝေဒနာများခံစားရတတ်သည်။ သင်သည် ထီထိုးမည်ဆိုပါက(၉၊ ၅၊ ၄၊ ၀) ဂဏန်းများပါသောထီကို ထိုးပေးပါ။

PISCES
မိန်ရာသီ

(ဖေဖော်ဝါရီ - ၁၉-မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

ယခုကာလအတွင်း မိန်ရာသီဖွားများအနေဖြင့် စီးပွားဝင်ငွေအနည်းငယ် ညံ့နေလိမ့်မည်။ စီးပွားရေးနှင့် ပတ်သက်၍ အပြိုင်အဆိုင်၊ အတိုက်အခံများလည်း များပြားနေတတ်မည်။ သို့သော် စိုးရိမ်စရာ မရှိပါ။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အဆင်မပြေမှုများ ဖြစ်တတ်မည်။ တစ်ပါးသူ၏ သံသယဖြစ်ခြင်း၊ အထင်မြင်လွဲမှားခြင်းကိုလည်း ခံရတတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အဆင်ပြေမည်။ တစ်တပြားစီ ဖြစ်နေသော သားသမီးများနှင့် ပြန်လည်စုစုစည်းပေါ်ရှင်မှုများရှိမည်။ အလုပ်အကိုင်ရှာဖွေသူများ အလုပ်တစ်ခုရတတ်မည်။ လင်မတူသူ၏ အားပေးကူညီမှုကို ခံစားလိမ့်မည်။ ငယ်ရွယ်သူများ မိမိချစ်သူနှင့်အတူ အပျော်ခရီးထွက်ရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အသည်းရောင် အသားဝါခြင်း၊ နှလုံးအားနည်းခြင်း ဝေဒနာများ ပေါ်ခံစားရတတ်သည်။ အတိတ်ဘဝ၏ကုသိုလ်ကောင်းမှု

www.burmeseclassic.com

www.burmeseclassic.com

အကျိုးပေးခြင်းကို ခံစားရမည်ဖြစ်၍ ဝါသနာပါသည်ဖြစ်စေ၊ ဝါသနာမပါသည်ဖြစ်စေ၊ ထိထိုးခြင်း၊ ကစမ်းခြင်းများကို ပြုပေးသင့်သည်။ ထိထိုးမည်ဆိုပါက (၉၊ ၇၊ ၀၊ ၃) ဂဏန်းများပါပါစေ၊ တစ်လအတွင်းရှိ အဝိလိပ်လိုရက်များမှ (၁၊ ၃၊ ၅၊ ၈၊ ၁၅၊ ၁၉၊ ၂၂၊ ၂၇)ရက်များနှင့် တိုက်ဆိုင်ပြီး ထိထိုးပါ။

ARIES
မိဿဂရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

မိဿရာသီဖွားများအနေဖြင့် စီးပွားဝင်ငွေ အနည်းငယ်သည့်နေတတ်မည်။ ပြည်ပနှင့်ဆက်သွယ်လုပ်ကိုင်ထားသော စီးပွားရေးလုပ်ငန်းများတွင် အပြောင်းအလဲတစ်စုံတစ်ရာ ရှိနေမည်။ တော့်တော့်ဆိုင်ဆိုင်ပြောဆိုထားသော အိုး၊ အိမ်၊ ခွဲ၊ မြေအရောင်းအဝယ်ကိစ္စများလည်း မမျှော်လင့်ဘဲ အဆင်မပြေ နှောင့်နှေးကြန့်ကြာနေတတ်မည်။ ဝန်ထမ်းများအနေဖြင့် ဌာနဆိုင်ရာသင်တန်းများ တက်ရခြင်း၊ လုပ်ငန်းခွင်စာမေးပွဲဖြေဆိုရခြင်းများ ရှိမည်။ အဆင်ပြေ အောင်မြင်မှုများတွေ့ရတတ်သည်။ အတွေ့အကြုံကောင်းများလည်း ရရှိမည်။ အိမ်ထောင်ရှင်များအနေဖြင့် သားရေး၊ သမီးရေးအတွက် စိတ်ပူပင်သောကဖြစ်ရတတ်ခြင်း၊ မကြာခဏ စကားများ ရန်ဖြစ်ရတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် အဆင်ပြေမည်။ မိမိရည်ရွယ်မျှော်လင့်ထားသလို ဖြစ်လာလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီးကျောက်ကပ်ဆိုင်ရာဝေဒနာများ ဖြစ်ပေါ် ခံစားရတတ်ခြင်း၊ သွေးတိုးရောဂါဖြစ်တတ်ခြင်းမှ ရုတ်တရက် သွေပေါင်ကျခြင်းများ ဖြစ်တတ်သည်ကို အထူးသတိထားပါ။ ဤကာလအတွင်း ထိထိုးမည်ဆိုပါက (၇၊ ၀၊ ၉၊ ၁) ဂဏန်းများပါသော ထိကိုထိုးပါ။

TAURUS
ပြဿဘဂရာသီ

(ဧပြီ - ၂၁ မှ ၈မ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ယခုကာလအတွင်း ပြဿရာသီဖွားများအနေဖြင့် သို့လျောင်လုပ်ကိုင်ရသော လုပ်ငန်းများဖြင့် အကျိုးပေးမည်။ မျှော်မှန်းထားသည်ထက် ပိုမိုသော အမြတ်အစွန်းများလည်း ရရှိနိုင်မည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိအလုပ်အကိုင်မှ ပြောင်းလဲလုပ်ကိုင်ရန် စိတ်ဆန္ဒများပေါ် ပေါက်တတ်မည်။ ပြည်ပသို့သွားရန် ကြိုးစားထားမှုများရှိပါက အကြောင်းတစ်ခုခုကြောင့် ပျက်သွားတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက ဆွေမျိုးသားချင်းများ၏ကိစ္စကြောင့် အိမ်ထောင်ရေး အဆင်မပြေဖြစ်တတ်မည်။ အတတ်နိုင်ဆုံး သည်းခံစိတ်မွေးသင့်သည်။ ဤသို့မဟုတ်ပါက အိမ်ထောင်ပြိုကွဲသည်အထိ ပြဿနာ ကြီးထွားနိုင်မည်။ တတ်နိုင်သလောက် ဘာသာရေးအလုပ်များကို အချိန်ပေးလုပ်ကိုင်ခြင်းဖြင့် အဆင်ပြေမှုများ ရရှိလာနိုင်မည်။ ငယ်ရွယ်သူများ ချစ်သူ၏နားပူနာဆာလုပ်မှုကြောင့် စိတ်ညစ်ရတတ်မည်။ လူပျိုကြီး၊ အပျိုကြီးများလည်း အမြန်ဆုံးစွဲလိမ့်မည်။ မိမိချစ်သူအပေါ် စိတ်မချဘဲဖြစ်နေတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခါးနာ၊ ခါးကိုက်ခြင်း၊ အဆစ်လွဲခြင်း၊ အစာအိမ်ရောင်ခြင်း ဝေဒနာများ ဖြစ်ပေါ် ခံစားရတတ်သည်။ ဤကာလအတွင်း ပြဿရာသီဖွားများ ထိထိုးမည်ဆိုပါက (၁၊ ၀၊ ၆၊ ၉) ဂဏန်းများပါသော ထိကိုထိုးပါ။

GEMINI
မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

ယခုကာလအတွင်း လိင်မတူသူများ၏ စိတ်ဝင်စားခြင်း၊ အကူအညီပေးခြင်းများ ထူးထူးခြားခြား ရှိနေမည်။ ထို့အပြင် လူအများ၏ လေးစားခြင်း၊ ယုံကြည်အားထားမှုပြုခြင်းကို ခံရတတ်မည်။ မိတ်ကောင်းဆွေကောင်းများ တိုးပွားခြင်း၊ ကံအခွင့်လမ်းကောင်းများ ပေါ် ပေါက်ခြင်းရှိမည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိလုပ်ငန်းဌာနမှ ပြောင်းလဲလုပ်ကိုင်ရမှုများ ရှိမည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုစိတ် ဖြစ်ပေါ် နေမည်။ အပြောင်းအလဲတစ်စုံတစ်ရာ လုပ်လိုက်နိုင်လျှင်လည်း ကောင်းပါသည်။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စများတွင် ကံမကောင်းဖြစ်တတ်မည်။ ချစ်သူနှင့် အထင်လွဲစရာပြဿနာများ ပေါ် ပေါက်နေတတ်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက စိတ်အနှောင့်အယှက်ဖြစ်စရာများနှင့် ကြုံရတတ်မည်။ မိမိမျှော်လင့်ထားသည်များလည်း အဆင်မပြေဖြစ်ရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခန္ဓာကိုယ်အောက်ပိုင်းနေရာတို့တွင် မတော်တဆ ထိခိုက်ဒဏ်ရာရခြင်း၊ သွေးထွက်သံယိုဖြစ်တတ်ခြင်းများ ရှိမည်။ အသွားအလာလည်း ဆင်ခြင်သင့်သည်။ မြင့်သောနေရာများသို့ သွားခြင်း၊ တက်ခြင်း၊ အစွန်အဖျားနေရာသို့ သွားခြင်း၊ တက်ခြင်းများကို အထူး ရှောင်ကြဉ်ပါ။ မေထုန်ရာသီဖွားများ ထိထိုးမည်ဆိုပါက (၄၊ ၀၊ ၂၊ ၈) ဂဏန်းများပါသော ထိကိုထိုးပါ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

CANCER
ကဲရကင်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

ကရကင်ရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ လက်ရှိလုပ်ငန်းမှ ဝင်ငွေအလွန်နည်းနေတတ်မည့်အပြင် လူမျိုးခြား၊ ဘာသာခြားတို့နှင့် တွဲဖက်လုပ်ကိုင်ရသောလုပ်ငန်း(သို့)အများနှင့်ပူးပေါင်းလုပ်ကိုင်ရသောလုပ်ငန်းများအတွက် စိတ်ရတက်မအေး ဖြစ်ရတတ်သည်။ သို့သော် ယခုလအတွင်း ဘိုးအိမ်၊ ခြံမြေ၊ ကားအရောင်းအဝယ်ကိစ္စများ အဆင်ပြေတတ်မည်။ ဝန်ထမ်းဖြစ်ပါက စုတ်ရောလာတ်ပါ နှစ်မျိုးစလုံးဝင်လိမ့်မည်။ သို့သော်တစ်ပါးသူအပေါ် အလွယ်တကူ ယုံကြည်တတ်ခြင်း၊ အားနာတတ်ခြင်းများကို အထူးသတိထားရန်လိုမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်၏ ကျန်းမာရေးအတွက် စိုးရိမ်ပူပန်ရခြင်းများဖြစ်တတ်မည်။ အလုပ်အကိုင်ရှာဖွေသူများ အခက်အခဲများတွေ့နေရဦးမည်။ ဝိရိယစိုက်ကြိုးစားလုပ်ကိုင်နိုင်မှ တော်ရုံကျမည်။ ငယ်ရွယ်သူများ မိမိရည်ရွယ်ထားသူနှင့် အိမ်ထောင်ပြုလိမ့်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ရည်ရွယ်ချက်ပြည့်မြောက်ရတတ်မည်။ ဆရာသမားများထံမှလည်း ပညာအမွေအနှစ်များ ရရှိတတ်မည်။ ကျန်းမာရေးမှာ နား၊ နှာခေါင်း၊ လည်ချောင်း၊ အစာပြွန်တစ်လျှောက်တွင် ဝေဒနာများဖြစ်ပေါ် ခံစားရတတ်မည်။ ထီထိုးမည်ဆိုပါက (၁၊ ၇၊ ၀၊ ၂) ဂဏန်းများပါသော ထီကိုထိုးပါ။

LEO
သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ သြဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လမွေး)

ယခုကာလအတွင်း လုပ်ရှိ စီးပွားရေးလုပ်ငန်းအပေါ် စိတ်ဝင်စားမှုနည်းနေသော်လည်း ဝင်ငွေကောင်းနေမှုကြောင့် လောလောဆယ် လုပ်ငန်းကို လက်မလွတ်နိုင်ဖြစ်နေမည်။ ရွှေထည်၊ ငွေထည်ပစ္စည်းများ စုဆောင်းနိုင်မည်။ ပြည်ပသွားရန် ကြိုးစားထားသောကိစ္စတွင် အခက်အခဲများနှင့် ကြုံတွေ့ရပြီးမှ အဆင်ပြေ အောင်မြင်တတ်မည်။ သင့်အနေဖြင့် ပြဿနာတစ်စုံတစ်ရာအတွက် မည်သည့် အခက်အခဲမျိုးကိုမဆို ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းခြင်းမျိုး- မပြုသင့်ဘဲ ခေါင်းအေးအေးထားပြီး ကြားလူတစ်ဦးဦးဖြင့်သာ ဖြေရှင်းသင့်သည်။ အဆိုပါကြားလူသည် အင်္ဂါသားသမီးဖြစ်ပါက သင့်အတွက် ပို၍အဆင်ပြေစေမည်။ ဝန်ထမ်းဖြစ်ပါက မိမိမျှော်လင့်နေသော သတင်းကောင်းများ ကြားရမည်။ အထက်လူကြီးများ၏ အကူအညီပေးခြင်းများကို ရရှိနိုင်မည်။ အကျိုးလို၍ ရေလောင်းသူနှင့်လည်း ဆုံရတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် ပဋိပက္ခဖြစ်နေမှုများမှ လွတ်မြောက်လိမ့်မည်။ ချစ်သူနှစ်ဦးကြား နားလည်မှုရရှိရန် ကြိုးစားပါ။ ပညာရေးအတွက် မိမိ၏ဆန္ဒကို ဖြည့်ဆည်းပေးမည့်သူများ ပေါ်ပေါက်တတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ သွေးအားနည်းခြင်းများနှင့် အအေးမိလွယ်ခြင်းများဖြစ်တတ်မည်။ သိဟ်ရာသီဖွားများ ထီထိုးလိုပါက (၈၊ ၀၊ ၄၊ ၅)ဂဏန်းများဖြင့် ထိုးပါ။

VIRGO
ကန်ရာသီ

(သြဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

စီးပွားရေးလုပ်ငန်းကို တစ်ခုထက်မက၊ နှစ်ခုထက်မက၊ သုံးခုထက်မက လုပ်ကိုင်လိုသော ဆန္ဒများကြောင့် ယခုကာလအတွင်း စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရတတ်မည်။ ကန်ရာသီဖွားများအနေဖြင့် ခေါင်းမာခြင်း၊ စိတ်မြန်ခြင်း၊ တစ်ဖက်ထိုး လုပ်ကိုင်တတ်ခြင်းများကို အတိုင်းအတာ တစ်ခုအထိ လျှော့ချလိုက်ခြင်းဖြင့် အစစ အဆင်ပြေမှုများ ရရှိနိုင်မည်။ ဝန်ထမ်းဖြစ်ပါက လက်အောက်ငယ်သားများ၏ ပြဿနာများကို ကိုယ်တိုင် လိုက်လံဖြေရှင်းရတတ်သည်။ ငွေကြေးအကုန်အကျ များရတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး အဆင်မပြေမှုများ ရှိနိုင်မည်။ မိသားစုအတွင်း စကားအပြောအဆို ဆင်ခြင်ရန် အထူးလိုအပ်လိမ့်မည်။ သို့သော် အိုးအိမ် ခြံမြေများ ပိုင်ဆိုင်ရတတ်သည်။ သင့်အနေဖြင့် ထူးခြားသော အိပ်မက်များမြင်မက်ခြင်း၊ ဘုရားဖူးခရီးထွက်ခြင်း၊ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကို ဖူးတွေ့ရခြင်းများရှိမည်။ ပညာရေးလိုက်စားသူဖြစ်ပါက အခက်အခဲများနှင့် တွေ့ကြုံရင်ဆိုင်ရပြီးမှ အဆင်ပြေ အောင်မြင်ရတတ်မည်။ ဂုဏ်ပြုချီးမြှင့်ခြင်းများကိုလည်း ခံရတတ်မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ဆီး၊ ကျောက်ကပ်၊ သားအိမ်ဒုက္ခပေးတတ်မည်။ ခွဲစိတ်ကုသမှု ခံယူရတတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးမှာ သာယာပျော်ရွှင်မှုများရှိမည်။ ကန်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၀၊ ၆၊ ၈) ဂဏန်းများပါသော ထီကိုထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

LIBRA
တူရာသီ

(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

ယခုကာလအတွင်း မြူပြဲနေသောဌေးများ ပြန်ပေါ်လာခြင်း၊ ရင်ဆိုင်နေရသောအခက်အခဲများ ဖြေရှင်းကျော်လွှားနိုင်ခြင်းများ ရှိမည်။ တူရာသီဖွားများအနေဖြင့် အလုပ်လောဘကြီးခြင်းတို့ကြောင့် စိတ်ပင်ပန်း၊ လူပင်ပန်း၊ အလုပ်ဖက်ပိခြင်းများ ရှိမည်။ သို့သော် မိမိဆန္ဒအတိုင်းလုပ်ကိုင်ရခြင်း၊ ရည်ရွယ်ချက်ပြည့်မြောက်ရခြင်းများ ရှိမည်။ မိတ်ဆွေဟောင်းများ၏ အကူအညီ တောင်းခံခြင်းလည်း ရှိလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက စိတ်မအား၊ လူမနား ဖြစ်ရတတ်သည်။ လုပ်ငန်းခွင်အတွင်း ပြဿနာအနည်းငယ် ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေးသာယာမည်။ မိမိအိမ်တွင် လူဦးရေတိုးပွားလိမ့်မည်။ မိမိအား အကျိုးပြုမည့်သူ ဖြစ်လိမ့်မည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် တံကော်ငင်နေမည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ဆီးကျိတ်၊ သုက်ကျိတ်နှင့် အကျိတ်အဖုဆိုင်ရာ ရောဂါဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ အချိန်အခါမဟုတ် ရေချိုးခြင်း၊ အအေးခံခြင်းများကို ရှောင်သင့်သည်။ တူရာသီဖွားများအနေဖြင့် အမွေအနှစ်များရရှိခြင်း၊ ထီပေါက်ခြင်း၊ ထီပေါက်သကဲ့သို့ ငွေကြေးများအစုလိုက် အပြုံလိုက် ရရှိတတ်မည်ဖြစ်၍ ဆီထိုးပေးပါ။ ထီထိုးမည်ဆိုပါက (၅၊ ၄၊ ၀၊ ၇)ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။

SCORPIO
ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

ဗြိစ္ဆာရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လက်ရှိ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေလျော့နည်းနေမည်။ သို့သော် မိမိရည်ရွယ်ထားသည့် အတိုင်း လုပ်ငန်းသစ်တစ်ခုကို စတင်အကောင်အထည်ဖော်လုပ်ကိုင်နိုင်လိမ့်မည်။ သင့်အိမ်သို့ ရပ်ဝေးရပ်နီးမှ ဆွေမျိုးသားချင်း၊ မိတ်ဆွေများ ရောက်လာတတ်ခြင်းရှိမည်။ လူမှုရေးကိစ္စများအတွက် ငွေကုန်ကြေးကျ များရတတ်ခြင်းများ ရှိမည်။ ထို့ပြင် လူလိမ်ခံရတတ်ခြင်းအတွက် အထူးသတိထားပါ။ မိမိ၏အားနည်းချက်ကို အခွင့်ကောင်းယူသူနှင့် တွေ့ရလိမ့်မည်။

အိမ်ထောင်ရှင်ဖြစ်ပါက မယ်တစ်ရွာ၊ မောင်တစ်မြို့ နေရခြင်းများရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် တစ်ဖက်နှင့် တစ်ဖက် အလျှော့မပေးလိုဘဲ တင်းခံနေမှုများကြောင့် လမ်းခွဲရတတ်သည်။ ပညာရေးလိုက်စားသူဖြစ်ပါက မိမိ ရည်မှန်းထားသည့်အတိုင်း ဖြစ်လာလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဆုတ်အအေးပတ်ခြင်း၊ အသက်ရှူမဝခြင်း၊ အဆုတ်ရောင် အဆုတ်ပွခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ဗြိစ္ဆာရာသီဖွားများ ထီထိုးကံစမ်းမည်ဆိုပါက (၂၊ ၀၊ ၉၊ ၅)ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်ပါသည်။ ဤကာလအတွင်း ကျောက်စိမ်း(သို့)ကျောက်စိမ်းဖြတ်စလေးတစ်ခုကို မိမိနှင့်အတူ ဆောင်ထားသင့်သည်။

SAGITTARIUS
ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

ဓနုရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ ခရီးများ သွားရလိမ့်မည်။ မိမိရည်ရွယ် စိတ်ကူးထားသည့် လုပ်ငန်းသစ်တစ်ခု အကောင်အထည်ဖော်ရန်အတွက် အချိန်ကို ခေတ္တစောင့်ဆိုင်းသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက စိုးရိမ်စိတ်ကြီးလွန်းမှုကြောင့် မိမိအိမ်ထောင်ဖက်အပေါ် အကြောင်းမဲ့ အထင်အမြင် လွဲမှားမှုများ၊ သံသယများ ဖြစ်နေတတ်မည်။ မကြာခဏ စကားများရလိမ့်မည်။ မိမိပိုင်ဆိုင်သည့်ပစ္စည်း(သို့) မိမိတာဝန်ယူထားရသောပစ္စည်းများ မေ့ကျန်၊ ကျပျောက်၊ အန္တိုက်ခံ၊ အလုခံရမှုများအတွက် အထူးသတိထားပါ။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စတွင် ဝေခွဲရခက်နေလိမ့်မည်။ လူပျိုကြီး၊ အပျိုကြီးများဖြစ်ပါက မိမိနှင့်အရွယ်မမျှသောသူကို ချစ်ကြိုက်မိပြီး ဖူးစာဆုံရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အာရုံကြောအားနည်းခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်းနှင့် စိတ်ရောဂါများ ဖြစ်ပေါ်ခံစားရတတ်မည်။ ယခင်အချိန်များထက် အနားယူခြင်း၊ အပန်းဖြေခရီးထွက်ခြင်းများ ပြုလုပ်ခြင်းဖြင့် ကျန်းမာရေးကို ပြုပြင်ကုစားပါ။ မိမိကိုယ်မိမိ ယုံကြည်မှုများကို ပြန်လည်ရယူပါ။ ဤကာလအတွင်း ထီထိုးမည်ဆိုပါက (၇၊ ၂ ၅၊ ၄)ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်သည်။

ဆရာဦးခန့်ကျော်
(အသိအမှတ်ကျွမ်းပြုညွှန်ကြား)
အမှတ်(၂၇)၊ရွှေဘုန်းပွင့်ဘုရားလမ်း(၉)ရပ်တွက်၊
လှည်းကူး၊ ပုန္နကံတောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ်။ ၀၉-၄၂၀၀၅၅၅၆၆

www.burmeseclassic.com